# ရှုကြ ကျင့်ကြ မမေ့ကြနှင့်





## တရားဟောကွက်များ

အရှင်ကုသလ



သစ္စာမဏ္ဍိုင် စာပေ

ဟံသာဝတီမြို့
နဲမနိတ်ရွာ - နဲမနိတ် ဘုရားကျောင်း
မူလ ဓမ္မာစရိယ
နယ်လှဲ့ ဓမ္မကထိကအကျော်
စီစဥ်ရေးသားတော်မူအပ်သော

ဇ.မှတ် ...၁၁၄...
နေ့စွဲ ...၃...၁...၇၉
သာသနာရေးဦးစီးဌာန

# လူကြီးကျင့်ကြီးမမေ့ကြီးနှင့်

# တရားဟောကွက်များ

## အရှင်ကုသလ

ရတနာ့ရတ်ရည်စာပုံနှိပ်တိုက်၊
အမှတ် ၅၅၊ မောင်ခိုင်လမ်း၊ ရန်ကုန်မြို့။

—မူပိုင်ရှင်—
မောင်ညွှန့်ဝေ + မမြကြည်
သစ္စာမဏ္ဍိုင် ပိဋကတ်စာအုပ်ဆိုင်၊
အမှတ် ၂၊ ရွှေတိဂုံဘုရားဈေး၊ ဒဂုံစာတိုက်-ရန်ကုန်။

အုပ်ရေ = ၂၀၀၀။

အကြိမ်၊ ပထမအကြိမ် ၁၉၇၈–ခု၊ အောက်တိုဘာလ။

ဘာသာရေးခွင့်ပြုချက်(၁၀၅၃၂–က)

မျက်နှာဖုံး ခွင့်ပြုချက် ၃၀၉။

=ပုံနှိပ်သူ=
ဒေါ်အေးအေးသန်း
မှတ်ပုံတင်အမှတ် [၀၂၀၃၂]
အမှတ် ၅၅၊ မောင်ခိုင်လမ်း၊
ရန်ကုန်မြို့။

=ထုတ်ဝေသူ=
ဦးညွန့်ဝေ
မှတ်ပုံတင်အမှတ် (၀၁၅၈၄)၊
သစ္စာမဏ္ဍိုင်စာပေ၊ အမှတ် ၂၊
ရွှေတိဂုံဘုရားကြီးဈေး-ရန်ကုန်။



# ဆရာတော်အရှင်ကုသလ

ဓမ္မာစရိယ

နဲ့မနိတ်ဘုရားကျောင်း-ဟင်္သာတမြို့။

( ပြုစုတော်မူပြီးသော ကျမ်းစာများ )

၁။ တရားဟောကွက် - ပြောကွက်များ

၂။ လူ့ကြံ ကျင့်ကြံ မမေ့ကြံနဲ့ တရားဟောကွက်များ

၃။ သူတို့ကျင့်စဉ် သိစေချင် တရားဟောကွက်များ

၁၃၈၈၄

.ဟသံ်ာတမြို့
နဲမနိတ်ရွာ – နဲမနိတ် ဘုရားကျောင်း
မူလ ဓမ္မာစရိယ
နယ်လှဲ့ ဓမ္မကထိကအကျော်

၂၉၄.၃
က၁၁လ

စိစဉ်ရေးသားတော် မူအပ်သော

# ဆူကြွရှင့်ကြွမယ်ဖေ့ကြွန်း

# တရားဟောကွက်များ

## အာရှင်ကုသလ

ရတနာ့ဂုဏ်ရည်စာပုံနှိပ်တိုက်၊
အမှတ် ၅၅၊ မောင်ခိုင်လမ်း၊ ရန်ကုန်မြို့။

—မူပိုင်ရှင်—
မောင်ညွန့်ဝေ + မမြကြည်
သစ္စာမဏ္ဍိုင် ပိဋကတ်စာအုပ်ဆိုင်၊
အမှတ် ၂၊ ရွှေတိဂုံဘုရားဈေး၊ ဒဂုံစာတိုက်–ရန်ကုန်။

အုပ်ရေ = ၂၀၀၀။

အကြိမ်၊ ပထမအကြိမ် ၁၉၇၀-ခု၊ အောက်တိုဘာလ။

ဘာသာရေးခွင့်ပြုချက်(၁၀၅၃၂-က)

မျက်နှာဖုံး ခွင့်ပြုချက် ၃၀၉။

တန်ဖိုး ၁၅-ကျပ်။

=ပုံနှိပ်သူ=
ဒေါ်အေးအေးသန်း
မှတ်ပုံတင်အမှတ် [၀၂၀၃၂]
အမှတ် ၅၅၊ မောင်ခိုင်လမ်း၊
ရန်ကုန်မြို့။

=ထုတ်ဝေသူ=
ဦးညွန့်ဝေ
မှတ်ပုံတင်အမှတ် (၀၁၅၀၄)၊
သစ္စာမဏ္ဍိုင်စာပေ၊ အမှတ် ၂၊
ရွှေတိဂုံဘုရားကြီးဈေး-ရန်ကုန်။

# နိဒါန်း

## ဤတရားစာအုပ် ရေးထုတ်လိုက်ရခြင်း အကြောင်းရင်း

ဤတရားစာအုပ် ရေးထုတ်လိုက်ရခြင်း အကြောင်းရင်းမှာ အမြို့မြို့ အနယ်နယ်မှ ရဟန်း ရှင် လူ ပြည်သူအများစုရဲ့ လျှောက်ထား တောင်းပန်ချက်အရ ရေးထုတ်ရခြင်းဖြစ်ပါသည်။

ဤစာအုပ်ရဲ့ ထူးခြားချက်မှာ မြန်မာစာကို ဖတ်တတ်သူတိုင်း အလွယ်တကူ ဖတ်ရှုလေ့လာ နာခံမှတ်သားနိုင်ကြမှာပဲ ဖြစ်ပါတယ်၊ (စားပွဲပေါ်မှာ တင်ထားတဲ့ဟင်းတွေကို ကြိုက်ရာကို ဆွဲယူ၍ စားနိုင်သလို ဒီစာအုပ်ထဲမှာလဲ သုတ်, ဝိနည်း, အဘိဓမ္မာ အကုန်ပါတယ်၊ ကြိုက်ရာသာယူကြ။

ဘာပြုလို့လဲဆိုတော့ တရားသားကို မြန်မာစကား သက်သက်ဖြင့်သာ ဟောကြားထားပြီး နားလည်လွယ်ဆုံး လူ့ပတ်ဝန်းကျင်နဲ့ အနီးကပ်ဆုံး ဥပမာ–ဥပမေယျများနဲ့ သုံးနှုန်းပြကာ လိုရင်းပါဠိလောက်ကိုသာ ထောက်ပြပြီး အတတ်နိုင်ဆုံး ကြိုးစား၍ ဟောကြားရေးသားထားလို့ပဲ ဖြစ်ပါတယ်။

နောက်ပြီး လူကြီး, လူရွယ်, လူငယ်မှစ၍ နားမရှုတ်စေရပဲ သူ့နေရာနဲ့သူ ရှင်းရှင်းပြတ်ပြတ် တကန့်စီတကန့်စီ ထိုင်ဟော ထိုင်ပြောလက်တန်းဟောမှု ဟောဟန်အတိုင်း တရားသားမပျက် အကွက်စေ့ဟောကြားထောက်ပြ ထားလို့လဲ ဖတ်ရှု, လေ့လာ, နာခံမှတ်သားလူတိုင်းသဘောပေါက်ကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။

ဒါကြောင့် တိုစိ–တိုစိ အပိုအလိုမရှိ အဓိပ္ပါယ်ထိထိမိမိနှင့် ကြည့်ရှုနာခံ မှတ်သားနိုင်ကြရန် ရည်သန်၍ အတိုကျဉ်း လိုရင်းအချုပ်ရေးထုတ်လိုက်ရပါတော့သတည်း။

နေပြည်တော် သာသနာပြု အရှင် ကုသလ
(မူလ ဓမ္မာစရိယ) နိုင်ငံကျော် နယ်လှည့် ဓမ္မကထိက
နဲ့မနိတ် ဘုရားကျောင်း၊ ဟသ်ာတမြို့နယ်။

## ပူဇော်ကန်တော့ ရှိခိုးပါ၏ဘုရား

ပဲခူးတိုင်း နတ်တလင်းမြို့နယ် စမ်းကလေးကျောင်း ဆရာတော် ဦးကေသရကိုင်း၊ ရင်းမြို့နယ် ပဒတ်ကုန်းကျောင်း ဆရာတော် ဦးဝိန္ဒကကိုင်း၊ ကြို့ပင်ကောက်မြို့ တိုက်ကျောင်း ပါဠိတက္ကသိုလ် ဆရာတော် ဦးတေဇိန္ဒကိုင်း၊ ဦးခေါင်းကစ ခြေဖျားတိုင်အောင် တတောင်နှစ်ဆစ် ပုဆစ်နှစ်ဦး နဖူးအင်္ဂါ တည်ငါးဖြာဖြင့် အထူးဂါရဝါ ရှိသေစွာလျှင် အဆုံးမကုန် ကျေးဇူးဂုဏ်ကို အာရုံပြုကာ ဤစာအုပ်ဖြင့် ပူဇော်ကန်တော့ ရှိခိုးပါ၏ အရှင်သူမြတ်တို့ဘုရား။

ဆုတောင်းပါ၏။

ဤသို့ပြုရ မြတ်ပုညကြောင့် စိတ်သွားတိုင်း ကိုယ်ပါ လိုရာပြီး မြောက်၍ မဟာအသင်္ခတဓာတ် မြတ်လှသည့် သန္တိသုခ နိဗ္ဗာန်စံဝင်ရပါလို၏ ဘုရား။

ကုသလ
စာပြုသူ။

## တောင်းပန်ပါတယ်

ဒီစာအုပ် ကြည့်ရှုမှတ်သားကြတဲ့ ရဟန်းရှင်လူ ပြည်သူအများသို့ ဒီစာအုပ်တွင် ပါဝင်တဲ့ တရားသားများနဲ့ ပတ်သက်လို့ ပါဠိတော်, အဋ္ဌကထာ, ဋီကာ စတဲ့ ကျမ်းကြီးကျမ်းခိုင်များနဲ့ အတတ်နိုင်ဆုံး ကြိုးစား၍ ညှိနှိုင်းဟောကြား ရေးသားထားပါတယ်။

ဒါပေမဲ့ ဟောရ ရေးရတဲ့ တရားစာများ များနေလို့ မျက်စိမှောက် လို့ပဲဖြစ်ဖြစ် စာလုံးပေါင်းများစွာ ရေးရလို့ပဲဖြစ်ဖြစ် အနည်းငယ် ချို့ယွင်းမှုကလေးများ ပါရှိကောင်း ပါရှိနိုင်ပါတယ်၊ အဲဒီလိုချို့ယွင်းမှုလေးများ ပါရှိခဲ့ရင် ဘုရားရဟန္တာမှတပါး အခြားသူများ မေ့ခြင်းမှားခြင်းဆိုတာ မလွတ်ကင်းနိုင်သေးပါလားလို့ သဘောထားကာ

ခွင့်လွှတ်ပြီး ပြင်ဆင် ဖတ်ရှုကြပါလို့ အထူးမေတ္တာ ရပ်ခံလိုက်ရပါတယ်။

ကုသလ (ဓမ္မကထိက)
ပဝတ္တိ၊ နဲ့မနိတ်ဘုရားကျောင်း
ဟသ်ာတမြို့နယ်။

## ပဏာမနှင့် ပဋိညာဉ် ဥယျောဇဉ်

သိစရာရှိသမျှ သစ္စာငြေယျ ဓမ္မဉဿုံ အလုံးစုံကို တစမကျန် အကြွင်းအကျန်မရှိ ဆရာမကူ သယမ္ဘူ ဉာဏ်စွမ်းဖြင့် သိတော်မူပြီးသော မြတ်စွာဘုရားကိုရင်း–

မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်ပရိယတ်ဟု ဆိုအပ်သော ဆယ်ပါးသော တရားတော်မြတ်ကိုရင်း–

မဂ်၌တည်သော ပုဂ္ဂိုလ်လေးယောက်၊ ဖိုလ်၌တည်သော ပုဂ္ဂိုလ်လေးယောက်ဟု ဆိုအပ်သော ရှစ်ယောက်သော ပရမတ္ထ သံဃာတော်မြတ် အပေါင်းကိုရင်း–

ကုသလမည်ခေါ် တပည့်တော်သည် တတောင်နှစ်ဆစ် ပုဆစ်နှစ်ဦး နဖူးအင်္ဂါ တည်ငါးဖြာဖြင့် အလွန်ရိုသေစွာ မဆုံးမကုန် ကျေးဇူးဂုဏ်ကို အာရုံကိုးကာ ရှိခိုးပါ၏ဘုရား။

ဘုရားရတနာ,တရားရတနာ, သံဃာရတနာတည်းဟူသော ရတနာမြတ်သုံးပါးအပေါင်းကို အလွန်ရိုသေစွာ ရှိခိုးပြီးပါ၍ ဤ"လူကြကျင့်ကြ မမေ့ကြနဲ့" အမည်ရှိ တရားစာအုပ်ကို ရေးထုတ်ပါတော့အံ့သတည်း။

ဤတရားစာအုပ်ကို ဖတ်ရှုလေ့လာ နာခံမှတ်သားကြသော ရဟန်းရှင်လူ အမျိုးသား အမျိုးသမီးများသည် သုတမယဉာဏ်မှ တဆင့် ဘာဝနာမယဉာဏ် အဆင့်ဆင့်သို့ တက်လှမ်းနိုင်ပြီး နိဗ္ဗာန်နန်း စံမြန်းနိုင်ကြပါစေ။

အနည်းဆုံးအားဖြင့် ရုပ်, နာမ်ကို ဟုတ်မှန်တဲ့အတိုင်း သိမြင်သွားရင်တောင်မှ ဒီတရား ဟောရ - ရေးရကျိုးနပ်လောက်ပါလို့ ဝမ်းသာကြည်နူးနေမိမှာပဲ ဖြစ်ပါကြောင်း။

ပဏာမနှင့် ပဋိညာဉ် ဥယျောဇဉ်
ပြီး၏။

## ဘုရားစတဲ့ သူတော်ကောင်းတရား ဖတ်ရှုလေ့လာ နာခံမှတ်သားရတဲ့ အကျိုးတရား

သူတော်ကောင်းတရား ဖတ်ရှုလေ့လာ နာခံမှတ်သား၍ သေသွားသူမှာ ဒုတိယဘဝ နတ်ပြည် ရောက်သွားတဲ့အခါ မဂ်ဖိုလ်ရခြင်း အကြောင်းတရား လေးပါးရှိပါတယ်ဟု ဟောကြားတော်မူသော အင်္ဂုတ္တိုရ် စကားတော်၌ နတ်ပြည်ရောက်သွားတဲ့ နတ်သားနတ်သမီးကို နတ်ပြည်မှာရှိနှင့်နေကြတဲ့ အရိယာ နတ်သား, နတ်သမီးတွေက တရားဟောတဲ့အခါမှာ လူ့ပြည်က သင်ကြားလေ့လာ နာခံမှတ်သားဘူးမှသာ ထိုအရိယာတို့စကား နားလည်ပါတယ်။

ဒီလိုမှ သင်ကြားလေ့လာ နာခံမှတ်သားမှု မရှိခဲ့ရင် "ကျွဲပါးစောင်းတီး" နားညည်းရုံသာ ဘာမှသိမှာ မဟုတ်ပါ၊ မသိတော့ မဂ်ဖိုလ် မရောက်နိုင်ဘူးပေါ့။

ဥပမာ မောင်းသံကြားဘူးတဲ့သူ တယောက်ဟာ နောက်တခါ မောင်းသံကြားပြန်တော့လဲ ဒီအသံဟာ မောင်းသံပဲလို့ သိနိုင်သလိုပါပဲ-

အခုလဲ ဒီလိုပဲပေါ့၊ အနန္တရ ဘဝက မှတ်သားခဲ့ဘူးတာကို ဒုတိယဘဝ၌ ပြောပြသောအားဖြင့် အကုန်အစင် နားလည်သိမြင်၍ မဂ်ဖိုလ်နိဗ္ဗာန် ရနိုင်ပါတယ်။

ဒါကြောင့် တရားပေစာ ကြီးငယ်မဟူ ဖတ်ရှုလေ့လာ ဆည်းပူး၍ နာခံမှတ်သားကြပါလို့ အထူး တိုက်တွန်းလိုက်ရပါတယ်။

## ကူညီတည်းဖြတ်သူ

ဒီ....“လူကြ၊ ကျင့်ကြ၊ မမေ့ကြနဲ့” အမည်ရှိသော တရားစာအုပ်ကို မှန်သထက်မှန်ကန်အောင် တည်းဖြတ်ကြပ်မတ်ပြင်ဆင်သူ-

အရှင်စိန္တိတ
သာသနဓဇ သိရိပဝရဓမ္မာစရိယ ဝိနယပါရဂူ
သာသနဝုဒ္ဓိကာရီကျောင်း
တိုက်ကျောင်းပါဠိတက္ကသိုလ်
ကြို့ပင်ကောက်မြို့။

ꩤꩤꩤꩤ

## ကျေးဇူးဥပကာရတင်ရှိခြင်း

ဒီ....“လူကြ၊ ကျင့်ကြ၊ မမေ့ကြနဲ့” ဆိုတဲ့ တရားစာမူကြမ်းကို အချောဖြစ်အောင် ဝိုင်းဝန်းကူညီရေးသားပေးကြသော ဟသ်ာတမြို့မှ တပည့်ကျောင်းသူများအား အထူးကျေးဇူးဥပကာရ တင်ရှိကြောင်း ဖြင့် သိစေလိုက်ပါတယ်။

နယ်လှည့်ဓမ္မကထိက အရှင်ကုသလ။

ꩤꩤꩤꩤ

(ဂ)

## ကြိုဆိုထောက်ခံခြင်း

ဓမ္မကထိက အရှင်ကုသလရဲ့ "လူကြံ ကျင့်ကြံ မမေ့ကြနဲ့" အမည်ရှိသော တရားစာအုပ်ကို ချင်းချက်မရှိ ထောက်ခံပါတယ်၊ ဘာဖြစ်လို့ ကြိုဆိုထောက်ခံရသလဲဆိုရင်–

၁။ စာဖတ်တတ်သူတိုင်း ဖတ်နိုင်ခြင်း။

၂။ တိုတိုစိစိလိုရင်းမိအောင် ထောက်ပြ ဟောကြားထားခြင်း၊

၃။ ရှေးစကားနဲ့မသုံးဘဲ အခုခေတ်စကားနဲ့ ခေါ်ဝေါ်သုံးစွဲထားခြင်း။

၄။ လူပြိန်း ရှင်းအောင် နားလယ်လွယ်ဆုံး စကားမျိုးနဲ့ ဟောကြားထားခြင်း။

၅။ တရားသားကို ပေါ်လွင်ထင်ရှားလာအောင် ဟောပြဆုံးမထားပြီး အမြင်များနိုင်ခြင်းစတဲ့ အကြောင်းတို့ကြောင့်ဘဲ ဖြစ်ပါတယ်။

ဦးကုဏ္ဍလ
ကျေးတောလေး ကျောင်း
ကြို့ပင်ကောက်မြို့နယ်။

✿✿✿✿

# မာတိကာ


| အမှတ်စဉ်။ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း .... .... | က |
| ၂။ | ပူဇော်ကန်တော့ခြင်း .... .... | ခ |
| ၃။ | တောင်းပန်ခြင်း .... .... | ခ |
| ၄။ | ဥယျောဇဉ် .... .... | ဂ |
| ၅။ | တရားစာဖတ်ရကျိုး .... .... | ဃ |
| ၆။ | တည်းဖြတ်သူ .... .... | င |
| ၇။ | ကျေးဇူးတင်ရှိခြင်း .... .... | င |
| ၈။ | အောင်ဆုတောင်း ဘုရားရှိခိုး .... .... | ၁ |
| ၉။ | ဗုဒ္ဓဘာသာဆိုတာ ဘာလဲ ? .... .... | ၂ |
| ၁၀။ | ပယ်စွန့်ပစ်ကြ .... .... | ၄ |
| ၁၁။ | ကုသိုလ် အကုသိုလ် ခြားနားချက် .... .... | ၄ |
| ၁၂။ | အကုသိုလ်ကို ဘာပြုလို့ ရှေစက်မချရသလဲ .... | ၅ |
| ၁၃။ | မေ့ မနေကြဖို့ .... .... | ၅ |
| ၁၄။ | တရားတော်ကို ရိုသေစွာ နာကြပါ .... .... | ၆ |
| ၁၅။ | ဘုရားလောင်း ဓမ္မသုန္ဒရမင်း .... .... | ၁၁ |
| ၁၆။ | သဒ္ဒါတရား အများကြီး လိုအပ်တယ် .... .... | ၁၅ |
| ၁၇။ | ဂါရဝဆယ်မျိုး .... .... | ၁၇ |
| ၁၈။ | သူတော်ကောင်းဥစ္စာ ၇-ပါး .... .... | ၂၂ |
| ၁၉။ | အခါကောင်းကြီးနဲ့တွေ့တုန်း ကုသိုလ်တရား နိုးနိုးကြားကြား .... .... | ၂၅ |

၂၀။ မလှူနိုင် မပြောနဲ့ .... .... ၂၈

၂၁။ ပါရမီ ဖြစ်မှာစိုးလို့ .... .... ၃၀

၂၂။ ဒါနတရား မဟောခင် ဟောဒီ ဒါနဝတ္ထုတွေကို
သိထားနှင့်ခဲ့ပါ .... ၃၂

၂၃။ ဝိနယပိဋကတ်တော်မှလာတဲ့ ဒါနဝတ္ထု
လေးပါး .... .... ၃၂

၂၄။ အဘိဓမ္မာပိဋကတ်မှလာတဲ့ ဒါနဝတ္ထု ခြောက်ပါး .... ၃၂

၂၅။ ဒါနအကြောင်းသိကောင်းစရာ .... .... ၃၄

၂၆။ ဒါနက သံသရာလယ်သလား .... .... ၃၅

၂၇။ မဟာဓနကုန်သည်ဝတ္ထု .... .... ၃၉

၂၈။ ဝဋ်ကင်းရာဖြစ်တဲ့ နိဗ္ဗာန်ကို ရအောင် ဒီလို
ဆုတောင်းလှူ .... ၄၆

၂၉။ ဘုရားစတဲ့ ရတနာသုံးပါးအရိပ်ကို ခိုလှုံကြစမ်းပါ .... ၅၁

၃၀။ ဘုရားဖြစ်ဖို့ရန် နိယတဗျာဒိတ်ရခြင်း အင်္ဂါ ၈-ပါး.... ၅၄

၃၁။ မရှိလို့ မလှူ မလှူလို့ မရှိ .... .... ၅၉

၃၂။ ဥပ္ပလဝဏ် ထေရီဝတ္ထု .... .... ၆၁

၃၃။ ဂဗ္ဘသေယျက ပဋိသန္ဓေ တည်နေပုံ .... .... ၈၁

၃၄။ ဓမ္မဒိန္နာ အတိတ်ဝတ္ထု .... .... ၈၂

၃၅။ နာဂါအမျိုးသမီး ဝတ္ထု .... .... ၈၈

၃၆။ မစ္ဆရိယကောသိယ သူဌေးဝတ္ထု .... .... ၉၇

၃၇။ လောသကတိဿ ဝတ္ထု .... .... ၁၀၅

၃၈။ မောင်လှူတော့ မယ်ကြည်ဖြူ မယ်လှူတော့ မောင်က
ကြည်ဖြူ တရားတော် .... ၁၁၇

၃၉။ အရှယ်ပိုင်းခြား မှတ်သားရန် .... .... ၁၂၆
၄၀။ မလှကောင်းတဲ့ အလှငါးမျိုး .... .... ၁၂၉
၄၁။ ပူတိဂတ္တတိဿမထေရ် ဝတ္ထု .... .... ၁၃၁
၄၂။ အလှအမျိုးမျိုး .... .... ၁၃၄
၄၃။ သံဃိကဒါန အပြား ၇-ပါး .... .... ၁၄၂
၄၄။ ညီအစ်မနှစ်ယောက် ဝတ္ထု .... .... ၁၄၇
၄၅။ ဝိသယှသူဌေး ဝတ္ထု .... .... ၁၆၀
၄၆။ ဇနီးမောင်နှံ့ အနာဂါမ် တရားတော် .... .... ၁၆၆
၄၇။ သစ္စာ နှစ်ရပ် အတတ်သိမှ ပဏ္ဍိတ .... .... ၁၉၃
၄၈။ ကျင့်ကြပါ (ဓမ္မာနုဓမ္မပဋိပတ် ဖြစ်အောင်) .... ၁၉၇
၄၉။ သရဏဂုံ ဆောက်တည်ရကျိုး .... .... ၂၀၂
၅၀။ သရဏ ဂမနမထေရ် ဝတ္ထု .... .... ၂၀၇
၅၁။ သုမေဓာမင်းသမီးလေး ဝတ္ထု .... .... ၂၁၄
၅၂။ ဥပါသကာတို့ သီလ .... .... ၂၂၂
၅၃။ ဥပါသကာ အင်္ဂါ ၇-ပါး .... .... ၂၂၆
၅၄။ ဥပါသကာ အဖြစ်မှ ယုတ်လျော့ခြင်း ၇-ပါး .... ၂၂၆
၅၅။ သီလတရားဆိုတာ .... .... ၂၂၇
၅၆။ သီလအကြောင်း သိကောင်းစရာ .... .... ၂၂၉
၅၇။ ကာယကံ သုံးပါး .... .... ၂၃၀
၅၈။ ဝစီကံလေးပါးဆိုတာ .... .... ၂၃၀
၅၉။ ငါးပါးသီလ အမည်များ .... .... ၂၃၄
၆၀။ သီလခံယူ ဆောက်တည်နည်း .... .... ၂၃၀
၆၁။ ဥပါသကာ ငါးယောက် ဝတ္ထု .... .... ၂၄၃

၆၂။ ဂရုဓမ္မဇာတ် .... .... ၂၄၉

၆၃။ ဓနဥ္စယကောရဗျမင်း .... .... ၂၅၂

၆၄။ ဘုရင့်မယ်တော် .... .... ၂၅၃

၆၅။ ဘုရင့် မိဖုရားကြီး .... .... ၂၅၄

၆၆။ အိမ်ရှေ့မင်း .... .... ၂၅၅

၆၇။ ပုရောဟိတ် ပုဏ္ဏား .... .... ၂၅၇

၆၈။ ကြိုးဆွဲ အမတ် .... .... ၂၅၈

၆၉။ ရထားထိန်း .... .... ၂၅၉

၇၀။ သူဌေးကြီး .... .... ၂၆၀

၇၁။ ပြည်စိုးအမတ် သို့မဟုတ် တင်းခြင်အမတ် .... ၂၆၁

၇၂။ တံခါးမှူး .... .... ၂၆၂

၇၃။ ပြည့်တန်ဆာမ .... .... ၂၆၃

၇၄။ ဇာတ်တော်ပေါင်းခန်း .... .... ၂၆၇

၇၅။ ကျေပေါသထိကာ ဘိက္ခုနီမဝတ္ထု .... .... ၂၆၉

၇၆။ နွားသတ်သမားနန္ဒဝတ္ထု .... .... ၂၈၀

၇၇။ ဝက်သတ်သမားစုန္ဒဝတ္ထု .... .... ၂၈၂

၇၈။ တူဝရီးနှစ်ယောက်ဝတ္ထု .... .... ၂၈၈

၇၉။ ကုသိုလ်နိုးနိုးကြွားကြွားရှိဖို့နဲ့
ယူဆချက်သဘော .... .... ၂၉၅

၈၀။ မကောင်းမှုပြုလုပ်သောမိန်းမဝတ္ထု .... .... ၂၉၆

၈၁။ ဣသိဒါသီရဟန္တာထေရီမဝတ္ထု .... .... ၃၀၀

၈၂။ စေတိယမင်းဝတ္ထု .... .... ၃၀၄

၈၃။ မိန်းမငါးရာဝတ္ထု .... .... ၃၀၉

၈၄။ အပြစ်အကြီးဆုံးသိက္ခာပုဒ် .... .... ၃၁၂

၈၅။ ဘာဖြစ်လို့ အပြစ်ကြီးသလဲ .... .... ၃၁၂

၈၆။ အရက်သောက်ရာ၌ အထူးမှတ်ချက် .... .... ၃၁၃

၈၇။ အရှင်သာဂတမထေရ်ဝတ္ထု .... .... ၃၁၇

၈၈။ သူရာမုဆိုးနှင့် ဝရုဏရသေ့ဝတ္ထု .... .... ၃၂၂

၈၉။ ရောရုဝငရဲ .... .... ၃၂၈

၉၀။ မွှေးကြိုင်တဲ့ပန်းမြတ် .... .... ၃၃၂

၉၁။ တရား မရလို့ ငိုရသူ .... .... ၃၃၃

၉၂။ ဂင်္ဂါတီရမထေရ်ဝတ္ထု .... .... ၃၄၀

၉၃။ မဟာဖုဿဒေဝမထေရ် .... .... ၃၄၃

၉၄။ ဒါနထက် သီလမြတ်ကြောင်း .... .... ၃၄၅

၉၅။ သီလရှိက ဆုတောင်းတိုင်းရပုံ .... .... ၃၄၈

၉၆။ ဥပုသ်သုံးမျိုးတရားတော် .... .... ၃၅၄

၉၇။ သာဓုနဲ့မတန် ရွတ်နဲ့သာတန် .... .... ၃၅၈

၉၈။ မနောဒုစရိုက်သုံးပါး ရှင်းပြချက် .... .... ၃၆၀

၉၉။ သိက္ခာပုဒ်သုံးပါး ဟောပြချက် .... .... ၃၆၂

၁၀၀။ ဝိကာလဘောဇနသိက္ခာပုဒ်
အင်္ဂါသုံးပါး .... .... ၃၆၃

၁၀၁။ ဌာနကာမစိတ်ဓါတ် တိုးပွားခြင်း
အကြောင်း .... .... ၃၆၆

၁၀၂။ အလွန်ကောင်းသော အကျင့်မြတ် .... .... ၃၆၇

၁၀၃။ လူများ ဆယ်ပါးသီလ ဆောက်တည်နိုင်ပုံ .... ၃၇၀
၁၀၄။ ကိုကိုမင်းကြီး သမီးတော်ခုနစ်ယောက်.... .... ၃၇၃
၁၀၅။ သီလဂုဏ်ရှစ်ပါး .... .... ၃၇၄
၁၀၆။ သီလတည်ခြင်းအကြောင်း .... .... ၃၇၄
၁၀၇။ သီလပျက်ခြင်းအကြောင်း .... .... ၃၇၅
၁၀၈။ လင်ကောင်းမယား နိဗ္ဗာန်သွား
မယားကောင်းလင်နိဗ္ဗာန်ဝင် တရားတော် .... ၃၇၅
၁၀၉။ ဘာဝနာတရားတော် ဘာဝနာ ၂-မျိုး.... .... ၃၉၉
၁၁၀။ ပညတ်ပရမတ် ယူဆပုံသဘော .... .... ၄၀၃
၁၁၁။ ပညတ်ချင်းတူပေမဲ့ အသီးသီးသော
ဂုဏ်ကြောင့် ပညတ်ချင်း မတူပုံ .... .... ၄၁၂
၁၁၂။ စိတ်တခုယုတ် ကိုးဆယ် .... .... ၄၁၃
၁၁၃။ စေတသိက် ငါးဆယ့်နှစ်ပါး .... .... ၄၁၄
၁၁၄။ ရုပ် နှစ်ဆယ့်ရှစ်ပါးဆိုတာ .... .... ၄၁၅
၁၁၅။ နိဗ္ဗာန်ဆိုတာ .... .... ၄၁၆
၁၁၆။ ပရမတ် မဖောက်ပြန်ပုံ .... .... ၄၁၇
၁၁၇။ ရုပ်, နာမ် နှစ်ပါးခွဲပုံ .... .... ၄၂၀
၁၁၈။ ရုပ်, နာမ်နှစ်ပါးကို ဝိပဿနာရှုပုံ .... .... ၄၂၄
၁၁၉။ ခန္ဓာငါးပါး ရုပ်, နာမ်တရား .... .... ၄၂၆
၁၂၀။ ခန္ဓာငါးပါးကို ဝိပဿနာရှုပုံ .... .... ၄၂၇
၁၂၁။ အာယတန တဆယ့်နှစ်ပါး .... .... ၄၂၉

၁၂၂။ အာယတန တဆယ့်နှစ်ပါးတို့ကို
ဝိပဿနာရှုပုံ .... .... ၄၃၁

၁၂၃။ ဓါတ်တဆယ့်ရှစ်ပါးတို့ကို ဝိပဿနာရှုပုံ.... .... ၄၃၃

၁၂၄။ သစ္စာလေးပါးဆိုတာ .... .... ၄၃၄

၁၂၅။ သစ္စာနှစ်ပါးကို ဝိပဿနာရှုပုံ .... .... ၄၃၅

၁၂၆။ သောတာပန်အကြောင်းသိကောင်းစရာ.... .... ၄၃၈

၁၂၇။ မဟာသောတာပန် .... .... ၄၄၂

၁၂၈။ သောတာပတ္တိမဂ်စိတ် ဖြစ်ပုံ .... .... ၄၄၃

၁၂၉။ သောတာပန်များ ရတနာသုံးပါးနဲ့
ခွဲ မနေနိုင်ပုံ (မယ်ဥတ္တရာဝတ္ထု) .... .... ၄၄၃

၁၃၀။ အခက်ကြုံရသမီးလှ .... .... ၄၄၄

၁၃၁။ မြတ်စွာဘုရားနှင့် ရဟန်းတော်များ .... .... ၄၅၂

၁၃၂။ သောတာပန်တို့စိတ်ဓါတ် .... .... ၄၅၆

၁၃၃။ ဘုရားရှင်ဂုဏ်တော်ကို အဖန်တလဲလဲ
အောက်မေ့ရကျိုး .... .... ၄၆၁

၁၃၄။ ဘုရားလျှင်အာရုံရှိသော ဥဗ္ဗေဂါပီတိ
ဖြစ်၍ မိဘတို့အရင် တရားနာရတဲ့မိန်းကလေး .... ၄၆၃

၁၃၅။ ပီတိငါးမျိုး .... .... ၄၆၄

၁၃၆။ မဟာကပ္ပိနမင်းနှင့် အနောဇာမိဖုယား
တို့၏ ပစ္စုပ္ပန်ဝတ္ထု .... .... ၄၆၆

၁၃၇။ မဟာကပ္ပိနရဟန်း အကြံဖြစ်ပုံ .... .... ၄၇၃

၁၃၈။ အကျင့်သုံးပါး တရားတော် .... .... ၄၇၇
၁၃၉။ ကိုလေသာသုံးပါး .... .... ၄၈၉
၁၄၀။ ဝိသုဒ္ဓိခုနစ်ပါး .... .... ၄၉၃
၁၄၁။ ဉာဏ်စဉ်တဆယ့်ခြောက်ပါး .... .... ၄၉၄
၁၄၂။ ယုံမှားခြင်း တဆယ့်ခြောက်ပါး .... .... ၄၉၉
၁၄၃။ တရားတော်ကျင့်ရတဲ့ အကျိုး .... .... ၅၀၁
၁၄၄။ ဒါနရှိသူနှင့် ဒါနမရှိသူ .... .... ၅၀၁
၁၄၅။ အားမငယ်နှင့် (ပုထုဇဉ် ၂–မျိုး) .... .... ၅၁၁
၁၄၆။ ဘုရားစေတီ မကွယ်ပါစေနှင့် .... .... ၅၁၇
၁၄၇။ ရှိခိုးခြင်း ၃–မျိုး .... .... ၅၂၀
၁၄၈။ တည်ခြင်းငါးပါးနဲ့ မညီညွတ်တဲ့ ရှိခိုးခြင်း.... .... ၅၂၂
၁၄၉။ ဘုရားဖူးတယ်ဆိုတာ .... .... ၅၂၃
၁၅၀။ ဒိဋ္ဌဓမ္မ အကျိုးပေးတယ်ဆိုတာ .... .... ၅၂၇
၁၅၁။ ဘုရားကိုအာရုံပြုပုံ .... .... ၅၃၀
၁၅၂။ တရားတော်ကို အာရုံပြုပုံ .... .... ၅၃၁
၁၅၃။ သံဃာတော်ကို အာရုံပြုနည်း .... .... ၅၃၂
၁၅၄။ ဒီလို ဘုရားကိုပူဇော်ပါ .... .... ၅၃၃
၁၅၅။ ဒီလို တရားတော်ကို ပူဇော်ပါ .... .... ၅၃၄
၁၅၆။ သံဃာကို ဒီလိုပူဇော်ပါ .... .... ၅၃၅

၁၅၇။ ဘုရားစတဲ့ ရတနာသုံးပါး
ပူဇော်ရကျိုးများ .... .... ၃၃၆
၁၅၈။ ကျင့်ရင်ရနိုင်တယ် .... .... ၃၄၀
၁၅၉။ မရှိတောင့်တ ရှိကြောင့်ကြ .... .... ၃၄၂
၁၆၀။ မမေ့ကြပါနဲ့ .... .... ၃၄၃
၁၆၁။ အပ္ပမာဒဝိဟာရီ ရဟန်း .... .... ၃၄၅

မာတိကာ ပြီး၏။

✲



# လှူကြ ကျင့်ကြ မမေ့ကြနဲ့

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဇိနော မယှံ ဇယံ ဒေတု။

ဗုဒ္ဓဘာသာ-ဗုဒ္ဓဘာသာ၊ ဗုဒ္ဓဘာသာဝင်-သာသနာ။

ဗုဒ္ဓဆိုတာ-ဘုရား (သိသောသူ)

ဘာသာဆိုတာ-စကား (အယူအဆ)

ဗုဒ္ဓဘာသာဆိုတာ-ဘုရားဟောပြောတဲ့စကားတော်,တရားတော်, ဘုရားရဲ့ အယူအဆလို့ အဓိပ္ပါယ်ရပါတယ်။

ဗုဒ္ဓဘာသာဝင်ဆိုတာ ဘုရား ဟောပြောထားတော်မူတဲ့ စကားတော်, တရားတော်များကို လိုက်နာအားထုတ် ကျင့်ကြံကျိုးကုတ်သူလို့ ဆိုရပါမယ်၊ သာသနာဆိုတာ မြတ်စွာဘုရားရှင်ရဲ့ အဆုံးအမဖြစ်တဲ့ စကားတော်, တရားတော်တွေကို ခေါ်ပါတယ်၊ အဲဒီ သာသနာသည် သာမန်အားဖြင့် တပါးဖြစ်ပေမဲ့ အထူးအားဖြင့် သုံးပါးရှိနေပြန်ပါတယ်၊ သုံးပါးဆိုတာက—

(၁) ယထာပရာဓ သာသနာ။

(၂) ယထာနုလောမ သာသနာ။

(၃) ယထာဓမ္မ သာသနာပဲ ဖြစ်ပါတယ်။

(၁) ဝိနည်းပိဋကတ်တော်သည် များသောအပြစ် ရှိကုန်သော သတ္တဝါတို့ကို အပြစ်အားလျော်စွာ ဆုံးမတော်မူရာဖြစ်လို့ "ယထာ ပရာဓ သာသနာ"လို့ ခေါ်ပါတယ်။

(၂) များသောအလို့,များသောစရိုက်,များသောနှလုံးသွင်းခြင်း ရှိကုန်သော သတ္တဝါတို့ကို သုတ္တန်ပိဋကတ်တော်နှင့် အလိုစရိုက် အားလျော်စွာ ဆုံးမတော်မူရာဖြစ်လို့ "ယထာနုလောမသာသနာ"လို့ ခေါ်ပါတယ်။

(၃) အဘိဓမ္မပိဋကတ်တော်သည် ပရမတ္ထတရားစု၌ ငါ၏ကိုယ်, ငါ၏ဥစ္စာဟု အမှတ်ရှိကုန်သော သတ္တဝါတို့ကို ပရမတ္ထအားလျော်စွာ ဆိုဆုံးမတော်မူရာဖြစ်လို့ "ယထာဓမ္မသာသနာ"လို့ ခေါ်ပါတယ်။

သာသနာတော်နဲ့ပတ်သက်လို့ ဒီလောက်ပဲ မှတ်ထားကြပါအုန်း။

---

## ဘုရားဆိုတာ ဘာလဲ

ဘုရားဆိုတာက အကြောင်းရင်းမရှိပဲ မိမိအလိုအလျောက် မဖြစ်နိုင်ပါဘူး၊ ဖြစ်ကောင်းတဲ့ပုဂ္ဂိုလ်မျိုးလဲ မဟုတ်ပါ၊ အခု အသင့်အတင့် ပေါပြမဲ့ ဂုဏ်ထူးနဲ့ပြည့်စုံတဲ့ ပုဂ္ဂိုလ်ထူးသည်သာ ဘုရားစစ်ဘုရားမှန် ဖြစ်ပါတယ်။

ဂုဏ်ထူးတွေက ဘာတွေလဲဆိုတော့-ဒါန စတဲ့ ပါရမီဆယ်ပါး အပြားသုံးဆယ်, စွန့်ခြင်းကြီးငါးပါး, စရိယသုံးပါး ဒီတရားတွေကို မနေမနား လေးသင်္ချေနဲ့ ကမ္ဘာတသိန်း, ရှစ်သင်္ချေနဲ့ ကမ္ဘာတသိန်း, တဆယ့်ခြောက်သင်္ချေနဲ့ ကမ္ဘာတသိန်း ကြာအောင် အားထုတ်မှ ဖြစ်ကောင်းတဲ့ ပုဂ္ဂိုလ်မြတ်ပဲ ဖြစ်ပါတယ်။

ထိုပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်သည် အရဟံအစ ဘဂဝါအဆုံး ရှိသော ကိုးပါးသောဂုဏ်တော်နှင့်တကွ အလိုတော်ရှိပါက ပရိက္ခာရအစုံလွယ်၍

အလွန်သေးငယ်တဲ့ မှုံညင်းစေ့အတွင်း၌ စကြဝဠာနှင့်တကွ ကြွသွားတော်မူနိုင်ခြင်း, ကမ္ဘာလောကဓာတ်အားလုံးကို ကိုယ်တော်မြတ်ဖြင့် ဖုံးအုပ်တော်မူနိုင်ခြင်း, ကောင်းကင်ပြင်မှာ အလိုရှိတော်မူတဲ့အတိုင်း ကြွသွားတော်မူနိုင်ခြင်း, ကိုယ်တော်ကို စိတ်တော်ရှိသည့်အတိုင်း ပါခဲစေတော်မူနိုင်ခြင်း, အနှုန်းမရှိနိုင်ယောင် ကိုယ်တော်ကို ဖန်ဆင်းတော်မူနိုင်ခြင်း စသော အစိန္တေယျစသော ဂုဏ်တော် ကျေးဇူးတော်တို့နှင့်ရှင်း–

အလုံးစုံသောတရားတော်ကို မျက်ဝါးထင်ထင် သိမြင်တော် မူနိုင်သော သဗ္ဗညုတဉာဏ်တော်စတဲ့ ပစ္စေကဗုဒ္ဓါ သာဝကတို့နှင့် မဆက်ဆံတဲ့ ဉာဏ်တော်ခြောက်ပါး အမှန်တရားလေးပါးကိုသိမြင်တော်မူနိုင်တဲ့ စတုသစ္စဉာဏ် စသောဉာဏ်တော်များနှင့် ပြည့်စုံတော်မူသော အနုတ္တရဝိမောက္ခတို့ဖြင့် ထုံဘော်မူအပ်သော သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီး ရှစ်ဆယ်သောလက္ခဏာတော်ငယ်တို့ဖြင့် တန်ဆာဆင်အပ်သော ခန္ဓာတော်အစဉ်သည် ဘုရားလို့ခေါ်ပါတယ်။

ဘုရားပရိနိဗ္ဗာန်စံဝင်ပြီးတော့လဲ ဓာတ်တော်မွေတော် စတဲ့ ဓာတုစေတီ၊ ဗောဓိပင် စင်္ကြံတော်ရာ စတဲ့ ပရိဘောဂစေတီ၊ ဆင်းတုတော် ရုပ်တုတော် စတဲ့ ဥဒ္ဒိဿစေတီ၊ တရားတော်ဟူသော ဓမ္မစေတီ ဆိုတဲ့ လေးပါးဟာလဲ သက်တော်ထင်ရှား မြတ်စွာဘုရားနဲ့ စပ်နေတာဖြစ်လို့ ဘုရားလို့ပဲ မှတ်ပါ၊ အုတ်ကျောက်, အင်္ဂတေ, သစ်သား စသည်ဖြင့် ပြုလုပ်ထားတဲ့ အစုအပုံဟာလဲ စေတီလေးပါးရဲ့ တည်ရာ ကိန်းဝပ်ရာ ဖြစ်လို့ ဘုရားလို့ပဲ ခေါ်ရပါမယ်လို့ ဟောလိုက်ပါရစေ။

နောက်ကဟောခဲ့တဲ့ သိသောသူကို ဘုရားလို့ဟောခဲ့ပြီ၊ ဘာတွေကို သိသလဲဆိုရင် အလုံးစုံသောတရားတွေကို မည်သူမှ ပြောမပြရပဲ မိမိအလိုလို ကိုယ်တော်တိုင်သာ ထိုးထွင်းလို့ သိတော်မူပါတယ်၊ ဘာပြုလို့ သိတော်မူသလဲ၊ သိအောင်လုပ်လို့ သိတော်မူတယ်၊ ဘာပြုလို့သိအောင် လုပ်သလဲ ပုပ္ပုန္ဓ မြင်မြင်သမျှ သတ္တဝါအားလုံးဟာ လူ နတ် ဗြဟ္မာ ဖြစ်လိုက်,ငရဲစတဲ့အပါယ်လေးဘုံကိုရောက်လိုက်, ထက်အောက်စုန်ဆန်

သံသရာလယ်နေကြပြီး ပဋိသန္ဓေနေရ, အိုရ, နာရ, သေရတဲ့နေရာမှ ပဋိသန္ဓေမနေ,မအို,မနာ,မသေရာဖြစ်တဲ့မဟာအသင်္ခတဓာတ်မြတ်လှတဲ့ နိဗ္ဗာန်ဝင်ပံစေချင်တဲ့ ဆန္ဒတော်ကြီးဖြင့် သိအောင် လုပ်ရပါတယ်တဲ့။

---

## ပယ်စွန့်ပစ်ကြ

မြတ်စွာဘုရားသခင်က အင်္ဂုတ္တိုရ်ပါဠိတော်မှာ—

အကုသလံ ပဇဟထ ကုသလံ ဘာဝေထ။

ဘိက္ခဝေ၊ သံသရာကို လေးသောဝန်ဟု ရှုလေ့ရှိငြား ငါ၏ ချစ်သားချစ်သမီးတို့။ အကုသလံ၊ မကောင်းမှု အကုသိုလ်ဟူသမျှကို။ ပဇဟထ၊ပယ်စွန့်ကြကုန်လော့။ ကုသလံ၊ကောင်းမှုကုသိုလ်ဟူသမျှကို။ ဘာဝေထ၊ ပွါးများအားထုတ် ကျိုးကုတ်ကြကုန်လော့။

သာဓု သာဓု သာဓုပါ ဘုရား။

ကမ္မပထ မြောက်မြောက် မမြောက်မြောက် သေးသေးကြီးကြီး အကုသိုလ်မှန်သမျှ အကုန်လုံး ပယ်စွန့်ပစ်ကြရမယ်၊ သဒ္ဓါတရား စတဲ့ ကုသိုလ်ကောင်းမှု တရားကို ကြိုးစားပွါးများကြရပါမယ်လို့ ဟောတော်မူပါတယ်။

### ကုသိုလ်–အကုသိုလ်ခြားနားချက်

ကုသိုလ်သည် အထက်ကို ရောက်အောင် ပို့ဆောင်စေတတ်ပြီး အကုသိုလ်သည် အောက်ကိုရောက်အောင် ပို့ဆောင်စေတတ်ပါတယ်။

အထက်ဆိုတာက လူ့ပြည်, နတ်ပြည်, နိဗ္ဗာန်ကိုပြောပြီး အောက် ဆိုတာကတော့ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်ဆိုတဲ့ အပါယ် လေးဘုံကို ပြောပါတယ်။

အထက်ကိုရောက်အောင် သွားဘို့ဆိုတာကို အားစိုက်ထုတ်ရမှာ ဖြစ်ပေမဲ့ အောက်ကိုရောက်ဘို့က အားစိုက်ထုတ်စရာမလိုပါ။

ဥပမာ–ခဲတလုံးကို အပေါ်မြှောက်တင်လိုက်တဲ့အခါ အားစိုက်မြှောက်ရမှာဖြစ်ပေမဲ့ ခဲကို အောက်သို့ပစ်ချလိုက်တဲ့ အခါမှာတော့ အားစိုက်စရာမလိုတော့ပါ၊ အကုသိုလ်အရာမှာ အားစိုက်ထုတ်လိုက်ရင် အဆင်းတွန်းချသလို ဖြစ်သွားမှာဘဲ ဖြစ်ပါတယ်၊ အဲဒါ ကုသိုလ်နဲ့ အကုသိုလ် ခြားနားတဲ့ အချက်ပဲ ရှင်းအောင် မှတ်ကြ။

## အကုသိုလ်ကို ဘာပြုလို့ ရေစက်မချရသလဲ

ကုသိုလ်ဆိုတဲ့ တရားမျိုးဆိုတာ ဘာဝေတဗ္ဗ-ပွါးများရမဲ့ တရားဖြစ်နေလို့ ပတ္တိဒါနကုသိုလ် ပွါးများဘို့ရန်အတွက်လည်းကောင်း မိမိပြုလုပ်တဲ့ ကုသိုလ်ကိုလဲ ခိုင်လုံစေရန်အတွက်လည်းကောင်း ကုသိုလ်ကို ရေစက်ချပေးရပါမယ်။

အကုသိုလ်တရားမျိုးဆိုတာကတော့ ပဟာတဗ္ဗ တရားဖြစ်လို့ တခါတရံမှာ ပြစ်မှားမိရင်တောင်မှ မေ့ပျောက်ပစ်ရအုံးမှာ ဖြစ်လို့ အထူးတလည် ရေစက်ချပေးဘို့ မလိုတော့ပါဘူးလို့ ဟောပြလိုက်ရပါတယ်။

## မေ့ မနေကြဘို့

(၁) ဘုရားအဖြစ်ကိုလဲ ရခဲတယ်။

(၂) လူအဖြစ်ကိုလဲ ရခဲတယ်။

(၃) သဒ္ဓါတရားနဲ့ပြည့်စုံတဲ့ သူ့ရဲ့အဖြင်ကိုလဲ ရခဲတယ်။

(၄) သိက္ခာပုဒ်နဲ့ တည်ကြည်တဲ့ ရဟန်းအဖြစ်ကိုလဲ ရခဲတယ်။

(၅) ဘုရားအစရှိတဲ့ သူတော်ကောင်းတရား ကြားနာရတဲ့သူ့ရဲ့ အဖြစ်ကိုလဲ ရခဲတယ်။

ဒီလို ရရှိခဲ့လှတဲ့တရားကို ရရှိလာကြ၍ ဘုရားသာသနာတော် မြတ်ကြီးနဲ့ ကြုံခိုက် ဆုံခိုက် ချစ်သား ချစ်သမီးတို့ဟာ ဒါန, သီလ, စတဲ့ ကုသိုလ်ကောင်းမှုတရားကို ဘယ်အခါမှ မမေ့ကြဘဲ လှူကြ, ကျင့်ကြပါလို့ ဆုံးမခံရာမှအပြန် ခြေဆေးတော် မူပြီးတဲ့အခါ ဘုရားကျောင်းတော် ဆင်ဝင်အောက်၌ ရပ်တော်မူ၍ နေ့တိုင်း ဟောတော်မူပါတယ်။

ဘာပြုလို့ ဒီလို နေ့တိုင်း ဟောရပါသလဲဆိုတော့ ဒီလောက် ရခဲလှတဲ့ ဒုလ္လဘတရားကို ရဟန်း,ရှင်,လူ ပြည်သူတွေက ပေါ့ပေါ့တန်တန် သဘောထားပြီး မေ့နေကြမှာ စိုးတော်မူသောကြောင့်ပဲ ဖြစ်ပါတယ်။

ဒါကြောင့် မြတ်စွာဘုရားသခင်ဟာ ကိုယ်တော်ရဲ့ ပင်ပန်းတော်မူခြင်းကို ငဲ့တော်မမူနိုင်ပဲ ကြိုးကြိုးစားစား နေ့တိုင်း ဟောကြားတော်မူရတာပဲ ဖြစ်ပါတယ်။

## တရားတော်ကို ရိုသေစွာ နာကြပါ

အပြင်မှာ စိတ်လွတ်ကိုယ်လွတ် နေသလို ဒူးထောင် ပေါင်ကား စကားများနေခြင်း, လက်ခြေ မငြိမ်ခြင်း, အိပ်ငိုက်ခြင်း, ဟိုဟိုဒီဒီ ကြည့်ရှုနားထောင် တွေးတောခြင်း, တရားတော်၌ စိတ်မဝင်စားပဲ ဆေးလိပ်သောက်ခြင်း စတဲ့ ကိုယ်အမူအရာ နှုတ်အမူအရာ စိတ်အမူအရာတွေအားလုံးပြောင်းလဲထားပြီး မိမွေးတိုင်း ဖမွေးတိုင်း အမူအရာ မဟုတ်တော့ပဲ အင်မတန်မှ ကြားရ နာရခဲလှတဲ့ တရားတော်ကို တလုံး မှတ်မိမှတ်မိ, နှစ်လုံးမှတ်မိမှတ်မိဆိုတဲ့ သဘော စိတ်တွင်းမှာ သွင်းပြီး အာရုံတပါး စိတ်မသွားပဲ "အဉ္စလီကမ္မ" လက်အုပ်ချီမိုး ရှိခိုးလျက် ယဉ်ယဉ်ကျေးကျေး သိမ့်သိမ့်မွေ့မွေ့ဖြစ်နေမှုကို ရိုရိုသေသေ လေးလေးစားစား တရားနာတယ်လို့ ခေါ်ပါတယ်။

အဲဒီလို တရားတော်ကို နာကြားမှ တရားတော်ကို ရိုသေစွာ နာတယ်လို့ ဆိုနိုင်မှာဘဲ ဖြစ်ပါတယ်။

ဒါမှ မဟုတ်ရင်တော့ တရားပွဲထိုင်–ညောင်းတာပေါ့။

မြတ်စွာဘုရား တရားတော်ကို ရိုသေစွာနာလို့ အကျွတ်တရား ရသွားတဲ့ အနာထပိဏ်သား မောင်ကာလ၊ ဥပါသကာ ငါးယောက် တရားနာရာတွင်– ရိုသေစွာ မနာကြတဲ့သူ လေးယောက်က အကျွတ် တရားမရပဲ ရိုသေစွာနာကြားတဲ့သူ တယောက်သာ သောတာပန် ဖြစ်သွားတယ်လို့ ဓမ္မပဒအဋ္ဌကထာမှာ မိန့်ဆိုထားပါတယ်။

ဒါကြောင့်– တရားတော်ကို ရိုသေစွာ နာကြပါလို့ သတိပေး ပါတယ်။

ကထာလေးမျိုးတို့တွင် – ဥပနိသိန္နကထာ ခေါ်တဲ့ ရွှေတရား မျိုး တရား ဟောနည်းမျိုးဖြင့် ဟောပြပါမယ်။

ဘုရားတရားတော်ဆိုတာ အင်မတန် နာကြားရခဲပါတယ်၊ ဘာပြု လို့လဲဆိုတော့ မြတ်စွာဘုရား ပွင့်တော်မူမှ နာကြားရတာ ဖြစ်လို့ပါပဲ၊ မြတ်စွာဘုရား ပွင့်တော်မူလာလို့ တရားဟောစေကာမူ သတ္တဝါ တွေက—

(၁) အပါယ်လေးပါးမှာ ဖြစ်နေကြရင်–

(၂) အရုပ်ပြစ်ရှစ်ပါးမှာ ဖြစ်နေကြရင်–

(၃) မိစ္ဆာဒိဋ္ဌိအယူကို ယူနေကြရင်–

(၄) မျက်စိ,နား အစရှိတဲ့ အင်္ဂါကြီးငယ်တွေ ဆွံ့အ ကျိုး ပဲ့ ပျက်စီးနေကြရင်–

(၅) သဒ္ဓါတရား မရှိကြရင်–

တရားတော်ကို နာနိုင်ကြပါ့မလား၊ ဒါနစတဲ့ ကုသိုလ်ကောင်းမှုတွေ ကိုရော ပြုလုပ် အားထုတ်နိုင်ကြ ပါ့မလား၊ ဘယ်နည်းနဲ့မှ ပြုလုပ် အားထုတ်နိုင်ကြမှာ မဟုတ်ပါ။

ဒါကြောင့်—

(၁) ဘုရားသာသနာတော်မြတ်ကြီးနဲ့ ကြုံကြိုက်နေတုန်း–

(၂) လူအဖြစ်ကို ရနေတုန်း–.

(၃) သဒ္ဓါတရားလဲ ရှိနေတုန်း–

(၄) အပါယ်လေးပါးမှ လွတ်နေတုန်း–

(၅) အရပ်ပြစ်ရှစ်ပါးမှ လွတ်နေတုန်း–

(၆) မိစ္ဆာဒိဋ္ဌိအယူ မယူတုန်း–

(၇) မျက်စိ နား အစရှိတဲ့ အင်္ဂါကြီးငယ်တွေနဲ့ ပြည့်စုံနေတုန်း–
အခြေအနေအားလုံးပေးပြီး ဘက်စုံ ရနေ၍ အသာလင့် အသင့်ဖြစ်နေတဲ့အခါ တရားတော်ကိုနာကြပါ၊ ဒါန, သီလ စတဲ့ ကုသိုလ်ကောင်းမှုတရားများ ပွားများ အားထုတ် ကြပါလို့ အထူး တိုက်တွန်းလိုက်ပါတယ်။

ပုဗ္ဗေစ ကတပုညတာ–လို့ ဘုရားဟောတော်မူတဲ့အတိုင်း ရှေးရှေးဘဝ သံသရာက ပြုလုပ်ဆည်းပူးခဲ့ကြတဲ့ ဘုန်းစ, ကံထူးရှိခဲ့ဘူးတဲ့ သူတွေမို့သာ မြတ်စွာဘုရား သာသနာတော်မြတ်ကြီးနဲ့ တိုတောင်းလှတဲ့ လူ့ဘဝ အချိန်အတွင်းမှာ တင်ပါးလွဲ ဝင်ထိုင်တဲ့သဘော ဗြုံးဆို မမြော်လင့်ဘဲ လာရောက်တွေ့ဆုံရတာဟာ အင်မတန်ကံကောင်းတယ်လို့ မှတ်ထားကြ။

မိထွေးတော်ဂေါတမီ ရဟန္တာမကြီးက—

ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူသော မြတ်စွာဘုရား၊ တပည့်တော်မတို့ အပါအဝင် မည်သူဘဲဖြစ်ဖြစ် အရှင်ဘုရားရဲ့ ချိုမြိန်ကောင်းမြတ် အပြစ်မရှိတဲ့ အကျိုးစီးပွား ဖြစ်ထွန်းစေနိုင်တဲ့ အစရဲ့ကောင်းခြင်း, အလယ်ရဲ့ကောင်းခြင်း, အဆုံးရဲ့ ကောင်းခြင်းနဲ့ ပြည့်စုံလှတဲ့ တရားတော်မြတ်ကို ကြားနာကြရတာဟာဖြင့် ရှေးက ပြုခဲ့တဲ့ကောင်းမှုရှိကြတဲ့အတွက် ဘုန်းကံ၂ါခုမီ ကြီးမားကြလို့ ဖြစ်ပါတယ်–

ဘုရားလို့ လျှောက်ထားတဲ့ စကား ရှိပါတယ်၊ ရှေးက ပြုခဲ့ဘူးတဲ့ ကောင်းမှု မရှိခဲ့ရင်တော့ ဘုရားသာသနာတော်မြတ်ကြီးအား(ပစ္စယာနုဂ္ဂဟ-ဓမ္မာနုဂ္ဂဟ) နှစ်ဌာနဖြင့် ဘယ်မှာ ချီးမြှောက်ခွင့်ရမှာလဲ၊ ဒီလို မဟုတ်ပါလား ပရိသတ်။

နောက်တခုက ဘုရားစတဲ့ ရတနာသုံးပါး မိဘ ဆရာ များအား ပြုသင့်ပြုထိုက်တဲ့ ဝတ္တရားကို မပြုလုပ်မှုဟာလဲ မကောင်းမှု ဖြစ်ပါတယ်တဲ့။

ဥပမာ- ဘုရားရှိခိုးသင့်တဲ့အခါ ရှိမခိုးဘဲနေတာ, တရားနာသင့်တဲ့ အခါ တရားမနာဘဲ နေတာ, သံဃာတော် ဆည်းကပ်သင့်တဲ့အခါ မဆည်းကပ်ဘဲနေတာ, ဥပုသ်စောင့်သင့်တဲ့အခါ ဥပုသ်မစောင့်ဘဲနေတာ အဲဒီပြုလုပ်သင့်ပြုလုပ်ထိုက်တဲ့ ကောင်းမှုကုသိုလ်တွေကို မပြုလုပ်ပဲ နေတာတွေဟာ အပြစ်ဖြစ်နေတယ်လို့ ဆိုသင့်ပါတယ်တဲ့၊ အကြောင်း တခုထောက်ပြရရင်- မယ်ခေမာဆိုတဲ့ မိဖုယားကြီးဟာ မြတ်စွာဘုရား အနီးသားနဲ့ တခါတခေါက်မှ မလာရောက်မိတဲ့ အတွက် တပည့်တော်မမှာ အပြစ်ရှိပါတယ်ဘုရားလို့ လျှောက်ထားတဲ့စကားလဲ ရှိပါတယ်။

"အရှင်ဘုရား အနီးသားနဲ့ တပည့်တော် မလာရောက်တာဟာဖြင့် တပည့်တော်မရဲ့ အပြစ်ပါဘဲတဲ့"

ဒါကြောင့် ဘုရားရှိခိုးသင့် တရားနာသင့် ဒါနစတဲ့ ကုသိုလ်ကောင်းမှုပြုလုပ်သင့်ပါလျက် မပြုလုပ်ဘဲ မနေကြဘဲ ပြုလုပ်အားထုတ်ပွားများကြပါလို့ သတိပေးတိုက်တွန်းပါတယ်။

တရားနာပရိသတ် အထူး သိထားရမှာက ဘုရားသာသနာနဲ့ လာရောက်တွေ့ကြုံနေမှပဲဆိုပီး အားရတင်းတိမ်မနေသင့်ပါဘူး၊ ဥပမာ အိမ်လည်လာတဲ့ လူတယောက်ဟာ ညော့သည်အနေဖြင့် ဘာမှမလုပ်ဘဲ နေသွားသလို အခုလဲ အိမ်နဲ့တူတဲ့ လောကထဲမှာ အလည်ရောက်လာကြတဲ့ တရားနာပရိသတ် အပါအဝင်ဖြစ်တဲ့ သတ္တဝါတွေလဲ ဒါန စတဲ့ ကုသိုလ်ကောင်းမှုတွေကို ဘာတခုမှ မလုပ်ပဲ သေသွားရင်တော့

ကောင်းမှုမရှိရင် 'ပါပကာရီစပါပကံ'လို့ ဘုရားဟောတော်မူတဲ့အတိုင်း ငရဲစတဲ့ ဒုဂ္ဂတိအကျိုး ပေးမှာပဲ ဖြစ်ပါတယ်။

အကုသိုလ်ကံဆိုတဲ့ တရားမျိုးကလဲ ကုသိုလ်များဝင်နေခိုက်မို့သာ အသာရှောင်ပေးလိုက်ရပေမဲ့ ကုသိုလ်အဖြစ် ရပ်တန့်သွားတာနဲ့ တခါထဲ အကုသိုလ်ဇောက ဝင်ရောက်နေရာယူတတ်ကြပါတယ်။

မိမိတို့ခန္ဓာကိုယ်မှာ အခွင့်သာတိုင်းအကျိုးဖြစ်စေတတ်တဲ့ အလယ် ဇောငါးချက် စေတနာ အပရာပရိယ အကုသိုလ်ကံပေါင်း အနန္တ၊ အဲဒီ အကုသိုလ်ကံတွေက အရိပ်ပမာ ထက်ချပ်ပါ၍ ဇနကအကြောင်း ကုန်သွားတဲ့ တနေ့မှာ ခဏမဆိုင်း အပါယ်ဒုဂ္ဂတိသို့ ပစ်ချဘို့ နောက်ယောင်ခံပြီး ဝိုင်းအုံလိုက်နေကြလေတော့ ကာမဘုံသားလူ မဆိုထားနဲ့ နေဝသညာ နာသညာဘုံမှ သက္ကာယဒိဋ္ဌိမကြွေ တန်းလမ်း နေတဲ့ ပုထုဇဉ်ဗြဟ္မာကြီးများပင် အပါယ်ထဲ မှောက် အခစား ရောက်ကြရပါသေးတယ်။

အဲဒီလိုများ ခြေမမြဲ လက်မမြဲ လုပ်မထားလို့ ခြေချော် လက်ချော် ဖြစ်သွားရင်တော့ ဝါ-အပါယ် ရောက်သွားရင်တော့—

ဒါန,သီလ စတဲ့ ကုသိုလ်ကောင်းမှု ပြုလုပ်နိုင်တဲ့ လူ့ပြည် ခဏခြင်း ပြန်ရောက်ဘို့ မလွယ်ကူတော့ပါ၊ ဘာပြုလို့လဲဆိုတော့- ငရဲသက်ကြီး တွေက ရှေပါဘိသနဲ့ ငရဲသက်ကုန်သွားပေမဲ့ အကုသိုလ်ကံကြွင်း မကုန် သေးက မလွတ်နိုင်သေးပါဘူးတဲ့ ဓမ္မပဒ အဋ္ဌကထာမှာ မိန့်ဆိုပြ ပါတယ်။

(သတိ။ ။ငရဲသက်တမ်းနဲ့ ပတ်သက်လို့ ရွှေသုရာ မေရယ သိက္ခာပုဒ်ဟောစဉ်မှာ နာကြ)

ကိုင်း–ဒါကြောင့် ဘုရားသာသနာတော်ကြီးနဲ့ အသာလင့် အသင့် တွေ့တုန်း ဒါနစတဲ့ ကုသိုလ်ကောင်းမှု တရားများကို ကြိုးစားကြ၊ နောက်ကကဲ့သို့ ကြားနာခဲ့ကြတဲ့အတိုင်း တရားနာရဘို့ အခွင့်အခါ

ဘယ်လောက် ကြုံရဆုံရခဲတယ်ဆိုတာ သိသွားကြပီပေါ့၊ ပိုပြီး နားရှင်း သွားအောင် ဒို့ဘုရားအလောင်းတော် ဓမ္မသုန္ဒရမင်းကြီးအကြောင်း သိသာရုံ ဟောပြအုံးမယ်၊ ရှိသေစွာ နာကြားကြ။

## ဘုရားလောင်း ဓမ္မသုန္ဒရမင်း

ဓမ္မသုန္ဒရမင်းကြီးဟာ ကဿပဘုရားရှင်ရဲ့သာသနာတော်အဆုံးမှာ မင်းဖြစ်ရတဲ့ အတွက် ကဿပဘုရား ပရိနိဗ္ဗာန် စံသွားတာကိုသာ သိတင်းစကား သဲ့သဲ့ကြားလိုက်ရပါတယ်။

ကဿပဘုရား တရားဆိုတာ တလုံးတပါဒမျှ မကြားလိုက်ရတဲ့ အတွက် ကဿပဘုရားသခင်ရဲ့ တရားတော်ကို ဟောပြနိုင်တဲ့သူရှိပါက အသပြာတထောင် ပေးမယ်လို့ တိုင်းပြည်ထဲမှာ မောင်းကြေးနင်း ခတ်စေပါတယ်။

ဒါပေမဲ့မည်သူတဦးတယောက်ကမှ ဟောတတ်ပါတယ်လို့ ဝန်ခံသူ မရှိသဖြင့် မင်းကြီးက ဒီလောက် အဘိုးထိုက်တန်တဲ့တရား ငါပေး ထားတာ နဲမျာနေသေးလို့လားဆိုပြီး နောက်ထပ် တိုးတိုးပေးသွား လိုက်တာ ခုနစ်ထောင်အထိ ဖြစ်သွားသတဲ့၊ ခုနစ်ရက် ကြာအောင် ကြော်ငြာပေမဲ့ ဟောပြောတတ်သူ မတွေ့ရ၍ ထီးနန်း, မောင်းမမိဿံ တွေကို မှူးမတ်တွေ အပ်ထားခဲ့ပြီး ကိုယ်တော်တိုင် တရားရှာထွက် လာခဲ့ပါတယ်။

ဘုရားလောင်းရဲ့ တန်ခိုးတော်ကြောင့် သိကြားမင်းစံရာ ပဏ္ဍု ကမ္ဗလာ ကျောက်ဖျာနေရာဟာတင်းမာ ပူပြင်းလာတာနဲ့ သိကြား မင်းက'ငါ့ကိုမည်သူက သိကြားမင်းအရာမှ ကျစေပါသလဲ'လို့ လူ့ပြည် ကြည့်ရှုလိုက်တော့ ဘုရားလောင်း ဓမ္မသုန္ဒရ မင်းကြီးဟာ ကဿပ ဘုရားတရား နာချင်လွန်းအားကြီး ပြင်းပြနေတာ မြင်ရပါတယ်။

ဒါနဲ့ သိကြားမင်းလဲ ဘုရားရဲ့တရား အမှန်တကယ် နာချင်တာ ဟုတ်,မဟုတ် စုံစမ်းတဲ့အနေနဲ့ အင်မတန် အစာဆာလောင်နေတဲ့ ဘီလူး

အသင့် ဖန်ဆင်း လူ့ပြည်ဆင်းလာပြီး ဘုရားလောင်း ဓမ္မသုန္ဒရမင်းကြီး ရှေ့မှ ဖြုံးဆို ရုတ်တရက် ရပ်လိုက်တယ်။

ဘီလူးက ‘အရှင်မင်းကြီး မောင်းမမိဿံ ခြွေရံမပါ ဘယ်အတွက် တောထဲ တယောက်ထဲ ထွက်လာခဲ့ပါသလဲ’ လို့ မေးလိုက်ပါတယ်။

မင်းကြီးက ငါသည် ကဿပဘုရား ဟောကြားတဲ့တရား နာချင်လှတဲ့ဆန္ဒ ပြင်းပြ၍ တရားဟောတတ်မည့်သူကို အသပြာခုနစ်ထောင် ပေး၍ ခုနစ်ရက်တိုင်တိုင် ရှာဖွေခိုင်းပေမဲ့ မရရှိတဲ့အတွက် ငါကိုယ်တိုင် တရားဟောတတ်သူ ရှာဖွေရန် ထွက်ခဲ့တယ်လို့ ပြန်ပြောလိုက်ပါတယ်။

ဘီလူးက မင်းကြီး ကျွန်ုပ် အနည်းငယ်တော့ ဟောတတ်ပါတယ်၊ ဒါပေမဲ့ အစာမစားရသေးလို့ အခုတော့မဟောနိုင်ပါ၊ သင်မင်းကြီးရဲ့ အသားကို စားပြီးမှ ဟောနိုင်မယ်လို့ ပြောပါတယ်။

မင်းကြီးက ကိုင်း ဒီလိုဆိုရင် ဟောပြပါတော့–

ဘီလူးက ကျွန်ုပ်မစားရပဲ မဟောနိုင်ပါ၊ စားပြီးမှ ဟောပြနိုင်မယ်လို့ ပြောပါတယ်။

မင်းကြီးက ငါစားပြီးမှ ဟောနိုင်မယ်ဆိုတော့ ဘယ်လိုလုပ် တရားနာနိုင်တော့မှာလဲ ဟောပြီးမှ ကြိုက်သလို စားနိုင်ကြောင်း ပြောပါတယ်။

ဘီလူးက ကိုင်း ဒါဖြင့် ဒီလိုလုပ်ဆိုပြီး သူ့တန်ခိုးနှင့် ချောက်ကမ်းပါးယောင် ဖန်ဆင်း၍ မင်းကြီး အဲဒီ ချောက်ကမ်းပါးတက်၊ ကျွန်ုပ်က အောက်က ပါးစပ်ဟထားလျက် တရားဟောမယ် သင်မင်းကြီး ခံတွင်းထဲ ခုန်ဆင်းလိုက်လို့ ပြောပါတယ်။

ဘုရားလောင်းမင်းကြီးကလဲ ဟင်....တရားနာရပြီးရော သေပေစေ ဆိုတဲ့ အတွေးနဲ့ ဘီလူးပြောတဲ့အတိုင်း ကိုယ့်အသက်ကို မငဲ့ကွက်ပဲ ဘုရားရဲ့တရားကို နာချင်ဇောအားကြီးပြီး ခုန်ချလိုက်တယ် ပြောပါ

တော့၊ ဒီအခါမှာ သိကြားမင်းရဲ့ တန်ခိုးကြောင့် မနာမကျင်ဘဲ ဖြေးညှင်းစွာ ကျလာတဲ့ ဘုရားလောင်းအား လက်နဲ့ ပွေ့ပိုက်ကာ နတ်ပြည်ကို ခေါ်ဆောင်သွားပါတယ်။

နတ်ပြည်ရောက်သွားတော့လဲ သိကြားမင်းမှန်း သိသွားတာပေါ့လေ၊ မင်းကြီးက ကဿပဘုရားရှင်ရဲ့ တရားတော် ဟောပြပါတော့လို့ ပြောသဖြင့် သိကြားမင်းက ဒီလို ဟောပြပါတယ်။

မင်းကြီး– သုံးဆယ့်တဘုံ ကျင်လည်ကုန်ကြတဲ့ သတ္တဝါများဟာ ဆင်းရဲမှုတပါး ချမ်းသာဟူသရွေ့ မှုဋ္ဌေမရှိ။

ဘယ်လိုမရှိသလဲဆိုတော့– အမိဝမ်း၌ အဖန်တလဲလဲ ပဋိသန္ဓေနေရတဲ့ ဆင်းရဲ, အိုရတဲ့ဆင်းရဲ, နာရတဲ့ဆင်းရဲ, သေရတဲ့ဆင်းရဲ, မချစ်မနှစ်သက်တဲ့သူတွေနဲ့ အတူတကွနေရတဲ့ဆင်းရဲ, ချစ်ခင်နှစ်သက် မေတ္တာဖက်တဲ့သူတွေနဲ့ အတူမနေရတဲ့ဆင်းရဲ,မချစ်ခင် မေတ္တာ မဝင်သူတွေနဲ့ အတူတူနေရတဲ့ဆင်းရဲ, အကျဉ်းအားဖြင့် ငါးပါးသော ဥပါဒါနက္ခန္ဓာ တရားဟာလဲ ဆင်းရဲရပါကုန်၏။

အဲဒီဆင်းရဲတရားတွေ မရှိ ငြိမ်းအေးတာကတော့ မဟာအသင်္ခတဓာတ် မြတ်လှတဲ့ သန္တိသုခချမ်းသာစစ် နိဗ္ဗာန်တရားသာ ဖြစ်တယ်။

ကျွန်ုပ်လဲ ဒီလောက်ပဲ ကြားဘူးလိုက်ပါတယ်၊ ဒီလောက်နဲ့ဘဲ နှစ်သိမ့်ပါလို့ ဟောပြပါတယ်။

ဘုရားလောင်း ဓမ္မသုန္ဒရမင်းကြီးလဲ လူတို့အရေအတွက် အားဖြင့် နတ်ပြည်၌ ခုနစ်ရက်ကြာအောင် နေတော်မူ၍ လူ့ပြည် ပြန်လာကာ တရားနှင့်အညီ တိုင်းပြည်အုပ်ချုပ် မင်းလုပ်ပြီး နတ်ရွာ လားပြီးတဲ့နောက် နတ်ပြည်သို့ ရောက်သွားပါတယ်။

သူ့အကြောင်းကတော့ ဒါပါဘဲ၊ ဗဟုသုတ တခု ပြောပြပါမယ်၊ ဒို့ဘုရားအလောင်းတော်ဟာ ဇာတ်တော်အရ လူအဖြစ်နဲ့ နတ်ပြည်ကို သုံးကြိမ်ရောက်ဘူးတယ်။

(၁) နေမိမင်းဖြစ်စဉ်က တကြိမ်၊

(၂) မန္ဓာတုစကြာမင်း ဖြစ်စဉ်က တကြိမ်၊

(၃) အခု မေ့သုန္ဒရမင်းကြီး ဖြစ်စဉ်က တကြိမ်–သုံးကြိမ်မဟုတ်လား၊ မှတ်ထား။

ဒီဝတ္ထုမှာ– ဒို့ဘုရားအလောင်းတော်ကြီးဟာ အခက်အခဲ အမျိုးမျိုးနဲ့ ရင်ဆိုင်ပြီး အရဲစွန့်ကာ ဘယ်လောက်အထိ ကြိုးစားပမ်းစား တရားနာရဘို့အရေး ရှာရှာဖွေဖွေလုပ်ရတယ်ဆိုတာ တရားနာပရိသတ် သဘောပေါက်လောက်ပါပြီ။

ဒါဖြင့် အခုတရားနာလာကြတဲ့ ပရိသတ်တွေ နောက်က ဟောခဲ့သလို အသာလင့် အသင့်ခူးပီးသား ထမင်းပွဲ လက်ဆေးဝင်စားရသလို အခါကောင်းကြီး ခေါ်ရတဲ့–

(၁) ဘုရားပွင့်တော်မူတဲ့အခါ–

(၂) မဇ္ဈိမဒေသ မှချမဟုတ်စေကာမူ ပဋိရူပဒေသ ဘုရားစတဲ့ ရတနာသုံးပါးရှိရာ နေသင့်တဲ့အရပ် ရောက်နေကြတဲ့အခါ အဆင်သင့် တရားနာရတယ်ဆိုရင်လဲ မမှားပါဘူး။

သမ္မာဒိဋ္ဌိကို ရရှိတဲ့အခါ–

စက္ခု၊ သောတ– မျက်စိ၊ နား မချို့တဲ့ အခါနဲ့ ကြုံရဆုံရတုန်း တဝကြီးတရားနာပြီး ဒါနစတဲ့ကုသိုလ်ကောင်းမှုတရား ပြုလုပ်ပွားများ ကြိုးစားကြပါစို့လို့ သတိပေးတိုက်တွန်းရင်း တရားတော် ဆိုတာ အင်မတန်မှ ကြားနာရခဲတယ်ဆိုတဲ့ တရားအစဉ် ပီးစေပေါ့။

ဒါကြောင့် ခဲယဉ်းဘွယ်ဟူသမျှတွေ အကုန်လုံး တရားနာပရိသတ်တွေနှင့်တကွ အားလုံးသောသူတွေ ရနေကြမှ အမှတ်တမဲ့ အလေးမဲ့ ပေါ့ပေါ့သဆ မေ့မေ့လျော့လျော့ မနေကြဘဲ သတိကြီးကြီးထားပီး ဒါနစတဲ့ ကုသိုလ်ကောင်းမှုတရားကို ဘယ်အခါမှ မမေ့ကြပါနဲ့၊ လူကြ, ကျင့်ကြ, ပွားများကြ။

## သဒ္ဓါတရား အများကြီး လိုအပ်တယ်

တိကင်္ဂုတ္တရ ပါဠိတော်မှာ- ကုသိုလ်တရားတိုးပွားခြင်း အကြောင်း သုံးပါး ဘုရားရှင် ဟောတော်မူပါတယ်။

(၁) သဒ္ဓါတရားရှိခြင်း-

(၂) အလှူဝတ္ထု မျက်မှောက်ထင်ရှားရှိခြင်း-

(၃) အလှူခံပုဂ္ဂိုလ် မျက်မှောက်ထင်ရှားရှိခြင်း-

အဲဒီသုံးပါးနဲ့ ပြည့်စုံနေရင် ကုသိုလ်တရားပြုလုပ်ဘို့ အသင့်ဖြစ်နေတော့တဲ့အတွက် ကုသိုလ်တရားကို ပွားနိုင်တယ်လို့ ဟောတော်မူထားပါတယ်၊ အမျိုးသား အမျိုးသမီးများဟာ ကုသိုလ်ကောင်းမှု ပြုတဲ့နေရာမှာ သဒ္ဓါတရားရှိမှ ပြုနိုင်တဲ့အတွက် သဒ္ဓါတရား အများကြီး လိုအပ်နေတယ်၊ ဘာပြုလို့လဲဆိုတော့ သဒ္ဓါတရားရှိမှ ဒါနပြုလုပ်နိုင်တယ်၊ သီလ ဆောက်တည်, ဘာဝနာတရား ပွားများ အားထုတ်နိုင်တယ်။

သဒ္ဓါတရားမရှိက လှူချင်စိတ်မရှိ၊ သီလစောင့်ထိန်းချင်စိတ်လဲ မရှိ၊ ဘာဝနာ ပွားများချင်စိတ်လဲ မရှိနိုင်ပါ၊ ဘုရားဖူးချင်တယ်၊ တရားနာချင်တယ်၊ ဘုရားစတဲ့ ရတနာသုံးပါးကို ရိုသေလေးစားကြည်ညိုချင်တယ်၊ ကျောင်း, သင်္ကန်း, ဆွမ်း, ဆေး ဆိုတဲ့ လေးပါးသောပစ္စည်းဖြင့် ကြီးမြင့်အောင် ချီးမြှင့်ချင်စိတ်၊ တရားဖြင့် ချီးမြှောက်ချင်တဲ့စိတ်တွေဟာလဲ အားလုံးမရှိနိုင်တော့ပါဘူး၊ ဒါကြောင့် သဒ္ဓါတရား မရှိပါက ဘာကုသိုလ်မှ လုပ်လို့မရဘူးလို့ ဆိုပါတယ်။

ဒီလို ဘုရားစတဲ့ ရတနာသုံးပါးအပေါ် ကြည်ညိုလေးစား အရေးထားမှု မရှိနိုင်တာနဲ့အမျှ ဒါမှမဟုတ် လေးတွဲ့ထိုင်းမှိုင်းလာတာနဲ့အမျှ သာသနာတော်မြတ်ကြီးလဲ စည်ပင် တိုးပွားမှု နည်းပါး လာကာ နောက်ဆုံး တဖြည်းဖြည်း ဆုတ်ယုတ် ပျက်စီးခြင်း အခြေအနေကို ဆိုက်ရောက်သွားနိုင်တော့တာပေါ့။

ဘာပြုလို့လဲဆိုတော့ သာသနာနဲ့ ဒါယကာ, ဒါယိကာမ ဆက်စပ်နေလို့ဘဲဖြစ်ပါတယ်၊ ဒါယကာ တီထွင်ပေးနိုင်မှ သာသနာ စည်ပင်ပြန့်ပွားမယ် မဟုတ်လား။

တချို့ ပြောကြသေးတယ်၊ သာသနာပတယ်–သာသနာပတယ်နဲ့၊ သာသနာပ,တာမဟုတ်ပါဘူး၊လူတွေက ပ,တာပါ၊ သာသနာကတော့ သူ့အတိုင်း တည်နေတာပါဘဲ။

သာသနာ စည်ပင်ပြန့်ပွားတယ် ဆိုတာကလဲ သာသနာ့ ဝန်ထမ်း ရဟန်းတော်များနဲ့ ဒါယကာ ဒါယိကာမများရဲ့ အပေါ်မှာလဲ မူတည်နေတယ်၊ ဒါယကာ,ဒါယိကာမတွေက အားထိုက်သရော ပြုစုကြမှ နရမှာဘဲ မဟုတ်လား၊ ဒါယကာ,ဒါယိကာမတွေ အတွက်က ဘာသိဘာသာ မျက်နှာလွှဲ ခဲပစ်နေရင်တော့ သာသနာတော်လဲ ဟာတိဟာတာ နေမှာဘဲဆိုတာ အထူးပြောစရာမလို၊ မှန်ရဲ့လား ပရိသတ်။

ဥပမာတခုပြောပြရရင်– ခြင်္သေ့ရဲ့အဆီဟာ ကြေးခွက်မြေခွက်မှာ မတည်တံ့နိုင်၊ ရွှေခွက်မှာသာ တည်တံ့နိုင်သလို ဘုရား, တရား, သံဃာဆိုတဲ့ ရတနာသုံးပါးကို ရိုသေလေးစား အရေးထား ကိုင်းရှိုင်းမှု, ပူဇော်ထောက်ပံ့မှု ချို့တဲ့ပျက်ယွင်းနေသဖြင့် ကြေးခွက်မြေခွက်နဲ့ တူတဲ့ မြို့ရွာတိုင်းပြည်ရှိ လူများ၌ မတည်တံ့နိုင်ပါ၊ ဘုရားစတဲ့ ရတနာသုံးပါးအားရိုသေလေးစား အရေးထားကိုင်းရှိုင်းမှု ပူဇော်ထောက်ပံ့မှု ကူညီမှုရှိမှသာ ရွှေခွက်နဲ့တူတဲ့ မြို့ရွာတိုင်းပြည် လူများ၌ တည်တံ့နေနိုင်မှာပဲ ဖြစ်ပါတယ်၊ သေချာစွာ သတိထား နာကြားကြ။

ရွှေ, ငွေ, ကျောက်သံပတ္တမြားဆိုတဲ့ အဘိုးတန် ရတနာများဟာ ဂုဏ်သရေရှိ လူကြီး လူကောင်းများနှင့်သာ ထိုက်တန်သလို ဘုရား တရား သံဃာဆိုတဲ့ ရတနာသုံးပါးဟာလဲ ရှေးက ဘုန်းစ ကံထူးရှိတဲ့ ပါရမီရှင်များနှင့်သာ ထိုက်တန်တယ်လို့ ဆိုရမှာပဲ ဖြစ်ပါတယ်။

ဒါထက်ကောင်းအောင် ပြောပြရရင် မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူတဲ့အခါတုန်းက ရာဇဂြိုဟ် စတဲ့ ထိုထိုမြို့ရွာတွေမှာ

အမြဲ သီတင်းသုံးတော် မမူပဲ သာဝတ္ထိပြည်မှာသာ နှစ်ဆယ့်ငါးဝါ ကြာအောင် တဆက်တည်း သီတင်းသုံးတော်မူပါတယ်။

အဲဒါ ဘာပြုလို့လဲဆိုတော့ သာဝတ္ထိမြို့သားမြို့သူတွေကို တဘက်သတ် မျက်နှာလိုက်လို့ မဟုတ်ပါဘူး၊ ဘုရားစတဲ့ ရတနာသုံးပါး၌ ရိုသေလေးစား အရေးထားကြည်ညိုမှု အနုဂ္ဂဟနှစ်ပါးဖြင့် ထောက်ပံ့ ပူဇော်မှုစတဲ့ အကြောင်းတွေကြောင့်ပဲ ဖြစ်ပါတယ်။

သာဝတ္ထိမြို့တော်ကြီးမှာ လူဦးရေ 'ခုနစ်ကုဋေ' ရှိရာ 'ငါးကုဋေ' လောက် အရိယာတွေ ဖြစ်ကြပြီး 'တကုဋေ' လောက်က သရဏဂုံ တည်ကြတယ်၊ 'တကုဋေ'လောက်သာ ကပ်သီးကပ်သပ် မိစ္ဆာ ညှပ်ပါတယ်။

အဲဒါဟာ စစ်ဆင်မှုကောင်းတဲ့ ဗိုလ်တယောက်ကိုမှီပြီး နောက်က စစ်သည်တော်တွေ တိုက်ပွဲမှာ မဖိတ်မစင် အောင်ပွဲဆင်ရပါသလို စစ်ဆင်မှုကောင်းနဲ့တူတဲ့ အနာထပိဏ်, ဝိသာခါတို့ကိုမှီပြီး ငါးကုဋေ လောက် အမြောက်အမြား အရိယာတွေ မဂ်အောင်ပွဲ, ဖိုလ်အောင်ပွဲ ရသွားကြတာဟာ ဘုရားစတဲ့ ရတနာသုံးပါး ကြည်ညိုလေးစား အရေးထားမှုစတဲ့ အကြောင်းတွေကြောင့်ပဲ ဖြစ်တယ်ဆိုတာ ယုံမှား ဘွယ် မရှိတော့ပါဘူး။

ဒီ ရိုသေလေးစား အရေးထားမှုနဲ့ ဆက်စပ်လို့ ဂါရဝ တရား အကြောင်း ဟောပြပါအုန်းမယ်။

## ဂါရဝဆယ်မျိုး ရှိပါတယ်

(၁) ဗုဒ္ဓဂါရဝ–ဘုရား၌ ကြည်ညိုလေးစား အရေးထားမှု။

(၂) ဓမ္မဂါရဝ–တရားတော်၌ ရိုသေလေးစား အရေးထားမှု။

(၃) သံဃာ့ဂါရဝ–သံဃာတော်၌ရိုသေလေးစားအရေးထားမှု။

(၄) သိက္ခာဂါရဝ–ကျင့်ဝတ်သိက္ခာပုဒ်၌ ရိုသေလေးစား အရေး ထားမှု။

(၅) သမာဓိဂါရဝ–တည်ကြည်သော ဣန္ဒြေ၌ ရိုသေလေးစား အရေးထားမှု။

(၆) အပ္ပမာဒဂါရဝ – မမေ့မလျော့ သတိပြုခြင်း၌ ရိုသေ လေးစား အရေးထားမှု။

(၇) ပဋိသန္ထာရဂါရဝ–တဦးနဲ့တဦး မိတ်ဆက်စေ့စပ်မှု၌ ရိုသေ လေးစား အရေးထားမှု။

(၈) ဟိရီဂါရဝ–မကောင်းမှုမှ ရှက်ခြင်း၌ ရိုသေလေးစား အရေး ထားမှု။

(၉) ဩတ္တပ္ပဂါရဝ–မကောင်းမှုမှကြောက်ခြင်း၌ ရိုသေလေးစား အရေးထားမှု။

(၁၀) အညမညဂါရဝ–အချင်းချင်း တဦးကိုတဦး ရိုသေလေးစား အရေးထားမှု များပဲ ဖြစ်ပါတယ်။

ဘုရားစတဲ့ ဂါရဝထိုက်သူတွေမှာ ရိုသေလေးစား အရေး မထားတာကို အဂါရဝလို့ ခေါ်တယ်။

ဒီအဂါရဝကျယ်ပြန့်လာတာနဲ့အမျှ သာသနာတော်ဟာ တိုးတက် မလာနိုင်တော့ပဲ ဆုတ်ယုတ်လာမှာပဲဖြစ်ပါတယ်၊ ဒါကြောင့် အဂါရဝ မဖြစ်ကြပါစေနဲ့လို့ တရားနာပရိသတ်အားလုံးနဲ့ ဒကာ,ဒကာမတွေကို အထူး သတိပေး ဟောကြားလိုက်ရပါတယ်။

ဒီပြင်လူတွေကို မကြည့်ပါနဲ့၊ ဘုရားလက်ထက်က သာသနာပြုစု စောင့်ရှောက်ကူညီ ထောက်ပံ့ရေးဆိုတဲ့ နေရာမှာ ဂါရဝရှိကြတဲ့ အနာထပိဏ်သူဌေး,ဝိသာခါစတဲ့ သာသနာ့ဒါယကာ, သာသနာ့ဒါယိကာမ တွေကို ကြည့်ပါ။

ပဋိသန္ထာရဂါရဝ အနေနဲ့ အနာထပိဏ် သူဌေးကြီးဆိုရင် ငွေသန်းပေါင်း 'ငါးရာ့ငါးဆယ်' အကုန်အကျခံကာ မြေကိုငွေနဲ့စက်ဝယ်ပြီး ဇေတဝန်ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းတဲ့ပြင် နေ့တိုင်း သံဃာ 'ငါးရာ'ကို အမြဲ ဆွမ်းလုပ်ကျွေးတယ်။

ဟော ဝိသာခါဒါယိကာမကြီးဆိုရင်လဲ ငွေသန်းပေါင်း 'နှစ်ရာ့ခုနစ်ဆယ်'ပဲ အကုန်အကျ ခံပြီး ပုဗ္ဗာရုံ ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းတယ်၊ သူလဲ နေ့တိုင်း 'သံဃာ ငါးရာ' ဆွမ်းလုပ်ကျွေးတယ်၊ စေတနာတွေ ဝေဖြာတိုးနေတာလို့ ခေါ်ဆိုရပါမယ်။

နောက်ပြီး တနေ့ကို ကျောင်းသုံးခေါက် သွားလိုက်သေးတယ်၊ သွားတိုင်းသွားတိုင်း လှူဘွယ်မပါပဲ လက်ချည်းသက်သက် ဘယ်အခါမှ မသွားပါဘူး။

မနက်သွားတဲ့အခါ ယာဂုဆွမ်း, နေ့ခင်းသွားရင် စတုမဓု, ညချမ်းအခါသွားရင် နံ့သာဆီမီးစတဲ့ လှူဘွယ်ဝတ္ထုပစ္စည်းတွေပါသွားကြတာ နော်၊ သူတို့ကို အမှီသဟဲပြုပြီး သာဝတ္ထိပြည်မှာ မြတ်စွာဘုရားရှင်ဟာ (နှစ်ဆယ့်ငါးဝါ) သီတင်းသုံး နေနိုင်တာဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။

သတိ။ ။အနာထပိဏ်နဲ့ ဝိသာခါဟာ သူတို့ နာမယ်တွေက တွဲတွဲပါသကြားလို့ လင်မယားလားနဲ့ မေးကြတာကို လင်မယား မဟုတ်ဘူးလို့ 'ဓမ္မမိတ်ဆွေ' ပြောလိုက်ပါရစေ၊ ပြဋ္ဌာန်းတဲ့နာမယ်သာ ထင်ပေါ်နေတာ ဖြစ်ပါတယ်၊ အခုကော မရှိကြဘူးလား၊ တချို့ ယောကျ်ားနာမယ်ထွက်ပြီး တချို့ မိန်းမနာမယ်ထွက်တယ်လေ။

အနာထပိဏ်သူဌေးရဲ့မယားက သီရိသုမန။

ဝိသာခါကျောင်းအမရဲ့ ခင်ပွန်းက ပုဏ္ဏဝဍ္ဎန ဖြစ်ပါတယ်၊ ကိုင်းရှင်းသွားကြပလား။

ဘာတဲ့လဲ တရားအဆက်က သာဝတ္ထိမြို့မှာ သီတင်းသုံး နေနိုင်တာဟာ အနာထပိဏ်, ဝိသာခါကိုမှီပြီး သီတင်းသုံးနေနိုင်တယ်ဆိုတာ

သိခဲ့ပီနော်၊ အဲဒီလို ကုသိုလ်ကောင်းမှု၌ မမေ့မလျော့ မပေါ့မဆခြင်း ဆိုတဲ့ အပ္ပမာဒပဋိသန္ထာရ ကျောင်း, သင်္ကန်း, ဆွမ်း, ဆေး ဆိုတဲ့ အာမိသပဋိသန္ထာရ ဓမ္မပဋိသန္ထာရတရား ရှိကြပါတယ်၊ စူဠ အနာထပိဏ်, ကောသလမင်းကြီးတို့ဟာလဲ ကျောင်း, သင်္ကန်း, ဆွမ်း, ဆေး ပစ္စည်းတွေနဲ့ ချီးမြှောက်တယ်၊ သာသနာတော်ကြီးနဲ့ နီးနီးကပ်ကပ် လှူဒါန်းကြသဖြင့် နေလိုလလို ထွန်းပြောင်နေတာပေါ့၊ ဒါဖြင့် သာသနာဆိုတာ သူ့ချည်းထားလို့မရ၊ လက်ပိုက်ကြည့်နေလို့မဖြစ်၊ ဒိုဒါယကာ ဒါယိကာမ တွေက အားလုံးဝိုင်းဝန်းပြုစု စောင့်ရှောက် ကြပါမှ နုပျိုလန်းဆန်း ကြီးထွားရှင်သန်လာနိုင်မပေါ့ မဟုတ်လား။

မေးစရာရှိပါတယ်၊ ဝိသာခါ, အနာထပိဏ်တို့က သူဌေးပဲ၊ လှူနိုင် မှာပေါ့၊ တပည့်တော် တပည့်တော်မတို့က ပစ္စည်းဥစ္စာမှ မရှိပဲ-ထားတော့၊ ဘုရားလက်ထက် ကုဋေရှစ်ဆယ် ချမ်းသာကြွယ်ဝတဲ့ မစ္ဆရိယကောသိယဆိုတဲ့ သူဌေးဟာ ဘုရားမျက်နှာပြောင်တိုက်နေပြီး မလှူတာ ပစ္စည်း မရှိလို့လား ပြန်မေးတော့ ဘယ်လို ဖြေကြမလဲ၊ သဒ္ဓါတရား မရှိလို့ပေါ့ဗျ။

ဘုရားအလောင်းတော် ဝိသယှသူဌေးကြီးလဲ တနေ့ခြောက်သိန်း အကုန်အကျခံ လှူနေတယ်၊ သိကြားမင်းက ပစ္စည်းတွေ ကွယ်ပစ်လို့ ဘာမှ မရှိတော့ပေမဲ့ မြက်ထမ်းရတဲ့ ပဲဝက်နဲ့လှူတယ်၊ နောက်ဆုံး မိမိ ကိုယ်တိုင် အစာအငတ်ခံ ရေအငတ်ခံ လှူနေတာကိုကော ဘယ်လို ပြောကြအုန်းမလဲ၊ သဒ္ဓါတရားရှိလို့ဗျို့။

ကိုင်း ဒါဖြင့် ဌေးတာ မဌေးတာမဟုတ်ဘူး၊ ပေးတာ မပေးတာ လိုရင်း အဓိကပဲ ရှင်းပလား၊ ဒါမှမရှင်းရင်လဲ မတတ်နိုင်တော့ဘူး။

အခုလဲ ပစ္စည်းရှိတဲ့သူတွေ ရှိကြသားပဲ၊ ရှိတိုင်းလဲ မလှူပါဘူး၊ ဦးပဉ္စင်း စာသင်သားက များသောအားဖြင့် ပစ္စည်းရှိတဲ့အိမ် ဆွမ်းဖိတ် မရချင်ဘူး၊ ထားပါတော့လေ၊ တခြား သွားမကြည့်ပါနဲ့ ပညာ မြို့တော်၊ သံဃမြို့တော်, သာသနာမြို့တော် ခေါ်လောက်တဲ့ အထက်

ဗမာပြည် မန္တလေးမြို့တော်ကို ကြည့်ပါ၊ ပရိယတ္တိသာသနာ ပဋိပတ္တိသာသနာ ပဋိဝေဓသာသနာဆိုတဲ့ သာသနာဖော်သုံးရပ် မပြတ်အားထုတ်နေကြတဲ့ မြို့နေသံဃာ နှစ်သောင်းကျော်ကို လေးပါးသောပစ္စည်း ထောက်ပံ့ရုံမက မိဝေး, ဖဝေး တနယ်ကျေးက ပညာရင်နို့သောက်စို့ရန် တက်လာတဲ့ ပဥ္စင်းငယ်လေးတွေကိုလဲ အလို လိုက်လိုက်တာ၊ ဒါဟာ ပရိယတ်အားထုတ်နိုင်ပါစေတော့လို့ ဆိုတဲ့ သဒ္ဓါ မခေါ်နိုင်ဘူးလား။

ကံစမ်းတော့ မန်း၊ ဉာဏ်စမ်းတော့ ဆန်း ဆိုတဲ့ အဓိပ္ပါယ်က ကံမကောင်းတယ် ကောင်းတယ် သိရအောင် မန္တလေးသွားကြည့်၊ ဆွမ်းအိမ် လုံလုံလောက်လောက်ရရင် ကံကောင်းတာပဲ၊ဉာဏ်မကောင်းလား, ကောင်းလား ဆန်းကျမ်းတက်ကြည့် ဉာဏ်မကောင်းလား, ကောင်းလား သိရော၊ အဲဒီ အဓိပ္ပါယ်မှာ ဆွမ်းခံအိမ် လုံလုံလောက်လောက်ဖိတ်ရရင် ဆိုတာက မြို့သူမြို့သားတွေ စေတနာမဲ့နေလို့မဟုတ်ပဲ တအိမ်တအိမ်မှာ အနည်းဆုံး ပျမ်းမျှ နှစ်ဆယ့်ငါးပါးသုံးဆယ်တော့ ရှိတဲ့အိမ်ချည်းပဲနော်၊ အဲဒါကြောင့် ဝန်နဲ့ အား၊ လေးနဲ့ မြှား ထားရတာ။

မန္တလေးဘက်က ရှေ့နေလိုက်ပြောတာ မဟုတ်ပါ၊မန္တလေးသားလဲ မဟုတ်ပါ၊ ဇာတိ ပေါက်ခေါင်းကပါ။

လှူတာ မလှူတာတွေ အားလုံးဟာ ရှေ့က ကန့်လန့်ခံနေတာက ဒါနရဲ့ အညစ်အကြေးဖြစ်တဲ့ မစ္ဆေရတရားပဲပေါ့။

ဒါကြောင့် လောကမှာ ပစ္စည်းတွေ ဘယ်လောက်ပဲ ချမ်းသာနေပါစေ ချမ်းသာတယ် မပြောနိုင်ပါဘူး၊ သဒ္ဓါတရား လက်ကိုင်ထားရှိတဲ့ သူများကိုသာ ပစ္စည်းရှိပေမဲ့ သူဌေးလို့ခေါ် ဆိုနိုင်တယ်၊ ဆင်းရဲတဲ့သူ မခေါ်နိုင်ပါဘူးလို့ ဓမ္မပဒ အဋ္ဌကထာမှာ မိန့်ဆိုပါတယ်၊ သူတော်ကောင်း ဥစ္စာခုနစ်ပါးကို ပြသင့်ပါတယ်။

၁၃၈၈၄

## သူတော်ကောင်း ဥစ္စာ ၇-ပါး

(၁) သဒ္ဓါဥစ္စာ- ဘုရား တရား သံဃာ ရတနာသုံးပါးရဲ့ဂုဏ်၊ ကံ, ကံ၏အကျိုးကို ယုံကြည်တာ။

(၂) သီလဥစ္စာ- ငါးပါး, ရှစ်ပါး, ဆယ်ပါးသီလ။

(၃) သုတဥစ္စာ- အကြားအမြင်ရှိတာ။

(၄) စာဂဥစ္စာ- စွန့်ကြဲပေးကမ်းတာ။

(၅) ပညာဥစ္စာ- ရုပ်နာမ် အဖြစ်အပျက်ကို သိမြင်တဲ့ ပညာရှိတာ။

(၆) ဟိရိဥစ္စာ- မကောင်းမှုကိုပြုရန် ရှက်တာ။

(၇) ဩတ္တပ္ပဥစ္စာ- မကောင်းမှုကို ပြုရန် ကြောက်တာ။

(ဝိတ္ထာရဓနသုတ်မှ)

အဲဒီလို ဟိရိနဲ့ ဩတ္တပ္ပတရား နှစ်ပါးကို လောကပါလ- လောကစောင့်တဲ့ တရားနှစ်ပါးလို့လဲ ခေါ်ပါသေးတယ်။

ဒါကြောင့် အရှက်ရှိမှ အကြောက်ရှိ၊ အကြောက်ရှိမှ အရိုအသေရှိတယ်လို့ ရှေးလူကြီးသူမျာ: ဆိုရိုးစကားရှိတာပေါ့။

အရှက်မရှိတော့ အကြောက်မရှိ၊ အကြောက်မရှိတော့ အရိုအသေလဲ ဘယ်ရှိနိုင်တော့မှာလဲ၊ အရိုအသေ မရှိဘာနဲ့အမျှ လုပ်ချင်တာတွေ ရှောက်လုပ်ဝံ့ကုန်ရော မဟုတ်လား တရားနာပရိသတ်။

သဒ္ဓါတရား အစစ်ရှိတဲ့ သူမျာ:ဟာ လူပြီးရင်း လူချင်ရင်း, လူပြီးရင်း လူချင်ရင်းလို့ အဋ္ဌကထာက ဖွင့်ပြထားတယ်။

ပညာရှိများက- သဒ္ဓါနေ၊ ပြည့်စုံကြမူ၊ လူနတ်နိဗ္ဗာန်၊ သုံးတန်သုခ၊ လိုတိုင်းရ၏ ဟူ၍ရင်း။

သဒ္ဓါလူမျိုး၊ တကြိမ်ပျိုးက၊ ကောင်းကျိုးသင်္ချေ တိုးပွားစေ၏ လို့ စပ်ဆိုကြပါတယ်။

သဒ္ဓါတရားအစစ်ကို အင်မတန်ရခဲတာပဲ၊ သဒ္ဓါတလုံး အခက်ဆုံးတဲ့၊ ပညာရှိများစကား။

လူဗိုလ်သခင်၊ ရာကုဋေမှာ၊ သဒ္ဓါထွန်းပေါက်၊ တယောက်ရဲ့၊ ရနိုင်ခဲ၏ လို့လဲ စပ်ဆိုထားပါသေးတယ်။

သဒ္ဓါတရား အစစ်အမှန် ရဘို့ဆိုတာ သခင် သချာ ကုဋေ ကုဋာ ပေါများနေပေမဲ့ သဒ္ဓါတရား အစစ်အမှန်ရှိတဲ့ လူတယောက်ကိုတောင်မှ ရနိုင်ခဲတယ်လို့ မိန့်ဆိုပါတယ်။

ဒါကြောင့် မြတ်စွာဘုရားက (သဒ္ဓါ ပန ဒုလ္လဘာ ဒုလ္လဘာ သဒ္ဓါ သမ္ပတ္တိ) လို့ ဟောတော်မူပါတယ်။

ငါဘုရား သာသနာတော်မှာ သဒ္ဓါတရားကို အင်မတန် ရခဲလို့ သဒ္ဓါတရားနဲ့ ပြည့်စုံသူဟာလဲ ရှားပါတယ်။

နောက်ပြီးတော့ အင်္ဂုတ္တိုရ်အဋ္ဌကထာ စကားကိုလဲ ဒီလိုမှတ်လိုက်ကြအုန်း–

သဒ္ဓါတရားဆိုတာ သံသရာခရီးလမ်းစာအတွက် ဒါနဆိုတဲ့ရိက္ခာထုပ်ကိုလဲ လုံလုံလောက်လောက် ထုပ်ယူနိုင်တယ်။

ဘုန်းကြက်သရေ မင်္ဂလာ အဖြာဖြာ အသုံးအဆောင် ဘဏ္ဍာ ဟူသမျှတွေရဲ့ တည်ရာလဲဖြစ်တယ်။

လူတွေ နတ်တွေ ဗြဟ္မာတွေရဲ့ သံသရာခရီးသွားဖော်လဲ ဖြစ်တယ်။

ကာမောဃ, ဘဝေါဃ, ဒိဋ္ဌောဃ, အဝိဇ္ဇောဃဆိုတဲ့ သံသရာ ပင်လယ် ရေပြင်ကျယ်ကြီးကိုလဲ အပြီးတိုင် ကူးသွားနိုင်တယ်လို့ ဖွင့်ပြပါတယ်။

သဒ္ဓါတရားဆိုတာ ကောင်းမှုကုသိုလ်တရားတို့ကို ယူခြင်း၌ လက်နဲ့တူတယ်။

လူ, နတ်, ဗြဟ္မာ သုံးတန်သောချမ်းသာကို ပြီးစေခြင်း၌ ရွှေ,ငွေ ရတနာ ဥစ္စာနဲ့လဲ တူတယ်။

နိဗ္ဗာန်ချမ်းသာဆိုတဲ့ အသီးကို သီးစေခြင်းဌါ မျိုးစေ့နဲ့ တူတယ်လို့လဲ ဖွင့်ပြပါတယ်။

သဒ္ဓါတရားအစစ်ဆိုတာက ဘုရားစတဲ့ ရတနာသုံးပါးရဲ့ဂုဏ် ကံကံ၏ အကျိုးကို မတုန်မလှုပ် သက်ဝင်ယုံကြည်တာကို ခေါ်တာနော်- သဒ္ဓါတရားရှိက နိဗ္ဗာန်ကို ရနိုင်ပါတယ်၊ သဒ္ဓါအစစ်ရှိသလို သဒ္ဓါတရား အတုအယောင် ဆိုတာလဲ ရှိပါသေးတယ်၊ သဒ္ဓါတရား အတုဆိုတာက ဘုရားသခင်ရဲ့ သာသနာတော်မှာ အသိအလိမ္မာ ပညာဉာဏ်မရှိကြတဲ့သူတွေရဲ့ ကိုယ်တွင်းမှာ ကိန်းနေတဲ့-

မိစ္ဆာဒိဋ္ဌိ မောဟ, အဝိဇ္ဇာမောဟ, တဏှာသမုဒယ ဆိုတဲ့ တရားသုံးပါးပဲ ဖြစ်ပါတယ်။

အယူဖောက်ပြန်ချွတ်ယွင်းပီး မှားသောအားဖြင့် အာရုံကို ဆုံးဖြတ်ခြင်းဆိုတဲ့ မိစ္ဆာဒိဋ္ဌိမောဟစေတသိက်ဟာ သဒ္ဓါတရားလိုလို ဟန်ဆောင်ပန်ဆောင်နဲ့ မကြည်ညိုထိုက်တဲ့ ပုဂ္ဂိုလ်ကဿပ စတဲ့ တိတ္ထိတက္ကဒွန်းတို့ဌါ ကြည်ညိုအောင် သွေးဆောင်တတ်ပါတယ်။

သီလရှိတယ် မရှိတယ် မရွေးချယ်ပဲ ပုဂ္ဂလိက အလှူပေးရာမှာ အကျိုးကြီးတယ် ငယ်တယ် မစဉ်းစား မဆင်ခြင်ပဲ ဝါဝါမြင် ပေးလှူနိုင်မှ အကျိုးမြတ်တယ်လို့ ထင်မှတ်တဲ့ မောဟ အဝိဇ္ဇာတရားလဲပဲ လူတွေကို အထင်မှားအောင် သဒ္ဓါတရား အယောင်ဆောင်တတ်ပါတယ်။

သီလ, သမာဓိ, ပညာဆိုတဲ့ အကျင့်တရား အမှတ်မထား ကံကံ၏ အကျိုး ရှိသည် မရှိသည်ကို မဆင်ခြင် မတွေးတောပဲ (ပုဂ္ဂိုလ်ခင် တရားမင်) ဆိုတာလို ပုဂ္ဂိုလ်ဌါသာ စွဲလမ်းပြီး တောင့်တကြိုက်ပူလောင်တတ်တဲ့ တဏှာတရားဟာလဲ သဒ္ဓါတရား ဟန်ဆောင်၍ လူတွေကို သဒ္ဓါတရားထင်မှတ်အောင် သွေးဆောင်ဖြားယောင်းတတ်ပါသေးတယ်။

သမ္မောဟဝိနောဒနီ, အဋ္ဌသာလိနီ, မူလပဏ္ဏာသ,နေတ္တိအဋ္ဌကထာ, မူလဋီကာတို့၌ မိန့်ဆိုပါတယ်။

ဒီနေရာမှာ (သဒ္ဓါလွန်တော့ တဏှာကျွန်) ဖြစ်တယ်လို့ ဆိုတဲ့ စကား ဆိုရိုးရှိပေမဲ့ တကယ်တော့ သဒ္ဓါတရား မဟုတ်ပါဘူး၊ သဒ္ဓါတရား အတုအယောင်သာ ဖြစ်ပါတယ်လို့ ဟောလိုက်ပါရစေ။

ဒါကြောင့် လူတိုင်း လူတိုင်းဟာ အင်မတန်လိုအပ်နေတဲ့ သဒ္ဓါတရားကို မရှိသေးရင်လဲ ရှိလာအောင် ရှိပြီးရင်လဲ ပိုမိုခိုင်မြဲ အကြိတ်အခဲ တည်နေအောင် ကြိုးစားအားထုတ်ပါလို့ သတိပေးဟောကြားရင်း သိတာမှတ် အဘိဓမ္မာသတ်ပါတယ်။

## အခါကောင်းကြီးနဲ့တွေတုန်း ကုသိုလ်တရား နိုးနိုးကြားကြား

မြတ်စွာဘုရား ပွင့်တော်မူမှ ဒီဟာက ကုသိုလ်ကောင်းမှု ပြုလုပ်ကြလို့ ချမ်းသာ နတ်ချမ်းသာ နိဗ္ဗာန်ချမ်းသာကို ရနိုင်တယ်၊ ဒီဟာက အကုသိုလ် မကောင်းမှု မပြုလုပ်နဲ့၊ ငရဲစတဲ့ အပါယ်လေးဘုံကို ကျနိုင်တယ်လို့ သိရပါတယ်။

မြတ်စွာဘုရား ပွင့်တော်မူတာဟာ ဘယ်လောက် အကျိုးရှိသလဲ ဆိုရင် နှစ်ဆယ့်လေးသင်္ချေနဲ့ ကုဋေနှစ်ဆယ် ဗိုလ်ခြေတသိန်း သတ္တဝါတွေ ကျွတ်တမ်းဝင်သွားကြတယ်လို့ ဆိုပါတယ်။

အဲဒီလို ကျွတ်တမ်းဝင်သွားကြတာတွေဟာ အလကား ကဗျာလွတ် နေရင်း ထိုင်ရင်း ကျွတ်တမ်းဝင်သွားကြတာ မဟုတ်ပါဘူး၊ ဘုရားဟောတော်မူတဲ့ တရားတွေကို ကျင့်ကြံကျိုးကုတ် အားထုတ်ကြလို့ဆိုတာ ငြင်းစရာမလိုပါ၊ အဲဒါ ကုသိုလ်တရား မမေ့ထားပဲ နိုးနိုးကြားကြားရှိတဲ့ သူတွေပဲပေါ့။

အထက်ဆန် လှေလှော်တဲ့သူလို ဝီရိယအားလျှော့ရင် တခါထဲ လယ်ပြီး အောက်စုန်သွားမှာဖြစ်သလို ကုသိုလ်ကောင်းမှု အားမထုတ်ပဲ မေ့မေ့လျော့လျော့ ပေါ့ပေါ့နေလိုက်ရင် အကုသိုလ်ဆိုတာမျိုးက

ဝီရိယထား အားထုတ်နေစရာ မလိုဘူးနော်၊ အငိုက်မိရင်တော့ ဟိုက်ကနဲ ဖြစ်သွားကြမယ်နော် ကြည့်ရှုလဲနေကြ။

မြတ်စွာဘုရားက တရားစဉ်အတိုင်း ဟောတော်မူတာ၊ နိဗ္ဗာန်နဲ့ မြောက် မဟောသလို အပါယ်ငရဲနဲ့လဲ ချောက် မဟောဘူး။

ဒါနစတဲ့ ကုသိုလ်ကောင်းမှု တရားမျိုးဆိုတာ ပျက်စီး ကုန်ခန်း သွားတယ်လို့ မရှိဘူး၊ ရန်သူမျိုးငါးပါးတို့နဲ့လဲ မဆက်ဆံတဲ့ပြင် နိဗ္ဗာန် ရတဲ့အထိ အကျိုးပေးသွားမှာပဲလို့ ပညာဖြင့် ဆင်ခြင်လူရင် သမ္ပဇာန ကုသိုလ်ဖြစ်တာပေါ့။

ဒါမှမဟုတ် လောကမှာ သူများတွေ ချီးမွမ်းခံချင်လို့ နိဗ္ဗာန်ကို မတောင့်တပဲ လူ့စည်းစိမ် နတ်စည်းစိမ်ကိုသာ တောင့်တမက်မောကြပြီး လှူဒါန်းရင်တော့ ပညာဖြင့် မဆင်ခြင်တဲ့ အသမ္ပဇာနကုသိုလ် ဖြစ်တယ်လို့ ဘုရားဟောတော်မူပါတယ်။

ကုသိုလ်တရားမှန်ရင် ကောင်းရာရောက်မှာဖြစ်သလို အကုသိုလ် တရားမှန်ရင်လဲ မကောင်းရာရောက်မှာ အမှန်တရားပင် ဖြစ်ပါတယ်။

ဒါနတရားကို အမှီသဟဲပြုပြီး မဂ်ဖိုလ်နိဗ္ဗာန်ကို ရောက်နိုင်တယ်။

သီလကုသိုလ်တရားကို အမှီသဟဲပြုပြီး မဂ်ဖိုလ်နိဗ္ဗာန်ကို ရောက်နိုင်တယ်။

သမထဘာဝနာ ဝိပဿနာဘာဝနာကို အားထုတ်မှု ကုသိုလ် ကောင်းမှုကို အမှီသဟဲပြုပြီး မဂ်ဖိုလ်နိဗ္ဗာန်ကို ရောက်နိုင်တယ်ဆိုတာ ဒေသနာတော်မှာ ထင်ရှားရှိနေပါတယ်။

ဒါနစတဲ့ ကုသိုလ်ကောင်းမှုတရားကို နိဗ္ဗာန် မရောက်နိုင်ဘူး သံသရာလည်တယ်လို့ ဝေဘန်စရာလား ကဲ့ရဲ့ပြစ်တင်စရာလား ပြုလုပ် အားထုတ် ပွားများရမဲ့တရားလား စဉ်းစား တရားနာပရိသတ်။

ဝေဖန်စရာ ကဲ့ရဲ့ပြစ်တင်စရာမဟုတ်၊ ပြုလုပ်အားထုတ် ပွားများ ရမဲ့တရားသာ အမှန်ဖြစ်တယ်လို့ ဟောပြလိုက်ပါရစေ၊ နိဗ္ဗာန်မရောက်

ဘူးလေး ဘာလေးနဲ့ မအောင်မမာစကား မပြောကြနဲ့၊ မပြော ကောင်းဘူး၊ ရဟန္တာဆိုတာက မေ့ခြင်းမှားခြင်း မရှိပါ၊ အဲဒီမေ့ခြင်း မှားခြင်းမရှိတဲ့ ဘုရားကဟောထားတဲ့ တရားကို ဒါနသံသရာလယ် တယ်ဆိုတော့ တရားကဲ့ရဲ့ရင် ဘုရားကဲ့ရဲ့တာနဲ့ အတူတူပဲ။

မြတ်စွာဘုရားကဖြင့် ငါဟာ ဟိုမှာဘက်ကမ်း နိဗ္ဗာန်နန်း မြန်းရင် ဖြင့် သတ္တဝါဝေနေယျတွေကိုလဲ ရောက်စေမယ်ဆိုတဲ့ ဆန္ဒတော်ကြီးနဲ့ လေးသင်္ချေနဲ့ ကမ္ဘာတသိန်း ဒါနပါရမီမှစလို့ ဖြည့်ကျင့်ခဲ့ရတာ။

သူတို့က မလှူချင်လဲ မလှူချင်ဘူး မပြောဘူး၊ ဒါနကပဲ သံသရာ ရှည်သလေး- သီလသမထကပဲ ပြဟ္မာ့ပြည်တွင် ရောက်သလေးနဲ့၊အင်း- ဟိုဟိုဒီဒီရောက်တော့လဲ ထိုထိုဤဤ ကြားရပါလား။

ဒီအကြောင်းလေးနဲ့ ပတ်သက်လို့ ရီစရာလေးတခု ကြားဘူးတယ်-

ဒီလိုတဲ့- ဒါန မပယ်တဲ့သူနဲ့ ပယ်တဲ့သူ နှစ်ယောက် အလှူတခု ရောက်သွားသတဲ့ ဟိုရောက်တော့ မုံ့ဟင်းခါး ချကျွေးတာပေါ့၊ ဒါန ပယ်တဲ့သူက မုံ့ဟင်းခါး ပန်းကန်လဲ ယူမယ်လို့ ဟန်ပြင်လိုက်ရော ဒါန မပယ်တဲ့သူက "ခင်ဗျား ဒါန ပယ်ထားတဲ့သူဆို သူများ ချပေးတဲ့ မုံ့ဟင်းခါးနဲ့ ဒါန မစားနဲ့လို့ ခတ်ပြတ်ပြတ် တည့်တည့် ပြောလိုက် သတဲ့၊ ဒါနကြုပ်ကြုပ်ပယ် ငတ်လိမ့်မယ်မှတ်အုန်း။

ဒါနနဲ့တော့ မွဲတတ်သတဲ့၊ မွဲတော့ ဘာဖြစ်သလဲ၊ ဘာဖြစ်ရမလဲ စားစရာမရှိ လှူစရာမရှိပေါ့၊ လှူစရာမရှိရင် နောက်ဘဝ ဒီထက်ဆင်းရဲ မှာ သိလား၊ အခုဘဝ- အမလေး ဆင်းရဲလိုက်တာ လှူချင်တာတောင် မလှူနိုင်ဘူးတဲ့၊ အခုဘဝချမ်းသာတာ နောက်ဘဝက ဒါနပြုခဲ့ကြလို့၊ ဒါဖြင့် လာမဲ့ဘဝ ချမ်းချမ်းသာသာနေရအောင် လှူကြ၊ဒါပေမဲ့ နိဗ္ဗာန် ကို ဆုတောင်းလှူကြနော်။

ကိုင်း- တရားနာပရိသတ် တိုတိုပဲ မေးစမ်းပါရစေ၊ ခရီးသွားတဲ့ အခါမှာ လမ်းစရိတ်များများနဲ့ ပေါပေါသီသီ သုံးသွားချင်သလား၊ မလောက်မငှ ချို့ချို့နဲ့နဲ့ သွားချင်သလား၊ အဲဒီ တခွန်းထဲဖြေလိုက်ကြ

စမ်း၊ ပေါပေါများများ သုံးသွားချင်ရင် အိမ်က လမ်းစရိတ်များများ ထည့်ယူခဲ့၊ အောက်ကျနောက်ကျ မဖြစ်ဘူး။

အခုလဲ ဒီလိုပဲ သံသရာ ခရီးရှည်ကြီး သွားကြရမှာမို့ နိဗ္ဗာန် အရောက် ပေါပေါသီသီ စားသုံးသွားနိုင်အောင် ဒါနတရားအားထား ပြုပါ၊ အခုလို အခါကောင်းကြီးနဲ့ တွေ့နေတုန်း ဒါနစတဲ့ ကုသိုလ် ကောင်းမှုတရား နိုးနိုးကြားကြား သတိထားပြုလုပ် လှူဒါန်းအားထုတ် ကြပါ။

ငါယ်ခသေးတယ် မသေနိုင်သေးဘူး လုပ်မနေကြနဲ့၊ ဘုရားဟော တော်မူတဲ့ အနိစ္စတရားက လက်ခံမှာမဟုတ်ဘူး၊ငယ်တာ ကြီးတာ ပမာ န မဟုတ်ဘူး၊ ကုသိုလ်ရဘို့သာ လိုရင်း၊ သေခြင်းတရားဆိုတာ သတ္တဝါ တိုင်းနဲ့ ဆက်ဆံနေတာ ဖြစ်လေတော့ မအိုမီ မနာမီ မသေမီအချိန်က လုံ့လစိုက်စောပြီး လှူကြ၊ ကျင့်ကြ၊ မမေ့ကြနဲ့။

ဒါကြောင့် မြတ်စွာဘုရားသခင်က ခုဒ္ဒကပါဌ ပါဠိတော် နိကဏ္ဍ သုတ်မှာ–

မိမိတို့နောက် လိုက်ပါမဲ့ ဒါန-သီလ-ဘာဝနာ ဆိုတဲ့ အနုဂါမိက ဥစ္စာမြှုပ်နှံကြရမယ်လို့သတိပေးဟောတော်မူပါတယ်၊ နောက် မိမိပြုတဲ့ ကုသိုလ်နဲ့ အကုသိုလ်သာ မိမိတို့နောက်ပါမှာနော် (ဓမ္မပဒပါဠိတော်)

## မလှူနိုင် မပြောနဲ့

မလှူနိုင်မပြောနဲ့ ပါးစပ်ပုပ်ကြီးနဲ့၊ သူတို့ ပြောလေ့ပြောထရှိတဲ့ စကားလေးများ။

နိဗ္ဗာန်လိုချင်တာ လောဘမဟုတ် (ဆန္ဒာဓိပတိ)

လှူမလို့ပစ္စည်းရှာတာ လောဘမဟုတ် (သမ္မာဆန္ဒ–ကုသိုလ်ဆန္ဒ)

အဘိဓမ္မာနည်းအားဖြင့် ထင်ရှားရှိတဲ့ အလှူတွေကို အာရုံပြုလျက် ငါအလှူပေးမယ်လို့ ကြံစည်တဲ့အခါမှစ၍ ဒါနကုသိုလ်ဖြစ်တယ်။

ဝိနည်းပိဋကတ်နည်းအားဖြင့် ငါအလှူပေးမယ်လို့ နှုတ်ကမြွက်ဆိုတဲ့ အခါမှစ၍ ဒါနကုသိုလ်ဖြစ်တယ်လို့ အဋ္ဌကထာဆရာ မိန့်ဆိုပါတယ်၊ ဒီစကားခဏငှားယူကာ ပညာရှိပြီး သဒ္ဓါမရှိတဲ့သူဟာ စဉ်းစားများနေပါတယ်၊ ဆေးစားမှားတဲ့လူကို အကုရခက်သလို ဒါနကုသိုလ်ဟာ စိတ်ကြံစည်ရုံမျှဖြင့် ရနိုင်တာပဲဟု ဒါနစတဲ့ကုသိုလ်ကောင်းမှုကို မပြုတဲ့ အတွက် ငရဲကျတတ်တယ်ဆိုတဲ့ သမ္မောဟဝိနောဒနီ အဋ္ဌကထာစကား ကိုလဲ သတိမူကြ။

အလှူခံပုဂ္ဂိုလ်အား အလှူပေးမယ်လို့ ဝန်ခံပြောဆိုပြီးကာမှ နှမြောတွန့်တို မပေးလို၍ မလှူပြန်ကလဲ ငရဲကြီးတယ်၊ သေတဲ့အခါ ဥဿဒငရဲသို့ ကျတတ်တယ်ဆိုတဲ့ (ဝိသတိနိပါတ်-သိဝိဇာတ်ပါဠိတော်)ဘုရားဟောကိုလဲ နားထောင်ကြအုန်း။

နောက်–အဘိဓမ္မာသဘောအရ မိမိသန္တာန်မှာ ကုသိုလ်စိတ္တုပ္ပါဒ် ဖြစ်နေမှ ကုသိုလ်ရတယ်တဲ့။

မြတ်စွာဘုရားသခင်က သလ္လေခသုတ်မှာ ကုသိုလ်ကောင်းမှုဆိုတာ စိတ္တုပ္ပါဒ မတ္တမ္ပိခေါ၊ စိတ်ဖြစ်ရုံမျှသော်လဲ အကျိုးများတယ်လို့ ဟောတော်မူတာကို မှတ်ထားကြ။

၁။ မလှူနိုင်မပြောနဲ့ ပါးစပ်ပုပ်ကြီးနဲ့

၂။ အလှူထဲထည့်မလို့ စွဲနေမှာစိုးလို့ ပြောကြသေးတယ်၊ အလှူအတန်း ကုသိုလ်ကောင်းမှုအကြောင်း ပြောတာဟာ မုသာဝါဒစတဲ့ အကုသိုလ်မကောင်းမှုအကြောင်း ပြောနေတာထက် ကုသိုလ်ရနိုင်ပါတယ်။

မြတ်စွာဘုရားသခင်ကပဲ သဒ္ဒါစေတနာပြဋ္ဌာန်း၍ ဆွမ်းလှူခြင်းစတဲ့ ကုသိုလ်ကိုပြုလုပ်မယ်ဟု ကြံစည်သောကာလ၊ လှူမယ်လို့ကြံဆဲကာလ၊ အလှူပေးမယ်လို့ အစီအစဉ်ပြုလုပ်သောကာလ၊ လှူပြီး မလှူမီ

ကာလတို့မှာ ခြေလှမ်းတိုင်း, လက်လှုပ်တိုင်း, နှုတ်မြွက်တိုင်း ကာယ ပယောဂစသည်တို့၌ မရေမတွက်နိုင်တဲ့ ကုသိုလ်စိတ်တွေဖြစ်တယ်လို့ ဟောတော်မူပါသေးတယ်၊ ဒီစကားတော်ဖြင့် အထက်က တစ်နဲ့နှစ် အယူအဆ ပြေရောပေါ့။

## ပါရမီဖြစ်မှာစိုးလို့

ပါရမီဆိုတာက ဒါနပြုလုပ်မှု သီလဆောက်တည်မှုစတဲ့ ကုသိုလ်ကောင်းမှုဖြင့် နိဗ္ဗာန်တဖက်ကမ်းသို့ သွားရောက်ကြရတာကို ခေါ်တာပါဘဲ၊ ဒါဖြင့် ဒါနကုသိုလ် သီလကုသိုလ်စတဲ့ ကောင်းမှုကုသိုလ်ရှိမှ နိဗ္ဗာန်ရောက်မယ်ဆိုတော့ ပါရမီရှိမှ နိဗ္ဗာန်ရောက်မယ်လို့ ယူလိုက်ကြ ဟုတ်ပလား။

တခုပြောကြသေးတယ် သူကပါရမီရှိလို့–

ဥပမာ– ဓမ္မဒိန္နာ– ဂေါတမဘုရားသခင်လက်ထက် ရဟန္တာမဖြစ် သွားရုံမက တရားဟော အကောင်းဆုံး ဖြစ်သွားတာဟာ ရှေးရှေး ပါရမီကံထူး ရှိခဲ့ဘူးလို့ဟုတ်သွားဘဲ၊ ဟိုလွန်ခဲ့တဲ့ ကမ္ဘာတသိန်းထက် ပဒုမုတ္တရမြတ်စွာဘုရားထံတော်မှာ ဆွမ်းဒါနပြုလုပ်ကျွေးမွေး လှူဒါန်း တယ်၊ တရားဟော အကောင်းဆုံး ဆုတောင်းတယ်၊ အဲဒါ ပါရမီ ပေါ့တဲ့– ခက်လိုက်တာ သူတို့ဘဲဒါနပါရမီဖြစ်မှာစိုးတယ်၊ နောက်ပီး– သူတို့ဘဲ ပါရမီစကားပြောတယ်၊ အဲဒါ ပါရမီအဓိပ္ပါယ် မသိကြလို့ ပြောတာ မဟုတ်လား၊ အနက်သိမှ အဓိပ္ပါယ်သိ၊ အဓိပ္ပါယ်သိမှ အမြင်မှန်ရမယ်၊ ဒီလိုမဟုတ်လား၊ အဓိပ္ပါယ်မသိတော့ အမှန်တရား မရနိုင်ဘူးပေါ့။

နောက်ကဟောခဲ့ပြီ၊ ပါရမီဆိုတာ ဒါနသီလ ဘာဝနာ ကုသိုလ် ပြုလုပ်တာကိုပင် ခေါ်တယ်မှတ်ထားကြ။

အရှေ့ကြီးရှောက်ကြည့် မနေပါနဲ့၊ တရားနာတဲ့ပရိသတ် ရှေးက ဘုန်းကံပါရမီရှိခဲ့ကြလို့ အခုလို ဘုရားသာသနာတော်နဲ့ကြုံကြိုက်ပြီး

ဒါနပြုခွင့်၊ သီလဆောက်တည်ခွင့်စတဲ့ ကောင်းမှု ပြုလုပ်ခွင့်ရတာ မိမိတို့ဟာ မိမိပါရမီဖြစ်နေမှန်း မသိဘူး၊ ပါရမီ ဖြစ်မှာစိုးလို့ပြောလိုက်ချင်သေးတယ်၊ အထင်နဲ့ အမြင် ပါစင်အောင် မလွဲကြပါစေနဲ့။

ရောက်နေတာက လူ့ပြည်နော်၊ အထင်မသေးကြနဲ့၊ လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းဆိုတဲ့ စည်းစိမ်တွေဟာ လူ့ပြည်ကလုပ်ကြရတာ၊ ဘုရားအလောင်းတော်ကြီးများပင် သိကြားမင်း၊ နတ်မင်းတွေရဲ့ စည်းစိမ်တွေ ကြာကြာမခံစားကြဘဲ (အဓိမုတ္တိကာလံကြိယာထူး) ဖြင့် စုတေခဲ့၍ လူ့ပြည်မှာဆင်းပြီး ပါရမီဖြည့်ဆည်းပူးရတယ်။

ဒါကြောင့်မို့ လူ့ပြည်ဆိုတာ လောကီလောကုတ္တရာစုံ ရနိုင်တဲ့ နေရာကောင်းကြီးတခုလို့မှတ်ထားကြရမယ်၊ ပဒေသာပင်ကြီးလို့လဲ ခေါ်ဆိုနိုင်တာပေါ့၊ ဒီလောက်အကောင်းဆုံး ဘူမိနက်သန်မှန်ကန်တဲ့ နေရာက နေပြီး ပြုလုပ်သင့်ပြုလုပ်ထိုက်တဲ့ ဒါနစတဲ့ကုသိုလ်ကောင်းမှုတွေကို ပြုလုပ်ကြပါ၊ ဒါနက သံသရာ မလယ်ပါ၊ မရှည်စေပါ၊ ဒါနက သံသရာလယ်တယ်၊ ရှည်တယ်လို့ မပြောကောင်းဘူး၊ ငရဲကြီးတတ်တယ်၊ ဘာမှတ်လို့လဲ၊ လူပြက်စကားဖြစ်တဲ့ ငရဲကြီးမှ ငရဲလေးနိုင်တယ်လဲ လုပ်မနေကြနဲ့အုန်း ပိုဆိုးနေအုန်းမယ်၊ သတိထားကြ၊ လမ်းဖြောင့်တရားတွေ ပါသွားနဲ့ အမျှားရှူးတိုင်း နင်မရှူးနဲ့ ထူးသည့်အခါ ဝိပဿနာကို ခါခါပွားမှ နိဗ္ဗာန်ရ၊ ကျမ်းတတ်ဆရာတော်များ ဆုံးမထားပါတယ်။

ထူးသည့် အခါဆိုတာ၊ အခုလိုဘုရားပွင့်လို့ သာသနာတော်မြတ်ကြီး လာရောက်တွေ့ဆုံ ကြုံကြိုက်တဲ့အခါကို ဆိုလိုပါတယ်။

ကိုင်း ဒါဖြင့်–လူကြ၊ ကျင့်ကြ၊ မမေ့ကြနဲ့

ဒါနတရားမဟောခင် ဟောဒီဒါနဝတ္ထုတွေကို သိထားနှင့်ခဲ့ပါ

သုတ္တန္တပိဋကတ်မှလာတဲ့ ဒါနဝတ္ထုဆယ်ပါး

၁– ဆွမ်း၊
၂– သင်္ကန်း၊
၃– ကျောင်း၊
၄– ဆေး၊
၅– အဖျော်၊
၆– ဘိနပ်စတဲ့ယာဥ်
၇– ပန်း၊
၈– နံ့သာ
၉– နံ့သာပျောင်း၊
၁၀– ဆီမီးဟူ၍ ဆယ်ပါးဖြစ်ပါတယ်။

ဝိနယပိဋကတ်တော်မှလာတဲ့ ဒါနဝတ္ထုလေးပါး

၁– ကျောင်း၊
၂– သင်္ကန်း၊
၃– ဆွမ်း
၄– ဆေးဟူ၍ လေးပါးဖြစ်ပါတယ်။

အဘိဓမ္မာပိဋကတ်မှလာတဲ့ ဒါနဝတ္ထုခြောက်ပါး

၁။ ရူပါရုံဒါန–အဆင်းလှတဲ့ ပန်းစသည်ကိုလှူတာ
၂။ သဒ္ဒါရုံဒါန–အသံကောင်းတဲ့ ကြေး စည် ခေါင်း လောင်း စသည်ကိုလှူတာ
၃။ ဂန္ဓာရုံဒါန–အနံ့ကောင်းတဲ့ နံ့သာကိုလှူတာ
၄။ ရသာရုံဒါန–အရသာကောင်းတဲ့ ဆွမ်းစသည်ကိုလှူတာ

၅။ ဖောဋ္ဌဗ္ဗာရုံဒါန–အတွေ့ကောင်းတဲ့ ညောင်စောင်းစသည်ကို လှူတာ

၆။ ဓမ္မာရုံဒါန ဆိုတာကတော့–

(က) ဩဇာဒါန (ဆီဦး ထောပတ်စသည်ကိုလှူတာ)

(ခ) ပါနဒါန (အဖျော်ရှစ်မျိုးကိုလှူတာ)

(ဂ) စာရေးတံဆွမ်းစသည်ကိုကျွေးမွေးတယ်မမာတဲ့ရဟန်းကို ဆေးလှူတယ်၊ ဆေးဆရာနဲ့ကုသပေးတယ်။

ကျွဲ, နွား, ငါး, စာ စတဲ့သတ္တဝါများ ဘေးမဲ့လွှတ်ပေးတယ်၊ အခု ဟောပြခဲ့တဲ့ သုံးပါးကတော့ ဓမ္မာရုံဒါနလို့ခေါ်တယ်။

အောက်က စကားကျန်လေး ရှင်းပြအုန်းမယ်၊ နံ့သာပျောင်း ဆိုတာ– အဆင်းကို လှပစေတတ် စွဲစေတတ်တဲ့ သနပ်ခါးစသည်ကို နံ့သာပျောင်းလို့ခေါ်ပါတယ်၊ ရှေ့နားမှာ တွေ့ရမယ်။

အဖျော်ဆိုတာကလဲ ရှစ်မျိုးရှိပါတယ်၊ ရှစ်မျိုးဆိုတာက–ယာမကာလိကခေါ်ရတဲ့–

၁။ သပြေသီးဖျော်ရည်
၂။ သရက်သီးဖျော်ရည်
၃။ သပျက်သီးဖျော်ရည်
၄။ တောငှက်ပျောသီးဖျော်ရည်
၅။ အိမ်ငှက်ပျောသီးဖျော်ရည်
၆။ မုဒရက်သီးဖျော်ရည်
၇။ ဖက်သက်သီးဖျော်ရည်
၈။ သစ်မည်ဆီသီးဖျော်ရည်

အဲဒီရှစ်မျိုးဘဲဖြစ်ပါတယ်။

ဒါနဆိုတာ နိဗ္ဗာန်သွားရန် မှန်ကန်ကောင်းမြတ်တဲ့ အကြောင်းတရပ်ဖြစ်ပါတယ်။

ဒါနဆိုတာ — လူ့စည်းစိမ်,လူ့ချမ်းသာ၊ နတ်စည်းစိမ်,နတ်ချမ်းသာ၊ နိဗ္ဗာန်တို့ရဲ့အကြောင်းရင်းဘဲ ဖြစ်ပါတယ်။

ဒါနဆိုတာ — လူ, နတ်, နိဗ္ဗာန်သုံးတန်သော စည်းစိမ်တို့ရဲ့ အမြစ်လဲ ဖြစ်ပါတယ်။

ဒါနဆိုတာ — ဥစ္စာသုံးအဆောင်တို့ရဲ့ တည်ရာလဲ ဖြစ်ပါတယ်။

ဒါနဆိုတာ — မှားသော အလားရှိသောသူအား စောင့်ရှောက်ရာ, ပုန်းအောင်းရာ, လားရာ, လည်းလျောင်းရာ အခုဘဝ နောက်ဘဝတို့မှာ ဒီဒါနနဲ့တူတဲ့ မှီခိုရာ တည်ရာ ဆွဲရာ ထောက်ရာ စောင့်ရာ ပုန်းအောင်းရာ လားရာ လည်း လျောင်းရာဟာ မရှိပါဘူးလို့ မိန့်ဆိုပါတယ်။

(မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ ဥဒါန်းအဋ္ဌကထာ။)

## ဒါနအကြောင်းသိကောင်းစရာ

ဒါနဆိုတာ — အစိုးရသော ပဒေသရာဇ်၊ ကေရာဇ်၊ စကြဝတေး၊ မန္ဓာတ်မင်း၊ မိဖုယားကြီးတို့၏ စည်းစိမ်ချမ်းသာကိုလဲ ဖြစ်စေတတ်ပါတယ်။

ဒါနဆိုတာ — ရွှေအိုးကြီးကို မြှုပ်၍ထားတာနဲ့လဲ တူပါတယ်။

ဒါနဆိုတာ — စိုက်ပျိုး၍ထားတဲ့ ပဒေသာပင်နဲ့လဲ တူပါတယ်။

ဒါနဆိုတာ — အလုံးစုံသော စည်းစိမ်ချမ်းသာတို့ကို ပြီးစေတတ်လို့ သံသရာသို့ပါလေအံ့သော မျိုးရိက္ခာကို ထုပ်၍ထား တာနဲ့ တူပါတယ်။

ဒါနဆိုတာ — နတ်ပြည်သို့ တက်ရအံ့သော စောင်းတန်းလှေကားနဲ့လဲ တူပါတယ်။

ဒါနဆိုတာ — နိဗ္ဗာန်ပြည်ကြီးသို့ဝင်ရာဖြစ်သော အရိယာတည်းဟူသောတံခါးကို ဖွင့်ထားတာနဲ့လဲ တူပါတယ်။

ဒါနဆိုတာ — နိဗ္ဗာန်တို့သွားရာ ဖြောင့်တန်းတဲ့ လမ်းကောင်းလမ်းမှန်နဲ့လဲ တူပါတယ်။

ဒါနဆိုတာ — လူ့ချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာကိုရအောင် ဇနကပစ္စယသတ္တိဖြင့် ကျေးဇူးပြုသော လောကီအကျိုးကိုလဲ ပေးတတ်ပါတယ်။

ဒါနဆိုတာ — အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝကဗောဓိဉာဏ်ဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ကိုရခြင်း ပစ္စေကဗောဓိဉာဏ်ဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ကိုရခြင်း, သမ္မာသမ္ဗောဓိသဗ္ဗညုတဉာဏ်ဖြင့် မဂ်,ဖိုလ်,နိဗ္ဗာန်ကိုရခြင်းတို့ကိုလဲ ဥပထမ္ဘကပစ္စယသတ္တိဖြင့် ကျေးဇူးပြုသော လောကုတ္တရာအကျိုးကိုလဲ ပေးစေတတ်ပါတယ်လို့ ဟောတော်မူပါတယ်။

ဘုရားစတဲ့ ရတနာသုံးပါး၏ဂုဏ်ကျေးဇူးရယ်၊ ကံကံ၏အကျိုးရယ်ယုံကြည်ပြီးဒါနပြုမှ ကြွယ်ဝတယ်၊ များမြတ်တဲ့ စည်းစိမ်ဥစ္စာရှိတယ်၊ အတွင်းအပ သုံးဆောင်ပေးကမ်း၍ မကုန်နိုင်တဲ့ စည်းစိမ်ဥစ္စာရှိတယ်၊ အလှုန်အဆင်းလှရတယ်၊ ရှုချင့်စဘွယ် အဆင်းရှိတယ်၊ ကြည်ညိုဘွယ်ရှိတယ်၊ လွန်မြတ်သော အဆင်းသဏ္ဍာန် ကြန်အင်လက္ခဏာစကြီးငယ်တင့်တယ်ခြင်းနဲ့ ပြည့်စုံတယ် စသဖြင့် ဘုရားရှင်ဟောတော်မူပါတယ်။

## ဒါနက သံသရာလယ်သလား

ဒါနံ ဝ အာဒိံ ကတွာ—လို့ ဟောတော်မူထားတဲ့အတိုင်း ဂင်္ဂါဝါဠုသဲစုမက ပွင့်တော်မူသွားကြတဲ့ ဘုရားရှင်တိုင်း ဘုရားရှင်တိုင်းဟာ (ပေးကမ်း လှူဒါန်း စွန့်ကြဲခြင်း)ဆိုတဲ့ ဒါနပါရမီကစပြီး ဖြည့်ကျင့်ဆည်းပူးကြရပါတယ်။

အဲဒီလို ဒါနပါရမီကစ၍ ဖြည့်ကျင့်ဆည်းပူးအားထုတ်လို့ သဗ္ဗညုတဉာဏ်တော်မြတ်ကြီးကို ဆရာမကူ သယမ္ဘူဉာဏ်စွမ်းဖြင့် ရရှိတော်မူမှ သမ္မာသမ္ဗုဒ္ဓ-ဘုရား ဖြစ်တော်မူကြရပါတယ်၊ အဲဒါကို ပဌမဦးဦးဆုံး မှတ်ထားလိုက်ကြ တရားနာပရိသတ်။

ဒါနပါရမီအစချီတဲ့ ပါရမီတော်တွေကို ဘယ်လောက်ကြာအောင် ဖြည့်ကျင့်ဆည်းပူး အားထုတ်တော်မူ ခဲ့ကြရပါသလဲဆိုတော့၊ လေးသင်္ချေနှင့်ကမ္ဘာတသိန်း၊ ရှစ်သင်္ချေနဲ့ကမ္ဘာတသိန်း၊ တဆယ့်ခြောက်သင်္ချေနဲ့ ကမ္ဘာတသိန်း ဖြည့်ကျင့်ဆည်းပူး အားထုတ်ခဲ့ကြရပါတယ်။

ဒို့ ဘုရားအလောင်းတော် သုမေဓာ ရှင်ရသေ့ဟာ ဒီပင်္ကရာမြတ်စွာဘုရား ခြေတော်ရင်းမှာ တံတားခင်းခဲ့စဉ် ဒီပင်္ကရာ မြတ်စွာဘုရားရှင်က ဒီကမ္ဘာမှ လေးသင်္ချေနှင့် ကမ္ဘာတသိန်းကျရင် ဂေါတမနွယ်ဖွား ဘုရားဖြစ်လိမ့်မယ်လို့ နိယတဗျာဒိတ်စကား နားမှာဆတ်ဆတ်ကြားရတော့ ဘုရားဖြစ်ဘို့ရန် အကြောင်း ပါရမီဖြည့်ကျင့်စဉ် တရားတို့ကို ဘယ်ကစ ဖြည့်ကျင့်ရပါ့မလဲလို့ စဉ်းစား ဆင်ခြင်တော်မူတဲ့အခါ-

"ဝိစိနန္တော တဒါ ဒက္ခိံ ပဌမဒါနပါရမီ"လို့ ဗုဒ္ဓဝင်ပါဠိတော်မှာ ဟောတော်မူတဲ့အတိုင်း ရှေးဦးစွာ ပေးကမ်းစွန့်ကြဲလှူဒါန်းခြင်းဆိုတဲ့ ဒါနပါရမီကို ဉာဏ်တော်မှာ ထင်မြင်တော်မူလာတယ် မဟုတ်လား ပရိသတ်၊ နောက် သီလပါရမီ, နိက္ခမပါရမီစတဲ့ ပါရမီတွေ ဖြည့်ကျင့်ဆည်းပူး အားထုတ်ဘို့ ဉာဏ်တော်အစဉ်မှာ ထင်မြင်လာတယ်။

ဒါကြောင့်- ဒါနတရားဆိုတာ ရှေးဦးစွာ ပြုလုပ် ကျိုးကုတ်အားထုတ်ရမဲ့ တရားဆိုတာ အထူး ငြင်းနေစရာ မလိုတော့ပါဘူး၊ စိတ်ချလက်ချသာ ပြုလုပ်အားထုတ်ဘို့သာ လိုပါတော့တယ်၊နောက်ပြီး (ဒါနအစ-မဂ်ပထမ-သီလရှေးဦးစွာတဲ့)

အခုဘဝ သောတာပန်ဖြစ်နေစေကာမူ ဒါနတရားဆိုတဲ့ စရိတ်ဟာ အရဟတ္တဖိုလ် မရောက်ခင် စားသုံးဘို့ လိုနေပါလိမ့်မယ်၊ ဒါကြောင့် ဒါနစတဲ့ ကုသိုလ်ကောင်းမှု မအေးသေးတဲ့သူတွေမှို အပြေးကလေး လုပ်ကြရပေမယ်။

ဘဝအရသာ ခံစားချင်လို့ မဆိုရပါဘူး၊ အရဟတ္တဖိုလ် နိဗ္ဗာန်ဆိုတဲ့ အေးငြိမ်းလှတဲ့နေရာ သွားနေဆဲဖြစ်လေတော့ ဖြစ်လေရာရာ ဘုံဘဝ ချမ်းချမ်းသာသာလေးနဲ့ ဒါနတရား, သီလတရား, ဘာဝနာတရား ဆက်လက်ကျင့်ကြံ ကျိုးကုတ် အားထုတ်နိုင်ဘို့ကိုသာ ရည်ရွယ်၍ ဟောရပါတယ်။

ဘုရားရဟန္တာများဟာ 'ကုသလံ ကုသလံ ဇဟံ' ဆိုတဲ့အတိုင်း ကုသိုလ်, အကုသိုလ် ပြုဘွယ်ကိစ္စ မရှိတော့ပါဘူး၊ ကုသိုလ်ပြုတော့လဲ ကုသိုလ်မဖြစ်၊ အကုသိုလ် ပြုတော့လဲ အကုသိုလ် မဖြစ်တော့ပါဘူး၊ ဘာပြုလို့လဲဆိုတော့ အကြောင်းတရား ပိုင်သွားမှုကိုး။

အဲဒီလို ကုသိုလ်တရား ပြုဘွယ် မလိုတော့ပြီဖြစ်ကြတဲ့ ရဟန္တာများ သည်ပင်လျှင် စေတီ, ဘုရား, ရုပ်ပွားတော်များမှာ ပန်း, ရေချမ်း, ဆီမီးဆိုတဲ့ ဝတ္တရား ပြုလုပ်ကြသေးတယ် မဟုတ်လား။

နောက်ပြီး– ဝိနိပါတဘေးကင်းလွတ်၍ လားရာဂတိ မြဲသွားကာ လူ့ပြည် နတ်ပြည်မှာ ကုသိုလ်ပြုလုပ်ခွင့် ရချင်တိုင်း ရနေကြတဲ့ သောတာပန်များဟာလဲ ပိုမို၍ စေတနာသဒ္ဓါ ထက်ထက်သန်သန်နဲ့ လှူဒါန်းကြသေးတယ်။

အခုတော့ ဝိနိပါတဘေးက တန်းလမ်း၊ ဘယ်ဂတိလားရမှန်းမသိ၊ ငရဲ အစရှိတဲ့ အောက်သံသရာနဲ့ အဆက်အသွယ် မပြတ်ကြသေးတဲ့ ပုထုဇဉ်ပါမွှားတွေက တန်ရာတန်ရာ မပြောကြဘူး၊ ဒါနပဲ သံသရာ လယ်ပြန်သတဲ့။

ကုလိုလ်ကောင်းမှု ဆိုတာ ပွားများအားထုတ်ရမဲ့ ဘာဝေတဗ္ဗ တရားပါ။

အကုသိုလ် မကောင်းမှုက ပယ်ပစ်ရမဲ့ ပဟာတဗ္ဗ တရားပါ။
နိဗ္ဗာန်က အလိုရှိရမဲ့ ဣစ္ဆိတဗ္ဗတရားပါ၊ မှန့်ရဲလား ပရိသတ်။

သဘောလေးတခုပြောရရင်– ဒီနေ့အသက်ရှင်နေတဲ့သူတယောက်ဟာ ဒီနေ့တနေ့ထဲသာ သူ့မှာ သာသနာရှိပီး မနက်ဖန် သေသွားရင် သူ့အတွက် သာသနာဆိုတာ မရှိတော့ပါ၊ သာဓက ပြောပြရရင်– ပက္ကုသာတိမင်းကို ပြရလိမ့်မယ်။

မဇ္ဈိမနိကာယ် ဥပရိပဏ္ဏာသ ပါဠိတော် ဓာတုဝိဘင်္ဂသုတ်မှာ– ပက္ကုသာတိမင်းဆိုတာက တက္ကသိုလ်ပြည်ရှင် ဘုရင်တပါးပဲ ဖြစ်ပါတယ်၊ ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းကြီးရဲ့ ဘုရားစတဲ့ ရတနာသုံးပါး လက်ဆောင်မှန်စာအရ မောင်းမမိဿံ ပရိသတ် အပြီးသတ်စွန့်ထားခဲ့ပြီး ဘုရားဖူးတရားနာရန် ယူဇနာ (နှစ်ရာ့သုံးဆယ့်ခုနစ်ယူဇနာ) တယူဇနာ တဆယ့်သုံးမိုင်ဆိုသဖြင့် (မိုင်ပေါင်း သုံးထောင်ခုနစ်ဆယ့်နှစ်မိုင်) နှစ်မိုင်တတိုင်အားဖြင့် (တထောင့်ငါးရာ သုံးဆယ့်ခြောက်တိုင်) ခရီးကြမ်းကို အပြင်းလှမ်းလာလို့ ရာဇဂြိုဟ်အနီး ဘဂ္ဂဝအိုးထိန်းသည်ရဲ့ တင်းကုတ်မှာ တည်းခိုနေခိုက် လေးဆယ့်ငါးယူဇနာဝေးတဲ့ သာဝတ္ထိပြည်က မြတ်စွာဘုရား ကြွလာပြီး တရားဟောတော်မူလို့ အနာဂါမ်ဖြစ်သွားပါတယ်။

အနာဂါမ် ဖြစ်သွားတော့ ရှေးရှေးသော ဘဝတွေက သပိတ်, သင်္ကန်း လှူဒါန်းခဲ့ဘူးပေမဲ့ အခုဘဝ ပစ္ဆိမ နောက်ဆုံးဘဝ မဟုတ်သေးပဲ ဒုတိယဘဝကျန်နေသေးတဲ့အတွက် (ဧဟိဘိက္ခု) ခေါ်ဆိုနိုင်ခွင့်မရပါ၊ ဒါကြောင့်လဲ ဥပသမ္ပဒ ရဟန်းအဖြစ်ရရန် သင်္ကန်းရှာထွက်သွားရာ မြို့ပြင်ဘက် အမှိုက်ပုံမှာပဲ နွားမဗွေ၍ နွားမချိုဖျားမှာဇီဝိန်ချုပ် အသက်ကုန်တာနဲ့တပြိုင်နက် အဝိဟာဗြဟ္မာ့ဘုံမှာ ဖြစ်ပါတယ်၊ အဝိဟာဘုံလဲဖြစ်ရော အရဟတ္တဖိုလ် ရောက်သွားပါတော့တယ်၊ ရဟန္တာဖြစ်သွားတာပြောတာ၊ အဲဒါ မြတ်စွာဘုရား သခင်က ပက္ကုသာတိရဟန်းရဲ့ သက်တမ်းကို ကြိုတင် သိတော်မူတာနဲ့ ငါဘုရား

ကြွရောက် မချီးမြှောက်ပါက မနက်ဖန် အားကိုးစရာမရှိတဲ့ သေခြင်းဖြင့် သေရှာရတော့မယ်၊ ငါဘုရား ကြွရောက်ချီးမြှောက်ပါက အခုဘဝမှာပင် အနာဂါမ်အဖြစ်နဲ့ အားကိုးရာဖြင့် သေခြင်းသို့ ရောက်ရလိမ့်မယ်လို့ မြင်တော်မူသဖြင့် ချွတ်တော့ ကျွတ်တမ်းဝင်သွားတယ်၊ သံသရာစက်ရဟတ် အလယ်ရပ်သွားတာပေါ့ ဟုတ်ပလား တရားနာပရိသတ်။

ထီးနန်း စည်းစိမ် မောင်းမ မိဿံတွေကို ခင်မင်တွယ်တာနေရင် အားကိုးနေရင် အရဟတ္တဖိုလ် ရောက်ပါ့မလား၊ ဘယ်လိုပဲ အရဟတ္တဖိုလ်ရောက်ရမဲ့ ဥပနိဿယ ပါနေစေကာမူ မရောက်နိုင်ပါဘူးလို့ ရဲရဲကြီး ပြောရပါတယ်၊ (မဟာခေနသူဌေးသားကို ရှေ့မှာ အတိတ်ကံရှိနေပေမဲ့ အခဏ်းမှာကြည့်ပါ၊) ဒါကြောင့် ကုသိုလ်ရေး မနက်ဖန်မှ,သဘက်ခါမှ, ငယ်သေးလို့စတဲ့ ဆင်ခြေပေးလုံးတွေ လုပ်နေရင် နေ့ရွှေ့ညရွှေ့ အချိန်ဆွဲနေရင် အနိစ္စတရား စိတ်ချထားလို့ မရဘူးနော်–

အခုပက္ကုသာတိမင်းကြီးကို ကြည့်ပါ၊ နောက်တရက်လောက်သာဆိုရင် အားကိုးစရာမရှိ သေခြင်းဖြင့် သေသွားမှာပဲဖြစ်တယ်။

ဒီပက္ကုသာတိမင်းကို အတုယူပြီး ဟိုနေ့ဒီနေ့လုပ်မနေကြနဲ့ (လသာတုန်းဗိုင်းငင်) ဆိုတာလို ကုသိုလ်လုပ်ခွင့်ရတုန်း ရနေခိုက် ရနေဆဲပြုလုပ်အားထုတ်ကြပါ။

## မဟာခေနကုန်သည်ဝတ္ထု

နောက်တခုလဲ သေရေးမမြင်၊ နေရေးရှင်နေကြတာနဲ့ ပတ်သက်လို့ပဲ သာဓကတခု ဟောပြပါအုန်းမယ်။

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူတဲ့အခါ ဗာရာဏသီမြို့မှ သာဝတ္ထိမြို့ကို အဝတ်ပုဆိုးရောင်းရအောင်လာတဲ့ (မဟာခေနကုန်သည် တယောက်ဟာ) ပါလာတဲ့ကုန် မရောင်းရသေးတာနဲ့ ဆောင်းလ နွေလ မိုးလကြာအောင်စောင့်ဆိုင်းလို့ ရောင်းချနေအုန်းမယ်လို့ ကြံနေပါတယ်။

မြတ်စွာဘုရား ဆွမ်းခံကြွလာတော်မူတဲ့အခါ အဲဒီကုန်သည်ရဲ့ အကြံကို သိတော်မူ၍ ပြုံးတော်မူပါတယ်၊ ပြုံးတော်မူတဲ့အကြောင်း ရှင်အာနန္ဒာလျှောက်ထားရာ ချစ်သားအာနန္ဒာ ဒီမဟာဓနကုန်သည်ဟာခုနစ်ရက်ကြာရင်သေမှာဖြစ်ပေမဲ့ သေရေးမမြင်နေရေးရှင်ပြီး ဒီမြို့မှာ – ဆောင်း,မိုး,နွေ, နေအုန်းမယ်ဟု ကြံနေတယ်လို့ မိန့်တော်မူပါတယ်။

အာနန္ဒာမှ တဆင့် ကုန်သည်ကိုပြောကြားတဲ့အတွက် ကြောက်ရွံ့ ထိတ်လန့်ပြီး ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို ဆွမ်းပင့်ကျွေးမွေး ဆက်ကပ်လှူဒါန်းပါတယ်၊ ဘုရားရှင်က ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ ဆောင်းလ, နွေလ, မိုးလ, ဒီအရပ်မှာ နေအုန်းမယ်လို့ မသိမလိမ္မာ ပညာကင်းကြိုက် သူမိုက်ဟာ ကြံစည်နေတယ်၊ မိမိရဲ့ အန္တရာယ် သေရ မဲ့ဘေးကိုတော့ မမြင်ဘူးလို့ ဟောတော်မူပါတယ်၊ တရားတော်ရဲ့ အဆုံးမှာ မဟာဓနကုန်သည် သောတာပန်ဖြစ်သွားပါတယ်၊ တရား နာလာကြတဲ့ ပရိသတ်တွေလဲ အကျိုးရှိတဲ့တရားတော်ဖြစ်ပါတယ်၊ သောတာပန်ဖြစ်ပြီး ခုနစ်ရက်လဲကြာရော ဦးယဉ်းခေါင်းခဲရောဂါနဲ့ သေဆုံးသွားပါတယ်။ (ဓမ္မပဒအဋ္ဌကထာပကိဏ္ဏကဝဂ်)

ဒီဝတ္ထုမှာလဲ မဟာဓနကုန်သည်ဟာ မြတ်စွာဘုရားနဲ့တွေ့ရလို့သာ တရားတော်ကိုနာရတဲ့အတွက် မဂ်တည်းဟူသော အားကိုးရာရှိပြီး သေသွားရတာမဟုတ်လား နို့မဟုတ်ရင် အားကိုးရာမရှိ သေသွားမှာ ပဲ ဖြစ်ပါတယ့်၊ အဲဒီလို မဂ်ဖိုလ်ဆိုတဲ့ဆောက်တည်ရာ လည်းလျောင်း ရာမရှိပဲ သေသွားရင် ပုထုဇဉ်ဖြစ်နေလို့ ဂတိမမြဲသေးပဲ ဝိနိပါတဘေး ဆိုတဲ့ ငရဲစတဲ့အပါယ်လေးပါး လားရမလား ဒါမှမဟုတ် နတ်ပြည် လားရမလား ပြိတ္တာပဲဖြစ်မလား တိရစ္ဆာန်ပဲဖြစ်မလား လူပဲပြန်ဖြစ် မလားမသိနိုင်ဘဲဖြစ်နေမှာ အပရာပရိယကောင်းကျိုး မ,လို့ လူ့ထံနတ် ရပ်ရောက်လို့ တော်ပါသေးရဲ့၊ တကယ်လို့များ ဂတိယွင်းမှောက် အပါယ်ထံမှောက် ရောက်သွားရင်တော့ မတွေးရဲသလောက်ပေါ့။

ဒို့တရားနာပရိသတ်တွေက ဘယ်လိုဆင်ခြေပေးကြအုန်းမလဲ ဘုရားနဲ့မတွေ့လို့ သေမှာမသိတဲ့အတွက် ကုသိုလ်မလုပ်ရသေးဘူးလား။

ခက်ပါလား- သေမှာမသိလို့ပဲ ဒါနစတဲ့ကုသိုလ်ကောင်းမှုကို ကြိုကြိုတင်တင် လုပ်ထားကြလို့ ဟောနေရတာပေါ့ တရားနာပရိသတ်တွေရဲ့-

အခုလဲပရိတ် တထောင်မကဘူး ဘုရားပေါင်းရှစ်သောင်းလေးထောင် ဝိုင်းဝန်း ဆုံးမနေတာ မသိဘူးလား၊ ဝမ်းရေးကရှိနေသေးတော့ အလုပ်လဲလုပ်၊ စားလဲစား၊ လှူလဲလှူ၊ ကုသိုလ်ကောင်းမှုလဲ ပြုကြပေါ့၊ ဒီလိုမဟုတ်လား။

သူတို့က ဆင်ခြေတွေသာ ပေးနေတာ၊ ဒါနဆိုလဲ သစ်သီးတလုံး ပန်းတပွင့် မလှူ၊ သီလကျတော့လဲ ဝါပထား ဝါတွင်းလေးတောင် တလလေးသီတင်း ဥပုသ်မစောင့်၊ စကားစပ်မိလို့ ပြောလိုက်ရအုန်းမယ်၊ အချို့အရပ်မှာ တလလေးသီတင်းမရှိဘူး၊ ရှစ်ရက်နှစ်သီတင်း ဖြုတ်ပြစ်ပြီး လပြည့် လကွယ်နှစ်သီတင်းထားတယ်ဆိုပါလား၊ ကြားဘူးကြလား မယ်ဥက္ကရာတို့ကျတော့ တလရှစ်သီတင်း ရှစ်ပါးသီလ စောင့်ပါတယ်၊ ထားပါတော့လေ–သမထဘာဝနာ,ဝိပဿနာဘာဝနာ ဆိုတော့လဲ ထည့်မပြောနဲ့တော့ ဝေလာဝေး,ဝေလာဝေး။

ဘုရားနဲ့တွေ့နေစေကာမူ ဘုရားစကား နားမထောင်ရင် ဘုရားနဲ့တွေ့တယ်လို့ မပြောနိုင်ပါ။

ဒို့တရားနာလာကြတဲ့ ပရိသတ်တွေလဲ ဘုရားသာသနာတော်နဲ့ တွေ့တုန်း ကြုံတုန်း ဆုံတုန်း ကုသိုလ်ကောင်းမှု လုပ်တဲ့နေရာမှာ မနက်ဖန်ခါမှ သဘက်ခါမှ ဟိုနှစ်မှ ဟိုအခါမှ လုပ်မနေကြနဲ့၊ မြန်မြန်သာ လုပ်ပါ၊ ဘာပြုလို့လဲဆိုတော့ စိတ်ဆိုတာ မကောင်းမှုမျိုးမှာသာ ပျော်ပါးတတ်တာမို့ မစ္ဆေရစိတ် ဝင်နှောက်လိုက်ရင် ကေသာဋက ပုဏ္ဏားလို အကြံပျက်တတ်ပါတယ်။

၅ ရတနာ့ဂုဏ်ရည် (က-၁၇)

နောက်ပြီး သေခြင်းတရားဆိုတာကလဲ မြင်မြင်သမျှသတ္တဝါတိုင်းနဲ့ ဆက်ဆံနေလေတော့ ကွေးသောလက် မဆန့်ခင် နေ့မြင်ညပျောက် ညမြင်နေ့ပျောက်ဆိုတာလို မြန်ဆန်လို့ ကြိုကြိုတင်တင် စောစောစီးစီး ကုသိုလ်ကောင်းမှု ပြုလုပ်ထားကြပါလို့ တိုက်တွန်းရပါတယ်။

လယ်ဝယ်အုန်းမလို့၊ သားတို့ သမီးတို့ နားဆွဲလုပ်ပေးအုန်းမလို့၊ ဒီနှစ်တော့ ကုသိုလ်မလုပ်နိုင်သေးဘူး၊ ရှေ့နှစ်မှဆိုတဲ့ လူတယောက်ဟာ ဒီနှစ်သေသွားတော့ ဘယ့်နှယ်လုပ်ပါ့မလဲ၊ သူ့နောက်ကို ကုသိုလ် ပါပါ့အုန်းမလား၊ မပါဘူး၊မပါရင် မပါတဲ့လူတွေသွားရာလမ်းဖြစ်တဲ့ ငရဲစတဲ့ဒုဂ္ဂတိပေါ့။

ဒါကြောင့် မြတ်စွာဘုရားသခင်က—

ကုသိုလ်ကောင်းမှုဆိုတာ ဒီနေ့ပင် ပြုလုပ်ထားရမယ်၊ မနက်သေမှာကို မည်သူသိနိုင်ကြမှာလဲ၊ စစ်သည်များစွာရှိတဲ့ ရှင်သေမင်းနဲ့ ငါတို့ဟာ အချိန်းအချက် မရှိဘူးလို့ ဟောတော်မူပါတယ်၊ သေရေးမမြင် နေရေးရှင် မနေကြပါနဲ့။

လယ်သမားသမီးပျိုတော့မှန်တယ်၊ ဒါပေမဲ့ ဒီမိုးမျိုးတော့ရှောင် တယ်ဆိုတဲ့ လယ်သူမလေးတယောက်ပြောသလို လုပ်မနေကြပါနဲ့။

လယ်သူမလေး တယောက်ဟာ မနက်ထဲက လယ်ထဲဆင်းပြီး ကောက်စိုက်နေသတဲ့ အဲဒီနေ့မှပဲ တမနက်စာလုံး မိုးကလဲ သဲသဲမဲမဲ ရွာနေတယ်ဆိုပါတော့၊ကိုးနာရီလောက်ကျ လယ်သူမလေးက မိုးပေါ် မော့ကြည့်ပြီး အင်း – မိုးကလဲ ရွာလိုက်တာ လွန်ပါရောတော်၊ လယ်သမား သမီးပျိုတော့မှန်တယ်၊ ဒါပေမဲ့ ဒီမိုးမျိုးတော့ ရှောင် ဆိုပြီး အိမ်ပြန်သွားသလို—

အခုတရားနာလာကြတဲ့ ပရိသတ်တွေလဲ ဗုဒ္ဓဘာသာတော့မှန်တယ် ဒါပေမဲ့ ဒီဒါနဘာဝနာမျိုးတော့ ရှောင်တယ် လုပ်မနေကြပါနဲ့၊ ဥစ္စာ လေးမျိုးတို့တွင် မိမိတို့နောက် အမြဲပါမဲ့ဥစ္စာမို့ လှူကြ၊ ကျင့်ကြ၊ မမေ့ကြနဲ့လို့ တိုက်တွန်းပေးလိုက်ပါတယ်။

ဘုရားဖြစ်စက ဥပကလဲ ဘုရားနဲ့တွေ့လိုက်သားဘဲ၊ ဘုရားနဲ့တွေ့နေပေမဲ့ ဘုရားဟောတဲ့တရား အားထုတ်ပါမှ ဘုရားနဲ့တွေ့တယ်ခေါ်တယ်၊ အဲဒီဟောကွက်ကလေးကို အားမငယ်ကြပါနဲ့ဆိုတဲ့ စာမျက်နှာ ( )မှာ ကြည့်ပါ။

အခုသတ္တဝါတွေဟာလဲ ခြွေရံလင်မယား သမီးသားနဲ့ စီးပွားအာရုံကာမဂုဏ်တွေကို အားကိုးနေသလား၊ အားကိုးရာရောက်ကြပါ့မလား၊ မရောက်ဘူး။

ခြွေရံလင်မယား ပစ္စည်းသားသမီးတွေကို ပစ်ပြီးထားခဲ့ရမဲ့ ဘုံဆိုင်ပစ္စည်းတွေပါ။

မိမိတို့ပြုလုပ် အားထုတ်ထားကြတဲ့ ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ ကုသိုလ်ကောင်းမှုကမှ အရိပ်ပမာ ထပ်ချပ်ပါမဲ့ ကိုယ်ပိုင်ပစ္စည်း၊ ဒီလိုမဟုတ်လား။

ငါးစိမ်းမြင် ငါးကင်မပစ်စမ်းပါနဲ့။

မစင်တွေ ပေရေလိမ်းကျံနေတဲ့ လက်ကို အနားမှာ ရေကန်ကြီးရှိနေပါလျက် သွားမဆေးရင် ရေကန်အပြစ်မဟုတ်၊ မဆေးသူရဲ့အပြစ်သာဖြစ်သလို-

ကိလေသာ မစင်တွေ ပေရေလိမ်းကျံနေတဲ့ သတ္တဝါတွေဟာလဲ နိဗ္ဗာန်ဆိုတဲ့ရေကန်ကြီး တွေ့မြင်နေရပါလျက် သွားမဆေးကြရင် နိဗ္ဗာန်ရဲ့အပြစ်မဟုတ်၊ မဆေးကြသူရဲ့ အပြစ်သာဖြစ်ပါတယ်။

ဒါကြောင့်-ဝိသုဒ္ဓါရုံဆရာတော်ဘုရားက-

မစင်လူးလျှင်၊ အေးကြည်လင်သည့်၊ ရေစင်ရှိလျက်၊ မဆေးရက်၊ ကန်တွက်မရှိလေ-လို့ စပ်ဆိုတော်မူပါတယ်။

ဒါဖြင့် ကုသိုလ်တရားဆိုတာ အေးအေးဆေးဆေးနေလို့ မရဘူး၊ ပင်လေးတုံးသွဲလုပ်နေလို့ မရဘူးဆိုတာ သိသွားပီပေါ့၊ ဘုရားကလဲ

ကုသိုလ်ဆိုတာ အချိန်ဆွဲပြီး စနေ အင်္ဂါ ရွေးမနေကြနဲ့ လုပ်စရာရှိ မြန်မြန်သာ လုပ်လိုက်ကြလို့ ဓမ္မပဒပါဠိတော်မှာ သတိပေးဟောထား သား၊ ဒီလောက် ပြုလုပ်သင့် ပြုလုပ်ထိုက်တဲ့ ဒါနစတဲ့ကုသိုလ်တရား ပါ၊ သံသရာလယ်သလေ့ ရှည်သလေ့နဲ့ အဲဒီလို မပြောကောင်းဘူး သိလား။

ဒါန၊ သီလ၊ ဘာဝနာအကုန် နိဗ္ဗာန်ရောက်တာချည့်ပဲလို့ သေသေ ချာချာ မှတ်ထား၊ ဝဋ်မှထွက်မြောက်သွားအောင် တောင့်တ၍ ပြု လုပ်တတ်ရင် သစ်သီးတလုံးပဲဖြစ်ဖြစ်၊ ပန်းပွင့်တပွင့် ရေတမှုတ် ဆွမ်း တလုပ်ပဲဖြစ်ဖြစ် နိဗ္ဗာန်အရောက် ဆောက်ပံ့ ပို့ဆောင်နိုင်ပါတယ်လို့ (အပဒါန်စတဲ့ ကျမ်းဂန်များမှာ ထင်ရှားရှိပါတယ်။)

တမျိုးထဲ မလုပ်ကြပါနဲ့၊ ဒါန၊ သီလ၊ ဘာဝနာ သုံးဖြာစုံနိုင်ရင် အကောင်းဆုံးပေါ့၊ ဒါနတရားဘဲဖြစ်ဖြစ်၊ သီလတရားပဲဖြစ်ဖြစ် ဘာ ဝနာတရားပဲဖြစ်ဖြစ် ဝိဝဋ္ဋကုသိုလ် ပါရမီကုသိုလ်ဖြစ်တာသာ အဓိက ပဓါန လိုရင်းမူလ ဖြစ်ပါတယ်။

အဲဒီလို နိဗ္ဗာန်ကို တောင့်တပြီး ပြုလုပ်လှူဒါန်းတတ်လို့ ဝိဝဋ္ဋ နိဿိတကုသိုလ် ပါရမီကုသိုလ် ဖြစ်သွားပြီဆိုတာနဲ့ အမျှ၊ ဒါနရော၊ သီလပါ၊ ဘာဝနာအကုန် နိဗ္ဗာန်ရောက်တာချည့်ပဲလို့ ဘုရားဟော တော်မူတယ်၊ ဘုရားဆိုတာ မေ့ခြင်း, မှားခြင်း မရှိဘူးနော်၊ ရောက် မယ်ဆို ရောက်မယ်ဘဲ၊ သံသရာမလယ်ဘူးလို့ အမိန့်ရှိတော်မူရင် မလယ် ဘူးလို့မှတ်။

အကြောင်းကိုပယ်တယ်၊ အကျိုးကိုပယ်တယ်၊ အကျိုးနဲ့ အ ကြောင်းကိုပယ် နတ္ထိကဒိဋ္ဌိ၊ အကြိယဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိ ဆိုတဲ့ နိယတ မိစ္ဆာဒိဋ္ဌိကံကြီးတွေ ထိုက်ကုန်ကြလို့ မဂ်, ဖိုလ်,နိဗ္ဗာန်ရမဲ့ကံ ပါလာ စေကာမူ မရလိုက်ပဲ ဆုံးရှုံးကာ အဝီစိငရဲကျကုန်အုန်းမယ်၊ ကြည့်ရှုလဲ လုပ်ကြ စဉ်းစဉ်းစားစားလဲ ပြောကြ။

ဒီနိယတမိစ္ဆာဒိဋ္ဌိကြီးသုံးပါးက ဂရုကံ-လေးတဲ့ကံလို့ခေါ်တယ်၊ အယူမစွန့်သ၍ မလွတ်ဘူး၊ မလွတ်ရင်တော့ သေသည်၏အခြားမဲ့မှာ ပဋိသန္ဓေအကျိုး ပေးမဲ့ ကြောင်းအဆုံးဇောစေတနာဖြစ်၍ အကြောင်း အကျိုး ပယ်ကြတဲ့သူတွေ အမိအဖ ရဟန္တာသတ်တဲ့သူတွေ ဘုရား သွေးစိမ်းရှင်ရှင်ထွက်အောင် လုပ်တဲ့သူတွေ သံဃာ သင်း ခွဲတဲ့သူတွေ သွားရောက်ရာဖြစ်တဲ့ နေရာမှန်ဟာ အဝီစိငရဲ အောက်ဆုံးငရဲကြီးပဲ လို့သာ တထစ်ချမှတ်ထားကြ။

ဒါနတရားဆိုတာ စီးပွားဉစ္စာကို ပေးတတ်သလို နိဗ္ဗာန်ချမ်းသာ ကိုလဲ ရောက်စေတတ်ပါတယ်။

သီလတရားဆိုတာကလဲ ချမ်းသာကိုပေးတတ်ပြီး နိဗ္ဗာန်ကိုလဲ ရောက်စေတတ်ပါတယ်။

သမထဘာဝနာ၊ ဝိပဿနာဘာဝနာတရား ဆိုတာလဲ ဒီလိုပါပဲ၊ ပညာကိုပေးတတ်တဲ့ပြင် နိဗ္ဗာန်ကိုလဲ ရောက်စေတတ်ပါတယ်၊ လူတိုင်း လူတိုင်း အလိုရှိအပ်တဲ့တရားများပဲ ဖြစ်ပါတယ်၊ ဆိုလိုတာက ဒါန, သီလ, ဘာဝနာ ဘယ်တရားမှ မပယ်ပါနဲ့လို့ ဆိုလိုရင်းပါပဲ၊ ဒါန ရှုဒေါင့်ကချည့်လဲ စွတ်မပြောနဲ့၊ သီလနယ်ဘက်ကလဲ တယူသန် မပြောနဲ့၊ ဘာဝနာနေရာကလဲ ဒီလိုပါပဲ၊ ကန်မပြောပါနဲ့ တဘက် စွန်းထွက်သွားရင် မကောင်းပါ။

ဥပမာ – မျက်စိမမြင်တဲ့သူ တယောက်ဟာ ဆင်တကောင်လုံးရဲ့ အင်္ဂါအစုံအလင်ကို အကုန်အစင် မမြင်ရဘဲ နားရွက်တခု ကိုင်မိတာနဲ့ အော်–ဆင်ဆိုတာ ယပ်တောင်ကြီးလိုပါလားလို့ အရမ်းဆုံးဖြတ်ပြော ဆို မရသလို မျက်စိမြင်တဲ့သူက ပြောပြမှ ဆင်ဆိုတဲ့ အင်္ဂါအစုံ အလင်ကို အကုန်အစင် သိမြင်ရမှာပဲ ဖြစ်ပါတယ်၊ စဉ်းစားကြည့်။

တဝဘအတွင်း တနှစ်အတွင်း တထိုင်အတွင်း မဂ်ဝင်ဖိုလ်ပေါက် အားထုတ်နေတဲ့ တရားဏ ဝိပဿကာပုဂ္ဂိုလ်မျိုး မဟုတ်ပဲ ပါရမီအထုံ

ပါရမီဖြင့် အားထုတ်နေကြတဲ့ သူတွေဖြစ်ရင်လေတော့ ဒါန, သီလ, ဘာဝနာ သုံးဖြာစုံနိုင်မှ ကောင်းမှာဖြစ်ပါတယ်။

## ဝဋ်ကင်းရာဖြစ်တဲ့နိဗ္ဗာန်ကို ရအောင် ဒီလိုဆုတောင်းလှူ

ဆုတောင်းမှားရင်လဲသံသရာလယ်နေမှာပဲ၊ လူ့စည်းစိမ် နတ်စည်းစိမ်ဆိုတဲ့ ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိတွေကတော့ မတောင်းဘဲနဲ့ လျော်စွာရမှာဖြစ်လို့ အင်မတန်ရခဲတဲ့ နိဗ္ဗာန်ကိုသာ အဓိကဆုတောင်းပါ။

ရှေးပညာရှိများက လူမိုက်အလှူ၊ ပေးပါမူလဲ၊ ရှယ်ချပိုက်မက်၊ မပန်နက်၍၊ မှားဘက်သံသရာ၊ ကျင်လည်ရာ၏ လို့ စပ်ဆိုထားပါတယ်၊ ဒါကြောင့် တကယ့်ကို ခန္ဓာအစဉ်ကိုငြီးငွေ့ပြီး နိဗ္ဗိန္ဒဉာဏ်ဦးစီးပြီး သစ်သီးတလုံး ပန်းတပွင့် တဇွန်းတယောင်းမ အနည်းငယ်မျှသော ဒါနဖြင့်လဲ ဝိဝဋ္ဋနိဿိတကုသိုလ်ဖြစ်အောင်(ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု)

မေ၊ ဘုရားတပည့်တော်၏။ ဣဒံပုညံ၊ ဤယနေ့ယခု လှူဒါန်းရသော ဒါနကုသိုလ် ဆောက်တည်ရသော သီလကုသိုလ် ပွားများရသော ဘာဝနာကုသိုလ်ကံ စေတနာသည်။ အာသဝက္ခယံ၊ ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝ တရားကိုယ် လောဘ, ဒိဋ္ဌိ, မောဟဟု ဆိုအပ်သော အာသဝေါတရား လေးပါးတို့၏ ကုန်ရာကုန်ကြောင်းဖြစ်သော နိဗ္ဗာန်ကို။ ဝဟံ၊ ရွက်ဆောင်နိုင်သည်။ ဟောတု၊ ဖြစ်ပါစေဘုရား–ဟု ဘုရားပစ္စေကဗုဒ္ဓါ အဂ္ဂသာဝက မဟာသာဝက ပကတိသာဝကဆိုတဲ့ ဆုဘခုခုကိုတောင်း၍ လှူဒါန်းပါ၊ အဲဒီလိုဆုတောင်းလှူရင် သံသရာမှ မနစ်မွန်းရတဲ့ ဝိဝဋ္ဋနိဿိတကုသိုလ်ဖြစ်သွားတော့တာဘဲ၊ ဝိဝဋ္ဋနိဿိတကုသိုလ်ဖြစ်တယ်ဆိုရင် တောင့်တကြတဲ့ နိဗ္ဗာန်ရောက်ရပါပီ၊ တိုတိုလေး ဟောပြတာ မှတ်ထားကြနော်။

ဝဋ္ဋနိဿိတ=သံသရာဝဋ်ဆင်းရဲ၌ မှီတွယ်မှု။
ဝိဝဋ္ဋနိဿိတ=နိဗ္ဗာန်မှီတွယ်မှု အဲဒီလိုမှတ်ကြ။

ကိုင်း–ဘယ်မလဲ သံသရာလယ်တာ လယ်သေးသလား၊ ရပ်သွားပါပြီ၊ မလယ်တော့ပါဘူး၊ ဒါဖြင့် ဒါနသံသရာလယ်တယ်၊ သံသရာရှည်တယ်ဆိုတာ မဟုတ်၊ ဘုရားဟောပါ၊ သဘောပေါက်ကြပြီနော် တရားနာပရိသတ်။

မြတ်စွာဘုရားရှင်က အလှူပေးတယ်၊ သီလဆောက်တည်တယ်၊ ကမ္မဋ္ဌာန်းဘာဝနာပွားများတယ်၊ အသက်ကြီးသူ ဂုဏ်ကြီးသူတို့ကို ရိုသေတယ်စတဲ့ ကုသိုလ်ကောင်းမှု ပြုလုပ်တဲ့သူတို့အား ကောင်းမှုဆိုတဲ့ တည်ရာကို ရကုန်ကြပြီး ထိုကောင်းမှုတို့ရဲ့ အကျိုးအားဖြင့် လောကီချမ်းသာ လောကုတ္တရာချမ်းသာ နှစ်ပါးကို ကေန်ရကုန်ရာ၏ဟု အနာထပိဏ်သူဌေးအား ဟောကြားတော်မူပါတယ်၊ မသေမချာ ဇဝေဇဝါ မမှတ်နဲ့ သေသေချာချာ ရေရေရာရာမှတ်ကြ။

အရှယ်သုံးပါးမှာလဲ ပဌမအရွယ်မှာ ကုသိုလ်မလုပ်ရဘူးလို့ ဘုရားမဟောပါ၊ ဒါကြောင့်လဲ ဒါနစတဲ့ကုသိုလ်ကောင်းမှု တရားဆိုတာ အရွယ်မရွေး ကြီးတာ ငယ်တာမဟူ လှူကြ ကျင့်ကြ မမေ့ကြနဲ့လို့ သတိပေးတိုက်တွန်းရတယ်။

မြတ်စွာဘုရားက–

ကုသလံ ကာတဗ္ဗံ၊ ကုသိုလ်ဒါနကို ပေးလှူရမယ်၊ သီလံ သမာဒိယတိ၊ သီလကိုလဲဆောက်တည်ရမယ်၊ ဘာဝနံ ဘာဝေတိ၊ ဘာဝနာ တရားကိုလဲ ပွားများရမယ်လို့ ဟောတော်မူပါတယ်။

ဒါကြောင့် အချိန်ရှိခိုက် လုံ့လစိုက် ဘုရားသခင်သာသနာတော် မြတ်ကြီးနဲ့ တွေ့တုန်း သိပါဘူးအေ–စမ်းတုန်း လုပ်မနေကြနဲ့ ဒါန ကုသိုလ်ကောင်းမှုကို အားထုတ်ကြ အရွယ်ရွေးမနေကြပါနဲ့တော့။

စောစောစီးစီး ကြိုတင်လုပ်ကိုင်ထားကြပါ၊ လသာတုန်း ဗိုင်းငင့် အချိန်ရှိခိုက် လုံ့လစိုက်ဆိုတာလို ဒါနစတဲ့ ကုသိုလ်ကောင်းမှု ပြု လုပ်ကြ၊ စမ်းတုန်း လုပ်မနေကြပါနဲ့။

စောစောစီးစီးဆိုတာ မအိုမီ, မနာမီကို ပြောတာ။

ဟိုတုန်းက ရွာတရွာမှာ အလှူတခုမှာ ဆိုင်းငှားထည့်သတဲ့၊ အလှူမဏ္ဍပ်ထဲမှာ ဆိုင်းကို ပြင်ဆင်ထားလိုက်တာ အကျအနပေါ့၊ ဒါပေမဲ့ မတီးသေးပဲ စမ်းနေသတဲ့၊ ဒါနဲ့ ဆိုင်းနားထောင်သွားမဲ့ သူတွေထဲမှ မိန်းမတယောက်က အလှူရှင်မကို ညီးတို့ဆိုင်းကို မတီး သေးဘူးလား–မတီးသေးပါဘူးအေ စမ်းတုန်းဆိုလား ဘာဆိုလားလို့ အလှူရှင်မက ပြန်ပြောလိုက်ပါတယ်။

နို့နေစမ်းပါအုန်း ညဉ့်ဦးယာမ် မတီးတော့ သန်းခေါင်ယာမ်ကျ တော့ တီးရောလား၊ မတီးသေးပါဘူးအေ စမ်းဝုန်း အားမလို အားမရနဲ့ ဆိုင်းနားထောင်ချင်တဲ့ မိန်းမက ထပ်ပြီး စပ်စုလိုက်ပြန် တယ်၊ ဒါဖြင့် လင်းအားကြီးဘက်ကျကာမှ တီးမှာပေါ့နော် – လင်း အားကြီးလဲ မတီးသေးပါဘူးအေ စမ်းတုန်းပါပဲ၊ စမ်းရတာနဲ့ မိုး လင်းသွားလို့ မတီးလိုက်ရသလို-

ဒို့နားလာကြတဲ့ ပရိသတ်တွေထဲမှာလဲ ပဌမအရွယ် ဒါနစတဲ့ ကုသိုလ်ကောင်းမှုပြုပလား မပြုသေးပါဘူး ငယ်သေးလို့ ဒါဖြင့် ဒုတိယအရွယ်ကျတော့ ဒါနစတဲ့ ကုသိုလ်ကောင်းမှု ပြုသေးလား မပြုသေးပါဘူး လယ်ဝယ်လိုက်လို့၊ ကားဝယ်လိုက်လို့၊ ဟင့်အင်၊ ဒါဖြင့် တတိယအရွယ်ဆိုရင်တော့ သတိသံဝေဂတွေရပြီး အမှတ်တရနဲ့ ဒါနကုသိုလ်ကောင်းမှု ပြုရောပေါ့နော်- မပြုသေးပါဘူး၊ ဘာပြုပြန် လို့လဲဟဲ့ စီးပွားရေး အခြေအနေ မပြေလည် သမီးအိမ်ထောင်ပြုလို့ လက်ဖွဲ့လိုက်ရ ဟိုကိစ္စဒီကိစ္စတွေနဲ့ အိုကြီးအိုကာကျမှ အိုဆင်းရဲ ဆင်း ရဲသွားလို့ တော်တော့ ဘယ်တော့မှ လုပ်မဖြစ်တော့ဘူး၊ နို့ဘယ်

တော့လောက်ကျမှ လုပ်ဖြစ်မှာလဲ ဘုရားက အရွယ်သုံးပါးပဲ ဟော တာနော်–

ဒါဖြင့် ပဌမအရွယ်လဲ မလှူဖြစ်၊ ဒုတိယအရွယ်မှာလဲ မလှူနိုင်၊ ပဌမအရွယ်နဲ့ ဒုတိယအရွယ်မှာ မလှူနိုင်လို့ ကြိုးစားပြီး တတိယအရွယ် ကျပြန်တော့လဲ အမှတ်မရ၊ ဒီတော့ ဘယ်အရွယ်ကျမှ သတိရမှာလဲ သေတောင်မှ ရမှာမဟုတ်တော့ပါ။

ဥပမာ ဥပမေယျ ဟပ်ပြပါမယ်။

ညဦးယာမ်နဲ့ ပဌမအရွယ်နဲ့တူတယ်၊ သန်းခေါင်ယာမ်နဲ့ ဒုတိယ အရွယ်နဲ့တူတယ်၊ မိုးလင်းအားကြီးနဲ့ တတိယအရွယ်နဲ့တူတယ်၊ အလှူ တလှူက ငှားထားတဲ့ဆိုင်းဟာ အချိန်သုံးခုစလုံး စမ်းနေရတာမို့ မိုး လင်းသွားလို့ မတီးနိုင်လိုက်ရသလို ဒို့တရားနာလာကြတဲ့ ပရိသတ် တွေလဲ အရွယ်သုံးပါးသာ ကုန်သွားရော မလှူလိုက်ရပဲ မရဏာရှင် သေမင်းလက်တွင်း ဆင်း သက် လိုက် ပါ သွားရမယ် သတိထားလို့ ဆိုလိုပါတယ်။

လောကထဲ ရှိဟား့, ရှိဟားနဲ့ ငါ့နွားကြီး အောက်သွားမရှိ ဆိုတာလို ဖြစ်မနေကြစေနဲ့၊ ဒါကြောင့် အလှူရှင်မိန်းမ ပြောသလို သိပါဘူးအေ–"စမ်းတုန်း"ဆိုတာမဖြစ်ရလေအောင် ဘုရားသာသနာ တော်မြတ်ကြီးနဲ့ ကြုံတုန်း ကြိုက်လိုက်ကြ။

မေတ္တာစေတနာ ရှေ့ထားပြီး တရားနာ ပရိသတ်တွေ မသိတာ သိအောင် မတတ်တာ တတ်အောင်၊ မလိမ္မာသာ လိမ္မာအောင်၊ နားရှင်း သဘောပေါက်ပြီး လှူချင် သီလဆောက်တည်ချင် တရား အားထုတ်ချင်လာအောင် သဒ္ဒါတရား တိုးပွားလာအောင် ဥပမာ ဥပမေယျပေးပြီး နားအလယ်လွယ်ဆုံး တရားနဲ့သာ အရှင်းဆုံး ဟော ပြောနေပါတယ်။

ဒီလို ပြောပြရက်သားနဲ့ မလိုက်နာကြရင် ဟောတဲ့သူဟာ တာဝန် ကျေပြွန်ပြီလို့ ထင်တယ်၊ ဒို့တရားနာပရိသတ်တွေရဲ့ တာဝန်ပဲကျန်

တယ်မဟုတ်လား၊ ဒါထက်ပိုပြီး တရားဟောပြနေသူအနေနဲ့ ရော့ ကုသိုလ်ထုပ်ကြီးလို့ လက်တွေ့တိုက်ရိုက်မပေးနိုင်၊ နိဗ္ဗာန်ကိုလဲလာလိုက် ခဲ့ကြလို့ အခုခေါ်မသွားနိုင်ပါ၊ မိမိပြုလုပ်မှ မိမိရမှာ၊ ဒီလိုမဟုတ် လား။

ဘုရားဟောတော်မူခဲ့တဲ့ တရားတော်တွေကို တဆင့်ဖေါက်သည်ချ ဟောပြရလို့ လိုက်နာကြရင်တော့ ဟောတဲ့သူမှာ (ကုသိုလ်လဲရ ဝမ်း လဲ) ဆိုတာလို အကြောင်းမကောင်းတဲ့အတွက် ကုသိုလ်ရတယ် မရေ မတွက်နိုင်အောင် လူနတ်ဗြဟ္မာတို့ရဲ့ စည်းစိမ် ခံစားရဘယ်ပေါ့။

တရားနာပရိသတ်များကိုလဲ လူ့, နတ်, နိဗ္ဗာန်သုံးတန်ကို ပေးလိုက် တာနဲ့ တူတယ်ဆိုတဲ့ သံယုတ်အဋ္ဌကထာဆရာ အမိန့်ရှိတဲ့စကားလို ပေါ့လေ၊ ကိုင်းထားပါတော့လေ လောကီပဲဖြစ်ဖြစ် လောကုတ္တရာပဲ ဖြစ်ဖြစ် မိမိကိုယ်တိုင် လုပ်ကိုင်နိုင်မှ မိမိအကျိုးရတယ်ဆိုတာ သဘော ပေါက်ကြပါ၊ စတုတ္ထအရွယ်မရှိဘူး၊ အရွယ်သုံးပါးပဲရှိဘာ။

ကိုင်း–ဒါဖြင့် ဘုရားသာသနာတော်မြတ်ကြီးနဲ့တွေ့တုန်း သိပါဘူး အေ စမ်းတုန်းလုပ်မနေကြပါနဲ့ ဒါန, သီလ, ဘာဝနာ လူကြ, ကျင့် ကြ–မမေ့ကြနဲ့၊ ကာယကံမှု, ဝစီကံမှု, မနောကံမှုတွေကို မကောင်းစိတ် ထားနဲ့ ပြောမိ ပြုမိ ကြံစည်မိခဲ့ရင် အဲဒီ–မိမိပြောမိ ပြုမိ ကြံစည်မိတဲ့ မကောင်းမှုကံတွေက မိမိနောက်ကို အစဉ်မကွာ အမြဲပါနေပါတယ်။

ဥပမာ ဘာနဲ့တူသလဲဆိုရင် လှည်းကိုရုန်းသောနွားရဲ့ နင်းတိုင်း သော ခြေရာကို လှည်းဘီးဟာ သွားလေရာရာရင်း လိုက်ပါနေသလို ပါပဲလို့ မြတ်စွာဘုရားရှင်က ဥပမာပြ ဟောတော်မူပါတယ်၊ မကောင်း မှုတွေ လိုက်နေတယ်ဆိုတော့ ငရဲစတဲ့အပါယ်လေးရွာ သွားမှာပေါ့၊ ဒီလိုမဟုတ်လား။

ကြည်ညိုလှတဲ့ စေတနာသဒ္ဓါတရားနဲ့ ဒါနစတဲ့ ကုသိုလ်ကောင်းမှု တွေကို ကိုယ်, နှုတ်, စိတ် မနောဖြင့် ပြုလုပ်ပြောဆို ကြံစည်မိတဲ့

ကုသိုလ်ကောင်းမှုတွေက မိမိနောက်ကို အမြဲမကွာ လိုက်ပါလာနေတယ်။

ဥပမာ ဘာနဲ့တူသလဲဆိုရင် ကိုယ်, နှုတ်, စိတ်ဖြင့် ပြုလုပ်ပြောဆိုကြံစည်မိတဲ့ သုစရိုက်ကောင်းမှုတွေက အရိပ်ပမာ သွားလေရာ လာလေရာ အစဉ်မကွာ အမြဲပါနေပါတယ်တဲ့၊ ကောင်းမှုတရားတွေ ပါနေတယ်ဆိုတော့ ကောင်းမှုရှိသူတို့ရဲ့ လားရောက်ရာဖြစ်တဲ့ လူ့ပြည်, နတ်ပြည်, နိဗ္ဗာန်ပြည် သွားရောက်ရမယ်လို့ အစဉ်နေ့သနားတဲ့ ရှင်တော်ဘုရား ဟောကြားပါတယ်၊ (ဓမ္မပဒပါဠိတော်။)

အင်္ဂုတ္တိုရ်အဋ္ဌကထာမှာပဲ မဂ်, ဖိုလ်, နိဗ္ဗာန်ကို တောင့်တလူရင် အရဟတ္တဖိုလ် မဂ်ဉာဏ် ပစ္စေကဗောဓိဉာဏ် သဗ္ဗညုတဉာဏ်ပေးခြင်းငှါ စွမ်းနိုင်တယ်လို့ ဖွင့်ဆိုပြပါတယ်။

ဘာပြုလို့ ဒီလောက် ဒါနအကြောင်း သိကောင်းစရာ ပြောနေရတာလဲဆိုတော့ ဒါနပယ်သူတွေဟာ ပေါများနေလို့ ဟောကြားနေတာ၊ သဘောပေါက်ကြပလား၊ တရားနာပရိသတ်၊ နဲနဲလေးတော့ ရိပ်မိကြရောပေါ့။

## ဘုရားစတဲ့ ရတနာသုံးပါးအရိပ်ကို ခိုလှုံကြစမ်းပါ

ဒါဖြင့် ဒါနဆိုတာ ပဒေသရာဇ်, ကေရာဇ်, စကြာဝတေး, မန္ဓာတ်, လူမင်း, နတ်မင်း, ဗြဟ္မာမင်း, သိကြားမင်း နတ်မင်း, နတ်မိဖုယား စတဲ့ စည်းစိမ်ချမ်းသာတွေကို ဒါနကစပြုလုပ်မှ ရတယ်၊ အဲဒီလောကီအကျိုး လောကုတ္တရာအကျိုး ကျပြန်တော့လဲ အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝက၊ ပစ္စေကဗုဒ္ဓါ (ဘုရားပေ) သမ္မာသမ္ဗုဒ္ဓဘုရားဆိုတဲ့ သူတွေဟာလဲ ဒီလူ့ပြည်ကနေပြီး ဒါနကိုပဲပါရမီဖြည့်ကျင့်ဆည်းပူးကျင့်ကြံ ကျိုးကုတ် အားထုတ်ယူရပါတယ်လို့ သိထား မှတ်ထား သတိမူ။

ဘုရားစတဲ့ ရတနာသုံးပါး အရိပ် ခိုလှုံရတယ်ဆိုတာ လောကီ လောကုတ္တရာအကျိုး မယုတ်မလွန် အေးမြချမ်းသာ ရပါတယ်လို့ ဟောတော်မူတယ်၊ သာသနာတော်မြတ်နဲ့ ကြုံကြိုက်နေပြန်တော့လဲ ဆရာကောင်းနဲ့တွေ့အုန်းမှ၊ နို့မဟုတ်ရင် အဇာတသတ်ကိန်း ဆိုက် သွားတတ်တယ် သတိထား၊ ဘုရားစတဲ့ သူတော်ကောင်းမျိုးကို မှီဝဲ ဆည်းကပ်၊ အေး....ဒါကြောင့် သာသနာတော် ဝင်ရောက်ထမ်း ဆောင်တဲ့အနေနဲ့ ရဟန်း သီလရှင် သာမဏေ ဘိုးသူတော် မယ် သူတော် ယောဂီပေါ့၊ ဝင်ရောက်ပြီး ဘုရားသာသနာ အရိပ် ခိုလှုံရ ရင်တော့ လောကီအစု အမှုဖြစ်တဲ့ လယ်ယာ ကျွဲနွား ပစ္စည်း သား လင် မယား သို့မီး မင်း စားရေး ဝတ်ရေး နေရေးဆိုတဲ့ကိစ္စအဝဝတွေဟာ အခုဘဝ မရှိနိုင်ဘူးပေါ့။

နောက်ဘဝ ရောက်သွားတော့လဲ နိဗ္ဗာန်အထိခံစားရမဲ့ ချမ်းသာ တွေက ဝိုင်းနေလေတော့ ကောင်းမှု မရှိသူလောက်တော့ ဆင်းရဲမှု မျိုးနဲ့ မကြုံရဘူးပေါ့၊ ဒီလိုမှ သာသနာဘောင် တိုက်ရိုက်ဝင်ရောက် ထမ်းဆောင် မခိုလှုံနိုင်ပါဘူးဆိုရင်လဲ ဒါန ပေးကမ်းလှူဒါန်း စွန့်ကြဲမှု၊ သီလ စောင့်ထိန်းမှု၊ ဘာဝနာ သမထဘာဝနာ ဝိပဿနာဘာဝနာ ပွားများမှုဆိုတဲ့ ကုသိုလ်ကောင်းမှု အစုစုတွေကို အထူးဂရုပြု၊ ပြုလုပ် အားထုတ် ကျင့်ကြံကျိုးကုတ်ကြပါလို့ မေတ္တာရှေ့ထားပြီး တိုက်တွန်း ဟောကြားလိုက်ရပါတယ်။

အဲဒီလို ကိုယ်ခံတရား ရှိထားသူများတော့ ပစ္စည်းဥစ္စာ ပျက်ပြားမှု ဆွေမျိုးညာတကာ သားသမီးစတဲ့ပျက်ပြားမှုတွေ ဘယ်လိုပင် ရင်ဆိုင် ရစေအုန်းတော့ စိတ်သက်သာ ရတယ်မဟုတ်လား၊ တရားလက် လွတ် ငုက်တောင်ကျွတ်ဆိုရင်တော့ တချို့ ရင်ကွဲနာကျသေတယ်တဲ့၊ စိတ်သက်သာရာတင်မက၊ မဂ် ဖိုလ် နိဗ္ဗာန်အထိ ပို့ပေးပါတယ်၊ အခု ဘဝ နောက်ဘဝ အကျိုးမယုတ်စေပဲ နိဗ္ဗာန်ရောက်စေနိုင်တယ်လို့ ဘုရားဟောတော်မူထားပါတယ်၊ ကိုင်း-ဒါဖြင့် ဘာတွေ ညာတွေ

အချိန်ဖြုန်း တွေးတောမနေကြတော့ပဲ ကောင်းမှုဖြစ်တဲ့ ဒါနမှု-သီလမှု-ဘာဝနာမှုတွေကိုသာ ကြိုးစား၍-

အညောညနိဿိတာ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီဆိုတာလို သာသနာနဲ့ ဒါယကာ ဒါယကာနဲ့ သာသနာ၊ ဘုရားသာသနာတော်ဆိုတာမျိုးကလဲ ဒါယကာ ဒါယိကာမတွေ ရဟန်းရှင်လူ ပြည်သူအများ တယောက်တလက် ဝိုင်းဝန်းပြုစုမှ ဒုဒယ် ကြီးပွားလာနိုင်မယ်၊ အဓွန့်ရှည်ကြာမယ် ဖြစ်တဲ့အတွက် ငါးထောင်သာသနာ ရှည်ကြာလာအောင် စနေ အင်္ဂါ ရက်ရာဇာမရွေးဘဲ ဝိုင်းဝန်းပြုစု စောင့်ရှောက်ကြပါစို့လို့ သန္နိဋ္ဌာန်ပြုရင်း ဘုရားစတဲ့ ရတနာသုံးပါးအရိပ်ခိုလှုံကြရန် အထူးတိုက်တွန်းနှိုးဆော် ရွှေရေးမျှော် ဟောကြားလိုက်ရပါတယ်။

ဓမ္မပဒပါဠိတော်မှာလဲ မိမိပြုတဲ့ ကုသိုလ်နဲ့ အကုသိုလ်သာ မိမိနောက်ကိုပါမယ်၊ ဇနီးမယား သမီးသားနဲ့ စီးပွါးတွေမပါလို့ ဟောတော်မူတယ်။

မှန်ထဲကို ပြုံးပြုံးလေးကြည့်ရင် ပြုံးပြုံးလေးပဲ မြင်ရမယ်၊ မဲ့မဲ့လေးကြည့်ပြန်ရင်လဲ မဲ့မဲ့လေးပဲမြင်ရမှာဖြစ်တယ်၊ ဆိုလိုတာက မိမိပြုတာ ကုသိုလ်ဆိုရင် လူ နတ် နိဗ္ဗာန် သုံးတန်သောအကျိုး ခံစားရမှာဖြစ်သလို အကုသိုလ် မကောင်းမှုဆိုပြန်ရင်လဲ ငရဲစတဲ့ အပါယ်လေးဘုံမှာ ခံရမှာပဲတဲ့။

ဓမ္မပဒပါဠိတော်မှာပဲ မိမိတို့ကိုယ်တိုင် ပြုလုပ်အားထုတ်ထားတဲ့ သီလ သမာဓိ ပညာဆိုတဲ့ ကုသိုလ်တရားသည်သာ မိမိ၏ ကိုးကွယ်ရာအစစ်ကြီးဖြစ်ပြီး မိမိပြုလုပ် အားထုတ်ထားတဲ့ သီလ သမာဓိ ပညာဆိုတဲ့ ကုသိုလ်ကောင်းမှုမှတပါး၊ အဘယ်အမည်ရှိတဲ့ ဆွေမျိုး ညာတကာ ပစ္စည်းဥစ္စာ လင် မယား သားသမီးတွေဟာ ကိုးကွယ် အားထားရာ မဖြစ်နိုင်ပါဘူးတဲ့၊ မိမိရဲ့စိတ်ကလေးသည်သာ သီလ သမာဓိ ပညာဆိုတဲ့ သိက္ခာသုံးရပ် အကျင့်မြတ်ဖြင့် ဆုံးမပြီး ယဉ်ကျေးနေ

သဖြင့် အလှူနိတရာမှ ရခဲလှတဲ့ အရဟတ္တဖိုလ်ချမ်းသာထူးကို အမှန် ရနိုင်မှာ ဖြစ်ပါတယ်လို့ နိဗ္ဗာန်ကိုရမယ်လို့ ဟောတော်မူပါတယ်။

အဲဒီလို မလယ်အောင် လှူလို့ရှိရင် သံသရာမလယ်ပါဘူးလို့ သတိ ပေး ဟောကြားရင်း ဤသည်ကား သုတ္တန်ဒေသနာ အဘိဓမ္မာ ဒေသနာတော်မြတ်သည်ကား ကုသလာဓမ္မာ အကုသလာဓမ္မာ အဗျာ ကတာဓမ္မာဟု ဟောတော်မူပါတယ်။

ဘုရားရှင်ကိုပင် ဒါနပြုနေလို့ လေးသင်္ချေနဲ့ကမ္ဘာတသိန်း ဖြည့် ကျင့်နေရတယ်လို့ ပြောတဲ့လူအချို့ ဒီဟောကွက်ကို သတိမူကြ။

ရှင်အာနန္ဒာကို မြတ်စွာဘုရားသခင်က ဒီလိုဟောထားပါတယ်၊ ဘယ်လိုဟောထားသလဲဆိုရင် အာနန္ဒာ ဘုရားဖြစ်ဘို့ဆိုတာ လေး သင်္ချေနဲ့ကမ္ဘာတသိန်း ရှစ်သင်္ချေနဲ့ကမ္ဘာတသိန်း တဆယ့်ခြောက် သင်္ချေနဲ့ ကမ္ဘာတသိန်းကြာမှ ဉာဏ်ရင့်သန်လာတယ်၊ ဘုရားဆုကို တောင်းတဲ့သူဟာလဲ (ရှစ်ပါးသောပြည့်စုံခြင်း ရှိရမယ်) ချစ်သား အာနန္ဒာလို့ ဟောတော်မူထားပါတယ်။

## ဘုရားဖြစ်ဘို့ရန် နိယတဗျာဒိတ်ရခြင်း အင်္ဂါရှစ်ပါး

(၁) လူသားဖြစ်ရပါမယ်၊ နတ် သိကြား နဂါးစတဲ့သူများ ဘုရားဆုကို မရနိုင်ပါ။

(၂) ယောကျ်ားအစစ် ဖြစ်ရပါမယ်၊ မိန်းမများ၊ နပုန်း၊ ပဏ္ဍုက် ဖြစ်နေသူများ ဘုရားဆုကို မရနိုင်ပါ၊ တကယ်လို့ ဘုရားဆုကို လိုချင်ရင် ဒါနစတဲ့ ကောင်းမှုတွေပြု ယောကျ်ားဆုကို တောင်းရပါအုန်းမယ်၊ ယောကျ်ား ဖြစ်ပြီးမှ ဘုရားဆုကို တောင်းရပါမယ်။

(၃) ယခုဘဝ ရဟန္တာဖြစ်နိုင်တဲ့အကြောင်းရှိသူ ဖြစ်ရပါမယ်။

(၄) သက်တော်ထင်ရှား မြတ်စွာဘုရား ထံတော်မှာ ဆုပန်ရပါမယ်၊ စေတီရုပ်ပွားတော်များထံ၌ ဆုပန်လို့မရပါ။

(၅) ရသေ့၊ ဒါမှမဟုတ် ရဟန်းဖြစ်ရပါမယ်။

(၆) ဈာန်စသော ဂုဏ်ထူးရရှိထားသူ ဖြစ်ရပါမယ်။

(၇) မြတ်စွာဘုရားအား အသက်ကို စွန့်ပြီး ပူလုပ်ထားတဲ့ ကုသိုလ်ရှိသူ ဖြစ်ရမယ်။

(၈) ဘုရားဖြစ်ချင်တဲ့ဆန္ဒ ပြင်းပြ ကြီးမားသူလဲ ဖြစ်ရပါအုန်းမယ်၊ ဘယ်လောက် ပြင်းပြကြီးမားရမှာလဲ ဘုရားဖြစ်မယ်သာဆိုရင်—

လေးသင်္ချေနှင့် ကမ္ဘာတသိန်း ငရဲခံရပါစေ ခံမှာပဲ၊

စကြဝဠာမြေကြီးအပြည့် မီးကျီးခဲတွေ ရှိနေပါစေ စကြဝဠာ ဟိုဘက်နခမ်းရောက်အောင် နင်းသွားရမလား သွားမှာပဲ၊

စကြဝဠာအားလုံး ရေတွေပြည့်နေပါစေ အခုထသွားရမလား ဝန်မလေးပါဘူး သွားမှာပဲ။

အဲဒီလောက် ဘုရားဖြစ်ချင်တဲ့ဆန္ဒ ပြင်းပြအားကြီးသူ ဖြစ်ရပါမယ်လို့ ဟောတော်မူပါတယ်။

ဒီလို မပြည့်စုံတဲ့ ပေါမွှားတွေ အသာထားလေ ခေါက်ထားလိုက်ပေါ့၊ ဟုတ်ပလား တရားနာပရိသတ်။

မရင့်သေးတဲ့သစ်သီးကို ရင့်အောင်စောင့်နေရပါအုန်းမယ်၊ အခုချက်ချင်း ရင့်စေချင်လို့ မဖြစ်နိုင်သလိုပါပဲ။

အခုလဲ ဒါန ဖြည့်ကျင့်နေလို့ သံသရာ ရှည်နေတာ မဟုတ်ပဲ လေးသင်္ချေနဲ့ ကမ္ဘာတသိန်း၊ ရှစ်သင်္ချေနဲ့ ကမ္ဘာတသိန်း၊ တဆယ့်

ခြောက်သခေါ်နဲ့ ကမ္ဘာတသိန်းပြည့်အောင် ဖြည့်ကျင့်နေရပါအုန်းမယ် လို့ ဟောလိုက်ပါရစေ။

တချို့ကလဲ ဒါနပါရမီ သီလပါရမီ မပြုချင်ကြဘူးတဲ့၊ ပါရမီဖြစ်မှာစိုးလို့၊ မသိလဲ သူများဟောတာ ငြိမ်ငြိမ်နားနေပေါ့၊ အတွန့်အတက်ကလေး လွန့်တက်ချင်သေးတယ်၊ သူတို့ကပဲ တပြန်တည်းလာလာသေး၊ ခက်လိုက်တာ ဟိုဟိုဒီဒီရောက်တော့လဲ ထိုထိုဤဤ ကြားရပါလား၊ အလိုလိုမှ ကုသိုလ်ကောင်းမှုဘက် အာရုံပါးရှားရတင်တုန်း ဒီစကားမျိုးတွေ ကြားရလေလေ ငိုချင်ရက်လက်တို့ဆိုတာလို ရေချိုးချင်တာနဲ့ ရေတွင်းထဲ ကျသွားတာပဲ မလှူချင်တဲ့သူတွေအတွက် အဘိုးတန်စကားဖြစ်သွားတာပေါ့၊ ကုသိုလ်ဆိုတာမျိုးကလဲ ကြံဖန်ယူတတ်မှရတယ်၊ လိုရင်းအချုပ် ဟောပြရရင်ဖြင့် ကုသိုလ်ကောင်းမှုကို အမှတ်တမဲ့ မပြုပါနဲ့။

၁။ ဒါနကို နိဗ္ဗာန်ရောက်အောင် လှူတတ်ကြဘို့။

၂။ သီလကိုလဲ နိဗ္ဗာန်ရောက်အောင် ကျင့်တတ်ဘို့။

၃။ ဘာဝနာကိုလဲပဲ နိဗ္ဗာန်ရောက်အောင်အားထုတ်ပွားများတတ်ဘို့ အများကြီး လိုအပ်နေကြတယ်၊ နောက်က ဟောပြခဲ့သလိုသာ လှူကြပါ – ကျင့်ကြပါ – ပွားများအားထုတ်ကြပါ။

အချို့ကလဲ ရှိသေးတယ်၊ ဝါသနာမပါလို့ ကုသိုလ်ကောင်းမှု မပြုလုပ်ဘူး၊ သူတို့ကိုပဲ ဝါသနာပါအောင် ကုသိုလ်က စောင့်နေရတော့မလိုလို၊ ဘာမှ မဟုတ်ဘူး ဒီလိုဖြစ်ရတာဟာ ပုထုဇဉ်သတ္တဝါတွေမှာ ငြောင့်တံကျင်သဖွယ် ကန့်လန့်ခံနေတဲ့ တရားတခုရှိတယ်၊ ဘာလဲဆိုတော့ မိမိပစ္စည်းများကို သူတပါးနဲ့ မဆက်ဆံလိုတဲ့ မစ္ဆေရတရားကို တွေ့ရပါတယ်၊ ဒါထက်ရှင်းအောင် ဟောပြရရင် နှမြောတယ်, လျှို့ဝှက်တယ်လို့ မဇ္ဈိမကာ ဖွင့်ပြပါတယ်။

လောကစကား အသုံးအနှုန်းနဲ့ ခေါ်ရင်ပေါ့ ကျစ်ကုတ်တယ် ကုတ်ကျစ်တယ်လို့ ဆိုရမှာပဲ၊ မစ္ဆေရစိတ်သာ မဆို့ပိတ်ရင် လှူရတာလဲ ပျော်လာတယ်၊ လှူချင်လာတယ်၊ ဝါသနာပါလာတယ်၊ လှူပီးရင်း လှူချင်ရင်း၊ လှူရလို့လဲ တင်းတိမ်နိုင်တယ်လို့ မရှိတော့ပါဘူးလို့ ပြပါတယ်။

ဥပုသ်စောင့်ချင်တဲ့စိတ် ရှိနေတဲ့သူများလဲ ဒီလိုပဲ ဘယ်နေ့ဥပုသ် နေ့ စသဖြင့် ဥပုသ်နေ့ပဲတွက်နေကြတယ်၊ ဒါပေမဲ့ ချွင်းချက်ရှိပါတယ်၊ ဘာလဲဆိုတော့—

(၁) ရာဇဝတ်ဘေးကြောက်လို့ ဥပုသ် မစောင့်ပါနဲ့,
(၂) သူများကဲ့ရဲ့မှာစိုးလို့ ပုဥသ် မစောင့်ပါနဲ့,
(၃) သူများတွေ ဥပုသ်စောင့်သွားကြတာ ပျော်ဘို့ကောင်း တယ်လို့လဲ ဥပုသ် မစောင့်ပါနဲ့,
(၄) မျိုးရိုးတိမ်ကောမှာစိုးလို့လဲ ဥပုသ် မစောင့်ပါနဲ့,
(၅) ဘာရယ်မဟုတ် အဓိပ္ပါယ်မဲ့ အမှတ်တမဲ့လဲ စောင့်ရိုး စောင့်စဉ်လဲ ဥပုသ် မစောင့်ပါနဲ့,

သူ့အသက် မသတ်ခြင်းစတဲ့ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော သီလကို ခံယူဆောက်တည်၍ ဘုရားဂုဏ်တော်ကို အာရုံပြု ဘာဝနာပွားများရ ပါမယ်၊ သဘောကတော့ အကုသိုလ်စိတ်များ ဝင်မလာစေပဲ စိတ်စင် ကြယ် သွားအောင် စောင့်ထိန်းနေထိုင်မှုကို ဥပုသ် စောင့်တယ်လို့ ခေါ်တယ်၊ တကယ်တန်း သံသရာကို ငြီးငွေ့စောင့်တဲ့သီလမျိုး ခန္ဓာ ရုပ်နာမ်ဖြစ်ရမှာကို ကြောက်လန့် ငြီးငွေ့ပီး စောင့်တဲ့ဥပုသ်မျိုး ဖြစ်ရ ပါမယ်၊ အဲဒီလိုစောင့်ရင် နိဗ္ဗာန်ရောက်တဲ့သီလလို့ တိုတိုမှတ်ထားကြ အုန်း၊ သူ့နေရာမဟုတ်သေးလို့ ဒီလောက်ပဲထားလိုက် ရှေ့သူ့နေရာ ကျတော့ ပြည့်ပြည့်စုံစုံလေး ဟောပြမှာပေါ့၊ ဒါနမှာထည့်ဟောခဲ့သလို

လှူပြီးရင်း လှူချင်ရင်း၊ အခုသီလမှာလဲ စောင့်ပြီးရင်း စောင့်ရင်း-မလှူရ မစောင့်ရ ခေါင်းကိုကိုက်နေသလို ဖြစ်နေတယ်ဆိုတာလို ဖြစ်နေတာ ဥပုသ်ဆိုတာကလဲ တချို့က ဥပုသ်နေ့မှ စောင့်ကောင်းတယ် ဒီ့ပြင်နေ့ မစောင့်ကောင်းဘူး ထင်နေကြတာ၊ ဒီလိုမဟုတ်ပါဘူး၊ ရက်ရာဇာ ပြဿဒါးမရှိပါဘူး၊ ဘယ်နေ့ပဲဖြစ်ဖြစ် စောင့်ကောင်းပါတယ်။

မဟာဇနကမင်းကြီးဟာ ပင်လယ်ထဲမှာ သင်္ဘောပျက်စဉ်က ခုနစ်ရက် ဥပုသ်စောင့်တယ်လို့ ဆိုပါတယ်။

သဒ္ဓါတရား အမြဲကိန်းနေတဲ့သူတွေအဘို့ ကုသိုလ်ပြုဘို့ဆိုတာကိုလဲ အမြဲစိတ်ရောက်နေမှာပဲ ဖြစ်ပါတယ်၊ အမြဲ ညွတ်နေမှာပဲဖြစ်ပါတယ်၊ ဥပမာ မိမိတို့ကိုးကွယ်ထားတဲ့ကျောင်း ဆိုကြပါစို့၊ သံဃာတပါးကို ကိုးကွယ်တယ်ဆိုတာ ပစ္စည်းလေးပါးအခြေခံပြီး ဝိုင်းဝန်းကိုးကွယ်ထား လေတော့ ကျောင်း ဘာလိုနေပါလိမ့် ဘာမပြည့်စုံနေပါလိမ့် စတဲ့ ကုသိုလ်စိတ်တွေ ဖြစ်မနေဘူးလား၊ ပွားမနေဘူးလား၊ ဒါနစိတ်ဖြစ် နေတယ် (ကုသိုလ်ဇောစောနေတယ်) လို့ ဆိုရမှာပဲ၊ သတိထားဘို့က လောက ဂုဏ်ပကာသနမက်မောကြလဲ မလှူကြပါနဲ့တဲ့၊ ဥပုသ်မစောင့် ကြပါနဲ့၊ တချို့ ကြည့်ပါလား မိန်းမတယောက်ကို မိန်းမတယောက်က ဥပုသ်စောင့်သွားခါနီး အိမ်ကလှမ်းခေါ်လိုက်သတဲ့၊ ဟေ့ကောင်မ ဥပုသ်စောင့်လိုက်အုန်းမလား၊ သွားအေ မလိုက်တော့ဘူး အပြစ်ရှိတဲ့ သူတွေတော့ သွားမှာပေါ့တဲ့၊ ဟော ဥပုသ်စောင့်သွားတဲ့သူတွေကပဲ အပြစ်ရှိနေသလိုလို ဘယ်လောက် အခံရခက်လိုက်သလဲ၊ အနှောင့် မလွှတ် အသွားမလွှတ်၊ ဒါကြောင့် စကားပြောတာပေမဲ့ ရှေ့အစွန်း နောက်အစွန်း ဂွင်းဂိုဏ်းလွှတ်အောင် ကြည့်ပြောတတ်မှ-

လူ့သဘာဝ အထစ်အငေါ့ကလေးတွေက တယ်လဲပြောချင်ကြတာ ကိုး၊ သူတို့ရဲ့ဖြစ်တတ်တာလေးတွေ ဒီလိုမပြောရဘူးဆိုတဲ့ အပြုသဘော ဆုံးမတဲ့ သဘောနဲ့ လိုက်ဟောပြတာပါ၊ သူများအပြစ် လိုက်ရှု

ဟောနေတာ မဟုတ်ပါဘူး၊ သေသေချာချာနားကြ တရားနာပရိသတ်ကောင်းစေချင်လွန်းလို့။

## မရှိလို့မလှူ—မလှူလို့မရှိ

မရှိလို့မလှူ, မလှူလို့မရှိဆိုတဲ့ စကားလေးဟာ မလှူချင်သူတို့အဘို့တော်တော့်ကို အသုံးဝင်တဲ့စကားကလေး ဖြစ်တယ်ဆိုတာကိုတော့ တရားနာပရိသတ်များ သိကြ, ကြားကြပြီး ဖြစ်ပါလိမ့်မယ်၊ သူတို့အတွက် ဒီစကားဟာ အင်မတန် အထောက်အကူဖြစ်စေမဲ့စကားဆိုရင် မမှားပါဘူးထင်ပါတယ်၊ ဘာပြုလို့လဲဆိုတော့ မလှူချင်လို့ နှမြောတွန့်တို ကပ်စေးနည်းကြသူတို့အတွက် အကာအကွယ်ယူ ပြောဆိုသုံးနှုန်းထားတဲ့ လက်သုံးစကားလိုဖြစ်နေလို့ပါ။

အမှတ်တမဲ့ဆိုလို့ရှိရင် နားထောင်ရတာ အဆင်ပြေသလိုရှိပေမဲ့ တကယ်တန်း စစ်ကြည့်လိုက်ပါ၊ (မလှူချင်လို့သာ မရှိတာ၊ လှူချင်ရင်တော့ ရှိတာပေါ့) ဆိုတဲ့ အဓိပ္ပါယ် ထွက်နေတာကို တွေ့ရမှာပဲ ဖြစ်ပါတယ်၊ ဟိုစကားပုံလေးသဘောသွားနဲ့ အသံကွဲပေမဲ့ အဓိပ္ပါယ်သဘော တူတူပဲ ဖြစ်ပါတယ်၊ (စားစရာမရှိပေမဲ့ လျော်စရာတော့ရှိရမယ်) တဲ့ မတူဘူးလား၊ တူနေတာပေါ့။

ဥပမာ မိမိတို့အိမ်ထောင်တခုမှာ ကိုယ်ရေးကိုယ်တာ မမြော်လင့်ပဲ လောလောဆယ် မသုံးမဖြစ်တဲ့အကြောင်းတခု ရင်ဆိုင်လာရင် ဘယ်လိုပဲမရှိရှိ မရှိ, ရှိတာရောင်း၊ ဒါမှမဟုတ် ပေါင်၊ မဖြစ်ဖြစ်တဲ့နည်းနဲ့ လောလောဆယ် ပြဿနာကို ဖြေရှင်းပေးလိုက်ရမှာအမှန်ပဲ၊ မိမိတို့မှာ ဘာတခုမှ ကုန်းကောက်စရာ မရှိသည့်တိုင်အောင် ဆွေမျိုးညာတကာထံမှ ချေးငှါးလုပ်သင့် လုပ်ရတော့မယ် မဟုတ်လား၊ စဉ်းစားကြ တရားနာပရိသတ်။

စားစရာမရှိပေမဲ့ လျှော်စရာကိုတော့ ကြံဖန်ဖြစ်လာရသလို အခုလဲ လူစရာမရှိဘူးဆိုပေမဲ့ သဒ္ဒါတရားရှိရင် လှူဖြစ်အောင်ကြံဖန်ပြီး မဖြစ်ဖြစ်တဲ့နည်းနဲ့ ဖြစ်သလို လုပ်ရပါတယ်။

ဝါသနာဆိုတာကလဲ ခက်သားပဲ၊ ဥပုသ်စောင့်သွားတို့ ခေါ်မရပေမဲ့ ငါးပက်ဆိုရင် ခေါ်ရမှာ သေချာတယ်၊ ဘာပြုလို့လဲဆိုတော့ ပုထုဇဉ် သတ္တဝါတွေရဲ့ စရိုက်အလေ့ကိုက မကောင်းမှုဘက်မှာသာ မွေ့လျော်လို့ပါပဲ။

ဝါသနာကို ဘုရားပစ္စေကဗုဒ္ဓါ အရှင်မြတ်တွေပါ ဝါသနာကိုစွန့်နိုင်ကြပေမဲ့ ကြွင်းတဲ့ ပုထုဇဉ်ဝေနေယျမှစ၍ အဂ္ဂသာဝက, မဟာသာဝက ရဟန္တာအရှင်မြတ်တို့သော်မှ ဝါသနာ ပယ်စွန့်ဘို့ဆိုတာ မတတ်နိုင်ပါဘူးတဲ့၊ ဒါကြောင့်လဲ (ဝါသနာဘာဂီ ဆက်တိုင်းမှီ) လို့ ဆိုတာပေါ့ ထားပါတော့လေ။

ကုသိုလ်ကောင်းမှု ပြုတဲ့နေရာမှာ ဝါသနာပါမှဆိုတဲ့ စကားကို လက်မခံချင်ဘူး၊ ဘာပြုလို့လဲဆိုတော့ ကုသိုလ်ကောင်းမှုပြုတယ်ဆိုတာက အမော်အကြွား မဟုတ်ဘဲ ကုသိုလ်ရဘို့ လုပ်ကြတာဖြစ်လေတော့ ကုသိုလ်ရဘို့ကိုသာ အရေးကြီးပြီး ဝါသနာပါတာ, မပါတာက လိုရင်းမဟုတ်လား။

ဒါကြောင့်—ကုသိုလ်ကောင်းမှုပြုတာကို ဝါသနာပါမှ ပြုလုပ်မယ်ဆိုတာကို လက်မခံချင်ဘူး-လို့ ဟောလိုက်တာပဲဖြစ်ပါတယ်။

ဆိုလိုတာက ကုသိုလ်ပြုရမှာ ဝါသနာပါပါ မပါပါ ပြုလုပ်ရပါမယ်လို့ ဆိုတာပါပဲ၊ ဝါသနာပါအောင် စောင့်နေရင်တော့ ဘယ်တော့ပါမှာလဲ ကုသိုလ်မပြုခင် သေသွားတော့ ဘယ့်နယ်လုပ်မလဲ၊ ထားပါတော့လေ။

မရှိလို့မလှူ၊ မလှူလို့မရှိဆိုတဲ့တရား ဆက်နာကြပါ။

ဒါကြောင့်–တရားနိဒါန်း အချီးကလေးကမရှိလို့မလှ မလှလို့မရှိလို့ စခဲ့ပါသဖြင့် မရှိလို့မလှပေမဲ့ လှချင်ရင်တော့ ရှိတယ်ဆိုတဲ့ သဘောကလေး ဟောပေးရအုန်းမယ်။

## ဥပ္ပလဝဏ် ထေရီဝတ္ထု

ကဿပဘုရားလက်ထက် ဗာရာဏသီပြည်မှာ အလွန် ဆင်းရဲတဲ့ မိန်းခလေးတယောက်ဟာ ဝတ်ပန်းထမီကလေး ဝတ်ချင်တာနဲ့ သူဌေးအိမ်သုံးနှစ် အစေခံလုပ်ရပါတယ်၊ မခိုမကပ် အလုပ်တာဝန်ကို ရိုသေပြီး ကြိုးကြိုးစားစား လုပ်တာမြင်လို့ သူဌေးလင်မယားက သဘောကျနှစ်သက်တာနဲ့ သုံးနှစ်မစေ့ခင် သူလိုချင်ချင်ဖြစ်နေတဲ့ ဝတ်ပန်းထမီကလေး ပေးလိုက်ပါတယ်။

သူဆင်းရဲမလေးကလဲ သူလိုချင်နှစ်သက်လှတဲ့ ဝတ်ပန်းထမီလေး ရလာတော့ အားရဝမ်းသာ အော် ငါမှာ ဒီဝတ်ပန်းထမီလေး ဝတ်ချင်လှတာနဲ့ သူများအိမ်မှာ သုံးနှစ်တောင် အစေခံလုပ်လို့ ရလာတဲ့အတွက် ဝတ်လိုက်မဟဲ့ဆိုတဲ့ အားရဝမ်းသာမှု အပြည့်အဝနဲ့ မြစ်ဆိပ်ရေချိုးထွက်အလာ အဲဒီအချိန်မှာ သူခိုးတွေက သက်နှိုးလုယူသွားကြလို့ ဖက်ရှုက်တွေပတ် ဆွမ်းခံကြွလာတဲ့ ရဟန္တာတပါးကို မမြော်လင့်ပဲ ပက်ပင်းပါ ဘွားကနဲမြင်လိုက်ရလို့ သဒ္ဓါစိတ်နဲ့ကြည်ညိုပြီး မရှိလို့မလှ မလှလို့မရှိတဲ့၊ မရှိတိုင်းသာ မလှပဲနေရမယ်ဆိုရင် ဘယ်တော့မှလှရမှာ မဟုတ်တော့ဘူး၊ ငါအခု သူများမိန်းကလေးတွေလို ဝတ်ချင်တာဝတ် စားချင်တာ မစားနိုင်တဲ့ပြင် ဒီဝတ်ပန်းထမီလေး ဝတ်ချင်တာတောင်မှ သူများအိမ် သုံးနှစ် အစေခံလုပ်လို့ ရလာတဲ့ထမီ၊ ရှေးကဒါနမျိုးစေ့ နဲ့ခဲ့လို့သာ ဒီဘဝမျိုး စားရမဲ့ သောက်ရမဲ့ သူများနဲ့မတူ တမူထူးဆင်းရဲရတယ်၊ ဒီတော့ ငါထမီဝတ်ရလို့လဲ ဘာမှအကျိုးထူးလာမှာ မဟုတ်ဘူးဆိုပြီး ခြိုးခြံပြီး ဖက်ရှုက်ပတ် ဆွမ်းခံကြွတော်မူလာတဲ့ ရဟန်းတော်ကိုပဲ မဂ်ဖိုလ်နိဗ္ဗာန် ရောက်သည်အထိ ချမ်းသာသွားနိုင်မဲ့

(အနုဂါမိကဥစ္စာ) ကိုသာ ယူသွားတော့မယ်လို့ သဘောပေါက်မိတဲ့ အတွက် စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် ဝတ်ပန်းထမီကလေး ကို နှမြောမဖက် ရက်ရက်စက်စက် သင်္ကန်းအဖြစ် လှူလိုက်ရှာပါတယ်။

ဒီနေရာမှာ ဒီစေတနာသဒ္ဓါမျိုး မိန်းကလေးတိုင်း သဘောပေါက် ဘို့ မလွယ်ပါဘူး၊ ဘာပြုလို့လဲဆိုတော့ သူ့ခမြာ ဝတ်ချင်လွန်းလို့ပဲ သူများအိမ်မှာ သုံးနှစ်တောင် အစေခံလုပ်ယူရတဲ့ အလုပ်မို့ပါပဲ၊ ဒါပေမဲ့ ဖြစ်ချင်တဲ့သူများကျတော့ ဒီလိုပဲ။

အဲဒီလို စေတနာသဒ္ဓါတရား ထက်သန်လို့လဲ နိဗ္ဗာန်နန်း စံမြန်း ကုန်ကြပြီး ဒီလို စေတနာသဒ္ဓါတရား ပါးရှားမဲ့ပြာခဲ့ကြလို့ အခုထိ သံသရာဝဲဇလုတ် နစ်မြုပ်ကျန်ရစ်နေကြတုန်းပဲ ဖြစ်ပါတယ်၊ ပေါ့ပေါ့ စေတနာသဒ္ဓါမဟုတ် လေးနက်လှတဲ့ စေတနာသဒ္ဓါလို့ပဲလို့ ဆိုရမယ်၊ အခုခေတ်မိန်းကလေးတွေ အဲဒီလို-ဖက်ရှက်ပတ်လာတာများ တွေ့ရင် တချိုးထဲ ထွက်ပြေးကြမှာ အမှန်မလွဲ ကေန်ပဲ၊ မပြေးစေကာမူ ဝိုင်း ရိချင်ရိနေကြအုန်းမှာ၊ ထားပါတော့လေ။

ဒီသူဆင်းရဲမဘဝ စုတေသွားတော့ အရိဋ္ဌပူရမြို့ တိရိတိဝစ္ဆသူဌေး ကြီးရဲ့သမီး အချောအလှ ဥမ္မာဒန္တီဆိုတဲ့မိန်းခလေး ဖြစ်လာပြန်ပါ တယ်၊ ဥမ္မာဒန္တီဆိုတာ ဖြူဖွေးတဲ့သွားရှိသော မိန်းခလေးတဲ့။

ကဿပဘုရားရှင် သာသနာတော်တွင်း ဝတ်ပန်းထမီလေး သင်္ကန်း အဖြစ်လှူပြီး နောင်အခါ ဖြစ်လေရာဘဝ၌ ဤဝတ်ပန်းထမီကို သင်္ကန်း အဖြစ်လှူရသော ကောင်းမှုကြောင့် မြင်မြင်သမျှ ယောကျ်ားတိုင်း အရူးဖြစ်ရပါလို၏လို့ ဆုတောင်းခဲ့လို့ ဆုတောင်းပြည့်ပြီး အရွယ်ရောက် တဲ့အခါ အဘိပါဒကစစ်သူကြီးနဲ့ရတယ်၊ သိဝိမင်းကြီးတောင် ရူးရ တယ်၊ သူ့ကိုမြင်တဲ့ယောကျ်ားတိုင်းပဲ ရူးရသတဲ့၊ ဒါကြောင့် သူ့ကို ဥမ္မာဒန္တီလို့ နာမယ်မှဲ့ပါတယ်တဲ့၊ တရားနာ မိန်းမပရိသတ်တွေ အဲဒီ ဆုတောင်းမျိုး မတောင်းကြနဲ့ မကောင်းဘူး၊ ဘာပြုလို့လဲဆိုတော့ သူများဒုက္ခပေးတဲ့ ဆုမျိုးမို့ နိဗ္ဗာန်ရပါလို၏သာ ဆုတောင်း၊ လှူ

ချမ်းသာစတဲ့ ချမ်းသာတွေက ရပီးသား၊ အဝုတ္တသိဒ္ဓိမပြောပဲနဲ့ ပီး— ဥမ္မာဒန္တီအကြောင်းကိုတော့ ထင်ရှားလှတဲ့အတွက် ဟောမပြတော့ဘူး နော် ဒီလောက်ပဲထား။

ဥမ္မာဒန္တီဘဝမှ စုတေပြန်တဲ့အခါ ရွာလေးတရွာမှာ သိပ်လဲမဆင်းရဲ သိပ်လဲမချမ်းသာ အလယ်အလတ် အမျိုးမှာ မိန်းခလေးသွားဖြစ် ပါတယ်။

အဲဒီဘဝမှာ သလေးစပါးခင်း စောင့်ရင်း ပစ္စေကဗုဒ္ဓါအား ပေါက်ပေါက်ပန်းငါးရာနဲ့ ကြာညိုပန်းကိုလှူဒါန်းတယ်၊ လှူပီးကာမှ ပစ္စေကဗုဒ္ဓါဆိုတာ ပန်း, အသုံးမဝင်ဘူးထင်ပါရဲ့ ငါပဲပန်ပါမှဘဲလို့ အကြံရပြီး နောက်ကအမှီလိုက်ကာ လှူထားတဲ့ကြာပန်း ပြန်ယူပြန် ပါတယ်၊ ယူပီးကာမှ အကြံရလာတာက ဟင်–အရှင်မြတ်လဲ ဒီကြာ ပန်းကို အလိုမရှိရင် အလှူခံမှာမဟုတ်ဘူး၊ အလိုရှိလို့ အလှူခံကောင်း လို့သာ အလှူခံတာဖြစ်မှာဘဲလို့ တွေးပီး ပြန်လှူ၊ ပြန်ယူမိတဲ့ အပြစ် တောင်းပန်ကန်တော့၍ ဆုတောင်းပါတယ်။

တပည့်တော်မသည် ဒီပေါက်ပေါက်ပန်းငါးရာတို့ကို လှူဒါန်း ရသော ကောင်းမှုကြောင့် ဒီပေါက်ပေါက်ပန်း အရေအတွက်နဲ့အမျှ သားကောင်းငါးရာ ဖွားမြင်ပါစေသား။

ဒီပန်းကိုလှူဒါန်းရသော ကောင်းမှုကြောင့်လဲ ဖြစ်လေရာဘဝ၌ ခြေလှမ်းတိုင်းလှမ်းတိုင်း ပဒုမ္မာကြာပွင့် မြေမှပေါက်၍လာပါစေသား လို့ ဆုတောင်းပါတယ်၊ ခဏအကြာမှာပဲ သားမုဆိုးငါးရာတို့ ရောက် လာကြပီး မိန်းခလေးဆုတောင်းသံကို ကြားတာနဲ့ ကောင်းမြတ်တဲ့ အမဲသားဟင်း လှူကြပီး တပည့်တော်တို့သည် ဒီမိန်းမပျိုရဲ့သားငါးရာ ဖြစ်ပါစေသားလို့ ဆုတောင်းကြတယ်။

ဒီမိန်းခလေးဘဝမှ စုတေပြန်တဲ့အခါ ပဒုမ္မာကြာအိုင် ပဒုမ္မာကြာ ပွင့်အတွင်းမှာ သံသေဒဇပဋိသန္ဓေဖြစ်ပီး ပဒုမဝတီမင်းသမီး ဖြစ်လာ ပါတယ်။

မဖြစ်ခင် ပဋိသန္ဓေတည်နေပုံလေး နဲနဲလောက် ပြောပြပါအုန်းမယ်၊ သူပဋိသန္ဓေတည်နေတဲ့ ကြာအိုင်နားမှာ သစ်သီးဝလံ ရှာဖွေစားသောက်ပီး တရားအားထုတ်နေတဲ့ ရသေ့တဦးရှိပါတယ်။

ရသေ့က မနက်ကျ မျက်နှာသစ်မလို့ ကြာအိုင်နားသွားတဲ့အခါ ကြာငုံကြီးတခုကို မြင်ပါတယ်၊ ဒီပြင်ကြာငုံတွေထက်လဲ ကြီးတယ်၊ ဒီပြင်ကြာငုံတွေပွင့်ကြပေမဲ့ သူကမပွင့်ပဲ ငုံမြဲငုံနေတာနဲ့ ဒီကြာငုံဟာ ထူးပါတယ် ဘယ်လိုပါလိမ့်ဆိုပီး သွားလဲကိုင်လိုက်ရော ကိုင်လိုက်ရုံမျှနဲ့ ပွင့်အာလာပြီး အထဲမှာလျောင်းနေတဲ့ ကလေးမလေးတယောက်ကို တွေ့မြင်ရလို့ သမီးအမှတ်နဲ့ မွေးထားတယ်ဆိုပါတော့။

ရသေ့ကြီးက သူအိပ်တဲ့ကုတင်ပေါ်မှာ ကြာပွင့်ကို ကလေးမလေးအောက်က ခံသိပ်ထားပါတယ်၊ အဲဒီအခါမှာ ကလေးမလေးရဲ့ ရှေးကောင်းမှုကြောင့် လက်မမှ နို့ထွက်လာပါတယ်၊ ဒါကြောင့် ကံဆိုတာ အင်မတန်ဆန်းကြယ်တယ်၊ ကံကိုမကြံစည်ရဘူးလို့ ဘုရားဟောတော်မူပါတယ်၊ (ကမ္မဝိပါကော အစိန္တိယျော။)

ကံကိုမပြိုင်နဲ့ မနိုင်ဘူးမှတ်ပါ၊ တဦးတယောက်ရဲ့ကံကို သွားပြိုင်လို့မရပါဘူး၊ (ဖားတုလို့ခရုခုန် ခရုံ့ခင်ကျိုးရုံရှိမယ်) ဆိုတာ ကြားဘူးတယ်မဟုတ်လား တရားနာပရိသတ်၊ ဒါကြောင့် ကောင်းမှုကိုလိုချင်ရင် ကောင်းမှုကိုလုပ် မကောင်းမှုကိုရှောင်ရှားပါ။

ရသေ့ကြီးက ဖအေလဲသူ့ မအေလဲသူ ဆိုတာလို ဖြစ်နေလေတော့ ခလေးမလေးအောက်က ခံသိပ်ထားတဲ့ ကြာပန်းညှိုးနွမ်းရင် အသစ်တခု လဲပေးရပါတယ်။

ဒီလိုနဲ့ပဲ ကျွေးမွေးပြုစုလာလိုက်တာ တဖြည်းဖြည်း ကြီးပြင်းလာရာ ပြေးလွှား ဆော့ကစားတဲ့အရွယ် မြေကြီးဆင်းသွားနိုင်တဲ့အရွယ် လဲရောက်ရော ဘဝါးလှမ်းတိုင်း, လှမ်းတိုင်း ပဒုမ္မာကြာပန်းက မြေမှ အလိုလိုပေါက်ပီး ခံလာပါသတဲ့၊ ဒါကြောင့်လဲ သူ့နာမည်ကို ပဒုမ

ဝတီလို့ မှည့်ခေါ်ပါတယ်၊ လူလောက်လဲမက, နတ်လောက်လဲမကျ, အင်မတန်လှပတင့်တယ် ရှုချင်စဖွယ် ကောင်းနေပါတယ်တဲ့။

ဟိုတုန်းကတော့ နာမည်မှည့်တာ ကြည့်ပါလား အနွတ္ထသညာ အနက်အဓိပ္ပါယ်ရှိရှိ မှည့်ကြတယ်။

မယ်ခေမာ ဖွားမြင်တဲ့နေ့မှာ သာဂလပြည်ကြီး တပြည်လုံး အေး ချမ်းသာယာရှိလို့ မယ်ခေမာလို့ မှည့်တယ်၊ ခေမာဆိုတာ ဘေး ရန်မရှိတာပေါ့။

ဟော — ဇနပဒကလျာဏီကျပြန်တော့ ကပ္ပိလဝတ် တခရိုင်လုံး အတွင်းမှာ အပြစ်ခြောက်ပါးကင်းစင်ပီး ကောင်းခြင်းငါးပါးရှိလို့တဲ့။

အခုခေတ်တော့ ထင်ရာမြင်ရာ ရမ်းပီး မှည့်ချင်ရာမှည့်တာပဲ၊ မှည့် ချင်ရာမှည့်တော့ ဖြစ်ချင်ရာတွေ ဖြစ်ကုန်ရော၊ သတိထားကြ တရား နာပရိသတ်။

နေ့သင့် နံလိုက်လဲမဟုတ်၊ ပဉ္စပွတ်, ဆပွတ်လဲမရွေး၊ မိဘနံထက် သားသမီးနံက စီးနေမလား အမှတ်မထား၊ မိမိနံကပဲ မိမိကိုပြန်စီးနေ မလား မသိ၊ ကလေးငိုလွန်းရင်ဖြင့် ဖြစ်ပါပီ၊ တစ္ဆေဆိုလားဘာလား၊ ခေါ်ကောင်းတာ မှည့်တာဘဲ။

ဘာတဲ့လဲ မဥမ္မာခင်လှဲလှဲမိုးတဲ့၊ နေမကောင်းတဲ့လူသာ သူ့နာ မယ်မျိုးခေါ်ရရင် မကြာခင် အသက်မြန်မြန် ထွက်လိမ့်မယ်၊ ထားပါ တော့ လေ တော်ကြာ ဗေဒင်ဆရာအခေါ်ခံရနေအုန်းမယ်၊ ရှေ့ကို သွားစို့....

သူတို့အကြောင်း ပြောရတာနဲ့ တရားတောင် ဘယ်ရောက်သွား မှန်းမသိဘူး၊ အော်....အေး အေး ပဒုမဝတီလို့ ခေါ်တယ်ပေါ့။

သူ့အဖ ရသေ့ကြီးက သစ်သီးရှာသွားရင် သူက ကျောင်းစောင့် ပြောပါတော့၊ တနေတော့ ရသေ့ကြီးက သစ်သီးရှာသွားနေခိုက် တောလိုက်မုဆိုးတယောက် ရောက်လာပီး ပဒုမဝတီကိုမြင်တော့ ဒီမိန်း ကလေးဟာ တယ်လှပါလား လူမိန်းမလား၊ ဒါမှမဟုတ် နတ်မိန်းမ

လား အတွေးများနေတာပေါ့၊ ပဒုမဝတီက သူ့အဖရသေ့ကြီးလဲ သစ်သီးရှာက ပြန်လာရော ထမ်းပိုးခြင်းတောင်းများကို ဆီးယူပြီး နေရာခင်းပေးခြင်း ခြေဆေးပေးခြင်းစတဲ့ ဝတ်ကြီးဝတ်ငယ်တွေ ပြုပေးပါတယ်။

ဒီအမူအရာ မုဆိုးမြင်ရတော့ နတ်သမီးတော့မဟုတ်၊ လူသမီးဖြစ်မှာပဲလို့တွေးကာ ရသေ့ကို ရှိခိုးထိုင်နေပါတယ်။

ရသေ့ကြီးကလဲ ပါလာတဲ့သစ်သီး ရေစတဲ့ အစားအသောက်များကို မုဆိုးကိုချပေးလို့ ကျွေးမွေးပြီး မြို့ကိုပြန်ရောက်တဲ့အခါ သူ့သမီးအကြောင်းအရာ မည်သူ့ကိုမျှ မပြောရ မှာကြားနေပါတယ်။

မုဆိုးကလဲ အရှင်ဘုရားက မပြောပါနဲ့ဆို မပြောပါဘူး လျှောက်ထားကာ လမ်းမှတ်မိစေရန် သစ်ခက်တွေခုတ်ချ၊ သစ်ကိုင်းကိုဒါးနဲ့ထစ်ပြီး ပြန်လာလိုက်တာ ဗာရာဏသီပြည် ရောက်ရော ဆိုပါတော့။

လူ့သဘောဆိုတာက ခက်သားကလား၊ မသိစေချင်တာကို သိချင်တယ်၊ မကြည့်စေချင်တာကိုမှလဲ ပို၍ ကြည့်ချင်တယ်၊ အရသာရှိတယ်လို့ထင်တယ်၊ ပန်းမခူးရလို့ စာရေးထားရင် မြန်မြန်သွားခူးလိုက်ချင်တယ်၊ မပြောပါနဲ့ ဆိုတာကိုမှလဲ မိုးရွာတောင် ထီးကလေးဆောင်း ပြောချင်တဲ့လူမျိုး ဖြစ်လေတော့ ဘာထားမလဲ တိုင်းပြည်လဲ ပြန်ရောက်ရော သူတောလိုက်သွားရင်း တောအုပ်တခုမှာ လူမဟာနတ်မကျ လှပတဲ့မိန်းခလေး ချောချောလှလှ တွေ့ခဲ့ရကြောင်း ဘုရင့်ထံ သံတော်ဦးတင်တော့တာပဲ။

ဘုရင့်အနေကလဲ မိန်းမ လှလှလေးဆိုတဲ့အသံ ကြားလိုက်ရတော့ လူလားနတ်လားဆိုတာကို စစ်သည်ဗိုလ်ပါခြံရံပြီး မုဆိုးလမ်းညွှန်ပြတဲ့အတိုင်းသွားရာ ရသေ့ကြီး ကျောင်းသင်ခမ်း ရောက်သွားကြပါတယ်။

ရသေ့ကိုရှိခိုးကာ အရှင်ဘုရား ဒီမှာ မိန်းကလေးဘယောက်ရှိတယ်ကြားလို့ လာတာပါ၊ မိန်းခလေးဆိုတာ ကျောင်းနဲ့ မသင့်လျော်

တဲ့အတွက် တပည့်တော်အား ဆောင်နှင်းခွင့်ပေးပါလို့ လျှောက်ထားပါတယ်။

ရသေ့ကြီးက မင်းမြတ် လူတွေဆိုတာ လိုရင်လိုသလို မလိုရင်မလိုသလို မတည်ကြည်တဲ့သဘော ဖျက်ဆီးတတ်တဲ့ သဘောရှိတယ်၊ ငါ့သမီးလေးမှာ ဆွေမျိုးညာတကာ မိဘဆိုတဲ့ အသိုင်းအဝိုင်း တယောက်မှ မရှိဘူး၊ သင်မင်းမြတ်ရဲ့နန်းတော်ရောက်သွားရင် ဟိုမှာရှိနေကြတဲ့ မောင်းမမိဿံခြွေရံသင်းပင်း ပရိသတ်တွေရဲ့အလယ်မှာ ငါ့သမီးလေး မျက်နှာငယ်နေရှာလိမ့်မယ်၊ တယောက်ထဲလဲ နေနိုင်ပါ့မလားလို့ အမိန့်ရှိပါတယ်။

ဘုရင်က အရှင်ဘုရား ဒီအတွက် ဘာမှစိုးရိမ်တော်မမူပါနဲ့ဘုရား၊ အရှင်ဘုရားရဲ့သမီးတော်ကို အားလုံးသောမိဖုယား မောင်းမ မိဿံတွေရဲ့ အကြီးအမှူးဖြစ်တဲ့ အဂ္ဂမဟေသီ မိဖုယားကြီးအရာ ထားပါမယ်ဘုရားလို့ လျှောက်ထားပါတယ်။

ဘုရင်ကလဲ အချောအလှလေးမို့ သဘောကျပြီး မရမက ကပ်သပ်တောင်းနေတာဘဲ တရားနာပရိသတ်ရေ....

ဒါနဲ့ ရသေ့ကြီးက ချစ်သမီး ပဒုမဝတီလို့ ငယ်နာမယ်လေးကိုဘခွန်းထဲခေါ်လိုက်ရုံမျှနဲ့ ကျောင်းခန်းထဲက ထွက်လာပြီး ရသေ့ကြီးကို ရှိခိုးကာ ရိုရိုသေသေထိုင်နေပါတယ်၊ မှတ်ထားကြလူငယ်တွေ၊ အခုခေတ် တခွန်း နေနေသာသာ ဆယ်ခွန်းလောက်ခေါ်မှ ရွှေရွှေလေးလာပြီး ဘေးချင်းယှဉ်ထိုင်တယ်။ (လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဖတဲ့) ကိုယ့်သားသမီး လိမ္မာယဉ်ကျေးအောင် သင်ကြားပေးကြ သတိပေးလိုက်ပါရစေ။

အခုကြည့်လေ သူ့ဖခင် ရသေ့ကြီးရှေ့ ရှိခိုးထိုင်တယ်၊ ဒါကျေးဇူးဖအေ ရှိသေးတာ ထားပါတော့လေ။

ဖခင်ရသေ့ကြီးက ရိုသေစွာရှိခိုးထိုင်နေတဲ့ သမီးကလေးကိုကြည့်ပြီး....

ချစ်သမီး....ချစ်သမီးအရွယ်ဟာ ငယ်တော့တဲ့ အရွယ်မဟုတ်တော့ဘူး၊ သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်ဆိုတာလို အရွယ်လဲရောက်လာပြီ၊ ဒီတော့ တောထဲမှာနေရင်တော့ ဘာမှ စည်းစိမ်ချမ်းသာရှိလာမှာ မဟုတ်၊ အခုတော့ ဘုန်းကံရှိတဲ့နေရာ စည်းစိမ်လာဆိုတဲ့အတိုင်း ငါ့သမီးလေးမှာ ဘုရင်မင်းမြတ်ရဲ့ အဂ္ဂမဟေသီဆိုတဲ့ စည်းစိမ်ချမ်းသာ ကောင်းစွာစံစားနေမဲ့ လက္ခဏာဖြင့် ဘဝါးချတိုင်းမှာ ပဒုမ္မာကြာပန်း အသင့် မြေမှာပေါက်လာတယ်၊ နောက်တခု အချိန်တန် အရွယ်ရောက်လာပြန်တော့လဲ ဘုန်းကံအလျောက် ဘုရင်မင်းမြတ်ရဲ့ အဂ္ဂမဟေသီမိဖုယားကြီး အမြစ်နဲ့ ပျော်ပျော်ပါးပါးသာ လိုက်ပေတော့ ဖခင်ခွင့်ပြုတယ်လို့ ခွင့်ပေးပါတယ်။

ရသေ့ကြီးကလဲ ငယ်ငယ်လေးထဲက ကျွေးမွေးလာရတော့လဲ သံယောဇဉ် ဖြစ်နေတော့လဲ သမီးလေးဆင်စီးလို့ မြင်းကန်တာမမြင်ချင်ပဲ မြင်းရုံတာသာ မြင်ချင်တာပေါ့၊ မဟုတ်ဖူးလား တရားနာပရိသတ်၊ ရသေ့ကလဲ စီကာပတ်ကုံးနားချတတ်သားဟဲ့။

ဒီလိုလဲ သူ့ဖခင်ရသေ့ကြီးက ခွင့်ပြုလိုက်ရော၊ ဖခင်ခွင့်ပြုတဲ့ အတွက် ဘာမှမငြင်းဆန်တော့ပဲ ကောင်းလှပါပြီလို့ ဝန်ခံလျှောက်ထားပါတယ်၊ဒါပေမယ့် အဖရသေ့မြတ်နှင့် သေကွဲမကွဲ ရှင်ကွဲ ကွဲရမှာကိုတော့ သမီးဝမ်းနည်းပါတယ်လို့ ဆိုပြီး တရှိုက်ရှိုက် ငိုနေပါတယ်၊ မငိုပဲနေနိုင်ပါ့မလား ရသေ့ကြီးရဲ့လက်ပေါ် ကြီးလာရသလို ဖြစ်နေတာကိုး ထားပါတော့ ဗာရာဏသီခွဲနေရင် တရားပီးမှာ မဟုတ်တော့ဘူး။

ဘုရင်မင်းမြတ်ကလဲ ပဒုမဝတီရဲ့ ဖခင်ရသေ့ကြီး ရှေ့တော်မှာပင် အဘိသိက်သွန်း အဂ္ဂမဟေသီမိဖုယားကြီးအရာ မြှောက်ပြီး ဗာရာဏသီပြည် ပြန်လာကြပါတယ်။

ဘုရင်မင်းမြတ်လဲ ပဒုမဝတီမိဖုယားကြီးအသစ်အား အားကြီးချစ်မြတ်နိုးတော်မူပါတယ်၊ တခြားမိန်းမတွေကမနာလိုဘူးပေါ့–နောက်မှ

ပေါ်တဲ့ ရွှေကြာပင် ဒီလောက် အရေးပေးရမလား တိုတိုနဲ့လိုရင်း ပြောရရင် အချစ်သဝင်ကြောင်တာပေါ့။

ဘုရင်မင်းမြတ်လဲ ပဒုမဝတီမိဖုယားကြီးအသစ်ကို အားကြီးချစ် အများကြီးချစ်ဆိုတာလို ဒိပြင်မိန်းမတွေ ပြန်စောင်းတောင် မကြည့် တော့ပဲ ပဒုမဝတီမှ ပဒုမဝတီဖြစ်နေတော့ တခြားမိန်းမတွေက မနာ လိုဘူးပေါ့၊ နောက်မှပေါ်တဲ့ ရွှေကြာပင် ဒီလောက်အရေးပေးရ မလား၊ ဒို့တော့ ပြန်မကြည့်တော့ဘူး ဘာညာပေါ့၊ အမှန်ကတော့ ဒါအချစ်သဝင်ကြောင်တယ် ခေါ်တာပါဘဲ။

ပဒုမဝတီဆိုတဲ့မိန်းမ ရောက်လာကာမှ ဒို့မှာ အချစ်ပေါ့တယ် ဆိုတဲ့ သဘောနဲ့ ဘုရင်ကို တခြားမိန်းမတွေက အရှင်မင်းကြီးလူ့သမီး ဆိုရင် သွားတဲ့အခါ ပဒုမ္မာကြာပန်း ပေါက်တယ်ဆိုတာ မြင်ဘူးပါ သလား ဒီပဒုမဝတီဟာ သွားတဲ့အခါ ပဒုမ္မာကြာပန်း ပေါက်လာတာ ထောက်သဖြင့် လူသမီးမဟုတ် ဘီလူးမသာဖြစ်နိုင်တယ်။

ဒါကြောင့် ကျွန်တော်မျိုးမတို့ကို ပစ်လိုက ပစ်တော်မူပါ၊ ပဒုမ ဝတီကို စွန့်ပစ်လိုက စွန့်ပစ်တော်မူပါ၊ ဒီနန်းတော်ထဲမှာ အတူတူသာ နေရရင်တော့ ဘီလူးစားမှာကြောက်လှပါတယ်လို့ မိန်းမတို့ပရိယာယ် နဲ့ ပဒုမဝတီ မနေနိုင်အောင် ဂုံးချောစကားလျှောက်ထားကြပါတယ်၊ ဘုရင်ကတော့ ဘာမှပြန်မိန့်တော်မမူပါဘူး။

ဒီလိုနဲ့နေလာကြရင်း ပစ္စန္တရာဇ်နယ်အစွန်မှ သူပုန်သူကန်တွေ ထကြွ သောင်းကျန်းတယ် ကြားရလို့ ကိုယ်ဝန်ရှိနေတဲ့ ပဒုမဝတီမိဖုယား ကြီး ထားခဲ့ပြီး သူပုန်နှိမ်နင်းတိုက်ခိုက်ရန် မင်းထွက်သွားရပါတယ်။

ဒီနေရာမှာ နန်းတွင်းသူမိဖုယားတွေ အကွက်ဆိုက်လာပီး ပဒုမ ဝတီရဲ့ အလုပ်အကျွေးမိန်းမကို တစိုးလက်ဆောင်ပေးပီး သားဖွားတဲ့ အခါ သစ်တုံးတခုကို သွေးလူး သူ့အနားချထားလို့ မှာကြားထား ပါတယ်။

မကြာမီဘဲ သားတော်ငါးရာ ဖွားမြင်ပါတယ်၊ အဲဒီသလေးစပါး ခင်း စောင့်ခဲ့ရတုန်းက ပစ္စေကဗုဒ္ဓါအား ပေါက်ပေါက်ငါးရာ လှူပြီး သားငါးရာရပါစေသားလို့ ဆုတောင်းခဲ့တဲ့ကုသိုလ်က ခုအကျိုးပေး သားငါးရာ တပြိုင်ထဲဖွားတာ။

ဒါပေမဲ့ (မဟာပဒုမမင်းသား) တပါးထဲသာ အမိဝမ်းတွင်းက ဖွားမြင်ပြီး ကျန်တဲ့ လေးရာကိုးဆယ် ကိုးယောက်တို့က မွေးဖွားတဲ့ အခါ ကိုယ်ဝန်အညစ်အကြေး သေွးစက်တို့၌ သံသေဒဇပဋိသန္ဓေ အားဖြင့် ကံအားလျော်စွာ ဖြစ်လာကြတာပါ။

အဲဒီလိုဖွားမြင်ပြီး၍ သတိမရ မူးမေ့နေစဉ် အထိန်းတော် လက်သယ် မိန်းမကလဲ သွေးလူးထားတဲ့ သစ်တုံးကို မိဖုယားကြီးအနားထား၍ မိဖုယားငါးရာတို့ကိုခေါ်ပါတယ်၊ မိဖုယားငါးရာတို့လဲ သားငါးရာကို တယောက်စီယူပြီး ပန်းထိမ်ဆရာကို ကြုတ်လုပ်စေပြီး တယောက်စီသွင်း ထားပါတယ်၊ ဘယ်လောက် ညစ်ပတ်စုတ်ပဲ့တဲ့ မိန်းမတွေလဲနော်— မည်သူမှ ဖွင့်မကြည့်ရဲအောင် မင်းတံဆိပ် ခတ်နှိပ်ထားပါတယ်။

ပဒုမဝတီလဲ သတိရလာကာ သူမွေးထားသော သားကို မေးရာ အလုပ်အကျွေးမိန်းမက သစ်တုံးဟာ အရှင်မရဲ့သားပဲလို့ လျှောက်တင် ပါတယ်၊ မိဖုယားကြီးလဲ စိတ်မကောင်းဖြစ်ပြီး အထိန်းမိန်းမကိုစွန့် ပစ်ခိုင်းလိုက်ပါတယ်။

ဘုရင်မင်းလဲ စစ်တိုက်ကပြန်လာတဲ့အခါ နက္ခတ်မကောင်းသေးလို့ နန်းတော်တွင်းမဝင်သေးဘဲ မြို့ပြင်ဘက် ယာယီတဲနန်းနဲ့ စံနေတော် မူပါတယ်၊ မိဖုယားငါးရာတို့လဲ ဘုရင်မင်းကြီးကို ခရီးဦးကြိုဆိုကာ အရှင်မင်းကြီး ကျွန်တော်မျိုးမတို့ လျှောက်ထားတာမယုံ၊ အခု အရှင် မင်းကြီးရဲ့ မိဖုယားကြီး ပဒုမဝတီဟာ လူမဖွားဘဲ သားတစ်ဖွားမြင် ကြောင်း– မယုံကြည်ပါက အထိန်းတော်ကြီးကိုခေါ်ပြီး မေးတော် မူပါဘုရားလို့ လျှောက်ထားကြပါတယ်၊ ငါမယုံ ငါ့မိန်းမမေးကြည့် ဆိုတာလိုပေါ့–

ဘုရင်မင်းမြတ်လဲ အထိန်းတော်မိန်းမကို အကျိုးအကြောင်းမေးမြန်းကြည့်ရာ ဟုတ်မှန်ကြောင်း လျှောက်ထားသဖြင့် ပဒုမဝတီ မိဖုယားကြီးကို နန်းတော်မှ နှင်ထုတ်လိုက်ပါတယ်၊ ဘာပြုလို့ ဒီလိုနှင်ထုတ်ခံရတာလဲ သိလားတရားနာပရိသတ်တွေ၊ ပစ္စေက ဗုဒ္ဓါအား ပဒုမ္မာကြာပန်းကိုလှူပြီးကာမှ ပြန်ယူတဲ့အပြစ်ကြောင့်တဲ့။

မှတ်ထားကြ လှူပြီးသားပစ္စည်းတွေ ပြန်မယူနဲ့ မယူကောင်းဘူး၊ မလှူခင်က ငါလှူနိုင်မလားဆိုတာ စဉ်းစားပြီးမှလှူကြ၊ (ပေးပြီးသား ဟာပြန်ယူ မျက်ခမ်းစပ်တတ်တယ်) ဆိုတာကြားဘူးတယ်မဟုတ်လား။

ထူးခြားတာက ပဒုမဝတီနန်းတော်မှထွက်သွားရတာနဲ့ တပြိုင်နက် ခြေလှမ်းတိုင်း, လှမ်းတိုင်း မြေမှပေါက်ပြီးခံလာတဲ့ ပဒုမ္မာကြာပန်း မြေမှမပေါက်တာ ကြည်လင်သန့်ရှင်းတဲ့ ကိုယ်အလှအပတွေလဲ ညှိုးနွမ်းပြီး မလှမပဖြစ်သွားသတဲ့။

( မြန်မာရာဇဝင်မှာလဲ ရှိသားဘဲ၊ မိဖုယားကြီး စောမွန်လှကို အနော်ရထာမင်းက တခြားမိဖုယားတွေထက် ချစ်မြတ်နိုးနေတော့ မိဖုယားတွေမနာလိုကြပဲ မိဖုယားကြီးနားဥောင်းက ကွန့်မြူးတာကို စုံးမကြီးလို့ ဘုရင်ကို သံတော်ဦးတင်ကြလို့ တိုင်းပြည်မှ နှင်ထုတ်ခံရ တယ် မဟုတ်လား)

ဒါကြောင့် (ကံမြင့်နေတုန်း မာန်မဝင့်နဲ့)လို့ ဆိုရိုးရှိတာပေါ့၊ တရားနာပရိသတ်တွေ မှတ်ထားကြ၊ ကုသိုလ်ကံအလျောက် လူ့နဲ့သူနဲ့ တူအောင်နေရ စားရ ဝတ်ရ အစစအရာရာ အဆင်ပြေနေတုန်း ခြေဖျားထောက် ဘဝင်မြင့်ပြီး သူများမြင်ပြင်းကပ်အောင် ကြွားနေတဲ့သူဟာ ပစ္စည်းသခ်ါရ လူသခ်ါရမို့ အကုသိုလ်ဝင်လာခိုက်နဲ့ ကြုံကြိုက်လာရင် မလွယ်လှဘူးပေါ့၊ မရှိလို့ ချေးထားတာတောင် ဘယ်သူမှပေးချင်မှာ မဟုတ်ပါဘူး၊ဘာပြုလို့လဲဆိုတော့ သူ့မှာရှိစဉ်တုန်းက တော့သူများပြန်ကြည့်တဲ့သူမှ မဟုတ်တာကိုး၊ ပစ္စည်းရှိလဲ ရိုးရိုးမှန်မှန်၊ မရှိလဲရိုးရိုးမှန်မှန်လေး နေသွားတာ အကောင်းဆုံးပဲ၊ အဲဒီလိုလူမျိုး

ကျတော့ မရှိတောင် သူကမှန်မှန်လေး နေတယ်ဟဲ့လို့ဆိုပြီး မရှိတောင် သူများက ပေးချင်တယ်၊ ထားပါတော့လေ ဒါတွေလျှောက်ပြော ပီးမှာမဟုတ်ဘူး၊ (ရိုးရိုးကျင့် မြင့်မြင့်ကြံ မှန်မှန်လုပ်ပါ)

ပဒုမဝတီအကြောင်း ဆက်ကြအုန်းစို့....

သူ့ရဲ့အလှအပတွေ အားလုံး ပျက်ကုန်ပီး မြို့ထဲမှာ သနားစရာလျှောက်သွားနေတာ မိန်းမကြီးတယောက်ကတွေ့ပီး သမီးအမှတ်နဲ့ ကျွေးမွေးထားတယ်ဆိုပါတော့....

ပဒုမဝတီကိုကြည့်ပါ၊ အစက မည်သူမော်လို့တောင် မကြည့်ရဲတဲ့ မိဖုယားကြီး၊ ဟော အခုတော့ စားစရာမရှိ နေစရာမရှိတဲ့ နင်းပြား သမီးဆိုတာလို ဖြစ်နေတာ မြင်ရဲ့မဟုတ်လား၊ ဒါကြောင့် အမြင့်က ကျတဲ့သူဟာ အကျနာတယ်လို့ဆိုတာပေါ့–

နန်းမ စည်းစိမ်ခံစားနေရာမှ သူများအိမ်ရောက်နေရပြန်ပီ။

တနေ့တော့ ပဒုမဝတီကို အကောက်ကြံလိုက်တဲ့ မိဖုယားငါးရာတို့က ဘုရင်မင်းမြတ်အား ပစ္စန္တရာဇ်နယ် စစ်တိုက်သွားတုန်းက အကယ်၍ စစ်အောင်မြင်က ဂင်္ဂါနတ်အား ပူဇော်မယ်လို့ နတ်ကိုး၍ထားခဲ့ရာ အခုအခါ အရှင်မင်းမြတ် ဂင်္ဂါမြစ်သို့ ရေသဘင်ကစားရန် သင့်လျော်ပါတယ်ဘုရားလို့ သဘောတူ လျှောက်ထားကြပါတယ်၊ အမှန်ကတော့ မိဖုယားတွေက ကြုတ်ကိုရေထဲမျှောချင်လို့ ဉာဏ်ဆင်တာ၊ ရေဆိပ်လဲသွားရော မိဖုယားတယောက် ကြုတ်တခုကျနဲ့ မိဖုယားငါးရာ ယူခဲ့ပီး ရေထဲမျှောလိုက်ကြပါတယ်။

မျှောလိုက်ပေမဲ့ ကြုတ်တွေက အောက်ကကာထားတဲ့ ပိုက်ကွန်မှာ သွားတင်နေကြလို့ ပိုက်ကွန်သမားတွေက ဘုရင့်အားဆက်သသဖြင့် ကြုတ်ငါးရာကိုဖွင့်စေရာ ပဌမဦးဆုံး မဟာပဒုမမင်းသားရဲ့ ကြုတ်ကို ဖွင့်မိရက်သား ဖြစ်နေပါတယ်။

ဒီနေရာမှာ သိကြားမင်းက ခေတ်စကားနဲ့ပြောရရင် ဖေါ်ကောင် အစိုးရသက်သေပေါ့။

သိကြားမင်းက ဘုရင်မင်း သံသယကင်းအောင် ဒီမင်းသားတွေ ဟာ ပဒုမဝတီဝမ်းမှ ဖွားမြင်တဲ့ ဗရာဏသီပြည့်ရှင်မင်းမြတ်ရဲ့ သား တော်တို့ပဲ ဖြစ်ပါတယ်၊မိဖုယားတွေက ကြုတ်ထဲသွင်းတဲ့နေ့က အက္ခရာ တို့ကိုရေးထားပါတယ်၊ ဘုရင်မင်းမြတ်လဲ ရေးထားတဲ့ အက္ခရာတွေကို မြင်တာနဲ့ မဟာပဒုမ မင်းသားကို ကိုယ်တိုင်ချီ၍ နန်းတော်ပြန်လာပြီး မိဖုယားငါးရာတို့ကို ချစ်အောင်ပြုမယ်လို့ကြံခါ ဆင်လည်ပင်းမှာ ငွေ တထောင်ဆွဲ၍ ပဒုမဝတီမိဖုယားပြန်နိုင်သူအား ဒီငွေတထောင်ကိုယူစေ လို့ တိုင်းပြည်တွင် မောင်းကြေးနင်းခတ်စေပါတယ်။

ဒီအခါမှာ သူအိုမအိမ်မှာနေတဲ့ ပဒုမဝတီမိဖုယားက မောင်းခတ် သံကြားတော့ သူအိုမအား ဆင်လည်ပင်းက ငွေတထောင်ယူပါလို့ ပြောပါတယ်၊ သူအိုမက မယူဝံ့ပါဘူး ပဒုမဝတီကို သမီးမြင်လို့လားလို့ မေးတော့ ယူသာယူပါလို့ ထပ်ပြောတော့မှ ငွေတထောင်ကို ယူပါတယ်။

မင်းချင်းတွေက ပဒုမဝတီ ဘယ်မှာလဲလို့ သူအိုမကိုမေးပြီး သူအို မက လိုက်ခဲ့ဟုပြောကာ အိမ်ခေါ်သွားကာ ပဒုမဝတီကို ပြပါတယ်။

မင်းချင်းတို့လဲ ပဒုမဝတီကိုမြင်တော့ သူ့ခြေရင်းမှာ ဝပ်ကြပါ တယ်၊ သူအိုမကြီးက အော်....ပဒုမဝတီဆိုတာ လက်စသတ်တော့ ငါ့ သမီးဖြစ်နေတာကိုး၊ ဒီလိုအဂ္ဂဒေဝီမိဖုယားကြီး ဖြစ်နေပြီး အစောင့် အရှောက် မရှိတဲ့အိမ်မှာ နေတာလားလို့ ပြောပါတယ်။

မင်းချင်းတွေလဲ ပဒုမဝတီကို အစောင့်အရှောက်ထားကာ ဘုရင် မင်းကို ပြန်လျှောက်စေပါတယ်။

ဘုရင်မင်းက မိဖုယားဆောင်ယူဘို့ ရွှေထမ်းစင်ကို ပေးလိုက်ပါ တယ်၊ မိဖုယားက ရွှေထမ်းစင်နဲ့ ငါမလိုက်နိုင်ဘူး ဒီအိမ်မှနန်းတော် အရောက်ကောင်းတဲ့ အခင်းကိုခင်း၍ အပေါ်ကရွှေကြာတို့ဖြင့် ဗိမာန် မျက်နှာကြက်မိုး ငါဆင်မြန်းတဲ့ အဝတ်တန်ဆာအားလုံးပို့မှ ငါလိုက် မယ်၊ မင်းချင်းတို့ကို မိန့်တော်မူပါတယ်။

ဘုရင်မင်းမြတ်လဲ မိဖုယားကြီးအလိုရှိတဲ့အတိုင်း ခွင့်ပြုတော်မူပါတယ်၊ ဒီအခါမှာ ပဒုမဝတီမိဖုယားလဲ အဝတ်တန်ဆာတွေဝတ်ဆင်ပြီး နန်းကော်ကို ခြေဖြင့်သွားတဲ့အခါတိုင်း ခါတိုင်းလို အခင်းတွေကို ဖေါက်ပီး ပဒုမ္မာကြာပန်း ခံလာပါတယ်၊ သူ့စည်းစိမ်ကို သူများမြင်စေလျက် နန်းတော်သို့ ကြွသွားပါတော့တယ်။

နန်းတော်ရောက်တော့ ဘုရင်မင်းမြတ်က မိဖုယားငါးရာတို့ကို ပဒုမဝတီ မိဖုယားကြီးရဲ့ ကျွန်မ ပြုဘို့ ငါပေးတယ်၊ မိဖုယားအလိုရှိရာ ခိုင်းပေတော့လို့ မိန့်တော်မူပီး မြို့ကိုလဲမောင်းခတ်စေပါတယ်၊ မောင်းလဲခတ်ပီးရော ပဒုမဝတီမိဖုယားက အရှင်မင်းကြီး ဒီမိန်းမငါးရာတို့ဟာ ကျွန်တော်မျိုးမရဲ့ ကျွန်မတွေဖြစ်ကုန်ပါပီ၊ ဒီကျွန်မငါးရာတို့ကို ကျွန်မအဖြစ်မှလွှတ်လိုပါတယ်လို့ လျှောက်ထားပါတယ်၊ ဘုရင်မင်းမြတ်က ခွင့်ပြုတဲ့အတွက် ပဒုမဝတီလဲ မိမိရဲ့ကျွန်မငါးရာတို့ကို ကျွန်အဖြစ်မှ လွှတ်ကြောင်း မြို့ထဲ မောင်းခတ်စေပြန်ပါတယ်။

ပဒုမဝတီမိဖုယားကြီးလဲ မဟာပဒုမမင်းသားကိုသာ မိမိမွေးပြီး ကျန်တဲ့သားတွေကို မိဖုယားငါးရာတို့အား ကျွေးမွေးစေပါတယ်။

မင်းကြီးကလဲ သားတော်များကစားဘို့ ဥယျာဉ်ထဲမှာ အမျိုးမျိုး ပြုလုပ်ပေးပါတယ်၊ မင်းသားတွေကလဲ တဆယ့်ခြောက်နှစ် ရောက်လာတဲ့အခါ ဥယျာဉ်တော်အတွင်းက ပဒုမ္မာကြာအိုင်၌ ကြွေကျပျက်စီးတဲ့ ကြာပွင့်တွေကိုမြင်၍ ဒီပဒုမ္မာပွင့်တွေဟာ ကြွေကျပျက်စီးကုန်ပါလား ငါတို့လဲ ဖြစ်ခြင်း,ပျက်ခြင်းသဘောရှိတယ်လို့ ဝိပဿနာရှုကြလို့ ပစ္စေကဗောဓိဉာဏ်ကို ရကြပါတယ်၊ ပဒုမဝတီရဲ့သား အားလုံး ပစ္စေကဗုဒ္ဓါ ဖြစ်သွားကြပါတယ်။

ပစ္စေကဗုဒ္ဓါဆိုတာ ဘုရားငယ်ပေါ့။

ပစ္စေကဗုဒ္ဓါငါးရာလဲ ဂန္ဓမာဒနတောင်ကို ပြန်ကြွပီးနောက် ဣသိဂိလိတောင်မှာ သီတင်းသုံးတော်မူကြပါတယ်၊ ပဒုမဝတီသားတော် ပစ္စေကဗုဒ္ဓါငါးရာတို့ရဲ့ ဘွဲ့မည်တော်များကို မဟောတော့ဘူးနော်။

ပဒုမဝတီမိဖုယားကြီးလဲ ငါးဟာ သားတော်ငါးရာ မွေးဖွားပေမဲ့ အားကိုးအားထားပြုလောက်တဲ့ အရွယ်ရောက်လာမှ တယောက်မှ အနားမရှိ ခွဲခွာနေရလေခြင်းလို့ ပူပင်သောကရောက်ပီး နတ်ရွာစံကံတော်ကုန်သွားပါတယ်။

သေပီးတဲ့နောက် ဣသိဂိလိတောင်ခြေ ရွာလေးမှာ မိန်းမလေးပဲ သွားဖြစ်ပြန်ပါတယ်။

ဒါကြောင့်ဘဝဆိုတာ အနိမ့်အမြင့်ရှိတယ်လို့ဆိုတာပေါ့၊ ငှက်ခါးပျံသလို နိမ့်သွားလိုက် မြင့်လာလိုက်နဲ့ ကြည့်ပါလား ပဒုမဝတီကို ဟိုဘဝက မိဖုယားကြီး ဟောအခု သာမန်မိန်းမ တယောက်ပဲ။

အချိန်တန်အရွယ်ရောက်တော့ အိမ်ထောင်ကျတယ်ဆိုပါတော့၊ တနေ့သူ့ယောကျ်ား ထမင်းပို့ရအောင် လယ်တောအသွား ကောင်းကင်က ဝဲပျံကြွလာတဲ့ သားတော်ဟောင်း ပစ္စေကဗုဒ္ဓါရှစ်ပါးကိုမြင်တော့ သားရဲ့ချစ်ခြင်းဖြစ်ပီး နို့အစုံမှ နို့ရည်ထွက်ကျလာပါတယ်၊ သူတို့လင်မယားလဲ ပစ္စေကဗုဒ္ဓါကိုကြည်ညိုဝမ်းသာဖြစ်ပီး အကြောင်းပြောနေကြစဉ် ပစ္စေကဗုဒ္ဓါရှစ်ပါးတို့လဲ ကောင်းကင်မှဆင်းသက်လာကာ သူတို့လင်မယားရှေ့မှာ လာရပ်တော်မူပါတယ်။

မိန်းကလေးလဲ သားဖြစ်ခဲ့ဘူးတဲ့ ပစ္စေကဗုဒ္ဓါတို့အား ဆွမ်းကပ်ပူဇော်ပီး မနက်ဖန်မှာလဲ တပည့်တော်မရဲ့ဆွမ်းကို အလှူခံတော်မူပါဘုရားလို့လဲ လျှောက်ထားလိုက်ပါတယ်၊ ပစ္စေကဗုဒ္ဓါတို့ကလဲ ရှစ်ပါးစာကိုသာ စီမံဘို့မိန့်တော်မူပီး ပြန်ကြွတော်မူပါတယ်။

ပစ္စေကဗုဒ္ဓါရှစ်ပါးက လေးရာကိုးဆယ့်နှစ်ပါးတို့ကို အခြားသို့ ဆွမ်းခံမထွက်ပဲ အမိဖြစ်ဘူးတဲ့အိမ်သို့ ကြွကြပါလို့ခေါ်ယူကာ တန်ခိုးတော်အားဖြင့် အိမ်ကိုလည်းကောင်း ရှစ်ပါးစာစီမံထားသော ဆွမ်းခဲဘွယ်တို့ကို တိုးပွားစေပြီး နေရာတို့ကိုလဲ ဖန်ဆင်းသီတင်းသုံးတော်မူကြပါတယ်။

ငါးရာစလုံးခိုင်းရင် တာဝန်ရှိမှာစိုးလို့ ရှစ်ပါးစာခိုင်းတာ။

မိန်းခလေးလဲ သားငါးရာဖြစ်ဘူးသော ပစ္စေကဗုဒ္ဓါငါးရာတို့အား ဆွမ်းလှူဒါန်းပြီး ရှစ်လက်သောကြာညိုပန်းတို့ကိုယူ၍ တပည့်တော်မသည် ဖြစ်လေရာဘဝ ဒီကြာညိုပန်းရဲ့အဆင်းကဲ့သို့ ဖြစ်ပါစေသား ဆုတောင်းပါတယ်၊ ပစ္စေကဗုဒ္ဓါငါးရာတို့လဲ အနုမောဒနာပြုကြပြီး ကောင်းကင်ခရီးက ပျံကြွကြပါတယ်။

အဲဒီမိန်းမဘဝက စုတေတော့ တာဝတိံသာနတ်ပြည်မှာ ဖြစ်ပါတယ်။

ဒို့မြတ်စွာဘုရား ပွင့်တော်မူလာတဲ့အခါ တာဝတိံသာနတ်ပြည်မှာ စုတေခဲ့၍ သာဝတ္ထိပြည် သူဌေးမျိုး၌ဖြစ်လာတော့ ဆုတောင်းခဲ့တဲ့အတိုင်း ကြာညိုပန်းပွင့် အဆင်းနဲ့တူလို့ ဥပ္ပလဝဏ္ဏာလို့ နာမယ်မှည့်ခေါ်ပါတယ်။

(ဥပ္ပလ–ကြာ၊ ဝဏ္ဏ–အဆင်း၊ ဥပ္ပလဝဏ္ဏာ–ကြာညိုပန်းအဆင်းရှိတဲ့မိန်းမ)

ကိုင်း–လယ်သမားဘဝက နေပြီး သူဌေးသမီးဖြစ်လာပြန်ပြီ၊ ဟိုဘဝက ကုသိုလ်ဆက်ပြီး ကြာညိုပန်းလှူ ဆုတောင်းခဲ့လို့လဲ ဥပ္ပလဝဏ္ဏာ ဖြစ်လာပြန်ပြီပေါ့။

ဒါကြောင့် သံသရာကျင်လည်နေကြရတဲ့ သတ္တဝါများ တရံတလေ ဆင်းရဲနဲ့ တွေ့ရသလို တခါတလေကျတော့လဲ ချမ်းသာနဲ့တွေ့ရကြုံကြရတာဟာ ဓမ္မတာပဲ မဟုတ်ပါလား၊ လည်လဲလည်တဲ့ သံသရာပဲဟာ။

အမြဲဆင်းရဲ မနေရသလို အမြဲလဲ ချမ်းသာမနေရဘူး ဆိုတာ သဘောပေါက်ကြ (အင်း ဆင်းရဲတခါ ချမ်းသာတလှဲ့ပဲပေါ့–)ဆင်းရဲတခါ မွဲတလှည့်လဲ လုပ်မနေနဲ့အုန်း အဲဒါပွဲထဲက ရီစရာပြောတာ၊ ဒါနမရှိရင်တော့လဲ မမှားပါဘူး၊ ဒါနမရှိတော့ မွဲတတ်တာ မဟုတ်လားထားပါတော့။

ဥပ္ပလဝဏ္ဏာသူဌေးမလေး အရွယ်ရောက်လာတော့ ဇမ္ဗူဒိပ်ကျွန်းမှာရှိကြတဲ့မင်းတွေ သူဌေးတွေ ဥပ္ပလဝဏ္ဏာရဲ့မိဘတွေထံ တမန်စေလွှတ်

၍ တမျိုး လက်ဆောင်ပဏ္ဏာပေး၍တဖုံ သူ့ပေးပါ ငါ့ပေးဆက်ပါနဲ့ မင်းတွေ သူဌေးတွေက တောင်းခံလာကြတဲ့အခါ ဘခင်သူဌေးကြီးက ဟိုမင်းပေးလိုက် ဒီမင်းကရန်ငြိုးထားအုန်းမယ်၊ ဒီသူဌေးပေးလိုက်ပြန် တော့ ဟိုသူဌေးက နာလိုမှာမဟုတ်ဘူး၊ နဲ့နဲ့စီခွဲဝေပေးရအောင်ကလဲ အမဲဟင်းလျာ ဟင်းရွက် ကဇွန်းမဟုတ်၊ ငါ့မှာ သမီးတယောက်မွေး တယ်လဲဒုက္ခများပါလား၊ အင်း....ဒီလိုနဲ့တော့ မဖြစ်တော့ဘူး၊ တမျိုး ကြံရအုန်းမှ စိတ်အေးရမှာဆိုပြီး သမီးခေါ်တိုင်ပင်ပါတယ်။

ဖေဖေ တခုပြောမယ် နားထောင်၊ ပြောပါ ဖေဖေ သမီးနား ထောင်နေပါတယ်၊ သမီးရုပ်အဆင်း လှပတာဟာ ဇမ္ဗူဒိပ်တကျွန်းလုံး ကျော်စောထင်ရှားနေတယ်ဆိုတာ သိတယ်နော်၊ သိပါတယ်ဖေဖေ၊ အဲဒါ ဘာပြုလို့လဲ ဘာပြုရမလဲ သမီးရုပ်ရေလှပတာ ဖေဖေဒုက္ခရောက် ရတော့မလိုလိုဖြစ်နေပြီ၊ ဘာပြုလို့ ဇမ္ဗူဒိပ်တကျွန်းလုံး ဥပ္ပလဝဏ္ဏာ ဟာ လှတယ်ချောတယ်နဲ့ လူတိုင်းပါးစပ်ဖျား ရေပန်းစားပြောဆိုနေ ကြရုံမက မင်းတွေ သူဌေးတွေက သူ့ပေးပါ ငါ့ဆက်သပါနဲ့ ဆူညံ နေပြီ။

ဒီတော့ သမီး အိမ်ရာတည်ထောင် လူ့တို့ဘောင်မှာ မနေပဲ အဝါရေသက်န်းဆင်မြန်းပြီး ရဟန်းမိန်းမ ပြုနိုင်ပါ့မလားလို့ မေးပါ တယ်။

သမီးချောလေး ဥပ္ပလဝဏ္ဏာလဲ တသင်္ချေနဲ့ကမ္ဘာတသိန်း ပါရမီ ဖြည့်၍ ရင့်ပြီးတဲ့ ပါရမီရှင်ဖြစ်နေလေတော့ သူ့ဖေဖေပြောတဲ့စကား မမြွှော်လင့်ပဲ ကြားလိုက်ရရင်ပဲ အကြိမ်တရာ ချက်ထားတဲ့ ဆီကြည်နဲ့ ဦးခေါင်းထက်က လောင်းသလို အလှန်တရာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားပြီး ဖြစ်ပါတယ် ဖေဖေ အခုပဲ သမီးလုပ်နိုင်ပါတယ် မငြင်း ပါဘူးလို့ပြောပြပါတယ်။

သူ့ဖခင်လဲ ဝမ်းမြောက်ဝမ်းသာနဲ့ ဒါမှဖေဖေ့သမီးဆိုကာ များစွာသော ပူဇော်သက္ကာရကို စီရင်ပြီး ဘိက္ခုနီမကျောင်းသို့ လိုက်ပို့ပါတယ်။

ဘိက္ခုနီမလုပ်ပြီးလို့ မကြာမြင့်မီပဲ ဥပုသ်အိမ်၌ ဆီမီးထွန်းညှိစရာ ဆီမီးရောင်နိမိတ်ကိုယူ၍ တေဇောကသိုဏ်းလျှင် နိမိတ်အာရုံပြုမိလျှင် ဈာန်ကိုရပြီး ထိုဈာန်ကို ဝိပဿနာ၏ အခြေပြု၍ ရုပ်နာမ်တို့ရဲ့ဖြစ်ပျက်မှုကို နှလုံးသွင်းပါများတဲ့အခါ ရဟန်းပြုတဲ့နေ့မှစ၍ တဆယ့်ငါးရက်မတိုင်မီ အာသဝေါကင်းကွာ ရဟန္တာမ ဖြစ်သွားပါတယ်။

ရဟန္တာမဖြစ်တာနဲ့ တပြိုင်နက် အဘိညာဉ်ခြောက်ပါး၊ ပဋိသမ္ဘိဒါလေးပါးတို့နှင့် ပြည့်စုံပြီး အနက်အထူးဖြင့် ဒေ့ဆုတောင်းအတိုင်း တန်ခိုးဣဒ္ဓိအရာမှာ များစွာသော ရဟန်းမိန်းမ အပေါင်းတို့ထက် အသာလွန်ဆုံး ဖြစ်ပါတယ်။

မြတ်စွာဘုရားသခင်ကလဲ ငါဘုရားသာသနာတော်မှာ— များစွာသော ရဟန်းမိန်းမတွေထက် ငါ့သမီးတော် ဥပ္ပလဝဏ္ဏာသည် တန်ခိုးအရာတွင် အသာလွန်ဆုံး အလွန်ကဲဆုံးဖြစ်တယ်လို့ ဧတဒဂ်ရာထူး ချီးမြှင့်ခြင်းခံရတဲ့ လက်ဝဲတော်ရံ အဂ္ဂသာဝိကာမ ဖြစ်ရပြီး ဥပ္ပလဝဏ္ဏာထေရီမဟူ၍ သာသနာတော်မှာ တလျှောက်လုံး ထင်ရှားပါတယ်၊ (တသခ်ျနဲ့ ကမ္ဘာတသိန်းဖြည့်ကျင့်ရပါတယ်) တရားနာပရိသတ်တွေ ဥပ္ပလဝဏ္ဏာလို ကျင့်ကြံကျိုးကုတ် အားထုတ်နိုင်ကြပါစေ။

ဟောလိုရင်းက သူဆင်းရဲမလေး ဘဝတုန်းက ရဟန္တာအား ပုဗ္ဗစေတနာ, မုဉ္စစေတနာ, ပရစေတနာဆိုတဲ့ စေတနာသုံးတန် ပြဋ္ဌာန်းပြီး လှူဒါန်းနိုင်ခဲ့တဲ့သတ္တိ သူ့မှာရှိနေတယ်မဟုတ်လား၊ မလှူချင်ရင် လှူပါ့မလား မလှူပါဘူး၊ ဒါဖြင့် အပြန်အလှန်ယူလိုက်တော့ လှူချင်တဲ့စေတနာ သဒ္ဓါတရားရှိနေလို့သာ လှူတယ်လို့ဆိုရမှာပဲ ဖြစ်ပါတယ်။

ဒါကြောင့် မလှူချင်လို့ မရှိပေမဲ့ လှူချင်ရင်တော့ လှူတယ်လို့ဆိုတာ ထင်ရှားစေပေါ့၊ တသက်လုံး မရှိပဲတော့ နေမှာမဟုတ်ပါ၊ ရှိအုန်းမှာပေါ့။

ဒီဥပ္ပလဝဏ္ဏာဝတ္ထုသွားကို တရားနာပရိသတ်များ တရားရှုသူများ နားအလယ်လွယ်ဆုံး စကားဖြင့် တန်ဆာဆင် သုံးနှုန်းရေးထားကာ အကျဉ်းချုံး ဟောပြလိုက်ရပါတယ်။

လိုရင်း တဘာဝကိုသာ ဟောလိုပေမဲ့ တရားနာပရိသတ်များ တရားရှုတဲ့သူများသိစေလို နာခံမှတ်သားစေလို အတုယူစေလိုတဲ့ဆန္ဒနဲ့ အကုန်လုံး ရဟန္တာမဖြစ်သည်အထိ ဟောပြလိုက်ပါတယ်။

ကိုင်း သိတာမှတ် အဘိဓမ္မာသတ်ပါစို့။

ဤသည်ကား သုတ္တန်ဒေသနာ ထိုထက်ခက်ခဲနက်နဲတဲ့ အဘိဓမ္မာဒေသနာတော်မြတ်သည်ကား ကုသလာဓမ္မာ,အကုသလာဓမ္မာ, အဗျာကတာဓမ္မာဟု ဓမ္မသင်္ဂဏီပါဠိတော်မှာ ဟောတော်မူပါတော့သတည်း။

သာဓု သာဓု သာဓုပါဘုရား။

ထပ်ဟောပြပါအုန်းမယ်။

ပဋိသမ္ဘိဒါလေးပါးဆိုတာ....

၁။ အတ္ထပဋိသမ္ဘိဒါ–ဝေါဟာရသဒ္ဒါနက်တို့ကို အချက်ကျကျ သိမြင်နိုင်ခြင်း။

၂။ နိရုတ္တိပဋိသမ္ဘိဒါ– မိမိသိသမျှသော တရားအပေါင်းကို သူတပါးတို့အား ပညတ်သို့တင်၍ စုံစုံလင်လင်ဟောပြနိုင်ခြင်း။

၃။ ဓမ္မပဋိသမ္ဘိဒါ–ဇာတ်တူတူ မတူတူ၊ ဘာသာဟူသမျှကို နှုတ်မြွက်ဆိုက မှချသိမြင်နိုင်ခြင်း။

၄။ ပဋိဘာန ပဋိသမ္ဘိဒါ-အခုဟောခဲ့တဲ့ ပဋိသမ္ဘိဒါ သုံးပါး စလုံးကို ပိုင်းခြားဝေဖန်၍ သိတဲ့ဉာဏ်။

အဘိညာဏ်ခြောက်ပါး ဆိုတာက....

၁။ ဣဒ္ဓိဝိဓအဘိညာဏ်၊ (တန်ခိုးတော်၏ အစီအရင်ဖြင့် ပြီးတဲ့ ဉာဏ်၊ မိမိကိုယ် တခုထဲကိုပင်လျှင် ကိုယ်ပေါင်းတထောင် တသိန်း စသည်ဖြင့် ခွဲခြားဖန်ဆင်းပြနိုင်တဲ့ဉာဏ်)

၂။ ပရစိတ္တဝိဇာန အဘိဉာဏ် (သူတပါးတို့၏ စိတ်အကြံကို သိမြင်နိုင်တဲ့ဉာဏ်)

၃။ ဒိဗ္ဗစက္ခုအဘိဉာဏ် (နတ်မျက်စိကဲ့သို့ မြင်နိုင်သောဉာဏ်)

၄။ ဒိဗ္ဗသောတအဘိဉာဏ် (နတ်နားကဲ့သို့ကြားနိုင်သောဉာဏ်)

၅။ ပုဗ္ဗေနိဝါသ အဘိဉာဏ် (ရှေး၌ဖြစ်ဘူးသော ခန္ဓာအစဉ်ကို သိမြင်နိုင်သောဉာဏ်)

၆။ အာသဝက္ခယဉာဏ် (အာသဝေါတရားတို့၏ ကုန်ရာကုန် ကြောင်းကို သိနိုင်တဲ့ဉာဏ်)

## ပဋိသန္ဓေလေးမျိုး

ပဋိသန္ဓေလေးမျိုးဆိုတာ—(၁) သံသေဒဇပဋိသန္ဓေ။ (၂) ဩပပါတိက ပဋိသန္ဓေ။ (၃) အဏ္ဍဇပဋိသန္ဓေ။ (၄) ဇလာဗုဇ ပဋိသန္ဓေဟူ၍ လေးမျိုးရှိပါတယ်။

၁။ သံသေဒဇပဋိသန္ဓေဆိုတာ— အမှိုက်ပုပ်, ရေပုပ်, ပန်းစသည် တို့၌ ငြိတွယ်၍ဖြစ်ရတဲ့ သတ္တဝါများ ဘာတွေလဲဆိုတော့ (လောက်၊ လောက်လမ်းစတဲ့သတ္တဝါတွေ) နောက်ပြီး ပဒုမ္မာကြာ၊ ဝါးရုံ၊မကျည်း ပင် စသည်တို့၌ဖြစ်ရတဲ့ ပဒုမဝတီမိဖုရား၊ အာသကံမိဖုယား၊ ဝေဠု ဝတီမိဖုယား၊ စိဉ္စမာဏဝိကာတို့ဟာ သံသေဒဇ ပဋိသန္ဓေနေသူတွေပဲ ဖြစ်ကြပါတယ်၊ သူတို့မှာ မိဘမရှိကြပါ။

၂။ သြပပါတိက ပဋိသန္ဓေဆိုတာ– ခြေလက်အင်္ဂါ အပြည့်အစုံနဲ့ ကိုယ်ထင်ရှားဖြစ်ကြရတဲ့ သတ္တဝါတွေပေါ့၊ (နတ်တွေ– ပြဟ္မာတွေ ကမ္ဘာဦးကလူတွေ–ငရဲသားတွေပဲ ဖြစ်ကြပါတယ်) သူတို့လဲ မိဘမရှိကြပါ၊ မိဘရဲ့သုက်သွေးကို မမှီရဘဲ ကံသင်္ခါရကြောင့် ခန္ဓာ အထင်အရှား ဖြစ်ပေါ်လာရတာပဲ ဖြစ်ပါတယ်။

၃။ အဏ္ဍဇပဋိသန္ဓေဆိုတာ– ဥခွံအတွင်းမှာဖြစ်ရတဲ့ သတ္တဝါတွေပေါ့၊ (ကြက်၊ ငှက်၊ စတဲ့ သတ္တဝါတွေပဲ ဖြစ်ပါတယ်။)

၄။ ဇလာဗုဇပဋိသန္ဓေဆိုတာ– မိခင်ရဲ့သားအိမ်တွင်းမှာ ဖြစ်ကြရတဲ့ သတ္တဝါမျိုးတွေပေါ့ (လူတွေ–ခွေးတွေ–နွားတွေ) စတဲ့ သတ္တဝါတွေဟာ ဇလာဗုဇပဋိသန္ဓေလို့ ခေါ်ပါတယ်။

အဏ္ဍဇ၊ ဇလာဗုဇနှစ်မျိုးကို ပေါင်းပြီး ဂဗ္ဘသေယျကပဋိသန္ဓေလို့ ခေါ်ပါတယ်၊ အမိဝမ်းမှာ ပဋိသန္ဓေကိန်းအောင်း နေကြတဲ့သတ္တဝါတွေပါပဲ၊ မိဘရဲ့သုတ်သွေးကိုမှီ ဖြစ်ကြရပါတယ်။

## ဂဗ္ဘသေယျက ပဋိသန္ဓေတည်နေပုံ

၁။ မိခင်လောင်းဟာ ရာသီပန်းပွင့်ဆဲ စဖြစ်ပြီး သားအိမ်သန့်ရှင်းနေခြင်း။

၂။ မိဘနှစ်ပါးတို့ ပျော်ပါးခြင်း။

၃။ ထိုအမိဝမ်း၌ ပဋိသန္ဓေနေမဲ့ သတ္တဝါလောင်းဟာ ထိုအချိန်မှ စုတေခြင်း–အဲဒီအင်္ဂါပြည့်စုံမှ သန္ဓေတည်နေနိုင်တယ်လို့ ဆိုပါတယ်။

ထပ်ဟောပြောတာ ပြီးစေပါ။

## ဓမ္မဒိန္နာ အတိတ်ဝတ္ထု

ဓမ္မဒိန္နာဆိုတာက အခြားမဟုတ်ပါဘူး၊ ဒို့ဘုရားလက်ထက် တရားဟောအကောင်းဆုံး ဘိက္ခုနီမ တပါးပဲဖြစ်ပါတယ်၊ ဒီသီတင်းလဲ မရှိလို့မလှူ မလှူလို့မရှိ ဆိုတဲ့အကြောင်းကိုပဲ ဟောရမှာပဲ။

ဟို....ကမ္ဘာဘသိန်းလက်ထက်က ပဒုမုတ္တရမြတ်စွာဘုရား ပွင့်တော်မူတဲ့အခါ ဓမ္မဒိန္နာအလောင်းက ဟံသာဝတီပြည်မှာ အင်မတန်ဆင်းရဲတဲ့ သူဆင်းရဲဖြစ်ပြီး သူများအိမ်မှာ အစေခံလုပ်ရပါတယ်။

တနေ့တော့ ဓမ္မဒိန္နာအလောင်း သူဆင်းရဲမလေးဟာ မုံ့ပြားလေးကိုင်ပြီး မနက်စောစော ရေခပ်ထွက်အလာ ဆွမ်းခံကြွလာတဲ့ ပဒုမုတ္တရမြတ်စွာဘုရားရဲ့ အဂ္ဂသာဝက အရှင်သုဇာတ မထေရ်မြတ်နှင့် မမြော်လင့်ပဲ ပက်ပင်းပါ ဘွားကနဲဆို လမ်းမှာ မြင်လိုက်ရပါတယ်။

အော်....အရှင်သုဇာတ မထေရ်ပါလား၊ ဆွမ်းလဲရသေးဟန် မတူသေးဘူး၊ ငါ့မှာလဲလှူစရာ အထူးမပါ၊ မတတ်နိုင်ပါဘူးလေ၊ သဒ္ဓါတတ်အား နဲ့များမဆို မလှူလို့မရှိ၊ မရှိလို့မလှူဆိုတာလို မရှိတိုင်းသာ မလှူပဲနေရမယ်ဆိုရင် ဘယ်တော့မှ လှူရတော့မှာ မဟုတ်တော့ဘူး၊ ဒီလောက်အဖိုးမတန်တာထားလို့ ငါစားဘို့ယူလာတဲ့ မုံ့ပြားလေးကိုပဲ လှူလိုက်မှပဲလို့ကြံပြီး စေတနာသုံးတန် ပြဋ္ဌာန်းလှူလိုက်ပါတယ်။

အရှင်သုဇာတမထေရ်မြတ်ကလဲ ဒါယိကာမလေး သဒ္ဓါတရားပွါးများပါစေတော့ဆိုတဲ့ သဘောနဲ့ လမ်းမှာထိုင်ပြီး ဘုဉ်းပေးတော်မူလိုက်ပါတယ်၊အခုခေတ်ဆိုရင် လမ်းတောင်ထိုင် ဘုဉ်းပေးကြတယ်ပြောမှာ၊ အရှင်သုဇာတ ဘုဉ်းပေးတာကို ကြည့်ပြီး သူဆင်းရဲမလေးက တွေးတယ်၊ ဘယ်လိုတွေးသလဲဆိုရင်....

ပဒုမုတ္တရမြတ်စွာဘုရားရဲ့ အဂ္ဂသာဝကဖြစ်ပါလျက် ငါကျွန်မလှူတဲ့ အဖိုးမတန်မုံ့ကိုတောင် ဘုဉ်းပေးတော်မူတာပဲလို့ တွေးပါတယ်၊ ဒါနဲ့ ကြည်ညိုသဒ္ဓါပွားများလာတာပေါ့၊ အလှူခံပုဂ္ဂိုလ်နဲ့ ကြုံနေတုန်း ငါစားမဲ့ထမင်းကိုပဲ လှူမယ်လို့တွေးကာ အိမ်ပင့်သွားပြီး လှူပြန်ပါတယ်။

ဒါဘာလဲ စေတနာပဲ မဟုတ်လား၊ အလှူဆိုတာလဲ အထမြောက် ခဲ့တယ်နော်၊ သဒ္ဓါတရား ရှိနေရမယ်၊ အလှူဝတ္ထုရှိနေရမယ်၊ အလှူခံ ပုဂ္ဂိုလ်လဲ ရှိနေရပါအုန်းမယ်၊ အခြေအနေအားလုံး ပေးနေရမယ်ဆို တဲ့ အင်္ဂါတွေနဲ့ ပြည့်စုံနေမှ အလှူအထမြောက် အောင်မြင်နိုင်မယ်ဆို တဲ့ အင်္ဂါတွေနဲ့ ပြည့်စုံနေမှ ဒီအလှူ အထမြောက်အောင်မြင်နိုင်ပါတယ် လို့ မှတ်ထားကြ။

ဒီအစေခံမလေးရဲ့ အိမ်ရှင်သူဌေးကြီးလဲ အင်း....ဒီကလေးမလေး မျိုး အိမ်မှာရှိနေရင် လောကီရော လောကုတ္တရာပါ အကျိုးမယုတ်ပဲ အကျိုးရှိကောင်း ရှိလိမ့်မယ်လို့တွေးပြီး သဘောကျတာနဲ့ သူ့သားနဲ့ ပေးစားထားလိုက်ပါတယ်။

ဒါကြောင့် မြတ်စွာဘုရားက သူ့တရား အားထုတ်တဲ့သူဟာ ချက် ချင်းအကျိုးပေးခြင်းငှါ ထိုက်တယ်လို့ ဟောတော်မူပါတယ်၊ အခု ကြည့်လေ အစက အခြေမဟန်တဲ့ အစေခံဘဝ ဟောအခု အခြေမသေး တဲ့ သူဌေးမလေးဘဝ။

တနေ့တော့ သူ့ယောက္ခမကြီးနဲ့ အတူတူ ပဒုမုတ္တရ မြတ်စွာဘုရား တရား သွားနာကြပါတယ်၊ အဲဒီနေ့မှာပဲ ပဒုမုတ္တရမြတ်စွာဘုရားက ထေရီမ တပါးကို ငါဘုရား သာသနာတော်မှာ ဘိက္ခုနီမများထဲတွင် တရားဟော အကောင်းဆုံးလို့ ပရိသတ်အလယ်မှာ ချီးမွမ်းတော်မူပြီး အရာထားတော်မူတာ မြင်ပါတယ်။

ဒီအခါမှာ ဒို့မမ္ဗဒိန္နာအလောင်း သူဌေးမလေးကလဲ အလွန်တရာ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ငါလဲ ဘုရားတဆူဆူရဲ့လက်ယက်တော်မှာ ဒီဘိက္ခုနီမလို ဓမ္မကထိက တံဒဂ်ရတဲ့ ဘိက္ခုနီမများဖြစ်ရင် ကောင်း မှာပဲလို့ စိတ်ကူးပြီး ယောက္ခမကြီးကို ဘုရားအမှူးရှိတဲ့ သံဃာတော် အပေါင်းကို ကျမပင့်၍ ဆွမ်းကပ်လှူလိုတဲ့အကြောင်း ပြောပြတိုင်ပင် ကာ ဆွမ်းကပ်လှူပါတယ်။

ဆွမ်းကပ်လှူလိုလဲပီးရော မှန်လှပါတပည့်တော်မဟာ သံဃာတော် မြတ်အပေါင်းနှင့်တကွ မြတ်စွာဘုရားအား ဆွမ်းလှူရတဲ့ ကုသိုလ်အဟုန်ကြောင့် နောင်ဘုရားစာဆူဆူရဲ့ လက်ထက်တော်မှာ ဟိုနေ့က မြတ်စွာဘုရား ဓမ္မကထိကအရာမှာ ဧတဒဂ်ရာထူးပေးတဲ့ ဘိက္ခုနီမလို တရားဟောဓမ္မကထိကအရာ ဧတဒဂ်ရတဲ့ ဘိက္ခုနီမ ဖြစ်ပီး နိဗ္ဗာန်စံဝင်ရပါလို၏ဘုရားလို့ ဆုတောင်းပါတယ်။

ဒီအခါမှာ ပဒုမုတ္တရမြတ်စွာဘုရားက သူငယ်မလေး မစိုးရိမ်နှင့် သင်တောင်းတဲ့ဆု ကေန်မုချပြည့်စုံလိမ့်မယ် ဒီကမ္ဘာမှ ရှေ့ကမ္ဘာ တသိန်းကျတော့ ဩက္ကာကမင်းမျိုး၌ဖြစ်သော အမည်တော်အားဖြင့် ဂေါတမအမည်တော်ရတဲ့ ငါနဲ့ရည်တူ ဘုရားတဆူ ပွင့်တော်မူလိမ့်မယ်။

အဲဒီမြတ်စွာဘုရား လက်ထက်တော် ရောက်လာတဲ့အခါ ဓမ္မဒိန္နာ ဖြစ်လို့ ဓမ္မကထိကဘိက္ခုနီမ ဧတဒဂ်ရာထူးရလိမ့်မယ်လို့ ဗျာဒိတ်စကား မိန့်ကြားတော်မူပါတယ်။

ဒီစကားတော် ဓမ္မဒိန္နာအလောင်း သူဌေးမလေး ကြားတဲ့အခါ လွန်စွာ ဝမ်းမြောက် ဝမ်းသာဖြစ်ပီး ပဒုမုတ္တရမြတ်စွာဘုရားအား ဆွမ်းစတဲ့ ပစ္စည်းလေးပါးဖြင့် တသက်လုံး ကူညီထောက်ပံ့ လုပ်ကျွေးပီး သေတဲ့အခါ နတ်ပြည်ရောက်သွားပါတယ်။

ဒီဘဒ္ဒကမ္ဘာအတွင်းမှာ ကဿပမြတ်စွာဘုရား ထင်ရှားပွင့်တော်မူလာပါတယ်။

အဲဒီအခါတုန်းက ကဿပဘုရားရှင်ရဲ့ အလုပ်အကျွေး ဒါယကာက ဗာရာဏသီပြည့်ရှင် ဘုရင်ကိကီမင်းကြီးပဲ ဖြစ်ပါတယ်၊ ကဿပဘုရားရှင် ရှေ့လက်ထက်တော်လဲ ရောက်လာရော ဓမ္မဒိန္နာအလောင်း သူတော်ကောင်းမလေးဟာ နတ်ပြည်မှ ဆင်းသက်ခဲ့လို့ ကိကီမင်းကြီးရဲ့ သမီးတော် ခုနစ်ယောက်တို့တွင် ခြောက်ယောက်မြောက် ဖြစ်တဲ့ (သုဓမ္မာ) ဆိုတဲ့ နံမယ်နဲ့ သမီးတော်ဖြစ်လာရပါတယ်၊ သမီးခုနစ်

ယောက်နာမယ်များကို (ဆယ်ပါးသီလကို လူများစောင့်ကောင်းသလား)ဆိုတဲ့အခဏ်းမှာ ဟောခဲ့ပီ။

သူတို့ခုနစ်ယောက်စလုံးဟာ သာမညမင်းသမီးတွေ မဟုတ်ကြပါဘူး၊ ပါရမီရှင်တွေပေါ့၊ သူတို့ညီအစ်မခုနစ်ယောက်က ဘုရားတရားမကြာမကြာ နာကြားရသဖြင့် မကြာမကြာပဲ ခမည်းတော်မင်းကြီးထံ ရဟန်းမိန်းမပြုလုပ်ရန် ပန်ကြားကြပါတယ်၊ ရဟန်းမိန်းမပြုလုပ်ချင်စိတ် ပေါက်ကြမှာပေါ့ ပါရမီရှင်တွေကလည်း ဖြစ်နေ ဘုရားတရား သံဃာဆိုတဲ့ ရတနာသုံးပါးနဲ့ကာလဲ အတွေ့အထိများ (အတွေ့အထိများတယ်) ဆိုတာ မကြာခဏ ဘုရားဖူးသွားတယ်၊ တရားနာတယ်၊ ဘုရားစတဲ့ရတနာသုံးပါး ဆည်းကပ်ကိုးကွယ် ဆွမ်းဒါနစသောကုသိုလ်ကောင်းမှုတွေ ပြုလုပ်တာကို ခေါ်တယ်။

သမီးတော်တွေက ရဟန်းမိန်းမပြုလုပ်ရန် ခွင့်ပန်ကြပေမဲ့ ခမည်းတော် ကိကီမင်းကြီးက ခွင့်မပေးဘူး၊ သမီးတွေက ဖခင်ခွင့်မပြုချင်လဲ နေပါစေ၊ ရဟန်းမိန်းမ မပြုလုပ်ရပေမဲ့ အိမ်ထောင်မှု မပြုကြပဲ ဘုရားစတဲ့ ရတနာသုံးပါးတို့အား လုပ်ကျွေးဆည်းကပ်ခါ နန်းတော်တွင်းမှာပဲ မဟာနိဒါနသုတ်တော်ကြီးကို ကျက်မှတ်ပီး ရွတ်ဖတ်နေကြရန် ညီအမခုနစ်ယောက် တိုင်ပင်ကာ နေကြတယ်ပေါ့။

ကောမာရပြဟ္မစာရီအကျင့်ကိုလဲ အနှစ် (နှစ်သောင်း) ကာလပတ်လုံး ကျင့်သုံးကာ အားထုတ်နေကြပါတယ်၊ အတုခိုးကြ မိန်းကလေးတွေ၊ ဒါမျိုးတော့ အတုခိုးမှာမဟုတ်ပါဘူး၊ (အဝ္ါ) မျိုးမှမဟုတ်တာ၊ အဝ္ါဆိုတာ၊ အဝတ်အစားကိုပြောတာပါ တခြားဟာမတွေးပါနဲ့ အတုခိုးဘို့ကောင်းတယ်။

ဒီတရားဟောနေတဲ့ အချိန်မှာဘဲ အဝတ်တမျိုး ပေါ်နေပြန်ပီ (ရေစိုထမီ)တဲ့ တောကတော့ ဝယ်ဝတ်နေစရာမလိုပါဘူး ဘာပြုလို့လဲ ဆိုတော့ ကောက်စိုက်ရတာအမြဲ အောက်နားက ရေစိုနေတာမဟုတ်လား၊ ထမီတောင် ရောက်နေပီ၊ ထားပါတော့လေ။

သူတို့ညီအမခုနစ်ယောက်ကို အတူခိုးကြလို့သာ ဟောရပေမဲ့ တသီတင်း တလတောင် ဥပုသ်စောင့်ဘို့ အတော်ဝန်လေးကြမှာပါ၊ ညစာ ထမင်းဆာလို့။

ဥပုသ်စောင့် မလိုက်ချင်ကြဘူး၊ ဥပုသ်စောင့်တာများ ဂုဏ်ငယ် တယ်ထင်သလား မသိဘူး ရှက်လို့ဘုရား....လို့တော့ လျှောက်ထားဘူး တယ်၊ များသောအားဖြင့် တသီတင်းလောက် ကြားညှပ်ပီး အင်တင် တင်နဲ့ အနိုင်နိုင်ကြိုးစားလိုက်ကြတာ တွေ့ရပါရဲ့ ဒါပေမဲ့ သူ့သီလလုံ ခြုံပီလို့တော့ မဆိုနိုင်သေးဘူး ဘာပြုလို့လဲဆိုတော့ တပည့်တော်မက ကျောင်းတွင် ဥပုသ်ယူတာ ထမင်းဆာရင် စားမှာဆိုတာက ရှိသေး လို့ပဲ။

ဘာပဲဖြစ်ဖြစ် ခနလေးပဲဖြစ်ဖြစ် ကြာကြာပဲဖြစ်ဖြစ် စိတ်စေတနာ သဒ္ဒါတရားရှေ့ရှု နိဗ္ဗာန်အာရုံပြု စောင့်နိုင်ရင် အကျိုးရှိတယ်ဆိုတာ သီလနဲ့ပတ်သက်ဟောထားခဲ့တဲ့ အခဏ်းမှာ ကြည့်ရှုပါ။

မိန်းခလေးဆိုပေမဲ့ အကုန်လုံး သိမ်းကျုံးအပြစ်ပြောပြ ဟောနေ တာမဟုတ်ပါ၊ များသောအားဖြင့်လို့သာ ဟောတာ, ထားပါတော့ လေ။

နောက်ကဟောခဲ့တဲ့ အထဲမှာ ကောမာရဗြဟ္မစာရီ အကျင့်မြတ် ဆိုတာ နာခဲ့ကြပါပီ၊ အဲဒီသဘောလေး ထပ်ဟောပြပါအုန်းမယ်။

ကောမာရဗြဟ္မစာရီဆိုတာ အခုရှိကြတဲ့ သီလရှင်များလို တချို့လဲ လူဝတ်နဲ့ပဲ သစ်ခေါက်ဆိုး ပိတ်ဖြူတို့ကိုဝတ်ပီး ငယ်ငယ်ကလေးထဲက စ၍ ယောကျ်ားမယူပဲ အပျိုဘဝနဲ့နေပီး ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလတို့ကို ဆောက်တည်နိုင်သရွေ့ ဆောက်တည်ပီး တသက် လုံးကျင့်သုံးနေခြင်းကို ကောမာရဗြဟ္မစာရီလို့ခေါ်ပါတယ်၊ ဒါပေမဲ့ သီလဆောက်တည်တယ်ဆိုရင်ပဲ ကောမာရဗြဟ္မစာရီလို့ ခေါ်တာ ပါပဲ။

ဒါပေမဲ့ ဒီနေရာမှာ အဝတ်ဟာ လိုရင်းမဟုတ်ပါ၊ ငါးပါးတတ်နိုင်ရင် ငါးပါး၊ ရှစ်ပါးတတ်နိုင်ရင်ရှစ်ပါး၊ ဆယ်ပါးတတ်နိုင်ရင်ဆယ်ပါး၊ ဒီသီလသုံးမျိုးမှာ မိမိတတ်နိုင်ရာသီလကို ကျင့်သုံးဆောက်တည်၍နေတဲ့ မိန်းမမြတ်ဟာ ကောမာရဗြဟ္မစာရီလို့ ခေါ်ပါတယ်တဲ့။

ဓမ္မဒိန္နာထေရီမက ကိကီမင်းကြီးရဲ့သမီးတော် ခုနစ်ယောက်ထဲက သူတယောက်လဲ အပါအဝင်ပဲဆိုတာကို ရဟန္တာမဖြစ် ဟောပြတာ။

သမီးတော်ခုနစ်ယောက်ရဲ့ နံမယ်တွေကို (လူတွေ ဆယ်ပါးသီလစောင့်ကောင်းလား) ဆိုတဲ့ ဟောကွက်မှာ ပါလိမ့်မယ်။

အခုဟောခဲ့တဲ့ ကောမာရဗြဟ္မစာရီ အကျင့်မြတ်ကို မပျင်းမရိပဲ အားထုတ်နေကြပြီး မင်းသမီးဘဝ စုတေကြတော့ တာဝတိံသာနတ်ပြည် ရောက်သွားကြပြန်ပါတယ်။

ဒို့ဂေါတမ ဘုရားလက်ထက် ရောက်လာတဲ့အခါ ရာဇဂြိုဟ်ပြည်မှာ သူဋ္ဌေးသမီး ဖြစ်လာလို့ အရွယ်ရောက်တဲ့အခါ ဝိသာခ သူဋ္ဌေးနဲ့ အကြောင်းဆက် ပေါင်းဘက်ပါတယ်။ (ဓမ္မဒိန္နာ အတိတ်ဝတ္ထု ပြီးစေပေါ့) အတိတ်ဝတ္ထုက–

(ရှေ့နားက လင်ကောင်းမယား နိဗ္ဗာန်သွား၊ မယားကောင်းလင် နိဗ္ဗာန်ဝင် ဆိုတဲ့ တရားတော်မှာ တက်နာကြပါ။)

လိုချင်တဲ့ တရားသားတင် သူ့နေရာနဲ့သူ ထုတ်ဟောတဲ့အတွက် တဆက်တည်း မဟောပါ။

---

(သတိ) ဘယ်ဂတိလားရမှန်း မသိတဲ့ ဝိနိပါတဘေး ကျင်လည်များစွာ သံသရာမှာ ရောက်ရာ ရောက်ရာသော ဘာသာတရား အမျိုးမျိုးကို အားကိုးကျင့်ကြံ နေကြပြန်သည်နှင့် အညီ မိစ္ဆာမှောင်ကြီးအမိုက်တိုက်ကြီးဆီး၍ နာနာသတ္တဥလ္လောကန ဘေးတွေနဲ့ မြန်မြန်လွတ်မြောက်ရအောင် လျှူကြ၊ ကျင့်ကြ၊ မမေ့ကြနဲ့။

အခုသိတင်းလဲ မရှိလို့မလှူချင်ပေမဲ့ လှူချင်ရင်တော့ ရှိတယ်ဆိုတဲ့ အမျိုးသမီးလေး တယောက်အကြောင်း ပြောပြရအုန်းမယ်။

## နာဂါအမျိုးသမီး ဝတ္ထု

နာဂါဆိုတဲ့ အမျိုးသမီးလေးက နာဂဒီပကျွန်း မဟာဂါမရွာ သူလေး ဖြစ်ပါတယ်၊ မိဘများ ကွယ်လွန်သွားပြီးတဲ့နောက် မိဘရှိစဉ် တုန်းက ယူငင်စားသုံးထားတဲ့ကြွေး ခြောက်ဆယ်ကို ကြေအောင် ကြွေးရှင်အိမ်မှာ အစေခံလုပ်၍ ကြွေးဆပ်နေတဲ့ မိန်းကလေးပဲ ဖြစ်ပါတယ်။

တနေ့သော နံနက်ခင်း ရွာပြင် ရေခပ်ထွက်အလာ သမန္တကူဋ ခြေတော်ရာတောင် ကလျာဏီစေတီ စသည်တို့ကို ဖူးမျှော်ရင်း ဒေသ စာရီလှည့်လည်ပြီး နာဂဒီပကျွန်းရှိ မဟာဂါမရွာတွင်းဝင် ဆွမ်းခံပေ မဲ့ မရခဲ့ကြလို့ ရွာအပြင်ဘက် ထွက်လာတော်မူကြတာနဲ့ နာဂါဆိုတဲ့ မိန်းကလေးနဲ့ ပက်ပင်းပါ ရင်ဆိုင်အတိုး ပဋိပတ်ပြိုက ရှိခိုးလို့။

မှန်လှပါ အရှင်ဘုရားများ ဆွမ်းများရခဲ့ကြပါပီလား ဘုရားလို့ ယဉ်ကျေးသိမ်မွေ့ ရိုသေစွာ လက်အုပ်ချီလျှောက်ထားတယ်၊ အဥ္စလီ- ကမ္မ လက်အုပ်မိုး ရှိခိုးထားတယ်နော်၊ အတုခိုးထားကြ၊ လက်ကလေး နှစ်ဘက်ပူးပီး ရှိခိုးထားတာကို (အဥ္စလီကမ္မ)လို့ ခေါ်ပါတယ်၊ ဒါနဲ့ ရဟန်းတော်များကလဲ တိုက်ရိုက် မိန့်တော်မမူကြပဲ အချိန်ရှိသေး ကြောင်း ဖြေကြားတော်မူကြပါတယ်။

ဒီစကား မိန်းကလေးကြားရတော့ အင်း.... ဆွမ်းရသေးဟန်မတူ ဘူးဟု သိသွားပါတယ်၊ ဒီလိုသိသွားတာကလဲ (အရိပ်ပြ အကောင် ထင်)တဲ့ မိန်းကလေးမို့ပါ၊ အခုခေတ်မိန်းကလေး အတော်များများ ဆိုရင် လျှောက်ထားကြည့်ပုံ့ဘို နေနေသာသာ ဘုန်းကြီးမြင် စကား မပြောတတ်တာနဲ့ ထွက်ပြေးကုန်ကြမှာ သေချာပါတယ်၊ ထွက်ပြေး တာကတော့ ပြောမနေနဲ့ အခု တရားဟောသူ ကိုယ်တိုင် ကြုံခဲ့ဘူးရ သေးတယ်။

ငါဟာ နေ့ဘက်အခါမှာသာ ကြွေးခြောက်ဆယ်အတွက် အိမ်စေအဖြစ်နဲ့ နေရပေမဲ့ ညဘက်ကျရင်တော့ အားနေသားပဲ၊ အလကားနေမဲ့အစား ညရောပါဆက်ပြီး အလုပ်ဆက်လုပ် အိမ်စေအဖြစ်နေလိုက်ရရင် ငွေခြောက်ဆယ် ပိုထွက်လာမယ်၊ အခုခေတ်အခေါ် (အချိန်ပိုအလုပ်ဆင်းပေးတယ်)ပေါ့၊ အဲဒီရတဲ့ငွေနဲ့ သံဃာတော်များ ဆွမ်းကပ်မယ်လို့ မွန်မြတ်တဲ့စိတ်ထား ထက်သန်လှတဲ့ စေတနာသဒ္ဓါ ကြည်ညိုလှတဲ့အတွက် သူ့စိတ်ကို ဆွမ်းကပ်ရန် ဆုံးဖြတ်လိုက်ပါတယ်။

ဒီနေရာမှာ မိန်းကလေးမှာ စေတနာသဒ္ဓါတရား မရှိရင် လှူချင်တဲ့စိတ်မရှိရင် အလုပ်ဖြစ်မှာ မဟုတ်ပါ၊ လှူစရာဝတ္ထုမရှိစေကာမူ လှူစရာရှိအောင် ကြံဖန်ပြီး လှူချင်စိတ် သဒ္ဓါတရားရှိတော့ လှူတယ် ဖြစ်တယ်ဆိုတာ တရားနာပရိသတ်အားလုံး သိစေချင်ပါတယ်၊ အတော်လိမ်မာပါးနပ် သဒ္ဓါဓာတ်ဖြူစင် လှူချင်စိတ်ရှိတဲ့ မိန်းကလေးပဲနော်၊ ဘာပြုလို့လဲဆိုတော့ ဝတ်ချင် စားချင်တဲ့အရွယ် အဝတ်အစား ဂရုမထား အလှအတန်း စိတ်ကလေး ထားနေလို့လဲ အခုလို လှူဖြစ်တာပဲ၊ အခုခေတ်မိန်းကလေးများ သူဝတ်ချင်လို့ အလုပ်လုပ်ချင်လုပ်မယ်၊ လှူဘို့တော့ များသောအားဖြင့် စိတ်ကူးမှာမဟုတ်ပါ၊ ကောက်စိုက်ရတဲ့ ငွေနဲ့အဝတ်အစား ဝယ်ဝတ်ကြတယ်၊ ဟုတ်ကဲ့လား၊ ဆင်နားရွက်အင်္ကျီဆိုလား ဘာဆိုလား မသိပါဘူး၊ မိန်းကလေးချင်းတွေ ပြောသံကြားထားပါတယ်လေ၊အခုမှပေါ်နေပြန်ပြီ အောက်နားက စိုစိုထိုင်းထိုင်းနဲ့ရေစိုထမီတဲ့၊ ထားပါတော့လေ။

နှုတ်စ လျှာစ သွက်လက်ဖြတ်လတ်တဲ့ မိန်းကလေးပီပီ သံဃာတော်များအား သူ့ရေအိုး တမတ်တန်ပါတယ်ဘုရားလို့ ပြောဆိုလျှောက်ထားခဲ့ပြီး ကြွေးရှင်အိမ်ပြန် ငွေ ခြောက်ဆယ်ယူ ကမန်းကတန်းချက်ပြုတ် လှူဒါန်းပါတယ်၊ ကိုယ့်မှာရှိလို့ အသာသင့်အသင့် ဆန်ပုတ်ထဲက ယူချက်ရတာမဟုတ်ဘူး ဆိုတာကိုတော့ တရားနာပရိသတ်သိပြီးဖြစ်ပါတယ်။

မိန်းကလေးက ထပ်လျှောက်ပြန်ပါတယ်၊ မှန်လှပါဘုရား တပည့်တော်မ ဆင်းရဲတာဟာ သူများတွေ ဆင်းရဲတာနဲ့မတူပါ၊ ဘာပြုလို့လဲ ဆိုတော့ သူများဆင်းရဲတာက ကိုယ့်အိမ်မှာ လွတ်လွတ်လပ်လပ် အချုပ်အချယ်မရှိ ဆင်းရဲရပါတယ်၊ တပည့်တော်မ ကျတော့ ဒီလို မဟုတ်၊ သူများအိမ်မှာ အိမ်စေဘဝနဲ့နေပြီး ကိုယ့်ကိုယ်ကို မပိုင်ပဲ ကိုယ့်ကိုယ်နဲ့ သူများစိတ်ဆိုတာလို သူများဆင်းရဲတာနဲ့ မတူဘူးလို့ လျှောက်ထားရခြင်းဖြစ်ပါတယ် ဘုရား၊ ဒါပေမဲ့ (လုပ်သလို မဖြစ် ဖြစ်သလိုလုပ်) ဟန်မလုပ်ပဲ ဉာဏ်ထုတ်ပြီး အင်မတန် စေတနာသဒ္ဓါ တရား ရှိလွန်လွန်းလို့သာ အခုလို ညရောနေ့ပါ အိမ်စေဆက်လုပ်ပြီး လှူဒါန်းရခြင်း ဖြစ်ပါတယ်ဘုရားလို့ လျှောက်ထားပါတယ်။

မိန်းခလေးစကား သံဃာတော်များ ကြားရတော့ မထေရ်ကြီးက ဒီလောက် ထက်ထက်သန်သန်နဲ့ စေတနာသဒ္ဓါပြဋ္ဌာန်းပြီး မှန်မှန် မြတ်မြတ်လှူဒါန်းသောဆွမ်းကို ပေါ့ပေါ့တန်တန် အမှတ်တမဲ့စားရိုးစားစဉ် မိမွေးတိုင်း ဘမွေးတိုင်းသောဘဝနဲ့ ဘုဉ်းပေးကြလို့ မဖြစ်ဘူး၊ အာသဝေါကင်းကွာ ရဟန္တာဖြစ်ကြမှ ဘုဉ်းပေးကြရမယ်လို့ အမိန့်ရှိချက်အရ ရဟန်းတရားအားထုတ်လိုက်တာ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အရဟတ္တဖိုလ်ကို ရသွားကြပါတယ်။

ဒီနေရာမှာ ဒို့တရားနာပရိသတ်တွေ မေးခွန်းကလေးထုတ်ကြည့်ရအုန်းမယ်၊ မိန်းခလေးက အခုလို သံဃာတော်များ ဆွမ်းလှူတာဟာ....

(၁) အလှူဝတ္ထုရှိလို့လား

(၂) ဆွေမျိုးတော်လို့လား

(၃) မလှူမဖြစ် အားနာလို့လား

(၄) မလှူရင် မင်းဒဏ်သင့်မှာ ဖမ်းမှာကြောက်လို့လား

(၅) လာဘ်လာဘမျှော်လို့လား

(၆) မလှူရင်မျိုးရိုး တိမ်ကောမှာစိုးလို့လား

(၇) သံဃာတော်များက လှူခိုင်းလို့လား

(၈) ဒါမှမဟုတ်– တယ်တော်တဲ့မိန်းကလေးပဲ အိမ်စေလုပ်နေရတာတောင် ညဘက်ပါဆက်ပြီး အိမ်စေလုပ်လှူဘယ်ဆိုတဲ့ ပတ်ဝန်းကျင် အသိုင်းအဝိုင်း ချီးမွမ်းခံရအောင်ဂုဏ်လိုချင်လို့ လုပ်တာလား

(၉) ဒီလိုမှမဟုတ်သေးရင် လောကဝတ်ဆိုတဲ့အတိုင်း တယောက်နဲ့ တယောက် စားပါအုန်း သောက်ပါအုန်းဆိုတဲ့ အသုံးအနှုန်းမျိုးလို့ လောကွတ်နဲ့ လှူတာလား

စဉ်းစားသတိထား–တရားနာပရိသတ်၊ အဲဒီအမေးစကားတွေဟာ တခုမှမဟုတ်ဖူး၊ ဒီမိန်းကလေးကိုက အင်မတန်ကြည်ကြည်ညိုညိုနဲ့ စေတနာသဒ္ဓါထက်ထက်သန်သန် အှုလိုက်သဲလိုက် စိတ်ပါလက်ပါ သီလဂုဏ်,သမာဓိဂုဏ်,ပညာဂုဏ်နဲ့ ကြည်ညိုပြီး လှူချင်တာပါ မြဲမြဲမှတ်ထားကြ။

စေတနာသဒ္ဓါ ပွါးများတဲ့ မအဝ့ါတို့သာဆိုရင် (ဆွမ်းတော်ခနေပါအုန်း ဝမ်းတော်မှ အနိုင်နိုင်) ပြောမှာ၊ ဒါကြောင့်လဲ လှူချင်တော့ရှိတယ်လို့ ပြောတာပေါ့၊ ထမင်းတလုပ်စားရဘို့– သူ့ကိုယ်သူတောင် အမယ်လေး ဘလေးရှုန်းကန်နေရတာ ဘယ်လှုကြည့်နိုင်ပါ့မလဲ၊ စေတနာသဒ္ဓါသာလိုရင်းဆိုတာ ထင်ရှားပြီး မလှူချင်လို့ မရှိဘူးငြင်းပေမဲ့ လှူချင်ရင်တော့ရှိတယ်ဆိုတဲ့သဘောပေါ်လွင်စေချင်တဲ့ ဆန္ဒနဲ့ဟောနေတာပါ၊ (သံဃာတော်များလဲ ရဟန္တာဖြစ်သွားကြမှပဲ နာဂါဆိုတဲ့မိန်းကလေး ဆွမ်းဘုဉ်းပေးကြပါတယ်၊ စေတနာသဒ္ဓါ ဒီလောက်နက်တဲ့ မိန်းခလေးလှူဟားတဲ့ဆွမ်း ပုထုဇဉ်အဖြစ်မခံနိုင်၊ ရဟန္တာဖြစ်တော့ တန်သွားတယ်ဆိုပါတော့)

တောစောင့်နတ်– တောင်စောင့်နတ် သိဟိုဠ်ဘုရင်မင်းရဲ့ ထီးချက်စောင့်နတ်မင်းတွေ သာဓုခေါ်သံ ဘုရင်ကြားရလို့ အကြောင်းစုံ သူ့ထီးချက်စောင့် နတ်မင်းထံမှ သိရတဲ့အတွက် နာဂါကို ခေါ်စေပြီး နာဂဒီပကျွန်းကို အပိုင်စားပေးတော်မူပါတယ်၊ မရှိတုန်းကတောင်မှ ကြံဖန်လှူနေတာ၊ အခုလို တကျွန်းလုံးအပိုင်ရနေတော့ ဘယ်ပြောကောင်းမလဲ လှူလိုက်တာ ဝက်ဝက်ကွဲဆိုပါတော့၊ စုတေမနေသေလွန်တဲ့အခါ နတ်ပြည်ရောက်ရပါတယ်တဲ့။

## အလှူဝတ္ထုရှိစေကာမူ–

မစ္ဆေရဲဘိက္ခဝေ ဒဒတောမယ် ဟု ဟောတော်မူတဲ့အတိုင်း မစ္ဆေရတရားဆိုတာ ဒါနရဲ့ အညစ်အကြေးလို့ ဟောတော်မူပါတယ်။

ဒါနပြုလုပ်ကြ၊ သီလစောင့်ထိန်းကြ ဘာဝနာပွားများကြ ဘယ်လိုပဲအာပြဲအောင် တိုက်တွန်းတိုက်တွန်း သူတို့လုပ်ချင်မှပဲ ဖြစ်မယ်၊ ဒါပေမဲ့ ကုလိုလ်ကောင်းမှုများစွာပြုရန် တိုက်တွန်းပေးရမှာကတော့ ပြောသူများရဲ့တာဝန် ကုသိုလ်ပြုလုပ်တာ မပြုလုပ်တာ သူတို့ရဲ့ဘာဝန်– ဟောပြောပေးသူများကတော့ မြတ်စွာဘုရား သာသနာတော်ကြီး နေလိုသလို ထွန်းပြောင်စည်ပင်ပြန့်ပွါးအောင်၊ တည်တံ့ခိုင်မြဲအောင်၊ အဓွန့်ရှည်ကြာအောင်၊ ဟောပြောညွှန်ပြရမှာ ဖြစ်ကြသည်အားလျော်စွာ ဟောပြရအုန်းမှာပဲ

ဟိုနောက်နားမှာ ကုသိုလ်ကောင်းမှုပြုလုပ်တယ်ဆိုတာ သဒ္ဓါတရားဟာ ပဓာနလိုရင်းဖြစ်တယ် ဟောခဲ့ပါတယ်၊ မှတ်မိကြပါသေးသလား၊ (မြတ်စွာဘုရားကလဲ မလှူချင်တာ အတင်းအဓမ္မ ဘေးတီးပေးပြီး လှူကြပါလို့ မဟောပါဘူး သတ္တဝါတွေဆင်းရဲဒုက္ခ တွေ့ကြုံခံစားနေကြလို့သာ ကြီးမြတ်သော မဟာကရုဏာတော်ကြီးဖြင့် ဒုက္ခခပ်သိမ်း ကင်းငြိမ်းတဲ့ နိဗ္ဗာန်ရွှေပြည်မြတ်ကို ရောက်သွားကြရအောင်

ခမ္မနည်းအတိုင်း ဟောတော်မူခြင်းဖြစ်တယ်လို့ သိထားကြ) ထား ပါတော့လေ။

သဒ္ဓါတရားနဲ့ ပတ်သက်လို့ နည်းနည်းဟောပြအုန်းမယ်၊ သဒ္ဓါ တရားဆိုတာ ဘုရားရတနာ၊တရားရတနာ၊ သံဃာရတနာ တည်းဟူ သောရတနာသုံးပါး ကံကံ၏ အကျိုးဟုဆိုအပ်သော သဒ္ဓါသဘောသို့ သက်ဝင်ယုံကြည်ခြင်း လက္ခဏာရှိပါတယ်။

နောက်ကျုခြင်း နီဝရဏဆိုတဲ့ ကိလေသာ အညစ်အကြေးကို ပယ်ထုတ်၍ သမ္ပယုတ်တရားတို့ကို ယုံကြည်စေခြင်း ကိစ္စရသ ရှိပါတယ်။

သမ္ပယုတ်တရားတို့၏ မနောက်ကျုခြင်းအဖြစ်လျှင် ဉာဏ်အား ရှေ့ရှုထင်ခြင်း ပစ္စုပဋ္ဌာန်ရှိပါတယ်။

ရတနာသုံးပါး ကံကံ၏ အကျိုးတရားဟူသော ယုံကြည်စွာ လှူအပ်သောဝတ္ထုလျှင် နီးစွာသောအကြောင်း ပဒဋ္ဌာန် ရှိပါတယ်။

ဥပမာ– လူကိုမြင်ရင် အန္တရာယ်ပြု ဖမ်းစားတတ်တဲ့ မိကျောင်း မကာရ်း ငမန်း ရက္ခိုက်ဘီလူးစတဲ့ ရန်သူတွေ ပေါများ၍ ဟိုဘက်ကမ်း မကူးဝံ့တဲ့သူများကို ရဲရဲဝံ့ဝံ့ မကြောက်မရွံ့ နောက်မတွန့်ပဲ မိကျောင်း စတဲ့ ရန်သူတွေ သတ္တိရှိရှိ ကာကွယ်သုတ်သင် ဖယ်ရှားလို့ ဟိုဘက်ကမ်း အရောက် ရှေ့ဆောင်၍ ပို့ပေးသကဲ့သို့ သဒ္ဓါတရား ဆိုတာကလဲ သမ္ပယုတ်တရားကို ရှေ့သွားခေါ်ဆောင်၍ သံသရာဆိုတဲ့ ဤမှာဘက် ကမ်းမှ နိဗ္ဗာန်ဆိုတဲ့ ဟိုမှာဘက်ကမ်းမရောက် ရောက်အောင် ပို့ဆောင် ပေးနိုင်တဲ့တရား ဖြစ်ပါတယ်။

ရေနောက်မြူအနယ် အမှုန်ကို ကြည်လင်စေနိုင်တဲ့ စကြဝတေးမင်း ကြီးရဲ့ ပတ္တမြားရတနာကဲ့သို့ နီဝရဏဆိုတဲ့ ကိလေသာအညစ်အကြေးကို ပယ်ထုတ်ပြီး သမ္ပယုတ်တရားတို့ကို ကြည်လင်စေတယ်၊ (အဋ္ဌကထာ စကား)

နောက်ပြီး သဒ္ဓါတရားဆိုတာ ကုသိုလ်ကောင်းမှု တရားတို့ကို ယူခြင်း၌ လက်နှင့်တူတယ်၊ လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာကို ပြီးစေခြင်း၌ ရွှေငွေ ရတနာ ဥစ္စာနှင့် တူတယ်၊ နိဗ္ဗာန်ချမ်းသာ တည်းဟူသော အသီးများကို သီးစေခြင်း၌ မျိုးစေ့နှင့်တူတယ်လို့ အဋ္ဌကထာဆရာ မိန့်ဆိုပါတယ်။

သဒ္ဓါတရားသည် လက်နှင့်ဘယ်လိုတူသလဲ-

လက်ရှိတဲ့သူများဟာ ဘာကိုပဲလုပ်လုပ် ဘာကိုပဲကိုင်ကိုင် ဘာကိုပဲ ယူယူ လက်မရှိပဲ ယူလို့ရပါ့မလား၊ မရပါဘူး၊ လက်ရှိမှပဲ အလွယ်တကူ ယူလို့ရနိုင်ပါတယ်။

အခုလဲ ဒီလိုပါပဲ၊ သဒ္ဓါတရား လက်ကိုင်ထားရှိတဲ့သူမှာသာ ဒါန စတဲ့ ကုသိုလ်အမျိုးမျိုး လူ့စည်းစိမ် လူ့ချမ်းသာ နတ်စည်းစိမ် နတ်ချမ်းသာ ဗြဟ္မာ့စည်းစိမ် ဗြဟ္မာ့ချမ်းသာဆိုတဲ့ ချမ်းသာအမျိုးမျိုး ဆုသုံးပါး ရှိတယ်၊ တောင်းချင်တဲ့ဆုတောင်း ဘယ်ဆု တောင်းမလဲ၊ သာဝကဗောဓိဆု၊ ပစ္စေကဗောဓိဆု၊ သမ္မာသမ္ဗောဓိဆု၊ ကြိုက်တဲ့ဆုကိုတောင်း အမျိုးမျိုး ရအောင် ယူနိုင်တာဖြစ်တဲ့အတွက် လက်နဲ့တူတယ်လို့ အဋ္ဌကထာဆရာ မိန့်ဆိုပါတယ်။

ရွှေ၊ငွေ၊ဥစ္စာနဲ့ ဘယ်လိုတူပါသလဲ-

ကုန်စုံဆိုင်ကြီး တဆိုင်မှာ ဈေးဝယ်သွားလို့ မင်းလိုချင်တဲ့ပစ္စည်း ဒီဆိုင်မှာ မရှိဘူးလို့ မပြောသကဲ့သို့ သဒ္ဓါတရား ရှိတဲ့သူဟာလဲပဲ လူအဖြစ် လူ့စည်းစိမ် ဗြဟ္မာ့စည်းစိမ်တွေကို ရဘို့ရောက်ဘို့ မခဲယဉ်းပါဘူးလို့ ဆိုလိုပါတယ်၊ ဒါကြောင့် သဒ္ဓါဆိုတာ ရွှေငွေ ဈေးဘိုး ဥစ္စာနဲ့ တူတယ်လို့ မိန့်ဆိုထားပါတယ်။

မျိုးစေ့နဲ့ ဘယ်လိုတူသလဲ-

မျိုးစေ့ဆိုတာ အသီးအပွင့် အညွန့်တို့ရဲ့ အရင်းဖြစ်သကဲ့သို့ သဒ္ဓါတရားသည် သီလ, သုတ, စာဂ, ပညာ, ဟိရီ,ဩတ္တပ္ပ တရားတို့၏ရင်း၊

လူတွေရဲ့ စည်းစိမ်ချမ်းသာ နတ်တွေရဲ့စည်းစိမ်ချမ်းသာ ဗြဟ္မာတွေရဲ့ စည်းစိမ်ချမ်းသာ အရင်းဖြစ်လို့လဲ မျိုးစေ့နှင့် တူတယ်လို့ အဋ္ဌကထာ ဆိုပါတယ်။

ဒီလောက လူ့ပြည်မှာဆိုရင် သဒ္ဓါတရားဟာ ယောကျ်ား၏ လွန်ကဲထူးမြတ်တဲ့ ဥစ္စာပါပဲလို့ မဟာနာမသုတ်မှာ ဟောထားတော်မူပါတယ်။

ဒါကြောင့် မြတ်စွာဘုရားက "သဒ္ဓါပနဒုလ္လဘာ ဒုလ္လဘာသဒ္ဓါ သမ္ပတ္တိ" သဒ္ဓါတရားဆိုတာ အလွန်ရခဲတယ်၊ သဒ္ဓါတရားနဲ့ပြည့်စုံဘို့ ဆိုတာလဲ အလွန်အင်မတန် ရခဲတယ်လို့ ဟောတော်မူပါတယ်။

နောက်ပြီး ငါဘုရားသာသနာတော်၌ အလွန်တရာမှ ရခဲတဲ့သဒ္ဓါ တရားတဲ့။

(သဒ္ဓါတလုံး အခက်ဆုံး)

ကုဋေကုဋာများလှတဲ့ လူတွေထဲမှာ တယောက်လောက်တောင် ရခဲတယ်လို့လဲ ကျမ်းတတ်ဆရာတော်များ စကားမှတ်ထားရှာပါတယ်။

ဒါကြောင့် ကုသိုလ်ကောင်းမှုပြုဘို့ဆိုတာ သဒ္ဓါတရားဟာ ပဓာနလို့ ဟောတာပေါ့ တရားနာပရိသတ်တွေရဲ့ ဟုတ်ပလား၊ မှတ်ထားကြ၊ အဲဒီသဒ္ဓါတရား ဆိုတာက ငါးမျိုးရှိပြန်ပါတယ်။

(၁) အာဂမသဒ္ဓါ

(၂) အဓိဂမသဒ္ဓါ

(၃) ဩကပ္ပနသဒ္ဓါ

(၄) ပသန္နသဒ္ဓါ

(၅) မုဒ္ဒပသန္နသဒ္ဓါ ဟူ၍ ငါးမျိုးရှိပါတယ်၊ ထပ်ဟော ပြပါအုန်းမယ်။

(၁) အာဂမသဒ္ဓါ.... ဘုရားဆုပန်မယ် ကြံစည်တဲ့ နေ့မှစ၍ ဖြစ်ပေါ်လာတဲ့ သဒ္ဓါတရားမျိုး။

(၂) အဓိဂမသဒ္ဓါဆိုတာက....အရိယာဖြစ်မှ ရလာတဲ့သဒ္ဓါမျိုး၊ အရိယာသာဝကတို့ရဲ့ သဒ္ဓါတရားပေါ့။

(၃) ဩကပ္ပနသဒ္ဓါဆိုတာက... ဥာဏသမ္ပယုတ် သဒ္ဓါတရားမျိုး၊ ရတနာသုံးပါး မတုန်မလှုပ် သက်ဝင်ယုံကြည်တဲ့ သဒ္ဓါမျိုး၊ အစလသဒ္ဓါလဲ ခေါ်တယ်။

(၄) ပသန္နသဒ္ဓါဆိုတာက....ဥာဏဝိပ္ပယုတ်သဒ္ဓါတရားမျိုး၊ မခိုင်မြဲဘူး ပျက်လွယ်တယ် ကြာရှည်မခံဘူး၊ ကြည်ညိုကာ မတ္တ ကြည်ညိုတုန်းဘဲ စလသဒ္ဓါလို့လဲ ခေါ်တယ်။

(၅) မုဒ္ဓပသန္နသဒ္ဓါ ဆိုတာကတော့.... တိတ္ထိဆရာများကို သူတို့ရဲ့ တပည့်များက ကြည်ညိုတဲ့ သဒ္ဓါမျိုးပေါ့၊ အရကောက် တော့–မောဟစေတသိက်ကို ကောက်ရပါတယ်။

နောက်ဆုံး နံပါတ်(၅)မှအပ အဲဒီသဒ္ဓါတရားရှိနေတဲ့သူ သူဆင်းရဲ မခေါ်ရဘူး ချမ်းသာတဲ့သူ ခေါ်ရတယ်လို့ ဓမ္မပဒအဋ္ဌကထာ မှာ ဖွင့်ပြပါတယ်။

ကိုင်း ဒီလောက်ဆိုရင် သဒ္ဓါတရားကို လုံးဝသဘော ပေါက်ကြ ပီလို့ မဆိုနိုင်စေကာမူ သင့်တင့် လျောက်ပတ်လောက်တော့ နားလည် သဘောကျလောက်ပီလို့ ထင်ပါတယ်၊ ဒီလောက်အထိ အကျယ်ဘဝင့် ဟောပြလိုက်ပါတယ်၊ ဒါဖြင့် ကုသိုလ်ကောင်းမှုတခုခု ပြုလုပ်တဲ့အခါ မှာ သဒ္ဓါတရား အရေးတကြီး လိုအပ်ကြောင်း ထင်ရှားသွား ပြီပေါ့၊ ရှေ့ကိုသွားမယ်-

အလှူဝတ္ထုပစ္စည်းရှိနေပေမဲ့ သဒ္ဓါတရားမရှိရင် အလှူထမြောက်နိုင် ပါ့မလား၊ သီလကိုလဲ စောင့်ထိန်းနိုင်ပါ့မလား၊ အလှူလဲ အထ

မပြောက်နိုင်ဘူး၊ သီလစောင့်ထိန်းမှုကိုလဲ ပြုလုပ်နိုင်မှာမဟုတ်ပါ၊ ထိုနည်းအတူ ကမ္မဋ္ဌာန်းဘာဝနာကိုလဲ ပွါးများအားထုတ်နိုင်ရန် လွယ်ပါ့မလား စဉ်းစား၊အလှူပေးတယ်, သီလဆောက်တည်တယ်,ဘာဝနာပွါးများ အားထုတ်တယ်ဆိုတာ သဒ္ဓါတရားရှိတဲ့ သူများမှသာ လျှင်ပြုလုပ် အားထုတ်နိုင်ကြတယ် ဟူ၍ တထစ်ချ မှတ်ယူပါ– တရားနာပရိသတ်။

အလှူဝတ္ထုရှိနေစေကာမူ သဒ္ဓါတရားမရှိ မစ္ဆေရတရားအားကြီးတဲ့အတွက် လှူရန်ပစ္စည်းဥစ္စာတွေ ဘယ်လောက်ပင် များပေမဲ့ သူများကိုလဲမလှူရက် မပေးရက် မကမ်းရက် မိမိ မိသားစုများကိုလဲ မကျွေးမိမိလဲ မစား နှမြောဝန်တို လျှို့ဝှက် ကပ်စီးနဲ့ ကော်တရာအကြောင်းဝတ္ထုလေးတပုဒ် ထုတ်ဟောပြပါအုန်းမယ်၊ ညောင်းသွားကြပလား၊ နေကြအုန်း–မစ္ဆေရ တရားဆိုတာ ဒါနရဲ့ အညစ်အကြေးဖြစ်တယ်လို့ ဟောခဲ့ပီနော်။

## မစ္ဆရိယ ကောသိယသူဌေးဝတ္ထု

မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူတဲ့အခါ ရာဇဂြိုဟ်မြို့အနီး သက္ကာရနိဂုံးရွာမှာ ကုဋေရှစ်ဆယ်ချမ်းသာသော နှမြောဝန်တိုတတ်တဲ့ မစ္ဆရိယကောသိယဆိုတဲ့ သူဌေးတယောက်ရှိပါတယ်။

နှမြောရိုး နှမြောစဉ် မဟုတ်ပါ သူများနှမြောတာထက် ထူးပီး နှမြောပါတယ်။

သူများကိုလဲ မြက်ဖျားတို့ပီး ဆီတပေါက်ကို မပေးချင် မပေးချင်တဲ့ပြင် သူလဲ မစားရက်–သားသမီး မယားတွေတို့လဲ မစားရ၊ လူဘို့ကိုတော့ ဘေးချိတ်ထား၊ အိပ်မက်တောင် မမက်ဘူး။

ဒီသူဌေးကြီးက တနေ့ ဗိမ္ဗိသာရမင်းကြီးထံမှ ပြန်လာရာ လမ်းမှာဆင်းရဲသားတယောက် မုယောမုန့်ဆီကြော် စားနေတာ မြင်ခဲ့ရလို့

သူစားချင်နေပါတယ်၊ ဒီလောက် စားချင်လှတဲ့အတွက် တောင့်တောင့် တတဖြစ်နေပေမဲ့ သားသမီး သားမယားတွေကို မပြောပဲ မျိုသိပ်နေပါတယ်၊ စားချင်ရက် အောင့်အီး ပေတေ လိန်ပိန်နေရတာက တခြားမဟုတ်ပါဘူး၊ သားသမီး သားမယားတွေ မုန့်ဆီကြော်မုန်း သိသွားရင် နဲနဲပါးပါးနဲ့ လောက်မှာမဟုတ်၊ များများကြော်ရမယ်၊ ဒီတော့ ဆန်စတဲ့ ပစ္စည်းတွေ ကုန်သွားမှာမို့ မိန်းမကိုတောင် မပြောပဲ ဇွတ်မှိတ်နေတာ ဖြစ်ပါတယ်၊ သူ့သဘောက တအိမ်လုံးဝိုင်းစားမှာ စိုးလို့ပေါ့၊ သူများတွေကိုလဲ မပေးမလှူ သူလဲ မစားဘူးဆိုတဲ့ သူဌေးပဲ။

နောက်တော့ တိုက်ထဲဝင်အိပ်တော့ဆိုကိုး – အသားအရေလဲ မမှန် ဖြူပတ်ဖြူယော် ဖြစ်လာကာ မယားကမြင်တော့လဲ မနေနိုင်တဲ့အဆုံး အကျိုးအကြောင်း မေးကြည့်လို့ မုန့်ဆီကြော် စားချင်မှန်းသိရတာနဲ့ အမလေးတော်– မုန့်ဆီကြော် စားချင်တာများ ရေးကြီးခွင်ကျယ် လုပ်ပြီး ကိုယ့်ကိုယ်ကို အပင်ပန်းခံနေရသေးသလား မွဲပြာကျနေတာ မှတ်လို့ ကျမကို ဘာပြုလို့ မပြောတာလဲလို့ မယားကပြောတော့မှ– ဆန်ရိုးကောင်း မယူရပဲ ဆန်ကွဲထောပတ် ဆီပျားအစုံ ဖိုခနောက် အိုးကင်းပါ အကုန် ကြိယာစုံယူ၍ ဘုံခုနစ်ဆင့်တက်ပြီး ကြော်ခိုင်းပါတယ်၊ ဘာပြုလို့လဲဆိုတော့ ဘေးလူတွေနှင့် သားသမီးတွေသိကုန်မှာစိုးလို့ပဲ ဖြစ်ပါတယ်၊ ဘုံခုနစ်ဆင့်တက် တံခါးတွေအကုန်ပိတ်၊ မယားကိုပင် မကျွေး တယောက်ထဲ ချောင်ကျကျမှာ မှောင်ချစား မဟဲ့ဆိုတဲ့ သဘောနဲ့ တိုးတိုးတိတ်တိတ် ကြော်ခိုင်းနေတဲ့အချိန်–

သုံးလောကထွတ်ထား မြတ်စွာဘုရားကလဲ မဟာကရုဏာသမာပတ်မှ ထတော်မူ၍ ဆောင်ရွက်တော်မူမြဲ အတိုင်း မိုးသောက်ယံသုံးပိုင်းခွဲ တတိယအချိန် ဂန္ဓကုဋိတိုက်တော်မှ စကြဝဠာတံတိုင်း၊ စကြဝဠာတံတိုင်းမှ ဂန္ဓကုဋိတိုက် အပြန်ပြန် အလှန်လှန် ကျွတ်ထိုက်ကုန်သော သတ္တဝါဝေနေယျအများ–ဗုဒ္ဓစက္ခုနှစ်ပါးဖြင့် ကြည့်ရှုတော်

မူရာ ဇေတဝန်ကျောင်းတော်မှ လေးဆယ့်ငါးယူဇနာဝေးတဲ့ ရာဇဂြိုဟ်မြို့ကြီးအနီး သက္ကာရနိဂုံးရွာမှာ မစ္ဆရိယကောသိယ သူဌေးလင်မယားရဲ့ သောတာပတ္တိဖိုလ် ရအံ့သော ဥပနိဿယကိုမြင်တော်မူ၍ ရှင်မောဂ္ဂလာန် မထေရ်ကို ခေါ်တော်မူပြီး– ချစ်သားမောဂ္ဂလာန် ဒီနေရာမှ လေးဆယ့်ငါးယူဇနာ ဝေးကွာတဲ့ ရာဇဂြိုဟ်မြို့အနီး သက္ကာရနိဂုံးမှာ မစ္ဆရိယ ကောသိယသူဌေး သူများတွေမြင်မှာစိုးလို့ တိတ်တိတ်ပုန်းပြီး ဘုံခုနစ်ဆင့်တက် မုန့်ဆီကြော်ခိုင်းနေတယ်၊ အဲဒါ ချစ်သားသွားပြီး သဒ္ဓါတရားမပျက်စေပဲ မုန့်စတဲ့ဝတ္ထုနှင့်တကွ ဇနီးမောင်နှံ နှစ်ယောက်စလုံး တရားဟောဆုံးမ၍ ဇေတဝန်ကျောင်းတော် အရောက်ခေါ်ခဲ့ပေတော့၊ ငါဘုရားနှင့်တကွ တပည့်ငါးရာ ဒီကစောင့်နေမယ်၊ ရောက်လာတော့မှပဲ ဆွမ်းလွတ် မုန့်ဘုဉ်းပေးတော်မူမယ်လို့ ရှင်မောဂ္ဂလာန် မထေရ်ကို မိန့်တော်မူပါတယ်။

ဒါနဲ့ ရှင်မောဂ္ဂလာန်မထေရ်လဲ မြတ်စွာဘုရားမိန့်တော်မူတဲ့အတိုင်း တန်ခိုးတော်ဖြင့် သက္ကာရနိဂုံးရွာ မစ္ဆရိယကောသိယ သူဌေးအိမ် ဆွမ်းခံကြွတော်မူလာပါတယ်၊အဲ့ဒီလို ဆွမ်းရပ်တော်မူနေတဲ့ ရှင်မောဂ္ဂလာန် မထေရ်ကို မမြော်လင့်ပဲ ပက်ပင်းပါ ပြူးဆို တွေ့မြင်လိုက်ရတော့ တကိုယ်လုံးတင်မက နှလုံးသားများတောင် တုန်လှုပ်ချောက်ချားသွားသတဲ့၊ ဘယ်လောက် နှမြောလိုက်သလဲ တုန်များတောင်သွားတယ် ဆိုပါလား၊ (နှမြောလိုက်တာတုန်လို့) ဆိုတာ ဘုရားလက်ထက်ကစပေါ်တာ ဖြစ်ဟန်တူတယ်၊ ရမ်းသန်းဟောတာမဟုတ်ပါဘူး၊ ကျမ်းဂန်နဲ့ ကိုက်ဟော့နေတာ။

မဟာသေဋ္ဌိနော ထေရံ ဒိသွာ ဟဒယမ်သံ ကမ္ပိ။

မဟာသေဋ္ဌိနော၊ မစ္ဆရိယကောသိယသူဌေးကြီး၏။ ထေရံ၊ ရှင်မောဂ္ဂလာန် မထေရ်ကို။ ဒိသွာ၊ မြင်၍လျှင်။ ဟဒယမံသံ၊ နှလုံးသားသည်။ ကမ္ပိ၊ တုန်လှုပ်၏။

(ဓမ္မပဒအဋ္ဌကထာ)

အိုးကင်းထဲ ဆားထည့်လှော်သလို ဖျစ်ဖျစ်မြည်အောင် ဒေါသထွက်နေတာ-မိန်းမကိုသာ အသိပေးပြီး ဘယ်သူမှမသိအောင်ပုန်းလျှိုးပုန်းရှောင် ကြော်နေကာမှ ရှင်မောဂ္ဂလာန်က ဆွမ်းခံလာရပ်နေပြန်ပါပြီ ခက်ထာ်ဘဲလို့လဲ ဒေါသထွက်နေပါတယ်။

မုန့်ဆွမ်း မလောင်းလှူလိုကြောင်း ဇွတ်အတင်းငြင်းနေပေမဲ့ ရှင်မောဂ္ဂလာန်ရဲ့ ကောင်းကင်၌ရပ်ခြင်း- စင်္ကြံသွားခြင်းစတဲ့ တန်ခိုးတော်တွေကြောင့် နောက်ဆုံး လက်လျှော့ကာ မုန့်သေးသေးလေး တချပ် လုပ်လှူလိုက်ပါလို့ သူ့မိန်းမကို ပြောလိုက်ပါတယ်။

မိန်းမလုပ်သူလဲ သူဌေးပြောတဲ့အတိုင်း မုန့်တချပ်ကြော်နေတော့ တာပေါ့၊ ကြော်နေရင်း မုန့်ကကြီးကြီးလာတာ မြင်တော့ သူဌေး ကြီးက ခက်တော့တာပါပဲ၊ ဒီမိန်းမ သေးသေးလေးကြော်ပါဆိုတာ ဘာပြုလို့ ကြီးကြီးကြော်ရတာလဲလို့ မိန်းမကို မာန်ပါတယ်။

မုန့်ဆီကြော်ကို သေးသေးလေး ထည့်ကြော်ပေမဲ့ ရှင်မောဂ္ဂလာန် တန်ခိုးတော်ကြောင့် ကြီးကြီးလာပါတယ်၊ သေးသေးကြော်လေ ကြီးလေဖြစ်လေ၊ ဒါနဲ့ သူဌေးကိုယ်တိုင် ကြော်ပေမဲ့လဲ အထက်ပါ အတိုင်း ဖြစ်နေလေတော့ သူဌေးကြီးက ကိုင်းမထူးတော့ပါဘူး ကြော် မနေနဲ့ ရှိတဲ့မုန့်ပဲလှူမယ်ဆိုပြီး တချပ်စီဆွဲခွါလို့မရပဲ အတွဲလိုက်ဖြစ်နေ ပြန်ရောတဲ့၊ အတွဲလိုက်ကြီးကို လင်မယားနှစ်ယောက် ဆွဲဆွဲခွါလိုက် တာ လယ်ထွန်ကောက်စိုက်တဲ့ လူထက်တောင် မောသေးသတဲ့၊ ချွေး သီးချွေးပေါက်ကျအောင် ဆွဲခွါပေမဲ့ မရဘူး၊ ဘယ်ရမလဲ ရှင်မောဂ္ဂ လာန်က တန်ခိုးတော်နဲ့ သုံးထားတာကို မရလှ မရတော့မှ....

ဒါဖြင့်လဲ မုန့်တောင်းရော လှူလိုက်ပါဟယ်လို့ မိန်းမကို ပြော လိုက်ရပါတယ်။

ဒီတော့မှ ရှင်မောဂ္ဂလာန်က ဘုရားဂုဏ်ကျေးဇူး၊တရားတော်ရဲ့ ဂုဏ် ကျေးဇူး၊ သံဃာတော်ရဲ့ ဂုဏ်ကျေးဇူးတို့ကို ထုတ်ဖေါ်ဟောကြား၍ ဒါနစတဲ့ ကုသိုလ်ကောင်းမှုပြုကဲ့သူဟာ ငရဲ တိရစ္ဆာန် ပြိတ္တာ

အသုရကာယ်ဆိုတဲ့အပါယ်လေးဘုံ မလားရောက်ရပဲ လူ့ပြည် နတ်ပြည် နိဗ္ဗာန်ခတ် ဆိုက်ကပ်ရတဲ့ အကြောင်း ကောင်းကင်က လပြည့်ဝန်း ကြီးကို ကိုင်ပြလိုက်သလို ထင်ရှားပြတ်သားစွာ တိတိကျကျ မိမိရရ ဟောပြတော်မူပါတယ်။

သူဌေးလင်မယားလဲ ရှင်မောဂ္ဂလာန် တရားနာကြားရ၍ ကြည် ညိုသဒ္ဓါစိတ်ဖြစ်ပြီး မွန်မြတ်လှတဲ့ နေရာပေးကာ သီတင်းသုံးစေလျက် မုံ့ဆွမ်းကပ်လှူ ဘုဉ်းပေးစေတော်မူပါတယ်။

ရှင်မောဂ္ဂလာန် မထေရ်မြတ်က ဇေတဝန်ကျောင်းတော်မှာ ဘုရား အမှူးရှိတဲ့ သံဃာတော်ငါးရာ သီတင်းသုံးနေတော်မူကြောင်း မိန့်တော် မူပါတယ်၊ ရှင်မောဂ္ဂလာန်ရဲ့ တန်ခိုးတော်ဖြင့် လင်မယားသူဌေး နှစ်ယောက်ကို ဘုရားထံမှောက် အရောက် ဆောင်ယူခဲ့ပါတယ်။

ကျောင်းတော်အရောက် ဘုရားအမှူးရှိတဲ့ သံဃာတော်ငါးရာအား မုန့်ဆွမ်းကပ်လှူပြီးလို့ အနုမောဒနာပြုပြီးသည့်အဆုံး လင်မယားနှစ် ယောက်စလုံး သောတာပန်ဖြစ်သွားပါတယ်၊ နှမြောမဲ့သာ နှမြော တယ် သောတာပန်လောင်းတွေပဲ။

အဲဒီအချိန်မှစ၍ ကုဋေရှစ်ဆယ်ကြွယ်ဝသော ဥစ္စာပစ္စည်းတွေကို မြတ်စွာဘုရား သာသနာတော်မှာ အသုံးပြုရန်အတွက် စွန့်လှူပြန် ပါတယ်။

မိမိဝမ်းကိုပင် မိမိမသဒ္ဓါပဲ နှမြောလှသော မစ္ဆရိယ ကောသိယ သူဌေးကို မစ္ဆေရစိတ်ဆို့ပိတ်မရှိပဲ သဒ္ဓါတရားပေါက်အောင် ဟော ကြားညွှန်ပြဆုံးမ၍ မြတ်စွာဘုရား ထံတော်မှောက်အရောက် တန်ခိုး တော်ဖြင့် ဆောင်ယူလာခဲ့သော ရှင်မောဂ္ဂလာန် မထေရ်ရဲ့ ကျေးဇူး စကားကို ပြောဆိုကြကုန်တဲ့ ရဟန်းများအား–

ချစ်သားတို့ ပျား ပိတုန်းဟာ ပန်းပွင့်ကိုရင်း၊ အဆင်းအနံ့ကိုရင်း မပျက်စီးစေရပဲ ပန်းဝတ်ရည်အရသာကို စုတ်ယူပျံသန်းသွားသကဲ့သို့

ဂါမဝါ သိရွာမှာ မှီတင်းနေရတဲ့ ရဟန်းဆိုတာလဲ သဒ္ဒါပန်းကိုင်း၊ အဆင်းအနံ့ဆိုတဲ့ ဥစ္စာကိုရှင်း မဖျက်မဆီးစေရပဲ ကျောင်း သင်္ကန်း ဆွမ်း ဆေးဆိုတဲ့ ပစ္စည်းလေးပါးကို ခံယူ၍ ကောင်းမွန်စွာ ရဟန်း တရား ကျင့်ကြံကျိုးကုတ် အားထုတ်ရမယ်လို့ ဟောတော်မူ ပါတယ်။

ယထာပိဘမရော ပုပ္ဖံ၊ ဝဏ္ဏဂန္ဓမဟေဌယံ။
ပလေတိ ရသ မာဒါယ၊ ဧဝံဂါမေ မုနီစရေ။
(ဓမ္မပဒပါဠိတော်ပုပ္ဖဝဂ်)

ဘမရော၊ ပျားပိတုန်းသည်။ ပုပ္ဖမှိ၊ သဒ္ဒါပန်းကိုင်း။ ဝဏ္ဏဂန္ဓမှိ၊ အဆင်းအနံ့တည်းဟူသော ဥစ္စာကိုရှင်း။ အဟေဌယံ-အဟေဌယ နှေ္တာ၊ မပျက်စီးစေမူ၍။ ရသံ၊ ပစ္စည်းလေးပါးတည်းဟူသော အရသာကို။ အာဒါယ၊ ယူ၍။ ပလေတိယထာ၊ ပျံလေသကဲ့သို့။ ဧဝံ၊ ဤအတူ။ ဂါမေ၊ ရွာ၌။ မုနိ၊ ရဟန်းသည်။ စရေ-စရေယျ၊ ကျင့်ရာ၏ လို့ လေး ပါဒရှိတဲ့ ဂါထာတော်ကို ဟောကြားတော်မူပါတယ်။

ဒီမစ္ဆရိယကောသိယ သူဌေးဝတ္ထုမှာ သဒ္ဒါတရား ပမာနလိုချင်း ဆိုတာ နာကြားခဲ့ကြတဲ့အတိုင်း ထင်ရှားပါတယ်၊ အလှူဝတ္ထုရှိတာ ကတော့ သိကြတဲ့အတိုင်း ကုဋေရှစ်ဆယ်မဟုတ်လား၊ ဒါပေမဲ့ သဒ္ဒါ တရားမရှိတုန်းက မလှူချင်လို့မရှိတာနေ့ ဘုရား တရား သံဃာ ဆိုတဲ့ ရတနာသုံးပါး ဂုဏ်ကျေးဇူး၊ ကံကံ၏အကျိုး ယုံကြည်ကိုးစားအလေး ထားလာတဲ့အချိန်မှာ လှူချင်လာတော့ သားသမီး သား မယားစတဲ့ သူတွေမပေးလို့ တိတ်တိတ်ပုန်း ဘုံခုနစ်ဆင့်တက်ပြီး ကြော်တဲ့မုံ့ကို လှူရုံမက မိမိပိုင် ကုဋေရှစ်ဆယ်သော ဥစ္စာတွေကို ဆောင်လှူချင်ပြန် တော့ လှူဒါန်းပြန်ပါတယ်၊ ဒါကြောင့် မလှူချင်လို့သာ မရှိပေမဲ့ လှူချင်စိတ်ရှိလာတော့ လှူပြန်တယ်၊ တရားနာပရိသတ်တို့ကို သိစေ လိုပါတယ်။

ဒါဖြင့် အလှူဝတ္ထု ဘယ်လောက်ပင်များနေစေကာမူ လှူချင်မှ ရှိမယ်၊ လှူချင်မှုဆိုတာကလဲ သဒ္ဓါတရား ရှိနေမှ လှူချင်မယ်၊ ဒီမစ္ဆ ရိယ ကောသိယသူဌေးဟာ အလှူဝတ္ထုရှိရက်သားနဲ့ မလှူတာနေ၁်၊ မရှိလို့ မဟုတ်ဘူး၊ သဒ္ဓါတရားမရှိလို့မလှူတာ၊ အလှူဝတ္ထုရှိနေစေကာမူ သဒ္ဓါတရားမရှိလို့ ရှိရင် မလှူဘူးဆိုတာ သဘောပေါက်၊ ဖင့်လေး တုံ့ဆဲ လုပ်မနေကြနဲ့။

ဒါကြောင့် ရှင်တော်ဘုရားက သတ္တဝါတွေ အစဉ်နေ၁်သနားလို့ အဘိတ္ထရေထကလျာဏ- ကောင်းမှုကို မြန်မြန် ပြုလုပ်ပါလို့ တိုက်တွန်း ဟော၁်တော်မူပါတယ်။

ဓမ္မပဒအဋ္ဌကထာမှာလဲ ဖြေးဖြေးပြုလုပ်တဲ့ ကုသိုလ်ဟာ အကျိုး ပေးတဲ့ နေရာမှာလဲ ဖြေးဖြေးလေးပဲ လူ့ချမ်းသာစသည်ကို အကျိုးပေး မယ်လို့ အဆိုရှိပါတယ်။

ဒါနစတဲ့ ကုသိုလ်ကောင်းမှု မြန်မြန်ပြုကြပါလို့ တိုက်တွန်း ဤ သည်ကား သုတ္တန်ဒေသနာ၊ အဘိဓမ္မာဒေသနာတော်မြတ်သည်ကား ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာဓမ္မာဟု ဘုရားဟော တော်မူပါတယ်။

## (မစ္ဆေရတရား)

မစ္ဆေရတရားဆိုတာ မိမိ၏စည်းစိမ်ဥစ္စာတွေကို လျှို့ဝှက်ခြင်း လက္ခဏာရှိပါတယ်၊ မိမိတို့ရဲ့ စည်းစိမ်ဥစ္စာတွေကိုလဲ သူများတွေနှင့် ဆက်ဆံတာကို သည်းမခံနိုင်ခြင်းကိစ္စရှိပါတယ်၊ မနှစ်သက်သော အခြင်းအရာဖြင့် စိတ်၏တွန့်တိုခြင်း နှာခေါင်းရှုံ့ခြင်းလျှင် ထင်သော အခြင်းအရာရှိပါတယ်၊ အာဝါသစတဲ့ မိမိ စည်းစိမ်ဥစ္စာလျှင် နီးစွာသော အကြောင်းရှိပါတယ်။ (အဋ္ဌသာလိနီ)

မိမိဥစ္စာပစ္စည်းတွေကို သူများနှင့် ဆက်ဆံပေးကမ်းရပြန်ရင်လဲ စိတ်မချမ်းမသာ ဝန်တိုတတ်ပါသေးတယ်၊ ဘာနဲ့တူသလဲဆိုတော့

မယုင်္ကကာလေးနဲ့ တူတယ်တဲ့၊ မယုင်္ကကာလေးဟာ အသီးတွေ ခဝ ဆာနေတဲ့ ညောင်ပင်ကြီးမှာနားပီး အခြားသောငှက်တွေ ညောင် သီးတွေလာစားကြရင် ငါ့ဥစ္စာ-ငါ့ဥစ္စာ၊ ငါ့ဟာ-ငါ့ဟာမစားကြနဲ့ မစားကြနဲ့ အော်ပြောနေပါတယ်၊ အခြားငှက်တွေ ဗိုက်ပြဲချက်လံ စားသောက်ပီ လို့ ပျံသွားကြသည့်တိုင်အောင် ငါ့ဟာ ငါ့ဟာနဲ့ အော်တုံးမြည်တုံး၊ ဒီသဘောက မိမိဥစ္စာ ပစ္စည်းတွေသူများနဲ့မဆက် ဆံလို မပေးလို ဝန်တိုတဲ့သဘောပဲ။

ဒါကြောင့် မစ္ဆရိယကဆရာက နှမြောလျှို့ဝှက်သော အခြင်း အရာရှိတယ်လို့ ဖွင့်ဆိုပါတယ်၊ အဲဒီလို နှမြောဝန်တိုခြင်းဟာ ငါးမျိုး ရှိပါတယ်၊ ငါးမျိုးဆိုတာက-

(၁) အာဝါသမစ္ဆေရ
(၂) ကုလမစ္ဆေရ
(၃) လာဘမစ္ဆေရ
(၄) ဝဏ္ဏမစ္ဆေရ
(၅) ဓမ္မမစ္ဆေရ ဟူ၍ မစ္ဆေရတရားငါးပါး ရှိပါတယ်၊ ထပ်ပီး ဟောပြပါအုန်းမယ်။

(၁) အာဝါသမစ္ဆေရဆိုတာ– သူများတွေ အိမ်ကြီးတိုက်ကြီး တွေနဲ့နေတာ မနာလိုပါဘူး၊ (ကိုယ့်ထက်သာ မနာလိုပါ)

(၂) ကုလမစ္ဆေရဆိုတာ— ဆွေစုံမျိုးစုံ သိုက်သိုက် ဝန်းဝန်းနေ ထိုင်တာကိုလဲ မနာလိုပါဘူး။

(၃) လာဘမစ္ဆေရဆိုတာ— သူများတွေ ပစ္စည်းလာဘ်လာဘတွေ တိုးတက်နေတာကို မနာလိုဘူး၊ (ဥပမာ) အလုပ်လုပ်လို့ ကိုယ်က တကျပ်ရတယ်၊ သူများက နှစ်ကျပ်ရရင် မနာလို တာပါပဲ။

(၄) ဝဏ္ဏမစ္ဆေရဆိုတာ— သူများတွေ အဆင်းလှပနေတာ မနာလိုပါဘူး၊ ကိုယ်သာ လှချင်ပါတယ်။

(၅) ဓမ္မမစ္ဆေရဆိုတာ— သူများတွေက မိမိထက် ပညာတတ်နေတာကို မနာလိုပါဘူး၊ မိမိသာ သူများထက် တတ်ချင်ပါတယ်၊ တိုတိုပဲဟောပါရစေဘော့နော်။

ကလျာဏကာရီကလျာဏံ ကောင်းမှုကုသိုလ်ပြုတဲ့သူဟာ ကောင်းကျိုးကိုပဲခံစားစံစားရသလို၊ ပါပကာရီစပါပကံ မကောင်းမှုအကုသိုလ်ကို ပြုလေ့ပြုထရှိတဲ့သူဟာလဲ မကောင်းကျိုးကိုပဲ ခံစားရတယ် ချစ်သား ချစ်သမီးတို့လို့ ရှင်တော်မြတ်ဘုရားက အစဥ်နော် ထပ်မမှားရအောင် ဟောတော်မူပါတယ်၊ မစ္ဆေရတရားဆိုတာကလဲ မိမိ၏အကျိုးမဲ့ကိုသာ ပြုတတ်ပါတယ်၊ ဒီမစ္ဆေရတရားနဲ့ ပတ်သက်လို့ ဧကနိပါတ်ဇာတ် အဋ္ဌကထာ အတ္တကာမဝဂ် လောသကဇာတ်ကို ထုတ်ဟောပြပါအုန်းမယ်။

## လောသကတိဿ ဝတ္ထု

လောသကတိဿဆိုတာက – လောသလတိုင်း အိမ်ခြေတထောင်ရှိတဲ့ တံငါရွာမှ တံငါသည်မရဲ့သားပဲ ဖြစ်ပါတယ်၊ သူပဋိသန္ဓေနေတဲ့နေ့မှာ တံငါတွေ ငါးရှာလို့ တကောင်တမီးမှမရတဲ့အပြင် ရွာကိုလဲ မီးခုနစ်ခါလောင်ခံရပါတယ်။

သူ့အကုသိုလ်သူတပါးလဲအရှိန်ဟတ်ခံရသေးတယ်လို့လဲမှတ်ခဲ့အုန်း၊ ရွာသူရွာသားတွေက အခုလိုဖြစ်ရတာဟာ ဒို့ရွာထဲမှာသူယုတ်တော့ ရှိတန်ကောင်းရဲ့ ဒီအတိုင်းနေသွားလို့ မဖြစ်ဘူး၊ နှစ်စုခွဲနေကြစို့ရဲ့လို့ အားလုံးတိုင်ပင်ကြပြီး၊ အိမ်ခြေငါးရာစီ ခွဲနေကြဘို့ ဆုံးဖြတ်ခါ ခွဲနေလိုက်ကြပါတယ်။

ဒါပေမဲ့ မရပါဘူး– လောသကတိဿ မိဘပါတဲ့ အစုဘက်က ဟောခဲ့တဲ့အတိုင်း ငါးဖမ်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုတဲ့

သူတွေ ငါးတကောင်မှ မရဘူးဆိုတော့ ပိုရှဲသာဆင်းရဲ ထပ်ရှဲသာမွဲ မွဲပဲ ဖြစ်နေကြပြန်တော့ အိမ်ခြေငါးရာကို နှစ်ရာငါးဆယ်စီထပ်ခွဲကြ ပြန်တယ်၊ ဒါလဲ လောသကတိဿ မိဘပါတဲ့အစုဘက်ကလုပ်လို့ကိုင်လို့ မဖြစ် တဖြည်းဖြည်း စီးပွားရေးကြပ်တည်းယုံပင် မဟုတ်တော့ဘဲ လုပ် စားဘို့အနိုင်နိုင် ရှန်းကန်လုပ်ကိုင် စားသောက်နေရကြတယ်တဲ့၊ ဒီလိုနဲ့ ဖြည်းဖြည်း ထပ်ထပ်ခွဲလာလိုက်တာ နောက်ဆုံး လောသကတိဿမိဘ တအိမ်ထဲပဲ ကျန်ရစ်ခဲ့တော့မှ တရားခံသူတို့ဘဲဆိုပြီး ရွာမှရိုက်ပုတ် နှင်ထုတ်လိုက်ကြပါတယ်။

ဆင်းဆင်းရဲရဲ ပြေးလွှားရင်းနဲ့ဘဲ လောသကတိဿ ဖွားမြင်ရတယ် ဆိုပါတော့(ပစ္ဆိမဘဝိကသတ္တံ နသက္ကာနာသေတုံ၊ ဇာတ်အဋ္ဌကထာ)

ပစ္ဆိမဘဝိကဖြစ်တဲ့ ပုဂ္ဂိုလ်ဆိုတာ ဖျက်ဆီးပစ်လို့မရဘူး၊ ဘာပြု လို့လဲဆိုတော့ ရဟန္တာဖြစ်မဲ့ပုဂ္ဂိုလ်ဖြစ်လို့ပါပဲ။

ဓမ္မပဒအဋ္ဌကထာ သဟဿဝဂ်မှာ ရှင်သာရိပုတ္တရာ၏ တပည့်ခုနစ် နှစ်သား ရဟန္တာဖြစ်တဲ့ သံကိစ္စည်းမထေရ်လဲ ဒီလိုဘဲ- သံကိစ္စည်းမိခင် ဟာ ပဋိသန္ဓေအရင့်အမာနဲ့သေတော့ မီးသဂြိုဟ်၊ နောက်ဆုံး သား အိမ်မီးကျွမ်းလောင်သွားပေမဲ့ ရွှေတုံးရွှေခဲကဲ့သို့ ပဒုမ္မာကြာတိုက်ထဲမှာ အိပ်နေသကဲ့သို့ ဖြစ်နေတယ်လို့ ရဟန္တာဖြစ်ရမဲ့ ဥပနိဿယရှိတဲ့သူဟာ ဒါးနဲ့ခုတ်၊ တတ်နိုင်လို့ မြင်းမိုရ်တောင်နဲ့ဖိဖိ ရဟန္တာမဖြစ်ပဲ သေကို မသေဘူး၊ အဲဒါမှတ်ထားကြ၊ (ဓမ္မဒအဋ္ဌကထာမှာ ဖွင့်ပြပါတယ်)

အနုပိယမြို့မလ္လာမင်းရဲ့ မိဖုယားကြီးလဲ ကိုယ်ဝန်အရင့်အမာနှင့်ပင် သေလို့ သုသာန်မှာမီးသဂြိုဟ်ဆဲမှာပင် ဗိုက်ပေါက်ပြီး ကလေးမြောက် တက်မြက်ထဲ ကျသွားရာ ဖွားအေကိုပေးကြသဖြင့် နေဇာမြက်ပေါ်မှ ရတဲ့အတွက် ကလေးကို ဒဗ္ဗလို့နာမယ်ပေးပါတယ်၊ မြတ်စွာဘုရား သခင် ဒေသစာရီလှည့်လည်တော်မူရာ အနုပိယမြို့ သရက် ဥယျာဉ်၌ သီတင်းသုံးတော်မူစဉ် ခုနစ်နှစ်သားအရွယ်ရှိသေးတဲ့ ဒဗ္ဗသတို့သားက မြတ်စွာဘုရားဖူးမြင်ရလို့ ကြည်ညိုလှ၍ အဘွားထံ ရဟန်းပြုရန်

ခွင့်တောင်းပီး မြတ်စွာဘုရားထံ ရဟန်းပြုရန် လျှောက်ထားပါတယ်၊ ရဟန်းမပြုမီ ကြေသာ လောမာနခါ ဒန္တာ တစော ဆိုတဲ့ တစပဉ္စက ကမ္မဋ္ဌာန်းသင်ပေးပီးမှ ဆံချရာ ဆံချခေါင်းရိတ်ပီးသည်နှင့် တပြိုင်နက် ရဟန္တာဖြစ်သွားပါတယ်၊ ဗဟုသုတအဖြစ် ဟောထည့်လိုက်တာပါ။

ကိုင်းပြန်ဆက်ကြအုန်းစို့– လောသကတိဿဖွားမြင်ပြီး သွားနိုင်လာနိုင်တဲ့ အရွယ်လဲရောက်ရော၊ မတတ်နိုင်တော့ပဲ နှင့်ဟာနင်ကြုံသလို သာကြည့်ပီး တောင်းရမ်း စားသောက်ပေတော့လို့ဆို၍ ခွက်တလုံး ပေးကာ အိမ်မှမိဘတွေက နှင်ထုတ်လိုက်ပါတော့တယ်။

နှင်ထုတ်လိုက်တဲ့နေ့မှစပြီး အမြို့မြို့အရွာရွာ လှည့်လည်တောင်း ရမ်း၍ သူတောင်းစားဘဝနဲ့ ကျင်လည်နေလိုက်တာ သောက်တော့ ရေအိုးစင်၊ အိပ်တော့စရပ်ဆိုတာလိုပေါ့လေ၊ တကိုယ်လုံးမှာလဲ ရေ မချိုး မိုးမချိုးနဲ့ ဘုတ်သရဲတစ္ဆေ အရုပ်ပေးရလောက်အောင် ညစ်ပတ် ပေတေ မဲသဲနေတယ်ဆိုပါတော့လေ။

ဒီလိုနဲ့ ဘဝသံသရာ ကျင်လည်လာလိုက်တာ ခုနစ်နှစ်သားအရွယ် ရောက်လာပီး အိမ်တအိမ်အနီး ထမင်းလုံးတွေလိုက်ကောက်စားနေတဲ့ လောသကတိဿဆိုတဲ့ သူငယ်ကို သာဝတ္ထိပြည် ဆွမ်းခံကြွလာတော် မူသော ရှင်သာရိပုတ္တရာမထေရ်မြတ် မြင်တော်မူ၍ သနားစိတ်ဖြစ် တော်မူပီး သူငယ်ကလေးကို ကျောင်းတော်ခေါ်လာလျက် ကိုယ် တော်တိုင် ရေမိုးချိုးခြင်းစတဲ့ကိစ္စပြုလုပ်ပေးတော်မူ၍ အသက်နှစ်ဆယ် ပြည့်တဲ့အခါ ပဉ္စင်းခံပေးလို့ ဝိပဿနာကမ္မဋ္ဌာန်း ပွားများအားထုတ် တော့ ရဟန္တာဖြစ်သွားပါတယ်၊ ဒီအခါကျမှ လောသကတိဿ ရဟန္တာဟု ထင်ရှားလာပါတယ်၊ ရဟန္တာဆိုပေမဲ့ ဘုန်းကံမရှိ လာဘ်လာဘမရှိ (အပ္ပပုညော အပ္ပလာဘော– ဇာတ်အဋ္ဌကထာ)

တခါမှ ဝအောင် မစားရဘူးဘူးတဲ့ မဝတဝ အဆာပြေလောက်သာ စားရပါတယ်တဲ့။

ဒါကြောင့်လဲ ပရိနိဗ္ဗာန် ပြုတော်မူမည့်နေ့ သာဝတ္ထိပြည် မြို့ထဲ ဆွမ်းခံခေါ် သွားပါတယ်၊ လောသကတိဿပါတယ်ဆိုရင်ပဲ ရှင်သာရိပုတ္တရာကိုပင် ဆွမ်းလောင်းဘို့ ဘေးချိတ်ထား အခါတိုင်းလို ရှိခိုးဖေါ်တောင် မြို့သူမြို့သားတွေက မပြုလုပ်တော့လို လောသကတိဿကို စရပ်မှာနေစေ၍ တပါးတည်းဆွမ်းခံပြန်ကြွရာ ခါတိုင်းလိုပဲရှိခိုးခြင်း ဆွမ်းလောင်းခြင်းကို ပြုကြပါတယ်တဲ့၊ လောသကတိဿမစွေ့ချအရှိန်နဲ့ ရှင်သာရိပုတ္တရာ မထေရ်မြတ်တောင် လာဘ်လာဘမှိန်ရပါလား ဘယ်လောက် ကြောက်စရာကောင်းတယ်ဆိုတာ၊ တရားနာပရိသတ်တွေသာ ကြည့်ကြပေတော့လေ။

ဒါနဲ့ ရှင်သာရိပုတ္တရာက ရလာတဲ့ဆွမ်းကို လောသကတိဿထံ ပို့ခိုင်းပေမဲ့ မေ့မေ့ပျောက်ပျောက်ဖြစ်ခါ လမ်းမှာပဲ ပို့ခိုင်းတဲ့သူတွေက သတိမရ စားသောက်ပစ်ကြတယ်တဲ့။

ရှင်သာရိပုတ္တရာသည်ဆွမ်းဘုဉ်းပေးပြီးပြန်လာရာလောသကတိဿ ဆွမ်းမဘုဉ်းပေးရသေးကြောင်း သိတော်မူ၍ သံဝေဂဖြစ်ပြီး ဒီလိုဆိုရင် မဖြစ်သေးဘူး ကောသလမင်းနန်းတော် ကြွသွားတော်မူပြီး ဆွမ်းအလှူခံရာ အချိန်နီးကပ်နေ၍ဆွမ်းမရတော့ပဲ ကောသလမင်းလှူလိုက်တဲ့ စတုမဓုကို ရှင်သာရိပုတ္တရာက စတုမဓုပျောက်သွားမှာစိုးလို့ သပိတ်တော်ကိုကိုင်ထားခါ ဘုဉ်းပေးစေတော့မှ ဝအောင်ဘုဉ်းပေးရပါတယ်၊ အဲဒီနေ့မှာပဲ လောသကတိဿမထေရ်လဲ ပရိနိဗ္ဗာန်ပြုပါတော့တယ်။

မြတ်စွာဘုရားကိုယ်တော်တိုင် သင်္ဂြိုဟ်စေပြီး ဓါတ်တော်များကိုလဲ စေတီတည်စေပါတယ်၊ ဒီတခါလောသကတိဿမထေရ်ဟာ ဒီလောက် လာဘ်လာဘနည်းရက်သားနဲ့တောင် ဘာပြုလို့ အရိယာတရားရတာပါလိမ့်မလဲလို့ ရဟန်းများရဲ့စကားကို သိတော်မူ၍ မြတ်စွာဘုရားက-

ချစ်သားတို့ ဒီရဟန်းသည် ဘုန်းတန်ခိုးမရှိတာ လာဘ်လာဘနည်းတာတွေဟာမိမိပဲပြုတယ်၊ အရိယာတရားကိုရတာဟာလဲ မိမိဟာ မိမိပဲပြုတာပဲလို့ ဟောတော်မူပါတယ်၊ (ဘယ်သူမပြု မိမိမှု)

ဒါဖြင့် ဘုန်းမရှိတာ လာဘ်လာဘမရှိတာတွေဟာ မိမိပဲပြုပြီး ရဟန္တာဖြစ်ရတာလဲ မိမိပဲပြုတဲ့အမှုပဲ မိမိပြုတဲ့မကောင်းမှု မိမိခံရသလို၊ မိမိပြုတဲ့ကောင်းမှုကိုလဲ မိမိပဲ စံရတယ် ဆိုလိုပါတယ်။

ဒီစကားတော်နဲ့ ဆက်စပ်ပြီး ကြားဘူးတဲ့ စကားကလေးတခုရှိပါတယ်၊ ဘာလဲဆိုတော့ မောင်ဖြူ မဖြူတို့လင်မယားဟာ သူများအသက်ကိုလဲ မသတ်ဘူး၊ သူများဥစ္စာပစ္စည်းကိုလဲ မခိုးဘူး၊ သမ္မာအာဇီဝနဲ့ ကောင်းရောင်းကောင်းဝယ် မြေကြီးလက်ဆုပ် ကုတ်ကုတ်လုပ်ကိုင်စားသောက်နေတာ လူသာဓုနတ်သာဓုခေါ်၍ ရိုးရိုးသားသားလုပ်ကိုင်စားသောက်နေပေမဲ့ အကုသိုလ်ဝင်တာပဲ၊ အဲဒီလို အပြောလေးတွေ မကြာမကြာ ပြောလေ့ပြောထရှိတာ ကြားဘူးပါတယ်၊ အဲဒီစကားကလေးကို အခုဘုရားဟောပြတဲ့ ကောင်းဘာမကောင်းတာ မိမိပြုတာဆိုတဲ့ တရားတော်ကိုသာ နာခံမှတ်သား သဘောပေါက်ကြပါ။

အတိတ်ကိုပြန်ဟောတော်မူတာက ကဿပမြတ်စွာဘုရားပွင့်တော်မူတဲ့အခါ ရွာဘရွာမှာ သူကြွယ်တဦးဟာ ပစ္စည်းလေးပါးဖြင့် လှူဒါန်းထောက်ပံ့၍ ရဟန္တာတပါးကို ကိုးကွယ်ဆည်းကပ်ပါတယ်၊ ရဟန်းတို့ရဲ့ သိက္ခာနဲ့ ညီညွတ်တဲ့အပြင် အနိစ္စ ဒုက္ခ အနတ္တဆိုတဲ့ ဝိပဿနာတရားကိုလဲ အလွန်ပွားများအားထုတ်သတဲ့။

တနေ့တော့ရဟန္တာတပါး အခုဟောခဲ့တဲ့သူကြွယ်အိမ်ကိုကြွလာလို့ သူကြွယ်ကကြည်ညိုပြီး ဆွမ်းကပ်ခြင်း တရားနာခြင်းပြုခါ သူကိုးကွယ်တဲ့ ကျောင်းကို ကြွစေပါတယ်။

ကျောင်းရောက်တော့ ကျောင်းနေရဟန်းက ဆွမ်းများပြည့်စုံခဲ့ပါသလားလို့ မေးပါတယ်၊ အာဂန္တုရဟန်းက အရှင်ဘုရားရဲ့ ဆွမ်းဒါယကာ သူကြွယ်အိမ်မှရခဲ့ကြောင်း ပြောပြပါတယ်၊ ညနေချမ်းရောက်တော့ သူကြွယ်လဲ ပန်းလှူရင်း ဆီမီးထွန်းရင်း ကျောင်းကို

သွားပြီး အာဂန္တုရဟန်းတပါး နာကြား၍ မနက်ကျရင် နှစ်ပါးစလုံး သူတို့အိမ် အရက်ဆွမ်းဘုဉ်းပေး ပင့်ဘိတ်၍ ပြန်သွားပါတယ်။

အင်း….ဒီကျောင်းမှာ ငါနေလာခဲ့ကြာပြီ ငါ့ထက်ပိုပြီး အခုမှပေါ်လာတဲ့ရှေ့ကြာပင်ကို အရေးထားဂရုစိုက်ကြည့်ညိုနေပါလား၊ ကြာရင် မဖြစ်ဘူး၊ ငါ့ဒါယကာသူကြွယ်ဟာ သူ့ဒါယကာသူကြွယ်ဖြစ်သွားမှာ အဖြစ်မခံနိုင်ဘူး ဖြစ်တဲ့နည်းနဲ့ အာဂန္တုမနေနိုင်အောင် လုပ်ရမှာပဲလို့ ကျောင်းနေရဟန်းက တွေးတောဆုံးဖြတ်လိုက်ပါတယ်။

အဲဒါ ကိုယ့်ဒါယကာ သူများဒါယကာ ဖြစ်မှာစိုးလို့ မနာလိုဝန်တို မစ္ဆရိယတရားလို့ ခေါ်တယ်၊ တရားနာပရိသတ် မှတ်ထားကြ။

နောက်ကဟောခဲ့တဲ့ ကုလမစ္ဆေရ ခေါ်တာပေါ့နော် – စကားကောင်း မပြောနိုင်လောက်အောင် ဖြစ်တဲ့အဖြစ် အာဂန္တုရဟန်းလဲ ကျောင်းနေရဟန်း စိတ်နေသဘောထားကို အကုန်သိတော်မူတယ်၊ ဒီအာဝါသိကခေါ်တဲ့ ကျောင်းနေရဟန်း ကုလမစ္ဆေရကြောင့် စကားမပြောဟောမျိုးကိုတော့ တရားဟောသူကိုယ်တိုင် ကြုံခဲ့ရဘူးပါတယ်၊ ထားပါတော့၊ ဒါနဲ့မနက်ကျ ကျောင်းနေရဟန်းက ကျောက်စည်ရောတံခါးပါ လက်သည်းနဲ့ ဖြေးဖြေးလေးခေါက်ပြီး တပါးတည်း ဆွမ်းဘုဉ်းပေး သူကြွယ်အိမ်ကို ကြွလာပါတယ်။

အိမ်ရောက်တော့ သူကြွယ်က အာဂန္တုရဟန်းမပါဘူးလားဘုရားလို့ လျှောက်ကြည့်ပါတယ်၊ လာခါနီး ကျောက်စည်ထိုးတံခါးခေါက်ဘယ်လိုပင်နှိုးနှိုး မနိုးဘူး မနေ့က အဆိမ့်အဒိမ့် အကောင်းအမွန်တွေ တအားစားကုန်စားပြီး မနိုးပဲ အိပ်ရေးကြီးနေဟန် တူပါရဲ့လို့ ပြန်ပြောပါတယ်။

သူကြွယ်ကာ ခရီးပန်းလာလို့ ဖြစ်ပါလိမ့်မယ်ဘုရားလို့ လျှောက်ထားပြီး ဆွမ်းကပ်လှူဒါန်းပြီးတော့ သပိတ်ကိုနို့သာရေနှင့် ကောင်းကောင်းမွှန်မွှန်အောင်ဆေးကြော၍ မွှန်မြတ်သော ဃနာဘောဇဉ်ကိုထည့်၍ အာဂန္တုရဟန်းအားလှူဘို့ ပေးပါဟု ကပ်လိုက်ပါတယ်၊ ကျောင်းနေ

ရဟန်းက လမ်းကျတော့တွေ့သတဲ့၊ ဒီအာဂန္တုရဟန်းဟာ ဒီမှန်မြတ်လှတဲ့ ဃနာဘောဇဉ်ကို စားရမှန်းသိနေရင် ဒီကျောင်းကလည်ပင်းကိုကိုင်နှင်ထုတ်တောင် သွားမှာမဟုတ်ဖူးလို့ အကြံရ၍ လမ်းမှာတွေ့တဲ့ မီးကျီးပုံ၌ ဆွမ်းတွေသွန်လောင်း အပေါ်ကမီးကျီးခဲတွေနဲ့ ပြန်ဖုံးထားခဲ့ပြီး ပြန်လာခဲ့ပါတယ်၊ အတွေးအခေါ်ကလဲ ခေါင်နိုင်လွန်းသကိုး။

အာဂန္တုရဟန်းလဲ သူ့စိတ်ကိုသိတာနဲ့ ငါ့ကြောင့် သူစိတ်ဆင်းရဲမဖြစ်ပါစေနဲ့ဟု ကောင်းကင်သို့ပျံတက်၍ တခြားအရပ်သို့ ကြွသွားနှင့်ပြီဖြစ်လို့ မတွေ့ရတာနဲ့ ကျောင်းနေရဟန်းက ဒီတော့မှ အာဂန္တုရဟန်းသည် ကေန္တရဟန္တာဖြစ်လို့ ငါ့အလိုသိ၍ တခြားနေရာကြွသွားဟန်တူတယ် ငါသည် ဝန်လေးတဲ့ အမှုကို ပြုမိလေပြီလို့ များစွာငမ်းနည်းနေရှာပါတယ်တဲ့။

များမကြာမီ ပျံလွန်တော်မူ၍ နှစ်အသိန်းတို့ပတ်လုံး ငရဲမှာခံရပြီး ဝိပါက်အကြွင်းဖြင့် ဘီလူးအဖြစ် ဘဝငါးရာဖြစ်ပါတယ်၊ တနေ့မှ ထမင်းဝအောင်မစားရပါ၊ တနေ့မှာတော့ ကိုယ်ဝန်အညစ်အကြေးကို ဝအောင် စားရဘူးပါတယ်။

တခါ ဘဝငါးရာ ခွေးဖြစ်ပြန်တော့လဲ အစာဝအောင်မစားရပါ၊ အန်ပတ်ကိုတော့တခါ ဝအောင်စားရဘူးပါတယ်၊ ခွေးဘဝကသေပြီး ကာသိတိုင်း ရွာတရွာမှာ သူဆင်းရဲမျိုး၌ လူလာဖြစ်လို့ မိတ္တဝိန္ဒကဟူသော အမည်တွင်ပါတယ်၊အထက်က ဟောခဲ့သလို ထမင်းဝအောင်မစားရ မိဘကစပြီး အလုပ်အကိုင် အပေါက်အလမ်း မတည့်လုပ်လို့ကိုင်လို့မဖြစ်၊ နောက်ဆုံး မိတ္တဝိန္ဒကကို မိဘတွေက ရိုက်နှက်နှင်ထုတ်လိုက်ရာ ဗာရာဏသီပြည် ရောက်လာပြန်ပါတယ်။

ဗာရာဏသီပြည်ရောက်လာတော့ ဘုရားလောင်း ဒိသာပါမောက္ခကျောင်းမှာ နေပါတယ်၊ ဒါပေမဲ့ ဆရာစကား နားမထောင်တဲ့အပြင် အဆုံးအမကိုမခံ ကြာတော့ ဆရာလာဘ်လာဘတောင် တဖြည်းဖြည်း

ဆုတ်ယုတ်လာပါတော့တယ်တဲ့၊ ဒီကျောင်းမှာ ကြာကြာမနေနိုင်ပဲ ပစ္စန္တရာဇ်ရွာမှာ သူရင်းငှါးဝင်လုပ်ရင်း ပစ္စန္တရာဇ်ရွာသူ မိန်းကလေး တယောက်နှင့် သားနှစ်ယောက်ရပြီး အဲဒီရွာမှာပဲ လုပ်ကိုင်စားသောက် နေတာပေါ့၊ ရွာသားများက သနားလို့ အခကြေးငွေပေးလို့ ရွာတံ ခါးဝမှာ ကောင်းသတင်း မကောင်းသတင်းပြောကြားဘို့ ကင်း စောင့်ခိုင်းထားဆိုပါတော့။

မိတ္တဝိန္ဒကကိုမှီပြီး ရွာကိုလဲ မီးခုနစ်ကြိမ်လောင်ခံရ မင်းဒဏ်သင့် ခံရ သူမရောက်မီက တရွာလုံး အေးအေးချမ်းချမ်းနေကြရပြီး အခု သူရောက်လာမှ ရွာမီးလောင်ခံရ၊ မင်းဒဏ်သင့်ခံရနဲ့ စီးပွားရေးလဲကျ ဆင်း အကုန်စုပုံဖြစ်တယ်ဆိုပြီး ရိုက်ပုတ်ရွာမှနှင်ထုတ်လိုက်ပြန်ပါတယ်။

သားနှစ်ယောက်နဲ့ မယားခေါ်ထွက်လာခဲ့ရာ ဘီလူးတွေနေတဲ့ တောင်ဝင်မိလို့ ဘီလူးတွေက မိတ္တဝိန္ဒကရဲ့ သားနဲ့မယား စားပစ်ပြန် ပါတယ်၊ ဘီလူးကြောက်ပြီး ခြေဦးနဲ့ဒူးတည့်ရာပြေးလိုက်တာ ဂမ္ဘီရ သင်္ဘောဆိပ်အရောက် သင်္ဘောထွက်မဲ့နေ့နဲ့ ကြုံကြိုက်တဲ့ အတွက် သင်္ဘောသားအဖြစ်ဖြင့် အမှုထမ်းလိုက်လာရာ သမုဒ္ဒရာထဲ ခုနစ်ရက်လဲ သွားမိရော ယုတ်တရက်မမျှော်လင့်ပဲ သင်္ဘောရပ်သွားတာနဲ့ သင်္ဘော သားအားလုံး သူယုတ်ရွေးဘို့မဲချရာ မိတ္တဝိန္ဒကချည့် ခုနစ်ကြိမ်မဲပေါက် လို့ သူယုတ်ပဲဆိုပြီး သမုဒ္ဒရာထဲ ဝါးစည်းနှင့် ပစ်ချလိုက်ကြပါတယ်၊ ဒီတော့မှပဲ သင်္ဘောလဲ အလိုလိုထွက်သွားသတဲ့။

ဝါးစည်းနှင့် မျောပါသွားလိုက်တာ ကဿပဘုရားလက်ထက်က စောင့်ထိန်းခဲ့တဲ့ သီလကောင်းမှုအကျိုးဆက်ကြောင့် ဖာလ်ဗိမာန်၌ နတ်သမီးလေးယောက်နှင့် ခံစားပျော်ပါးရကာ၊ ခုနစ်ရက်စေ့တော့ ဝါးစည်းပေါ်အိပ်ပြီး ရှေ့ခရီးဆက် ငွေဗိမာန်၌ နတ်သမီးရှစ်ယောက်နှင့် ခံစားပျော်ပါးရပြန်တယ်၊ တဖန်ရှေ့ကိုပဲဆက်သွားပြန်တော့ ပတ္တမြား ဗိမာန်၌ နတ်သမီးတဆယ့်ခြောက်ယောက်နှင့် ခံစားပျော်ပါးနေရပြီး မသေသေးပဲ ဆက်သွားပြန်တော့လဲ ရွှေဗိမာန်၌ နတ်သမီး သုံးဆယ့်နှစ်

ယောက်နှင့် ခံစားပျော်ပါးရပြန်ပါတယ်၊ ဟောခဲ့သော နတ်သမီးတွေကား အတန်တန်တားပေမဲ့ မနေပဲ ရလေလိုလေ အိုတခွဆိုတာလို ရှေ့သွားတဆတိုးပြီး ခြောက်ဆယ့်လေးယောက်သော နတ်သမီးတွေ တွေ့အုန်းမလား ထင်နေသလားတော့မသိ ရှေ့လဲဆက်သွားရော ဒါနဲ့ ပဲ နတ်သမီးတွေဆိုပေမဲ့ ခုနစ်ရက်ဒုက္ခခံ၊ ခုနစ်ရက်သုခစံရတဲ့ ဝေမာ နိက နတ်ပြိတ္တာမတွေနော်၊ ဒါနဲ့ပဲ ဘီလူးမြို့ရောက်သွားပြန်တယ်ဆို ပါဘော့၊ ဘီလူးမက ဆိတ်မအသွင်ဖန်ဆင်းသွားတာကိုး၊ မိတ္တဝိန္ဒက စိတ်ထဲမှာ ဒါဆိတ်မပဲ ဆိတ်သားစားမယ်ဆိုပြီး ခြေထောက်သွားကိုင် စဥ်ဘီလူးမသည် မိတ္တဝိန္ဒကကို ဖမ်းပြီးတအားပစ်လိုက်တာ ဗာရာဏသီမြို့ ကျုံးနားက ဆူးချုံထဲသွားကျသတဲ့၊ သူ့ဘဝကလဲ ရိစရာကောင်းသား နော်။

အဲဒီအချိန်မှာ ဘုရင့်ရဲ့ဆိတ်မတွေ သူခိုးခိုးလို့ ဆိတ်ကျောင်းသား တွေက ဆိတ်သူခိုးတွေဖမ်းမလို့ ချောင်းကြည့်နေကြတုန်း လောသက တိဿက ဘုရင့်ဆိတ်မတွေမြင်တော့ အင်း....ငါဟာ သမုဒ္ဒရာအလယ် ကျွန်းကဆိတ်မကို ခြေထောက်သွားကိုင်တုန်းက ဒီကျုံးနားရောက် အောင် ပစ်ပေးတယ်၊ အခုလဲ ဆိတ်မတွေပြန်ပြီးသွားကိုင်ရင် ငါ့ကို ဟိုသမုဒ္ဒရာအလယ်ကျွန်းက ငါပျော်ပါးခဲ့ရတဲ့ ဗိမာန်ရှင်နတ်သမီးလေး တွေထံ ပစ်မှာပဲဆိုတဲ့အကြံနဲ့ ကိုင်လဲကိုင်လိုက်ရော အသင့်ဖမ်းရန် စောင့်နေကြတဲ့ ဆိတ်ကျောင်းသားတွေက ရိုက်ပုတ် ဘုရင်ထံတော်သို့ ခေါ်လာကြရာ ဘုရားလောင်း ဒိသာပါမောက္ခဆရာကြီးကလဲ တပည့် ငါးရာနှင့် ရေချိုးထွက်အလာ လမ်းမှာဆုံမိကြလို့ အကျိုးအကြောင်း မေးပြီး ကယ်ဆယ်ထားလိုက်ပါတယ်။

နေစမ်းပါအုန်း မိတ္တဝိန္ဒကရဲ့ မင်းမမြင်တာကြာပြီ ဘယ်သွားနေ သလဲလို့ ဘုရားအလောင်းဆရာကြီးကမေးတော့ သူဖြစ်ပျက်ခံစား ဆင်းရဲဒုက္ခရောက်ခဲ့ရပုံ အလုံးစုံကို တခုမကျန်ပြောပြပါတယ်။

ထိုအခါ ဘုရားအလောင်းက အကျိုးစီးပွားကို အလိုရှိကုန်သော သူတို့၏စကားကို နားမထောင်သောသူဟာ အဲဒီလိုပဲ ဆင်းရဲဒုက္ခ ရောက်ပြီး အမျိုးမျိုးသော ဆင်းရဲဒုက္ခနှင့်တွေ့ကြုံရပြီး အခါခပ်သိမ်း စိုးရိမ်ရတယ်၊ စိတ်ဆင်းရဲရတယ် စသဖြင့် ဟောပြောတော်မူပါတယ်။

ဒီလောသကတိဿမထေရ်ဟာ ဘဝများစွာ ကျင်လည်ခဲ့ရပေမဲ့....

၁။ ဘီလူးဘဝ ကိုယ်ဝန်အညစ်အကြေးကို ဝအောင်စားရဘူးတယ်။

၂။ ခွေးဘဝ အန်ဖတ်ကို ဝအောင်စားရဘူးတယ်။

၃။ ပရိနိဗ္ဗာန်ပြုမဲ့နေ့ အရှင်သာရိပုတ္တရာ၏ အာနုဘော်ဖြင့် စတုမဓုကို ဝအောင်စားရဘူးပါတယ်။

အဲဒီသုံးဘဝသာ ဝအောင်စားရဘူးပါတယ်တဲ့။

မြတ်စွာဘုရားသခင်သည်....ချစ်သားရဟန်းတို့ ဤလောသကတိဿ မထေရ်ဟာ လာဘ်လာဘမရတာရယ်၊ အရိယာတို့၏တရားကိုရတာ ရယ် မိမိသည်ပင်ပြုတယ် ချစ်သားတို့လို့ ဟောတော်မူ၍ ယခုအခါ လောသကတိဿမထေရ်သည်၊ ထိုအခါ မိတ္တဝိန္ဒကဖြစ်ဘူးပြီ၊ ယခု ငါဘုရားသည်သာလျှင် ထိုအခါ ဒိသာပါမောက္ခဖြစ်ဘူးပြီဟု ဇာတ် တော်ကိုပေါင်းတော်မူပါတယ်။

အခုလို လိုရင်းနုတ်၍ တဇာတ်ထုပ်လုံးပါအောင် ဟောပြလိုက် ရခြင်းမှာ မစ္ဆေရတရားဟာ ဘယ်လောက် ကြောက်မက်ဖွယ်ကောင်း တယ်၊ သံဝေဂတရား ဉာဏ်အသွားဖြစ်စေရန်တကြောင်း ဒီလိုသိရ သောအားဖြင့်လဲ မစ္ဆေရတရား ရှောင်ရှားနိုင်ကြရန် တကြောင်း၊ မဇ္ဈေရတရား မနာလိုဝန်တိုတာ ဒီလိုပါလားလို့ သိစေရန်တကြောင်း တို့ကြောင့် အကြောင်းအကျိုး မျှော်ကိုးထောက်ဆပြီး ဟောပြော လိုက်ပါတယ်၊ တရားနာပရိသတ်အားလုံးနှင့် တရားဘတ်ရှုသူအားလုံး မစ္ဆေရတရား အတတ်နိုင်ဆုံး မပြုလုပ်မိ ကြစေရန်ရှောင်ရှားကြပါလို့ လေးလေးနက်နက် များများကြီး သတိပေးတိုက်တွန်းလိုက်ရပါတယ်။

ဤသည်ကား သုတ္တန်ဒေသနာ၊အဘိဓမ္မာဒေသနာတော်သည်ကား ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာဓမ္မာဟု ဟောမိန့်တော်မူပါတယ်။

## အလှူဝတ္ထုနည်းတယ် များတယ်မဆို

နတ္ထိစိတ္တေပသန္နမှိ၊ အပ္ပကာနာမ ဒက္ခိဏာ။
ဂတာဂတေဝါ သမ္ဗုဒ္ဓေ၊ အထဝါ တဿ သာဝကေ။
(သုတ္တနိပါတ်)

ဘိက္ခဝေ၊ သံသရာကို လေးသောဝဋ်ဟု ရှုလေ့ရှိကြသော ငါ၏ချစ်သား ချစ်သမီးတို့။တထာဂတေ၊ လာခြင်းကောင်းသော မြတ်စွာဘုရား၌ ၎င်း။ ဓမ္မေဝါ၊ တရားတော်၌၎င်း။ အထ၊ ထိုမှတပါး။ သာဝကေဝါ၊ တပည့်သားသံဃာတော်၌၎င်း၊ စိတ္တေ၊ စိတ်သည်၊ ပသန္နမှိ၊ ကြည်ညိုသည်ရှိသော်။ ဒက္ခိဏာ၊ အလှူသည်။ အပ္ပကာနာမ၊ နည်းသောမည်သည်။ နတ္ထိ၊ မရှိ။

အဓိပ္ပါယ်က။ ။ငါဘုရားကိုပဲဖြစ်စေ၊ တရားတော်ကိုပဲဖြစ်စေ၊ သံဃာတော်ကိုပဲဖြစ်စေ၊ စိတ်, စေတနာ၊ သဒ္ဓါကြည်လင် ဖြူစင်စွာနဲ့ ကြည်ညိုပေးလှူတတ်ရင် အလှူဝတ္ထုနဲ့သော်လဲ များမြတ်လှတဲ့အကျိုးထူး တရားများကို ရပါတယ်လို့ ဟောတော်မူပါတယ်။

သက်တော်ထင်ရှား မြတ်စွာဘုရားကို ရည်မှတ်၍ ဓါတ်တော် မွေတော် ရုပ်ပွားတော် ဆင်းတုတော်များကို စေတနာသဒ္ဓါတရား ကောင်းကောင်းမွန်မွန်နဲ့ ကြည်ညိုပြီး ဆွမ်း ပန်း မျက်နှာသစ်တော်ရေ ဒန်ပူတန်ဆောင်း မဏ္ဍပ်လှူတန်း–ဘုရားယင်ပြင်တော်ပေါ်မှာ အမှိုက်သရိုက်များ သုတ်သင်ရှင်းလင်းခြင်း စတဲ့ ဗုဒ္ဓဝေယျာဝစ္စ ကောင်းမှု အစုစုများကို ပြုလုပ်အားထုတ်ကြရပါမယ်။

ဆွမ်းတဇွန်း၊ ရေတမှုတ်၊ ပန်းတပွင့်ပင်ဖြစ်စေကာမူ၊ စေတနာ သဒ္ဓါ ပြဋ္ဌာန်းလှူဒါန်းတတ်ပါက အလှူဝတ္ထုနည်းတယ် များတယ် မဟုတ်– အကျိုးပေးတယ်လို့ ဘုရားဟောတော်မူပါတယ်။

ကုသိုလ်တရားကို ငယ်ငယ်လေးပဲဟု ထင်မှတ်ပြီး အကျိုးပေးမှာ မဟုတ်ပါဘူး ထင်ပါရဲ့လို့ မထေမဲ့မြင် မလောက်လေးမလောက်စား မလုပ်ကြပါနဲ့၊ ဥပမာ– ရေအိုးကြီးတလုံးထဲကို မိုးရေတွေ ကျဖန် များစွာ ဖြစ်လာတော့ ပြည့်လျှံလာရသလို၊ ကုသိုလ်လဲ ဒီလိုပါပဲ၊ ပစ္စုပ္ပန်သံသရာ နှစ်ဖြာသော ကြီးကျယ်မြင့်မြတ်တဲ့ အကျိုးတွေကို ခံစားရတယ်လို့ ဓမ္မပဒပါဠိတော်မှာ ဟောတော်မူထားပါတယ်။

အလှူဝတ္ထုများတယ် နဲတယ်လို့ စိတ်နှစ်ခွမဖြစ်ကြပါနဲ့ စိတ်ချသာ လှူ၊ စိတ်ထားတတ်မြတ်တယ်၊– ခြမျှားလဲ စုပါများတော့ တောင်ပို့ များဖြစ်လာသေးတာ၊ ပါရမီဖြည့်ပါများတော့ ပြည့်ရင့်လာရမှာပေါ့၊ ဒီလိုမဟုတ်လား။

တရားနာတဲ့ပရိသတ်တွေ တချို့အိမ်တွေမှာ စုဘူးလုပ်မထားကြ ဘူးလား၊ အဲဒီစုဘူးထဲကို တနေ့နဲ့နဲ့ထည့်ရင် ထည့်ဖန်များလို့ ရက်ကြာ လာတော့လဲ ပြည့်လာရတာပဲ မဟုတ်လား၊ သဘောပေါက်ပါတယ် နော်။

သရက်သီးတလုံးလှူဘူးရုံမျှနဲ့ ဘုရားလောင်းနန်းတော်မှာ တရား စီရင်ရတဲ့ အမတ်တယောက်ဟာ နောက်ဘဝ ဟိမဝန္တာတော ဂင်္ဂါမြစ် အနီးမှာ သရက်သီးလှူခဲ့ဘူးသော ကောင်းမှုကြောင့် သုံးယူဇနာရှိတဲ့ သရက်ဥယျာဉ်ကြီးအလယ်မှာ တင့်တယ်ဘွယ် မွေ့လျော်ဘွယ်ကောင်း တဲ့ ရွှေဗိမာန်ကြီးမှာ– နတ်သမီးပေါင်း တသောင်းခြောက်ထောင်နဲ့ခံ စားရတယ်လို့ တိံသနိပါတ် ကိံဆန္ဒဇာတ်မှာ တွေ့ရမှတ်ရဘူးပါတယ်။

ဣန္ဒကနတ်သားလဲ စေတနာပန်းသဒ္ဓါလွှမ်းပြီး နည်းများမဆို အရှင် အနုရုဒ္ဓါအား ဆွမ်းလှူခဲ့ဘူးလို့ အထူးအမြတ်ခံစားရပုံ။

မဟာပနာဒဇာတ်တော်မှာလဲပဲ မပြောပလောက်တဲ့ ကျူထရံ ကျောင်းလေး လှူခဲ့ဘူးတဲ့အတွက် နှစ်ဆယ့်ငါးယူဇနာရှိတဲ့ တရားနာ ပြာသာဒ်ကြီးနဲ့ စံစားရပြီး နောက်ဆုံး နိဗ္ဗာန်အထိ အကျိုးပေးသွားတဲ့ အကြောင်း ထောက်ပြဟောလိုက်ရပါတယ်။

ဒီ အလှူ ဝတ္ထုနည်းတယ် များတယ်လို့ဘုရားမဟော အပ္ပဒိန္နံ၊ အလှူ ဝတ္ထုနည်းပေမဲ့ အကျိုးပေးတဲ့နေရာမှာ စေတနာသဒ္ဓါကောင်းရင် ဗဟုလဘတိ၊အကျိုးများစွာခံစားရတယ်ဆိုတဲ့အကြောင်း တရားတပုဒ် ဟောပြအုန်းမယ်၊ အာရုံတပါးစိတ်မသွားပဲ ရိုသေစွာ ကြားနာလိုက် ကြပါကုန်လော့။

တရားကတော့ မောင်ကလှူတော့ မယ်ကြည်ဖြူ၊ မယ်ကလှူတော့ မောင်ကြည်ဖြူကြလို့ တူညီသဒ္ဓါမျှပိုး ဒိဋ္ဌဓမ္မအကျိုးပေးတဲ့အတွက် ခဏချက်ခြင်း ရက်မဆိုင်းဘဲ ငမွဲဇာတဘဝမှ ချမ်းသာတဲ့သူဌေးဘဝ ရောက်သွားရတဲ့ မောင်ပုဏ္ဏ–မယ်ဘာရိတာတို့ လင်မယားအကြောင်း ပေါ့နော်။

သူတို့လင်မယားလှူပုံ စိတ်ထားပုံ စေတနာသဒ္ဓါထားတတ်ပုံ လင် လှူပေမဲ့ မယားကကြည်ဖြူ၊ မယားကလှူတော့လဲ လင်ကကြည်ဖြူ သာဓုယူလောက်တဲ့တရား ဟောပြမယ်၊ တရားနာမယ်ကတော့....

## မောင်လှူတော့ မယ်ကြည်ဖြူ၊ မယ်လှူတော့ မောင်ကကြည်ဖြူ တရားတော်

မြတ်စွာဘုရားလက်ထက်တော်ကာလဲ ရာဇဂြိုဟ်ပြည် သုမနသူဌေး အိမ်မှာ သူရင်းငှါးလုပ်နေရတဲ့ သူဆင်းရဲမောင်ပုဏ္ဏ၊ မယားကဘာရိ တာ သူတို့ရဲ့တဦးတည်းသော သမီးကလေးနံမယ်က မယ်ဥတ္တရာ၊မိသား စုသုံးယောက်ရှိတယ်ဆိုပါတော့– မောင်ပုဏ္ဏလဲ မယားဘာရိတာကို ထမင်းပို့ရန် မှာထားခဲ့၍ လယ်ထွန်ရအောင် ထွက်သွားပါတယ်။

အဲဒီအချိန်မှာ ရှင်သာရိပုတ္တရာသည် နိရောဓသမာပတ်မှထတော်မူ၍ မည်သူ့အားချီးမြှင့်ရပါမလဲလို့ ကြည့်တော်မူတဲ့အခါ သူဆင်းရဲမောင်ပုဏ္ဏကို မြင်တော်မူတာနဲ့ သင်္ကန်းသပိတ်ယူတော်မူ၍ ကြွလာတော်မူရာ မောင်ပုဏ္ဏလယ်ထွန်သည့် လယ်ကွင်းပေါ်မှာ ရပ်တော်မူလိုက်ပါတယ်၊ မောင်ပုဏ္ဏလဲ ရှင်သာရိပုတ္တရာပေးတဲ့ သပိတ်နဲ့ရေစစ်ကိုယူပြီး မျက်နှာသစ်ရေနှင့် ဒန်ပူကို သဒ္ဓါကြည်ဖြူ ဝမ်းမြောက်ဝမ်းသာလှူတာကို အလှူခံတော်မူပြီး အစဉ်အတိုင်းကြွတော်မူစဉ် မောင်ပုဏ္ဏကို ထမင်းလာပို့တဲ့ မယ်ဘာရိတာနှင့် လမ်းမှာ တွေ့မြင်ရတာနဲ့ သူ့ယောကျ်ားဘို့ယူလာတဲ့ ထမင်းတွေ ရှင်သာရိပုတ္တရာအား အကုန်လောင်းလှူပြီး ရှိခိုးကာ အိမ်ပြန်ထမင်းချက်ပြန်ပါတယ်၊ အခုခေတ်ဆိုရင် လယ်ထဲတောင် လိုက်အလှူခံတယ် ဆိုပြီး စိတ်ဆိုးမှာပဲထင်တယ်။

မောင်ပုဏ္ဏလဲ မယားဘာရိတာ ထမင်းပို့မလာ မလာနဲ့မျှော်ရင်း လယ်ကွင်း ခေါင်းအုန်းအိပ်လို့မကြာမီ မယားဘာရိတာ ထမင်းပို့ရောက်လာပါတယ်၊ ရောက်မဆိုက် မယားဘာရိတာက ထမင်းစောစောချက်ယူလာခဲ့တာဘဲ ဒါပေမဲ့ လမ်းမှာရှင်သာရိပုတ္တရာနှင့် တွေ့တာနဲ့ အကုန်လောင်းလှူလိုက်ပြီး တခါပြန်ချက်ပြုတ်နေရလို့ နဲနဲနေမြင့်သွားတာ စိတ်ကောက်လဲ မနေနဲ့အုန်း လှူလိုက်တဲ့ဆွမ်းဒါန ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ပေတော့ မယားချော တရားသဘောအရပြောပြပါတယ်၊ အခုခေတ် သဒ္ဓါတရားမဲ့၊ စေတနာသဒ္ဓါတရားနဲ့တဲ့ သူတွေမျိုးသာဆိုရင် ငါ့ဘို့ယူလာတဲ့ထမင်း အကုန်လောင်းလိုက်ရမလားလို့ မယားကို ပူညံပူညံနဲ့ ဆူသံကြားနေရမှာမလွဲပဲ၊ လောင်းချင်တောင် တဆုတ်တခဲလောင်းသင့်ကြောင်း ပြောမှာနော်၊ အခုတော့စိတ်မဆိုးတဲ့အပြင် ပူပြီးကုသိုလ် လွန်စွာပွားများဆိုတဲ့ သမ္ပဒါန်အတိုင်း အေးဟဲ့ ငါလဲမနက်က လယ်ထဲကြွလာလို့ မျက်နှာသစ်ရေနဲ့ ဒန်ပူကပ်လိုက်သေးတယ်၊ ဒီကောင်းမှုကုသိုလ်လဲ မင်းကသာဓုခေါ်ပါ

အနုန်းလို့ အပြန်အလှန် သာဓုခေါ်ခိုင်းကြပြီး ထမင်းစားကြပါတယ်၊ မကောင်းဘူးလား တရားနာပရိသတ်၊ အတုခိုးထားကြ။

တရားနာပရိသတ်နှင့် အားလုံးတရားနာနေကြတဲ့သူတွေရော သတိထားစေချင်တာက လင်မယားဆိုတာ အဲဒီမောင်ပုဏ္ဏ-မဘာရိတာ လင်မယားလို အပေးအယူမျှရမယ်၊ လင်ကလှူတော့ မယားကကြည်ဖြူမယ်၊ မယားကလှူတော့လဲ လင်ကကြည်ဖြူရမယ်၊ ဒီလိုမဟုတ်လား။

အခုခေတ် တချို့ရှိသေးတယ်၊ ယောကျ်ားလုပ်သူက အလှူငွေငါးကျပ်သည့်လာရင် အိမ်ကမိန်းမက ငါးကျပ်ကြီးများတောင်ထည့်ခဲ့ရသလား၊ မများဘူးလားရှင့်၊ တကျပ်လောက်ဆို တော်ရောပေါ့၊ သူ့မှာ ဇာတိက သူဌေးကြီးကျနေတာဘဲ၊ တွင်းထဲကနှိုက်သုံးရတာ မဟုတ်ဖူး လုပ်မှကိုင်မှစားရတာ ဘာညာ ဟိုဒင်းဒီဒင်း စုံဘကာစေ့အဲဒါ မဟုတ်မမှန် လုပ်ကြံပြောသည်မဟုတ် တရားဟောသူကိုယ်တိုင်နားမှာ ဆတ်ဆတ်ကြားခဲ့ရဘူးတယ်၊ ကြားရတဲ့နှစ် အနှစ်နှစ်ဆယ်ပတ်ဝန်းကျင်မှာရှိပြီး ကြာလှပြီဖြစ်ပေမဲ့ အခုဟောနေရင်းတောင် ကြားနေရသယောင်ယောင်၊ ဒါကြောင့်လဲ သူ့ချည်းမပြီးပူး၊ အိမ်ကမယားကပြီးမှပြီးတာ၊ ထားပါတော့လေ- လင်မယားနှစ်ယောက် ထမင်းစားသောက်ပြီးကြတဲ့အခါ မယားပေါင်ပေါ် ခေါင်းအုံး၊ မောင်ပုဏ္ဏကအမောအပန်းပြေတဲ့သဘောနဲ့ ခဏတဖြုတ်အိပ်လိုက်ပါတယ်၊ မယားကောင်းပီသလှတဲ့ မယ်ဘာရိတာလဲ သားသမီးကို မိခင်က ယုယပိုက်ထွေးသလို သူ့ပေါင်လေးပေါ် အိပ်ပျော်နေတဲ့ လင်ယောကျ်ားကိုတယုတယ ပွေ့ပိုက်၍ အိပ်စေပါတယ်။

အိပ်ယာကလဲနိုးလာပါလေရော မိမိတို့မျက်စိ မိမိတို့မယုံနိုင်လောက်အောင် ထွန်ထားတဲ့လယ်ထဲက ထယ်ခဲတွေအားလုံး ရွှေတုံး ရွှေခဲတွေဖြစ်နေတာကို ဝင်းဝင်းထိန်ထိန် မမြော်လင့်ပဲ တွေ့လိုက်ရတဲ့အတွက်အံ့အားများတောင်သင့်ပြီး လင်မယားနှစ်ယောက် ဝမ်းသာနေကြတယ်

ပေါ့၊ မြေကြီးဆိုလို့ ဇီးကင်းလောက်တောင်မကျန်ပဲ ရွှေတွေဖြစ်နေတာဆိုတော့ အံ့သြမယ်ဆိုလဲ အံ့သြစရာပေါ့။

ဒါကြောင့်လဲ မယားဘာရိတာကို နေစမ်းပါအုန်းဟ–ငါအိပ်ရာထမို့ အိပ်ချင်စုံမွှား မျက်စိမျှားဝါးနေလို့လား၊ မှားနေလို့လား၊ လယ်တကွင်းလုံး ရွှေတုံးရွှေခဲတွေချည့်မြင်နေတယ်၊ ကြည့်စမ်းပါအုန်းလို့ မယားကိုပြောပါတယ်၊ ဒါနဲ့ လင်မယားနှစ်ယောက် သွားကြည့်တော့ တကယ်အစစ် ရွှေတုံးရွှေခဲတွေဖြစ်နေတာကို ထူးဆန်းစွာ တအံ့တသြတွေ့လိုက်ရတဲ့အတွက် ဗိမ္ဗိသာရမင်းကြီးအား လျှောက်ထားလို့ မင်းကြီးက အမှုထမ်းတွေကို လှည်းဖြင့် တိုက်ယူခိုင်းရာ မင်းမှုထမ်းများက–ဒို့ဘုရင်ဘုန်းကံကြောင့်ဖြစ်တဲ့ ရွှေတုံးတွေကွဆိုလို့ယူကြတာ လက်ထဲရောက်–ရွှေတုံးပျောက် မြေကြီးပကတိအဖြစ် ရောက်သွားကြသတဲ့။

ရွှေတုံးက မြေကြီးဖြစ်သွားကြောင်း ဘုရင်အား လျှောက်ထားကြသတဲ့၊ ဟ....ငါ့ဥစ္စာမဟုတ်ဘူး၊ ဆင်းရဲသား မောင်ပုဏ္ဏ – မယ်ဘာရိတာတို့ဥစ္စာ၊ မောင်ပုဏ္ဏ ဘုန်းကံကြောင့် ဖြစ်တဲ့ ရွှေတုံးတွေဆိုကောက်ကြလို့ ဘုရင်ကခိုင်းတော့မှ ရွှေပကတိအတိုင်း ဖြစ်နေသတဲ့။

ရွှေတုံးတွေကို လှည်းတွေနဲ့တိုက်ပြီး ပုံလိုက်ကြတာ အတောင်ရှစ်ဆယ်လောက် မြင့်သွားတယ်၊ ဗိမ္ဗိသာရမင်းကြီးကလဲ ဒီနေ့မှစ၍ သူဌေးဆောင်ထီးနှင့်တကွ သူဌေးအဆောင်အယောင်ကိုပါ ချီးမြှင့်ပြီး သူဌေးကြီး ဦးပုဏ္ဏ ရာထူးတံဆိပ် ခပ်နှိပ်ပေးလိုက်ပါတယ်။

ဆင်းရဲသားဟောင်းဖြစ်တဲ့ သူဌေးကြီးဦးပုဏ္ဏလဲ ဗိမ္ဗိသာရမင်းကြီးပေးသနားတဲ့ အိမ်နေရာမှာလဲ တိုင်တွင်းတူးတိုင်း ရွှေအိုးငွေအိုးတွေ ထပ်မံတွေ့ရပြန်တဲ့အတွက် ပင်လယ်မိုးရွာသလို ရတနာရှိရာ ရတနာစုဆိုတာလို ဖြစ်နေတာပေါ့။

ဒါကြောင့်မို့လဲ မြတ်စွာဘုရားက ကုသိုလ် ကောင်းမှုဆိုတာ လောကီ လောကုတ်အကျိုး မယုတ်ပါဘူးလို့ ဟောထားတာ စေဘနာ သဒ္ဒါ ကောင်းကောင်းနဲ့သာလုပ် ဖြစ်တယ်။

ဒါနဲ့ အိမ်တွေဘာတွေဆောက်ပြီးလို့ အိမ်တက်မင်္ဂလာ ထီးဆောင်းမင်္ဂလာ- သမီးကလေး မဥတ္တရာ နားထွင်းမင်္ဂလာတို့ကို ပြုလုပ်၍ ခုနစ်ရက်တိုင်တိုင် ဘုရားအမှူးရှိတဲ့ ရဟန်းသံဃာတော်မြတ်တို့အား ဆွမ်းဒါန လှူဒါန်း ရေစက်ချ အမျှပေးဝေကြပါတယ်၊ တရားနာရသည့်ရဲ့အဆုံး သားအမိ သားအဖ သုံးယောက်စလုံး သောတာပတ္တိဖိုလ်ကို ရသွားကြပါတယ်။

နောက်ဘဝတောင် မရောက်ခင်၊ အခုမျက်မှောက်အကျိုး ရောက်နေပါလား ဒိဋ္ဌဓမ္မ တရားနာပရိသတ် အတုခိုးကြနော်၊ မှတ်သားစရာ သိပ်ကောင်းတယ်။

ဒါနဆိုတာ နဲတယ် များတယ် မဟုတ် စေတနာသဒ္ဓါကောင်း သွားရင် ဇနကပစ္စယသတ္တိနှင့် လူချမ်းသာ – နတ်ချမ်းသာ ပေးလို့ လောကုတ္တရာဖြစ်တဲ့ မဂ်, ဖိုလ် နိဗ္ဗာန်ကိုလဲ ဥပထမ္ဘကပစ္စယ သတ္တိဖြင့်လဲ ပေးတတ်တယ်ဆိုတဲ့အတိုင်း အခုတွေ့ပါ ဒိဋ္ဌဓမ္မ အခုချက်ခြင်း ဇနကသတ္တိဖြင့် အကျိုးပေးလိုက်တဲ့ သူဌေးကြီးဦးပုဏ္ဏနဲ့ မယ်ဘာရိတာ တို့လင်မယားကို ကြည့်ပါ၊ ဒီဝတ္ထုလေးရဲ့ မှတ်သားစရာက အလှူဝတ္ထုနည်းပေတဲ့ စေတနာထားတတ် မြတ်ဆိုတာလို စေတနာသဒ္ဓါ ဖြူစင်ရင် ညီညွတ်ရင် အကျိုးကြီးမြတ်တယ်၊ အလှူဝတ္ထု နည်းတာ များတာ ပမာနလိုရင်း မဟုတ်ဖူး၊ စေတနာ သဒ္ဓါတရားသာလျှင် အဓိကပမာနလိုရင်း ဖြစ်တယ်ဆိုတာ ဒီတရားနာကြတဲ့ ပရိသတ်တွေ သိစေလိုလို့ အခုသတင်း ထည့်ဟောပြလိုက်တာပါ။

'သဒိသံပါကံ ဇနေတိ'သဒိသံ၊ အကြောင်းကံနှင့်တူသော။ ပါကံ၊ အကျိုးကို။ဇနေတိ၊ဖြစ်စေတတ်၏လို့ ဘုရားရှင်ဟောတော်မူတဲ့အတိုင်း မိမိပြုခဲ့တဲ့ ကုသိုလ်ကောင်းမှုတရား မိမိပဲ ခံစားရတယ်မဟုတ်လား။

အခုပဲကြည့်လေ မင်းမှုထမ်းတွေက ရှင်ဘုရင့် ရွှေတွေလို့ ဆိုပြီး ကောက်ယူတယ်၊ မြေကြီးခဲတွေဖြစ်ကုန်တယ်၊ ဒီလိုမဟုတ်လား-

မောင်ပုဏ္ဏမယ်ဘာရိတာတို့ ရွှေတွေပါလို့ဆိုပြီးကောက်ယူမှ ပကတိရွှေအတိုင်း ဖြစ်နေပါတယ်၊ ဥစ္စာကံမပေးပေမဲ့ အတင်းယူတော့ ဘယ်ရပါ့မလဲ၊ ဥစ္စာကံမှမပေးတာ မြေကြီးခဲတွေ ပြန်ဖြစ်ကုန်တာပေါ့။

ဒါကြောင့် လူကြီးသူမများက (စံထိုက်မှစံရ) လို့ ဆိုရိုးစကားရှိထားတာ။

မြေကြီးမှ ရွှေသီးတယ်ဆိုရင်လဲ မမှားဘူး၊ ကိုင်း တရားနာလာကြတဲ့ ပရိသတ်တွေလဲ အခုဟောခဲ့တဲ့ သူဌေးကြီးဦးပုဏ္ဏနဲ့ မယ်ဘာရိတာတို့ရဲ့ လှူဒါန်းပုံ စေတနာသဒ္ဓါထားတတ်ပုံ အလုံးစုံကိုအကုန်အစင်အတုယူပြီး သဒ္ဓါတတ်အားနည်းများမဆို ဆထက်တပိုးတိုး၍ လှူဒါန်းနိုင်ကြပါစေလို့ သတိပေးတိုက်တွန်းရင်း သိတာမှတ်—၊ အဘိဓမ္မာသတ်စို့ပေါ့နော်။

(စေတနာ များများထားနိုင်ရင် များများကြီး အကျိုးခံစားရပြီး စေတနာ နဲနဲထားနိုင်တော့လဲ နဲနဲပဲအကျိုးခံစားရမှာပဲ ဖြစ်ပါတယ်)

သံဒိဋ္ဌိကော အယံဓမ္မောလို့ ဘုရားကိုယ်တော်တိုင် ဝန်ခံထားတော်မူပါတယ်။

ဤသည်ကား သုတ္တန်ဒေသနာ အဘိဓမ္မာ ဒေသနာတော်မြတ်သည်ကား ကုသလာဓမ္မာ, အကုသလာဓမ္မာ, အဗျာကတာဓမ္မာဟု ဟောတော်မူပါတယ်။

သတိ။ ဒီနေရာတဆက်တည်း မောင်ပုဏ္ဏ၊ မယ်ဘာရိတာတို့ရဲ့သမီးလေး မယ်ဥတ္တရာအကြောင်း ဟောလိုပေမယ့် မရှိလို့မလှူ မလှူလို့မရှိဆိုတဲ့ နေရာကလေးကိုသာ အဓိကလိုချင်တဲ့အတွက် မဟောနိုင်တော့ပါ၊ ရှေ့နားက (သောတာပန်အကြောင်း သိကောင်းစရာ)ဆိုတဲ့ အခဏ်းကျမှ ဆက်နာကြ။

ဒါကြောင့် တရားနာပရိသတ်တွေ ထင်နေကြတဲ့ မိမိတို့ပြုလုပ်ထားကြတဲ့ နှစ်ဦးပိုင်ပစ္စည်းကို လင်ကလှူတာကို မယားကိုအမျှပေးဝေလို့ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်မှ ကုသိုလ်ရမှာဖြစ်သလို၊ မယားလှူတာကိုလဲ မယားက အမျှအတမ်းပေးဝေလို့ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်မှ ကုသိုလ်ရတယ်၊ လင်လှူမယားရ မယားလှူတော့လဲလင်ကရဘာပဲလို့ မမှတ်စေလိုကြောင်း သတိပေးလိုက်ပါရစေ။

## ဒိဋ္ဌဓမ္မအကျိုးပေးဟန်

စေတနာဆိုတာကစပြီးဟောပြမှ ပြည့်စုံမှာမို့ စေတနာကစ ဟောကြရအောင် တရားအာရုံပြုလိုက်ကြ။

စေတနာဆိုတာက မိမိနှင့်အတူတကွ ယှဉ်ဘော်ယှဉ်ဘက်ဖြစ်တဲ့ သမ္ပယုတ်တရားတို့ကို ကုသိုလ် အကုသိုလ် အာရုံ၌ စေ့ဆော်တတ်သော သဘောတရားကို ခေါ်ပါတယ်၊ ဟုတ်ပလား။

ဒီစေတနာရဲ့သဘောဟာ စေ့ဆော်ခြင်းလက္ခဏာ သမ္ပယုတ်တရားတို့ကို မိမိတို့၏ကိစ္စ၌ ဖရိုဖရဲမရှိရအောင် စည်းရုံးစေ့စပ် နှိုးဆော်ခြင်းအမှုကိစ္စ၊ စီရင်တတ်သော အခြင်းအရာအားဖြင့် ဉာဏ်အား ရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန်၊ ဝိညာဉ်လျှင် နီးစွာသောအကြောင်း ပဒဋ္ဌာန်ရယ်လို့ ရှိပါတယ်။

အထူးဟောရရင် ကုသိုလ်ကောင်းမှု ပြုကြရာမှာ စေတနာသည် မိမိနှင့်ယှဉ်ဘက်ဖြစ်တဲ့ သမ္ပယုတ် တရားတို့ထက် နှစ်ဆ တက်သော ကြောင့်ကြဗျာပါဒ ဥဿာဟရှိပါတယ်။

ဒီနေရာမှာ ကုသိုလ်စေတနာကိုသာ ဟောပြပါမယ်နော်၊ အဋ္ဌသာလိနီအဋ္ဌကထာ၌ မိမိကိစ္စ သူတပါးကိစ္စကိုပြီးစေတတ်သော တပည့်ကြီး လက်သမားကြီး စစ်ဗိုလ်မှူးကြီးလို့ စေတနာကို မှတ်ရမယ်လို့ မိန့်ဆိုပါတယ်။

ဘယ်လိုလဲဆိုရင် လက်အောက်ငယ်သား တပည့်လက်သမားတို့ကို သစ်ရွေးရမှာ အားစိုက်စေ့ဆော် နှိုးဆော်တိုက်တွန်းတတ်သော လက်သမားဆရာကြီးနဲ့ တူတယ်လို့ အဋ္ဌကထာဆရာ မိန့်ဆိုပါတယ်။

ဒီစေတနာဟာ....

သဟဇာတစေတနာ နာနာက္ခဏိက စေတနာအားဖြင့် နှစ်ပါး၊

ပုဗ္ဗစေတနာ, မုဉ္စစေတနာ, ပရစေတနာအားဖြင့် သုံးပါး။

ကုသိုလ် ဇောဝါရအားဖြင့် ပဌမဇောစေတနာ၊ ဒုတိယဇောစေတနာ၊ တတိယဇောစေတနာ၊ စတုတ္ထဇောစေတနာ၊ ပဉ္စမဇောစေတနာ၊ ဆဋ္ဌမဇောစေတနာ၊ သတ္တမဇောစေတနာ ဟူ၍ ခုနစ်ပါးရှိပါတယ်။

သဟဇာတစေတနာ ဆိုတာက....အထောက်အပံ့ ဥပထမ္ဘကကံကို ဖြစ်စေပါတယ်။

နာနာက္ခဏိကစေတနာ ဆိုတာက....ပဋိသန္ဓေကို ဖြစ်စေတတ်သော ဇနကကံ စေတနာကို ခေါ်ပါတယ်။

ပုဗ္ဗစေတနာဆိုတာက မလှူမီ ရှေ့အဘို့၌ဖြစ်တာ၊
မုဉ္စစေတနာဆိုတာက....လှူနေဆဲအခါမှာဖြစ်တာ၊
ပရစေတနာဆိုတာက....လှူပြီးနောက်အခါမှာ ဖြစ်တာ၊

ကုသိုလ်ဇောဝီထိတခုမှာ အစဉ်လိုက် ဖြစ်ပေါ်လာသော ကုသိုလ်ဇောခုနစ်ကြိမ်သည် အစဉ်အတိုင်း ပဌမ-ဒုတိယ-တတိယ-စတုတ္ထ-ပဉ္စမ-ဆဋ္ဌမ-သတ္တမ ဇောစေတနာ မည်ပါတယ်။

ဝိမာနဝတ္ထု အဋ္ဌကထာဆရာ အရှင်ဗုဒ္ဓဒတ်နဲ့ မင်္ဂလဒီပနီဆရာတော်တို့ အလိုမှာ ပုဗ္ဗ, မုဉ္စ, ပရ စေတနာ သုံးပါးစလုံး ပဋိသန္ဓေကို ပေးနိုင်တယ်။

ဥပရိပဏ္ဏာသ အဋ္ဌကထာ ဆရာ အရှင် ဗုဒ္ဓဃောသအလိုမှာတော့ ပဋိသန္ဓေကို မုဉ္စစေတနာကပေး၍ အသက်ရှည်ခြင်း, အဆင်းလှခြင်း

စတဲ့ အကျိုးငါးပါးကို ပုဗ္ဗစေတနာနဲ့ ပရစေတနာက ပေးတယ်လို့ ဖွင့်ပြပါတယ်။

ကုသိုလ်ဇောဝီထိတခု၌ အစဉ်လိုက် ဖြစ်ပေါ်လာသော ကုသိုလ်ဇော စေတနာခုနစ်ခုတို့တွင် ပထမဇောကုသိုလ် စေတနာသည် ဒိဋ္ဌဓမ္မ မျက်မှောက်အခုဘဝမှာ ခံစားအပ်သော အကျိုးရှိလို့ ဒိဋ္ဌဓမ္မ ဝေဒနီယကံဖြစ်ပါတယ်၊ သတ္တမဇောကုသိုလ် စေတနာသည် ဒီ ပစ္စုပ္ပန်ဘဝ၏ အခြားမဲ့ ဒုတိယဘဝ၌ကပ်ပီး ပဋိသန္ဓေကို ဖြစ်စေတတ်၍ ခံစားသောကြောင့် ဥပပဇ္ဇဝေဒနီယကံ ဖြစ်ပါတယ်၊ အလယ်ဇောငါးချက် စေတနာသည် တတိယဘဝမှ နိဗ္ဗာန်ရသည့် ဘဝအထိ အပြန်ပြန် အလှန်လှန် အဆင့်ဆင့် ခံစားအပ်သော အကျိုးရှိတာဖြစ်လို့ အပရာပရိယဝေဒနီယကံဖြစ်ပါတယ်၊ အပရာပရိယဝေဒနီယကံနဲ့ ပတ်သက်လို့ နောက်က ထည့်ထည့် ဟောခဲ့ဘူးပါတယ်။

ဒိဋ္ဌဓမ္မဝေဒနီယကံ ဆိုတာကလဲ ပထမအရွယ်မှာပြုရင် အဲဒီကံဟာ ပထမအရွယ်မှာပဲဖြစ်ဖြစ်, ဒုတိယအရွယ်မှာပဲဖြစ်ဖြစ်, တတိယအရွယ်မှာပဲဖြစ်ဖြစ် အကျိုးပေးနိုင်ပါတယ်။

တတိယအရွယ်ကျမှ ပြုတဲ့ကံကျတော့ တတိယ အရွယ်မှာသာ အကျိုးပေးနိုင်ပါတယ်။

အကြင်ကံသည် ခုနစ်ရက်အတွင်း အကျိုးပေးနိုင်၏။ ထိုကံသည် ပရိပက္ကဝေဒနီယကံလို့ ခေါ်ပါတယ်။ (ဥပရိပဏ္ဏာသအဋ္ဌကထာ)

အဲဒီဒိဋ္ဌဓမ္မဝေဒနီယကံ အကျိုးပေးရာမှာ အင်္ဂါလေးပါးနဲ့ ပြည့်စုံရပါမယ်၊ အင်္ဂါလေးပါးဆိုတာက....

၁။ တရားသဖြင့် ရတဲ့ပစ္စည်းလဲဖြစ်ရမယ်။

၂။ စေတနာသုံးတန်မှာလဲ ထက်ထက်သန်သန်ရှိရမယ်။

၃။ ရဟန္တာပုဂ္ဂိုလ်လဲဖြစ်ရမယ်။

၄။ နိရောဓသမာပတ်မှထဆဲအခါလဲ ဖြစ်စေရပါမယ်။

အဲဒီအင်္ဂါလေးပါးနဲ့ ပြည့်စုံနေပါက အခုမျက်မှောက် အကျိုး ရောက်ရတယ်လို့ မိန့်ဆိုပါတယ်။ (ဓမ္မပဒအဋ္ဌကထာ ဒဏ္ဍဝဂ်)

ဒါကြောင့် သူဆင်းရဲ မလ္လိကာဒေဝီ၊ သုမနပန်းသည်၊ ကာကဝလ္လိယ၊ ပုဏ္ဏ၊ မယ်ဘာရိတာစတဲ့သူတွေ ကြီးကျယ်တဲ့အကျိုး အခုမျက်မှောက် ချက်ခြင်း ခံစားရပါတယ်ဆိုတာ ဟောပြလိုက်ရပါတယ်၊ စေတနာ အကျိုးပေးဟန် ပီးစေပေါ့နော်။

မောင်ပုဏ္ဏ မယ်ဘာရိတာတို့အကြောင်း နောက်ကဟောခဲ့ပီ။

အရွယ်ပိုင်းခြားတာလဲ မှတ်ထားကြအုံး

၁။ ပဌမအရွယ် (သုံးဆယ့်သုံးနှစ်)

၂။ ဒုတိယအရွယ် (ခြောက်ဆယ့်ခြောက်နှစ်)

၃။ တတိယအရွယ် (ကိုးဆယ့်ကိုးနှစ်)

ထိုမှတပါး ထိုအာယုသက်တမ်း တရာကိုပင်—

၁။ ဆယ်နှစ်အတွင်း အသိအလိမ်မာနည်းတဲ့အရွယ်၊

၂။ နှစ်ဆယ်အတွင်း အပျော်အပါး များတဲ့အရွယ်၊

၃။ သုံးဆယ်အတွင်း အဆင်းကောင်းတဲ့အရွယ်၊

၄။ လေးဆယ်အတွင်း ခွန်အားကောင်းတဲ့အရွယ်၊

၅။ ငါးဆယ်အတွင်း ပညာဉာဏ် အားသန်တဲ့အရွယ်၊

၆။ ခြောက်ဆယ်အတွင်း အလုံးစုံ ဆုတ်ယုတ်တဲ့အရွယ်၊

၇။ ခုနစ်ဆယ်အတွင်း ကိုင်းတဲ့အရွယ်၊

၈။ ရှစ်ဆယ်အတွင်း ကုန်းတဲ့အရွယ်၊

၉။ ကိုးဆယ်အတွင်း တွေဝေခြင်းများတဲ့အရွယ်၊

၁၀။ ကိုးဆယ်ကျော် အိပ်ရာ၌ လျောင်းစက်ခြင်း များတဲ့အရွယ်၊ ဟူ၍ အရွယ်သုံးပါး၊ အရွယ်ဆယ်ပါး ပီးစေပေါ့နော်။

ဘုရားက ဒီအရွယ်သုံးပါးတို့တွင် တပါးပါးသော အရွယ်မှာ ဒါန သီလ ဘာဝနာတရား ပြုလုပ်အားထုတ် ပွားများပါလို့ တိုက်တွန်း ဟောကြားပါတယ်၊ ပထမအရွယ် ကုသိုလ်မလုပ်ဖြစ်ရင် ဒုတိယအရွယ်၊ ဒုတိယအရွယ်မှာ မလုပ်ဖြစ်ရင် တတိယအရွယ်၊ ဒါကိုရည်ရွယ်တော် မူပါတယ်။

တိဏ္ဏမညတရံယာမံ ပဋိဇဂ္ဂေယျပဏ္ဍိတော– လို့ ဟောတော် မူပါတယ်။

အခုသီဘင်းတော့ အလှူဝတ္ထု စင်စင်ကြယ်ကြယ် ဖြစ်စေရမယ် ဆိုတာနဲ့ ပတ်သက်လို့ ဟောပြပါမယ်၊ ကိုင်း တရားပွဲစကြရအောင်။

၁။ အလှူဝတ္ထု စင်စင်ကြယ်ကြယ် ဖြစ်စေရပါမယ်။

၂။ သီလ သမာဓိ ပညာဂုဏ်နဲ့ပြည့်စုံတဲ့ အလှူခံပုဂ္ဂိုလ်လဲ ဖြစ်စေရ ပါမယ်လို့ အဋ္ဌကနိပါတ် ဇာတ် အဋ္ဌကထာမှာ မိန့်ဆိုထား ပါတယ်။

အလှူဝတ္ထုကို ရွေးချယ်စိစစ်ရပါမယ်၊ အလှူခံပုဂ္ဂိုလ်ကိုလဲ ရွေးချယ် စိစစ်ရပါမယ်။

အဲဒီလိုရွေးချယ်စိစစ် လှူတဲ့သူမျိုးဟာ အကျိုးပေးတဲ့ နေရာမှာလဲ အကျိုးကြီးမြတ်တယ်လို့ မြတ်စွာဘုရား ချီးမွမ်းတော်မူပါတယ်။

အင်္ဂုတ္တိုရ်ပါဠိတော်မှာလဲ အလှူဝတ္ထု ရွေးချယ်စိစစ်ပါ၊ ရွေးချယ် စိစစ်တဲ့နေရာမှာ—

၁။ အလှူခံပုဂ္ဂိုလ် သုံးဆောင်ထိုက်တဲ့ အလှူဝတ္ထု ဖြစ်စေရ ပါမယ်။

၂။ အလှူဝတ္ထု စင်စင်ကြယ်ကြယ် ဖြစ်စေရပါမယ်။

၃။ မွန်မြတ်တဲ့ အလှူဝတ္ထုလဲ ဖြစ်စေရပါမယ်လို့ အလှူဝတ္ထုအင်္ဂါ ကို ပြပါတယ်။

အင်္ဂုတ္တိုရ်ပါဠိတော်မှာလဲ—

၁။ ရာဂကုန်ခန်းခြင်းငှါ ကျင့်နေတဲ့ပုဂ္ဂိုလ် ဖြစ်ရပါမယ်။

၂။ ဒေါသကုန်ခန်းခြင်းငှါ ကျင့်နေတဲ့ပုဂ္ဂိုလ်လဲ ဖြစ်စေရပါမယ်။

၃။ မောဟကုန်ခန်းနေတဲ့ ပုဂ္ဂိုလ်လဲ ဖြစ်စေရပါမယ်။

ဝီတရာဂေါဟောန္တိ၊ စသဖြင့် ရဟန္တာ ဖြစ်စေရပါမယ် ဆိုလို့ အင်္ဂုတ္တိုရ် ပါဠိတော်မှာ ဟောတော်မူထားပေမဲ့ အမြတ်ကို စွဲ၍ ဟောတော်မူတဲ့ ဥက္ကဋ္ဌဒေသနာ ဖြစ်ပါတယ်။

အယုတ်ဆုံးအားဖြင့် ဒီနေ့ဖြစ်တဲ့ ရှင်သာမဏေဖြစ်စေကာမူ အင်္ဂါ သုံးပါး ပြည့်စုံပြီး သေခိယသိက္ခာပုဒ်ကို ကျင့်ကြံကျိုးကုတ် အားထုတ် နေရင် အလှူခံပုဂ္ဂိုလ်ကောင်းလို့ ဆိုရပါမယ်၊ ကိုရင့်သိက္ခာနဲ့ မညီညွတ် တဲ့ ကိုရင်ကို ဆိုတာမဟုတ်ဘူးနော်– သေသေချာချာ နားကြ၊နားရှုတ် သွားမယ်။

အဲဒီအင်္ဂုတ္တိုရ်ပါဠိတော်မှာပဲ ဆက်ပြီးဟောထားသေးတယ်။

၁။ အလှူမပေးမီ ရှေ့အဖို့က ငါ အလှူ ပေးရတော့မှာပဲလို့ သဒ္ဒါ တရား ရှင်ရှင်လန်းလန်းနဲ့ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေစေရ ပါမယ်။

၂။ အလှူပေးနေဆဲ အခါမှာ ရတနာသုံးပါးဂုဏ်ကို ဆင်ခြင်ပြီး မိမိစိတ်ကို ကြည်ညိုစေရပါမယ်။

၃။ အလှူပေးပြီးနောက် ဘယ်နှစ်, ဘယ်လ, ဘယ်ရက်, ဘယ်နေ့, ဘယ်နာရီ အချိန်တုံးက ငါလှူလိုက်ရပေပြီဟု သေသည့် တိုင်အောင် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေစေရပါမယ်၊ အဲဒါ အလှူရှင်များရဲ့ ရှိထားရမဲ့ အင်္ဂါသုံးပါးပါပဲ၊ ဘုရားဟော တာနော်—

ဟောခဲ့တဲ့အတိုင်း အလှူပေး အလှူခံ အလှူဝတ္ထုအကုန်လုံး ညီညွတ်နေရင်တော့ တိုင်းထက်အလွန် တံခွန်နဲ့ဘုရား အကောင်းဆုံး တစ်နံပါတ်ပေါ့။

ကိုင်း အလှူဝတ္ထု နည်းတယ် များတယ် ဘုရားမဟောပါလား၊ နှာခဲ့ကြရသလား၊ ဘယ်နှာကြရမလဲ ဟောမှုမဟောတာ၊ အလှူဝတ္ထု များများကြီး လှူကြရမယ် မတွေ့ရပါ၊ စေတနာ သဒ္ဓါကောင်းကောင်း သန့်သန့်ရှင်းရှင်း စင်စင်ကြယ်ကြယ် မွန်မွန်မြတ်မြတ်လို့ သဘောထားတာကို တွေ့ရဘယ်မဟုတ်လား တရားနာပရိသတ်။

ဟိုနောက်နားမှာ အလှူခံပုဂ္ဂိုလ် သုံးဆောင်ထိုက်တဲ့ အလှူဝတ္ထုဖြစ်စေရမယ်ဆိုသော စကားလေး ထပ်ဟောပြပါအုံးမယ်။

လှူကြ လှူကြဆိုပေမဲ့ ပညာရှိနဲ့တိုင်ပင်လှူကြ၊ အလှူမှားလဲ လှူမိနေကြအုံးမယ်၊ ကြည့်ရှုလဲလုပ်ကြ၊ လောကမှာ မလှူကောင်းတဲ့ အလှူငါးမျိုးရှိတယ်။

ပွဲကြည့်ချင်တဲ့လူ သွားတိုင်ပင်မိလို့ ဝက်သား တအိုးလုံး မစင်တစက်ကျတာနဲ့ အသွန်ရခက် ဖြစ်နေကြမယ်၊ သတိထားပါးပေါင်း။

## မလှူကောင်းတဲ့ အလှူ ငါးမျိုး

၁။ သေအရက်အပါအဝင် ဘိန်းဘင်း ကဇော် လှော်ဇာ အလှူ၊

၂။ ကြက်ပွဲ ရုပ်သေးပွဲ အငြိမ့်ပွဲအလှူ၊

၃။ မိန်းမအလှူ၊

၄။ နွားမတွေကြား နွားလားဥသဘ လွှတ်ထားတဲ့အလှူ၊

၅။ ကိလေသာ ပွားများစေမဲ့ ပန်းချီဆေးရေး ရုပ်တု လုပ်၍ လှူတဲ့ အလှူ။

ဘုရားတွေမှာ ချိတ်ဆွဲထားတဲ့ ရုပ်တုဆေးရေးစတဲ့ ဗုဒ္ဓဝင် ဇာတ်နိပါတ်များကို မယူရပါဘူး၊ မှတ်ထား ရောသွားအုံးမယ်။

ပဉ္စဒါနာနိ အပုညာနိ ပုညသမ္မတာနိ လောကသ္မိံ မဇ္ဇဒါနာနိ အပုညာနိ ပုညသမ္မတာနိ လောကသ္မိံ၊ မဇ္ဇဒါနံ၊ သမဇ္ဇဒါနံ၊ ဣတ္ထိဒါနံ၊ ဥသဘဒါနံ၊ စိတ္တကမ္မဒါနန္တိ။ (ပရိဝါပါဠိတော်)

လောကသ္မိံ၊ လောက၌။ အပုညာနံ၊ ကောင်းမှု မဟုတ်ကုန်ပဲလျက်။ ပုညသမ္မတာနိ၊ ကောင်းမှုဟု လူမိုက်တို့သမုတ်အပ်ကုန်သော။ ဒါနာနိ၊ ဒါနတို့သည်။ ကတမာနိပဉ္စ၊ အဘယ် ငါးပါးတို့နည်း.ဟူမူကား။ မဇ္ဇဒါနံ၊ သေအရက်အလှူရှင်း။ သမဇ္ဇဒါနံ၊ ပွဲလမ်းသဘင်အလှူရှင်း။ ဣတ္ထိဒါနံ၊ မိန်းမအလှူရှင်း။ ဥသဘဒါနံ၊ နွားမတို့ကြားနွားလားဥသဘ လွှတ်သောအလှူရှင်း။ စိတ္တကမ္မဒါနံ၊ ကိလေသာပွားများစေကုန်သော ဆေးရေးရုပ်တုလုပ်၍ လှူဒါန်းသောအလှူရှင်း။ ဣတိဣမာနိပဉ္စ၊ ဤငါးပါးတို့ပေတည်း လို့ ဟောတော်မူပါတယ်။

အဲဒီငါးမျိုးဟာ အလှူခံပုဂ္ဂိုလ်များ မသုံးထိုက် အလှူမခံထိုက်တဲ့ အလှူဝတ္ထုငါးမျိုးပဲ ဖြစ်ပါတယ်၊ ကျန်တဲ့ ဆွမ်းဒါနဝတ္ထုတွေကိုတော့ သုံးဆောင်ထိုက်တယ်၊ အလှူခံကောင်းတယ်၊ လှူတဲ့သူကလဲ လှူကောင်းပါတယ်၊ အလှူခံပုဂ္ဂိုလ် မသုံးဆောင်ထိုက်တာ သိသွားတော့ ကျန်တဲ့ ဝတ္ထုအားလုံး အလှူခံကောင်းပီပေါ့။

နောက်တခုက ဘာတဲ့လဲ– အလှူဝတ္ထုလဲ စင်ကြယ်စေရမယ်၊ ဒီလိုမဟုတ်လား၊ အလှူဝတ္ထု မစင်ကြယ်ရင်လဲ အကျိုးပေးတဲ့ နေရာမှာ မစင်ကြယ်ဘူးပေါ့။

သဒိသံ ပါကံ ဇနေတိ – သဒိသံ၊ အကြောင်းကံနှင့် တူသော။ ပါကံ၊ အကျိုးကို။ ဇနေတိ၊ ဖြစ်စေတတ်၏။

ဥပမာ– အနီးကပ်ဆုံး ပြောရရင် မှန်ထဲကို ပြုံးပြုံးလေး ကြည့်ရင် ပြုံးပြုံးလေးပဲ မှန်ထဲမှာပေါ်ပါတယ်၊ မဲ့မဲ့ကြီး ကြည့်ရင်လဲ မဲ့မဲ့ကြီးပဲ မှန်ထဲမှာပေါ်သလို မိမိတို့အလှူဝတ္ထုလဲ စင်စင်ကြယ်ကြယ် ဓမ္မိယလဒ္ဓဖြစ်မှ အကျိုးပေးတဲ့နေရာကျတော့လဲ စင်စင်ကြယ်ကြယ် အကျိုးပေးပါတယ်၊ ဒီအတိုင်းပါပဲ မိမိတို့ရဲ့အလှူဝတ္ထုကမှ မစင်ကြယ်ရင် အကျိုး

ပေးတဲ့နေရာမှာလဲပဲ မစင်ကြယ်နိုင်ပါဘူး၊ ကုသိုလ်မရဘူးလို့ ဟောတာ မမှတ်နဲ့နော်၊ အကျိုးပေး မစင်ကြယ်နိုင်ဘူးလို့သာ ဟောတာ၊ မစင်ကြယ်တဲ့အကြောင်း ဝတ္ထုတိုလေး ထုတ်ဟောပြပါမယ်။

## ပူတိဂတ္တတိဿမထေရ် ဝတ္ထု

ဓမ္မပဒ အဋ္ဌကထာစိတ္တဝဂ်မှာ ပူတိဂတ္တတိဿ မထေရ် ဆိုတာက ကဿပဘုရားသခင် လက်ထက်တော်မှာ ငှက်မုဆိုးဘဝနဲ့ အသက်မွေးဝမ်းကျောင်း ပြုတဲ့သူပဲ။

ရလာတဲ့ငှက်များကို သတ်ပြီး ဘုရင်ဆက်၊ အချို့ချက်စား၊ အချို့ကိုရောင်း၊ ရောင်းမကုန်တဲ့ငှက်တွေကို မပျံနိုင်အောင် အတောင်တွေချိုး၊ ဒူးဆစ်ရိုးတွေချိုးထားလေ့ ရှိပါတယ်၊ အဲဒါတွေမနက်ကျတော့ ရောင်းပေါ့လေ။

တနေ့တော့ ရဟန္တာတပါး ဆွမ်းခံလာတာကို မြင်တော်မူတာနဲ့ ကြည်ညိုသဒ္ဓါ ထက်သန်စွာဖြင့် သပိတ်တော်ကိုယူပီး ဆွမ်း ဆွမ်းဟင်း ရောပါစုံလင်စွာနဲ့ ထည့်ပီး အရှင်ဘုရားတို့ သိတော်မူသော တရားတော်မြတ် သိရပါလို၏ဘုရားလို့ ဆုတောင်း၍ စေတနာသဒ္ဓါ ပြဋ္ဌာန်းရှိသေစွာ ရှိခိုးလှူဒါန်းလိုက်ပါတယ်။

ဒီဘုရားလက်ထက် ရောက်တော်မူတဲ့အခါ သာဝတ္ထိမြို့မှာဖြစ်လာပီး မြတ်စွာဘုရား တရားတော် နာရ၍ ကြည်ညိုလို့ သာသနာတော်ဝင် ရဟန်းပြုပါတယ်၊ တော်တော်လေး ကြာလာတော့ သူ့ကိုယ်မှာ မုန်ညင်းစေ့ခန့် အဖုအနာကလေးတွေမှ နေပီး တစတစနဲ့ ပဲနောက်စေ့လောက်၊ ပဲနောက်စေ့လောက်ကနေပီး ဇီးသီးလောက်၊ ဥသျှစ်သီးလောက်အထိ ကြီးကြီးလာပီး သွေးပြည်တွေ တကိုယ်လုံး လိမ်းကျံပေရေနေလို့ (ပူတိဂတ္တတိဿမထေရ်) လို့ ခေါ်တွင်ပါတယ်။

၁၄ ရတနာ့ဂုဏ်ရည် (က-၁၇)

တကိုယ်လုံးမှာလဲ အနာတွေ ပြည့်နှက်နေလေတော့ ညီစော် ပုပ်စော်နံ နွာခေါင်းတောင် ဖွင့်မထားနိုင်ဘူးတဲ့၊ ဒါကြောင့်လဲ ကြည့်ရှုစောင့်ရှောက်မဲ့ တပည့်တွေတောင် ကြာတော့ မတတ်နိုင်ကြ တော့ပဲ မကြည့်ကြတော့ဘူးပေါ့။

မြတ်စွာဘုရားသည် လောကကို ကြည့်တော်မူမြဲ အတိုင်း ကြည့်တော်မူရာ ပူတိဂတ္တတိဿ မထေရ်ရဲ့ အရဟတ္တဖိုလ် ရောက်ရမဲ့ အကြောင်းကို မြင်တော်မူ၍ ငါမှတပါး ကိုးကွယ်ရာမရှိတော့ပါလား ဟု သိတော်မူတာနဲ့ ကိုယ်တော်တိုင်ကြွတော်မူ၍ ပြုစုတော်မူပြီး—

ချစ်သား တိဿ ဤအလျား တလံ၊အနံ တထွာရှိတဲ့ ခန္ဓာကိုယ်ဟာ မကြာခင် ဝိညာဉ်ကင်းပီး ဖွဲ့တွေထင်းတွေလို မြေကြီးထဲ မြေကြီး သြဇာဖြစ်သွားမှာပဲ စသည်ဖြင့် ဆုံးမဟောကြားတော် မူပြီးသည်၏ အဆုံးမှာ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အာသဝေါကုန်ခန်း ရဟန္တာ ဖြစ်သွားပါတယ်၊ ဒီပူတိဂတ္တတိဿမထေရ် ရဟန္တာမှာ အချက်နှစ်ခုကို တွေ့ရပါတယ်။

၁။ တကိုယ်လုံး ချစရာမရှိအောင် အနာတွေပေါက်ပီး ညီစော် ပုပ်စော် နံနေရတာက ငှက်တွေကို အတောင်ချိုးခဲ့တဲ့ အကုသိုလ် မကောင်းမှု (အလယ်ဇော၏ ဥပပီဠကာ သတ္တိမှတ်။)

၂။ ရဟန္တာ ဖြစ်သွားရတာက ရဟန္တာအား စေတနာသဒ္ဓါ ထက်ထက်သန်သန်နဲ့ ပြဋ္ဌာန်းပီး ဆွမ်းလှူခဲ့ဘူးတဲ့ ကုသိုလ် ကောင်းမှု၊(အလယ်ဇော စေတနာ၏ ဇနကသတ္တိဟုမှတ်။)

ဒါကြောင့်- ခိဏာသဝဿ၊ ရဟန္တာအရှင်မြတ်အား။ ရသပိဏ္ဍ- ပါတံဒါနနိယဒ္ဒေန၊ အရသာရှိသောဆွမ်းကို လှူရသောအကျိုးဆက် ကြောင့်။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပတ္တော၊ ရောက်လေ၏။ (ဓမ္မပဒအဋ္ဌကထာ)

နောက်ကမလှူဘူးပဲ အခုမှလှူတာနော်– စေတနာ သဒ္ဓါတရား ကောင်းတို့ အဓိကလိုရင်းဆိုတာ ထင်ရှားပါပေါ့၊ ဒါပေမဲ့ ဆုတောင်း တဲ့နေရာမှာလဲ လူ့ပြည်နတ်ပြည် ဆုမတောင်းပဲ၊နိဗ္ဗာန်ဆုကိုတောင်းလှူ တာကိုတော့ တရားနာပရိသတ် သတိမူ။

အလှူဝတ္ထုလဲ စင်စင်ကြယ်ကြယ် ဖြစ်ရအုံးမယ်ဆိုတဲ့ (နှစ်နံပါတ်) အရ ပီးစေပေါ့၊ မှန်မြတ်တဲ့အလှူဝတ္ထုလဲ ဖြစ်စေရမယ်ဆို ၁၁ မိမိတို့ သုံးဆောင်တာထက်ပိုပီး မှန်မြတ်တဲ့ ပစ္စည်းဝတ္ထုတွေပဲ ဖြစ်ပါတယ်။

ဥပမာ– မိမိအိမ်ထက် ကောင်းအောင် ကျောင်းဆောက်လှူတယ်၊ မိမိတို့ဝတ်တာထက် ကောင်းတာကိုလှူတယ်၊ဒါထက်ရှင်းအောင်ပြောရ ရင် မိမိတို့က ငါးပိချက်နဲ့စားတယ်၊ဆွမ်းလောင်းတော့ ဟင်းကောင်းနဲ့ လောင်းလှူတယ် ဆိုတာတွေပဲ ဖြစ်ပါတယ်။

အဲဒီလို မိမိတို့သုံးဆောင်တာထက် ပိုပီး မှန်မှန်မြတ်မြတ် လှူသော အားဖြင့် အကျိုးပေးတဲ့နေရာမှာလဲ ကြီးမြတ်တဲ့ အကျိုးတရားတွေကို ရရှိခံစားနိုင်ပါတယ်။

အကြင်အလှူသည်— အလှူရှင်မှာလဲ သီလရှိတယ်၊
အလှူခံပုဂ္ဂိုလ်မှာလဲ သီလရှိတယ်၊
စေတနာ သဒ္ဓါတရားမှာလဲ ထက်သက် သန်သန်ရှိတယ်၊
အလှူဝတ္ထုမှာလဲ စင်စင်ကြယ်ကြယ် ရှိတယ်၊

ထိုအလှူသည် အလှူပေးတဲ့သူ၊ အလှူခံတဲ့သူ နှစ်ဦးစလုံးကို အစွဲပြုပီး အကျိုးကြီးမြတ်ပါတယ်လို့ ဘုရားရှင်ဟောတော်မူပါတယ်၊တိုင်းထက် အလွန် တံခွန်နဲ့ဘုရား ဆိုဘာလိုပေါ့လေ။

သာဓကပြည့် ပသေနဒီကောသလ မင်းကြီးဟာ ဘုရားအမှူးရှိတဲ့ သံဃာများစွာ ငါးရာတို့အား ပြိုင်နိုင်သူမရှိအောင် (အသဒိသ) အလှူ

ကြီး ပေးလှူရာမှာ အလှူပေးပုဂ္ဂိုလ် အလှူခံနှစ်ဦးကိုစွဲပြီး သီလဝန္တကြီး တွေ ဖြစ်လေတော့ အကျိုးကြီးမြတ်ပါတယ်လို့ ဥပရိပဏ္ဏာသ အဋ္ဌ-ကထာမှာ မိန့်ဆိုပါတယ်။

ဒါကြောင့် အလှူခံပုဂ္ဂိုလ် သုံးဆောင်ကောင်းတဲ့ အလှူဝတ္ထုဖြစ်စေ ရမယ်၊ အလှူဝတ္ထုမှာလဲ စင်စင်ကြယ်ကြယ် ဖြစ်စေရပါမယ်၊ မှန်မြတ် တဲ့ အလှူဝတ္ထုလဲ ဖြစ်စေရပါမယ် ဆိုတဲ့ အဓိပ္ပါယ် သဘောသွား ဟောကြားရင်း ဤသည်ကား သုတ္တန်ဒေသနာ၊ အဘိဓမ္မာဒေသနာ တော်မြတ်သည်ကား ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာ ဓမ္မာဟု ဟောတော်မူပါတယ်။

## အလှူ အမျိုးမျိုး

ပေးကမ်းစွန့်ကြဲ လှူဒါန်းတယ်ဆိုရာမှာလဲ အမျိုးမျိုးရှိပြန်ပါတယ်၊ အဲဒီ အမျိုးမျိုးတွေထဲမှာ ပုဂ္ဂလိကဒါနနဲ့ သံဃိကဒါန နှစ်မျိုးကို တကန့်အနေနဲ့ ဟောပြပါအုံးမယ်၊ ဝိဟာရဒါန- စတဲ့ဒါနတွေကို တော့ လျော်ကန်ရာ တရားဟောကွက် ပြောကွက်များမှာ ပါသွားပြီး ဖြစ်ပါတယ်။

၁။ ပုဂ္ဂလိကဒါနဆိုတာ- တဦးချင်း တယောက်ချင်းရည်စူးပြီ လှူတာ။

၂။ သံဃိကဒါနဆိုတာ- အများကိုရည်စူးပြီး လှူတာလို့ နှစ်မျိုး ရှိပါတယ်၊ တဦးချင်း တယောက်ချင်း ရည်စူးပြီးလှူတဲ့ ဒါန ကို အရင်ဟောပြပါမယ်။

နံပါတ်တစ်ဖြစ်တဲ့ ပုဂ္ဂလိက ဒါနကိုတော့ ရွေးချယ်စိစစ်၍ ပေးလှူရပါမယ်တဲ့၊ ဝိစေယျဒေတိ ဝိစေယျဒါနံ ဒါတဗ္ဗံ- လို့ ဘုရား ဟောတော်မူပါတယ်။

ဓမ္မပဒအဋ္ဌကထာမှာလဲ ဒါနံနာမ ဝိစေယျဓာတုံ ဝဋ္ဋတိ–ဟု ဖွင့်ပြ မိန့်ဆိုပါတယ်။

ဒါနံနာမ၊ ပုဂ္ဂလိကဒါနမည်သည်ကို။ ဝိစေယျ၊ ရွေးချယ်စိစစ်၍။ ဒါတုံ၊ပေးလှူခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။

ဘာကို ရွေးချယ်စိစစ်ပြီး လှူရမှာလဲဆိုရင်....

၁။ အလှူဝတ္ထုကိုလဲ ရွေးချယ်စိစစ်ရပါမယ်။

၂။ အလှူခံပုဂ္ဂိုလ်ကိုလဲ ရွေးချယ်စိစစ်ရပါမယ်။

အလှူဝတ္ထု ရွေးချယ်စိစစ်ပုံမှာ မတရားသဖြင့် ရှာဖွေလို့ရလာကဲ့ ဝတ္ထုပစ္စည်းမဟုတ်ပဲ တရားသဖြင့် ရှာဖွေလို့ရသော မွန်မြတ်တဲ့အလှူ ဝတ္ထုဆိုရင် စိစစ်တာလို့ ဆိုနိုင်ပါတယ်။

အလှူခံပုဂ္ဂိုလ်ကို ရွေးချယ်စိစစ်ရမှာကတော့ သီလဂုဏ်, သမာဓိ ဂုဏ်, ပညာဂုဏ်နဲ့ ပြည့်စုံတဲ့ အလှူခံဖြစ်လို့ရှိရင် ရွေးချယ်စိစစ်တာ ဖြစ်သွားတာပေါ့။

ပုဂ္ဂလိက ဒါနအနေနဲ့ ဒီလိုရွေးချယ်စိစစ် ပေးကမ်းလှူဒါန်း စွန့်ကြဲ မှုလဲ အကျိုးပေးတဲ့နေရာမှာ ကြီးကျယ်မွန်မြတ်တဲ့ အကျိုးတရား များကို ရရှိခံစား စံစားရမှာပဲ ဖြစ်တယ်လို့ ဘုရားဟောတော်မူ ပါတယ်။

အင်္ဂုတ္တိုရ်ပါတ်ဇာတ် အဋ္ဌကထာမှာလဲ ဝေရှပံ ဒါနံ–ဗုဒ္ဓေဟိ ပသန္ဒာ–မြတ်စွာဘုရား အကျိုးကြီးမြတ်ကြောင်း ချီးမွမ်းထားတော် မူပါတယ်။

ဝေရှပံ၊ ဤသို့သဘောရှိသော။ ဒါနံ၊ ပေးကမ်းလှူဒါန်း စွန့်ကြဲ ခြင်းဆိုတဲ့ အလှူကို။ ဗုဒ္ဓေဟိ၊ ဘုရားရှင်တို့သည်။ ပသဋ္ဌာ၊ အကျိုး ကြီးမြတ်၏ဟူ၍, ချီးမွမ်းတော် မူအပ်ကုန်၏။

ကိုင်း–ဒါဖြင့်အလှူဝတ္ထု ရွေးချယ်စိစစ်နည်း,အလှူခံပုဂ္ဂိုလ်ရွေးချယ် စိစစ်နည်းတွေကို သိသွားကြပြီနော် တရားနာပရိသတ်။

ဒါဖြင့်–ပုဂ္ဂလိကဒါန လှူကြည့်ရအောင်၊ ဘယ်လိုလှူမလဲ–ဒီလိုလှူ၊ ပုဂ္ဂလိကဒါနဆိုတော့ ရမ်းလှူလို့မရဘူး အလှူခံပုဂ္ဂိုလ် တဆယ့်လေး ယောက်ကို သိထားရအုန်းမှာပဲ ဖြစ်ပါတယ်။

အလှူခံပုဂ္ဂိုလ် တဆယ့်လေးယောက် ဆိုတာက

၁။ ဘုရား,

၂။ ပစ္စေကဗုဒ္ဓါ,

၃။ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်,

၄။ အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်,

၅။ အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်,

၆။ အနာဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်,

၇။ သကဒါဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်,

၈။ သကဒါဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်,

၉။ သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်,

၁၀။ သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်,

၁၁။ ရသေ့ (သာသနာတော်မှ အပဖြစ်သော ဈာန်အဘိညာဉ် သမာပတ်နှင့် ပြည့်စုံတဲ့ ရသေ့)

၁၂။ လူသီလဝန္တ (လူသီလရှိသူ)

၁၃။ လူဒုဿီလ (လူသီလမရှိသူ)

၁၄။ ခွေး, ဝက်, ကြက်, ငှက်, ဘဲ, ပရွက်ဆိတ်စတဲ့ တိရစ္ဆာန်များ။

သီလရှိတဲ့ သူဆိုတာက တရားတော်နဲ့အညီ ကောင်းရောင်း ကောင်းဝယ်နဲ့ စင်စင်ကြယ်ကြယ် လုပ်ကိုင်စားသောက်တဲ့သူများ။

သီလမရှိတဲ့သူဆိုတာက ကောင်းရောင်း ကောင်းဝယ်လုပ်မစား တံငါ, မုဆိုး, သူခိုး, ဓါးပြဆိုတဲ့ ဒုစရိုက်မကောင်းမှုနဲ့ အသက်မွေး ဝမ်းကျောင်း လုပ်ကိုင်စားသောက်တဲ့ သူများကို ခေါ်ပါတယ်။

သောတာပတ္တိမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်ဆိုတာ- သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုကျင့်ကြံကျိုးကုတ် အားထုတ်နေတဲ့သူကို ခေါ်ပါတယ်။

သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်ဆိုတာ-

ဒီဃနိကာယ်ပါထိကဝဂ်သုတ်မှာ သောတာပတ္တိဖလသစ္ဆိကိရိယာယ ဟူသော ပါဠိအရ-

၁။ သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်,

၂။ သရဏဂုံတည်တဲ့သူ,

၃။ ငါးပါးသီလတည်သူ,

၄။ ဆယ်ပါးသီလတည်သူ,

၅။ ပြုသစ်စသာမဏေ,

၆။ သာမညရဟန်း(ရဟန်းရိုးရိုး)ကို ခေါ်ပါတယ်။

၇။ ပဋိပတ်နဲ့ပြည့်စုံတဲ့ရဟန်း,

၈။ အာရဒ္ဓဝိပဿကရဟန်း, ဤပုဂ္ဂိုလ်တို့ဟာ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်တဲ့သူတွေလို့ ထပ်မှတ်ထားကြအုန်း။

အခုဟောခဲ့တဲ့ အလှူခံပုဂ္ဂိုလ်များကို သဒ္ဓါတရားအလျောက် လှူဒါန်းခြင်းဟာ သာမညပုဂ္ဂလိက ဒါနအလှူလို့ ခေါ်ပါတယ်။

ပုဂ္ဂလိကဒါနလှူရတဲ့အကျိုးကတော့-

အာနန္ဒာကို မြတ်စွာဘုရားသခင်က ချစ်သား အာနန္ဒာတဲ့- တိရစ္ဆာန်အား စေတနာသဒ္ဓါတရား ကောင်းကောင်းနဲ့ တကြိမ်တခါ ကျွေးမွေးပေးလှူရတဲ့သူဟာ-

၁။ အသက်ရှည်ရတယ်,

၂။ ရုပ်ရေလှပရတယ်,

၃။ ချမ်းသာကြီးမားရတယ်,

၄။ ခွန်အားကြီးမားရတယ်,

၅။ ပညာကြီးမားရတယ်ဆိုတဲ့ အကျိုးထူးတရားငါးပါးကို ဘဝပေါင်းတရာကြာအောင် ခံစားရတယ်။

သီလမရှိသူအား စေတနာသဒ္ဓါတရား ကောင်းကောင်းနဲ့ တကြိမ်တခါမျှ ပေးလှူရတဲ့အလှူဟာ အခုဟောခဲ့တဲ့ အကျိုးထူးတရားငါးပါးကို ဘဝတထောင် ခံစားရမယ်။

သာမည သီလရှိတဲ့သူအား စေတနာသဒ္ဓါတရား ကောင်းကောင်းနဲ့ တကြိမ်တခါမျှ ပေးလှူတဲ့သူဟာ အခုဟောခဲ့တဲ့ အကျိုးထူးတရားငါးပါးကိုပဲ ဘဝတသိန်းကြာအောင် ခံစားရမယ်။

သာသနာပ ဈာန်ရတဲ့ရသေ့အား စေတနာသဒ္ဓါတရား ကောင်းကောင်းနဲ့ တကြိမ်တခါမျှပေးလှူရတဲ့သူဟာ အခုဟောခဲ့တဲ့ အကျိုးထူးတရားငါးပါးကိုပဲ ဘဝပေါင်း ကုဋေတသိန်းကြာအောင် သုံးဆောင်ခံစားရမယ်။

သောတာပတ္တိဖိုလ်အား မျက်မှောက်ပြုခြင်းငှါ ကျင့်တဲ့သူအား စေတနာသဒ္ဓါတရား ကောင်းကောင်းနဲ့ တကြိမ်တခါမျှ ပေးလှူတဲ့သူဟာ အသင်္ချေယျ, အပ္ပမေယျဆိုတာ မရေမတွက်နိုင်အောင်သော အကျိုးကို သုံးဆောင်ခံစားရမယ်။

သောတာပန်ပုဂ္ဂိုလ်ကစပြီး ဘုရားကျအောင် အဆင့်ဆင့်သော အလှူဒါန အကျိုးတရားတွေကို လိုက်ဟောပြရရင် ဘယ်မှာကုန်နိုင်တော့မှာလဲ ချစ်သားအာနန္ဒာလို့ ဟောတော်မူပါတယ်။

အလှူခံပုဂ္ဂိုလ်တွေရဲ့ ဂုဏ်အဆင့်ဆင့်ရှိလို့ ဂုဏ်ကိုလိုက်ပြီးတော့ အဆင့်ဆင့်အလိုက် အကျိုးပေးတဲ့နေရာမှာလဲ အကျိုးကြီးမြတ်တယ်လို့ ဟောတော်မူပါတယ်။

(အလှူခံတကျိပ်လေးခွေးမှ မရှောင်)ဆိုပေမဲ့ လှူဒါန်းရမဲ့ အလှူခံအနေနဲ့သာ ပြောတာဖြစ်ပါတယ်၊ အကျိုးအမြတ်အနေနဲ့ ပြောတာ မဟုတ်ပါ၊ အကျိုးအမြတ်ဆိုတာက စေတနာသဒ္ဓါတရား ရှိတာချင်း တူနေရင် ခွေးလှူတာထက် သီလမရှိတဲ့လူကိုလှူတာက အကျိုးကြီးမြတ်တယ်မဟုတ်ပါလား ဒီသဘောအတိုင်း အလှူခံတဆယ့်လေးပါးစလုံး သဘောပေါက် အကျိုးကြီး,မကြီး ခွဲတတ်ကြပါစေ။

ကိုင်း ကောင်းပီ- ဒါဖြင့် အခုဟောခဲ့တဲ့ အလှူခံဘဆယ့်လေးပါး ထဲမှာ ဘုရားဟာ အကျိုးကြီးမြတ်ဆုံးလို့ နာခဲ့ကြပီနော် အဲဒါက ပုဂ္ဂလိက ဒါနအကျိုးဖြစ်တယ်လို့ဆိုတာ မှတ်ထားကြ။

ပီးခဲ့တဲ့သီတင်းက ပုဂ္ဂလိကဒါနပြပုံနဲ့ အကျိုးတရားကို နာခဲ့ကြပီပေါ့၊ ဒါဖြင့် အခုသီတင်း သံဃိကဒါနအကြောင်း ဟောပြမယ်နော် ရိုရိုသေသေသာ နာကြပေတော့။

လွန်ခဲ့တဲ့သီတင်းကဟောခဲ့တဲ့ ပုဂ္ဂလိကဒါနအနေနဲ့ အလှူခံတဆယ့်လေးပါးထဲမှာ မြတ်စွာဘုရားရှင်အား လှူဒါန်းတာဟာ အကျိုးပေးတဲ့နေရာမှာ ဂုဏ်အကြီးဆုံးမို့ အကျိုးအကြီးဆုံး အတိုင်း မသိအောင် အကျိုးကြီးတယ်ဆိုတာ နာခဲ့ကြပီနော်- သဘောကော ပေါက်ခဲ့ပြီပေါ့။

အဲဒီအတိုင်းအတာမရှိ အကျိုးကြီးတယ်ဆိုတဲ့ ဘုရားရှင်ကို လှူဒါန်းရတာထက် အကျိုးကြီးမြင့်မြတ်တဲ့ ဒါနကိုတော့ အခု ဟောပြမဲ့ သံဃိကဒါနပဲဖြစ်ပါတယ်။

**သတိ**။ ။ ဒါနပါရမီကို ဖြည့်ကျင့်တော်မူကြတဲ့ ဘုရားအလောင်းတော်ကြီးများဟာ ပုဂ္ဂိုလ်ကိုရွေးချယ် မနေနိုင်တော့ဘဲ ကြုံသလိုသဗ္ဗညုတဉာဏ်တော်ကို ရဘို့ ပါရမီတော် ဖြည့်ကျင့်တော်မူခဲ့ရပါတယ်။

ထပ်မှတ်ထားကြအုန်း။

အခု ပုဂ္ဂလိကအလှူ လှူတာနဲ့ပတ်သက်လို့ ဟောခဲ့ဘာ စကား တခုကျန်ရစ်ခဲ့တယ် တရားနာပရိသတ် သတိထားမိလိုက်ပါသလား၊ သိလိုက်မှာမဟုတ်ပါဘူး တခြားတော့ မဟုတ်ပါဘူး။

တံငါမုဆိုးစတဲ့ လူဒုဿီလသည်ပင် အလှူခံတဆယ့်လေးပါးထဲမှာ ပါနေပါလျက် ပုထုဇဉ်ဖြစ်တဲ့ သမုတိသံဃာပါတာ တွေ့ခဲ့ ကြားခဲ့ရဲ့ လား မကြားရဘူး ဘယ်ကြားရမလဲ အသီးအခြားမှ မပါတာ အသီး အခြား မပါတာက ဒီလို–

သောတာပတ္တိဖလဋ္ဌာန် ပုဂ္ဂိုလ်နှင့်တကွ ပုထုဇဉ်ဖြစ်တဲ့ သမုတိ သံဃာများ ပါဝင်လေပြီဖြစ်လို့ သီးခြား မပါတော့ပါဘူးတဲ့။

'သောတာပတ္တိဖလ သစ္ဆိကိရိယာယ ပဋိပန္နေ ဒါနံဒေတိ'

သောတာပတ္တိဖလ သစ္ဆိကိရိယာယ၊ သောတာပတ္တိဖိုလ်ကို မျက် မှောက်ပြုခြင်းငှါ။ ပဋိပန္နေ၊ ကျင့်သောပုဂ္ဂိုလ်၌။ ဒါနံ၊ အလှူကို။ ဒေတိ၊ ပေးလှူ၏။

သောတာပတ္တိဖိုလ် ကျင့်သောပုဂ္ဂိုလ်၌ ဘယ်လို ပါဝင်သလဲ ဆိုတော့–

သာမဏေပြုတုန်းက 'သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ'။

သံသာရဝဋ္ဋဒုက္ခတော၊ သံသရာတည်းဟူသော ဝဋ္ဋဆင်းရဲ အပေါင်းမှ။ မောစနတ္ထာယ၊ ထွက်မြောက်ပါရခြင်းအကျိုးငှါ ဆိုတဲ့ စကားနဲ့ အဓိပ္ပါယ်နဲ့ သောတာပတ္တိလဖ သစ္ဆိကိရိယာယ–သောတာ ပတ္တိဖိုလ်ကို မျက်မှောက် ပြုရပါခြင်းအကျိုးငှါ။ ဒီစကားနှစ်ရပ်ဟာ အသံမျှသာကွဲပြီး အနက် အဓိပ္ပါယ်သဘောထားမှာ အတူတူ တထပ် ထဲကျနေသဖြင့် ထိုပုဒ်ကို ဖွင့်ပြတဲ့ အဋ္ဌကထာဆရာသည် သရဏဂုမ် သာမဏေယ်ကာစ၍ ထိုပုဒ်တွင် ပါဝင်တယ်လို့ ဖွင့်ပြပါတယ်။

ထိုကလျာဏ ပုထုဇဉ်သံဃာများသည် သောတာပတ္တိဖိုလ်သို့ ရောက်သည်ဖြစ်စေ မရောက်သည်ဖြစ်စေ ထိုဖိုလ်သို့ရောက်အောင် ကျင့်ရသတဲ့၊ သီလ သမာဓိ ပညာဆိုတဲ့ သိက္ခာသုံးပါး လမ်းရိုးမဋ္ဌ တည်ရှိသည်ဖြစ်လို့ ထိုပုဂ္ဂိုလ်တွင် ပါဝင်သည်ဟုမိန့်ဆိုထားပါတယ်။

စတ္တာရိပုရိသ ယုဂါနိ ဆိုတဲ့ပုဒ်၊

အဋ္ဌပုရိသပုဂ္ဂလာပုဒ်တွင် အဋ္ဌမပုရိသပုဒ်တွင် ပါဝင်ပါတယ်။

ပုရိသယုဂလေးပါး—

သောတာပတ္တိမဂ်ဖိုလ်, သကဒါဂါမိမဂ်ဖိုလ်, အနာဂါမိမဂ်ဖိုလ်, အရဟတ္တမဂ်ဖိုလ်သည်, ပုရိသယုဂ-ယောကျ်ားမြတ်အစုံ လေးပါးလို့ ခေါ်ပါတယ်။

ပုထုဇဉ်ဖြစ်တဲ့ သမ္မုတိသံဃာဟာလဲ ဝိပဿနာတရားကို အားထုတ်၍ အရိယာဖြစ်သွားရင် ပရမတ္ထသံဃာ ဖြစ်သွားပါတယ်။

ပရမတ္ထသံဃာဖြစ်တဲ့ ရဟန်းဟာ မိမိထက်ဝါကြီးသော သမ္မုတိသံဃာပုထုဇဉ်ရဟန်းကို ရှိခိုးဦးချရပါတယ်။

ဝါကြီးသော ပုထုဇဉ်ရဟန်းက ဝါငယ်သော ပရမတ္ထသံဃာ (ရဟန္တာ)ကိုပင် ရှိခိုးဝတ်ချခြင်းငှါ မအပ်ပါ။

မြတ်စွာဘုရား၏ အာဏာတော်ဖြစ်တဲ့ အမှုသည် ဤမျှလောက်ပဲ ကြီးကျယ်မြင့်မြတ်လှပါတော့သတည်း။

သာဓု သာဓု သာဓုပါဘုရား။

သံဃိကဒါနဆိုတာ သံဃာဂုဏ်ကိုမြင်အောင် ဆင်ခြင်နိုင်မှ သံဃိကဒါနမြောက်ပါဘယ်၊ သံဃိကဒါန မြောက်အောင် လှူနိုင်မှလဲ အကျိုးကြီးမှာ မဟုတ်လား၊ သံဃိကဒါနမြောက်အောင် လှူတတ်ပါစေ။

## သံဃိကဒါန အပြားခုနစ်ပါး

၁။ ဘုရားအမှူးရှိတဲ့ ဘိက္ခုသံဃာ, ဘိက္ခုနီသံဃာအားလှူဘာ။

၂။ ဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ဘိက္ခု, ဘိက္ခုနီသံဃာ အား လှူဒါန်းတာ။

၃။ ဘိက္ခုသံဃာအားလှူတာ၊

၄။ ဘိက္ခုနီသံဃာအားလှူဘာ၊

၅။ ဘိက္ခုသံဃာ, ဘိက္ခုနီသံဃာ နှစ်ဘက်မှ ခွဲဝေညွှန်ကြား တော်မူပေးတဲ့ ဘိက္ခု, ဘိက္ခုနီသံဃာအား လှူတာ။

၆။ ဘိက္ခုသံဃာဘက်မှ ခွဲဝေညွှန်ကြားပေးတဲ့ ဘိက္ခုသံဃာ အားလှူတာ။

၇။ ဘိက္ခုနီသံဃာဘက်မှ ခွဲဝေညွှန်ကြားပေးတဲ့ သံဃာအား လှူဘာဟူ၍ ခုနစ်ပါးဖြစ်ပါတယ်။

သံဃိကဒါနမြောက်အောင် လှူတတ်ဘို့ အရေးကြီးတယ်၊ လှူတတ် ဘို့ကလဲ သိပ်တော့မလွယ်ကူလှပါ၊ ဘာပြုလို့လဲဆိုတော့ (သံဃေ ပန စိတ္တိကာရော ဒုက္ကရော) လို့ အဋ္ဌကထာဖွင့်ပြပါတယ်။

သံဃေပန၊ သံဃာ၌ကား။ စိတ္တိကာရော၊ ကြည်ညိုလေးမြတ် စိတ်ဓါတ်ခိုင်တင်း အရိုအသေပြုခြင်းတပါး။

ဒုက္ကရော-ခဲယဉ်း၏တဲ့ အဋ္ဌကထာက ထိုသံဃာတော်ပါပဲရယ်လို့ အရိုအသေပြုဘို့ မလွယ်ကူပါဘူးလို့ အမိန့်ရှိထားလို့ သံဃိကဒါန မြောက်အောင် လှူတတ်ဘို့ မလွယ်ပါဘူးလို့ ဟောလိုက်ပါတယ်။

ဆိုပါတော့ သံဃာတော်က ခွဲဝေညွှန်ကြားပေးလိုက်တဲ့ သံဃာက (သာမဏေ) ကိုရင်ကလေးဖြစ်နေရင် စိတ်ချမ်းမြေ့နိုင်ပါ့မလား၊ စိတ် မချမ်းမြေ့နိုင်ရင် သံဃိကဒါနမဖြစ်၊ ဒါမှမဟုတ်လို့ သီလဂုဏ်,

သမာဓိဂုဏ်, ပညာဂုဏ်နဲ့ ပြည့်စုံလှတဲ့ ဆရာတော်ကြီးရသွားလို့ ဟန်ကျ တာပဲ အရတော်တာပဲလို့ ဝမ်းသာအားရ ဖြစ်နေရင်လဲ သံဃိကဒါန မဖြစ်ပြန်ပါဘူးတဲ့၊ ပုဂ္ဂလိကဒါနဖြစ်သွားမှာပေါ့ ရှင်းသားပဲ။

သံဃိကဒါနဖြစ်အောင်က သံဃာက ခွဲဝေညွှန်ကြားပေးလိုက်တဲ့ သံဃာဟာ ဒုဿီလခေါ်ရတဲ့ သီလမရှိတဲ့သံဃာ ဖြစ်နေပါစေ သံဃာ အနေနဲ့ဆိုရင် ဒုဿီလရယ်လို့ မရှိနိုင်တော့ပါဘူးတဲ့။

သံဃေ ဂတံ ဒုဿီလော နာမ နတ္ထိ။

သင်္ကန်းစလေး လက်မှာချိထားတဲ့ ခေတ်အခါမှာပင် အလှူရှင်က သံဃာပဲလို့ ကြည်ညိုလေးစား အရေးထားပြီး သဒ္ဓါ ခါတ်ဖြူဖြူစင်စင်နဲ့ ပေးလှူနိုင်ပါက သံဃိကဒါနဖြစ်လို့ အကျိုးကြီးမြတ်တယ်လို့ ဘုရား ဟောတော်မူပါတယ်။

ဒါက သံဃိကဒါနအကြောင်း ဟောနေတာနော် သံဃိကဒါန- နားနဲ့ပဲနာကြ ပုဂ္ဂလိကနားနဲ့နာရင် ပြိတ္တာဘဝလွတ်မြောက်ရန် ရည် မှန်းပြီး ဒုဿီလရဟန်းအား ဆွမ်းကျွေးရာ အကျိုးမထူးတာနဲ့ ပြိတ္တာ ဘဝကနေပြီး ငါ့ကို ဒုဿီလရဟန်းက လုယက်ဖျက်ဆီး ယူစားသွား တယ်လို့ အော်သတဲ့၊ ဒါနဲ့ သီလရှိတဲ့ သီလဝန္တရဟန်းအား လှူဒါန်းမှ ပြိတ္တာဘဝက လွတ်မြောက်သွားတယ်လို့ ဆိုပါတယ်။

အဲဒါက ပုဂ္ဂလိကဘက်က ဟောတာနော်- အခုဟောနေတာက သံဃိကဒါန ဖြစ်အောင် အာရုံပြုနိုင်ဘို့ ဟောနေတာ၊ အာရုံပြု လှူဒါန်းပုံ နည်းလေးတခု ဟောပြလိုက်အုန်းမယ်။

သူကြွယ်တယောက်က သံဃိကဒါနလှူဒါန်းချင်တာနဲ့ သံဃာတော် များထံ သွားပြီး သံဃာတပါး ညွှန်ကြားပေးရန် လျှောက်ထား တောင်းပန်တော့ သံဃာတော်က ဒုဿီလရဟန်းတပါးကို ခွဲဝေညွှန် ကြားပေးလိုက်ပါတယ်၊ သူကြွယ်က ရိုရိုသေသေပင့်ပြီး ခြေဆေးခြင်း

သုတ်သင်ခြင်းစတဲ့ အမှုကြီးငယ်တို့ကို ဝတ္တရားပြုပြီး မြင့်မြင့်မြတ်မြတ် ခင်းထားတဲ့နေရာမှာ သီတင်းသုံးနေထိုင်တော်မူပါတယ်။

ခဲဘွယ်ဘောဇဉ် ချိုချဉ်အရသာတို့ကိုလဲ မြတ်စွာဘုရားနှင့်မခြား ရှိခဲ့သလေးစား အရေးထား ဆက်ကပ်လှူဒါန်းပါတယ်၊ ဆွမ်းစားခြင်း ကိစ္စပြီး ကျောင်းပြန်ကြွသွားတာပေါ့လေ။

တခါ ညနေကျပြန်တော့ အဲဒီ ဒုဿီလရဟန်းကပဲ သူကြွယ်ထံ ပေါက်တူးငှါးလာပြန်သတဲ့ သူကြွယ်ကပေါက်တူးကို ခြေမဖြင့်ညပ်၍ ရော့ယူသွားလို့ဆိုပြီး ပေးလိုက်ပါတယ်။

ဒီအပြုအမူကို အိမ်နီးနားချင်း ဘေးကလူတွေက နားမျက်စိလယ် သွားပြီး သူကြွယ်မေးကြတာပေါ့။

နံနက်ပိုင်းသူကြွယ်ရဲ့ မနက်ကဆွမ်းကပ်တုန်းကတော့ ဘုရားနဲ့ မခြား ရိုရိုခဲ့သသော လေးလေးစားစား အခု ပေါက်တူးလာငှါးတော့ မရိုမသေ မလေးမစား ခြေမနဲ့ညပ်ပေးလိုက်တယ်ဆိုတာ အသိရခက် လှချည့်လား ဘယ်လိုဟာလဲလို့ မေးကြပါတယ်။

သူကြွယ်က အဆွေတို့ပြောတာ ထင်မြင်ယူဆချက် မှန်ပါတယ်၊ ဒါပေမယ်လို့ မနက်က ကြွလာတုန်းကတော့ သံဃာတော်ထံမှ ခွဲဝေ ညွှန်ကြားပေးလိုက်တဲ့ သံဃာတော်ဖြစ်လို့ သူ့ဟာသူ ဘာဘဲဖြစ်နေ နေ ကျွန်ုပ်အမြင်မှာ သံဃာပဲလို့ (သုပ္ပဋိပန္နတာ) စတဲ့ ဂုဏ်တော်ကို အာရုံထားတာ ဖြစ်တဲ့အတွက် ရိုရိုသေသေ လုပ်ကျွေးလှူဒါန်းလိုက် ပါတယ်၊ အခုလာတာက သံဃာမဟုတ် ဒုဿီလရဟန်းမျှသာဖြစ်လို့ ရိုသေရန်မလိုတော့တဲ့အတွက် ရိုရိုသေသေ မပြုလုပ်တာပါလို့ ပြန်ပြော လိုက်ပါတယ်။

နောက်တခု လက်တွေ့ဟောပြပါအုန်းမယ်၊ အခုတရားနာပရိသတ် တွေ မျက်စိရှေ့မှောက် ဆိုးပေတေနေတဲ့ လူဘယောက် ဆိုပါတော့ အကျွတ်တရားရလို့ သဒ္ဓါစိတ်နဲ့ပဲဖြစ်ဖြစ် ဘေးကြောက်လို့ပဲဖြစ်ဖြစ်

သက်န်းဝတ်လာရင် ကြည်ညိုနိုင်ပါ့မလားဆို ဘယ်လိုအဖြေပေးကြမလဲ၊ ဖြေကြလေ အချိန်မရဘူး။

ဒေါ်....ဆိုးတုန်းကသာ ဆိုးတာဘဲ အခုကောင်းရာ မှန်ရာရောက်နေမှတော့ သူ့အကျင့်မကောင်းရင်လဲ သူ့အဖြစ်သူခံလိမ့်မပေါ့လို့ သဘောထားကြည်ညိုမှာလား စဉ်းစားနော် တရားနာပရိသတ် ရမ်းမဖြေပါနဲ့ ဒီလိုဖြေလိုက်ပေါ့၊ ဆိုးတုန်းကအပိုင်း ထားလိုက်၊ အခုကောင်းသောအပိုင်းမှာမူတည်၍ အထက်နားက ဟောခဲ့တဲ့သူကြွယ်လို သဘောထားနိုင်ရင် ကြည်ညိုနိုင်မှာပေါ့၊ အဲဒီအခုဟောပြလိုက်တဲ့ အကြောင်းအရာလေးနှစ်ခုကို အိမ်ရောက် အလကားမနေနဲ့တွေးကြည့်၊ တွေးကြည့်လို့ သဘောပေါက်ကြည်ညိုနိုင်ရင် သံဃိကစိတ် ထားနိုင်ဂိုသာ အောက်မေ့။

ဘာပဲဖြစ်ဖြစ် သံဃာက ခွဲဝေညွှန်ကြားပေးလိုက်တဲ့ သံဃာမှန်သမျှ သီလဝန္တပုဂ္ဂိုလ်ပဲဖြစ်ဖြစ်, ဒုဿီလပုဂ္ဂိုလ်ပဲဖြစ်ဖြစ်, သာမဏေပဲဖြစ်ဖြစ်, သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်နဲ့ပြည့်စုံတဲ့ အရိယာဇာတ်သံဃာမြတ်ပဲလို့သာ အလှူရှင်များရဲ့စိတ်မှာ သန့်ရှင်းနေရမှာပဲဖြစ်တယ်၊ တိုတိုမှတ်ထားကြဘို့က သံဃာပဲလို့ စိတ်ထားနိုင်ရမယ်ဆိုတာ မှတ်ထားကြ။

အလှူပေး, အလှူခံပုဂ္ဂိုလ်နှစ်ဦးဟာ အလှူပေးပုဂ္ဂိုလ်က သီလရှိရင် အလှူခံပုဂ္ဂိုလ် သီလမရှိရှိ အကျိုးကြီးမြတ်ပါတယ်၊ သာဓကထောက်ရရင် သီလရှိတဲ့အလှူရှင် ဝေဿန္တရာမင်းကြီးဟာ သားဇာလီမင်းသားနှင့် သမီးကဏှာဇိန်ကို သီလမရှိတဲ့ ဇူဇကာပုဏ္ဏား အလှူခံလက် အပ်လိုက်ပေမဲ့ သီလရှိတဲ့ဝေဿန္တရာမင်းကြီးရဲ့ သီလတန်ခိုးကြောင့် အကျိုးကြီးမြတ်ပါတယ်။

ဒီလိုစိတ်ထား လှူဒါန်းကြပါ။

မိမိတတ်နိုင်သလောက် မထေရ်ကြီးထံသွားပြီး မနက်ဖန် သံဃာကုန်, ဒါမှမဟုတ် သံဃာတော်ဘယ်နှစ်ပါး တပည့်တော်တို့အိမ်ကို

ဆွမ်းခံကြွတော်မူပါဘုရား....လို့ ပင့်ရပါမယ်၊ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေပါစေ၊ ကြွရောက်လာတဲ့သံဃာအား (သုပ္ပဋိပန္နတာ) အစရှိတဲ့ သံဃာဂုဏ်ကို အာရုံပြု၍ 'သံဃဿဒေမ' ဟု ဆို၍ လှူဒါန်းရပါမယ်၊ လှူဆဲအခါ လှူပြီးအခါမှာလဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေပါစေ၊ အဲဒီလို လှူဘတ်ရင်တော့ ခြောက်ခုမြောက် သံဃိကဒါနမြောက် ပါတယ်။

သံဃိကဒါနမြောက်သွားတဲ့ ကုသိုလ်ဟာ ဘယ်လောက်အထိ အကျိုးကြီးမြတ်သလဲဆိုရင်....

ဉပရိပဏ္ဏာသ ဒက္ခိဏာဝိဘင်္ဂသုတ်မှာ မြတ်စွာဘုရားက ချစ်သား အာနန္ဒာ ငါဘုရားသာသနာ နောင်အခါမှာ သင်္ကန်းလည်ရောက် ကျင့်နေကြကုန်သော အလဇ္ဇီဒုဿီလတွေ ဖြစ်လာလိမ့်မယ်၊ အဲဒီ ဒုဿီလတွေကိုပင် ဒါယကာတွေက သံဃာတော်ဟု ရည်မှတ်ပြီး လှူဒါန်းပါက ဒီသံဃိကအလှူသည်ပင် အသင်္ချေယျ-မရေမတွက်နိုင်တဲ့ အကျိုးတွေကို ရရှိခံစားရမယ်လို့ ငါဘုရားဟောတော်မူတယ်၊ ချစ်သားအနန္ဒာ၊ ပုဂ္ဂလိကအလှူကိုတော့ သံဃိကအလှူထက်မြတ်တယ်လို့ ငါဘုရားဟောတော်မမူ....လို့ ဟောတော်မူပါတယ်။

အဲဒီလိုပုဂ္ဂိုလ်ခင် တရားမင်သဘောမျိုး မဟုတ်ပဲ သံဃိကဒါန မြောက်အောင်လှူတတ်ရင် ရဟန္တာအားလှူသော ပုဂ္ဂလိကဒါနထက် သံဃာခွဲဝေညွှန်ကြားတဲ့ ဒုဿီလရဟန်းအား ဒုဿီလအမှတ်မထားပဲ အထက်ကဟောခဲ့သလို (သုပ္ပဋိပန္နတာ) စတဲ့ သံဃဂုဏ်တော်ကို အာရုံ ပြုပြီး ပေးလှူရတဲ့ သံဃိကဒါနအလှူဟာ အကျိုးကြီးမြတ်တယ်လို့ ဖွင့်ပြ ပါတယ်။

သံဃေ စိတ္တိကာရံ ကာတုံ သက္ကောန္တဿ ခိဏာသဝေ ဒိန္န ဒါနတော ဉဒ္ဒိဿိတွာ ဂဟိတေ ဒုဿီလပုဂ္ဂလေဒိန္နံ၊ မဟပ္ဖလတာယ မေဝ'

(ဒက္ခိဏာဝိဘင်္ဂသုတ် အဋ္ဌကထာ)

သံဃေ၊ သံဃာတော်၌။ စိတ္တီကာရံ၊ ရိုသေသောအခြင်းအရာကို။ ကာတုံ၊ ပြုခြင်းငှါ။ သက္ကောန္တော၊ စွမ်းနိုင်သောသူအား။ ခိဏာသဝေ၊ ရဟန္တာ၌။ ဒိန္နဒါနတော၊ ပုဂ္ဂလိကပေးလှူသော အလှူထက်။ ဥဒ္ဒိဿိတွာ၊ သံဃာတော်မှညွှန်စေ၍။ ဂဟိတော၊ ယူအပ်သော။ ဒုဿီလပုဂ္ဂလေ၊ ဒုဿီလပုဂ္ဂိုလ်၌လည်း။ ဒိန္နံ၊ လှူအပ်သော သံဃိကဒါနသည်။ မဟပ္ဖလတယမေဝ၊ အကျိုးမြတ်သည်သာတည်း။

'သံဃေဒိန္နံမဟပ္ဖလံ' သံဃာဟု အာရုံပြုပေးလှူတဲ့ သံဃိကအလှူဟာ ကြီးမြတ်သောအကျိုးကို ရနိုင်တယ်လို့လဲ ဘုရားရှင် ဟောတော်မူပါတယ်။

ဒီထက် သဘောပေါက်သွားအောင် ညီအစ်မနှစ်ယောက်ဝတ္ထုကို ဆက်ဟောပြပါအုန်းမယ်။

တရားအာရုံပြု-နာလိုက်ကြအုန်း။

## ညီအစ်မနှစ်ယောက်ဝတ္ထု

မြတ်စွာဘုရား သာဝတ္ထိပြည်မှန် ဇေတဝန်ရွှေကျောင်းတော်၌ ကိန်းအောင်းမွေ့လျော် စံပျော်တော်မူတဲ့အခါမှာ နာဠကဆိုတဲ့ရွာမှာ ဘဒ္ဒါနဲ့, သဒ္ဒါလို့ သူကြွယ်ရဲ့သမီး နှစ်ယောက်ရှိပါတယ်။

အစ်မဖြစ်တဲ့ဘဒ္ဒါက ညီမသဒ္ဒါအား ကောင်းမှုကုသိုလ်ဆိုတာ မမေ့ဘို့အကြောင်း နေ့စဉ်ဆုံးမပါတယ်။

ဒါနဲ့တနေ့တော့ ရှင်ရေဝတနှင့်တကွ ရဟန်းရှစ်ပါးကို ဆွမ်းဘုဉ်းပေးပင့်ပါတယ်၊ ရှင်ရေဝတကလဲ ပုဂ္ဂလိကဒါနထက် သံဃိကဒါနမြတ်ကြောင်း သဒ္ဒါကိုသိစေပြီး သံဃာတော်မှ ရဟန်းခုနစ်ပါးကို ခွဲဝေညွှန်ကြားစေ၍ ကိုယ်တော်နဲ့အတူ သဒ္ဒါတို့အိမ် ဆွမ်းဘုဉ်းပေးကြွတော်မူပါတယ်၊ သဒ္ဒါလဲ ကြည်ညိုလေးစား အရေးထားပြီး မိမိ

ကိုယ်တိုင် စေတနာသဒ္ဓါ ထက်ထက်သန်သန်နဲ့ ရဟန်းရှစ်ပါးကို ဆွမ်း ကပ်လှူဒါန်းပါတယ်။

ညီအစ်မနှစ်ယောက် စုတေမနေ သေလွန်ကြတဲ့အခါ တကြိမ်ထဲ လှူခဲ့ရတဲ့ သံဃိကဒါနအကျိုးကြောင့် ငါးထပ်မြောက်ဖြစ်တဲ့ နိမ္မာ နရတိနတ်ပြည်မှာ ဖြစ်ရပြီး အစ်မဖြစ်တဲ့ ဘဒ္ဒါကတော့ ပုဂ္ဂလိက လှူဒါန်းခဲ့တဲ့အကျိုးကြောင့် တာဝတိံသာနတ်ပြည်မှာ သိကြားမင်း အလုပ်အကျွေးဖြစ်ရပါတယ်။

တနေ့တော့ သဒ္ဓါနတ်သမီးက မိမိနေထိုင်စံမြန်းရတဲ့ စည်းစိမ် ကြီးမားတာကြည့်ပြီး အော်....ငါဘာကြောင့် ဒီလောက်ကြီးမားလှတဲ့ စည်းစိမ်ကြီးနဲ့ အဆင့်အတန်းမြင့်မြင့် နေရပါလိမ့်မလဲလို့ ဆင်ခြင် ကြည့်မိတဲ့အခါ လူဖြစ်စဉ်တုန်းက အင်မတန်ဆုံးမစကားနားထောင်ပြီး ရှင်ရေဝတရဲ့ အစီအစဉ်ဖြင့် သံဃာရှစ်ပါးကို ဆွမ်းလှူခဲ့ဘူးတဲ့ကောင်းမှု ကြောင့် အခုလိုခမ်းနားကြီးကျယ် ထယ်ဝါလှတဲ့နတ်သမီးစည်းစိမ်ကို ခံစားစံစားရတာပဲဟု သိရပြီး တခါ ငါ့ရဲ့မမဘဒ္ဒါလဲ ဘယ်မှာဖြစ်သလဲ လို့ ကြည့်ရှုပြန်တဲ့အခါ တာဝတိံသာနတ်ပြည်မှာ သိကြားမင်းကြီးရဲ့ အလုပ်အကျွေးဖြစ်ရတာကို မြင်ရသဖြင့် အစ်မနေရာဗိမာန်တွင်း ဆင်း လာပြီး မမဘဒ္ဒါ–လို့ နာမည်ဖော် ခေါ်လိုက်ပါတယ်။

ဒီအခါ ဘဒ္ဒါနတ်သမီးက ဟင်- ညီးဟာ အရောင်အဝါ တောက် တောက်ပပ ရုပ်ရေကလေးက လှလှပပ ဒီလောက်ချောလှတဲ့ နတ်သမီး ငလေးမျိုး ဒို့နေတဲ့တာဝတိံသာနတ်ပြည်မှာ မမြင်မိပါလား၊ ဘယ် နတ်ပြည်က ဘယ်နတ်သမီးလဲလို့ အံ့သြတဲ့အကြည့်နဲ့မေးလိုက်ပါတယ်။

ကျမက လူ့ဘဝတုန်းက ညီမဘဒ္ဒါလေ၊ အခုနိမ္မာနရတိနတ်ပြည် မှာ ဖြစ်တယ်လေဟု ပြန်ပြောပြလိုက်ပါတယ်။

ညီမသဒ္ဓါ နတ်သမီးစကား အမဘဒ္ဒါကြားလိုက်ရတော့ အံ့အား သင့်သလိုဖြစ်သွားပြီး– ဟင်–နို့နေပါအုန်းဟဲ့ သဒ္ဓါရဲ့ ကုသိုလ်ကောင်း မှုတွေမျာ်းများရှိတဲ့ သူများမှသာ နိမ္မာနရတိနတ်ပြည်ဆိုတာ ရောက်

ရတာ ညီးက ဘယ်ကောင်းမှုရှိခဲ့လို့ နိမ္မာနရတိနတ်ပြည်ကို ရောက်ရတာလဲ–လို့ မေးပါဘယ်၊ ညီအစ်မနှစ်ယောက် အမေးအဖြေလုပ်နေကြတယ်– နားထောင်–

အစ်မဘဒ္ဒါ ကျမဟာ သံဃိကဒါနတကြိမ် လှူဒါန်းခဲ့ရတဲ့အကျိုးကြောင့် နိမ္မာနရတိနတ်ပြည် ရောက်ရတာ မမရဲ့။

ဘဒ္ဒါက ဟ-ငါက ညီးထက်တောင် အလှူများများလှူသေးတာ ငါကမရောက် ညီးက ငါ့အထက်ဖြစ်တဲ့ ငါးထပ်မြောက် နိမ္မာနရတိနတ်ပြည် ရောက်ရတယ်၊ ငါက ညီးအောက် တာဝတိံသာနတ်ပြည်လောက် ရောက်ရတယ်ဆိုတာ နားမလည်နိုင်အောင်ဖြစ်နေတယ်၊ အံ့ဩလို့မဆုံး ဖြစ်နေတယ်၊ ရောက်သားရှိရင် ငါကသာ နိမ္မာနရတိနတ်ပြည် ရောက်ရမှာ အေ့ရဲ့လို့ မကြေမနပ်သံနဲ့ ပြောလိုက်ပါဘယ်။

ညီမသဒ္ဒါနတ်သမီးက မမပြောတာမှန်ပါဘယ်၊ ဒါပေမဲ့ မမရဲ့ ရွေးချယ်စီစစ်၍လှူတဲ့ ပုဂ္ဂလိကဒါနထက် ကျမက ရွေးချယ်စီစစ်၍မလှူပဲ သံဃာတော်အား အာရုံပြု၍ သံဃိကဒါနမြောက်အောင် တခါထဲပေးလှူခဲ့ရတဲ့ဒါနက သံဃိကဒါနဖြစ်လို့မို့ မမထက်အထက်ကျတဲ့ နိမ္မာနရတိနတ်ပြည်မှာ နေရပါတယ်လို့ပြောပြီး သူ့နေရာဖြစ်တဲ့ နိမ္မာနရတိနတ်ပြည် ပြန်သွားပါရောတဲ့။

(ဝိမာနဝတ္ထုအဋ္ဌကထာမှ လာပါဘယ်)

ဒီညီအစ်မနှစ်ယောက်ဝတ္ထုသွားမှာ– အစ်မဘဒ္ဒါရဲ့ ပုဂ္ဂလိကအလှူနဲ့ ညီမသဒ္ဒါရဲ့ သံဃိကအလှူ အဲဒီ နှစ်ဦးလှူတဲ့အကျိုးပေး ကွာခြားပုံကို ကြည့်ရသောအားဖြင့် ပုဂ္ဂလိကထက် သံဃိကအလှူက အကျိုးကြီးမြတ်ထူးခြားကြောင်း ထင်ရှားလှပါဘယ်။ (သံဘောဒိန္နမဟာပွဲ)

သံဃိကအလှူဆိုတာနဲ့ ပတ်သက်လို့ မဆိုင်ပေမဲ့ ပတ်သက်သလိုဖြစ်နေတဲ့အတွက် နဲနဲလောက် ရှင်းပြပါအုန်းမယ်၊ တခွန်းနှစ်ခွန်းပါ။

ကထိန်သင်္ကန်းလှူရာမှာလဲ သံဃိကဖြစ်အောင် တသာသနာလုံးမှာ ရှိတဲ့ သံဃာတွေကိုရည်စူး အာရုံပြုလှူရတာပဲ ဖြစ်ပါတယ်။

ပုဂ္ဂလိကလှူရင်–မအပ်ပါဘူး၊ သံဃိကလှူတာမှ–အပ်ပါတယ်။

သံဃိကဖြစ်အောင်လှူဒါန်းရပါမယ်၊ ဒါပေမဲ့ ဆွေမျိုးမိတ်ကိုးကွယ်ကြတဲ့ရဟန်းကိုသာ ရည်စူးလှူတာမျိုး တွေ့ရဘူးလို့ သံဃိကဖြစ်,မဖြစ် တွေးကြည့်ကြ တရားနာပရိသတ်တို့ရေ၊ အထက်ကဟောခဲ့တာ ယှဉ်တွေးရင် ရနိုင်ပါတယ်၊ သံဃိကသင်္ကန်းမြောက်အောင် လှူတာတို့ဒါယကာ, ဒါယိကာမများရဲ့တာဝန်၊ သံဃာတွေအကုန်လုံး သဘောထားလှူလိုက်ရင် ဒို့ကျောင်းကိုယ်တော်မှ ရ, ရပါ့မလားဆိုချင်တော့ သွားပြီ ပုဂ္ဂလိက, သံဃိကမဖြစ်တော့ဘူး၊ ဒါ သတိပေးစကား ဟောပြတာနော်။

အဲဒီ သံဃိကသင်္ကန်းဖြစ်အောင် လှူပြီးလို့ရှိရင် တော်တော့ ဒါယကာ, ဒါယိကာမကိစ္စကုန်သွားပြီ မရှိတော့ဘူး၊ ရဟန်းကိစ္စပဲကျန်တော့တယ်၊ ဘာမှလိုက်မဝေဖန်နဲ့တော့၊ ဒါနမြောက်လို့ ဝမ်းမြောက်ဝမ်းသာဖြစ်ဘို့သာ အရေးကြီးတော့တယ်။

သံဃာ့တာဝန်က ဒါယကာ, ဒါယိကာမတွေ လှူထားတဲ့အတိုင်း ဒီသင်္ကန်းကို ကထိန်ခင်းလို့မရပါဘူး၊ ကထိန်ခင်းထိုက်သောပုဂ္ဂိုလ်ကို ဝိနည်းကံဖြင့် ပုဂ္ဂလိကဖြစ်အောင်ပေးပြီးမှ ကထိန်ခင်းထိုက်ပါတယ်။

ထားပါတော့လေ–စကားစပ်မိလို့သာဟောရတာ ကထိန်တရားလဲ မဟုတ်ပါဘူး။

ကုသိုလ်တရား မျက်ခြေပြတ် အလစ်မပေးကြပါနဲ့။

လူ့အဖြစ်ဆိုတာ ရလွယ်တယ်, ရောက်လွယ်တယ်လို့ ဘုရားဟောသလား၊ ရခဲတယ်ရောက်ခဲတယ်လို့ ဟောသလား၊ ရလွယ်တယ်, ရောက်လွယ်တယ်လို့ မဟောပဲ မနုဿတ္တဘာဝေါဒုလ္လဘော လူ့အဖြစ်ဆိုတာ ရခဲတယ်လို့သာ ဘုရားဟောတော်မူပါတယ်၊ ဘယ်လောက်ရခဲသလဲ

ကာဏကစ္ဆပသုတ်မှာ လိပ်ကန်းနဲ့ ဥပမာပေးပြီး ဟောပြပါတယ်၊ ဘယ်လိုဟောပြပါသလဲဆိုတော့ မြစ်ကြီးငါးသွယ်ကနေပြီး ထမ်းပိုးတုံးတခု မျောလိုက်သည်ရှိသော် အနှစ်တရာကြာမှ တခါသာပေါ်ပြီး ရှစ်သောင်းလေးထောင်နက်တဲ့ မဟာသမုဒ္ဒရာထဲက လိပ်ကန်းလည်ပင်းနဲ့ စွပ်မိကောင်းစွပ်မိမယ် အဲဒီလိုစွပ်မိဖို့ထက် လူဖြစ်ဖို့ အလွန်တရာမှ ခဲယဉ်းတယ်ချစ်သားတို့လို့ ဟောတော်မူပါတယ်။

စဉ်းစားတရားနာပရိသတ် ဖြဟ္မာ့ပြည်ကချလိုက်တဲ့အပ်ဟာ လူ့ပြည်ကထောင်ထားတဲ့ အပ်နဲ့ အသွားချင်းထိမယ်ဆို ထိနိုင်ပေမဲ့ လူဖြစ်ဖို့ဆိုတာ မလွယ်ပါဘူး။

အနံအားဖြင့် ရှစ်သောင်းလေးထောင် ကျယ်ဝန်းတဲ့ သမုဒ္ဒရာထဲမှာ မျောလာရတာဆိုတော့ လှိုင်းတွေကပုတ် လေတွေကသုတ်နဲ့ ဒီတံပိုးတုံးဟာ ငြိမ်ငြိမ်ကလေးတန်းပြီး မျောလာပါ့မလား၊ မျောလာတယ်ပဲထားပါအုန်း လိပ်အကောင်းမဟုတ်ဘူး မျက်စိမမြင်တဲ့အကန်း မျက်စိနှစ်ဖက်စလုံး စုံလုံးကန်းနေတာ နောက်ပြီး အနှစ်တရာကြာမှ တခါသာပေါ်တယ်ဆိုတော့ တိုက်တိုက်ဆိုင်ဆိုင်သွားစွပ်မိဖို့ မလွယ်ပါဘူး၊ နောက်တခုက အသက်နဲ့လိပ်ဖြစ်တော့လဲ ငြိမ်ငြိမ်လေးနေမှာ မဟုတ်ဘူး၊ သွားချင်ရာ ဦးတည်မိရာ ရောက်တတ်ရာရာ သွားနေမှာပဲဖြစ်ပါတယ်။

စည်းကမ်းမရှိ သွားနေတဲ့နေရာလိုက်ပြီး တံပိုးတုံးက စွပ်ပေးပါ့မလား စွပ်မပေးပါဘူး၊ အဲဒီလိုလေးချက်လှည့် တွေးကြည့်ပေါ့၊ အင်မတန်ကို အကြောင်းတိုက်ဆိုင်နေခါ တံပိုးကလဲမျောအလာ လိပ်ကန်းကလဲ အနှစ်ကြာလို့ အမှတ်တမဲ့ ရမ်းသန်းအပေါ်တက် ကြက်ကန်းဆန်အိုးတိုး စွပ်မိရင်စွပ်မိလိမ့်အုန်းမယ်။

ထို့ထက် လူဖြစ်ရဖို့ဆိုတာ မလွယ်ပါဘူး၊ အဲဒီလိုတံပိုးပေါက်နဲ့ လိပ်ကန်းရဲ့လည်ပင်းနဲ့ စွပ်မိဖို့ဆိုတာလောက် ခဲယဉ်းနေသေးရင် လူ့အဖြစ်ရဖို့ ရောက်ဖို့ဆိုတာကတော့ တရားနာပရိသတ် စဉ်းစားသာ

ကြည့်ပေတော့လေ၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်ဆိုတာကလဲ လူ့ပြည်ကပဲ သွားရတာ ငရဲပြည်ကော ဒီလူ့ပြည်က အဝီစိငရဲကြီးကိုလဲ ကြည့်ကြ အုန်း၊ ငရဲသူငရဲသားတွေ ငပိသိပ် ချဉ်သိပ် ကြပ်လို့ ညပ်လို့ လူဖြစ် ရတာနဲ့စာကြည့်ရင် အသေးအမွှား ဘာမှ မပြောပလောက်ပါဘူး၊ ဒါလဲ အဝီစိငရဲတထပ်ထဲကိုသာ ပြောသေးတာနော်- ကျန်တဲ့သဉ္ဇိုင်း စတဲ့ ငရဲတွေကို ထည့်မပြောသေးပါဘူး၊ နောက်တခုက ငရဲကြီး တထပ် တထပ်မှာ ဥဿဒငရဲငယ်ခေါ်တဲ့ တဆယ့်ခြောက်ထပ် ရှိပါ သေးတယ်၊ ငရဲကြီးရှစ်ထပ်မှာဆိုတော့ ဥဿဒငရဲငယ် ပြည်နယ်ခေါ် တာပေါ့၊ အဲဒီဥဿဒငရဲငယ် ပြည်နယ်ပေါင်း တရာ့နှစ်ဆယ့်ရှစ် ပြည်ထောင်ရှိတာ၊ တရာနှစ်ဆယ့်ရှစ်ရပ်ကွက်ပေါ့ ဟုတ်လား။

ငရဲကြီးရှစ်ထပ်ဆိုတာ သိဉ္ဇိုဝ်းငရဲ၊ ကာဠသုတ်၊ သံဃာတ၊ ရောရုဝ၊ မဟာရောရုဝ၊ တာပန၊ မဟာတာပန၊ အဝီစိဟူ၍ ဖြစ်ပါတယ်။

ငရဲကြီးတထပ်မှာရှိတဲ့ ဥဿဒငရဲငယ်ခေါ်ပြည်နယ် ဒါမှမဟုတ် ရပ်ကွက်အမည်တွေကတော့—

(၁) ဂူထ — ဘင်ပုပ်ငရဲ၊

(၂) ကုက္ကုဠ — ပြာပူငရဲ၊

(၃) သိမ္ဗလိဝန — လက်ပံတောငရဲ၊

(၄) အသိပတ္တဝန— သံလျက်ရွက်တောငရဲ၊

အဲဒီငရဲရပ်ကွက်တွေက ငရဲကြီး တမျက်နှာကို ငရဲငယ်က လေး ရပ်ကွက် လေးမျက်နှာဆိုတော့ လေးလေးလီ–တဆယ့်ခြောက်ရပ်ကွက် ရှိတာပေါ့နော်- ငရဲကြီးရှစ်ထပ်စလုံးဆိုရင် တရာ့နှစ်ဆယ့်ရှစ်ပြည်၊ ရှစ်ရပ်ကွက်ရှိတယ်၊ ပါးစပ်ထဲတွေ့တာ ရမ်းပြောတာမဟုတ်ဘူး၊ ဒေဝ ဒူတသုတ်ကလာတယ် မှတ်ထားကြ။

လောကပညတ္တိကျမ်း, ဆဂဂတိကျမ်းတို့မှာ ဥသဒ္ဒငရဲငယ် ငရဲကြီး တမျက်နှာရှစ်ပြည်, ရှစ်ထပ်မှာ နှစ်ရာငါးဆယ် ခြောက်ပြည့် ရှိတဲ့ အကြောင်း လာပါသေးတယ်။

နေမိဇာတ်အဋ္ဌကထာမှာလဲ နေမိမင်းကြီးအသက်သာ ကုန်ချင် ကုန်သွားမယ် မာတလိနတ်သားလိုက်ပြနေတဲ့ ငရဲကား မကုန်နိုင်သေး ပေဟု မိန့်ဆိုထားပါတယ်။

ဟောလိုရင်းမှာ – ဟောခဲ့တဲ့ငရဲတွေမှာ ငရဲသူ ငရဲသားတွေ ပြွတ်သိပ် ကြပ်ညပ်နေသောအားဖြင့် လူ့ပြည်ရောက်ကြတဲ့ သတ္တဝါ နည်းတယ်ဆိုတာကို သိစေလိုပါတယ်၊ (လူကြီးသူမရှိစရာပြောဘူးတယ် ငရဲသွားတဲ့လမ်းကဖုံ့, နတ်ပြည်လမ်းမကောင်း) ကြားဘူးတယ်၊ လူ အဖြစ်ရဘို့ရာ ခဲယဉ်းတယ်ဆိုတဲ့ သဘောနဲ့ ဟောနေတာနော်....ငရဲသူ ငရဲသားတွေ ငရဲခံနေရပုံတွေကို ဟောတာမဟုတ်ဘူး။

ငရဲပြည်တွေမှာသာ များပြားနေသလားဆိုတော့ မဟုတ်သေး ပါဘူး၊ တိရစ္ဆာန်တွေကိုလဲ ကြည့်လိုက်ကြအုန်း– ကျွဲ, နွား, မြင်း,ဆင်, သစ်ကျား, ခြသေ့စတဲ့ တိရစ္ဆာန်တွေ ငါး လိပ် မကာရ်းစတဲ့ ရေ သတ္တဝါတွေ ကုန်းမှာနေ ကိုးကုဋေ၊ ရေမှာနေ ဆယ်ကုဋေ၊ ကုန်းမှာ ထက်တောင် များသေးတယ်၊ မှန်ရဲ့လား တရားနာပရိသတ်။

ခြတောင်ဘို့တခုအတွင်းက ခြတွေကိုပဲစမ်းကြအုန်း ရေနိုင်ပါ့ မလား၊ ပရွက်ဆိတ်တွင်း တတွင်းမှာလဲ ဒီလိုပါပဲ၊ ပရွက်ဆိတ် သတ္တဝါပေါင်း မရေမတွက်နိုင်ပါဘူး။

ပြိတ္တာ, အသူရကာယ်ဘုံတွေမှာလဲ ဒီအတိုင်း သတ္တဝါတွေ နေရာ လပ် မရှိပါပဲ၊ ဒါကြောင့် အခုဟောခဲ့တဲ့ သတ္တဝါတွေနဲ့ နှိုင်းစာ ကြည့်ရင် လူ့အဖြစ်လူ့ဘဝ ရတယ်ရောက်တယ်ဆိုတာ (ဘာမှမပြော ပလောက်တဲ့ အရေအတွက် မဟုတ်ပါ) ရှိစရာတောင် ကောင်း သေးတယ်။

အပါယ်လေးဘုံမှာ သတ္တဝါတွေ သောသောကြ ဒီလောက်များ နေပေမဲ့-သုဂတိဘုံမပြန်နိုင်သေးတဲ့ သတ္တဝါတွေ အပုံပေါ ဩတိုက် နေတာ၊ ကုသိုလ်အရှိန်ကမရှိလေတော့ ဒီလိုငရဲမှမပြန်နိုင်ကြသေးပဲ သောင်တင်နေကြပါသေးတယ်၊ သတိထား တရားနာပရိသတ်။

သိကြားဗြဟ္မာဘဝတွေ ဒုလ္လဘထဲမထည့်ပဲ လူ့ဘဝတခုထဲကိုသာ သီးသန့်ကွက်ပီး ဒုလ္လဘထဲထည့်ဟောတော်မူထားတာက သိကြားမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတွေအဖြစ်ဆိုတာ လူ့ဘဝကနေပီး တည်ထောင် အားထုတ်ပြုလုပ်မှ ရနိုင်ကြတာဖြစ်လို့ပါပဲတဲ့။

ဒါဖြင့် လူအဖြစ်ဆိုတာ ဒါလောက်တောင် ရခဲပါသလားဆိုတာ သဘောပေါက်ကြပါသလား။

အဲဒီလောက် ခဲခဲယဉ်းယဉ်း လူ့အဖြစ်လူ့ဘဝကို ရခဲရောက်ခဲနေ ကြပါလျက် တခုခုသောဘဝက အမှတ်မထင်ပြုလုပ်ခဲ့ကြသော အပရာ ပရိယ အလယ်ဇောစေတနာ ဇနကသတ္တိကြောင့်-မမြှော်လင့်ပဲ လူ့ ဘာ လူ့လောကထဲ ရောက်လာကြပြန်တော့လဲ ကုသိုလ်ကောင်းမှု မပြုမလုပ် ရီဟားရီဟားနဲ့ ငါ့နွားကြီးအောက်သွားမရှိဆိုတာလို မိမိတို့ ကိုယ်ကိုမိမိတို့ ဒါန, သီလ, သမထဆိုတဲ့ ကုသိုလ်ကောင်းမှုတရားတွေနဲ့ ပြုပြင်ထိန်းသိမ်းမှု မရှိပဲ ရရှိလာတဲ့ဘဝကို အကောင်းထင်နေကြပီး စိတ်လွတ်ကိုယ်လွတ် အေးအေးဆေးဆေး စိတ်ချလက်ချ 'မောဃ ကာလံ န ခေပယေ' စားလိုက်အိပ်လိုက် ပျော်ရွှင်လိုက်နှင့် လိုရာအပြီး အချည်းနှီးသောဘဝကို ရရှိလာတဲ့ မိမိတို့ဘဝကောင်းအောင် အသုံး မချတတ်ပဲ အလွဲသုံးစားလုပ်ပစ်နေကြရင် လူဖြစ်ကျိုး မနပ်ကျတဲ့ပြင် ငရဲစတဲ့ဘုံဘဝ ကဆုံချပြေးသွားကြရအုန်းမှာ မလွဲပါချေ။

ဘာပြုလို့လဲဆိုတော့ ကုသိုလ်ကောင်းမှုသည်သာ အထက်သုဂတိ ဘုံဘဝ လူ့ပြည်နတ်ရပ် နိဗ္ဗာန်မြတ်ထိ ရောက်စေတတ်ပီး ဒါန, သီလ, သမထဘရား လက်ကိုင်မထားရှိကြဘူးဆိုရင် သူတို့အတွက် အထက်ကို သွားရောက်ဘို့အခွင့် မရှိတော့ပဲ အောက်ဖြစ်တဲ့ ဒုဂ္ဂတိဘုံဘဝကိုသာ

သွားကြရမှာပါပဲ၊ ပါဏာတိပါတစတဲ့ အကုသိုလ် တရားတွေချည့် အလေ့အကျင့်ပြုနေကြတယ် မဟုတ်လား။

ဘယ်ဂတိသွားရမှန်း လားရမှန်းမသိကြတဲ့ ဝိနိပါတ ဘေးကြီး ကလဲ တန်းလမ်း ပုထုဇဉ်တွေဆိုပြန်တော့ ဂတိကမမြဲသေးဘူးပေါ့။

ပျော်ပါးမော်ကြွားနေတယ် ဆိုတာကလဲ ဇာတိစတဲ့ဒုက္ခတရား တွေကို အတိအကျမသိကြရလို့ပါပဲ၊ သိအောင်အားမထုတ်လို့ အား မထုတ်တာကလဲ သားကျွေးမှု မယားကျွေးမှုစတဲ့ စားဝတ်နေရေး အလုပ်တွေ လောကီလူ့ဘဝအမှု သူ့အမှုတွေ အဲဒီအလုပ်တွေနဲ့ပဲ အချိန်ကုန်နေကြတာ မဟုတ်လား၊ အခါအခွင့်ကြုံတိုင်း ဘုရားတရား တော်နာကြားခြင်း၊ ဆည်းပူးခြင်း မေးမြန်းခြင်း သင် အံ လေ့ကျက် ဆောင်ခြင်းစတဲ့ အားထုတ်မှု ဝီရိယတရားမှ မရှိကြတော့လဲ မေ့မေ့ ပျောက်ပျောက်ဆိုတာလို ဖြစ်နေကြတာပေါ့၊ ဒီလို မေ့မေ့ပျောက် ပျောက် ဖြစ်နေကြတာနဲ့အမျှ အကြားအမြင် သုတမယဉာဏ်ကို မရ နိုင်ကြတော့ပါ၊ သုတမယဉာဏ်ကို မရကြရင် စိန္တာမယဉာဏ်ဆိုတာ တော့ အဝေးကြီး၊ စိန္တာမယဉာဏ်မှ အခြေမခံကြရတော့လဲ ဘာဝနာ မယဉာဏ်ကို မရနိုင်တော့ပါ၊ ဘာပြုလို့လဲဆိုတော့ ကုသိုလ်ကောင်းမှု ဘက် မေ့မေ့ပျောက်ပျောက်ဖြစ်ပြီး ပျော်ပါး မော်ကြွားနေကြတာ ဘယ်မှာ ကမ္မဋ္ဌာန်းတရား ပွားများအားထုတ်တော့မှာလဲ ဘာဝနာ မယဉာဏ်ဆိုတာက ကမ္မဋ္ဌာန်းတရား ပွားများအားထုတ်မှု ဖြစ်ပေါ် ရရှိလာရတဲ့ဉာဏ်ပဲ၊ ဒီဘာဝနာမယဉာဏ် အခြေခံအရင်းပြုပြီး ထိုးထွင်း သိမြင်ရမဲ့ ပဋိဝေဓမဂ်ဉာဏ် ဖြစ်နိုင်ပါ့မလား စဉ်းစား။

နေရိုးနေစဉ် နေသွားကြရင်တော့ မိမွေးတိုင်း ဖမွေးတိုင်းပဲ မိမိ ကိုယ်ကို မိမိဆန်းစစ်ကြည့်ကြအုန်းနော်။

(နေရိုးနေစဉ်ဆိုတာ) ကုသိုလ်ကောင်းမှု မပြုမလုပ် သူလိုငါလို နေတာမျိုးကို ခေါ်ပါတယ်၊ နေရိုးနေစဉ် မနေပါပဲ ဒါနစတဲ့ကုသိုလ်

ကောင်းမှု ပြုလုပ်လှူဒါန်းစေကာမူ လှူရိုးလှူစဉ်, ကျင့်ရိုး ကျင့်စဉ် မလှူပါနဲ့ မကျင့်ပါနဲ့။

(လှူရိုးလှူစဉ်ဆိုတာက) လူ့ချမ်းသာ, လူ့စည်းစိမ်၊ နတ်ချမ်းသာ, နတ်စည်းစိမ်တွေ ဆုတောင်းပြီး နိဗ္ဗာန်ကို ဆုမတောင်းပဲ အမှတ်တမဲ့ လှူလိုက်တာမျိုး။

သီလဆောက်တည်စေအုန်းတော့ သားသမီး စီးပွား လောကီ စကားများ ရောက်တတ်ရာရာ ပုံမှတ်ပန်းမှတ် ပြောဆိုရယ်မောခြင်း၊ အိမ်ကပို့လာတဲ့ဆွမ်းကို တအားစား တအားအိပ် ညနေတော့ ထပြန် ကြတာမျိုး မဖြစ်စေပဲ တကယ်တန်း ခန္ဓာကိုယ်ကို စက်ဆုပ်ရွံရှာ ငြီးငွေ့လာအောင် အနိစ္စ ဒုက္ခ အနတ္တ မမြဲခြင်းအနိစ္စ, ဆင်းရဲခြင်း ဒုက္ခ, အစိုးမရခြင်း အနတ္တဆိုတဲ့ ဝိပဿနာတရား ပွားများကြလို့ ငြီးငွေ့လာအောင် မလိုချင်လာအောင် ဘဝကိုထိတ်လန့်လာအောင် စောင့်ထိန်း စောင့်ရှောက်တဲ့ သီလမျိုး ဆောက်တည်ကြရင် စောင့်ရိုး စောင့်စဉ်မျိုး မဟုတ်တော့ပါဘူး၊ မိမိတို့အကျိုးဖြစ်စေမဲ့ စောင့်ထိန်း ခြင်းမျိုး ခေါ်တာပါပဲ၊ ဒီနေရာမှာတော့ ဒီလောက်ပဲနာကြအုန်း ရှေ့နားကျမှ ခပ်ကျယ်ကျယ်လေး ဟောပြပါအုန်းမယ်။

မကောင်းမှုပြုတာနဲ့ မထူးပါ။

ဘုရားရှိခိုးတယ် တရားနာတယ် ရဟန်းသံဃာ ဆည်းကပ်ခစား တယ် ဥပုသ်စောင့်တယ် စတဲ့အလုပ်တွေဟာ ပြုလုပ်ရမဲ့အလုပ် မိမိတို့ နောက် အရိပ်ပမာ ထပ်ချပ်မကွာလိုက်ရမဲ့အလုပ်၊ ဒီပြုလုပ်ရမဲ့ကောင်း မှုကုသိုလ်တွေ မပြုလုပ်ကြပဲ နေရိုးနေစဉ် နေသွားကြရင် မကောင်းမှု ပြုတာနဲ့ မထူးပါဘူးတဲ့၊ (ဥပမာ) လောကမှာ မိမိတို့လုပ်ရမဲ့အလုပ် တခု မပြုလုပ်ပဲနေကြတဲ့အခါ အလုပ်ဝတ္တရားပျက်ကွက်တယ်လို့ ပြော ကြသလို ဝတ္တရားပျက်ကွက်တော့ ဘာဖြစ်သလဲ၊ အပြစ်ရှိတာပေါ့၊ ဖမ်းပြီး ထောင်ချမှာပေါ့၊ မယားဝတ္တရားပျက်လဲ မယားအပေါ် အပြစ် ရှိတယ်လို့ သမုတ်ကြသလိုပေါ့။

ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်ကြီးမှာ မြတ်စွာဘုရား သီတင်းသုံးနေတာ သိရက်သားနဲ့ ဆည်းကပ်ဖူးမျှော်ခြင်း မပြုတာဟာ တပည့်တော်မအပြစ်ပါဘုရားဟု တောင်းပန်လျှောက်ထားတဲ့စကား တခု ရှိပါတယ်၊ ခေမာမိဖုယားကြီးဟာ မြတ်စွာဘုရားအနီးသားနဲ့ ဖူးမျှော်သင့်ပါလျက် မဖူးမျှော်ဘဲနေတဲ့အတွက် တပည့်တော်မမှာ အပြစ်ရှိပါတယ်ဘုရားလို့ လျှောက်ထားတာပဲ ဖြစ်ပါတယ်။

ဆိုလိုတာက– တရားနာသင့်ရင် နာကိုနာရမယ်၊ ဘုရားဖူးသင့်ရင် ဖူးကိုဖူးရမယ်၊ ဥပုသ်စောင့်သင့်ရင် စောင့်ရမယ်၊ ပြုလုပ်သင့် ပြုလုပ် ထိုက်ပါလျက် မိမိကာဂရုမစိုက် ပေါ့ပေါ့တန်တန်နေပြီး မပြုလုပ်ရင် အပြစ်ရှိတယ်လို့ ဆိုလိုပါတယ်၊ သဘောမိရဲ့လား။

လောကထဲ အလကား အလဟဿ အချိန်မဖြုန်းပဲ လသာတုန်း ဗိုင်းငင် အချိန်ရှိခိုက် လုံ့လစိုက်ကြပြီး ဒါန, သီလ, ဘာဝနာဆိုတဲ့ အလုပ်တွေ ပြုလုပ်အားထုတ်သွားကြရပါမယ်၊ ပြောနေရုံနဲ့လဲ မပြီးပါ တကယ်တန်း ကုသိုလ်ကောင်းမှု အလေးအမြတ် အားထုတ်ကြမှ အပြောနဲ့အလုပ် သဘောနဲ့သရုပ် အံဝင်ဂွင်ကျဖြစ်သွားကြမှာပါပဲ။

ရဟန္တာမဖြစ်သေးသမျှ ကုသိုလ်ကောင်းမှုအလုပ် ပြုလုပ်ကြရပါ အုန်းမယ်၊ ရဟန္တာဖြစ်သွားမှသာ ကုသိုလ်ကောင်းမှုအလုပ်တွေ လုပ် စရာ မလိုတော့တာပဲ မဟုတ်လား၊ ရဟန္တာများကျတော့ ကုသိုလ်, အကုသိုလ်စွန့်သွားပါပြီ သံသရာမှကျွတ်လွတ်သွားလို့ အေးသွားပြီ၊ မျိုးမဲ့အောင်တဲ့အစေ့ အပင်မပေါက်တော့သလို ကုသိုလ်ပြုပေမဲ့ အကျိုးမပေးတော့ပါဘူး၊ ဒါပေမဲ့–

ဒါတောင်– စေတီရုပ်ပွား ဘုရားများမှာ ရေချမ်းကပ်ခြင်း ဆီမီး ထွန်းညှိခြင်းစတဲ့ ဝတ္တရားများ ပြုလုပ်ကြပါသေးတယ်၊ ကျန်တဲ့သူတွေ က ကုသိုလ်မပြုပဲ နေလို့မရသေးပါ၊ ဒါန, သီလ, ဘာဝနာတရား ပြုကြရ ကျင့်ကြရ ပွားများကြရအုန်းမှာပဲ ဖြစ်ပါတယ်၊ ဘာသိ

ဘာသာနေလို့ကို မရသေးဘူးဆိုတာ သဘောပေါက်ထားကြ မအေး သေးတဲ့သူတွေအဘို့တော့ ကုသိုလ်တရား အပြေးလေး ပြုလုပ်ကြိုး ကုတ် အားထုတ်ကြရပေအုန်းမယ်။

လူ့ဘဝသက်တမ်းဆိုတာကလဲ ဘာကြာတာမှတ်လို့ သက်တမ်း စေ့အောင်နေရပါမှ တရာတမ်းနေရမှာပဲဖြစ်ပါတယ်၊ များသောအား ဖြင့်ပြောတာ၊ဒို့မြတ်စွာဘုရားသည်ပင် ရာတမ်းမှာပွင့်ထားတာ ဖြစ်လေ တော့ လူသားတွေဟာ လူ့ဘဝမေ့ာပန်းလို တင်ပါးလှဲ့ လာထိုင်တာ လောက်တော့ မကြာတဲ့သက်တမ်းအတွင်း မိမွေးတိုင်း ဖမွေးတိုင်း နေသွားကြရင် မိမွေးတိုင်းဖမွေးတိုင်းဘဲ ပါသွားကြမှာပဲ၊ (ဝိမုတ္တိယုဂ) သက်တမ်းကလဲ တိုးနေတာမဟုတ်၊ ဆုတ်ယုတ်နေတာနော်၊ ဒါကြောင့် သက်တမ်းတိုလေ ကုသိုလ်ကောင်းမှုများစွာပြုလေ ဖြစ်ကြပါစေ။

မြတ်စွာဘုရား ပွင့်တော်မူသွားတာဟာ (နှစ်ပေါင်းနှစ်ထောင့် ငါးရာနှစ်ဆယ့်တနှစ်) ရှိသွားပီဆိုတော့ တရာသက်တမ်းဆိုတဲ့ သက် တမ်း မရှိနိုင်တော့ပါ။

ဒို့တရားနာကြတဲ့ ပရိသတ်တွေ နေထိုင်ကြတဲ့အရပ်ကား (မဇ္ဈိမ) အရပ်ဖြစ်တယ်လို့ မဆိုနိုင်စေကာမူ ပတိရူပ နေဘို့ထိုင်ဘို့ သင့်တော်တဲ့ လျောက်ပတ်တဲ့အရပ်တော့ ဖြစ်နေပီ၊ ဘာပြုလို့လဲဆိုတော့ တိုတိုလေး မှတ်ချင်ရင် သာသနာတော်ကြီး နေလို့၊ လလိုထွန်းလင်းပေါ်ပေါက် နေတဲ့အချိန်မို့ ဒါန သီလ ဘာဝနာဆိုတဲ့ ကုသိုလ်ကောင်းမှုတရား ပွားများအားထုတ်ဘို့ အကောင်းဆုံးအရပ် အကောင်းဆုံးအချိန်ပဲဖြစ် ပါတယ်၊ ဘုရားစတဲ့ ရတနာသုံးပါးရှိနေတယ် မဟုတ်ပါလား။

ဒီတောင်ကျွန်းမှာသာ ဘုရားပွင့်တော်မူကြတဲ့အတွက်လဲ နိဗ္ဗာန်သို့ သွားရန် ဆိပ်ကမ်းသာနဲ့တူတယ်လို့လဲ ဘုရားစတဲ့သူတော်ကောင်းများ အထူးချီးမွမ်းပါတယ်။

ကုသိုလ်တရား အသင့်ပြုနိုင်ခြင်းစတဲ့ အကောင်းသုံးပါး သာလွန် ကြောင်းကို အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဘုရားသခင် ဟောတော်မူထားပါ

တယ်၊ ဘာဘဲဖြစ်ဖြစ် ပညာအမြော်အမြင်ရှိနေကြတဲ့အတွက် အခြား ကျွန်းတွေထက် သာလွန်နေပါတယ်။

ဘုရားရတနာ, တရားရတနာ, သံဃာရတနာဆိုတဲ့ ရတနာသုံးပါး ရှိနေတယ်ဆိုတော့ ဒီလောက် ဘက်စုံရနေတဲ့ ဘုံဘဝ ကဆုံချ အပြေး အလွှားရောက်လာရက်နဲ့ ပြုလုပ်သင့်လှတဲ့ သင့်ယုံမှုဟုတ် ပြုလုပ်ရမဲ့ ကုသိုလ်ကောင်းမှုတရား မပြုလုပ်မကျင့်ကြံ အားမထုတ်ချင်ကြပြန်ဘူး ဆိုတော့လဲ တရားဟောပုဂ္ဂိုလ်ဆိုတာမျိုးက ကောင်းရာညွှန်ပြ လမ်းမ မှားအောင် တိမ်းအစောင်း မတ်ပေးရန်သာ ပြုလုပ်ပေးနိုင်ပါ တယ်၊ ကုသိုလ်ရအောင် မဂ်ဖိုလ်နိဗ္ဗာန်ရအောင်က မိမိတို့ဟာ မိမိတို့ ကြိုးစားကျင့်ကြံအားထုတ်မှ ရကြမယ်၊ ကူညီညာအားထုတ်ပေးလို့ မရနိုင်ပါ။

ဒီလောက် ပတ်စားပေးထားတဲ့လမ်း ပြေးမထွက်ချင်ကြရင် သတ္တဝါတို့ကံပဲ သူတို့သဘောပဲလို့ချရတော့မှာပဲ၊ တရားနာပရိသတ်တို့ ရေ ဒါနသီလဘာဝနာတရား အသင့်ရှိနေပါလျက် မလှူကြ မကျင့်ကြ အားမထုတ်ကြရင်ဖြင့် ကုသိုလ်ကောင်းမှုအပြစ်မဟုတ်ပဲ မလှူကြ မကျင့် ကြ အားမထုတ်ကြသောသူတို့ တတွေ့ရဲ့ အပြစ်လို့ဆိုရမှာပဲ၊ ဒါကြောင့် ပရမတ္ထသရုပကျမ်းမှာ ဝိသုဒ္ဓါရုံဆရာတော်က....

မစင်လှူးလျှင် အေးကြည်လင်သည့် ရေစင်ရှိလျက် မဆေးရက်၊

ကန်ထွက်မရှိလေလို့ မိန့်တော်မူပါတယ်။

စောစောကဟောခဲ့တာ မှတ်မိကြပါသေးရဲ့လား မေ့သွားပီလား၊ လုပ်ရမဲ့ကုသိုလ် မပြုပဲနေကြရင် အပြစ်ရှိတယ်ဆိုတဲ့ စကားလေးလေ၊ ပုထုဇဉ်တွေ ဆိုတာမျိုးက အပါယ်နဲ့အဆက်အသွယ် မပြတ်သေးပဲနဲ့ စိတ်ချလက်ချ ပျော်ပါးနေရန်မသင့်တော့ပါ၊ အရိယာသောတာပန် မဟုတ်သေးသရွေ့ နေဝသညာနာသညာယတနဘုံက ဗြဟ္မာကြီးတွေ ဖြစ်နေပါစေ ဂတိမမြဲသေးတဲ့ ပုထုဇဉ်ဗြဟ္မာဖြစ်နေပါက အပါယ် မှောက် အခစားရောက်ရအုန်းမှာ ကေန်မလွဲအမှန်ပဲ။

ဒါကြောင့် ကုသိုလ်တရားဆိုတာကို မျက်ချေမပြတ်စေကာ အလစ်မပေးကြပါနဲ့လို့ တိုက်တွန်းသတိပေးလိုက်ပါတယ်။

အလှူဆိုရင်ကိုယ်စားဘို့မှ မကျန်ကျန် သိကြားမင်းမိုးပေါ်ကပင် ဆင်းတားစေတော့ အလှူရပ်သွားလိမ့်မယ် မအောက်မေ့ပါနဲ့ မိမိမရှိရှိတာလှူရမှာပဲဆိုတဲ့ စေတနာစိတ်ထားနဲ့ သဒ္ဓါအားမတွန့်တို ရက်ရက်ရောရော ရဲရဲတောက်လှူတယ်ဆိုတဲ့ ဝတ္ထုတပုဒ်ကို စတုက္ကနိပါတ်ကောကိလဝဂ်မှ ထုတ်နုတ်၍ တိုတိုတုတ်တုတ် ဟောပြပါအုန်းမယ်။

## ဝိသယှသူဌေးဝတ္ထု

ဝိသယှသူဌေးဆိုတာက တခြားမဟုတ်ပါဘူး၊ ဗာရာဏသီပြည်ကသူဌေး ဒို့ဘုရားအလောင်းတော်ကြီးပဲဖြစ်ပါတယ်၊ ငါးပါးသီလပြည့်စုံလုံခြုံရုံမက အလှူပေးခြင်းစတဲ့ ဒါနစိတ်ရှိတဲ့အပြင် အလှူပေးနေရရင်စိတ်ပျော် လက်ပျော်ရှိနေပါတယ်၊ (မလှူရရင် ခေါင်းကိုက်နေတယ်ဆိုတာလိုပေါ့) ဒါကြောင့်လဲ မြို့တံခါးလေးပေါက်မှာ မဏ္ဍပ်လေးခုမြို့လယ်မှာတခု၊ အိမ်ရှေ့မှာတခု အားလုံးမဏ္ဍပ်ပေါင်း ခြောက်ခုဆောက်လုပ်ပြီး အယုတ်အလတ်အမြတ်မရွေး တနေ့တနေ့ ခြောက်သိန်းခြောက်သိန်း အကုန်အကျခံ ဇမ္ဗူဒိပ်တကျွန်းလုံး မီးခိုးတိတ်မျှမစွေ့ရဲစိတ် ဆို့ပိတ်မရှိ ပကတိဖြူစင်တဲ့စိတ်နဲ့ အားရပါးရကြီးလှူနေပါတယ်။

ဝိသယှသူဌေးကြီးရဲ့ ဒါနအဟုန်ကြောင့် သိကြားမင်းနေထိုင်ရာပဏ္ဍုကမ္ဗလာ မြကျောက်ဖြာကြီးဟာ အလိုလိုနေရင်း တင်းမာပူပြင်းလာတာ တွေ့ရတဲ့အတွက် အဘယ်သူသည်ငါ့ကို နေရာမှရွှေ့လျောစေသနည်း၊ နားရှင်းအောင်ဟောရရင် ငါ့ကိုမည်သူက သိကြားမင်းရာထူးက ချပစ်မလို့ပါလိမ့်မလဲဆိုတဲ့ သဘောနဲ့ စုံစမ်းကြည့်လိုက်တဲ့အခါ ဗာရာဏသီပြည်မှာ အကြီးအကျယ်အလှူပေးနေတဲ့ ဝိသယှသူဌေးဟာ ဒီလောက်လှူပုံထောက်တော့ သိကြားမင်းဖြစ်ချင်လို့ လှူနေ

ဟန်တူတယ်၊ ဒီတော့သူ့ပစ္စည်းတွေပျက်စီးပြီး ဆင်းရဲအောင်လုပ်ပစ်လိုက်မှဖြစ်မယ် ဆင်းရဲသွားရင် သူဌေးမလှူနိုင်တော့ဘူး၊ (မလှူနိုင်လို့ကောင်းမှုမရှိရင် သိကြားမင်းမဖြစ်နိုင်ဘူးဟု သိကြားမင်းအတွေးခေါင်ခေါင်နဲ့ တွေးထင်ပါရှဲ)

ဟိုရာဇဝင်ထဲကလို မင်းနန်းစုတ်ကို ငါဘာလုပ်ဘို့လဲဆိုတဲ့ (ဘိုးတော်ဦးဝိုင်းကို ဘိုးဘိုးအောင်ပြောသလိုဖြစ်နေပြီ)

ဘုရားအလောင်းတော် ဝိသယှသူဌေးက သိကြားမင်းစည်းစိမ်မီးရှိန်အောင့်မေ့လို့ လှည့်တောင်ကြည့်မှာမဟုတ်ဘူး ဟုတ်ပလားပရိသတ်၊ မိမိဘုံဗိမာန်အဆောက်အဦးလေး သူများဖျက်မှာစိုးတဲ့သဘောလေးပေါ့။

သွားပြီ သူဌေးရဲ့ဥစ္စာစပါး ဆီပျားစတဲ့ပစ္စည်းတွေ ဝေယျာဝစ္စဆောင်ရွက်လုပ်ကိုင်ကြတဲ့ အလုပ်သမားတွေ ကွယ်ပစ်မှကြံပြီး ကွယ်ပစ်လိုက်ပါတယ်၊ ကွယ်ပစ်တယ်ဆိုတာ (ရှိရက်သားနဲ့ မမြင်ရအောင်ဖွက်ထားလိုက်တာပါပဲ)

အဲဒီလို ကွယ်ထားလိုက်တယ်ဆိုရင်ပဲဘာပစ္စည်းကိုမှမမြင်ရ အလုပ်သမားတွေလဲ မတွေ့ရ ဥစ္စာပစ္စည်းတွေ ဖျောက်ထားလိုက်တာအလှူမဏ္ဍပ်မှာလဲ လှူစရာပစ္စည်းဘာမှမရှိကြောင်း ပြောလာ တအိမ်လုံးလိုက်ရှာရုံတင်မက ရတနာခုနစ်ပါးထားတဲ့တိုက်ခတွေမှာလဲ ဘာပစ္စည်းရတနာ ရွှေငွေတွေကိုမှ မတွေ့ရတော့ပါဘူးတဲ့၊ အလှူတောင် အခြေအနေအရ ရပ်ထားရတော့မလိုလို ဖြစ်နေပါတယ်၊ ပဲဝက်မှ မတွေ့ရဘူးတဲ့။

သူဌေးကတော်ကြီးမှာလဲ တအိမ်လုံးမူးနေအောင်ရှာတော့မှတံခါးကြားမှာ တံဇင်တချောင်း တံပိုးတချောင်း မြက်စည်းကြိုးတချောင်းတွေ့ရတဲ့အတွက် မြက်ရိတ်ရောင်းစားရတဲ့ဘဝ ရောက်သွားသတဲ့၊ မြက်တထုံးပဲဝက်၊မြက်နှစ်ထုံးတပဲ ရတဲ့အတွက်တဝက်ကိုလှူ၊ တဝက်ကိုတော့သူတို့သူဌေးကျလင်မယား စားမယ်ကြံပေမဲ့ အလှူခံတွေက များနေ့

လေတော့ ဟိုလူကပေးပါအုန်း ဒီလူကပေးပါအုန်းနဲ့ သူတို့လင်မယား စားဘို့ထားတဲ့ ပဲဝက်ကလေးတောင် ပါသွားရောဆိုပဲ။

ဘုရားလောင်း ဝိသယှသူဌေးကြီးရဲ့ ခိုင်မာတဲ့စိတ်ဓါတ် မတုန့်တိုတဲ့ သဒ္ဓါ မွန်မြတ်တဲ့စေတနာရှိနေသဖြင့်လဲ ခြောက်ရက်လုံးလုံး ထမင်း မစားရပဲ မြက်ရောင်းရသမျှ လင်မယားနှစ်ယောက်မစားပဲ အကုန်လှူ နေပါတယ်၊ တမူးရလို့ တပဲလှူတောင်မဟုတ်ဘူး၊ တပဲရလို့ပဲဝက်လှူ ဖြစ်နေတာ တရားနာပရိသတ် အကြားအသိအမြင်ပဲ မဟုတ်လား။

သတ္တဝါဆိုတာမျိုးဟာ (သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ) ဆိုတဲ့ အတိုင်း အာဟာရကို မှီဝဲစားသုံးရမှ အသက်ရှင်နေနိုင်တာ ဖြစ်လေ တော့ ခုနစ်ရက်ပြည့်တဲ့မနက် ရောက်လာတယ်ဆိုရင်ပဲ ခါတိုင်းနေ့တွေ ကလို မြက်ထုံးရိတ်ပီး ထမ်းလာပါတယ်၊ ဒါပေမဲ့ ထမင်းမစားရတာနဲ့ အားအင်ကုန်ခန်း နွမ်းနယ်နေတာနှင့်အမျှ မိမိမြက်ထမ်း မိမိမနိုင် တော့ဘဲ ဘုံးဘုံးလဲရောဆိုပါတော့။

အဲဒီအချိန်မှာ အခွင့်ကောင်း ချောင်းမြောင်း ကြည့်ရှုနေတဲ့ သိကြားမင်းဟာ သူ့အကွက်ဝင်လာတဲ့ ဘုရားလောင်း ဝိသယှသူဌေး ကြီးကို အပိုင်ထုတော့တာပေါ့၊ မလှုဘို့တားမြစ်တာ နားထောင်ကြ–

ဝိသယှသူဌေးမင်း....သင်ဟာ အလှူဒါနလုပ်အားကြီးလွန်းလို့ သင့် မှာရှိတဲ့ပစ္စည်းတွေ ကုန်လှုပီ ဒီလိုသာမလှူရင် ကုန်မှာမဟုတ်ဘူး....လို့ ပိတ်ပင်ပါတယ်၊ ဒီစကား ဘုရားလောင်းဝိသယှသူဌေး မမြော်လင့်ပဲ ကြားလိုက်ရတော့–

သင်ဘယ်သူလဲ....လို့ ဘုရားလောင်းရဲ့အမေးကို–

သိကြားမင်းက ကျုပ်သိကြားမင်း.... ဖြစ်တယ်လို့ ပြန်ဖြေလိုက် ပါတယ်။

ဘုရားလောင်းဝိသယှသူဌေးကြီးက နို့နေစမ်းပါအုံး သိကြားမင်း ဆိုတာ ကိုယ်တိုင် ဒါန, သီလ စတဲ့ ကုသိုလ်ကောင်းမှု ကျင့်ဝတ်

ခုနစ်ပါးတို့ကို ဖြည့်ကျင့်ပြီးမှ သိကြားမင်းဖြစ်နေပါလျက် မိမိဟာ မိမိ လွတ်လွတ်လပ်လပ် ပြုလုပ်လှူဒါန်းနေတဲ့ ကုသိုလ်ကောင်းမှုကို သင် သိကြားမင်း တားမြစ်ပိတ်ပင်ရက်လေစွ၊ မလွန်လွန်းဘူးလား။

ဘာလဲ.... သင်က ယုတ်မာတဲ့အမှုကို ပြုတာလား၊ စင်ကြယ်တဲ့ အကျင့်ရှိတဲ့သူဟာ အလွန်ဆင်းရဲနေစေကာမူ အလွန်ယုတ်မာလှတဲ့ အလှူမပေးခြင်းဆိုတဲ့ အပြုအမူမျိုး မပြုရဘူးလို့ ဘုရားအစရှိသော အရိယာသူတော်ကောင်းကြီးတွေ ဟောကြားတော်မူဘယ်။

ဒါကြောင့် အလှူဝတ္ထုမရှိရင်သာ နေရမယ်၊ တကယ်လို့အလှူဝတ္ထု ရှိနေရင်တော့ လှူနေရမှာပဲ အခုလိုပစ္စည်းဥစ္စာတွေ ပျောက်ဆုံးကုန်လို့ မြက်ရိတ်စားနေရပေမဲ့ လှူရအုန်းမှာပဲ၊ အလှူအတန်းကိုတော့ ဘယ် နည်းနဲ့မှ ရပ်တန့်ပြီး မလှူဘဲမနေနိုင်ဘူး၊ မေ့နေလို့လဲ မဖြစ်နိုင်ဘူးလို့ ဘုရားလောင်း ဝိသယှသူဌေးကြီးက ဒီလောကပဲသဒ္ဓါတရား လက်ကိုင် ထားဘယ်ဆိုတဲ့အကြောင်း ပြောပြလိုက်ပါတယ်၊ မှတ်ထားကြ တရား နာပရိသတ်၊ သဒ္ဓါတရားအစစ်ရှိတဲ့သူများဟာ လှူဒါန်းလို့ပဲ မဝနိုင် မရောင့်ရဲနိုင် မတင်းတိမ်နိုင်၊ 'သဒ္ဓေါ ဒါနံ န တပ္ပတိ' လို့ အဋ္ဌကထာ တို့မှာ ဖွင့်ပြပါတယ်။

အခုဝတ္ထုပါ ဘုရားအလောင်းတော်ကြီး ဝိသယှသူဌေးမင်းကြီး ဟာ သဒ္ဓါတရား အစစ်အမှန်ရှိလို့ပဲဖြစ်ပါဘယ်၊ (အလှူရေစက် လက်နဲ့မကွာ) ဆိုဟာလို ပေါ့နော်။

ဒါနဲ့ပဲ သိကြားမင်းလဲ ဘယ်လိုမှပြောမရတဲ့နောက်ဆုံး—

အသင်သူဌေး....ဥစ္စာတွေကုန်ခန်းနေတာတောင် အနားမယူ လက် မလျှော့သေးပဲ ဘယ်အကျိုးများမျှော်ကိုးလို့လားတောင့်တလို့ အခုလို ရက်ရက်ရောရော လှူဒါန်းနေတာလဲလို့ မေးလိုက်ပါတယ်။

ဘုရားလောင်း ဝိသယှသူဌေးဖြေတာက သေသေချာချာမှတ်၊ သိကြားမင်းဖြစ်ချင်လို့ ဗြဟ္မာမင်းဖြစ်ချင်လွန်းလို့ လိုလားတောင့်တပြီး

လှူတာမဟုတ် သဗ္ဗညုတ ဘုရားရှင်အဖြစ်ကိုသာ တောင့်တလိုလား၍ ငါလှူတယ်လို့ ပြန်ပြောလိုက်ပါတယ်။

ကိုင်း....မပြတ်သားဘူးလား ဘုရားလောင်းဖြေလိုက်တာ လူမင်း, နတ်မင်း, ဗြဟ္မာမင်းဖြစ်ချင်လို့ မဟုတ်ပါဘူး၊ သဗ္ဗညုတဉာဏ်တော်ကို ရချင်လို့ တောင့်တပြီးလှူတယ်တဲ့။

သိကြားမင်းလဲ သူထင်ထားတဲ့စကား မကြားရပဲ မမြှော်လင့်တဲ့ စကား ကြားလိုက်ရတော့ အလွန်တရာ နှစ်သက်ဝမ်းမြောက်သွားပြီး ဘုရားလောင်း ဝိသယှသူဌေးကြီး၏ ကျောက်ကုန်းကို လက်နဲ့ပွတ်လိုက် တာနဲ့တပြိုင်နက် မစားရလို့ပိန်ချုံးနေတဲ့ ဘုရားလောင်း၏ အသား အရေများမှာလဲ ပြည့်ပြည့်ဖြိုးဖြိုး စိုစိုပြေပြေ သိကြားမင်း၏ အာနု ဘော်ကြောင့် မူလပကတိအတိုင်း ချက်ခြင်းပြန်ဖြစ်သွားပါတယ်။

သိကြားမင်းက သူဌေးကြီး– သင်ဟာ ဒီနေ့ကစပြီး အခါတိုင်း နေ့စဉ်လှူနေကျ ခြောက်သိန်းထက် တဆတိုးလို့ (တသန်းနှစ်သိန်း) သော ဥစ္စာတို့ကို အားရပါးရ လှူပေတော့ဟု ပြောတဲ့အပြင် သူဌေး ကြီး၏အိမ်မှာလဲ မရေမတွက်နိုင်လောက်အောင် များပြားလှတဲ့ပစ္စည်း ဥစ္စာတွေကိုပေးပြီး သူဌေးကြီးကို ပြန်လွှတ်လိုက်ပါတော့တယ်။

ဒီတရားတော်ကို ခြုံကြည့်လိုက်တဲ့အခါ ပစ္စည်းရှိတာ မရှိတာ ပမာနမဟုတ် သဒ္ဓါတရားရှိတာသာ လိုရင်းဖြစ်တယ်ဆိုတာ တွေ့ရ ပါတယ်။

ဒါကြောင့်လဲ သဒ္ဓါတရားမရှိရင် ဒါနလဲပြုလုပ်လို့မရ သီလလဲ ဆောက်တည်လို့မရ ဘာဝနာတရားလဲ ပွားများအားထုတ်လို့မရနိုင်ပါ၊ ဒါဖြင့် ဒါန သီလ ဘာဝနာတရား အားလုံးမှာ သဒ္ဓါတရားလက်ကိုင် ရှိမှ ဖြစ်မြောက်အောင်မြင်နိုင်တယ် ဆိုတာတော့ သဒ္ဓါတရားဘယ် မျှလောက် အရေးကြီးလိုအပ်တယ်ဆိုတာ သဘောပေါက်ကြတရားနာ ပရိသတ်။

သဒ္ဒေါ၊ လောကုတ္တရာအနှစ် သဒ္ဓါတရားအစစ်ရှိသောသူသည်။ ဒါန်၊ ပေးကမ်းလှူဒါန်းစွန့်ကြဲခြင်းဆိုတဲ့ အလှူကို။ န တပ္ပတိ၊ ပေးကမ်းလှူဒါန်းစွန့်ကြဲ၍ပဲ မရောင့်ရဲမတင်းတိမ်နိုင်ဆိုတဲ့အတိုင်း သဒ္ဓါတရားရှိတဲ့သူများဟာ လှူဒါန်းလို့မရောင့်ရဲ မတင်းတိမ်နိုင်ပဲ လှူပီးရင်းလှူချင်ရင်းဆိုပါလား။

ကိုင်း–ဒါဖြင့် ဘုရားအလောင်းတော် ဝိသယှသူဌေးကြီးရဲ့ အလှူဒါနနဲ့စေတနာသဒ္ဓါတရားရှိပုံကို အတုယူကြပီး မရှိသေးတဲ့စေတနာသဒ္ဓါတရား ရှိလာအောင် ရှိပီးတဲ့ စေဟနာ သဒ္ဓါတရား အကြိတ်အခဲတွေ အမြဲတည်ရှိနေအောင် ထားရှိ၍ ဒါနတရားကို လှူဒါန်းပေးကမ်း စွန့်ကြဲကြ သီလတရားကို လုံခြုံပြုစင်အောင် ကျင့်ကြံကျိုးကုတ် အားထုတ်ကြ၊ သမထဘာဝနာ ဝိပဿနာဘာဝနာကို အထွတ် အထိပ် ရောက်အောင် မလျှော့သော ဇွဲလုံ့လဖြင့်ပွားများအားထုတ်ကြပါလို့ တိုက်တွန်းရင်း ဤသည်ကား သုတ္တန်ဒေသနာ အဘိဓမ္မာဒေသနာတော်မြတ်သည်ကား ကုသလာဓမ္မာ, အကုသလာဓမ္မာ, အဗျာကတာဓမ္မာဟု ဓမ္မသင်္ဂဏီပါဠိတော်မှာ ဟောတော်မူပါတယ်။

ဒီနေရာမှာ ပစ္စည်းရှိတာ မရှိတာလိုရင်းမဟုတ်၊ စေတနာသဒ္ဓါရှိတာ မရှိတာ လိုရင်းဆိုတာ လယ်ပြင်မှာဆင်သွားသလို ထင်ရှားပေါ်လွင်လှပါပီ တရားနာပရိသတ် သဘောပေါက်နေပါစေ၊ (နောက်ကဟောခဲ့တဲ့ မစ္ဆရိယသူဌေးနဲ့ ဝိသယှသူဌေးနှစ်ဦးတို့ရဲ့ စေတနာသဒ္ဓါကွဲပြားပုံကို ခွဲခြားသိစေလိုပါတယ်။

ဒါဖြင့်ပစ္စည်းဌေးတာ, မရှိတာ ပဓါနမဟုတ်၊ အလှူပေးချင်တာ မပေးချင်တာသာ လိုရင်းမူလ၊ ပစ္စည်းမဲ့တာ မမဲ့တာ လိုရင်းမဟုတ် မပြောလို အလှူရဲတာ မရဲတာသာ လိုရင်းမူလ။

ဒီလိုမဟုတ်လား တရားနာပရိသတ်၊ ကိုင်း–ဝိသယှဇာတ်တော် ပေါင်းလိုက်တော့ ထိုအခါ သူဌေးမယားဟာ အခုအခါ ရာဟုလာ့ မယ်တော် ယသော်ဒယာ။

ထိုအခါ ဝိသယှသူဌေးကြီးဟာ အခုအခါ ငါဘုရားဖြစ်ဘူးပြီဟု ဇာတ်တော်ကို ပေါင်းတော်မူပါတယ်။

## ဇနီးမောင်နှံ အနာဂါမ် တရားတော်

သဗ္ဗသော နာမရူပသ္မိံ၊ ယဿ နတ္ထိ မမာယိတံ။
အသတာ စ န သောစတိ၊ သဝေ ဘိက္ခူတိ ဝုစ္စတိ။

ယဿ၊ အကြင်သူအား။ သဗ္ဗသော သဗ္ဗသ္မိံပိ၊ အလုံးစုံလည်း ဖြစ်သော။ နာမရူပသ္မိံ၊ ရုပ်နာမ်နှစ်ပါး၌။ မမာယိတံ၊ ငါ့,ငါ၏ဥစ္စာ ဟုစွဲလမ်းမြတ်နိုးခြင်းသည်။ နတ္ထိ၊ မရှိ။ အသတာစ၊ ရုပ်နာမ်နှစ်ဖော် ပျက်စီးသော်လည်း။ န သောစတိ၊ ပူဆွေးညှိုးမှိန် မစိုးရိမ်။ သသော၊ ရုပ်နာမ်နှစ်ဖြာ၌ တွယ်တာနှစ်သက်ခြင်း စိုးရိမ်ပူဆွေးခြင်း မရှိသော ထိုသူကို။ ဝေ၊ ကေန်စစ်စစ်။ ဘိက္ခူတိ၊ သံသရာဘေးကြီးကို ရှုတတ် သောသူဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုအပ်လေတော့သတည်း။

(ဓမ္မပဒပါဠိတော်)

ဒေသနာတော်မြတ်ကြီးကို မြတ်စွာဘုရားသခင်သည် သာဝတ္ထိ ပြည်မှန် ဇေတဝန်ရွှေကျောင်းတော်၌ ကိန်းအောင်းမွေ့လျော် စံပျော်တော်မူတဲ့အခါ ပဉ္စဂ္ဂဒါယက လင်မယား နှစ်ယောက်ကို အကြောင်းပြု၍ ဟောကြားတော်မူရပါသည်။

ပဉ္စဂ္ဂဒါယကလင်မယားဆိုတာက အခြားမဟုတ်ပဲ ဟိုကဿပ ဘုရားသခင် ရွှေလက်ထက်တော်အခါတုန်းက ရုပ်တရား နာမ်တရား

ကဲ့ပြားအောင် ခွဲခြားပြီး သေချာဂဏ နေရာကျအောင် နာခဲ့ဘူးကြတဲ့ ပုဏ္ဏားလင်မယားပဲ ဖြစ်ပါတယ်။

သူတော်ကောင်းတရား နာခံမှတ်သားလေ့လာ၍ သေသွားသူမှာ ယခု ဘဝမဂ်, ဖိုလ်, နိဗ္ဗာန် မရစေကာမူ ဒုတိယဘဝ နတ်ပြည် ရောက်သွားတဲ့အခါ နတ်ပြည်မှာရှိနှင့်နေကြတဲ့ အရိယာနတ်သား နတ်သမီးတွေက တရားဟောတဲ့အခါ လူ့ပြည်မှာလေ့လာသင်ကြား ဘူးသူမှသာ ထိုအရိယာ တို့ဟောပြောသောစကား တရား နားလည် ပါတယ်၊ ဥပမာ စည်သံ မောင်းသံ ကြားဘူးသူများမှသာ–အသံကို ကြားလျှင်ကြားခြင်း ဒီအသံဟာ စည်သံမောင်းသံပဲဆိုတာ သိသ ကဲ့သို့ ဖြစ်ပါတယ်၊ အနန္တရဘဝကမှတ်သား လေ့လာသင်ကြားဘူး သည်ကို ဒုတိယဘဝ၌ပြောပြရင် အကုန်အစင် နားလည်သဘော ပေါက်၍ မဂ်ဖိုလ်ရနိုင်ပါတယ်လို့ မိန့်ဆိုပါတယ်။

အေး အခုလဲ တရားပွဲ တအားခဲလာခဲ့ကြတဲ့ တရားနာပရိသတ် အားလုံး အင်မတန် ကြားရခဲ နာရခဲတယ်ဆိုတဲ့တရားတော်မြတ်ကြီးကို အခါအခွင့်ကြုံလို့ အသင့်လာဆုံရပေတယ်။

ဒီတော့ တလုံးပဲမှတ်မိမှတ်မိ နှစ်လုံးပဲ မှတ်မိမှတ်မိ အနာထပိဏ် သား မောင်ကာလ တရားနာသလို ဒီတလုံးတော့မမေ့သွားပြန်ပီ ဟိုရှေ့ နားက တလုံးဆက်မှတ်လိုက်ရဦးအံ့ အဲဒီတလုံးပဲ မှတ်မိစေဇတော့လို့ နှလုံးပိုက် နားစိုက်နာကြားကြပါဆိုတာ ဓမ္မာသနပလ္လင်ပေါ်ကနေ မကြာခဏ တိုက်တွန်းနေရပါတယ်။

ဘုရားတရားတော်ဆိုတာကလဲ ဘုရားအစရှိတဲ့ သူတော်ကောင်း များ ဟောကြားတော်မူပေတဲ့ သတ္တဝါတွေက အပါယ်လေးပါး ရောက်နေကြရင် ဒါမှမဟုတ် ရပ်ပြစ်ရှစ်ပါးမှာဖြစ်နေကြရင် မျက်စိ နားအစရှိတဲ့ အင်္ဂါကြီးငယ်တို့ ချို့တဲ့ပျက်စီးနေကြရင် အလွန်တရာ တရားတော်ကို နာကြားရခဲပါတယ်။

ဒါကြောင့် မျက်စိနားနှာ အစရှိတဲ့ အင်္ဂါကြီးငယ်တို့နှင့် ပြည့်စုံနေခြင်း သဒ္ဓါတရားနှင့်လဲ ပြည့်စုံနေခြင်း ဘုရားသာသနာတော်မြတ်ကြီးနှင့်လဲ ကြုံကြိုက်နေခြင်း စုံတဲ့အကြောင်းအမျိုးမျိုးနှင့် ပြည့်စုံကုန်သောသူတို့သည်လဲ မမေ့မလျော့ ရှိသေစွာ တရားတော်ကိုနာအပ်ကုန်သည်သာဖြစ်တယ်လို့ ဘုရားဟောတော်မူပါသယ်။

အခုလိုမိမေးတိုင်း ဘမေးတိုင်း အမူအရာမဟုတ်တော့ပဲ ဂါရဝတရား နိဝါတ ထားပြီး လက်အုပ်ချီမိုး ရှိခိုးနေတာကို အဥ္စလီ ကမ္မလို့ခေါ်တာပေါ့၊ ကိုင်းစကားထားလို့ တရားစကြစို့ အနုဟောမဲ့တရားကတရားလဲဖြစ် အတုယူဖို့လဲကောင်း မှတ်သားစရာ သခ်ဏ်းစာလဲပါဗဟုသုတလဲရ နောက်ပြီး သောတာပန်အင်္ဂါလေးပါးမှာလဲသဒ္ဓမ္မသဝန-သူတော်ကောင်းတရား နာကြားရမယ်လို့ မိန့်တော်မူပါတယ်၊ ဒါကြောင့် ခဏကလေးသဘောနဲ့ အစကလေးက ထားပစ်ခဲ့တာ ပြန်ဆက်ဟောမယ်....

အဥ္စဂုပုဏ္ဏားလင်မယားဆိုတာက ဟိုကဿပဘုရားရှင်လက်ထက်တော်အခါတုန်းက ရုပ်တရား နာမ်တရား ကွဲပြားအောင် ခွဲခြားပြီး သေချာဂဏ နေရာကျအောင် နာခဲ့ကြဘူးလို့ အာသေဝန-အထုံရခဲ့ကြတဲ့ ပုဏ္ဏားလင်မယားဟာ ဒို့တရားနာပရိသတ်တွေရဲ့ ဂေါတမဘုရားတင်ရှားပွင့်လာသောအခါ သာဝတ္ထိပြည်မှာ ပစ္စည်းချမ်းသာတဲ့သူဌေးလင်မယားဖြစ်လာကြပါတယ်၊ ဟိုဘတုန်းကလဲ လင်မယား အခုဘဝမှာလဲ လင်မယား။

ပုဏ္ဏားကြီးနာမယ်ကတော့ ပဥ္စဂုပုဏ္ဏားလို့ ခေါ်ကြပြီး ပုဏ္ဏေးမနာမယ်ကိုတော့ ဒေသနာမှာ အသေအချာမပါပါဘူး၊ ဒါကြောင့်မယ်ပုဏ္ဏေးမလို့ပဲ ခတ်လွယ်လွယ်မှတ်ထားကြ။

ဘာပြုလို့ ပဥ္စဂုပုဏ္ဏားလို့ ခေါ်ပါသလဲဆိုတော့ ဦးဦးဖျားဖျားငါးမျိုးကို ပေးလှူလေ့ရှိလို့တဲ့ (ရှင်ဥ္စသညာမဟုတ် အန္တတ္ထသညာနဲ့မှည့်ထားတဲ့နာမယ်၊ အစိပ္ပါယ်မဲ့မှည့်ထားတာမဟုတ် အဓိပ္ပါယ်ပြည့်

မှည့်ထားတာ၊ အခုခေတ်လို အစိပ်ပါယ်မဲ့ခေါ်ကောင်းအောင် မှည့်ထားကြတာမျိုး မဟုတ်ဘူး၊ အခုတော့ - မခင်အေးမူသက်ထားကေ ခိုင်ဦး အမယ်လေး သူ့နာမယ်ခေါ်ရတာ မောရောဟ ထားလိုက်ပါတော့လေ။

ဒါဖြင့် အဦးငါးမျိုးကိုပေးလှူလေ့ရှိလို့ ပဉ္စဂ္ဂပဏ္ဏားတဲ့–

အဦးငါးမျိုးဆိုတာတွေက....

(၁) မိုးဦးကျလယ်လုပ်တော့မယ်ကြံတော့ တခါလှူတယ်။

(၂) စပါးနယ်ဘို့တလင်းခုတ်တော့ တခါလှူတယ်။

(၃) နယ်တော့မယ်ကြံတော့ တခါလှူတယ်။

(၄) ထမင်းချက်တော့မယ်ကြံတော့လဲ တခါလှူပြန်တယ်။

(၅) ထမင်းစားမယ်ကြံတော့လဲ စားဦးစားဖျား တကြိမ်လှူပြန်တယ်။

အဲဒီငါးမျိုးကို ဦးဦးဖျားဖျား လှူလေ့ရှိလို့ ပဉ္စဂ္ဂပဏ္ဏားလို့ အများကခေါ်ကြတာပေါ့၊ အတုိုးဘို့ကောင်းတယ်၊ အတုိုးထားကြ တရားနာပရိသတ်၊ ဦးဦးဖျားဖျား လှူလေ့ရှိတော့လဲ ဘုရားနဲ့ တွေ့ရဖူးရ တရားနာရတာသည်ပင်လျှင် သူများအရင် တွေ့ရဖူးရ အရိယာဖြစ်ရတယ်တဲ့

နောက် - ဒီဘုရားလက်ထက် ပထမဦးဆုံး သောတာပန်ဖြစ်သွားတဲ့ ကောဏ္ဍည မထေရ်ဟာလဲ ကောက်ဦးကိုးကြိမ် လှူခဲ့တဲ့ ကုသိုလ်ပေါ့။

ပဏ္ဏားလင်မယားက လောင်းလျာချင်းတော့တူသားပဲ ဒါပေမဲ့ စိတ်အစဉ်ချင်းကျတော့ မတူကြပါဘူး၊ ပဏ္ဏားကြီး သာဒါဖြင့်လို့ လှူချင်စိတ်ရှိပေမဲ့ ပဏ္ဏားမကြီးကျတော့ မစွေ့ရက်ဘဲ ဆို့ကပ်ဘိ၍ လှူချင်စိတ်မရှိ ဒါပေမဲ့ သံသရာထဲ ကူတူတွဲပြီး လင်မယား မပယ်နိုင်

ဖြစ်လာကြ၊ ကဿပဘုရား ရွှေလက်ထက်တော် အခါတုန်းကလဲ ရုပ်တရား နာမ်တရား ကွဲပြားအောင် ခွဲခြားပြီး သေချာဂဏာ နေရာကျအောင်နာခဲ့ကြရပေမဲ့(အကျိုးပေးခွင့်မရသေး၍) ခေတ္တခဏ မီးခဲပြာဖုံးဖြစ်နေပါတယ်။

စီးပွားအာရုံ ကာမဂုဏ်တွေနဲ့ ပျော်ပါးနေခိုက် အပါယ်ကျရမဲ့ ကံတွေ ရှိနေသလို အရိယာဖြစ်ရမဲ့ကံတွေလဲ ရှိနေကြတယ်လို့ မှတ်ထား ကြအုန်း။

မြတ်စွာဘုရားသခင်သည် တနေ့တာဆောင်ရွက်ချက်တို့တွင် ပစ္ဆိမ ယာမခေါ်တဲ့ နောက်ဆုံးယာမ် ဆောင်ရွက်ဘို့အချက်မှာ မဟာ ကရုဏာသမာပတ်မှ ထတော်မူ၍ ဂန္ဓကုဋီတိုက်တော်မှ စကြဝဠာ တံတိုင်းအထိ စကြဝဠာတံတိုင်းမှ ဂန္ဓကုဋီတိုက်တော်အထိ အပြန်ပြန် အလှန်လှန် ကျွတ်ထိုက်သောသတ္တဝါ ဝေနေယျတို့အား ရွှေဉာဏ် တော်ကွန်ယက်ဖြင့် ဖြန့်ကျက်စီချယ်၍-

သတ္တဝါတို့၏စိတ်ဓါတ် ကိန်းဝပ်ရာ အာသယနှင့် အနုသယကိလေ သာကို သိနိုင်တဲ့ အာသယာနုသယဉာဏ်တော်-

ဤသူကား မနက်ဖန်ကျွတ်လတ့ံ၊ ဤသူကား သဘက်ခါကျွတ် လတ့ံ စသည်ဖြင့် သိနိုင်တဲ့ ဣန္ဒြိယပရောပရိယတ္တိဉာဏ်တော် အဲဒီ ဉာဏ်တော်နှစ်ပါးနှင့် ကြည့်လိုက်တော့....

ဒို့ချောင်းထဲ မြောင်းထဲ ပိုက်ကွန်ပစ်ချလိုက်တဲ့အခါ ငါးရှိရင် တခါထဲ ပိုက်ကွန်ထဲ ဆတ်ကနဲဝင်တိုးသကဲ့သို့ တသောင်းသော စကြဝဠာ တိုက်အတွင်းမှာ ကျွတ်ထိုက်သော သတ္တဝါရှိလို့ရှိရင်လဲ ရွှေဉာဏ်တော် ကွန်ယက်အပြင် ဆတ်ကနဲ ဝင်တိုးတော့ဒါပါပဲ၊ အဲဒီလိုသာ ရွှေဉာဏ်တော်အပြင်မှာ ကျွတ်ထိုက်သော သတ္တဝါ ထင်တဲ့လျှင် ဝေးတယ် နီးတယ် သဘောမထားပဲ ယူဇနာ သိန်းသန်း ပင်ဝေးပါစေ ထိုသတ္တဝါရှိရာ ကြွသွားပြီး ဟောကြားဆုံးမ ချေချွတ် တော့တာပါပဲတဲ့၊ ဒါကြောင့်-

'သတ္ထာ ဒသသဟဿစက္ကဝါဠေ ဉာဏဇာလံ ပတ္ထရိတွာ လောကံ ဝေါလောကေသိ။'

သတ္ထာ၊ လူနတ်တို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ဒသသဟဿ စက္ကဝါဠေ၊ တစ်သောင်းသောစကြဝဠာတိုက်၌။ ဉာဏဇာလံ၊ အာသယာနုသယဉာဏ်, ဣန္ဒြိယပရောပရိယတ္တိ ဉာဏ်တော်ကွန်ယက်ကို။ ပတ္ထရိတွာ၊ အကုန်သိမ်းကျုံး၍ဖြန့်ဖုံး၍။ လောကံ၊ ဗြဟ္မာ လူ နတ် လောကဓါတ်ကို။ ဝေါလောကေသိ၊ စေ့စေ့ငုငု ကြည့်ရှုတော် မူလေတော့သတည်း။

ဗုဒ္ဓစက္ခုနှစ်ပါးဆိုတာ....

၁။ ဣန္ဒြိယပရောပရိယတ္တိ ဉာဏ်တော်ဆိုတာ၊ သတ္တဝါ တစ်ဦးတယောက်ဟာ ဒီနေ့ ဒါမှမဟုတ် မနက်ဖြန် ကျွတ်တမ်းဝင်မယ်လို့ သိမြင်နိုင်တဲ့ ဉာဏ်တော်ကိုခေါ်တယ်။

၂။ အာသယာနုသယဉာဏ်တော်ဆိုတာ အာသယနဲ့ အနုသယကိုလေသာကို သိမြင်နိုင်တဲ့ ဉာဏ်ကိုခေါ်ပါတယ်၊ ဒီဉာဏ်တော်နှစ်ပါးကို ဗုဒ္ဓစက္ခုနှစ်ပါးလို့ ခေါ်တာပါပဲ။

အင်း....အခုလဲ ကဿပဘုရားသခင် ရှေလက်ထက်တော် အခါတုန်းက ရုပ်တရား နာမ်တရား ကွဲပြားအောင် ခွဲခြားပြီး နားခဲ့ကြဘူးတယ်၊ ဒီရုပ်တရား နာမ်တရားနှင့်စပ်တဲ့ တရားဟောကြားရရင်ထော့ တရားနာရင်းဉာဏ်မြင်လင်းပြီးပဥ္စင်္ဂပုဏ္ဏားလင်မယားနှစ်ယောက်အနာဂါမ်ရောက်အံ့သောအားကြီးသော ဥပနိဿယကို ရွှေဉာဏ်တော်ကွန်ယက်အပြင်၌ မြင်တော်မူ၍ ပုဏ္ဏားလင်မယားအိမ်သို့ တပါးတည်း ဆွမ်းခံကြွတော်မူပါတယ်။

မဟာကရုဏာရှင်ဖြစ်တော်မူသော မြတ်စွာဘုရားက ကိုယ်တော်၏ သုခကို ပယ်တော်မူ၍ သတ္တဝါဝေနေယျအများ ချွေချွတ်တော်

၁၈ ဓာ၊၇၇ ကိုဋ္ဌ(က-၁၇)

မူရပါကယ်မဟုတ်လား (ကိုယ်တော်တပါးထဲ တခါတလေ သာဝက များနဲ့)

မြတ်စွာဘုရား ကြွတော်မူတဲ့အချိန်နဲ့ ပုဏ္ဏားလင်မယား ထမင်းစားနေတဲ့အချိန် တိုက်ဆိုင်ကြွတာကို ပုဏ္ဏားကြီးက တံခါးပေါက်ဘက်ကျောပေးလို့ ပုဏ္ဏေးမကြီးက တံခါးပေါက်ဘက် မျက်နှာမူလို့ လင်မယားနှစ်ယောက် ထမင်းထိုင်စားနေပါတယ်။

မြတ်စွာဘုရားသခင်လဲ ပုဏ္ဏားလင်မယား ထမင်းထိုင်စားနေတဲ့ တံခါးဝနား ဆွမ်းရပ်တော်မူနေလိုက်တာကို လင်ဘက် မျက်နှာမူ ထမင်းစားနေတဲ့ ပုဏ္ဏေးမကြီးက ပုဏ္ဏားကြီးအရင် မြင်လိုက်တော့....

အလို....ရော....တံခါးဝနားဆွမ်းရပ်နေတာ မြတ်စွာဘုရားပါလား ဘယ်လိုလုပ်ရပါ့မလဲ ပုဏ္ဏားကြီးမြင်ရင် ဒီစားလက်စစားပွဲမချီသွားပြီး မြတ်စွာဘုရားလောင်းလှူတော့မှာ အမှန်ပဲ ဒီလိုလောင်းလှူလိုက်ရင် ထမင်းတွေကုန်သွားရင် ငါပဲပြန်ချက်ရမှာ ငါပဲပင်ပန်းမှာ ချက်ရတာ ပင်ပန်းတာက အရေးမကြီးဘူး၊ စားလက်စ တပိုင်းတစနဲ့ ပြန်ချက်နေရရင်လဲ မကောင်းပါ ကုန်သွားမှာကတကြောင်း ရှိသေးတယ်၊ ဒီတော့ ငါဘယ်လိုလုပ်မလဲ အလိုလိုမှအလှူငါးမျိုး လှူလေ့ရှိနေတာ အလှူအတန်းက ဝါသနာပါဘိသနဲ့ အခုဆို မြတ်စွာဘုရားကလဲ အိမ်ရောက်နေ အသင့်ပုဏ္ဏားကြီးအဘို့တော့ ရေချိုးချင်တာနဲ့ရေတွင်းထဲ ကျနေအုန်းမှာ ကန်တော့ဆွမ်းပါဘုရားလို့ ခပ်ကျယ်ကျယ် မြတ်စွာဘုရား ကြားတော်မူအောင် ကန်တော့ဆွမ်း လောင်းလိုက်ရမှာကလဲ ထမင်းစားနေတဲ့သူ ယောကျ်ားပုဏ္ဏားကြီး ကြားသွားမှာစိုးရ....

အချိန်ကလဲမရတရမို့ အကျအနအကြံထုတ်ချိန်မရ သဒ္ဓါတရား လွန်ခေါင်းပါးတဲ့ ပုဏ္ဏေးမစိတ်ထဲက အကြံမရ အလုပ်ရှုတ်သွားပါတယ်၊ အင်းညာဏ်နီညာဏ်နက်တော့ ထွက်လာပြီ ဘာမှမပြောနဲ့ လပြည့်ဝန်းလက်ဝါးနဲ့ကာသလို ထမင်းစားနေတဲ့ပုဏ္ဏားရှေ့ အသာ

မတ်တတ်ထလျက် မြတ်စွာဘုရား ပုဏ္ဏားကြီးမမြင်အောင် ကွယ်သွားလိုက်ပါတယ်။

နောက်ပြီး မြတ်စွာဘုရား ကြွသွားလေမလားဆိုတဲ့ သဘောနဲ့ ဘုရားဘက် အသာအယာ မျက်နှက်ကလေးထောင့်ဘပ်ပြီး လှည့်ကြည့်လိုက်ပါတယ်၊ ရပ်တော်မူမြဲ ရပ်တော်မူနေသတဲ့၊ ဒါနဲ့ ပါးစပ်က ပြောတော့ ပုဏ္ဏားကြီးကြားမှာစိုးလို့ မျက်စလေးနဲ့ပြစ် တိုးတိုးလေး ကန်တော့ပါသေးရဲ့လို့ ကန်တော့လိုက်ပါတယ်၊ ဒါပေမဲ့ မြတ်စွာဘုရားသခင် ဒီအိမ်က ဆွမ်းမရရင်တော့ မပြန်ဘူးဆိုတဲ့ သဘော ဦးခေါင်းတော်ကို ခါရမ်းပြတော်မူပါတယ်၊ ပုဏ္ဏေးမဝမ်းထဲ ဇလုံပွ ဇလုံပွနဲ့ ရထားလုံးဝင်ရောက်မောင်းနေတာလောက် ပလောင်ဆန် တုန်လှုပ်နေမယ်ထင်ပါတယ်၊ ဘာပြုလို့လဲဆိုတော့ သူ့ယောကျ်ား ပုဏ္ဏားကြီးကလဲ မြင်မှာစိုး မြတ်စွာဘုရားသခင်ကလဲ မကြွဘူးဆိုတဲ့ သဘောနဲ့ ခေါင်းတော်ခါပြနေပြန်တော့ မလွယ်ဘူးဆိုတဲ့သဘောနဲ့ တုန်လှုပ်နေတာပဲဖြစ်ပါတယ်။

မကြာမီ စက္ကန့်ပိုင်းအတွင်း အနာဂါမ်ဖြစ်ရတော့မဲ့ အနာဂါမ် လောင်း မယ်ပုဏ္ဏေးက မြတ်စွာဘုရားမျက်စပြစ်လောင်းသတဲ့ အရပ် ကတို့ ကြည့်ကြပါအုန်း မြတ်စွာဘုရား သူကဘာမျှားအောက်မေ့ နေတယ်မသိ သူ့သူငယ်ချင်းများ အောက်မေ့နေသလား မသိဘူး၊ အဲဒီလို (ရောင်းသူဝယ်သူအသံတူ) သဘော ဦးခေါင်းတော်ခါရမ်းပြ နေတာ မြင်လိုက်ရတော့....

အလိုတော်ရေ....ခေါင်းတော်တောင် ရမ်းပြနေပြန်ပြီ ဘာသဘော ပါလိမ့် ပုဏ္ဏားကြီးမြင်တော့မှာပဲ ခက်လိုက်တာ ဘယ်လိုလုပ်ရပါ့–

အင်းဒီနေရာ-မန္တလေးနေခဲ့စဉ်က ဘဒ္ဒါတရားနဲ့ပတ်သတ်လို့ စာချ ဆရာတော်ပြောဘူးတဲ့ ပုံကလေးကို သွားသတိရမိပါတယ်။

## သဒ္ဓါခေတ် မတူတဲ့ ဇနီးမောင်နှံဝတ္ထု

တချိန်တုန်းက မန္တလေးမြို့တော်ကြီးမှာ သဒ္ဓါတရားကောင်းတဲ့ ယောကျ်ားတယောက်နှင့် သဒ္ဓါတရားမကောင်းတဲ့ မိန်းမတယောက် အသွင်မတူပေမဲ့ အိမ်သူဖြစ်နေကြသတဲ့။

ယောကျ်ားလုပ်သူက ကိုရင်တပါး အိမ်ဆွမ်းခံဝင်ရန်ပင့်ထား၊ မိန်းမကတော့ သူ့ယောကျ်ားကြောက်လို့ မချက်ချင်ချက်ရင် ကြိတ်မှိတ်ဆွမ်းချက်နေရပေမဲ့ ဒီကိုရင်ကလေး အိမ် ဆွမ်းခံမကြွအောင် ငါ ဘယ်လိုလုပ်ရပါ့မလဲဆိုတာကိုပဲ တနေ့တနေ့ အကြံထုတ်စဉ်းစားနေသတဲ့၊ တခါတခါလဲ သူ့ယောကျ်ားမကြားတကြား လူ့ကိုကြည့်ပါလား ပါးစပ်ကဘုရားဘုရား လက်ကကားယားကားယား သူ့မတော့ ကွမ်းအစ်တလုံးနဲ့ ညော့ခန်းမှာ တပြုံးပြုံး ငါ့မတော့ မီးဖိုချောင်ထဲမှာ ချွေးတလုံးလုံးလို့လဲ ပြောသေးတယ် ဒါကြောင့်လဲ ပြောကြတာပေါ့– ဒကာမကြည်ညိုမှ ဆိုစိုသတဲ့။

တနေ့တော့ ဒကာလုပ်သူက ကိစ္စတခုနဲ့ မြို့ထဲထွက်သွား– ဒကာမ တယောက်ထဲ အိမ်မှာထမင်းချက်ကြံရစ်ခဲ့တဲ့အချိန် ကိုရင်ကလေးကလဲ ဆွမ်းခံကြွအလာ ဒီနေ့တော့ ငါ့အကွက်ပဲ ဘာရမလဲဆိုပြီး ဒကာမက မီးဖိုချောင်ထဲ တရှုံ့ရှုံ့နဲ့ငိုနေတာပေါ့....

ညော့ခန်းကကိုရင်ကလေးက မနေနိုင်တော့လို့ ဒကာမကြီးဘာပြုလို့ ငိုနေရတာလဲလို့ မီးဖိုချောင်ထဲ လှမ်းမေးလိုက်ပါတယ်၊ အကွက်ရှာနေတဲ့ မအဝ့ါက ဘာပြုရမှာလဲ ကိုရင်လေးရဲ့ ကိုရင်လေးရဲ့ ဒကာကြီး သဘောကောင်းမလိုလိုနဲ့ သိတ်ဆိုးတာ အခုပဲ မပြောပလောက်တဲ့ အပြစ်ကလေးနဲ့တပည့်တော်မကို ငရုတ်ကျည်ပွေ့နဲ့ရိုက်ထွက်သွားတယ် ဟု ငိုသံပါပါနဲ့လျှောက်လိုက်ပါတယ်။

ကိုရင့်ဒကာကြီးကပေမဲ့ အပြောကပျားသကာ၊ သဘောက ခါးတမာ ဘူမထင်ရင်မထင်သလို ကိုရင်သောမိန်းမသော ဘာသော

ညာသော ရှာနရွေးနေတာမဟုတ်ဘူး မဲမဲမြင်ရာလှမ်းရိုက်တော့တာပဲ ကိုရင်လေးရေလို့ ချောက်လိုက်တော့....

ကိုရင်ကလေးကလဲ မဟုတ်မဟာ် ဒကာမလုပ်ဇာတ် အဟုတ်မှတ်ပြီး ဘုတ်မျှား ဟုတ်လေမလား ဟုတ်မှာပါပဲဆိုတဲ့ အတွေးနဲ့ ငေးပြီး အချောက်တိုက် မျက်စိပြူးသွားသတဲ့။

ဒကာမကလဲ အရှိန်နဲ့ဆက်လှိမ့်တော့တာပေါ့လေ ဟုတ်တယ်ကိုရင် လေးရေ– သူ့ပေါင်းရတာ သူ့အရိပ်အကဲဘဲကြည့်နေရတာ လွယ်တာ မဟုတ်ဘူး ဘာညာပေါ့၊ ကိုရင်လေးလဲဒကာမလှိမ့်တာ မခံနိုင်တော့ပဲ ယုံကြည်ပြီး ဖနောင့်နဲ့တင်ပါး တသားထဲကျသွားအောင် အိမ်ပေါ်က ဆင်းလစ်ပြေးတော့တာပဲတဲ့။

အပေါ်ကက ချောင်းမြောင်းကြည့်နေတဲ့ ဒကာမက အင်း....ငါ့ အကြံတော့ အောင်မြင်သွားပြီဆိုတဲ့သဘောနဲ့ မပွင့်တပွင့်ရီလိုက်သေး ဆိုကိုး၊ မကြာမီပဲ သူ့ယောကျ်ားပြန်လာ၊ ဟဲ့ကိုရင်လေးဒီနေ့ ဆွမ်းခံ ကြွလာသလားဟဲ့လို့ မေးလိုက်ပါတယ်၊ လာပါ့တော်– ရှင့်ကိုရင်က ကြံကြံဖန်ဖန် အလှူခံစရာရှားလွန်းလို့ ငရုတ်ကျည်ပွေ့မှ ရွေးအလှူခံရ သတဲ့ ဘာလုပ်ဘို့မှန်းမသိဘူး ကျမလဲအပိုမရှိတာနဲ့ မလှူတော့ဘူး ရှင်ရေ....

ပလီဉာဏ်နဲ့ သူ့ယောကျ်ား အတည်ကြံလိုက်ပြန်ပါတယ်၊ အော်– မင်းနှယ် ငရုတ်ကျည်ပွေ့ သစ်သားလုပ်ရတာ ဘိုးထိုက်အဘိုးတန် လိုက်လို့ ပေးစမ်းဆိုပြီး ကိုရင်လေးနောက်ကောက်ကောက်ပါလိုက်ရော ဆိုပါတော့–

ကိုရင်ကလေးက ခပ်လှမ်းလှမ်းမြင်တော့ အို–ကိုရင်လေး ရော့ရော့ ငရုတ်ကျည်ပွေ့ ခေါ်လဲခေါ် ငရုတ်ကျည်ပွေ့လဲထောင်ပြ ကိုရင် လေးက နောက်ကို သမင်လည်ပြန်ကြည့်လိုက်ရင်ပဲ ဆွမ်းခံအိမ်ကဒကာ ငရုတ်ကျည်ပွေ့ကိုင်ရိုက်ရအောင် လိုက်လာပြီအထင်နဲ့ ဟာ ...ဘယ်

ပြောကောင်းမလဲ ပြေးလိုက်တာ မူလပြေးနှုန်းထက် နှစ်ဆမြန်အောင် ပြေးသတဲ့၊ အမှန်က လူ့ရအောင်လိုက်တာ—

ဒကာမပြောတာက ကိုရင်သော ဘာသော အိမ်ကမိန်းမရော မထားဘူး မထင်ရင်မထင်သလို ရိုက်တယ်ဆိုတာ ကြားသိထားရတော့ ပြေးလေ-လိုက်လေ-ပြေးလေ ကျောင်းရောက်မှပဲ တကျိုးသတ်တယ်လို့ ကြားဘူးပါတယ်။

အခုလဲ ပုဏ္ဏေးမကြီးက ဒီလိုပဲပေါ့ ခေါင်းတော်ခါပြနေပြန်ပုပါပီ ငါဘယ်လိုလုပ်ရပါ့မလဲ ပုဏ္ဏားကြီးက စေတနာရဲသလောက် ပုဏ္ဏေးမကြီးက စေတနာသဒ္ဓါမဲ့တယ်၊ ပုဏ္ဏားကြီးက စေတနာသဒ္ဓါဟုတ်သလောက် ပုဏ္ဏေးမကြီးက စေတနာသဒ္ဓါယုတ်တယ်၊ ပုဏ္ဏားကြီးက သဒ္ဓါဓါတ်ဖြူစင်သလောက် ပုဏ္ဏေးမကြီးက သဒ္ဓါဓါတ်မဖြူစင် မလှချင်၊ မှန်ရဲ့လားတဆားနာပရိသတ်။

ဟန်မဆောင်တော့ဘဲ ခက်တော့တာပါဘဲဆိုပီး ပုဏ္ဏေးမကြီးက ဟား-ဟား-ဟား ကျယ်ကျယ်လောင်လောင် အားရပါးရ ဟက်ဟက်ပက်ပက် ရီချလိုက်ပါတယ်၊ ကျယ်ကျယ်လောင်လောင် ရီချလိုက်တဲ့ ပုဏ္ဏေးမရီသံကြားလိုက်ရတဲ့ ပုဏ္ဏားကြီးက....

ဟဲ့ပုဏ္ဏေးမ ဘာဖြစ်တာတုန်း၊ အရူးမဟုတ် အကောင်းမဟုတ် မပြောဘူးတဲ့ 'ခ' ရီလိုက်ပြန်ပီ ချုပ်တီးမရ ဟန်မဆောင်နိုင်ဘဲ ရီအူပေါက်နေတဲ့ ပုဏ္ဏေးမကြီးကို 'ဒီကောင်မ ဘာများဖြစ်နေပါလိမ့်....' ဒီအချိန်မှာ မြတ်စွာဘုရားက ...

နီလ-ညိုသောရောင်ခြည်တော်

ပီတ-ရွှေသောရောင်ခြည်တော်

လောဟိတ-နီသောရောင်ခြည်တော်

ဩဒါတ-ဖြူသောရောင်ခြည်တော်

မဉ္ဇိဋ္ဌ-မောင်းသောရောင်ခြည်တော်

ပဘာသရ—ပြုံးပြုံးပြက် တခဲနက်သောရောင်ခြည်တော် ခြောက်ဆိုင်တို့ဖြင့် တမှိုင်နက်ထဲကွန့်မြူးနေသော သုံးလောကမျက်ရှု သဗ္ဗညု မြတ်စွာဘုရား ဘွားကနဲ မမြော်လင့်ဘဲ ဖူးမြင်လိုက်ရတော့ ပုဏ္ဏားမ မြတ်စွာဘုရားအမြင်သားနဲ့ ငါ့ကိုမပြောဘဲနေတာဟာ နင်ဝန်လေးတဲ့အမှုပြုတာလား အတော်ကိုမကောင်းတဲ့မိန်းမ ပြောပြောဆိုဆို ပုဏ္ဏေးမ ထင်တဲ့အတိုင်း စားလက်စထမင်းပွဲကြီး မချီယူသွားပြီး အရှင်ဘုရား တပည့်တော်သည် ဦးဦးဖျားဖျားအားဖြင့် လယ်ဦးစတဲ့ ငါးမျိုးလှူပြီးမှ စားလေ့ရှိပေမဲ့ အခုတော့ တပည့်တော်တို့လင်မယားနှစ်ယောက် စားလက်စအကျန်ထမင်း ဖြစ်နေပီမို့ အလှူခံကောင်းပါသလားဘုရား စားလက်စထမင်း အလှူခံကောင်းတာဖြင့် အလှူခံတော်မူပါဘုရား၊ ပုဏ္ဏေးမကြီးကတော့ အလှူမခံကောင်းဘူးလို့ပြောလိုက်စမ်းပါဟယ်လို့ ကြိတ်ဆုတောင်းနေမလားတော့ မပြောတတ် မျက်နက်ကလေးဒေါင့်ကပ် ပေကလပ်, ပေကလပ်နဲ့ သဘောမကျတဲ့အမူအရာနဲ့တော့ ကြည့်နေတာပဲ။

မြတ်စွာဘုရားသခင်က ဗြဟ္မဏပုဏ္ဏား ငါတို့ဘုရားဆိုတာက
ဦးဦးဖျားဖျားကိုပဲလှူလှူ
စားလို့တဝက် ကျန်နေတာပဲ လှူလှူ

စားပြီးသား စားကြွင်းစားကျန်ပဲလှူလှူ ဘာကိုဘဲဖြစ်ဖြစ် အလှူခံကောင်းတယ်လို့ မိန့်တော်မူတဲ့အခါ ပုဏ္ဏားကြီးကလဲ သဒ္ဓါတရား အလွန်ထက်သန်ပီးသား ဘုရားရှင်နဲ့ မတွေ့ရသေးလို့သာ နောက်ကဟောခဲ့သလို မီးခဲပြာဖုံးဖြစ်နေတာ ဖြစ်လေတော့ ဘုရားနဲ့တွေ့လိုက်ရရင် အလွယ်တကူ ကျွတ်တမ်းဝင်မဲ့သူပဲ—

ဒါနဲ့ ဒို့ဘုရားဆိုတာမျိုးက သူတပါးကိုမှီ၍ အသက်မွေးရတဲ့ ရှင်ရတဲ့သူဖြစ်နေလေတော့ အယုတ် အလတ် အမြတ် အကုန်လုံးအလှူခံကောင်းတယ်လို့ မိန့်တော်မူ၍ အလှူခံတော်မူပါတယ်။

မြတ်စွာဘုရား မိန့်တော်မူတဲ့စကား ပုဏ္ဏားမကြားရတော့ မျက်နှာ ရှစ်ခေါက်ချိုးနဲ့ ဘင်ငမကျဖြစ်နေတာပေါ့၊ နို့ သူက အလိုလိုက်မှ သဒ္ဓါတရားမရှိတာကို ဟုတ်ဘူးလား၊ ဒါပေမဲ့ သူ့ကလဲ ခေတာမှတ်လို့ အနာဂါမ်လောင်းပဲနော် သာမညမမှတ်နဲ့ မြတ်စွာဘုရားက သူ့တို့ လင်မယားစားလက်စ ထမင်း အလှူခံတော်မူတာမြင်တော့ ဩော်- အံ့ဩဘို့ကောင်းလိုက်တာ လောကမှာ အတုမရှိသော ဂုဏ်တော် အပေါင်းနှင့်ပြည့်စုံတော်မူသော အသမ္ဘိန္နခတ္တိယမင်းမျိုးစစ်စစ်မှ ဆင်း သက်ပေါက်ဖွားလာတဲ့ လေးကျွန်းလုံးကိုအစိုးရသောမင်းသား ဘုရား ဖြစ်ပါလျက် ဒို့လင်မယားစားပီးသား အကြွင်းအကျန်ထမင်းကိုတောင် ငြင်းဆန်ခြင်းမပြုပဲ အလှူခံတော်မူပါပေတယ်လို့ အလွန်တရာကြည်ညို စိတ်ဖြစ်သွားပါတယ်၊ သူထင်ထားတဲ့ အလှူမခံကောင်းဘူးဟု မိန့်တော် မမူပဲ သူမထင်တဲ့ အလှူခံကောင်းတယ်ဆိုတဲ့စကား မမြော်လင့်ပဲ ကြားရသဖြင့်လဲ ပို၍ကြည်ညိုသွားတာပေါ့လေ။

ဒီနေရာမှာ ဒို့တရားနာပရိသတ် အတုယူစရာ ဗဟုသုတလဲဖြစ် မှတ်သားနာယူ ပြုကျင့်လိုက်နာစရာလဲ ကောင်းတဲ့ဒါနသုံးမျိုး ခွဲဟော ပြပါအုန်းမယ်။

(၁) ဒါနသာမိ – အရှင်သခင်ပေးတာနဲ့တူတဲ့အလှူ (ဦးဦး ဖျား ဖျားလှူတာ)

(၂) ဒါနသဟာယ – အဆွေခင်ပွန်းပေးတာနဲ့တူတဲ့အလှူ (စား လက်စလှူတာ)

(၃) ကျွန်ပေးတာနဲ့တူတဲ့အလှူ–(စားကြွင်းစားကျန်ပေးလှူတာ)

တနည်းဆိုရရင် – (၁) ပဏီတဒါန–မြတ်တဲ့အလှူ

(၂) မဇ္ဈိမဒါန–အလတ်မြတ်တဲ့လှူ

(၃) ဟီနဒါန–ယုတ်တဲ့အလှူ

ဒီဝတ္ထုပါ ပဥ္စဂုပ္ပက္ကားလှူတဲ့အလှူမျိုးကိုတော့ စားလက်စလှူတာ ဖြစ်လို့ ဒါနသဘောယ, ဒါမှမဟုတ်-မဇ္ဈိမဒါနလို့ ခေါ်နိုင်ပါတယ်၊ ဒါဖြင့် ဒီတရားနာပရိသတ်ထင်နေကြတဲ့ ဦးဦးဖျားဖျားမှ လှူကောင်းတယ်ဆိုတဲ့ အထင်ဟာ မှန်ပါတယ်၊ ဒါပေမဲ့ ဒီဝတ္ထုပါအချက်အလက် ပြောပြရရင် စားလက်စပဲဖြစ်ဖြစ် စားပြီးသားပဲဖြစ်ဖြစ် လှူကောင်းတယ်လို့ မိန့်ဆိုပါတယ်၊ အဲဒီလိုပဲ ခတ်လွယ်လွယ်မှတ်ထားကြပါ၊ ပုဏ္ဏားလင်မယားဝတ္ထုကို ကြည့်သောအားဖြင့် စားကြွင်းစားကျန်မလှူကောင်းဘူးဆိုတဲ့ သံသယရှင်းစေပေါ့။

သို့သော် – ချွင်းချက်ရှိပါသေးတယ်၊ ဘာချွင်းချက်လဲဆိုတော့ စားဦးစားဖျား မိမိတို့မစားသောက်မီ မှန်မှန်မြတ်မြတ်အလှူမျိုး စေတနာသဒ္ဓါတရားမှာလဲ ထက်ထက်သန်သန် သန့်သန့်ရှင်းရှင်းလဲဖြစ်ရမယ်ဆိုရင်တော့ တိုင်းထက်အလွန် တံခွန်နဲ့ဘုရားပေါ့၊ ဘယ်ပြောစရာရှိတော့မှာလဲ အကျိုးပေးတဲ့နေရာမှာ ကြီးကြီးကျယ်ကျယ်ပေးတော့တာပါပဲ၊ ကျန်နေတဲ့စကားလေး ထပ်ပြီး ရှင်းပြောပြပါအုန်းမယ်။

မိမိတို့ သုံးဆောင်စားသောက်တာထက် ပိုပြီး မှန်မှန် မြတ်မြတ် ဦးဦးဖျားဖျားလှူတာကို (ပဏီတဒါန)

ဥပမာ။ ။မိမိတို့က ငါးပိချက်နဲ့စားပြီး ဟင်းကောင်းနဲ့ ဆွမ်းလောင်းတာမျိုး မိမိတို့သုံးဆောင်စားသောက်တာနဲ့ တန်းတူရည်တူလှူတာကို (မဇ္ဈိမဒါန)

ဥပမာ။ ။မိမိတို့က ဟင်းကောင်းနဲ့စားရရင် ဟင်းကောင်းနဲ့ပဲ လောင်းလှူတာမျိုး၊

မိမိတို့ သုံးဆောင်စားသောက်တာထက် အောက်ယုတ်ပြီး လှူတာမျိုး (ဟီနဒါန)

ဥပမာ။ ။မိမိတို့က ဟင်းကောင်းနဲ့စားတယ် ဆွမ်းလောင်းတော့ ငပိချက်လောင်းတာမျိုးတို့ကို ဆိုလိုပါတယ်၊ စားချင်လို့ မှတ်မနေနဲ့အုန်း။

တချို့ အမြင့်အမြတ်ကြိုက်တတ်သေးတယ်၊ အဲဒီလို အမြင့်ကြိုက်တဲ့ သူတွေအတို့ ဘုရားမှာ မီးပူဇော်ဘာတောင် သူများပူဇော်တာထက် မြင့်အောင် အုတ်ခဲဆင့် ဖယောင်းတိုင်ထွန်းပူဇော်လိုက် ဟုတ်လား တရားနာပရိသတ်။

နောက်တခု မှတ်သားထားဘို့က မိမိအိမ်ကို အာဂန္တု ရဟန်း ရောက်လာဘယ်ဆိုကြပါစို့၊ မွန်းကလဲလွဲခါနီး အချိန် မရတရဖြစ်နေ မိမိတို့လဲ စားသောက်ပြီးနေတာနဲ့ ကြုံကြိုက်နေရင် စားပြီးသားထမင်းဟင်းကိုပဲ စေတနာသဒ္ဓါကောင်းကောင်းနဲ့ဆွမ်းကပ်ပါ၊ ကပ်ကောင်းပါတယ်၊ မိမိအိမ်မှာထမင်းမကျန်တော့မှ သူများအိမ်သွားတောင်းကပ်လှူပါ၊ ကပ်ကောင်း လှူကောင်းပါတယ်လို့ မှာလိုက်ပါရစေ၊ မခေါ်ပင့်ချေ ခေါ်တာပေါ့၊ အခြား အလှူဝတ္ထုပစ္စည်းတွေကိုလဲ ဒီအတိုင်း, အယုတ်, အလတ်, အမြတ်ခွဲခြားတတ်ပါစေ၊ ကားပေါ် ရထားပေါ်မှာပဲဖြစ်စေ ဘုရားဖူးသွားရာမှာ ရဟန်းသံဃာများနဲ့တွေ့လို့ပဲဖြစ်စေ အချိန်နဲ့လု ဆွမ်းကပ်ရမဲ့အချိန်မျိုးမှာ ရှိတဲ့စားကြွင်းစားကျန်ထမင်းနဲ့ပဲ ကပ်ကောင်းပါတယ်လို့ မှာကြားတိုက်တွန်းရင်း— ကိုင်း ရှေ့နားကိုသွားမယ်။

ဆွမ်းများကပ်ပြီးတဲ့အခါကျတော့ ပုဏ္ဏားကြီးက မြတ်စွာဘုရားအား ဘုန်းတော် အလွန်တရာကြီးမြတ်တော်မူသော မြတ်စွာဘုရားအရှင်ဘုရားများသည် တပည့်များကို ဘာပြုလို့ ဘိက္ခုလို့ခေါ်တော်မူပါသလဲ နောက်ပြီး ဘယ်သူမျိုးကိုဘိက္ခုလို့ခေါ်ပြီး ဘိက္ခုခေါ်ရခြင်းရဲ့ အကြောင်းရင်းကိုလဲ တပည့်တော်တို့အား စဉ်သနားသဖြင့် ဟောကြားတော်မူပါအရှင်ဘုရားလို့ လျှောက်ထားမေးမြန်းပါတယ်။

မြတ်စွာဘုရားသခင်က....

ဒါယကာပုဏ္ဏား– ယောကျ်ားပဲဖြစ်ဖြစ် မိန်းမပဲဖြစ်ဖြစ် ရဟန်း လူ မည်သူပဲဖြစ်ဖြစ် အကြင်သူဟာ ရုပ်တရား နာမ်တရား နှစ်ပါးတို့၌ တွယ်တာနှစ်သက်ခြင်းမရှိ ထိုရုပ်နာမ်နှစ်ပါး ပျက်စီးသွားတဲ့အတွက်

စိုးရိမ်ပူဆွေးငိုကြွေးခြင်းလဲမရှိ၊ (ဘိဇ္ဇနဓမ္မံ ဘိဇ္ဇတိ) ပျက်စီးတတ်သော သဘောမို့ ပျက်စီးသွားတာပဲဟု စဉ်းစားဆင်ခြင်လေ့ရှိ၏၊ အဲဒီလို ရုပ်နာမ်နှစ်ပါး ပျက်စီးပေမဲ့ တွယ်တာခြင်း, သာယာခြင်း, စိုးရိမ် ပူဆွေး ငိုကြွေးခြင်းမရှိသောသူတို့ကို ယောကျ်ား, မိန်းမ, ရဟန်း, ရှင် လူ မည်သူမဆို ဘိက္ခုလို့ခေါ်တယ်လို့ မိန့်တော်မူပြီး....

သဗ္ဗသော နာမရူပသ္မိံ၊ ယဿ နတ္ထိ မမာယိတံ။

အသတာ စ န သောစတိ၊ သဝေ ဘိက္ခူတိ ဝုစ္စတိ။

ယောကျ်ား မိန်းမ ရဟန်း ရှင်လူ မည်သူမဆို ရုပ်တရား နာမ် တရားနှစ်ပါး၌ ငါ့ရုပ်, ငါ့နာမ်ဟူ၍ တွယ်တာတတ် နှစ်သက်တတ်တဲ့ တဏှာတရားလဲမရှိ၊ ငါသာလျှင်မြတ်၏ဟု ထောင်လွှားတတ်သော မာနတရားလဲမရှိ၊ ပုဂ္ဂိုလ်, သတ္တဝါ, ငါသူတပါး အသက်, ယောကျ်ား မိန်းမဟု စွဲလမ်းတတ်သော ဒိဋ္ဌိတရားလဲမရှိ၊ ထိုရုပ်နာမ်နှစ်ပါးကို အချစ်မဝင်ပဲ အပြစ်မြင်၍ ပယ်ခွါတတ်တဲ့သူကို ဘိက္ခုခေါ်တယ်လို့ ဟောတော်မူသည်၏အဆုံး ပဉ္စဂ္ဂပုဏ္ဏား လင်မယားမှာလဲ အဝိဇ္ဇာ ပျောက် အလင်းရောက်လို့ အနတ္တပိုင် အတ္တနိုင်သွားပြီး ပုထုဇဉ်မိုက် အလွန်ကြိုက်တဲ့ ကာမတဏှာ လုံးလုံးပြုတ်သွားတဲ့ လင်မယားနှစ် ယောက်စလုံး အနာဂါမ်တည်သွားကြလေတော့သတည်း၊ သာဓု-သာဓု-သာဓုပါဘုရား....

တရားပွဲလဲသိမ်းတော့မှာမို့-

ဒါကြောင့် ဒီတရားတော်ကြီးကို လင်မယားနှစ်ယောက်စလုံး အနာဂါမ် တည်သွားကြတဲ့အတွက် (ဇနီးမောင်နှံ အနာဂါမ်တရား တော်)လို့ တရားနာမယ်ပေးထားပါတယ်၊ သဘောကျသလား တရား နာပရိသတ်။

အခုလိုအလွယ်တကူ အကျွတ်တရားရသွားကြတာကလဲ ဟိုကဿပ ဘုရားသခင် ရှေ့လက်ထက်တော်အခါတုန်းက ရုပ်တရား နာမ်တရား

ကွဲပြားခြားနားအောင် နာခဲ့ကြဘူးတဲ့ အခြေခံပါရမီဓါတ်ခံ အာသေ ဝနအထုံ ရခဲ့ကြတယ်၊ ဘုရားရှင်တို့မည်သည်မှာလဲ တဦးတယောက် ဝေနေယျကို ဟောချတ်တော့မယ်ဆိုရင် ထိုဝေနေယျ၏ သင်ကြား လေ့လာမှတ်သား သိရှိခဲ့ဘူးတဲ့ အချက်အလက်ပေါ်ပြု၍ ဟောရမြဲ ဖြစ်သည့်အားလျော်စွာ ဤပုဏ္ဏားလင်မယား နှစ်ယောက်တို့ဟာလဲ နောင်တော်ကဿပဘုရား လက်ထက်တော်အခါက ရုပ်တရား၊ နာမ် တရားနဲ့ဆက်စပ်တဲ့ တရားစကား နာကြားခဲ့ရဘူးသူများ ဖြစ်ကြတဲ့ အတွက် ထိုပုဏ္ဏားလင်မယားနှစ်ယောက်တို့အား ရုပ်တရားနာမ်တရား နှင့်စပ်သော တရားကို ကွဲပြားအောင်ခွဲခြားပြီး ဟောရသဖြင့် လင် မယားနှစ်ယောက် အကျွတ်တရားရကြမှာပဲဆိုတာ သိတော်မူနိုင်တာနဲ့ ရုပ်တရားနာမ်တရား ကွဲပြားအောင် ဟောတော်မူလိုက်တော့ ဇနီး မောင်နှံအနာဂါမ်တည်သွားကြတယ်မဟုတ်ပါလား မှတ်သားထားကြ စဉ်းစားကြ အားလဲထုတ်ကြဘုရားနာပရိသတ်တို့ရေ၊ ကိုင်းသိဘာမှတ် အဘိဓမ္မာသတ်စို့- ဤသည်ကား သုတ္တန်ဒေသနာ ထိုထက်ခက်ခဲ နက်နဲတဲ့ အဘိဓမ္မာ ဒေသနာတော်မြတ်သည်ကား- ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာဓမ္မာဟု ဟောတော်မူပေ၏။ (ဤ အဦးငါးမျိုးကို ပေးလှူတတ်သော ပုဏ္ဏားတွေကို) (ဓမ္မပဒအဋ္ဌကထာ ဘိက္ခုဝဂ်မှ ထုတ်နုတ်ဟောကြားပါတယ်။)

ဤသို့ အင်မတန်မှ ကြားရခဲနာရခဲလှတဲ့ တရားတော်ကို ကြားနာ ရခြင်းတည်းဟူသော ဓမ္မဿဝနကုသိုလ်ကံစေတနာ သရဏဂုံသုံးပါး အင်္ဂါငါးပါးနှင့် ပြည့်စုံသော သီလကို ဆောက်တည်ရခြင်းတည်း ဟူသော သီလကုသိုလ်ကံစေတနာ (ဆွမ်း) စတဲ့ ဒါတဗ္ဗဝတ္ထုအစုစု တို့ကို လှူဒါန်းရခြင်းတည်းဟူသော ဒါနကုသိုလ်ကံစေတနာ ဤသို့ ပေါင်းအပ် များမြတ်သောကုသိုလ်ကံ စေတနာတို့ကြောင့် အဆုံး စွန်သောဘဝ နောင်ကာလ၌ ဗျာန်တရား၊ မဂ်တရား၊ ဖိုလ်တရား၊

နိဗ္ဗာန်တရားတော်မြတ်ကို လျှင်မြန်စွာ ရောက်ကြရပါလိုကုန်သော ဟူ၍ ဆုမွန်ကောင်းတောင်းလိုက်ကြပါကုန်။ သာဓု-သာဓု-သာဓု။

ကုန်မှာစိုးရင်လဲ မလှူကြနဲ့ပေါ့။

တရားနာပရိသတ်များနဲ့ အားလုံးသောသူများ မှတ်သားလိုက်နာထားဘို့က ဒါနပြုတဲ့အခါမှာ သူဘပါးကိုအားမကိုးပဲ မိမိဟာမိမိ သာဟတ္ထိကဒါနဖြစ်အောင် ကိုယ်ထိလက်ရောက် လှူဒါန်းပေးကမ်းစွန့်ကြဲကြစေလိုပါတယ်။

ဘာပြုလို့လဲဆိုတော့ မိမိသန္တာန်မှာကုသိုလ်စိတ္တုပ္ပါဒ်ဖြစ်မှ ကုသိုလ်ရတယ်လို့ ဘုရားဟောတော်မူလို့ပါပဲ၊ နောက်ပြီး မိမိလှူလိုက်တဲ့ ကောင်းမှု အကျိုးကြောင့် နတ်ပြည်ရောက်သွားသည့် တိုင်အောင် အထက်တန်းမှာ မျက်နှာပန်းလှလှမနေရပဲ အောက်တန်း နောက်တန်း ဗိမာန်အနွမ်းနဲ့ နေရတယ်ပါတယ်တဲ့။

သာဓကတခု ထုတ်ပြရရင် ပါယာသိရာဇည မင်းသားကြီးဟာ သံဃာတော်များ နေ့စဉ်ဆွမ်းကပ်လှူရာ ကိုယ်တိုင် (သာဟတ္ထိကဒါန) မြောက်အောင် မလှူဒါန်းပဲ ဝေယျာဝစ္စဆောင်ရွက်တဲ့ ဉတ္တရလုလင်ကို လွှဲထားပါတယ်၊ ယေသည်၏အခြားမဲ့မှာ ကိုယ်ထိလက်ရောက် သာဟတ္ထိကဒါနမြောက်အောင် မလှူတဲ့အတွက် အလှူရှင် ဖြစ်ပါလျက် စတုမဟာရာဇ်နတ်ပြည်မှာ နတ်သမီးတဖက်ငါးရာဝေးလို့ (စကားလွန်ပြောလိုက်ရရင် ဆေးပေးမီးယူ လက်တိုငါးရိုး မြက်ခိုင်းဘို့တောင် မရှိတဲ့) ဗိမာန်အဟောင်းအနွမ်းမှာ အခြွေအရံမရှိ နတ်ကြီးဖြစ်နေ သတဲ့။

ဘယ်လောက် ပျင်းစရာကောင်းလိုက်မလဲ။

ပစ္စည်းရှင်အလှူရှင်မဟုတ်ပဲ ဝေယျာဝစ္စမျှသာဆောင်ရွက်ရတဲ့ ဉတ္တရလုလင်ကတော့ သာဟတ္ထိကဒါနမြောက်အောင် ကိုယ်ထိလက်ရောက် ရိုရိုသေသေ ဝမ်းမြောက်ဝမ်းသာနဲ့ စေတနာသဒ္ဓါပြဋ္ဌာန်းပြီး လှူဒါန်း

ပေးတဲ့သူဖြစ်တဲ့အတွက် တာဝတိံသာနတ်ပြည်မှာ အရောင်တလက် လက်ထွက်နေတဲ့ ဘုံဗိမာန်မှာ နတ်သမီးငါးရာနဲ့ မြိုင်မြိုင်ဆိုင်ဆိုင်ကြီး ခံစားစံစားရတယ်လို့ ဆိုပါတယ်။

မိမိပစ္စည်းဖြစ်စေအုန်းတော့ သာဟတ္ထိကဒါန ကိုယ်ထိလက်ရောက် မပေးလှူ၊ လင်လှူမယားရတယ်ဆိုပြီး နေတဲ့ ဦးမာဃမိန်းမ ဒေါ်သုဇာ တာ မယားကြီးကိုကြည့်သဖြင့် သိနိုင်ပါတယ်၊ (ကြည့်ချင်ရင် ဇာတက နိပါတ် အဋ္ဌကထာ ကုလာဝကဝဂ်၊ ကုလာဝကဇာတ်)

ဒါကြောင့် သူများကို အာဏတ္တိက မျက်နှာလွှဲပစ်စေခိုင်းထား မိရင် မိမိတို့မှာလဲ အကျိုးမကြီး (အလှူခံပုဂ္ဂိုလ်မှာ မစွဲင) ပိုးသာကုန် မောင်ပုံစောင်းမတတ်) ဖြစ်တတ်ပါတယ်။

ပစ္စည်းလဲကုန်ရသေး အကျိုးလဲ ရသင့်သလောက်မရ ဒီတော့ ဘာပဲလှူလှူ ကိုယ်ထိလက်ရောက် စိတ်ပါလက်ပါ စေတနာသဒ္ဓါ ရှေ့ ထားပြီး ဝမ်းမြောက်ဝမ်းသာလှူတာဟာ အကောင်းဆုံးပါပဲလို့ ဟော လိုက်ပါရစေ တရားနာပရိသတ်တွေရေ၊ မစ္ဆေရစိတ်ဆိုပိတ်မရှိ ပကတိ ဖြူစင်တဲ့စိတ်နဲ့လှူရမယ်၊ ဝိသာခါဟာ ကဿပဘုရားရှင် လက်ထက် ကိကိမင်းကြီးရဲ့သမီးတော် ခုနစ်ယောက်တို့တွင် အငယ်ဆုံး သံဃ ဒါယိကာဖြစ်စဉ် သံဃာတော် (နှစ်သောင်း) ကို ငါးပါးသောနွားနို့ အရသာကို လှူတဲ့အခါ သံဃာတော်များက ပြည့်စုံပြီဆိုပြီး သပိတ် ဖုံးထားပေမဲ့ ဒီအာဟာရက ကောင်းပါတယ်ဘုရား ချိုမြိန်ပါတယ် ဘုရား အလှူခံတော်မူပါအုန်းဘုရားလို့ ကိုယ်ရောစိတ်ရော သာဟတ္ထိက ဒါနမြောက်အောင် ပေးလှူခဲ့ဘူးပါတယ်။

ဒို့ဘုရားရှင်လက်ထက် ရောက်လာတဲ့အခါမှာ အင်္ဂတိုင်း ဘဒ္ဒိယမြို့ ဓနဉ္စယသူဌေး-သူဌေးကတော်သုမနတို့ရဲ့ သမီးချောလေး ဝိသာခါဖြစ် လာပါတယ်၊ ခုနစ်နှစ်သမီးအရွယ်ထဲက မြတ်စွာဘုရားတရားနာရလို့ သောတာပန်ဖြစ်နေသူ အရိယာမလေးပဲဖြစ်ပါတယ်။

တဆယ့်ခြောက်နှစ်အရွယ် ရောက်လာတော့ သာဝတ္ထိပြည် မိဂါရ သူဌေးသား ပုဏ္ဏဝဒ္ဓနနဲ့ အိမ်ထောင်ကျပါတယ်၊ ရောင်နောက်ဆံထုံး ပါမြဲထုံးဆိုတဲ့အတိုင်း ယောက္ခမအိမ်ကို လိုက်သွားရတော့၊ လက်ဖွဲ့ ပေးတဲ့နွားအပြင် နွားထီး, နွားမပေါင်း (တသိန်းနှစ်သောင်း)တင် မက တဥသာ, အတောင်ဖွဲ့လိုက်ရင် အတောင်ပေါင်း (တရာ့ငါး ဆယ်) ကျယ်ဝန်းတဲ့ ကွက်လပ်အပြည့်နွားဟာ နွားခြံပိတ်ထားလို့မရ၊ မောင်းနေတဲ့ကြားထဲက အတင်းဝင်ထွက်လိုက်ကြတာ အကြောင်းမဲ့ မဟုတ်ပါဘူး၊ သူ့သခင်မို့ပြောရအုန်းမှာလား မဟုတ်ဘူး၊ အခုဟော ခဲ့တဲ့ ကဿပဘုရားလက်ထက်က ကောင်းမှုလို့ အမြဲမှတ်၊ သေသေ ချာချာမှတ်၊ သဘောပေါက်ပလား၊ ဒါကြောင့် သာဟတ္ထိကဒါန မြောက်အောင် လှူတတ်ပါစေလို့ ဟောရတာပေါ့၊ အခုလဲ တရားနာ ပရိသတ်တွေ ဆွမ်းကျွေးဘူးမှာပေါ့၊ အဲဒီအခါ ဆရာတော်များက ဟဲ့–ကိုယ်တိုင်ကပ်ကြနဲ့မပြောဘူးလား ပြောတယ်၊ အဲဒါ သာဟတ္ထိက ဒါနမြောက်အောင်လို့ ပြောတာ။

တချို့ကပြောသေးတယ် ကိုယ်ထိလက်ရောက်ကိုင်လှူရင် မုတ္တစာဂီ လွတ်လွတ်စွန့်ကြဲရာ မရောက်မှာစိုးလို့တဲ့ စွဲနေမှာစိုးလို့တဲ့၊ အဲဒီအယူ အဆဟာ မဟာအမှားတော်ကြီးပဲ၊ သဘောဟောပြမယ် ယူပုံယူနည်း ဟောဒီလိုယူပါ၊ တိုတိုလေး။ အခုလို စေတနာသုံးတန် ပြဋ္ဌာန်းပီး ပြတ်ပြတ်သန့်သန့် လှူလိုက်တဲ့အတွက် အလှူဝတ္ထုပေါ်မှာ တွယ်တာ နေမယ်၊ ငါလှူလိုက်တာတော့ မှားပီ၊ မလှူရင် ငါ့ဥစ္စာကုန်မှာမဟုတ် ဘူးလို့ နောက်ဆံတင်းမှုဖြစ်နေမယ်ဆိုရင်သာ မုတ္တစာဂီမဖြစ်ပဲ လွတ် လွတ် မစွန့်ကြဲဘူးလို့ ဆိုရပါမယ်၊ ဒီလိုမှနောက်ဆံတင်းမှု တွယ်တာမှု နှမြောတွန့်တိုမှုမျိုးမှ မရှိရင် အလှူဝတ္ထုကိုကိုင်တယ်ရုံမက ဘယ်လိုပဲ ကပ်ကပ် မုတ္တစာဂီလွတ်လွတ်မစွန့်ဘူးလို့မယူဆရပါ၊ ဘာဆိုင်လို့ပါလိမ့် ပုသိမ်ရေကြီးတာနဲ့ မန္တလေးကအနေသာကြီးဆိုတာလို ဘုရားက စေ တနာကို က်ဟောဘာယ်။

အလှူရှင်က စေတနာကို အလှူပေးပုဂ္ဂိုလ်ဖြစ်တယ်လို့ မစွဲလမ်းနဲ့၊ ငါမပါပါဘူးလို့ ဖြေဖျောက်ပါလိုက်ပါရစေ၊ ဘုရားက စေတနာကို ကံ ဟောဘာနော်။

စေတနာက သုံးမျိုးရှိပါတယ်။

(၁) ပုဗ္ဗစေတနာ (၂) မုဉ္စစေတနာ (၃) ပရစေတနာ

ပဌမစေတနာပျက်ရင် ပဌမအရွယ်မှာ အကျိုးပေးနဲ့မယ် မွဲမယ်၊

အမှာ ။ ။မုတ္တာစာဂီနဲ့ပတ်သက်လို့ ရှေ့နားက သောတာပန် အကြောင်း သိကောင်းစရာအခန်းမှာကြည့်။

ဒုတိယအရွယ် တတိယအရွယ်မှာ အကျိုးပေးသန် ချမ်းသာမယ်။

ဒီအတိုင်းပဲ မုဉ္စစေတနာပျက်ကွက်ရင်လဲ ဒုတိယအရွယ်မှာ အကျိုး ပေးနဲ့ ဆင်းရဲမယ်၊ ပဌမအရွယ် တတိယအရွယ်မှာ အကျိုးပေးသန် ချမ်းသာမယ်။

စေတနာပျက်လဲပဲ တတိယအရွယ်မှာ အကျိုးပေးနဲ့ ဆင်းရဲမယ်၊ ပဌမအရွယ်နဲ့, ဒုတိယအရွယ်မှာ အကျိုးပေးသန် ချမ်းသာမယ်။

ပုဗ္ဗစေတနာ, မုဉ္စစေတနာ, အပရစေတနာသုံးပါး မပျက်မကွက် ထက်ထက်သန်သန် ကောင်းမွန်ရင် အကျိုးပေးတဲ့နေရာမှာလဲ မပျက် မကွက် ထက်ထက်သန်သန် ကောင်းမွန်ပြီး သုံးပါးစလုံး ဇိမ်ဟေ့ဆို ကတဲက ကြောင်းကျိုးချမ်းသာ အဖြာဖြာကို အရွယ်သုံးပါးစလုံး ပေးမှာပဲဖြစ်ပါတယ်။

အပြန်ယူလိုက်တော့ စေတနာသုံးပါး တပါးမှ မညီညွတ်ရင် အရွယ်သုံးပါးမှာ ဘယ်အရွယ်မှ အကျိုးမပေးတဲ့အပြင် လှုပ်လေ မြုပ်လေ ကျမှာပဲ ဘယ်အလုပ်ပဲလုပ်လုပ် အပေါက်အလမ်းကိုတည့်မှာ မဟုတ် ထင်ရှားတဲ့စကားနဲ့ ဟောပြတာနော်၊ တည့်အောင်ဟောလိုက် ရရင် မွဲမှာပဲ။

အခု အလုပ်လုပ်ကြသလို မိုးဦး, မိုးလယ်, မိုးနှောင်းဆိုတဲ့ မိုးသုံးချက်ညီကောင်းရင် စပါးထွက်ကောင်းတယ် ဆိုတာလိုပေါ့။

လှူပြီးနောက် ဖြစ်ပေါ်လာတဲ့စေတနာကို ပရစေတနာလို့ခေါ်ပါတယ်၊ အဲဒီပရစေတနာပျက်ရင် အသက်ရှည်ခြင်း, အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း, ခွန်အားကြီးခြင်း, ဉာဏ်ပညာကြီးခြင်း ဆိုတဲ့ အကျိုးတွေကို ဘယ်မှာလာပြီး ခံစားရသင့်သလောက် ခံစားရတော့မှာလဲ။

နောက်ပီးလဲ အပရစေတနာကိုအစွဲပြုပြီးတော့ မကြာမကြာဖြစ်တဲ့ အာစိဏ္ဏကံဇောတွေနဲ့ မပြတ် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေမယ်ဆိုရင် အဘိဓမ္မာသဘောအရ အဲဒီအာစိဏ္ဏကံဇောတွေ ဇောတိုင်း သတိရ ဝမ်းမြောက်မိတိုင်း မိမိပြုလုပ်လှူဒါန်းလိုက်တဲ့ ကုသိုလ်တရားလဲ ထပ်ခါထပ်ခါ တိုးပွါးနေတယ်လို့ ဆိုပါတယ်။

အရပ်စကားပြောနေကြတဲ့ အလှူတခါလုပ်ရင် ဆယ်ခါလုပ်တယ်မည်တယ်ဆိုတာ ဒီသဘောပဲ၊ သတိထားမှတ် တရားနာပရိသတ်တွေ။

ဒါဖြင့် ဘာဘဲဖြစ်ဖြစ် စေတနာသုံးတန်ညီညွတ်လှူဒါန်း ကုသိုလ်ပြုတာ ကောင်းမှုလုပ်တာဟာ အကောင်းဆုံးပဲ ဆိုရမှာပဲ။

ခဏ ဆက်ဟောပြလိုက်အုန်းမယ်၊ တချို့ ပြောလေ့ပြောထရှိကြပါတယ်၊ ဘာလဲဆို- အရှယ်သုံးပါး တပါးပါးတော့ တနေ့နေ့တချိန်ချိန် အကျိုးပေးမှာပဲတဲ့၊ မှန်ပါတယ်၊ ဒါပေမဲ့ အထက်ကဟောပြခဲ့တဲ့ စေတနာသုံးတန်ရဲ့ အကျိုးပေးပုံလေးတွေကို ပြန်ကြည့်စေလိုပါတယ်။

နောက်ကဟောခဲ့တဲ့ ဥပ္ပလဝဏ်ထေရီမ ဇာတ်ကြောင်းကို ပြန်ကြည့်ပါဦး။

သူတို့တွေဟာ စကားအရသာ ငါပါမှာစိုးလို့ ပြောဆိုနေကြပေမဲ့ သူတို့ရဲ့စိတ်တွင်းသရုပ်က ဖေါ်ပြနေပါလား၊ အဲဒါတွေကတော့-

(၁) တထောင်ကုန် လူလိုက်နိုင်ပေမဲ့ အဘိုးမဘန်လှတဲ့ ဇွန်း တချောင်း အလှူမှာပျောက်သွားတာနဲ့ (ဥစ္စာပျောက် ငရဲ ရောက်) ဒေါသူပုန်ထကြ၊ ပူညံပူညံကြတဲ့ အလှူရှင်တချို့။

(၂) လှူသာနေကြရတယ်ရာထားချက်ထက်များများကုန်နေအုန်း မှာလားမလောက်လို့ နောက်ရောင်းရရင်တော့ မလှယ်ဘူး၊ ခက်တာပဲဆိုတဲ့ မစွေ့ရနွှေ့ ပြောနေကြတဲ့အလှူရှင်အချို့။

(၃) အင်း....အလှူပြီး ဘာတွေကျန်အုန်းမလဲလို့ လုပ်ကိုင်ဆောင် ရွက်တဲ့ ကောင်မလေးတွေက ဘယ်ချောင်ကထုတ် အိမ်သယ် သွားမှန်းမသိဘူးဟု ရေရွတ်ပြောဆိုနေကြတဲ့ အလှူရှင်လင် မယားအချို့။

(၄) လှူနေဆဲတန်းလမ်း မလောက်တတ်သည့်အတွက် တခုခု ရောင်းချရလို့ နှုတ်ခမ်းလေးစူတူတူနဲ့ မူမူလေးလုပ်နေပြီး အစကတော့လောက်မှာပဲ ကုန်တောင်ကုန်မှာမဟုတ် အခု တော့ မလောက်လို့ ထပ်ရောင်းရတာ ဘာပြုလို့ မလောက် တာပါလိမ့်မလဲလို့ လုပ်တဲ့ကိုင်တဲ့လူတွေထဲ ဟိုလူလိုလို ဒီလူ လိုလို ဝင်းမလှတ် ဂိုဏ်းမလှတ်၊ အနှောင့်မလှတ် အသွား မလှတ် မကြေမနပ်နွှေ့ပြောနေကြတဲ့ အလှူရှင် မမအချို့။

(၅) တထောင်ကုန်ပေမဲ့ ဒို့လှူလိုက်တာ သုံးထောင်ကုန်တယ် တော့ဟု အလှူပြီး အိမ်တကာလိုက် ပကာသနကိုတောင် မဘက်ရမဲ့အလှူ၊ သူကမကြာခဏ လိုက်ကြွားနေကြတဲ့အလှူ၊ ရှင်ကတော်အချို့စတဲ့ အဲဒီအဲဒီအလှူရှင်တွေဟာ သူတို့ပြော ဆိုကြတဲ့ မုတ္တစာဂီဆိုတာနဲ့ ဖြောင့်ဖြောင့်ဆန့်ကျင်နေတာ ကိုကော သူတို့သိကြရဲ့လား။

ဘယ်လို ဖြစ်နေကြသလဲဆိုတော့ မုတ္တစာဂီ – လွှတ်လွှတ်စွန့်ကြဲ တယ်လဲပြောရဲ့– ပစ္စည်းကုန်သွားမှာကိုလဲစိုးရဲ့၊ လှူသာလှူတယ် ပစ္စည်း

ကုန်မှာလဲစိုးတယ်ဆိုရင် အစာ မလှူကြနဲ့ပေါ့၊ လှူတယ်ဆိုတာ အတိအတိုင်း တွက်လို့မရပါဘူး၊ ပိုဘာနဲပီး လိုတာများတာကို များသောအားဖြင့် တွေ့ရပါတယ်၊ (အကုံရ) ထုံး နှလုံးမူကြစမ်းပါ (အကုံရ) ကျတော့ အလှူခံနည်းတာကိုပင် စိတ်မကောင်းဘူးလို့ ဆိုပါတယ်၊ နောက်ကဟောခဲ့တဲ့ ဘုရားလောင်း ဝိသယှသူဌေး စိတ်ထားကိုလဲ ပြန်သတိမူကြပါအုန်း။

အခုတော့ လှူလဲလှူရသေး ပစ္စည်းလဲကုန်ရသေးး ကုသိုလ်မှာလဲ အရောရော အနှောနှော မိဿကဖြစ်ရ စေတနာသုံးတန်ကျပြန်တော့ ကြည့်ကြအုန်း ညီညာစွာပြဋ္ဌာန်းတယ်လို့ ဆိုနိုင်ပါ့မလား၊ လောဘ ဒေါသ မောဟ ခြံရံတဲ့ မိဿကကုသိုလ် ဖြစ်မနေကြဘူးလား။

## တိဟိတ်ဥက္ကဋ္ဌကုသိုလ် ဖြစ်ကြပါစေ

တိဟိတ်ဥက္ကဋ္ဌကုသိုလ်ဆိုတာ ကုသိုလ်ပြုကြတဲ့အခါ မလှူမီရှေ့အဘို့ လှူဆဲအခါ ဉာဏ်နှင့်ယှဉ်၍ ချဥ္ဝလှူရပါမယ်၊ လှူပြီးတဲ့နောက်၌လဲ-ဉာဏ်နှင့်ယှဉ်၍ပဲ အဖန်တလဲလဲ အထပ်ထပ်ဆိုရ အောက်မေ့ရပါအုန်းမယ်၊ အဲဒီကုသိုလ်မျိုးကို တိဟိတ်ဥက္ကဋ္ဌကုသိုလ်လို့ ခေါ်ပါတယ် ဉာဏ်ဆိုတာက ဝိဇ္ဇာဉာဏ်ကိုဆိုပါတယ်၊ အလောဘဟိတ်, အဒေါသဟိတ်, အမောဟဟိတ်ဆိုတဲ့ ဟိတ်သုံးပါးနှင့်ယှဉ်တဲ့ အမြတ်ကုသိုလ်ဆိုတာ သေသေချာချာမှတ်ထားကြ။

ကုသိုလ်ကောင်းမှုပြုကြတဲ့အခါ မလှူမီရှေ့အဘို့ လှူပြီးနောက်အဘို့တို့မှာ ဉာဏ်နှင့်မယှဉ်ပဲ လှူဆဲအခါမှာသာ ဉာဏ်နှင့်ယှဉ်ပါတယ်၊ အဲဒီကုသိုလ်ကို တဟိတ်ဩမကကုသိုလ်လို့ခေါ်ပါဘယ်၊ ကုသိုလ်ကောင်းမှုပြုကြတဲ့အခါ မလှူမီရှေ့အဘို့ လှူပြီးနောက်အဘို့တို့၌ ဉာဏ်နှင့်ယှဉ်ပီး လှူနေတဲ့အခါမှာဉာဏ်နှင့်မယှဉ်ပါဘူး၊အဲဒီကုသိုလ်မျိုးကို ဒွိဟိတ်ဥက္ကဋ္ဌကုသိုလ် ခေါ်ပါတယ်၊ ကုသိုလ်ပြုကြတဲ့အခါ မလှူမီ, လှူဆဲ, လှူပီး သုံးပါးစလုံး ဉာဏ်နှင့်မယှဉ်ပါဘူး၊ဒီကုသိုလ်ပြုရဘာမှားပီဟုလဲ အဖန်

တလဲလဲ ပွားများပါတယ်၊ အဲဒီလိုကုသိုလ်ကို ဒွိဟိတ်ဩမကကုသိုလ်လို့ ခေါ်ပါတယ်။

ဥက္ကဋ္ဌဆိုတာအမြတ်ကိုဆိုသဖြင့် တိဟိတ်ဥက္ကဋ္ဌဆိုတာ ဟိတ်သုံးပါး ယှဉ်တဲ့အတွက် မြတ်တဲ့ကုသိုလ်လို့ဆိုပါတယ်၊ ဩမကဆိုတာ - ယုတ်ညံ့တယ်၊ ဩမကကုသိုလ်ဆိုတာ ကုသိုလ်ညံ့ကုသိုလ်ဖျင်းလို့ တိုတို လိုရင်း ကျဉ်းကျဉ်းပဲ မှတ်ထားကြပေါ့။

အဲဒီတော့ မိမိတို့ပြုတဲ့ကုသိုလ်မျိုးဟာ ဘယ်အမျိုးထဲပါသလဲ တိဟိတ်ဥက္ကဋ္ဌကုသိုလ်မျိုးထဲ ပါသလား၊ ဒါမှမဟုတ် တိဟိတ်ဩမက ကုသိုလ်မျိုးထဲပါသလား ဆိုတာ အပေါ်ကခွဲပြခဲ့တဲ့ ကုသိုလ်မျိုးထဲ ထည့်ကြည့်ပါ၊ တရားဟောသူလိုချင်တာက အလောဘဟိတ်, အဒေါသဟိတ်, အမောဟဟိတ်ဆိုတဲ့ ဟိတ်သုံးပါးစလုံးယှဉ်တဲ့ တိဟိတ် ဥက္ကဋ္ဌကုသိုလ် ဖြစ်စေလိုပါတယ်၊ အဲဒါ အလှူရှင်များ မိမိတို့ကုသိုလ် ကောင်းမှု တိဟိတ်ဥက္ကဋ္ဌကုသိုလ်ဖြစ်အောင် သတိသမ္ပဇဉ်ဉာဏ်ယှဉ် ပီးသာ လှူကြပေတော့လို့ သတိပေးတရား ဟောကြားတိုက်တွန်းလို ပါတယ်။

ဝဋ်သုံးပါးအပြစ်မြင်ပီး လွတ်ချင်တဲ့စိတ်နဲ့ ပြုလုပ်တဲ့ဒါန, ဆောက်တည်တဲ့သီလ, ပွားများတဲ့ဘာဝနာမျိုးမှ နိဗ္ဗာန်ကိုရည်မှန်းပီးပြုတဲ့ ကုသိုလ်မျိုးဖြစ်မှ တိဟိတ်ဥက္ကဋ္ဌကုသိုလ်လို့ ခေါ်ပါတယ်၊ လူ့အဖြစ် လူ့ချမ်းသာ နတ်အဖြစ် နတ်ချမ်းသာ ဗြဟ္မာအဖြစ် ဗြဟ္မာချမ်းသာ တွေကို တောင့်တောင့်တတ မလှူတဲ့အတွက် ဝိဝဋ္ဋနိဿိတကုသိုလ်လို့လဲ ခေါ်ဆိုနိုင်ပါတယ်။

ဒါဖြင့်ရင် လောဘ, ဒေါသ, မောဟခြံရံတဲ့ကုသိုလ်မျိုး မပြုမိဘို့ ကြပ်ကြပ်သတိထားကြပါ။

## ပညာရှိနဲ့ တိုင်ပင်ကြပါ

လောဘ, ဒေါသ, မောဟခြံရံတဲ့ မိဿကကုသိုလ်ဆိုတာက နောက် ကဟောခဲ့သလို ဇွန်းတချောင်းပျောက်တာနဲ့ဒေါသဖြစ်ရတာ ဆွမ်းမျိုး

အသိုင်းအဝိုင်း သားသမီးစတဲ့သူတွေကြောင့် စိတ်အခန့်မသင့်ဖြစ်ရတာ ဒီကုသိုလ်ပြုလုပ်ရသဖြင့် နောင်ဘဝကျရင် လူ့ချမ်းသာ နတ်ချမ်းသာ တွေ ခံစားရမှာပဲဆိုတဲ့ သာယာလှူတာမျိုး၊ သာယာတာ တဏှာ၊ တဏှာတရားကိုယ် ကောက်လိုက်တော့ လောဘ၊ လောဘသဘောက စွဲလမ်းတဲ့သဘော ငြိကပ်တဲ့သဘော လိုချင်တာကိုခေါ်ပါတယ်။

နောက်ပီးရှိကြသေးတယ်၊ အလှူတခုလုပ်မယ်ကြံရင်မိမိကိုယ်တိုင်က ပွဲထည့်ချင်တာတို့ ပွဲကြည့်ချင်တဲ့သူတွေကို တိုင်ပင်မှားမိတဲ့အတွက် အလှူပွဲထည့်တာတို့တွေက ရှိသေးတယ်၊ သေလုမျှောပါး နဖူးကချွေး ခြေမကျအောင် လုပ်ကိုင်စုဆောင်းထားရတဲ့ပစ္စည်းကိုလှူတော့မှာနော်၊ အခုဟောနေသလို တဲဟိတ်ဥက္ကဋ္ဌကုသိုလ်ဖြစ်ဘို့ နှိုင်းနှိုင်းချိန်ချိန်သာ စဉ်းစားပီးလုပ်၊ အဲ....တကယ်လို့များ ပွဲကြည့်ချင်တဲ့သူက ပွဲထည့်ခိုင်း လို့ပဲဖြစ်ဖြစ် မိမိကိုယ်တိုင်က ဝါသနာပါလို့ပဲဖြစ်ဖြစ် ပွဲထည့်မိရင်တော့ ပစ္စည်းလဲကုန်သေး ငရဲလဲ သွားရသေး (တပဲသား မစင်တစက်နှင့် ဝက်သားတအိုးလုံး အစားရခက်) နေကြအုန်းမယ်နော် အလှူ့ရှင် အလှူ့အမတို့။

တချို့ပြောကြသေးတယ် ပွဲကြည့်တာ ဟာသငရဲကျတယ် ဟာသ ငရဲရောက်တော့ ရီနေရတာပဲတဲ့၊ ပစောတ်တလုံးက ဘယ်မျက်စိလည် ကျန်ခဲ့လို့ ဟာသဖြစ်လာရတာလဲ မပြောတတ်ပါ တကယ်တန်းတတ်သိ လိမ္မာတဲ့သူများ မတိုင်ပင် မနှီးနှောပဲနဲ့ ထင်ရာမြင်ရာ စွတ်စွတ်ပီး လွယ်လွယ်မှမှပြောနေကြတာကလား။

တကယ်မြစ်မြစ်ချေချေမဟုတ်တဲ့ ဗလိုင်းစကား အသိုင်းအဝိုင်း တွေကြား တယ်ပြောချင်ကြတာကိုး (မသိတဲ့သူတွေကပြော၊ မတတ် တဲ့သူတွေကမှတ်၊ မဟုတ်တဲ့သူတွေကယုံ၊ တပုံဘပင်တော့ အကုန် အစင်သွားကုန်ကြတော့မှာပဲ၊ ဘယ်ကိုသွားမှာမှတ်ကြသလဲ၊ ပဟာသ ငရဲကိုပြောတာ 'အားပေးတိုက်တွန်း ချီးမွမ်းစိတ်တူတဲ့' မှတ်ထားကြ၊ အားပေး တိုက်တွန်းထဲလဲ ပါသွားကြအုန်းမယ်၊ အကောင်းသား

အမှန်သားက (ထိုင်နေတော့အကောင်းသား ထသွားမှကျိုးမှန်းသိ) ဆိုတာလို ဖြစ်နေကြမယ်။

ကျွားကိုက်ပါတယ်ဆို နာတာရှည်လား အပေါက်နဲ့လား မေး နေတဲ့သူလိုကျနေပြီ ငရဲခံရတာပါဆိုပြီး ငရဲခံမလိုလို ဖြစ်မနေဘူးလား သူတို့စကားအမိပ္ပါယ်က ရှိမှောသာနေရရင် ဘယ်ငရဲခံရတယ်ပြော ပါ့မလဲ သူများပြောလို့ မိမိတို့လဲထမင်းစားထားတာ ကိုယ်ပိုင်ဉာဏ် လေးနဲ့များ တွေးကြည့်စမ်းပါအုန်း၊ ဟုတ်လောက်၏ မဟုတ် လောက်၏။

ငရဲဆိုတာက 'အယတော သုခတော နိဂ္ဂတောတိ နိရယော' အယ တော သုခတော၊ ချမ်းသာမှု။ နိဂ္ဂတော၊ ထွက်သွားရသည်တည်း။ ဣတိ၊ ထို့ကြောင့်။ နိရယော၊ နိရယမည်၏။ ဝါ၊ ငရဲမည်၏။ (ဋီကာကျော်။)

ချမ်းသာမဘက် ဒုက္ခသက်သက်ဖြစ်တဲ့နေရာအရပ်ကို ငရဲဘုံလို့ဆို ထားပါသဖြင့် ဘယ်ကလာရှိနေရမှာလဲ အရပ်ကတို့ရဲ့ ပွဲကြည့်တဲ့သူ တွေ ဟာသငရဲရောက်တယ်ဆိုတဲ့စကား ကြားသိလိုက်ရတော့ ငယ်ငယ် တုန်းက ရွာကျောင်းမှာ ကပ္ပိယမဟုတ်, ဖိုးသူတော်မဟုတ်, ကပ္ပိယ ကပြားတယောက်က ဆရာတော်ဟောတော်မူတဲ့တရားတွေ ခုတုံးလုပ် လုပ်ပြီး စကားဝိုင်းကျရင် ဒါ-ဆရာတော်ဟောတာ၊ ဆရာတော်ဟော တာနဲ့ အသားလုပ်သလိုလို၊ ဂုဏ်ယူသယောင်ယောင် ဖေါင်ဖေါင်နဲ့ ပြောတတ်ပါတယ်။

တကယ်တော့ ဆရာတော်ဟောတာ မဟုတ်ပါဘူး၊ သူ့ဟာသူ ထင်ရာမြင်ရာ သူ့စိတ်ကူးနဲ့သူ ရှောက်ပြောနေတဲ့ လူတယောက်ပဲလို့ သတ်မှတ်ဆိုရပါမယ်၊ ထားပါတော့လေ....

နေရာကျအနေသိအောင် လယ်လယ်ပတ်ပတ်သိအောင် လေ့လာကြ ပါ၊ ဆည်းပူးကြပါ၊ပညာရှိများ မေးစမ်းကြည့်ကြပါ၊သူတော်ကောင်း

တရား အခါအခွင့်ကြုံတိုင်း နာကြားကြပါလို့ တိုက်တွန်းလိုက်ပါရစေ၊ ထပ်ရှင်းပြပါအုန်းမယ်။

မြတ်စွာဘုရားသည်ပင် ငါ၏ချစ်သားချစ်သမီးတို့လို့ ခေါ်တော်မူသေးတာ ပိုရှင်းသွားအောင် အခုဟောပြမဲ့သစ္စာနှစ်ရပ်ကို အတပ်သိအောင် နာကြားကြ။

## သစ္စာနှစ်ရပ်အတပ်သိမှု ပဏ္ဍိတ

၁။ သမ္မုတိသစ္စာ

၂။ ပရမတ္ထသစ္စာ-ဟူ၍ သစ္စာနှစ်ပါးရှိပါတယ်။

၁။ သမ္မုတိသစ္စာဆိုတာ တော၊ တောင်၊ ရေ၊ မြေ၊ သမုဒ္ဒရာ၊ ပုဂ္ဂိုလ်သတ္တဝါ၊ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမ၊ မောင်ဖြူ၊ မနီစတဲ့အမည် ပညတ် ခေါ်ဝေါ်သမျှ သမုတ်ထားတဲ့ အရာအားလုံးကို သမ္မုတိသစ္စာလို့ ဆိုပါတယ်။

ပရမတ္ထအားဖြင့် ထင်ရှားမရှိ၊ မရှိပညတ်ကို ပြောဆိုသုံးစွဲရင် သမ္မုတိသစ္စာအနေနဲ့ ဝန်ခံရမှာဖြစ်သလို သမ္မုတိသစ္စာအားဖြင့် ထင်ရှားရှိတဲ့ ရှိပညတ်ကို ပြောဆိုသုံးစွဲရင် ပရမတ္ထအနေနဲ့ ဝန်ခံရမှာပဲဖြစ်ပါတယ်။

သမ္မုတိသစ္စာဆိုတာကလဲ မှန်သင့်သလောက် မှန်တာပါပဲ၊ ဒါကြောင့်လဲ သစ္စာသဒ္ဒါတပ်ပြီး သမ္မုတိသစ္စာလို့ ပြောဆိုသုံးစွဲတာဖြစ်ပါတယ်၊ ဒီလိုမှပြောဆိုခေါ်ဝေါ်မသုံးစွဲရင် မဖြစ်နိုင်ပါ။

ဥပမာ။ ။ဓါတ်လေးပါး အစုအဝေးချည်းဖြစ်လို့ ဟေး ဓါတ်ကောင်,ဓါတ်ကောင်မဟု သုံးစွဲရင် မဖြစ်နိုင်သလို မောင်ဖြူ, မနီစသဖြင့် သမ္မုတိသစ္စာအဆုံး သစ္စာစကား ထည့်သွင်းပြောကြားရမှာပဲ ဖြစ်ပါဘယ်၊ ငါ့အလှူ၊ ဒို့အလှူ၊ ငါ့ယောကျ်ား၊ ငါ့မိန်းမ၊ ငါ့သား၊ ငါ့သမီးစသဖြင့် ခေါ်ဝေါ်သုံးစွဲရမှာပါဘဲ။

အထူးမှတ်သားထားရမှာက–

ဘုရားရဟန္တာမှာလဲ လောကီခန္ဓာရှိနေလေတော့ သက္ကာယဆိုတာ ရှိနေပါသေးတယ်၊ သက္ကာယဆိုတာကလဲ....

၁။ ရူပက္ခန္ဓာ။ ၂။ ဝေဒနာက္ခန္ဓာ။ ၃။ သညာက္ခန္ဓာ။

၄။ သင်္ခါရက္ခန္ဓာ။ ၅။ ဝိညာဏက္ခန္ဓာ။

ဒီခန္ဓာငါးပါးကိုပင် သက္ကာယလို့ခေါ်ပါတယ်၊ ဒါပေမဲ့ သက္ကာယကို စွဲလမ်းပြီး ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမဟူ၍ မှားယွင်းတဲ့ သက္ကာယဒိဋ္ဌိ စွဲလမ်းမှုမျိုးကား မရှိတော့ဘူး ဆိုတာ အထူးသတိထားစေလိုပါတယ်၊ တရားနာသူရိသတ် နာနာမှတ်၊ ပုထုဇဉ်တွေဖြစ်နေသေးလို့ ငါပါမှာစိုးရင် စေတနာကို အလှူပေး ပုဂ္ဂိုလ်လို့ မစွဲလမ်းကြပါနဲ့၊ အဲဒီလိုမစွဲလမ်းပဲ လှူနိုင်ကြရင်တော့ ငါပါ မှာ မစိုးရတော့ပါ၊ နားလည်သဘောပေါက်ကြပါသလား ပရိသတ်၊ သူများအလှူ မခိုင်းပါနဲ့ မိမိကိုယ်တိုင်လှူကြပါ၊ ဘာပြုလဲ မိမိသန္တာန် မှာ ကုသိုလ်စိတ်ဖြစ်နေမှ ကုသိုလ်ရတယ်။

ဒါဖြင့်ရင် သမ္မုတိသစ္စာ၊ ပရမတ္ထသစ္စာနှစ်ပါးကို ကွဲကွဲပြားပြား ခွဲခွဲခြားခြား သိရှိကြရန် အရေးတကြီး လိုအပ်နေတယ်လို့ ဆိုရပါ မယ်၊ ဒီသစ္စာနှစ်ရပ် အတပ်သိမှသာ နောက်ကဟောခဲ့တဲ့ သံသယ– ဇဝေဇဝါ မသေမချာလေးတွေ သေသေချာချာ ပျောက်ကင်းသွားကြ မှာမို့ သမ္မုတိသစ္စာ၊ ပရမတ္ထသစ္စာနှစ်ပါးကို မွမ်းမံလေ့လာမှတ်သား ပွားများကြပါလို့ တိုက်တွန်းလိုက်ရပါတော့သတည်း။

ဒါနံ၊ ပေးကမ်းလှူဒါန်း စွန့်ကြဲခြင်းဆိုတဲ့ ဒါနတရားကို။ ဒေသ၊ ကြည်ဖြူ ရွှင်လန်း စေတနာလွှမ်းပြီး လှူဒါန်းလိုက်ကြပါကုန်လော့၊ လှူကြပါ။

လှူကြပါဆိုတဲ့စကား ဒီနေရာမှာ တခဏ်းရပ်ဆိုတာလိုပေါ့နော် တရားနာပရိသတ်တွေ။

နိဗ္ဗာန်မရောက်မီ လိုရာခဏသုံးစားရဘို့ (အနုဂါမိက) ဆိုတဲ့ ဥစ္စာ ထုပ်မြုပ်နှံကြ၊ (ခုဒ္ဒကပါဌပါဠိတော်- နိဓိကဏ္ဍသုတ်။)

အမှတ်တမဲ့ မလှူကြပါနဲ့၊ သတိသမ္ပဇဉ်ဉာဏ်ယှဉ်လှူကြပါ၊ သတိ သမ္ပဇဉ် ဉာဏ်ယှဉ်လှူတယ်ဆိုတာ သတိထားလှူတာ၊ ဘယ်လိုသတိထား လှူရမှာလဲ။

၁။ စေတနာကို ငါ့စေတနာလို့ မတပ်မက်ရန်။

၂။ စေတနာကို ငါ-ငါလို့ မထင်မှတ်ရန်။

၃။ စေတနာကို-အလှူပေးပုဂ္ဂိုလ်လို့ မစွဲလမ်းရန်။

၄။ မဟာအသခ်တဓါတ် မြတ်လှတဲ့နိဗ္ဗာန်ကို ဆုတောင်းလှူကြ၊ ကျင့်ကြ၊ ပွါးများကြပါရန် အထူးတိုက်တွန်းလိုက်ရပါတယ်။

ကိုင်း တရားနာပရိသတ်တွေ လှူကြပါဆိုတဲ့ တိုက်တွန်းချက်တရား စပ်လဲ နိဂုံးချုပ်တော့မှာမို့ ဓမ္မပဒအဋ္ဌကထာ ပါပဝဂ် ဗိဠာလပဒက သုဌေးဝတ္ထုစကားရပ်ကိုလဲ မှတ်ထားကြအုန်း။

၁။ မိမိကသာလှူပြီး သူများကိုမတိုက်တွန်းရင် ဖြစ်လေရာဘဝ ပစ္စည်းတော့ချမ်းသာမယ်၊ အခြွေအရံ အသိုင်းအဝန်းမရှိ။

၂။ သူများကိုသာတိုက်တွန်းပြီး မိမိကမလှူပြန်ရင်လဲ ဖြစ်လေရာ ဘဝ သားသမီးအခြွေအရံပေါများမယ်၊ ပစ္စည်းမရှိ ဆင်း ဆင်းရဲရဲ မွဲမွဲတေတေနေရမယ်။

၃။ မိမိကိုယ်တိုင်ကလဲမလှူ၊ သူများကိုလဲ မတိုက်တွန်းတဲ့လူမျိုးက တော့ ဖြစ်လေရာဘဝမှာ အခြွေအရံ အသိုင်းအဝန်းကလဲနဲ၊ ပစ္စည်းလဲမွဲ ဖြစ်တတ်ပြန်တယ်။

၄။ မိမိကိုယ်တိုင်လဲလှူတယ်၊ သူများကိုလဲ တိုက်တွန်းပေးတယ်ဆို တဲ့ သူများကျတော့ (တိုင်းထက်အလွန် တံခွန်နဲ့ဘုရား) ဆိုတာလိုစည်းစိမ်ဥစ္စာ ရတနာရွှေငွေများနဲ့လဲ ပြည့်ပြည့်စုံစုံ နေရတယ်၊သားသမီးအခြွေအရံ အပေါင်းအသင်း အသိုင်း အဝိုင်းနဲ့လဲ ပြည့်ပြည့်စုံစုံဖြစ်နေရတယ်။

အဲဒီစကားလေးခွန်းကို မှတ်ထား၊လေးခွန်းမြောက်ဖြစ်တဲ့ မိမိလဲလှူ, သူများကိုလဲလှူဘို့ တိုက်တွန်းပေးရပါမယ်ဆိုတဲ့စကား နားဝယ်ထားပြီး လှူကြပါ, ကျင့်ကြပါ, မမေ့ကြပါနဲ့လို့ တိုက်တွန်းနှိုးဆော် ဟောကြား ပေးလိုက်ပါရဲ့။

ကောင်မလေးတယောက် ပြောသလို–

ဟိုတုန်းက ရွာတရွာမှာ အရပ်ဆိုးပြီး ပစ္စည်းချမ်းသာတဲ့ ကောင် လေး တယောက်ရှိပါတယ်။

အရုပ်ကဆိုးတော့ ဘယ်ကောင်မလေးတွေမှ ကြိုက်မဲ့သူမရှိဘူးတဲ့၊ ဘယ်ကောင်မလေးနဲ့စပ်စပ် တအုပ်လံ မကြိုက်ဘူးပေါ့။

ဒါနဲ့တနေ့တော့ အိမ်နီးနားချင်း မိန်းမကြီးတယောက်ကို အကူ အညီတောင်းပြီး ကောင်မလေးတယောက် အပြောခိုင်းသတဲ့။

အပြောခိုင်းတော့ ကောင်မလေးက သရော်သလို, ငေါ့သလို ကောင်ကလေးကိုတော့ ဟင့်အင်း ဟင့်အင်း သူ့ပစ္စည်းတွေတော့ လိုချင်လိုချင်လို့ ပြန်ပြောလိုက်သတဲ့။

အဲဒီဥပမာလိုပဲ ဒို့တရားနာလာကြတဲ့ပရိသတ်တွေလဲ နိဗ္ဗာန်ကြီး တော့ ရောက်ချင်ရောက်ချင် ဒါန သီလ ဘာဝနာဘုရားကျတော့ ဟင့်အင်း ဟင့်အင်း ဆိုတာလို မဖြစ်ကြပါစေနဲ့လို့ ထပ်မံတိုက်တွန်း ဟောလိုက်ပါရစေ၊ ထိုင်နေရင်း နိဗ္ဗာန်ရောက်ချင်လို့ မဖြစ်ဘူးနော်၊ မြတ်စွာဘုရား ဟောတဲ့တရား မနားမနေ အားကာကုသ် ကြိုးစား

အားထုတ်မှ ရောက်မှာ၊ ပေါ့ပေါ့တန်တန်နဲ့ ရောက်မှာမဟုတ်ဘူး၊ ထားပါတော့လေ ရှေ့ကိုသွားမယ်။

## ကျင့်ကြပါ

လှူကြပါဆိုတဲ့စကားကို ဥပမာ ဥပမေယျ-သက်သေ သာဓက များ ထုတ်ဆောင်ကာ ဒီလောက်ဟောပြောခဲ့သောအားဖြင့် တရားနာလာကြတဲ့ ပရိသတ်တွေအားလုံး တလုံးမကျန် သဘောပေါက်နားလည်ကြတယ်လို့ မဆိုနိုင်စေကာမူ အသင့်အတင့် ရိပ်စားမိလောက်ပီ၊ သဘောပေါက်မှတ်မိလောက်ပီလို့ ထင်ရတဲ့အတွက် ဒီကျင့်ကြပါဆိုတဲ့ စကားတခွင်ကို တရားစဉ်ဟောလိုက်ကြအုန်းစို့။

ဒါကြောင့် 'ဓမ္မာနုဓမ္မပဋိပတ်' ဆိုတဲ့စကားကို တရားနာလာခဲ့ကြတဲ့ ပရိသတ်အားလုံး ပထမဦးဆုံး နားလည်သဘောပေါက်ဘို့ လိုပါလိမ့်မယ်။

ဓမ္မာနုဓမ္မပဋိပတ်ဆိုတာက မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန် ဆိုတဲ့ လောကုတ္တရာတရားကိုးပါးအားလျော်သော အကျင့်မြတ်ပဲ ဖြစ်ပါတယ်။

ဒီမဂ်လေးတန်, ဖိုလ်လေးတန် နိဗ္ဗာန်ရောက်ဘို့ ကျင့်ရမဲ့အကျင့်မှန် သမျှ ဓမ္မာနုဓမ္မပဋိပတ်လို့ ခေါ်ပါတယ်။

နောက်ကဟောခဲ့တဲ့ ဒါနတရားတွေလဲ မဂ် ဖိုလ်၊ နိဗ္ဗာန်ရောက်ရန် လှူဒါန်းတဲ့အတွက် ဓမ္မာနုဓမ္မပဋိပတ်လို့ မှတ်ခဲ့။

ဒါဖြင့်ကောင်းပြီ၊ လောကုတ္တရာကိုးပါးအားလျော်သော အကျင့် ဆိုတာတွေက ဘယ်တရားတွေလဲဆိုရင် အယုတ်ဆုံး သရဏဂုံဆောက် တည်တာကစပြီး ဒါန သီလ စတဲ့ ပုညကိရိယာဝတ္ထုဆယ်ပါး, စရိယ သုံးပါးစတဲ့ တရားတွေဟာလဲ ဓမ္မာနုဓမ္မပဋိပတ် တိုတိုပြောရရင် မဂ် ဖိုလ် နိဗ္ဗာန်ရောက်အောင်ကျင့်တဲ့ အကျင့်မှန်သမျှ အကုန်လုံး

ဓမ္မာနုဓမ္မပဋိပတ်ခေါ်တယ်လို့ အင်္ဂုတ္တရမဟာဋီကာမှာ ဖွင့်ပြထားပါတယ်။

အမြွက်ဆုံးနည်းကတော့ ဣတိဝုတ်အဋ္ဌကထာမှာ သီလဝိသုဒ္ဓိစတဲ့ ဝိသုဒ္ဓိခြောက်ပါးဟာ သောတာပတ္တိမဂ်ရဲ့ ရှေးအဘို့၌ကျင့်ရမဲ့ ဓမ္မာနုဓမ္မပဋိပတ်ပဲလို့ မိန့်ဆိုပါတယ်။

ဓမ္မာနုဓမ္မပဋိပတ် အဓိပ္ပါယ် သိသွားပြီပေါ့နော်၊ ဒါဖြင့် နောက်ကဟောခဲ့တဲ့ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ဖြစ်တဲ့ သရဏဂုံ တရား ပထမဦးဆုံး ဟောရမှာပေါ့။

သရဏဂုံဟာ ဘုရားပွင့်တော်မူမှ ရှိနိုင်တာနော်၊ ဘုရားမပွင့်တဲ့ သာသနာ့အခါ မရှိနိုင်ပါဘူး။

သရဏဂုံဆိုတာ—

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ၊

ဘုရားရတနာ, တရားရတနာ, သံဃာရတနာတည်းဟူသော ရတနာသုံးပါး၌ ကြည်ညိုခြင်းတို့ဖြင့် ဖျောက်ဖျက်အပ်ပြီတဲ့ ညစ်ညူးခြင်း ရှိသည်ဖြစ်၍၊ ရတနာသုံးပါးမှအပ ကိုးကွယ်ဆည်းကပ် အားထားရာ မရှိ၊ ရတနာသုံးပါးသာလျှင် ကိုးကွယ်ဆည်းကပ် အားထားရာရှိတယ် ဆိုတဲ့ အခြင်းအရာဖြစ်တဲ့ မဟာကုသိုလ်စိတ္တုပ္ပါဒ်လို့ ခေါ်ပါတယ်။

ဒီသရဏဂုံမှာ လောကီသရဏဂုံ, လောကုတ္တရာသရဏဂုံဟူ၍ နှစ်မျိုးရှိပါတယ်။

ဘုရား, တရား, သံဃာဆိုတဲ့ ရတနာသုံးပါးအား ကြည်ညိုအားထား မှီခိုခြင်းဟူသော မဟာကုသိုလ်စိတ်နှင့်ပြည့်စုံတဲ့သူဟာ သရဏဂုံ တည်တဲ့သူလို့ ခေါ်ပါတယ်။

၁။ လောကုတ္တရာ သရဏဂုမ်ဆိုတာက အရိယာပုဂ္ဂိုလ်များ မဂ်ကို ရသောခဏ၌ သရဏဂုမ်၏ ညစ်ညူးခြင်းကိုဖြတ်သဖြင့် နိဗ္ဗာန် လျှင်အာရုံရှိသည်ဖြစ်၍ သစ္စာလေးပါးကို ထိုးထွင်း၍ သိမြင် ခြင်းကို လောကုတ္တရာသရဏဂုမ်လို့ ခေါ်ပါတယ်၊ ဒီလော ကုတ္တရာ သရဏဂုမ်က မဂ်ဖြင့်ပြီးသောကြောင့် အထူးအပြား မရှိပါ။

၂။ လောကီသရဏဂုမ်ဆိုတာက ပုထုဇဉ်တို့၏သရဏဂုမ် ညစ်ညူး ခြင်းကိုခွါသဖြင့် ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးလျှင် အာရုံ ရှိသည်ဖြစ်၍ ပြည့်စုံတဲ့သရဏဂုမ်ကို ခေါ်ပါတယ်၊ တရား ကိုယ်အားဖြင့် ဘုရားစတဲ့ ရတနာသုံးပါးတို့၌ ယုံကြည်ခြင်း၊ ယုံကြည်ခြင်းလျှင် အရင်းရှိသော သမ္မာဒိဋ္ဌိဉာဏ် ဆယ်တန် သော ပုညကြိယာ ဝတ္ထုတို့တွင် ဒိဋ္ဌိဇုကမ္မတရားသည် လောကီ သရဏဂုမ်ခေါ်ပါတယ်။

လောကုတ္တရာ သရဏဂုမ်သည် အထူးအပြားမရှိပေမဲ့ လောကီသရ ဏဂုမ်ကတော့ အောက်ပါအတိုင်း လေးမျိုးကွဲပြားပါတယ်။

၁။ အတ္တသန္နိယျာတန သရဏဂုမ်၊

၂။ တပ္ပရာယန သရဏဂုမ်၊

၃။ သိဿာဘာဝူပဂမန သရဏဂုမ်၊

၄။ ပဏိပါတ သရဏဂုမ်ဟူ၍ လေးမျိုးရှိပါတယ်။

၁။ အတ္တသန္နိယျာတန သရဏဂုမ်ဆိုတာက မိမိကိုယ်ကို ရတနာ သုံးပါးတို့အား အပ်နှင်းခြင်းကို ခေါ်ပါတယ်။

၂။ တပ္ပရာယန သရဏဂုမ်ဆိုတာက ရတနာသုံးပါးလျှင် လည်း လျောင်းရာရှိသောအားဖြင့် ဖြစ်တဲ့ သရဏဂုမ်ကို ခေါ်ပါ တယ်။

၃။ သိဿဘာဝူပဂမန သရဏာဂုမ်ဆိုဘာက တပည့်၏အဖြစ်ဖြင့် ဆည်းကပ်တဲ့ သရဏာဂုမ်ကို ခေါ်ပါတယ်။

၄။ ပါဏိပါတ သရဏာဂုမ်ဆိုဘာက ရတနာသုံးပါးတို့အား ရှိခိုးခြင်း, ခရီးဦးကြိုဆိုခြင်း စသည်တို့ကိုပြုတဲ့ သရဏာဂုမ်ကို ခေါ်ပါတယ်။

## သရဏာဂုမ်ဆောက်တည်ပုံမှာ

၁။ ယနေ့ကိုအစပြု၍ ကျွန်ုပ်သည် မိမိကိုယ်ကို မြတ်စွာဘုရားအား အပ်နှင်းပါ၏၊ တရားတော်မြတ်အား အပ်နှင်းပါ၏၊ သံဃာတော်မြတ်အား အပ်နှင်းပါ၏၊ ကျွန်ုပ်ကို ကိုယ်ကို အပ်နှင်းသူဟူ၍ မှတ်တော်မူပါလော့ဟုဆိုပြီး ဆောက်တည်ခြင်းသည် အတ္တသန္နိယျာတန သရဏာဂုမ်ကို ဆောက်တည်ရပါမယ်။

၂။ ယနေ့ကို အစပြု၍ ကျွန်ုပ်သည် ဘုရားရှင်သာ ကိုးကွယ်လည်းလျောင်းရာ ရှိ၏၊ တရားတော်သာ ကိုးကွယ်လည်းလျောင်းရာရှိ၏၊ သံဃာတော်သာ ကိုးကွယ်လည်းလျောင်းရာရာရှိ၏၊ ဤသို့လျှင် ကျွန်ုပ်ကို ရတနာသုံးပါးလျှင် ကိုးကွယ်လည်းလျောင်းရာ ရှိသောသူဟူ၍ မှတ်တော်မူပါလော့ဟုဆိုပြီး တပ္ပရာယန သရဏာဂုမ်ကို ဆောက်တည်ရပါမယ်။

၃။ ယနေ့ကိုအစပြု၍ ကျွန်ုပ်သည် မြတ်စွာဘုရား၏ အနီးနေတပည့်ပါတည်း၊ တရားတော်၏အနီးနေ တပည့်ပါတည်း၊ သံဃာတော်မြတ်၏ အနီးနေတပည့်ပါတည်း၊ ဤသို့လျှင် ကျွန်ုပ်ကို ရတနာသုံးပါးတို့၏ အနီးနေ တပည့်အဖြစ်သို့ ရောက်သောသူဟူ၍ မှတ်တော်မူပါလော့ဟုဆို၍ သိဿဘာဝူပဂမန သရဏာဂုမ်ကို ဆောက်တည်ရပါမယ်။

၄။ ယနေ့ကိုအစပြု၍ ကျွန်ုပ်သည် ရတနာသုံးပါးတို့အားသာလျှင် လက်အုပ်ချီမိုးရှိခိုးခြင်း, ခရီးဦးကြိုဆိုခြင်း, အရိုအသေပြုခြင်းကို ပြုပါ၏၊ ဤသို့လျှင် ကျွန်ုပ်ကို ရတနာသုံးပါးအား လက်အုပ်ချီမိုး ရှိခိုးခြင်းစသည်ကို ပြုလုပ်သောသူဟူ၍ မှတ်တော်မူပါခလော့ဟုဆိုပြီး ပါဏိပါတ သရဏဂုံကို ဆောက်တည်ရပါမယ်။

ဒါပေမဲ့ ချွင်းချက်ရှိနေပါသေးတယ်၊ အဲဒီချွင်းချက်က ဘာလဲဆိုတော့ မြတ်စွာဘုရားအား သာကီဝင် မင်းမျိုးတွေက ဒို့အမျိုးပဲဟု ကိုးကွယ်ဆည်းကပ်တာရယ် မြတ်စွာဘုရားဆိုတာ တော်တော်တန်ခိုးကြီးတယ်။ ဒို့တွေမကိုးကွယ်ရင် တခုခုများဖြစ်မလားဟု ကြောက်လို့ရှိခိုးတာရယ်၊ ဘုရားလောင်းဖြစ်သောအခါ၌ဖြစ်စေ၊ ဘုရားဖြစ်တော်မူသောအခါ၌ဖြစ်စေ ဆရာဖြစ်ဘူးသည်ကိုမှတ်၍ ရှိခိုးခြင်းစသည်ဖြင့် ရှိခိုးတဲ့သူအား သရဏဂုံ မမြောက်ပါဘူး။

လောကသုံးပါး အတုမရှိမြတ်သော ပုဂ္ဂိုလ်တည်းဟုမှတ်ပြီး ရှိခိုးကိုးကွယ်မှသာ သရဏဂုံမြောက်တယ်လို့ မှတ်ထားကြပေါ့။

ငါသည် ပါဠိအဋ္ဌကထာနှင့်တကွသော ပိဋကတ်သုံးပုံကို သင်ကြားသဖြင့် လိမ္မာတတ်မြောက်ပေသည့်တကားဟု မှတ်ပြီး ရှိခိုးကိုးကွယ်ရင်လည်း သရဏဂုံ မမြောက်ပါဘူး။

ဤပါဠိ အဋ္ဌကထာတို့သည် အထွတ်အမြတ်ပါတကားဟုမှတ်ပြီး ရှိခိုးကိုးကွယ်မှသာ သရဏဂုံမြောက်ပါတယ်။

ဒီရဟန်းဟာ ငါတို့အမျိုး ငါတို့မိတ်ဆွေသူငယ်ချင်း ငါတို့ဆရာသမားပဲဟုမှတ်ပြီး ရှိခိုးကိုးကွယ်ပါမူ သရဏဂုံ မမြောက်ပါ၊ အရိယာတို့၏အနွယ်ဖြစ်၍ အမြတ်ဆုံးပုဂ္ဂိုလ်ဟု မှတ်ပြီးရှိခိုးကိုးကွယ်မှသာ သရဏဂုံမြောက်တယ်လို့လဲ မှတ်ထားကြ။

၂၁ ရတနာ၃၇၊ ဂ်ရည်(က-၁၇)

တရားနာပရိသတ်သတိမူဘို့က သာသနာတော်မှာအပဖြစ်တဲ့ ခရာဇ်ယာမ်ဘုန်းကြီး ဘုရင်ဂျီဘုန်းကြီး စသည့်တို့အား ဆွေမျိုးတော်လို့ပဲ ဖြစ်ဖြစ် ရှိခိုးကိုးကွယ်ခြင်း၊ မင်းအားကြောက်လို့ရှိခိုးခြင်း မိရိုးဖလာ ဖြစ်လို့ နတ်အားရှိခိုးခြင်းစသည်တို့ကို ပြုပေမဲ့ သရဏဂုမ်မပျက်ပါဘူး ဟု မှတ်ကြပါ။

သရဏဂုမ် ဆောက်တည်ရကျိုး–

လောကုတ္တရာ သရဏဂုမ်ဆိုတာကတော့ အရိယာပုဂ္ဂိုလ်များသာ ရနိုင်တဲ့အတွက် အထူးမပြောတော့ဘူး၊ လောကီသရဏဂုမ်အကျိုးကိုသာ ပြောပြပါမယ်။

ဒို့တတွေရဲ့ ဘုရားအလောင်းတော် ဝေလာမပုဏ္ဏားကြီးဟာ–

၁။ ရွှေခွက်ရှစ်သောင်းလေးထောင်

၂။ ငွေခွက်ရှစ်သောင်းလေးထောင်

၃။ ရတနာ ခုနစ်ပါးဖြင့်ပြီးသော ကြေးခွက် ရှစ်သောင်းလေးထောင်

၄။ အလုံးစုံသော တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သော ဆင် ရှစ်သောင်းလေးထောင်

၅။ မြင်းရှစ်သောင်းလေးထောင်

၆။ ရထားရှစ်သောင်းလေးထောင်

၇။ နို့ညှစ်နွားမ ရှစ်သောင်းလေးထောင်

၈။ သတို့သမီး ရှစ်သောင်းလေးထောင်

၉။ ပလ္လင် ရှစ်သောင်းလေးထောင်

၁၀။ ဆယ်ထည်ကိုတစုံ ပြုလုပ်ပြီး ပုဆိုးအစုံပေါင်း ရှစ်သောင်း လေးထောင် အစရှိသဖြင့် မရေမတွက်နိုင်တဲ့ ထမင်းအဖျော် စားဘွယ်သောက်ဘွယ် ဘောဇဉ်ချိုချဉ်တို့ဖြင့် ခုနစ်နှစ်,ခုနစ်

လှ ခုနစ်ရက်နေ့တိုင်းမပျက် တကယ့်ကို ထမင်းရေချောင်းစီး အောင် ကြီးကြီးကျယ်ကျယ်လှူဒါန်းပေးကမ်း စွန့်ကြဲတဲ့အလှူ ကြီးထက် သောတာပန်တယောက်ကို ပေးလှူရခြင်း၊သောတာ ပန်တရာကို လှူရခြင်းထက် သကဒါဂါမိဘယောက်ကို ပေးလှူ ရခြင်း၊ သကဒါဂါမိတရာကို ပေးလှူရခြင်းထက် အနာဂါမိ တယောက်ကိုပေးလှူရခြင်း၊ အနာဂါမိ ဘရာကို ပေးလှူရခြင်း ထက် ရဟန္တာတပါးကို ပေးလှူရခြင်း၊ ရဟန္တာတပါးကို ပေးလှူရခြင်းထက် ပစ္စေကဗုဒ္ဓါတပါးကို ပေးလှူရခြင်း၊ ပစ္စေကဗုဒ္ဓါဘပါးကို ပေးလှူရင်ခြင်းထက် ဘုရားရှင်ကိုပေးလှူ ရခြင်း၊ ဘုရားရှင်ကို ပေးလှူရခြင်းထက် ဘုရားအမှူးရှိသော သံဃာတော်ကို ပေးလှူရခြင်း၊ ဘုရားအမှူးရှိသော သံဃာ တော်ကို ပေးလှူရခြင်းထက် စတုဒိသာ သံဃာတော်ကိုရည်၍ ကျောင်းဆောက်၍လှူရခြင်းသည် ကြီးမားသောအကျိုးရှိပါ တယ်၊ စတုဒိသာသံဃာကိုရည်၍ ကျောင်းဆောက် လှူရခြင်း ထက် အခုဟောနေတဲ့ သရဏဂုံ ဆောက်တည်ရခြင်းသည် အလွန်အကျိုးမြတ်၏ဟု ဟောတော်မူပါတယ်။

(ဟောလိုတာက ပုဂ္ဂိုလ်များနဲ့ အဆင့်အတန်းအလိုက် အကျိုးပေး မှာလဲ တဆင့်တဆင့် အကျိုးကြီးမြတ်တယ်လို့ ဟောလိုတာပါဘဲ။)

ဒါ–အကျိုးတွေတင်ပဲလားတဲ့ မကသေးပါဘူး၊ ရှိပါသေးတယ်။

ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာဆိုတဲ့ ရတနာသုံးပါး ကို ကိုးကွယ်ဆည်းကပ်မှီခိုရာဟူ၍ ဆောက်တည်ခြင်းဆိုတဲ့ ကုလိုလ် စေတနာကြောင့် စုတေမနေသေလွန်တဲ့အခါ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်ဆိုတဲ့ အပါယ်လေးပါးမလားရပဲ လူတို့စည်းစိမ်ချမ်းသာ၊ နတ်တို့ရဲ့စည်းစိမ်ချမ်းသာ ရရှိခံစားကြရပါတယ်လို့ ဓမ္မပဒပါဠိတော်၌ ဟောတော်မူပါတယ်။

နတ်၌ဖြစ်တဲ့ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ အခြံအရံများခြင်း၊ ချမ်းသာကြီးခြင်း၊ ကာမဂုဏ်ငါးပါးနှင့် ပြည့်စုံရခြင်းစတဲ့ ဆယ်ပါးသောအကျိုးကိုလဲ ရရှိခံစားရပါတယ်တဲ့။

နောက်ပြီး လောကီသရဏဂုံ ဆောက်တည်ရတဲ့အကျိုးဟာ ဟောခဲ့တဲ့အတိုင်း (ဘောဂသမ္ပတ္တိ)နှင့် ပြည့်စုံရုံတင် မကသေးပဲ ဘုရားရတနာ, တရားရတနာ, သံဃာရတနာဆိုတဲ့ ရတနာမြတ်သုံးပါးဆိုတာ အသုံးစုံသော ဆင်းရဲအပေါင်းကို ပယ်ဖျောက်၍ ချမ်းသာကိုသာ လျှင် ပေးတတ်သောအရာဟု ယုံကြည်သောစိတ်ဖြင့် ကိုးကွယ်ဆောက်တည် ဆည်းကပ်တဲ့သူဟာ ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာဆိုတဲ့ သစ္စာလေးပါး မြတ်တရားတို့ကို ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့ဖြင့် သိမြင်နိုင်တယ်ဆိုတဲ့ အကျိုးတွေကိုလဲ ရနိုင်တယ်၊ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက် နိဗ္ဗာန်မျက်မှောက်ပြုရတယ်လို့ ဟောတော်မူပါတယ်၊ ဒါကြောင့် မြတ်စွာဘုရားက....

ယောစဗုဒ္ဓဉ္စ ဓမ္မဉ္စ သံဃဉ္စ သရဏံဂတော၊
စတ္တာရိ အရိယသစ္စာနိ သမ္မာပညာယပဿတိ၊
ဧတံခေါ သရဏံခေမံ ဧတံသရဏမုတ္တမံ၊
ဧတံသရဏ မာဂမ္မ သဗ္ဗဒုက္ခာ ပမုစ္စတိ။

(ဓမ္မပဒပါဠိတော်ဗုဒ္ဓဝဂ်)

ဘိက္ခဝေ၊ ရဟန်းတို့။ ယောနရော၊ အကြင်သူသည်။ ဗုဒ္ဓဉ္စ၊ မြတ်စွာဘုရားကိုလည်း။ ဓမ္မဉ္စ၊ တရားတော်ကိုလည်း၊ သံဃဉ္စ၊ သံဃာတော်မြတ်ကိုလည်း။ သရဏံ-သရဏံဣတိ၊ ကိုးကွယ်ရာဟူ၍။ ဂတော၊ ဆည်းကပ်ခြင်းသို့ ရောက်၏။ သောနရော၊ ထိုသူသည်။ စတ္တာရိ၊ လေးပါးကုန်သော။ အရိယသစ္စာနိ၊ အရိယသစ္စာတို့ကို။ သမ္မာ၊ ကောင်းစွာ။ ပညာယ၊ ပညာဖြင့်။ ပဿတိ၊ မြင်နိုင်၏။ ဧတံသရဏံ၊ ထိုသရဏဂုံ

ဆောက်တည်ခြင်းသည်။ ခေမံ၊ ဘေးမရှိ။ တေံသရဏံ၊ ထိုသရဏဂုံ ဆောက်တည်ခြင်းသည်။ ဥတ္တမံ၊ မြတ်၏။ တေံသရဏံ၊ ထိုသရဏဂုံ ဆောက်တည်ခြင်းကို။ အာဂမ္မ၊ စွဲ၍။ သဗ္ဗဒုက္ခာ၊ ခပ်သိမ်းသော အပါယ်ဆင်းရဲ သံသရာဝဋ်ဆင်းရဲမှ။ ပမုစ္စတိ၊ လွတ်လတံ့။

အဲဒီလို သံသရာဝဋ်မှ ထွက်မြောက်ခြင်းငှါ သရဏဂုံသုံးပါးကို ဆောက်တည်တဲ့သူဟာ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်သည်မည်တယ်လို့ ကျမ်းဂန်၌ဆိုပါသဖြင့်....

သမ္မာသမ္ဗောဓိ ဆု,

ပစ္စေကဗုဒ္ဓါ ဆု,

အဂ္ဂသာဝက ဆု,

မဟာသာဝက ဆု,

ပကတိသာဝကဆုတို့တွင် မိမိအလိုရှိတဲ့ဆုကို ရရှိနိုင်ပြီး နိဗ္ဗာန်အထိ လောကုတ္တရာအကျိုးကို ပေးစေနိုင်တယ်လို့ ဟောတော်မူပါတယ်၊ အဲဒီလို လောကီအကျိုး လောကုတ္တရာအကျိုးပေးတယ်ဆိုပေမဲ့ သရဏဂုံ ညစ်ညူးကြောင်း ကြေးညှော်တွေ ကင်းစင်သန့်ရှင်းမှသာ အကျိုး ပေးနိုင်ပါတယ်တဲ့။

သရဏဂုံညစ်ညူးခြင်းဆိုတာ–

၁။ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာဆိုတဲ့ ရတနာ သုံးပါးတို့၏ ဂုဏ်ကျေးဇူးကို မသိခြင်းဆိုတဲ့ အညာဏ။

၂။ ဘုရားဆိုတာ မှန်သလော, မမှန်သလော၊
တရားဆိုတာ မှန်သလော, မမှန်သလော၊
သံဃာဆိုတာ မှန်သလော, မမှန်သလောဟု တွေးတော ယုံမှားခြင်းသံသယ။

၃။ ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးတော်ကိုအဖြောင့်အမှန်မယူဘဲဖေါက်ဖေါက်ပြန်ပြန် မှောက်မှောက်မှားမှားယူခြင်း၊မိစ္ဆာဉာဏ် မဖြတ်နိုးခြင်းဆိုတဲ့ အနာဒရ မရိုသေမကိုင်းရှိုင်း အလေးအမြတ်မပြုခြင်းဆိုတဲ့ အဂါရဝ အစရှိတဲ့ အကုသိုလ်တရားတွေဟာ သရဏဂုံရဲ့ညစ်ညူးကြောင်း တရားတွေပါပဲ၊ အခုဟောခဲ့တဲ့ သရဏဂုံရဲ့ညစ်ညူးကြောင်း အကုသိုလ်တရားတွေ မရှိကင်းစင်သန့်ရှင်းနေမှ အကျိုးတွေကို ရရှိခံစားကြရမှာပဲဖြစ်ပါတယ်။

သရဏဂုံဆိုတာကလဲ ပျက်စီးတဲ့သရဏဂုံ၊ မပျက်စီးတဲ့သရဏဂုံလို့ရှိပါတယ်၊ လောကုတ္တရာ သရဏဂုံဆိုတာကတော့ ဘယ်ဘဝရောက်ရောက် ဘယ်တော့မှမပျက်တော့ပါဘူး၊ ဘာပြုလို့လဲဆိုတော့ အရိယာတို့မှာသာရအပ်သော သရဏဂုံဖြစ်လို့ မဂ်ဖြင့် အရိယာပုဂ္ဂိုလ်တို့ ဘဝတပါးပြောင်းသွားပေမဲ့ ရတနာသုံးပါးမှတပါး အခြား တိတ္ထိတက္ကဒွန်းစတဲ့သူတွေကို ဆရာဟူသောအမှတ်ဖြင့် ကိုးကွယ်ဆည်းကပ်တဲ့သူ မရှိတော့တဲ့အတွက် ဘုရားကေန်မှန်တယ်၊ တရားကေန်မှန်တယ်၊ သံဃာကေန်မှန်တယ်လို့ ခြွင်းချက်မရှိ အကြွင်းမဲ့ မတုန်မလှုပ် သက်ဝင်ယုံကြည်လို့လဲ မပျက်စီးတော့ပါ။

လောကီသရဏဂုံဆိုတာကတော့ ပျက်စီးပါသေးတယ်၊ ဘယ်လိုပျက်စီးသလဲဆိုရင် အပြစ်ရှိသောပျက်စီးခြင်း၊ အပြစ်မရှိသောပျက်စီးခြင်းဟူ၍ နှစ်မျိုးရှိပါတယ်၊ အပြစ်မရှိသော ပျက်စီးခြင်းဆိုတာကသာသနာပအခါမှာ မိစ္ဆာအယူမှားတဲ့ အယူရှိတဲ့သူတွေထဲမှာ မိမိကိုယ်ကို အပ်နှံရခြင်း၊ သူတို့ရဲ့ဇာတ်အမှတ်တခုခုကိုပြုခြင်း၊ ရေနစ်ခံခြင်းစတဲ့ အပြုအမူတို့ကိုပြုခြင်းဟာ သေတဲ့အခါမကောင်းတဲ့အကျိုးကိုရစေတတ်လို့ အပြစ်ရှိသောပျက်စီးခြင်းလို့ ခေါ်ပါတယ်။ သေသွားတဲ့အခါ ကိုးကွယ်ဆည်းကပ်လိုသော စေတနာမရှိသည်ဖြစ်၍

ပျက်စီးရခြင်းကို တမလွန်အခါ မကောင်းကျိုးကို မပေးနိုင်လို့လဲ အပြစ်မရှိသော ပျက်စီးခြင်းလို့ ခေါ်တာပါပဲ။

တရားနာပရိသတ်အားလုံး အခုဟောခဲ့တဲ့တရားကို နားလည်သဘောပေါက်ကြပါရဲ့လား မှတ်ခဲ့ကြ။

ဒါကြောင့် သရဏဂုံ ဆောက်တည်တယ်ဆိုတာကလဲ လူတို့ရဲ့စည်းစိမ်ချမ်းသာ၊ နတ်တို့ရဲ့ စည်းစိမ်ချမ်းသာဆိုတဲ့ လောကီအကျိုးတွေ ပေးနိုင်သလို မဂ်ဖိုလ်နိဗ္ဗာန်ဆိုတဲ့ လောကုတ္တရာ အကျိုးကိုလဲ ပေးနိုင်ပါတယ်ဆိုတာ သိရှိသဘောပေါက်နားလည်ပြီး စေတနာ သဒ္ဓါဖြူစင်စွာနဲ့ သရဏဂုံသုံးပါးကို ကြိုးစားဆောက်တည်နိုင်ကြပါစေလို့ တိုက်တွန်းလိုက်ရပါတယ်။

သရဏဂုံနဲ့ပတ်သက်လို့ ဝတ္ထုတပုဒ် ဟောပြပါအုန်းမယ်။

## သရဏ ဂမနမထေရ် ဝတ္ထု

သရဏဂမနမထေရ် ဆိုတာက လွန်ခဲ့တဲ့ ကိုးဆယ့်တကမ္ဘာထက်မှာ ဝိပဿီမြတ်စွာဘုရားသခင် ရှေ့လက်ထက်တော်အခါ ဗန္ဓုမတီပြည်ကြီးမှာ မျက်စိမမြင်တဲ့ မိဘနှစ်ပါးတို့ကို လုပ်ကျွေးမွေးမြူရတဲ့ သူဆင်းရဲ ယောကျ်ားပဲဖြစ်ပါတယ်။

သူဆင်းရဲယောကျ်ားက အော်.... ငါ့မှာ အလှူပေးချင်ပေမဲ့ လှူရန်ဝတ္ထုကမရှိ၊ သုံးလောကထွတ်ထား မြတ်စွာဘုရားသခင် လူတွင်ထင်ရှား ဖြစ်လျက်သားနဲ့ ဒီအတိုင်း လက်ပိုက်ကြည့်နေလို့တော့ မဖြစ်တော့ဘူး၊ကုသိုလ်ကောင်းမှု တခုခုလုပ်မှပဲဟုအကြံရပြီး ကျောင်းတော်သွား၍ အရှင်တပါး ထံတော်၌ သရဏဂုံကို ဆောက်တည်ပါတယ်၊ ဆောက်တည်ပြီးတဲ့ သရဏဂုံကိုလဲ တသက်လုံးမပျက်စေပဲ ကောင်းစွာစောင့်ရှောက် ဆောက်တည်ပါတယ်။

စုတေမနေ သေလွန်တဲ့အခါ တာဝတိံသာ နတ်ပြည်မှာ ဖြစ်ပါတယ်၊ နတ်များစွာကိုအစိုးရတဲ့ သိကြားမင်းအဖြစ် အကြိမ်ရှစ်ဆယ်အထိ ဖြစ်ဘူးပြီး လေးကျွန်းလုံးကို အစိုးရတဲ့ စကြာမင်းအဖြစ်ကိုလဲ ခုနစ်ဆယ့်ငါးကြိမ် အထိ ဖြစ်ဘူးပါတယ်၊ ပဒေသရာဇ်မင်း အဖြစ်ဆိုတာကတော့ မရေမတွက်နိုင်လောက်အောင် များစွာဖြစ်ဘူးတော့တာပါပဲ။

ဒီသရဏဂုံ ဆောက်တည်ခဲ့ရတဲ့ အကျိုးဟာလဲ ဘယ်အရပ်ဒေသမှာပဲဖြစ်ဖြစ် ဒေသခံသူများရဲ့ ပူဇော်သက္ကာရကိုလဲ ခံရပါတယ်တဲ့။

ထက်မြက်သောပညာ, လျင်သောပညာ, မြင်တိုင်းတတ်မြောက်သောပညာမျိုးနှင့် ပြည့်စုံပါတယ်၊ လူ့ရိသတ်, နတ်ပရိသတ်တို့လဲပဲ သွားလေရာနောက် တကောက်ကောက် အစဉ်တစိုက် လိုက်ကြရပါတယ်၊ ရန်သူမျိုး ငါးပါးတို့ မဖျက်ဆီးနိုင်သော အတိုင်းအတာမရှိသော ရွှေ ငွေ စည်းစိမ်ဥစ္စာတို့နှင့် ပြည့်စုံတဲ့ပြင် ရွှေအဆင်းနှင့် တူတဲ့ကိုယ်နှင့် ပြည့်စုံရပြီး လူ့ပြည်နတ်ပြည် ထင်ရှားကျော်ကြား ဖြစ်ခဲ့ရပါတယ်၊ အဲဒီလို ကောင်းကျိုးချမ်းသာ မင်္ဂလာ အဖြာဖြာတို့ကို ခံစားစံစားပြီးမှ ဒိုမြတ်စွာဘုရားသခင်ရဲ့ ရွှေလက်ထက်တော်ရောက်လာတော့ သာဝတ္ထိပြည်မှာ များစွာသော ပစ္စည်းဥစ္စာ ကြွယ်ချမ်းသာ ပြည့်စုံတဲ့သူကြွယ်မျိုးဖြစ်လာပြီး ခုနစ်နှစ်အရွယ်မှာပဲ သာသနာ့ဝန်ထမ်း ရဟန်းပြုလုပ်၍ အာသဝေါ ကုန်ခန်းတဲ့ ရဟန္တာအဖြစ်သို့ ရောက်သွားလို့ သရဏဂမန မထေရ်ရယ်လို့ ထင်ရှားလှပါတယ်။

ဒါကြောင့် သရဏဂုံဆိုတာ လောကီအကျိုးဖြစ်တဲ့ လူတို့စည်းစိမ် လူချမ်းသာ နတ် ချမ်းသာ တို့ရဲ့ စည်းစိမ် ချမ်းသာတင် မကပဲ လောကုတ္တရာ ချမ်းသာဖြစ်တဲ့ မဂ်, ဖိုလ်, နိဗ္ဗာန် ချမ်းသာစစ်ကိုလဲ ပေးတယ်ဆိုတာ တရားနာ ပရိသတ် သေသေချာချာ မှတ်ထားလိုက်ကြ။

ကိုင်း— သရဏဂုံဘုရား သိတာမှတ်၊ အဘိဓမ္မာ သတ်လိုက်ရပါ တော့သတည်း။

ကာမထက် သီလကိုချစ်ကြပါ။

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ် အခါတုန်းက ငယ်ငယ်လေးတွေနဲ့ မဂ်၊ ဖိုလ်၊ နိဗ္ဗာန် ရသွားကြတယ်၊ သုခသာမဏေ ဆိုရင် ခုနစ်နှစ်သား ရဟန္တာဖြစ်တယ်၊ သံကိစ္စသာမဏေဆိုရင်လဲ ခုနစ်နှစ်သား ရဟန္တာဖြစ်တာပဲ၊မိန်းမများထဲမှာဆိုရင် သုမေဓာထေရီဆိုရင် တဆယ့်ခြောက်နှစ် အရွယ်ကတဲက ရဟန္တာမ ဖြစ်နေတယ်၊ ကျေနပေါသထိကာထေရီလဲ ဒီလိုပါပဲ၊ခုနစ်နှစ်သမီးလေးနဲ့ ရဟန္တာမ ဖြစ်နေပါတယ်၊ ဝိသာခါ ကျောင်းအမကြီးဆိုလဲ ခုနစ်နှစ်သမီးအရွယ် နုနု ငယ်ငယ်လေးကပင် သောတာပန်ဖြစ်နေတယ်။

အဲဒီ အရိယာ သူတော်ကောင်းမတွေဟာ အရွယ်နဲ့ မလိုက်အောင် သူတော်ကောင်း၊ သူတော်ကောင်းမတွေ ဖြစ်နေလေတော့ အတုခိုး စရာ အားရစရာ ဂုဏ်ယူစရာမကောင်းဘူးလား တရားနာပရိသတ်။

သူတို့ အရိယာ၊ အရိယာမတွေ ဖြစ်သွားကြတာနဲ့ ပတ်သက်လို့ ဘာများဆင်ခြေပေးချင်သေးသလဲ၊ သူတို့က ပါရမီရှိတာ ဖြစ်မှာပေါ့၊ လာပြန်ပီ ပါရမီ၊ ဒါဖြင့် သူတို့လိုပါရမီရှိအောင် လုပ်ပါလား၊ သူတို့ က ဒါနစတဲ့ ပါရမီဆုတောင်းတွေ လုပ်ခဲ့ကြတယ်၊ သူတို့ပါရမီပြည့်ပုံ အကြောင်း ပြန်ပြောပြရရင်တော့ ပီးမှာမဟုတ်၊ ကျယ်ဝန်းသွား လိမ့်မယ်။

ပါရမီဆိုတာက ဒါနပြုမှု၊သီလဆောက်တည်မှု စသည်ဖြင့် နိဗ္ဗာန် သို့ သွားကြ ရောက်ကြရသောကြောင့် အဲဒီဒါနပြုမှု သီလဆောက် တည်မှုကိုပင် ပါရမီလို့ ခေါ်ရပါမယ်၊ သူတို့အဲဒီအခုပြောတဲ့ ကုသိုလ် ကောင်းမှုတွေ ပြုလုပ်ခဲ့ကြတယ်၊ ကုသိုလ် ပြုကြတော့လဲ ကုသိုလ်ရကြ တယ်ပေါ့။

ပါရမီဆိုတာက မိမိကဖြည့်ကျင့်အားထုတ်မှ ပြုလုပ်မှ၊ ဒါမှမဟုတ်ရင်တော့ ပါရမီကြီးက ခြေထောက်ပေါက်ပြီး သူ့အလိုလို ခင်ဗျားတို့အိမ်ပေါ်ကိုဖြည့်ရအောင် တက်လာမှာ မဟုတ်ဘူးဆိုတာ မြဲမြဲမှတ်ထား၊ မိမိဖြည့်ကျင့်မှ မိမိရမယ်။

ဒါကြောင့် ကုသိုလ်ကောင်းမှု ပြုလုပ်အားထုတ်တဲ့ နေရာမှာလဲ ငါတို့ငယ်ပါသေးတယ်စတဲ့ ဆင်ခြေပေးမနေပဲ ဒါနစတဲ့ ကုသိုလ်ကောင်းမှု များစွာပြုလုပ် အားထုတ်ကြရပါမယ်ဆိုတာ သတိမူ။

မဂ်, ဖိုလ်, နိဗ္ဗာန် ရောက်နိုင်မဲ့ အနုတ္တတရားဆိုတာမျိုးက ဘုရားပွင့်တော်မူမှ ရနိုင်တာမျိုးမို့ အခုလို ဘုရားပွင့်နေခိုက် ကြုံကြိုက်နေတဲ့အခါ ဘာသာရေး အရေးမစိုက်၊ နေသာသလို ဘာသိဘာသာ မနေကြပါနဲ့။

ငယ်သေးတယ် ဆိုတဲ့သူတွေ, အလုပ်မအားသေးလို့ ဆိုတဲ့သူတွေ လှူစရာမရှိသေးလို့ ဆိုတဲ့သူတွေကို ရှင်သေမင်းက ကြီးလာအောင် အလုပ်အားလာအောင် လှူစရာရှိလာအောင် စောင့်ခေါ်မတဲ့လား၊ မေးကြည့်စမ်းပါအုန်း၊ စောင့်သာ ခေါ်မယ်ဆိုရင်တော့ တော်တော်သဘောကောင်းတဲ့ ရှင်သေမင်းပဲဟဲ့၊ စဉ်းစား တရားနာပရိသတ်၊ အချိန်ကျရင်တော့ ဇိမ်ကျမနေကြနဲ့ လာဟ–ခင်ဗျားတို့ဆင်ခြေပေးတဲ့စကားက မြဲနေသလိုဖြစ်နေတယ်၊ အဲဒီလိုဆိုရင် ဘုရားဟောတဲ့ အနိစ္စတရားက လက်ခံနိုင်မှာမဟုတ်ပါ၊ဒီလိုမဟုတ်လား၊ ကြီးတယ်ငယ်တယ်မဟုတ် သေခြင်းတရားဆိုတာ အများနဲ့ ဆက်ဆံနေတာ မည်သူ့မှညှာမပေးဘူး မျက်နှာမလိုက်ဘူး၊ ဒီလမ်း အကုန်သွားကြရမှာ ရှေ့နဲ့နောက်ပဲ။

သဘောတခု ပြောပြမယ်၊ ရှင်သေမင်းကို ကျွန်တော် ကျွန်မတို့အလုပ် မလုပ်သေးလို့ မခေါ်ပါနဲ့အုန်း၊ ကျွန်တော် ကျွန်မတို့ရဲ့ ကိုယ်နဲ့စက်ပြီး ရွှေ ငွေ ပေးပါမယ်ဆိုလို့ ရပါ့မလား မရပါဘူး၊ အဲဒီလို သေမှုမမြင်ကြပဲ နေမှု မြင်နေကြတာ ဘုရား ဟောတော်မူတာနဲ့ ပြောင်းပြန်

ယူထားကြပါလား၊ နေမှုမမြင်ပဲ သေမှုမြင်ရမယ် နေရေး မရှင်ပဲ သေရေး မြင်ရမယ်လို့ သတိပေး ဟောပါတယ်။

ဒါကြောင့် ဘုရားရှင်က အကြင်သူဟာ ခန္ဓာငါးပါးတို့ရဲ့ အဖြစ်အပျက်တရားကို မရှုမမြင်ပဲ အနှစ်တရာပတ်လုံး အသက်ရှင်နေပေမဲ့ မမြတ် အလကား၊ အဖြစ်အပျက်တရားနှစ်ပါးကို ရှုမြင်တဲ့ပုဂ္ဂိုလ်ဟာ တရက်လေးပဲ နေရနေရ မြတ်တယ်လို့ ဓမ္မပဒပါဠိတော်မှာ ပဋ္ဌာစာရီကို ဟောတော်မူပါတယ်။

အခုတော့ ပါရမီလို့သာ ထိုင်ပြောနေကြတယ်၊ မိမိကမှ မပြည့်တာ ပါရမီဆိုတဲ့ အစိပ္ပါယ်လဲ သိအောင်လုပ်ကြ နောက်က ဟောခဲ့ပြီ။

သူတို့ဖြင့် ဝါတွင်းလေးတောင် တလ လေးသီတင်းပြည့်အောင် ဥပုသ် မစောင့်နိုင်ဘူး၊ လပြည့် လကွယ်မှစောင့်မယ်၊ ရှစ်ရက်သီတင်း မစောင့်ဘူး၊ သီတင်းလေးမို့လို့တဲ့၊ သီတင်းကြီးမှ စောင့်မယ်ပေါ့၊ သူဌေးပုဏ္ဏ မယ်ဘာရိဘာတို့ရဲ့ သမီးလေး မယ်ဥတ္တရာဆိုရင် တလ ရှစ်ရက်တောင် စောင့်သေးတယ်၊ သူတို့မှာတော့ တလတသီတင်း အလွန်ကြီးပဲ၊ ညောင်းတာနဲ့ ကိုက်တာနဲ့ ဥပုသ်နဲ့ မတည့်ဘူးထင်တယ် ပြောလိုက်တာကတမျိုး၊ မစောင့်ချင် မစောင့်ချင်ဘူး မပြောဘူး။

တရားဟောသူ ကိုယ်တွေ့ မြင်ရဘူးတယ်၊ နင်ဘာပြုလို့ ဥပုသ် မစောင့်လဲဆို ငယ်သေးလို့တဲ့၊ အဲဒီလိုကိုပြောတာပဲ ထားပါတော့လေ။

ဥပမာ။ ။ဟိုတုန်းက ဝါကြီးတဲ့ရဟန်းနဲ့ ဝါငယ်တဲ့ရဟန်း ခရီးသွားကြတဲ့အခါ မမြှော်လင့်ပဲ လမ်းကျတော့ ကျွဲလိုက်ခတ်ရောဆိုပါတော့၊ ဒါနဲ့ ဝါငယ်တဲ့ရဟန်းက ဝါကြီးတဲ့ရဟန်းကို အရိုအသေပေးတဲ့အနေနဲ့ အရှင်ဘုရား ဝါကြီးတယ် ရှေ့ကပြေးလို့ ဆိုလိုက်သတဲ့၊ ရန်သူလိုက်နေတာ အရိုအသေ ပေးနေစရာ မလိုပါ၊ တခြား နေရာမှာဆိုရင်တော့ ဂုဏဝုဍ္ဎိ ဝယဝုဍ္ဎိ အရိုအသေ ပေးရမှာပေါ့။

အခုရေးထဲ ဝါကြီး ဝါငယ် ရွေးနေပြန်တယ်၊ ဆိုလိုတဲ့အဓိပ္ပါယ်က အိုနာသေရေး ဒုက္ခဘေးတွေ ကျော်က ကပ်ပါနေပါလျက် ဝါကြီး ဝါငယ် ရွေးနေသလို ငါငယ်သေးတယ်၊ မလူသေးဘူး, သီလ မစောင့် သေးဘူး စသဖြင့် ကြီးတယ်,ငယ်တယ် ရွေးနေရပြန်သေးတယ်လို့ ဆိုလိုရင်းပါပဲ။

ရွှေလကျမှ, ရွှေနှစ်ကျမှတဲ့၊ ဇယ်ရွေးနေလိုက်ကြတာ အဲဒီလို ခတ်ကွင်း ပြင်နေရတာနဲ့ အချိန်ကလူကိုမစောင့် ကုန်သွားရော၊ အချိန် ဆိုတာကလဲ တန်ဘိုးရှိအောင် အသုံးချတတ်မှ အဘိုးတန်တာ မဟုတ် လား။

ကုသိုလ်ကောင်းမှုဆိုတဲ့ လောကုတ္တရာပဲဖြစ်ဖြစ် စီးပွားရေး,ကြီးပွား ရေး, လူမှုရေးစတဲ့ လောကီရေးပဲဖြစ်ဖြစ် ဝီရိယ ဇွဲလုံ့လနည်းပြီး ပျင်းနေရင်လဲ လိုရင်းပန်းတိုင် မရောက်နိုင်သလို လောကုတ္တရာဖြစ်တဲ့ မဂ်,ဖိုလ်,နိဗ္ဗာန်ကိုလဲ ရနိုင်မှာမဟုတ်ပါဘူး။

ဘာပြုလို့လဲဆိုတော့ လောကနီတိကျမ်းဆရာက—

* ပျင်းတဲ့သူဟာ အတတ်ပညာမရနိုင်၊

* အတတ်ပညာမရနိုင်ရင် ဥစ္စာဆိုတာလဲ မရနိုင်ပါ၊

* ဥစ္စာမရနိုင်ပါက အဆွေခင်ပွန်းဆိုတာ မရနိုင်ပါ။

မကောင်းမှုတရား တားမြစ်လို့ ကောင်းမှုကုသိုလ်တရား ညွှန်ပြ ပေးနိုင်မဲ့ အဆွေခင်ပွန်းကောင်း မရှိက လောကီချမ်းသာ လောကုတ္တရာ ချမ်းသာ မရရှိနိုင်ပါ၊ ချမ်းသာမရှိတဲ့သူမှာ ဘယ်ကောင်းမှုကုသိုလ် ပြုနိုင်ပါ့မလဲ၊ ကောင်းမှု မပြုနိုင်ဘူးဆိုတာနဲ့အမျှ နိဗ္ဗာန်ဆိုတာကိုတော့ မမြော်မှန်းနဲ့တော့၊ ဝေးသထက် ဝေးသွားပြီလို့သာ သဘောပေါက် ထားကြ။

ဒိပြင်ဟာ မကြည့်ကြနဲ့လေ၊ ဒို့ဘုရားလောင်းတော် မဟာဇနက မင်းကြီး ပင်လယ်တွင်း သဘော်ပျက်လို့ ခုနစ်ရက်တိုင်တိုင် ဥပုသ်စောင့် ကူးနေတာဟာ မလျှော့သော ဇွဲလုံ့လဝီရိယပဲဖြစ်ပါတယ်။

ငါရဲ့ အသွေးအသားတွေ ခန်းခြောက်သွားပါစေ၊ ဘုရားမဖြစ်သမျှ ဒီနေရာပလ္လင်မှ မထတော့ပြီလို့ ဓိဋ္ဌာန်တော်မူ၍ ဗောဓိပင်ရင်း သီတင်းသုံးထိုင်နေတော်မူခြင်းဟာလဲ ကြီးမားလှတဲ့ ဝီရိယပဲမဟုတ်လား တရားနာပရိသတ်။

ဒါတင်မကသေးပါဘူး၊ ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးမှာလဲ ဝီရိယစေတသိက်တလုံးထဲကိုပင် သမ္မပ္ပဓါန်လေးပါး,ဝီရိယိဒ္ဓိပါဒ်, ဝီရိယိန္ဒြေ, ဝီရိယဗိုလ်, ဝီရိယသမ္ဗောဇ္ဈင်, သမ္မာဝါယာမမဂ္ဂင် ကိုးဌာန တပ်ထားတာကို တွေ့ရပါတယ်။

ဖြစ်ကုန်ပြီးတဲ့ အကုသိုလ်တရားတို့ကို ပယ်ခြင်းငှါ လုံ့လပြုရမယ်။

မဖြစ်ကုန်သေးတဲ့ အကုသိုလ်တရားတို့ကို မဖြစ်စေခြင်းငှါ လုံ့လပြုရပါအုန်းမယ်။

မဖြစ်ကုန်သေးတဲ့ ကုသိုလ်တရားတို့ကိုလဲ ဖြစ်စေခြင်းငှါ လုံ့လပြုရအုန်းမယ်။

ဖြစ်ကုန်ပြီးတဲ့ ကုသိုလ်တရားတွေကိုလဲ လွန်စွာပွားများစေခြင်းငှါ လုံ့လ ပြုရပါအုန်းမယ်ဆိုတဲ့ သမ္မပ္ပဓါန် လေးပါးမှာလဲ တရားကိုယ်အရ ကောက်ပြရရင် ဝီရိယကို ကောက်ရပြန်ပါတယ်။ ဒီလောက်ဆိုရင် ဝီရိယ ဘယ်လောက်အရေးတကြီး လိုအပ်နေတယ်ဆိုတာ တရားနာပရိသတ် သိလောက်ပါပြီ။

လောကီစီးပွားရေးအနေနဲ့ ပတ်သက်လို့ စီးပွားရေးရှာတဲ့ နေရာမှာ ထထကြွကြွဇွဲလုံ့လ ရှိရပါအုန်းမယ်၊ ဥဋ္ဌာနသမ္ပဒါ ရရှိတဲ့ပစ္စည်း မပျောက်ပျက်ရအောင် စောင့်ရှောက် ပေးရပါအုံးမယ်လို့ မြတ်စွာဘုရား ဟောကြားထားပါတယ်။

လောကုတ္တရာ မဂ် ဖိုလ် နိဗ္ဗာန်ရဘို့ဆိုတာကို ကျင့်ကြံကျိုးကုတ် အားထုတ်ရမဲ့နေရာမှာလဲ ဇွဲလုံ့လဝီရိယ ရှိရပါအုန်းမယ်လို့ ဟော ထားလေတော့ လောကီရော လောကုတ္တရာပါ ဇွဲလုံ့လဝီရိယ ရှိဘို့ လိုကြောင်း ဟောပြောလိုရင်းဖြစ်ပါတယ်။

ဒီနေရာမှာ ဝီရိယနဲ့ သမာဓိ မျှမျှတတ ရှိရပါမယ်၊ ဝီရိယ အား နည်းတဲ့သူဟာ ပျင်းတာဖြစ်သွားတော့တာပါပဲ၊ ဒါပေမဲ့ ဝီရိယလွန် တော့ ဥဒ္ဓစ္စဖြစ်တယ်ဆိုတာလေးကိုလဲ သတိထားကြပါ။

အရှင်အာနန္ဒာဟာ တညလုံး ကမ္မဋ္ဌာန်းတရား အားထုတ်လိုက်တာ မိုးသောက်ယာမ်အထိ အထက်မဂ်ကို မရနိုင်သေးတာဟာ ဝီရိယလွန်ကဲ နေလို့ပဲဆိုတာ အကဲခတ်နိုင်ပါတယ်။

ငါ့ကို ဘုရားရှင်က ကမ္မဋ္ဌာန်းတရား ကောင်းစွာအားထုတ် မကြာခင် ရဟန္တာဖြစ်လိမ့်မယ်ဆိုတဲ့ ဗျာဒိတ်စကား မမှားတန်ရာ ငါ ဝီရိယလွန်နေလို့သာ သမာဓိမရတာဖြစ်မှာပဲ ဝီရိယနဲ့ သမာဓိ မျှတ စေမှဖြစ်မယ်လို့ကြံပြီး ညောင်းစောင်းပေါ် ထိုင်တော်မူ၍ ခန္ဓာငါးပါး တို့ရဲ့ အနိစ္စလက္ခဏာကို ဆင်ခြင်လျက် ကိုယ်တော်ကိုလျောင်းလိုက် တော့မှ ခြေနှစ်ဖက်ကလဲအလွတ် ခေါင်းကလဲ ခေါင်းအုံးပေါ် မရောက်မီ အာသဝေါကုန်ခန်း ရဟန္တာဖြစ်သွားပါတယ်။

အရှင်အာနန္ဒာရဲ့ ရဟန္တာဖြစ်ပုံဟာ ရပ်, သွား, ထိုင်, လျောင်း ဆိုတဲ့ ဣရိယာပုထ်လေးပါးမှ လွတ်ပြီး ရဟန္တာဖြစ်သွားတော့ ထူးတာ ပေါ့။

ဒါကြောင့် လွန်ကဲတဲ့ ဝီရိယမျိုး မဖြစ်စေပဲ တရားတော်နဲ့ အံဝင် ဂွင်ကျဖြစ်မဲ့ ဝီရိယမျိုး ဖြစ်ဘို့လိုတယ်ဆိုတာ သဘောပေါက်ကြ။

## သုမေဓာ မင်းသမီးလေး

ကုသိုလ်ကောင်းမှု ပြုချင်စိတ်ရှိသူများ ကျတော့ ငယ်တာကြီးတာ အလုပ်မအားတာ ပမာနမထားပဲ မန္တာဝတီပြည် ကောဉ္စမင်းကြီး၏

သမီးတော် သုမေဓာမင်းသမီးလေးဆိုရင် အသက်အားဖြင့် နုနုငယ်ငယ် တဆယ့်ခြောက်နှစ် အရွယ်ကပင် မိဘနှစ်ပါးက ယောကျ်ားပေးစား တာကိုအမှုမထားနိုင်ပဲ သာသနာ့ဝန်ထမ်း ရဟန်းမိန်းမပြုလုပ်ချင်အား ကြီးလို့ မိဘလုပ်သူတွေကိုခွင့်တောင်းရာ ရဟန်းမိန်းမပြုခွင့်မပေးသဖြင့် ရဟန်းမိန်းမ ပြုခွင့်မပေးရင် ထမင်းမစားတော့ပါဘူးရယ်လို့ နန်းယင် ပြင် လှဲအိပ်နေသည့်အထိဖြစ်တာ အရွယ်နဲ့မလိုက်အောင် သတိသံဝေဂ ရရှိလို့ပဲဖြစ်ပါတယ်၊ ဇွဲလုံ့လဝီရိယလို့လဲ ဆိုနိုင်တာပေါ့။

အခုခေတ် မိန်းခလေးတွေနဲ့တော့ ဆီနဲ့ရေ, မိုးနဲ့ မြေလောက် ကွာတယ်၊ ဟပ်လို့တောင် မရဘူး၊ တချို့ မိန်းခလေးတွေကိုသာ ပြောတာနော်၊ တရားနာပရိသတ်ထဲက မိန်းခလေးတွေကို ပြောတာ မဟုတ်ဘူး၊ "ဆင်းရဲလေလေ သံဝေရရ" ဆိုပေမဲ့ အခု သုမေဓာ မိန်းခလေးကျတော့ မဆင်းရဲပဲနဲ့ သံဝေဂရနေတာကို တွေ့ရပါတယ်၊ ဘာပြုလို့လဲဆိုတော့ "ရှင်ဘုရင်ပုဆိုး ပိုးချည့်" ဆိုတာလို ဘုရင့် သမီး တော်ပဲ စားချင်ရာစား ဝတ်ချင်တာဝတ် အထိန်းတော်, အချီတော်, အချော့တော်တွေ မင်းသမီးများစွာနဲ့ အရံရံပါးပါးပြည့် လိုလေ သေးမရှိ ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိနဲ့ ပြည့်ပြည့်စုံစုံ နေရတဲ့ အထဲ ရဟန်းမိန်းမ ပြုချင်စိတ်ပေါက်ဘို့ဆိုတာ လွယ်တဲ့ကိစ္စတော့မဟုတ်ပါ၊ ဒါပေမဲ့ အဲဒီဝတ်ချင်တာဝတ်လို့ စားချင်တာစားလို့ရတဲ့ ဘဝမျိုးကိုပင် စက်ဆုပ်ရွံမုန်းတဲ့ ထိတ်လန့်တဲ့ မင်းသမီးလေးဟာ သံဝေဂ ရလာနိုင် တယ်ဆိုတာ တော်တော့မိန်းခလေး မရနိုင်ပါဘူး၊ အသက်ကလေးက လဲ ကြည့်အုန်း တဆယ့်ခြောက်နှစ် အရွယ်သာ ရှိသေးတာ၊ ပျော်ချင် ပါးချင် လှချင် ပချင် ဝတ်ချင်စားချင်တဲ့အရွယ်၊ဖြစ်ချင်တဲ့လူကျတော့ ငယ်ငယ်ထဲက တခြားလို ဖြစ်လာတာပဲ၊ ဒါကြောင့် အခုခေတ် မိန်းခလေးတွေရဲ့ အတွေးအခေါ်နဲ့တော့ အတော်ကွာခြားနေတယ်လို့ ပြောခဲ့တာပေါ့၊ သုမေဓာမင်းသမီးလေးကို အတုယူကြ ညီမငယ်တို့၊ ဒါမျိုးကိုတော့ အတုယူမှာမဟုတ်ပါဘူးလေ၊ ပိုဟာပျိုးပဲ အတုယူ

တတ်ကြမှာပါ၊ 'ဟိုဟာမျိုးဆိုဘာ' ကာလသမီးတွေပဲ သိရောပေါ့နော်။

ငါဘုရင့်သမီးပဲလို့ မာနမကြီးဘူး၊ အခုခေတ်ကျတော့ ဆွဲကြိုးလေး ဆွဲနိုင်တယ်ဆိုရင်ပဲ အောက်မကြည့်တော့ဘူး၊ မိုးမော့ကြည့်တော့တာပဲ၊ မိန်းခလေးချင်းတူပေမဲ့ အယူအဆချင်း စိတ်ထားချင်း အသွေးအရောင် အသွင်အပြင်ချင်း အတွေးအခေါ်က တယ်ကွာတာကိုး၊ ထားပါတော့၊ ဇာတ်တော်ထဲက (ဇီးသီးသည် မိန်းခလေးလိုပေါ့၊) အဲဒီဘုရင့်သမီးတော် သုမေဓာလေးရဲ့ အတွေးအခေါ် ဉာဏသမ္ဘယုတ်ရင့်သန်ပုံ၊ အဆင့်အတန်းတူသူ ဘုရင့်သားတော်နဲ့ လက်ထပ်ပေးမဲ့ ကာမဂုဏ် မဟုတ်မဟတ်လို အလုပ်ရပ်ပီး မြင့်မြတ်တဲ့ လမ်းစဉ်ဖြစ်တဲ့ ရဟန်းမိန်းမ ပြုလုပ်ခွင့်ပေးပါ၊ ဖေဖေ မေမေတို့လို့ သမီးအလိမ္မာက တရားပြနေပါတယ်၊ သူမရဲ့စိတ်ထား ဘယ်လောက် မြင့်မြတ်သလဲဆိုတာ ဟောပြရအုန်းမှာပေါ့။

သုမေဓာမင်းသမီးလေး တရားဟောပြပုံကို တရားနာ ပရိသတ်သိစေလို အတုခိုးစေလို လိုက်နာစေလို့၍ လိုရင်းလောက် အဓိပ္ပါယ်ကောက် ဟောပေးပါအုန်းမယ်။

## သုမေဓါ မင်းသမီး တရားဟောပုံ

မြင်းမိုရ်တောင်ဦး မကကျုံးတဲ့ မိခင်ဖခင် ကျေးဇူးရှင်တို့ရှင်— ဘုရားကျမသည် လူတို့ရဲ့ချမ်းသာ နတ်တို့ရဲ့ချမ်းသာ ကာမဂုဏ်ချမ်းသာတွေဟာ မြဲတယ်လို့မရှိပါ ဒီကာမဂုဏ် အကြောင်းခံပြီး ခန္ဓာကိုယ်အမျိုးမျိုးနဲ့ သံသရာလည်ခဲ့တာ များလှပါပီမေမေတို့။

ကာမဂုဏ် အာရုံအလိုလိုက်နေရင်တော့ ငိုရှိုက်အုံး မေခင်ဆိုတာလို မဆုံးတမ်း မတုံးတမ်း မီးခိုးမဆုံး မိုးမဆုံးဖြစ်နေမှာပဲ လေးကျွန်းလုံးကို အစိုးရတဲ့ မန္ဓာတု စကြာမင်းကြီးပင် ကာမအာလို မပြည့်စုံနိုင်ဘူး။

ငှက်ပျောတုံး လက်ပံတုံးလောက်မှ အသုံးမကျ မချရတဲ့ ခန္ဓာကိုယ် ချောပါတယ် ပြောကြတဲ့အတွက် ခန္ဓာကိုယ် အပုပ်ကောင် ရုပ်ဆောင်နေတဲ့ခန္ဓာကိုယ်၊ သေသွားတဲ့ တနေ့မှာ မြေကြီးသြဇာ ဖြစ်သွားမှာသေချာပါတယ်။

ဒါကြောင့်မို့လဲ မရေရာတဲ့ ကာမဂုဏ်ကို ရှုံရှာစက်ဆုပ်လှပါ၍၊ ဒီကာမနွံထဲ သမီးကိုဆွဲမချပါနဲ့တော့လား မေမေတို့။

အခုလို ကာမဂုဏ်အာရုံတွေကို ခင်မင် တွယ်တာနေတာကလဲ ဒုက္ခတရားကို မသိမှုကြောင့် သမုဒယ ဖြစ်နေကြတာပေါ့။

သမုဒယပြုတ်မှ ဒုက္ခချုပ်မှာမို့ သမုဒယပြုတ်အောင် မဂ္ဂသစ္စာ ခေါ်တဲ့ အလယ်လမ်း အကျင့်မှန်ကို တကယ်တန်း ရဟန်းမိန်းမ ဘဝနဲ့ အားထုတ်လိုပါ၍ ရဟန်းပြုခွင့်ပေးပါ။

လုံနဲ့အချက်သုံးရာ သို့မဟုတ် ကိုးရာ အထိုးခံချင်တယ် ပဋိသန္ဓေ စတဲ့ ဆင်းရဲတွေကို ဆင်းရဲမခံချင်တော့ပါဘူး၊ ကြောက်ရွံ့ထိတ်လန့် လှပါပြီ။

အဲဒီဒုက္ခအပေါင်းမှ လွတ်ရာဖြစ်သော နိဗ္ဗာန်ကိုသာ လိုချင် ပါတယ်၊ မေမေတို့ပေးစားတဲ့ ဝါရဏဝတီပြည်က အနိကရတ္တမင်းကိုလဲ မယူချင်ပါ၊ သမီးအလိုရှိတဲ့ ရဟန်းမိန်းမ ပြုလုပ်ခွင့်ကိုပေးပါ စသဖြင့် မိခင်ဖခင်တို့အား အရှယ်နဲ့မလိုက်အောင် တရားဟောပြ၍ မြတ်စွာဘုရားထံသွားပီး သိက္ခာနီမလုပ်ပေမဲ့- အသက်မစေ့လို့ မလုပ် ရသေးပဲ သိက္ခမာန်မဘဝနဲ့ ကမ္မဋ္ဌာန်းတရား အားထုတ်လိုက်တာ အရ ဟတ္တဖိုလ်ကိုရ၍ ရဟန္တာမိန်းမအဖြစ်သို့ ရောက်သွားပါတော့တယ်။

ကိုင်း တရားနာပရိသတ် ငယ်ငယ်လေး ရှိသေးတယ်လို့ တရား အားမထုတ်ရင် ရဟန္တာမိန်းမ ဖြစ်ပါ့မလား၊ မဖြစ်ပါဘူး၊

အနိကရတ္တမင်းနဲ့ လက်ထပ်လိုက်ရင်လဲ ဒီလိုရဟန္တာ မိန်းမဘဝ မဖြစ်နိုင်ပါ။

ဒီတရားအရ တရားနာပရိသတ်က သူ့ပါရမီကံကိုက ဒီအချိန်ဒီအခါဒီလိုဖြစ်ရမဲ့ ကံပါလာလို့ဖြစ်တာလို့စောဒကတက်ချင်သေးသလား။

သူ့မလိုပါရမီ ပြည့်အောင်ဖြည့်ကြပေါ့၊ ပထမပါရာဇိကမသိက္ခာပုဒ်မှ ရှင်သုဒိန်လဲဒီလိုပါပဲ။

အတိတ်ကံရှိနေပေမဲ့

သတ္တဂါဟဦးတယောက်မှာ အပါယ်ကျဘို့ ကံတွေရှိနေသလို နိဗ္ဗာန်ရစေ နိုင်မဲ့ကံတွေလဲ ရှိသေးတယ်ဆိုတာ သသိထားပါ၊ နိဗ္ဗာန်ရောက်စေနိုင်တဲ့ အတိတ်ကံတွေရှိနေလို့ ကုသိုလ်ကောင်းမှု အားမထုတ်ပဲ ထိုင်စောင့်နေလို့ရှိရင် နိဗ္ဗာန်ကို ကဗျာလွတ် ရောက်မသွားနိုင်ပါဘူး၊ ကဗျာလွတ်ဆိုတာ တရားအားမထုတ်ပဲ အသလွတ်ရောက်မသွားဘူးလို့ဆိုပါတယ်။

ကိုင်း ကောင်းပီ အခုဝတ္ထုပါ သုမေဓါ မင်းသမီးကလေးဟာ ကာမဂုဏ်ခင်မင်လို့ ခြေစုံပစ်ဝင်လိုက်ရင် ရဟန္တာမိန်းမ မဖြစ်သွားပဲ ကာမဂုဏ်ပယ်ပီး တရား အားထုတ်လိုက်တာ ခန္ဒာငါးပါး ချုပ်ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်နန်း စံမြန်းသွားတယ် မဟုတ်လား။

အတိတ်ကံကိုချည့် အားကိုးနေလို့မရပါဘူး၊ ပစ္စုပ္ပန်ကံကလဲ လိုပါသေးတယ်၊ ဘာလို့လဲဆိုတော့ အတိတ်ကံနဲ့ ပစ္စုပ္ပန်ကံ နှစ်ကံပေါင်းဆုံမိကြမှသာ ကြီးထွားရှင်သန်လာနိုင်လို့ပဲ ဖြစ်ပါတယ်။

ဒီကံနဲ့ပတ်သက်လို့ ဝတ္ထုတခုဟောပြပါမယ်

ဗာရာဏသီပြည်မှာ ကုဋေရှစ်ဆယ်ချမ်းသာတဲ့ မဟာဓနသူဌေးတယောက်ရှိပါတယ်၊ သူ့မှာလဲ သားတယောက် ရှိတယ်တဲ့၊ သူ့သားလေးချစ်လွန်းလို့– ဘာအတတ်ပညာကိုမှ မသင်ခိုင်းပါဘူး။

သူဌေးကြီးလဲ သေသွားရော သားလေးလဲ ကုဋေရှစ်ဆယ် ဆိုတဲ့ ပစ္စည်းတွေနဲ့ ကျန်ရစ်ခဲ့ပေမဲ့ ပညာမရှိတော့ အသုံးအစား မတတ်၊ သူတပါးနှပ်ချတာနဲ့ပဲ ကုဋေရှစ်ဆယ် ကုန်ရော ချောရော ပြောပါ

တော့၊ နောက်ဆုံးတော့ ခွက်လက်စွဲပြီး လင်မယား နှစ်ယောက် တောင်းစားခန်းရောက်ရောတဲ့။

ဒီလိုနဲ့ လှည့်ပတ်တောင်းရမ်း စားသောက်လာလိုက်တာ တနေ့မှာ တော့ ဆွမ်းစားကျောင်း တံခါးဝအနီးမှာ ကိုရင်တွေထံ ထမင်း အကြွင်းအကျန် တောင်းနေတဲ့ သူဌေးသားလင်မယား မြတ်စွာဘုရား မြင်တော်မူတော့ ပြုံးတော်မူပါတယ်၊ အရှင်အာနန္ဒာက ပြုံးတော်မူရ တဲ့အကြောင်း လျှောက်ထားတော့ ဘုရားကိုယ်တော်မြတ်ကြီးက — ချစ်သားအာနန္ဒာ ဒီဗာရာဏသီပြည်မှာ ကုဋေရှစ်ဆယ်ရှိတဲ့ ရွှေတွေ ငွေတွေ ဖြုန်းပြီး တောင်းရမ်းစားသောက်နေရတဲ့ သူဌေးလင်မယားကို မြင်ရဲ့လား၊ အဲဒီသူဌေးဟာ ပထမ အရွယ်တုန်းကသာ ပစ္စည်းကို ထိန်းထိန်းသိမ်းသိမ်း မဖြုန်းတီးပဲ သုံးစွဲမယ်ဆိုရင် ဗာရာဏသီပြည်မှာ ပထမတန်း သူဌေး ဖြစ်နိုင်ခွင့်ရှိတယ်၊ တကယ်လို့ ငယ်ငယ်တုန်းက ရဟန်းဘောင် ရောက်ခဲ့ရင် ရဟန္တာဖြစ်နိုင်တဲ့အဆင့် ရှိတယ်၊ သူ့ မယားလဲ ငယ်ငယ်ကလေးထဲက တရားအားထုတ်ခဲ့ရင် အနာဂါမ် ဖြစ်နိုင်တယ်၊ငယ်ငယ်တုန်းက အလုပ်မလုပ်သေးဘူးပဲ ထားအုံး၊လူလတ် ပိုင်းအရွယ်မှာ အလုပ်လုပ်ရင်လဲ ဒုတိယတန်း အလတ်တန်းစား သူဌေး လောက်တော့ ဖြစ်နိုင်သေးတယ်၊ ရဟန်းဘောင်ရောက်ခဲ့ရင်လဲ အနာ ဂါမ်ဖြစ်နိုင်ခွင့် ရှိပါတယ်၊ သူ့မယားမှာလဲ သကဒါဂါမ်တော့ ဖြစ်နိုင် သေးတာပဲ၊ တတိယအရွယ်ကျကာမှ အလုပ်လုပ်ရင်တောင်မှ အနည်း ဆုံး သူဌေးအငယ်စားလေးတော့ ဖြစ်နိုင်သေးတာပဲ၊ ရဟန်းဘောင် ရောက်ခဲ့ရင်လဲ သကဒါဂါမ်ဖြစ်နိုင်သေးတယ်၊ သူ့မယားမှာလဲ သော တာပန်လောက်တော့ ဖြစ်နိုင်သေးတာပဲ။

အခုတော့ အရွယ်သုံးပါးမှာ တပါးပါးမှ သတိတရဖြင့် လောကီ ကြီးပွားဘို့အတွက်လဲ မလုပ်၊ လောကုတ္တရာ ကြီးပွားမှုအတွက်လဲ မလုပ်ခဲ့တော့ မြင်တဲ့အတိုင်း ရေမရှိတဲ့အိုင်မှာ ကြိုးကြာအိုလို ပျက်စီး ခြင်းမလှ ပျက်စီးရှာရတော့တာပါပဲ ချစ်သားလို့ မိန့်တော်မူပါတယ်။

ဒါကြောင့် အတိတ်ကံကိုချည့် အားမကိုးနဲ့၊ ပစ္စုပ္ပန်ကံ ဆိုတာလဲ လုပ်ပေးရသေးတယ်ဆိုတာ ထင်ရှားပီနော်၊ တရားနာသပရိသတ်၊ ကံကို ချည့်လဲမကိုးနဲ့ဆိုတာ အတိတ်ကံကိုချည့် အားမကိုးပါနဲ့လို့ဆိုပါတယ်။

ပစ္စုပ္ပန်က ဆီးကြိုအလုပ်လုပ်မပေးရင် အခုဟောခဲ့တဲ့ သူဌေးသား လင်မယားလို အကျိုးမပေးနိုင်တော့ပဲ ပျက်စီးသွားနိုင်တယ် ဆိုတာ သတိထားကြ။

အခုဟောခဲ့တဲ့ သုမေဓာ မင်းသမီးလေးနဲ့ မဟာဓနသူဌေးသား လင်မယားနဲ့ နှိုင်းယှဉ်ကြည့်ကြပါစို့လား။

သုမေဓာ မင်းသမီးကလေးဟာ အတိတ်က ရဟန္တာမိန်းမ ဖြစ်ချ မယ်ဆိုတဲ့ အတိတ်ကံ ပါလာစေကာမူ ပစ္စုပ္ပန်က ဆီးကြိုပီး တရား အားမထုတ်ရင် (ဝါ) တရားအားထုတ်ခြင်း အမှုအလုပ်ကို မလုပ်ပဲ မင်းသမီးအဖြစ်နဲ့ နန်းစည်းစိမ်ခံနေရင် ရဟန္တာမ ဖြစ်ပါ့မလား၊ ပစ္စုပ္ပန်ကံဆိုတဲ့ တရားအားထုတ်မှု အလုပ်ကို ဆီးကြိုမလုပ်ရင် ဘယ် နည်းနဲ့မှ ရဟန္တာမိန်းမ ဖြစ်နိုင်မှာမဟုတ်ပါဘူး။

ဒါကြောင့် ပစ္စုပ္ပန်က တရားအားထုတ်မှု အလုပ်ကို ဆီးကြိုလုပ်လို့ သာ ရဟန္တာမိန်းမ ဖြစ်တယ်ဆိုတာ ရှင်းပီပေါ့၊ မှတ်ထားခဲ့။

မဟာဓနေ သူဌေးသား လင်မယားကျတော့ ပထမသူဌေး၊ ဒုတိယ သူဌေး၊ တတိယသူဌေး ရဟန္တာ, အနာဂါမ်, သကဒါဂါမ်။

မယားကလဲ အနာဂါမ်, သကဒါဂါမ်, သောတာပန် ဖြစ်နိုင်တဲ့ အခွင့်လင်မယား နှစ်ယောက်စလုံး ကိုယ်စီကိုယ်ငှ အတိတ်ကံက လာခဲ့ ကြတာ မှန်ပေမယ်လို့ ပစ္စုပ္ပန်က ဆီးကြိုပြုလုပ်ခြင်း ဆိုတဲ့ တရား အားထုတ်မှုကံက ပျက်ကွက်နေလေတော့ ဘယ်လိုပင် အတိတ်ကံ ပါလာစေကာမူ ပစ္စုပ္ပန်ကံနဲ့မှ ပေါင်းစပ်မိတွယ်မှု မပြုရတော့ မကြီး ထွားနိုင်တော့ပါဘူး။

ဉပမာ မျိုးစေ့ကဲ့ ဘယ်လိုပင် အောင်နေစေကာမူ မြေကောင်း တာနဲ့ ထိတွေ့ရလို့ပဲဖြစ်ဖြစ်၊ ပြုစုသူရဲ့ ပေါင်းသင်မြေဆွဆိုတဲ့ အပြုအစု

ညှံ့ဖျင်းနေလို့ပဲ ဖြစ်ဖြစ် မအောင်တမာ သိမ်ဖျင်းသွားရသလိုပဲပေါ့၊ ဒါကြောင့် အတိတ်ကံချည့်မဟုတ် ပစ္စုပ္ပန်ကံလဲ အရေးကြီးသေးတယ် ဆိုတာ မှတ်ထားကြ။

တချို့ရှိသေးတယ်၊ ကံပဲပေါ့ ဘယ်တတ်နိုင်ပါမလဲ စသည်ဖြင့် ပြောကြတာတွေ တွေ့ရပါတယ်၊ကံယုံလို့ ဆူးပုံမနင်းကြနဲ့နော် ပြောပါ ပေရဲ့၊ အကုန်စူးကုန်လိမ့်မယ်၊ စူးမှာပဲဆိုတဲ့ ဉာဏ်နဲ့လဲ ယှဉ်ကြည့်ကြအုံး မနင်းတော့ပါဘူးဆိုတဲ့ မနင်းမှု ဝီရိယကလဲရှိထားအုန်းမှ။

ဥစ္စာကံပေး မရသေး နှောင့်နှေးဗျာပါ မရှိရာ- ဆိုပေမဲ့ ဥစ္စာထုပ်ကြီးကို နတ်က သွားမဲ့လမ်း ချထားတော့ အပေါ်ကို မော့သွားပြီး ရှုတည့်ဘည့်ဆဲ့ပြထားပေမဲ့ အောက်ငုံ့သွားတဲ့လူလို ဥစ္စာထုပ် ကံက လိုက်ပေးသားပဲ သူကို နမော်နမဲ့နိုင်နေတာတော့ ဘယ်လိုပြောပါမလဲ၊ ကံမကောင်းလို့ ပြောမလား။

မပြောနိုင်ပါ၊ ကံယုံ ဆူးပုံမနင်းပါနဲ့၊ ဉာဏ်ကူနင်း ဘယ်လိုနင်းမလဲ၊ ဘိနပ်စီးနင်းပေါ့၊ ကံမခိုင် သံတိုင်အိမ်ဆောက်ပေမဲ့ ကံမှောက် လျှင်ကျိုးတဲ့။

ဒါကြောင့် ကံယုံတော့ ယုံကြည်ရပါမယ်၊ ဒါပေမဲ့ မီးပုံတွင်းတော့ မဆင်းစေချင်ပါ၊ ယုံလဲယုံ မယုံလဲ မယုံနဲ့ပေါ့။

အခုဟောခဲ့တဲ့ ဝတ္ထုနှစ်ခုကို သဘောပေါက်အောင် ကြည့်ကြပါကုန်။

ကံအကြောင်းပြောရတာ ဒီလောက်ပဲကောင်းတယ်၊ အဂ္ဂုတ္တိုရ် အစိန္တေယျသုတ်မှာ ဘုရားက- ဘုရားအရာ ကံအကျိုး ဈာန်အရာ လောကအကြောင်း မကြံစည်နဲ့ ရူးတတ်တယ်လို့ ဟောတော်မူထားတယ်၊ အခုဟာကတော့ ကြံတာ,ဝေဘန်တာ မဟုတ်ပါ၊ အရှိအတိုင်း ထောက်ဟောပြခြင်းမျှသာ ဖြစ်ပါတယ်။

အခု ဟောနေတာက ကုသိုလ်ကောင်းမှု ပြုလုပ်တဲ့ နေရာမှာ ကြီးတယ်, ငယ်တယ် မရွေးနေကြပါနဲ့၊ ဘယ်လိုပင် ငယ်ငယ်လေးပေမဲ့

ကောင်းတဲ့အလုပ်တရား အားထုတ်သဖြင့် ရဟန္တာမိန်းမ ဖြစ်သွားပုံ၊ နောက်ပြီး ဒါနဲ့တဆက်တည်း အတိတ်ကံက ဘယ်လိုပင်ပါလာစေကာမူ ပစ္စုပ္ပန်ကဆီးကြိုပြီး ကောင်းမှုပြုလုပ်မှုကံ မရှိပြန်ရင်လဲ ပျက်တတ်ရတဲ့ အကြောင်း ထပ်ပြောရပုံ တရားကွက်များကို စကားမဖက် ဟောခဲ့ ပါတယ်။

ဟောလိုရင်းကတော့ ငယ်ငယ်လေးရယ်လို့ ဘေးဖယ်မနေကြနဲ့၊ ဘုရားသာသနာတော်နဲ့ တွေ့တုန်း ကောင်းမှုကုသိုလ်တရား ကြိုးစားပွားများကြဆိုတာ ဟောလိုရင်း ဖြစ်ပါတယ်။

ဒါဖြင့် အိမ်ထောင်မပြုချင်တဲ့ မိန်းခလေးဆိုတဲ့ ခေါင်းစဉ်နဲ့ တရားတပုဒ်ဆိုပါတော့၊ ဒီတရားတော်ကြီးမှာ ကြီးတယ်ငယ်တယ် မဟုတ် ကုသိုလ်ကောင်းမှု ပြုလုပ်သင့်ကြောင်း၊ ဝီရိယရှိမှ ရမှာဖြစ်ကြောင်း၊ ရဟန္တာ, သူဌေးဖြစ်ရမဲ့ ကံပါလာစေကာမူ ပစ္စုပ္ပန်ကံနှင့်မှ မပေါင်း စပ်ရင် ကြီးထွားရှင်သန်နိုင်မှု မဖြစ်နိုင်ခြင်း စသည်များကို တရားသား အကွက်ဆင်၍ ဟောထားတာကို ကြိုးစားလေ့လာ ဆည်းပူးနာယူနိုင် ကြပါစေကုန်သတည်း။

ဥပါသကာဆိုတာ—

ဥပါသကာဆိုတာ ဘုရားရတနာ- တရားရတနာ- သံဃာရတနာ ဆိုတဲ့ ရတနာမြတ်သုံးပါးအား အလေးအမြတ်ထား ကိုးကွယ်သူကို ဥပါသကာခေါ်တယ်လို့ မဟာနာမ် မင်းကြီးအား မြတ်စွာဘုရား ဟောတော်မူပါတယ်။

## ဥပါသကာတို့၏ သီလ

၁။ သူများအသက်ကို သတ်ခြင်းမှ ရှောင်တယ်။

၂။ သူများဥစ္စာကို ခိုးယူခြင်းမှ ရှောင်တယ်။

၃။ မသွားလာအပ်သော နှစ်ဆယ်သော မိန်းမတို့၌ သွားလာ လွန်ကျူးခြင်းမှ ရှောင်ကြဉ်တယ်။

၄။ မဟုတ်မမှန် လိမ်လည်ပြောဆိုခြင်းမှ ရှောင်တယ်။

၅။ မူးယစ်စေတတ်တဲ့ သေရည် သေရက် သောက်ခြင်းမှ ရှောင်တယ်။

ဥပါသကာ ဥပါသိကာတို့ အလေးအမြတ်ပြု ဆောက်တည်သင့်သော ဂရုဓမ္မသီလလို့လဲခေါ် ဆိုနိုင်ပါတယ်၊နားရှုတ်မသွားကြနဲ့ တရားနာ ပရိသတ်၊ ငါးပါးသီလကိုပဲ ခေါ်တာ၊ လူတွေအားလုံး ခါးဝတ်ဆင်ထားတဲ့ ပုဆိုးဟာ အမြဲမပြတ် ခါးမှာပဲရှိနေသလို ဒီငါးပါးသီလကိုလဲ အမြဲမပြတ် ဆောက်ဘည်ထားရမဲ့ သီလဖြစ်လို့ နိစ္စ သီလလဲ ခေါ်ပြန်ပါတယ်။

အဲဒီ ငါးပါးသီလကို ဥပါသကာ ဥပါသိကာတို့ ဆောက်တည်ရသောကြောင့် ဥပါသကာ - ဥပါသိကာ သီလလို့ ခေါ်တာလို့ မှတ်ထားကြ။

ဘုရားစတဲ့ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်တယ် ဆိုတဲ့ ဥပါသကာအဖြစ် ခံယူထားတဲ့သူဟာ ကိုယ်အမူအရာ နှုတ်အမူအရာမှစ၍ အစစအရာရာ ယဉ်ကျေးသိမ်မွေ့လျက် ရှိနေပါတယ်၊ ယဉ်ကျေးသိမ်မွေ့သွားအောင်လဲ ဘုရားစတဲ့ ရတနာသုံးပါး ကိုးကွယ်ခြင်း ဆိုတဲ့ ဆည်းကပ်မှုတရားက ဆုံးမထားပြီမဟုတ်လား။

ဒါကြောင့်လဲ အသက်မွေးဝမ်းကျောင်း အလုပ်တခု လုပ်စားတာမှာ အစ မဲ့မြင်ရာ အလုပ်တွေကို လုပ်ကိုင်စားသောက်လို့ မဖြစ်တော့ပါဘူး၊ ဆင်ခြင်ထိန်းသိမ်းရတော့မှာပဲ ဖြစ်ပါတယ်။

မပြောပလောက်တဲ့ အကြောင်းကလေး ဖြစ်စေကာမူ၊ အင်း — ဘုရားတကာတဲ့ကွာ၊ ပါးစပ်က ဘုရားဘုရား, လက်က ကားယား ကားယားနဲ့ ဘုရားဒကာယောင်ယောင် ဘာယောင်ယောင်နဲ့ အပြောနဲ့ အလုပ် မဟပ်မိပါဘူးလို့ ပုထုဇဉ်လူတို့သဘာဝ ကဲ့ရဲ့ကြမှာ အမှန်ဖြစ်မှာပါပဲ၊ ချက်ခြင်းအဝေဖန် ခံရမဲ့ စကားပါပဲ၊ စားဝတ်နေရေး

ပရိယေသန ဝမ်းစာအတွက် အရောင်းအဝယ်လုပ်တာတောင်မှ (သမ္မာ အာဇီဝ) အလုပ်မျိုးမှ ဖြစ်မှာမဟုတ်လား။

ဒါကြောင့်လဲ ပဥ္စင်္ဂုတ္တရပါဠိတော် ဥပါသကဝဂ်မှာ ဥပါသကာ အရောင်းအဝယ် မပြုလုပ်ကောင်းတဲ့ ကုန်ငါးမျိုး ရှိပါတယ်။

ငါးပါးဆိုတာက —

၁။ ဓား, လေး, မြှားစတဲ့ လက်နက်အမျိုးမျိုး ရောင်းခြင်း ဝယ်ခြင်း၊ သတ္တဝါဏိဇ္ဇ။

၂။ ကျွန်ကို အရောင်းအဝယ် ပြုလုပ်ခြင်း၊ သတ္တဝါဏိဇ္ဇ။

၃။ ကြက်, ဝက်, ဘဲ, ငှက် စတဲ့ သတ္တဝါများကို မွေးမြူခြင်း၊ ရောင်းဝယ်ခြင်း၊ မံသဝါဏိဇ္ဇ။

၄။ သုရာ ငါးပါး၊ မေရယ ငါးပါးတို့တွင် အမှတ်မရှိ တခုခု သော ယစ်မျိုးကို မိမိကိုယ်တိုင်ပဲ ဖေါ်စပ်သည်ဖြစ်စေ၊ သူများကိုပဲ ဖေါ်စပ်ခိုင်းသည်ဖြစ်စေ ရရှိတဲ့ယစ်မျိုးကို ရောင်းခြင်း-ဝယ်ခြင်းဆိုတဲ့ မဇ္ဇဝါဏိဇ္ဇ။

၅။ အဆိပ်မျိုးတို့ကို မိမိကိုယ်တိုင်ပဲ ဖော်ဖော် သူများကိုပဲ ဖော်စပ် ဖော်စပ် ရရှိတဲ့ အဆိပ်မျိုးကို ရောင်းခြင်း - ဝယ်ခြင်း၊ ဝိသဝါဏိဇ္ဇ-

တည်းဟူသော ကုန်ငါးမျိုးကို ရောင်းခြင်း, ဝယ်ခြင်း မပြုကောင်း ဘူးလို့ ဟောတော်မူပါတယ်။

အဲဒီငါးမျိုးကို မိစ္ဆာဇီဝဖြစ်၍ ဥပါသကာဆိုတဲ့ သူများဟာ ရောင်းဝယ်မှု မပြုလုပ်ရပဲ တသက်လုံး ရှောင်ရှားရပါမယ်တဲ့။

ဥပါသကာ (စဏ္ဍာလ) ဥပါသကာကြမ်း အင်္ဂါငါးပါးဆိုတာလဲ ရှိပါသေးတယ်၊ အဲဒီငါးပါးဆိုတာကတော့—

၁။ ဘုရားစတဲ့ ရတနာသုံးပါး၊ ကံ-ကံ၏အကျိုးကို ယုံကြည်ခြင်း။

၂။ သီလမရှိခြင်း။

၃။ ကာမဂုဏ်နှင့် စပ်တဲ့အာရုံကို မြင်မှု, ကြားမှု, တွေ့မှု, သိမှု မင်္ဂလာကို ယုံကြည်စွဲလမ်းခြင်း။

၄။ မင်္ဂလာကိုသာ ယုံကြည်ပြီး ကံကို မယုံကြည်ခြင်း။

၅။ သာသနာတော်မှအပ ဖြစ်တဲ့ တိတ္ထိတက္ကတွန်း စသည်ကို ရှာမှီး၍ ပေးကမ်းခြင်း။

အဲဒီငါးပါးနဲ့ ပြည့်စုံနေတဲ့ ဥပါသကာသည် ဥပါသကာကြမ်း၊ ဥပါသကာညစ်၊ ဥပါသကာယုတ် ဖြစ်တယ်လို့ ပဉ္စင်္ဂုတ္တရ ပါဠိတော်မှာ-

ပဉ္စဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဥပါသကော၊ ဥပါသကစဏ္ဍာလော စ ဟောတိ- စသဖြင့် ဟောတော်မူပါတယ်။

ဥပါသကာကြမ်း ရှိသလို ဥပါသကာကောင်း ဆိုတာလဲ ရှိပြန်ပါသေးတယ်၊ အဲဒီငါးပါးကတော့-

၁။ ဘုရားစတဲ့ ရတနာသုံးပါး ကံ-ကံ၏အကျိုးကို ယုံကြည်ခြင်း။

၂။ သီလနှင့် ပြည့်စုံခြင်း။

၃။ ကာမဂုဏ်နှင့်စပ်တဲ့ အာရုံကို မြင်မှု, ကြားမှုစတဲ့ မင်္ဂလာအယူကို မစွဲလမ်းခြင်း။

၄။ မြင်မှု,ကြားမှုစတဲ့ မင်္ဂလာကို မယုံကြည်ပဲ ကံကိုသာ ယုံကြည်ခြင်း၊ (ဒိဋ္ဌမင်္ဂလာ၊ သုတမင်္ဂလာ၊ မုတမင်္ဂလာ)

၅။ သာသနာတော် အတွင်းမှာသာ ကောင်းမှုပြုလုပ်ခြင်း၊ အဲဒီအင်္ဂါငါးပါးနဲ့ ပြည့်စုံတဲ့ ဥပါသကာ

ပရိယေသန ဝမ်းစာအတွက် အရောင်းအဝယ်လုပ်တာတောင်မှ (သမ္မာ အာဇီဝ) အလုပ်မျိုးမှ ဖြစ်မှာမဟုတ်လား။

ဒါကြောင့်လဲ ပဉ္စင်္ဂုတ္တရပါဠိတော် ဥပါသကဝဂ်မှာ ဥပါသကာ အရောင်းအဝယ် မပြုလုပ်ကောင်းတဲ့ ကုန်ငါးမျိုး ရှိပါတယ်။

ငါးပါးဆိုတာက —

၁။ ဓား, လေး, မြှားစတဲ့ လက်နက်အမျိုးမျိုး ရောင်းခြင်း ဝယ်ခြင်း၊ သတ္ထဝါဏိဇ္ဇာ။

၂။ ကျွန်ကို အရောင်းအဝယ် ပြုလုပ်ခြင်း၊ သတ္တဝါဏိဇ္ဇာ။

၃။ ကြက်, ဝက်, ဘဲ, ငှက် စတဲ့ သတ္တဝါများကို မွေးမြူခြင်း၊ ရောင်းဝယ်ခြင်း၊ မံသဝါဏိဇ္ဇာ။

၄။ သုရာ ငါးပါး၊ မေရယ ငါးပါးတို့တွင် အမှတ်မရှိ တခုခု သော ယစ်မျိုးကို မိမိကိုယ်တိုင်ပဲ ဖေါ်စပ်သည်ဖြစ်စေ၊ သူများကိုပဲ ဖေါ်စပ်ခိုင်းသည်ဖြစ်စေ ရရှိတဲ့ယစ်မျိုးကို ရောင်းခြင်း-ဝယ်ခြင်းဆိုတဲ့ မဇ္ဇဝါဏိဇ္ဇာ။

၅။ အဆိပ်မျိုးတို့ကို မိမိကိုယ်တိုင်ပဲ ဖော်ဖော် သူများကိုပဲ ဖော်စပ် ဖော်စပ် ရရှိတဲ့ အဆိပ်မျိုးကို ရောင်းခြင်း - ဝယ်ခြင်း၊ ဝိသဝါဏိဇ္ဇာ-

တည်းဟူသော ကုန်ငါးမျိုးကို ရောင်းခြင်း, ဝယ်ခြင်း မပြုကောင်း ဘူးလို့ ဟောတော်မူပါတယ်။

အဲဒီငါးမျိုးကို မိစ္ဆာဇီဝဖြစ်၍ ဥပါသကာဆိုတဲ့ သူများဟာ ရောင်းဝယ်မှု မပြုလုပ်ရပဲ တသက်လုံး ရှောင်ရှားရပါမယ်တဲ့။

ဥပါသကာ (စဏ္ဍာလ) ဥပါသကာကြမ်း အင်္ဂါငါးပါးဆိုတာလဲ ရှိပါသေးတယ်၊ အဲဒီငါးပါးဆိုတာကတော့—

၁။ ဘုရားစတဲ့ ရတနာသုံးပါး၊ ကံ-ကံ၏အကျိုးကို ယုံကြည်ခြင်း။

၂။ သီလမရှိခြင်း။

၃။ ကာမဂုဏ်နှင့် စပ်တဲ့အာရုံကို မြင်မှု, ကြားမှု, တွေ့မှု, သိမှု မင်္ဂလာကို ယုံကြည်စွဲလမ်းခြင်း။

၄။ မင်္ဂလာကိုသာ ယုံကြည်ပြီး ကံကို မယုံကြည်ခြင်း။

၅။ သာသနာတော်မှအပ ဖြစ်တဲ့ တိတ္ထိတက္ကတွန်း စသည်ကို ရှာမှီး၍ ပေးကမ်းခြင်း။

အဲဒီငါးပါးနဲ့ ပြည့်စုံနေတဲ့ ဥပါသကာသည် ဥပါသကာကြမ်း၊ ဥပါသကာညစ်၊ ဥပါသကာယုတ် ဖြစ်တယ်လို့ ပဥ္စင်္ဂုတ္တရ ပါဠိတော်မှာ-

ပဉ္စဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဥပါသကော၊ ဥပါသကစဏ္ဍာလောစ ဟောတိ- စသဖြင့် ဟောတော်မူပါတယ်။

ဥပါသကာကြမ်း ရှိသလို ဥပါသကာကောင်း ဆိုတာလဲ ရှိပြန်ပါသေးတယ်၊ အဲဒီငါးပါးကတော့-

၁။ ဘုရားစတဲ့ ရတနာသုံးပါး ကံ-ကံ၏အကျိုးကို ယုံကြည်ခြင်း။

၂။ သီလနှင့် ပြည့်စုံခြင်း။

၃။ ကာမဂုဏ်နှင့်စပ်တဲ့ အာရုံကို မြင်မှု, ကြားမှုစတဲ့ မင်္ဂလာအယူကို မစွဲလမ်းခြင်း။

၄။ မြင်မှု,ကြားမှုစတဲ့ မင်္ဂလာကို မယုံကြည်ပဲ ကံကိုသာ ယုံကြည်ခြင်း၊ (ဒိဋ္ဌမင်္ဂလာ၊ သုတမင်္ဂလာ၊ မုတမင်္ဂလာ)

၅။ သာသနာတော် အတွင်းမှာသာ ကောင်းမှုပြုလုပ်ခြင်း၊ အဲဒီအင်္ဂါငါးပါးနဲ့ ပြည့်စုံတဲ့ ဥပါသကာ

ဥပါသကာကောင်း သိသရန့်မွှေးပျံ့လို့ ဥပါသကာပဒုမ္မာ ဖြူဆွတ်သန့်စင်လို့ ဥပါသကာပုဏ္ဍရိက် အဖြစ်သို့ ရောက်တာပါပဲလို့ ပဋ္ဌာန်ဂုတ္တရ ပါဠိတော်မှာပင် ဟောတော်မူပါတယ်။

ဥပါသကာရဲ့ ပျက်စီးခြင်းနှစ်မျိုးဆိုတာလဲ ရှိပါသေးတယ်၊ အဲဒါတွေက အထက်ကဟောခဲ့တဲ့ မရောင်းကောင်းတဲ့ကုန်ငါးမျိုးနဲ့ မတရား အသက်မွေးခြင်းကို အသက်မွေးဖျက်ဆီးခြင်းလို့ ခေါ်ပြီး ငါးပါးသီလ ဖျက်ဆီးခြင်းကိုတော့ သီလဖျက်ဆီးခြင်းလို့ ခေါ်ပါတယ်။

ဥပါသကာရဲ့ ပြည့်စုံခြင်း ဆိုတာကတော့ မရောင်းချကောင်းတဲ့ ကုန်ပစ္စည်းငါးမျိုးကို မရောင်းချပဲ ရှောင်ကြဉ်ပြီး ကောင်းသော သမ္မာအာဇီဝ လုပ်ငန်းဖြင့် လုပ်ကိုင်၍ တရားသဖြင့် အသက်မွေးမှုတာဟာ ဥပါသကာရဲ့ ပြည့်စုံခြင်းဖြစ်တယ်လို့ ဆိုရမှာပဲ ဖြစ်ပါတယ်။

## ဥပါသကာအင်္ဂါ (၇) ပါး။

၁။ ရဟန်းသံဃာများကို ဖူးမြင်ခြင်းမှ မယုတ်လျော့ခြင်း။
၂။ သူတော်ကောင်း တရား နာခြင်း၌ မမေ့မလျော့ခြင်း။
၃။ ငါးပါးသီလစသည်တို့ စောင့်ထိန်းခြင်း။
၄။ ရဟန်းတို့၌ အကြည်ညိုများခြင်း။
၅။ အပြစ်မရှာလိုတဲ့ စိတ်ဖြင့် တရားနာခြင်း။
၆။ သာသနာတော်အတွင်း အလှူခံကိုရှာခြင်း။
၇။ ဘုရား၏ တပည့်သားတို့အား ရှေးဦးစွာ ပေးလှူခြင်း။

(သတ္တင်္ဂုတ္တရပါဠိတော်)

## ဥပါသကာအဖြစ်မှ ယုတ်လျော့ခြင်း ၇ – ပါး

၁။ ရဟန်းသံဃာတို့ကို ဖူးမြင်ခြင်းမှ ယုတ်လျော့ခြင်း။
၂။ သူတော်ကောင်း တရားနာခြင်း၌ မေ့လျော့ခြင်း။
၃။ ငါးပါးသီလစသည်ကို မစောင့်ရှောက်ခြင်း။

၄။ ရဟန်းသံဃာများ၌ မကြည်ညိုခြင်း။
၅။ အပြစ်ရှာလိုတဲ့စိတ်ဖြင့် တရားနာခြင်း။
၆။ သာသနာပ အလှူခံပုဂ္ဂိုလ်ကို ရှာခြင်း။
၇။ သာသနာပ၌ ရှေးဦးစွာ ပေးလှူခြင်း။
(ဥပါသက ပရိဟာနသုတ်)

ဥပါသကာ ယောကျ်ားဆိုသဖြင့်လဲ မိန်းမတွေမဆိုင်ဟု မယူဆကြပါနဲ့အုန်း၊ ယောကျ်ား ပြဋ္ဌာန်းသဖြင့်သာ ဘုရားဟောတော်မူပါတယ်၊ ဒါကြောင့် ယောကျ်ားဥပါသကာမည်ရင်း မိန်းမများမှာလဲ ဥပါသိကာမည်ကြောင်း(အဝုတ္တသိဒ္ဓိ) မပြောပဲနှင့် သိကြပါကုန်။

ဒီတရားဟောပြလိုက်ရတာက လူတွေက ဥပါသကာဆိုတဲ့ စကားပါးစပ်ဖျားထား ပြောပြောနေကြတာကို ကြားသိရလို့ ရှင်းပြလိုတာက တကြောင်း၊ နောက်တခုက ဥပါသကာဘယောက်ကို သဒ္ဓါစေတနာ ဖူလစင်စွာထား၍ လှူဒါန်းသောအားဖြင့် အကျိုးကြီးမြတ်ပုံ၊ နောက်တခု ဥပါသကာဆိုတာ အပြောလွယ်သလောက် သူ့အကျင့်သိက္ခာနဲ့ ဘယ်လောက်အထိ ခက်ခဲရသေးတယ်ဆိုတာဒကို တရားနာလာကြတဲ့ ပရိသတ် သိစေလိုတဲ့အတွက် ဟောကွက်တခုပြု၍ ဟောလိုက်ရပါတယ်။

ငါးပါးသီလရဲ့ အကျိုးနဲ့အပြစ် ဆိုတာကိုလဲ တခုစီဟောပြပါအုန်းမယ်။

## သီလတရားဆိုတာ —

ဒီသီတင်းတော့ သီလတရားဆိုတာကို ဟောပြမယ်၊ အာရုံစိုက်လိုက်ကြ။

သီလဆိုတာကလဲ လူတို့ချမ်းသာ နတ်တို့ရဲ့ချမ်းသာ ပေးစေတတ်ပီး နိဗ္ဗာန်ချမ်းသာစစ်ကိုလဲ ပေးစေတတ်ပါဘယ်။

ဒီ ဒါန သီလ ဘာဝနာတရားဆိုတာ သံသရာတခွင် ကျင်လည်နေကြရတဲ့ သတ္တဝါမှန်သမျှ သတ္တဝါတိုင်း အလိုရှိအပ်တဲ့ တရားတွေပဲ ဖြစ်ပါတယ်။

ဒါပေမဲ့ တချို့သူတွေက ရှိသေးတယ်၊ သီလတရားကိုတောင် ခတ်ကန်ကန်ပြောဆိုနေကြတာ ကြားဘူးရတယ်။

ဘယ်လိုလဲဆိုတော့ သီလသိက္ခာ, သမာဓိသိက္ခာ, ပညာသိက္ခာ သုံးပါးရှိသည့်တွင် သမ္မာဝါစာ၊သမ္မာကမ္မန္တ၊သမ္မာအာဇီဝ ဆိုတဲ့ မဂ္ဂင်သုံးပါးဖြုတ်ပစ်ပြီး ကျန်တဲ့မဂ္ဂင် ငါးပါးနဲ့လဲ အရိယာ ဖြစ်နိုင်တယ် ဆိုတဲ့ စကားတွေပဲ ဖြစ်ပါတယ်။

မှန်ပါတယ် သူတို့ပြောတာ၊ ပဉ္စင်္ဂိကမဂ္ဂင်လမ်းစဉ်လို့ ခေါ်ပါတယ်။

ဒါပေမဲ့ တရားနာပရိသတ် သေသေချာချာနားထောင်၊ ထပ်မျှင်းပြမယ်။

ပညာကို သီလဖြင့်, သီလကို ပညာဖြင့် ဆေးကြော သုတ်သင်ရပါတယ်၊ သီလရှိမှ ပညာရှိပြီး ပညာရှိမှလဲ သီလရှိပါတယ်၊ သီလပညာဟာ လောကမှာ အမြတ်ဆုံးဖြစ်တယ်လို့ ဘုရားဟောတော်မူပါတယ်။

သီလတရား အခြေခံထားပြီး အရဟတ္တဖိုလ်ချမ်းသာ အနုပါဒိသေသ နိဗ္ဗာန်ချမ်းသာအထိ ဆိုက်ရောက်ခံစားနိုင်တာဖြစ်လို့ သီလဖြင့် ပညာကို ဆေးကြောတယ်လို့ ပရိဝါပါဠိတော်မှာ ဟောတော်မူပါတယ်။

ပညာတရားက သီလကို ဘယ်လိုဆေးကြောသလဲဆိုရင် လူတိုင်းနဲ့ မသက်ဆိုင်ပဲ ဉာဏ်အလွန်ထက်မြက်တဲ့ ဥဃ္ဃဋိတညူ ပုဂ္ဂိုလ်များနဲ့သာ သက်ဆိုင်ပါတယ်။

ဘယ်လောက် ထက်မြက်သလဲဆိုရင် မြတ်စွာဘုရားက ဒေသနာတော် အကျဉ်း ဟောပြလိုက်ရုံမျှဖြင့် ဒေသနာတော်ရဲ့ အဆုံးမှာ သီလ

တရား စောင့်ရှောက်နေစရာ မလိုတော့ပဲ ပညာဖြင့် သီလကိုဆေးကြော ပြီး ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာဖြစ်သွားနိုင်ပါတယ်။

အဲဒီ ပဋ္ဌာဂ်ကမဂ်လမ်းစဉ်ဆိုတာ ပဋိသမ္ဘိဒါခေတ်မှာသာ ဖြစ်နိုင် ပါတယ်တဲ့၊ ပဋိသမ္ဘိဒါ ရဟန္တာခေတ်ဆိုတာကလဲ သာသနာတော် အနှစ်တထောင်အတွင်းမှာသာ ဖြစ်နိုင်ပြီး ပုဂ္ဂိုလ်အနေအားဖြင့် ဥဂ္ဃါ- ဋိတညူပုဂ္ဂိုလ်မျိုး ဖြစ်ရပါမယ်တဲ့။

အဲဒီပုဂ္ဂိုလ်ထဲမှာ ဥဂ္ဃါဋိတညူပုဂ္ဂိုလ်မျိုး ဆိုတာကလဲ ဘုရားပွင့် နေတဲ့အခါမှာသာ ပေါ်ပေါက်နိုင်တယ်လို့ ဆိုထားလေတော့ ပဋ္ဌာဂ်က မဂ်လမ်းစဉ်နဲ့ အရိယာဖြစ်ဘို့ဆိုတာ မလွယ်ကူလှပါ၊ ကိုယ်ပိုင်ဉာဏ်နဲ့ သာ တွေးကြည့်ကြ၊ တွေးကြည့်နိုင်အောင် ဟောပြခဲ့ပြီးပြီပဲ၊ (တချို့က သူတို့ဟာ နေယျပုဂ္ဂိုလ် အဆင့်မှာတောင် မဟုတ်ဘူးလို့ ပြောကြသေး တယ်) စဉ်းစားသာယူကြပေတော့ တရားနာ ပရိသတ်တို့ရေ၊ ရှေ့ကို သွားမယ်၊ ဒါတင်ပြီးမှာ မဟုတ်သေးဘူး။

## သီလအကြောင်း သိကောင်းစရာ

သီလဆိုတာ— ပါဏာတိပါတ စသည်များကို ကြဉ်ဖယ်ကြောင်း
စေတနာသည် သီလ၊ ပါဏာတိပါတ စသည်ကို
ပယ်နိုင်သောသူ၏ ဝိရတိ စေတသိက်သည် သီလ၊
စက္ခုစသော ခြောက်ပါးသော ဣန္ဒြေကို စောင့်
ရှောက်နိုင်ခြင်း သဘောသည် သီလ၊ ကာမဂုဏ်
ငါးပါးကို မလွန်ကျူးပဲ အထူး ပယ်ပြတ်တဲ့
စိတ္တုပ္ပါဒ်သည် သီလ။ (ဝိသုဒ္ဓိမဂ် အဋ္ဌကထာ)

အဋ္ဌကထာအဓိပ္ပါယ်ကို ကျယ်မှာစိုးလို့ မဟောတော့ဘူး၊ စောင့် ထိန်း၍ ထားတတ်လို့ သီလ(ဋီကာကျော်)။

ဘယ်လို စောင့်ထိန်း၍ ထားသလဲဆိုရင် ကိုယ်ဖြင့် ကျူးလွန်တဲ့ ကာယကံမှု၊ နှုတ်ဖြင့်ကျူးလွန်တဲ့ ဝစီကံမှုဆိုတဲ့ အကုသိုလ်တရား မဖြစ်

ပွားရအောင် ကိုယ်နှုတ်တို့ဖြင့် တည်ကြည်ငြိမ်သက်အောင် ကောင်းစွာ စောင့်ထိန်း၍ ထားမှုပဲ ဖြစ်ပါတယ်၊ တရားကိုယ်အားဖြင့် မဟာကုသိုလ်ဇောဥ်ပါတဲ့ ဝိရတီစေတနာကို သီလလို့ခေါ်တယ်မှတ်။ (ဋီကာကျော်)

မြန်မာကျကျ တိုတိုဟောပြရရင် (စောင့်ထိန်းထားတာ) ဟာ သီလခေါ်တယ်လို့ မှတ်ထားကြ၊ တရားနာပရိသတ်တွေ ထပ်ရှင်းပြပါ အုန်းမယ်။

## ကာယကံ သုံးပါး

ကာယကံဆိုတာ ကိုယ်ဖြင့်ကျူးလွန်မှုကို ခေါ်ပါတယ်၊ ဘာတွေလဲ ဆိုတော့–

၁။ ပါဏာတိပါတာ– သူတပါးအသက်ကို သတ်တာ။

၂။ အဒိန္နာဒါနာ– သူတပါးဥစ္စာကို ခိုးတာ။

၃။ ကာမေသုမိစ္ဆာစာရာ– သူတပါး သားမယား ပြစ်မှားလွန်ကျူးတာ။

အဲဒီသုံးပါးကို ကိုယ်ထိလက်ရောက် ကျူးလွန်တဲ့အတွက် ကာယကံသုံးပါးလို့ ခေါ်ပါတယ်။

## ဝစီကံ လေးပါးဆိုတာ

၁။ မုသာဝါဒါ– မဟုတ်မမှန်လိမ်ပြောတာ။

၂။ ပိသုဏာဝါစာ– သူနှစ်ယောက်တို့ရဲ့ ချစ်ခြင်းကိုခွဲပစ်တာ။

၃။ ဖရုသဝါစာ– လူသွားလို ကြမ်းကြမ်းပြောဆိုတာ။

၄။ သမ္ဖပ္ပလာပဝါစာ– ဘုရားဟောမဟုတ်၊ အနက်အဓိပ္ပါယ်

မရှိ၊ အကျိုးမရှိ ပြိန်ဖျင်း သိန်ဖျင်းတဲ့ စကားကို ပြောဆိုတာ၊ အဲဒါတွေကို နှုတ်ကကျူးလွန်တဲ့အတွက် ဝစီကံလေးပါးလို့ ခေါ်ပါတယ်။

အဲဒါတွေအားလုံးဟာ မကောင်းမှု အကုသိုလ် ဒုစရိုက်တွေလို့ ခေါ်ပါတယ်၊ မပြုလုပ်ကြရပါဘူး။

အဲဒီ ကာယကံဖြင့် ကျူးလွန်မှု၊ ဝစီကံဖြင့် ကျူးလွန်မှုတွေကို မဖြစ်ရအောင် ကောင်းစွာစောင့်ထိန်းရပါမယ်။

သီလဆိုတာ– လူချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာချမ်းသာဆိုတာ တွေဟာ သီလဆိုတဲ့မြေမှာ တည်လာသလို မဂ်ချမ်းသာ ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာဆိုတဲ့ လောကုတ္တရာ ချမ်းသာတွေဟာလဲ သီလဆိုတဲ့ မြေပေါ်မှာ တည်ရပါတယ်။

သီလဆိုတာ– သီလတော သုခိတာ လို့ ဘုရားဟောထားပါသဖြင့် လူ့စည်းစိမ် နတ်စည်းစိမ်ကို ရအောင် ဇနကပစ္စယသတ္တိဖြင့် ကျေးဇူး ပြုပါတယ်၊ မဂ်ချမ်းသာ, ဖိုလ်ချမ်းသာ,နိဗ္ဗာန်ချမ်းသာကို ရအောင်လဲ ဥပတ္ထမ္ဘက ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါတယ်။

သီလစောင့်ထိန်းမှုကို အမှီသဟဲပြုပြီး မဂ်,ဖိုလ်,နိဗ္ဗာန်ကို ရောက်နိုင် ပါတယ်။

သီလဆိုတာ– သီလေ ပတိဋ္ဌာယ နရော–ဟောတော်မူထားသဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ရောက်ရန် သီလကစပြီး အားထုတ်ကြရပါမယ်၊ သီလ ဆိုတာ လောကုတ္တရာနယ်ရဲ့ အစပဲဖြစ်ပါတယ်။

သီလဆိုတာ–အေးမြခြင်းအနက်ကို ဟောပါတယ်၊ဘယ်လိုအေးမြ သလဲဆိုရင် သီလကို ဆောက်တည်ထားတဲ့သူဟာ ပါဏာတိပါတ စသည်ကိုရှောင်ကြဉ်ထားသည်၏ အဖြစ်ကြောင့် ပလိဗောဓ တည်း ဟူသောပူပန်ဘွယ်ကိစ္စ နည်းပါးလို့ အလွန်အေးမြပါတယ်။ (ဝိသုဒ္ဓိမဂ်)

သီလဆိုတာ.... ဦးခေါင်းနဲ့လဲ တူတယ်၊ ဘယ်လိုတူသလဲ ဆိုရင် သတ္တဝါတို့ခန္ဓာကိုယ်၌ ခြေလက်၊ မျက်စိ၊ နား၊ နှာခေါင်းစတဲ့ အင်္ဂါ ကြီးငယ် ပျက်ဆီးသွားပေမဲ့– အသက်မသေနိုင်သေးပါ၊ ဦးခေါင်း ပြတ်သွားရင်ပေ့ါ တခါထဲ အသက်သေရတော့တာပါပဲ ဒီအတိုင်း

ပါပဲ ဆွမ်းစတဲ့ ဒါနတရား မရှိစေကာမူ သိပ်အရေးမကြီးလှသေးပဲ သီလသာ လိုရင်းပခာနဖြစ်ပါတယ်။

ဘာကြောင့်လဲဆိုတော့ သီလမရှိက စိတ်ဆိုတာမငြိမ်သက်နိုင်ပါဘူး၊ စိတ်မငြိမ်သက်နိုင်တာနဲ့အမျှ ဂတိဝိပ္ပတ္တိဖြစ်ပီး အပါယ်ကျတတ်ပါသေးတယ်၊ အပါယ်သံသရာလယ်သွားရင် မိမိရရှိခဲ့တဲ့ လူ့ဘငပြန်ရရှိဘို့ဆိုဟာ အလွန်ခဲယဉ်းပါတယ်၊ ဘာပြုလို့လဲဆိုတော့ ငရဲသက်က ရှည်လျားသောကြောင့် ဖြစ်ပါတယ်၊ ဒါကြောင့် သီလမရှိရင် ဦးခေါင်းပြတ်တဲ့သူနဲ့ တူတယ်လို့ဆိုပါတယ်။ (ဝိသုဒ္ဓိမဂ်)

သီလရှိတဲ့သူကျတော့ စိတ်တည်ငြိမ်မှုရရှိပီးဖြစ်၍ ဂတိသမ္ပတ္တိနှင့် ပြည့်စုံသဖြင့် လူ့ဘုံ, နတ်ဘုံစတဲ့ သုဂတိဘုံဘဝသို့ ရောက်ကြရပါတယ်တဲ့။

သီလဆိုတာ.... နတ်ပြည်သို့သွားရောက်ရာ စောင်းတန်းလှေခါးနဲ့ တူပါတယ်။ (ဝိသုဒ္ဓိမဂ်)

သီလဆိုတာ.... ခရီးသွားသူအများ ခိုအောင်းဝင်နားရာ စရပ်နဲ့ တူပါတယ်၊ ဘယ်လိုတူသလဲ ဆိုလို့ရှိရင် အမျိုးမျိုး ဒါနစတဲ့ကုသိုလ်တရားတွေရဲ့ ခိုအောင်းတည်းခိုရာဖြစ်လို့ပါပဲ။

သီလဆိုတာ....သူတပါးကိုအပြစ်မပေးတတ်၍ မိမိအပေါ် အပြစ်မတက်ပါ၊ သူများကို အေးမြချမ်းသာပေးတတ်၍ မိမိစိတ်နှလုံးအေးမြချမ်းသာ ဝိပ္ပတိသာရမရှိသဖြင့် အပါယ်မရောက် သုဂတိဘုံသို့သာ ရောက်ရပါတယ်၊ ဖြစ်လေရာဘဝ ကိုယ်ရော စိတ်ပါ ချမ်းချမ်းသာသာ နေရပါတယ်။

သီလဆိုတာ....သီလမှတပါး အားကိုးစရာမရှိပါဘူးတဲ့။

သီလဆိုတာ.... သီလရဲ့အသံဟာ အကနိဋ္ဌဘုံက ကြားသိနိုင်ပါတယ်တဲ့။ (သီလသဒ္ဒေါ အကနိဋ္ဌော)

ဒါဖြင့် သီလအကြောင်းသိကောင်းစရာ ပီးစေပေါ့နော်။

သီလဆိုတာ သဘောပေါက်သွားတော့ ရှေ့ကိုသွားကြရအောင်။

သီလဟာ ဝိရတိစေတနာအားဖြင့်တပါးသာရှိပေမဲ့ လူတို့ကျင့်သုံးခံယူဆောက်တည်ရမဲ့ သီလသည် ငါးပါးသီလ, ရှစ်ပါးသီလ, ကိုးပါးသီလ, ဆယ်ပါးသီလ စသဖြင့် သီလတွေရှိကြပါတယ်၊ ဒါပေမဲ့- ငါးပါးသီလနဲ့ ရှစ်ပါးသီလ, ဆယ်ပါးသီလ, ကိုးပါးသီလကိုသာ အဓိကထား ဟောပြပါမယ်၊ ခြုံသဘောပေါက်လိမ့်မယ်လို့ ယူဆမိပါတယ်။

ငါးပါးသီလကိုတော့ စုံစုံစေ့စေ့လေး အချိန်ယူပြီးဟောပြမလို့ ရည်ရွယ်ထားပါတယ်၊ ဘာပြုလို့လဲဆိုတော့ ငါးပါးသီလကို လူငယ်လူရွယ်မှစ၍ အားလုံးသိသင့်သိထိုက်ရုံမက ခါးဝတ်ပုဆိုးလို စွဲစွဲမြဲမြဲ ဖြစ်နေရမဲ့သီလမို့ပဲ ဖြစ်ပါတယ်။

လူတိုင်းလူတိုင်းဟာ ငါးပါးသီလကို အထူးလုံခြုံသော အားဖြင့် လက်တွေ့ လောကီချမ်းသာတွေကို ပေးနိုင်ရုံမကပဲ တလောကလုံး သာယာဝပြောသော ချမ်းသာသုခအပြည့်အဝကို ဖြစ်စေနိုင်ပြီး ဇာတိစတဲ့ မီးတဆယ့်တပါးကင်းငြိမ်းရာ ရွှေပြည်နိဗ္ဗာန်ကို ဝင်စံနေနိုင်လို့ပဲ ဖြစ်ပါတယ်။

မဂ် ဖိုလ် နိဗ္ဗာန် ရောက်ဘို့ဆိုတာ လမ်းမှန်လမ်းကောင်းကိုမြင်နိုင်ရပါမယ်၊ လမ်းမှန်လမ်းကောင်း မြင်နိုင်ဘို့ဆိုတာကလဲ သမာဓိရမှ ဖြစ်နိုင်ကြပါတယ်၊ သမာဓိရဘို့ဆိုတာ စိတ်တည်ငြိမ်မှုကို အများကြီးလိုအပ်နေပြန်ပါတယ်၊ ဘာပြုလို့လဲဆိုတော့ စိတ်တည်ကြည်ငြိမ်သက်မှု ရှိနေပါက ဂတိသမ္ပတ္တိနဲ့ပြည့်စုံသဖြင့် လူ့ဘုံ နတ်ဘုံ စတဲ့ သုဂတိဘုံသို့ ရောက်စေတတ်လို့ပဲ ဖြစ်ပါတယ်။

စိတ်တည်ငြိမ်မှုရအောင်ကတော့ သီလလုံခြုံမှုပဲ ဖြစ်ပါတယ်။

ငါးပါးသီလကို ရှေးဦးစွာဟောပြမယ်လို့ ဝန်ခံခဲ့တဲ့အတိုင်း ငါးပါးသီလကို ဟောပြပါမယ်။

ငါးပါးသီလဆိုတာဘာလဲ—

ငါးပါးသီလဆိုတာ တခြားမဟုတ်ပါဘူး၊ နောက်ကဟောခဲ့သလို မကောင်းတဲ့ပြုမူမှု ငါးခုနဲ့ ပတ်သက်ပီး ကိုယ်ကမလုပ်မိအောင် နှုတ်က မပြောမိအောင်၊ ထိန်းသိမ်းထားခြင်းပဲ ဖြစ်ပါတယ်။

အဲဒီငါးခုက ဘာတွေလဲဆိုတာ–သူတပါးအသက်သတ်ခြင်း
သူတပါးဥစ္စာကိုခိုးခြင်း
သူတပါး သားမယား မေထုန်ကျူးလွန်ခြင်း
မဟုတ်မမှန်လိမ်လည်ပြောဆိုခြင်း
မူးယစ်စေတတ်တဲ့ သေရည်သေရက်ကို သောက်စားခြင်း ဆိုတဲ့ မကောင်းမှုငါးခုပဲ ဖြစ်ပါတယ်။

ငါးပါးသီလရဲ့အမည်များ။

ငါးပါးသီလကို ပိဋကတ်သုံးပုံမှာ အမည်အမျိုးမျိုး ရှိနေပေမဲ့ ထင်ရှားတဲ့အမည်များကိုသာ ဟောပြပါမယ်။

ဂရုဓမ္မသီလ

အလေးအမြတ်ပြု၍ နေ့စဉ်မပြတ် လုံခြုံစွာ စောင့်ရှောက်အပ်လို့ (ဂရုဓမ္မသီလ) လို့လဲ ခေါ်ပါတယ်။ (ဇာတ်အဋ္ဌကထာ တိကနိပါတ် ဂရုဓမ္မဇာတ်)

အရိယကန္တသီလ

အရိယာပုဂ္ဂိုလ်များ အမြဲမပြတ် မြတ်နိုးအပ်လို့ (အရိယကန္တသီလ)လို့ ခေါ်ပါတယ်။

## နိစ္စသီလ

သူတပါးအသက်မသတ်ခြင်းစတဲ့ သိက္ခာပုဒ်ငါးခုကိုလူဝတ်ကြောင်တွေ အမြဲမပြတ် ခါးဝတ်ပုဆိုးကဲ့သို့ မြဲနေရမှာဖြစ်လို့ (နိစ္စသီလ) လို့လဲ ခေါ်ပါတယ်။ (ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ)

## ဂဟဋ္ဌသီလ

သူတပါးအသက်ကို မသတ်ခြင်းစတဲ့ သိက္ခာပုဒ်ငါးခုကို လူများစောင့်ထိန်းအပ်လို့ (ဂဟဋ္ဌသီလ) လို့လဲ ခေါ်ပါတယ်။ (ဝိသုဒ္ဓိမဂ် အဋ္ဌကထာ သီလနိဒ္ဒေသ)

## သိက္ခာပုဒ်ငါးခု

ပါဏာတိပါတာ ဝေရမဏီစသဖြင့် တပါးနှစ်ပါး ရေတွက်ရင် ငါးပါးရှိသဖြင့် သိက္ခာပုဒ်ငါးခု ငါးပါးသီလလို့ခေါ်ပါတယ်။

(ဒီဃနိကာယပါထိကဝဂ္ဂ ပါဠိတော်)

## ငါးပါးသီလသည်ပင် စက္ကဝတ္တိဓမ္မသတ်။

စကြာဝတေးမင်းတိုင်း ကမ္ဘာကိုအုပ်ချုပ်တဲ့ အခါမှာ ဥပဒေအထူးမထားတော့ပဲ ဒီငါးပါးသီသကိုသာ ဓမ္မသတ်လုပ်ပီး အုပ်ချုပ်ကြပါတယ်၊ ဒါကြောင့် ငါးပါးသီလဟာ စကြာဝတေးမင်းတွေရဲ့ ဓမ္မသတ် ရာဇသတ် ဥပဒေပဲဖြစ်ပါတယ်။ (ဒီဃနိကာယ—မဟာဝဂ္ဂ ပါဠိတော်- ပါတိကဝဂ္ဂပါဠိတော် စက္ကဝတ္တိသုတ်။)

## ဘုရားလောင်း နေမိမင်းကြီးလဲ ဒီလိုပါပဲ (နေမိဇာတ်တော်။)

နောက်ပီးငါးပါးသီလဟာ သောတာပန်ဖြစ်ခြင်းရဲ့အင်္ဂါလေးပါးတို့တွင် တပါးအပါအဝင် ဖြစ်ပါတယ်လို့ မြတ်စွာဘုရားဟောထားပါတယ်၊ (သံယုတ္တနိကာယ မဟာဝဂ္ဂသံယုတ္တ ပါဠိတော်- သောတာပတ္တိသံယုတ်)

တပါးသောစကြဝဠာကိုလဲ ငါးပါးသီလတရားကိုပဲ မြတ်စွာဘုရား ဟောကြားတော်မူပါတယ်။

တရားနာပရိသတ် တနေ့ပတ်လည်မှာ ကုသိုလ် ဥစ္စာ ပညာ တခုခု ရကြပါစေ၊ ဖြစ်နိုင်ရင် ကုသိုလ်ရတာအကောင်းဆုံးဟု ဆိုပါတယ်။

ဝါရိတ္တသီလလို့လဲ ခေါ်ဆိုပြန်ပါသေးတယ်။

သီလဟာ စာရိတ္တသီလ-ဝါရိတ္တသီလလို့နှစ်မျိုးရှိပါတယ်၊ မြတ်စွာဘုရားက ဒီအမှုကိုပြုအပ်၏ဟု ခွင့်ပြုတော်မူတဲ့ သိက္ခာပုဒ်တွေကို ဖြည့်ကျင့်ခြင်းဟာ စာရိတ္တသီလလို့ ခေါ်ပါတယ်၊ ဝါရိတ္တသီလဆိုတာကတော့- ဒီအမှုကိုမပြုကျင့်အပ်ဟု တားမြစ်ထားတဲ့ သိက္ခာပုဒ်တွေကို မြတ်စွာဘုရား ဟောကြားတော်မူတဲ့အတိုင်း ရှောင်ကြဉ်တာသည် ဝါရိတ္တသီလဖြစ်ပါတယ်။

တခုမှတ်ထားဘို့ကအခုဟောခဲ့တဲ့ စာရိတ္တသီလကို မပြုကျင့်ပဲနေခွင့်ရပါတယ်၊ ကုသိုလ်အထူးမဖြစ်လို့ မရရုံဘဲ အပြစ်တော့ မရှိပါဘူး။

ဝါရိတ္တသီလကျတော့ မကျင့်ပဲနေလို့မရ မကျင့်နိုင်ပါက အပြစ်ရှိပါတယ်၊ အပါယ်လဲကျနိုင်ပါတယ်၊ အခုငါးပါးသီလကို ဝါရိတ္တသီလခေါ်တယ် မှတ်ထားကြ၊ မကျင့်ပဲမနေရပါဘူး၊ အပြစ်ရှိတယ် အပါယ်ကျနိုင်တယ်တဲ့၊ ကြပ်ကြပ်သတိထားကြ တရားနာပရိသတ်။

နောက်တခုက စာရိတ္တသီလကို (သဒ္ဓါဝီရိယသာခနေစာရိတ္တံ)လို့ ဝိသုဒ္ဓိမဂ်က မိန့်ဆိုပါသဖြင့် သဒ္ဓါနှင့်ဝီရိယ ပြဋ္ဌာန်းသည်ဖြစ်၍ သဒ္ဓါတရားနဲ့ ဝီရိယတရား ရှိသောသူမှသာ လုံခြုံစွာစောင့်ထိန်းနိုင်မှာပဲ ဖြစ်ပါတယ်။

ဝါရိတ္တသီလကိုတော့ (သဒ္ဓါသတိသာခနံဝါရိတ္တံ)

ဝိသုဒ္ဓိမဂ်မှာပဲ မိန့်ဆိုပြန်ပါသဖြင့် သဒ္ဓါနှင့်သတိ ပြဋ္ဌာန်းသည်ဖြစ်၍ သဒ္ဓါတရား သတိတရားရှိတဲ့သူမှသာ ကောင်းမွန်လုံခြုံစွာ စောင့်ထိန်းနိုင်မှာပဲ ဖြစ်ပါတယ်။

ငါးပါးသီလ တမျိုးထဲကိုပင် နာမယ်အမျိုးမျိုး ခေါ်ကြပြန်ပါတယ်၊ ဒီငါးပါးသီလကို အရိယာပုဂ္ဂိုလ်များဖြစ်ကြတော့ အခုဘဝတွင်မက ဘယ်ဘဝရောက်ရောက် ဘဝတပါး ပြောင်းသွားသော်လဲ ငါးပါးသီလမပျက်ရအောင် အမြဲတည်လျက် ရှိနေပါတယ်၊ လွန်ကျူးပြီး ဘယ်သောအခါမှ မကျင့်တော့ပါဘူး။

(ငါးပါးသီလ မစောင့်မနေရ)

ပုထုဇဉ်ပုဂ္ဂိုလ်များကား ဒီငါးပါးသီလကို မကျင့်ရင်မနေရ အမြဲတည်ရှိနေရပါမယ်၊ ဘာပြုလို့လဲဆိုတော့ ငါးပါးသီလ မလုံခြုံတဲ့သူများဟာ အပါယ် ကျရောက်ကြောင်းကို ထိုထိုပါဠိတော်တို့မှာ ဟောတော်မူလို့ပဲ ဖြစ်ပါတယ်။

ဒါကြောင့်မို့ အပါယ်နဲ့ အဆက်အသွယ် ရှိနေသေးတဲ့ အပါယ်ကျကြောင်း မပယ်နိုင်ကြသေးတဲ့ ပုထုဇဉ်ပုဂ္ဂိုလ်များဟာ ငါးပါးသီလကို အထူးစောင့်ထိန်းထားဘို့ လိုအပ်ကြောင်း ထပ်လောင်း၍ ဟောရပါတယ်။

(လူတွေက ငါးပါးသီလ ခံယူဆောက်တည်ထားတာမှ မဟုတ်ပဲ လွန်ကျူးပေမဲ့ အပြစ်မရှိဘူးလို့ ထင်ကောင်းထင်နေကြမှာ ဖြစ်ပါတယ်၊) ငါးပါးသီလကို ခံယူဆောက်တည်လို့ပဲ ဖြစ်စေ,မခံယူမဆောက်တည်ပဲဖြစ်စေ, အပြစ်ရှိတယ်လို့ မှတ်ထားကြ တရားနာပရိသတ်၊ (ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ)၌ လူတွေဟာ ငါးပါးသီလကို မစောင့်ပဲ မနေကောင်းပါဘူး၊ ငါးပါးသီလကို ငါပါးလုံး မစောင့်နိုင်စေကာမူ လေးပါး- သုံးပါး, ဒါမှမဟုတ် နှစ်ပါး, အနည်းဆုံး တပါးပဲဖြစ်ဖြစ် စောင့်ရှောက်ရပါမယ်၊ (ဒီတပါးလောက်ကိုမှ မစောင့်ရှောက်နိုင်ရင်တော့ သေသွားရင် ငရဲဘုံ ဒါမှဟုတ်၊ ပြိတ္တာဘုံသို့ ရောက်စေတတ်တယ်တဲ့။)

တပါးမှ မစောင့်ထိန်းသူကို လူဒုဿီလ သီလမရှိတဲ့သူလို့ ဘုရားရှင် ဟောတော်မူပါတယ်။

ငါးပါးသီလဆိုတာ ဘုရားပွင့်ပွင့်, မပွင့်ပွင့် အမြဲရှိတဲ့ သီလလို့ မှတ်ထားကြပါ၊ ဒါကြောင့် သဂါထာဝဂ္ဂသံယုတ် အဋ္ဌကထာမှာ (အနုပ္ပန္နေဟိပိ ဗုဒ္ဓုပ္ပါဒေပဝတ္တတီတိ သီလဒွမဝ)ဟု မိန့်ဆိုပါတယ်၊ ဟိသစ္စံ၊ မလွဲကေန်မှန်၏။ ဗုဒ္ဓုပ္ပါဒေ၊ ဘုရားပွင့်တော်မူခြင်းသည်။ အနုပ္ပန္နေပိ၊ ဖြစ်တော်မမူသော်လည်း။ ပဝတ္တတိ၊ ဖြစ်နိုင်၏။ ဓမ္မတာ အလျောက် ဖြစ်ထွန်းပေါ်ပေါက်နိုင်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ပဉ္စသီလံ၊ ဂရုဓမ္မ ငါးပါးသည်။ သီလမေဝ၊ သီလမည်သည်သာလျှင်။ ဟောတိ၊ ဖြစ်လေတော့၏။

ဒါဖြင့် သဂါထာဝဂ္ဂသံယုတ် ပါဠိတော်စကား ထောက်သော အားဖြင့် ဘုရားပွင့်တော်မမူတဲ့ သာသနာပ အခါများမှာလဲ ငါးပါး သီလ ထင်ရှားရှိနေတယ် ရှိကောင်းတယ်ဆိုတာ ထင်ရှားစေပေါ့နော်– ဒါပေမဲ့ ငါးပါးသီလတော့ မဟုတ်ဘူးဆိုတာ သတိထားကြ နားရှုတ် သွားအုန်းမယ်။

ဘုရားပွင့်တော်မမူတဲ့ သာသနာပအခါ သရဏဂုံ မရှိပါဘူး၊ နောက်ပြီး သဂါထာဝဂ္ဂသံယုတ် အဋ္ဌကထာမှာပဲ ပါတိမောက္ခသံဝရ သီလကိုလဲ မရနိုင် မရှိနိုင်ပါဘူးတဲ့၊ သာသနာပ လောကီစျာန်ရကြတဲ့ ရသေ့တို့ ပရိဗာဇက ပုဂ္ဂိုလ်များပင် မရနိုင်ပါဘူးလို့ ဆိုပါတယ်၊ဘာပြု လို့ မရနိုင်သလဲဆိုရင် ပါတိမောက္ခသံ ရသီလ ဆိုတာမျိုးက (ပါတိ မောက်မှလာတဲ့ နှစ်ရာနှစ်ဆယ့်ခုနစ်ပါးသော သိက္ခာပုဒ်တော်တွေကို ခေါ်တာဖြစ်လေတော့) လူသာမန်များနှင့် မသက်ဆိုင်တော့ပဲ ရဟန်း တော်များနှင့်သာ သက်ဆိုင်ထိုက်တန်တော့တာမို့ သာသနာအပြင် ဘက်မှာ မရှိနိုင်ပါ၊ ဘုရားပွင့်တော်မူတဲ့ သာသနာတော်တွင်းမှသာ ရရှိနိုင်တဲ့ အလွန်မြတ်သော အဓိသီလမျိုးမို့ သာသနာပဘုရား မပွင့်တဲ့ အခါမှာ မရနိုင်ပါဘူးလို့ ဟောတာပါပဲ၊ ရှင်းသွားကြပီပေါ့။

နောက်တခုက အနတ္တလက္ခဏာဆိုတဲ့ တရားကိုလဲ သာသနာပ အခါ မရနိုင်ပါဘူးလို့လဲ ပါဠိတော် အဋ္ဌကထာများမှာ ဟောတော်မူထားတာ တွေ့ရပါတယ်။

အဓိပ္ပါယ်ကတော့ အနိစ္စ, ဒုက္ခ, အနတ္တ ဆိုတဲ့ လက္ခဏာယဉ် သုံးပါးမှာ အနိစ္စတရားနဲ့ ဒုက္ခတရားဟာ ဘုရားပွင့်လို့ပဲဖြစ်ဖြစ် မပွင့်လို့ပဲဖြစ်ဖြစ် နောက်ကဟောခဲ့တဲ့ ငါးပါးသီလလို လောကမှာ ထင်ရှား ရှိနေကြတဲ့ တရားများ ဖြစ်ကြပြီး အဲဒီအနတ္တတရားကြတော့ လောကမှာ ထင်ရှားရှိမနေပဲ ဘုရားပွင့်တော်မူမှ ဘုရားရှင်ဟောကြားမှ ရှိနိုင်တာ ဖြစ်လို့ပါပဲတဲ့။

ကိုင်း တရားစကားစပ်မိလို့ဆက်ဟောပေးလိုက်အုန်းမယ်၊ နို့-ဘုရားပွင့်ခိုက်အခါမှာ အဘက်ဘက်က ပြည့်စုံပြီး ဘက်စုံရနေပါလား၊ ဘာလို နေသေးလို့လဲ လူတွေက ကြီးတယ်, ငယ်တယ်, အလုပ်မအားလို့, သားသမီးကြောင့်, လင်ကြောင့်, မယားကြောင့်, ဟိုဝါကြောင့်, ဒီဟိုကြောင့်, အိမ်စိတ်မချလို့နဲ့ သူပြောလိုက်တဲ့ ဆင်ခြေ ဆင်လက် ဒါလောက်ချီးများလာတော့ ဘယ်ဒင်းမှလဲလုပ်ဖြစ်မှာမဟုတ်တော့ပါဘူး၊ နဲ့တဲ့ ကြောင်းတွေမှ မဟုတ်တာ။

ငါ ဒီလောက်ဒေါသကြီးလာရင် မရိုက်ဖြစ်တော့ဘူး၊ မကြောက်နဲ့ မအေးမြင့်လို့ လင်မယားရန်ဖြစ်တော့ ပြောတဲ့စကားလို အခုလဲ ဒီလောက်ကုသိုလ်ပြုဘို့ ဈာန်ရွေးနေလေတော့ လုပ်ဖြစ်မှာလဲ မဟုတ်ပါဘူး မဟုတ်လား။

သာသနာပအခါမှာလဲ ဒါန သီလ သမထဘာဝနာ ရှိပါတယ်၊ ဒါပေမဲ့ သာသနာတွင်းမှာပြုတဲ့ ဒါန သီလနဲ့ မတူပါ၊ ဘာပြုလို့လဲ ဆိုတော့ လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်မှအပ နိဗ္ဗာန်အထိ မရောက် နိုင်လို့ပဲ ဖြစ်ပါတယ်။

လူတွေ အနတ္တဉာဏ် ထင်မြင်လာအောင် ဟောပြောပြသနိုင်မဲ့သူ မရှိတဲ့အတွက်လဲ အနတ္တဉာဏ်ယင်မြင်မလာနိုင်ပါ။

ပစ္စေကဗုဒ္ဓါဘုရား ဆိုတာကလဲ သူသိတဲ့တရားကိုပြန်ပြီး ဝေနေယျ သတ္တဝါတွေအား ကျွတ်တန်းဝင်အောင် မဟောပြနိုင်ပါ။

ပစ္စေကဗုဒ္ဓါဆိုတာ သဗ္ဗညုဘုရားမှ အသီးအခြား ပွင့်တော်မူတဲ့ ဘုရားလို့ ခေါ်ပါတယ်။

အဲဒီပစ္စေကဗုဒ္ဓါဘုရားတွေကလဲ စကားမပြောတတ်တဲ့သူ အိပ်မက် မက်သလိုပါပဲ၊ သူသာသိပြီး သူများကိုပြန်မပြောတတ်ပါဘူး။

ဒါကြောင့် သာသနာတွင်းအခါနဲ့ သာသနာပအခါ မတူပါ၊ သို့ပါ၍ သာသနာတွင်းနဲ့ကြုံခိုက် ဒါနစတဲ့ ကုသိုလ်ကောင်းမှု တရားတို့ကို ဘယ်တော့မှမ မေ့ကြပါနဲ့လို့ သတိပေးလိုက်ရပါတယ်၊ သီလ တရား ဆိုတာ ပီးစေပေါ့။

## သီလခံယူဆောက်တည်နည်း

ငါးပါးသီလနဲ့ ပတ်သက်လို့ ပြောကွက် ဟောကွက်ကလေးတွေ ဆက်ဟောပြပါအုန်းမယ်။

တချို့သူတွေလဲ သီလကို ဆရာထံမှသာ ယူကောင်းတယ် မိမိ ဘာသာ မိမိမယူကောင်းဟု ထင်ကောင်းထင်ပေလိမ့်မယ်၊ အမှန်က တော့ ငါးပါးသီလပဲဖြစ်စေ ရှစ်ပါးသီလပဲဖြစ်စေ ဘယ်သီလမျိုးကိုပဲ ဖြစ်ဖြစ် သူများပေးနိုင်တဲ့သီလ မရှိပါဘူး၊ မိမိဘာသာဆောက်တည်မှ သာ သီလဖြစ်ပါတယ်၊ ဒါကြောင့် မိမိဘာသာ မိမိ အဓိဋ္ဌာန်ပြုပြီး သူများထံမှာ မခံယူပဲ ဆောက်တည်ကောင်းပါတယ်လို့ ခုဒ္ဒကပါဌ အဋ္ဌကထာမှာ မိန့်ဆိုပါတယ်။

အဲဒီလို သီလခံယူဆောက်တည်တဲ့ အခါမှာလဲ နှစ်မျိုးရှိပါတယ်။

၁။ အပေါင်းခံယူဆောက်တည်နည်း။

၂။ အစိတ်ခံယူဆောက်တည်နည်းတို့ပါပဲ။

၁။ အပေါင်းခံယူ ဆောက်တည်နည်း ဆိုတာက – ပါဏာတိပါတာ စသည်ဖြင့် အင်္ဂါတပါးစီ မခွဲခြားပဲ ဝေရမဏီသဒ္ဒါမတပ်ပဲ တပေါင်းတည်းပြု (အဟံ ဗုဒ္ဓ ပညတ္တံ ပဉ္စသီလံ အဓိဋ္ဌာမိ) ကျွန်ုပ်သည် ဘုရားပညတ်တော်မူအပ်သော ပဉ္စသီလကို အဓိဋ္ဌာန်ပြု ဆောက်တည်ပါ၏။

ရှစ်ပါးသီလ ဆိုလို့ရှိရင်လဲ (အဟံ ဗုဒ္ဓ ပညတ္တံ ဥပေါသထသီလံ-အဓိဋ္ဌာမိ) စသဖြင့် ဆို၍ ခံယူဆောက်တည်ရပါမယ်၊ အခြားသော သီလခံယူဆောက်တည်နည်းများကိုလဲ ဒီနည်းအတိုင်းသိပါ။

၂။ အစိတ်ခံယူ ဆောက်တည်နည်း ဆိုတာက ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ၊ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ စသဖြင့် အင်္ဂါတပါးစီ တပါးစီ ဝေရမဏီသဒ္ဒါတပ်ပြီး ခံယူဆောက်တည်ခြင်းကို ခေါ်ပါတယ်။

အဲဒီလို ခံယူဆောက်တည်ခြင်း နှစ်မျိုးတို့တွင် တမျိုးမျိုးဖြင့် နောက်က ဟောခဲ့တဲ့အတိုင်း ရဟန်းတော် တပါးထံမှာပဲ ဖြစ်ဖြစ် သာမဏေများထံမှာပဲဖြစ်ဖြစ် ဆရာသမား လူကြီးမိဘများ ထံမှာပဲ ဖြစ်ဖြစ် ဘုရားရှေ့တော်မှာပဲဖြစ်ဖြစ် နှုတ်ကမြွက်ဆိုပြီး ခံယူဆောက်တည်ရပါမယ်။

သီလပေးတဲ့သူမရှိရင်လဲ မိမိဘာသာ မိမိနှုတ်က မြွက်ဆို၍ ခံယူဆောက်တည်ပါလို့ အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ (အညံ အလဘန္တေန အတ္တ-နာပိ အဓိဋ္ဌာတဗ္ဗံ ဝစီဘေဒေါ ပန ကာတဗ္ဗောယေဝ) ဟု မိန့်ဆိုပါတယ်။

အညံ၊ သီလပေးမည့်သူကို။ အလဘန္တေန၊ ရှာမရခဲ့သော်။ အတ္တ-နာပိ၊ မိမိကိုယ်တိုင်သော်လည်း။ အဓိဋ္ဌာတဗ္ဗံ၊ ခံယူဆောက်တည်အပ်၏။ ပန၊ ထိုသို့ပင် ခံယူဆောက်တည်အပ်သော်လည်း။ ဝစီဘေ-

ဒေါ၊ နှုတ်မြွက်ခြင်းကို။ ကာတဗ္ဗောယော၊ ပြုအပ်သည်သာလျှင်တည်း။

ဒါဖြင့် သီလကို ခံယူဆောက်တည်တဲ့နေရာမှာ နှုတ်မြွက်၍ ခံယူဆောက်တည်ပါမှ ခံယူဆောက်တည်တဲ့ အားလျော်စွာ လုံခြုံစွာ စောင့်ရှောက် နေနိုင်အုန်းမှ ရပါတယ်လို့ တရားနာ ပရိသတ်မှတ်ထားကြ။

သူတို့ထင်မြင်ယူဆချက်ကလေး တခုကျန်ရှိနေပါသေးတယ်၊ အဲဒါကတော့ သီလခံယူ ဆောက်တည်ပီးနောက် တပါးပျက်ရင် ကျန်တဲ့ သိက္ခာပုဒ်တွေလဲ ပျက်ကုန်တယ်ဆိုတဲ့အချက်ပဲ ဖြစ်ပါတယ်၊ ထပ်ပြောပြပါအုန်းမယ်။

အထက်ကပြောခဲ့သလို အဟံ ဗုဒ္ဓ ပညတ္တံ ပဉ္စသီလံ အဓိဋ္ဌာမိ – စသဖြင့် ဝေရမဏီသဒ္ဒါ မတပ်ပဲ အပေါင်းခံယူ ဆောက်တည်ထားရင်တော့ တပါးပျက်က ကျန်တဲ့သိက္ခာပုဒ်တွေလဲ အကုန်လုံးပျက်စီးသွားတယ်လို့ သုတ်သီလက္ခန် အင်္ဂုတ္တိုရ် အဋ္ဌကထာတို့၌ (ယော ပဉ္စသိက္ခာပဒါနိ ဧကတော ဂဏှာတိ တဿ ဧကသ္မိံ ဘိန္နေ သဗ္ဗာနိ ဘိန္နာနိ ဟောန္တိ)ဟု မိန့်ဆိုထားကြပါတယ်။

ယော၊ အကြင်သူသည်။ ပဉ္စသီလသိက္ခာပဒါနိ၊ ငါးပါးသောသိက္ခာပုဒ်တို့ကို။ ဧကတော၊ ဝေရမဏီသဒ္ဒါမခြားပဲ တပေါင်းတည်း။ ဂဏှာတိ၊ ခံယူဆောက်တည်၏။ တဿ၊ ထို ဝေရမဏီသဒ္ဒါ မတပ်ပဲ တပေါင်းတည်းခံယူဆောက်တည်ထားသောသူ၏။ ဧကသ္မိံ၊တခုသောသိက္ခာပုဒ်သည်။ ဘိန္နေ၊ ပျက်သည်ရှိသော်။ သဗ္ဗာနိ၊ အလုံးစုံသောသိက္ခာပုဒ်တို့သည်။ ဘိန္နာနိ၊ ပျက်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဒါမှမဟုတ်လို့(ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ၊ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ) စသဖြင့် ဝေရမဏီသဒ္ဒါမတပ်ပဲ တပါးစီ တပါးစီ ခံယူဆောက်တည်ထားတဲ့ သီလမျိုး

ဆိုရင်တော့ သိက္ခာပုဒ်တပါးကို လွန်ကျူးမိက မိမိတို့လွန်ကျူးမိတဲ့ သိက္ခာပုဒ်တပါးသာ ပျက်စီးပြီး ကျန်နေတဲ့သိက္ခာပုဒ်များ မပျက်စီးပဲ ခံယူဆောက်တည်စဉ်က အတိုင်း မပျက်စီးပဲ တည်ရှိနေကြတယ်လို့ သီလက္ခန် အင်္ဂုတ္တိုရ်အဋ္ဌကထာများမှာ မိန့်ဆိုထားကြပါတယ်။

**ယော ကောကံ ဂဏှာတိ သော ယံ ဝီတိက္ကမတိ တဒေဝ ဘိဇ္ဇတိ-ယော၊** အကြင်သူသည်။ **ကောကံ၊** ဝေရမဏီသဒ္ဒါတပ်၍ တပါးတပါး စီကို။ **ဂဏှာတိ၊** ခံယူဆောက်တည်၏။ **သော၊** ထို ဝေရမဏီ သဒ္ဒါ ခြား၍ တပါးစီ ခံယူဆောက်တည်ထားသောသူသည်။ **ယံ၊** အကြင် သိက္ခာပုဒ်ကို။ **ဝိတိက္ကမတိ၊** လွန်ကျူး၏။ **တဒေဝ၊** ထိုလွန်ကျူး သော သိက္ခာပုဒ်သည်သာလျှင်။ **ဘိဇ္ဇတိ၊** ပျက်၏။

## ဥပါသကာငါးယောက် ဝတ္ထု

နောက်တခုက တရားနာပရိသတ် အပါအဝင် တချို့သူများလဲ ငါးပါးသီလကိုပဲ ဇဝေဇဝါ မသေမချာ အတွေးတခု ရှိလိမ့်အုန်းမယ်လို့ ထင်ပါတယ်၊ ထင်တာမထင်တာထား ရှင်းပြဘို့ တာဝန်ရှိသူမို့ ဟောပြလိုက်ရအုန်းမယ်၊ အဲဒါကတော့ တခြား မဟုတ်ပါဘူး၊ ပါဏာတိပါတ သိက္ခာပုဒ်က ခက်တယ်၊ အဒိန္နာဒါန သိက္ခာပုဒ်က ခက်တယ်စတဲ့ အထင်အမြင် အယူအဆတွေပဲ ဖြစ်ပါတယ်၊ နားရှင်း သွားအောင် ဒီလိုမှတ်ထားကြ၊ တိုတိုလေး။

မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူတဲ့အခါ ငါးပါးသီလကို တပါးစီ စောင့်ထိန်းကြတဲ့ ဥပါသကာ ငါးယောက်တို့ဟာ ပါဏာတိပါတ သိက္ခာပုဒ်ကခက်တယ်, အဒိန္နာဒါန သိက္ခာပုဒ်က ခက်တယ် စသဖြင့် အငြင်းအခုံ ဖြစ်နေကြပြီး တယောက်နဲ့တယောက် မကျေမနပ်ဖြစ်ကာ ချက်ချင်းပဲ ဘုရားထံ သွားလျှောက်ထားကြပါတယ်။

မြတ်စွာဘုရားသခင်က ပါဏာတိပါတ သိက္ခာပုဒ်က စောင့်ထိန်းရခက်တယ်၊ အဒိန္နာဒါနသိက္ခာပုဒ်က စောင့်ထိန်းရလွယ်တယ်လို့ မမှတ်ကြပဲနဲ့၊ ပါဏာတိပါတာစတဲ့ သိက္ခာပုဒ် ငါးပါးစလုံးပင် ခက်ကြတယ် ချစ်သားတို့လို့ ဟောတော်မူတဲ့အခါ ဥပါသကာ ငါးယောက်စလုံး သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသဆိုတဲ့ သံယောဇဉ်သုံးပါး ပယ်ပြီး အရိယာနယ် ရောက်ကြပါတယ်တဲ့။ (ဓမ္မပဒ အဋ္ဌကထာ- မလာဂ်)

ဒါဖြင့်ရင် ငါးပါးသီလမှာ သိက္ခာပုဒ်ငါးပါးစလုံး ခဲယဉ်းတယ် ခက်တယ်ဆိုတာ ထင်ရှားသွားပီပေါ့နော်။

## ခွေးသီလ ဝက်သီလ

အချို့သူတွေလဲ ရှိကြပါသေးတယ်၊ ဘာလဲဆိုတော့ ဘုရားမပွင့်တဲ့ အခါ ငါးပါးသီလကို ဘုရားအလောင်း ခွေးမင်း၊ မဟာတုဏ္ဍိလ ဝက်မင်းတို့ဟာ ငါးပါးသီလကို ဟောကြသဖြင့် ( ခွေးသီလ ) (ဝက်သီလ)ဟု ဘုရားရှင်ရဲ့ ရွှေမျက်နှာတော်ကိုမှ မထောက် အဋ္ဌကထာကိုလဲ မသင်ကြား မလေ့လာ လေးစားရမဲ့ ဘာသာရေးကိုလဲ မလေးမစား အရေးမထားကြပဲ ပြောဆိုဝေဖန် ရှုံချပြစ်တင် ကဲ့ရဲ့တဲ့ မအောင်တမာ စကားကြားရတာ ရင်လေးစရာပါပဲ။

ဒါတင်မကသေးပဲ ငါးပါးသီလဆိုတာ သာသနာပ အခါမှာသာ စောင့်ရှောက်အပ်သောသီလဖြစ်လို့ ဝဋ်မှ မထွက်မြောက်နိုင်ပါဘူးလို့ ဆိုကြပြန်သေးတယ်။

ဒီတရားဟောနေရင်း ဟို—ငယ်ငယ်ကကြားဘူးခဲ့တဲ့ အခြေအတင် စကားလေးတခု သွားသတိရမိသေးတယ်၊ အဲဒါကတော့ အခြား မဟုတ်ပါဘူး၊ အမည်မဖော်လိုတဲ့ ရွာတရွာမှာ နှစ်ပိုင်းကွဲနေပါတယ်၊ တပိုင်းက ငါးပါးသီလကို (ခွေးသီလ–ဝက်သီလ၊) နောက်တပိုင်းက မဟုတ်နိုင်ဘူး စသဖြင့် အငြင်းအခုံဖြစ်နေခိုက် ခွေးသီလ ဝက်သီလဟု

ပြောဆိုစုပ်စွဲတဲ့ အပိုင်းဘက်မှ သူတွေက သူတို့ဆရာတော် ပင့်၍ ညတရားပွဲ ကျင်းပတဲ့အခါ ဆရာတော်က ငါးပါးသီလက စပေးပြီး ငါးပါးသီလ အကြောင်းကိုပဲ ဟောတော်မူသတဲ့။

မနက်ကျတော့ ငါးပါးသီလကို မင်းတို့ပြောသလို ခွေးသီလ-ဝက် သီလဆိုတဲ့စကား နင့်စီးလွန်းအားကြီးတဲ့အတွက် ဒို့ဘတွေကပဲနားရိုင်း နေလို့လား- ဒါမှမဟုတ် တိကျတဲ့ အဖြေမှန် မရကြလို့ပဲလား အောက်မေ့နေတာ- မင်းတို့ဆရာတော်က ညတုန်းက ခွေးသီလ-ဝက် သီလတရား ဟောနေပါလားဟ - ပြန်ချေပလိုက်တော့တာပေါ့။

အဲဒီလို ချေပလိုက်ရော ပါးစပ်အဟောင်းသား ဖြစ်သွားပြီး ဘာ တခွန်းမှ ပြန်မပြောနိုင်တော့ပဲ စကားကျွံလွန်နေတော့ နှုတ်မရဘူး ဆိုတဲ့အတိုင်း လင်းတမှိုင် မှိုင်ရတော့တာပါပဲ၊ ( ကြက်တူရွေးက တော်တော် ဒေါ်ဒေါ်ကကဲ) ဆိုတာလို ဆရာကတော့ ဒီလောက် မဟုတ်ပါဘူး၊ တပည့်တွေက ပိုဆိုးနေပါတယ်။

ဘယ်ကုသိုလ်ပဲဖြစ်ဖြစ် ဝဋ်မှလွတ်မြောက်အောင် မတောင်းတတ် ကြရင် မိမိတို့နှင့် ဆိုင်သမျှသာ အကျိုးပေးမြဲဖြစ်ပါတယ်၊ ဥပမာ- ကာမာဝစရ ကုသိုလ်သည် ကာမဘုံစသဖြင့် ဆိုင်ရာဆိုင်ရာလောက် အကျိုးပေးနိုင်တာကို ထောက်ပြီး သိကြပါ။

ဝဋ်မှ လွတ်မြောက်အောင် တောင်းတတ်ကြမယ်ဆိုရင် သစ်သီ တလုံး, ပန်းတပွင့်, ဆွမ်းတဆုပ်, ရေတမှုတ်ပင် ဖြစ်စေကာမူ နိဗ္ဗာန် အရောက် ထောက်ပံ့နိုင်ပါတယ်လို့ အပဒါန်စတဲ့ ကျမ်းများမှာ ထင်ရှားလှပါတယ်။

## ငါးပါးသီလဖြစ်စေကာမူ

ငါးပါးသီလပဲ ဖြစ်ဖြစ်၊ ဆယ်ပါးသီလပဲဖြစ်ဖြစ် ဝဋ်မှထွက်မြောက် အောင် တောင့်တပြီး ဆောက်တည်ကျင့်သုံးပါက အလွန်မြင့်မြတ်

ကြီးကျယ်တဲ့ အဓိသီလဖြစ်တယ်လို့(သဂါထာဝဂ္ဂသံယုတ် အဋ္ဌကထာ) ၌ မိန့်ဆိုပါတယ်။

အဓိကတတ်နိုင်တာကလဲ ဘုရားသာသနာတော်တွင်းမှာသာ အဓိသီလ တတ်နိုင်တာပါ၊ သာသနာပ သီလဆိုတာမျိုးကတော့ ရိုးရိုးရ မှာပေါ့၊ နောက်ကဟောခဲ့သလို ဘုရားပွင့်တော်မမူတဲ့အတွက် နိဗ္ဗာန် ရောက်ပြနိုင်မဲ့သူ မရှိလို့ နိဗ္ဗာန်ကို အာရုံပြုဆုတောင်းလူရမှန်း မသိပါ ဘူး၊ အဲဒါကြောင့်လဲ လူ့ချမ်းသာ, နတ်ချမ်းသာ ခံစားရပြီး နိဗ္ဗာန် ချမ်းသာကို မခံစားနိုင်ပါ။

သာသနာတော်မှာ ရှိကြတဲ့ သီလကတော့ သာသနာတော်တွင်း ဖြစ်လို့ နိဗ္ဗာန်ကို အာရုံပြုဆောက်တည်ကြဘို့ ဟောပြောနိုင်မည့်သူ ဘုရားစတဲ့ သူတော်ကောင်းတွေ ရှိနေကြတဲ့အားလျော်စွာ နိဗ္ဗာန်ကို ရောက်နိုင်ပါတယ်တဲ့။

နောက်ပြီး ငါးပါးသီလသည် သာသနာပ ဘုရားပွင့်တော်မမူတဲ့ အခါမှာလဲ ထင်ရှားရှိနေတဲ့ သီလဖြစ်လို့ ဘုရားဟော ငါးပါးသီလ မဟုတ်ဘူးဆိုတဲ့ စကားကိုလဲ ကြားဘူးပါသေးတယ်။

သူတို့ပြောတဲ့ ငါးပါးသီလဟာ သာသနာပအခါမှာရှိတယ်ဆိုတာ မငြင်းလိုပေမဲ့ ဝဋ္ဋ်မှမထွက်မြောက်နိုင်ဘူး ဆိုတာကိုတော့ ဟောပြပါ အုန်းမယ်။

ဒါကြောင့် တရားနာပရိသတ် နားလည်အောင်ရှင်းပြရမယ်ဆိုရင် သာသနာပ ဘုရားမပွင့်ထွန်းတဲ့ အခါမှာပဲ ရှိရှိ၊ ဘယ်တုန်းကပဲ ရှိနေ ရှိနေ ဘုရားပွင့်တော်မူလာတဲ့အခါ မြတ်စွာဘုရားကလက်ခံဟောကြား ရင် (ဒီသီလ ဟုတ်တယ်မှန်တယ်, နိဗ္ဗာန်ရောက်နိုင်တယ်လို့ ဝန်ခံသလို ဖြစ်သွားတဲ့အတွက်) ဘုရားဟော ဖြစ်သွားတော့တာပဲဆိုတာ တိုတို လေး မှတ်ထားကြ။

ဥပမာ— စာရေးတယောက် ရေးထားတဲ့ လျှောက်လွှာတခုကို အစိုးရ စည်းတံဆိပ် ရိုက်နှိပ်လိုက်တဲ့အခါ စာရေးက ရေးထားတဲ့ လျှောက်လွှာစာရွက် ဖြစ်စေကာမူ စာရေးများ အမိန့်မဟုတ်တော့ပဲ အစိုးရအမိန့် ဖြစ်သွားသလို ဘုရားကလက်ခံဟောကြားလို့ ဘုရားဟော ဖြစ်တယ်၊ ဒါကြောင့် ငါးပါးသီလကို အဓိသီလ အလွန်မြတ်တဲ့သီလ နိဗ္ဗာန်ဆုတောင်း အာရုံပြုဆောက်တည်ပါက ဝဋ်မှ လွတ်မြောက်နိုင်တဲ့ သီလ ဘုရားပွင့်တော်မမူတဲ့ သာသနာပ အခါမှာရှိနေပေမဲ့ မြတ်စွာဘုရား ထင်ရှားပွင့်တော်မူလာတဲ့အခါ ဘုရားကိုယ်တော်တိုင် လက်ခံဟောကြားတော်မူလို့ ဘုရားဟော ငါးပါးသီလ ဖြစ်တယ်ဆိုတာ စိတ်ချယုံကြည် သံသယကင်းရှင်းစွာဖြင့်သာ စောင့်ရှောက်ထိန်းသိမ်းကြပါလို့ ဆိုတာ တရားနာ ပရိသတ်များအား ဘုရားဟောမှ တဆင့်ဖောက်သည်ချ ဟောကြားပြသလိုက်ပါတော့သတည်း။

ခွဲးသီလ – ဝက်သီလ ရှင်းချက်ပြီး၏။

## သီလကို ဘာပြုလို့ တောင်းရသလဲ
## သီလတောင်းမှ စောင့်ကောင်းသလား

ဘာပြုလို့ သီလကို တောင်းခံရသလဲဆိုတော့ လိုရင်းချုပ်မှတ်ထားရမှာက ပေါ့ပေါ့လျော့လျော့ ဖြစ်မှာစိုးလို့ပါပဲတဲ့၊ မှန်ပါတယ်။

မတောင်းခံပဲ သီလပေးပါက ဂရုစိုက်မှာမဟုတ်ပါဘူးတဲ့၊ ဥပမာ မိမိလိုလိုချင်ချင်ဖြစ်ပြီး မက်မောနေတဲ့ ပစ္စည်းလေးတခု ရရှိတဲ့အခါ ဝမ်းသာမြတ်နိုးနေပြီး အလေးအနက်ထားလို့ ပျောက်မသွားရအောင် ကောင်းမွန်စွာထိန်းသိမ်းထားမှာ ဖြစ်သလို–

အခုလဲ သီလကို လိုလိုချင်ချင်တောင်းရသဖြင့် ရလာတဲ့ သီလကို ပိုမိုမြတ်နိုး ဂရုပြုအလေးထားမှာ ဖြစ်မှာပါပဲ။

အဟံဘန္တေ– စသဖြင့် သီလတောင်းရခြင်းကတော့ အရှင် သာရိပုတ္တရာသည် တင်ငါ, မုဆိုးစတဲ့ သူတွေကို မတောင်းခံပဲ သီလပေးမိလို့

တံငါမုဆိုးစတဲ့ သူတွေကမိမိတို့ ခံယူဆောက်တည်ထားတဲ့ သီလကို အလေးတမူ အရေးမယူကြပဲ ပေါ့ပေါ့ဆဆလုပ်ကြပြီး မိမိတို့အလုပ်ဖြစ်တဲ့ တံငါမုဆိုးစတဲ့ ဒုဿီလ အလုပ်မျိုးကိုသာ ဆက်လက် လုပ်နေကြသဖြင့် ရဟန်းများက ဘုရားထံ လျှောက်ထားကြတဲ့အတွက် မြတ်စွာဘုရားက ရဟန်းတို့– သာရိပုတ္တရာသည် အခုမှ ငါးပါးသီလကို မတောင်းပဲ၊ ရှေးဒီသာပါမောက္ခဆရာ ဖြစ်တုန်းကလဲ လာသမျှလူအပေါင်းတို့အား သီလမတောင်းပဲပေးလို့ လူအများက လေးလေးစားစား ဂရုပြုကြပဲ ပေါ့ပေါ့တန်တန် ပြုလျက် လျစ်လျူရှုကြသဖြင့် ငါဘုရား၏ အလောင်းတော် တပည့်က သတိပေးခဲ့ဘူးပြီဟု အတိတ်ကို ဟောတော်မူဘူးပါတယ်။

ဒီသာဓက ထောက်ထားသောအားဖြင့် သရဏဂုံ၊ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလ စသည်ကို ရိုသေစွာတောင်းခံမှသာလျှင် ပေးသင့်ပါတယ်ဆိုတာ ဗဟုသုတအဖြစ် ထည့်ဟောလိုက်ရပါတယ်၊ သီလတောင်းရတာ ဂုဏ်ငယ်တယ်မအောက်မေ့ကြနဲ့နော်၊ အခုဟောခဲ့တဲ့အတိုင်း မလေးမစားဂရုမထားမှာစိုးလို့ လေးလေးစားစား စောင့်ရှောက်ထိန်းသိမ်းပါစေတော့ ဆိုတဲ့ သဘော ဘုရားဟောတော်မူတယ်လို့ မှတ်ထားကြပါ။

သီလတောင်းမှ စောင့်ကောင်းသလားဆိုတဲ့ အဖြေ သဘောကို သီလခံယူနည်းဆိုတဲ့ ဟောကွက်မှာ ဟောပြီးတာမို့ မဟောတော့ပါ။

လူတွေ အလေးအမြတ် ပြုအပ် ခါးဝတ်ပုဆိုးလို မြဲနေရမဲ့ ငါးပါးသီလရဲ့ အကျိုးအပြစ်များကိုလဲ သာဓကလေးတွေနဲ့ ဟောပြပါအုန်းမယ်။

ငါးပါးသီလခေါ်ရတဲ့ (ဂရုဓမ္မ) သီလဟာ ဘယ်လောက်အလေးအမြတ်ပြုသင့်တယ်၊ အထူးဂရုစိုက်သင့်တယ်၊ ဘယ်လောက်အထိနူးညွှံ

သိမ်မွေ့တယ်ဆိုတဲ့အကြောင်း တိကနိပါတ် ဂရုဓမ္မဇာတ်တော်မှ ထုတ်နုတ်ပြောပြပါအုန်းမယ်။

(ဂရုဓမ္မဇာတ်)

ရှေးအခါက ကုရုတိုင်း ဣန္ဒပတ္ထနဂိုရ်ပြည်ကြီးမှာ ဓနဉ္စယကောရဗျမင်း နန်းစံတဲ့အခါ ဘုရားအလောင်းတော်သည် ဓနဉ္စယကောရဗျမင်းကြီးရဲ့ သားတော်ဘဲဖြစ်ပါတယ်။

အရွယ်ရောက်လို့ တက္ကသိုလ်မှာ အတတ်ပညာ သွားရောက်သင်ကြားပြီး ပညာများစုံလင်လို့ ပြန်လာတဲ့အခါ အိမ်ရှေ့မင်းဖြစ်ပါတယ်၊ မကြာမီ ဓနဉ္စယကောရဗျမင်း နတ်ရွာစံတဲ့အခါ အိမ်ရှေ့မင်းဟာ ဖခင်အရိပ်အရာဆက်ခံ၍ ဘုရင်ဖြစ်သွားပါတယ်၊ ဘုရားလောင်းရှင်ဘုရင်ကိုလဲ ခမည်းတော်ရဲ့နာမည်အတိုင်း ဓနဉ္စယကောရဗျမင်းလို့ပဲ အမည်မှည့်ပါတယ်၊ ဘုရားလောင်းဟာ မင်းကျင့်တရားဆယ်ပါးနဲ့အညီ တိုင်းပြည်အုပ်ချုပ်မင်းလုပ်ပြီး ဂရုဓမ္မခေါ်တဲ့ငါးပါးသီလကို အထူးစင်ကြယ်လုံခြုံစွာ စောင့်ထိန်းခဲ့ပါတယ်တဲ့၊ သူကိုယ်တိုင်အထူးအလေးအမြတ်ပြု စောင့်ထိန်းသလို ဘုရားလောင်းရဲ့-

၁။ မယ်တော်
၂။ မိဖုယားကြီး
၃။ ညီတော်
၄။ အိမ်ရှေ့မင်း
၅။ ပုရောဟိတ်ပုဏ္ဏား
၆။ ကြိုးဆွဲအမတ်
၇။ ရထားထိန်း
၈။ သူဌေး
၉။ ပြည်စိုးအမတ်
၁၀။ တံခါးစောင့်
၁၁။ ပြည့်တန်ဆာမတို့ ဖြစ်ကြပါတယ်။

အဲဒီအခါတုံးက ရာထူးသီးသန့် ပြည့်တန်ဆာမရာထူးကို ဘုရင် မင်းမြတ်က ဒါမှမဟုတ် နိုင်ငံတော်က ခန့်ထားရပါတယ်။

ဘုရားလောင်း ဓနဥ္စယကောရဗျမင်းဟာ မြို့တော်တံခါးရဲ့ လေး မျက်နှာမှာ အလှူမဏ္ဍပ်လေးခု မြို့တော်ရဲ့ အလယ်ဗဟိုမှာတခု နန်းတော်ရဲ့တံခါးဝမှာတခု-

အဲဒီလို အလှူမဏ္ဍပ်ခြောက်ခု ဆောက်လုပ်ပြီး တနေ့တနေ့ ငွေ ခြောက်သိန်း အကုန်အကျခံကာ အလှူကြီးပြုလုပ်လှူဒါန်းနေပါတယ်၊ ဘုရားလောင်း အလှူတော်ကြီးမှာ စေတနာ ထက်သန်ရက်ရောတဲ့ အတွက် ဇမ္ဗူဒီပါတကျွန်းလုံး ကျော်စော ပျံ့နှံ့လျက် ရှိနေခဲ့ ပါတယ်။

ကာလိင်္ဂတိုင်း မိုးခေါင်ခြင်း

အဲဒီအချိန်မှာပဲ ကာလိင်္ဂတိုင်း ဒန္တပူရမြို့တော်မှာလဲ ကာလိင်္ဂမင်း နန်းစံနေပါတယ်၊ ကာလိင်္ဂမင်းရဲ့တိုင်းပြည်မှာ မိုးမရွာပဲ မိုးခေါင် နေပါတယ်၊ အဲဒီလိုမိုးခေါင်နေတဲ့အတွက် ပြည်သားတွေဟာ ငတ်မွတ် ခေါင်းပါးခြင်းဘေးနဲ့ တွေ့ကြုံနေကြရပါတယ်၊ ရောဂါဖြစ်ကြတယ် ပေါ့။

ဒီလိုဘေးဆိုး ဆိုက်ရောက်နေတဲ့အတွက် တချို့တိုင်းသူပြည်သား တွေဟာ သားသမီးတွေလက်ဆွဲပြီး တခြားမြို့ရွာဒေသများသို့ ရွှေ့ ပြောင်းသွားကြပါတယ်။

ကျန်ရစ်ခဲ့ကြတဲ့သူတွေအားလုံး ကာလိင်္ဂမင်းနန်းတော် စုရုံးကြပြီး ငတ်ကြောင်းပြတ်ကြောင်း ဟစ်အော်ကြွေးကြော်ကြပါတယ်။

ဘုရင်က ဘာပြုလို့ ဟစ်အော်ကြွေးကြော်ကြသလဲလို့ မေးမြန်းတဲ့ အခါ မိုးခေါင်လို့ ပြည်သူလူထုတရပ်လုံး ငတ်မွတ်ခေါင်းပါးခြင်း၊ အစာ မရခြင်း အစားမစားကြရတဲ့အတွက် ရောဂါဆိုက်ရောက်တဲ့ဘေး အဲဒီ

ဘေးတွေ ဆိုက်ရောက်နေကြလို့ ဟာစ်အော်ကြတယ်လို့ ဘုရင်အား လျှောက်ထားကြပါတယ်။

ဒီလိုလျှောက်ထားကြတဲ့အခါကျတော့ မိုးရွာလာအောင် ဘယ်လို လုပ်ရမှာလဲ ရှေးရှေးကမင်းတွေဟာ အခုလိုမိုးမရွာရင် ဘယ်လိုပြုလုပ် ကြသလဲ ရှင်ဘုရင်က မှူးမတ်များကိုမေးပါတယ်။

ရှေးမင်းတွေဟာ မိုးရွာအောင် အလှူပေးခြင်း သီလဆောက်တည် ခြင်း အဓိဋ္ဌာန်ပြု၍ ဥပုသ်ဆောက်တည်ခြင်းတို့ကို ပြုလုပ်ပြီး အသရေ ရှိတဲ့တိုက်ခန်းမှာဝင် မြေဇာမြက်ကိုခင်းအိပ်ကြပါတယ်၊ အဲဒီအခါမှာ မိုးရွာပါတယ်လို့ ဝန်ကြီးများက လျှောက်ထားကြပါတယ်။

ဘုရင်လဲ မှူးမတ်များအကြံပေးတဲ့အတိုင်း ပြုလုပ်ပေမဲ့ မိုးမရွာပဲ ခေါင်မြဲခေါင်နေပါတယ်၊ ဒါလဲမရသေးဘူး နောက်ထပ်ဘာတွေများ လုပ်ရပါအုန်းမလဲဟု ဝန်ကြီးများကို တခါမေးပြန်ပါတယ်၊ မှူးမတ် များက ကုရုတိုင်းဓနဥ္စယကောရဗျမင်းထံမှာ အဉ္စနဝဏ္ဏဆိုတဲ့ မင်္ဂလာ ဆင်တော်ဆိုတာ ရှိတော်မူပါတယ်၊ အဲဒီဆင်တော်ကိုဆောင်ယူတော် မူပါ မင်္ဂလာဆင်တော်ရောက်လာရင် ကောင်းစွာ မိုးရွာပါလိမ့်မယ် ဘုရားလို့ လျှောက်ထားပြန်ပါတယ်။

ဓနဥ္စယကောရဗျမင်းဆိုတာက စစ်မက်ဗိုလ်ပါအင်္ဂါနှင့် ပြည့်စုံ သဖြင့် ငါတို့အနေနဲ့ စစ်တိုက်ယူလို့ရနိုင်ပါ့မလားဟု အမိန့်ရှိတဲ့အခါ မှူးမတ်များက ဓနဥ္စယကောရဗျမင်းနှင့် စစ်တိုက်ရန်မလိုပါ တောင်း ခံက ပေးလှူပါလိမ့်မယ်ဘုရားလို့ လျှောက်ထားကြပါတယ်။

ဘုရင်မင်းမြတ်လဲ ပုဏ္ဏားများထဲမှ ပုဏ္ဏားရှစ်ယောက်ကိုရွေးပြီး ဆင်တော်ကိုအလှူခံရန် စေလွှတ်တော်မူလိုက်ပါတယ်။

မင်္ဂလာဆင်တော်ကိုလှူလိုက်လို့ ကာလိင်္ဂတိုင်းပြည်ရောက်လာပေမဲ့ မိုးမရွာပဲ ခေါင်မြဲခေါင်နေပါတယ်တဲ့။

ဘုရင်မင်းမြတ်လဲ ဘာလုပ်ရမှန်း မသိတော့တဲ့အတွက် မှူးမတ်များကို ထပ်ပီးတိုင်ပင်ရပြန်ပါတယ်၊ မှူးမတ်များက မင်္ဂလာဆင်တော်ကို အလှူခံသွားစဉ် (ငါးပါးသီလ) ဂုရုဓမ္မကို စောင့်ထိန်းတဲ့အတွက် အဲဒါကြောင့်မို့ သူတို့ရဲ့နိုင်ငံတော်ဖြစ်တဲ့ ကုရုတိုင်းမှာ လခွဲတကြိမ် ဆယ်ရက်တကြိမ်ဆိုတာလို မိုးများရွာတယ်လို့ သိခဲ့ရကြောင်း၊ အခုလို မိုးရွာခြင်းအကြောင်းမှာလဲ တခြားအတတ်ကြောင့် မဟုတ်ပဲ ဓနဥ္စယကောရဗျမင်းရဲ့ အာနုဘော်ကြောင့် ဖြစ်ပါလိမ့်မယ် တိရစ္ဆာန်ဖြစ်တဲ့ ဆင်တော်ကြောင့် ဟုတ်မယ်မထင်ဘူးလို့ လျှောက်ထားသံတော်ဦးတင်ကြပြန်ပါတယ်။

ဒါနဲ့ပဲ ဘုရင်မင်းမြတ်က ဒီလိုဆိုလို့ရှိရင် သူ့ဆင်တော်ကိုသူ့ပြန်ပေးပြီး သူစောင့်ထိန်းတယ်ဆိုတဲ့ ဂုရုဓမ္မတရားတော်ကို ရွှေပေလွှာမှာ ရေးကူးခဲ့ကြလို့ အမိန့်တော်မှတ်လိုက်ပါတယ်။

## ဓနဥ္စယကောရဗျမင်း

အမိန့်တော်မြတ်အတိုင်း ကာလိင်္ဂမင်းရဲ့ ပုဏ္ဏားမှူးမတ်များလည်း ဓနဥ္စယကောရဗျမင်းထံသို့ သွားကြပီး အရှင်မင်းကြီးစောင့်ထိန်းတဲ့ ဂုရုဓမ္မတရားကို မိမိတို့ဘုရင်လဲ စောင့်ထိန်းလိုပါ၍ ပေးသနားတော်မူပါရန် လျှောက်ထား သံတော်ဦးတင်ကြပါတယ်၊ ဓနဥ္စယကောရဗျမင်းကြီးက မှူးမတ်များအား ငါဟာ ဂုရုဓမ္မတရားကို စောင့်ထိန်းတာတော့ မှန်ပါတယ်။

ဒါပေမဲ့ တချိန်တုံးက ကြတ္တိကာနက္ခတ်ပွဲသဘင်မှာ မြားပစ်တမ်းကစားရာ ငါပစ်ခတ်လိုက်တဲ့မြားတစင်းဟာ မတော်တဆ ရေကန်ထဲကျသွားသဖြင့် ရေကန်ထဲမှာရှိတဲ့ငါးတွေကိုများ ထိမှန်သွားလေမလားဆိုတဲ့ ပါဏာတိပါတကံဖြင့် သီလပျက်ပီလို့ အာရုံပြုမိတဲ့အတွက် ဒီသီလကို သံသယဖြစ်နေတယ်၊ ငါ့ရဲ့မယ်တော် ဘုရားက

တော့ ဂရုဓမ္မတရားကို စင်စင်ကြယ်ကြယ်စောင့်ထိန်းတော်မူပါတယ် သူ့ထံမှာသွားကူးကြပါလို့ အမိန့်ရှိတော်မူလိုက်ပြန်ပါတယ်။

ကာလိင်္ဂမင်းရဲ့အမတ်များက အရှင်မင်းမြတ်မှာ သေစေလိုသော စေတနာမရှိလို့ ပါဏာတိပါတကံမဖြစ်ပါ ဒါကြောင့် ပေးသာပေး သနားတော်မူပါဘုရားလို့ လျှောက်ထား သံတော်ဦးတင်ကြပါတယ်။

ဒီလိုဆိုရင်လဲ ကူးရေးကြပေတော့လို့ အမိန့်ရှိကာ ဂရုဓမ္မတရားကို ချပေးကူးရေးစေပါတယ်၊ ပေးသာပေးရပေမဲ့ သူ့သီလကိုစိတ်မချ သေးတဲ့အတွက် မယ်တော်ဘုရားထံကို သွားကြဘို့ကို ထပ်မံညွှန်ပြ လိုက်ခြင်းပဲ ဖြစ်ပါတယ်။

## ဘုရင်မင်းမယ်တော်

ကာလိင်္ဂမင်းရဲ့အမတ်များလဲ ဓနဥ္စယကောရဗျမင်းထံမှ ဂရုဓမ္မ တရားကို ကောင်းမွန်စွာရေးကူး၍ ဘုရင့်မယ်တော်ထံသို့ သွားကြ ပါတယ်။

မယ်တော်ဘုရားကလဲ ငါဟာ ဂရုဓမ္မတရားကိုစောင့်ထိန်းတာတော့ မှန်ပါတယ်၊ ဒါပေမဲ့ ငါ့သီလငါ သံသယဖြစ်နေတယ် အဲဒါဘာလဲ ဆိုတော့ မကြာမီတုံးက သားတော် ဓနဥ္စယကောရဗျမင်းကို အဘိုး တသိန်းတန် စန္ဒကူးနှစ်တခုနဲ့ တထောင်တန်ရွှေပန်းခိုင်တခု ဆက်သတဲ့၊ နှစ်မျိုးစလုံး မယ်တော်အားပူဇော်ပါတယ်၊ ငါလဲ ပန်းပန်ခြင်းနဲ့ နံ့သာ လိမ်းခြင်းအမှုကို မပြုလုပ်တော့တဲ့အတွက် ချွေးမတော် နှစ်ယောက် အား ပေးတော်မူရန် စီမံချက်ချပါတယ်၊ ချွေးမတော်နှစ်ယောက် ဆိုတာကလဲ တခြားမှမဟုတ်ပဲ ချွေးမတော်တယောက်က သားတော် ကြီး ဘုရင်ဓနဥ္စယကောရဗျမင်းရဲ့ မိဖုယားကြီးဖြစ်ပြီး ချွေးမတော် တယောက်က သားတော်ငယ် အိမ်ရှေ့မင်းရဲ့ မိဖုယားဖြစ်ပါတယ်။

မိဖုယားကြီးအနေနဲ့ ဘုရင်ကတော်မို့ လတ်သတ်ပကာလဘ်လာဘ ပေါများတဲ့ မိဖုယားကြီးမို့ သူ့ကို တထောင်တန်ပန်းခိုင်ကို ပေးဘို့

ရည်ရွယ်ပီး ဆင်းရဲတဲ့မိဖုယားဖြစ်တဲ့အတွက် ချွေးမငယ်ကို တသိန်းတန်တဲ့ စန္ဒကူးနှစ်ကိုပေးဘို့ ရည်ရွယ်ထားပေမဲ့ ချွေးမကြီးအားတသိန်းတန်တဲ့စန္ဒကူးနှစ်ကိုပေးပြီး ချွေးမငယ်အား တထောင်တန် ရွှေပန်းခိုင်ကိုပေးမိ၍ သီလပျက်တယ်လို့ သံသယဖြစ်နေပါတယ်၊ ပြန်တွေးမိတာက သူတို့ဘုန်းကံရှိတာ မရှိတာ ငါနဲ့ဘာမှမဆိုင်-တကယ်တော့ ဂုဏ်အားဖြင့်ကြီးတဲ့သူ အရွယ်အားဖြင့်ကြီးတဲ့သူကိုသာ ဦးစားပေးရန်သင့်ပါလျက် မိဖုယားကြီးကိုသာပေးမိတယ်၊ ဒါကြောင့်ငါ့ရဲ့စောင့်ထိန်းထားတဲ့ ဂရုဓမ္မတရား ပျက်သွားလေသလား-မပျက်လေသလား ဆိုတာ သံသယဖြစ်နေမိလို့ မပေးချင်ပါဘူး။

ဒါကြောင့် ချွေးမတော် မိဖုယားကြီးကတော့ ဂရုဓမ္မတရားကို စင်စင်ကြယ်ကြယ်စောင့်ထိန်းသူမို့ သူ့ဆီသွားတောင်းကြဘို့ အမိန့်ရှိလိုက်ပါတယ်။

ကာလိင်္ဂမင်းရဲ့ အမတ်များကလဲ မိမိပိုင်ဆိုင်နေတဲ့ပစ္စည်း ဖြစ်နေလို့ မိမိသဘောအတိုင်း ပေးပိုင်ခွင့်ရှိပါတယ်၊ ဒီလောက် အသေးအမွှားကလေးကိုပင် သံသယဖြစ်နေမယ်ဆိုရင် ဒိပြင် တခြားအကုသိုလ်တရားတွေကို မယ်တော်ဘုရား ဘယ်တော့မှပြုလုပ်တော့မှာ မဟုတ်ပါဘူး၊ ဒါကြောင့် ပေးသာပေးသနားတော်မူပါဟု လျှောက်ထားသံတော်ဦးတင်ကြပြန်ပါတယ်။

ဘုရင့်မယ်တော်ဘုရားကြီးလဲ ဂရုဓမ္မတရားကိုရေးကူးဘို့ ခွင့်ပြုပီး ချွေးမတော်မိဖုယားကြီးထံကို သွားကြဘို့လဲ တိုက်တွန်းလိုက်ပါတယ်။

## ဘုရင့်မိဖုယားကြီး

ကာလိင်္ဂမင်းရဲ့ အမတ်များကလဲ ဘုရင့်မိဖုယားကြီးထံ သွားပီး ဂရုဓမ္မတရားကို ပေးသနားတော်မူပါရန် လျှောက်ထားသံတော်ဦးတင်ကြပြန်ပါတယ်။

မိဖုယားကြီးကလဲ ဂရုဓမ္မတရားကို စောင့်ထိန်းရတာတော့ မှန်ပါတယ် အခုတော့ ငါ့သီလငါ သံသယဖြစ်နေပါတယ်၊ အကြောင်းကတော့ ဒီလိုပါ၊ မောင်တော် ဘုရင်မင်းမြတ်ဟာ အိမ်ရှေ့မင်းနဲ့ အတူတူ ဆင်တော်ကိုဦးစီးပြီး မြို့တော်ကိုလှည့်လည်ကြည့်ရှုတဲ့အခါ လေသာပြူတင်းပေါက်က ကြည့်နေတဲ့ ငါက ရုတ်တရက်ဆိုတာလို မတ်တော်မောင်ကိုမျက်စိကျပြီး သူနဲ့ငါပေါင်းရရင် ကောင်းမှာဘဲ သူရှင်ဘုရင်ဖြစ်တဲ့အခါ ငါ့ကိုယူရင် ဟန်ကျမှာပဲလို့ တွေးတောစဉ်းစားနေမိပါတယ်။

နောက်တော့မှ ငါဟာ ဂရုဓမ္မတရား စောင့်ထိန်းထားသူပါလား ကာမပိုင်လင်ယောကျ်ားရှိရက်သားနဲ့ ယောကျ်ားတပါးကို မမှန်းထားထိုက်ဘူးလို့ သတိတရားရပါတယ်၊ ဒါကြောင့် ငါစောင့်ထိန်းထားတဲ့ ဂရုဓမ္မတရား ပျက်လေမလားဆိုတဲ့ သံသယဖြစ်နေမိတဲ့အတွက် ဂရုဓမ္မတရားကို မပေးချင်ဘူးလို့ မိန့်တော်မူပါတယ်။

ကာလိင်္ဂမင်းရဲ့ အမတ်များကလဲ ကာမေသုမိစ္ဆာစာရကံ ဆိုတာ စိတ်ကကြံစည်ကာမျှဖြင့်မဖြစ်နိုင်ပါ၊ ဒီလောက်ကလေးကိုပင် သံသယဖြစ်နေရင် ဒီပြင် တခြားအကုသိုလ်ကို မိဖုယားကြီး အဘယ်မှာပြုဝံ့တော့မှာလဲ သီလမပျက်နိုင်သေးပါ၊ ပေးသာ ပေးသနားတော်မူပါဘုရားလို့ လျှောက်ထားကြပါတယ်။

မိဖုယားကြီး၏ခွင့်ပြုချက်ဖြင့် ဂရုဓမ္မတရားကူးယူပြီး အိမ်ရှေ့မင်းထံ သွားပါအုန်း၊ သူကတော့ ဂရုဓမ္မတရား ကောင်းစွာစောင့်ရှောက်တယ်လို့ ညွှန်ကြားတဲ့အတိုင်း ကာလိင်္ဂအမတ်များလဲ အိမ်ရှေ့မင်းထံ သွားကြပြန်ပါတယ်။

## အိမ်ရှေ့မင်း

ကာလိင်္ဂမင်းရဲ့အမတ်များလဲ နောက်ကဟောခဲ့တဲ့အတိုင်း အိမ်ရှေ့မင်းထံ သွားရောက်လျှောက်ထားရာ အိမ်ရှေ့မင်းက ငါဟာ ဂရုဓမ္မ

တရား စောင့်ထိန်းတာ မှန်ပါတယ်၊ ဒါပေမဲ့ ငါ့မှာလဲ မကျေနပ်ချက် တခုရှိနေပါတယ် အဲဒါကတော့–

ငါ့မှာသင်္ကေတအမှတ်အသားတခု ပြုလုပ်ထားပါတယ်၊ညညီလာခံရန် နောင်တော် ဘုရင်မင်းမြတ်ထံ ခစားဘို့ နန်းတော်ကိုသွားတဲ့ အခါတိုင်း ရထားနဲ့သွားလေ့ရှိပြီး နန်းတော်မှာစားတော်ခေါ်၊ နန်းတော်မှာစက်တော်ခေါ်မယ်ကြံရင် ကြိုးနဲ့နှင်တံကို ရထားဦးပိုင်းမှာ ချိတ်ထားခဲ့လေ့ရှိပါတယ်။

အဲဒီသင်္ကေတအမှတ်အသားကြည့်ပြီး နောက်လိုက်ဗိုလ်ပါများက ပြန်သွားကြပါတယ်၊ နောက်တနေ့မှာသာ နန်းတော်မှခံ့ကနေကြို့ဆို နေကြပါတယ်။

အကယ်၍ နန်းတော်မှာပဲ စားတော်မခေါ်ဘူး စက်တော်မခေါ်ဘူးဆိုခဲ့ရင် ကြိုးနဲ့နှင်တံကို ရထားဦးမှာမထားခဲ့ဘဲ ရထားအတွင်းပိုင်းမှာ ထားခဲ့ပါတယ်၊ ဒီသင်္ကေတကိုကြည့်ပြီး နောက်လိုက်ဗိုလ်ပါများက ချက်ချင်းပြန်လာမှာပဲဆိုတာ သိပြီး၊ ပြန်မသွားကြတော့ပဲ နန်းတော်မုတ်ဝမှာ စောင့်မျှော်နေကြပါတယ်။

တနေ့တော့ ညီလာခံမှ ချက်ချင်းပြန်လာရန် ရည်ရွယ်ချက်ရှိတာနဲ့ ကြိုးနဲ့နှင်တံကို ရထားအတွင်းမှာထားခဲ့ပါတယ်၊ နန်းတော်ထဲ အရောက်တွင် မိုးသည်းထန်စွာရွာလာလို့ နောင်တော်ဘုရင်မင်းမြတ်က မိုးရွာနေတဲ့အတွက် နန်းတော်ထဲမှာပဲစားတော်ခေါ် စက်တော်ခေါ် အမိန့်ရှိတာနဲ့ အမိန့်တော်အတိုင်း နေလိုက်မိပါတယ်၊ နောက်တနေ့ နံနက် မိုးလင်းသည်အထိ တညလုံး မိုးရွာကြီးထဲမှာ ငါ့ကိုစောင့်နေကြတဲ့ ဗိုလ်ပါရိသတ်များ တွေ့ရတဲ့အတွက် ငါဟာ ဂုဏ်မှစောင့်ထိန်းထားသူဖြစ်ပါလျက် လူအများကို မိုးရွာကြီးထဲ တညလုံးပင်ပန်းအောင် ညှဉ်းပန်းထားသလို ဖြစ်နေပါတယ်၊ အဲဒီလို သံသယဝင်နေတဲ့အတွက် ငါ့သီလပျက်လေမလားလို့ အောက်မေ့လို့ မပေးလိုဘူးဟု အမိန့်ရှိတော်မူပါတယ်။

ကာလိင်္ဂမင်းရဲ့ အမတ်များက ကိုယ်တော့မှာ အဲဒီဗိုလ်ပါပရိသတ်များကို ပင်ပန်းစေလိုတဲ့ စိတ်စေတနာမလို အပြစ်မရှိနိုင်ပါဘူး၊ ဒီလောကကလေးကိုပင် သံသယငင်နေရင် ဘယ်အကုသိုလ်အမှုကိုမျှ မကျူးလွန်တော့မှာ မဟုတ်တော့တဲ့အတွက် ပေးသနားတော်မူပါဘုရားဟု လျှောက်ထားကြတယ်။

အိမ်ရှေ့မင်းကလဲ ဒီလိုဆိုရင် ကူးပေတော့ ဒါပေမဲ့ ငါ့အနေနဲ့ မကျေနပ်နိုင်ဘူး၊ ဂရုဓမ္မတရား ကောင်းစွာစောင့်ရှောက်တဲ့ ပုရောဟိတ်ထံ သွားပါအုန်းလို့ အမိန့်ရှိလိုက်ပြန်ပါတယ်။

## ပုရောဟိတ်ပုဏ္ဏား

ကာလိင်္ဂမင်းရဲ့ အမတ်များကလဲ နောက်ကဟောခဲ့သလို ပုရောဟိတ်ပုဏ္ဏားထံ သွားရောက်လျှောက်ထားရာ ပုရောဟိတ်ပုဏ္ဏားကလဲ ငါဟာ ဂရုဓမ္မတရား စောင့်ထိန်းထားတာတော့ မှန်ပါတယ်၊ ဒါပေမဲ့ ငါ့သီလအပေါ် သံသယမကင်းဘူး။

ဘာပြုလို့လဲဆိုတော့ တခါတုန်းက ဘုရင့်ထံ အခစားသွားရာ လမ်းမှာ အခြားဘုရင်တပါးက သစ်သစ်လက်လက် အရောင်အဆင်းရှိတဲ့ ရထားတစင်းကို မြင်တွေ့လိုက်ရလို့ မေးကြည့်တော့ သံတမန်တွေက သူတို့ရဲ့ဘုရင်မင်းက ဓနဥ္စယကောရဗျမင်းထံ ဆက်သရအောင် ယူလာတဲ့ ရထားဖြစ်ကြောင်း ပြောပါတယ်၊ ဒီလိုပြောလိုက်တော့ ငါဟာ အရွယ်ကြီးရင့်ပြီ ဘုရင်မင်းကများ ငါ့အားပေးသနားတော်မူလိုက်ရင် ဒီရထားကြီးစီးပြီး ချမ်းချမ်းသာသာ လည်ပတ်လာရရင် ကောင်းမှာပဲလို့ တွေးမိပါတယ်၊ ငါလဲ နန်းတော်ရောက်ရထား ဆက်သခိုင်းတဲ့ အခြားသံတမန်တွေ ရောက်ရှိလာပြီး ရထားကို ဆက်သပါတော့တယ်။

ဘုရင်မင်းမြတ်က ရထားသိပ်ကောင်းလို့ ဆရာနဲ့တော်ပါတယ်၊ ဒါကြောင့် ဆရာကိုပေးစေလို့ အမိန့်ချမှတ်လိုက်ပါတယ်၊ ဒါပေမဲ့

ငါကမယူပါရစေနဲ့လို့ အခါခါငြင်းပယ်ခဲ့ပါတယ်၊ ဂရုဓမ္မစောင့်ထိန်း နေသူ ဖြစ်ပါရက်နဲ့ သူများပစ္စည်းကို လိုချင်တဲ့စိတ်နဲ့ ကြံစည်မိလို့ပဲ ငါ့သီလပျက်စီးလေမလားရယ်လို့ သံသယဖြစ်နေရပါတယ်။

ဒါကြောင့်မို့ အမတ်များကိုမပေးလိုကြောင်း မြေတိုင်းအမတ်က ဂရုဓမ္မတရား ကောင်းမွန်စွာစောင့်ထိန်းထားသူဖြစ်လို့ သူ့ထံသွားယူ ကြပါလို့ ပြောပါတယ်။

ကာလိင်္ဂမင်းရဲ့ အမတ်များကလဲ ဒီလိုလောဘဖြစ်ရုံမျှနဲ့ သိက္ခာပုဒ် ပျက်မသွားနိုင်ပါဘူး၊ ဒီလောကကလေးမှ သံသယဖြစ်နေရင် တခြား ဘာမကောင်းမှုကိုမှ လုပ်တော့မှာမဟုတ်ပါ၊ ဒါကြောင့် ပေးတော် မူပါလို့ တောင်း၍ ရေးကူးယူလိုက်တယ်၊ ဒါဖြင့် ယူတော့သွားပါ ဒါပေမဲ့ ကြိုးဆွဲအမတ်က စင်ကြယ်အောင်စောင့်ထိန်းသူ ဖြစ်တဲ့ အတွက် သူ့ဆီလဲသွားပါအုန်းလို့ ညွှန်ပြတဲ့အတွက် ကြိုးဆွဲအမတ်ထံ သွားကြပြန်ပါတယ်။

## ကြိုးဆွဲအမတ်

ကြိုးဆွဲအမတ်ကလဲ ငါဟာ ဂရုဓမ္မသီလကိုစောင့်ထိန်းတာ မှန်ပါ တယ် ဒါပေမဲ့ ကိုယ့်သီလကို မကျေနပ်နိုင်သေးပါဘူး။

တခါတုန်းက ဇနပုဒ်တခုသွားပြီး သူကြွယ်တဦးရဲ့လယ်မြေကို တိုင်း တာရပါတယ်၊ ကြိုးတိုင်းတာပုံက လှံတံမှာရစ်ပတ်ကာ တဖက် စွန်းကို လယ်ရှင်ကိုကိုင်စေပြီး တဖက်စွန်းကို ငါကကိုင်ရပါတယ်၊ ငါ ကိုင်တဲ့ကြိုး ရစ်ပတ်ထားတဲ့ လှံတံအစွန်းဟာ တခုသောပုဇွန်လုံး တွင်းဝကို ရောက်နေပါတယ်။

ဒီအခါမှာ ပုဇွန်လုံးတွင်းဝဟာ လှံတံစိုက်ထားရမဲ့နေရာနဲ့ တည့် မတ်ဆုံးဖြစ်နေပါတယ်၊ ဒီအတိုင်းစိုက်လိုက်ရင် တွင်းထဲကပုဇွန်လုံး ရှိနေမယ်ဆိုရင် ပုဇွန်လုံးဟာ သေသွားနိုင်တယ်၊ ဒါမှမဟုတ်လို့ ပုဇွန် လုံးတွင်းရဲ့ဟိုဘက်နခမ်းမှာ လှံတံကိုစိုက်လိုက်မယ်ဆိုကလဲ ဘုရင့်ပစ္စည်း

နစ်နာပျက်ပြားသွားမှာပဲ၊ ပုဇွန်လုံးတွင်းရဲ့ ဒီဘက်နခမ်းကို လှံတံထူစိုက်လိုက်မယ်ဆိုပါကလဲလယ်ရှင်ရဲ့ပစ္စည်းနစ်နာမှာပဲ တခုတော့ရှိတယ်လေ–

တကယ်လို့ တွင်းထဲမှာပုဇွန်လုံးရှိပါက ထွက်လာရမယ်၊ မရှိလို့သာ မထွက်လာဟန်တူတယ်ဆိုပြီး လှံတံကို ပုဇွန်တွင်းထဲ စိုက်လိုက်တဲ့အခါ ပုဇွန်လုံးမြည်သံထွက်လာပါတယ်။

ဒီလိုမြည်သံကြားရတော့ ငါ့ရဲ့လှံတံဟာ ပုဇွန်လုံးကိုသွားထိုးမိပြီထင်တယ်၊ သေပြီလို့လဲထင်တဲ့အတွက် ငါဟာ ဂရုဓမ္မတရားစောင့်ထားသူတယောက် ဖြစ်လေတော့ သီလပျက်သွားမလားဆိုတဲ့ သံသယဖြစ်နေမိလို့ဟု ပြောပြပါတယ်။

ရထားထိန်း၊ထံမှာ သွားတောင်းယူကြပါလို့ ညွှန်ကြားလိုက်ပါတယ်၊ ကာလိင်္ဂမင်းရဲ့ အမတ်များကလဲ အမတ်မင်းမှာ သေစေလိုတဲ့စေတနာမပါသည့်အတွက် ကံမမြောက်နိုင်ပါဘူး၊ ဒီလောကကလေးကို တောင်မှသံသယမကင်းဖြစ်နေရင် တခြားမကောင်းမှုဆိုတာ ပြုရဲတော့မှာမဟုတ်လို့ ပေးသာပေးပါဟု ပြောတော့ ကြိုးဆွဲအမတ်ကကူးခွင့်ပေးတဲ့အတွက် ကူးယူကြပါတယ်၊ ကူးပြီး ရထားထိန်းထံ သွားကြပြန်ပါတယ်။

## ရထားထိန်း

ရထားထိန်းကလဲ ဂရုဓမ္မသီလ စောင့်ထိန်းထားတာတော့ မှန်ပါတယ်၊ ဒါပေမဲ့ ငါ့သီလငါ သံသယဖြစ်နေတာလေး ရှိနေပါတယ်၊ အဲဒါကတော့ ငါမောင်းတဲ့ရထားက သိန္ဓောမြင်းတွေဟာ သေချာဂနနေရကျအောင် သင်ထားလို့ အချက်အလက်သိပြီးသား ဖြစ်နေကြပါတယ်။

တခါတုန်းက ဘုရင်မင်းမြတ်ဉယျာဉ်တော် တနေ့လုံးကစားတော်မူ၍ ညနေစောင်းတော့ မြို့တော်သို့ပြန်လာရာ မြို့တော်မရောက်ခင် မိုးရွာလာလို့ ဘုရင်မိုးမိမှာစိုးတာနဲ့ သိန္ဓောမြင်းတွေကို နှင်တံနဲ့အမှတ်

ပေးလိုက်ပါတယ်၊ အမှတ်ပေးလိုက်တာနဲ့ တချက်ထဲ တအားပြေးဆွဲကြပါတော့တယ်။

ဒီအချိန်ကစပြီး ဥယျာဉ်တော်ကိုပဲသွားသွား၊ ဥယျာဉ်တော်ကပဲပြန်လာလာ ဒီနေရာကိုရောက်တိုင်းရောက်တိုင်း သိန္ဓောမြင်းတွေက တအားကုန်ပြေးဆွဲလေ့ရှိကြပါတယ်။

သိန္ဓောမြင်းတွေရဲ့စိတ်ထဲမှာ ဒီနေရာဟာ ဘေးအန္တရာယ်ရှိလို့သာ ရထားထိန်းကဒို့ကို နှင်တံနှင့်တို့ အမှတ်ပေးတာပဲလို့ မှတ်ထားဟန်တူပါတယ်၊ တကယ်တော့ ဘုရင်မင်းမြတ်ဟာ မိုးစိုစိုမစိုစို ငါ့အတွက် အပြစ်မရှိပါဘူး၊ အရာမဟုတ် အရာလုပ်ပြီး နှင်တံနဲ့အမှတ်ပေးမိတဲ့အတွက် လိမ္မာလှတဲ့သိန္ဓောမြင်းတွေဟာ ဒီနေရာရောက်လာတိုင်း တအားကုန်ပြေးဆွဲရတယ်၊ ငါ့အတွက်ဒီလိုဖြစ်ရတာ စိတ်မကောင်းပါ၊ နောက်ပီး ငါ့သီလငါစိတ်မချနိုင်ဘဲ ပျက်စီးသွားမလား ပါလားနဲ့ သံသယဖြစ်နေလို့ မပေးလိုပါဘူး။

သူဌေးကြီးဆိုရင် ဒီဂရုဓမ္မတရား ကောင်းကောင်းမွန်မွန် စောင့်ထိန်းတယ်၊ သူဌေးကြီးထံသွားယူပါလို့ ညွှန်ပြပါတယ်၊ ကာလိင်္ဂမင်းရဲ့ အမတ်များကလဲ သိန္ဓောမြင်းတွေပင်ပန်းအောင်ဆိုတဲ့ စေတနာမပါတဲ့အတွက် ကံမမြောက်နိုင်ပါဘူး၊ ဒါလောက်ကလေးမှ သံသယဖြစ်နေသေးရင် တခြားမကောင်းမှုပြုမှာ မဟုတ်တော့ပါဘူး ပေးသာပေးပါလို့ ပြောကြပြန်ပါတယ်၊ ဒါဖြင့်လဲရေးကူးပေတော့ဟု ပြန်ပြောပြီး ရထားထိန်းက ငါ့အနေနဲ့တော့မကျေနပ်လှပါဘူး၊ ဂရုဓမ္မစင်ကြယ်စွာ စောင့်ထိန်းတဲ့ သူဌေးကြီးထံ သွားကြပါအုန်းလို့ ညွှန်ကြားပြလိုက်ပါတယ်။

## သူဌေးကြီး

သူဌေးကြီးကလဲ ငါဟာ ဂရုဓမ္မတရားစောင့်တာ မှန်ပါတယ်၊ ဒါပေမဲ့ သံသယတခုဖြစ်နေမိလို့မပေးချင်ဘူး၊ အဲဒါကတော့ တလော

ကလေးက ငါပိုင်တဲ့ သလေးစပါးခင်း သွားကြည့်ပြီး အိမ်ပြန်မယ် လုပ်တော့ အမှတ်တမဲ့ သလေးစပါးနှံတဆုပ်ကိုယူပြီး ဥယျာဉ်မှာ ပန်လာခဲ့ပါတယ်။

နောက်ပြီးမှ ငါဒီလယ်ကထွက်လာတဲ့ စပါးတွေနဲ့ ဘုရင့်ကိုအခွန် ပေးရအုန်းမှာ မပေးရသေးပဲ အခုလိုပြုမိတာ၊ ဂရုမမှုစောင့်ထိန်းနေသူ တဦးက ဒီလိုပြုလုပ်လျှင် ငါ့သီလပျက်သွားလေမလား မသိဘူးဟု မသင်္ကာဖြစ်နေပါတယ်၊ ဒါကြောင့် မပေးချင်ဘူးဟု ပြောပါတယ်၊ ပြည်စိုးအမတ်ကတော့ ကောင်းမွန်လုံခြုံစွာစောင့်ရှောက်တယ်၊ သူ့ဆီ ကိုသွားယူကြပါလို့ ပြောပါတယ်။

ကာလိင်္ဂမင်းရဲ့ အမတ်များက သူဌေးကြီးမှာ ခိုးလိုသောစိတ် စေတနာမှမရှိတာ အဒိန္နာဒါနဆိုဘာ ခိုးလိုသောစိတ်ရှိမှ ဖြစ်နိုင်ပါ တယ်၊ ဒီဟာလောက်ကလေးကိုပင် သံသယဖြစ်နေသေးရင် ဒိပြင် မကောင်းမှု မပြုတော့မှာ အမှန်ပါပဲ၊ ဒါကြောင့် ကူးယူပါရစေလို့ ပြောပါတယ်။

သူဌေးကြီးက ဒါဖြင့်ရင်လဲ ကူးယူကြပါတော့၊ ဒါပေမဲ့ ငါ့သီလ မသင်္ကာလို့ ပြည်စိုးအမတ်ထံ သွားကြပါအုန်းလို့ ပြောလိုက်ပြန် ပါတယ်။

## ပြည်စိုးအမတ် – သို့မဟုတ် – တင်းခြင်အမတ်

ပြည်စိုးအမတ်ကလဲ ငါဟာ ဂရုမမှုတရား စောင့်ထိန်းတာတော့ မှန်ပါတယ်၊ ဒါပေမဲ့ သံသယတခုဖြစ်နေတာကတော့ ငါဟာ စပါး ကျီအဝမှာထိုင်ပြီး မင်းရဲ့စပါးကိုခြင်တွယ်စေတယ်၊ ဒီလိုခြင်တွယ်နေတဲ့ အခါမှာ မခြင်တွယ်ရသေးတဲ့ စပါးပုံထဲကယူပြီး မှတ်စေပါတယ်၊ ဒီအချိန်မှာ မမြှော်လင့်ပဲ မိုးရွာလာလို့ ဘုရင်မင်းမြတ်ရဲ့ စပါးပုံထဲ ထည့်လိုက်မိပါတယ်၊ မြန်မြန်ပြေးပြီး ကျီထဲမိုးဝင်ခိုနေလိုက်ပါတယ်။

ဒီအချိန်ကျမှငါ အမှတ်သားအဖြစ်ပြုလုပ်တဲ့ စပါးများကိုင်ခြင်ပြီး သား ဘုရင့်စပါးပုံထဲ ယည့်မိသလား ဒါမှမဟုတ် မခြင်ရသေးတဲ့ စပါးပုံထဲ ထည့်မိလေသလားလို့ ဝေခွဲမရပါ၊ တကယ်လို့ ဘုရင်မင်း မြတ်ရဲ့ ခြင်ပီးသားစပါးပုံထဲ ထည့်မိရင်လဲ ဘုရင့်ဘဏ္ဍာတော် မတရား တိုးပွားအောင်လုပ်သလို ဖြစ်နေပီး လယ်သမားဘက်ကလဲ စည်း နစ်နာ ဆုံးရှုံးအောင်လုပ်တာနဲ့ တူနေပါတယ်။

ဂရုဓမ္မတရားစောင့်ထားသူ ဖြစ်ပါလျက် အခုလိုဖြစ်ဘာဟာ ငါ သီလချိုယွင်းပျက်ပြားလေမလားလို့ သံသယဖြစ်နေမိတယ် ဒါ့ကြောင့် ငါ့ရဲ့ဂရုဓမ္မဘရား မပေးချင်ဘူး၊ ကာလိင်္ဂမင်းရဲ့အမတ်များကလဲ အမတ် မင်းမှာ ခိုးလိုသောစိတ်မှမရှိတာ အပြစ်ရှိမှာမဟုတ်ပါဘူး၊အဒိန္နာဒါန ဆိုတာ ခိုးလိုတဲ့စိတ်ရှိမှသာ ဖြစ်နိုင်တာပါ၊ ဒါလောက်ကလေးကိုပင် မယုံသင်္ကာဖြစ်နေသေးရင် ဒီပြင်မကောင်းမှုဆိုတာ ဘယ်မှာပြုတော့ မှာလဲ ရေးကူးပါရစေလို့ ပြောပါဘယ်။

ဒါဖြင့်ရင်ရေးကူးကြပါ၊ ဒါပေမဲ့ ငါ့သီလစိတ်မချသေးလို့ ဂရုဓမ္မ တရား ကောင်းစွာစောင့်ရှောက်တဲ့ တံခါးမှူးထံ သွားကြပါအုန်းလို့ ညွှန်ပြလိုက်ပြန်ပါတယ်။

## တံခါးမှူး

တံခါးမှူးက ငါဟာ ဂရုဓမ္မတရား စောင့်တော့စောင့်ထိန်းပါတယ်၊ ဒါပေမယ်လို့ ငါ့သီလအပေါ် မသင်္ကာစရာသံသယကလေး ဝင်နေတာ ရှိပါတယ်။

တခါက ညချမ်းအခါမှာ မြို့တော်တံခါးမကြီးကိုပိတ်ရန် သုံးကြိမ် ကြွေးကြော်ပီး ပိတ်မယ်လုပ်တော့မှ သူဆင်းရဲတဦးက မိန်းကလေး တဦးနဲ့ ရေးကြီးသုတ်ပြာ မြို့တော်ထဲဝင်လာပါတယ်၊ ဒါနဲ့ ဒီဟာ မင်းမရှိတဲ့ မင်းမဲ့တိုင်းပြည် မှတ်နေသလား အချိန်နဲ့ အခါနဲ့ တံခါး ပိတ်တယ်ဆိုတာရော မသိဘူးလား၊ မိန်းမပျိုလေးနဲ့ တနေ့ပတ်လုံး

ကာမဂုဏ်ပျော်ပါးပြီး နေချင်တိုင်း နေလို့ဝကာမှ အချိန်မတော်အချိန် ပေါ် မသိ ပြန်လာတယ်နဲ့ အပြစ်တင် မာန်မဲပါတယ်။

ဒီတော့မှ သူဆင်းရဲယောကျ်ားက ဒီမိန်းမဟာ ကျွန်တော့မယား မဟုတ်ပါဘူး၊ နှမလေးတယောက်သာ ဖြစ်ပါတယ်လို့ တံခါးမှူးကို ပြန်ပြောလိုက်ပါတယ်။

ဒီစကားကြားတော့ ငါဟာ ဂရုဓမ္မာတရားစောင့်ထားသူ ဖြစ်ရက်သားနဲ့ နှမကလေး မယားဖြစ်အောင် စွပ်စွဲပြောဆိုမိတဲ့အတွက် သီလ ပျက်သွားလေမလားမသိဘူးဟု သံသယဝင်နေမိပါတယ်၊ ဒါကြောင့် ငါ့ဂရုဓမ္မတရားကို အမတ်များအား မပေးချင်ကြောင်း ပြောပြပါတယ်။

ဂရုဓမ္မတရားအလေးအမြတ်ထား စင်စင်ကြယ်ကြယ်စောင့်ထိန်းတဲ့ ပြည့်တန်ဆာမဆိုတာ ရှိပါတယ်၊ သူ့ဆီသွားပြီး ကူးယူပါတော့လို့ ပြောပါတယ်။

ကာလိင်္ဂမင်းရဲ့အမတ်များက နှမကိုမယားထင်မိလို့ ပြောမိဟာ နှမမှန်းသိလို့ ပြောတာမှမဟုတ်တာ ဘယ်မှာလာပြီး အပြစ်ရှိမှာလဲ၊ ဒီလောက် အသေးအမွှားကလေးကိုတောင် အရေးထား လေးစားနေရင် မှသားစကားသုံးတော့မှာ မဟုတ်ပါဘူး၊ လွန်ကျူးတော့မှာလဲ မဟုတ်ပါဘူး၊ ပေးသာပေးပါဟု ပြောကြပါတယ်။

ရေးတော့ယူပေါ့လေ၊ ဒါပေမဲ့ ပြည့်တန်ဆာမထံကို သွားဖြစ်အောင် သွားအုန်းနော်လို့ တိုက်တွန်းလိုက်ပါတယ်။

## ပြည့်တန်ဆာမ

ပြည့်တန်ဆာမကလဲ ဂရုဓမ္မတရား စင်စင်ကြယ်ကြယ်စောင့်ထိန်းတာ မှန်တော့မှန်ပါတယ်၊ ဒါပေမဲ့ ကိုယ့်သီလကိုယ်မကျေမနပ်ဖြစ်နေတဲ့အတွက် မသင်္ကာစရာသံသယတခု ကျမမှာရှိနေပါတယ်၊ အဲဒါကတော့–

တခါတုန်းက လုလင်ပျို တယောက်ဟာ ကျမနဲ့ ပျော်ပါး ရအောင်ဆိုကာ ငွေတထောင်ပေးပြီး ထွက်သွားပါတယ်၊ သူပေးခဲ့တဲ့ ငွေ တထောင်ယူပြီး တနေ့လာနိုးနဲ့မျှော်ရင်း စောင့်နေလိုက်တာ သုံးနှစ် ကြာသွားပါတယ်၊ အဲဒီစောင့်နေတဲ့ သုံးနှစ်အတွင်းမှာ သီလပျက်မှာ စိုးတဲ့အတွက် တခြားသူထံမှငွေကို လက်မခံပဲ ငွေပေးသွားတဲ့လူကိုသာ စောင့်မျှော်နေခဲ့ပါတယ်။

ဒီလိုစောင့်မျှော်နေရင်း ဝင်ငွေမရှိလို့ စားဝတ်နေရေး ကြပ်တည်း ကျဉ်းမြောင်းလာကာ အခက်အခဲတွေနဲ့ ရင်ဆိုင်လာရတာနဲ့ တရားသူကြီး အမတ်များ ရိက္ခာထုတ်ယူဘို့ ဆုံးဖြတ်မှုခံ၍ တရားသူကြီး အမတ်များက စစ်ဆေးမေးမြန်းပြီး အခုအချိန်ကစလို့ စားဝတ်နေရေး အတွက် ရိက္ခာထုတ်ယူခွင့်ပြုကြောင်း စီရင်ချက်ချ ခွင့်ပြုလိုက်ပါ တယ်။

တရားဆုံးဖြတ်ပြီး၍ ရုံးတော်မှ ပြန်ထွက်လာတဲ့အခါ ယောကျ်ား တယောက်က ကျွန်မနဲ့ပျော်ပါးရန် ငွေတထောင် လာပေးပါတယ်၊ ယူမယ်လို့လဲ ကျမလက်ဖြန့်လိုက်ရော ဟိုလွန်ခဲ့တဲ့သုံးနှစ်က ငွေတထောင် ပေးသွားတဲ့ လုလင်ပျိုဟာဖြုံးဆို ရောယ်လာပါတယ်၊ အဲဒီအချိန်မှာ ကျမကလဲ လွန်ခဲ့တဲ့သုံးနှစ်က ငွေတထောင်ပေးသွားသူလာနေပြီ ရှင့် ငွေကို ကျမ မယူချင်တော့ဘူးဆိုပြီး လက်ကို နောက်ပြန်ဆုတ်လိုက် ပါတယ်။

ဒီအခါမှာ အံ့အားသင့်သွားအောင် ဖြစ်လာရတာက ဟိုလွန်ခဲ့တဲ့ သုံးနှစ်လောက်တုန်းက ငွေတထောင် ပေးသွားတဲ့ လုလင်ပျိုဟာ ဖြုံးဆို လူစင်စစ်က တက်သစ်စနေမင်းလုလင်ကဲ့သို့ ပြောင်ပြောင် ဝင်းဝင်းနဲ့ ကောင်းကင်မှာရပ်ပြီး စကားပြောဆိုပါတယ်။

ဒီထူးဆန်းတဲ့သတင်းဟာ ချက်ချင်းဆိုတာလို မြို့တော်တခုလုံး ပြန့်နှံ့သွားပါတယ်၊ ငါဟာတခြားသူမဟုတ် တာဝတိံသာနတ်ပြည်က နတ်တို့သနင်း သိကြားမင်းဖြစ်တယ်၊ ဒီမိန်းမရဲ့သီလကို စုံစမ်းလို၍သာ

လွန်ခဲ့တဲ့သုံးနှစ်လောက်က လုလင်ပျိုယောင်ဆောင်ပြီး ငွေတထောင် ပေးသွားတာ ဖြစ်ပါတယ်။

သီလစောင့်တဲ့လူဆိုတာ အဲဒီလို မိမိစောင့်တဲ့သိက္ခာတို့ကို ရှိရှိသေသေ လေးလေးစားစား ဂရုတစိုက်စောင့်ရပါမယ်၊ ဒီမိန်းမကိုအတုယူကြပါလို့ ဩဝါဒအဆုံးအမပေးပြီး ကျမရဲ့တအိမ်လုံးကို ရတနာခုနစ်ပါးမိုး ရွာချလိုက်တာ ရတနာခုနစ်ပါး ပြည့်သွားတာပါဘဲ။

ဒီအကြောင်းကြောင့်မို့လဲ ကျမမှာသံသယမကင်းဖြစ်ပေါ်နေတာ တခုရှိတယ်၊ ဘာသံသယလဲဆိုတော့ ငါဟာ တယောက်ဆီကငွေကိုယူကြည့်ဖို့အောင် ပြန်မဆပ်ရသေးပဲနဲ့ နောက်တယောက်ထံမှ ငွေကို လက်ဖြန့်ခံမိတာဟာ ဂရုမမွတရားစောင့်ထိန်းသူ ဖြစ်နေပါရက်နဲ့ ဒီလို ပြုလုပ်မိတဲ့အတွက် ငါသီလပျက်သွားလေမလားလို့ မဝေခွဲနိုင် ဒွိဟ သံသယနှစ်ခု ဖြစ်နေမိပါတယ်၊ဒါကြောင့် အသင်အမတ်များကို ကျမ မပေးလိုဘူးဟု ပြန်ပြောပါတယ်။

ကာလိင်္ဂမင်းရဲ့အမတ်များကလဲ ဒီလိုလက်ကလေးဖြန့်ပေးရုံနဲ့ သီလ မပျက်နိုင်ပါဘူး အရှင်မ၊ ဒီသီလက အလွန်တရာစင်ကြယ်တာပဲ၊ ကူး ယူခွင့်သာပေးပါဟု ပြောကြပါတယ်၊ ပြည့်တန်ဆာမက ဒါဖြင့်ရင်လဲ ကူးယူကြပါ ခွင့်ပြုပါတယ်ဟုပြောဆိုပြီး ဂရုမမွတရားများကို ကူးယူ စေပါတယ်။

ပြည့်တန်ဆာမထံမှ ဂရုဓမ္မခေါ်တဲ့ ငါးပါးသီလကို ရွှေပြားမှာ ကူးရေးကြပါတယ်၊ နောက် ဒန္တပူရမြို့ပြန်ကြပြီး သူတို့ရဲ့ဘုရင်ကို ဆက်သကြပါတယ်။

ဘုရင်မင်းမြတ်နှင့်တကွ မှူးကြီးမတ်ရာသေနာပတိ မောင်းမမိဿံ ခြွေရံသင်းပင်း အကုန်ရှင်းအောင် တနန်းတော်လုံးရှိ နန်းတော်သူ နန်းတော်သား အားလုံးနဲ့ နိုင်ငံတော်သူ နိုင်ငံတော်သားအားလုံး ရွှေပြားမှာပါရှိတဲ့အတိုင်း–

(၁) သူများအသက်ကို မသတ်ပါနဲ့

(၂) အရှင်သည် ကိုယ်နှုတ်ဖြင့်မပေးတဲ့ သူများရဲ့ဥစ္စာကို မခိုးယူပါနဲ့

(၃) သူများသားမယားနှင့် အုပ်ထိန်းခြင်း မကင်းတဲ့ နှစ်ဆယ်သော မိန်းမများကို မလွန်ကျူးပါနဲ့
မိန်းမများမှာလဲ မိမိတို့ရဲ့လင်ယောကျ်ားမှတပါး တခြားသော ယောကျ်ားတပါးနဲ့ မလွန်ကျူးဘဲရှောင်တယ်

(၄) မဟုတ်မမှန် လိမ်လည်၍မပြောပါနဲ့

(၅) မူးယစ်စေတတ်တဲ့ သေရည်သေရက် မသောက်စားပါနဲ့၊

အဲဒီသိက္ခာပုဒ်များကို ကောင်းမွန်လုံခြုံစွာ စောင့်သုံးထိန်းသိမ်းလို့ နိုင်ငံတော်တခွင်လုံး ကြီးကြီးကျယ်ကျယ် မိုးသည်းထန်စွာရွာလာတဲ့ အတွက် တနိုင်ငံလုံး သီးနှံတွေလှိုင်လှိုင်စိုက်ရပြီး အထွက်တိုးကြသဖြင့် တိုင်းသူပြည်သားတွေအားလုံး စားဝတ်နေရေးပြေလည်ခါ နောက်က ဟောပြောခဲ့တဲ့ အစားမစားရတဲ့ဘေး၊ ရောဂါဖြစ်တဲ့ဘေး၊ အစာရေစာမရှိတဲ့ဘေးသုံးပါးမှ ကင်းလွတ်၍ ဝပြောသာယာ ချမ်းချမ်းသာသာ ဖြစ်လာကြပါတယ်တဲ့။

ဘုရားစတဲ့ ရှေးသူတော်ကောင်းများဟာ ဂရုဓမ္မတရား ငါးပါး သီလအကျင့် ဘယ်လောက်လေးစားတယ် တန်ဘိုးထားတယ် သိက္ခာပုဒ်ပါ အချက်အလက်များအတိုင်း လေးလေးနက်နက် ဂရုစိုက်ထိန်းသိမ်းကြတယ်ဆိုတာ ဒီလောက် ဟောလိုက်ရင် သိလောက်ပီထင် ပါတယ်။

သဘောပေါက်ကြပါစေတော့ဆိုတဲ့ သဘောနဲ့လဲ ခပ်ကျယ်ကျယ်လေး ဟောပြလိုက်ပါတယ်။

အပင်ပန်းခံပြီး ဟောပြတဲ့အတိုင်းလဲ တရားနာပရိသတ်အားလုံးနဲ့ ပြည်သူပြည်သားအားလုံး ဒီဂရုဓမ္မတရား ငါးပါးသီလ သေချာဂန

ဇနရာကျအောင် အထူးဆောက်တည်ကျင့်သုံး စောင့်ရှောက်ကြ ထိန်းသိမ်းကြလို့ဆိုတာ ဓမ္မာသနပလ္လင်ပေါ်ကနေပြီး မကြာခဏတိုက်တွန်းလိုက်ပါတယ်။

ဒီဂရုဓမ္မ တရားတော်မြတ်ကြီးကို ဟောတော်မူ၍ သစ္စာတို့ကို ပြတော်မူသည့်အဆုံး၌ အချို့ရဟန်းများက သောတာပန်

အချို့ရဟန်းများက သကဒါဂါမ်

အချို့ရဟန်းများက အနာဂါမ်

အချို့ရဟန်းများက ရဟန္တာများဖြစ်ကြပါတယ်၊ ဘယ်လို ဇာတ်တော်ကိုပေါင်းသလဲဆိုတော့—

ဇာတ်တော်ပေါင်းခဏ်း

| | | | |
|---|---|---|---|
| ထိုအခါ | ပြည့်တန်ဆာမ | အခုအခါ | ဥပ္ပလဝဏ်ဏ |
| ။ | တံခါးစောင့် | ။ | ပုဏ္ဏာမထေရ် |
| ။ | ကြိုးဆွဲအမတ် | ။ | ရှင်ကစ္စည်းမထေရ် |
| ။ | တင်းခြင်အမတ် | ။ | ရှင်မောဂ္ဂလာန် |
| ။ | သူဌေးကြီး | ။ | ရှင်သာရိပုတ္တရာ |
| ။ | ရထားထိန်း | ။ | ရှင်အနုရုဒ္ဓါ |
| ။ | ပုဏ္ဏား | ။ | ရှင်ကဿပ |
| ။ | အိမ်ရှေ့မင်း | ။ | ရှင်အာနန္ဒာ |
| ။ | မိဖုယားကြီး | ။ | ယသောဓရာ (ရာဟုလာ မယ်တော်) |
| ။ | ဘုရင်မင်းမယ်တော် | ။ | မယ်တော်မာယာ |
| ။ | ဓနဥ္စယကောရဗျမင်း | ။ | ငါဘုရား |

ဖြစ်ဘူးပြီဟု ဇာတ်တော်ကို ပေါင်းတော်မူပါတယ်။

## ငါးပါးသီလဆောက်တည်ရကျိုး

ဘုရားအလောင်းတော် ဓမ္မပါလအမျိုးမှာဖြစ်တုန်းကလဲ ထူးခြားချက်က ဒီဓမ္မပါလအမျိုးထဲမှာ သက်တမ်းမစေ့ဘဲ ဘယ်တော့မှသေရိုးထုံးစံမရှိဘူး၊ ဆွေမျိုးအားလုံး သက်တမ်းစေ့မှသာ သေကြတယ်တဲ့၊ ဘာကြောင့် ဒီဓမ္မပါလအမျိုးထဲမှာ ငယ်ငယ်လေးနဲ့မသေကြပဲ အသက်တမ်းစေ့မှ သေကြပါလိမ့်မလဲလို့ ရှာကြည့်လိုက်တဲ့အခါ တမျိုးလုံး ငါးပါးသီလကို အမြဲတမ်း ခါးဝတ်ပုဆိုးလို မြဲနေကြလို့သာ အသက်တမ်း အတိုင်း နေကြရတယ်လို့ တွေ့ရပါတယ်။

ဒါဖြင့် ဒါလောက် ငါးပါးသီလကို တိုက်တိုက်တွန်းတွန်းဟော နေရတာလဲ ဘာအကျိုးအတွက်များလဲလို့ မေးတဲ့အခါ လောကီရေး လောကုတ္တရာပါ အကျိုးနှစ်မျိုး ခံစားစံစားရတာကို တွေ့ရမှာဘဲ ဖြစ်ပါတယ်၊ လောကီအနေနဲ့–

(၁) သူများထက် အသက်ရှည်ရှည်နေရတယ်၊

(၂) ပစ္စည်းဥစ္စာများနဲ့ပြည့်စုံပြီး ဉာဏ်ပညာနဲ့လဲ ပြည့်ဝတယ်၊

(၃) လောကီရေး လောကုတ္တရာပါထက်မြက်တဲ့ ဉာဏ်ပညာနဲ့လဲ ရရှိပြည့်စုံရတယ် စသဖြင့် အပဒါန် ပါဠိတော်မှာ ဟော တော်မူထားပါတယ်။

သီလအဓိပ္ပါယ်နဲ့ ငါးပါးသီလဆိုတာဟာ ဆိုတဲ့သဘောသိသွား ပြန်တော့ အဲဒီငါးပါးသီလတရား လုံခြုံအောင်စောင့်ထိန်းရတဲ့အတွက် ရရှိခံစားအပ်တဲ့ အကျိုးတရားတွေကို ဆက်လက်ဟောပြပါမယ်။

ဒါတင်ဘဲလားတဲ့ မကသေးပါဘူး၊ ငါးပါးသီလလုံခြုံတဲ့သူဟာ အကျိုးတရားငါးပါးကိုလဲ ခံစားစံစားရပါသေးတယ်လို့ ဝိနယမဟာ ဝဂ္ဂပါဠိတော် ဘေသဇ္ဇက္ခန္ဓက ပါဋလိဂါမ ဝတ္ထုမှရင်း၊ ခုဒ္ဒကနိကာယ် ဥဒါနပါဠိတော် ပါဋလိဂါမိယသုတ်မှာရင်း၊ အင်္ဂုတ္တရနိကာယ်–ပဉ္စက

နိပါတ်ပါဠိတော် အင်္ဂုတ္တရနိကာယ် သီလသုတ်မှာရင်း အောက်ပါ အတိုင်း မြတ်စွာဘုရား ဟောတော်မူထားပါတယ်။

အကျိုးတရားငါးပါးဆိုတာက–

(၁) များစွာသောစည်းစိမ်ဥစ္စာကို ရရှိနိုင်တယ်၊

(၂) ကောင်းသောဂုဏ်သတင်း ကျော်စောတယ်၊

(၃) မင်းပရိသတ်၊ ပုဏ္ဏားပရိသတ်၊ သူကြွယ်ပရိသတ်၊ ရဟန်း ပရိသတ်ဆိုတဲ့ ပရိသတ်လေးပါးအလယ်မှာ ရဲရဲရင့်ရင့် မညှိုး ငယ်ပဲ ချက်နှာပြလှတယ်၊

(၄) သေတဲ့အခါ မတွေမဝေသေရတယ်၊

(၅) သေသည်၏အခြားမဲ့ နတ်ပြည်ရောက်ရတယ်လို့ ရာဇဂြိုဟ် ပြည် ပါဠုလိရွာမှာ ဟောကြားတော်မူပါတယ်။

နောက်တခု.... ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်းတဲ့သူကို သီလရှိသူလို့ခေါ်ပါတယ်တဲ့၊ သေတဲ့အခါ လူ ပြည်–နတ်ပြည်ခြောက် ထပ်ဆိုတဲ့ သုဂတိဘုံမှာဖြစ်ရတယ်လို့ အင်္ဂုတ္တရနိကာယ်– ပဉ္စကနိပါတ် ပါဠိတော် ဝေရသုတ်မှာလဲ ဒီအတိုင်းဘဲ ဟောတော်မူထားပါတယ်။

နောက်ပြီး ငါးပါးသီလလုံခြုံတဲ့သူဟာ သေပြီးတဲ့နောက် နတ်ပြည် မှာဖြစ်ရတယ်လို့ ပဉ္စကနိပါတ်ပါဠိတော်မှာပဲ ဟောတော်မူပါတယ်။

ဒီသီလအကျိုးနဲ့ပတ်သက်လို့ သာဓကဝတ္ထုတပုဒ်ထုတ်နုတ်ဟောပြ ပါအုန်းမယ်။

## ကျေးပေါ်သထိကာ ဘိက္ခုနီမဝတ္ထု

ကျေးပေါ်သထိကာ ဘိက္ခုနီမဆိုတာ ဟို–ကိုးဆယ့်ဘကမ္ဘာထက် တုန်းက ဝိပဿီဘုရား ထင်ရှားပွင့်တော်မူတဲ့အခါ ဗန္ဓုမတီ နေပြည် တော်ကြီးမှာ ဝိပဿီမြတ်စွာဘုရားရဲ့ခမည်းတော် ဗန္ဓုမာမင်းကြီးနှင့် နန်းတော်သူ နန်းတော်သားတွေ တိုင်းသူပြည်သားတွေ သူ့ထက်ငါ

ပလူထွက်မျှ ဝိပဿိမြတ်စွာဘုရားရှင်ကျောင်းတော် ဥပုသ်စောင့်သွား ကြတာကို ဗန္ဓုမတီနေပြည်တော်ကြီးမှာပင် ဒါနအခြေမခံမိခဲ့၍ သူဌေး အိမ်မှာ အစေခံကျွန်အဖြစ်နဲ့ နှိနှစ်နေရတဲ့ ထမင်းဟင်းချက် အလုပ် သမလေး (ကုမ္မာဒါသီ) မြင်တဲ့အခါ အော်....ဒီနေ့ လပြည့်ဥပုသ်နေမို့ ပြည့်ရှင်မင်းကြီးနှင့် နန်းတော်သူ နန်းတော်သားတွေ တိုင်းသူပြည် သားတွေ သူ့ထက်ငါ ဥပုသ်စောင့်သွားကြပါလား၊ အခုလို ကာမဂုဏ် စည်းစိမ်တွေကို စွန့်လွှတ်ပီး ဥပုသ်စောင့်ရအောင် သွားတာထောက် တော့ ကေန္တ ဒီကာမဂုဏ်စည်းစိမ်တွေထက် ထူးမြတ်လွန်ကဲတဲ့ အကျိုး ကျေးဇူးရှိဟန်တူရဲ၊ ရှိလဲရှိမှာပါပဲလို့ ယောနိသော မနသိကာရ ကောင်းကောင်းမွန်မွန်နှလုံးသွင်းခြင်းဖြင့် ထမင်းအိုးလေးရေဆေးရင်း တွေးတောဆင်ခြင်လိုက်ပါတယ်။

ဟင်း....ငါလဲပဲ ကံကောင်းထောက်မလို့သာ လူ့ဘဝကို ရောက်ရှိ လာရပေမဲ့ အတိတ်ဘဝက ဒါနမျိုးစေ့နဲပါးခဲ့လို့ သူများနဲ့မတူ အစစ အရာရာ အောက်တန်းနောက်တန်းကျနေရပီး ထမင်းဟင်းလေးစားရ ဘို့အတွက်တောင်မှ ဆင်းဆင်းရဲရဲဘဝကိုရုန်းကန်ရင်း အခစားခံ အလုပ် သမအဖြစ်နဲ့ အသက်မွေးနေရတဲ့ ငါ့ဘဝပါလား။

ကုသိုလ်ကောင်းမှုကျပြန်တော့လဲ ဘာမှမရှိ၊ အခြေမဟန်တဲ့ အစေ ခံဘဝနဲ့သေသွားရင် အပါယ်ထံမှောက် အခစားရောက်ရအုံးမှာပဲ၊ အပါယ်ထံမှောက် အခစားရောက်သွားရင် အခုလက်ရှိဘဝထက် ပိုမို၍ ဆင်းရဲခံရအုံးမှာ သေချာတယ်။

မဆင်းရဲရအောင် အိုးဆေးရေခတ်ကြားထဲကပဲ ဥပုသ်စောင့်ပါ တော့မယ်လို့ အတိအကျ မိမိရရ စိတ်ကိုဆုံးဖြတ်လိုက်ပြီး ဥပုသ်စောင့် သုံးပါတယ်တဲ့။

အဲဒီ ကုမ္မာဒါသီဘဝမှ စုတေမနေ့ သေလွန်တဲ့အခါ တာဝတိံသာ နတ်ပြည်မှာ အခြွေအရံ နတ်သမီးတသိန်းတို့နှင့် ပယူဇနာမြင့်တဲ့ ထယ်ဝါခန့်ငြားလှတဲ့ နတ်ဗိမာန်ကြီးတွင် နတ်သမီး ဖြစ်လာပါတယ်။

နောက် နတ်သမီးရဲ့လှပတဲ့အဆင်းကို မြင်ရ၍ သိကြားမင်းကြီးက ကောက်ယူပြီး မိဖုယားကြီးအဖြစ် စံစားတော်မူပါတယ်။

အဲဒီလို နတ်ပြည်မှာချည့် နတ်မင်းကြီး၏ မိဖုယားအဖြစ် ခြောက်ဆယ့်လေးကြိမ်၊ လူဖြစ်လာရပြန်တော့လဲ စကြဝတေးမင်းကြီးအဖြစ် ခြောက်ဆယ့်သုံးကြိမ် ဖြစ်ရပါတယ်၊ ဒီကဲ့သို့ အပရာပရိယ ကုသိုလ် အဆက်ဆက်အကျိုးပေးလို့လဲ ကိုးဆယ့်တကမ္ဘာလုံးလုံး အပါယ်ထိ မှောက်မရောက် အထက်သံသရာ လူ့ပြည်နတ်ပြည်ကချည့် ကျင်လည် ရခိုက်တွင်လဲပဲ

၁။ ရွှေအဆင်းလို အဆင်းလှပခြင်း

၂။ ဆင်ယာဉ်၊ မြင်းယာဉ်၊ ရထားယာဉ်တို့ကို လိုသလောက် ရရှိခြင်း

၃။ ရွှေ-ငွေ ပတ္တမြားစတဲ့ အသုံးအဆောင် ပိုးဖဲသက္ကလပ်စတဲ့ အဝတ်အစား အခမ္မးနံ့သာ ပြာသာဒ်-မဏ္ဍပ် စသည်တို့ကိုလဲ အလိုရှိတိုင်း သုံးဆောင်ခံစားရခြင်း စတဲ့အကျိုးတွေ ခံစား စံစားခဲ့ရပြီးမှ အခု ဂေါတမဘုရားရှင်လက်ထက် ရောက်လာတော့ သာဝတ္ထိပြည်မှာ ဥတ္တမာဆိုတဲ့ သူဌေးသမီးဖြစ်လာကာ ခုနစ်နှစ်အရွယ်ရောက်တယ်ဆိုရင်ပဲ ပဋ္ဌာစာရီ ရဟန္တာ အရှင်မထံ အပ်နှံ၍ သာမဏေရီပြုလုပ်ကာ တဆယ့်ငါးရက် အတွင်း အာသဝေါကင်းကွာ ရဟန္တာမဖြစ်လို့ ကေပေါသထိကာထေရီ ဘိက္ခုနီမဟူ၍ သာသနာတော်မှာ ထင်ရှား ဖြစ်ရ ပြန်ပါတယ်။

ရဟန္တာမ ဖြစ်လာရပြန်တော့လဲ သူမျှားဘိက္ခုနီမတွေနဲ့ မတူပဲ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးဆိုတဲ့ လေးပါးသောပစ္စည်းတွေ ရလွယ် ပါတယ်တဲ့။

ဒီလို လောကီလောကုတ္တရာ အကျိုးတွေကို ဘယ်ကုသိုလ် အကြောင်းခံလို့ရသလဲဆိုတော့ အခုဟောခဲ့တဲ့အတိုင်း တခါထဲ ဥပုသ်

စောင့်ခဲ့ဘူးတဲ့ သီလူပနိဿယ၊ သီလကိုအမှီသဟဲပြုပြီး မဂ် ဖိုလ် နိဗ္ဗာန် ရောက်တယ်ဆိုတာ မှတ်ထားကြ၊ တရားနာပရိသတ်အားလုံး သိထားရမှာက တခါထဲ ဥပုသ်စောင့်သုံးရုံမျှနဲ့ ဒီလောက်အကျိုးပေးသန်နေရင် အမြဲတစေ ဥပုသ်စောင့်သုံးနေကြတဲ့သူတွေအဘို့တော့ ဘယ်လောက် အကျိုးပေးသန်အုံးမှာလဲလို့ မိမိတို့ကိုယ်ပိုင်ဉာဏသမ္ပယုတ်နဲ့ ယှဉ်သာ ကြည့်ပေတော့နော်။

ဒါကြောင့် ကုသိုလ်ဆိုတာ နောက်ကဟောခဲ့သလို အောက်ကို မလျှောက် အထက်ကိုသာရောက်စေတယ်လို့ ဟောခဲ့တာ မှတ်မိကြအုံးမှာပါ၊ အခုဝတ္ထုကို ထပ်မံအဓိပ္ပါယ်ရှင်းကြည့်ကြပါစို့....

၁။ သိကြားမင်းမိဖုယား စည်းစိမ်ချမ်းသာတွေ

၂။ စကြာမင်း မိဖုယား စည်းစိမ်ချမ်းသာတွေ

၃။ သူဌေးသမီးရဲ့ စည်းစိမ်ချမ်းသာတွေဟာ သီလစောင့်ထိန်းမှုကြောင့် ဇနကပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေးသလို—

၁။ ရဟန္တာမဖြစ်ရပီး မဂ် ဖိုလ် နိဗ္ဗာန်ရောက်ရခြင်းဟာလဲ သီလစောင့်ထိန်းမှုကြောင့် ဥပထမ္ဘကပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေးတယ်ဆိုတာ သေသေချာချာ မှတ်ထားကြ၊ ကိုင်း....တရားနာပရိသတ် အားလုံးလဲ အလုပ်မအားသေးလို့ လုပ်မနေနဲ့ အခုဟောခဲ့တဲ့ဝတ္ထုပါ ဥပေါသထိကာ ရဟန္တာမကဲ့သို့ အတုယူပီး ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလများကို ကောင်းစွာကြိုးကုတ် အားထုတ်တော်မူနိုင်ကြပါစေကုန်သတည်း။

ခဏကလေး ဥပုသ်ဆောက်တည်ရတဲ့ အကျိုးတရားကို တိံသနိပါတ်ကိံ ဆဇာတ်မှာ လာပါသေးတယ်၊ ဆက်ဟောပြပါအုန်းမယ်။

ခဏလေး သရဏဂုံနှင့်တကွ ငါးပါးသီလ စောင့်ထိန်းရကျိုး

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံး နေတော်မူတဲ့အခါ....

သေတဗျမြို့၌ ဆတ္တဆိုတဲ့ ပုဏ္ဏားငယ်တယောက်ဟာ ဥက္ကဋ္ဌမြို့သို့ သွားပြီး ပေါက္ခရသာတိပုဏ္ဏားရဲ့ထံမှာ ပညာသင်ကြား၊ ပညာဉာဏ် ကောင်းခြင်း၊ ပညာကို ကြိုးစားသင်ကြားတဲ့အတွက် မကြာမီ ဗေဒင် သုံးပုံနှင့်တကွ အခြားသော အတတ်ပညာတို့ကိုပါ သင်ကြားတတ် မြောက်၍ ဆရာအား ဉာဏ်ပူဇော်ခပေးဘို့ ဝတ္ထုငွေယူရန် နေရပ် ဖြစ်တဲ့ သေတဗျမြို့သို့ ပြန်လာခဲ့ပါတယ်။

မိဘတို့ကိုရှိခိုး၍ ကျောင်းလခပေးရမှာမို့ ငွေပြန်ယူတာ၊ ဒီနေ့ဘဲ သွားမယ်ဟု မိဘထံခွင့်ပန်ပေမဲ့ မိဘများက အချိန်မရတော့တဲ့အတွက် နက်ဖန်မှသွားရန် သားအားပြောကြားပါတယ်။

ဒီစကားကို ကြားရတော့ သူခိုးတွေလဲ မနက်ဖန် ဆတ္တလုလင်လာ ရင် တောအုပ်တခုမှနေ၍ လုသတ် ငွေယူလုပ်ဘို့ တိုင်ပင်ကာ စောင့် ဆိုင်းနေကြပါတယ်။

မြတ်စွာဘုရားသည် မိုးသောက်ယံအချိန်၌ မဟာကရုဏာသမာ ပတ်မှထတော်မူ၍ လောကကိုကြည့်တော်မူတဲ့အခါ ဆတ္တလုလင်၏ သရဏဂုံ ငါးပါးသီလတို့၌ တည်ခြင်းကိုရှင်း—

ဆတ္တလုလင်ကို သတ်ရာအရပ်သို့ ရောက်လာကြမဲ့ ပရိသတ်တို့၏ အကျွတ်တရားရကြမှာကို မြင်တော်မူ၍ ကြွလာတော်မူပြီးလျှင် ဆတ္တ လုလင်အလာကို စောင့်တော်မူနေပါတယ်။

စောင့်နေတော်မူရင်းပဲ ဆတ္တလုလင်လဲ ရောက်လာရော မြတ်စွာ ဘုရားသခင်က သုံးဂါထာဖြင့် ဘုရားကိုကိုးကွယ်ခြင်းငှါ ဆည်းကပ် လော၊ တရားကိုကိုးကွယ်ခြင်းငှါ ဆည်းကပ်လော၊ သံဃာကို ကိုးကွယ် ခြင်းငှါ ဆည်းကပ်လောဟု ဟောတော်မူပြီး....

၁။ သူတပါး၏အသက်ကို မသတ်နဲ့

၂။ အရှင်မပေးသောဥစ္စာကို မခိုးနဲ့

၃။ ကာမဂုဏ်တို့၌ မှားသောအားဖြင့် မလွန်ကျူးနဲ့

၄။ မဟုတ်မမှန် လိမ်လည် မပြောနဲ့

၅။ သေရည်သေရက် မသောက်စားနဲ့

အဲဒီငါးပါးသီလတော်ကိုလဲ အကျိုးအကြောင်းနှင့် ဆောက်တည်ပုံအကြောင်း ဟောတော်မူပါတယ်။

ဆတ္တလုလင်လဲ သရဏဂုံသီလကို ကောင်းစွာ ဆောက်တည်၍ မြတ်စွာဘုရားအား လျှောက်ထားကာ ခရီးဆက်သွားရော ဘုရားလဲ ဒီမျှလောက်သောကုသိုလ်ဖြင့် နတ်ပြည်သို့ရောက်ခြင်းငှါ သင့်ပြီဟု နှလုံးပြုတော်မူ၍ ဇေတဝန်ကျောင်းတော်ကို ပြန်ကြွတော်မူပါတယ်။

ရတနာသုံးပါး အောက်မေ့သွားသော ဆတ္တလုလင်အား အသင့်စောင့်နေသော သူခိုးတွေက အဆိပ်လူးမြှားနဲ့ ပစ်၍သတ်ပြီး ဆရာအားပေးဘို့ယူလာတဲ့ ငွေတထောင်ကို ယူသွားကြပါတယ်။

ဆတ္တလုလင်လဲ မြှားဒဏ်ချက်ဖြင့် အသက်ကုန်ပြီးတဲ့နောက် တာဝတိံသာနတ်ပြည် ယူဇနာသုံးဆယ်ရှိသော ဗိမာန်မှာ နတ်သားသွားဖြစ်ပါတယ်။

ဆတ္တလုလင်သေခြင်းကို အကြောင်းပြု၍ သေတဗျမြို့မှ လုလင်ရဲ့ မိဘဆွေမျိုးများ ငိုယိုရောက်ရှိလာကြ၊ ဥက္ကဋ္ဌမြို့မှ ပေါက္ခရသာတိ ပုဏ္ဏားစတဲ့မြို့သူမြို့သားတွေ ဂုဏ္ဍာနဂ်လ မြို့သူမြို့သားတွေအားလုံး စုရုံးရောက်လာကြပါတယ်။

သုံးလောကထွတ်ထား မြတ်စွာဘုရားလဲ စုဝေးရောက်ရှိလာကြတဲ့ နေရာသို့ ရဟန်းများစွာနဲ့ ကြွတော်မူလာ၍ သစ်ပင်ရင်း၌ ရောင်ခြည်တော်ခြောက်သွယ်တို့ကို လွှတ်တော်မူလျက် သီတင်းသုံးနေတော်မူပါတယ်။

ဆတ္တလုလင်နတ်သားလဲ ဗိမာန်နှင့်တကွ တာဝတိံသာနတ်ပြည်မှ ဆင်းသက်ခဲ့၍ များစွာသော အခြံအရံနှင့် မြတ်စွာဘုရား၏ခြေတော်အစုံကို ရှိခိုးလက်အုပ်ချီလျက် နေပါတယ်။

လူအပေါင်းကလဲ အဆင်းရောင်ဝါတင့်တယ်စွာနဲ့ မြတ်စွာဘုရား အနားမှာ ရှိခိုးနေတာ လူလားနတ်လား ဗြဟ္မာလားဟု သိချင်သော စိတ်ဖြင့် ဘုရားအနားသို့ ကပ်လာကြပါတယ်။

ဒီအခါမှာ မြတ်စွာဘုရားက ငါဘုရားရဲ့ ခြေတော်အစုံကို ရှိခိုး နေတဲ့နတ်သား အဘယ်ကောင်းမှုကြောင့် မြတ်သောနတ်စည်းစိမ်ကို ရသလဲလို့ မေးတော်မူပါတယ်။

နတ်သားက ဘုန်းတော်အလွန်တရာကြီးမြတ်တော်မူသော မြတ်စွာ ဘုရား၊ အရှင်ဘုရား ဟောကြားပေးသနားတော်မူသော သရဏဂုံ နှင့်တကွ ငါးပါးသီလကို ဆောက်တည်ရသော ကောင်းမှုကြောင့် ရပါတယ်ဘုရားဟု လျှောက်ထားပါတယ်။

မြတ်စွာဘုရားကလဲ အဲဒီလိုမေးတော်မူပြီး သစ္စာလေးပါးကိုဟော ကြားတော်မူသောအဆုံး၌ ဆတ္တလုလင်နတ်သားဟာ သောတာပတ္တိ ဖိုလ်၌တည်၍ များစွာသော တရားနာပရိသတ်တွေ အကျွတ်တရား ရကြပါတယ်။

မြတ်စွာဘုရား ရည်ရွယ်တော်မူတာက....

ဘုရား၊ တရား၊ သံဃာဆိုတဲ့ ရတနာသုံးပါးကိုလဲ ဆတ္တလုလင်နတ် သားနဲ့ တရားနာရောက်လာကြတဲ့ ပရိသတ်တွေအားလုံး ဖူးမျှော်၍ ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးတော်ကို ကြည်ညိုလေးစား အလေး ထားနိုင်ရန်ပဲ ဖြစ်ပါတယ်။

ကံဆိုတာက မိမိတို့ပြုလုပ် အားထုတ်ခဲ့တဲ့ ကောင်းမှုကုသိုလ်ကံ, အကုသိုလ်ကံ။

ကံ၏အကျိုးဆိုတာကတော့ မိမိတို့ပြုလုပ်အားထုတ်ခဲ့ကြတဲ့ကောင်း မှုကံရဲ့အကျိုး၊ မကောင်းမှု အကုသိုလ်ကံရဲ့အကျိုးကို ခေါ်ပါတယ်။

ဒီနေရာမှာ မြတ်စွာဘုရားသခင်ဟာ ဆတ္တလုလင်နတ်သားရဲ့ သရ ဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလကို ကောင်းမွန်စွာ ဆောက်တည်တဲ့ ကုသိုလ်ကံ။

သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလကို ကောင်းမွန်စွာ မကျိုး မပေါက် မပျောက်မကျားအောင် လုံခြုံစွာ ထိန်းသိမ်းစောင့်ရှောက် ဆောက်တည်လိုက်ရတဲ့အတွက် နတ်တို့ရဲ့စည်းစိမ်ချမ်းသာကို ချက်ချင်း ခံစားရတယ်ဆိုတဲ့ အကျိုးတရားများကို နတ်သားထင်ရှားပြောပြ စေ၍ တရားနာလာရောက်ခဲ့ကြတဲ့ ပရိသတ်တို့အား....

ကံ ကံ၏အကျိုး ရှိတယ်ဆိုတာ ယုံကြည်စေလိုတဲ့သဘော မဟာ ကရုဏာတော်ပဲ ဖြစ်ပါတယ်။

အခုလို အဆောင်အယောင် နတ်ဗိမာန်နှင့်တကွ နတ်တို့ရဲ့စည်း စိမ်ကိုမျက်မှောက် မြင်တွေ့ရသောအားဖြင့် ကုသိုလ်ကောင်းမှုဆိုတာ သေးတယ် ကြီးတယ်မဟုတ် ခဏကလေး သရဏဂုံ ငါးပါးသီလ ဆောက်တည်ကာမျှဖြင့် ဒီလောက် အကျိုးပေးပါလားဆိုတာ သိစေ လိုပါတယ်။

ဒီလိုသိရသဖြင့် နတ်သားကိုမြင်ရတဲ့လူတိုင်း ကုသိုလ်ကောင်းမှု တရား ပြုလုပ်အားထုတ် ပွားများနိုင်ကြပါစေ။

နောက်တခုက ခဏလေးဆောက်တည်လိုက်တဲ့ ကုသိုလ်ကောင်းမှု သရဏဂုံ ငါးပါးသီလ ဒီလောက် အကျိုးပေးကြီးမားနိုင်သေးရင် ဒါထက်ကြာကြာ တာရှည်လေးမြင့် ဆောက်တည်ရင်ဖြင့် ဒါထက် ကြီးမားမြင့်မြတ်လှတဲ့ အကျိုးထူးတရား မလွဲမသွေခံစာ စံစားရမှာပဲ၊ ဘယ်မှာပြောဘွယ်ရာ ရှိနိုင်တော့မှာလဲလို့ မိမိတို့ကိုယ်မိမိတို့ နှလုံးသွင်း ဆင်ခြင်ကြပါ။

အခုဝတ္ထုပါ ဆတ္တလုလင်ရဲ့ထုံး နှလုံးမူပြီး သရဏဂုံသုံးပါး ငါးပါး သီသ ရှစ်ပါးသီလစတဲ့ ကုသိုလ်ကောင်းမှု ဓမ္မာနုဓမ္မပဋိပတ်တရား များ ဆထက်တပိုးတိုးပီး လှူဒါန်းအားထုတ် ပွားများနိုင်ကြပါစေလို့ တိုက်တွန်းရင်း–

ဤသည်ကား သုတ္တန်ဒေသနာ-အဘိဓမ္မာဒေသနာတရားတော်မြတ် သည်ကား ကုသလာဓမ္မာ, အကုသလာဓမ္မာ, အဗျာကတာဓမ္မာဟု ဟောတော်မူပါတယ်။

ဂင်္ဂမာသဇာတ်မှာလဲ ဒီလိုဉပုသ်နေ့ဝက်စောင့်တဲ့ ကုသိုလ်မျိုးပဲလို့ မှတ်ထားကြပါလေဦး။

ကုသိုလ်ကောင်းမှုဆိုတာ လူတိုင်းလူတိုင်း ပြုလုပ်လူဒါန်းပွားများ အားထုတ်ရမဲ့တရားမို့ ဒီလောက် တိုက်တိုက်တွန်းတွန်းဟောနေရတာ၊ လူတိုင်းလူတိုင်းနဲ့ ဆက်ဆံရမဲ့တရားဆိုရင်လဲ မမှားပါ။

နောက်ပီး မြတ်စွာဘုရားရှင်က ငါးပါးသီလကို ဒီစကြဝဠာ တင်သာ မက ဟိုဘက်စကြဝဠာမှာလဲ ဟောကြားပါသေးတယ်။

နောက်တခုလဲ အရှင်မဟာမောဂ္ဂလာန် ဒေသစာရီလှည့်လည်ရာမှ ပြန်ကြွလာတော့၊ တာဝတိံသာနတ်ပြည်မှာ ကဿပဘုရားလက်ထက် တော်အခါက တခါထဲဉပုသ်စောင့်ခဲ့ဘူးတဲ့ ကောင်းမှုကုသိုလ်ကြောင့် ရတနာခုနစ်ပါးဖြင့် ပြည့်သော ဗိမာန်မှာ နတ်သမီးတထောင် အခြံ အရံနှင့်တကွ နတ်သမီးစည်းစိမ်ကိုခံစားရသော နတ်သမီးရဲ့စည်းစိမ်ရဲ့ ရှေးကပြုခဲ့ဘူးသော ကောင်းမှုကုသိုလ်ကို မေးတော်မူပြီး သစ္စာလေး ပါးကို ပြတော်မူခဲ့၍ နတ်သမီးပြောလိုက်သောစကားကိုလဲ တာဝတိံ သာနတ်ပြည်မှာ ကောင်းစွာမှတ်ယူခဲ့၍ ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းတော်သို့ ရောက်ရင်ပဲ နတ်သမီးတထောင်အခြံအရံနှင့် ခံစား စံစားရတဲ့ ဗိမာန်ရှင် နတ်သမီးအကြောင်း မြတ်စွာဘုရားအား လျှောက်ထားရာ–

မြတ်စွာဘုရားက ချစ်သားမောဂ္ဂလာန် အခုသင်မေးမှ ဉပုသ် စောင့်ခဲ့ဘူးသောကြောင့် တာဝတိံသာနတ်ပြည်မှာ အခုလိုကြီးကျယ် သော နတ်သမီးတထောင် အခြံအရံရှိတဲ့ နတ်သမီးစည်းစိမ်ကို ခံစား စံစားရပါတယ်လို့ လျှောက်ထားတာ မဟုတ်သေးဘူး၊ ရှေးအခါက

ငါဘုရားခမ်းတော်မူစဉ်တုန်းကလဲ ဒီအတိုင်းပဲ လျှောက်ထားဘူးပြီဟု ဟတ္ထိပါလဇာတ်၊ ဝိမာနဝတ္ထုဒေသနာတော်ကို ဟောတော်မူပါတယ်။

တရားတော်ရဲ့အဆုံးမှာ များစွာသော တရားနာလာကြတဲ့ ပရိသတ် အပေါင်းဟာ အမြိုက်တရားရကြပြီး ပေးကမ်းလှူဒါန်းစွန့်ကြဲခြင်းဒါန၊ ကျင့်သုံးဆောက်တည်ခြင်းသီလ၊ ပွားများရခြင်းဘာဝနာဆိုတဲ့ တရား များ ပြုကျင့်လှူဒါန်း ပွားများအားထုတ် ကြိုးကုတ်ကြသည်ဖြစ်၍ အလွန်မြတ်လှစွာသော လူ့, နတ်, နိဗ္ဗာန် သုံးတန်သောချမ်းသာကို ရကြပါတယ်၊ ဒါကြောင့် တရားနာပရိသတ်အားလုံးလဲ လှူဒါန်းခြင်း ဒါန၊ ဆောက်တည်ခြင်းသီလ၊ ပွားများခြင်းသမထ ဝိပဿနာဘာဝနာ ဆိုတဲ့ တရားများ များစွာအားထုတ်နိုင်ကြကာ မအိုရာ, မနာရာ, မသေရာဖြစ်သော ဇာတိစတဲ့တဆယ့်တသီးသောမီးတွေ မလောင်ကျွမ်း ရာ မဟာအသင်္ခတဓါတ်မြတ်လှတဲ့ သန္တိသုခ ချမ်းသာစစ်ဖြစ်တဲ့နိဗ္ဗာန် သို့ လျင်စွာထုတ်ချောက် လှမ်းရောက်နိုင်ကြပါစေလို့ အထူးပြုစေတဲ့ ဆန္ဒဖြင့် တိုက်တွန်းဟောပြလိုက်ရပါတယ်။

ဗဟုသုတအဖြစ် မှတ်သားချင်ရင်

( ရတနာခုနစ်ပါး - ရွှေ - ငွေ-ပုလဲ-ကြောင်မျက်ရွဲ-ပတ္တမြား- သန္တာ-ဝဇီရစိန်) ဟူ၍ ခုနစ်ပါးဖြစ်ပါတယ်)

ထပ်ပြီး သတိပေးလိုက်ပါရစေ။

သစ်ကျုတ် ဥပုသ်စောင့်တာလိုလဲ မလုပ်ကြပါနဲ့အုန်း၊ ဟိုတုန်းက မြစ်ကမ်းနားက ကျွန်းငယ်တခုမှာနေတဲ့ သစ်ကျုတ်တကောင်ဟာ ည အခါ ရေတက်လာတော့ အစာရှာမသွားနိုင်တော့ပါဘူး၊ အဲဒီတော့ သစ်ကျုတ်ကတွေးတယ်၊ အင်း-ဒီနေ့မနက် ငါ အစာရှာသွားနိုင် တော့မှာမဟုတ်တဲ့ အတူတူ အခိဋ္ဌာန်ဥပုသ်စောင့်လိုက်မှဆိုပြီး ဥပုသ် စောင့်လိုက်တယ် ဆိုပါတော့။

ဒီအခါမှာ နတ်က သစ်ကျုတ်သီလကို စုံစမ်းလိုတဲ့အတွက် ဆိတ်ယောင်ဆောင် အသံပေးသတဲ့၊ သစ်ကျုတ်က ဆိတ်ကိုလဲမြင်ရော (ဥပုသ်ကျိုးရောပေါ့) ဆိုတာလို ဒီနေ့တော့ ဥပုသ်စောင့်လို့မဖြစ်သေးဘူး၊ နောက်မှပဲစောင့်မယ်ဆိုပြီး ဆိတ်ကိုလိုက်ကိုက်တယ်၊ ဆိတ်အစစ်မှမဟုတ်တာ နတ်က သူ့သီလစမ်းချင်လို့သာ ဆိတ်ယောင်ခဏဆောင်ထားတာ ဖြစ်လေတော့ ပျောက်သွားပါတယ်၊ ဒီတော့မှ ငါစောင့်တဲ့ဥပုသ် မကျိုးသေးဘူးဆိုပြီး စောင့်မြဲတိုင်းပင်စောင့်သတဲ့၊ တရားနာကြတဲ့ ဥပုသ်သည်ပရိသတ်တွေရဲ့–

အဲဒီသစ်ကျုတ်စောင့်တဲ့ ဥပုသ်မျိုးလဲ မဖြစ်စေနဲ့လို့ အထူးသတိပေးလိုပါတယ်နော်။

သဘောပေါက်သလား၊ ဆိုလိုတာက ဥပုသ်စောင့်ပြီး ညစာထမင်းခိုးစားတာမျိုးကို ဆိုလိုပါတယ်။

သူတို့ပြောသေးတာက–ဥပုသ်ထွက်လိုက်ပီတဲ့၊ ဆာရင်စား အပြစ်မဖြစ်ဘူးတဲ့၊ အပြစ်ဖြစ်နေတာ သူတို့မသိဘူး၊ အာမဘဏ္ဍေခံပြီး ဘုရားလိမ်သလိုဖြစ်နေတယ်။

ဝိကာလဘောဇနာ နေ့လွဲညစာစားခြင်းမှ ဝေရမဏီသိက္ခာပဒံ ရှောင်ကြဉ်ရာဖြစ်သော သိက္ခာပုဒ်တော်အကျင့်မြတ်ကို သမာဒိယာမိ ကောင်းစွာဆောက်တည်ပါ၏။

အစ်ပွါယ်။ နေ့လွဲညစာ မစားဘဲ မကျိုးမပေါက် မပြောက်မကျားအောင် ကောင်းမွန်လုံခြုံစွာ ဆောက်တည်ပါမယ်လို့ အာမဘဏ္ဍေခံထားတာ မဟုတ်လား။

သတိထားရမှာက မစားပဲနေမှဆာနေတယ် စားချင်နေတာကို မစားပဲနေနိုင်မှ ကျင့်ရာရောက်တော့မပေါ့၊ သေသေချာချာတွေးကြည့်လေ၊ ဒါမှမဟုတ် ဆာရင်စားစတမ်းလို့ဆိုရင်ဖြင့် ကျင့်ရာရောက်ပါတော့မလား၊ မိမိတို့ဆောက်တည်တဲ့ သိက္ခာပုဒ်တိုင်း ကောင်းမွန်လုံခြုံစွာ စောင့်ထိန်းနိုင်ကြပါစေ။

ငါးပါးသီလရဲ့ အကျိုးတရားများ ဟောပြပြီးတော့ အပြစ်များ ကိုလဲ ပြောပြပါအုံးမယ်။

ဝိနယမဟာဝဂ္ဂပါဠိတော် ဘေသဇ္ဇက္ခန္ဓက ပါဋလိဂါမဝတ္ထု

ဒုဒ္ဒကနိကာယ- ဥဒါနပါဠိတော်- ပါဋလိဂါမိယဲသုတ် - အင်္ဂုတ္တရ နိကာယ-ပဥ္စကနိပါတ်ပါဠိတော်မှာ ငါးပါးသီလကိုလွန်ကျူးခြင်းရဲ့ အပြစ် ဒီလို ဟောထားပါတယ်။

သီလမရှိ သီလပျက်တဲ့သူဟာ—

၁။ များစွာသော စည်းစိမ်ဥစ္စာတို့မှ ဆုံးရှုံးပျက်စီးခံရခြင်း၊

၂။ မကောင်းတဲ့သတင်း ကျော်စောပြန့်နှံ့ခြင်း၊

၃။ မင်းပရိသတ် ပုဏ္ဏားပရိသတ် သူကြွယ်ပရိသတ် ရဟန်း ပရိသတ်ဆိုတဲ့ ပရိသတ်လေးပါးအလယ်မှာ ကြောက်ရွံ့၍ မျက်နှာပြ မလှရခြင်း၊

၄။ သေတဲ့အခါ တွေဝေမိန်းမော၍သေရခြင်း၊

၅။ သေသည်၏အခြားမဲ့၌ ငရဲသို့ရောက်ရတယ်လို့ ဟောတော်မူ ပါတယ်။

အဋ္ဌအင်္ဂုတ္တရပါဠိတော်မှာလဲ ပါဏာတိပါတကံကို လွန်ကျူးတဲ့ စေတနာကံသည် ငရဲဘုံ၌ရင်း၊ တိရစ္ဆာန်ဘုံ၌ရင်း၊ပြိတ္တာဘုံ၌ရင်း၊ အသူ ရကာယ်ဘုံသို့သာ ဖြစ်စေတတ်တယ်၊ သူ့အသက်သတ်ခြင်းဟာဖြင့် ဘဝဆက်တိုင်း အသက်တိုစေတတ်တယ်လို့ ဟောတော်မူပါတယ်၊ အင်္ဂါကြီးငယ်မပြည့်စုံခြင်းစတဲ့ အပြစ်များကိုလဲ ရရှိခံစားရပါတယ်လို့ မိန့်တော်မူထားပါတယ်။

### နွားသတ်သမားနန္ဒဝတ္ထု

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရားသီတင်းသုံး နေတော်မူစဉ် သာဝတ္ထိပြည်မှာပဲနေတဲ့ နွားသတ်စားတဲ့ နန္ဒဆိုသူ

တယောက်ရှိပါတယ်၊ သူ့ညဥ့်လေးတခုက သတ်ထားတဲ့နွားသားကို ကြိုက်ရာအသား လှီးစားလေ့ ရှိပါတယ်၊ စားသောက်မကုန်တဲ့ နွားသားတွေကိုလဲ သူများကို ရောင်းစားပါသေးတယ်၊ ဒီလို နွားသတ်တဲ့အမှုနဲ့ အသက်မွေးလာလိုက်တာ ဘယ်လောက်ကြာသွားသလဲဆိုတော့ နှစ်ပေါင်းငါးဆယ် ကြာသွားပါတယ်။

ရွာဦးရွာထိပ်မှာ မြတ်စွာဘုရားအနီးသားနဲ့ ယာဂုဆွမ်းတပဲသား သစ်သီးဘလုံး ပန်းတပွင့်ကိုတောင်မှ လှူဒါန်းခြင်းမရှိ မွဲလိုက်တဲ့စေတနာက ငုန်းတိပေါ့လေ။

နောက်က ဟောခဲ့တဲ့အတိုင်း မလှူချင်လို့မရှိပေမဲ့ လှူချင်ရင်တော့ ရှိတာပေါ့။

ဒီပြင်ကုသိုလ်ဆိုတာလဲ နဲ့နဲ့လေးမှ အို–ကုန်ကုန်ပြောရရင် ဘာကုသိုလ်ကိုမှ ပြုလုပ်ဘူးသူမဟုတ်ဘူးတဲ့၊ ဇနီးမယား သမီးသားတွေနဲ့ သာ ပျော်ပျော်ပါးပါး နွားသတ်စားနေလေ့ရှိတဲ့သူပဲ ဖြစ်ပါတယ်။

တနေ့တော့ အမဲသားတတုံး မယားကို ချက်ဘို့ပေးခဲ့ပြီး ရေချိုး ထွက်သွားပါတယ်၊ မကြာမီ သူ့ရဲ့မိတ်ဆွေတယောက်က အိမ်မှာညှော် သည်ရောက်နေလို့ အမဲသားရောင်းပါလို့ပြောပြီး နန္ဒကချက်ဘို့ပေးခဲ့ တဲ့ အမဲသားတုံးကို မယားထံမှ မရအရ ဝယ်သွားပါတယ်။

ရေချိုးပြန်လာတဲ့အခါ အဆင်သင့်ဖြစ်နေတဲ့ ထမင်းဝိုင်းဝင်ထိုင် လိုက်ရင်ဘဲ အမဲသားဟင်းမမြင်တဲ့အတွက် မယားကို မေးကြည့်ပါ တယ်၊ မယားကလဲ ရှင့်သူငယ်ချင်း အတင်းလာငယ်လို့ ကျမအတန် တန်ပြောပေမဲ့ မရတာနဲ့ ရောင်းလိုက်တယ်လို့ ပြောပါတယ်။

မယားပြောစကား နန္ဒကြားတော့ အမဲသားမပါ ငါမစားတတ် ဘူးဆိုတာ နင်မသိလို့လားဆို၍ အနားဒါးယူသွားပီး နွားခြံထဲဆင်း သွားခါနွားတကောင်ရဲ့လျှာကို အတင်းနိုက်၍ အရင်းကဖြတ်ယူခဲ့ပြီး ရော့ သွားကင်ချေလို့ ပြောလိုက်ပါတယ်။

မယားကလဲ ချက်ချင်းဆိုတာလိုကာင်၍ ရေ့စားဟု ထမင်းဝိုင်းမှ သူ့ယောကျ်ားကို ပေးလိုက်ပါတယ်၊ နန္ဒလဲ အခုမှပဲဟန်ကျတယ်ဆိုပြီး အမဲလျှာကို စားမယ်လို့ ပါးစပ်ထဲသွင်း၍ကိုက်လိုက်ရော နန္ဒလျှာလဲ ထမင်းပွဲထဲ အရင်းကပြတ်ကျပါရော။

နွားရဲ့လျှာအရင်းက အပြတ်ခံရသလို သူ့လျှာလဲ အရင်းက ပြတ်ကျပါတယ်တဲ့။

အကြောင်းကံနဲ့တူတဲ့ အကျိုးကိုချက်ချင်းနေ့ရက်မခြား ခံစားရ ပါတယ်။

ထိုခဏာ၌ပင်လျှင် ကံနှင့်တူသောအကျိုးကို ရ၏လို့ ဓမ္မပဒ အဋ္ဌ ကထာက မိန့်ဆိုပါတယ်။

နွားသတ်သမားနန္ဒလဲ နွားလိုဟစ်အော် ငိုကြွေးလျက်သေသွားပါ တယ်၊ သေသွားတဲ့နောက်ပိုင်းမှာတော့ မဟာအဝီစိ ငရဲကြီးမှာကျ ရောက်ကာ ကြီးစွာသောဆင်းရဲကိုခံရပါတယ်တဲ့။ (ဓမ္မပဒအဋ္ဌကထာ)

## ဝက်သတ်သမား စုန္ဒဝတ္ထု

မကောင်းမှုကိုပြုသောသူသည် ဤလောက၌ ပြုမိလေခြင်းဟူ၍ စိုးရိမ်ရ၏၊ တမလွန်ဘဝ၌ အပါယ်ဆင်းရဲကို ခံရသောအားဖြင့် စိုးရိမ်ရ ၏၊ ထိုပုဂ္ဂိုလ်သည် ပစ္စုပ္ပန်တမလွန် နှစ်တန်သောဘဝတို့၌ စိုးရိမ်ရ၏၊ ထိုပုဂ္ဂိုလ်သည် မိမိ၏ညှိုးနွမ်းသော ဒုစရိုက်အမှုကို မြင်၍ စိုးရိမ်ရ၏၊ ထိုပုဂ္ဂိုလ်သည် စိုးရိမ်ရ၏လို့ ဟောတော်မူပါတယ်။

(ဓမ္မပဒပါဠိတော်- ယမကဝဂ်)

ဝက်သတ်သမား စုန္ဒဆိုတာက မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဝေဠု ဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူတဲ့အခါ ရာဇဂြိုဟ်ပြည် သားဖြစ်တဲ့ စုန္ဒဆိုတဲ့ ဝက်သတ်သမားတယောက်ဟာ နှစ်ပေါင်း

ငါးဆယ်နှစ်ပတ်လုံး ဝက်တို့ကိုသတ်ဖြတ်စားသောက်ခြင်း အလုပ်ဖြင့် လုပ်ကိုင်စားသောက်နေတဲ့ ဝက်ကုမ္ပဏီဆိုပါတော့၊ ဝက်သတ်သမား စုန္ဒက စပါးတွေလှဲနဲ့တင်ပြီး တောရွာတွေသွား၊ ဝက်အကြီးအငယ် လိုက်၍ တပြည်တန်တပြည်၊ နှစ်ပြည်တန်နှစ်ပြည် စပါးနဲ့ ဝက်နဲ့ သွားလဲရပါတယ်တဲ့၊ ငက်တွေကို ဖွဲနုစတဲ့ အစားအစာ ကျွေးမွေးပေးပါတယ်။

တကယ်လို့ ဝက်ကိုသတ်တော့မယ်ဆိုရင် မလှုပ်နိုင်အောင်တုပ်နှောင်၊ ဝက်ကိုမျော့လာသည်အထိ (ဆောက်ပုတ်) ဖြင့် တကောင်လုံးယောင်လာအောင် ရိုက်ပါတယ်၊ ဒီလိုလုပ်ရတာကလဲ အသားတိုးအောင် လုပ်တာပဲဖြစ်ပါတယ်။

အဲဒီလိုထုရိုက်ပြီးမှ ဝက်ပါးစပ်ကိုဒုတ်နဲ့ကန့်လန့်ခံ၍ ပွက်ပွက်ဆူနေတဲ့ရေနွေးနဲ့ ပါးစပ်ထဲလောင်းထည့်တဲ့နည်းနဲ့ သတ်ပါဘယ်၊ ဒီလိုသတ်ပြီးတဲ့အခါ မိမိတို့မိသားစုလဲစား ရောင်းလဲရောင်းပေါ့သေ–

ဝက်သတ်သမားစုန္ဒလဲ နွားသတ်သမားနန္ဒလိုဘဲ မီးတတိုင် ပန်းတပွင့်ကိုမျှ မြတ်စွာဘုရားကို နီးရက်သားနဲ့ မပူဇော်ပါဘူး၊ ဆွမ်းကိုလဲ တဇွန်းတယောက်မမျှ မလှူဘူးပါ၊ ဒိပြင်တခြားကုသိုလ်ကောင်းမှုဆို တော့ ဝေလာဝေး၊ ဘယ်ကောင်းမှုကုသိုလ်မှ မပြုလုပ်ပါဘူးတဲ့။

ဒီလိုနဲ့နေလာရင်း အသက်ရှင်စဉ်ကပင် အဝီစိက မီးပူဟာဝက် သတ်သမား စုန္ဒရဲ့ကိုယ်မှာ ပြင်းစွာပူလောင်လာပါတယ်။

ဇီဝန္တဿေဝပန၊အသက်ရှင်စဉ်သာလျှင်။ အဝီစိ မဟာနိရယသန္တာပေါ၊ အဝီစိငရဲကြီး၏ မီးပူသည်။ ဥဋ္ဌဟိ၊ ထ၏။ (ဓမ္မပဒအဋ္ဌကထာ)

အဲဒီအဝီစိငရဲက မီးကဘယ်လောက်ပူပါသလဲဆိုရင် ယူဇနာတရာဝေးတဲ့ အရပ်မှနေ၍ ကြည့်တဲ့သူရဲ့မျက်စိကိုတောင် ပေါက်ကွဲသွားအောင် ပူလောင်ခြင်းငှါ စွမ်းနိုင်ပါတယ်တဲ့။

(အခုခေတ်အခေါ် တယူဇနာ တဆယ့်သုံးမိုင်နှုန်းဖြင့် တွက်ကြည့်ရင် မိုင်ပေါင်း တထောင့်သုံးရာရပါတယ်၊ အဲဒီမိုင်ပေါင်း တထောင့်သုံးရာဝေးလံတဲ့ အရပ်ကတောင်ပဲ မီးကိုကြည့်တဲ့သူရဲ့မျက်စိဟာ ပေါက်ကွဲသွားသည်အထိ ပူလောင်နိုင်ပါတယ်။)

အရှင်နာဂသိန်မထေရ်က မိလိန္ဒမင်းကြီးအား အဝီစိငရဲမီးဆိုတာ ပကတိပူလောင်နေသောမီးထက် အလွန်တရာပူလောင်သည်၏အဖြစ်ကို ဥပမာပြတော်မူပါတယ်။

မင်းကြီး အိမ်အထွဋ်မျှလောက်သော ကျောက်ခဲကို အဝီစိငရဲမီးထဲသို့ပစ်ချရင် ချက်ချင်း ကြေပျက်ခြင်းသို့ရောက်၏လို့ မိန့်တော်မူထားပါတယ်။

ဒီအထွဋ်တပ်တဲ့ အိမ်အတိုင်းအရှည်ရှိတဲ့ကျောက်ခဲကြီးကိုပင် ကြေပျောက်သွားနိုင်အောင် ပူလောင်သော ငရဲမီးဖြစ်ရက်သားနဲ့ အဝီစိငရဲတွင်း သက်ဆင်းခံကြရတဲ့ ငရဲသူငရဲသားတို့ရဲ့ မကြေပျောက်ရခြင်းမှာ ကံသာအကြောင်းရင်းမူလ ဖြစ်လို့ပါပဲတဲ့။

ပူပြင်းလှတဲ့အဝီစိငရဲအပူဒဏ်ချက်ဖြင့် ငက်အော်သံလိုအော်ဟစ်ပီး ပုဆစ်ဒူး နှစ်ဘက်တို့ဖြင့် အိမ်ပေါ်အိမ်အောက် ရှေ့နောက်မခြား ပြေးသွားရပါတယ်။

(အိမ်ပေါ်ပူလှတော့ အိမ်အောက်ဆင်းရရင်ဖြင့် အေးနိုးနိုးပေါ့)

အိမ်အနီးအပါးချင်းကသူတွေက အတင်းဖမ်း၍ ပါးစပ်ကိုဆို့ပိတ်ပေမဲ့ ကံ၏အကျိုးကို တစုံဘယောက်သောသူဘားမြစ်ခြင်းငှါ မဘတ်နိုင်ကြပါဘူး။

လေးဘက်တွားလျက် ဝက်လိုအော်ပြီး ဟိုဟိုဒီဒီသွားနေပါတယ်တဲ့၊ အရှေ့၊ အနောက်၊ တောင်၊ မြောက်ဘက်မှာ ရှိနေကြသည်၊ ပတ်ဝန်းကျင်ခုနှစ်အိမ်ကသူတွေလဲ ဝက်သတ်သမားစုန္ဒရဲ့ ဝက်လိုအော်နေတဲ့အသံကြောင့် တမေ့းမှမအိပ်ကြရပါဘူးတဲ့။

အိမ်သူအိမ်သားတွေကလဲ ဘယ်မှ မထွက်နိုင်အောင်ဆိုပီး အိမ်တံခါးတွေအကုန် အလုံပိတ်၍ စောင့်ကြပ်ကြည့်ရှုနေကြပါတယ်။

ဝက်သတ်သမားစုန္ဒကလဲ အပြင်ထွက်လို့မရတော့ အိမ်ထဲမှာရဲမီးပူလောင်လှ၍ အော်ဟစ်မြည်တမ်းနေလိုက်တာ ခုနစ်ရက်တောင်ကြာသွားတယ်တဲ့၊ ခုနစ်ရက်လဲမြောက်ပါလေရော သေပီးတော့ အဝီစိငရဲကျဆင်းခံရပါတယ်။

ဒါကြောင့် ဝက်တွေကို ရေနွေးပူလောင်၍သေစေသလို ဝက်သတ်သမားစုန္ဒကိုလဲ အဝီစိငရဲမီးပူလောင်၍ သေရဘယ်၊ အကြောင်းကံနှင့်တူသောအကျိုးကို ပေးတတ်တယ်လို့—

သုံးလောကထွတ်ထားသဗ္ဗညုမြတ်စွာဘုရားသခင်ကိုယ်တော်ကြီးက-

ယာဒိသံ ဝပတေ ဗီဇံ၊ တာဒိသံ ဟရတေ ဖလံ။

ကလျာဏကာရီ ကလျာဏံ၊ ပါပကာရီ စ ပါပကံ။

ဟု ဟောတော်မူပါတယ်။

ဘိက္ခဝေ၊ သံသရာကိုဘေးဟုရှုတတ်သောငါ၏ချစ်သားချစ်သမီးတို့။ ယာဒိသံ၊ အကြင်သို့သဘောရှိသော။ ဗီဇံ၊ မျိုးစေ့ကို။ ဝပတေ၊ စိုက်ပျိုးလေ၏၊ တာဒိသံ၊ထိုသို့သဘောရှိသော။ဝါ-ထိုမျိုးစေ့နှင့်တူသော။ ဖလံ၊ အသီးကို။ဟရတေ၊ ဆောင်၏။ ဝါ-အချိန်ရောက်ကပေါ်ပေါက်လာ၏။ ကလျာဏကာရီ၊ ကုသိုလ်ကောင်းမှုကို ပြုလေ့ရှိသောသူသည်။ ကလျာဏံ၊ ကောင်းကျိုးကိုခံစားရ၏။ ပါပကာရီ စ၊ မကောင်းမှုကို ပြုလေ့ရှိသောသူသည်ကား။ ပါပကံ၊ မကောင်းကျိုးကို ခံရ၏။

အဓိပ္ပါယ်က။ မိမိတို့စိုက်ပျိုးထားတဲ့မျိုးစေ့သာ ပေါက်လာရမယ်တဲ့။

မိမိတို့စိုက်ပျိုးထားတဲ့ မျိုးစေ့က ချိုမြိန်ကောင်းမွန်သည့် နံ့ရှိထောက်ရှာ မာလကာ ပိန်း မျိုးစေ့တို့ကို စိုက်ပျိုးမိလို့ရှိလျှင် ချိုမြိန်

ကောင်းမွန်သည့် နန္ဒ၊ ထောက်ရှာ၊ မာလကာ၊ ပိန္နဲသီးမျိုးကိုသာ သီးမှာဖြစ်ပါတယ်။

ဒီလိုမှမဟုတ် မိမိတို့စိုက်ပျိုးထားတဲ့မျိုးစေ့ဟာ အရသာမရှိ ခါး လှတဲ့ဘမာ–ငွေးတောက်–ဂန့်ဂလာမျိုးတို့ကို စိုက်ပျိုးထားမယ်ဆိုရင် ခါးဖန်သောအရသာရှိတဲ့ တမာငွေးတောက် ဂန့်ဂလာပင်ပဲပေါက်မှာ ပါပဲတဲ့။

ဥပမေယျက... မိမိတို့က အလှူပေးတယ် သီလဆောက်တည်သဖြင့် ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်လေ့ရှိတဲ့သူများ အခုပစ္စုပ္ပန်ဘဝကလဲ ကောင်းသော ကျေးဇူးဂုဏ်သတင်း ကျော်စောရတယ်၊ စည်းစိမ်ဥစ္စာ ကြွယ်ဝချမ်းသာရတယ်၊ သားသမီးရတနာ ခြွေရံသင်းပင်း ကျေးကျွန် တွေနဲ့ပြည့်စုံပါတယ် စတဲ့အကျိုးကျေးဇူးတွေကို ခံစားစံစားရတဲ့အပြင် တမလွန်လောကသေပြီး နောက်ကျပြန်တော့လဲ မိမိပြုခဲ့တဲ့ကုသိုလ်ကံ အကျိုးတရားကြောင့် တကယ်လို့ လူ့ပြည်ရောက်ရရင် သူဌေးသူကြွယ် ပဒေသရာဇ်ဧကရာဇ် စကြာမင်းစည်းစိမ် မိဖုယားကြီးစည်းစိမ်ချမ်းသာ များကို ကြီးကျယ်စွာ ခံစားကြရပါတယ်တဲ့။

လူ့စည်းစိမ်ချမ်းသာဆိုတာ စတုမဟာရာဇ်နတ်ပြည်နဲ့စာရင်တော့ လူ့စည်းစိမ်ဟာ မှန်ညှင်းစေ့လောက် ပမာဏရှိပါတယ်၊ စတုမဟာ ရာဇ်နတ်စည်းစိမ် ဆိုတာကတော့ မြင်းမိုရ်တောင်လောက် ပမာဏရှိပါ တယ်၊ ဒီလောက် ကြီးမားမြင့်မြတ်တဲ့ စတုမဟာရာဇ်နတ်ရွာ စည်းစိမ် ချမ်းသာကိုလဲ ခံစားရပါတယ်၊ ဒီနည်းအတိုင်း တာဝတိံသာ ယာမာ တုသိတာစတဲ့ အဆင့်ဆင့် ကြီးမားမြင့်မြတ်လှတဲ့ နတ်ရွာ စည်းစိမ် ချမ်းသာကိုလဲ ခံစားစံစားရပါတယ်တဲ့။

နောက်ပြီး နတ်စည်းစိမ်ထက် အဆပေါင်းမြောက်မြားစွာသာလွန် လှသော ကြီးမားမြင့်မြတ်သော ဗြဟ္မပါရိသဇ္ဇာအစ နေဝသညာ နာသညာအဆုံးရှိသော ဗြဟ္မာ့ဘုံ၌ဖြစ်တဲ့ ဗြဟ္မာခင်းတို့ရဲ့စည်းစိမ်

ချမ်းသာကို ဒါန သီလ ဘာဝနာဆိုတဲ့ ကုသိုလ်ကောင်းမှုက ရောက်အောင် ရအောင် ပြုပြင်စီမံပေးသည်မဟုတ်သေးပါ၊ အိုခြင်း နာခြင်း သေးခြင်းကင်းရာ မဟာအသခ်တဓါတ် မြတ်လှတဲ့ သန္တိသုခရှိတဲ့ နိဗ္ဗာန်ကိုရောက်အောင် ပို့ဆောင်နိုင်တယ်လို့ ဟောတော်မူပါတယ်။

ပါဏာတိပါတ–သူများအသက်ကိုသတ်တဲ့ကံနဲ့လို့ အခုလိုဝတ္ထုလေးတွေ ထုတ်ဟောပြတာဟာ သူများအသက်ကိုသတ်တဲ့အပြစ်ဟာ ဘယ်လောက်ကြီးမားတယ်၊ ဘယ်လောက်အထိဆင်းရဲရတယ်ဆိုတာ သံဝေဂရပြီး ပုထုဇဉ်သားဖြစ်ကြတဲ့အတွက် လုံးဝလွတ်တယ်လို့ မဆိုနိုင်စေကာမူ အတတ်နိုင်ဆုံး ဘုရားတရားသတိထားပြီး မကောင်းမှုကိုရှောင်ရှားကြဘို့ ဟောပြလိုက်ပါတယ်၊ ရှောင်နိုင်သလောက် ရှောင်ကြပါလို့ တရားနာပရိသတ်အားလုံးနဲ့ အားလုံးသောပြည်သူပြည်သားများအား ဓမ္မာသနပလ္လင်ပေါ်ကနေ ပင်ပန်းမှာစိုး၍ အထူးတိုက်တွန်းရပါတယ်၊ တိုက်တွန်းရတဲ့အတိုင်းလဲ ပါဏာတိပါတစတဲ့ မကောင်းမှုအကုသိုလ်ဒုစရိုက်ကို ရှောင်ရှားနိုင်ကြပြီး ဒါနသီလစတဲ့ ကုသိုလ်ကောင်းမှုဖြစ်တဲ့ သုစရိုက်များကိုသာ ကျင့်ကြံကျိုးကုတ် ပွားများအားထုတ်နိုင်ကြပါစေလို့ ထပ်မံတိုက်တွန်းလိုက်ရပါတယ်။

ဒီလောက် တိုက်တိုက်တွန်းတွန်းဟောနေမှ လူစရာမရှိလို့ အလုပ်မအားသေးလို့ ငယ်သေးလို့စတဲ့ ဆင်ခြေပေး ငြင်းဆန်နေရင်တော့လဲ မလုပ်တတ်တော့ဘူး၊ သဗ္ဗေသတ္တာ ကမ္မသကာ သတ္တဝါများရဲ့ကံပဲ၊ အခုဝတ္ထုများ နာရသောအားဖြင့် သိလောက်ပီ။

မြတ်စွာဘုရား သုဘပုဏ္ဏားလျှောက်ထားတဲ့ အမေးကို သူတပါးအသက်ကိုသတ်လို့ အသက်တိုရတယ်။

သူတပါးကို ရိုက်ပုတ်ညှဉ်းဆဲလို့ အနာရောဂါများရတယ်။

အမျက်စောင်းမာန်ကြီးလို့ အဆင်းမလှရတယ်လို့ ဟောတော်မူပါတယ်။

သူမျှားဥစ္စာခိုးတာနဲ့ ပတ်သက်လို့ အပြစ်ဖြစ်တဲ့ သာဓကဝတ္ထု များကို ဟောပြပါအုန်းမယ်။

## တူဝရီးနှစ်ယောက်ဝတ္ထု

ဘုရားသခင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံး နေတော်မူတဲ့အခါ နတ္ထိကမိစ္ဆာအယူရှိသော အပ္ပသက္ကာရအမည်ရှိတဲ့ လိစ္ဆဝီမင်းသည် ဝေသာလီပြည်တွင် မင်းပြုနေစဉ်–

ထိုအခါမှာ ဝေသာလီပြည် ကုန်သည်တယောက်ရဲ့ အိမ်စျေးအနီး ရေအိုင်ဗွက်တခုရှိပါတယ်။

မြို့သူမြို့သားများ ခုံလွှားသွားနေတာကို ကုန်သည်မြင်ရတဲ့အတွက် နွားခေါင်းရိုးတခု ခင်းပေးလိုက်ပါတယ်။

ကုန်သည်က သီလနှင့်လဲပြည့်စုံတယ်၊

အမျက်ဒေါသမာန်လဲ နည်းပါးတယ်၊

သူတပါးကျေးဇူးကိုလဲ ဟုတ်မှန်တဲ့အတိုင်း ချီးမွမ်းပြောဆိုတတ် ပါတယ်။

စကားပြောဆိုရာမှာ ပြေပြေပြစ်ပြစ် နူးညံ့သိမ်မွေ့တဲ့စကားကို ဆို ပြောတတ်တယ်တဲ့။

တနေ့တော့ ရေချိုးနေကြတဲ့ မိတ်ဆွေသူငယ်ချင်းတို့ရဲ့အဝတ်တို့ကို ကျီစယ်လိုသောအမှတ်ဖြင့် ကစားလို့နောက်ပြောင်လိုတဲ့ သဘောနဲ့ ပုဆိုးတို့ကို ဝှက်ထားမိပါတယ်တဲ့။

တခါ ကုန်သည်တူတယောက်ကလဲ အိမ်တအိမ်က ဥစ္စာကိုခိုးပြီး ဦးရီးအိမ်စျေး ချထားတယ်တဲ့၊ မကြာမီမှာဘဲ ဥစ္စာရှင်လိုက်လာကာ ဥစ္စာထုပ်နှင့်တကွ ကုန်သည်တူကိုဖမ်းမိ၍ တူဝရီးနှစ်ယောက်စလုံး ဖမ်း မင်းထံပို့ကြပါတယ်။

မင်းက ဦးရီးကို ဦးခေါင်းဖြတ် တူဖြစ်သူကိုတော့ အရှင်လတ်လတ်တံကျင်လျှို သတ်စေဟု အမိန့်ချလိုက်ပါတယ်။

တူဝရီးနှစ်ယောက်တို့တွင် ဦးရီးသေ၍ မနောဇာဝအာဇာနည် နတ်မြင်းနှင့်တကွ ဘုမ္မဇိုးနတ်မင်းဖြစ်ပါဘယ်၊ အဲဒီဘုမ္မဇိုးနတ်မင်းကြီးက မနောဇာ နတ်မြင်းစီးပြီး ညသန်းခေါင်ကျရင် တံကျင်လျှိုထားသော တူထံလာ၍ အချင်းယောက်ျားအသက်ရှင်ပါ သေတာထက်အသက်ရှင်နေရတာက မြတ်သေးတယ်လို့ နေ့တိုင်းလာလာပြီး ပြောဆိုပါတယ်။

တနေ့တော့ အပ္ပသက္ကာရ လိစ္ဆဝီမင်းသည် မြို့တော်ကို လကျာရစ်ဆင်တော်နဲ့ တိုင်းခန်းလှည့်လည်ရာ လေသာတံခါးဖွင့်၍ကြည့်နေသော မိန်းမတယောက်ကို မြင်တော်မူ၍ ကောက်တော်မူလိုတဲ့အတွက် လင်ရှိ၊ မရှိ မင်းချင်းယောက်ျားအား မေးခိုင်းရာ လင်ရှိမိန်းမဖြစ်နေ၍ သူ့မိန်းမလိုချင် သူ့လင်လုံနဲ့ထိုးဆိုတဲ့အတိုင်း လင်ရှိမယားသော ဘာသော သိမ်းပိုက်မယ်ဆိုပြီး မင်းတို့ပရိယာယ်ဖြင့် လင်ကိုခေါ်စေ၍ ဝေသာလီပြည်မှ သုံးယူဇနာဝေးတဲ့ ရေကန်သွားပြီး မြေညက် ကြာဖြူ ကြာနီယူ၍ နေမဝင်ခင် နန်းတော်အရောက် ဆောင်ယူခဲ့ရမယ်လို့ အမိန့်ချတယ်။

ထိုယောက်ျားလဲ ဘုရင့်အမိန့်တော်အတိုင်းသွားယူရာ နေမဝင်မှီ မြို့နားပြန်ရောက်ပေမဲ့ တံခါးမှူးတွေက သူ့ကိုမြင်မှ တံခါးပိတ်ထားသဖြင့် မြို့ထဲ မဝင်ရပဲ မြို့ပြင်ဘက်မှာနေရပါတယ်။

ဒါနဲ့ တံကျင်လျှိုခံရတဲ့သူထံသွား၍ အသင် ငါ့မှာအပြစ်မရှိ နေမဝင်ခင်ရောက်လာတယ်ဆိုတာ သင်သိပါတယ်၊ ဒါကြောင့် သက်သေခံပေးပါလို့ ပြောပါတယ်။

တံကျင်လျှိုခံနေရတဲ့သူက ငါဟာ သေရတော့မဲ့ဆဲဆဲ သင့်အတွက် ဘယ်လိုလုပ်ပြီး သက်သေခံရမှာလဲလို့ ပြန်ပြောပါတယ်၊ ဒါပေမဲ့ ဒီနေရာကို နတ်ကြီးတယောက် ညကျရောက်လာလိမ့်မယ်၊ အဲဒီနတ်ကြီးကို သက်သေပြုပါလို့ ပြောပြပါတယ်။

မနက်လဲကျရော ဒီသူဟာ ငါ့အာဏာကိုဖိဆန်တယ် ရာဇဒဏ်ပေး ရမယ်လို့ မိန့်တော်မူတယ်၊ ထိုယောကျ်ားကား ကျွန်ုပ်သည် နေမဝင်မှီ ရောက်လာတာ မှန်ပါတယ်၊ မယုံကြည်ပါက မင်းချင်းယောကျ်ား တယောက်ကို ညသန်းခေါင်ကျရင် စေလွှတ်တော်မူပါဟု လျှောက် တင်တဲ့အခါ ဘုရင်က ငါကိုယ်တိုင်လိုက်မယ်လို့အမိန့်ရှိပြီး ကိုယ်တော် တိုင်ကြည့်တဲ့အခါ အချိန်လဲကျရော နတ်မင်းကြီးလာပြီး နောက်က ဟောခဲ့တဲ့အတိုင်းပြောရာ "လိစ္ဆဝီမင်းက ဘာပြုလို့ ဒီလိုပြောတာလဲဟု မေးတော်မူပါတယ်၊ ဒီအခါ နတ်မင်းက" ဒီလူဟာ ရှေးဘဝကငါ့တူ ဖြစ်တယ်၊ သူဟာ ခိုးခြင်းဆိုတဲ့ မကောင်းမှုကြောင့် သေရင် ငရဲမှာ ဖြစ်ရမှာပဲ ဒီလိုငရဲဖြစ်ရတာထက် အခုလို တံကျင်လျှိုပြီး အသက်ရှင် နေရတာက ကောင်းသေးတယ်လို့ ငါပြောတယ်ဟု ပြောပါတယ်။

ထားပါတော့လေ–သင်နတ်မင်းအား မေးပါရစေအုန်း–

လိစ္ဆဝီမင်း– အသင့်မှာ ဘာပြုလို့ မြတ်မင်းကိုရသလဲ–

နတ်မင်း – နွားခေါင်းရိုးကို တံတားလုပ်၍ ခင်းခဲ့ဘူးသော ကောင်းမှုကြောင့် ရပါတယ်–

လိစ္ဆဝီမင်း– အသင့်မှာ ဘာပြုလို့အဆင်းလှသလဲ။

နတ်မင်း – အမျက်ဒေါသ နည်းသောကြောင့် အဆင်းလှရ ပါတယ်။

လိစ္ဆဝီမင်း– အဘယ်ကြောင့် မွှေးကြိုင်နေသလဲ။

နတ်မင်း – သူတပါးတို့၏ ဂုဏ်ကျေးဇူးကို ဟုတ်မှန်တဲ့အတိုင်း ချီးမွမ်းပြောဆိုခဲ့လို့ ဖြစ်ပါတယ်။

လိစ္ဆဝီမင်း– အသင့်မှာ ဘာပြုလို့ အဝတ် မဝတ်ရပါသလဲ၊

နတ်မင်း – ရေချိုးကြသော မိတ်ဆွေများ၏ အဝတ်တွေကို ကျီ စားလိုသောစိတ်ဖြင့် (ဝှက်) ဖွက်ထားခဲ့ဘူးသောကြောင့် အဝတ်မဝတ် ရပါဘူးဟု ပြောပါတယ်။

ဒီသာဓက ထောက်သဖြင့် ကျီစားလိုသော သဘောမျိုးနဲ့ကို တောင်မှ သူများဥစ္စာပစ္စည်းကိုခိုးဝှက်ခြင်းမပြုလုပ်ကြပါနဲ့ သူငယ်ချင်း အပေါင်းအသင်းအနေနဲ့ ကျီစားတာလေးကိုပင် မကောင်းမှုဒီလောက် ခံရသေးရင် တကယ်ခိုးလိုတဲ့စိတ်ထားနဲ့ခိုးရင်တော့ ဘယ်လောက်အထိ အပြစ်ကြီးနိုင်တယ် ဆိုတာ တရားနာပရိသတ်တွေသာ ကြည့်ကြပေ တော့လေ။

အဒိန္နာဒါန်မကောင်းမှုကံနဲ့ပက်သက်လို့ ဒီလောက်ဆိုရင်ပေါ်လွင် လောက်ပါပြီ၊ ဒါပေမဲ့ နာယူဘို့ကောင်းတဲ့ တရားမို့ ဆက်ပြောပါ အုန်းမယ်။

ကိုယ်စိတ်နှလုံးဖြင့် မကောင်းမှုကိုပြုတဲ့သူများဟာ ငရဲစတဲ့အပါယ် ဘုံမှာ ဖြစ်ကြရပြီး ဒါနသီလစတဲ့ ကုသိုလ်ကောင်းမှုပြုကြတဲ့သူများ မှာလဲ နတ်ပြည်မှာဖြစ်ကြရတယ်လို့နတ်မင်းကဟောပြပါတယ်၊ဒါပေမဲ့ မိစ္ဆာအယူရှိထားတဲ့မင်းဖြစ်နေလို့ နတ်မင်းတရားအလကား မယုံကြည် နိုင်ပါဘူးတဲ့။

(နတ္ထိကမိစ္ဆာဒိဋ္ဌိ) ဆိုတာက နောက်ကဟောခဲ့ပြီး မှတ်မိကြသေး သလား မမှတ်မိတော့ဘူး မေ့သွားပီလား ဒါပဲဖြေမှာပါ သိပါတယ် နာဘူးထပ်မံပေါ့ ထပ်ဟောပြပါမယ်။

အကြောင်းနဲ့အကျိုး နှစ်ပါးစလုံးကိုပယ်တဲ့ အယူပေါ့၊ ကိုင်း- သတိရသွားကြပါသလား ဘယ်လိုအကြောင်းနဲ့ အကျိုးကို ပယ်သလဲ ဆိုရင် ကံကံ၏အကျိုးကို မယုံကြည်မှုပဲဖြစ်ပါတယ်၊ ကုသိုလ်ကောင်းမှု တွေ ပြုလုပ်လူဒါန်း ပွားများအားထုတ်လို့ လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာ ခံစားစံစားရတယ်၊ အကုသိုလ်မကောင်းမှုဟာ အပါယ်ငရဲ ကျရောက်နိုင်တယ်ဆိုတာ မယုံကြည်လက်မခံ၊ ကုသိုလ်ပြုတယ်ဆိုတာ အကြောင်း အကုသိုလ်ပြုတယ်အကြောင်း ကုသိုလ်ပြုလို့ ကောင်းကျိုး ခံစားရတယ် အကျိုး, အကုသိုလ်ပြုမိလို့ မကောင်းကျိုးခံစားရတယ် အကျိုး အဲဒီအကြောင်းကံ ပယ်တဲ့အတွက် နတ္ထိက မိစ္ဆာဒိဋ္ဌိ နတ္ထိ၊မရှိ။

မိစ္ဆာ၊ မှားသောဒိဋ္ဌိအယူ။နတ္ထိကမိစ္ဆာဒိဋ္ဌိ ကံကံ၏အကျိုးမရှိဟု အယူရှိတဲ့သူ။

လိစ္ဆဝီမင်းကထပ်မေးတယ် ထားပါတော့လေတဲ့ သင်နတ်မင်းက ကံကံ၏အကျိုးကို ယုံကြည်သူဖြစ်ရက်သားနဲ့ ဘာပြုလို့အဝတ်မဝတ်ရပဲ နေရသလဲလို့ မေးလိုက်ပြန်ပါတယ်။

ဒီတော့ နတ်မင်းက မင်းကြီး ငါပြုတဲ့ကောင်းမှုဆိုတာလဲ မရှိခဲ့ဘူး၊ နောက်ပြီး မည်သူတဦးတယောက်မှလဲ ရဟန်းပုဏ္ဏားတို့အားငါ့အတွက် ကုသိုလ်ကောင်းမှုပြုပြီး အမျှအတန်းဝေမဲ့လူလဲမရှိလို့ အခုလို အဝတ်မဝတ်ရပဲ ဒီအတိုင်းနေရတယ်လို့ ပြောပါတယ်။

ဒီစကား လိစ္ဆဝီမင်းကြားတော့ နတ်မင်း ဘယ်နည်းနဲ့အဝတ်ရမယ်ဆိုတာကိုသာ ပြောပါဟု မိန့်ဆိုပါတယ်၊ ဒီနေရာ နတ်မင်းအကွက်ဆိုက်လာတာပေါ့ ဝေသာလီပြည်မှာ,အရှင်ဥပါလိ၏ ဥပဇ္ဈာယ်ဖြစ်တဲ့ ရသေ့တထောင်တို့၏ အတွင်း၌ဝင်သော အရှင်ကပ္ပိကမထေရ်ဆိုတာ ရှိပါတယ်၊ အဲဒီမထေရ်ကို ပုဆိုးတစုံလှူ၍ ငါ့အားအမျှအတန်းဝေပါ အဝတ်ရလာပါလိမ့်မယ်လို့ ပြောဆိုပါတယ်။

လိစ္ဆဝီမင်းလဲ နတ်မင်းပြောတဲ့အတိုင်း မထေရ်ကိုလဲ ပုဆိုးလှူမယ် သင်နတ်မင်းကိုလဲ မြင်ရစေဆို၍ ပုဆိုးရှစ်စုံကို မထေရ်ကိုအလှူခံတော်မူပါဟု လှူတော်မူတဲ့အခါ 'မထေရ်က အံ့အားသင့်နေပါတယ်၊ ဘာပြုလို့လဲဆိုတော့ ဒီစကာ ဘုရားစတဲ့ရတနာသုံးပါး မကိုးကွယ် ကံကံ၏အကျိုး မယုံကြည်နိုင်တဲ့မင်း ဖြစ်နေလို့ပါပဲ, မှန်ပါတယ် အခုမှ ထူးထူးခြားခြား ပုဆိုးလာလှူတယ်ဆိုတော့ အံ့အားသင့်စရာပေါ့လေ၊ ဒါကြောင့်လဲ မထေရ်က မယုံကြည်နိုင်တော့တဲ့သဘောနဲ့ အိပ်မျှား မက်နေသလား မေးတော်မူပါတယ်။

"နေစမ်းပါအုန်းမင်းကြီးရဲ့ သင်မင်းကြီးဟာ ရှေးအခါတုန်းက ရဟန်းတို့အားမလှူပါပဲ အခုမှ ဘာပြုလို့လှူရတာလဲ"လို့ မိန့်တော်မူပါတယ်၊ လိစ္ဆဝီမင်းက ဘုမ္မဇိုးနတ်မင်းနှင့် ပြောခဲ့တဲ့စကားအတိုင်း

မထေရ်အား လျှောက်ထားပြခါ ပုဆိုးလှူ၍ ကောင်းမှုတို့ကို နတ်မင်းအား အမျှအတန်းဝေပါတယ်။

ထိုခဏမှာပဲ ဘုမ္မဇိုးနတ်မင်းလဲ နတ်၌ဖြစ်တဲ့ပုဆိုးဝတ်ပြီး မင်းနဲ့မထေရ်အား ထင်ရှားပြတော်မူပါတယ်၊ လိစ္ဆဝီမင်းကြီးလဲ နတ်မင်းမြင်ကွင်းမြင်ရတာ ဝမ်းမြောက်ဝမ်းသာ ကြည်ညိုလွန်းလို့ ကံကံ၏အကျိုးရှိတယ်ဆိုတာကို လက်တွေ့မျက်မှောက် မြင်ရတဲ့အတွက် ယုံကြည်သွားပါတယ်၊ ယုံကြည်တဲ့အတိုင်းလဲ ယနေ့ကစပြီး ကောင်းမှုကိုသာ ပြုပါတော့မယ် နတ်မင်းကိုသက်သေပြုပါတယ် နတ်မင်းကလဲ သင်မင်းကြီးသည် ဒီအခါမှစ၍ ငရဲစတဲ့အပါယ်သွားရောက်စေတတ်တဲ့ မကောင်းမှုဒုစရိုက်တရား ပယ်ရှားပြီး လူနတ်နိဗ္ဗာန် သုံးတန်သောချမ်းသာရောက်စေတတ်တဲ့ ကောင်းမှုသုစရိုက်တရားကိုသာ အားထားရင် ဖြင့် ငါသက်သေခံပါမယ် မပြတ်ငါလာမယ်၊ တံကျင်လျှိုထားတဲ့သူကိုလဲ လွှတ်ပေးတော်မူပါ တံကျင်မှလွှတ်ရင် သံသရာဝဋ်ဆင်းရဲမှလွှတ်မြောက်ပါလိမ့်မယ်။

ဒီကပ္ပိကမထေရ်ကိုသာ အခါခါပ်သိမ်း ဆည်းကပ်ကိုးကွယ်၍ တရားတော်များကိုနာကာ ကုသိုလ်ကောင်းမှုပြုပေတော့ဟုဆိုပြီး နတ်မင်းလဲ ပြန်သွားပါတယ်။

လိစ္ဆဝီမင်းလဲ မထေရ်ကိုရှိခိုး၍ ချက်ချင်းဆိုတာလို မြို့ထဲသွားပြီး လစ္ဆဝီမင်းပရိသတ်ကို အရေးပေါ်ညီလာခံအစည်းအဝေး ပြုလုပ်၍ တံကျင်လျှိုထားတဲ့သူကို အခုတံကျင်မှချွတ်ပြီး အနာပျောက်ကင်းအောင် ဆေးကုသကြရမယ်လို့ အမိန့်ပေးပါတယ်။

ကပ္ပိကမထေရ်လဲ လိစ္ဆဝီမင်းကို သရဏဂုံသီလ ပေးတော်မူ၍ တည်စေတော်မူ၍ ကောင်းမှုကုသိုလ်နဲ့ပတ်သက်တဲ့ တရားများ ဟောကြားရာ သောတာပန်ဖြစ်သွားပါတယ်။

တံကျင်လျှိုခံရတဲ့သူလဲ အနာပျောက်သွားတဲ့အခါ အော်....ငါဟာသူများပစ္စည်း မတော်မတရား လောဘဇောတပ် ခိုးယူမိလို့ အသက်

သေမယ်အထိ ဖြစ်ရတယ်၊ အကုသိုလ်အလုပ်ဆိုတာ ငရဲစတဲ့မကောင်းကျိုးကိုသာပေးစေပြီး လူနတ်နိဗ္ဗာန်ဆိုတဲ့ ကောင်းကျိုးကိုမပေးစေပါလားဆိုတဲ့ သံဝေဂဉာဏ်ရပြီး သာသနာ့ဝန်ထမ်း ရဟန်းပြုရာ မကြာမီ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သွားပါတယ်။

တံကျင်လျှိုသတ်ရုံမက မြင်းမိုရ်တောင်နဲ့ဖိညှပ်သတ်ပေမဲ့ ပစ္ဆိမဘဝိကသားဖြစ်နေတဲ့အတွက် ရဟန္တာမဖြစ်သရွေ့ မသေကောင်းသေးပါ။

(ပစ္ဆိမဘဝိကပုဂ္ဂိုလ်ဆိုတာ ရဟန္တာဖြစ်ရမဲ့ နောက်ဆုံးဘဝရောက်နေသူပဲ ဖြစ်ပါတယ်။)

ဒီဇာတ်လမ်းကို ခြုံကြည့်လိုက်မယ်ဆိုရင်

မပြောပလောက်သော ကုသိုလ်ကောင်းမှုကြောင့် နတ်မင်းဖြစ်ရပုံ၊ မပြောပလောက်သော ကျီစယ်မှုအတွက် နတ်ဖြစ်ရပေမဲ့ အဝတ်မဝတ်ရပုံဆိုတဲ့ အချက်အလက်များ တွေ့ရပါတယ်။

နောက်အမျက်ဒေါသနည်းလို့ အဆင်းလှရတယ်၊ သူတပါးတို့၏ ဂုဏ်ကျေးဇူးကို ဟုတ်မှန်တဲ့အတိုင်း ချီးမွမ်းပြောဆိုခဲ့ဘူးလို့ အနံ့မွှေးကြိုင်ရတယ်၊ ဒါကြောင့် တရားနာပရိသတ်တို့အား အိမ်အပြန် မှာလိုက်ချင်တာက အကုသိုလ်လေး ငယ်ငယ်လေးပါလားလို့ မလေးမစားအရေးမထား မပြုလုပ်ကြပါနဲ့၊ ငယ်ပေမဲ့ငရဲရောက်နိုင်တယ်၊ ဒီအတိုင်းပဲ ကုသိုလ်ကောင်းမှုတရားကိုလဲ အသေးအမွှားလေးပဲလို့ မထေမဲ့မြင် မအောက်မေ့ကြပါနဲ့၊ ငယ်ပေမဲ့ လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရောက်နိုင်တယ်။

သူ့တူရဟန္တာဖြစ်တာနဲ့ ပတ်သက်လို့တော့ သံဝေဂဉာဏ်ဖြစ်သွားတာကို ထောက်ပြရမှာပဲ၊ သံဝေဂဉာဏ်လဲရ သာသနာတွင်းဖြစ်နေတဲ့အတွက် ဝဋ်မှထွက်မြောက်ကြောင်း တရားများကို ပြောဟောပြသနိုင်တဲ့ဘုရားစတဲ့ သူတော်ကောင်းရဟန်းသံဃာတော်များ ရှိနေတဲ့အတွက် သာသနာတွင်းသာမဟုတ်ရင် မလွယ်ကူလှပါ။

## ကုသိုလ်နိုးနိုးကြားကြားရှိဘို့နဲ့ ယူဆချက်သဘော

မင်္ဂကိုရဘို့ ဥပနိဿယရှိနေစေကာမူ မရနိုင်ပါ၊ ခိုးမှုအပြစ်အတိုင်း ငရဲကိုသွားရမှာပဲ ဖြစ်ပါတယ်၊ သာသနာတွင် ဖြစ်နေတော့လဲ အတိတ်ကံက ရဟန္တာဖြစ်ဘို့ပါလာရင်လဲ ပစ္စုပ္ပန်ကံက ဆီးကြိုပြုလုပ်တဲ့အခါ ရဟန္တာ ဖြစ်နိုင်ပါတယ်၊ အတိတ်ကံက ဘယ်လိုပင် ရဟန္တာဖြစ်ရမဲ့ သူဖြစ်နေပါစေ ပစ္စုပ္ပန်ကံက ဆီးကြိုပြုလုပ် အားထုတ်ခြင်းမရှိပါက ဘယ်လိုမှ မဖြစ်နိုင်၊ နောက်ကဟောခဲ့တဲ့ မဟာဓန သူဌေးသား ဝတ္ထုကို ပြန်ကြည့်ပါ။

ပစ္စုပ္ပန်ကံက ဘယ်လိုမျက်စိပွင့်အောင် အားထုတ်ပေမဲ့ သာသနာပ အခါဖြစ်နေခဲ့ရင် အတိတ်ကံက ရဟန္တာဖြစ်မဲ့ကံပါလာစေကာမူ ဝဋ်မှ ထွက်မြောက်အောင် ဟောပြောနိုင်မဲ့သူ မရှိတဲ့အတွက် ရဟန္တာမဖြစ် နိုင်ပါ၊ သာသနာပအခါမှာ ခေါ်ကြတဲ့ အမြင့်ဆုံး ဗြဟ္မာဘုံဆိုတဲ့ နိဗ္ဗာန်မျိုးကိုတော့ ရောက်ကြမှာပေါ့။

ဒါကြောင့် မြတ်စွာဘုရား သာသနာတော်မြတ်ကြီးနဲ့ ပက်ပင်းပါ လာရောက်တွေ့ကြုံတုန်း တွေ့ကြုံခိုက် ကုသိုလ်တရား နိုးနိုးကြားကြား ရှိကြပါစေ၊ လုံးထွေးလုံးထွေးလုပ်မနေကြပါနဲ့၊ နောက်တခု ဒို့မှာ ဒါနသီလဘာဝနာ ရှိသားပဲဆိုပြီး အားရတင်းတိမ် ကြေနပ်မနေကြ ပါနဲ့အုန်း၊ အတိတ်ဘဝပြုလုပ်ခဲ့ကြတဲ့ နိဗ္ဗာန်ရကြမဲ့ ကုသိုလ်ကံတွေ၊ အပါယ်ကျရမဲ့ အကုသိုလ်ကံတွေ ရှိနေကြတယ်လို့ မှတ်ထားကြ၊ ဒါကြောင့် ကုသိုလ်တရား နိုးနိုးကြားကြား ရှိကြပါစေ၊ အခုဘဝ လွန်ကျူးတဲ့ မကောင်းမှုအကုသိုလ်ဒုစရိုက်၊ အတိတ်ဘဝက လွန်ကျူး ခဲ့တဲ့ မကောင်းမှုအကုသိုလ်ဒုစရိုက် အကျိုးပေးခွင့်မရ အပါယ်လေးဘုံ ဘယ်အခါမှ ဖြစ်စေမှုမရှိတော့တဲ့ အဟောသိကံအရာ၌ တည်သွား ကြတဲ့ ကံတွေကလဲ ရှိကြသေးတာကို မိမိခန္ဓာကိုယ်မှာ အခွင့်သာတိုင်း အကျိုးကိုဖြစ်စေတတ် အပရာပရိယစတဲ့ အလယ်ဇောငါးချက်စေတနာ အကုသိုလ်ကံပေါင်း အနန္တအရိပ်ပမာ ထပ်ချပ်ပါ၍ ဇနကအကြောင်း

ကုန်သွားနေ့ ခဏမဆိုင်း အပါယ်ဒုဂ္ဂတိဖြစ်ကြဘို့ နောက်ယောင်ခံပြီး ဝိုင်းအုံလိုက်နေကြလေတော့ ကာမဘုံသားလူမဆိုထားနဲ့ နေဝသညာ နာသညာယတနဘုံမှ သဏ္ဍာယဒိဋ္ဌိတန်းလန်းဖြစ်နေတဲ့ ပုထုဇဉ်ဗြဟ္မာ ကြီးများပင် အပါယ်လမ်းမြန်းကြရသေးတယ်။

ဒါကြောင့် အပါယ်ခွင်ကျဆင်းသွားရင်တော့ ခဏချင်း ဒါနသီလ ဘာဝနာ ပြည့်စုံစွာပြုလုပ်ခွင့်ရနိုင်တဲ့ လူ့ရွာသုဂတိသို့ ပြန်လာကြဘို့ အတော်ခဲယဉ်းသွားပြီ၊ ဘာပြုလို့လဲဆိုတော့ ငရဲသက်ကြီးတွေက ရှည် ပါဘိသနဲ့ သတိထားကြ၊နောက်ဝတ္ထုတပုဒ် ထုတ်ဟောပြပါအုန်းမည်။

### မကောင်းမှုပြုလုပ်သော မိန်းမဝတ္ထု

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်း သုံးတော်မူတဲ့အခါ လွန်လေပြီးသောအခါတုန်းက ဗာရာဏသီပြည်မှာ မထင်ရှားတဲ့အဆင်း အမျိုပြု အသက်မွေးတဲ့မိန်းမတယောက် ရှိပါ တယ်၊ အဲဒီမိန်းမက အလွန်ရုပ်ချောတယ် လှပတင့်တယ် ရှုချင်စဘွယ် ရှိတယ်၊ ဆံပင်အလွန်ကောင်းပါတယ်၊ သူမရဲ့အလှအပဒဏ်ကို မခံ နိုင်ကြတဲ့ လုလင်ပျိုများက ဒီမိန်းကလေးကို ဝိုင်းကြိုက်ကြတယ်ဆိုပါ တော့။

ဒီအခါမှာ ဒီကောင်မကိုတော့ ရုပ်ကလေးလှလို့ ယောကျ်ားတွေ က ဝိုင်းကြိုက်ကြတယ် ဒို့တော့မကြိုက်ကြဘူးဟု အခြားမိန်းမကလေး တွေက မနာလိုမရှုစိမ့် မခံချင်စိတ် ဖြစ်နေကြသတဲ့၊ တနေ့တော့ မနာလိုတဲ့မိန်းမများက ဆံပင်ကောင်းတဲ့ မိန်းမနှင့် ရင်းနှီးတဲ့မိန်းမ တယောက်ကို ဆံပင်ကျွတ်ဆေးပေး၍ ဆံပင်ကျွတ်အောင် ပြုလုပ်စေပါ တယ်၊ ဆံပင်ကောင်းတဲ့မိန်းမလဲ ရေချိုးသွားရင်း ဆံပင်ကျွတ်ဆေးမှန်း မသိလို့ ဆံပင်ကိုလိမ်းပြီး ရေလဲငုတ်လိုက်ရော ဆံပင်တွေအကုန်တမွေး မှမကျန် ကျွတ်ကျကုန်ပါတယ်၊ ဘူးခါးသီးနဲ့တူနေသတဲ့၊ အဆင်းနဲ့ပတ် သက်လို့ အသက်မွေးလို့မရတော့တာနဲ့ ဆီရောင်းခြင်း၊ အရက်ချက်

ရောင်းခြင်းဆိုတဲ့ အလုပ်နဲ့ အသက်မွေးမှုနေပါတယ်၊ တနေ့တော့ အရက်သမားနှစ်ယောက်သုံးယောက် အရက်လာသောက်ရာ မူးရူးပြီး အိပ်လဲပျော်သွားရော အရက်ရောင်းတဲ့မိန်းမက ပုဆိုးတွေအကုန်ချွတ်ယူထားလိုက်ပါတယ်၊ နောက်မကြာမီပဲ အရက်ရောင်းစားတဲ့ မိန်းမအိမ်ကို ရဟန္တာတပါး ဆွမ်းခံကြွလာလို့ ကြည်ညိုသောစိတ်ဖြစ်၍ ဆီထွေးကိုယူ လောင်းလှူလိုက်ပြီး တပည့်တော်မ၏ဆံပင်သည် မဲနက်ရှည်သွယ် နူးညံ့သိမ်မွေ့ အဖျားကော့တက်စေလျက် နဂိုမူလပကတိရှိနေတဲ့ ဆံပင်အတိုင်း ကောင်းရပါလို၏ဘုရားလို့ ဆုတောင်းပါတယ်။

ထိုမိန်းမဟာ စုတေမနေ သေလွန်တဲ့အခါ သမုဒ္ဒရာအလယ်မှာ ရွှေဗိမာန်၌ တယောက်တည်း နတ်သမီးသွားဖြစ်ပါတယ်၊ သူမဆုတောင်းလိုက်တဲ့အတိုင်း ဆံပင်ကတော့ ကောင်းပါရဲ့ ဒါပေမဲ့ အဝတ်မဝတ်ရဘူးတဲ့၊ ရွှေဗိမာန်ကြီးနဲ့စံရပြီး အဝတ်မဝတ်ရပဲနေရတာ ဘယ်လောက်အထိကြာသွားသလဲဆို သိပ်တော့မကြာပါဘူး၊ ကဿပဘုရားနှင့် ဂေါတမဘုရားအကြား ကာလအတွင်း အဝတ်မဝတ်ရဘူးတဲ့။

ကဿပဘုရားနှင့် ဂေါတမဘုရားအကြား မြေကြီးဟာ တယူဇနာနဲ့သုံးဂါဝုတ်အထက် မြင့်တက်သည့်တိုင်အောင် အဝတ်မဝတ်ရပဲ ဆင်းရဲကိုခံရပါတယ်။

ဒီအချိန်မှာ သာဝတ္ထိပြည်က ခုနစ်ရာသောကုန်သည်များလဲ သုဝဏ္ဏဘူမိကို ကုန်ရောင်းကုန်ဝယ်သွားရာ လမ်းမှာလေမိသဖြင့် လေနောက်ဟိုရောက်ဒီရောက် မျောသွားလိုက်တာ အဝတ်မရှိတဲ့နတ်သမီးရွှေဗိမာန်နား ရောက်သွားသတဲ့။

နတ်သမီးကရွှေဗိမာန်နှင့်တကွ ကိုယ်တိုင်ပြပါတယ်၊ ကုန်သည်တွေက ဗိမာန်တွင်းမှ ဘယ်သူလဲထွက်ပါ လူလားနတ်လား သင့်ကိုကြည့်ချင်ပါသည်ဟု ပြောသောအခါ နတ်သမီးက သူ့မှာ အဝတ်မရှိ၍ အပြင်မထွက်ဝံ့ပါဟု ပြန်ပြောပါတယ်၊ ဒါဖြင့် ဒီအဝတ်ကိုဝတ်ထွက်

လာခဲ့ဆို၍ ကုန်သည်တွေကပေးပါတယ်၊ ဒီလိုပေးနည်းနဲ့ ကျွန်မ မရပါ ရှင်တို့အထဲမှာ မြတ်စွာဘုရားသခင်ရဲ့ သားတော်အစစ်ဖြစ်တဲ့ ကံကံ၏အကျိုး ရတနာသုံးပါး၏ဂုဏ်ကို ယုံကြည်သောလူ ဥပါသကာပါပါတယ်၊ ထိုဥပါသကာအားပေးလှူ၍ ကျမအားအလှူ၏အဖိုးကို အမျှအတန်းပေးဝေမှ ရပါလိမ့်မည်လို့ နတ်သမီးကပြောပြပါတယ်။

နတ်သမီး ပြောကြားတဲ့အတိုင်း ပြုလုပ်လို့ နတ်သမီးလည်း ဝမ်းမြောက် ဝမ်းသာ သာဓုအနုမောဒနာ ခေါ်ရပြီး နတ်၌ဖြစ်တဲ့ပုဆိုးဝတ် ပြုံးပြုံးရွှင်ရွှင်ဖြင့် ရွှေဗိမာန်မှ ထွက်ပြပါတယ်၊ ကုသိုလ်၏အကျိုး မျက်မြင်ဒိဋ္ဌ တွေ့မြင်ရသော သင်္ဘောသားများလည်း အံ့အားသင့်ကြ၍ ဥပါသကာအား များစွာရိုသေလေးစားလျက် လက်အုပ်ချီရှိခိုးပါတယ်၊ ဥပါသကာလည်း သင်္ဘောသားများအား တရားဟောပြီး သရဏဂုံသီလတို့၌ တည်စေပါတယ်တဲ့၊ သင်္ဘောသားတွေက နတ်သမီးရွှေဗိမာန်နဲ့ နေရတဲ့အကျိုး ရွှေဗိမာန်ကြီးနဲ့ စံနေရစေကာမူ ဘာပြုလို့အဝတ်မဝတ်ရတဲ့အကြောင်း မေးမြန်းကြပါတယ်၊ ဒီအမေးကို နတ်သမီးက ဒီလိုအဖြေပေးထားတယ်– ကျမဟာ ရဟန္တာပါးအား ကြည်ညိုသောစိတ်ဖြင့် ဆီထွေးနှမ်းဖတ်လှူခဲ့ဘူးတဲ့ အနည်းငယ်သောကောင်းမှုကြောင့်သာ ယခုမြင်ကြရတဲ့အတိုင်း ရွှေဗိမာန်ကြီးနဲ့ ထယ်ထယ်ဝါဝါ စံနေရပါတယ်၊ နောက်ပြီး သူများပုဆိုးခိုးတဲ့ မကောင်းမှုကတော့ အတော်များများ ပြုမိခဲ့ပါတယ်၊ ဒီမကောင်းတဲ့အကျိုးဆက်ဖြင့် လေးလကြာလို့ရှိရင် စုတေပြီး အဝီစိငရဲမှာ ဖြစ်ရပါလိမ့်မယ်လို့ ပြောဆိုပါတယ်။

ဒီလောက်ပြောပြသဖြင့် အဒိန္နာဒါနိသိက္ခာပုဒ်နဲ့ပတ်သက်လို့ ဟောလိုရင်းမှာ ပြည့်စုံနေပြီ ဒါပေမဲ့ သာသနာတော်အတွင်း ရောက်လာရတယ်ဆိုတာ ဘယ်လောက်အကျိုးရှိတယ်လို့ တရားနာပရိသတ် သိစေလို၍ ရှေ့ဆက် ခဏလောက်ဟောကြအုန်းစို့၊နတ်သမီးစကားကြားရတော့ ဥပါသကာက နတ်သမီး ငါတယောက်အား ပေးလှူရတာတောင်

ဒီလောက်အကျိုးတရားနှင့် ပြည့်စုံရသေးလျှင် သရဏဂုံသီလတည်ကြတဲ့ သင်္ဘောသားအားလုံးကိုလည်း ပေးလှူ ဘုရားဂုဏ်တော် အောက်မေ့သွားလျှင် နတ်သမီးအခုရောက်မဲ့ ငရဲက လွတ်မြောက်ပါလိမ့်မယ်ဟု ဥပါသကာက ပြောပြပါတယ်၊ ဥပါသကာပြောတဲ့အတိုင်း နတ်သမီးလဲ နတ်ဥ္စဖြစ်တဲ့ ထမင်း အဖျော် ပုဆိုးတို့ဖြင့် သင်္ဘောသားတို့အား လှူဒါန်း၍ မြတ်စွာဘုရားအားလည်း အ၀တ်တစုံကို သင်္ဘောသားတို့အားပေးပြီးမှ အရှင်ဘုရား အမှတ်မရှိသောနတ်သမီးတယောက် အရှင်ဘုရား၏ ခြေတော်စုံကိုရှိခိုး၏ဟု သာဝတ္ထိပြည်ရောက်ရင် လျှောက်ပေးပါလို့ မှာလိုက်တယ်၊ သင်္ဘောသားလည်း သာ၀တ္ထိပြည်ရောက်တယ်ဆိုရင်ပဲ နတ်သမီးမှာလိုက်တဲ့အတိုင်း ဇေတ၀န်ကျောင်းတော်သို့ သွား၍ အ၀တ်တစုံကိုလှူကာ နတ်သမီးမှာကြားတဲ့အတိုင်း လျှောက်ထားပြလိုက်ပါတယ်၊ သဗ္ဗညုမြတ်စွာဘုရားသည် ထိုနတ်သမီးစကားအကြောင်းပြုပြီး တရားနာလာကြတဲ့ ပရိသတ်များအား အကျယ်အားဖြင့် တရားဟောတော်မူရာ များစွာသော လူနတ်တို့ အကျွတ်တရားရကြပါတယ်၊ သင်္ဘောသား ဥပါသကာတို့လဲ နှစ်ရက်မြောက်သောနေ့မှာ ဘုရားအမှူးရှိတဲ့ သံဃာတော်များအား ကြီးစွာသော အလှူဒါနပေး၍ ကောင်းမှုတို့ကို နတ်သမီးအားအမျှဝေပါတယ်၊ နတ်သမီးလည်း ပြိတ္တာဘ၀မှစုတေပီး တာ၀တိံသာနတ်ပြည်မှာ ရွှေဗိမာန်နဲ့ပဲ ဖြစ်ရပြန်ပါတယ်။

ဒီမကောင်းမှုကျူးလွန်တဲ့ မိန်းမ၀တ္ထုမှာ သူများ၏အ၀တ်ပုဆိုးကို ခိုးယူခြင်းဆိုတဲ့ မကောင်းမှုကြောင့် ကဿပဘုရားနှင့် ဂေါတမဘုရားနှစ်ဆူတို့၏အကြား မြေကြီးတယူဇနာနဲ့ သုံးဂါ၀ုတ် တက်သည်တိုင်အောင် အ၀တ်မ၀တ်ရပဲနေရတယ်။

ထိုမကောင်းမှုနဲ့ပတ်သက်လို့ ငရဲရောက်မလို့အကြံ သူတော်ကောင်းနဲ့တွေ့ရှိရ၍ ငရဲမကျရောက်တော့ပဲ နတ်ပြည်မှာ ရွှေဗိမာန်နဲ့စံမြန်းရတယ်၊ ရဟန္တာတပါးအား ကြည်ညိုလှုတဲ့အတွက် ဆိထွေးနှမ်းဖတ်ကို

လူခဲ့ဘူးသော ကောင်းမှုကြောင့် ရွှေပိမာန်ကြီးနဲ့စံရတဲ့ နတ်သမီးဖြစ်လာရတယ်ဆိုတဲ့ အချက်အလက် အကျိုးအကြောင်းကို တွေ့ရှိရပါတယ်၊ ဒီသာဓက ထောက်ထားသောအားဖြင့် မကောင်းမှုဒုစရိုက်ရှောင်ရှားပြီး ကောင်းမှုသုစရိုက်ကိုသာ ပြုလုပ်အားထုတ်ကြပါလို့ တိုက်တွန်းလိုက်ရပါတယ်၊ တရားနာပရိသတ်တွေ တခုသတိပေးလိုတာက ဘာပဲလှူလှူ အခုငွေထုပ်ပါမိန်းမလို မဟုတ်တာဆုမတောင်းမိဘို့ နိဗ္ဗာန်ချမ်းသာကိုသာ ဆုတောင်းကြပါလို့ သတိပေးဟောလိုရင်းဖြစ်ပါတယ်၊ မိန်းမငွေထုပ်ပြီးစေသော်။

ဘာပြုလို့ နိဗ္ဗာန်ကိုတိုက်တိုက်တွန်းတွန်း ဆုတောင်းခိုင်းနေတာလဲဆိုရင် လူချမ်းသာ နတ်ချမ်းသာတွေက မကောင်းလို့ အိုနာသေ မကင်းလို့ အင်မတန်မှ ရတောင့်ရခဲဖြစ်တဲ့ မဟာ အသင်္ခတဓါတ်မြတ်လှတဲ့နိဗ္ဗာန်ကိုသာဆုတောင်းကြပါလို့ တိုက်တွန်းလိုက်ရပါတယ်။ ဒါကြောင့် ဘုရားအဆုံးအမတရား နာထောင်တဲ့သူများဟာ ဥပါသကာကိုလှူတာသည်ပင် ဒီလောက်အကျိုးထိရောက်ပါတယ်။

ကာမေသုမိစ္ဆာစာရကံနဲ့ ပတ်သက်လို့ သာဓကထုတ်ပြပါအုန်းမယ်-

## "ဣသိဒါသီ ရဟန္တာထေရီမဝတ္ထု"

ဒီဣသိဒါသီ ရဟန္တာထေရီမကိုလည်း ကာမေသုမိစ္ဆာစာရပုဒ်နှင့် ပတ်သက်နေတဲ့အတွက် ဟောပြလိုက်ပါတယ်၊ ဣသိဒါသီ ရဟန္တာထေရီမဆိုတာ ရှေးရှေးသော ဘုရားရှင်တို့ထံတော်မှာ ပြုအပ်ပြီးသော ပုညသမ္ဘာရပါရမီ ကုသိုလ်ရှိသည်ဖြစ်၍ ထိုထိုသော ဘဝများစွာတို့၌ ယောကျ်ားဖြစ်လျက် ဝဋ္ဋဆင်းရဲမှ ထွက်မြောက်ကြောင်း ဖြစ်သော ပါရမီတို့ကို ဖြည့်သဖြင့် ရင့်ပြီးသောယောကျ်ားမြတ် ဖြစ်လျက် ဤနောက်ဆုံးဖြစ်သော ဣသိဒါသီဘဝမှ နောက်ပြန်ရေသော် ခုနစ်ခုမြောက်သောဘဝ၌ ဧရကကစ္ဆမြို့မှာ ပစ္စည်းချမ်းသာသောသူဌေးပန်းထိမ်

သည့်ရှဲသား ဖြစ်၍ မကောင်းသောမိတ်ဆွေယုတ်များနှင့် ပေါင်းသင်းမိ၍ သူတပါးမယား လွန်ကျူးပြစ်မှားတဲ့ ကာမေသုမိစ္ဆာစာရပရဒါရကံကို ပြုမိပါတယ်၊ ထိုဘဝမှစုတေသောအခါ များစွာသောနှစ်ပေါင်းထောင်သောင်းမက ငရဲမှာခံရပါတယ်၊ ငရဲမှလွတ်မြောက်တော့လဲ မျောက်မ၏ဝမ်း၌ ပဋိသန္ဓေတည်နေပြန်ပါတယ်၊ မွေးဖွားပြီးခုနစ်ရက်မြောက်သောနေ့မှာ မျောက်မင်းက ဝှေးစေ့ကိုကိုက်ဖြတ်ပြီး သတ်ပြစ်ပါတယ်၊ ဒီလိုဖြစ်ရတာလဲ ကာမေသုမိစ္ဆာစာရပရဒါရ မကောင်းမှုအကုသိုလ်ကြောင့်ဘဲ ဖြစ်ပါတယ်၊ မျောက်ဘဝမှ စုတေပြန်တဲ့အခါ မျက်စိလည်းကန်း ခြေလဲခွင်သောဆိတ်မ၏ဝမ်းမှာ ပဋိသန္ဓေတည်နေရပြန်တယ်၊ မွေးဖွားပြီး၍ အရွယ်ရောက်၍ ဝှေးစေ့ကိုထုတ်၍ ကလေးသူငယ်တို့စီးသည့်ကို လုပ်ကိုင်ရသဖြင့် ဝှေးစေ့အနာမှာ ပိုးလောက်တက်၍ တဆယ့်နှစ်နှစ်ပတ်လုံး နာကျင်စွာ ဆင်းရဲခံနေရပါတယ်၊ ဒါလဲ တခြားကြောင့် မဟုတ်ပါဘူး ကာမေသုမိစ္ဆာစာရ ပရဒါရ မကောင်းမှုပြုခဲ့မိလို့ဘဲ ဖြစ်ပါတယ်၊ ဆိတ်ဘဝမှစုတေပြန်သော် နွားမဝမ်း၌ ပဋိသန္ဓေတည်နေရပြန်ပါတယ်၊ မွေးဖွားပြီး တဆယ့်နှစ်လရှိသော် ဝှေးစေ့ကိုထုတ်၍ နာနာနဲ့ဘဲ လှည်းတို့ကိုရုန်းရပြန်ပါတယ်၊ ဒါလည်း ကာမေသုမိစ္ဆာစာရပရဒါရ မကောင်းမှုပြုမိခဲ့လို့ဘဲ ဖြစ်ပါတယ်၊ ထိုနွားဘဝမှစုတေပြန်သော် သန္တိဝါရတိုင်း ကျွန်မဝမ်း၌ ပဋိသန္ဓေနေရပါတယ်၊ မွေးဖွားလာသောအခါ ယောကျ်ားမဟုတ် မိန်းမမဟုတ် နပုန်းပဏ္ဍုက်ဖြစ်ပါတယ်၊ ဒါလဲပဲ ကာမေသုမိစ္ဆာစာရပရဒါရ မကောင်းမှုပြုမိခဲ့လို့ဘဲ ဖြစ်ပါတယ်၊ ထိုဘဝမှ စုတေပြန်သော် ဆင်းရဲလှသော လှည်းလုပ်သမားရှဲသမီး ဖြစ်ရပြန်တယ်၊ လှည်းလုပ်သမားသမီးဖြစ်စဉ် ချမ်းသာသောသူများထံမှ ကြွေးယူ၍ စားသောက်ရပါတယ်၊ နောက်ဆုံး၌ သူ့ကြွေးကိုပြန်မဆပ်နိုင်တာနဲ့ တပည့်တော်မကိုအတင်းကြွေးချယူသွားပြန်တယ်၊ ကြွေးရှင်အိမ်မှာ အစေခံလုပ်နေရင်းတဆယ့်ခြောက်နှစ် အပျိုဖြစ်တော့ ကြွေးရှင်လှည်းကုန်သည်မှူး၏သားဂိရိဒါသက တပည့်တော်မကို လက်ထပ်ယူလိုက်ပါတယ်၊ သူ့မှာလဲ

သီလနှင့်ပြည့်စုံတဲ့မယားကြီးလဲ ရှိပါတယ်၊ မတဲ့အောင် မယားငယ် ဖြစ်တဲ့ တပည့်တော်မ ကြားကဝင်ဂုံးတိုက်မိပြန်ပါတယ်၊ ထိုဘဝမှစုတေ ပြန်သော် ဂေါတမဘုရားပွင့်တော်မူတဲ့အခါ အဝန္တိတိုင်းဥဇ္ဇေနီပြည်၌ သူဌေးသမီးဖြစ်လာ၍ ဣသိဒါသီဟူသောအမည် မှည့်ကြပါတယ်၊ အရွယ်ရောက်လာသောအခါ ပစ္စည်းချမ်းသာတဲ့သူဌေးသားတယောက် နဲ့ လက်ထပ်ပေးလိုက်၍ ယောက္ခမအိမ်ကို မိဘအိမ်ပေါ်က ဆင်းလိုက် ခဲ့ရပါတယ်၊ (ရောင်နောက်ဆံထုံး ပါစမြဲဆိုတဲ့အတိုင်းပေါ့လေ။)

ယောက္ခမအိမ်ရောက်လာတဲ့ နောက်ပိုင်းမှာလည်း ယောက္ခမနှင့် တကွ လင်သားရော လင်ရဲ့ညီအကိုမောင်နှမတွေကိုပါ ထမင်းအဖျော်မှ စ၍ လိုလေသေးမရှိစေရဘဲ မယားဝတ္တရားကြေပွန်အောင် ပြုစုလုပ် ကိုင်ကျွေးမွေးပေမဲ့ လင်ဖြစ်သူကမပေါင်းချင်ပါဘူးဆိုကာ အိမ်ပေါ်မှ နှင်ချလိုက်ပါတယ်၊ ဒီလိုဖြစ်ရတာလဲ ပရဒါရ သူတပါးမယားလွန် ကျူးမိခဲ့လို့ပဲ ဖြစ်ပါတယ်၊ ဒါနဲ့ မနေသေးပါဘူး မိဘများက နောက် လင်တယောက် ပေးစားလိုက်ပြန်ပါတယ်၊ ဘယ်လိုင် လင်ချစ်အောင် ပြုပြင်ပြီး အပြစ်မရှိအောင်နေပေမဲ့ တလပေါင်းမိလာတော့ အိမ်မှနှင် ချလိုက်ပြန်တယ်၊ ဒါလဲ ပရဒါရ သူတပါးမယား လွန်ကျူးမိခဲ့ဘူးတဲ့ မကောင်းမှုဘဲဖြစ်ပါတယ်၊ မိဘများကလည်း အားမလျှော့ပဲ စိတ်ရှည် လက်ရှည် ဒမကဆိုတဲ့ သူတောင်းစားတယောက်နဲ့ ပေးစားလိုက် ပြန်တယ်။

သူတောင်းစားနဲ့ပေးစားတာကတော့ သူများပေးမှ စားရတဲ့ဘဝမှာ နေရလို့ဒီလိုသူဌေးဖြစ်တဲ့ငါ့သမီးနဲ့ပေးစားလိုက်သျှင်မတောင်းဘဲနဲ့စား နေရလို့ ပေါင်းမှာဘဲဆိုတဲ့သဘောနဲ့ပေါ့၊ သူတောင်းစားယောကျ်ား ကလည်း တဆယ့်ငါးရက်ပဲပေါင်းကာ သူတောင်းစားတဲ့ခွက်ကလေး ပြန်တောင်းပီး အိမ်ပေါ်မှဆင်းသွားကာ ထမင်းပဲပြန်တောင်းစား မြဲစားနေပါတယ်၊ အဲဒါလည်း ပရဒါရ သူတပါးမယားကို လွန် ကျူးမိတဲ့ မကောင်းမှုကြောင့် ဖြစ်ပါတယ်၊ ကိုင်း ဘယ်မလဲ

ကောင်းတာ၊ အကုသိုလ်ဆိုတာ ဒီလိုပဲကောင်းတာတွေမှာ မဟုတ်ဘူး၊ မကောင်းတာတွေကြီးပဲ တွေ့မှာပဲဆိုတာ တရားနာပရိသတ်သတိထားကြ၊ တပည့်တော်မလည်း လင်ပြစ်မဘဝ၌ တယောက်တည်း ဟိုတွေးဒီတွေး တွေးနေပါတယ်၊ သေပြစ်လိုက်ရရင်ကောင်းမလား ဒါမှမဟုတ် ရဟန်းမိန်းမပြုရကောင်းမလားလို့ တွေးနေတုန်း ဒါနဲ့ ဆွမ်းခံကြွလာတဲ့ ဇိနဒတ္တာထေရီမ ဆွမ်းခံလာတာကိုမြင်လို့ တပည့်တော်မတို့အိမ်ကို ပင့်ပြီး အရှင်မထံ ရဟန်းပြုချင်ပါတယ်လို့ လျှောက်ထားကာ မိဘများ ထံခွင့်ပန်၍ ရဟန်းမိန်းမပြုလုပ်ပါတယ်၊ ရဟန်းမိန်းမပြုလုပ်ပြီး တရားအားထုတ်လိုက်တာ ခုနစ်ရက်နှင့်ဝိဇ္ဇာသုံးပါးကိုရ၍ ရဟန္တာမိန်းမဖြစ်ရပါတယ်ဘုရားလို့ ပါဠိလိုပုတ်ပြည်သို့ ဗောဓိထေရီအရှင်မနှင့် ဆွမ်းစားပြီးမှ ဂင်္ဂါသဲသောင်ပြင် အေးချမ်းသောအရိပ်ကောင်းကောင်းမှာ အပန်းဖြေနားနေရင်း အရှင်မဟာ ကြည်ညိုဘွယ်အဆင်းနှင့် ပြည့်စုံတဲ့ အပြင် အရွယ်ကလေးကလည်းငယ်ငယ်နဲ့ ဘယ်အပြစ်နဲ့ ဘယ်အကျိုး မြင်လို့ ရဟန်းမိန်းမပြုရပါသလဲဆိုတဲ့ အပေါင်းအသင်းသူငယ်ချင်း ဗောဓိထေရီမ၏ အမေးစကားကို အလေးထားပြီး ဣသိဒါသီ ရဟန္တာမက ပြောကြားသော အဖြေစကား ဖြစ်ပါတယ်။

ယခုဝတ္ထုပါ ဣသိဒါသီရဟန္တာမသည် ယောကျ်ားဖြစ်လျက် ဖြည့်ကျင့်အပ်သော ရင့်ပြီးသော ပါရမီရှိပါလျက် မကောင်းတဲ့ အပေါင်းအသင်း မိတ်ဆွေတွေနဲ့ပေါင်းမိပြီး တခါတလေ သူတပါးမယား လွန်ကျူးခြင်းဆိုတဲ့ ကာမေသုမိစ္ဆာစာရပရဒါရအမှု ပြစ်မှားမိ၍ဘဝများစွာ ဆင်းရဲကိုခံလျက် နောက်ဆုံးဘဝ (သူတော်ကောင်း မဇိနဒတ္တာနဲ့တွေ့ပြီး) မိန်းမဘဝနှင့် ရဟန္တာမ ဖြစ်၍ ဝဋ်ဆင်းရဲမှလွတ်မြောက်သွားပါတော့တယ်၊ ဤကဲ့သို့ ပါရမီရင့်ပြီးသားသူများပင်ဖြစ်ပေမဲ့ သူတပါးမယားလွန်ကျူးခြင်းဆိုတဲ့ မကောင်းမှု အကုသိုလ်ကာမေသုမိစ္ဆာစာရပရဒါရကံဖြင့် ဒါလောက်ခံရသေးလျှင် သာမန်ပုဂ္ဂိုလ်ဆိုတော့ ပြောစရာမရှိပါ၊ ဒါကြောင့် သူတပါ မယား လွန်ကျူး

ခြင်းဆိုတဲ့ ကာမေသုမိစ္ဆာစာရ ပရဒါရကံမျိုးတို့ကို အထူးရှောင်ကြဉ်ကြပါဆိုတာ ဓမ္မသံဝေဂဖြစ်စေရန် ဟောပြလိုက်ပါတယ်။

သိဒါလေးမှတ် အဘိဓမ္မာသတ်ပေါ့လေ၊ ဣသိဒါသီ ရဟန္တာမဝတ္ထုပြီးစေပေါ့။

မုသာဝါဒသိက္ခာပုဒ်နဲ့ပတ်သက်လို့ သာဓကတခု ဟောပြပါအုန်းမယ်။

## စေတိယမင်းဝတ္ထု

စေတိယမင်းဆိုတာ စေတိယတိုင်း သောတ္ထိယမြို့မှာ တိုင်းပြည်အုပ်ချုပ်မင်းလုပ်ပါတယ်၊ ထူးခြားတာက သူ့မှာတန်ခိုးလေးပါးရှိပါတယ်။

၁။ အဆင်းလှတယ်

၂။ အသက်ရှည်တယ်

၃။ ပုဏ္ဏားတို့ချစ်ခင်နှစ်သက်တယ်

၄။ သူကြွယ်တို့ ချစ်ခင်နှစ်သက်တယ် (ဇာတ်ဋီကာ)

အဲဒီတန်ခိုးလေးပါးနဲ့ပြည့်စုံပါတယ်၊နောက်ပြီး ကောင်းကင်ပျံသန်းသွားလာနိုင်တယ်၊ နတ်သားလေးယောက်တို့လဲ အရပ်လေးမျက်နှာတို့မှ သံလျက်စွဲစောင့်ရှောက်ခြင်းကို ခံရပါတယ်၊ တကိုယ်လုံးမှာ စန္ဒကူးနံ့ထွက်ပြီး ခံတွင်းမှ ကြာညိုနံ့မွှေးကြိုင်ပါတယ်၊ သူ့ရဲပုရောဟိတ်ပုဏ္ဏားကတော့ ကပိလဆိုသူပဲ ဖြစ်ပါတယ်။

အဲဒီကပိလပုဏ္ဏားရဲ့ ညီဖြစ်သူ ကောရကလမ္ဗဆိုတဲ့ပုဏ္ဏားက စေတိယမင်းနဲ့ ကျောင်းနေဘက်သူငယ်ချင်းဖြစ်ပါတယ်။

.စေတိမင်းသားက ကောရကလမ္ဗပုဏ္ဏားအား ငါမင်းဖြစ်ရင် သင့်ကိုလည်း ပုရောဟိတ် ရာထူးပေးမယ်ဆိုတဲ့ ပြောစကားရှိဘူးပါတယ်။

စေတိယမင်းသား မင်းဖြစ်တဲ့အခါ သူ့ဘခင်လက်ထက်တော်မှစ၍ အမှုထမ်းလာတဲ့ ကပိလပုဏ္ဏားကိုရာထူးချဘို့ဆိုတာ မလွယ်ပါဘူး၊ ကပိလပုဏ္ဏားအခစားလာတိုင်း မိမိကငယ်နေလို့လဲ ဝယဝုစ္စ အရွယ်ကြီးရင့်တဲ့ကပိလပုဏ္ဏားကို အရိုအသေဂါရဝ ပြုရပါတယ်၊ ဒါကိုလဲ ကပိလပုဏ္ဏားကသိတာနဲ့ မင်းထံခွင့်ပန်ပြီး သူ့သားကိုသာ ပုရောဟိတ်ရာထူးခန့်ပါတော့၊ သူကတော့ ရဟန်းပြုပါတော့မယ်ဆိုပြီး ရဟန်းပြုသွားပါတယ်။

ဥယျာဉ်ထဲဝင် ရဟန်းပြုပြီး ဈာန်အဘိညာဉ်ကိုဖြစ်စေ၍ သားအမှီပြုကာ ဒီဥယျာဉ်ထဲမှာပဲ နေပါတယ်၊ ဒီအခါမှာ ငါ့နောင်တော်ဟာ ရဟန်းပြုသွားပါလျက် သူ့ပုရောဟိတ်ရာထူးကို ငါ့ကိုမပေးခဲ့ဘူး ကပိလနောင်တော်ပုဏ္ဏားအား ညီတော်ကောရကလမ္ဗပုဏ္ဏားက မကြေမနပ်ဖြစ်နေပါတယ်။

တနေ့တော့မင်းနဲ့ ကောရကလမ္ဗပုဏ္ဏားတို့ စကားပြောနေကြစဉ် မင်းက ကောရကလမ္ဗ သင်ဘာပြုလို့ ပုရောဟိတ်မလုပ်တာလဲဟု မေးပါတယ်၊ နောင်တော်ရှိနေလို့ မလုပ်ရကြောင်း သံတော်ဦးတင်သောအခါ သင့်နောင်တော် ရဟန်းပြုလုပ်သွားပြီမဟုတ်လားမေးတော့ ရဟန်းပြုတာတော့မှန်ပါတယ် ဒါပေမဲ့ ပုရောဟိတ်ရာထူးကို သူ့သားအားလွှဲအပ်ခဲ့ကြောင်း သံတော်ဦးတင်ပါတယ်၊ သင်ပုရောဟိတ်လုပ်ပါလို့ မင်းကအမိန့်ရှိပါတယ်။

မင်းကြီး ရှေးအစဉ်အလာလုပ်လာတဲ့ ရာထူးကို အစ်ကိုကိုကျော်ပြီး မလုပ်ချင်ကြောင်း လျှောက်ထားပါတယ်။

ဒါဖြင့်ရင်လည်း သင့်အားအစ်ကိုပြော၍ အစ်ကိုဖြစ်သူကို ညီလုပ်မယ် အကြီးကိုအငယ် အငယ်ကိုအကြီး ပြောင်းပြောလိုက်မယ်လို့ မိန့်တော်မူပါတယ်။

ဘယ်နည်းနဲ့ အကြီးကိုအငယ် အငယ်ကိုအကြီး လုပ်မလဲဟု လျှောက်ထားပြန်ပါတယ်။

မုသားပြောပြီးလုပ်မယ်လို့ မိန့်တော်မူပါတယ်။

နတ်သားလေးယောက် ပျောက်ကွယ်နိုင်ငံပြီး ခံတွင်းမှအပုပ်နံ့ လျက် ကောင်းကင်ကိုလဲမသွားနိုင်တော့ပဲ မြေမျိုသွားတယ်ဆိုကြပါ စို့၊ အဲဒီအခါ သင်မင်းကြီးစကားတည်နိုင်ပါအုန်းမလားဟု လျှောက် ထားပါတယ်။

မင်းကငါ့ကို ဒီလိုမထင်ပါနဲ့၊ အထင်မသေးနဲ့၊ မင်းမှာကတိဆိုတဲ့ အတိုင်း ပြောမှာပဲလို့ မိန့်တော်မူပါတယ်၊ ဒါဖြင့် ဘယ်တော့လောက် ပြောမှာလဲလို့ လျှောထားခမေးမြန်းတဲ့အခါ ဒီနေ့မှ ခုနစ်ရက်မြောက် တဲ့နေ့မှာ ပြောမယ်လို့အမိန့်ရှိပါတယ်။

အကြီးကိုအငယ် အငယ်ကိုအကြီးပြုပြီး ပုရောဟိတ်ရာထူးကို အငယ် ကို ပေးမလို့ဆိုတဲ့သတင်းဟာ နိုင်ငံအနှံ့အပြားရောက်သွားပါတယ်။

ဒီသတင်းကို ရုတ်ချည်းကြားလိုက်တဲ့ နိုင်ငံသူ နိုင်ငံသားများက မုသာဝါဒဆိုတာ ဘယ်လိုဟာမျိုးပါလိမ့် အမဲလားအဖြူလားစသည် ဖြင့် တွေးတောကြံစီ စိတ်ဝင်စားနေပါတယ်။

စာအံ့တသြ အဆန်းတကြယ်ဖြစ်ရတာကလဲ အဲဒီအချိန်တုန်းဆီက မုသာဝါဒဆိုတာ ဘယ်လိုဟာမျိုးပါလိမ့်မလဲလို့မသိကြလို့ပဲ ဖြစ်ကြပါ တယ်တဲ့။

ဒီသတင်းကိုကြားရတဲ့ ပုရောဟိတ်ပုဏ္ဏားသားလဲ ဘခင်ထံသွား၍ ဘခင် ဘုရင်သည် အကြီးကိုအငယ် အငယ်ကိုအကြီး မုသားပြောပြီး ဘထွေးဖြစ်သူအား ပုရောဟိတ်ရာထူးကို ပေးလိမ့်မယ်လို့ ပြောကြား ပါတယ်၊ ဘယ်တော့မုသားပြောဆိုမှာလဲဟုမေးတဲ့အခါ ဒီနေ့မှ ခုနစ် ရက်မြောက်သောနေ့မှာဆိုမယ်လို့ ပြောကြားပါတယ်၊ ဒီလိုဆိုရင် ငါ့ကိုအဲဒီနေ့ကျတော့ လာပြောလှည့်လို့ ပြောကြားလိုက်ပါတယ်၊ ခုနစ်ရက်စေ့တဲ့နေ့ဟာ တမြို့လုံး လူကြီးလူငယ် ယောကျ်ားမိန်းမ အားလုံးလဲ ပွဲလမ်းသဘင်ကြည့်ရအောင်သွားသလို မုသာဝါဒပြော

ဆိုတဲ့ပွဲကြီးသို့ ကုတင်ညောင်စောင်းများဖြင့် မင်းယင်ပြင်အပြည့်
ကြိတ်ကြိတ်ညပ်ပီး ပွဲကြီးလမ်းကြီးတမျှ စည်ကားနေပါတယ်။

ဘုရင်မင်းမြတ်လဲ ပွဲခင်းအလယ် လူများရဲ့အထက်ကောင်းကင်မှာ
ရပ်လိုက်ပါတယ်၊ အဲဒီအချိန်မှာလဲ ရသေ့ကလဲ ဘုရင်မင်းမြတ်၏ရှေ့
ကောင်းကင်မှာ ပလ္လင်ခွေ သီတင်းသုံးနေပါတယ်။

ရသေ့က မင်းကြီး သင်ဟာမုသားဆို၍ ပုရောဟိတ်ရာထူးကို
ငါ့ညီကိုပေးမယ်ဆိုတာ မှန်ပါသလားဟု မေးသောအခါ မှန်ကန်
ကြောင်းလျှောက်ထားလျှင်....

မင်းအားဆုံးမလို၍ မင်းကြီးမုသာဝါဒဆိုတာ အင်မတန်ဝန်လေး
တယ်၊ ကျေးဇူးဂုဏ်ကို ဖျက်ဆီးတတ်တယ်၊ အပါယ်လေးပါးကိုလဲ
ကျစေတတ်တယ်၊ မင်းလုပ်နေပီး မုသားပြောတယ်ဆိုရင် တရားကို
သတ်တာနဲ့တူတယ်၊ တရားကိုသတ်ရင် (တရားမရှိရာ တရားမဲ့ရာ
ကျတာနဲ့တူတယ်၊ တရားမဲ့ရာ မိမိကိုယ်တိုင်လည်း သတ်တာနဲ့မထူး
တော့ပါဘူးလို့ ဆုံးမပါတယ်။)

မင်းကြီး တကယ်လို့ဆိုရင် မုသားဆိုရင် မင်းရဲ့တန်ခိုးလေးပါးကွယ်
ပျောက်သွားနိုင်တယ်၊ နတ်သားလေးယောက်တို့လဲ ပျောက်နိုင်တယ်၊
ခံတွင်းမှအပုပ်နံ့ထွက်နိုင်တယ်၊ ကောင်းကင်မှ လျှောကျနိုင်တယ်၊
မြေသို့ဝင်ရတယ်၊ (မြေမျိုနိုင်တယ်) ဆိုတဲ့ဟာတွေ ဖြစ်လာလိမ့်မယ်၊
ရှင်ရသေ့အမိန့်စကားကြားတော့ ကောရကလမ္ဗကို အောက်စိုက်ကြည့်
လိုက်ပါတယ်၊ (ဒီလိုဆိုရင်ဖြစ်ပါ့မလား) ဆိုတဲ့ အဓိပ္ပါယ်ပေါ့လေ။

ကောရကလမ္ဗကလဲ အစကမင်းကြီးကို ဒီအကြောင်းတွေ ပြောမပြ
ဘူးလား၊ သင်မင်းကြီးကပဲ ငါ့ကိုဒီလိုမထင်ပါနဲ့ စွမ်းနိုင်တယ်လုပ်
မယ်ဆိုရင် လုပ်မယ်လို့မိန့်တော်မူပြီး မဟုတ်ပါလား လျှောက်ထား
လိုက်သောအခါ ကပိလပုဏ္ဏားရသေ့ရဲ့စကား နားမထောင်တော့ပဲ....

ရှင်ရသေ့ သင်ကအငယ် ကောရကလမ္ဗပုဏ္ဏားက အကြီးဟုပြော
လိုက်ပါတယ်၊ ပထမရှေ့ဦးစွာ မုသာဝါဒစကားဖြင့် မင်း၏တန်ခိုး

လေးပါး ကွယ်ပျောက်သွားတာနဲ့ အတူ၊ နတ်သားလေးယောက် တို့လဲ မုသားပြောသောမင်းအား စောင့်ရှောက်နေလို့ ဘာအကျိုးရှိ မလဲ သံလျက်ပစ်ချပြီး ကွယ်ပျောက်သွားပြန်ပါတယ်၊ ကိုယ်နဲ့ခံတွင်း မှာလဲ မစင်ပုပ်ကြက်ဥပုပ်ကဲ့သို့ မကောင်းတဲ့အနံ့ ထွက်လာတယ်၊ ကောင်းကင်ကလျှောကျပြီး မြေကြီးပေါ်ကျရောက်လာပါတယ်။

အဲဒီအခါမှာ ကပိလရှင်ရသေ့က အရှင်မင်းကြီး မုသာဝါဒတခါ ပြောရသေးတယ် တန်ခိုးတွေ အကုန်လုံး ကွယ်ပျောက်သွားကြပြီ ရှေးကအတိုင်း တန်ခိုးရှိစေရန် အမှန်ကိုသာပြောဆိုပါဟု ဆုံးမပေမဲ့ မနာယူပဲ ရှင်ရသေ့က ငါ့အားလှည့်စားလိုသော သဘောပြောတာ ဟု နှလုံးပြု၍....

နှစ်ကြိမ်မြောက်မုသားဆိုရင် ဖမျက်အထိ မြေထဲသို့ငင်ပါတယ်၊ ရှင်ရသေ့ကလဲ ရှင်မင်းကြီး မုသားပြောတဲ့မင်းနိုင်ငံတော်မှာ အချိန်အခါ နဲ့မရွာမူ၍ အချိန်အခါမဟုတ် မိုးရွာပါတယ်၊ ဒါကြောင့်အမှန်တရား ကိုသာ ပြောဆိုပါဟု ဆုံးမပေမဲ့ နားမထောင်ပဲ သုံးကြိမ်မြောက်မုသား ပြောဆိုသောအခါ (ပုဆစ်) ဒူးဆစ်ထိအောင် မြေထဲသို့ဝင်သွားပါ တယ်။

ရှင်ရသေ့က အရှင်မင်းကြီး မုသားပြောဆိုတဲ့သူဆိုတာ မြွေနဂါးလို လျှာနှစ်ခွနှင့် ရှိတတ်လှသည် အမှန်ကိုသာဆိုပါဟု ဆုံးမသော်လည်း မလိုက်နာဘဲ လေးကြိမ်မြောက် မုသားဆိုပြန်သော် ခါးထိအောင် မြေထဲသို့ငင်သွားပါတယ်။

ရှင်ရသေ့ကလည်း အားမလျှော့သေးပဲ အရှင်မင်းကြီး မုသား ပြောဆိုတဲ့သူဟာ လျှာမရှိငါးလို စကားမပီပဲ ရှိတတ်ပါတယ်၊ အမှန်ကို သာ ပြောဆိုပါဟု ဆုံးမပါတယ်။

ဒါပေမဲ့ နားမထောင်ဘဲ ငါးကြိမ်မြောက်မုသားဆိုလျှင် ချက်ထိ အောင် မြေကြီးထဲဝင်သွားပြန်ပါတယ် ရှင်ရသေ့ကဆက်ဆုံးမပြန်တယ်၊ မင်းကြီး မုသားဆိုသော သူဆိုတာ သားယောကျ်ားမရ မိန်းမ

လေးသာ မွေးတတ်ပါတယ်၊ ဒါကြောင့် အမှန်အတိုင်းသာ ပြောဆိုပါဟု ဆုံးမပေမဲ့ မနာယူပါ။

ခြောက်ကြိမ်မြောက် မုသားပြောဆိုပြန်ပါတယ်၊ သားမြက်ထိအောင် မြေကြီးထဲသို့ ဝင်သွားပြန်ပါတယ်၊ ရှင်ရသေ့ကလဲ မင်းကြီးမုသားဆိုသောသူဆိုတာ သားယောကျ်ားပင် မွေးဖွားစေကာမူ မိဘများအား ကျေးဇူးမပြုပါဘူး၊ 'အမှန်ကိုသာပြောဆိုပါဟု' ထပ်မံဆိုဆုံးမပြန်သော်လည်း မနာယူ နားမထောင်မလိုက်နာဘဲ ခုနစ်ကြိမ်မြောက် ကပိလပုဏ္ဏားကားအငယ် ကောရကလမ္ဗကားအကြီးဖြစ်တယ်လို့ မုသားပြောဆိုလိုက်တဲ့အခါ မဟာပထဝီမြေကြီးသည် ဟင်းလင်းပွင့်လျက် မီးတောက်မီးလျှံသည် အဝီစိငရဲမှထ၍ ယူသွားပါတော့တယ်၊ ထိုစေတိယမင်းသည် ဆန္ဒာဂတိစတဲ့ အဂတိတရားလေးပါးလိုက်၍ ခုနစ်ခွန်းသောမုသာဝါဒကိုပြောဆို၍ မြေမျိုသွားတဲ့အခါ မုသာဝါဒပွဲသို့လာရောက်ကြည့်ရှုတဲ့လူအပေါင်းတို့ဟာ တော်တော်ပဲ ကြောက်ရွံ့ထိတ်လန့်ခြင်းဖြစ်ကြပါတယ်၊ တရားနာပရိသတ်အပေါင်းလဲ အခုဟောခဲ့တဲ့စေတိယမင်းဟာ နာခဲ့ကြတဲ့အတိုင်း မုသားစကားပြောဆိုရာ အင်္ဂါပယောဂညီညွတ်ပြည့်စုံနေတဲ့အတွက် မြေမျိုသွားပြီး အဝီစိငရဲသို့ ရောက်သွားတာကို ဓမ္မသံဝေဂဖြစ်ရန် ထုတ်နုတ်၍ဟောပြလိုက်ရပါတယ်။

ဒါကြောင့် မုသာဝါဒသိက္ခာပုဒ်ကို လုံခြုံစွာစောင့်ကြပါအုန်းလို့ တိုက်တွန်းလိုက်ရပါတယ်။

နောက်ပြီး—မလ္လိကာမိဖုယားကြီးဟာလဲ အရှင်သခင်ဖြစ်တဲ့ ပသေနဒီကောသလမင်းကြီးအား မပြောပလောက်သော မုသာဝါဒ လိမ်လည်ပြောဆိုမှုဖြင့် မဟာအဝီစိငရဲ၌ ခုနစ်ရက် ကျရောက်သွားရသေးတယ်လို့ မေ့ပဒအဋ္ဌကထာ ဆိုပါသေးတယ်။

## မိန်းမငါးရာဝတ္ထု

ဝိမာနဝတ္ထု အဋ္ဌကထာမှာလဲ ကဿပဘုရားရှင် လက်ထက်တော်တုန်းက ကိမိလပြည် သောတာပန်ဖြစ်တဲ့ ဥပါသကာတယောက်ဟာ

ငါးရာသော ဥပါသကာတို့နှင့် အတူတူတိုင်ပင်ကြ၍ ကျောင်းဆောက် လုပ်ပြီး သံဃာတပါးပင့် ကိုးကွယ်ကြပါတယ်။

ဥပါသကာ ဥပါသိကာမများလဲ ပန်းနံ့သာစတဲ့လှူဘွယ်ဝတ္ထုတွေနဲ့ နေ့တိုင်းမပြတ် ဆိုဘာလို ကျောင်းတော်သွား တရားတော်နာကြပါ တယ်တဲ့၊ တနေ့တော့ ငါးရာသော ဥပါသိကာမတွေနဲ့ အရက်သမား တွေနဲ့ လမ်းမှာ မှမျှော်လင့်ပဲ ပက်ပင်းပါတွေ့ကြရော ဆိုပါတော့။

ဒါနဲ့ပဲ အရက်သမားထဲမှ တယောက်က မင်းတို့အခုမိန်းမတွေထဲက တယောက်ယောက်ရအောင် ပြောနိုင်ကြပါ့မလား၊ တယောက်က ငါ ရအောင်ပြောနိုင်တယ်၊ မင်းအပြောမကြီးနဲ့ အို–ရတယ်၊ အဲဒီလို တယောက်တခွန်းအနိုင်လု ပြောဆိုငြင်းခုံကြရင်း ဘယ်လောက်အထိ ဖြစ်သွားကြသလဲဆိုရင် မရနဲ့အရ တထောင်တမ်းအလောင်းအစားဖြစ် သွားသတဲ့၊ ရမ်းသန်း ဟောပြောနေတာ မဟုတ်ဘူး တကယ့်ကို အလောင်းအစားဖြစ်သွားတာ။ ပေတဝတ္ထု အဋ္ဌကထာမှာ–

သဟဿေနအဗ္ဗုတံ ကရောမာတိ အဗ္ဗုတမကံသု။

သဟဿေန၊ တထောင်ဖြင့်။အ ဗ္ဗုတံ၊ လောင်းတမ်းကို။ ကရောမ၊ ပြုကုန်အံ့။ ဣတိ၊ ဤသို့ဆို၍။ အဗ္ဗုတံ၊ လောင်းတမ်းကို။ အကံသု၊ ပြုကြကုန်၏။စောင်းကိုတီးပြီးသီချင်းလဲဆိုပြလိုက်ရော မိန်းမငါးရာထဲမှ မိန်းမတယောက်က ကြိုက်နှစ်သက်တယ် ဆိုကြပါစို့၊ ဒါနဲ့မပြီးသေးဘူး ရှုံးသွားတဲ့ဘက်က အရက်သမားတွေက ဥပါသိကာမတွေထဲမှ သီတင်း သည်မိန်းမတယောက်ဟာ အစဉ်မှောက်မှားကြောင်း လင်ယောကျ်ား သွားပြောတာပေါ့၊ အတိစာရအမှု လွန်ကျူးတယ်ဆိုတာ ဟုတ်သလား ဟု သူမယောကျ်ားကမေးသောအခါ 'မဟုတ်ပါဘူးမမှန်ပါဘူး၊ ကြား စကား မယုံပါနဲ့'လို့ သီတင်းသည်မိန်းမက ပြန်ဖြေပါတယ်၊ သူမ ယောကျ်ား မယုံတဲ့အတွက် ကျမ မဟုတ်မမှန် လိမ်ညာပြောခဲ့ရင် ဟို အနားရပ်နေတဲ့ ခွေးနက်ကြီးသည် ဘဝဆက်တိုင်းလိုက်၍ 'စားပါ စေသားလို့' ခွေးနက်ကို သက်သေထူပြီး ကျိန်တွယ်ပြလိုက်ပါတယ်။

ဒါလဲမယုံသေးဘူးဟုဆိုသဖြင့် ဒီလိုအမှုမပြုတာအမှန်ပါ မယုံသေးရင် အဖေါ်မိန်းမများကိုသာ မေးကြည့်ပါဟု သက်သေပြပြန်ပါတယ်၊ အဖေါ်မိန်းမတွေက သိရက်သားနဲ့ကျွန်မတို့လဲမသိရပါဘူး၊ အဂယ်၍ သိရက်သားနဲ့ မသိမမြင်ပါဘူးလို့ပြောပါက သူမ ကျွန်ဖြစ်ရပါလို၏ ဟု သိရက်သားနဲ့ မုသားပြောဆိုလိုက်ပြန်ပါတယ်။ မုသားပြောဆိုသော သီတင်းသည်မိန်းမသည် ကာမေသုမိစ္ဆာစာရအမှု လွန်ကျူးပြုကျင့်မိတဲ့ မကောင်းမှုကြောင့်၎င်း, သီလရှိသောလင်အား လှည့်စားမိသော မုသာဝါဒကြောင့်၎င်း မကြာမီသေပြီး ဟိမဝန္တာ ကဏ္ဏမုဏ္ဍာအိုင်ရဲ့ အနီး၌ ဝိမာနပြိတ္တာနတ်သမီး ဖြစ်ပါတယ်၊ ကြွင်းတဲ့မိန်းမတွေမှာလဲ သေလွန်တဲ့အခါအဖေါ်မိန်းမအတွက် မဟုတ်မမှန် လိမ်ညာ၍ မုသားဆိုခဲ့မိလို့ အဲဒီမိန်းမရဲ့ကျွန်မတွေ လာဖြစ်ကြရပါတယ်။

နတ်သမီးဖြစ်တယ်ဆိုတာက သီလစောင့်ခဲ့ဘူးတဲ့ ကောင်းမှုကြောင့်ဖြစ်တာလို့ မှတ်ထားကြ ရောသွားအုန်းမယ်၊ နောက်ကဟောခဲ့တဲ့ ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ်မှာ ဣသိဒါသီနတ်သမီး အဖြစ်မျိုးပေါ့၊ နတ်သမီးဆိုရပေမဲ့ စတုမဟာရာဇ်စတဲ့ နတ်ဘုံတွေက နတ်သမီးမျိုးတွေမဟုတ်ပါဘူး၊ ဝိမာနပေတီနတ်သမီးမျိုးတွေ။

ဘုရားစသော ရတနာသုံးပါးတို့အား ဆည်းကပ်ကိုးကွယ်ခဲ့ကြတဲ့ ကုသိုလ်ကောင်းမှုနဲ့ မိမိရဲ့လင်ကို မုသားဆိုခဲ့တဲ့ မကောင်းမှု မုသာဝါဒကံ ပေါင်းစပ်ဒွန်တွဲတဲ့ မိဿကကံကြောင့် နေ့အခါနတ်စည်းစိမ်ကို ခံစားရပြီး ညအခါမှာသွားပြီး ခွေးနက်အစားခံရပါတယ်။

နတ်သမီးဖြစ်ပေမဲ့ ယောက်ျားမရှိ၍ ကဏ္ဏမုဏ္ဍာအိုင်မှတောင်ခေါင်းဖြင့် စီးသွားပြီး ဂင်္ဂါမြစ်သို့စီးဝင်တဲ့ မြစ်အတိုင်း သရက်သီးမျောချလိုက်ရာ ဗာရာဏသီပြည်သို့ရောက်၍ မင်းအားဆက်သပါတယ်၊ မင်းလဲ သရက်သီးအရသာသိရတာနဲ့ မုဆိုးများကို ငွေတထောင်ပေးပြီး သရက်သီးအရှာခိုင်းပါတယ်၊ မုဆိုးများလည်း နတ်သမီးနေရာသရက်ပင်တွေ ရှ၍ တိုင်းပြည်ပြန်ပြီး မင်းအားအကျိုးအကြောင်းပြောတဲ့အခါ မင်းလဲ

တောကစားဟန်ဆောင်၍ နတ်သမီးတွေနဲ့ ပေါင်းဖေါ်ပါတယ်၊ နှစ်ပေါင်းကြာလာသော် နတ်သမီးမိန်းမတွေရဲ့ ကောင်းကျိုးမကောင်းကျိုးသိရ၍ သံဝေဂရကာ တိုင်းပြည်ပြန်ပြီး ကုသိုလ်ကောင်းမှုများစွာ ပြုလုပ်လှူဒါန်းပါတယ်၊ မင်းဆိုတာ ဂေါတမဘုရားအလောင်း ဖြစ်ပါတယ်၊ ဒီတရားတော်ကို နတ်သမီးတွေနေရာ ရှင်မောဂ္ဂလာန်ရောက်ခဲ့၍ နတ်သမီးတွေက သူမတို့ရဲ့ အဖြစ်အပျက် အကုန်ပြောပြရာ ရှင်မောဂ္ဂလာန်မှ တဆင့် မြတ်စွာဘုရားလျှောက်ထား၍ ဟောကြားရတာပဲဖြစ်ပါတယ်၊ တရားနာရောက်လာကြသော တရားနာပရိသတ်အပေါင်းလဲ တရားသံဝေဂရကြ၍ မကောင်းမှုပြုလုပ်ခြင်းတို့မှ ရှောင်ရှားကြပါတယ်။

သုရာမေရယ သိက္ခာပုဒ်ရဲ့ အပြစ်ကိုလဲ သာဓကဝတ္ထု ဟောပြပါအုန်းမယ်။

## အပြစ်အကြီးဆုံးသိက္ခာပုဒ်

ပါဏာတိပါတစတဲ့ သိက္ခာပုဒ်ငါးပါးတို့တွင် သုရာမေရယသိက္ခာပုဒ်သည် အပြစ်အကြီးဆုံးလို့ ခုဒ္ဒကပါဌ အဋ္ဌကထာက မိန့်ဆိုထားပြန်ပါတယ်။

## ဘာဖြစ်လို့ အပြစ်ကြီးသလဲဆိုရင်

သုရာမေရယကံသည်သာ လူဖြစ်တဲ့သူအား ရူးသွပ်ခြင်းကိုဖြစ်စေတတ်တဲ့ အရိယာဖြစ်ကြောင်း အန္တရာယ်ကို ပြုတတ်သောကြောင့် အပြစ်ကြီးပါတယ်တဲ့။

အရိယာပုဂ္ဂိုလ်တို့၏ တရားဆိုတာ အရိယကန္တဖြစ်တဲ့ ငါးပါးသီလပဲဖြစ်ပါတယ်၊ အရိယာ ဖြစ်သွားလို့ရှိရင် မိမိအသက် ဆိုတဲ့အကြောင်းကြောင့် သူတပါးအသက်ကိုမသတ်တော့ပါ၊ မခိုးတော့ပါ၊ သူတပါးသားမယားကို မကျူးလွန်တော့ပါ မဟုတ်မမှန် လိမ်လည်မပြောဆိုတော့ပါ၊ သေရည်သေရက်ကိုလည်း မသောက်တော့ပါ။

အခုလက်ရှိ ဘဝတင်မဟုတ်ပဲ ဟိုဘဝ ဘယ်ဘဝမှ မကျူးလွန်တော့ပါ။

မင်းမောင်ဖြူကိုမသတ်ရင် မင်းကိုသတ်မယ်ဆို၍ဂုတ်ပေါ် ဒါးမိုးထားစေတော့ သူသာအသေခံမယ် မကျူးလွန်တော့ပါဘူး၊ဒါကြောင့်လဲ ငါးပါးသီလကို အရိယာတို့နှစ်သက်အပ်လို့ အရိယကန္တသီလလို့ခေါ်တယ်၊ နောက်တခု သုတ်သီလက္ခန်ကုဋဒန္တသုတ်အဖွင့်မှာ အရက်နဲ့နှိုရည်ရောပီး အရိယာပါးစပ်ထဲလောင်းထည့်စေကာမူ နှိုရည်သာဝင်၍ အရက်မဝင်ပါဘူးဟု မိန့်ဆိုပါတယ်။

## ယဇ်မျိုးသောက်ရာ၌ အထူးမှတ်ချင်သေးရင်

သုရာမေယရကံကိုတော့ မိစ္ဆာစာရ၌ သွင်းယူကြောင်း ဟောခဲ့ပီနော်။

ဒါအပြင် ဒီပနီဆရာတော်က ဒုစရိုက်ဆယ်ပါးစလုံးကိုပင် အားပေးနိုင်သောကြောင့် ဒုစရိုက်ဆယ်ပါးလုံး၌သွင်းယူကြောင်း ပြတော်မူဘာကို ကောင်းသားပဲကွဟု ဆရာ့စကား မှတ်သားဘူးပါတယ်။

နောက်ပီး ဝိနည်းအဋ္ဌကထာ၌ သေဆိုတဲ့အဆင်းအနံ့ ရှိနေပေမဲ့ ဆေးများစွာ စီရင်ပြုလုပ်ထားတဲ့ လောဏသောဝီရအဖျော် သုတ္တမည်တဲ့အဖျော်တို့ကို သောက်မျိုသော်လည်း အပြစ်မရှိပါ၊ ယဇ်မျိုးကိုပင် ဟင်းထဲမှာပဲဖြစ်စေ ဆေးထဲမှာပဲဖြစ်စေ ထည့်လို့ ယဇ်မျိုးအနံ့မရှိရင် စားသောက်ကောင်းပါတယ်၊ ယဇ်မျိုးမှန်းမသိလို့ သောက်မိတဲ့ရဟန်းအား ပါစိတ်အာပတ်သင့်၍ သာမဏေမှာတော့ သီလမပျက်ဟု မိန့်တော်မူပါတယ်၊ ဝိမတိဝိနောဒနီဋီကာမှာတော့ ယဇ်မျိုးမှန်းမသိလို့ သောက်တဲ့ သာမဏေဟာအလုံးစုံသော သီလပျက်ခြင်း၊ သရဏဂုံပျက်ခြင်းသို့မရောက်ပါ၊ ဒါပေမဲ့ အကုသိုလ်ဖြစ်ပါတယ်။

## ဘယ်အရာမဆို သူ့ပါသကို

အရာရာမှာ အရေးပါအရာရောက်လှတဲ့အစားအစာတခု အဲဒီအစား အစာကတော့ တခြားမဟုတ်ပါဘူး (အရက်) ပဲဖြစ်ပါတယ်၊ဘာပြုလို့ အရေးပါအရာရောက်သလဲလို့ဆိုတော့ လူမှုရေးဆိုတဲ့နေရာမှာ အရက် အစားအစာဟာ ရာခိုင်နှုန်းပြည့်လုမတတ် ဝင်ရောက်နေရာယူနေတာ ကိုတွေ့ရပါတယ်၊ လူရေးတန်းရေးလူမှုရေး၊ ကြီးပွားရေး၊ စီးပွားရေး လုပ်ရာ အရက်မပါရင် မပီးသလောက်ဖြစ်နေတာကို တွေ့ရပါတယ်၊ အရက်နဲ့ညှော်ခံရတယ်၊ သူမပါရင်အလုပ်ကို မဖြစ်တော့ပါဘူး၊ ဒီစကား ချိုးလေးနဲ့ဆက်စပ်လို့ ဖြစ်ရပ်ကလေးတခုပြောပြမယ်။

### ရေလောင်းပေးမမနှယ် ခဏကျွတ်တာပေါ့

နယ်တနယ်မှာ အလှူလုပ်ဘို့ မဏ္ဍပ်တခု ဆောက်မယ်ကြံတော့ မဏ္ဍပ်ဆောက်မဲ့အလယ်မှာ ဝါးရုံငုတ်ကြီးတငုတ် ရှိနေသတဲ့၊ အလှူရှင် ဖြစ်တဲ့ မိန်းမတွေက ဒီငုတ်ကြီးကို ဘယ်လိုလုပ်ကြမလဲလို့ မဏ္ဍပ် ဆောက်လာတဲ့လူတွေကို မေးလိုက်တော့ တယောက်ကထပြောတယ်၊ မမနှယ် ရေလောင်းပေး ခဏလေးကျွတ်တာပေါ့လို့ ပြောလိုက်သတဲ့၊ ဒါနဲ့အလှူရှင်မမက ဝါးရုံငုတ်ကျွတ်ပီးရောဆိုပီး ရေတွင်းကရေတွေ ဆွဲလောင်းမယ်ကြံနေတုံး ပြောတဲ့သူကရီသတဲ့၊ အလှူရှင်မမက ဟဲ့ဘာရီ တာတုံးဟုဆိုတော့ မမကတယ်ရိုးတာကိုး၊ရေဆိုတာအရက်ကိုပြောတာ ဗျလို့ ပြောလိုက်ပါတယ်၊ အဓိပ္ပါတ်က အရက်တိုက်ဖေါ်ခိုင်းလိုက်ရင် ခဏကလေးကျွတ်သွားမယ်လို့ ပြောဆိုတာပဲဖြစ်ပါတယ်၊ ဒုဘနိပါတ် ဓမ္မဇေဇာတ်မှာ အရက်သောက်ပြီး လူစိတ်ပျောက်ကာ မိမိရင်သွေး သားကလေးကိုတောင် ရင်ခွဲအသဲကင်စေပီး အရက်နဲ့မြည်းတယ်ဆိုတဲ့ ဇာတ်သာခကတွေလဲ အများအပြားရှိပါတယ်လေ၊ ဒါဖြင့် အရက် သောက်ခြင်းဟာ အကျိုးဟူ၍ မြူငွေ့မျှမတွေ့ရပဲ အပြစ်တွေကိုသာ

အများအပြားတွေ့ရတဲ့အတွက် ရှောင်ကြဉ်ကြဖို့ အထူးတိုက်တွန်းဟောပြလိုက်ရပါတယ်။

ဒီမူးယစ်သောက်စားဆိုတဲ့အလုပ်ဟာ လောကီလောကုတ် အကျိုးမဟုတ် အကျိုးသာယုတ်စေတဲ့ ဘုရားမကြိုက်၊ အများမကြိုက်၊ မယားမကြိုက်တဲ့အလုပ်မို့ မလုပ်ချင်ကြစမ်းပါနဲ့၊ (မဇ္ဇပါနာစသံယမော) ဆိုတဲ့ ဘုရားဟောမင်္ဂလာအတိုင်း မူးယစ်စေတတ်တဲ့အရက်ကိုသောက်စားခြင်းမှ ကောင်းစွာရှောင်ကြဉ်နေတာဟာ မင်္ဂလာတရားမင်္ဂလာကိုသိုလ်လဲဖြစ်ပါတယ်။

အရက်သောက်ရင်း သဏ္ဍာဃဒိဋ္ဌိများ ပြုတ်ကျနေအုန်းမလားမပြောတတ်ဘူး။

ဒီလိုဘုရားတရားတော်ကို ဝိနည်းရှောင်ပြီး လှည့်စားတဲ့မာယာဉာဏ်နဲ့ ကြံဖန်ပြောသောက်တော့ အပြစ်ကလွတ်ရောတဲ့လား အဓွှောဟရဏ-မျိုခြင်းဆိုတဲ့ သံယုတ်အဋ္ဌကထာစကား နားထောင်ပါအုန်း။

လူဖျက် အရက်
ရှင်ဖျက် ဇာက်
ဒါးဖျက် ဝါးမျက်တဲ့

ဒီစကားတွေလည်း ကြားဘူးရှဲ့သားနဲ့ သက်သက် ငသွေငချောင်လုပ်စကားပြောနေကြတယ်။

## အဖန်ငါးရာ

အရက်သောက်တဲ့အပြစ်တွေကတော့ မနည်းဘူးပေါ့၊ မြတ်စွာဘုရားသခင်က—

ဘိက္ခဝေ၊ချစ်သားချစ်သမီးတို့။ သုရာပါနဿ၊ သေရက်သေရည်ကိုသောက်သောသူ၏။ ဒေါသကာ၊ အပြစ်တို့သည်။ ယက္ခော၊ ဘီလူးအဖြစ်သည်လည်း။ ပဉ္စဇာတိသတံ၊ ဘဝငါးရာသည်။ ဟောတိ၊ ဖြစ်၏။

သုနော စ၊ ခွေးအဖြစ်သည်လည်း။ ပဋ္ဌဇာတိသတံ၊ ဘဝငါးရာသည်။ ဟောတိ၊ ဖြစ်၏။ ဥမ္မတ္တကော၊ သူရူးအဖြစ်သည်ကား။ အနန္တော၊ အတိုင်းမသိဖြစ်၏လို့ ဟောတော်မူသည်။

ဘယ်လိုဟောသလဲ ဘီလူးဘဝငါးရာ....

ခွေးဘဝငါးရာ လူဖြစ်တော့ လူရူးဘဝပေါင်းများစွာ မရေတွက်နိုင်ဘူးတဲ့၊ လူဖြစ် လူရူး ခွေးဖြစ် ခွေးရူး ဝက်ဖြစ် ဝက်ရူးမှတ်ထားကြ၊ လူ့ပြည်အောက်သို့ဆင်းသွားရင် သဥ္စိုးငရဲ၊ ကာလသုတ်ငရဲ၊ သင်္ဃာတငရဲ၊ ရောရုဝငရဲ၊ မဟာရောရုဝငရဲတဲ့, ဇာလရောရုဝ ငရဲဆိုတာ အရက်သမားတွေကျတာပေါ့၊ ဓုမရောရုဝငရဲကတော့ ဘိန်းစားတွေကျတာအဲဒီလောက်ပဲ မှတ်ထားကြအုန်း၊ ရှေ့နားကြမှ ဟောပြအုန်းမယ် ရှိစေတော့။

စကားဖြတ်လို့ အရက်သမားတို့၏ လက်သုံးစကား....

စကားနာသံပေါက်ကလေး ပြောပြလိုက်ရအုန်းမယ်။

အရက်သောက်တာငါမပေါ ရုပ်နာမ်နှစ်ပါးမှတ်။

ငါသောက်တာမဟုတ်ပါဘူး ရုပ်နာမ်သောက်တာပါတဲ့၊ ပန်းပန်ခြင်းစသည်တို့၌ကဲ့သို့ သုရာပါနဝေရမဏီ သီလပျက်ပါတယ်လို့ဆိုတော်မူပါတယ်။

ဒီနေရာမှာ တရားနာလာကြတဲ့ပရိသတ်တွေ သာမဏေလိုဖြစ်သင့်တယ်လို့ဆိုကြတယ်နော်၊ သောတာပန်ဖြစ်နေပီလို့ ပါးစပ်က အမြှုပ်ဖောင်းဖောင်းထွက်အောင် ပြောပေမဲ့ အခုဟောကွက်မှာပါတဲ့ သဘောနက်ကို သေသေချာချာ မှတ်ချင့်ယုံကြပေါ့ သတိပေးတာ။)

ယစ်မျိုးကို တလက်ဖက်လောက်သောက်တော့ အပြစ်နည်းပါတယ်၊ တလက်ခုပ်လောက်သောက်လိုက်တော့ အပြစ်ကြီးသွားပါပြီ၊ ဒါထက် မိမိကိုယ်ကိုတောင် မထိန်းနိုင်မသိမ်းနိုင် ယိမ်းယိုင်အောင်သောက်တဲ့လူမျိုးကျတော့ ပိုမို၍ အပြစ်ကြီးတာပေါ့၊ ဘာပြုလို့လဲဆို

တော့ မြို့ရွာပင်ပျက်စီးသွားသည်အထိ ပြုလုပ်လာလို့ပဲ ဖြစ်ပါတယ်၊ အဲဒီလို အရက်သောက်ထားတဲ့သူဟာ အရူးလိုဖြစ်နေတာပဲ မဟုတ်လား၊ ဒါကြောင့်–

သူများအသက် သတ်ရမှာကိုလဲ မကြောက်မလန့်၊ သူများဥစ္စာကို ခိုးရမှာကိုလည်း လက်မတွန့်၊ သူတပါးမယား လွန်ကျူးရမှာကိုလည်း ဝန်မလေး၊ မဟုတ်မမှန် လုပ်ကြံ၍ လိမ်လည်ပြောဆိုရမှာကိုလည်း အပ့န်းမကြီးတော့ပါ၊ ဘာမဆိုအားလုံးလုပ်ရဲပါတော့တယ်၊ အရှက်ရှိမှ အကြောက်ရှိ အကြောက်ရှိမှ အရိုအသေရှိမှာပဲမဟုတ်လား။

## သုရာမေရယသိက္ခာပုဒ် လွန်ကျူးတဲ့ဝတ္ထု
## "အရှင်သာဂတမထေရ်ဝတ္ထု"

ဒီဝတ္ထုဇာတ်လမ်းလေးကိုလဲ သံဝေဂယူဘွယ် အတုယူဘွယ်ကောင်း လှ၍ ရှည်တယ်တော့မထင်ကြနဲ့ ထည့်ဟောပေးလိုက်မယ်၊ နာကြ အုန်းပေါ့။

အရှင်သာဂတမထေရ် ဆိုတာက ဂေါတမမြတ်စွာဘုရား၏ အသီတိမဟာသာဝကအဝင်ပဲ ဖြစ်ပါတယ်၊ လွန်ခဲ့သောကမ္ဘာတသိန်းထက် တုန်းက ပဒုမုတ္တရမြတ်စွာဘုရားရှင်လက်ထက် ဟံသာဝတီပြည်မှာဖြစ်ပြီး မြတ်စွာဘုရားတရား နာကြားရသဖြင့် တေဇောဓါတ်ဝယ် လိမ္မာသော ရဟန်းတို့ထက် မြတ်သောအရာကို ဆုတောင်းလျက် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုပြုလုပ်၍ ကမ္ဘာတသိန်း လူ့ပြည်နတ်ပြည်တို့၌ ကျင်လည်ပြီးမှ ဂေါတမမြတ်စွာဘုရားလက်ထက် သာဝတ္ထိပြည်မှာ ပုဏ္ဏား မျိုး၌ဖြစ်လာ၍ သာဂတလို့ နာမည်မှည့်ခေါ်ပါတယ်။

သာဂတသည် မြတ်စွာဘုရားသာသနာတော်ဝင် ရဟန်းပြုပြီးသော် သမာပတ်ရှစ်ပါး အဘိညာဉ်ငါးပါးတို့ကို ဖြစ်စေပါတယ်၊ မြတ်စွာ ဘုရားသခင်လဲ ဒေသစာရီလှည့်လည်တော်မူရင်း ကောသမ္ဗီပြည်အနီး ဘဒ္ဒဝတီမြို့သို့ ဆိုက်ရောက်တော်မူပါတယ်။

ဒီဘဒ္ဒဝတီပြည်ရဲ့အနီး အမ္ဗတိတ္ထမြစ်ဆိပ်၌ ကူးတို့သူကြီးဟောင်းကို ရန်သူရိုက်သတ်လို့ နောင်အခါသင်တို့အား ညှဥ်းဆဲနှိပ်စက်ရပါလို၏ဟု ဆုတောင်းကာ သေသွားပါတယ်၊ ကူးတို့သူကြီးဟောင်းက သေလွန်တဲ့နောက် အမ္ဗတိတ္ထမြစ်ဆိပ်မှာပဲ တန်ခိုးကြီးသောနဂါးကြီး ဖြစ်နေပါတယ်၊ ကောသမ္ဗီ ပြည်သူပြည်သားတို့ဟာလဲပဲ တန်ခိုးကြီးတဲ့နဂါးမင်းကြီး ယဥ်ကျေးအောင်ဆုံးမနိုင်တဲ့အတွက် အရှင်သာဂတမထေရ်ကို သိပ်ကြည်ညိုနေတာပေါ့လေ၊ ဘာပြုလို့လဲဆို တန်ခိုးကြီးနဂါးကြောင့် စိုက်ချိန်ပျိုးချိန်မိုးမရွာ စိုက်ချိန်ပျိုးချိန်မဟုတ်မှ ရွာဖြစ်နေလေတော့ ရာသီမမှန် ဥတုမမှန်ဖြစ်ခါ စပါးအသီးအနှံမကောင်းလို့ မိုးကောင်းလေမှန်ဖြစ်စေရန် နဂါးမင်းနေရာတွင် အိမ်တခုပြုလုပ်၍ နှစ်စဥ်ပူဇော်နေရတာ အခုလို အရှင်သာဂတမထေရ် ဆုံးမပြီးတဲ့နောက်ပိုင်း မိုးကောင်းလေမှန် ဖြစ်လာကာ အသီးအနှံ ကောင်းကောင်းမွန်မွန်ထွက်လာကြတော့ ဒို့ပြည်သူပြည်သားတွေရဲ့ အခုလိုဖြစ်ရတဲ့ဘေး အခု အရှင်သာဂတ တန်ခိုးကြီးနဂါး ဆုံးမလိုက်လို့သာ မိုးကောင်းလေမှန် ဖြစ်ပြီး အသီးအနှံတွေလဲ ကောင်းမွန်သန်မာစွာ အထွက်တိုးကြလို့ ပြည်သူပြည်သားတွေ ဝပြောသာယာမှုဖြင့် ကြည်ဖြူနေကြတာပဲဖြစ်ပါတယ်။

အဲဒီလို အမ္ဗတိတ္ထ တန်ခိုးကြီးနဂါးမင်းကို ဆုံးမကာ မြတ်စွာဘုရားအား ပူဇော်စေပါတယ်၊ မြတ်စွာဘုရားသခင်လဲ ဘဒ္ဒဝတီမြို့တော်မှ တဆင့် ကောသမ္ဗီပြည်သို့ ကြွတော်မူပါတယ်၊ ကောသမ္ဗီပြည်သူပြည်သားများလဲ တအားခဲပြီး ကြွလာတော်မူသော မြတ်စွာဘုရားအား များစွာသော ပူဇော်သက္ကာရကိုပြုကြ၍ ခမ်းနားသိုက်မြိုက်စွာဖူးမျှော်ပူဇော်ကြပါတယ်။

မြို့သူမြို့သားတွေက အရှင်သာဂတအား 'မှန်လှပါ ရဟန်းများမှာ ဘယ်ပစ္စည်း ဝတ္ထုများ ရခဲပါသလဲဘုရား' ရနိုင်ခဲတဲ့ပစ္စည်းဝတ္ထုကို အမိန့်ရှိတော်မူပါဘုရားဟု လျှောက်ထားကြပါတယ် (ဆဗ္ဗဂ္ဂီတို့က)

ရဟန်းတော်များမှာ ဇိပြင်အလှူဝတ္ထုတွေရလှယ်ပြီး သေအရက်ရခဲ့တယ် ဆိုပီးပြုလုပ်ခိုင်းပါတယ်၊ (တရွာလုံးချဥ်ဘောင်ဟင်းချည်းပဲ) ဆိုတာလို တမြို့လုံး ဆွမ်းမချက်ပဲ အိမ်တိုင်းအိမ်တိုင်း ခိုခြေအဆင်းရှိတဲ့သေအရက် တွေချည့် ချက်ထားကြဆိုကိုး (အခု ခေါ်ရမ်) ခေါ်မလားဘဲ၊ အရှင် သာဂတမထေရ်လဲ မြို့တွင်းဆွမ်းခံကြွလာရော ဘာပြောကောင်းမလဲ ဟိုအိမ်ကလဲ 'အရှင်ဘုရား သုံးဆောင်ဘုဥ်းပေးတော်မူပါအုန်းဘုရား' ဒီအိမ်ကဖြင့်လဲ တပည့်တော်တို့သေအရက် သုံးဆောင်ကြည့်ပါအုန်း ဘုရားနဲ့ ကပ်လှူလိုက်ကြတာ အရှင်သာဂတလဲ သိက္ခာပုဒ်ကမပညတ် ရသေးလေတော့ (အခုခေတ် လိမ္မော်ရည် ဘိလပ်ရည် အလှူမှာကပ်ကြ သလိုပေါ့လေ) သူ့လိမ္မော်ရည် သောက်ပါအုန်း ငါ့လိမ္မော်ရည် သောက်ပါအုန်း သူ့ထက်ငါလုယက်ကပ်ကြသလို ကပ်ကြတော့ တအိမ် နည်းနည်း တအိမ်နည်းနည်းနဲ့ သောက်သွားလိုက်တာ နည်းပေါင်းလဲ များ လဲလဲသွားဆိုတာလို မြို့အထွက်လဲရောက် မူးလဲရောဆိုပါတော့၊ နဂရမှာ နိက္ခမန္တော ရဂရဒွါရေ ပရိပတိ။ နဂရာ၊ မြို့မှ။ နိက္ခမန္တော၊ ထွက်သွားသည်ရှိသော်။ နဂရဒွါရေ၊ မြို့တံခါး၌။ ပရိပတိ၊ လည်း၏။

## (ဝိနည်းပါဠိတော်)

တရားဟောနေရင်း ဦးပဥ္စင်းတို့ပြည်နယ်ဘက်က ကိုရင်ကြီး သွား အမှတ်ရတယ်၊ အဲဒါကဘာလဲဆိုတော့ ဦးပဥ္စင်းတို့ပြည်နယ်ဘက်မှာ စိတ်သိပ်မကောင်းတဲ့ကိုရင်ကြီး တောထွက်တပါးရှိပါတယ်၊ ပြည်ဘက် နယ်ကျထန်းပင်တွေပေါတာကို။

တနေ့တော့ ထန်းတောထဲသွားပြီး 'ဘာလဲဟေ့' ထမ်းတက်သမား မေးလိုက်သတဲ့၊ ထမ်းတက်သမားက 'ရဟန်းကြီးကြိုက်ဘုရားလို့' ပြော လိုက်ပါတယ်၊ 'ပေးစမ်းကွာတမှု' ဂျိုက်ဂျိုက်နဲ့ သောက်ချလိုက်တာ ကုန်ရောပဲ၊ 'နောက်တမှုပေးအုန်းဟေ့' မနားပဲ အမြီးမပါ ဗလာ သောက်ချလိုက်ပြန်တာ ကုန်သွားပြန်တာဘဲတဲ့ နောက်တခါတောင်း

သောက်တာရော သုံးမှုလဲကုန်ရော ကံသင်းဆုံမှာ တခေါင်းလဲနေတာ မထနိုင်တော့ဘူး။

ထန်းတက်သမားက ကိုရင်ယူအုန်းမလားဆိုတော့ လက်သာပြနိုင်တော့ဆိုပဲ ကိုရင်ကြီးက ပြောလိုက်သတဲ့ "ရဟန်းကြီးကြိုက် ဆိုလို့ သောက်ပါတယ် (အိုးမဟာ) မူးပီဟေ့လို့ဆိုလိုက်တယ်ဆိုပဲ၊ တရားနာ ပရိသတ်တို့ရဲ့ (ရဟန်းကြီးကြိုက်) ဆိုတာအချို မမူးပါဘူး၊ မိန်းမတွေ တောင် သောက်နိုင်ပါတယ်၊ တမူဆိုဘာက ထန်းရည်ခံတဲ့လေးလုံးဝင် အရွယ်လောက်ရှိတဲ့ အိုးလေးတလုံးကို ခေါ်ပါတယ်၊ ကိုင်း-တရား ပြန်ဆက်လိုက်ကြအုန်းစို့၊ မြတ်စွာဘုရားသခင်လဲ မြို့ထဲမှကြွလာတော် တာနဲ့ မြို့တံခါးဝမှာ အရက်မူးလဲနေတာနဲ့ ပက်ပင်းပါ သွားမြင်တော် မူလို့ မြတ်စွာဘုရားအမိန့်တော်ဖြင့် ရဟန်းတွေက တဲ့ပိုးခေါ်သွားကြပီး သိပ်ထားကြတာပေါ့၊ ဘုရားဘက် ခြေထိုးလိုက် ခေါင်းတိုက်လိုက် အရှက်အကြောက်မရှိ ဖြစ်ချင်သလိုဖြစ်နေတော့ တာပေါ့။

ဒီအချိန်မှာ မြတ်စွာဘုရားက ချစ်သားတို့ ရှေးအခါက သာဂတ ဟာ ငါဘုရားအားအလွန်ရိုသေတယ်၊ ကြောက်တယ် ရှက်တယ်မဟုတ် လားဟုမိန့်တော်မူတဲ့အခါ ရဟန်းတွေက ရှက်ကြောက်ရိုသေကြောင်း ပြန်ဖြေကြပါတယ်။

အေး-အခုအခါ သာဂတဟာ ငါဘုရားအားရှက်ကြောက် ရိုသေ ရှိသေးသလားဟု မိန့်တော်မူပြန်တဲ့အခါ ရဟန်းတွေက မရှိတော့ ကြောင်း ဖြေကြပါတယ်။

အဲဒီလို အရိုအသေ အရှက်အကြောက်မရှိ ကင်းမဲ့ရတာဟာ သေ အရက်သောက်လို့ပဲ ချစ်သားတို့လို့ မိန့်တော်မူပါတယ်။

ရှေးကတော့ အမ္ဗတိတ္ထနဂါးကြီးကို ဆုံးမနိုင်ခဲ့ပေမဲ့ အခု တတ်နိုင် သေးရဲ့လား၊ သာဂတဟာ တန်ခိုးကြီးသော အမ္ဗတိတ္ထနဂါးမဆိုထားနဲ့

ရေမြွေငယ်ငယ်လေးကိုသော်မှ ဆုံးမနိုင်အုန်းမှာလားဟူသော အမေးတော်များကို မစွမ်းနိုင်တော့ကြောင်း ရဟန်းတွေက ဖြေကြပြန်ပါတယ်။

တခါဆက်လက်၍ မြတ်စွာဘုရားသခင်က ချစ်သားတို့ အခုလိုတန်ခိုးကြီးခြင်းဆိုတဲ့ ကျေးဇူးဂုဏ်အားလုံးကို ဖျက်ဆီးတတ်သောသေအရက်သောက်ခြင်း အပြစ်ကို ကြည့်ကြ၊ သေအရက်ကိုသောက်မိရင် သတိပညာလွတ်ကင်း၍ တွေဝေမိန်းမောရမှာပဲဖြစ်တယ်၊ အဲဒီလိုအကျိုးမရှိ အပြစ်အတိဖြစ်တဲ့ သေအရက်ကိုသောက်တာ ကောင်းသလား မကောင်းဘူးလားဟု ထပ်ဆင့် မိန့်တော်မူပြန်ပါတယ်၊ မကောင်းကြောင်း လျှောက်ကြတဲ့အခါ-

ချစ်သားတို့ ဒီလိုမသောက်ကောင်း မသောက်အပ် အပြစ်များတဲ့သေအရက်ကို သောက်တာဟာ မလျောက်ပတ်ပါ မကောင်းလဲမကောင်းပါဟု မိန့်တော်မူ၍ ရဟန်းတို့သည် မူးယစ်မေ့လျော့စေတတ်သော အရက်ကိုသောက်သော် ပါစိတ်အာပတ်သင့်စေလို့ သိက္ခာပုဒ်ကိုနောင်အခါ တပည့်သားတို့အား သောက်စားမူးယစ်ခြင်း မရှိရအောင်ပညတ်တော်မူပါတယ်။

အရှင်သာဂတမထေရ်လဲ အရက်မူးလဲပြေသွားရော သတိရ၍ ငါအရက်အကြောက် မရှိလို့သာ သေအရက်ကို သောက်မိပေပြီဟုသူ့အမှားသူသိပြီး မြတ်စွာဘုရားသခင်အား ကန်တော့ပြီး မသောက်ကောင်းသော အရက်ကို သောက်မိလို့သာ ယခုလို မြတ်စွာဘုရားမှန်းမသိတဲ့အထိ ဖြစ်ရတာပါလားဆိုတဲ့ သံဝေဂတရားရှေ့ရှု နှလုံးမူလျက် ဝိပဿနာတရား ပွားများအားထုတ်လိုက်တာ မကြာမြင့်မီပင်အရဟတ္တဖိုလ် ရောက်သွားပါတယ်တဲ့၊ ရဟန္တာ ဖြစ်သွားတာပေါ့၊ ဒီသေအရက်နှင့် ပတ်သက်လို့ မပေးလှဘောင်းဘူးဟု အလွှဝတ္ထုနည်းသည် များသည်ဟုဆိုသော ပြောကျက်မှာ ထည့်ဟောခဲ့ပါသည်။

၃၃ [illegible](ဇ-၁၇)

## သူရာမှဆိုးနှင့် ဝရဏရသေ့တို့ဝတ္ထု

သုံးလောကမျက်ရှု သဗ္ဗညုသည် သာဝတ္ထိပြည်မှန် ဇေတဝန် ရွှေကျောင်းတော်၌ ကိန်းအောင်းမွေ့လျော် စံပျော်တော်မူစဉ် ပုဗ္ဗာရုံကျောင်းအမကြီး ဝိသာခါမှာ အဖော်မိန်းမငါးရာ ရှိပါတယ်၊ တနေ့တော့ သာဝတ္ထိပြည်ကြီးမှာ အရက်သောက် ပျော်ပွဲရှင်ပွဲကြီးကျင်းပပြုရာ ဒီသဘင်ပွဲမှာ မိန်းမငါးရာတို့လည်း အရက်သောက်စားပျော်ပါးရှင်မြူးတဲ့ပွဲမှာ ပါဝင်သောက်စားဘို့အတွက် သူမတို့ရဲ့အပေါင်းပါဝိသာခါကို သွားခေါ်ပါတယ်၊ ငါတော့မသောက်ဘူးဟု ပြောဆိုတဲ့အခါ မိန်းမငါးရာက ရှင်မသာ ဘုရားအားလှူဒါန်းရစ်ပေါ့၊ ကျမတို့တော့ သွားကစားမယ်လို့ ပြောပြောဆိုဆို အရက်သောက်ပွဲသဘင်သို့ထွက်သွားကြပါတယ်၊ ဝိသာခါလဲ ဗုဒ္ဓပ္ပမုခသာ–ဘုရားအမှူးရှိသော သံဃာတော်မြတ်တို့အား ပင့်ဘိတ် အလှူကြီးပေးပြီးမှ ညလဲကျရောပန်းနံ့သာယူခါ မိန်းမငါးရာနှင့်တကွ ဘုရားထံတော်သို့ တရားနာသွားကြပါတယ်၊ ဘုရားထံတော်လဲရောက်ရော ဝိသာခါကတော့ ဘုရားကိုယ်တော်မြတ်ကို ဝတ်ဖြည့်ရှိခိုးပြီး ဣန္ဒြေရရ သင့်တင့်သောနေရာထိုင်နေတာပေါ့လေ၊ အဲ–သူ့ပရိသတ် အရက်သူမငါးရာက ဇာတိပြပါရောဆိုပါတော့၊ ဘယ်လိုဇာတိပြသလဲဆိုလျှင် မြတ်စွာဘုရားရှေ့တော်မှာ တချို့မိန်းမတွေက ကကြ တချို့မိန်းမတွေက သီချင်းဆိုကြ တချို့မိန်းမတွေက လက်တွေ ကိုးယိုးကားယားနှင့် ယုတ်တီယုတ်ခတ်တွေလုပ်ကြတာပေါ့၊ အရက်မူးနေတော့ အရှက်အကြောက် မရှိကြတော့ဘူး၊ လုပ်ချင်ရာလျှောက် လုပ်ကုန်ကြပါတယ်၊ အရက်မူးတာဟာ ဘုရားရှေ့တော်မှာတော့ ဘုရားမှန်းမသိ. မရှိသေမကိုင်းရှိုင်း ဇက်ရဲလက်ရဲပြုလုပ်ဝံ့ကြလျှင် အခြားမျက်ကွယ် ဘယ်လောက် ဘရုတ်သုတ်ခကြမည်ဆိုတာ တွေးသာကြည့်ကြပေတော့လေ၊ အကုသိုလ်အလုပ်ဘယ်အလုပ်ပဲဖြစ်ဖြစ် ရဲဆေးတင်ပေးလိုက်တော့ မကြောက်မရွံ့နောက်မတွန့်တော့ပဲ လုပ်ရဲတော့တာပါပဲ၊ ဒါကြောင့် အရက်သောက်စားမှု

ပြုသူများအား လောကီ လောကုတ္တရာ နှစ်ဖြာစလုံး အကျိုးမတွေ့ အပြစ်ကြီးတွေ့ရပါတယ်၊ နောက်ကလည်း အပြစ်ပြဟောခဲ့ပါတယ်၊ ပြန်သာကြည့်ကြ၊ အရက်သေစာ ဆိုတာကလဲ ယောကျ်ားတွေတွင် မဟုတ် မိန်းမတို့ကလည်း သောက်ကြတာပါဘဲနော်၊ ဒီတရားနာပရိသတ်ထဲ အရက်သမားမိန်းမ ပါမယ်တော့မထင်ပါဘူးထင်ပါရဲ့ အရက်သောက်ခြင်းရဲ့ အပြစ်ဟာ ဘီလူးအဖြစ်ဘဝငါးရာ ခွေးအဖြစ်လဲဘဝငါးရာ လူ့ဘဝလူ့နေရာ ရောက်လာစေကာမူ အရူးအဖြစ် ဆိုတာအနန္တာ—အတိုင်းအတာ မရှိတော့ဘူးတဲ့၊ မြတ်စွာဘုရားသခင်လည်း မိန်းမတွေသိတ်လန့်သွားအောင်မျက်မှောင်တော်မှ ညိုသောရောင်ခြည်လွှတ်တော်မူ၍ အရက်သူမငါးရာကို မှောင်ချထားလိုက်ပါတယ်၊ (သူ့မမြင်ရ ငါ့မမြင်ရ) အကုန်လုံးကြောက်လန့်ပြီး အရက်မူးပြေသွားကြပါတယ်၊ မြတ်စွာဘုရားသခင်သည် နေရာပလ္လင်တော်မှကွယ်တော်မူခဲ့၍ မြင်းမိုရ်တောင်ထိပ်မှာ ရပ်တော်မူလျက် ဥဏ္ဏလုံမွေးရှင်တော်မှ ဖြူသောရောင်ခြည်တော် လွှတ်တော်မူပါတယ်၊ အလင်းရောင်ပေးတော်မူလိုက်တာပါဘဲ၊ ဆက်လက်၍ ဓမ္မသံဝေဂဖြစ်စေရန် အဲဒီမြင်းမိုရ်တောင်ထိပ်ကပဲ နေတော်မူ၍ တရားဟောတော်မူတဲ့အခါ တရားတော်ရဲ့အဆုံးမှာ အရက်သမားမိန်းမ ငါးရာဟာ သောတာပန် ဖြစ်သွားကြပါတယ်၊ သောတာပန် ဖြစ်ခါနီးနေတာတောင် အရက်က သောက်လိုက်သေးတယ်၊ တရားနာပရိသတ်တို့ရေ သောတာပန်ဆိုတာက ဘဝဆက်တိုင်းဆက်တိုင်း မကောင်းမှု မပြုလုပ်တော့ဘဲ ငါးပါးသီလလုံခြုံသွားတဲ့အပြင် ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ သံယောဇဉ်ဆိုတဲ့ သံယောဇဉ်သုံးပါးကို ပယ်လိုက်ပါတယ်လို့ တိုတိုမှတ်ထားကြ၊ မြတ်စွာဘုရားသခင်သည် မြင်းမိုရ်တောင်ထိပ် မှကြွတော်မူခဲ့၍ ဂန္ဓကုဋိတိုက်တော်မှာပဲ သီတင်းသုံးနေတော်မူတော့မှ ဝိသာခါက ရိုသေစွာရှိခိုးပြီး အရှင်ဘုရား အရက်အကြောင်း မရှိတတ်တဲ့ ဒီအရက်သောက်တယ်

ဆိုဘာ ဘယ်အခါမှစ၍ ပေါ်ခဲ့ပါသလဲ ဘုရားလို့ လျှောက်ထား ပါတယ်။

မြတ်စွာဘုရား ပြန်ဟောပြသည်မှာ ...

ရှေးအခါတုံးက ဗာရာဏသီပြည်၌ဗြဟ္မဒတ်မင်းလက်ထက် ကာသိ တိုင်းသားဖြစ်သော သုရာဆိုတဲ့ မုဆိုးတယောက် တောလိုက်သွား ရင်း တောလိုက်တယ်ဆိုဘာက သမင်စတဲ့ တောတိရစ္ဆာန်တွေ ပစ်ရ အောင်သွားဘာပေါ့၊ ဟိမဝန္တာတော ရောက်သွားပါတယ်။

အဲဒီဟိမဝန္တာတောထဲက သုံးခွဆိုင်ပေါက်နေတဲ့ သစ်ပင်ကြီးခွ ခေါင်းထဲမှာ မိုးရေတွေငှက်တွေချီယူလာတဲ့ သလေးစပါးတွေကလဲ ဒီသုံးခွဆိုင်ပေါက်နေတဲ့ သစ်ပင်ရောက်မှစားကြတော့ သလေးစပါး စေ့တွေက သစ်ခေါင်းထဲကျပါတယ်။

မိုးရေတွေ သလေးစပါးတွေနဲ့ရောနေပီး အမြုပ်တွေက တစီစီဖြစ် နေတာကို နေကပူလိုက်တော့ ဘယ်ပြောကောင်းမလဲ အရက်ချက်ထား သလို အရောင်အဆင်းလေးဟာ (အခုခေတ်ရမ်လို) ပန်းရောင်ကလေး ပမာ သောက်ချင့်စဘွယ် လှနေတာပေါ့၊ တနည်းဆိုရသော် နေနဲ့ချက် တဲ့အရက်လို့ ဆိုရမလားပဲ၊ နေနဲ့ချက်ထားတော့ ကျက်နေတာပေါ့၊ အဲဒီသုံးခွဆိုင် သစ်ခေါင်းထဲကအရေတွေကို နွေကျတော့ ရေငတ်ကြတဲ့ ငှက်တွေ အသုတ်လိုက် အုပ်လိုက် လာလာသောက်ကြပါတယ်၊ သစ် ခေါင်းရေသောက်ပီး ငှက်တွေလဲ မပျံနိုင်ကြတော့ပဲ ကျကုန်ကြပါ တယ်၊ တော်တော်လေးကြာမှ ငှက်တွေက ထထပျံသွားကြပါဘယ်၊ နောက်တော့လဲ ငှက်တွေတင်မဟုတ်ကြတော့ပဲ အခြားရှဥ့်စသော သတ္တဝါတွေလဲ သစ်ခေါင်းရေသောက်ပီး ပေါ့ပါးဝမ်းမြောက်စွာ သွားလာကြပါတယ်တဲ့၊ ဒီမြင်ကွင်းကိုမြင်နေရသော သုရာမုဆိုးက မဟုတ်ဘူး ဒီသစ်ခေါင်းရေကို ငှက်တွေရှဥ့်တွေစတဲ့ တိရစ္ဆာန်တွေ လာလာသောက်ကြ ခဏမျှမပျံနိုင်ပဲဖြစ်ပီး နောက်ပေါ့ပါးစွာထပျံ ပျံသွားကြတာတွေဟာ ကေန္တအဆိပ်ရေမဟုတ်တန်ရာ၊ တကယ်လို့

အဆိပ်ဆိုရင်လဲ ဒိဌက်စတဲ့ တိရစ္ဆာန်တွေ သေကုန်မှာပဲ အခုတော့ မသေကြပဲ ခဏလောက်လဲပြီး ထပ်ျသွားကြတာ ထောက်ကြည့်ရ သောအားဖြင့် ဘယ်နည်းနဲ့မှ အဆိပ်ရေဖြစ်နိုင်မှာ မဟုတ်တန်ရာဘူး၊ အဲဒီလို လေ့လာအကဲဖြတ်နေရင်း ငါလဲသောက်ကြည့်ရရင် ကောင်း မှာဘဲဟု အောက်မေ့မိတဲ့အတိုင်း ခပ်နည်းနည်း ယူသောက်ကြည့်လိုက် ပါတယ်။

ခဏအကြာ မူးထိုင်းထိုင်းလေး ဖြစ်လာရာ သစ်ခေါင်းရေသောက် ပြီး မူးမူးကျလာတဲ့ ငှက်တွေ ယူယူ ကင်စားလိုက် သစ်ခေါင်းရေ သောက်လိုက် သုရာမုဆိုးတယောက် ဟိမဝန္တာတခေါက် အတော့်ကို အလုပ်ဖြစ်နေပါတယ်။

အဲဒီသစ်ပင်ရှဲမနီးမဝေးလေးမှာလဲ ဝရုဏဆိုတဲ့ ရသေ့တယောက် လဲရှိပါတယ်၊ သုရာမုဆိုးနဲ့ ဝရုဏရသေ့တို့လည်း မိတ်ဆွေဖြစ်၍ သစ်ခေါင်းရေကို အမဲသားကင်အမြည်းနဲ့ နှစ်ယောက်သောက်ကြပါ တယ်။

ဒီသစ်ခေါင်းရေကို သုရာနဲ့ ဝရုဏတို့နှစ်ယောက် မြင်အပ်ပြုလုပ်အပ် လို့ သုရာဝရုဏလို့တွင်ပါတယ်၊သူတို့နှစ်ယောက်ဟာ ဝါးကျည်တောက် တွေထဲအပြည့်ထည့်ပြီး ဦးပုံထမ်းကာ ပစ္စန္တရာဇ်ရွာတွေသွား ဖျော်ရေ လုပ်ရောင်းကြပါတယ်၊ နောက်ဆုံး ဘုရင်ကိုယ်တိုင်သောက်သည်အထိ ဖြစ်လာပါတယ်။

ဘုရင်ကလဲ သောက်ကောင်းကောင်းရှိတာနဲ့ ကုန်ရင်းယူခိုင်းရင်း ကုန်သွားရင်းသွားယူခိုင်းရင်း ဟိမဝန္တာတော မူလကသစ်ခွခေါင်းမှာ ယူရတာဆိုတော့ သွားဖန်များလာ မတတ်နိုင်တော့ဘူး အဲဒီသစ်ပင်က အခေါက်တွေခွါ မြို့ထဲမှာပဲ အရက်ချက်တယ်ဆိုပါတော့၊ ချက်လဲပြီး ရော တမြို့လုံး ဝိုင်းသောက်လိုက်ကြတာ အကုန်လုံးမူးလဲကုန်ကြလို့ တမြို့လုံး တိတ်ဆိတ်သွားသည်အထိ အခြေအနေဆိုးဝါးသွားပါတယ်၊ ရမ်းပြောတာမဟုတ်ဘူး၊ နကရံသုညံဝိယဟောတိ။ ဇာတ်အဋ္ဌကထာ။

နဂရံ၊ မြို့သည်။ သုညံ ခစဝ၊ ဆိတ်သကဲ့သို့ အဟောသိ၊ ဖြစ်၏။

ကိုင်း ဒီတော့၊ အရက်သောက်ခြင်းရဲ့အပြစ်ဟာ ဘယ်လောက်ကြီးမားတယ်ဆိုတာ တွက်သာကြည့်ကြပေတော့ တရားနာပရိသတ်၊ သုရာမုဆိုးနှင့် ဝရုဏရသေ့လည်း မြို့မှာမနေနိုင်တော့ပဲ ထွက်ပြေးလာ၍ ဗာရာဏသီပြည်မင်းအား အဖျော်သမားနှစ်ယောက် ရောက်လာကြောင်း သံတော်ဦးတင်ပီး မင်းလဲ အဖျော်သမားဆိုသူနှစ်ယောက်ခေါ်၍ အရက်ချက်ဘို့ပစ္စည်းမျိုးပေးပီး အရက်ချက်ခိုင်းပြန်တယ်၊ မင်းမှစ၍သောက်ကြသဖြင့် နောက်ကဟောခဲ့သလို မူးလဲကုန်ပြန်ပါတယ်၊ ဗာရာဏသီမြို့မှာလဲ မနေရတာနဲ့ သာကေတမြို့ ပြေးခဲ့ပြန်ပါတယ်၊ နောက်ကနည်းတူ ပျက်စီးပြန်လို့ နောက်ဘယ်ရောက်လာလဲဆိုတော့ သာဝတ္ထိပြည် ရောက်လာကြပါတယ်၊ အဲဒီအချိန်မှာအုပ်ချုပ်တဲ့မင်း သမ္ဗမိတ္တမင်းကလဲ သဖန်းခါး၊ ရှစ်ရှား သလေးဆန်မှုန့်အိုး စတဲ့ ကိရိယာတွေပေး အရက်ချက်ခိုင်းရာ အရက်အိုးငါးရာကို ကြွက်သောက်မှာစိုးလို့ အိုးတလုံး ကြောင်တကောင်စီချည်ပြီး အစောင့်ထားပါတယ်။

ကြောင်တွေက အရက်အိုးကစေတက်လာတဲ့အမြုပ်တွေ သောက်မိတာနဲ့ မူးလဲကုန်ကြတော့ ကြွက်တွေက မူးနေတဲ့ကြောင်တွေ လာကိုက်ပေမဲ့ မသိကြပါဘူး၊ ဒီအဖြစ်အပျက်ကို မင်းအားသံတော်ဦးတင်ကြလို့ အဆိပ်ကိုသောက်ကောင်းတဲ့ အဖျော်လိမ်လုပ်တဲ့ လူနှစ်ယောက်ဆိုပီး သေစေ၊ အရက်အိုးတွေကိုလည်း ရိုက်ခွဲစေဟု အမိန့်ချမှတ်လိုက်ပါတယ်၊ အရက်မင်းကြီးချိုမြိန်ပြီး အရသာရှိတဲ့အရက်ပါဆို သေကုန်ကြသတဲ့၊ သေတာတောင် အရက်ကောင်းကြောင်းတ,သေသည် အကုသိုလ်ဒုစရိုက်ကောင်းကြောင်း စွဲသေရင်တော့ ဘယ်ရောက်မယ်ဆိုတာ တွက်ကြည့်ကြပေါ့၊ အရက်ချက်တဲ့သူနှစ်ယောက်လဲ သတ်ပီးရော ကြောင်တွေက အမူးပြေတော့ ထပြေးလွှားကစားနေကြတာ မင်းကသိရပြန်လို့ အင်း-တကယ်အဆိပ်ဆိုရင် ကြောင်တွေသေရမယ်၊ အဆိပ်မဟုတ်လို့

မသေတာဖြစ်မှာ ချိုမြိန်တဲ့ အရသာရှိတယ်ဆိုတာ ဟုတ်မှာပဲဆိုပြီး မဏ္ဍာပ်ကနားဆောက်လုပ်စေ၍ ဘုရင်ကိုယ်တော်တိုင် အရက်သောက်ပွဲကြီး ခမ်းနားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ပြန်ပါတယ်၊ ဒီတော့မှ သိကြားမင်းက မဖြစ်ချေဘူး တနိုင်ငံလုံးမက တကျွန်းလုံးတော့ ဒုက္ခရောက်ပျက်စီးကုန်တော့မှာပဲဆိုပီး အိုးတလုံးကိုင်ကာ ပုဏ္ဏားအသွင်ဖြင့် ကောင်းကင်ကရပ်လျက် ဒီအိုးကိုဝယ်မလားဟုမေးပါတယ်၊ ဘုရင်က ဘာအိုးလဲလို့ ပြန်မေးမြန်းသောအခါ မင်းကြီး ဒီအိုးဟာ ထောပတ်ပျားစတဲ့ အချိုအိုးမဟုတ်ပါ၊ ဒီအရက်ကို သောက်တဲ့သူဟာ ကမ်းပါးချောက် ဦးစောက်ကျတတ်တယ်၊ မစားကောင်းတဲ့အဆိပ်ကိုစားတာနဲ့ တူတဲ့အိုးပဲ၊ ဒီအဆိပ်နဲ့တူတဲ့အရက်ကို သောက်လျှင် အကျိုးမတွေ့ အပြစ်တွေချည်း တွေ့ရပါတယ်၊ ဘာအပြစ်တွေလဲဆိုရင် ပစ္စည်းဥစ္စာဆုံးရှုံးရတယ်၊ အရှက်အကြောက်မရှိတဲ့အပြင် သူတပါးအသက်ကိုလဲ သတ်ဝံ့တယ်၊ သူတပါးဥစ္စာကိုလဲခိုးဝံ့တယ်၊ သူတပါးမယားကိုလည်း မတော်မတရား ပြုကျင့်ဝံ့တယ်၊ ဒီလောက် အပြစ်များတဲ့အရက်ကို ဘာပြုလို့သောက်ချင်ရတာလဲ စသည်ဖြင့် အရက်သောက်ခြင်းရဲ့အပြစ်များကို သိကြားမင်းကဟောပြပါတယ်၊ ဘုရင်ကသဘောကျ၍ တနှစ်တနှစ် အခွန်တသိန်းထွက်တဲ့ရွာငါးရွာ၊ ကျွန်ယောကျ်ား ကျွန်မိန်းမ တရာ၊ နွားပေါင်းခုနစ်ရာ၊ အာဇာနည်မြင်းကသော ရထားဆယ်စီးတို့ကို လက်ဆောင်ဆုပေး၍၊ သူ့ရဲ့ဆရာအဖြစ်နဲ့လဲ နေစေပါတယ်၊ ဘုရင်စကား ကြားရ၍ ပုဏ္ဏားအသွင် ပျောက် သိကြားမင်း အသွင်ရောက်ကာ ဘုရင်ပေးတဲ့ဆုလာဘ်တွေ အကုန်ပြန်ပေးပါတယ်၊ ဘုရင်ကိုလဲ အရက်ကိုမသောက်ပဲ အရသာရှိတဲ့အစားအသောက်တွေကိုသာ စားစေ၍ ဒါနသီလစတဲ့ ကုသိုလ်ကောင်းမှုပြုလုပ်သဖြင့် နတ်ပြည်သို့သာသွားစေရန် ဆုံးမ၍ နတ်ပြည်ပြန်ပါတယ်။

ဘုရင်မင်းမြတ်လဲ သိကြားမင်းစကားနားထောင်၍ အရက်[illegible]တွေကိုအကုန်လုံးခွဲပစ်စေပီး တသက်လုံးဒါနသီလစတဲ့ ကု[illegible]ကောင်းမှုပြု

ပြုလိုက်တာ သေတဲ့အခါ နတ်ပြည်ရောက်တယ်လို့ ဆိုပါတယ်၊ဇမ္ဗူဒီပါ ကျွန်းမှာလဲ အဲဒီအခါမှစ၍ အရက်ချက်တယ်၊ သောက်တယ်မူးတယ်ဆို တာစခဲ့တယ် ချစ်သမီးဝိသာခါလို့ မြတ်စွာဘုရားက အတိတ်ကိုဆောင် ပြန်ပြောင်းဟောပြတော်မူပါတယ်။

ဇာတ်တော်ပေါင်းတဲ့အခါ သမ္မမိတ္တမင်းကား ယခုအခါ အာနန္ဒာ ဖြစ်လာပြီး သိကြားမင်းကတော့ ငါဘုရားဖြစ်တယ်လို့ ပေါင်းတော်မူ ပါတယ်၊ ကိုင်းဘယ်မှာလဲ အရက်သောက်ခြင်းရဲ့အကျိုး မတွေ့ရပဲ အပြစ်တွေချည်း တွေ့ရပါလား၊ အကျိုးရှိတာမတွေ့ပဲ အပြစ်တွေချည်း တွေ့တယ်ဆိုတော့ အရက်သောက်တာ မကောင်းဘူးပေါ့၊ အေး မကောင်းတဲ့အလုပ် ဆက်မလုပ်ကြနဲ့တော့လို့ မှာကြားသတိပေးရင်း သုရာမုဆိုးနှင့် ဝရုဏရသေ့ဝတ္ထုပြီးစေ သိကာမှတ် အတိမ္မောသတ်ပေါ့။

## ရောရုဝရဲ

အရက်သောက်တဲ့ကံနှင့် ပတ်သက်ပြီး သိသင့်တယ်လို့ လေးပြည် မြောက်ဖြစ်တဲ့ ရောရုဝရဲအကြောင်း သိကောင်းစရာ ဟောပြလို ပါတယ်။

ရောရုဝရဲဆိုတာ— သွေးအလျှံပြည့်နေတဲ့ သတ္တဝါတို့ခံရာဖြစ်တဲ့ ငရဲကို ရောရုဝရဲလို့ခေါ်တယ်၊ ရုရုလောဟိတဇာလာပုဏ္ဏာ တွေ့ာတိ ရောရုဝေါ။

တွေ့၊ ငရဲကြီး၌။ ပုဏ္ဏာ၊ ပြည့်သော။ ရုရုလောဟိတဇာလာ၊ သွေး အလျှံသည်။အတ္ထိ၊ ရှိ၏။ ဣတိ၊ ထိုကြောင့်။ သော၊ သောနိနရယော၊ ထိုငရဲသည်။ ရောရုဝေါ၊ ရောရုဝရဲမည်၏။

ရောရုဝရဲအသက်က နှစ်ပေါင်း (လေးထောင်) ရှိပါတယ်၊ ရေ တွက်နည်းမှာ တုသိတာနတ်သက်ဟာ နတ်သက် နှစ်ပေါင်း (လေး ထောင်) လူတို့အရေအတွက် ငါးဆယ့်ခုနစ်ကုဋေ ခြောက်သန်းသည် ရောရုဝရဲမှာ တနေ့နှင့်တညဘဲ ရှိသတဲ့။

သတ္တဝါတို့အား ညှာတာသနား စာနာတရားမရှိဘဲ အရှင်လတ်လတ်ကို မီးဥ္ဒရင်း အိုးကင်းပူဆီပူရေတို့ဥ္ဒရင်းထည့်၍ သတ်ဖြတ်ညှဉ်းဆဲပြီး အသက်မွေးဝမ်းကျောင်း ပြုသောသူ အရက်သောက်၍ မပြစ်မှားသင့် မပြစ်မှားထိုက်တဲ့ သူတွေကို ပြစ်မှား ကျူးလွန်မိသော သူတွေ ရောရုဝငရဲမှာ အလွန်ဆင်းရဲကြီးစွာ ခံကြရတတ်ပါတယ်တဲ့။

အဲဒီ ရောရုဝကလဲ သေးအလျှံကဲသော ဓာလရောရုဝငရဲ အခိုးအလျှံကဲသော ဓူမရောရုဝငရဲဟူ၍ နှစ်မျိုးရှိပါတယ်တဲ့။

ဒွေစရောရုဝါတိ ဓာလရောရုဝါ ဓူမရောရုဝါ တိစဒွေ (သံကိစ္စဇာတ် အဋ္ဌကထာ။)

ဒွေစရောရုဝါတိဒွေစရောရုဝါဟူသည်ကား။ဓာသရောရုဝေါ၊သေးပြည့်ကဲသော ဓာလရောရုဝငရဲ၌ရင်း။ ဓူမရောရုဝါ၊ မီးလျှံရဲရဲ အခိုးကဲသော ဓူမရောရုဝါငရဲရင်း။ ဣတိ၊ ဤသို့။ ဒွေးစ၊ နှစ်ပါး အပြားရှိကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဒါကြောင့် အခုဟောခဲ့တဲ့ငရဲကို ဓာလရောရုဝငရဲလို့ သိထားစေလိုပါတယ်၊ ရှေ့မှာဟောပြအုန်းမယ်၊ မဟာရောရုဝငရဲကို ဓူမရောရုဝငရဲလို့ မှတ်ထားကြပါ။

(ငရဲခံရပုံမှာ) တဂါဝုတ်လောက်ရှိတဲ့ ကိုယ်ကြီးဟာ ငရဲပြည်မှာ သူ့ကံအားလျော်စွာ ဥပပတ်ပဋိသန္ဓေဖြစ်ပါတယ်၊ အဲဒီကိုယ်ကြီးထဲကို ဒွါရကိုးပေါက်က သံရေပူတွေဝင်သွားလို့ ပြည့်လဲသွားရော တခါထဲ မီးဟုန်းဟုန်းထတောက်ပီး ပြာကျသွားပါတယ်။

ပြာကျသွားပေမဲ့ ကံအကြွင်းမကုန်သမျှ မလွတ်သေးပါ၊ နောက်တခါ အထက်ကဟောခဲ့သလို ကိုယ်ကြီးဖြစ်လာလိုက် သံရေပူတွေပြည့်လာပီး မီးလောင်သွားလိုက်နဲ့ အကုသိုလ်ကံမကုန်သရွေ့ အပန်ဖန်ခံနေရပါတယ်။

## ပြောလိုက်ပါရစေ

ကိုင်း အရက်သမားတွေရေ....လူ့ပြည်မှာကတော့ ပိုက်ဆံပေးငယ် သောက်ရလို့ ဝအောင်သောက်ချင်မှသောက်ရမယ်၊ နောက်ပြီး လက်နဲ့ ယူသောက်နေရပြီး ပါးစပ်တပေါက်ထဲ သောက်ရမှာ အခုဟောတဲ့ ဇာလရောရုဝ မှာတော့ (ဗိုက်ပြဲ ချက်လံ) လက်နဲ့လည်း အကိုင်ရ သက်သာတယ်၊ ပါးစပ်နှာခေါင်းစတဲ့ ဒွါရကိုးပေါက်စလုံးက သောက် ရဘယ်ဆိုတော့ မဆိုးပါဘူး၊ မရှိမဲ့ရှိမဲ့ ဝယ်မသောက်ကြနဲ့ ဟိုဇာလ ရောရုဝရောက်မှ တဝကြီးသောက်ကြလို့ ဟောချင်လိုက်တာ။

## ဓူမရောရုဝငရဲဆိုတာက

များစွာသောမီးအလျှံ အခိုးအငွေ့အလျှံပြင်းပြစွာ မြည်ဟီးသော အသံတို့ဖြင့် ကြောက်မက်ဖွယ် ငရဲသတ္တဝါတို့ ခံရခြင်းဖြစ်တဲ့ငရဲကို ခေါ်ပါတယ်။

## ရုရုမဟာသဒ္ဒေါတ္တာတိ မဟာရောရုဝေါ

မဟန္တော၊ များစွာသော။ ရောရုဝေါ၊ သွေးအလျှံပြည့်ရာ ငရဲ တည်း။ မဟာရောရုဝေါ၊ များစွာသောသွေးအလျှံပြည့်ရာငရဲ။ တွေ၊ ဤငရဲ၌။ မဟာရောရုရုမဟာသဒ္ဒေါ၊ ပြင်းစွာမြည်ဟီး အသံကြီးသည်။ အတ္တိ၊ ရှိ၏။ ဣတိ၊ ထိုကြောင့်။ သောနိရယော၊ ထိုငရဲသည်။ မဟာ ရောရုဝေါ၊ မဟာရောရုဝမည်၏။

(ငရဲခံရပုံမှာ) ဒီဓူမရောရုဝမည်တဲ့ မဟာရောရုဝငရဲကြီး၌ အကျခံ ရသောသတ္တဝါတို့အား ကိုးပါးသောဒွါရတို့၌ ရှိန်ရှိန်တောက်သော အခိုးအလျှံတို့ဖြင့် ဝင်ပြီး ကိုယ်လုံးကို လောင်ကျွမ်းစေသဖြင့် ကြီးစွာ သောငရဲကို ခံရပါတယ်။

မဟာရောရုဝငရဲသက်ကတော့ (နှစ်ပေါင်းရှစ်ထောင်) ရှိပါတယ်၊ ရေတွက်ပုံက အထက် နိမ္မာနရတိနတ်ပြည်မှာ နတ်သက်နှစ်ပေါင်း ရှစ် ထောင်ဟာ လူတို့အရေအတွက်နဲ့ ရေတွက်ကြည့်မယ်ဆိုရင် နှစ်ပေါင်း

ရှစ်ထောင်ဟာ လူတို့အရေအတွက်နဲ့ရေတွက်ကြည့်မယ်ဆိုရင်နှစ်ပေါင်း (ကုဋေနှစ်ရာ့သုံးဆယ် အနှစ်လေးသန်း) ရှိပါတယ်၊ အဲဒီနှစ်ပေါင်း ကုဋေနှစ်ရာ့သုံးဆယ် အနှစ်လေးသန်းသည် မဟာရောရုဝ ငရဲကြီးမှာ တနေ့နဲ့တညသာ ရှိသေးဘယ်တဲ့။

ငင်းနေ့ညဥ့်နှစ်ပါးသည် တရက်၊ ငင်းရက်သုံးဆယ်သည် တလ၊ ငင်းတဆယ့်နှစ်လသည် တနှစ်ဖြစ်ပါတယ်၊ ထိုနှစ် အရေအတွက် အနှစ် ငါးရာသည် သိဥ္စုးငရဲ၏အသက် ဖြစ်ပါတယ်၊ ဒီမူမရောရုဝမည်တဲ့ မဟာရောရုဝငရဲကြီးမှာ ဘယ်သူတွေကျပါသလဲဆိုရင်—

သူတပါးပစ္စည်းခိုးယူတဲ့ သူတွေ—

ရတနာသုံးပါးတို့နှင့်စပ်တဲ့ ပစ္စည်းဥစ္စာတွေကို ခိုးယူဘယ်။

ဖျက်လိုဖျက်ဆီးစတဲ့ အမှုတို့ကို လွန်ကျူးသောသူတွေ၊ ဤမဟာ ရောရုဝငရဲကြီး၌ တခဲနက်သောအခိုးအလျှံတို့သည် ခံတွင်း နှာခေါင်း နား မျက်စိစသော ကိုးပေါက်သော ဒွါရတို့မှဝင်ပီး တကိုယ်လုံးကို မှုန့်မှုန့်ညက်ညက် ကြေပျက်ပြုန်းတီးစေလျက် ငရဲအရေအတွက် နှစ် ပေါင်း (ရှစ်ထောင်) လူတို့အရေအတွက် (နှစ်ပေါင်း ကုဋေနှစ်ရာ သုံးဆယ် အနှစ်လေးသန်း) ကာလပတ်သုံး ဟစ်အော်ငိုကြွေးလျက် ကြီးစွာသော ဆင်းရဲဒုက္ခကို ခံကြရပါတယ်တဲ့။

ငရဲသက်ပြည့်နေစေကာမူ ကံကြွင်းမကုန်သေးက ပြန်ဆက်ခံရသေး တယ်ဆိုတာကို သတိထားခဲ့။

## မှတ်သားစရာ

မြတ်စွာဘုရားသခင်သည် ကောသလမင်းကြီးအား ဟောတော် မူသည်မှာ "မြတ်သောဒါယကာမင်းကြီး၊ အပုတ္တကသူဌေးသည် ဥစ္စာ ဟူသော အကြောင်းကြောင့် အစ်ကို့ရဲ့သားကို သတ်ဘူးပါတယ်တဲ့၊ ထိုမကောင်းမှုကံကြောင့် များစွာသောနှစ်ပေါင်း အရာအထောင် အသိန်းတို့ ပတ်လုံး ငရဲခံပြီးမှ ထိုအကုသိုလ်ကံကြွင်း အစွမ်းဖြင့်

အပုတ္တကသူဌေးသည် မဟာရောရုဝငရဲကြီး၌ အခုတခါ ကျရောက်ရ ပြန်တယ်ဟု ဟောတော်မူပါတယ်။

အဇ္ဇ ပန မဟာရောဇ သေဋ္ဌိဂဟပတိ မဟာရောရုဝ နိရယေ ပစ္စတိ။

ဓမ္မပဒအဋ္ဌကထာ။

မဟာရာဇ၊ မြတ်သော ပသေနဒီ ကောသလမင်းမြတ်။ အဇ္ဇ ပန၊ ယနေ့၌မူကား။ သေဋ္ဌိဂဟပတိ၊ အပုတ္တကနာမည်သီး အိမ်ရှင် သူဌေးကြီးသည်။ မဟာရောရုဝနိရယေ၊ မဟာရောရု(ဝ)ငရဲကြီး၌။ ပစ္စတိ၊ ထပ်ထပ်ဖန်ဖန် ခံရပြန်၏။

ဒီလောက် အသက်တွေရှည်နေပြီး ငရဲမှာခံနေရတော့လဲ လူ့ပြည် ပြန်ရောက်ဘို့ဆိုတာ မလွယ်လှတော့ပါဘူး၊ ပြန်ရောက်လာဘို့ မလွယ် တာနဲ့အမျှ ကုသိုလ်ကောင်းမှု ပြုလုပ်ခွင့်နေးသွားမှာပဲ ဖြစ်ပါတယ်။

ငရဲကလွတ်၍ လူ့ပြည်ရောက်လာပြန်တော့လဲ—

ဘုရားသာသနာတော်နဲ့ အခွင့်မကြုံ မတွေ့ဆုံရရင် သာသနာမရှိတဲ့ အခါ ခေါ်တဲ့ သာသနာပအခါဆိုးနဲ့ လာကြုံရ ဆုံရသောအားဖြင့် နိဗ္ဗာန်ရောက်အောင် ဟောကြားနိုင်မဲ့သူ ဘုရားစတဲ့ သူတော်ကောင်း များမရှိသဖြင့် သာသနာပမှာခေါ်ကြတဲ့ ဗြဟ္မာပြည်နိဗ္ဗာန်တော့ ရောက်ကြမှာပေါ့လေ၊ သာသနာပအနေနဲ့ကတော့ အဲဒီနိဗ္ဗာန်ဘုံဟာ အမြင့်ဆုံး အကောင်းဆုံး အချမ်းသာဆုံးပဲဟု ပြောဆိုသမုတ် ထင် ကြေးပေးကြပါတယ်။

## မွေးကြိုင်တဲ့ပန်းမြတ်

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်း သုံးနေတော်မူစဉ် လေအောက်လေညာသို့ မွှေးနိုင်တဲ့ပန်းများ ရှိပါ သလားဘုရားဟု ရှင်အာနန္ဒာ လျှောက်ထားမေးမြန်းတဲ့စကားကို မြတ်စွာဘုရားသခင်က—

ချစ်သားအာနန္ဒာ ပန်းအနံ့တို့မည်သည် လေညာသို့ မမွှေးကြိုင်နိုင်၊ စန္ဒကူးအနံ့ တောင်ဇလပ်ပန်းနံ့ စမွယ် ကြက်ရိုးအနံ့များလဲ လေညာသို့မမွှေးနိုင်၊ သူတော်ကောင်းများရဲ့ သီလဆိုတဲ့ သင်းအနံ့သည်သာ လေညာသို့ မွှေးနိုင်တဲ့အပြင် အရှေ့ အနောက် တောင် မြောက် ထက်အောက်ပါ ၁၀မျက်နှာ အရပ်ဆယ်မျက်နှာစလုံး မွှေးပျံ့ကြိုင်လှိုင် သင်းပျံ့နိုင်တယ်။

အဲဒီစန္ဒကူး တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း ဆိုတဲ့ ပန်းနံ့သာများအားလုံးထက် သီလတည်းဟူသော သတင်းအနံ့သည်သာ မြတ်တယ်၊ ဘယ်ပန်းနံ့တွေမှ လိုက်မမှီနိုင် မတုပနိုင်ဘူး ချစ်သားအာနန္ဒာဟု ဟောတော်မူပါတယ်။ (ဓမ္မပဒအဋ္ဌကထာ ပုပ္ဖဝဂ်။)

ဒါကြောင့် သီလတည်းဟူသောပန်းမြတ်တော်ဝင်ကို လူတိုင်းလူတိုင်းပန်ကြပါလို့၊ ဝါ-စောင့်ထိန်း စောင့်ရှောက်ကြပါလို့ တိုက်တွန်းရပါတယ်။

## တရားမရလို့ငိုရသူ

လောကမှာ ပန်းတွေအမျိုးမျိုးရှိနေကြသလို သူတို့ရဲ့အနံ့များလဲ အမျိုးမျိုးမွှေးကြိုင်ကြပါတယ်၊ ဒါပေမဲ့ သီလဆိုတဲ့သတင်း ပန်းယနံ့ကိုတော့ မမှီနိုင်ပါ၊ ဘာပြုလို့လဲဆိုရင် သရက္ခန်ပန်းမျိုးဟာ လေစုန်အရပ်ကို တယူဇနာမွှေးနိုင်ပေမဲ့ လေဆန်အရပ်ကျတော့ နည်းနည်းလေးမှ မမွှေးနိုင်ပါဘူးတဲ့၊ ပင်လယ်ကသစ်ပန်း အနံ့ကျပြန်တော့ ယူဇနာတရာအထိ မွှေးနိုင်ပြန်ပေမဲ့ သီလအနံ့ကိုတော့ မမှီနိုင်ပြန်ပါဘူးတဲ့၊ တယူဇနာကို တဆယ့်သုံးမိုင်ရှိတယ်၊ ယူဇနာတရာ မိုင်ပေါင်း (တထောင့်သုံးရာ) လောက်သာ မွှေးပျံ့နိုင်ပါတယ်တဲ့။

သီလဆိုတဲ့သတင်းအမွှေးနံ့ကတော့ အရပ်ဆယ်မျက်နှာ အကုန်လုံး မွှေးနိုင်ပါတယ်တဲ့၊ လူတို့အနံ့မခံနိုင်သည့် သိကြားမင်းသည်ပင် ကိုယ်

တိုင်လုပ်ကျွေးဘူးကြောင်း အထောက်အထားတခု ဟောပြပါအုန်းမယ်။

မဟာသီဝထေရ်ဆိုတာက မဟာဂါမဝင်းသာ မဟာဝိဟာရကျောင်း၌ ပိဋကတ်သုံးပုံ နှုတ်ငုံဆောင်နေတဲ့ စာချဆရာတော်ကြီးပဲဖြစ်ပါတယ်၊ ၁၈ရပ်ဒေသမျက်နှာမှ ရောက်လာကြတဲ့ စာသင်သားများကို စာချပေးတယ်၊ ကမ္မဋ္ဌာန်းတရားအားထုတ် စီးဖြန်းဘို့ ကမ္မဋ္ဌာန်းပေးနေတဲ့ ကမ္မဋ္ဌာနာစရိယ ဆရာတော်လဲ ဖြစ်ပါတယ်။

ဆရာတော်ဆုံးမတဲ့အတိုင်း ကမ္မဋ္ဌာန်းတရား အားထုတ်ကြလို့ ရဟန္တာဖြစ်ဖြစ်သွားကြတဲ့ တပည့်တွေဟာ အများအပြားပဲရှိပါတယ်၊ ဘယ်လောက်များပါသလဲဆိုတော့ သုံးသောင်းရှိပါတယ်တဲ့၊ ဆရာလုပ်သူမှာတော့ ဘာမှမဖြစ်သေးပါဘူး၊ မိမွေးတိုင်း ဘမွေးတိုင်း ပုထုဇဉ်ပဲ ရှိသေးပါတယ်။

ဆရာတော်မှာ အယူအဆတခုရှိပါတယ်၊ ငါသင်ကြားပို့ချဆုံးမပေးလို့ တပည့်သုံးသောင်း ရဟန္တာဖြစ်သွားပြီပဲ၊ ငါ့အနေနဲ့ ရဟန္တာဖြစ်ဘို့ဆိုတာ မခဲယဉ်းပါဘူး၊ လွယ်လွယ်လေးနဲ့ ရနိုင်ပါတယ်ဆိုတဲ့ အယူအဆကလေးပဲ ဖြစ်ပါတယ်။

သူများတွေ ရဟန္တာဖြစ်သွားအောင် အားထုတ်ပုံ ပြုလုပ်ပေးနိုင်သေးတာ ငါကျ ဘာကြာမှာလဲ လွန်ရော (သုံးရက်) ပေါ့ဆိုပြီး မိမိကိုယ် မိမိ အထင်ကြီးနေပါတယ်။

ဒါနဲ့ကမ္မဋ္ဌာန်းတရား အားထုတ်လိုက်တာ (မှန်းချက်နဲ့ နှမ်းထွက်မကိုက်) ဆိုတာလို သူမျှော်မှန်းတဲ့သုံးရက်လဲမရ၊ သုံးလလဲမရ၊ ရော သုံးရက်လွန်ရောလို့ ငါထင်တာ ဘယ်နှယ် အခုအချိန်အထိ ရဟန္တာမဖြစ်ပါလိမ့်မလဲ၊ ကျမ်းတတ်–ပေတတ် ပုဂ္ဂိုလ်ဖြစ်လျက် လုပ်ရပ်မမှန်လို့လား ဒါမှမဟုတ် ပါရမီခတ်ခံကိုက နည်းနေသေးလို့လား စိတ်မချမ်းမသာ ဖြစ်နေတာပေါ့၊ ဒီဘဝနဲ့ မဂ်ဖိုလ်မရ ပဒပရမပုဂ္ဂိုလ်များ ဖြစ်နေလေမလား တွေးငိုပြန်သတဲ့။

သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့မှာဖြင့် အာသဝေါကင်း ကွာ ရဟန္တာအဖြစ်နဲ့ (ဝိသုဒ္ဓိပဝါရဏာ) ပြုမယ်၊ မစင်ကြယ်တဲ့ ပုထု ဇဉ်အဖြစ်နဲ့တော့ မပြုဘူးဆိုတဲ့ ရည်ရွက်ချက်အပြည့်နဲ့ ကြိုးစားအား ထုတ်ပေမဲ့ သူမျှော်မှန်းတဲ့ပန်းတိုင် ရဟန္တာဖြစ်မလာတဲ့အတွက် ပဝါရ ဏာပြုတိုင်း ပြုတိုင်း ဝမ်းနည်းပက်လက် ငိုရပေါင်းလဲ များလှပါပြီ။

သူ့အင်္ဂါ အရည်အချင်း ဂုဏ်ဒြပ်နဲ့ကြည့်ရင်တော့ မထပ်တဲ့ အတွက်လဲ ဝမ်းနည်းမယ်ဆိုလဲ နည်းစရာပဲပေါ့လေ၊ မဖြစ်မနေ ဆထက် ထမ်းပိုးတိုးပြီး အားထုတ်လိုက်တာ သုံးနှစ်ကြာသွားပေမဲ့ ရဟန္တာကား မဖြစ်သေးပါဘူး၊ တရားအားထုတ်ရလွန်းလို့ ခြေထောက်တွေမှာလဲ ပတ်ကြားကွဲအက်ဖြစ်နေပါတယ်၊ အဲဒီကွဲအက်ဖြစ်နေတဲ့ ခြေကွဲတွေကို ရွာသူတွေက ဆူးနဲ့ထိုးပြီး ချုပ်ပေးကြရတယ်တဲ့၊ ရွာထဲမှာ တယောက် နဲ့တယောက် ရန်ဖြစ်တာကိုပင် မဟာသီဝထေရ်လို ခြေကွဲပါစေ သတည်းဟု ကျိန်ဆဲသည်အထိတောင် ပြောစရာဖြစ်လာပါတယ်။

"ယောကျ်ားတို့အား သေကာမှလျှော့" ဆိုတဲ့အတိုင်း မထေရ် ကြီးက မလျှော့သောလုံ့လနဲ့ ဆက်အားထုတ်လိုက်ပြန်တာ အနှစ်သုံး ဆယ် ကြာသွားသတဲ့၊ ဒါပေမဲ့ရဟန္တာတော့ ဖြစ်မလာသေးပါဘူး။

ဒီတခါမှာတော့ စိတ်ပျက်လက်ပျက်နဲ့ အားလျှော့သွားတာပေါ့၊ ငါဟာ ကမ္မဋ္ဌာန်းတရား အနှစ် (သုံးဆယ်) ကြာအောင် အားထုတ် ပေမဲ့ ရဟန္တာဖြစ်မလာတာဟာ ဒီဘဝ ဒီကိုယ်ခန္ဓာနဲ့ မဂ်ဖိုလ်ရမဲ့ သူမဟုတ်၊ မဂ်ဖိုလ်မရထိုက်တဲ့ ပဒပရမပုဂ္ဂိုလ်များ ဖြစ်နေရော့သလား ဆိုပြီးဒေါမနဿ–နှလုံး မသာယာဖြစ်လျက် ဝမ်းပန်းတနဲ ရှိုက်ကြီး တငင်ငိုပြန်ပါရောတဲ့။

သူ့အတွေးလည်း မှန်ပါတယ်၊ တပည့် သုံးသောင်းကိုသော်မှ ရဟန္တာဖြစ်အောင် ဆုံးမနိုင်တဲ့ စာချဆရာတော် ကမ္မဋ္ဌာန်းဆရာတော် တယောက် ဖြစ်နေပါလျက် သူကိုယ်တိုင်အားထုတ်ကြည့်ရာ အားထုတ် သက် အနှစ်သုံးဆယ် ကြာအောင် အားထုတ်သည့် တိုင်အောင်

မင်္ဂလာမရ ပုထုဇဉ်ဘဝ ဖြစ်နေရတော့လဲ ဝမ်းပမ်းတနဲငိုကျွေးရှာတယ် ဆိုတာ ယုံမှားဘွယ်မရှိပါဘူး ငိုလောက်တာပေါ့။

တချို့တွေကတော့ ထင်ကောင်းထင်မှာပေါ့လေ၊ ကလေးဆန်လို့ တရားမရတာနဲ့များ ငိုရသလား၊ ဒါပေမဲ့ မဟာသီဝထေရ် ငိုရတာ ကတော့ ကဲ့ရဲ့စရာမလိုပါဘူး၊ ဘာပြုလို့လဲဆိုတော့ မဂ်ဖိုလ်မရနိုင်တဲ့ အတွက် ငမ်းပန်းတနဲ ငိုပွဲဆင်တာမျိုးကိုး။

မဂ်ဖိုလ်တရားမရ,ရအောင် အားထုတ်ပေမဲ့ မရနိုင်တဲ့အဆုံး ဝမ်း နည်းလို့ဆို့ငိုရသူမို့ သံသရာဝဲ မလယ်ချင်ပဲ ဝဋ်ဆင်းရဲမှ ထွက်မြောက်လို တဲ့ သဘော မဂ်ဖိုလ်ကို အင်မတန်လိုချင်တောင့်တတဲ့ဇောနဲ့ ငိုတယ် ဆိုတာ ထင်ရှားတဲ့အပြင် ဂုဏ်ယူစရာပင်ကောင်းပါသေးတယ်၊ ဟုတ် ဘူးလား တရားနာပရိသတ်တို့ရယ်။

ထားပါတော့လေ အဲဒီလို မဂ်ဖိုလ်မရတာနဲ့ ငိုချင်းချနေတဲ့အသံ နတ်သမီးကြားရတော့ အလို မဂ်ဖိုလ်မရတာနဲ့ မထေရ်တန်မဲ့ငိုနေပြန်ပီ ရအောင် ကြိုးစားအားထုတ်မယ် မကြံဘူး ဒီမထေရ် ထိတ်လန့် အောင် ပြုလုပ်ပေးမဲ့သူ ငါမှတပါး မရှိ ငါပဲလုပ်မှဆိုပီး 'မထေရ်ရဲ့ မနီး မဝေး ရပ်လျက် ရှိုက်ကြီးတငင် နတ်သမီးက ငိုကြွေးပြန်ရောတဲ့။'

ငိုသံကြားရတော့ မထေရ်ကြီးက အခုငိုနေတာဘယ်သူလဲ လူလား, နတ်လားဟု မေးလိုက်ပါတယ်၊ တပည့်တော်မ နတ်သမီးပါဘုရားဟု ဖြေပါတယ်၊ ဟင်–ဘာပြုလို့ငိုတာလဲ ဘာအပူတွေရှိနေလို့လဲဟု မေး ပါတယ်၊ နတ်သမီးက မှန်လှပါ တပည့်တော်မ လူသားမဟုတ်ပါ၊ နတ်သမီးစင်စစ်ဖြစ်ပါတယ် ဘုရားဟု လျှောက်ထားပါတယ်၊ 'အခုလို ရှိုက်ကြီးတငင် ငိုရတာကတော့ ငိုလို့များ မဂ်ဖိုလ်တရားရမလားလို့ ငိုကြည့်တာပါဘုရား' တပည့်တော်မလဲ မဂ်ဖိုလ်ကို အင်မတန်လိုချင် သူပဲ ဖြစ်ပါတယ်၊ တရားအားမထုတ်ပဲ ငိုရုံနဲ့ လွယ်လွယ်ကူကူ မဂ်ဖိုလ် ရမယ်ဆိုရင် ဒါထက်ဆူညံသွားအောင်ငိုပြချင်ပါတယ်ဘုရား၊ "ဒီလိုသာ ငိုရုံနဲ့ မဂ်ဖိုလ်ကို ရစတမ်းသာဆိုရင် တပည့်တော်မတသက်လုံး ငိုနေ

စမ်းပါမယ်ဘုရားလို့" အချက်ကျကျထောက်ပြပြီး လျှောင်ပြောင်လိုက်ပါတယ်၊ နတ်သမီးလျှောက်ထားပြတာ မပိုင်ဘူးလား တရားနာပရိသတ်၊ မဂ်ဖိုလ်တရားလိုချင်ဝဘာနဲ့ သူလဲပဲငိုနေတာ ငိုရုံနဲ့သာမဂ်ဖိုလ်ရမယ်ဆိုရင် သူမကိုယ်တိုင် တသက်လုံးထိုင်ငိုမယ်တဲ့ ပိုင်တယ်နော်။

နတ်သမီးဆိုလိုတာက မဂ်ဖိုလ်ဆိုတာ ငိုနေရုံမျှနဲ့ မရဘူး ရရာရကြောင်းဖြစ်တဲ့တရားကို ကြိုးစားအားထုတ်မှ ရမယ်လို့ဆိုလိုပါတယ်၊ နတ်သမီးက သတိပေးလျှောက်ထားတဲ့အတိုင်း "အင်း ငါ့ဟာ ဟုတ်သားပဲ ငိုနေရုံနဲ့ဘယ်လာရမှာလဲ ရအောင်အားထုတ်မှ ရမှာပါလား" ဟု သံဝေဂရပြီး ရှေ့ဆက်အားထုတ်လိုက်တာ အဲဒီနေ့မှာပဲ ပဋိသမ္ဘိဒါလေးပါးနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်သွားပါတယ်တဲ့၊ ဘယ်လောက်များလဲလို့ အနှစ်သုံးဆယ်ကြာအောင်တောင် အားထုတ်ရတာနော်။

အဲဒီလို ရဟန္တာဖြစ်သွားပြန်တော့လဲ ဝမ်းမြောက်ဝမ်းသာဖြစ်လိုက်တာ ပြောစရာမရှိဘူးပေါ့လေ၊ အိပ်ကောင်းခြင်းမအိပ်ရ ခြေမဆေးရအခုရဟန်းကိစ္စတုံးတော့တဲ့အတွက် စိတ်ကြည်သာအေးဆေးစွာ အိပ်လိုက်မဟဲ့ပေါ့၊ ဒါပေမဲ့ ခြေထောက်တွေလဲ ကွဲအက်ပြီး ဖြစ်ချင်တိုင်းဖြစ်နေတာ သန့်ရှင်းသွားအောင် ဆေးကြောအုန်းမှလို့ ကြံစည်ကာမြစ်ဆိပ်ကမ်းကိုကြွသွားပြီး သီတင်းသုံး နေထိုင်နေတော်မူပါတယ်။

အဲဒီအချိန်မှာ ဆရာတော်ထံသို့ တပည့်ရဟန္တာသုံးသောင်းတို့လဲ မြစ်ဆိပ်နားရောက်လာကြလို့ ဆရာတော်ကြီး ရဟန္တာဖြစ်တဲ့သတင်းကြားသိရတော့ ဝမ်းပန်းတသာပေါ့လေ၊ ဝမ်းမသာပဲလဲ နေနိုင်ပါမလား၊ အနှစ်သုံးဆယ် တရားအားထုတ်လိုက်ရတာ အခုမှ ရဟန္တာဖြင်တယ်ဆိုတော့ တပည့်တွေကလဲ ဝမ်းသာအားရ ဖြစ်နေရတာပေါ့။

ဝိုင်းဖိုင်းလယ်နေတဲ့ တပည့်တွေလဲ ဘာလုပ်ရမည်မသိ ဖြစ်နေပါတယ်၊ နောက်တော့မှ တပည့်တော်တို့ ခြေဆေး ... ါမယ် အရှင်

ဘုရားကိုယ်တော်တိုင် ဆေးတော်မမူပါနဲ့ဘုရားဆိုပြီး ဝတ်ကြီးဝတ်ငယ် ပြုဘို့ လျှောက်ထားကြပါတယ်။

ဒီအချိန်မှာပဲ သိကြားမင်းကြီးကလဲ သုဇာတာနဲ့တကွ နတ်ပြည်ကဆင်းလာပါတယ်၊ သုံးသောင်းသော ရဟန်းပရိသတ် အလယ်မှ သိကြားမင်းက 'အရှင်ဘုရား မာတုဂါမ ပါလာပါတယ် တဆိတ် လောက်သည်းခံတော်မူ၍ လမ်းဖယ်ပေးကြပါဘုရား'ဟု လျှောက်ထား တော်မူပြီး မဟာသိဝထေရ်နား ရပ်လျက် 'အရှင်ဘုရားရဲ့ခြေတော်ကို တပည့်တော်ဆေးပေးပါရစေ ရဟန္တာအဖြစ်သို့ ရောက်သွားတာကို လွန်စွာကြည်ညိုလှ၍ တပည့်တော် ဝတ်ကြီးဝတ်ငယ် ပြုပါရစေလို့ လျှောက်ထားပါတယ်။

မထေရ်ကြီးက 'ဒကာတော်သိကြားမင်း သင်တို့ နတ်သိကြားဆိုတာ လူတို့ရဲ့အနံ့ကို ယူဇနာတရာလောက်က ပုပ်စော်ညှီစော်နံတယ် နေ ပလေ့စေ ငါ့ခြေငါဆေးမယ်လို့ မိန့်တော်မူတဲ့အခါ သိကြားမင်းက အရှင်ဘုရားရဲ့သီလအနံ့သည် နတ်ပြည်ခြောက်ထပ်ကျော်လွန်ပြီး ဘဝဂ် အထိ မွှေးကြိုင်လှပါတယ်ဘုရား တပည့်တော်မရွံ့ပါဘူး ပုပ်စော်လဲ မနံပါဘူး ဘယ်အမွှေးအကြိုင်နဲ့မှ မတူ နှိုင်းပြိုင်လို့မရနိုင်တဲ့ သီလရဲ့ ဂုဏ်ကို အာရုံပြု၍ ပြုစုလုပ်ကျွေးပါရစေဘုရားလို့ လျှောက်ထားပြီး ခြေတော်ဆေးပေးပါတယ်၊ ဒါကြောင့် သီလသဒ္ဒေါ အကနိဋ္ဌာတဲ့၊ မှတ်ထားစေလိုသည်မှာ သီလတရား ကြိုးစားအားထုတ်သင့်ကြောင်း သီလအနံ့ဆိုတာ ဘယ်ပန်းအနံ့နဲ့မှမတူနိုင်ပဲ အထက်ဘဝဂ်တိုင်အောင် မွှေးနိုင်ကြောင်း မဂ်ဖိုလ်နိဗ္ဗာန်ရအောင် ရောက်အောင် ကမ္မဋ္ဌာန်း တရား အားထုတ်တယ်ဆိုရမှာလဲ ပေါ့ပေါ့ဆဆ မဟုတ်ပါပဲလျက် အခုဝတ္ထုပါ မဟာသိဝဆရာတော်ကြီးကဲ့သို့ မရမချင်း ဖိဖိစီးစီး အား ထုတ်သင့်လှကြောင်း တိုက်တွန်းရင်း ဖြစ်မြောက်ကြပစေ တောင်းဆု တောင်းလျက် သိတာမှတ် အဘိဓမ္မာသတ်စို့။

နောက်တခုလဲ ကန္ဒရသာလပရိဝုဏ်မှာ ဝါတော်ခြောက်ဆယ်ရတဲ့ မထေရ်ကြီးဟာ ညောင်စောင်းမှာ ဝေဒနာပြင်းထန်စွာ ခံစားနေရလို့ ငြီးငြူနေပါတယ်။ တိဿဘုရင်လဲ မထေရ်ကြီး အသဲအသန်ဖြစ်နေလို့ ပျံလွန်တော်မူတော့မဲ့အကြောင်း သတင်းစကားကြားရတာနဲ့ ဖူးမျှော်ဘို့ ကြွလာခဲ့ပါတယ်၊ ပရိဝုဏ်အတွင်းလဲရောက်ရော 'ငြီးသံကြားရတာနဲ့ ဒီအသံဟာ ဘာသံလဲ' လို့ ဘုရင်ကမေးတော့ မထေရ်ကြီးရဲ့ ငြီးသံဖြစ်ကြောင်း လျှောက်ထားကြပါတယ်၊ တိဿဘုရင်က 'ဒီမထေရ်ဟာ ဝါတော်ခြောက်ဆယ်ရနေပါလျက် ဒုက္ခဝေဒနာကိုမှ မဆင်ခြင်နိုင်တော့ဘူးလား ဆိုပြီး ကန်တော့လာပေမဲ့ မကန်တော့ပဲ ဗောဓိပင်ကိုသာ ကန်တော့ပီး ပြန်သွားပါတယ်။

ဒါနဲ့ပြုစုလုပ်ကျွေးရသူ ရဟန်းတပါးက ဒီအကြောင်း မထေရ်ကြီးအား လျှောက်ထားတော့ မထေရ်ကြီးက ဒီလိုဆို ငါ့ကိုခွင့်ပြု တိတ်တိတ်နေကြဆိုပီး ကမ္မဋ္ဌာန်းတရား အားထုတ်လိုက်တာ ရဟန္တာဖြစ်သွားသတဲ့။

ဒီတော့မှ မထေရ်ကြီးက ရဟန်းတပါးကိုခေါ်ပီး ငါ့ရှင် မင်းကြီးထံသွား မထေရ်ကြီးက ရှိခိုးလာတော့ဟု သွားပြောချေလို့ ခိုင်းလိုက်ပါတယ်၊ မင်းကြီးလဲ ခပ်မြန်မြန်လာပီး မထေရ်ကြီးရဲ့ ခြေတော်ရင်းမှာ ဝပ်စင်းရှိခိုးပီး အရှင်ဘုရား တပည့်တော်ဟာ အရှင်ဘုရားရဲ့ အရဟတ္တဖိုလ်ကို ရည်ရွယ်ပီးတော့ ရှိခိုးတာမဟုတ်ပါ၊ ပုထုဇဉ်ဘဝတုန်းက စောင့်ရှောက်ခဲ့တဲ့ သီလဂုဏ်ကိုသာရည်ရွယ်ပီး ရှိခိုးပါတယ်ဘုရားလို့ လျှောက်ထားပါတယ်။

အရှင်ဘုရားရဲ့အရဟတ္တဖိုလ်ကို အာရုံပြုရှိခိုးတာမဟုတ်ပါဘူး သီလဂုဏ်ကိုသာ အာရုံပြုရှိခိုးပါတယ်ဆိုတော့ ဒါကြောင့် သီလကို အလေးဂရုပြု စောင့်ရှောက်ထိန်းသိမ်းသင့်ကြကြောင်း ထပ်လောင်း၍ သတိပေး ဟောကြားလိုက်ရပါတယ် တရားနာပရိသတ်တို့ရေ။

## ဂင်္ဂါတီရမထေရ်ဝတ္ထု

စကားစပ်မိနေတုန်း ဂင်္ဂါတီရမထေရ်အကြောင်းကို ဟောပြလိုက်ပါအုန်းမယ်၊ ဂင်္ဂါတီရမထေရ်ဆိုတာကလဲ ဂေါတမမြတ်စွာဘုရားရှေ့လက်ထက် သာဝတ္ထိပြည်မှာ ကုန်သည်တဦးရဲ့မယားဟာ ပဋိသန္ဓေတည်နေပါတယ်၊ 'ပဋိသန္ဓေတည်နေတာကို မိန်းမက သူ့ဟာသူ မသိသေးပါဘူး' ဒီအချိန်မှာပဲ သူ့ယောကျ်ားလဲ အရောင်းအဝယ်ကိစ္စနဲ့ ရာဇဂြိုဟ်ပြည်သို့ သွားပါတယ်။

သူမလင်ယောကျ်ားမရှိမှပဲ ပဋိသန္ဓေက တဖြည်းဖြည်း ရင့်မာလာတာပေါ့၊ ကိုယ်ဝန်အရင့်အမာ ယောကျ်ာမကြီးမြင်တော့ ငါ့သားမရှိပဲ အခုလို ကိုယ်ဝန်ရှိလာတာ ရိုးရိုးသားသားမဟုတ် တမျိုးအားဖြင့် လင်ငယ်ထား၍ရတာ မဟုတ်လားဟု မေးပါတယ်၊ ချွေးမလုပ်သူကလဲ မဟုတ်ကြောင်း ပြန်ပြောပေမဲ့ မယုံကြည်နိုင်တော့ပဲ အိမ်မှ နှင်ချလိုက်ပါဘယ်။

ချွေးမဖြစ်သူလဲ မထူးပါဘူးဆိုပြီး သူ့ယောကျ်ားသွားတဲ့ ရာဇဂြိုဟ်ပြည်ဘက်သို့ ထွက်သွားတော့တာပေါ့၊ လင်တော်မောင်မျှော်ရင်းလျှောက်လာလိုက်တာ 'သွားပါမျှားခရီးရောက်' ဆိုတဲ့အတိုင်း ရာဇဂြိုဟ်မြို့အနီး စရပ်တခုအနား ရောက်သွားပါတယ်။

စရပ်လဲရောက်ရော ကမ္မဇလေလှုပ်လာတာနဲ့ ဒီစရပ်မှာပဲ ရွှေတုံးနဲ့တူသောသားကလေး ဖွားမြင်ပါတယ်၊ ဖွားမြင်ပြီးမိခင်လဲ ကလေးငယ်ထားခဲ့၍ အညစ်အကြေးဆေးကြောရန် ရေသွားရှာခိုက် ကုန်သည်တယောက်တွေ့ရှိပြီး နတ်ပေးသောသားအမှတ်ဖြင့် ကလေးကို 'ဒတ္တ' ဟု နာမည်ပေးကာ မွေးစားပါတယ်၊ ကလေးအမေလဲ သူ့အညစ်အကြေးရေမိုးဆေးပြီးတော့ ကလေးကိုဆေးပေးဘို့ ရေခပ်ပြန်လာရာ စရပ်မှာထားခဲ့တဲ့သားကလေး မတွေ့ရတော့လို့ စိုးရိမ်ပူဆွေးငိုကြွေးလျက် ရာဇဂြိုဟ်ပြည်သို့မသွားတော့ပဲ သာဝတ္ထိပြည်ဘက်ပြန်လာရာ

လမ်းမှာသူခိုးဗိုလ်ကြီးနှင့်တွေ့၍ အိမ်ထောင်ပြုရာ သမီးလေးတယောက် ရပြန်ပါတယ်။

တနေ့တော့ လင်မယားနှစ်ယောက် ရန်ဖြစ်ကြ၍ သူခိုးဗိုလ်ကြီးက ရိုက်မယ်ကြံလို့ နို့စို့နေသောသမီးကလေး ရိုက်မိမှာစိုးတာနဲ့ မအေက ပုခက်ပေါ်ပစ်တင်လိုက်ရာ ပုခက်နှင့်သမီးခေါင်းဆောင့်မိလို့ ဒဏ်ရာ ရရှိသွားပါတယ်၊ ဒါနဲ့ သူခိုးဗိုလ်မယားလဲ သူ့ယောကျ်ားကြောက် တာနဲ့ပဲ သမီးလေးထားခဲ့ပီး သာဝတ္ထိပြည် မသွားတော့ပဲ ရာဇဂြိုဟ် ပြည် ပြန်လာပြန်ပါတယ်တဲ့။

ဒတ္တလဲ ပထမမိန်းမတယောက်နဲ့ အိမ်ထောင်ကျပီး မျှားမကြာမီ မိန်းမတယောက် ရပြန်ပါတယ်၊ ဒတ္တမရှိသောနေ့ တနေ့မှာ မယားကြီးမယားငယ် နှစ်ယောက် မိန်းမတို့ဘာဝ သန်းရှာကြတဲ့အခါ မယားငယ်ခေါင်းမှာ အမာရွတ်တွေ့၍ ငါ့သမီးလေးများ ဖြစ်နေ မလားဆိုတဲ့အသိနဲ့ ဖအေမအေအကြောင်း မေးကြည့်ရာ မယားငယ်က ကျမဖအေက သူခိုးဗိုလ်ကြီး မေမေကတော့ ကျမနို့စို့အရွယ် ငယ်ငယ် ကလေးက အဖေနဲ့စိတ်ဆိုးထွက်ပြေးတာ အခုအချိန်အထိ ပြန်မလာ တော့ပါဘူး၊ ဘယ်ရပ်ဘယ်ဌာနရောက်နေမှန်းလဲ မသိဘူး၊ ဒီမရောက် ခင်အစက ကျမကတောသူပေါ့စသဖြင့် ဖြစ်ကြောင်းရယ်ကုန်စဉ် အား လုံးဖွင့်လဲပြလိုက်ရော မအေမှန်း သမီးမှန်းသိသွားကြပြီး ငိုယိုနေခိုက် ဒတ္တအိမ်ပြန်လာတာနဲ့ မယားကြီးမယားငယ် တူနှစ်သွယ် ငိုပွဲ ဗက်ပင်း ပါတွေ့၍ မေးကြည့်တဲ့အခါ မယားကြီးက တစ်ကအစအဆုံး ဖွင့်ပြ လိုက်ပါတယ်၊ အဲဒီအခါကျတော့မှ ဒတ္တကလည်း သူ့အကြောင်းကို သူသိပြီးသူဖြစ်နေတဲ့အတွက် ငါဟာ မယားကြီးဆိုသူသားဘဲ မယား ကြီးဆိုသူဟာလဲ ငါ့မေမေပဲ မယားငယ်ဆိုသူဟာ ငါ့ညီမဖြစ်နေပီလို့ သူတို့သုံးယောက် အဆမတန် ဝမ်းနည်းပက်လက် လွန်စွာဖြစ်ကြလျက် တယောက်တယောက် ကြိုးကြည့်ကြောင်ကြည့် ကြောင်အန်းအန်းဖြစ် ပြီး သာယာဘို့ဝေးစွ မသိတဲ့အချိန်တုန်းက ဖြစ်ပျက်ခဲ့တာတွေကို

တောင် အင်း-ဒွိတတွေတော့ အားလုံးမတွေးရဲလောက်အောင် မှား ကုန်ကြပါပကောလားလို့ ဩတ္တပ္ပသံဝေဂ ကိုယ်စီကိုယ်စီရကြပြီး မိမိတို့ ဖြစ်ရပ် အထပ်ထပ်ရှုမုန်းကြလျက် ရာဇဂြိုဟ်ပြည်ရှိ ဘိက္ခုနီမကျောင်း သို့သွား၍ ရဟန်းမိန်းမပြုကြရာ မကြာမီ ရဟန္တာမများဖြစ်သွားကြ ပါတယ်။

ဒတ္တလဲ သံသရာတခွင်မှာ ခန္ဓာအစဉ်နဲ့ကျင်လည်နေရသမျှ ကံနှစ် ဖြာစီမံတာ ခံကြရမှာပဲ ဒါကြောင့် အခုဘဝ နောက်ဆုံးထား၍ သံသ ရာဝဋ်မှကျွတ်လွတ်စေရန် ကြိုးစားပြီး ရဟန်းတရားအားထုတ်လေမှပဲလို့ ကြံပြီး (သန္တုဋ္ဌိသလ္လေ) အလွန်ခြိုးခြံခေါင်းပါးလှစွာသော အကျင့် မြတ်ဖြင့် ရတာနဲ့ရောင့်ရဲတင်းတိမ်ကာ လမ်းကြိုလမ်းကြားက အဝတ် စုတ်တွေကောက်ယူပြီး ပံသုကူအဖြစ် စပ်ဖာချုပ်ပြီး ပံသုကူစုတင်ကို ဆောင်လျက် လိုချင်စရာမရှိ မဲညစ်ပေကျံနေတဲ့ မြေသပိတ်ကိုယူ၍ ဂင်္ဂါမြစ်ကမ်းနားမှာ ထန်းရွက်သုံးခုသာအမိုးရှိတဲ့ ကမ္မဋ္ဌာန်းကျောင်း ဆောက်လုပ်၍ ရဟန္တာမဖြစ်သမျှ စကားတခွန်းမျှ မပြောဘူးလို့ အဓိ ဋ္ဌာန်ပြုကာ အားထုတ်ခြင်း ဝီရိယဖြင့် အရိုးကြေကြေ အရေခန်းခန်း တကယ်တန်း အားထုတ်လိုက်တာ ပထမနှစ်ကုန်သွားလို့ ဒုတိယနှစ် ရောက်သောအခါ သူဆွမ်းခံခဲ့သောရွာမှ ဒကာမ တယောက်က မဟုတ် ဘူး ဒီမထေရ်ဟာ ရွာမှာဆွမ်းခံကြွနေတာ နှစ်နှစ်ရှိနေပြီ ဒါပေမဲ့ စကားတခွန်းတလေမှ ပြောသံမကြားဘူးပါလား၊ အတော်ထူးဆန်းတဲ့ ကိုယ်တော်ပဲ၊ ဆွံ့အနေလို့ပဲလား၊ ဘာဘဲဖြစ်ဖြစ်လေ ငါဒီနေ့တော့ စုံစမ်းကြည့်မယ်လို့ အကြံယူနေပါတယ်။

မထေရ်လည်းခါတိုင်းလိုပဲ ဆွမ်းခံကြွလာရာ အခုနဒကာမက နွားနို့တွေ သပိတ်ထဲ လောင်းထည့်လှူဒါန်းနေတာပေါ့၊ မကာနိုင်လို့ သပိတ်ထဲကနွားနို့တွေ လျှံကျနေပေမဲ့ ဒကာမကတော့ လောင်းနေ တုန်းပဲတဲ့၊ တော်လောက်ပြီဆိုတဲ့သဘောနဲ့ လက်ကာပြပေမဲ့ မရ လောင်းမြဲ လောင်းနေလေတော့ အင်း-လက်ဟန်နဲ့တော်ခိုင်းလို့တော့

ရမှာမဟုတ်တော့ပါဘူး၊ ပါးစပ်နဲ့ပြောမှပဲ 'အလံဘဂိနီ' ညီမရဲ့တော်လောက်ပြီဟု နှစ်နှစ်ကြာမှတခွန်း ပြောဘူးပါတယ်၊ စကားပြောတော့မှပဲ ဒကာမလဲ ကြေနပ်သွားဟန်တူသတဲ့၊ သုံးနှစ်ပြည့်မြောက်တဲ့နေ့လဲ ကျရော အာသဝေါကင်းကွာ ရဟန္တာဖြစ်သွားပါတယ်၊ သူ့ကိုဂင်္ဂါမြစ်နားမှာ သိတင်းသုံးနေတဲ့အတွက် ဂင်္ဂါတီရမထေရ်ဟု ထင်ရှားကျော်ကြားပါတယ်၊ ဒီဂင်္ဂါတီရမထေရ်ဝတ္ထုကို ဟောပြတဲ့အတွက် တရားနာပရိသတ် သဘောပေါက်စေလိုတာက အခုဝတ္ထုပါ ဂင်္ဂါတီရမထေရ်လို သန္တုဋ္ဌိသလ္လေခအကျင့်မျိုးဖြင့် ဖိဖိစီးစီး ဝီရိယရှေ့ထားကျင့်ကြပါဆိုတဲ့ စေတနာနဲ့ ထည့်ဟောပြလိုက်ပါတယ်၊ (အမှာ–ဒီဂင်္ဂါတီရမထေရ်တရားတော်သည် ပထမထုတ်လိုက်တဲ့ "တရားဟောကွက်ပြောကွက်များ" အမည်ရှိစာအုပ်ထဲမှာ ပါသွားပေမဲ့ အခုစာအုပ်မှာလဲ ကျင့်ကြပါဆိုတဲ့စကား ဘောင်အတွင်းဝင်နေပါသဖြင့် ဘယ်လောက်အထိအဆင်းရဲအပင်ပန်းခံ၍ ကျင့်ရတယ်ဆိုတာ တရားနာပရိသတ် စာရှုသူများ ထပ်မံသိစေလိုတဲ့အတွက် ထည့်ဟောပြလိုက်ပါတယ်။)

## သိတင်းကျွတ်တိုင်း မျက်ရည်ဝိုင်းသည်

နောက်ပြီး သီဟိုဠ်ကျွန်း အာလိန္ဒကျောင်းတို့မှာ ကြိုးစားအားထုတ်တော်မူတဲ့ မဟာဖုဿရေဝမထေရ်လဲ ဒီလိုပါပဲ၊ ကျောင်းမှာနေတာ မခပြောနဲ့ ဆွမ်းခံကြွရင်းသည်ပင် အသွားအပြန် လမ်းမှာကမ္မဋ္ဌာန်းအာရုံ မပြတ်ခဲ့ပါဘူးတဲ့၊ အားထုတ်လိုက်တာ တဆယ့်ကိုးဝါကြာသွားပါတယ်၊ ဒီလောက်အားထုတ်ပါလျက်နဲ့ ရဟန္တာမဖြစ်နိုင်တာဟာ ဒီဘဝ မဂ်ဖိုလ်မရထိုက်တဲ့၊ (အဘဗ္ဗ) ပုဂ္ဂိုလ်များဖြစ်နေလေရော့သလားနဲ့ စိတ်ဆင်းရဲလိုက်တာ သိတင်းကျွတ်ပဝါရဏာနေ့ ရောက်တိုင်း မျက်ရည်ကျရပါတယ်တဲ့၊ ဒီလိုနဲ့ မလျှော့သောဇွဲလုံ့လဖြင့် မရမနေ ဆက်ကြိုးစားအားထုတ်လိုက်တာ ဝါနှစ်ဆယ်လဲရရော ရဟန္တာဖြစ်ရပါတယ်၊ အခုလို မလျှော့သောဇွဲလုံ့လရှေ့ထားပြီး မဖြစ်မနေ

ကြိုးစားအားထုတ်ပုံ သာဓကတွေ ထုတ်ဟောပြခြင်းရဲ့ဆန္ဒက တရား
နာပရိသတ်အားလုံးလည်း အခုဟောခဲ့တဲ့ မဟာသီဝထေရ် ဂင်္ဂါတီရ
မထေရ် မဟာဖုဿဒေဝမထေရ်တို့လို မရမနေ အားကြိုးမာန်တက် ဗွဲ
လုံ့လဝီရိယနှင့် အပတ်တကုတ် လေးလေးနက်နက် ကျင့်ကြံကြိုးကုတ်
အားထုတ်စေချင်တဲ့ စေတနာသဒ္ဒါနဲ့ ဟောပြနေတယ်ဆိုတာ သဘော
ပေါက်ပါစေ၊ ဖြစ်စေချင်တဲ့ဆန္ဒအတိုင်းလဲ ကျင့်ကြံကြိုးကုတ်ပြုလုပ်
အားထုတ်ပါလို့ ထပ်မံတိုက်တွန်းရင်း သိတင်းကျွတ်တိုင်း မျက်ရည်
ကျသည့်ဘုရား ပြီးစေပေါ့။

ဒါနထက်သီလသာ

နေမိဇာတ်တော် သိကြားမင်းပုစ္ဆာဖြေခဏ်း၊

တရားနာပရိသတ်အားလုံး ဒါနထက်သီလက ဘာဖြစ်လို့သာတယ်
ဆိုတာ သိချင်နာချင်ကြလိမ့်အုန်းမှာဖြစ်လို့ ဟောပြလိုက်ပါအုန်းမယ်၊
စိတ်ပျံ့လွင့်နေလျှင် တခုတည်းသောစိတ်ဖြစ်ဘို့ မလွယ်ကူပါဘူး၊ စိတ်
တခုတည်း မဖြစ်နိုင်တာနဲ့အမျှ တိကျမှန်ကန်စွာ ဆုံးဖြတ်နိုင်တဲ့ဉာဏ်
ဆိုတာ ဖြစ်ပေါ်မလာနိုင်ပါ၊ နေမိမင်းကြီးဟာ ဒါနနှင့် သီလ ဘယ်
ဟာက အကျိုးကြီးမြတ်တယ်ဆိုတာကို စိတ်ပျံ့လွင့်နေတဲ့အတွက် တခု
တည်းသောစိတ် မဖြစ်ပါ၊ ဒီလို တခုတည်းသောစိတ်မဖြစ်လို့ ဟုတ်တိုင်း
မှန်ရာသိတဲ့ ဉာဏ် ဖြစ်မလာနိုင်တဲ့အတွက် ဒါနနှင့်သီလ ဘယ်တရားက
မြတ်တယ်လို့ မဆုံးဖြတ်နိုင်ပဲ သို့လောသို့လော ဖြစ်နေပါတယ်၊ အဲဒီ
ဒါနကဘဲမြတ်လေမလား ဒါမှမဟုတ် သီလကဘဲ ပို၍အကျိုးအမြတ်
ရှိလေမလားဆိုတဲ့ သို့လော သို့လော တွေးတော သံသယဝင်နေတဲ့
အချက်ကို ကွက်ကနဲရှင်းပြဘို့ သိကြားမင်းက နေမိမင်းကြီးစံမြန်းတဲ့
ကြက်သရေရှိသောတိုက်ခန်းသို့ ဝင်လာပြီး ဟောဒီလို အခုဟောမဲ့
အတိုင်း ဖြေကြားပြပါတယ်။

လူအပေါင်းတို့ကို အစိုးရတော်မူသော နေမိမင်းကြီး အလှူပေးတယ်၊ သီလဆောက်တည်တယ်ဆိုတဲ့ နှစ်ပါးတို့တွင် အမြတ်ဆုံးဖြစ်တဲ့ မဟာဒါန၏အကျိုး ဖြစ်စေကာမူ အယုတ်ဆုံးဖြစ်တဲ့ ဥပုသ်သီလရဲ့ အကျိုးကို မမှီနိုင်ပါဘူး၊ ဥပုသ်အင်္ဂါတခုတည်း ပြည့်စုံစေ၍ အယုတ်ဆုံးဖြစ်သော သီတင်းသုံးခြင်းပင်လျှင် ပဒေသရာဇ်မင်း, ကေရာဇ်မင်း, စကြာမင်းတို့၏ စည်းစိမ်ချမ်းသာကို ပေးတတ်ပါတယ်၊ အလတ်ဖြစ်သော ဥပုသ်သီလသည်ပင် လူမင်းစည်းစိမ်ထက် အဆတရာ မြတ်လှတဲ့ နတ်မင်းစည်းစိမ်ချမ်းသာကို ပေးတတ်ပါတယ်။

အမြတ်ဆုံးဖြစ်တဲ့ ဥပုသ်သီလဆိုရင်တော့ လူမင်း နတ်မင်းတို့ရဲ့ စည်းစိမ်ချမ်းသာထက် အဆပေါင်း ထောင်သောင်းမက လွန်မြတ်သော ကိလေသာစင်ခြင်းဖြင့် ဗြဟ္မာမင်းအဖြစ်ကို ရစေတတ်တယ်၊ ဗြဟ္မာမင်းအဖြစ် ဆိုတာက တကျွန်းလုံးအပြည့် ဒါနဝတ္ထုတွေစုပုံ၍ တသက်လုံး လှူဒါန်းပေးကမ်း စွန့်ကြဲပေမဲ့ မရလွယ်နိုင်ပါဘူးတဲ့၊ သာသနာ့အပအခါ တိတ္ထိတွေရဲ့ကျောင်းမှာ မေထုနဓမ္မ မေထုန်အမှုရှောင်ကြပြီး တခုသောဝိရတိစေတနာမျှ သီလသည် ဟီနမည်ပါတယ်၊ ရှစ်ပါး ဆယ်ပါးသော သီလတို့၌ မြဲစေလျက် ကသိုဏ်းအသုဘစတဲ့ ကမ္မဋ္ဌာန်းသို့ရှေ့ရှု လုံ့လပြုသဖြင့် ဈာန်၏အနီးသို့ချောက်၍ နီဝရဏတို့ကို တဒင်္ဂသတ္တိဖြင့် ခွါစွန့်နိုင်သော မဟာကုသိုလ်စေတနာဟု ဆိုအပ်သော သီလသည် မဇ္ဈိမမည်ပါတယ်၊ ကမ္မဋ္ဌာန်းကို အားထုတ်သဖြင့် ဈာန်ကိုရ၍ သမာပတ်ရှစ်ပါးနှင့် ပြည့်စုံခြင်းသည် ဥတ္တမမည်ပါတယ်၊ မြတ်စွာဘုရား သာသနာတော်အတွင်း ဖြစ်ပါက နတ်မင်း သိကြားမင်းတို့ရဲ့အဖြစ်ကို တောင့်တ၍ စတုပါရိသုဒ္ဓိသီလကို စင်ကြယ်စွာစောင့်သောရဟန်း၏ မြတ်သော ဗြဟ္မစရိယစေတနာသည် မိမိတောင့်တတဲ့အတိုင်း ဒေဝသမ္ပတ္တိကိုသာ ပေးစွမ်းနိုင်လို့ ဟီနမည်ပါတယ်။

စတုပါရိသုဒ္ဓိသီလလေးပါးနဲ့ပြည့်စုံသော ရဟန်းသည်ဗြဟ္မာ့အဖြစ်ကိုတောင့်တ၍ ကမ္မဋ္ဌာန်း၌လုံ့လပြု၍ သမာပတ်ရှစ်ပါးနှင့်ပြည့်စုံခြင်း

ဗြဟ္မစရိယသီလသည် ဗြဟ္မာ့ပြည်၌သာလျှင် ဖြစ်စွမ်းနိုင်လို့ မဇ္ဈိမမည် ပါတယ်၊ စတုပါရိသုဒ္ဓိသီလနှင့် ပြည့်စုံတဲ့ရဟန်း၏ ဝိပဿနာကိုပွားစေ သဖြင့် မဂ်ဉာဏ်ဖိုလ်ဉာဏ်သို့ ရောက်၍ ရဟန်းဖြစ်ခြင်းသည် စင်ပြီးတဲ့ ကိလေသာရှိခြင်းကြောင့် ဥတ္တမမည်ပါတယ်၊ အဲဒီလို နှစ်ဂါထာဖြင့် သို့လောသို့လော ဖြစ်နေသော နေမိမင်းကြီးအား သိကြားမင်းက ဖြေ ကြားပြပါတယ်၊ ဒီနေရာမှာ စကားတခု မှတ်သားထားရမှာက ဘုရား မပွင့်တဲ့သာသနာတော်မှ အပဖြစ်ကုန်သော ရသေ့ရဟန်းတွေကတော့ ဗြဟ္မာ့ပြည်မှာဖြစ်တာကိုပင် နိဗ္ဗာန်လို့ပြောဆိုကြပါတယ်၊ ဘာပြုလို့လဲ ဆိုတော့ ဘုရားပွင့်တဲ့အခါ မဟုတ်လို့ ဒေသနာတော်နည်းကိုမရ၍ ကိလေသာကာမဂုဏ်တို့ကို ဝိက္ခမ္ဘနသတ္တိဖြင့် ငြိမ်းစေ ကွာစေခြင်း ရှိတဲ့ ဗြဟ္မာ့ပြည်ကိုပင် နိဗ္ဗာန်ဟုဆိုကြပါတယ်တဲ့။

## ဘာဖြစ်လို့ဒါနက သီလထက်မြတ်သလဲ

သိကြားမင်းက ဆက်၍ ဘာဖြစ်လို့ ဒါနတရားထက် သီလတရားက သာ၍မြတ်သလဲဆိုတဲ့ သာဓကလေးတခု ထုတ်ဟောပြရအုန်းမယ်၊ ဟို ဟိမဝန္တာတောမှာ ရွှေတောင်နှစ်လုံးတို့၏ အကြား စီးဆင်းနေတဲ့ သီတာမြစ်ဆိုတာရှိပါတယ်၊ အဲဒီမြစ်နားမှာ အဘိညာဏ်ငါးပါး သမာ ပတ်ရှစ်ပါးနှင့် ပြည့်စုံကြတဲ့ ရသေ့တသောင်းတို့လည်း သီတင်းသုံး နေကြပါတယ်၊ တနေ့တော့ ရသေ့တပါးဟာ ဗာရာဏသီပြည်ဆွမ်းခံ ကြွလာရာ ပုရောဟိတ်ပုဏ္ဏားတယောက်က ရသေ့ကိုကြည်ညိုပြီး အိမ် ဆွမ်းပင့်ဆက်ကပ်လှူဒါန်း၍ ရသေ့၏လိပ်စာနေရပ် လျှောက်ထားကြည့် ပါတယ်၊ ဟိမဝန္တာ သီတာမြစ်နားမှာ ရသေ့အပေါင်း တသောင်း နှင့်နေကြောင်း စတဲ့ သတင်းအပြည့်အစုံ ကြားရတာနဲ့ ပုရောဟိတ် ပုဏ္ဏားလည်း ရသေ့ဝတ်ချင်စိတ် ပေါက်သွားပါတယ်၊ ဒါနဲ့ ရသေ့ လည်း ဟိမဝန္တာပြန်ကြွသွားပြီးနောက် ကြွလာပြန်တဲ့အခါ ပုရောဟိတ် ပုဏ္ဏားလည်း ဘုရင့်ကိုခွင့်တောင်း၍ သူ့သားကို သူ့ရာထူးပေးပြီး

ရသေ့ရဟန်းပြုတော့မည့်အကြောင်း ခွင့်တောင်းပါတယ်၊ ဘုရင်ကလဲ သင်ပုရောဟိတ် ရသေ့ရဟန်းပြုပြီးလို့ရှိရင် ရသေ့အသွင်နှင့် ပြန်ကြွလာခဲ့ဘို့ကိုလည်း မှာကြား၍ ရသေ့ပြုရန် ခွင့်ပြုလိုက်ပါတယ်၊ နံနက်မိုးသောက် အလင်းရောက်သော် ရှင်ရသေ့လည်း ကောင်းကင်ခရီးဖြင့် ကြွလာ၍ ပုရောဟိတ်အိမ်သို့ ရောက်လာပြီး ဆွမ်းဘုဉ်းပေးခြင်းကိစ္စပြီးစီးတဲ့အခါ ပုဏ္ဏားလက်ဆွဲပြီး မိမိတန်ခိုးဖြင့် ဟိမဝန္တာသီတာမြစ်ကမ်းနားသို့ ခေါ်ဆောင်၍ ရသေ့ရဟန်းပြုစေလျက် ဤမည်သော ကသိုဏ်းကိုစီးဖြန်း၍ ကမ္မဋ္ဌာန်းတရားတို့ကို ပေးပါတယ်၊ ဆရာပေးတဲ့အတိုင်း အားထုတ်လိုက်တာ နှစ်ရက်သုံးရက်နဲ့ဘဲအဘိညာဏ်သမာပတ်ကိုရရှိပြီး မိမိအလိုရှိသလို ထိုထိုအရပ်တို့ကို ကောင်းကင်ခရီးဖြင့် သွားလာနိုင်ပါတယ်တဲ့၊ တနေ့တော့ ရသေ့ပုဏ္ဏားလည်း ဘုရင်မှာလိုက်တဲ့အတိုင်း ဗာရာဏသီမင်းရဲ့ နန်းတော်ကိုကြွလာပါတယ်၊ ဘုရင်ကလည်း ကောင်းမွန်စွာ ပြုစုလုပ်ကျွေး၍ နေရပ်လိပ်စာ လျှောက်ထားကြည့်ပါတယ်၊ ရသေ့ကလည်း နောက်ကရသေ့ပြောတဲ့ လိပ်စာအတိုင်း အမိန့်ရှိတော်မူပါတယ်၊ ရသေ့တွေသတင်းကောင်းကြားသိရ၍ ကြည်ညိုစိတ်ရှိတာနဲ့ ရသေ့တသောင်းလုံး ဆွမ်းလုပ်ကျွေးရန် မိဖုယားကြီးနှင့်တကွ မောင်းမမိဿံ ခြွေရံသင်းပင်း စစ်စာပ်ပါမကျန် အလုံးအရင်းနှင့် ဗာရာဏသီပြည်မှ ရသေ့လမ်းညွှန်သည့်အတိုင်း သီတာမြစ်နားရောက်၍ မြို့နန်းတည်ကာ ရသေ့တသောင်းကို ဆွမ်းစတဲ့ ဒါနဝတ္ထုအစုစုတို့ဖြင့် ပြုစုလုပ်ကျွေးလိုက်တာ အနှစ်တသောင်းကြာသွားသတဲ့၊ အဲဒီလိုလုပ်ကျွေးတဲ့သူဟာ အခြားသူမဟုတ်ဘူး၊ ကျွန်ုပ် သိကြားမင်းပါဘဲတဲ့၊ အဲဒီလိုကြီးကျယ်တဲ့ မဟာဒါနကြီးကို၊ အကုသိုလ်မကောင်းမှုဆိုတာ ငရဲသို့ရောက်စေတတ်တယ်၊ ကုသိုလ်ကောင်းမှုဆိုတာ ကောင်းရာသုဂတိသို့လားရောက်စေတတ်တယ်ဆိုတဲ့ ကံကံ၏အကျိုး ယုံကြည်သဒ္ဓါမျိုးဖြင့် ပြုလုပ်ပေမဲ့ ဆကာမာဝစရ နတ်ပြည်ခြောက်ထပ်ဆိုတဲ့ ပြိတ္တာဘုံကို မလွန်ဆန်နိုင်တဲ့အတွက် အခုလို သိကြားမင်းလောက် အဖြစ်ကိုသာ

ရနိုင်တယ်၊ သီလနှင့်ပြည့်စုံပြီး မြတ်သောအကျင့်ကို ကျင့်ကြလို့ အနှစ်တသောင်းကြာအောင် ကျွန်ုပ်လုပ်ကျွေးဆက်ကပ်သော ဆွမ်းဘောဇဉ်အာဟာရကို သုံးဆောင်၍ ကာမာဝါစရနတ်ပြည်ဆိုတဲ့ဘုံကို လွန်မြောက်ပြီး မြတ်သောစင်ကြယ်ခြင်းရှိတဲ့ ဗြဟ္မာ့ပြည်မှာသာ ဖြစ်ကြတယ်လို့ သိကြားမင်းက သာဓကပြ ဖြေကြားပါတယ်။

## ထပ်ပြီး သတိပေးထားခဲ့တာက

ဒါနထက်သီလသာ အကျိုးကြီးမြတ်တယ်လို့ ကျွန်ုပ်ဟောခဲ့ပေမဲ့ ဒါနသီလနှစ်ပါးသည် ကံကံ၏ အကျိုးကို ယုံကြည်သောသူတော်ကောင်းတို့၏ အလေ့အကျက်ချည်းဖြစ်၍ မင်းကြီးလဲ ဒါနကုသိုလ် သီလကုသိုလ်နှစ်မျိုးလုံးကိုပင် အခါခပ်သိမ်း မမေ့မလျော့မပေါ့ဆလေနှင့်လို့ သတိပေးဆုံးမပြီး သိကြားမင်းလည်း မိမိနေရာ တာဝတိံသာနတ်ပြည်သို့ ပြန်တက်သွားပါတယ်၊ ပစ္စေကဗုဒ္ဓါချွန်လှပ်၍ သာသနာတွင်းမှာပြုလုပ်တဲ့ ဒါနသီလသမထဖြစ်ပါက နိဗ္ဗာန်ကိုရောက်နိုင်တာချည်းပဲဖြစ်လို့ ဒါနရောသီလပါတခုမကျန် ပြုလုပ်အားထုတ်ကြပါလို့ထပ်မံ တိုက်တွန်းလိုက်ရပါတယ်။

## သီလရှိက ဆုတောင်းတိုင်းရ

ဆုဆိုတာကလဲ တောင်းတိုင်းမရပါဘူး၊ ပကတိသာဝကဆု ဟိုဆုဒီဆုတွေ လျှောက်တောင်းနေမဲ့ အစား တဦးဦးဆုတောင်းပါ၊ အဂ္ဂသာဝကဆုဆိုတာလဲ ဘုရားတဆူပွင့်မှ အဂ္ဂသာဝကလို့ရှိတာ။

သံယုတ်ပါဠိတော်မှာလာတဲ့ သီလဂုဏ်ရှစ်ပါးရှိပါတယ်

၁။ မကျိုးသောဂုဏ်

၂။ မပေါက်သောဂုဏ်

၃။ မပြောက်သောဂုဏ်

၄။ မကြားသောဂုဏ်

၅။ ကိလေသာတဏှာကျွန်မခံပဲ တော်လှန်သောဂုဏ်

၆။ ပညာရှိတို့သည် ချီးမွမ်းအပ်သောဂုဏ်

၇။ တဏှာဒိဋ္ဌိတို့သည် မှားသောအားဖြင့် မစွဲလမ်းမသုံးသပ်သောဂုဏ်

၈။ စိတ်တည်၍ သမာဓိကိုဖြစ်စေတတ်သောဂုဏ် အဲဒီလို ဂုဏ်ရှစ်ပါးနှင့် ပြည့်စုံသောသီလကို ငါသည် မကျိုးမပေါက် မပြောက်မကြားအောင် ကောင်းစွာစောင့်ရှောက်အပ်ပြီ တရားနာပရိသတ်များ သီလစောင့်တဲ့အခါမှာ အမှတ်မဲ့အမှတ်မဲ့မစောင့်ဘဲ အခုဟောခဲ့တဲ့သီလဂုဏ်ကို ဆင်ခြင်သုံးသပ်ရပါမယ်လို့ ဟောတော်မူပါတယ်၊ သီလမှာ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်ဆိုတာရှိပါတယ်၊ သီလသည် ကိုယ်နှုတ်နှလုံး သုံးပါးစလုံးကို မဖောက်ပြန်စေရဘဲ ကုသိုလ်တရားတို့၏ တည်ရာလက္ခဏာရှိပါတယ်၊ ဒုစရိုက်တရားတို့ကို ဖျက်ဆီးခြင်းကိစ္စရသရှိပါတယ်၊ အပြစ်မရှိခြင်း အနဝဇ္ဇဂုဏ်နှင့်ပြည့်စုံခြင်း သမ္ပတ္တိရသရှိပါတယ်၊ ကိုယ်နှုတ်နှလုံး သုံးပါးလုံး၏ စင်ကြယ်ခြင်းလျှင် ထင်သောအခြင်းအရာ ရှိပါတယ်၊ မကောင်းမှုဒုစရိုက်ကို ပြုရမည်မှ ရှက်ခြင်း၊ ကြောက်ခြင်း ဟိရီဩတ္တပ္ပသာလျှင် နီးစွာသောအကြောင်း ပဒဋ္ဌာန်ရှိပါတယ်၊ အခုဟောခဲ့တဲ့ သီလဂုဏ်တို့ကို ဆင်ခြင် လက္ခဏာ-ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်သို့တင်၍ မိမိကိုယ်မှာအ သက်ပမာ လုံခြုံစွာ ဆောက်တည်ကျင့်သုံးနိုင်မှ လူသီလဝန္တဖြစ်ကြမှာပဲဖြစ်ပါတယ်၊ အဲဒီလို လူသီလဝန္တ သီလရှိတဲ့သူဖြစ်မှသာ မိမိတို့အလိုရှိတဲ့ဆုကို တောင့်တတိုင်းရကြမှာပဲဖြစ်ပါတယ်၊ ဘာပြုလို့လဲဆိုတော့ 'ဣဇ္ဈတိဘိက္ခဝေ သီလဝတော စေတော ပဏိဓိဝိသုဒ္ဓတ္တာ' ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ သီလဝတော၊သီလရှိသောသူအား။ ဝိသုဒ္ဓတ္တာ၊ အထူးစင်ကြယ်သည်၏ အဖြစ်ကြောင့်။ စေတောပဏိဓိ၊ စိတ်ဆောက်တည်မှု တောင်းသည့်ဆုသည်။ ဣဇ္ဈတိ၊ ပြည့်စုံနိုင်၏လို့ အင်္ဂုတ္တိုရ်ပါဠိတော်မှာ မြတ်စွာဘုရားဟောထားတော်မူပါတယ်။

စိတ်ဟာ စင်ကြယ်သန့်ရှင်းနေမှ လိုရာဆုကို တောင်းတိုင်းရပါတယ်တဲ့၊ စိတ်စင်ကြယ်မှု ဖြစ်အောင်ဆိုတာကလဲ ကိုယ်ကျင့်သီလမရှိရင် စိတ်ဆိုတာစင်ကြယ်မလာနိုင်ပါဘူးလို့ ဟောတော်မူထားလေတော့ မိမိတို့ဆုတောင်းတဲ့အတိုင်း ပြည့်စုံအောင်ရအောင် သီလကိုထိန်းသိမ်းစောင့်ရှောက်ကြပါ၊ မိမိတို့စောင့်ရှောက် ထိန်းသိမ်းထားတဲ့ သီလကိုလည်း မကျိုးမပေါက် မပြောက်မကြားရအောင် ကောင်းမွန်စွာ ထိထိရောက်ရောက် လုံခြုံစေ၍ စောင့်ထိန်းပါ။

ဥပရိပဏ္ဏာသအဋ္ဌကထာမှာလဲ အကြင်သူအား သဒ္ဓါ သီလ သုတ စာဂ ပညာဆိုတဲ့ တရားငါးပါးသာရှိ၍ ပတ္ထနာမပြု၊ ထိုသူအား လားရာဂတိမမြဲ၊ အကြင်သူအား လိုသောဆုကိုတောင်း၍ (သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ) ဟူသော တရားငါးပါးမရှိ၊ ထိုသူအားလဲ လားရာဂတိမမြဲ၊ ဆုတောင်းတိုင်းလဲ မပြည့်စုံသေးပါဘူးတဲ့။

အကြင်သူအား (သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ)ဆိုတဲ့ တရားငါးပါး ကိုယ်ကျင့်တရားလည်းရှိ၏၊ အလိုရှိရာကိုလည်း ဆုတောင်းပတ္ထနာပြု၏၊ထိုသူအားသာလျှင်ကိုယ်ကျင့်တရားလဲရှိဆုတောင်းပတ္ထနာပြုခြင်းဆိုတဲ့ အင်္ဂါနှစ်ပါးနှင့် ပြည့်စုံသောကြောင့် တောင်းသမျှတွေလဲ ပြည့်စုံပြီး လားရာဂတိလဲ မြဲ၏ဟု အဋ္ဌကထာဆရာ မိန့်ဆိုထားပါတယ်။

အင်္ဂုတ္တိုရ်အဋ္ဌကထာ၌လဲ

၁။ သရဏဂုံဆောက်တည်သောသူ
၂။ သီလမြဲသောသူ
၃။ စာရေးတံဆွမ်းဝတ် အမြဲမပြတ်ပြုသောသူ
၄။ လဆန်းပက္ခ လဆုတ်ပက္ခ နှစ်ဌာနဌ် ဆွမ်းဝတ်အမြဲပြုသောသူ
၅။ ဝါဆိုသင်္ကန်း အမြဲကပ်လှူသောသူ
၆။ ရေကန်တူးလှူသောသူ
၇။ ကျောင်းဆောက်လုပ် လှူဒါန်းသောသူ

အဲဒီလိုအမြဲမပြတ် နိစ္စဗဒ်ဝတ်ကို ပြုလုပ်လူဒါန်းသောသူများဟာ (မြဲသောဂတိအလားရှိ၍ သောတာပန်နဲ့ တူကြပါတယ်လို့)မိန့်ဆိုထားပါတယ်။

ဒါကြောင့် မြတ်စွာဘုရားသာသနာတော်နဲ့ ကြုံကြိုက်ခိုက် သဒ္ဓါ သီလ သုတ စာဂ ပညာ တရားတိုးပွားလာအောင်ရှာမှီးပြီး ဘုရားတရားသံဃာဆိုတဲ့ ရတနာသုံးပါး အမြဲမပြတ်ဆည်းကပ်ပါ။

အခုဟောခဲ့တဲ့ နိစ္စဗဒ်ဝတ်ကိုလဲ ပြုလုပ်အားထုတ်၊ မိမိတို့လိုရာဆုကိုလဲတောင်း၊ မိမိသွားရမဲ့လမ်း မိမိပဲပြုပြင် အခုဘဝတွင်ဉာဏ်အမြင်ရအောင်လုပ်ပါမှ တောင့်တတဲ့ မဟာအသင်္ခတဓာတ် နိဗ္ဗာန်မြတ်သို့ အဆုံးတနေ့ ပါရမီပြည့်မှ အမြိုက်ချမ်းသာခံစားကြရမှာဆိုတာ သတိသမ္ပဇဉ် ဉာဏ်ယှဉ်ပြီး ကောင်းစွာအားထုတ်ပြုလုပ်ကြပါလို့ သတိပေးတိုက်တွန်းရင်း 'သီလရှိက ဆုတောင်းတိုင်းရ' ဟူသော ခေါင်းစဉ်ပါတရားဒေသနာ ဒီနေရာ အဘိဓမ္မာ....

ဘုရားနာပရိသတ် တခုမှတ်ထားရမှာက သီလရှိက ဆုတောင်းတိုင်း ရဘယ်ဆိုပေမဲ့ မဟုတ်မဟုတ်ဆုတွေ အရမ်းကာရော လျှောက်တောင်းလို့ မဖြစ်ပါဘူး။

ဉပမာ။ ။ဆဒ္ဒန်ဆင်မင်းဇာတ်တော်လာ စူဠသုဘဒ္ဒါဆုမျိုး—

ဥမ္မာဒန္တီ မိန်းကလေးတောင်းတဲ့ဆုမျိုးတို့လို သူတပါးဆင်းရဲစေမဲ့ဆု၊ သံသရာကျင်လည်စေရမဲ့ ဆုမျိုးတွေကိုတော့ မ တောင်းမိကြဘို့ အထူးအနေနဲ့ သတိပေးလိုက်ပါရစေ။

ဒီစာအုပ်ထဲမှာပဲ ဟောထားတဲ့ ဓမ္မဒိန္နာတို့ သုမနမင်းသမီးတို့ အနေ့ာဇာမိဖုယားကြီးတို့ ဆုတောင်းမျိုးလို သူတပါးကိုဒုက္ခမပေးပဲ သူတို့လိုချင်တဲ့ချမ်းသာကိုသာ ဆုတောင်းတဲ့အတိုင်း ချမ်းသာအမျိုးမျိုးနဲ့ အပြစ်မရှိပြည့်စုံပြီး မဂ်ဖိုလ်နိဗ္ဗာန် မျက်မှောက်ပြုသွားကြတယ် မဟုတ်လား။

ဒါကြောင့် ဆုတောင်းဆိုပေမဲ့ သူတပါး ဒုက္ခမပေးတဲ့ဆုမျိုး၊ မိမိလဲ နိဗ္ဗာန်ရနိုင်အောင်ဆုတောင်းကြပါ၊ တဦးတယောက်နဲ့မတည့် တိုင်း ခုဘဝမနိုင် နောင်ဘဝကျမှ နိုင်ရပါလို၏ဆိုတဲ့ဆုမျိုးတွေကိုလဲ ရှောင်ရှားကြပါလို့ သတိပေး တိုက်တွန်း ဟောလိုက်ရပါတော့ သတည်း။

## သီလအကျိုး

ဒီဇာတ်ဝတ္ထုတရားတော်မှာလဲ မှတ်သားစရာ အတုယူစရာကလေး ပါလို့ ထည့်ဟောပြလိုက်ပါအုန်းမယ်။

ရှေးအခါတုန်းက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း တိုင်းပြည် အုပ်ချုပ် မင်းလုပ်တဲ့အခါ ဘုရားအလောင်းတော်က ပုဏ္ဏားမျိုးမှာ ဖြစ်၍ အရွယ်ရောက်လာတော့ ဒိသာပါမောက္ခဆရာထံမှာ ပညာ သင်ကြားပါတယ်၊ ကျောင်းသားငါးရာထဲမှာ အကြီးအကဲပေါ့လေ၊ ဒိသာပါမောက္ခဆရာကြီးမှာလဲ တဆယ့်ခြောက်နှစ်အရွယ် သမီးငယ် တယောက်ရှိသတဲ့။

တနေ့တော့ ဆရာကြီးက တပည့်တွေကိုခေါ်ပြီး သူ့မှာရှိတဲ့သမီး လေးကို လက်ထပ်ထိမ်းမြားပေးဘို့ အဝတ်တန်ဆာတွေ လိုလာတဲ့ အတွက် မိဘများနှင့်တကွ မည်သူမျှမသိအောင် တိတ်တိတ်ခိုးယူပြီး ယူခဲ့ကြရမယ်လို့ သီလစမ်းလိုတဲ့သဘောနဲ့ ပြောပြပါတယ်။

ဆရာကြီးပြောကြားလိုက်တဲ့အတိုင်း ကျောင်းသားတွေလဲ အသီး သီးအိမ်ပြန်ကြပြီး မည်သူမျှမသိအောင် အဝတ်အစားတွေကို တိတ် တိတ်ခိုးယူကြပါတယ်။

ဆရာကြီးကလဲ ကျောင်းသားတွေလာအပ်တဲ့ အဝတ်အစားတွေ စာရင်းနဲ့ မှတ်ထားရာ ဒိပြင်ကျောင်းသားတွေ အသီးသီးယူခဲ့ကြတဲ့ ပစ္စည်းများ ဆရာကြီးထံ လာရောက်အပ်ကြပေမဲ့ ဘုရားလောင်း ကတော့ ဘာအဝတ်အစားမှ မပါလာတဲ့အတွက် ဆရာကြီးက တခြား

ကျောင်းသားတွေ ကိုယ်စီကိုယ်စီ အဝတ်ဘန်ဆာ ယူလာပါလျက် အမောင်က ဘာပြုလို့မယူခဲ့တာလဲလို့ မေးပါတယ်၊ ဘုရားလောင်း ကျောင်းသားက ဟုတ်ပါတယ်ဆရာကြီး မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာအရပ်မရှိ၍ မိဘဆွေမျိုးတွေ မသိရအောင် တိတ်တိတ်ခိုးယူပေမဲ့ နတ်တွေကသိမှာမို့ ခိုးမယူခဲ့ခြင်းဖြစ်ပါတယ်လို့ ပြန်ဖြေလိုက်ပါတယ်။

အဟံ ပန ပါပကရဏေ ရဟောနာမ န ပဿာမိ။

အဟံပန၊ ကျွန်ုပ်သည်ကား။ ပါပကရဏေ၊ မကောင်းမှုပြုခြင်း၌။ ရဟောနာမ၊ ဆိတ်ကွယ်ရာအရပ်မည်သည်။ န ပဿာမိ၊ မမြင်။

(ဇာတ်အဋ္ဌကထာ)

ဘုရားလောင်း ကျောင်းသားစကား ကြားရတော့ အတော့ကို သဘောကျနှစ်သက်သွားတဲ့ အမူအရာနဲ့ အမောင့်ဆရာအိမ်မှာ ပစ္စည်းဥစ္စာမရှိလို့ မဟုတ်ပါဘူး ရှိပါတယ်၊ ဆရာအနေနဲ့ အခုလိုလုပ်ရတာက သီလရှိတဲ့သူကိုသာ သမီးလေးနဲ့ လက်ထပ်ထိမ်းမြားပေးစားမယ်ဆိုတဲ့ ရည်ရွယ်ချက်ဖြင့် အမောင်တို့ကို သီလစုံစမ်းကြည့်လိုတဲ့အတွက် အခုလို ပြုလုပ်ရတာပဲလို့ ပြောပြပါတယ်။

ဒီတော့ ဆရာ့သမီးကို အမောင်နဲ့သာ သင့်လျော်တာဖြစ်ပါတယ်လို့ဆိုကာ သမီးလေးကို အဝတ်တန်ဆာ အကုန်ဆင်မြန်း၍ ဘုရားလောင်းကျောင်းသားနဲ့ ဂဟေစပ် ပေးစားလိုက်ပါတယ်တဲ့။

သီလမရှိတဲ့ ကျောင်းသားတွေဟာ မိန်းမမရကြဘဲ သီလရှိတဲ့ဘုရားလောင်း ကျောင်းသားကသာ မိန်းမရတယ်လို့မိန့်ဆိုပါတယ်၊ ဒီဇာတ်တော် ဟောတော်မူရခြင်း အကြောင်းက မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကာမဝိတက် ကြံနေတဲ့ ရဟန်းငါးရာတို့ကို အကြောင်းပြု ဟောတော်မူတာဖြစ်လေတော့ ဒီဇာတ်တော် ဟောတော်မူ၍ သစ္စာလေးပါး ပြတော်မူပြီးသည်၏ အဆုံးမှာ ရဟန်းငါးရာလဲ အရဟတ္တဖိုလ်ရောက်တော်မူကုန်ကြပါတယ်။

အဲဒီအခါတုန်းက ဒိသာပါမောက္ခဆရာကြီးဟာ အခုအခါ ရှင်သာရိပုတ္တရာဖြစ်ပြီး သီလရှိ၍ မိန်းမရသွားတဲ့ ကျောင်းသားဟာ ငါဘုရားဖြစ်တယ်လို့ ဇာတ်တော်ကို ပေါင်းတော်မူပါတယ်။

## စတုက္ကနိပါတ်-သီလဝိမံသနဇာတ်

နတ္ထိလောကေ ရဟောနာမ၊ ပါပကမ္မံ ပကုဗ္ဗတော။
ပဿန္တိ ဝနဘူတာနိ၊ တံဗာလော မညတိရဟော။

လောကေ၊ လောက၌။ ပါပကမ္မံ၊ မကောင်းမှုကံကို။ ပကုဗ္ဗတော၊ ပြုသောသူအား။ ရဟောနာမ၊ ဆိတ်ကွယ်ရာအရပ်မည်သည်။ နတ္ထိ၊ မရှိ။ ဝနဘူတာနိ၊ တော၌ဖြစ်ကုန်သော နတ်တို့သည်။ ပဿန္တိ၊ မြင်ကုန်၏။ တံ၊ ထိုမကောင်းမှုကိုပြုခြင်းသည်။ ဗာလော၊ သူမိုက်သည်။ ရဟော၊ ဆိတ်ကွယ်ရာ၌။ ကတံ၊ ပြုအပ်၏ဟူ၍။ မညတိ၊ အောက်မေ့မှတ်ထင်၏။ ဒီဇာတ်ဝတ္ထုရဲ့အချုပ်ကတော့ မကောင်းမှုဟူသမျှဟာ ဆိတ်ကွယ်ရာအရပ်ဆိုတာ မရှိပါဘူးတဲ့၊ လူတွေမမြင်ပေမဲ့ နတ်တွေကသိတယ်မြင်တယ်လို့ ဆိုလိုရင်းပါပဲ၊ ဒါကြောင့် မကောင်းမှုမှန်သမျှ အကုသိုလ်မှန်သမျှ ဘုရားလောင်းထံုး နှလုံးမူပြီး မပြုလုပ်ကြပါနဲ့လို့ အတတ်နိုင်ဆုံး ရှောင်ရှားကြဘို့ သတိပေး ဟောကြားလိုက်ရပါတယ်။

မိန်းမချင်းရန်ဖြစ်တဲ့အခါ(ဟေ့ကောင်မ ဒို့မကောင်းဘူး့ကောင်းတယ်ဆိုတာ အထက်သိကြား အောက်နတ်များ အကုန်သိတယ် အေ့)တဲ့ သူတို့ပြောတဲ့အတိုင်း နတ်သိကြားသိတယ်ဆိုတာဟာ ဟုတ်ပါတယ်၊ ဘယ်လိုသိနိုင်သလဲဆိုရင် ပဌမပါရာဇိကအဋ္ဌကထာမှာလဲ ကိုယ်စောင့်နတ်မှတဆင့် အဆင့်ဆင့် နတ်တွေသိသတဲ့။

## ဥပုသ်သုံးမျိုးတရားတော်

ဥပုသ်နေ့မဟုတ်ပေမဲ့ သီလစောင့်ကောင်းပါတယ်။

ဥပုသ်စောင့်တယ်ဆိုတာ ဥပေါသထဟူသောပါဠိမှ ကူးစက်လာသော ပါဠိပျက်စကားပဲ ဖြစ်ပါတယ်၊ ဥပ-ညစာမစားခြင်း၊ သူ၏

အသက် မသတ်ခြင်း၊ မမြတ်သော မေထုန်အကျင့် မကျင့်ခြင်းစတဲ့ အကျင့်ကောင်းတို့နှင့် ပြည့်စုံ၍။ ဝသထ–နေခြင်း။

နေ့လွဲညစာမစားဘူး၊ သူတပါးအသက် မသတ်ဘူး၊ မမြတ်သော မေထုန်အကျင့် မကျင့်ဘူးစတဲ့ အင်္ဂါရှစ်ပါးနဲ့ပြည့်စုံသောသီလကို ခံယူဆောက်တည်၍ ဘုရားဂုဏ်တော်, တရားဂုဏ်တော်, သံဃာဂုဏ်တော်များကို အာရုံပြု ဘာဝနာပွားများပြီး အကုသိုလ်စိတ် မဖြစ်ပွားရအောင် စိတ်စင်ကြယ်လာအောင် စောင့်စည်းနေထိုင်မှုကို ဥပုသ်စောင့်တယ်လို့ ဆိုပါတယ်။

ဥပသမ္ပဇ္ဇ ဝသတိ တောယာတိ ဥပေါသထော။

တောယ၊ ဤစေတနာဖြင့်။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍။ ဝသတိ၊ နေတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဥပေါသထော၊ ဥပေါသထမည်၏။ ဝါ–ပုဥသ်မည်၏။

သီလကို ခံယူဆောက်တည်၍ လုံခြုံစွာနေသောအခါ၌ ဖြစ်သောစေတနာသည် ဥပေါသထမည်ပါတယ်၊ ဝါ–ဥပုသ်မည်ပါတယ်။

အဲဒီဥပုသ်သည် သုံးမျိုးရှိပါတယ်–

၁။ ဂေါပါလဥပုသ်,

၂။ နိဂဏ္ဌဥပုသ်,

၃။ အရိယဥပုသ်ရယ်လို့ သုံးမျိုးရှိပါတယ်။

ဂေါပါလဥပုသ်ဆိုတာ နွားကျောင်းသားများဟာ ဒီနေ့တော့ မြက်စတဲ့ အစာရေစာ ဝအောင် ထိန်းကျောင်းလို့တော့ ပီးသွားပီ မနက်ဖန် ဘယ်အရပ်များ ငါ့နွားတွေအစာဝအောင် သွားကျောင်းရပါ့မလဲဆိုတဲ့ နွားကျောင်းသားတို့ရဲ့ ကြံစည်အောက်မေ့ခြင်းမျိုးလို ဥပုသ်သည်တွေလဲ ငါတို့ဒီနေ့တော့ ထမင်းကောင်းဟင်းကောင်းများနဲ့ စားသောက်လို့တော့ ပီးသွားပြန်ပြီ၊ မနက်ဖန် စားဘို့သောက်ဖို့လို သေးတယ် ဘာဟင်းတွေ ချက်ပြုတ်စားရမှန်းလဲ မသိဘူးဟု လောဘ

စိတ်နဲ့ ဥပုသ်နေ့ကို အချိန်ဖြုန်းစောင့်သုံးတဲ့ ဥပုသ်သည် ဂေါပါလ ဥပုသ်လို့ ခေါ်ပါတယ် (နွားကျောင်းသားဥပုသ်ပေါ့)

စကားစပ်မိလို့ ပြောလိုက်ရအုန်းမယ်—

လက်ပံပင် ဇရက်ကျ (ဆက်ရက်ကျ) ဥပုသ်တဲ့၊ လက်ပံပင်ဇရက်ကျ ဥပုသ်ဆိုတာက ဥပုသ်ကျောင်းမှာ အရေမရ အဖတ်မရ အချည်းနှီး အကျိုးမရှိ ကုသိုလ်ရေးမပါတဲ့စကားတွေ ဆူညံနေအောင်ပြောပြီး အချိန်လဲကုန်သွားရော အိမ်ပြန်သွားတဲ့ဥပုသ်မျိုးကို လက်ပံပင် ဇရက် တွေကျနေသလို ဆူညံနေတဲ့အတွက် လက်ပံပင်ဇရက်ကျဥပုသ်လို့ခေါ် ပါတယ်။

တချို့ဥပုသ်သည်တွေများ အိမ်ကလာကတဲကိုက သင်ဖြူးနဲ့ခေါင်း အုံးနဲ့ အကျအနလာတာ 'ကောင်းတယ်ဟေ့ ကောင်းတယ်ဟေ့'နဲ့ စားသောက်လို့ ဗိုက်ပြဲချက်လံလဲ ဖြစ်ရော တတောင်လောက်ရှိတဲ့ ဥပုသ်ထမင်းမစားခင်က ညှိနှုပ်ထားတဲ့ ပြောင်းဖူးဖက်ဆေးလိပ်ကြီး မျက်တောင်လေးစင်းမှိန်းပြီး အားရ ပါးရ စိတ်ချလက်ချ ခြေပြစ် လက်ပြစ် အိပ်ချလိုက်ပါတော့တယ်။

အိပ်ရာကလဲနိုးလာရော ဆေးလိပ်တိုကြီးညှိပြီး ညီးသားနဲ့ငါ့သမီး ငါ့သမီးနဲ့ညီးသား အနေအထားကဘယ်လို ဟေဟေ့ သူတို့အောင်သွယ် လုပ်ငန်းစလေပြီ။

ဒါပေမဲ့ ပုတီးကတော့စိပ်မြဲ

ဟိုကောင်မလေးနှယ် ဟယ် ဟိုကောင်လေးနဲ့ မလိုက်လိုက်တာ သူ့ရုပ်သူ့ရည် လှလှပပလေးနဲ့များ ဒီကောင်လေးထက်သာတာ ရနိုင် ပါတယ်၊ ဘာညာပေါ့ (ဒါပေမဲ့ ပုတီးကတော့စိပ်မြဲ)

"ဒို့လယ်တွေတော့ ဒီနှစ်ဆုတ်လိုက်တာ မနှစ်ကထက် အတော် လျော့သွားတယ် ညီးတို့ကတော်သေးတယ်" (ဒါပေမဲ့ ပုတီးကတော့ စိပ်မြဲ။)

"ဟိုကောင်မတွေတိုက်က ပစ္စည်းလေးရှိတယ်ဆိုတဲ့ဂုဏ်နဲ့ မာနကို မိုးရောက်အောင်ကြီးတယ် ဒို့ကလဲ မရှိပေမဲ့ မရှိတဲ့ဂုဏ်နဲ့ခပ်တည်တည်ပဲ လမ်းတွေ့မခေါ်ပါဘူး လူလူချင်းဘဲ ဘယ်သူ့မှ ထမင်းနှစ်နပ်အပြင် သုံးနပ်မစားပါဘူး နှစ်ချည့်ပါပဲ ဟုတ်ဖူးလားအေရယ်" (ဒါပေမဲ့ ပုတီးကတော့စိပ်မြဲ)

အခုလို သိသလောက် မြင်သလောက် ဟောပြတာဟာ ဥပုသ်တွေ ရှုံ့ချပြစ်တင်တဲ့အနေနဲ့ တလုံးမှမဟောဘူးနော် ဥပုသ်စောင့်တယ် ဆိုတာ နောက်ကဟောခဲ့သလို မိမိတို့ သီလကို မကျိုး မပေါက် မပြောက်မကျားစေရပဲ အတတ်နိုင်ဆုံး လုံခြုံ၍ သမထဘာဝနာ ဝိပဿနာဘာဝနာ ကြိုးစားအားထုတ်ကြစေဘို့ အပြုသဘောဖြစ်စေလိုတဲ့ အာသီသစေတနာနဲ့ ဆုံးမတယ်ဆိုတာ သဘောပေါက်ကြ။

(အကုသိုလ်ဖြစ်မဲ့ အလုပ်ဖြင့် ဘာပြုလို့ ဥပုသ်စောင့်နေတော့မှာလဲ ငါးပက်နေတာက ငါးဟင်းစား ရအုန်းမယ်၊ ငါးပက်ခိုင်းနေတာ မဟုတ်ဘူး သေသေချာချာ စကားအသွားအလာ နားထောင် ပွစိပွစိ လုပ်မနေကြနဲ့အုန်း) မိန်းမများအနေနဲ့ များသောအားဖြင့် ဝစီကံ လေးပါးကို လွန်ကျူးလေ့ရှိတတ်ကြပါတယ်၊ ယောကျ်ားနှင့် ဆိုမိရင် အတင်းအဖျင်း နည်းပြီး မိန်းမနဲ့ဆုံမိလို့ သူတို့အလေ့အထ အတိုင်း တယောက်ကတယောက် သန်းရှာရင်တော့ တပတ်အတွင်း အတင်း ပဒေသာစကြပြီ နားသာထောင်ကြပေတော့ ဒါဟာ သူ့နှမကိုယ့်နှမ မည်သူမည်ဝါ ရည်စူးဟောတာ မဟုတ်ပါဘူး ဖြစ်လေ့ဖြစ်ထ ရှိတာ လေးတွေ ထောက်ပြတာပါ၊ မိန်းမချင်းများဆုံမိရင် (ရှင်, ညီး, ငါ, တော်, ကျုပ်, ကျွမ) အိုးစုံသွားတာပဲ အပေါက်ပေါက် အဝဝ ၁၀လိ ၁၉ကာ တယ်များတာပဲ ဒါကြောင့် ဝစီကံနဲ့ ပတ်သက်တာလေးတွေ ဟောပြနေတာပါ။

သူတို့သိပ်လဲမဟောရဲဘူး ဘာပြုလို့လဲဆိုတော့ ဒို့မိန်းမတွေတော့ အပြစ်ပြဟောတယ်၊ ဆွမ်းမချက်ဘူးဆိုရင် ဒုက္ခ (ဒကာမကြည်ညိုမှ

ဆိစို) တဲ့ ကြည့်ပါလား၊ (ဘုရားက အလှအပြစ်ပြဟောလို့ မယ်ခေမာဘုရားထံ မသွားဘူးတဲ့) ဒါဖြင့်ရင် ဝစီကံလေးပါးအကြောင်း နည်းနည်းဟောပြရအောင်-

ဝစီကံလေးပါးဆိုတာက-

၁။ မုသာဝါဒ-မဟုတ်မမှန် လိမ်လည်ပြောဆိုမှု။

၂။ ပိသုဏဝါစာ-ချောပြစ်ကုံးတိုက်၍ သူနှစ်ယောက်တို့ချစ်ခြင်းကွဲပြားသွားအောင် ပြောဆိုမှု။

၃။ ဖရုသဝါစာ - လူသွားလို ကြမ်းကြမ်းတန်းတန်း ပြောဆိုမှု၊ ယုတ်မာညစ်ညမ်းစွာ ဆဲဆိုမှု။

၄။ သမ္ဖပ္ပလာပဝါစာ-သိန်ဖျင်းတဲ့စကားပြောဆိုမှု၊ အဲဒီနှုတ်ဖြင့်ပြောဆိုမှုဆိုတဲ့ ဝစီကံလေးပါး ဒကာမများအပြစ်များလှ၍ မများကြပါနဲ့ဟူသော စေတနာအပြည့်အဝနဲ့ အတိအကျမိမိရရ ဟောပြလိုက်ရပါတယ်။

## သာခုနဲ့မတန် ရှုတ်နဲ့သာတန်

ဥပုသ်စောင့်တာနဲ့ဆက်စပ်လို့ ရီစရာလဲဖြစ် မှတ်သားစရာလဲပါတဲ့ ဥပုသ်သည်ဝတ္ထုလေး ပြောပြရအုံးမယ်၊ ဟိုတုန်းကကျောင်းတကျောင်းမှာ ဥပုသ်နေ့ကျရင် ဥပုသ်သည်တွေ ညနေအိမ်ပြန်တဲ့အခါ ဘုရားဝတ်ဖြည့် တရားသံဃာဝတ်ဖြည့်ရုံနဲ့မပြန်ရပဲ ဘိုးသူတော်ကို မိမိတို့သီလကုသိုလ်ကို အမျှပေးဝေပီးမှ ပြန်ရသတဲ့၊ ဥပုသ်နေ့တနေ့မှာ ညနေအိမ်ပြန်မယ်ကြံတော့ ဥပုသ်သည်မတွေက ထုံးစံအတိုင်း သူတို့ရဲ့သီလကုသိုလ်ကောင်းမှုကို စရပ်မှာရှိတဲ့ ဘိုးသူတော်ထံ အမျှသွားဝေတော့ ဘိုးသူတော်က သာခုမခေါ်ပဲ'ရှုတ်'လို့ ခေါ်လိုက်သတဲ့။

ဥပုသ်သည်မတွေလဲ ဒို့က ကောင်းကောင်းမွန်မွန် အမျှပေးဝေပါရက်နဲ့ နောက်ပြောင်စရာမှတ်လို့ နောက်သလိုလို ပြောင်သလိုလို'ရှုတ်' လို့ခေါ်ရပါ့မလားဆိုပီး ဆရာတော်သွားလျှောက်ရော ဆိုပါတော့၊

ဆရာတော်က ဘိုးသူတော်အခေါ်ခိုင်းပြီး ဒီဒကာမတွေက ငါ့လျှောက်နေတယ်၊ သူတို့က ကောင်းကောင်းမွန်မွန် အမျှပေးဝေတာကို သာဓုမခေါ်ပဲ ဦးသူတော်က ရှုတ်လို့ခေါ်လိုက်တယ်ဆိုတာ ဟုတ်ကဲ့လားလို့ မေးလိုက်ပါတယ်။

ဘိုးသူတော်။ မှန်လှပါဘုရား၊

ဆရာတော်။ ဟဲ့ ဘာပြုလို့ ဒီလိုခေါ်ရတာတုန်း၊

ဘိုးသူတော်။ တပည့်တော်ခေါ်ချင်လို့ နောက်ပြောင်ခေါ်တာမဟုတ်ပါဘုရား သူတို့သီလစောင့်တာက သီလခံယူပြီး တောင်စဉ်ရေမရ အကျိုးမရှိ ဥပုသ်နဲ့ပတ်သက်လို့ တလုံးမပါ၊ ဘာဝနာဘယ်နေ့မှန်းမသိ ပုတီးမစိပ် သားရေးသမီးရေးတွေ ဝိုင်းဖွဲ့ပြောကြစကားပြောပြီးလို့ဝကာမှ လာပြီးသာဓုခေါ်ခိုင်းတာမို့ သာဓုနဲ့ သူတို့ဥပုသ်နဲ့ မတန် ရှုတ်နဲ့သာတန်လို့ တပည့်တော် သာဓုမခေါ်ဘဲ ရှုတ်လို့ခေါ်လိုက်တာပါ ဘုရား။

အဲဒီလိုလဲလျှောက်လိုက်ရော ဥပုသ်သည်မတွေလဲ ဘာမှ စောဒကမတက်နိုင်ဘဲ ဆရာတော်ဦးချပြီး ကုတ်ကုတ် ကုတ်ကုတ်နဲ့ ပြန်ကြလေကုန်တော့သတည်း။

အင်း တရားနာပရိသတ်တွေကလဲ အခုဟောခဲ့တဲ့ဥပုသ်သည်တွေလို ရှုတ်ဥပုသ်၊ လက်ပံပင်ဇရက်ကျဥပုသ် သစ်ကျုတ် ဥပုသ်မျိုးဆိုလိုဖြစ်နေကြအုန်းမယ်နော် အဲဒီဥပုသ်မျိုးတွေမဖြစ်ဘဲ နိဗ္ဗိန္ဒဥပုသ်မျိုးဖြစ်အောင် သတိထားစောင့်ရှောက်ကြ။

နိဂဏ္ဌဥပုသ်ဆိုတာက တိတ္ထိတက္ကဒ္ဒန်းတို့ရဲ့အယူနဲ့စပ်၍ ဆောက်တည်တဲ့ ဥပုသ်ကိုခေါ်ပါတယ်၊ ဘယ်လိုတိတ္ထိတက္ကဒ္ဒန်းတို့ရဲ့ အယူအဆလဲဆိုရင် ယူဇနာတရာ အပြင်ဘက်မှာနေတဲ့ သတ္တဝါတွေကို မသတ်နဲ့ အပြစ်ဖြစ်တယ်၊ ယူဇနာတရာ အတွင်းမှာရှိတဲ့ သတ္တဝါတွေကိုသတ်ရင် အပြစ်မဖြစ်ဘူး စသဖြင့် ဆောက်တည်တဲ့ဥပုသ်ကို နိဂဏ္ဌဥပုသ်လို့ခေါ်ပါတယ်။

အရိယာဥပုသ်ဆိုတာကတော့ ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်တွေဟာ ကိလေသာအညစ်အကြေးစတဲ့ မကောင်းမှုကင်းစင်၍ စင်ကြယ်စွာနေခြင်းကဲ့သို့ ထို့အတူ မကောင်းမှုအညစ်အကြေး ကင်းစင်စေရန်ရည်သန်ပြီး ဖြူသောစိတ်နှလုံးဖြင့် အိုးစကားအိမ်စကား သားသမီးစကားမပါ ဘုရားတရား သံဃာဆိုတဲ့ ဂုဏ်ကျေးဇူးတို့ကိုအောက်မေ့ခြင်း ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းရွတ်ဘတ် သရဇ္ဈာယ်ခြင်းကို ပြုလျက် ဆောက်တည်တဲ့ဥပုသ်သည် မြတ်သော သူတော်ကောင်းတို့ ဥပုသ်ဖြစ်လို့ အရိယာဥပုသ်လို့ ခေါ်ပါတယ်။

အဲဒီဥပုသ်သုံးမျိုးမှာ နိဂဏ္ဌဥပုသ်ဆိုတာကတော့ အကျိုးတခုမှ မရပါ ဂေါပါလဥပုသ် ဆိုတာကမှ အကျိုးအသင့်အတင့် ရပါသေးတယ်။

အရိယာဥပုသ်မျိုးဆိုတာကတော့ အတုမရှိ လိုက်မမှီ အကျိုးကြီးကြောင်း မြတ်စွာဘုရား ဟောကြားညွှန်ပြ ဆိုဆုံးမတော်မူပါတယ်။ ဒါကြောင့် နင်ပီးနင်ဆင်း နင်ငြင်းသလားဆိုတဲ့ ပုတီးစိပ်နည်းမျိုးကိုလဲ စိပ်မနေကြနဲ့အုန်းလို့ သတိပေးလိုက်ပါပေရဲ့။

မနောဒုစရိုက်သုံးပါး ရှင်းပြပါအုန်းမယ်

၁။ အဘိဇ္ဈာ–သူတပါးစည်းစိမ်ကို ငါ့စည်းစိမ်ဖြစ်ရင်ကောင်းမှာပဲဟု ကြံစည်တာ၊

၂။ ဗျာပါဒ–သေကြေပျက်စီးသွားရင် ကောင်းမှာပဲဟု သူတပါးကို ပြစ်မှားတာ၊

၃။ မိစ္ဆာဒိဋ္ဌိ– အယူမှားတာ၊ အဲဒါ မနောဒုစရိုက် သုံးပါးလို့ ခေါ်ပါတယ်။

ဒီမနောဒုစရိုက်သုံးပါးက ဘာပြုလို့လဲ၊ ဘာပြုရမလဲ ဝေရမဏီ သဒ္ဒါထည့်၍ ခံယူဆောက်တည်ကောင်းတယ်၊ မခံယူမဆောက်တည်

ကောင်းဘူးဆိုတဲ့ ငြင်းခုံမှုကလေးတွေရှိနေလို့ပဲ တိုတိုမှတ်ထား၊ မနော ဒုစရိုက်သုံးပါးကို ဝေရမဏိသဒ္ဒါထည့်၍ မခံယူမဆောက်တည်ကောင်း ပါ၊ ခံယူဆောက်တည်တော့ကော ဓမ္မအပြစ်ရှိသလား မရှိပါဘူး၊ ဓမ္မ အပြစ်မရှိပေမဲ့ လုပ်ရိုးလုပ်စဉ်မဟုတ်လို့ လောကဝဇ္ဇ သူတပါးကဲ့ရဲ့ ပြစ်တင်ဘွယ် လောကအပြစ်ရှိပါတယ်၊ ဒါပေမဲ့ ဘာပြုလို့လဲဆိုတော့-

ပါဠိတော် အဋ္ဌကထာဋီကာများကို ထောက်ထားရင် မနောကံ သုံးပါးကို ဝေရမဏိသဒ္ဒါထည့်၍ မခံယူမဆောက်တည်သင့်ပါ၊ သုတ်ပါ ထေယျ ပါဠိတော်၌ ဒုစရိုက်ဆယ်ပါးရှိသည်တွင် ရှေ့ခုနစ်ပါးကိုသာ ဝေရမဏိသဒ္ဒါထည့်၍ နောက်ဆုံး မနောကံသုံးပါးကို ဝေရမဏိသဒ္ဒါ မထည့်ဘဲ ဟောတော်မူပါတယ်၊ (အနဘိဇ္ဈာအဗျာပါဒေါ သမ္မာဒိဋ္ဌိ) ဟူ၍ ဟောတော်မူတာကို သတိမူကြ။

ကိုင်း တရားနာပရိသတ်တို့ရေ ဝေရမဏိသဒ္ဒါထည့်၍ ခံယူဆောက် တည်တာ မတည်တာ လိုရင်းမဟုတ်ဘူး အဓိကလိုရင်းက အဘိဇ္ဈာ ဗျာပါဒ မိစ္ဆာဒိဋ္ဌိဆိုတဲ့ မနောကံသုံးပါးမဖြစ်ဘို့ မဖြစ်အောင် မနော ဒွါရကို စောင့်စည်းထိန်းချုပ်၍ သီလလုံခြုံဘို့အလုပ်သည်သာ ပဓါန လိုရင်းဖြစ်တယ်လို့ ဟောပြလိုက်ပါရစေ၊ ဒါကြောင့် ကြိုက်နှစ်သက် သလိုသာ မိမိစောင့်ထိန်းတဲ့သီလ လုံသုံခြုံခြုံစောင့်ထိန်းကြပါလို့ တိုက် တွန်းရင်း သိတာမှတ် အဘိဓမ္မာသတ်မယ်။

ထပ်ပြီး သတိပေးလိုက်ပါပေရဲ့ ငှက်ပျောသီးဆိုတာ အခွံခွါ စားရိုးထုံးစံရှိရက်သားနဲ့ အခွံခွါမစားလျှင် ကြိုက်ရင်တော့ကောင်း မှာပဲ ဖြစ်ပေမဲ့ ငှက်ပျောသီးတောင်မစားဘူးတဲ့ တောသားပဲဟု ပညာ ရှိများ ကဲ့ရဲ့ပြစ်တင် ရှုတ်ချဘွယ်ဖြစ်တယ် ဆိုတာကို သတိထား။

မနောဒုစရိုက်သုံးပါးကို ဝေရမဏိသဒ္ဒါထည့်၍ ခံယူဆောက်တည် တာဟာ ကျမ်းဂန်အစဉ်အလာ မကျတာကိုလည်း ထပ်မံသတိပေး ဟောကြားလိုက်ရပါတယ်။

## သိက္ခာပုဒ်သုံးပါး ဟောပြပါအုန်းမယ်

ငါးပါးသီလမှာ ကာမေသုမိစ္ဆာစာရအရ သူတပါးသားမယားနှင့် အုပ်ထိန်းခြင်းမကောင်းတဲ့သူကို မေထုန်အမှုမပြုရ။

ရှစ်ပါးသီလမှာကတော့ အဗြဟ္မစရိယာ သူတပါးအုပ်ထိန်းခြင်း မကောင်းတဲ့သူသာ မကပဲ မိမိ၏မယားနှင့် မိမိ၏လင်တို့၌ပင် မေထုန် မှီဝဲခြင်း မပြုရပါဘူး။

အပိုသိက္ခာပုဒ်သုံးခုက

၁။ ဝိကာလဘောဇနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၂။ နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဝိသုက၊ ဒဿနာ၊ မာလာဂန္ဓ၊ ဝိလေပန၊ ဓါရဏ၊ မဏ္ဍန၊ ဝိဘူသနဋ္ဌာနာ၊ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၃။ ဥစ္စာသယန မဟာသယနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

အဓိပ္ပါယ်က— နေ့မွန်းတည့်ပြီး တဆယ့်နှစ်နာရီနောက်ကို နေလွဲတယ်၊ မွန်းလွဲတယ်လို့ခေါ်ပါတယ်၊ နေလွဲသည်မှစ၍ အရုဏ်တက်သည့်တိုင်အောင် ထမင်း ဟင်း သစ်သီးသစ်ရွက် ကွမ်း ဆေး လဖက်ဟူသမျှတို့ကို မစားရတော့ပါဘူး၊ တချို့လည်း နံနက်စာထက် ညစာကိုခန့်ခန့်မင်မင် တခမ်းတနား ပြုလုပ်ပြီး ညစာစားပွဲ ပြုလုပ်စားတတ်ကြပါသေးတယ်၊ သူတို့အဘို့ ဥပုသ်တော့စောင့်ချင်ပါတယ်၊ ညစာမစားရမှာ စိုးလို့ဆိုတာကရှိသေး၊တချို့ကျတော့လဲ တပါးပျက်တာပဲဆိုပြီး ခိုးစားတာလဲ တွေ့ဘူးတယ်၊ အဗြဟ္မစရိယသိက္ခာပုဒ်အရ မေထုန်မှုကိုတောင် ရှောင်ထားသေးတာ ညစာစားမှုကို ဘာပြုလို့မရှောင်နိုင်ရမှာလဲ၊ စားတဲ့သူအဘို့ ဘယ်မှာ အမြီးအမောက် တည့်တော့မှာလဲ၊ သိက္ခာပုဒ်ကို ရှောင်ရှားထားမှသာ ကျင့်ရာရောက်လေတော့ အခုလိုဆာလို့ ညစာစားလိုက်တော့ ကျင့်ရာမရောက်တော့ဘူးပေါ့၊ တွေးကြည့်စမ်းပါ

သူတို့ကပြောလိုက်သေးတယ် (တပါးပျက်တာတဲ့ ဆာရင်စား ဘာမှ မဖြစ်ပါဘူး ဆာလို့မစားတာ ငရဲကြီးတယ်တဲ့ လာလာသေးတယ်) ထားပါတော့လေ။

## ဝိကာလဘောဇနသိက္ခာပုဒ်မှာ အင်္ဂါသုံးပါးရှိတယ်

၁။ နေ့လွဲသောအခါလဲဖြစ်စေ

၂။ ထမင်းဟင်းစတဲ့ ဘောဇဉ်လဲဖြစ်စေ

၃။ သောက်မျိုသည်လဲဖြစ်စေ ဒီအင်္ဂါသုံးပါးပြည့်စုံလျှင် သိက္ခာပုဒ်ပျက်ပါတယ်၊ ကိုင်း-ထမင်းဆာလို့စားတော့ သိက္ခာပုဒ် ပျက်တာပေါ့၊ ဒီသိက္ခာပုဒ်က ကိစ္စနည်း၍ တရားအားရုံပြုရာမှာ အချိန်များများရစေတယ်၊ လောကီအာရုံ ကာမဂုဏ်ဘက်ကို စိတ်မဝင်စားအောင်ချုပ်တည်းထားပြီး သားဖြစ်တယ်ဆိုတဲ့ အကျိုးနှစ်မျိုးရပါတယ်၊ ထမင်းစတဲ့အစာအာဟာရ စားသုံးလိုက်လျှင် အားပိုရှိလာပြီး ကာမဂုဏ်အာရုံတွေများလာမှာစိုးလို့ အာရုံကျဉ်းပေးတဲ့သဘော အစာမစားရတော့ အားမရှိတဲ့အတွက် ကာမဂုဏ်အာရုံတွေဘက် စိတ်မရောက်နိုင်အောင် အာရုံချုပ်ပေးလိုက်တာပါပဲ၊ တိုတိုကတော့ အစာအာဟာရဖြစ်စေမဲ့ အစားအစာအားလုံး မစားရဘူးလို့မှတ်ထား။

(က) နစ္စဆိုတာက သဘင်သည်များကတာ အရက်သမားကတာ အယုတ်ဆုံး၊ ဥဒေါင်း မျောက်ကတာ ကတာမှန်သမျှ နစ္စလို့ခေါ်ပါတယ်၊ အဲဒီကတာမျိုးကို မိမိကိုယ်တိုင်လဲ မကြည့်ရဘူး၊ သူတပါးကိုလဲ အကြည့်မခိုင်းရဘူး။

ဂီတဆိုတာက သဘင်သည်များသီချင်းဆိုတာ ရတနာသုံးပါးနဲ့ဧပ်တဲ့သီချင်းပဲဖြစ်ဖြစ်၊ ကောင်းချီးဩဘာပေး၍ ကစားအပ်သောသီချင်းပဲဖြစ်ဖြစ်, မစောင့်စည်းတဲ့ ရဟန်းတို့တရားကိုသီအပ်သော သီချင်းပဲဖြစ်ဖြစ်၊ ယုတ်စွအဆုံး ခလေချွန်တဲ့အသံပဲဖြစ်ဖြစ် အဲဒါတွေအားလုံး

ဂီတလို့ခေါ်ပါတယ်၊ အဲဒီဆိုတာမျိုးကို မိမိလဲမဆိုရ၊ သူတပါးကို လည်း မဆိုစေရ။

ဝါဒိတဆိုတာက တဖက်ပိတ်စည် နှစ်ဖက်ပိတ်စည် အလုံးစုံပိတ်သောစည်၊ အခေါင်းရှိသောစည် တခဲနက် အခေါင်းမရှိသောစည်ဟူ၍ တူရိယာငါးမျိုးရှိပါတယ်၊ အဲဒီတူရိယာငါးမျိုးကိုတီးတယ်၊ ယုတ်စွအဆုံး ရေထည့်ထားတဲ့စည်ကိုတီးတာဟာလဲ ဝါဒိတလို့ခေါ်ပါတယ်၊ ဒီတူရိယာမျိုးကို မိမိလဲမတီးရ သူတပါးကိုလဲ မတီးစေရ။

ဝိသူကဒဿနဆိုတာက သာသနာတော်၏ တနည်းသီလ၏ဖြောင့်တံကျင်သဘွယ်ဖြစ်သော ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်း၊ ဆင်မြင်းကျွဲနွားကြက်တိုက်ခြင်း စသည်ကိုတို့ ကြည့်ရှုနားထောင်တာကို ခေါ်ပါတယ်။

အခုဟောခဲ့တဲ့ ကခြင်း၊ သီခြင်း၊တီးမှုတ်ခြင်းတို့ကို မိမိနေရာရောက်လာရင်တော့ ဣရိယာပုထ်မပျက်စေပဲ ကြည့်ရှုနားထောင်သော်ငြား၊ ကိစ္စဘခုနဲ့ ခရီးသွားတဲ့အခါ မိမိသွားရာလမ်းခရီးမှာ ပက်ပင်းပါတွေ့နေလို့ ဣရိယာပုထ်ကို မပျက်စေပဲ ကြည့်ရှုသော်ငြား သီလမပျက်ပါ။

ကတာ၊ သီချင်းဆိုတာ၊ တီးမှုတ်တာနေရာဆီသို့ ကြည့်ချင်လို့ အကြောင်းမဲ့သက်သက် ဣရိယာပုထ်ဖျက်လို့ပဲကြည့်ကြည့် ခရီးသွားစဉ် လည်ပင်းကိုလှည့်၍ကြည့်ကြည့် သီလပျက်ပါတယ်။

(ခ) မာလာဆိုတာက သစ်ပင်မှာပွင့်တဲ့ပန်းအမျိုးမျိုး စက္ကူကို ပြုလုပ်ထားတဲ့ ငွေပန်းစတဲ့ ပန်းအမျိုးမျိုး၊ ယုတ်စွအဆုံး ချည်မျှင်ဖြင့် ပြုလုပ်ထားသော ဝတ္ထုသည် ပန်းလို့ခေါ်ပါတယ်။

အန္တမသော သုတ္တာဒိမယမ္ပိ အလင်္ကာရတ္ထာယပိလန္ဓိယမာနံ၊ မာလာတွေ့ဝ ဝုစ္စတိ။

အန္တမသော၊ အယုတ်သဖြင့်။ သုတ္တာဒိမယမ္ပိ၊ ချည်မျှင်စသည်ဖြင့် ပြုလုပ်အပ်သည်လည်းဖြစ်သော။ အလင်္ကာရတ္ထာယ၊ တန်ဆာဆင်ရန်

အလိုင်္ဂါ။ ပိလန္ဓိယမာနံ၊ ပန်ဆင်အပ်သောဝတ္ထုကို။ မာလာဝတ္ထဝ၊ ပန်းဟူ၍သာလျှင်။ ဝုစ္စတိ၊ ဆိုအပ်၏။ (ဝိသာခုပေါသထသုတ် အဋ္ဌကထာ)

ဂန္ဓဆိုတာက နံ့သာပျောင်းမှုတပါး နံ့သာမှုန့်ဟူသမျှသည် ဂန္ဓ၊ ဝါ-အနံ့လို့ခေါ်ပါတယ်။

ဂန္ဓန္တိ ဝိလေပနတော အညံ ဝါသစုဏ္ဏာဒိ ယံကိဉ္စိဂန္ဓဇာတံ။

(ဝိသာခုပေါသထသုတ်အဋ္ဌကထာ။)

ဂန္ဓန္တိ ဟူသည်ကား။ ဝိလေပနတော၊ နံ့သာပျောင်းမှ။ အညံ၊ တပါးသော။ ဝါသစုဏ္ဏာဒိ၊ နံ့သာမှုန့်စသော ယံကိဉ္စိဂန္ဓဇာတံ၊ အလုံးစုံသော နံ့သာမှုန့်သည်။ ဂန္ဓံ၊ ဂန္ဓမည်၏။

ဝိလေပနဆိုတာ ကျောက်ပြင်ဖြင့်သွေးအပ်သော သနပ်ခါးစသည့် နံ့သာရည်သည်ပင် ဝိလေပနလို့ခေါ်ပါတယ်။

ဝိလေပနန္တိ ဝိလေပနတ္ထံ ဃံသိတ္ဝာ ဂဟိတံ ဆဝိရာဂကရဏဥ္စေဝ ဂန္ဓဇာတဉ္စ။ (ဝိသာခုပေါသထသုတ် အဋ္ဌကထာ။)

ဝိလေပနန္တိ၊ ဝိလေပနဟူသည်ကား။ ဝိလေပနတ္ထံ၊ လိမ်းကျံခြင်းငှါ။ ဃံသိတ္ဝာ၊ ပွတ်၍။ ဝါ-သွေး၍။ ဂဟိတံ၊ ယူအပ်သော။ ဆဝိရာဂကရဏဥ္စေဝ၊ အရည်အဆင်းကို လှပစေတတ်သော စွဲစေတတ်သော သနပ်ခါးစသော နံ့သာပျောင်းသည်၎င်း။ ဂန္ဓဇာတဉ္စ၊ ရေမွှေးစသော အမွှေးအမျိုးမျိုးသည်၎င်း။ ဝိလေပနံ၊ ဝိလေပနမည်၏၊ ဝါ-နံ့သာပျောင်းမည်၏ မိတ်ကပ်လဲယူသင့်၏။

မာလာ၊ ပန်းအမျိုးမျိုးကို။ ဓာရဏ၊ ပန်ဆင်ခြင်း။

ဂန္ဓ၊ နိမ့်ရာအရပ်၌ ဖို့သိပ်၍ရကောင်းသော သနပ်ခါးစသော နံ့သာပြစ် နံ့သာပျောင်းမျိုးကို မဏ္ဍန၊ ကျောက်ပေါက်မာစသော နိမ့်ရာအရပ်၌ဖို့ခြင်း။ ဝိလေပန၊ လိမ်းကျံချယ်ခြင်းငှါ၎င်း, အနံ့ထုံခြင်းငှါ

ရင်းရကောင်းသော အရောင်တင်ဆေး ရေမွှေး နံ့သာဆီ၊ ပေါင်ဒါ၊ မျက်နှာချေ၊ နှုတ်ခမ်းဆိုးဆေးလဲယူသင့်တယ်။

## ဌာနကာသမစိတ်ခေါ်တ် တိုးပွားခြင်း၏အကြောင်း

ဒီနေရာမှာ 'ဘေသဇ္ဇံ ပန ဝဋ္ဋတိ' ဟုမိန့်ဆိုထားပြန်သဖြင့် အနာရောဂါပျောက်ကင်းစေရန် နံ့သာလိမ်းတယ်၊ ဘီလူးဘေးမှကာကွယ်စေရန် ရည်၍ ပရိတ်ပန်း ပရိတ်ချည်တို့ကို ပန်ဆင်ပေမဲ့ သီလ မပျက်နိုင်ပါ၊ ကိုင်း-ဒီလောက်ဆိုရင် တော်တော်လေးတော့ သဘောပေါက်လောက်ပါပြီ၊ ရှေ့သိက္ခာပုဒ်ကိုသွားမယ်။

ဥစ္စာသယနဆိုတာ— အခြေတထောင့်ထွာထက် အခြေရှိသော ခုတင်နှင့် ကုလားထိုင်များကို မြင့်သောနေရာလို့ ခေါ်တယ်၊ မဟာသယနဆိုတာ စည်းစိမ်ရှင် သူဌေးတွေအိမ်မှာရှိတတ်တဲ့ လက်လေးသစ်မက အမွေးရှည်သော သားမွေးအခင်း၊ ရွှေချည်မျှင် ငွေချည်မျှင်တို့ဖြင့်ချုပ်ထားတဲ့ ပိုးအခင်းစသည်များဟာ မြတ်သောနေရာဟု ခေါ်ပါတယ်။

အခုပြောခဲ့တဲ့ ပကတိလူတို့ တတောင့်ထွာထက် အခြေရှိသော ခုတင် အခြေမှာသားရဲရုပ်ပါသောခုတင်၊ လဲမှို့ဖြင့်ပြုလုပ်ထားတဲ့ အခင်းနေရာတို့ကို အခါခပ်သိမ်း မထိုင်ပါနဲ့ မအိပ်ပါနဲ့။

ဒီလို အသေးစိတ်ကလေးတွေက တရားဟောတဲ့ နေရာတိုင်းမှာ အပြည့်အစုံပါနိုင်ခဲပါဘယ်၊ ဘာ့ပြုလို့လဲဆိုတော့—

ဥပမာ—အလှူတရားဆိုတော့လဲ အလှူနဲ့ပတ်သက်တဲ့ အကြောင်းအကျိုး ဟောပြတာနဲ့ သူတို့မပါနိုင်ပြန်ပါဘူး၊ အေးအေးဆေးဆေး အခုလိုချင်း ရှင်းဟောပြမှ ဖြစ်နိုင်တာမဟုတ်လား၊ အကြိုအကြား သဘောလေးတွေမို့ အကြောင်းတခုနဲ့ တိုက်ဆိုင်ဟောသမျှ ဆွမ်းကျွေးစဉ်လဲ ဆွမ်းကျွေးအကြောင်းဟောဘာနဲ့ပီးသွားရော မပါတော့ပါဘူး၊

သေသေချာချာ မှတ် မှတ်ပီး သေသေချာချာ ကျင့်ကြံအားထုတ်ကျိုး ကုတ်ကြပါလို့ တိုက်တွန်းလိုက်ပါဘယ်။

## အလွန်ကောင်းသော အကျင့်မြတ်

ကိလေသာကာမစိတ်မဖြစ်စေရန် ဥစ္စာသယန သိက္ခာပုဒ်ဖြင့် ခမ်းခမ်းနားနားနေရာ၌ နေထိုင်အိပ်စက်ခြင်းကို တားမြစ်ထားပါတယ်။

ကခြင်းသီခြင်းတီးမှုတ်ခြင်းနှင့်တကွ ဖီးလိမ်းပန်းပန်မှုများကိုတော့ နစ္စဂီတဝါဒိဘ သိက္ခာပုဒ်ဖြင့် တားမြစ်ထားပါတယ်။

ညစာစားမှုကိုတော့-ဝိကာလဘောဇနာသိက္ခာပုဒ်ဖြင့် တားမြစ်ပါတယ်။

အဲဒီလို ကိလေသာကာမစိတ်ဓာတ်ကိုမဖြစ်စေရန် တားမြစ်ထားမှုသာ အဗြဟ္မစရိယသိက္ခာပုဒ်အရမေထုန်မှုမှကောင်းကောင်းရှောင်ကြဉ်နိုင်မှာဖြစ်လို့ အဗြဟ္မစရိယစတဲ့သိက္ခာပုဒ်များကို ငါးပါးသီလထက်ပိုပီး စောင့်ရှောက် ထိန်းသိမ်းရတာဟာ အလွန်ကောင်းလှသော အကျင့်မြတ်ဖြစ်ပါတယ်၊ ဒါကြောင့် ဥပုသ်တော့စောင့်ချင်သားပဲ ထမင်းဆာမှာစိုးလို့လုပ်မနေကြနဲ့ အချိန်ရှိခိုက်လုံ့လစိုက်၊ လသာတုန်းဗိုင်းငင်ကြရန် မိုးလွန်မှထွန်မချမိစေပဲ ကြုံတောင့်ကြုံခဲဖြစ်တဲ့ သာသနာတော်မြတ်ကြီးနဲ့တွေ့တုန်းအခါ သာသနာ့အမွေယူတတ်ကြဘို့၊ ကြုံတုန်းကြိုက်တတ်ကြဘို့ သတိပေး နှိုးဆော်တိုက်တွန်းဟောကြားရင်း အဘိဓမ္မာ ပေါ့နော်။

ကိုယ်ကျင့်သီလဆိုတာ လူတွေ၊ နတ်တွေ၊ ဗြဟ္မာတွေရဲ့ မှီရာတည်ရာ အားထားကိုးကွယ်ရာလဲ ဖြစ်ပါတယ်၊ ဒီကိုယ်ကျင့်သီလနှင့်ပြည့်စုံတဲ့သူဟာ လူ့ပြည်မှာဖြစ်တဲ့ သူဋ္ဌေးသူကြွယ်တို့ရဲ့ စည်းစိမ်ချမ်းသာ ပဒေသရာဇ် ကေရာဇ် စကြာ မန္ဓာတ်မင်းတို့ရဲ့ စည်းစိမ်ချမ်းသာဟူသမျှကိုရင်း၊ နတ်ပြည်ခြောက်ထပ်၌ဖြစ်တဲ့ သိကြားနတ်မင်းတို့ရဲ့ စည်းစိမ်

ချမ်းသာဟူသမျှကိုရင်း အလိုဆန္ဒရှိပါက မခဲယဉ်းပဲ လွယ်လွယ်ကူကူ ရနိုင်ပါတယ်။

ထိုလူနတ်တို့ရဲ့ စည်းစိမ်ချမ်းသာမျှမက နိဗ္ဗာန်ချမ်းသာကိုလဲ သီလဖြင့် ရနိုင်ပါတယ်၊ မှန်ပါတယ်၊ ဘာပြုလို့လဲဆိုတော့ သီလနဲ့ပြည့်စုံနေတဲ့သူ၏ စိတ်နှလုံးဟာအစဉ်မနား နိဗ္ဗာန်သို့သာလျှင် ပြေးသွားဝင်စံနိုင်လို့ပါပဲ၊

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌—

မနောသမ္ပန္နသီလဿ တမေဝ အနုဓါဝတိ။

မနော၊ စိတ်နှလုံးသည်။ တမေဝ၊ ထိုနိဗ္ဗာန်ရှေ့ဘုံပြည့်စုံခြင်းသို့သာလျှင်။ အနုဓာဝတိ၊ အစဉ်မနား ပြေးဝင်သွားနိုင်၏ဟု မိန့်ဆိုပါတယ်။

မြတ်စွာဘုရား သာသနာတော်၌ ကိုယ်ကျင့်သီလကိုဖယ်ထားပြီး သီလမှတပါး အားထားဆောက်တည် မှီခိုစရာမရှိပါဘူး၊ ထိုကိုယ်ကျင့်သီလတရား၏ အကျိုးအပိုင်းအခြားကို မည်သူကုန်စင်အောင် ဟောကြားနိုင်မလဲ၊ ကုန်စင်အောင်လဲ မဟောကြားနိုင်ပါဘူးလို့ ဝိသုဒ္ဓိမဂ်အဋ္ဌကထာမှာပဲ မိန့်ဆိုထားပါသေးတယ်၊ တင်ပြဟောကြားလိုက်ရပါတယ်၊ ကိုင်း–ဒါဖြင့် သိက္ခာပုဒ်သုံးပါး ဟောချက်နဲ့ သီလအကျိုးတရား အနည်းငယ်ဟောပြတာ ပြီးပါပြီပေါ့။

ကုဋ္ဌဒန္တသုတ်အဋ္ဌကထာအလိုမှာ ဒါနထက်သီလမြတ်တယ်၊အကျိုးလဲကြီးတယ်၊ တခါ ဒါနထက်ဘာဝနာကမြတ်တယ်၊ အကျိုးလဲကြီးတယ်။

ရတနာသုံးပါး၏ဂုဏ် ကံကံ၏အကျိုးတရားကို ယုံကြည်၍ စေတနာသုံးတန်ပြဋ္ဌာန်းပြီး လှူဒါန်းသောဒါနသည် အလွန်တရာမှအကျိုးကြီးမြတ်ပါတယ်၊ ထိုဒါနထက် သူတပါးအသက်ကို မသတ်ဖြတ်မညှဉ်းဆဲပဲ ဇီဝိတဒါန အမြဲဖြစ်သော ငါးပါးသီလနဲ့တူသော ဒါနမရှိလို့

သီလသည် မြတ်တယ်၊ ထိုသီလထက် ဝိပဿနာဘာဝနာနှင့်တူသော ချမ်းသာမရှိခြင်းကြောင့် ဘာဝနာသည် မြတ်တယ်လို့ ဆိုထားပါတယ်။

နောက်ပြီးအင်္ဂုတ္တိုရ် အဋ္ဌကထာအလိုမှာလဲပဲ-

မိုးပါးနီးအောင် စတုဒိသာသံဃိကကျောင်းကြီးကို ဆောက်လုပ်လှူဒါန်းရသော ဒါနကုသိုလ်သည် အသက်ထက်ဆုံး သရဏဂုံဆောက်တည်ရသော ကုသိုလ်လောက် အကျိုးမကြီးပါဘူးတဲ့။

သရဏဂုံ ဆောက်တည်ရသော ကုသိုလ်ထက် သီလသိက္ခာပုဒ်ကို စောင့်ထိန်းသော သီလကုသိုလ်သည် အကျိုးကြီးမြတ်ပါတယ်၊ သီလကုသိုလ်ထက် မေတ္တာဘာဝနာပွားများရသော သမထကုသိုလ်က အကျိုးကြီးမြတ်ပါတယ်၊ မေတ္တာဘာဝနာကိုပွားများရသော သမထကုသိုလ်ထက် အနိစ္စ ဒုက္ခ အနတ္တအားဖြင့် ဝိပဿနာတရားကို ကြိုးစားအားထုတ်ရသော ကုသိုလ်က အကျိုးကြီးမြတ် ပါတယ်တဲ့၊ ဒါကြောင့် မြတ်စွာဘုရားသာသနာတော်နဲ့ အခွင့်ကြုံခိုက် တွေ့ဆုံခွင့်ရတဲ့ အခါ ရုပ်နာမ်နှစ်ပါးမိမိခန္ဓာကိုယ်၏အဖြစ်အပျက်ကို မရှုမဆင်ခြင်မမြင်ပဲ အသက်တရာနေရသူထက် ရုပ်နာမ်ဖြစ်ပျက်ကိုဆင်ခြင်လို့ ဟုတ်မှန်တဲ့အတိုင်းမြင်တဲ့သူ၏ တနေ့တရက်မျှ အသက်ရှင်နေရခြင်းသည် သာလွန်၍ပင် အကျိုးကြီးမြတ်လှပါတယ်ဟု ဓမ္မပဒပါဠိတော်၌ မြတ်စွာဘုရား ဟောကြားတော်မူပါတယ်။

## လူတွေဆယ်ပါးသီလစောင့်ကောင်းသလား

ငါးပါးသီလကို အမြဲမပြတ်စောင့်ထိန်းရမဲ့သီလဖြစ်လို့ ကျယ်ကျယ်ပြန့်ပြန့်သိပါစေဆိုတဲ့ စေတနာဆန္ဒနဲ့ ဟောခဲ့ပြီး ရှစ်ပါးသီလကိုလဲ ဆိုင်ရာသိက္ခာပုဒ် ရှင်းပြဟောခဲ့ပြီးပါပြီ၊ အခု နောက်ကဝန်ခံခဲ့တဲ့အတိုင်း လူတို့စောင့်အပ်တဲ့ဆယ်ပါးသီလ ဟောပြပါမယ်။

ဒီဆယ်ပါးသီလကို များသောအားဖြင့် မစောင့်ကောင်းဘူး၊ သာမဏေမှစောင့်ကောင်းတယ်လို့ ထင်နေကြပါတယ်၊ မထင်ကြပါ

ဒကာဒကာမတွေ ဖေ၂ပ့မျှောက်ကောင်းပါတယ်၊ မစောင့်ကောင်းဘူးဆို မဟာအမှားလို့ဆိုရပါမယ်၊ ဘာပြုလို့လဲဆိုတော့ ဝိဘင်းအဋ္ဌကထာမှာ ဆယ်ပါးသီလကို ဒကာဒကာမများ ခံယူဆောက်တည်ကျင့်သုံးအပ်ကြောင်းကို တိုက်ရိုက်ဖွင့်ပြထားပါတယ်။

နောက်တခုလဲ၊ ဆယ်ပါးသီလကို ကဿပမြတ်စွာဘုရားသာသနာတော်မှာ ကိကီမင်းကြီးရဲ့ သမီးတော်ခုနစ်ယောက်ဟာ ဆယ်ပါးသီလခံယူဆောက်တည်ကြတယ်လို့ ဓမ္မပဒအဋ္ဌကထာ အပဒါန်ထေရီဂါထာအင်္ဂုတ္တိုရ် အဋ္ဌကထာများမှာလာသည်က တကြောင်း၊ ဒို့ဘုရားရှင်သာသနာတော်မှာလဲ ဟတ္ထကဥပါသကာ၊ ဟတ္ထာဠဝက ဥပါသကာတို့လဲ ဆယ်ပါးသီလကို ခံယူဆောက်တည်ကြောင်း—

အနုရုဒ္ဓါဒေဝီ မိဖုယားကြီးအမှူးထားပီး ငါးရာသော အမျိုးသမီးတွေဟာလဲ ညီတူမျှတူ ဆယ်ပါးသီလကို ဆောက်တည်နေကြကြောင်း အင်္ဂုတ္တိုရ်ပါရာဇိကဏ်အဋ္ဌကထာများမှာ လာပါတယ်။

ဒါကြောင့် ဆယ်ပါးသီလကို ယောကျ်ားရောမိန်းမများပါ ခံယူဆောက်တည်ကောင်းတယ် ဆောက်တည်နိုင်တယ်ဆိုတာကို သာဓကထောက်ပြပြောလိုက်ရပါတယ်။

## လူဆယ်ပါးသီလခံယူဆောက်တည်နည်း

အဟံဘန္တေ၊ တိသရဏေနသဟ၊ ဒသင်္ဂသမန္နာဂတံ သီလံ၊ ဓမ္မံယာစာမိ၊ အနုဂ္ဂဟံကတွာ၊ သီလံဒေထ မေ ဘန္တေ၊ ရှေးနည်းအတိုင်းဆိုပါ။

၁။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၂။ အဒိန္နာဒါနာ ။လ။ မိ။
၃။ အဗြဟ္မစရိယာ ။လ။ မိ။
၄။ မုသာဝါဒါ ။လ။ မိ။
၅။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ။လ။ မိ။

၆။ ဝိကာလဘောဇနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

၇။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿနာ ။လ။ မိ။

၈။ မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

၉။ ဥစ္စာသယနမဟာသယနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၁၀။ ဇာတရူပရဇတ ပဋိဂ္ဂဟနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

အာမဘန္တေ၊ အဲဒီလို သီလခံယူဆောက်တည်ရပါမယ်။

သိက္ခာပုဒ်ကိုးပါးကိုနောက်က ရှင်းဟောခဲ့ပြီ အခု ဆယ်ခုမြောက်ဖြစ်တဲ့သိက္ခာပုဒ်ကိုသာ ဟောပြပါမယ်၊ (၁၀) ဇာတရူပရဇတပဋိဂ္ဂဟနာ၊ ရွှေ, ငွေကိုကိုင်ခြင်း ခံခြင်း ရောင်းဝယ်ခြင်း သာယာခြင်းမှ။ ဝေရမဏိသိက္ခာပဒံ၊ရှောင်ကြဉ်ရာရှောင်ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ကောင်းစွာဆောက်တည်ပါ၏။ သူ့အနက်က ဘာတဲ့လဲ ရွှေငွေအသပြာစတဲ့ ရတနာဆယ်ပါးတို့ကို မခံရပါဘူးတဲ့။

## ရတနာဆယ်ပါးဆိုတာ

၁။ ပုလဲ၊ ၂။ ပတ္တမြား၊ ၃။ ကြောင်မျက်ရွဲ၊ ၄။ ခရုသင်း၊ ၅။ ကျောက်သလင်း၊ ၆။ သန္တာ၊ ၇။ ရွှေ၊ ၈။ ငွေ၊ ၉။ ပတ္တမြားနီ၊ ၁၀။ ပတ္တမြားပြောက်၊ အဲဒါ ရတနာဆယ်ပါးပါပဲ။

## ရတနာခုနစ်ပါးဆိုတာက

ရွှေ, ငွေ, ပုလဲ, ကြောက်မျက်ရွဲ, ပတ္တမြား, သန္တာ, ငရုမိန့်ဟူ၍ ခုနစ်ပါးဖြစ်ပါတယ်။

## နဝရတ်ကိုးသွယ်ဆိုတာက

ပတ္တမြား, မြ, စိန်, ကြောင်, နီလာ, ပေါ်ဟတ်, ဥဿဖယား, သန္တာ, ပုလဲဟူ၍ ကိုးပါးဖြစ်ပါတယ်။

## ကျောက်မျက်ရတနာ (မျက်ကိုးပါး) ဆိုတာ

ပတ္တမြား, ကြောက်မျက်ရွဲ, ဂေါမုတ်, ဥဿဖယား, မသာရဂလ်, မြ, စိန်, နီလာ, ပြရိုးယားဟူ၍ ကိုးပါးဖြစ်ပါတယ်၊ ဗဟုသုတအဖြစ် ဟောထည့်လိုက်ပါတယ်။

လူတွေက ငွေကြေးအဖြစ်ဖြင့် ခေါ်ဝေါ်ပညတ်၍ ရောင်းဝယ် သုံးစွဲမှုပြုတဲ့ ရွှေငွေပိုက်ဆံ ဒင်္ဂါး ငွေစက္ကူ ငါးမူးစေ့ ပဲစေ့ မတ်စေ့ မူးစေ့စသည်ဟာ ဇာတရူပရဇတလို့ ခေါ်ပါတယ်။

ပါရာဇိကကဏ် အဋ္ဌကထာမှာ အလုံးစုံသော ရောင်းဝယ်ခြင်းသို့ ရောက်တဲ့ ရွှေငွေအသပြာစသည်ကို ယူရမယ်လို့ မိန့်ဆိုထားပါတယ်။

ဆိုလိုတာက ဝတ္ထုပစ္စည်းတခုကို ရွှေငွေသဘောမျိုး ပြောဆိုပြီး ရွှေငွေအမှတ်နဲ့ လူတွေက ရောင်းဝယ်သုံးစွဲကြရင် အဲဒီပစ္စည်းဝတ္ထုဟာ ဒီသိက္ခာပုဒ်မှာ ဇာတရူပရဇတ မည်တယ်လို့ ဆိုပါတယ်။

(ရာဇာပဋ္ဌာနံ) မင်းပြဋ္ဌာန်းရာတဲ့။

အခုဟောပြခဲ့တဲ့ ရွှေငွေပိုက်ဆံစသည်ကို ဆယ်ပါးသီလစောင့်ထိန်းသူများ မကိုင်ရ မခံရ မသာယာရပါဘူးတဲ့ ဒါတင်မကသေးပါဘူး လယ်ယာ နွားကျွဲ ပတ္တမြား ပုလဲ ဓါးလက်နက်စတဲ့ မအပ်တဲ့ဝတ္ထုကိုလဲ မခံယူရပါဘူး၊ မြူး ပိုက်ကွန်စတဲ့ ဝတ္ထုမျိုးကိုလဲ မသုံးသပ်ရပါ၊ သားရေနဲ့ကျက်ထားတဲ့ ထက်စည်စတဲ့ တူရိယာမျိုးကိုလဲ မသုံးသပ်ရပါ။

(သတိ–မကိုင်ကောင်းသော ဓါးဆိုတာ လက်နက်အဖြစ်နဲ့ ကိုင်ဆောင်တဲ့ဓါးလို့ သိပါ) မဆောင်ရဘူးနော်၊ ဒီ ဆယ်ပါးသီလကို ဆောက်တည်ရာမှာ တချို့သူများက မိမိအိမ်မှာရှိနေတဲ့ ရွှေငွေကို မစွန့်ပဲ ဆယ်ပါးသီလခံယူ မဆောက်တည်ရဘူးလို့ ထင်မှတ်နေကြပါတယ်။

ဥရုဝေဠကဿပ၊ နဒီကဿပ၊ ဂယာကဿပတို့ အလောင်းဖြစ်တဲ့ မင်းသားသုံးယောက်တို့ဟာ မိမိအိမ်မှာရှိနေတဲ့ ရွှေငွေကို မစွန့်ပဲ

ဆယ်ပါးသီလ စောင့်ထိန်းကြတယ်လို့ အင်္ဂုတ္တိုရ်အဋ္ဌကထာ စတေဒဂ္ဂဝဂ်မှာ အထင်အရှားရှိပါတယ်၊ နောက်ပြီး ဒီအဋ္ဌကထာ ဒီဝဂ်မှာဘဲ အရှင်အာနန္ဒာအလောင်း သုမနမင်းသားလဲ မိမိအိမ်မှာရှိတဲ့ ရွှေငွေကို မစွန့်ပဲ ဆယ်ပါးသီလဆောက်တည်တယ်လို့မိန့်ဆိုပါတယ်၊ ဒီမိမိအိမ်မှာ ရှိနေတဲ့ ရွှေငွေဥစ္စာတို့ကို အပြတ်မစွန့်ပေမဲ့ သီလကိုခံယူဆောက်တည်ပြီး၍ မကိုင် မခံပါက သိက္ခာပုဒ်မပျက်ပါဘူးလို့ မှတ်ထားကြ၊ ဆင်ကောင်တွေ့နေမှတော့ ခြေရာရှာစရာမလို။

ဒါပေမဲ့–ဒါပေမဲ့ဆိုတာက မပြီးသေးပါဘူး စကားကျန်နေသေးတယ်၊ ဘာလဲဆိုတော့ မိမိအိမ်မှာရှိတဲ့ရွှေငွေကို မစွန့်ပဲ ဆယ်ပါးသီလ ခံယူဆောက်တည်ကောင်းတယ် ဆိုစေကာမူ မိမိကိုယ်မှာ နားဒောင်း ခြေကျင်း လက်ကောက် လက်စွပ်စတဲ့ ရွှေငွေတွေကိုတော့ တန်ဆာဆင်ပြီး မစောင့်ကောင်း မဆောက်တည်ကောင်းဘူးလို့ ထပ်မှတ်ထားကြအုန်း။

စကားလေး ကျန်ရစ်ခဲ့သေးတယ် ပြောကြအုန်းစို့ ဘာလေးလဲ မှတ်မိကြသေးလား မမှတ်မိတော့ဘူးမဟုတ်လား၊ ကိုကိမင်းကြီးသမီးခုနစ်ယောက်ဆိုတာလေ တရားအဟပ် ကွာသွားမှာစိုးလို့ ဆက်မပြောခဲ့တာ အခုပြောပြရမယ်။

## ကိုကိမင်းကြီးရဲ့ သမီးတော်ခုနစ်ယောက် ဆိုတာက

| ကဿပဘုရားရှင်လက်ထက် | | ဂေါတမဘုရားရှင်လက်ထက် |
|---|---|---|
| ၁။ သမဏီ | — | မယ်ခေမာ |
| ၂။ သမဏဂုတ္တာ | — | ဥပ္ပလဝဏ္ဏာ |
| ၃။ ဘိက္ခုနီ | — | ပဋာစာရီ |
| ၄။ ဘိက္ခုဒါယိကာ | — | ကုဏ္ဍလကေသီ |
| ၅။ ဓမ္မာ | — | ကိသာဂေါတမီ |
| ၆။ သုဓမ္မာ | — | ဓမ္မဒိန္နာ |

၇။ သံဃဒါယိကာ-ပုဗ္ဗာရုံကျောင်းအမကြီး-ဝိသာခါဟူ၍ မိန်းမပျိုမင်းသမီး ခုနစ်ယောက်ပဲ ဖြစ်ပါတယ်၊ ကိုင်း—ဒကာဒကာမတွေ ဆောက်တည်ကြတဲ့ ဆယ်ပါးသီလနဲ့ပတ်သက်လို့ သိတာမှတ် အဘိဓမ္မာသတ်။

## သီလဂုဏ်ရှစ်ပါးရှိပါတယ်

၁။ မကျိုးသောဂုဏ်,
၂။ မပေါက်သောဂုဏ်,
၃။ မပြောက်သောဂုဏ်,
၄။ မကျားသောဂုဏ်,
၅။ ကိလေသာတဏှာကျွန်မခံ တော်လှန်သောဂုဏ်,
၆။ ပညာရှိတို့ ချီးမွမ်းအပ်သောဂုဏ်,
၇။ တဏှာဒိဋ္ဌိတို့ဟာ မှားသောအားဖြင့် မစွဲလမ်းအပ်သောဂုဏ်,
၈။ တည်ကြည်စိတ်ရှိပြီး သမာဓိကိုဖြစ်စေသောဂုဏ်ဟူ၍ ရှစ်ပါးဖြစ်ပါတယ်။

## သီလတည်ခြင်းအကြောင်း

ကာယဒုစရိုက် စသည်မှ ရှက်ခြင်းလက္ခဏာရှိတဲ့ (ဟိရီတရား) ကာယဒုစရိုက်စသည်မှ ကြောက်ခြင်းလက္ခဏာရှိတဲ့ (သြတ္တပ္ပတရား)

ဝိသုဒ္ဓိမဂ်အဋ္ဌကထာမှာ အဲဒီဟိရီတရားနဲ့ သြတ္တပ္ပတရား နှစ်ပါး ရှိနေတဲ့သူဟာ သီလဖြစ်တယ် သီလတည်တယ်၊ ဟိရီတရား သြတ္တပ္ပတရားမရှိတဲ့သူဟာ သီလမဖြစ် သီလမတည်တံ့နိုင် မတည်မြဲနိုင်လို့ မိန့်ဆိုပါတယ်၊ ဒါကြောင့် ကျမ်းတတ်ဆရာတော်များက (ဟိရီသြတ္တပ္ပ မရှိ သီလမပြည့်, ဟိရီသြတ္တပ္ပမဘာက် သီလပျက်, ဟိရီသြတ္တပ္ပမဘာက် သီလခက်သည်) လို့ မိန့်ဆိုထားကြပါတယ်၊ တရားနာပရိသတ်တွေ

သီလရှိတဲ့သူဖြစ်လိုက အရှက်အကြောက်တရား နှစ်ပါးဖြစ်တဲ့ ဟိရီ တရားနဲ့ ဩတ္တပ္ပတရား လက်ကိုင်ထား မွေးမြူကြပါလို့ တိုက်တွန်း ဟောလိုက်ပါရစေ သီလတည်ခြင်းစကား ပီးစေပေါ့နော်။

## သီလပျက်ခြင်း အကြောင်း

သီလပျက်စီးရခြင်း အကြောင်းဆိုတာ—

၁။ သိက္ခာပုဒ်ကို လွန်ကျူးပြုကျင့်လို့ ပျက်တယ် (ဝီတိက္ကမ)

၂။ သီလစောင့်ရှောက်တဲ့သူ သေလို့ပျက်တယ် (မရဏ)

၃။ အဓိဋ္ဌာန် ခံယူဆောက်တည်ထားသော အချိန် ကာလကို လွန်၍ပျက်စီးတယ် (ကာလာတိက္ကမ။)

အဲဒီ အကြောင်းသုံးပါးတို့ကြောင့် ပုထုဇဉ်ပုဂ္ဂိုလ်များရဲ့ သီလ ပျက်စီးရတယ်လို့ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာမှာမိန့်ဆိုပါတယ်၊ ပုထုဇဉ် ပုဂ္ဂိုလ်များရဲ့ သီလပျက်စီးတယ်ဆိုသဖြင့် အရိယာပုဂ္ဂိုလ်များရဲ့သီလ ကတော့ မပျက်စီးဘူးလို့ မှတ်လိုက်ကြပါ။

ပျက်ခြင်းအကြောင်းသုံးပါး ရှေ့နှစ်ပါးမှာ—

သိက္ခာပဒ ပရိယန္တသီလနှင့်ဆိုင်ပါတယ်၊ နောက်တပါးက ကာလာ ပရိယန္တသီလနှင့် ဆိုင်ပါတယ်၊ ပီးစေပေါ့။

## လင်ကောင်းမယား နိဗ္ဗာန်သွား မယားကောင်း လင် နိဗ္ဗာန်ဝင် တရားတော်

မဟာသက္ကရာဇ် (တရာ့သုံးခုနှစ်) ကဆုန်လပြည့် ဗုဒ္ဓ[illegible]းနေ့ည သန်းခေါင်ကျော် အရုဏ်တက်ချိန် လူသက်နှစ်ဆယ့်ကိုးနှစ် ကျင့်သက် [illegible]ခြောက်နှစ် သက်တော်သုံးဆယ်ငါးနှစ် ပြည့်သောအခါ၌ ဘုရား ဖြစ်တော်မူပါတယ်။

ဘုရားဖြစ်တော်မူပြီး ဗောဓိပင်ရဲ့အနီးအနားမှာ ခုနစ်ရက်စီ ခုနစ်ဌာန သီတင်းသုံးနေတော်မူပြီး၍ ဗာရာဏသီပြည်အနီး မိဂဒါဝုန်တောသို့ ကြွတော်မူပါတယ်။

ပဥ္စဝဂ္ဂီငါးဦးတို့အား တရားဦးဟောတော်မူ၍ အကျွတ်တရားရစေလျက် မိဂဒါဝုန်တောမှာပင် ပထမဝါဆိုတော်မူပါတယ်၊ ဝါတွင်းမှာရောက်လာတဲ့ ယသသူဌေးသားမှစ၍ သူ့ရဲ့မိတ်ဆွေ ငါးဆယ့်လေးယောက် ပေါင်း ငါးဆယ့်ငါးယောက်တို့အား မဂ်ဖိုလ်၌တည်စေတော်မူပါတယ်။

ဝါကျွတ်တဲ့အခါ ဝါတွင်းကဖြစ်သော ရဟန္တာခြောက်ဆယ်တို့ကို ထိုထိုမြို့ရွာအရပ်ဒေသများသို့ တပါးလျှင်တနေရာစီကြွတော်မူ၍ သာသနာပြုသွားရန်စေလွှတ်တော်မူ၍ တပါးတည်း ဥရုဝေဠတောသို့ကြွတော်မူရာ လမ်းခရီးတောအုပ်တခုမှာ မိန်းမပျောက်ရှာကြတဲ့ ဘဒ္ဒဝဂ္ဂီ မင်းသားညီနောင်သုံးဆယ်ကို ဘုရားရှင်က 'မိန်းမကိုရှာခြင်းနဲ့ မိမိကိုယ်ကိုရှာခြင်းဟာ ဘယ်တင်းကမြတ်သလဲ'လို့ မေးတော်မူပြီး ဒါနကထာစတဲ့ တရားဟောရာ မင်းသားသုံးဆယ်တို့ဟာ တချို့သောတာပန်၊ တချို့သကဒါဂါမ်၊ တချို့အနာဂါမ် ဟေိဘိက္ခုပစ္စည်းခံတော်မူပြီး သာသနာပြုစေလွှတ်တော်မူကာ ဥရုဝေဠတောသို့ ဆက်ကြွတော်မူပါတယ်။

ဥရုဝေဠတောမှာ နောက်လိုက်တပည့်ငါးရာရှိတဲ့ ဥရုဝေဠကဿပ၊ နောက်လိုက်တပည့်သုံးရာရှိတဲ့ နဒီကဿပ၊ နောက်လိုက်တပည့်နှစ်ရာရှိတဲ့ ဂယာကဿပဆိုတဲ့ တိတ္ထိဂိုဏ်းဆရာကြီးလုပ်နေကြတဲ့ ဘာသာရေးခေါင်းဆောင် ရသေ့ညီနောင်သုံးယောက်နဲ့ တပည့်တထောင်တို့ကို ဆောင်းတွင်းသုံးလ သုံးထောင့်ငါးရာ တန်ခိုးပြာဋိဟာကိုပြတော်မူပြီး ချွတ်တော်မူရပါတယ်။

ဒါတောင် သူတို့က 'ရဟန်းကြီးဂေါတမ တန်ခိုးတော့ကြီးသားပဲ ဒါပေမဲ့ သူတို့လိုရဟန္တာမဟုတ်ဘူး' ပြောသေးတာ၊ နောက်ဆုံးအကုန် ရဟန်းပြုကြလို့—

အာဒိတ္တပရိယာယသုတ်ကို ဟောတော်မူတဲ့အခါ အားလုံးရဟန္တာ ဖြစ်ကုန်ကြပါတယ်။

ထပ်ဟောပြမယ်၊ ဧဟိဘိက္ခုရဟန်းဆိုတာက ဘိက္ခု၊ ရဟန်း။ဧဟိ၊ လာလော့ဟု မြတ်စွာဘုရားကခေါ်တော်မူလိုက်ရင် လူ့အသွင်ပျောက်ပြီး သပိတ်ပရိက္ခရာအပြည့်အစုံနဲ့ ဝါခြောက်ဆယ်ရပြီးတဲ့ မထေရ်ကြီးလို ဖြစ်လာပါတယ်၊ ဒီလိုမြတ်စွာဘုရားခေါ်တော်မူလို့ ဖြစ်တဲ့ရဟန်းကို ဧဟိဘိက္ခုရဟန်းလို့ခေါ်ပါတယ်။

အလုံးစုံသောကိလေသာတွေမရှိတော့တဲ့အတွက် (ရဟန္တာ) လို့ ခေါ်ပါတယ်၊ နောက်ဆုံးဖြစ်တဲ့အရိယာပေါ့၊ မြတ်စွာဘုရား တောထွက်တော်မူလာစဉ်က ရာဇဂြိုဟ်ပြည်ဘုရင် ဗိမ္ဗိသာရမင်းကြီးက 'ဘုရားဖြစ်ရင်တပည့်တော်ရဲ့ တိုင်းပြည်သို့ ပထမဦးဆုံး ကြွတော်မူပါဘုရား' လို့ လျှောက်ထားတောင်းပန်လိုက်တဲ့ စကားအရ မြတ်စွာဘုရား ရဟန္တာတထောင်ခြံရံပီး ဂယာသီသမှ ရာဇဂြိုဟ်မြို့သို့ ကြွတော်မူလာပါတယ်။

မြတ်စွာဘုရား ကြွတော်မူလာတဲ့အခါမှာ ဗိမ္ဗိသာရမင်းကြီးကလဲ ကောင်းမွန်ရိုသေစွာလုပ်ကျွေးပီး (တသိန်းနှစ်သောင်းသော) ပရိသတ်တွေနှင့်အတူ ဘုရားရှင်ထံမှာ တရားနာယူပါတယ်။

ဗိမ္ဗိသာရမင်းကြီးနှင့်တကွ တသိန်းတသောင်းသော သူကြွယ်များ သောတာပန်ဖြစ်ကြပါတယ်၊ တသောင်းသော သူကြွယ်များကတော့ သရဏဂုံတည်ကာ ဥပါသကာဖြစ်ကြပါတယ်။

(အမှာ) သောတာပန် သရဏဂုံ ဥပါသကာဆိုတဲ့ အဓိပ္ပါယ်ကို နောက်က ဟောပြခဲ့ပါပြီ၊

တောင်ငါးလုံးကာခို၊ ရာဇဂြိုဟ်ဆိုတဲ့အတိုင်း–

ဝေဘာလတောင်၊ ဝေဘာရတောင်၊ ပဏ္ဍဝတောင်၊ ဣသိဂိလိတောင်၊ ဂိဇ္ဈကုဋ်တောင်ရယ်လို့ တောင်ငါးလုံးရှိပါတယ်၊ နွားခြံနဲ့တူနေလို့လဲ (ဂိရိဗ္ဗဇ) ခေါ်ပါတယ်၊ ဂိရိ–တောင်၊ ဇဝ–ခြံရံကာ တောင်ငါးလုံးတို့ဟာ ရာဇဂြိုဟ်မြို့ကို ခြံကာထားသလို ဝိုင်းကာနေလို့ တောင်ငါးလုံးခြံရံတဲ့မြို့လို့ ခေါ်နိုင်ပါတယ်။

ဒီရာဇဂြိုဟ်မြို့ဆိုတာ ဘုန်းကံရှိတဲ့ စကြာမင်းတို့ရဲ့ လက်ထက်မြတ်စွာဘုရားများ ပွင့်တော်မူတဲ့အခါ မင်းနေပြည်မြို့တော်ကြီးဖြစ်နေပြီး တခြားအချိန်များမှာ မြို့ကြီးမဖြစ်တော့ပဲ ဘီလူးတွေနေရာဖြစ်တယ်လို့ဆိုပါတယ်။

ဒီရာဇဂြိုဟ်မြို့ကြီးမှာလဲ ကုဋေရှစ်ဆယ်ချမ်းသာသော ဝိသာခမွေဒိန္နာဆိုတဲ့ သူဌေးလင်မယားရှိပါတယ်၊ ပစ္စည်းချမ်းသာတဲ့လူချင်းဖောက်ယူထားတာပေါ့လေ။

ဒီဝိသာခဆိုတဲ့သူဌေးကြီးက ရာဇဂြိုဟ်ဘုရင် ဗိမ္ဗိသာရမင်းကြီးနဲ့လဲ အကျွမ်းတဝင်ရှိတဲ့အပြင် ဘုရင်ရဲ့အလေးဂရုပြုရမဲ့ သူဌေးကြီးဖြစ်ပါတယ်။

နောက်ပြီး မြတ်စွာဘုရား ရာဇဂြိုဟ်မြို့ရောက်စက ဗိမ္ဗိသာရမင်းနဲ့အတူ တသိန်းတသောင်းသောသူတွေ သောတာပန် ဖြစ်တာထဲမှာ တယောက်အပါအဝင်ပဲ ဖြစ်ပါတယ်။

ဒါကြောင့်လဲ အခွင့်ရတိုင်း ဘုရားတရားသွားနာပါတယ်၊ မနာပဲနေနိုင်ပါ့မလား တရားတကယ်ချစ်မြတ်နိုးတဲ့ သောတာပန်ဖြစ်နေတာမဟုတ်လား။

တရားနာရသဖြင့် တနေ့တော့ အထက်နှစ်ဆင့်တက်ရလို့မို့ အနာဂါမ်ဖြစ်လာပါတယ်၊ အနာဂါမ်ဆိုတာ ကာမရာဂဗျာပါဒပယ်ဖြတ်ပြီးငြိကပ်တွယ်တာခြင်းမရှိပဲ သန့်ရှင်းစင်ကြယ်နေတာပေါ့လေ၊ ကာမ

ဂုဏ်အာရုံတရားကိုလဲ လိုလားနှစ်သက်ခြင်းမရှိတော့ပါဘူး၊ ကိလေသာအကုန်လုံးကင်းကွာတဲ့ ရဟန္တာတော့ မဟုတ်သေးဘူးပေါ့။

အနာဂါမ်ဆိုတာ သားသမီးလင်မယား ပစ္စည်းဥစ္စာတို့ကို တွယ်တာနေတဲ့ ကာမတဏှာအားလုံး သူ့မှာမရှိတော့ပါ၊ အဲဒါအနာဂါမ်လို့ခေါ်ပါတယ်၊ မဂ်စာဆင့်တော့ လိုနေသေးတာပေါ့၊ ရဟန္တာမဟုတ်သေးပေမဲ့ အနာဂါမ်ဆိုရင်ပဲ အလွန်ကြန္ဒြေတည်တည်ငြိမ်ငြိမ်ဖြစ်နေပါပြီ၊ ရွှင်ပြတဲ့မျက်နှာနဲ့ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေတာပေါ့၊ လောကီအာရုံ ကာမဂုဏ်တွေကို စုံစုံမက်မက် မရှိတော့ပါဘူး၊ ရုပ်နာမ်ဓမ္မသင်္ခါရတရားတို့၌ မျှားမျှားရွံ့ပြီး နှလုံးနာတဲ့သဘောနဲ့ ငြိကပ်တွယ်တာမှုမရှိတော့ဘူး၊ ငြိကပ်တွယ်တာမှု မရှိတော့ဘူးဆိုတော့လဲ သံယောဇဉ်လွတ်ကင်းပြီး အေးသွားရတော့တာပေါ့။

ဝိသာခသူဌေးကြီးလဲ ဘုရားရှင်ထံမှာ တရားနာရင်း အနာဂါမ်တည် ပြန်လာပါတယ်၊ အိမ်ပြန်လာပေမဲ့ ခါတိုင်းပြန်လာတာမျိုးမဟုတ်တော့ပဲ ဟိုကြည့် ဒီကြည့် တောင်ကြည့်မြောက်ကြည့် မကြည့်စက္ခုန္ဒြေချပြီး ငြိမ်သက်စွာပြန်လာပါတယ်။

(စက္ခုန္ဒြေချတယ်ဆိုတာ မျက်စိကိုစောင့်စည်းတာပဲ၊ မျက်စိကိုစောင့်စည်းတယ်ဆိုတာ ဟိုဟိုဒီဒီမကြည့်ပဲ လေးတောင်ခန့်သာ ကြည့်တာကို ခေါ်တာ) ဟုတ်ပလား။

(အရှေ့ရိုးမနဲ့ အနောက်ရိုးမ နှစ်တောင်ကြည့်တယ်လဲ လုပ်မနေကြနဲ့အုန်း၊ လူပြက်စကားခေါ်တယ်။) ထားပါတော့လေ ဓမ္မဒိန္နာသူဌေးကတော်ကြီးကလဲ သူ့သူဌေးကြီး ဘုရားကျောင်းတော်ကပြန်အလာကို လေသာတံခါးလေးဖွင့်ပြီး မျှော်ကြည့်နေပါတယ်။

ဟိုဟိုဒီဒီမကြည့်ပဲ ဣန္ဒြေကြီးနဲ့ဖြစ်လာတဲ့အမူအရာကို မမျှော်လင့်ပဲ ပြုံးဆိုမြင်လိုက်ရတော့ အလို-ဘာများဖြစ်လာပါလိမ့် ခါတိုင်းနဲ့ မတူ တမူထူးနေပါလား ပြာပြာသလဲဆီးကြိုနှုတ်ဆက်တယ်၊ လှေခါးမှာ ဓမ္မဒိန္နာက ကိုယ်ခြေဆေးပေးတယ်၊ပြုံးပြုံးလေးနဲ့ မျက်နှာချိုသွေး

ပေမဲ့ အနာဂါမ်ကြီးကဖြင့် စကားတလုံးမှလဲ မပြော မရိမပြုံး ဣန္ဒြေ ကြီးနဲ့သာ နေတယ်တဲ့။

ဓမ္မဒိန္နာက သူ့သူဌေးကြီးအပြုအမူကို အကဲမခတ်တတ်အောင်ဖြစ် နေတာပေါ့၊ ခက်ရချည့် ခါတိုင်းလို စကားပြောဖေါ် နှုတ်ဆက်ဖေါ် မရ၊ ဘယ်လိုများဖြစ်လာပါလိမ့် ကေန္တတော့ကေန္တပဲ စကားမပြော နှုတ်မဆက်ပုံထောက်တော့ တယောက်ယောက်နဲ့ စိတ်ဆိုးလာပြီထင် တယ်။

ခါတိုင်းသူဌေးကြီးပြန်လာတဲ့အခါ ဓမ္မဒိန္နာက လှေခါးရင်းက ဆီးကြိုပြီး နှစ်ယောက်လက်တွဲ အိမ်ပေါ်တက်ကြတာကို အခုတခါလဲ ခါတိုင်းလိုမှတ်လို့ ဓမ္မဒိန္နာကလက်ကလေးပေးပေမဲ့ မကိုင်ပဲ သူတ ယောက်ထဲ အိမ်ပေါ်တက်သွားသတဲ့၊ အင်း–အခုလို သူဌေးကြီး သူ့ကို စကားမပြောပဲ အမူအရာအားလုံး ပြောင်းပြီး တမျိုးကြီး သုံသုံမှုံမှုံ ဖြစ်နေတာကို အနေအထိုင်ကျဉ်းပြီး အခံရခက်နေတာပေါ့။

မိန်းမများမှာ ယောကျ်ားများက စကားမပြောပဲ သုံမှုံနေတာကို (အလွန်အခံရအခက်ဆုံးပဲ) လို့ ကျမ်းဂန်များကဆိုပါတယ်၊ ဒိပြင်ဟာ မကြည့်နဲ့ ဝေဿန္တရာဇာတ်တော်မှာကြည့် မဒ္ဒီမိဖုယားကြီးက သား တော်သမီးတော်များ မမြင်လို့ ဝေဿန္တရာမင်းကြီး မေးကြည့်တဲ့အခါ မင်းကြီးက စကားပြန်မပြောတော့ အရှင်မင်းကြီးရဲ့ အရှင်မင်းကြီး စကားပြန်မပြောတာဟာ ကျွန်ုပ်ခံရခက်ပါတယ်၊ ဒီဟာလဲ ဝြောင့်တံ သင်းကြီးတစင်းဖြစ်တယ်၊ နှလုံးကိုပြိုကွဲလုမတတ် တဖျတ်ဖျတ်နဲ့ တုန် လှုပ်စေပါတယ်။

ဒီလိုသာစကားမပြောလို့ရှိရင် မနက်ဖန်အသေကောင်ကို တွေ့ရ မယ်လို့ မဒ္ဒီမိဖုယားကြီးက ပြောတယ်မဟုတ်လား တရားနာပရိသတ်၊ ဒို့တရားနာပရိသတ်တွေလဲ ရုံးဆင်း, ကျောင်းဆင်း, အလုပ်ဆင်း, အိမ် ကိုတမ်းတမ်းမတ်မတ်ပြန်ကြ အိမ်သူသက်ထားနဲ့ ရည်ရည်မွန်မွန် ချိုချိုသာသာ စကားပြောကြနော် ထားပါတော့လေ။

ဓမ္မဒိန္နာသူဌေးကတော်ကြီးမှာလဲ ဦးနှောက်ခြောက်ပြီး မသွားတတ်အောင် ဖြစ်နေပါတယ်၊ ဟင်—လက်မကိုင်လဲ နေပါစေအုန်းဟာ အိမ်ပေါ်ရောက်လို့ ထမင်းစားတော့ စကားပြောမှာပေါ့လို့ ကြံပြီး ထမင်းကို ကောင်းကောင်းမွန်မွန် ခူးခပ်ကျွေးပါတယ်၊ ခါတိုင်းထမင်းစားတဲ့အခါများမှာတော့ လင်မယားနှစ်ယောက် ရွှင်ရွှင်ပြုံးပြုံး ရီရီမောမော ပြောကာဆိုကာ စားကြစမြဲ ဒီနေ့တော့ သူဌေးကတော်ကြီးနဲ့ မစားပဲ သူ့ချည်းတယောက်ထဲ ခွဲစားပါတယ်၊ ငါ့ကိုစကားလဲ မပြော လက်ဆွဲလဲအိမ်ပေါ်မတက် အခုထမင်းကျလဲ အတူတူမစား ဘယ်လိုများဖြစ်နေတယ် မသိဘူး၊ ထားပါတော့လေ ညကျသိရောပေါ့ ခါတိုင်းလိုပဲ ခေါ်ခေါ်ပြောပြော ဖော်ဖော်ရွေရွေ ရှိတန်ကောင်းပါရဲ့အောက်မေ့ပြီး သူ့အကဲခတ်နေတာပေါ့၊ဒါပေမဲ့ ညကျလဲ သူဌေးကြီးက သူမထင်သလိုမဟုတ်ပဲ လူမရှိတဲ့အခန်း တယောက်ထဲ သွားပြီး အိပ်ပြန်သတဲ့၊ သူဌေးကြီး နေထိုင်စားသောက်ပုံ မြင်ရလေလေ မိန်းမက စိတ်မချမ်းသာ မကောင်းလေလေ၊ အဲဒီလိုဆိုလဲ စိမ်လိုက်အုန်းပေါ့လေ နှစ်ရက်သုံးရက်ကြာရင်တော့ စိတ်ကောက်နေတာ ပြေကောင်းပါရဲ့ ဓမ္မဒိန္နာကတော့ အနာဂါမ်ဖြစ်မှန်းမသိတော့ သူများနဲ့ စိတ်ကောက်နေဘယ်ပဲ ထင်မှာပေါ့။

ဒါနဲ့ နှစ်ရက်သုံးရက်ကြာပေမဲ့ ဘာမှထူးခြားမှု အမူအရာ တစိတ်တဒေသ မတွေ့ရတဲ့အတွက် ရောက်တတ်ရာရာ ရှောက်တွေးတော့တာပဲတဲ့၊ အင်း— ငါ့ထားပြီး သားငယ်မယားငယ်များ ယူချင်လို့လား ဒါမှမဟုတ် တယောက်ယောက်က တို့လင်မယားနှစ်ယောက် ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနေတာ မနာလိုလို့ ချစ်ခြင်းကိုခွဲပြစ်မဲ့စကား ယုံစားပြီး ဒီလိုသုံ့မှိုင်နေတာများလား၊ ယောကျ်ားဟာ သားငယ်မယားငယ် ထားချင်ရင်လဲ ဒီလိုဘဲ အိမ်ကမိန်းမကြီးကို အပြစ်မရှိ အပြစ်ရှာတတ်တယ်လို့ ရှေးလူကြီးသူမများ ပြောသံကြားဘူးတယ်၊ ဒီလိုမှ မဟုတ်ရင်လဲ ငါ့များ သူခွင့်မလွှတ်နိုင်တဲ့ အပြစ်တခုခု ရှိလေရော့

သလား၊ ကိုယ့်အပြစ်မို့ ကိုယ်မမြင်ပေမဲ့ သူကတော့ မြင်ချင်မြင်မှာ ဒီတော့ (မပြောမပီး မတီးမခြည်) ဆိုတာလို မေးကြည့်မှဖြစ်မယ်၊ ဒီလို တအုံနွေးနွေးနေလို့ မဖြစ်တော့ဘူးဟုတွေးကာ ဝိသာခအိပ်တဲ့ အခန်း ထဲသွားပီး ရှိခိုးနေရှာပါတယ်၊ (လိမ္မာရေးချားရှိတဲ့ မိန်းမများ သူ့ အပြစ်သူရှုတယ်)မှတ် တရားနာကြတဲ့မိန်းမတွေတွေ၊ အခုလဲရှိခိုးနေ တယ်၊ အခုခေတ်တော့ သူတို့ဘဲရှိခိုးကြရတော့မလိုလို၊ သူဌေးကြီးက ဓမ္မဒိန္နာ အချိန်အခါမဟုတ် ဒီအခန်းထဲ ဘာပြုလို့လာရသလဲ၊ ဓမ္မဒိန္နာ သူဌေးကတော်ကြီးက ညှိုးငယ်တဲ့မျက်နှာနှင့် ခပ်ရို့ရို့ကလေးထိုင်ရင်း အရှင် ကျွမလာရတာက ဒီလိုပါ အရှင်ကြည့်ရတာ ကျောင်းကပြန် လာကထဲက ခါတိုင်းနဲ့မတူ တမူထူးနေပါတယ်၊ ဒီတော့ ကျွမ့အပေါ် ဘာအပြစ်ရှိလို့ပါလဲ၊ သားငယ်မယားငယ်များ ယူချင်လို့လား၊ ဒါမှ မဟုတ် ဘယ်သူက ဂုံးတိုက်စကား ပြောလိုက်လို့လဲ ကျွမက သူဌေးကြီး အပေါ် အပြစ်တစုံဘခု ကျူးလွန်မိတာဖြင့် ရှင်းရှင်းနဲ့ဘွင်းဘွင်း ဖွင့် ပြောပါ၊ တဘက်လူ မနေတတ်ဘူးစတဲ့ စကားလုံးများ ပြောခွင့် ရတုန်း ပြောလက်စနှင့် ကရားရေလွှတ်သလို တတွတ်တွတ် အားရ အောင် တွန်းပေးလိုက်ပါတယ်၊ ဝိသာခသူဌေးကြီးကလဲ မင်းပြော တာတွေ တခုမှမဟုတ်တဲ့အကြောင်း ပြန်ပြောပြပါတယ်၊ မင်းပြော တာတွေ တခုမှမဟုတ်ဘူးဆိုတာကိုဘဲ ဓမ္မဒိန္နာကပို၍ အနေရအတွေးရ ခက်သွားပါတယ်၊ 'ဒါဖြင့်ဘာဖြစ်လို့ စကားမပြောတာလဲ' ဓမ္မဒိန္နာက မခံချိမခံသာ ဖြစ်လွန်းတဲ့အတွက် ထပ်မေးလိုက်ပြန်ပါတယ်၊ ဝိသာခ သူဌေးကြီးက 'မင်းအပေါ်မှာ ဘာအပြစ်မှလဲ မရှိဘူး၊ သားငယ် မယားငယ် ယူချင်လို့လဲ မဟုတ်ဘူး သူများကဂုံးတိုက်လို့လဲမဟုတ်ဘူး၊ မင်းဟာ မယားကောင်းတို့ရဲ့ ပြုစုအပ်တဲ့ 'အိမ်တွင်းမှုလုပ်၊ သိမ်းချုပ် သေချာ၊ မိတ္တာကြည်ရှောင်၊ လျှော်အောင်ဖြန့်ချိ၊ ပျင်းရိမမူ' ဆိုတဲ့ မယားဝတ္တရား ငါးပါးနဲ့လည်း ကောင်းမွန်စွာ လုပ်ကျွေးပြုစုတယ် ဆိုတာ သိပါတယ်၊ စကားမပြောပဲနေတယ် တယောက်ထဲအိပ်တယ်

တယောက်ထဲ စားတယ် ကိုယ့်အယူအဆကို ကိုယ့်သဘော အတိုင်း နေတာပါလို့ ပြောပါတယ်၊ ဒီလို ဘာမှမဖြစ်ဘူးပြောလေ ခမ္မဒိန္နာက ပိုပီးမကြေနပ်ဖြစ်လေပေါ့၊ ခမ္မဒိန္နာက ကိုင်း ဒါဖြင့်လဲ အပြစ်မရှိရင်လဲ ခါတိုင်းလိုပဲ ပျော်ပျော်ပါးပါး နေပေါ့ ခုတော့ အပြစ်မရှိဘူးလဲဆို သေးရဲ့ စကားလဲမပြော ထမင်းစားတော့ တယောက်ထဲစား၊ အိပ် ပြန်တော့လဲ တယောက်ထဲအိပ်ဆိုတာက ဘာသဘောမှန်းလဲ မသိရ၊ မတွေးတတ်အောင် ဖြစ်နေတယ် သိလား စသဖြင့် အနားက နားပူ နားဆာလုပ်နေတာ မြင်ရတော့ ဝိသာခသူဌေးထင်တယ်၊ အင်း- ဒီအတိုင်း အကျိုးအကြောင်း ပြောမပြဘဲ နေမယ်ဆိုရင် ရင်ကွဲနာကျ သေရှာတော့မယ် မတတ်နိုင်ပါဘူးလေ ပြောပြမှဖြစ်မှာပဲလို့ ကြံစည် နေပါတယ်၊ (မပြောတာက အရိယာမို့ ကိုယ့်ဂုဏ်ကို မပြောချင်လို့ ပေါ့) ဒါနဲ့ ပြောပြလိုက်ရရော ဆိုပါတော့။

'ခမ္မဒိန္နာရယ် မင်းအပေါ်မှာအပြစ်မရှိတာ အမှန်ပါကွယ်၊ စကား မပြောတာက မြတ်စွာဘုရားရာဇဂြိုဟ်မြို့ကို ပထမဦးဆုံးကြွလာတုန်းက တရားနာရတော့ သောတာပန်ဖြစ်တယ်၊ ဟိုနေ့က တရားနာပြန်လာ တော့လဲ အနာဂါမ်ဖြစ်လာခဲ့တယ်၊ ဒါကြောင့် လောကအာရုံ ကာမ ဂုဏ်တွေကို ခင်မင်တွယ်တာ စုံမက်နှစ်သက်နေလို့ မသင့်တော့လို့ ဒီလို နေတာပါ နှမခမ္မဒိန္နာရယ်လို့ ပြောပြလိုက်ပါတယ်။

လောကီအာရုံ ကာမဂုဏ်တွေဆိုတာ ပုထုဇဉ်တွေရဲ့အကြိုက်တွေပဲ မဟုတ်လား၊ ဥပမာ မစင်ကို ခွေးဟာ အရူးအမူးကြိုက်ပေမဲ့ လူတွေ အနေနဲ့ မစင်ဆိုတာ အင်မတန်စက်ဆုပ်စရာ ဖြစ်ပါတယ်၊ ဒီအတိုင်း ပါပဲ လောကီအာရုံ ကာမဂုဏ်တွေဆိုတာ ပုထုဇဉ်တွေအနေနဲ့ အလွန် ကြိုက်နှစ်သက်ပေမဲ့ အရိယာတွေအနေနဲ့ဆိုရင်တော့ အလွန်စက်ဆုပ် ရွံရှာဘွယ် ကောင်းတာဘဲ၊ အဝှါပြောသလို မကြေနပ်ရင်တစ်ကပြန်စ ဆိုတာလို အစကနေ အဆုံးအထိ ပြောပြလိုက်ပါတယ်၊ ဆက်ပြီး နားထောင်အုန်း နှမခမ္မဒိန္နာ တိုတိုလေးပဲပြောပါရစေ၊ နှမဘက်က

ပါတဲ့ ကုဋေလေးဆယ်၊ ငါ့ဘက်ကပါတဲ့ ကုဋေလေးဆယ်၊ ပေါင်း ကုဋေရှစ်ဆယ်သော ပစ္စည်းဥစ္စာတွေကို နှမလိုချင်ပါက အကုန်ယူပြီး ငါ့အမေအရာ နှမအရာအဖြစ်နဲ့ နေပါ၊ နှမချက်ပြုတ် ကျွေးမွေးတဲ့ ထမင်းကိုပဲစားပြီး နေပါရစေ၊ ဒါမှမဟုတ်ရင်လဲ ဒီပစ္စည်းတွေအကုန် ယူပြီး နောက်အိမ်ထောင်သစ် ထူချင်လဲထူပါ မိဘအိမ်ပြန်ချင်လဲပြန်ပါ သဘောတူတယ် မကန့်ကွက်ပါဘူး၊ ငါတော့ တပြားတချပ်မှမလိုချင် တော့ပါ မင်းကိုလဲ နှမလေးအရာ သမီးလေးအရာ သဘောထားပြီး လုပ်ကျွေးပါမယ်လို့ ပြောပြပါတယ်။

ဓမ္မဒိန္နာက အော်-ဒီလိုလားအရှင်၊ နို့နေစမ်းပါအုန်း အခုအရှင် ရတဲ့ လောကုတ္တရာတရားဆိုတာ ယောကျ်ားများသာ ရကောင်း သလား မိန်းမများကော မရကောင်းဘူးလားလို့မေးပါတယ်၊ ဝိသာခက ဒီလိုလဲမဟုတ်ပါ၊ ဘုရားတရားတော် ဆိုတာမျိုးဟာ ယောကျ်ားပဲ ဖြစ်ဖြစ် မိန်းမပဲဖြစ်ဖြစ် ကျင့်ကြံကြိုးကုတ် အားထုတ်တဲ့သူမှန်ရင် မဂ်ဖိုလ်နိဗ္ဗာန် ရနိုင်တဲ့ (ဥပနိဿယ) အကြောင်းနဲ့ ပြည့်စုံပါက ယောကျ်ားရော မိန်းမပါ ရနိုင်ကြောင်း ပြောပြပါတယ်၊ (ဥပနိဿယ ဆိုတာ ခိုင်လုံတဲ့အကြောင်းကို ခေါ်ပါတယ်။)

ဓမ္မဒိန္နာကလဲ နယ်နယ်မှမဟုတ်တာ ပါရမီရှင်ဗျာဒိတ်ရပြီးသားမိန်း မပဲ သူများက တံတွေးပေါက်လောက်အောက်မေ့လို့ စွန့်ပြစ်တဲ့ဥစ္စာ အစုပ်အနုတ်ကို သူမကလဲ ဘယ်ယူပါ့မလဲ သူများထွေးပစ်တဲ့ တံတွေး တော့ကောက်မမျိုဘူးဆိုတဲ့ သဘောပေါ့။ (မဟာကပ္ပိနမင်း ထားပစ် ခဲ့တဲ့ဥစ္စာ အနောဇာမိဖုယားကြီးလဲ မယူပါဘူး) ထားပါတော့လေ။

ကိုင်း ဒီလိုမိန်းမများလဲ မဂ်ဖိုလ်နိဗ္ဗာန်ကိုရနိုင်တယ်ဆိုရင် ဒီဥစ္စာ တွေ အရှင့်ပြန်အပ်မယ် ကျမလဲ သာသနာတော်ထမ်း ရဟန်းမိန်းမ ပြုလုပ်ပါရစေ၊ ခွင့်လွှတ်ပါလို့ ခွင့်တောင်းပါတယ်၊ ဝိသာခက သာဓု သာဓု သဘောချင်းတော့ တိုက်ဆိုင်နေပြီ ငါကလဲ မင်းရဟန်းမိန်းမ ပြုလုပ်ပါလားလို့ ပြောချင်တာနဲ့အဆင်သင့်ပဲ၊ မင်းသဘောကဘယ်လို

မှန်းမသိသေးလို့ မပြောသေးတာ၊ အခုတော့ အတော်ပဲ၊ ဝိသာခ သူဌေးကြီးလဲ ဗိမ္ဗိသာရမင်းကြီးထံ ညီလာခံချိန်မဟုတ်ဘဲ အချိန်မရွေး ထွက်သွားတာပေါ့၊ မင်းကြီးနဲ့အကျွမ်းတဝင်ဖြစ်နေတော့လဲ တံခါးမရှိ ဓါးမရှိ အချိန်မရွေး သွားရဲလာရဲ ပြောဆိုရဲတယ်ဆိုပါစို့။

ဝိသာခသူဌေးကြီးက အရှင်မင်ကြီး ကျွန်တော်မျိုးရဲ့ အိမ်နေသူ ဇနီး ဓမ္မဒိန္နာဟာ သာသနာတော်ဝင်ပီး အဝါရေသက်နှီးဆင်မြန်းကာ ရဟန်းမိန်းမ ပြုလုပ်တော့မှာမို့ ကြီးကြီးကျယ်ကျယ် ကျောင်းတော်ပို့ ချင်လို့ ရွှေထမ်းစင်တခုပေးပါ နောက်ပီးမြို့ကိုလဲ နတ်မြို့တမျှ တန်ဆာ ဆင်ပေးစေလိုပါတယ်၊ ဘိက္ခုနီရဟန်းခံပွဲကြီး စည်စည်ကားကား ကျင်းပပီး လှူဒါန်းလိုကြောင်း လျှောက်ထားပါတယ်။

ဗိမ္ဗိသာရမင်းကြီးကလဲ ဝိသာခသူဌေး လျှောက်ထားတဲ့အတိုင်း ရွှေထမ်းစင်ကိုလဲ ပေးလိုက်တယ်၊ မြို့ကိုလဲတန်ဆာဆင်စေပါတယ်၊ ဝိသာခသူဌေးကြီးဟာ ဓမ္မဒိန္နာအား အမွှေးနံ့သာရေချိုးလို့ ဆွေမျိုး ဉာတိ မိသဂ်ဟာများနဲ့တကွ တခမ်းတနား ပွဲလမ်းသဘင်ကျင်းပပီး ပရိသတ်တွေအခြံအရံနှင့် ဘိက္ခုနီမကျောင်းတော်ကို လိုက်ပို့ပါတယ်၊ လူများဟာ ဂုဏ်ရှိတဲ့သူကိုမှ မြင်ကြတယ်လို့ ဘုရားဟောတော်မူတဲ့ အတိုင်း ကုဋေရှစ်ဆယ်ချမ်းသာတဲ့သူဌေးမ ရှင်ပြုပွဲရဟန်းခံပွဲဆိုတော့ ဘယ်လောက်အထိ စည်ကားသိုက်မြိုက် ကြီးကျယ်ခမ်းနားတယ်ဆိုတာ တရားနာပရိသတ် တွေးသာကြည့်ကြပေတော့လေ၊ အကျယ်ချဲ့မပြော ပါရစေနဲ့၊ ဗိမ္ဗိသာရမင်းကြီးမျက်နှာကလဲ ရှိနေပြန်ခတော့ မစည်ကားပဲ နေပါ့မလား၊ (ဗိမ္ဗိသာရမင်းကြီးလဲ မယ်ခေမာမိဖုယားကြီးကို ရဟန်း မိန်းမအဖြစ် ခွင့်ပြုပါတယ်။)

ဒီအထဲမှာ ဓမ္မဒိန္နာသူဌေးကတော်ကြီး ဟောကြည့်စမ်း မကြောင့် မကြ မတောင့်မတ စားရနေရဝတ်ရရက်သားနဲ့ ပစ္စည်းတွေစွန့်လွှတ်ပီး ရဟန်းမိန်းမပြုနိုင်တယ်ဟဲ့စတဲ့ ချီးကျူးထောမနာသံတွေကလဲ ဆူလို့ ညံလို့။

ကျောင်းရောက်သွားတော့ ဓမ္မဒိန္နာသူဌေးမလေးဟာ ငယ်ငယ်ရွယ်ရွယ်ဝတ်ချင်စားချင်တဲ့အရွယ်မှ ရဟန်းမိန်းမပြုတာဟာ မြဲမှမြဲပါ့မလားပေါ့၊ နောက်ပီး ဝိသာခသူဌေးကြီးကိုလဲ အပေးအယူမမျှဖြစ်ပီး လင်မယားချင်း စိတ်အခန့်မသင့်လို့ ဓမ္မဒိန္နာသူဌေးမလေးဟာ လောလောဆယ် ဆိုင်းမဆင့် ဗုံမဆင့် ရဟန်းပြုဟန်တူတယ်ဆိုတဲ့ အထင်နဲ့-

'လင်နဲ့မယား လျှာနဲ့သွား'ဆိုတာလို အမြဲတစေအတူနေရတော့လဲ တခါတလေ စိတ်အခန့်မသင့် အဆင်မပြေမှုအပြစ်ကလေး သည်းခံတို့ လင်ကမှားတဲ့အခါ မယားလုပ်သူကခွင့်လွှတ် မယားမှားတဲ့အခါ လင်လုပ်သူကခွင့်လွှတ်ဘို့အကြောင်း တောင်းပန်နေကြပါတယ်။

ဝိသာခသူဌေးကြီးကလဲ ဓမ္မဒိန္နာရဟန်းပြုတာဟာ သူနဲ့တစုံတခု အချင်းများလို့မဟုတ်ပဲ သဒ္ဓါတရားသက်သက်နဲ့သာ ရဟန်းပြုတာပါ၊ သူ့မှာတစုံတခုအပြစ်မရှိပါဘူး၊ အထင်မလွဲကြပါနဲ့၊ သူ့ဘာသာသူ ရဟန်းပြုချင်လို့ အခုလို လိုက်ပို့ရတာဖြစ်လို့ ပြုသာပေးလိုက်ပါအရှင်မတို့လို့ လျှောက်ထားပါတယ်။

ဒီတော့မှ ဝိနည်းအရာ ဉာဏ်ပညာရှိတဲ့ထေရီမတပါးက (ကေသာ, လောမာ, နခါ, ဒန္တာ, တစော) တစော, ဒန္တာ, နခါ, လောမာ, ကေသာဆိုတဲ့ တစပဉ္စကကမ္မဋ္ဌာန်းကိုပေးပီး ရဟန်းပြုလိုက်ပါတယ်။

မြန်မာလိုဆိုရင် ဆံပင်, မွေးညှင်း, ခြေသည်းလက်သည်း, သွား, အရေထူအရေပါး, အနုလုံအစဉ်အတိုင်းဆိုတာ၊ အရေထူအရေပါး, သွား, ခြေသည်းလက်သည်း, မွေးညှင်း, ဆံပင်, ပဋိလုံဆိုတာ ပြောင်းပြန်ပြန်ပီးဆိုတာ၊ တစပဉ္စကကမ္မဋ္ဌာန်းဆိုတာ အရေလျှင် ငါးခုမြောက်ဖြစ်တဲ့ ကမ္မဋ္ဌာန်းကို ခေါ်ပါတယ်။

မြတ်စွာဘုရားလက်ထက်တော်က ဒီဓမ္မဒိန္နာတင် ဒီကမ္မဋ္ဌာန်းပေးတာမဟုတ်ပဲ ရဟန်းသာမဏေပြုတော့မယ်ဆိုရင် ဒီလိုပဲ တစပဉ္စကကမ္မဋ္ဌာန်းကို ပေးလေ့ရှိပါတယ်၊ ဒီကမ္မဋ္ဌာန်းတရား စီးဖြန်းသောအား

ဖြင့် ရဟန္တာဖြစ်သွားကြတာဟာလဲ မရေတွက်နိုင်အောင် များပြားတယ်လို့ ဓမ္မပဒအဋ္ဌကထာမှာ မိန့်ဆိုထားပါတယ်။

ရဟန်းခံပွဲကြီးကျင်းပပြီးတဲ့အခါ ဝိသာခသူဌေးလဲ ဓမ္မဒိန္နာအား အားပေးစကား ပြောကြားပြီး ပျော်ပျော်သာ နေရစ်ပေတော့ဟု လျှောက်ထားကာ ရှိခိုး၍ အိမ်ပြန်ပါဘယ်၊ တရားနာပရိသတ် သတိထားလိုက်မိလား အနာဂါမ်သူဌေးက ပုထုဇဉ်မိန်းမကို ရှိခိုးရတယ်ဆိုတာ (လူပြက်စကားဖြစ်တဲ့ မိန်းမရှိခိုး သွားမကျိုးလုပ်မနေနဲ့)သင်္ကန်းနဲ့သိက္ခာရှိလို့ ဂုဏ်ကိုရှိခိုးတာ မမှန်ဘူးလား နောက်ကဟောခဲ့သလို မိန်းမက သာသွားပြန်ပြီ။

ဓမ္မဒိန္နာရဟန်းပြုတဲ့နေ့ကစပြီး မူလကဂုဏ်ရှိတဲ့သူဆိုတော့ ပေါများလိုက်တဲ့ လာဘ်လာဘတွေ အကျင့်သိက္ခာနဲ့လဲ ပြည့်စုံနေပြန်တော့ လူတွေကအလွန်ကြည်ညိုပြီး ဟိုဘဒီဘ တရားနာလာကြ ဝင်လာမစဲ တသဲသဲဆိုတာလို ရှုပ်လို့ပွေလို့။

ဒီတော့ ဓမ္မဒိန္နာသူဌေးမကတွေးတယ် အင်း–ငါဟာကုဋေရှစ်ဆယ် ချမ်းသာရက်သားနဲ့ ဒီပစ္စည်းတွေ မခုံမင် မတွယ်တာ မနှစ်သက်ပဲ တရားထူးရချင်လို့ သာသနာတော်ထမ်း ရဟန်းပြုခဲ့တယ်။

အခုအတိုင်းသာ လာဘ်လာဘတွေ လူသွားလူလာတွေ များနေမယ်ဆိုရင် သူတို့ဘတွေနဲ့ ဆက်ဆံနေရဘာနဲ့ တရားအားထုတ်ချိန်မရပဲ အချိန်တွေကုန်နေတယ်၊ အမှန်တော့ ဒီဟာတွေဟာ တရားလုပ်ငန်းရဲ့ အနှောက်အယှက်တွေပဲ၊ အိမ်မှာလူဝတ်နဲ့နေတာနဲ့ မထူးခြားသလိုပဲ၊ အခုအထိလဲ တရားထူး မရသေးဘူး။

အိမ်ရာတည်ထောင် လူတို့ဘောင်မှာနေတဲ့သူတွေတောင် ရသေးတာ ငါကရဟန်းဘဝနဲ့ မရဘူးဆိုဘာ အဓိပ္ပါယ်မရှိပါလား၊ ဘာပဲဖြစ်ဖြစ် ဒီရာဇဂြိုဟ်မြို့မှာမနေပဲ တောရွာကလေးတရွာသွား တရားအားထုတ်ရင် ကောင်းမှာပဲလို့ ကြံစည်မိပါတယ်၊ ကြံစည်တဲ့အတိုင်းလဲ တောရွာသွားပြီး ကမ္မဋ္ဌာန်းတရား အားထုတ်လိုက်တာ လေးငါးရက်နဲ့

ပဲ မပင်မပန်း အနာဂါမ်ဖြစ်သွားပါတယ်။ (အနာဂါမ်ရဲ့အဓိပ္ပါယ် နောက်ကပြောခဲ့ပြီ) အနာဂါမ်တည်သွားတဲ့အကြောင်းကိုလဲ ထေရီ ဂါထာ ပါဠိတော်မှာ မိန့်ဆိုပါသေးတယ်။

အဲဒီလို အနာဂါမ်လဲဖြစ်သွားပြီးတဲ့နောက် ရဟန္တာမဖြစ်အောင် ဆက်လက်ပြီး ဝိပဿနာတရားအားထုတ်လိုက်တာ မကြာမြင့်မီ ကိလေသာအာသဝေါကင်းကွာ ရဟန္တာမ ဖြစ်သွားပါတော့သတည်း၊ သာဓု သာဓု သာဓုပါဘုရား၊ ရဟန္တာမဖြစ်သွားတော့ အပဒါန်ပါဠိတော်မှာ ရွတ်ပြပါသေးတယ်၊ အိမ်ကဝိသာခသူဌေးမောင်ထက် သာသွားပြန် တာပေါ့လေ၊ မိန်းမကသာတဲ့နေရာလဲ သာတာပဲနော်။

ဒီလို ရဟန္တာမလဲဖြစ်သွားရော ငါ့အကျိုးအတွက် သာသနာမှာ ပြုဘွယ်ပြီးပြီ၊ ဒီတော့ရာဇဂြိုဟ်မြို့မှာ ပြန်နေရရင်ဖြင့် ငါ့ကိုမှီပြီးဆွေမျိုး ဉာတကာတွေလဲ ကုသိုလ်ပြုကြမှာပဲ အတူနေအရှင်ဘိက္ခုနီမများလဲ လာဘ်လာဘတိုးပြီး ချမ်းသာကြလိမ့်မည်ဆိုတဲ့ တောနေတာထက် အကျိုးများမှာကိုမြင်၍ ဘိက္ခုနီမများနဲ့ ရာဇဂြိုဟ်မြို့ ပြန်ကြွလာ ပါတယ်။

ဝိသာခသူဌေးလဲ ဓမ္မဒိန္နာပြန်လာတယ် ကြားရတော့ တွေးသတဲ့ ရဟန်းမိန်းမပြုချင်ပါတယ်ဆိုပြု၊တခါမြို့မှာတရားအားမထုတ်လို တောသွားတရားအားထုတ် မြို့နေနေကျဖြစ်နေလို့ တောမှာနေရတာ ပျင်း ပျင်းရှိတာနဲ့ လူထွက်မလို့ပြန်လာပီထင်တယ်၊ မိန်းမများ ခဏသာ (ရေတက်ဦးငါးဇင်ရိုင်းလို ရေတက်တုန်း ဖျတ်ဖျတ်လုပ်ပီး ရေလဲကျ တော်ကြာ မရှိတော့ဘူး၊ အခုလဲဒီလိုပဲ အားကျမခံလုပ်ပေမဲ့ တကယ် တန်းကျ ဇွဲမရှိပါဘူး တွေးနေပါတယ်။)

စနေသားတယောက် သက်န်းစည်းချင်လို့ ဆရာတော်သွား လျှောက်၊ ဆရာတော်ကစဉ်းစားခိုင်းလို့ စနေသားဘုရား ခုဆိုခုမှလို့ လျှောက်သတဲ့၊ ဒါနဲ့စည်းပေးလိုက်တာပေါ့၊ တနေ့တော့ သူ့မိန်းမက ဆွမ်းဖို့လာ သူ့မိန်းမမြင်တော့ တပည့်တော်လူထွက်တော့မယ်ဘုရားလို့

လျှောက်လိုက်တာကိုး၊ ဆရာတော်က ဟ္-ဘာပြုလို့ထွက်ချင်ရတာလဲ မနေ့ကမှဆီးတာ တပည့်တော်က စနေသားဘုရား ခုဆိုခုမှ။

ဓမ္မဒိန္နာလဲ ဒီသဘောမျိုး မြို့ပြန်ဟန်တူတယ်လို့ ဝိသာခကတွေးဟန် တူပါတယ်၊ ဒါနဲ့ ငါကျောင်းသွား မေးအုန်းမေးကြည့်အုန်းမှ၊ မေးတယ်ဆိုတာကလဲ အရှင်မ ဘယ်နှယ်သာသနာဘောင်မှာ မပျော်ပိုက်လို့ လူထွက်တော့မလို့ မြို့ပြန်လာတာလား၊ တိုးတိုးမေးလို့လဲ တော်မယ် မထင်ဘူး၊ပညာရှိမပီသပဲနေမယ်၊ဒီတော့ တရားအကြောင်းနဲ့ ပတ်သက် မေးမြန်းရရင် သူ့သဘောသိရမှာပဲဆိုပီး မေးပါတော့တယ်။

(ဝိသာခမေး) အရှင်မဓမ္မဒိန္နာ လောကမှာ သက္ကာယ သက္ကာယနဲ့ ပြောပြောနေကြပါတယ်၊ ဘယ်တရားမျိုးကို သက္ကာယလို့ ဘုရားရှင် ဟောတော်မူပါသလဲဘုရား။

(ဓမ္မဒိန္နာဖြေ) ဒါယကာဝိသာခ သက္ကာယဆိုတာ တခြားမဟုတ် ပါ ပုထုဇဉ်သတ္တဝါများစွဲသမ်းကြတဲ့ ဥပါဒါနက္ခန္ဓာငါးပါးကို သက္ကာယလို့ ဘုရားရှင်ဟောတော်မူပါတယ်။

ဒီနေရာမှာ သက္ကာယသိအောင် ဥပါဒါနက္ခန္ဓာကို သိဘို့လိုပါ လိမ့်မယ်၊ ခန္ဓာကနှစ်မျိုး ရှိပါတယ်၊ နှစ်မျိုးဆိုတာက လောကီခန္ဓာ၊ လောကုတ္တရာခန္ဓာဟူ၍ ဖြစ်ပါတယ်။

(ရုပ်နှစ်ဆယ့်ရှစ်ပါး) ဆိုတဲ့ ရူပက္ခန္ဓာကို ရူပက္ခန္ဓာလဲခေါ်ပါ၊ ရူပုပါဒါနက္ခန္ဓာလို့လဲ ခေါ်ပါ၊ ဝေဒနာဆိုတာကလဲ နှစ်မျိုးရှိပါတယ်၊ ဒီနှစ်မျိုးမှာ လောကီစိတ် (ရှစ်ဆယ့်တပါး)မှာယှဉ်တဲ့ဝေဒနာကိုတော့ ဝေဒနာက္ခန္ဓာလဲ ခေါ်ပါ၊ ဝေဒနုပါဒါနက္ခန္ဓာလဲ ခေါ်ပါ။

လောကုတ္တရာစိတ် (ရှစ်ပါး) မှာ ယှဉ်တဲ့ ဝေဒနာ စေတသိက်ကို တော့ ဝေဒနာက္ခန္ဓာသာခေါ်ပါ၊ ဝေဒနုပါဒါနက္ခန္ဓာ မခေါ်ရ ပါ၊ ဘာပြုလို့လဲ ဆိုတော့ လောကုတ္တရာဖြစ်၍ တဏှာဒိဋ္ဌိတို့ အာရုံမပြု မစွဲသမ်းနိုင်လို့ပါပဲတဲ့၊ လောကီစိတ် (ရှစ်ဆယ့်တပါး) မှာ ယှဉ်တဲ့ သညာစေတသိက်ကိုသညာက္ခန္ဓာလဲခေါ်ပါ၊သညုပါဒါနက္ခန္ဓာ

လဲခေါ်ပါ၊ လောကုတ္တရာစိတ် (ရှစ်ပါးမှာ) ယှဉ်တဲ့ သညာစေတသိက်ကို သညာက္ခန္ဓာသာခေါ်ပါ၊ သညုပါဒါနက္ခန္ဓာလို့ မခေါ်ရပါ၊ လောကီစိတ် (ရှစ်ဆယ့်တပါး) မှာယှဉ်တဲ့ စေတနာစသောစေတသိက် (ငါးဆယ်)ကို သင်္ခါရက္ခန္ဓာလဲခေါ်ပါ၊ သင်္ခါရုပါဒါနက္ခန္ဓာလဲခေါ်ပါ၊ လောကုတ္တရာစိတ် (ရှစ်ပါး)မှာယှဉ်သော စေတနာစသော စေတသိက် (သုံးဆယ့်လေးပါး)ကိုတော့ သင်္ခါရက္ခန္ဓာသာခေါ်ပါ၊ သင်္ခါရုပါဒါနက္ခန္ဓာ မခေါ်ရပါ၊ လောကီစိတ် (ရှစ်ဆယ့်တပါး) ကို ဝိညာဏက္ခန္ဓာလဲခေါ်နိုင်ပါတယ်၊ ဝိညာဏုပါဒါနက္ခန္ဓာလဲခေါ်နိုင်ပါတယ်၊ လောကုတ္တရာစိတ် (ရှစ်ပါး) ကိုတော့ ဝိညာဏက္ခန္ဓာသာ ခေါ်နိုင်ပြီး ဝိညာဏုပါဒါနက္ခန္ဓာလို့ မခေါ်ဆိုနိုင်ပါ။

အခုဟောပြခဲ့တဲ့ခန္ဓာ ဥပါဒါနက္ခန္ဓာဆိုတဲ့ နှစ်မျိုးထဲက ခန္ဓာသာမည်၍ ဥပါဒါနက္ခန္ဓာ မမည်သော လောကုတ္တရာ ခန္ဓာလေးပါးကို (သက္ကာယ)လို့ မခေါ်ရပါ၊ ခန္ဓာ ဥပါဒါနက္ခန္ဓာနှစ်မည်ရတဲ့ လောကီခန္ဓာငါးပါးကိုသာ သက္ကာယလို့ ခေါ်ရပါမယ်။

(ဝိသာခမေး) အရှင်မမ္မဒိန္နာ သက္ကာယကိုတော့ သိရပါပြီ၊ သက္ကာယသမုဒယခေါ်တဲ့ သက္ကာယဖြစ်ပေါ်ခြင်းရဲ့ အကြောင်းဆိုတာ ဘယ်တရားကို ဘုရားရှင် ဟောတော်မူပါသလဲဘုရား။

(ဓမ္မဒိန္နာဖြေ) ဒါယကာဝိသာခ သက္ကာယသမုဒယဆိုတာ တခြားမဟုတ်ပါ ချစ်ခင်စုံမက် တပ်နှစ်သက်တတ်သော တဏှာတရားကို သက္ကာယ သမုဒယ–သက္ကာယဖြစ်ပေါ်ခြင်းရဲ့ အကြောင်းတရားလို့ ဘုရားရှင်ဟောတော်မူပါတယ်။

(ဝိသာခမေး) အရှင်မမ္မဒိန္နာ သက္ကာယနိရောဓခေါ်တဲ့ သက္ကာယချုပ်ငြိမ်းရာအရပ်ဆိုတာ အဘယ်ကိုခေါ်ပါသလဲ ဘုရား။

(ဓမ္မဒိန္နာဖြေ) ဒါယကာဝိသာခ တဏှာတရားချုပ်ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ကိုပင် သက္ကာယနိရောဓ – သက္ကာယချုပ်ငြိမ်းရာ အရပ်လို့ ဘုရားရှင် ဟောတော်မူပါတယ်။

(ဝိသာခမေး) အရှင်မဓမ္မဒိန္နာ သက္ကာယဂါမိနိ-သက္ကာယ ချုပ်ငြိမ်းကြောင်းဖြစ်တဲ့ တရားဆိုတာ အဘယ်တရားကို ခေါ်ပါသလဲဘုရား။

(ဓမ္မဒိန္နာဖြေ) ဒါယကာဝိသာခ၊ သမ္မာဒိဋ္ဌိစတဲ့ မဂ္ဂင်ရှစ်ပါးတရားဟာ သက္ကာယနိရောဓဂါမိနိ-သက္ကာယ ချုပ်ငြိမ်းကြောင်းဖြစ်တဲ့ တရားပဲလို့ ဘုရားရှင် ဟောတော်မူပါတယ်။

(ဝိသာခမေး) အရှင်မဓမ္မဒိန္နာ ဥပါဒါနက္ခန္ဓာနဲ့ ဥပါဒါန်ဟာ အတူတူပဲလား ဒါမှမဟုတ် တခြားစီဖြစ်ပါသလား ဘုရား။

(ဓမ္မဒိန္နာဖြေ) ဒါယကာဝိသာခ မတူပါ တခြားစီဖြစ်တယ်လို့ ဘုရားရှင် ဟောတော်မူပါတယ်။

(ဝိသာခမေး) အရှင်မဓမ္မဒိန္နာ တခြားစီဆိုလို့ရှိရင် ဘယ်တရားကို ဥပါဒါနက္ခန္ဓာခေါ်ပြီး ဘယ်တရားကို ဥပါဒါန်ခေါ်ပါသလဲဘုရား။

(ဓမ္မဒိန္နာဖြေ) ဒါယကာဝိသာခ တဏှာဥပါဒါန်ဖြင့် စွဲသမ်းအပ်လို့ ခန္ဓာငါးပါးကို ဥပါဒါနက္ခန္ဓာခေါ်ပါး ခန္ဓာငါးပါးအပေါ်မှာ စွဲလမ်းတတ်တဲ့တဏှာတရားကို ဥပါဒါန်ခေါ်တယ်လို့ ဘုရားရှင်ဟောတော်မူပါတယ်။

(ဝိသာခမေး) အရှင်မဓမ္မဒိန္နာ သက္ကာယဒိဋ္ဌိဟာ အဘယ်သို့သော အခြင်းအရာအားဖြင့် ဖြစ်ပါသလဲဘုရား။

(ဓမ္မဒိန္နာဖြေ) ဒါယကာဝိသာခ ပုထုဇ္ဇဉ်ကန်းများဟာ ခန္ဓာငါးပါးကိုပင်-

ရုပ်တရားကိုငါပဲလို့ ရှုမှားတယ်၊
ငါ့မှာရုပ်ရှိတယ်လို့ ရှုမှားတယ်၊
ငါ့၌ ရုပ်ရှိတယ်လို့ ရှုမှားတယ်၊
ရုပ်၌ ငါရှိတယ်လို့ ရှုမှားတယ်၊

အဲဒီလို ရူပက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိဖြစ်တာ လေးပါး။
ဝေဒနာကို ငါပဲလို့ ရှုမှားတယ်၊
ငါ့မှာ ဝေဒနာရှိတယ်လို့ ရှုမှားတယ်၊
ငါ၌ ဝေဒနာရှိတယ်လို့ ရှုမှားတယ်၊
ဝေဒနာ၌ ငါရှိတယ်လို့ ရှုမှားတယ်၊
အဲဒီလို ဝေဒနာက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိဖြစ်တာ လေးပါး။

သညာကို ငါဘဲလို့ ရှုမှားတယ်၊
ငါ့မှာ သညာရှိတယ်လို့ ရှုမှားတယ်၊
ငါ၌ သညာရှိတယ်လို့ ရှုမှားတယ်၊
သညာ၌ ပါရှိတယ်လို့ ရှုမှားတယ်၊
အဲဒီလိုသညာက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိဖြစ်တာ လေးပါး။

သင်္ခါရကို ငါပဲဟု ရှုမှားတယ်၊
ငါ့မှာ သင်္ခါရရှိတယ်လို့ ရှုမှားတယ်၊
ငါ၌ သင်္ခါရရှိတယ်လို့ ရှုမှားတယ်၊
သင်္ခါရ၌ ငါရှိတယ်လို့ ရှုမှားတယ်၊
အဲဒီလို သင်္ခါရက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိဖြစ်တာ လေးပါး။

ဝိညာဏ်ကို ငါပဲဟု ရှုမှားတယ်၊
ငါ့မှာ ဝိညာဏ်ရှိတယ်လို့ရှုမှားတယ်၊
ငါ၌ ဝိညာဏ်ရှိတယ်လို့ရှုမှားတယ်၊
ဝိညာဏ်၌ ငါရှိတယ်လို့ရှုမှားတယ်၊
အဲဒီလို ဝိညာဏက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိဖြစ်တာ လေးပါး၊ အားလုံးပေါင်းလိုက်တော့ သက္ကာယဒိဋ္ဌိ လေးငါးလီ နှစ်ဆယ်ဖြစ်ပါတယ်လို့ ဘုရားရှင် ဟောတော်မူပါတယ်။

(ဝိသာခမေး) အရှင်မဓမ္မဒိန္နာ မဂ္ဂင်ရှစ်ပါးဆိုတာ အဘယ်တရားများလို့ ဘုရားရှင်ဟောတော်မူပါသလဲဘုရား။

(ဓမ္မဒိန္နာဖြေ) ဒါယကာဝိသာခ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိလို့ မဂ္ဂင်ရှစ်ပါးဖြစ်ပါတယ်။

## "မြန်မာလိုတော့"

မှန်ကန်တဲ့အမြင်ရှိရပါမယ်၊

မှန်ကန်တဲ့အကြံအစည်ရှိရပါမယ်၊

မှန်ကန်တဲ့ပြောဆိုမှုရှိရပါမယ်၊

မှန်ကန်တဲ့အလုပ်ကို လုပ်ကိုင်ဆောင်ရွက်ရပါမယ်၊

မှန်ကန်တဲ့အသက်မွေးမှု ရှိရပါမယ်၊

မှန်ကန်တဲ့အားထုတ်မှု ရှိရပါမယ်၊

မှန်ကန်တဲ့ မမေ့မလျော့မှု ရှိရပါမယ်၊

မှန်ကန်တဲ့တည်ကြည်မှု ရှိရပါမယ်လို့ ဘုရားရှင် ဟောတော်မူပါတယ်။

(ဝိသာခမေး) အရှင်မဓမ္မဒိန္နာ ဒီမဂ္ဂင်ရှစ်ပါးဟာ ပြုပြင်စီရင်အပ်သော သင်္ခတတရားလား မပြုပြင် မစီရင်အပ်သော အသင်္ခတတရားပါလား ဘုရား။

(ဓမ္မဒိန္နာဖြေ) ဒါယကာဝိသာခ မဂ္ဂင်ရှစ်ပါးဟာ ပြုပြင်စီရင်အပ်သော သင်္ခတ တရားဖြစ်တယ်လို့ ဘုရားရှင်ဟောတော်မူပါတယ်။

(ဝိသာခမေး) အရှင်မဓမ္မဒိန္နာ မဂ္ဂင်ရှစ်ပါးကို သီလ သမာဓိ ပညာဟူ၍ သုံးမျိုးခွဲခြားပြပါဘုရား။

(ဓမ္မဒိန္နာဖြေ) ဒါယကာဝိသာခ-

'သီလမဂ္ဂင်သုံးပါး'

သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ။

'သမာဓိမဂ္ဂင်သုံးပါး'

သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ။

'ပညာမဂ္ဂင်နှစ်ပါး'

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ အဲဒီလိုဘုရားရှင်ဟောတော်မူပါတယ်။

'ဝိသာခမေးသမျှ ခက်ခဲတဲ့အမေး' များကို ဒက်ခနဲဒက်ခနဲ ဓမ္မဒိန္နာကဖြေပြလိုက်တော့မှ ဝိသာခသူဌေး ချီးမွန်းပါတယ်၊ ငါတော့ အထင်နဲ့ အမြင်လွဲခဲ့ပါ့၊ ခက်ခက်ခဲခဲ နက်နက်နဲနဲ အမေးကိုတောင် တလုံးမကျန် ဖြေနိုင်တယ်ဆိုတော့ ဓမ္မဒိန္နာ ရဟန်းကိစ္စပြီးဆုံးရပီလို့ ဝမ်းမြောက်ဝမ်းသာဖြစ်နေတာပေါ့။

ဓမ္မဒိန္နာဘိက္ခုနီမလဲ မေးသမျှ ဖြေကြားပြပြီးတဲ့အခါ ကိုင်းဒါယကာကြီး အခုဖြေပြတာ မကျေနပ်သေးရင် ဘုရားရှင်ကိုထပ်မံလျှောက်ထားကြည့်ပါအုန်းလို့ ဆရာစားချန်ကာ မိန့်ဆိုလိုက်ပါတယ်။

ဝိသာခသူဌေးကြီးလဲ ဓမ္မဒိန္နာဘိက္ခုနီမကို ရိုသေစွာ ဦးချပြီး ဘုရားရှင်ထံတော် လာခဲ့ပါတယ်၊'မြတ်စွာဘုရား တပည့်တော် ဓမ္မဒိန္နာဘိက္ခုနီမထံ ခက်ခဲနက်နဲတဲ့ ပုစ္ဆာများကိုမေးလျှောက်တဲ့အခါ ဓမ္မဒိန္နာဟာ တလုံးမကျန် ဒက်ခနဲ ဒက်ခနဲ ကောင်းမွန်စွာဖြေပါတယ်ဘုရားလို့' လျှောက်ထားပါဘယ်၊ ဘုရားရှင်က 'ဒါယကာဝိသာခ ဓမ္မဒိန္နာဟာ ပညာကြီးတယ်၊ အကျိုးအကြောင်းကိုဝေဘန်နိုင်တယ်၊ ဒါယကာက ဒီအမေးပုစ္ဆာများကို ငါဘုရားအားမေးလျှောက်ရင်လဲ ငါဘုရားလဲ ဓမ္မဒိန္နာဖြေသလိုပဲ ဖြေပြရမှာပဲ၊ ဒီထက်ပိုပြီး ဖြေဆိုဘို့ အကြောင်းမရှိဘူးလို့' မိန့်တော်မူပါတယ်။

ဒီမူလပဏ္ဏာသပါဠိတော် စူဠဝေဒလ္လသုတ်တော်ကို ဓမ္မဒိန္နာဟော ပြပေမဲ့ မြတ်စွာဘုရားက ငါ့ကိုမေးရင်လဲ ဒီအတိုင်းပဲဖြေရလိမ့်မယ် ဒီအတိုင်းသာ မှတ်ထားလို့မိန့်တော်မူသောအားဖြင့် ဓမ္မဒိန္နာဟောတာ မဟုတ်တော့ပဲ တခါထဲဘုရားဟောဖြစ်သွားပါတယ်၊ ဥပမာ စာရေး တယောက်ရေးထားတဲ့ လျှောက်လွှာကို အစိုးရတံဆိပ်ရိုက်လိုက်တော့ အစိုးရအမိန့်ဖြစ်သွားသလိုပဲပေါ့၊ အဲဒါကို သတိမူကြ၊ ဓမ္မဒိန္နာဘိက္ခုနီ မဟာ ဒီစူဠဝေဒလ္လသုတ် ဟောတော်မူပြီးတဲ့နောက်ပိုင်း ပညာကြီးတဲ့ နာမည် တရားဟောကောင်းတဲ့နာမည်ကြီးလာပါတယ်၊ အခုခေတ်နဲ့ ခေါ်ပြရရင် လူတိုင်းလူတိုင်းရဲ့ပါးစပ်ဖျား ရေပန်းစားနေတယ်လို့ ခေါ်ရမှာပေါ့၊ ထားပါတော့။

မြတ်စွာဘုရားသခင်ကလဲ လွန်စွာနှစ်သက်ချီးမွမ်းတော်မူပြီး ပရိသတ်အလယ်တွင် ငါဘုရားသာသနာတော်မှာ တရားဟောနေကြတဲ့ ဘိက္ခုနီမများထဲက တရားဟောအကောင်းဆုံး ရွေးလိုက်မယ်ဆိုရင် ငါ့သမီးဓမ္မဒိန္နာဟာ တရားဟောအကောင်းဆုံးပဲလို့ တေဒဂ်ရာထူးပေးတော်မူပါတယ်၊ တေဒဂ်ရာထူးဆိုတာ အမြတ်ဆုံး အသာဆုံး အတော်ဆုံးဘွဲ့ပေါ့။

စူဠဒေဝလ္လသုတ်ဆိုတာ ဝမ်းမြောက်ဝမ်းသာကိုရ၍ ၄ မေးအပ်ဖြေအပ်တဲ့တရားတော်ကို ခေါ်တယ်လို့သာ လွယ်လွယ်မှတ်ထားကြနော်။

ဒါနဲ့မပြီးသေးဘူး ဟောရအုန်းမှာ–

ဒီလိုဓမ္မကထိက တရားဟောအကောင်းဆုံး တေဒဂ်ရတာဟာလဲ နေရင်းထိုင်ရင်း စားရင်းသောက်ရင်း ရတာမဟုတ်ပါဘူး၊ သူ့ရဲ့ နောက်ကကောင်းမှုနဲ့ ဆုတောင်းကြောင့်သာရတယ်လို့ လွယ်လွယ် မှတ်။ (နောက်ကဟောခဲ့တဲ့ ပစ္စုပ္ပန်ကံက ဆီးကြိုလုပ်ကိုင်မှုဆိုတာ ကိုလဲ သတိရ)

သူဘယ်လိုဆုတောင်းခဲ့တယ်ဆိုတာကို (မလှူလို့မရှိ၊ မရှိလို့မလှူ) ဆိုတဲ့ ဟောကွက်မှာ ပြန်ကြည့်ပါ၊ ကိုင်း–ဒါဖြင့် တရားလဲအတော်ရှည်

သွားပြီ၊ တရားနာပရိသတ်လဲ ညောင်းလှပြီ၊ တရားနာမည်ကဘာပါလိမ့် 'လင်ကောင်းမယား နိဗ္ဗာန်သွား၊ မယားကောင်းလင် နိဗ္ဗာန်ဝင်ပါ ဘုရား' အေး–တရားသားထဲမှာကို သူ့နာမည်ပေါ်လွင်ပြီးသား ဖြစ်နေပြီနော်။

သူတော်ကောင်း အနာဂါမ်ဝိသာခရဲ့မယားလေး ဓမ္မဒိန္နာဟာ သူ့အရှင်ခွင့်တောင်း ရဟန်းမိန်းမပြုလုပ် တရားအားထုတ် ရဟန္တာမ ဖြစ်၊ နိဗ္ဗာန်ရောက်မသွားဘူးလား ရောက်သွားပါတယ်ဘုရား။

အေး-ဟုတ်ပြီ၊ဒါဖြင့်မယားသူတော်ကောင်း ရဟန္တာမရဲ့လင်ကရော အနာဂါမ်အဆင့်ရောက်နေပါသဖြင့် နောက်တဆင့်ဆိုရင် နိဗ္ဗာန်ဝင်စံ သွားတော့မယ်လို့ မဆိုနိုင်ဘူးလား၊ 'ဆိုနိုင်ပါတယ်ဘုရား' ဒါဖြင့် လင်ကောင်းမယားနိဗ္ဗာန်သွားတော့ မယားကောင်းရဲ့လင် နိဗ္ဗာန်ဝင် တယ်လို့ နာမည်ပေးထားတဲ့ ဝိသာခဓမ္မဒိန္နာဝတ္ထု ပြီးစေပေါ့။

ကိုင်း–ဒါဖြင့် တရားပွဲတအားခဲလာခဲ့ကြတဲ့ တရားနာပရိသတ်တွေ လဲ အခုနာကြားခဲ့ရတဲ့'လင်ကောင်းမယားနိဗ္ဗာန်သွား၊ မယားကောင်း လင်နိဗ္ဗာန်ဝင်' အမည်ရှိ ဝိသာခဓမ္မဒိန္နာတို့လို ကျင့်ကြံကြိုးကုတ်အား ထုတ်နိုင်ကြ၍ ပဋိသန္ဓေမနေရာ၊ မအိုရာ မနာရာဖြစ်တဲ့ မဟာအသင်္ခတ ဓာတ်မြတ်လှတဲ့ သန္တိသုခ နိဗ္ဗာန်သို့ လျင်လျင်မြန်မြန်ဝင်စံနိုင်ကြပါ စေလို့ ဆန္ဒပြုရင်း ဤသည်ကားသုတ္တန်ဒေသနာ၊ ထိုထက်ခက်ခဲနက်နဲတဲ့ ဒေသနာတော်မြတ်သည်ကား ကုသလာဓမ္မာ အကုသလာဓမ္မာ အဗျာ ကတာဓမ္မာဟု ဟောတော်မူပါတယ်။

ဤသို့ အင်မတန်မှ ကြားရနာရခဲတဲ့ တရားတော်ကို ကြားနာခြင်း တည်းဟူသော ဓမ္မသဝနကုသိုလ်ကံစေတနာ၊သရဏဂုံသုံးပါးနှင့်ငါးပါး သီလကို ဆောက်တည်ရခြင်းတည်းဟူသော သီလကုသိုလ်ကံစေတနာ၊ ဆွမ်းအစရှိတဲ့ ဒါနဝတ္ထုအစုစုတို့ကို လှူဒါန်းရခြင်းတည်းဟူသော ဒါန ကုသိုလ်ကံစေတနာ၊ ဤသို့ပေါင်းအပ်များမြတ်သော ကုသိုလ်ကံစေတ နာတို့ကြောင့် နောင်ကာလ၌ ဈာန်တရား၊ မဂ်တရား၊ ဖိုလ်တရား

နိဗ္ဗာန် ချမ်းသာတရားတော်မြတ်ကို ရကြပါလိုကုန်သော ဟူ၍ ဆုတောင်းကြပါကုန်။

အမှာ။ ဒီတရားတော်ကို ရန်ကုန်မြို့ ရွှေတိဂုံဘုရားတောင်ဖက်မုခ် သစ္စာမဏ္ဍိုင်ပိဋကတ်ဆိုင် ပိုင်ရှင် ကိုညွန့်ဝေ–မမြကြည် သားသမီးတစု တောင်းပန်လျှောက်ထား၍ ရေးသားရပါတယ်။

ပြန်လှန်သင်ကြားခြင်းဆိုတာလို ပြန်လှန်ဟောကြားခြင်း နာကြားခြင်းပေါ့နော်၊ ဟောပြီးခဲ့တဲ့ ဓမ္မဒိန္နာဟာ မြို့မှာမနေပဲ တောမှာသွားတရားအားထုတ်တာ သမထဝိပဿနာဘာရား အားထုတ်ရာမှာ အနှောက်အယှက် ဖြစ်လို့ဆိုတာ သဘောပေါက်ပါ၊ ဘာပြုလို့လဲ ဆိုတော့ လူအများနဲ့ ဟောပြောဆက်ဆံ နေရလို့ပဲ၊ ဒီနေရာမှာ ဝိသုဒ္ဓိမဂ် အဋ္ဌကထာမှာ လာတဲ့ ပလိဗောဓကြီးဆယ်ပါး သပ္ပါယ ခုနစ်ပါးဟောပြလိုပေမဲ့ မဟောနိုင်ပါ။

သက္ကာယဒိဋ္ဌိနဲ့ပတ်သက်တဲ့ စကားလေးနဲ့ပြောရအောင် အဟေတုကဝါဒ၊ အကရိယဝါဒ၊ နတ္ထိကဝါဒတို့သာ အယူမှားမဟုတ်ပါ၊ တရားနာပရိသတ် သိထားဘို့က ခန္ဓာငါးပါးကို မိမိကိုယ်ဖြစ်တယ်လို့ မှတ်ယူတဲ့ သက္ကာယဒိဋ္ဌိ (နှစ်ဆယ်) ဟာလဲ အယူမှားပဲမှတ်ရမယ်၊ ငါ့ကိုယ်လို့မှတ်ယူသော သက္ကာယဒိဋ္ဌိမျှသော်လဲ သုဂတိဘုံသို့မပေါ်နိုင်ပဲ ငရဲစတဲ့ အပါယ်ဘုံ၌သာ နစ်မွန်းစေတယ်လို့ ဆိုပါတယ်။

(အင်္ဂုတ္တိုရ်အဋ္ဌကထာ မိန့်ဆိုပါတယ်)

(သက္ကာယဒိဋ္ဌိနှစ်ဆယ်ကို နောက်ကဟောခဲ့ပြီ)

အဲဒီနှစ်ဆယ်တို့တွင် တပါးပါးဖြင့် ခန္ဓာငါးပါးကို ငါ့ကိုယ်ဟူ၍ မှတ်ယူခြင်းဟာ သက္ကာယဒိဋ္ဌိလို့ခေါ်ပါတယ်။

ဘုရားရဟန္တာများမှာလဲ လေးကိခန္ဓာမကင်းသေးလို့ သက္ကာယ ရှိသေးတယ်၊ သက္ကာယကိုစွဲပြီး ငါ သူတပါးယောကျ်ား မိန်းမ ဆို ဘဲ့ စွဲလမ်းမှုသော သက္ကာယဒိဋ္ဌိတော့ မရှိပါ၊ သက္ကာယနဲ့ သက္ကာယဒိဋ္ဌိ

ဆိုတာကို ခွဲပြီးမှတ်ကြ၊ သက္ကာယဒိဋ္ဌိဆိုတာက ဒိဋ္ဌိစေတသိက်တပါး သာ ဖြစ်ပါတယ်၊ သက္ကာယဆိုတာကတော့ လောကီခန္ဓာငါးပါးစသုံး ဖြစ်တယ်လို့ မှတ်ပါ။

ဒီသက္ကာယဒိဋ္ဌိရှိတဲ့ သူတို့အား ပစ္စုပ္ပန်ဘဝ၏အခြားမဲ့၌ သုဂတိ ဘဝကို မရနိုင်ပါဘူးလို့ ဘုရားရှင် ဟောတော်မူပါတယ်။

(ပစ္စုပ္ပန်ဘဝဆိုတာ အခုမျက်မှောက် လက်ရှိဘဝ)

(သုဂတိဘဝဆိုတာ လူ့ဘဝ နတ်ဘဝ ဗြဟ္မာဘဝ)

(ဒုဂ္ဂတိဘဝဆိုတာ ငရဲစတဲ့အပါယ်လေးဘုံ) ဒါကြောင့် ငါ့ကိုယ် မဟုတ် ခန္ဓာအစုသာဖြစ်တယ်ဆိုတဲ့ အနတ္တသညာကို ပွားများ စေသောအားဖြင့် ကိုယ်ဟုမှတ်ယူနေတဲ့ သက္ကာယဒိဋ္ဌိကို မမေ့မလျော့ ပယ်ပါ၊ အနတ္တသညာကိုလဲ အဖန်တလဲလဲပွားများပါလို့ မှာလိုက် ပါရစေ၊ မဏ္ဍပ်ထဲတင် ထားမပြစ်ခဲ့ကြနဲ့ အိမ်ပါအောင်ယူသွားကြ။

ဒီအနတ္တတရားဆိုတာက ဘုရားပွင့်တော်မူရာ သာသနာတွင်းမှာ သာ ထင်နိုင်ပြီး ဘုရားပွင့်တော်မမူတဲ့ သာသနာပအခါမျိုးမှာ မထင် နိုင်ပါဘူးလို့ သမ္မောဟဝိနောဒနီ အဋ္ဌကထာမှာ အထင်အရှားမိန့်ဆို ထားပါတယ်၊ ဒါကြောင့် သက္ကာယဒိဋ္ဌိမှ ကင်းအောင် အနတ္တတရား နှလုံးသွင်း ပွားများအားထုတ်ပါ။

အနတ္တတရားဆိုတာ ငါ့ကိုယ်မဟုတ် အလိုသို့မလိုက် အစိုးမရ အပိုင်အဆိုင်မရှိ အဲဒါ အနတ္တတရားပေါ့၊ ကိုင်း–ရှေးရှေးလာတယ် တော်မှတော်မှ ငါ့တရားက မိုးမဆုံး မြေမဆုံး ထသာပြန်ကြဆိုတဲ့ ဦးရှေဝတဖြစ်နေအုန်းမယ်။

တရားပွဲသိမ်းခါနီး ရိစရာလေးနဲ့နဲတော့ ပြောပြလိုက်ရအုန်းမယ်၊

ဟိုတုန်းက ဆရာတော်တပါး တရားဟောသတဲ့—

ဟူ၍ဆိုတော့ တရားနာပရိသတ်က တရားချတော့မယ်မှတ်လို့ ဦး ချမယ်လဲလုပ်ရော မှတ်ကြရမယ်ဆိုတာနဲ့ လက်အုပ်ကလေး ချီထား

တာပေါ့ အဥ္စလီကမ္မ ရှိသေတာပေါ့ ခဏလေးပြောဟောပြီး ဟူ၍ ဆိုပြန်တော့ ဒီလိုပဲ ဦးချမယ်လုပ်တုန်း မှတ်ကြရမယ်ဆိုပြီး ဆက်ဟော နေပြန်သတဲ့၊ တရားထဲကစကားရ, ရနေတော့လဲ မပြီးနိုင် လေကရှေ မနတာ မှတ်ကြရမယ်ဆိုတာက ရှေ့ကိုဆက်ဟောအုန်းမယ် ပြောတဲ့ အဓိပ္ပါယ်ကိုး။

တရားနာပရိသတ်က ဟူ၍ဆိုရင် ရှေ့မှာ ဆုတောင်းကြကုန်ရာ သတည်း ရှိတော့တယ်ဆိုတာ မှတ်ထားတာ၊ သတည်းဆို တရားချ တာပေါ့၊ တချို့ သတည်းမချပဲ သာဓုခေါ်တာ၊ သတည်းချလဲသာဓု မခေါ်တာကရှိသေး၊ ဆရာတော်ကလည်း တရားမချသေးလဲ ဟူ၍ မထည့်နဲ့အုန်းပေါ့၊ အခုတော့ ဟူ၍ထည့်နေတော့ တရားနာပရိသတ်က ဘာလုပ်ရမှန်းမသိဘူး၊ ဦးချရတော့မလိုလို မချရသေးဘူးလိုလိုနဲ့ ရှိခိုး လေးတစောင့်စောင့်နဲ့တဲ့ အခုတော့မှသိတာမှတ် အဘိဓမ္မာသတ်စို၊ ရေတွင်းထဲ ယပ်ပိတ်ဟောသလို ဖြစ်နေမှာလဲစိုးရ၊ သားတော် သမီး တော်ဆိုတာကတော့ သူ့စကားနားထောင်တဲ့သူတွေလို့ လွယ်လွယ် မှတ်ထားကြပါလို့ ဟောရင်းအဘိဓမ္မာပေါ့။

## ဘာဝနာနှစ်မျိုး

ဘာဝနာဆိုတာ သမာဓိနှင့်ပညာ အမှူးရှိတဲ့ မဟာကုသိုလ်ဇော တွေကို အဖန်တလဲလဲဖြစ်ပွားစေမှုသည် ဘာဝနာလဲ ခေါ်ပါတယ်။

## ဘာဝနာက နှစ်မျိုးရှိတယ်

၁။ သမထ ဘာဝနာ,

၂။ ဝိပဿနာဘာဝနာဟူ၍ နှစ်မျိုးရှိပါတယ်။

သမထဘာဝနာဆိုဘာက ပထဝီ-ပထဝီစသည်ဖြင့် အဖန်ဖန်ပွား များတဲ့အခါ ပထဝီကသိုဏ်းဝန်းစသော အာရုံ၌တည်သော သမာဓိ အမှူးရှိသော မဟာကုသိုလ်ဇောသည် သမထလို့ခေါ်ပါတယ်၊ ဘာပွ

လို့လဲဆိုတော့ (ကာမစ္ဆန္ဒနီဝရဏ, ဗျာပါဒနီဝရဏ, ထိနမိဒ္ဓနီဝရဏ, ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ, ဝိစိကိစ္ဆာနီဝရဏ, အဝိဇ္ဇာနီဝရဏ) ဆိုတဲ့ နီဝရဏတရား ခြောက်ပါးတို့ကို ကင်းစေ ငြိမ်းစေ ပျောက်စေတတ်သော သတ္တိကြောင့်ပဲ ဖြစ်ပါတယ်တဲ့။

ဒီသမထကို အဖန်တလဲလဲ ပွားများစေတာကို သမထဘာဝနာလို့ ခေါ်ပါတယ်။

ပွားများမှုသမထ, ရှုမှတ်မှုဝိပဿနာ။

ဝိပဿနာဘာဝနာဆိုတာက မိမိခန္ဓာကိုယ်၌ ရုပ်နာမ်ခန္ဓာ အာယတန ဓါတ် သစ္စာတွေကို ခွဲခြားစိတ်ဖြာလျက် အနိစ္စ, ဒုက္ခ, အနတ္တ ဆိုတဲ့ လက္ခဏာရေးသုံးပါးသို့တင်၍ ဆင်ခြင်သုံးသပ်ပြီး အထပ်ထပ် ပွားများသောအခါ ဖြစ်ပေါ်လာသော ပညာအမှုးရှိသော မဟာကုသိုလ်ဇောသည် အနိစ္စအစရှိသော အထူးထူး အပြားပြားသော အခြင်းအရာအားဖြင့် ရှုမှတ်အပ်သောကြောင့် ဝိပဿနာလို့ခေါ်ပါတယ်၊ ထိုဝိပဿနာကို အဖန်တလဲလဲ ပွားစေခြင်းသည် ဝိပဿနာဘာဝနာလို့ ခေါ်ပါတယ်။

ထိုနှစ်ပါးတို့တွင် သမထဘာဝနာရဲ့ အာရုံသည် လေးဆယ်ရှိပါတယ်၊ လေးဆယ်ဆိုတာက—

မြေ၊ရေ၊လေ၊မီး၊ အညိုရောင်၊အဝါရောင်၊ အနီရောင်၊ အဖြူရောင်၊ ကောင်းကင်၊ အလင်းရောင်ဟူ၍ ကသိုဏ်းဆယ်ပါး၊ ဖူးရောင်သော အပုပ်ကောင်၊ ညိုသောအဆင်းရှိသော အပုပ်ကောင်၊ သွေးပြည်ယိုစီးသော အပုပ်ကောင်၊ လက်နက်နဲ့ထိုးခုတ်သဖြင့် နှစ်ပိုင်းသုံးပိုင်း ပြတ်နေသော အပုပ်ကောင်၊ ကျီး, လင်းတ, ခွေးတွေ စားနေတဲ့ အပုပ်ကောင်၊ လက်ခြေတခြား ဦးခေါင်းတခြား ကိုယ်တခြား ပစ်ချထားသော အပုပ်ကောင်၊ တကိုယ်လုံး အစိတ်စိတ်အမွှာမွှာလှီးဖြတ်၍ ပစ်ချထားသောအပုပ်ကောင်၊ စစ်မြေအရပ်မှာရတဲ့ ဒဏ်ရာရရှိသူများ၊

ပေါက်ပြဲနေတဲ့ အိုင်းအမာရှိတဲ့သူ၊ နှစ်ရက်သုံးရက်ကြာနေတဲ့ သူသေကောင်၏ ဒွါရကိုးပေါက်မှ ထွက်ကျနေသော ပိုးလောက် ရှိသော အကောင်ပုပ်၊ အရိုးစုဟူ၍ အသုဘဆယ်ပါး။

ဘုရား၊ တရား၊ သံဃာ၊ သီလ၊ စာဂ၊ ဒေဝတာ၊ ဥပသမာ၊ မရဏ၊ ကာယဂတာ၊ အာနာပါနဆိုတဲ့ အနုဿတိဆယ်ပါး၊ ဘယ်နှစ်ပါး ရှိသွားပါသလဲ တရားနာပရိသတ် သုံးဆယ်ရှိသွားပြီ၊ နောက် ဘယ် လောက်လိုသေးသလဲ ဆယ်ပါးလိုသေးတယ်၊မေတ္တာ၊ကရုဏာ၊မုဒိတာ၊ ဥပေက္ခာဆိုတဲ့ အပ္ပမညာလေးပါး၊ အစားအစာ တွေကိုစက်ဆုပ် ရွံရှာ ဘွယ် အနေနဲ့ ရှုမှတ်ရတဲ့ အာဟာရေပဋိကူလသညာတပါး၊ ခန္ဓာကိုယ် မှာ ရှိတဲ့ ဓါတ်ကြီးလေးပါးနဲ့ သုံးဆယ်နှစ်ကောဌာသတွေကို တခုစီ ခွဲစိတ်ပီးရှုရတဲ့ စတုဓါတုဝဝတ္ထာန်တပါး၊ အရူပပြဟ္မာကြီးတွေဖြစ်လာ အောင် အာကာသာနဉ္စာယတန စျာန်၊ ဝိညာဏဉ္စာယတန စျာန်၊ အာကိဉ္စညာယတနစျာန်၊ နေဝသညာ နာသညာယတနစျာန် ဆိုတဲ့ အရူပလေးပါး၊ပေါင်းလိုက်စမ်းဘယ်လောက်ဖြစ်သွားပါလဲ လေးဆယ် ပြည့်သွားပြီ၊အဲဒါ သမထလေးဆယ်ပါပဲ၊ ဒီသမထလေးဆယ်ကို အဖန် ဖန် ပွားများစေမှုသည် သမထဘာဝနာလို့ခေါ်ပါတယ်၊ ကိုင်း သမထ လေးဆယ်ကိုခွဲတတ်ကြပါသလားကွဲအောင်ခွဲထားကြမှတ်မိနေပါစေ။

ဇဝေဇဝါ မသေမချာ ဖြစ်နေကြရင် ပြန်ရေကြည့်ကြရအောင် ကသိုဏ်းဆယ်ပါး အသုဘဆယ်ပါး အနုဿတိဆယ်ပါး အပ္ပပညာ လေးပါး အာဟာရေပဋိကူလသညာ တပါး စတုဓါတုဝဝတ္ထာန်တပါး အရူပလေးပါး၊ ပေါင်းလိုက်တော့ လေးဆယ်ရှိပါတယ် မှတ်မိလောက် ပါပီနော်။

ဝိပဿနာဘာဝနာ အာရုံကတော့ ဘုံသုံးပါး၌ဖြစ်သော သင်္ခါရ တရားမှန်သမျှဟာ ဝိပဿနာတင်၍ မရှုမဆင်ခြင် မပွားများလောက်တဲ့ တရားဆိုတာ မရှိပါဘူး၊ သက်ရှိသက်မဲ့ ရှိရှိသမျှအကုန်လုံး တခုမကျန် ဝိပဿနာအာရုံတွေချည့်ပဲ ဖြစ်နေလို့လဲ အလွန်တရာကျယ်ဝန်း များ

ပြားလှပါတယ်၊ ဘယ်လောက်ပဲ ကျယ်ဝန်းများပြားစေကာမူ အကျဉ်းချုံးယူလိုက်ရင် ရုပ်နဲ့နာမ်နှစ်ပါးပဲရှိပါတယ်၊ အဲဒီလို တိုတိုမှတ်၊ နို့မို့ရင် အားထုတ်ပွားများရမဲ့ ကမ္မဋ္ဌာန်းအာရုံတွေ များလှချည့်လား ဆိုပြီး ထွက်ပြေးနေအုန်းမယ်။

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်က သူဌေးသား ရဟန်းတပါးဟာ ဥပဇ္ဈာယ်ဆရာများ ပြောဟောတဲ့ အဘိဓမ္မာတရား ဝိနည်းတရား အလွန်များပြားပါလား၊ ဒီလိုဆို မဖြစ်ဘူး လူဝတ်ကြောင်နဲ့ပဲ သံသရာဝဋ်ဒုက္ခလွတ်အောင် အားထုတ်မယ်လို့ ဆုံးဖြတ်ပြီး လူထွက်မလို့ ဘုရားသွားလျှောက်တဲ့ ရဟန်းတပါးလို ဖြစ်နေမှာလဲ စိုးရသေးတယ်၊ ဒါကြောင့် ကြိုကြိုတင်တင် ဟောထားရတာ။

သမထဘာဝနာ ကမ္မဋ္ဌာန်းအလုပ် ဝိပဿနာဘာဝနာ ကမ္မဋ္ဌာန်းအလုပ် တရားနှစ်မျိုးတို့တွင် သမထအလုပ်ကတော့ ဘုရားပွင့်တော်မူတဲ့အခါရော ဘုရားပွင့်တော်မမူတဲ့အခါပါ ထင်ရှားရှိနေတဲ့တရားမျိုး သာသနာပ ဘုရားမပွင့်တဲ့အချိန်မျိုးမှာလဲ အားထုတ်ချင်ရင် အားထုတ်လို့ ဖြစ်နိုင်တယ်နော်၊ အထူးမှတ်ခဲ့ကြ အမြဲထင်ရှားရှိတဲ့ တရားမျိုးပါပဲတဲ့၊ ဒါကြောင့်လဲ သာသနာပအခါ သမထတရား အားထုတ်ကြလို့ မြေလျှိုးမိုးပျံ ဈာန်အဘိညာဏ်ရကြတာ။

ဒါဖြင့် သမထသဘော ဝိပဿနာသဘော နားလည်သွားကြတော့ ပဌမဦးဆုံး တရားနာပရိသတ်တွေ ပညတ်ပရမတ်ဆိုတာကို နာကြားလေ့လာကြပါအုန်း။

ပညတ်ဆိုတာ ခေါ်ဝေါ်သမှု အမည်နာမတွေဟာ ပညတ်တွေပါလို့ ခတ်တိုတိုမှတ်၊ ငါ သူတပါး ယောကျ်ား မိန်းမစတဲ့ အမည်တွေဘဲပေါ့။

ပရမတ်ဆိုတာကတော့ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ဆိုတဲ့ တရားတွေကို ခေါ်တာပါပဲ ရှေ့ကို ဆက်နာကြပါ။

## ပညတ်–ပရမတ် ယူဆပုံသဘော

တယူသန် တဘက်သတ် မူမမှန် မတွက်တတ် မျှမျှတတမယူ မိမိ ယူထားတာမှ အဟုတ်မှတ် ထင်မှားနေကြတဲ့ ပညတ်နဲ့ပရမတ်စကား ကွဲပြားအောင် ဟောပြပါအုန်းမယ်။

ဒီစကားနှစ်ရပ် နှစ်ထပ်မသယ်ကြလို့ လုံးလယ်ဂျပ်ပြားလိုက်ပြီး ညီအစ်ကို မောင်နှမ အချင်းချင်းသည်ပင် ရန်ပွဲဖြစ်ကြတယ်လို့ တချို့ အရပ်ဒေသများမှာ ကြားဘူးပါတယ်။

ပညတ်နဲ့ပရမတ် ငြင်းကြတာ တရားနာပရိသတ်လဲ ကြားဘူး မှာပေါ့၊ ပညတ်တယူသန်ထားတဲ့သူ တယောက်က ငါ သူတပါး ယောကျ်ားမိန်းမ ရှိတယ်၊ ပရမတ်တယူသန်ထားသူ ပရမတ်သမား တယောက်ကလဲ ငါ သူတပါး ယောကျ်ားမိန်းမ မရှိဘူး၊ ကိုင်း တယောက်ကရှိတယ် တယောက်ကမရှိဘူး၊ သူတို့နှစ်ယောက် တည့်ပါ အုန်းမလား မတည့်တော့ဘူးပေါ့၊ မတည့်ရင် ဓမ္မသဝန ဓမ္မသာကစ္ဆာ ဖြစ်ကြပါ့မလား ဘယ်ဖြစ်မှာလဲ မဖြစ်ရင် ဘာဖြစ်မလဲ ဓမ္မန္တရာယ် ဖြစ်တတ်တယ်။

ကာလေနဓမ္မသာကစ္ဆာ အခါအခွင့်သင့်တဲ့အခါ တရားတော်ကို ဆွေးနွေး မေးမြန်းကြရင် ကုသိုလ်ဖြစ်တယ်လို့ မင်္ဂလသုတ်ဒေသနာ တော်မှာ ဟောထားသားပဲ ကုသိုလ်ရတယ်လို့ ဘုရားဟောဘာ အခု သူတို့လုပ်ပုံက အကုသိုလ်ရနေကြတာကလား။

တရားဆွေးနွေးတယ်ဆိုတာ တယောက်နဲ့တယောက် တိုတိုပြော ရရင် အသိဉာဏ်ချင်းဖလှယ်ယူတဲ့သဘောပဲ၊ အခုတော့ ဒီလိုမဟုတ်ဘူး၊ ငါပြောတာမှန်တယ် မင်းပြောတာ မဟုတ်ဘူးဆိုတော့ ဘယ်နှယ် လုပ်မလဲ ဆန့်ကျင်ဘက်ဖြစ်ကုန်ရော၊ ဒီသဘောလေးက ဒီလိုယူတာ မှန်မကွာ၊ ဒို့တော့ ဒီလိုတွေ့တယ်ဟေ့ ဖျောင်းဖျောင်းဖျဖျ အေး အေး ဆေးဆေးမှ မရှိတာပဲ တယောက်နဲ့တယောက် ရန်ဖြစ်နေတဲ့

အတိုင်း ဆုညံနေတာ အနားက တရားနားထောင်သူတွေတောင် ဘာကိုနားထောင်ရမှန်းကို မသိတော့ဘူး။

အဲဒီလို ဥပုသ်ကျောင်း အလှူမဏ္ဍပ်မှာ ငြင်းရင်းငြင်းရင်းနဲ့ တော်တော်ကြာတော့ ထသတ်ကုန်ကြ၊ ထသတ်ရုံမကဘူး ဒါးနဲ့ခုတ်ကြသည် အထိတောင် ကြားဘူးပါတယ်၊ တရားဆွေးနွေးပွဲ မဟုတ်တော့ဘဲ ရန်ဖြစ်ပွဲဖြစ်သွားရော ဒေါသပေါလာကြရော ဒေါသဆိုတော့ ကုသိုလ်လား အကုသိုလ်လား အကုသိုလ်ပေါ့၊ ငါပြောတာမှမှန်တယ်၊ သူများပြောတာမမှန်ဘူး၊ ငါလောက် မဘတ်ဘူးဖြစ်ကုန်ပါတယ်၊ ဒါဘာလဲ မာန အကုသိုလ်စေတသိက်ပဲ မဟုတ်လား သံသရာချဲ့တာ သူပေါ့။

မခံချင်တာဒေါသ, ဒေါသတရား ပေါ့ပေါ့မထားကြနဲ့-

ဒေါသေနဟိ စဏ္ဍတ္တာ ဒေါသသဒိသံ နိရယံ

ဥပပဇ္ဇန္တိ။ (အဋ္ဌသာလိနီ)

ဟိသစ္စံ၊ မှန်၏။ ဒေါသေန၊ ဒေါသတရားသည်။ စဏ္ဍတ္တာ၊ ကြမ်းတန်းသော သဘောရှိသည်၏ အဖြစ်ကြောင့်။ ဒေါသသဒိသံ၊ ဒေါသနှင့်တူသော။ နိရယံ၊ ငရဲဘုံသို့။ ဥပပဇ္ဇန္တိ၊ ကပ်ရောက်ရကုန်၏။

ဒီလိုငြင်းကြတာဟာ အကြောင်းရင်း ရှာလိုက်တော့-

အကြောင်းရှာတော့ တချို့က မိမိဘတ်တဲ့ စာအုပ်ထဲကပဲဖြစ်စေ သူတပါးပြောဟောလို့ ကြားဘာပဲဖြစ်စေ မသေချာန်တတ်၊ ဒီအတိုင်း လေ့နံဒါးထစ် မှတ်ထားပြီး အနိုင်ရအောင် ဇွတ်အတင်း မျက်စိမှိတ် ငြင်းတာလဲရှိတယ်၊ တချို့ကျတော့လဲ မှားမှန်းသိနေပေမဲ့ ငြင်းလက်စနဲ့ ဆက်ငြင်းနေတာ, တချို့ကတော့ သိရက်သားနဲ့ တမင်သက်သက်ကို ကပ်ပြောတာကို တွေ့ရပါတယ်၊ အဲဒီအထဲမှာ လေ့နံဒါးထစ် မှတ်ထားတဲ့သူကို သဘာဝကျအောင် အပေးအယူမျှအောင်လုပ်ပြီး အမှန်

တရားလိုက်လာအောင် ပြောရတာ ရနိုင်ပေမဲ့ တမင်သက်သက်ကို သိရဲ့သားနဲ့ ကပ်တဲ့သူကျတော့ ရမှာမဟုတ်ဘူး၊ ဘာပြုလို့လဲဆိုတော့ အသိသားနဲ့ကို ကပ်ပြောချင်လို့ ပြောနေလို့ပဲ၊ သူတို့ပြောထားတဲ့စကားရှိသားပဲ၊ 'ဖျာခင်းစား ငြင်းကြမယ်'တဲ့။

နောက်တခုက ငါကလည်း ငါ့မှာရှိတဲ့စာအုပ်ထဲတွေတာ မှတ်ပြောငြင်း၊ သူကလည်း သူ့စာအုပ်ထဲမှာတွေတာ ပြောငြင်း တရားစာအုပ်ကလေး ဝယ်ဖတ်စဉ်ကတဲက မသိတာ သိအောင် မတတ်တာတတ်အောင် သိတဲ့အခါ ကျင့်ဘို့ဆိုတဲ့ အယူအဆ ရည်ရွယ်ချက်နှင့်ဟုတ်ချင်မှဟုတ်မှာ၊ သူတို့ဟာက တရားဆွေးနွေးပွဲမှာ အနိုင်ရအောင်ပြောနိုင်ရင် ဂုဏ်တမျိုးကို 'ဟေ့ သူ့ သွားမစမ်းနဲ့' တတ်တယ် အလိုလိုလန့်နေရမလို ဂုဏ်ပြိုင်ဘို့ဖြစ်နေတယ်၊ တချို့က အဲဒီလိုကပ်မှ အမှန်တရားရတယ် မပြောသေးတဲ့တရားစကား ပြောပြအောင် ကပ်ပြောတာတဲ့၊ သူသိတာပြောပြတော်ပါရဲ့ နာတဲ့သူကလည်း သူပြောတဲ့တရားလက်ခံနာကောင်းပါရဲ့ ပြောတဲ့သူကလဲ ထပ်ကပ်ပြော နာတဲ့သူကလဲ မတတ်တတတ်ဆိုရင်တော့ အကုန်အကပ်ကြီးဘဲ ဖြစ်ကုန်ရောပေါ့။

ဟိုတုန်းက မျက်မမြင်ပုဏ္ဏား ခြောက်ယောက်လိုဖြစ်နေပြီ ဆင်တကောင်ကိုတွေ့ကြတော့ နားရွက်ကိုင်မိတဲ့ပုဏ္ဏားက အော်— ဆင်ဆိုတာ ယပ်တောင်ကြီးလိုပါလား၊ နှာမောင်းကိုကိုင်မိတဲ့ပုဏ္ဏားကလဲ ဆင်ဆိုတာ မြွေကြီးလိုပါလား၊ ခြေထောက်ကိုကိုင်မိတဲ့ ပုဏ္ဏားကျပြန်တော့ ဆင်ဆိုတာ တိုင်ကြီးနဲ့တူပါလား၊ ဘေးသားကိုင်မိတဲ့ ပုဏ္ဏားကျလဲ ဆင်ဆိုတာ လက်စသတ်တော့ အုတ်နံရံကြီးနှင့် တယ်တူပါလားဆိုပြီး သူ့အမြင် အယူအဆ သူ့အထင် သူ့ရှုထောင့်ကကြည့်ပြီး သူပြောတာမှမှန်တယ် ငြင်းနေကြတာလိုဖြစ်နေတာဘဲ ငြင်းမနေကြဘဲ တယောက်နဲ့တယောက် အသိချင်းဖလှယ်လိုက်ရင် အမှန်တရားရသွားကြမှာ မဟုတ်လား၊ ပရိယတ်ဆိုတဲ့ ဒေသနာတော်ကလဲ သတ္တဝါများရဲ့ စရိုက်အားလျော်စွာ ဟောကြားထားတာဖြစ်လို့ အင်

မတန်ကျယ်ဝန်းလေတော့ ပရိယတ်မတတ် နှံ့စပ်မှုမရှိတော့ ထင်ရာ မြင်ရာ လျှောက်ပြောကုန်တာပေါ့၊ တဒေါ ပရိယတ်တတ်သိပီး ပါဠိ အဋ္ဌကထာဋီကာကျမ်း နှံ့စပ်တတ်ကျွမ်းတဲ့ သူတွေကျပြန်တော့လည်း အဟုတ်ကျူး ဘီလူးဖြစ်နေကြတာပါပဲ၊ ထားပါတော့လေ။

စကားစပ်မိလို့ ပြောပြလိုက်ချင်သေးတယ်၊ ဟိုတခါက ရွာတရွာ မှာ တောင်ကျောင်း မြောက်ကျောင်းလို့ နှစ်ကျောင်းရှိသတဲ့၊ နှစ်ကျောင်းစလုံးတောထွက်ချည့် ကျောင်းထိုင်နေတာကို တနေ့တော့ ရွာထဲက ပရိတ်ရွတ် ကမ္မဝါဖတ် ပင့်ရောဆိုပါတော့၊ ပရိတ်ရွတ် တော့လဲ မညီမညွတ်နဲ့ဘဲ ပြီးသွားရောတဲ့၊ ရွာပရိတ်ဆိုတော့လဲ လမ်းမှာခုတင်ချ ရွတ်ရတာကိုး၊ ကမ္မဝါဖတ်ကြတော့ တပါးက ဂ္ဂလမသိ ဂါမေ၊ တပါးက ဂ္ဂလမသိ ဂေဟေလို့ ဖတ်ကြသတဲ့၊ ဒါနဲ့ နံနဲ့သိတဲ့တောထွက်က အိမ်မှာဖတ်တာမဟုတ်ဘူး ရွာထဲမှာဖတ်တာ 'ဂေဟေမထည့်ရဘူး ဂါမေထည့်ဖတ်ရမယ်'လို့ ပြောတော့ တပါးက ဘယ်လိုပြောလိုက်သလဲဆိုတော့ 'နို့ ဒီဂေဟေကြီးက ဘယ်သွားထား မလဲ' လို့ ဆိုသတဲ့၊ မခက်ဘူးလား၊ အခုလဲ ပညတ် ပရမတ် စတဲ့ တရားတွေ ငြင်းကြတဲ့ တရားဝါသနာပါတဲ့သူ တချို့ဟာ မငြင်းကြပဲ မျှယူမျှပြော မိမိတို့ထက် တတ်သိနားလယ်တဲ့ ရဟန်းပညာရှိ လူ ပညာရှိကိုမေးရင် အဖြေမှန် ထွက်လာနိုင်ရက်သားနဲ့ အခုလိုမမေးကြပဲ မိမိအယူအဆနဲ့ 'ငါ့မြင်း ငါစိုင်း' စစ်ကိုင်းရောက်ရောက် 'ငါ့လှေ ငါ့ထိုး' ပခိုးရောက်ရောက် ဆိုပြီး ဖြစ်ချင်သလို ဖြစ်နေကြတာ ပါလား၊ မသိတဲ့လူကလဲ မသိတဲ့မာန်နဲ့ မေးချင်မှမေးမှာ ထင်ပါရဲ့။

အခုလဲ ပရမတ်ဘက်ကနေ ကြည့်လို့ ဒီ ငါ သူတပါး ယောကျ်ား မိန်းမ မရှိဘူးဆိုရင် မင်းမိန်းမကြီးက ဘယ်သွားထားမလဲဆိုတာ ဖြစ် နေတာလို့ ယောကျ်ား မိန်းမရှိတယ်ဆိုတဲ့ ပညတ်အနေနဲ့ကြည့်လို့ ရှိတယ်ဆိုပြန်ရင်လဲ 'မိန်းမမရှိဘူးဆိုရင် မင်းမိန်းမငါ့ပေး' လို့တောင် ပြောနေကြပါတယ်၊ ဒါကြောင့် ဒီလောက် ဟောပြနေတာပါ

ဒီတရားဟောနေရင်း လယ်တီဆရာတော်ဘုရားရဲ့ ဆုံးမစကား သွားသတိရတယ်။

တပိုင်းကြောင် ကျက်စာရရုံဖြင့်၊
ခက်ပါလှ သဘောဉာဏ်။
တက်မာန အပြောသန်တယ်၊
ဒေါသမာန် သူ့ပွား။
စောဒကာတုဖက်လာလျှင်၊
သူထက်ငါ ငြင်းတဲ့လူစား။
ဘုရားဟော မြတ်ဓမ္မက္ခန်ကို၊
တတ်လေဟန် ယောင်ဝါး။
ပရမတ်ပြန် အကြောင်းသမားတွေမို့၊
ထောင်လွှားကြသူထက်ငါ။
အသိဉာဏ် တထွာလောက်ကယ်ဖြင့်၊
ညှာမထောက် ဟောတတ်လှပါ။
ပရိသတ် ထောမနာအောင်၊
စောဒနာဉာဏ် အကောက်တွေဖြင့်၊
ကန်အကြောက် အတင်းမရှောင်၊
ငြင်းကြလူ့ဘောင်။
ပိဋကတ်အစွယ်ထောင်လျှင်–

အပါယ်ဘောင် ဆင်းရလိမ့်လေး-လို့ သူ့တပည့်ကို လယ်တီဆရာတော်ကြီးက ဆုံးမဘူးခဲ့ဘာပါပဲ။

မသိတဲ့သူကပြော မတတ်တဲ့သူကမှတ်၊ နားမလည်တဲ့သူက ယုံနေကြပါနဲ့၊ နှိုင်းနှိုင်းချိန်ချိန် သုခမိန်ဆိုတဲ့အတိုင်း မိမိကိုယ်ပိုင်ဉာဏ်လေးနဲ့လဲ ချင့်ချိန်ကြည့်ကြပါအုန်းလို့ ဟောလိုက်ပါရစေအုန်း၊ငါ့သူတပါး

ယောကျ်ားမိန်းမစတဲ့ ပညတ်မျိုးတွေက ပရမတ္ထအနေနဲ့ ထင်ရှား မရှိလို့ မရှိပညတ်လို့ ခေါ်ဆိုထားပါတယ် ဒါဖြင့်-

သမုတိနယ်မှာ အသုံးသစ္စာအနေနဲ့ မရှိပညတ်ကိုပြောရင် ပရမတ္ထနယ်က မရှိဘူး, မဟုတ်ဘူးဆိုပြီး ပရမတ္ထသစ္စာကို သက်သေပြ သမုတိသစ္စာကိုပယ်လို့ ဖြစ်ပါ့မလား မဖြစ်ပါဘူး၊ ကြည်ဖြူစွာငန်ခံရမှာ ဖြစ်သလို ပရမတ္ထသစ္စာနယ်က ပြောဆိုသုံးစွဲတဲ့ ရှိပညတ်ကိုလဲ သမုတိသစ္စာနယ်က ဝန်ခံရမှာပဲ ဖြစ်ပါတယ်။

ကိုင်း-ဒါဖြင့် ကောင်းပြီ ငါ, သူတပါး ယောကျ်ားမိန်းမမရှိဆိုတဲ့ စကားကို ငါ သူတပါး ယောကျ်ားမိန်းမ မရှိဘူးဆိုတာ မဟုတ်ဘူးလို့ ပရမတ်စကားနဲ့ပြောလို့ မရသလို ဘာပြုလို့လဲဆိုတော့ သမုတိသစ္စာအနေနဲ့တော့ ငါ, သူတပါး ယောကျ်ားမိန်းမ ရှိနေသားပဲ ခေါ်ဝေါ်ပညတ် သမုတ်ထားတဲ့စကားဖြစ်ပေမဲ့ သစ္စာတပ်ထားတယ်၊ ဘုရားစူးလွတ် ကျမ်းစူးလွတ်ရုံတော့ မှန်တာပဲ မရှိဘူးဆို ပယ်ပစ်လို့ မဖြစ်ပါဘူး၊ ထည့်ကိုသုံးစွဲမှဖြစ်မယ်၊ ဟောဓါတ်ကောင် ဓါတ်ကောင် မခေါ်လို့ ဖြစ်ပါ့မလား၊ မောင်ဖြူ မနီစတဲ့ နာမပညတ်စကားနဲ့ ထည့်မသုံးလို့ ဖြစ်ကိုမဖြစ်ခဲ့ဘူး။

မြတ်စွာဘုရားသည်ပင် ငါ၏ချစ်သား ချစ်သမီးတို့ ငါဘုရားသည်စသဖြင့် ထည့်သုံးတော်မူရပါတယ်၊ အဲဒါ မရှိပညတ်ထည့်သုံးတော်မူရသေးတယ်၊ ဒါကျတော့ 'သက္ကာယဒိဋ္ဌိ' ခေါ်အုန်းမှာလား မခေါ်ရပါဘူးတဲ့၊ နောက်နားကဟောခဲ့ပြီ။

နတ်သားတယောက် မြတ်စွာဘုရားကို လျှောက်ထားတဲ့စကားတခု ရှိပါတယ်။

ဘုန်းတော်ကြီးသောမြတ်စွာဘုရားတဲ့ ရဟန်းများဟာ ငါ့သင်္ကန်း, ငါ့သပိတ်စသည်ဖြင့် ပြောဆိုကြပါတယ်ဘုရား၊ အဲဒီလို ပြောကြတာဟာ အာသဝေါတရားမကင်းကြသေးလို့ ထင်ပါတယ်ဟု လျှောက်

တဲ့အခါ မြတ်စွာဘုရားက ဒါယကာနတ်သား ရဟန်းများဟာ ငါ၏ သင်္ကန်း, ငါ၏သပိတ်စသည်ဖြင့် ပြောဆိုကြပေမဲ့ အာသဝေါမကင်း သေးလို့ မဟုတ်ပဲ သမုတိပညတ်အားဖြင့် မှတ်ရလွယ်ကူစေခြင်းငှါ ငါ့သင်္ကန်းပဲ, ငါ့သပိတ်ပဲစသဖြင့် ခေါ်ကြတယ်လို့ ဟောတော်မူထား တာလဲ ရှိသားပဲ။

မြတ်စွာဘုရား ဖြေကြားတော်မူထားတာက သမုတိပညတ်အနေနဲ့ ခေါ်လို့, ပြောလို့လွယ်အောင် ပြောတာပါတဲ့ သေသေချာချာနားကြ နားရှုတ်သွားမယ် သဘောပေါက်ပါစေ။

ဒါဖြင့် – သမုတိသစ္စာအနေနဲ့ ယောကျ်ား, မိန်းမရှိတယ်၊ ယောကျ်ားပဲ မိန်းမပဲလို့ ပြောရမယ်၊ ပရမတ္ထသစ္စာအနေနဲ့ ယောကျ်ား မိန်းမမရှိဘူး မျှယူလိုက် ဘယ်လိုမျှယူလိုက်ရမလဲ သမုတိသစ္စာအနေနဲ့ ရှိတယ် ပရမတ္ထသစ္စာအနေနဲ့ မရှိဘူး၊ ပရမတ္ထသစ္စာအနေနဲ့ကတော့ ပထဝီ, အာပေါ, တေဇော, ဝါယောဆိုတဲ့ ဓါတ်ကြီးလေးပါးပဲ ရှိတယ်။

အဲဒီလိုမျှယူလိုက်ရင် နောက်ကဟောခဲ့တဲ့ ပညတ်နဲ့ပရမတ် ဆွေး နွေးတဲ့တရားပွဲမှာ ရန်ဖြစ်စရာလိုသေးသလား မလိုပါဘူး၊ ပရမတ္ထ သစ္စာအနေနဲ့ယောကျ်ား, မိန်းမ မရှိပေမဲ့ သမုတိသစ္စာအနေနဲ့က ရှိနေ ကြပြန်လေတော့ မိန်းမ မရှိရင် နင့်မိန်းမ ငါ့ပေး တောင်းလို့ ဖြစ်ပါ့ မလား ခါးနဲ့ ထခုတ်မှာပေါ့၊ ယောကျ်ားတွေလဲ အများအပြားရှိနေ တော့ မောင်ဖြူ မောင်နီဆိုတဲ့ နာမပညတ်ခေါ်ဖြစ်အောင်က သုံးထား ရသလို မိန်းမတွေကလဲ ဒီအတိုင်း အများအပြား ရှိနေပြန်လေတော့ မဖြူ မနီ စတဲ့ နာမပညတ် ခေါ်ဖြစ်အောင် သုံးထားရသေးပါလား ဆိုတဲ့ အသိအမြင်ရှိပါစေ။

ဒီလိုမှ နာမပညတ်မရှိပြန်ရင်လဲ ဟေ့ ယောကျ်ား,ဟေ့ မိန်းမ မိန်းမ တွေက အများကြီး ဘယ်မိန်းမ ခေါ်မှန်းမှ မသိတာ သယ်လိုလုပ်ပြီး

ထူးကြမှာလဲ မထူးတဲ့အပြင် ပါးလိုက်မရိုက် ကံကောင်းမှတ်၊ (အမေလဲ မိန်းမပဲ့, နှမလဲ မိန်းမပဲ။)

ဆွေမျိုး မတော်စပ်သူတွေလဲ မိန်းမတွေချည့်ပဲ၊ အဲဒီတော့ မိန်းမ မရှိဘူးဆိုရင် ကိုယ့်အမေ ကိုယ့်နှမ ပြန်ယူပါလား ဆိုတော့ နားထဲ ကန့်လန့်မကဘူး ကြက်ခြေခတ်ဝင်သွားတယ်၊ ဒီလိုတည့်တည့်ဟောပြမှ နားလည်မှာမို့ တည့်တည့်ပဲဟောပြလိုက်ရတယ်၊ အမေကို အမေမဟုတ်ဘူး၊ အခုခေတ် စေတီဘုရားကိုလဲ ဘုရားမဟုတ်ဘူး သွားလုပ်မနေကြနဲ့အုန်း အပါယ်သွားကုန်ကြအုန်းမယ် သတိလဲထားကြ၊ လျှော့လျှောင်မိစ္ဆာ၊ သာလျှင်လဲ ဒိဋ္ဌိတဲ့။

ဒါကြောင့်မို့ အဟုတ်တကယ်ရှိတဲ့ ရှိပညတ်ကို ပြောဆိုသုံးစွဲရင် ပရမတ္ထသစ္စာအနေနဲ့ လက်ခံရမှာဖြစ်သလို တကယ်မရှိတဲ့ မရှိပညတ်ကို ပြောဆိုသုံးစွဲရင်လဲ သမုတိသစ္စာက လက်ခံရမှာပဲ ဖြစ်ပါတယ်၊ ဘယ်ပညတ်ကိုမှ မပယ်ကောင်းပါ၊ မပယ်ပါနဲ့။

ဒီလိုယူမှလဲ ဘုရားရှင် တရားတော်အတိုင်း ဖြစ်သွားမယ်၊ ပညတ်သမားနဲ့ ပရမတ္ထသမားလဲ တည့်သွားမှာပေါ့၊ ဟောချင်တာက ပညတ်ကို သိအောင်လုပ်ပါ၊ သိရင် သိတဲ့အခါ မပယ်ပါနဲ့ ပျောက်အောင် လုပ်ရပါမယ်၊ ဒီလိုပရမတ်အစစ် ခတ်အနှစ်ကို တွေ့မှာပဲ ဖြစ်ပါတယ်။

ဒါကြောင့်–ပညတ်ပျောက်မှ ပရမတ်ရောက်မယ်၊ပညတ် မပျောက်က ပရမတ်မရောက်၊ ပညတ်စင်မှ ပရမတ်မြင်မယ်၊ ပညတ် မစင်ရင် ပရမတ်ကိုလဲ မမြင်နိုင်ပါ၊ပရမတ်အစစ် ခတ်အနှစ် တွေ့အောင်ရှာပါ၊ ပညတ်အသုံးများနေတော့လဲ ပရမတ်က ငုတ်နေရပါတယ်၊ငုတ်နေတာ ဆွဲဖော်ပေးရမယ်၊ ဖော်တယ်ဆိုတာက အခုဟောခဲ့တဲ့ ပညတ်တွေ ပျောက်အောင်လုပ်လို့၊ ပျောက်သွားရင် ပရမတ် ပေါ်လာတော့တာပေါ့။

## ပရမတ်နဲ့ ပညတ်က တွဲနေပါတယ်

ပညတ်ဆိုတာ ပရမတ်တရားနဲ့ ကင်းပြီး သူချည့်သက်သက် မဖြစ်နိုင်ပါဘူး၊ ပရမတ်ကိုမှီပြီး ပညတ်ဖြစ်ပေါ်လာရပါတယ်၊ မီးတောက်ဟာ မီးကိုမှီပြီး အရောင်ဖြစ်ပေါ်လာရသလိုပါပဲ၊ မီးခိုးက မီးရောင်ကို ဖုံးအုပ်ကာကွယ်ထားသလို ပရမတ်ကိုလဲ ပညတ်က ဖုံးအုပ်ကာကွယ်ထားပါတယ်၊ ဒါကြောင့် ပရမတ်ကို အသိရခက်ပါတယ်၊ ပညတ်ဆိုတာမျိုးကတော့ အဟုတ်တကယ် မရှိတဲ့တရား ပညတ်ပေါ်ရင် ပရမတ်ငုတ်မယ်၊ ပရမတ်ပေါ်ရင် ပညတ်ငုတ်မယ်။

မီးခိုးပေါ်ရင် မီးရောင်ငုတ်၊
မိုးရိပ်အုပ်ရင် လရောင်ချုပ်၊
မီးရောင်ပေါ်ရင် မီးခိုးစင်၊

လရောင်ပေါ်ရင် မိုးရိပ်လွင့်စင်သလိုပဲလို့မှတ်ထားကြ၊ ဟောဒီလို ခွဲပေးပါ။

ပညတ်ပေါ်ရင် ပရမတ်ငုတ်တယ်ဆိုတာ ယောကျ်ား, မိန်းမ၊ အဲဒါ ပညတ် တကယ်ရှိလား တကယ်မရှိပါ၊ ဘာသာရှိသလဲ-မာတဲ့သဘော၊ ပြော့တဲ့သဘော၊ ယိုစီးတဲ့သဘော၊ ဖွဲ့စည်းတဲ့သဘော၊ ပူတဲ့သဘော၊ အေးတဲ့သဘော၊ တွန်းကန်တဲ့သဘော၊ လှုပ်ရှားတဲ့သဘော၊ အဆင်း, အနံ့, အရသာ, ဩဇာဆိုတဲ့ ဓာတ်ရှစ်ပါးပဲရှိတယ်။

ဒါဖြင့် ယောကျ်ား, မိန်းမဆိုတဲ့ မရှိပညတ်ကို ခေါ်နေသဖြင့် အခုဟောခဲ့တဲ့ ဓါတ်ရှစ်ပါး ငုတ်မနေဘူးလား ငုတ်နေတယ်၊ အဲဒါကို ပညတ်ပေါ်ရင် ပရမတ်ငုတ်တယ်လို့ ဆိုပါတယ်။

နောက်တခါ ပရမတ်ပေါ်ရင် ပညတ်ငုတ်နေတယ် ဆိုတာက မာတဲ့သဘော၊ ပြော့တဲ့သဘောစတဲ့ ဓါတ်လေးပါး ဓါတ်ရှစ်ပါးကို ခေါ်လိုက်သဖြင့် ယောကျ်ား, မိန်းမဆိုတဲ့ မရှိပညတ် ပျောက်မသွား

ဘူးလား ပျောက်သွားတယ်၊ အဲဒါ ပရမတ်ပေါ်ရင် ပညတ်ငုတ်တယ်လို့ ခေါ်ပါတယ်၊ ကိုင်း–ဒါဖြင့် ပညတ်ပရမတ်ယူဆပုံ သဘောပီးစေပေါ့။

## ပညတ်ချင်းတူပေမဲ့

ဘုရားတည်ထားတဲ့ အုတ်ခဲနဲ့ လမ်းမှာခင်းထားတဲ့ အုတ်ခဲ မတူပါ။

ဘုရားသွန်းထားတဲ့ ကြေးနဲ့ ဟင်းခတ်စားတဲ့ ကြေးငွေ့န်း ပတူပါ။

ဘုရားထုလုပ်ထားတဲ့သစ်သားနဲ့ အိမ်ဆောက်ထားတဲ့သစ်သား မတူပါဘူး။

ကိုယ့်အမိအဖနဲ့ တခြားယောကျ်ားမိန်းမ မတူပါဘူး။

## ဘာပြုလို့မတူသလဲ

အသီးအသီး ဆိုင်ရာ ဆိုင်ရာ ဂုဏ်တွေရှိနေကြလို့ပဲ တိုတိုမှတ်။

## ပရမတ်ဆိုတာ

ပရမတ်ဆိုတာ မဖေါက်မပြန် မြတ်တဲ့သဘော၊ အမှန်တကယ်ရှိတဲ့သဘောကို ပရမတ်လို့ခေါ်ပါတယ်၊ ပရမတ္ထတရားက လေးပါးရှိပါတယ် စိတ်–စေတသိက်–ရုပ်–နိဗ္ဗာန်ဟူ၍ လေးပါး–

၁။ စိတ်က–တခုယုတ်ကိုးဆယ် အကျယ်တရာ့နှစ်ဆယ့်တပါး ရှိပါတယ်။

၂။ စေတသိက်က–ငါးဆယ့်နှစ်ပါး ရှိပါတယ်။

၃။ ရုပ်က–နှစ်ဆယ့်ရှစ်ပါး ရှိပါတယ်။

၄။ နိဗ္ဗာန်က–သန္တိလက္ခဏာအားဖြင့် တပါးသာ ရှိပါတယ်၊ အဲဒါ ပရမတ္ထတရား လေးပါးပါပဲ။

တချို့ မသိတဲ့လူတွေက ထင်ကြပါတယ်၊ ဘယ်လိုထင်ကြသလဲ ဆိုတော့ 'စိတ်တခုကို ရုပ်ကကိုးဆယ်'လို့ ထင်ကြပါတယ်၊ ဒီလိုမဟုတ်ပါဘူး၊ စိတ်ကရှစ်ဆယ့်ကိုးပါးကို ကိုးဆယ်ပြည့်ဘို့ တခုလိုနေတဲ့အတွက် တခုယုတ်တယ်လို့ ဆိုပါတယ်၊ အမှန်ကတော့ စိတ်တခုယုတ် ကိုးဆယ် တခုယုတ်တော့ ရှစ်ဆယ့်ကိုးပါးပေါ့၊ အကျယ်ကျတော့ တရာ့နှစ်ဆယ့်တပါး ရှိပါတယ်။

ပရမတ္ထတရား ခေါ်ရတဲ့ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ဟူ၍ လေးပါးရှိနေပေမဲ့ အကျဉ်းချုံးယူလိုက်ရင် ရုပ် – နာမ်နှစ်ပါးသာ ရှိပါတော့တယ်၊ တောတောင် သမုဒ္ဒရာ လူ့ဘုံ နတ်ဘုံ ဗြဟ္မာနှစ်ဆယ် သတ္တလောက စတဲ့ အမည်ပညတ်တွေ များနေပါစေ ကမ္ဘာလောကတခုလုံး အကျဉ်းချုံးယူလိုက်ပြန်တော့လဲ ရုပ်နာမ် နှစ်ပါးပဲရှိတာကို တွေ့ရပါတယ်။

ဒီ ရုပ်,နာမ် နှစ်ပါးကို ကောင်းမွန်စွာ သဘောပေါက် နားလည်အောင် လုပ်ရပါမယ်၊ ဘာပြုလို့လဲဆိုရင် ရုပ်,နာမ် နှစ်ပါး မှတ်သားနားလည်သွားတဲ့အခါ ပရမတ်ကို သဘောပေါက်ရောပေါ့၊ ကမ္မဋ္ဌာန်း အလုပ် လုပ်ဘို့အတွက် ကောင်းကောင်း ပိုင်နိုင်ပါတယ်။

ပရမတ္ထတရားလေးပါး အကျဉ်းချုံးလိုက်ရင် ရုပ်,နာမ် နှစ်ပါး ရှိတာတော့ ဟုတ်ပါပြီ စိတ်တခုယုတ် ကိုးဆယ်စတဲ့ ပရမတ္ထတရား လေးပါးကို သရုပ်အနေနဲ့လဲ နာချင်ကြပါသေးတယ်ဆိုတဲ့ လျှောက်ထားကြတဲ့ စကားအရ—

စိတ်တခုယုတ်ကိုးဆယ်

အကုသိုလ်စိတ် တဆယ့်နှစ်ပါး၊

အဟိတ်စိတ် တဆယ့်ရှစ်ပါး၊

ကာမာဝစရစိတ် နှစ်ဆယ့်လေးပါး၊ ပေါင်း ( ငါးဆယ့်လေးပါး) အဲဒါကို ကာမစိတ် ငါးဆယ့်လေးပါးလို့ ခေါ်တယ်။

ရူပစိတ် တဆယ့်ငါးပါး၊

အရူပစိတ် တဆယ့်နှစ်ပါး၊

လောကုတ္တရာစိတ် ရှစ်ပါး၊ ပေါင်းလိုက်တော့ သုံးဆယ့်ငါးပါး၊ ကာမစိတ် ငါးဆယ့်လေးပါးနဲ့ ထပ်ပေါင်းလိုက်- ရှစ်ဆယ့်ကိုးပါး ဖြစ်ပါတယ်၊ စိတ်တခုယုတ် ကိုးဆယ် ဖြစ်သွား ပီပေါ့၊ လောကုတ္တရာစိတ် ရှစ်ပါးကို အကျယ်ပွားပြခဲ့တဲ့ လေးဆယ်နဲ့ ပေါင်းလိုက်ပြန်တော့ အကျယ် တရာ့နှစ်ဆယ့်တပါး ဖြစ်သွားရော။

ဒီ စိတ်တခုယုတ်ကိုးဆယ် အကျယ် တရာ့ နှစ်ဆယ့် တပါးကို အာရမ္မဏဝိဇာနန - နည်းအားဖြင့် 'အာရုံကိုသိခြင်း' ဟူ၍ တပါးပဲ ရှိပါတယ်၊ ဒါဖြင့်- စိတ်ကတပါးလို့ စောစောစီးစီး မှတ်ပြစ်ခဲ့။

### စေတသိက်ငါးဆယ့်နှစ်ပါး

(ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ၊ သဗ္ဗစိတ္တသာဓာရဏစေတသိတ် ခုနစ်ပါး။)

(ဝိတက္က၊ ဝိစာရ၊ အဓိမောက္ခ၊ ဝီရိယ၊ ပီတိ၊ ဆန္ဒ၊ ပကိဏ်း စေတသိက် ခြောက်ပါး။)

(မောဟ၊ အဟိရိက၊ အနောတ္တပ္ပ၊ ဥဒ္ဓစ္စ၊ လောဘ၊ ဒိဋ္ဌိ၊ မာန၊ ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ထိန၊ မိဒ္ဓ၊ ဝိစိ-ကိစ္ဆာ၊ အကုသိုလ်စေတသိက် တဆယ့်လေးပါး။)

(သဒ္ဓါ၊ သတိ၊ ဟိရီ၊ ဩတ္တပ္ပ၊ အလောဘ၊ အဒေါသ၊ တတြ-မဇ္ဈတ္တတာ၊ ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ၊ ကာယလဟုတာ၊ စိတ္တ-လဟုတာ၊ ကာယမုဒုတာ၊ စိတ္တမုဒုတာ၊ ကာယကမ္မညတာ၊ စိတ္တကမ္မညတာ၊ ကာယပါဂုညတာ၊ စိတ္တပါဂုညတာ၊ ကာယု-ဇုကတာ၊ စိတ္တုဇုကတာ၊ သောဘဏသာဓာရဏစေတသိက် တဆယ့်ကိုးပါး။)

(သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ ဝိရတီစေတသိက် သုံးပါး)

(ကရုဏာ, မုဒိတာ - အပ္ပမညာ စေတသိက် နှစ်ပါး)

(အမောဟ– မည်သော ပညိန္ဒြေစေတသိက် တပါး။)

ပေါင်းလိုက် စေတသိက်ငါးဆယ့်နှစ်ပါး မနေလား။

နောက်ကမှတ်ထားခဲ့တဲ့ စိတ်တပါးနဲ့ အခု စေတသိက် ငါးဆယ့်နှစ်ပါးနဲ့ ပေါင်းလိုက်တော့ ဘယ်လောက် ဖြစ်သွားလဲ ငါးဆယ့်သုံးပါး၊ အဲ့ဒီ ငါးဆယ့်သုံးပါးကို နာမ်'တေပညာသ'လို့ ခေါ်ပါတယ်၊ နာမ်တရား။

## ရုပ် နှစ်ဆယ့်ရှစ်ပါးဆိုတာ

ပထဝီ– အာပေါ– တေဇော– ဝါယော၊ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဣတ္ထိဘာဝ၊ ပုမ္ဘာဝ၊ ဟဒယဝတ္ထု၊ ဇီဝိတ၊ အာဟာရ၊ ပရိစ္ဆေဒ၊ ကာယဝိညတ်၊ ဝစီဝိညတ်၊ လဟုတာ၊ မုဒုတာ၊ ကမ္မညတာ၊ ဥပစယ၊ သန္တတိ၊ ဇရတာ၊ အနိစ္စတာ – ဟူ၍ ရုပ်နှစ်ဆယ့်ရှစ်ပါး ဖြစ်ပါတယ်၊ ရုပ်တရား။

ဟောခဲ့တဲ့စိတ်-နဲ့ စေတသိက်ကို နာမ်တရားလို့ ခေါ်ပါတယ်၊ ရုပ်နှစ်ဆယ့်ရှစ်ပါးကိုတော့ ရုပ်တရားလို့ ခေါ်ပါတယ်။

ဒါဖြင့် ရုပ် – နာမ် နှစ်ပါးပဲရှိတာပေါ့၊ နောက်က ဟောခဲ့တဲ့ အတိုင်းပဲလေ၊ အဲဒီ ရုပ်,နာမ် နှစ်ပါးဟာ မိမိခန္ဓာကိုယ်မှာ ရှိပါတယ်၊ ဒါကြောင့် မိမိခန္ဓာကိုယ်၌ရှိတဲ့ စိတ်, စေတသိက်, ရုပ် – ဆိုတဲ့ ပရမတ္ထ တရား သုံးပါးကို ရုပ်–နာမ်–ခန္ဓာ–အာယတန–ဓာတ်–သစ္စာ– ခွဲပြီး ဝိပဿနာ ဘာဝနာတရား ပွားများအားထုတ်ရမှာပဲ ဖြစ်ပါတယ်။

## နိဗ္ဗာန်ဆိုတာကတော့

နိဗ္ဗာန်ဆိုတာကတော့ တဆယ့်တပါးသော မီးတို့၏ ငြိမ်းရာဖြစ်သော အနုပါဒိသေသနိဗ္ဗာန် တပါးပဲ ရှိပါတယ်။

သန္တိသဘောလက္ခဏာအားဖြင့် တပါးဆိုပေမဲ့ အကြောင်းကိုစွဲ၍ နှစ်မျိုးပြားပါတယ်။

၁။ သဉပါဒိသေသနိဗ္ဗာန်၊

၂။ အနုပါဒိသေသနိဗ္ဗာန် – ဟူ၍ နှစ်မျိုးရှိပါတယ်။

ဒီနှစ်မျိုးမှာ ဘုရား – ရဟန္တာ – အရိယာပုဂ္ဂိုလ်တို့သည် ကိလေသာ အာသဝေါ ကုန်ခန်း၍ ဘုရား– ရဟန္တာ – အရိယာဖြစ်ပြီးနောက် ခန္ဓာငါးပါး အကြွင်းရှိစဉ် ပစ္စက္ခသိဒ္ဓိအားဖြင့် တွေ့မြင် ခံစားကြရသော နိဗ္ဗာန်သည် သဉပါဒိသေသနိဗ္ဗာန်လို့ ခေါ်ပါတယ်၊ တိုတိုနဲ့ လိုရင်းကတော့ (ခန္ဓာငါးပါး အကြွင်းရှိတဲ့ နိဗ္ဗာန်)လို့မှတ်။

ပရိနိဗ္ဗာန်စံလွန်ပြီးနောက်မှ ရောက်ကြ ခံစားကြရတဲ့နိဗ္ဗာန် ခန္ဓာငါးပါး အကြွင်း မရှိသောကြောင့် အနုပါဒိသေသ နိဗ္ဗာန်လို့ ခေါ်ပါတယ်၊ (ခန္ဓာငါးပါး အကြွင်းမရှိတဲ့ နိဗ္ဗာန်ပေါ့။)

(နောက် အခြင်းအရာကိုစွဲပြီး သုံးမျိုးရှိပြန်ပါတယ်။)

၁။ သုညတနိဗ္ဗာန်၊

၂။ အနိမိတ္တနိဗ္ဗာန်၊

၃။ အပ္ပဏိဟိတနိဗ္ဗာန်ရယ်–လို့ သုံးမျိုး။

သုညတနိဗ္ဗာန်ဆိုတာ– ရာဂ – ဒေါသ – မောဟ မရှိ၊ ငြိမ်းအေးကင်းဆိတ်သည်၏ အဖြစ်ကြောင့် သုညတ နိဗ္ဗာန်လို့ ခေါ်ပါတယ်၊ အနိမိတ္တနိဗ္ဗာန်ဆိုတာ ရာဂ– ဒေါသ– မောဟ ကင်းသည်ဖြစ်၍ လူ, နတ်, ဗြဟ္မာ ပညတ်ခေါ်စရာ ဒြပ်သဏ္ဌာန် အရိပ်နိမိတ် မရှိသောကြောင့် အနိမိတ္တနိဗ္ဗာန်လို့ ခေါ်ပါတယ်၊ အပ္ပဏိဟိတနိဗ္ဗာန်ဆိုတာက

ရာဂ–ဒေါသ–မောဟ အပူကင်း၍ တောင့်တခြင်းကင်းသည်၏ အဖြစ်ကြောင့် အပ္ပဏိဟိတနိဗ္ဗာန်လို့ ခေါ်ပါတယ်၊ ဒီလောက်ပဲ မှတ်ထားကြအုန်းနော်။

ကိုင်းဒါဖြင့် စိတ်ရယ် – စေတသိက်ရယ် – ရုပ်ရယ် – နိဗ္ဗာန်ရယ် ပရမတ္ထတရားလေးပါး အကျဉ်းအားဖြင့် ခွဲဟောပြပြီးပါပြီ။

ပရမတ္ထတရားဆိုတာ ဘာတဲ့လဲ သတိရသေးလား မဖေါက်မပြန် မြတ်တဲ့သဘော၊ အေး–ဟုတ်ပီ နောက်ပီးကော အမှန်တကယ်ရှိတဲ့ သဘောကို ပရမတ်လို့ ခေါ်ပါတယ်။

'ပရမော–ဥတ္တမော အဝိပရီတော အတ္ထော ပရမတ္ထော' အဝိပရီတော၊ မဖေါက်ပြန်သော။

ဝါ–မဖောက်ပြန်သောကြောင့်။ ပရမော–ဥတ္တမော၊ မြတ်သော။ အတ္ထော၊ သဘောတည်း။ ပရမတ္ထော၊ မဖောက်ပြန်သောကြောင့် မြတ်သောသဘော တဲ့။

## ဘယ်လိုမဖောက်ပြန်တာတဲ့လဲ

စိတ်၏အာရုံကို သိခြင်းသဘော စေတသိက်၏ အာရုံကိုမှီခြင်းသဘော။

ပထဝီဓာတ်သည် မာတဲ့သဘော–ပြော့တဲ့သဘော။ အာပေါဓာတ်သည် ဖွဲ့စည်းတဲ့သဘော–ယိုစီးတဲ့သဘော။ တေဇောဓာတ်သည် ပူတဲ့သဘော–အေးတဲ့သဘော။ ဝါယောဓာတ်သည် ထောက်ကန်တဲ့သဘော–လှုပ်ရှားတဲ့သဘောစတဲ့ မိမိတို့သဘောလက္ခဏာမှ တခြားဘယ်သဘောလက္ခဏာကိုမှ မပြောင်း မရွှေ့ မလိုက်ပဲ သူ့သဘောကိုသာ သူဆောင်တယ်၊ ဘယ်လိုပဲလုပ်လုပ် ဘယ်နည်းနဲ့မှ ပြောင်းရွှေ့အောင် ဖောက်ပြန်အောင် မတတ်နိုင်ပါဘူး၊ ဖောက်ပြန်လာအောင် မည်သူမှ သွေးဆောင်လို့ မရပါဘူး။

အဲဒီလို မဖောက်ပြန်လို့ မြတ်တဲ့သဘောလို့ ဟောတော်မူပါတယ်၊ အမှန်တကယ်ရှိနေတဲ့တရားမို့လဲ မြတ်သောသဘောတဲ့။

လူတွေ–နတ်တွေ–ဗြဟ္မာတွေကို သံသရာဝဋ္ဋ ချုပ်ငြိမ်းတတ်သော တဏှာမှ ထွက်မြောက်သည်အဖြစ်ကြောင့် သန္တိလက္ခဏာအားဖြင့် တပါးသာရှိတဲ့ အသင်္ခတဓာတ် တရားမြတ်သည် နိဗ္ဗာန်လို့ခေါ်ပါတယ်။

အဲဒီနိဗ္ဗာန်ကို မြတ်စွာဘုရားနဲ့ တပည့်သားသာဝကတွေက ပစ္စက္ခအားဖြင့် မျက်မှောက်ထင်ထင်တွေ့မြင်နိုင်ကြပါတယ်၊ ကလျာဏပုထုဇဉ်များမှာတော့ ‘အနုမာန’ အားဖြင့် ရော်ရမ်းမှန်းဆ သိမြင်နိုင်တာဖြစ်လို့ ပရမတ္ထသဘာဝအားဖြင့် ထင်ရှားကေန် အမှန်ရှိပါတယ်တဲ့။

(အဇာတသတ် ပါဠိတော်မှာလဲ နိဗ္ဗာန်ထင်ရှားရှိတဲ့ အကြောင်းကို အတိအလင်းထုတ်ဖော် ဟောတော်မူထားပါတယ်။)

ဒါဖြင့် နိဗ္ဗာန်ဆိုတာ တကယ်အဟုတ်အမှန် အထင်အရှား အတိအကျရှိတဲ့ ပရမတ္ထတရားဆိုတာ မသေမချာ မမှတ်နဲ့၊ အသေအချာသာ မှတ်ထားပေတော့။

စိတ်,စေတသိက်, ရုပ်,နိဗ္ဗာန်ဆိုတဲ့ ပရမတ္ထတရားလေးပါး မဖောက်ပြန်ဘူး၊ အမှန်တကယ်ရှိတယ်ဆိုတာ ထင်ရှားပီပေါ့၊ ထင်ရှားရင်ရှေ့ကို သွားမယ်၊ ကိုင်း....ပရမတ်တရားဆိုတာ မဖောက်ပြန်ဘူး၊ အဟုတ်တကယ်ရှိတဲ့တရားဆိုတာကိုတော့ တရားနာပရိသတ် သိသွားပီပေါ့၊ အမြဲတန်းသတိရ မှတ်မိနေပါစေ။

အဲဒီပညတ်နဲ့ ပရမတ်တရား တွဲနေတယ်ဆိုတာကို သိသေးဟန်မတူသေးဘူးနော်၊ ဘယ်လိုတွဲနေသလဲဆိုတာ ဟောပြအုန်းမယ်။

ပညတ်တရားနှင့် ပရမတ်တရားဟာ တခုနဲ့တခု မကင်းနိုင်ပါဘူး၊ ဘယ်လိုမကင်းနိုင်သလဲဆိုရင် ပရမတ်တရားကိုမှီ၍ ပညတ်တရားဆိုတာ

ဖြစ်ပေါ်လာရပါတယ်၊ မီးတောက်ကိုအမှီပြု၍ မီးရောင်ဖြစ်ပေါ်လာရ သလိုပါပဲ၊ ပရမတ်ကိုအမှီပြု၍ ပညတ်ဆိုတာ ဖြစ်ပေါ်လာရပါတယ်၊ ဘာပြုလို့လဲဆိုတော့ ပညတ်ဆိုတာမျိုးက အမှန်တကယ်ရှိတဲ့တရားမှ မဟုတ်တာ၊ ပရမတ်ကတော့ အမှန်တကယ်ရှိတဲ့ တရားမျိုးဆိုတော့ အမှန်တကယ်ရှိတဲ့ ပရမတ်တရားကို အမှီပြုဖြစ်ရတာပဲပေါ့၊ ရှင်းပလား တရားနာပရိသတ်တွေ။

မီးခိုးသည် မီးရောင်ကိုဖုံးနေသလို ပရမတ်ကိုလဲ ပညတ်ကဖုံးလွှမ်း နေပါတယ်၊ ဒါကြောင့်လဲ ပရမတ်တရားကို အသိရခက်တာပေါ့၊ ပညတ်ကအမှန်တကယ်မရှိတဲ့တရား ပရမတ်ကတော့ အမှန်တကယ်ရှိ တဲ့တရား အမှန်တကယ်ရှိတဲ့တရားကို အမှန်တကယ်မရှိတဲ့တရားက ဖုံးလွှမ်းထားဘာကို ကွဲပြားအောင် ခွဲခြားတတ်ကြရပါမယ်။

အပေါ်ကဖုံးအုပ်ထားတဲ့ပညတ်ခွါ အထဲက အတွင်းပရမတ်ကို မြင်အောင်ကြည့်ရမယ်။

ဒါကြောင့် လယ်တီဆရာတော်က (အခွံခွါ အကာပြစ် အနှစ်တွေ့ အောင်ရှာလို့ မိန့်ဆိုပါတယ်။)

ပညတ် ပရမတ်တရားတော် ပီးစေပေါ့။

---

ရုပ်နာမ်ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ခွဲအုန်းစို့။
ရုပ်–နာမ်–နှစ်ပါးကို ဘယ်လိုခွဲခြားသိရမလဲ

ကိုင်း....တရားနာပရိသတ် ပညတ်နဲ့ပရမတ် ခွဲဟောခဲ့တာ အတော် လေး ကြေပြွန်နားလည်လောက်ပီလို့ ထင်ပါဘယ်၊ နားလည်ကြဘယ် မဟုတ်လား၊ နားလည်ကြရင် မမေ့ကြစေနဲ့ ပြန်ပြန်ခွဲကြည့် ကြား လား။

## ဒါဖြင့် ရုပ်နာမ်နှစ်ပါး ခွဲကြည့်မယ်

နောက်ကပြောပြခဲ့တဲ့ စိတ်နဲ့စေတသိက်ကိုနာမ်တရား ရုပ်နှစ်ဆယ့်ရှစ်ပါးကို ရုပ်တရားခေါ်တယ်ဆိုတာ သဘောပေါက်ခဲ့တယ်မဟုတ်လား။

ရုပ်ဆိုတာ 'ရုပ္ပတီတိရူပံ' ရုပ္ပတိ၊ အမျိုးမျိုးဖောက်ပြန်တတ်၏။ ဣတိ၊ ထို့ကြောင့်။ ရူပံ၊ ရုပ်မည်၏။ ဘာတဲ့လဲ ရုပ်ဆိုတာ ဖောက်ပြန်တတ်တဲ့သဘောရှိတယ်တဲ့၊ မသိတတ်သောသဘောသည်ရုပ်၊ ဘယ်လိုဖောက်ပြန်တတ်သလဲဆိုရင် အပူကြောင့်လဲ ဖေါက်ပြန်တာပဲ၊ အအေးကြောင့်လဲ ဖောက်ပြန်တာပဲ၊ ထမင်းဆာတော့ တမျိုးဖောက်ပြန်တယ်၊ ရေငတ်တော့လဲတဖုံ ဖောက်ပြန်တယ်၊ ထမင်းစားရပြန်တော့တမျိုး၊ အဲဒီလို အမျိုးမျိုးဖောက်ပြန်တတ်တဲ့သဘောကို ရုပ်လို့မှတ်ထား။

မသိတတ်သောသဘောဆိုတာကလဲ ဘာကိုမသိတတ်တာလဲဆိုရင် ဘာကိုမှ မသိတတ်ဘူး၊ ပူတာကိုလဲမသိတတ်၊ အေးတာကိုလဲမသိတတ်၊ ဖြူတာ မဲတာအားလုံး ဘာကိုမှ မသိတတ်တဲ့သဘောကို ရုပ်လို့ခေါ်တယ်။

မှတ်မိပလား-တိုတိုမှတ်ထားချင်ရင် (မသိတာရုပ်) (မသိတာရုပ်) (မသိတာရုပ်) အဲဒီလိုမှတ်၊ နာမ်ဆိုတာ 'နမတီတိနာမံ' နမတိ၊ အာရုံသို့ညွတ်တတ်၏။ ဣတိ၊ ထို့ကြောင့်။ နာမံ၊ နာမ်မည်၏။ ဘာတဲ့လဲ အာရုံသို့ညွတ်တတ် သိတတ် ကိုင်းရှိုင်းတတ်လို့ နာမ်လို့ခေါ်ပါတယ်၊ ဘယ်လို အာရုံသို့ညွတ်တတ်သလဲဆိုရင် မသန်စွမ်းတဲ့လူတယောက်ဟာ ကြိုးတန်းကိုကိုင် ထရမယ်၊ ကြိုးတန်းကိုင်မထရင် မထနိုင်သလို နာမ်တရားဟာလဲ အာရုံရှိမှ ဖြစ်ပေါ်နိုင်ပါတယ်၊ အာရုံနဲ့ကင်းပြီး သူချည်းသက်သက် မဖြစ်နိုင်ပါဘူး၊ ဒါကြောင့် အာရုံသို့ချဉ်းကပ်ရသလို အာရုံသို့ ရှေးရှုညွတ်ရတယ်၊ အဲဒီလို အာရုံနဲ့ဖက်စပ်၍ ဖြစ်ရခြင်းကြောင့် အာရုံသို့ညွတ်တယ်လို့ဆိုပါတယ်။

သိတတ်သောသဘောသည် နာမ်တရားလို့ ခေါ်ပါတယ်၊ ဘာကို သိတတ်သလဲဆိုရင် ပူတာလဲသိတယ်၊ အေးတာလဲသိတယ်၊ ဖြူတာ မဲတာ ကောင်းတာ ဆိုးတာအားလုံး အကုန်လုံးသိတတ်တယ်၊ အဲဒီလို သိတတ်တဲ့သဘောကို နာမ်တရားလို့ခေါ်ပါတယ်။

ရုပ်ကောင်က ဘာမှသိတာမဟုတ်ပဲ နာမ်ကသာ အကုန်လိုက်သိ နေတာ သဘောပေါက်သွားပလား တရားနာပရိသတ်။

အင်း....သိပ်ပင်ပန်းသွားအုန်းမယ်၊မသဒ္ဓါရေစာဖြေတာက ပေါက် ပါတယ်၊ အားရပါးရ ဖြေလိုက်စမ်းပါ သဘောပေါက်ပါတယ် ဘုရားလို့-

ပရိသတ်သောင်းကိုးထောင်အသံကလဲ ဗျိုင်းနှာ မိုးမိထားတာကျ နေတာပဲ၊ တိုတိုမှတ်ထားကြ (သိတာနာမ်-သိတာနာမ်-သိတာနာမ်) (မသိတာရုပ်-သိတာနာမ်-မသိတာရုပ်-သိဘာနာမ်။)အဲဒီလိုအထပ်ထပ် အခါခါ ပွားများအားထုတ်ရပါမယ်။

## လွယ်လွယ်လေးမှတ်ထားကြအုန်း

မျက်စိဖြင့် အဆင်းကို မြင်တိုင်းမြင်တိုင်း မြင်အပ်သောအဆင်းကို ရုပ်တရားမှတ်ပါ၊ မြင်တတ်သောစိတ်ကို နာမ်တရားလို့ မှတ်ရမယ်၊ နားဖြင့်အသံကို ကြားတိုင်း ကြားတိုင်း ကြားအပ်သောအသံကို ရုပ် တရားမှတ်ပါ၊ ကြားတတ်သောစိတ်ကို နာမ်တရားလို့မှတ်ရမယ်။

နှာခေါင်းဖြင့် အနံ့ကို နံတိုင်း နံတိုင်း နံအပ်သောအနံ့ကို ရုပ်ဘရား လို့မှတ်ပါ၊ နံတတ်သောစိတ်ကို နာမ်တရားလို့ မှတ်ရမယ်၊ လျှာဖြင့် အရသာကို လျက်တိုင်းလျက်တိုင်း လျက်အပ်သော အရသာကို ရုပ် တရားလို့မှတ်ပါ၊ လျက်တတ်သောစိတ်ကို နာမ်တရားလို့မှတ်ရမယ်။

ကိုယ်ဖြင့် အတွေ့ကိုထိတွေ့တိုင်း ထိတွေ့တိုင်း ထိအပ်သောအတွေ့ကို ရုပ်တရားလို့မှတ်ပါ၊ ထိတတ်သောစိတ်ကို နာမ်တရားလို့မှတ်ရမယ်။

ဒါထက်ရှင်းအောင် ပြောရရင်—

ဥပမာ – ချင်းချားရုပ်ထဲကို လူတယောက်ဝင်ပြီး က,နေတာကို အလှူအတန်းတွေမှာ တရားနာပရိသတ် မြင်ကြရပါလိမ့်မယ်၊ ချင်းချား ရုပ်က ရုပ်တရား အထဲကလူကို နာမ်အရာမှာ တင်စားကြည့်ပါ အဘိ ဓမ္မာတရားဆိုတော့ စိတ်အိုက်ပြီး အိပ်ငိုက်ချင်လာပြန်ပြီထင်တယ်၊ (မပျင်းကြနဲ့ နောက်မှ သီချင်းဆိုပြမယ်) ဟော အဟုတ်မှတ်ပြီး နေရာ ပြင်ထိုင်တယ်။

အဘိဓမ္မာတရားဆိုတာ နာပါများလို့ သိတာများရင် မအိပ်ချင် ပါဘူး၊ ပျော်ဘို့တောင် ကောင်းသေးတယ်၊ တရားအရသာဆိုတာ ဘယ်အရသာနဲ့မှ မတူဘူး အရသာတကာတို့တွင် တရားအရသာဟာ အလွန်မြတ်ပါတယ်လို့ ရှင်တော်ဘုရားကိုယ်တိုင် ဖွင့်ဟ ဝန်ခံထား သားပဲ၊ သဗ္ဗရသံ ဓမ္မရသော ဇိနာတိ (ဓမ္မပဒပါဠိတော်) (ထပ်ခဲ့ကြ အုန်းမယ်)

မျက်စိဖြင့် အဆင်းကိုမြင်ခိုက် မြင်ဆဲ မျက်စိထဲမှာ နာမ်တရား ရှိတယ်လို့မှတ်ပါ၊ နာမ်တရားမှကြွင်းတဲ့ တကိုယ်လုံးကို ရုပ်တရား ချည်းပဲလို့ မှတ်ရမယ်။

နားဖြင့် အသံကိုကြားခိုက် ကြားဆဲ နားထဲမှာ နာမ်တရားရှိတယ် လို့မှတ်ပါ၊ နာမ်တရားမှကြွင်းတဲ့ တကိုယ်လုံးကို ရုပ်တရားချည်းပဲလို့ မှတ်ရမယ်။

နှာခေါင်းဖြင့် အနံ့ကိုနံ့ခိုက် နှာခေါင်းထဲမှာ နာမ်တရားရှိတယ်လို့ မှတ်ပါ၊ နာမ်တရားမှကြွင်းတဲ့ တကိုယ်လုံးကို ရုပ်တရားချည်းပဲလို့ မှတ်ရမယ်။

လျှာဖြင့်အရသာကိုလျက်ခိုက်–လျက်ဆဲ လျှာလယ်မှာ နာမ်တရား ရှိတယ်လို့မှတ်ပါ၊ ကြွင်းတဲ့ တကိုယ်လုံးကို ရုပ်တရားချည်းပဲလို့ မှတ် ရမယ်။

ကိုယ်ဖြင့်အတွေ့ကို ထိခိုက် ထိဆဲ ထိရာအရပ်မှာ နာမ်တရားရှိတယ်လို့မှတ်ပါ၊ နာမ်တရားမှကြွင်းတဲ့ တကိုယ်လုံးကို ရုပ်တရားချည်းပဲလို့ မှတ်ရပါမယ်။

ကုသိုလ်စိတ် ဖြစ်ခိုက် ဖြစ်ဆဲ နှလုံးထဲမှာ နာမ်တရားရှိတယ်လို့ မှတ်ပါ၊ နာမ်တရားမှကြွင်းတဲ့ တကိုယ်လုံးကို ရုပ်တရားချည်းပဲလို့ မှတ်ရမယ်။

အကုသိုလ်စိတ်ဖြစ်ခိုက် ဖြစ်ဆဲ နှလုံးထဲမှာ နာမ်တရားရှိတယ်လို့ မှတ်ပါ၊ နာမ်တရားမှကြွင်းသော တကိုယ်လုံးကို ရုပ်တရားချည်းပဲလို့ မှတ်ရမယ်။

လောကမှာ အလုံးစုံ သိသရွေ့ နာမ်တရားချည်းမှတ်ရမယ်၊ ဓမ္မဒ္ဓ အလုံးစုံ သိသရွေ့ နာမ်တရားချည်းမှတ်ရမယ်။

ခန္ဓာငါးပါးမှာလဲ ရုပ်နာမ်နှစ်ပါး၊ အာယတန တဆယ့်နှစ်ပါး မှာလဲ ရုပ်နာမ်နှစ်ပါး၊ ဓါတ်တဆယ့်ရှစ်ပါးမှာလဲ ရုပ်နာမ်နှစ်ပါး သာပဲ အသီးသီးရှိကြပါတယ်၊ ငါ သူတပါး ယောကျ်ား မိန်းမ မရှိပါ၊ မျက်စိဖြင့်မြင်အပ်သော အဆင်းဟူသမျှကို ရုပ်၊ အဲဒီရုပ်ကို သိတဲ့ဉာဏ်ဟာ နာမ်လို့ ခေါ်တယ်၊ နားဖြင့်ကြားအပ်သော အသံဟူသမျှကို ရုပ်၊ အဲဒီရုပ်ကိုသိတဲ့ဉာဏ်ဟာ နာမ်၊ နှာခေါင်းဖြင့် နံအပ်သော အနံ့ဟူသမျှကို ရုပ်၊ အဲဒီရုပ်ကို သိတဲ့ဉာဏ်ဟာ နာမ်၊ လျှာဖြင့် လျက်အပ်သော အရသာဟူသမျှကို ရုပ်၊ အဲဒီရုပ်ကိုသိတဲ့ဉာဏ်ဟာ နာမ်၊ ကိုယ်ဖြင့်တွေ့ထိအပ်သော အတွေ့ဟူသမျှကို ရုပ်၊ အဲဒီရုပ်ကို သိတဲ့ဉာဏ်ဟာ နာမ်လို့ခေါ်ပါတယ်။

ကိုင်း–တရားနာပရိသတ် ဘယ်လိုပဲလှည့်ခဲ့ကြည့်ကြည့် ရုပ်နဲ့ နာမ် ဆိုတဲ့ တရားနှစ်ပါးပဲရပါတယ်။

ဒီလောက်ခွဲပြရင် သဘောပေါက်လောက်ရောပေါ့နော်၊ တော် ကြာ ငါ့တရားက မိုးမဆုံးမြေမဆုံး ဖြစ်နေပါအုန်းမယ်။

ဟိုတုန်းကဆရာတော်တပါး တရားဟောသလို တရားချတော့မလို လိုနဲ့ ကုသိုလ်ကောင်းမှုပြုလုပ်ရမယ်လို့ မှတ်ကြရမယ်လို့ ဆိုလိုက်သတဲ့၊ ဝတ်ချမလို့ ပြင်ဆင်နေတဲ့ ပရိသတ်က စပ်တငတ်တော်နဲ့ပြန်ပြီး လက်အုပ်ချီနေရဘယ်ဆိုတာလို ဖြစ်နေမှာကိုလဲ စိုးရသေးတယ်၊ တရားဟောရပေမဲ့ လွယ်တာမဟုတ်ဘူး၊ တရားရှည်ရှည်ကြိုက်တဲ့သူ တိုတိုကြိုက်တဲ့သူ မတိုမရှည်လေးကိုမှ သဘောကျကြိုက်နှစ်သက်တဲ့သူ အမျိုးမျိုးရှိကြပြန်တယ်၊ ဒီကြားထဲ သုတ္တန်တရားမှ အဘိဓမ္မာတရားက ပျင်းစရာကောင်းဘယ်ဆိုတာက လာလိုက်သေးတယ်။

အခုတော့ မတိုလဲ မတိုရအောင် မကျဉ်းလဲ မကျဉ်းရအောင် သုတ်, ဝိနည်း, အဘိဓမ္မာ အကုန်ပါအောင် ကြားချပြီး ဟောပြလိုက်ရပါတယ်၊ ကိုင်း....တရားအာရုံပြုကြအုန်း။ ရုပ်နာမ်ခွဲတတ်လို့ သဘောပေါက်သွားရင်—

ရုပ်နာမ်နှစ်ပါးကိုဝိပဿနာ ဒီလိုရှု

ရုပ်နာမ်တရားနှစ်ပါးကို အာရုံပြု၍—

ဤရုပ်နာမ်နှစ်ပါးသည် ခဏကလေးမျှရပ်မနေ ခုဖြစ်ခုပျက်၍ မမြဲသောကြောင့် အနိစ္စ၊ ဤရုပ်နာမ်နှစ်ပါးသည် ခဏကလေးမျှ ရပ်မနေ ခုဖြစ်ခုပျက်၍ မမြဲသောကြောင့် အနိစ္စ။

ဒီအနိစ္စာ နုပဿနာ ဘာဝနာကမ္မဋ္ဌာန်းကို အပြန်ပြန်အလှန်လှန် အထပ်ထပ် စီးဖြန်းပွားများပါက မြဲတယ်လို့ယူဆနေတဲ့ နိစ္စသညာကင်းပျောက်ပြီး မိမိခန္ဓာအတွင်းမှာ မမြဲသောသဘောမြင်၍ ဘုံသုံးပါးတွင် မမြဲသော အနိစ္စသဘောတရားတွေ အကြောင်းအားလျော်စွာ တဖွားဖွား အသစ်အသစ် ဖြစ်ပေါ်လာ၍ မမြဲသော အနိစ္စသဘောတရား အဟောင်းအဟောင်းတွေသာလျှင် အကြောင်းအားလျော်စွာ တဖွားဖွားပျက်စီးနေတာကို တွေ့မြင်ရမှာဘဲဖြစ်ပါတယ်လို့ ဝိသုဒ္ဓိမဂ်အဋ္ဌကထာမိန့်ဆိုပါတယ်။

ရုပ်နာမ်တရားနှစ်ပါးသည် ခဏလေးမျှ ရုပ်မနေ ခုဖြစ်ခုပျက်၍ ဆင်းရဲသောကြောင့် ဒုက္ခ။

ရုပ်နာမ်တရားနှစ်ပါးသည် ခဏလေးမျှရုပ်မနေ ခုဖြစ်ခုပျက်၍ ဆင်းရဲသောကြောင့် ဒုက္ခ။

အဲဒီဒုက္ခာနုပဿနာဘာဝနာကမ္မဋ္ဌာန်းကို အပြန်ပြန် အလှန်လှန် အထပ်ထပ် စီးဖြန်းပွားများပါက ချမ်းသာတယ်လို့ ယူဆနေကြတဲ့ သုခသညာကင်းပျောက်ပြီး မိမိခန္ဓာကိုယ်ထဲ ဆင်းရဲသောသဘောကို မြင်၍ ဘုံသုံးပါးတွင် ဆင်းရဲသောဒုက္ခတရားတွေ အကြောင်းအား လျော်စွာ တဖွားဖွား အသစ်အသစ်ဖြစ်ပေါ်၍ ဆင်းရဲသော ဒုက္ခသဘောတရား အဟောင်းအဟောင်းတွေသာ အကြောင်းအားလျော်စွာ တဖွားဖွား ပျက်စီးနေတာကို ဉာဏ်မျက်စိတွင် တွေ့မြင်ရမှာဘဲလို့ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ မိန့်ဆိုပါတယ်။

ဤရုပ်နာမ်နှစ်ပါးသည် ခဏလေးမျှ ရုပ်မနေ ခုဖြစ်ခုပျက်၍ အစိုးမရ အလိုသို့မလိုက် ကိုယ်မဟုတ်သောကြောင့် အနတ္တ၊ ဤရုပ်နာမ်တရားနှစ်ပါးသည် ခဏလေးမျှရုပ်မနေ၊ ခုဖြစ်ခုပျက်၍ အစိုးမရ အလိုသို့မလိုက် ကိုယ်မဟုတ်သောကြောင့် အနတ္တ။

အဲဒီအနတ္တာနုပဿနာ ဘာဝနာကမ္မဋ္ဌာန်းကို အပြန်ပြန်အလှန်လှန် အထပ်ထပ်စီးဖြန်းပွားများပါက ကိုယ်ဟူ၍ယူဆနေတဲ့ အတ္တသညာ ကင်းပျောက်၍ မိမိခန္ဓာကိုယ်၌ ကိုယ်မဟုတ်သော သဘောကိုမြင်၍ ဘုံသုံးပါးတွင် ကိုယ်မဟုတ်သော အနတ္တ သဘောတရားတွေ အကြောင်းအားလျော်စွာ အသစ်အသစ် တဖွားဖွားဖြစ်ပေါ်လာ၍ ကိုယ်မဟုတ်သော အနတ္တသဘောတရား အဟောင်းအဟောင်းတွေသာ အကြောင်းအားလျော်စွာ တဖွားဖွား ပျက်စီးနေတာကို ဉာဏ်ဖြင့်မြင်ရမှာပဲ ဖြစ်ပါတယ်လို့၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ မိန့်ဆိုပါတယ်။

ကိုယ်-ရုပ်နာမ်ဟောပြီးပြန်တော့ ခန္ဓာငါးပါး ဟောကြအုန်းစို့.

ခန္ဓာဆိုတာဘာလဲ အပေါင်းအစုလို့ ခေါ်တာပါပဲ၊ ခန္ဓာဆိုတာ ဇာတိစတဲ့ တဆယ့်တသီးသောမီးတွေ အစားခံရ အလောင်ခံရတဲ့ မီးလောင်စာပေါ့။

ခန္ဓာဘယ်နှစ်ပါးရှိသလဲ ခန္ဓာငါးပါးရှိပါတယ်။

'ခန္ဓာငါးပါးဆိုတာ ဘယ်တရားတွေကို ခေါ်ပါသလဲ'၊ ခန္ဓာငါးပါးဆိုတာက စိတ်, စေတသိက်, ရုပ်တရားများကို ခန္ဓာလို့ခေါ်ပါတယ် (နိဗ္ဗာန်ကို ခန္ဓာမဖွဲ့ရဘူးနော်၊ ခန္ဓဝိမုတ်လို့ ခေါ်တယ်) ဒါဖြင့်-ခန္ဓာငါးပါးကို ရေတွက်ပြစမ်းပါ-

၁။ ရုပ်နှစ်ဆယ့်ရှစ်ပါးက ရူပက္ခန္ဓာ။

၂။ ဝေဒနာစေတသိက်က ဝေဒနာက္ခန္ဓာ။

၃။ သညာစေတသိက်က သညာက္ခန္ဓာ။

၄။ ဝေဒနာသညာမှကြွင်းတဲ့ စေတသိက်ငါးဆယ်က သင်္ခါရက္ခန္ဓာ။

၅။ စိတ်တခုယုတ်ကိုးဆယ်က ဝိညာဏက္ခန္ဓာ၊ အဲဒီခန္ဓာငါးပါးက ရန်ကုန်မှာလား မန္တလေးမှာလား ဒါမှမဟုတ် စာထဲမှာလား ရန်ကုန်မန္တလေး စာထဲမှာလည်း မရှိပါ၊ ဘယ်မှာရှိသလဲ မျက်စိမှာရှိတယ် နားမှာရှိတယ် နှာခေါင်းမှာရှိတယ် လျှာမှာရှိတယ် ကိုယ်မှာရှိတယ် မနောမှာရှိတယ် မျက်စိ, နား, နှာ, လျှာ, ကိုယ်, မနောဒွါရဆိုတဲ့ ခြောက်ပါးမှာရှိတယ်၊ မျက်စိ, နား, နှာ, လျှာ, ကိုယ်, မနောမှာ ခန္ဓာငါးပါး ရှိတယ်ဆိုတာကိုတော့ သိရပါပြီ ဘယ်လိုရှိတယ်ဆိုတာ ခန္ဓာခွဲပြစမ်းပါ။

၁။ မျက်စိပသာဒအကြည်ရုပ်နှင့် ရူပါရုံအဆင်းရုပ်က ရူပက္ခန္ဓာ,

၂။ အာရုံ၏အရသာကို ခံစားတတ်တဲ့သဘောက ဝေဒနာက္ခန္ဓာ,

၃။ မှတ်သားတတ်တဲ့သဘောက သညာက္ခန္ဓာ,

၄။ ပြုပြင်စီရင်တတ်တဲ့သဘောက သင်္ခါရက္ခန္ဓာ,

၅။ သိတတ်တဲ့သဘောက—ဝိညာဏက္ခန္ဓာ ခွဲတတ်ကြပါသလား

တရားနာပရိသတ်၊ ကွဲအောင် သေသေချာချာခွဲကြည့်ကြ လုံးထွေး လုံးထွေး မလုပ်ကြပါနဲ့၊ နား, နှာ, လျှာ, ကိုယ်, မနော ကိုလည်း ဒီနည်းအတိုင်း ခွဲကြပါ၊ အဲဒီခန္ဓာငါးပါးဟာ အကြောင်း မရှိပါပဲ သူ့ချည်းသက်သက် ဖြစ်ပေါ်လာသလားဆိုတော့ မဟုတ် ပါဘူး၊ အကြောင်းရှိတာပေါ့၊ ဒါဖြင့် ဘယ်လိုအကြောင်းများလဲ ဆိုတော့ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, အာဟာရ စက္ခုရှုပစတဲ့ အကြောင်းတရားတို့ကြောင့် ဖြစ်ပေါ်လာရတဲ့ အကျိုးတရားများပဲ ဖြစ်ပါတယ်၊ အဲဒီခန္ဓာငါးပါးသည် ငါ သူတပါး ယောကျ်ား မိန်းမ မဟုတ် ခန္ဓာငါးပါးသာ ဟုတ်တယ်လို့ အဖန်ဖန် အထပ်ထပ် သုံးသပ် ဆင်ခြင် ပွားများအားထုတ်ကြရပါမယ်။

## ခန္ဓာငါးပါးကို ဝိပဿနာ ဒီလိုရှုမှတ်

ခန္ဓာငါးပါးသည် ခဏလေးမျှရပ်မနေ, ခုဖြစ်၍ခုပျက် မမြဲလေ သောကြောင့် အနိစ္စ။

ခန္ဓာငါးပါးသည် ခဏလေးမျှရပ်မနေ, ခုဖြစ်၍ခုပျက် ဆင်းရဲ လေသောကြောင့် ဒုက္ခ။

ခန္ဓာငါးပါးသည် ခဏလေးမျှရပ်မနေ, ခုဖြစ်၍ခုပျက် အလိုသို့ မလိုက်, အစိုးမရ, ကိုယ်မဟုတ်လေသောကြောင့် အနတ္တ။

အဲဒီပို ခန္ဓာငါးပါးကို လက္ခဏာသို့တင်၍ အနိစ္စ, ဒုက္ခ, အနတ္တ ရှုမှတ်အားထုတ်ရပါမယ်။

(အရကျက်) ခန္ဓာမုန်းမှ သံသရာဆုံးမယ်။

ခန္ဓာချုပ်မှ သံသရာပြုတ်မယ်၊

ခန္ဓာမခင်မှ သံသရာစင်မယ်၊

ခန္ဓာနှမြောရင် သံသရာမျှောမယ်၊
ခန္ဓာချစ်ရင် သံသရာနစ်မယ်၊
ခန္ဓကြောက်မှ သံသရာပျောက်မယ်။

အာယတန တဆယ့်နှစ်ပါး

၁။ စက္ခာယတန-မျက်စိအာယတန၊
၂။ သောတာယတန-နားအာယတန၊
၃။ ဃာနာယတန-နှာခေါင်းအာယတန၊
၄။ ဇိဝှါယတန-လျှာအာယတန၊
၅။ ကာယာယတန-ကိုယ်အာယတန၊
၆။ မနာယတန-စိတ်အာယတန၊

အဲဒီခြောက်ပါးကို အတွင်းမှာရှိတဲ့အတွက် (အဇ္ဈတ္တိကာယတန) အတွင်းအာယတနလို့ ခေါ်ပါ။

၇။ ရူပါယတန-အဆင်းအာယတန၊
၈။ သဒ္ဒါယတန-အသံအာယတန၊
၉။ ဂန္ဓာယတန-အနံ့အာယတန၊
၁၀။ ရသာယတန-အရသာ အာယတန၊
၁၁။ ဖောဋ္ဌဗ္ဗာယတန-အတွေ့ အာယတန၊
၁၂။ ဓမ္မာယတန-သဘော အာယတန၊

အဲဒီခြောက်ပါးကိုတော့ မိမိကိုယ်တွင်းမှတပါး အပြင်ဘက်မှာရှိလို့ (ဗာဟိရာယတန) အပြင်အာယတနလို့ ခေါ်ပါ။

(အာယတနဆိုတာ စိတ်စေတသိက်တို့၏ တည်ရာဖြစ်ရာ တည်ကြောင်း ဖြစ်ကြောင်းလို့မှတ်။)

ထပ်ဟောပြပါအုန်းမယ်—

စက္ခုပသာဒရုပ် – မျက်စိအကြည်ဆိုတာ မျက်နက်ဝန်းအလယ်၊ သူငယ်အိမ်အတွင်းမှာ သန်းဦးခေါင်းလောက် ပမာဏရှိပြီး မှန်ကဲ့သို့ အဆင်းမျိုးစုံတွေကို မြင်စွမ်းနိုင်တဲ့ အရာဝတ္ထုကို ခေါ်ပါတယ်။

သောတပသာဒရုပ်– နားအကြည်ဆိုတာ နားအတွင်းမှာ မွေးနီနုတွေစုရုံးပေါက်နေပြီး ကြေးနီကွင်း လက်စွပ်သဏ္ဍာန် ပမာဏရှိတဲ့ အသံမျိုးစုံတွေကို ကြားနိုင်တဲ့ အရာဝတ္ထုကိုခေါ်ပါတယ်။

ဃာနပသာဒရုပ် – နှာခေါင်းအကြည်ဆိုတာ နှာခေါင်းအတွင်း ဆိတ်ခွါသဏ္ဍာန်ရှိတဲ့အရပ်မှာ တည်ရှိသော အနံ့မျိုးစုံတွေကို နမ်းနိုင် ရှူနိုင် သိနိုင်သော အရာဝတ္ထုကို ခေါ်ပါတယ်။

ဇိဝှါပသာဒရုပ်– လျှာအကြည်ဆိုတာ လျှာရဲ့အပေါ်ဘက်ပြင်မှာ အလယ်ကပြတ်နေသော ကြာရွက်ပုံသဏ္ဍာန်ရှိတဲ့ အရပ်၌ တည်ကာ လျက်နိုင် ထိနိုင် သိနိုင်တဲ့အရာဝတ္ထုကို ခေါ်ပါတယ်။

ကာယပသာဒရုပ်—ကိုယ်အကြည်ဆိုတာ ဆံပင်၊ မွေးညှင်း၊ ခြေသည်းလက်သည်း၊ သွား၊ သွေ့ခြောက်သော အသားစွန်းအသားလွှာ အရေပြားတို့မှတပါး အခြားနေရာများတွင် တွေ့ထိမျိုးစုံဟူသမျှကို သိနိုင်တဲ့ အရာဝတ္ထုမျိုးကိုပင် ခေါ်ပါတယ်။

မနာယတန-စိတ်အကြည် အခု အထက်ကဟောခဲ့တဲ့ ငါးမျိုးကရုပ်စာရေးတွေလို့မှတ်ပါ။

သူတို့ချည့် မြင်မှု၊ ကြားမှု၊ နံမှု စသည် မဖြစ်နိုင်ပါဘူး၊ စိတ်အကြည်ဆိုတဲ့ နာမ်တရားပါမှ မြင်မှု ကြားမှုစသည် ဖြစ်နိုင်ပါတယ်။

(သိမှု–မနာယတန၊ ဓမ္မာယတန)

(မျက်စိအကြည်-စက္ခာယတန)

(ရူပါရုံအဆင်း-ရူပါယတန)

အဲဒီလို အာယတနလေးမျိုးတွဲပါမှ အမဲ အဖြူဆိုတဲ့ အသိဉာဏ် ဖြစ်ပေါ်လာနိုင်ပါတယ်၊ သောတာယတန စသည်တို့လဲ ခွဲပါ လွယ်ပါတယ်။

ရူပါယတန (အဆင်း)

အဖြူ, အမဲ, အဝါစတဲ့အဆင်းများပဲ ဖြစ်ပါတယ်၊ အဲဒီအဆင်းကို စိတ်၏စွဲလမ်းစရာ အာရုံဖြစ်တဲ့အတွက် ရူပါရုံလို့ ခေါ်ပါတယ်၊ သံသရာရှည်စေတတ်တဲ့ တရားဖြစ်လို့လဲ ရူပါယတနဟု ခေါ်ပါတယ်။

သဒ္ဒါယတန (အသံ)

လူသံ, ခွေးသံ, ငှက်သံစတဲ့ အသံများပဲဖြစ်ပါတယ်၊ ဒါကိုပင် သဒ္ဒါယတနလဲခေါ်ပါ၊ သဒ္ဒါရုံလို့လဲ ခေါ်ပါတယ်။

ဂန္ဓာယတန (အနံ့)

အမွှေးအကြိုင် စသော ကောင်းတဲ့အနံ့၊ အပုပ်အညှီ စသော မကောင်းတဲ့အနံ့များဟာ အနံ့ပဲဖြစ်ပါတယ်၊ ဒီအနံ့ကိုပင် ဂန္ဓာယတနလဲခေါ်ပါ၊ ဂန္ဓာရုံလို့လဲခေါ်ပါတယ်။

ရသာယတန (အရသာ)

အချို အဖန် အငန် အစပ်စသော ကောင်းတဲ့အရသာ အခါး စသော မကောင်းသော အရသာများပင် အရသာဖြစ်ပါတယ်၊ ဒီအရသာများကိုပဲ ရသာယတန-ရသာရုံလို့ခေါ်ပါတယ်။

ဖောဋ္ဌဗ္ဗာယတန (အတွေ့အထိ)

တွေ့ထိ၍ သိကောင်းသောအရာ မှန်သရွေ့ အယုတ်ဆုံးနေရောင် မီးရောင်ရဲ့အတွေ့သည်ပင် အတွေ့အထိဖြစ်ပါတယ်၊ အဲဒီအတွေ့ကို သုံးမျိုး ခွဲခြားထားပါတယ်၊ သုံးမျိုးဆိုတာက—

၁။ ပထဝီ—တခုခုကိုစမ်းသပ်ကြည့်တဲ့အခါ အမာဖြစ်စေ အပျော့ ဖြစ်စေ ထိ၍သိသောသဘောပဲ ဖြစ်ပါတယ်။

ဥပမာ—နှင်းကျတဲ့နေရာသို့ သွားကြည့်တဲ့အခါ သေးငယ်လှသည့် နှင်းပေါက်ကလေး ကိုယ်ပေါ်သို့ကျတာ သိရပါတယ်၊ ဘာကြောင့်လဲ မာတဲ့သဘောရှိလို့ပါပဲတဲ့။

တေဇော—ပူတဲ့သဘော အေးတဲ့သဘောပဲ ဖြစ်ပါတယ်၊ ရေပူကို စမ်းကြည့်မိရင် ရေပူ၊ ရေအေးကိုစမ်းကြည့်မိရင် ရေအေးဟူ၍ ပူတဲ့ သဘော အေးတဲ့သဘောကို သိပါတယ်၊ ရေမှာပါတဲ့ ပူတဲ့သဘော အေးတဲ့သဘောကိုပင် တေဇောလို့ ခေါ်ပါတယ်။

ဝါယော—တွန်းကန်လှုပ်ရှားခြင်း သဘောလေးကိုပင် ဝါယော ဟု ခေါ်ပါတယ်၊ ကိုယ်ပေါ်တွင် လေတိုက်ခတ်တဲ့အခါ လေပဲလို့ သိရတဲ့ အတွေ့ဖြစ်တဲ့သဘောသည်ပင် ဝါယောဟု ခေါ်ပါတယ်။

အဲဒီ အခုဟောခဲ့တဲ့ ဓာတ်ကြီးသုံးမျိုးကို ဖောဋ္ဌဗ္ဗာယတနဟူ၍ ၎င်း၊ စိတ်, စေတသိက်တို့၏ မွေလျော်ပျော်ရွှင်ဘွယ်ရာဖြစ်လို့ ဖောဋ္ဌဗ္ဗာ ရုံလို့လဲ ခေါ်ပါတယ်။

ဒီ အာယတန တဆယ့်နှစ်ပါးသည်လည်း နောက်ကဟောခဲ့တဲ့ အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ အာဟာရ စက္ခု ရူပစသော အကြောင်း တရားတို့ကြောင့် ဖြစ်ပေါ်လာရတဲ့ အကျိုးတရားပဲ ဖြစ်ပါတယ်။

ငါ သူတပါး ယောကျ်ား မိန်းမ လူ နတ်ဗြဟ္မာ ပုဂ္ဂိုလ် သတ္တဝါ မရှိ၊ အာယတန တဆယ့်နှစ်ပါးသာ ရှိတယ်လို့ အဖန်ဖန် အထပ်ထပ် အခါခါ ဆင်ခြင်သုံးသပ်ရပါမယ်။

## အာယတန တဆယ့်နှစ်ပါးတို့ကိုလဲ ဝိပဿနာ ဒီလိုရှု

ဤအာယတန တဆယ့်နှစ်ပါးသည် ခဏကလေးမှရပ်မနေ ခုဖြစ် ခုပျက်၍ မမြဲလေသောကြောင့် အနိစ္စ၊ ခဏကလေးမှ ရပ်မနေ ခုဖြစ် ခုပျက်၍ မမြဲလေသောကြောင့် အနိစ္စ။

ဤအာယတန တဆယ့်နှစ်ပါးသည် ခဏကလေးမှ ရပ်မနေ ခုဖြစ် ခုပျက်၍ ဆင်းရဲလေသောကြောင့် ဒုက္ခ၊ ခဏကလေးမှ ရပ်မနေ ခုဖြစ်ခုပျက်၍ ဆင်းရဲလေသောကြောင့် ဒုက္ခ။

ဤအာယတန တဆယ့်နှစ်ပါးသည် ခဏကလေးမှ ရပ်မနေ ခုဖြစ် ခုပျက်၍ အလိုသို့မလိုက် အစိုးမရ ကိုယ်မဟုတ်လေသောကြောင့် အနတ္တ၊ ခဏကလေးမှရပ်မနေ ခုဖြစ် ခုပျက်၍ အလိုသို့မလိုက် အစိုးမရ ကိုယ်မဟုတ်လေသောကြောင့် အနတ္တ။

ဓာတ် တဆယ့်ရှစ်ပါး ဆိုတာက–

၁။ စက္ခုဓာတ်–မျက်စိဓာတ်၊

၂။ သောတဓာတ်–နားဓာတ်၊

၃။ ဃာနဓာတ်–နှာခေါင်းဓာတ်၊

၄။ ဇိဝှါဓာတ်–လျှာဓာတ်၊

၅။ ကာယဓာတ်–ကိုယ်ဓာတ်၊

၆။ မနောဓာတ်-စိတ်မနောဓာတ်၊

၁။ ရူပဓာတ်—အဆင်းဓာတ်၊

၂။ သဒ္ဒဓာတ်—အသံဓာတ်၊

၃။ ဂန္ဓဓာတ်—အနံ့ဓာတ်၊

၄။ ရသဓာတ်—အရသာဓာတ်၊

၅။ ဖောဋ္ဌဗ္ဗဓာတ်—အတွေ့ဓာတ်၊

၆။ ဓမ္မဓာတ်—သဘောဓာတ်၊

၁။ စက္ခုဝိညာဏဓာတ်-မြင်သိဓာတ်၊

၂။ သောတဝိညာဏဓာတ်-ကြားသိဓာတ်၊

၃။ ဃာနဝိညာဏခေါတ်-နံသိခေါတ်၊

၄။ ဇိဝှါဝိညာဏခေါတ်-စားသိခေါတ်၊

၅။ ကာယဝိညာဏခေါတ်-တွေ့သိခေါတ်၊

၆။ မနောဝိညာဏခေါတ်-ကြံသိခေါတ်၊

အဲဒီခေါတ် တဆယ့်ရှစ်ပါးသည်လဲပဲ စင်စစ် မိုးပေါ်က ကျလာတာမဟုတ်၊ နောက်ကဟောခဲ့သလိုပဲ အဝိဇ္ဇာ တဏှာ ဥပါဒါန် ကံ အာဟာရ စက္ခု ရူပစသော အကြောင်းတရားတို့ကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးတရားဖြစ်ပါတယ်။

ဒီခေါတ်တဆယ့်ရှစ်ပါးလဲ ငါ သူတပါး ယောကျ်ား မိန်းမ လူ နတ် ဗြဟ္မာ ပုဂ္ဂိုလ် သတ္တဝါမဟုတ်ပါ၊ ခေါတ်တဆယ့်ရှစ်ပါးသာ ဟုတ်တယ်လို့ အဖန်ဖန် အထပ်ထပ် ဆင်ခြင်သုံးသပ်ရပါမယ်။

## ခေါတ် တဆယ့်ရှစ်ပါးတို့ကို ဒီလို ဝိပဿနာရှု

ဤခေါတ် တဆယ့်ရှစ်ပါးသည် ခဏကလေးမျှ ရပ်မနေ၊ ခုဖြစ် ခုပျက်၍ မမြဲလေသောကြောင့် အနိစ္စ။

ဤခေါတ် တဆယ့်ရှစ်ပါးသည် ခဏကလေးမျှ ရပ်မနေ၊ ခုဖြစ် ခုပျက်၍ မမြဲလေသောကြောင့် အနိစ္စ။

ဤခေါတ် တဆယ့်ရှစ်ပါးသည် ခဏကလေးမျှ ရပ်မနေ ခုဖြစ် ခုပျက်၍ ဆင်းရဲလေသောကြောင့် ဒုက္ခ။

ဤခေါတ် တဆယ့်ရှစ်ပါးသည် ခဏကလေးမျှ ရပ်မနေ၊ ခုဖြစ် ခုပျက်၍ ဆင်းရဲလေသောကြောင့် ဒုက္ခ။

ဤခေါတ် တဆယ့်ရှစ်ပါးသည် ခဏကလေးမျှ ရပ်မနေ၊ ခုဖြစ် ခုပျက်၍ ကိုယ်မဟုတ်လေသောကြောင့် အနတ္တ။

ဤခေတ် တဆယ့်ရှစ်ပါးသည် ခဏကလေးမှ ရပ်မနေ၊ ခုဖြစ် ခုပျက်၍ ကိုယ်မဟုတ်လေသောကြောင့် အနတ္တ။

## သစ္စာလေးပါး ဆိုတာက

၁။ ဒုက္ခသစ္စာ၊

၂။ သမုဒယသစ္စာ၊

၃။ နိရောဓသစ္စာ၊

၄။ မဂ္ဂသစ္စာ။

ဒုက္ခသစ္စာဆိုတာ– လောကီစိတ် ရှစ်ဆယ့်တပါး၊ လောဘကြဉ်သော စေတသိက် ငါးဆယ့်တပါး၊ ဣန္ဒြိယဗဒ္ဓရုပ် နှစ်ဆယ့်ရှစ်ပါး။

သမုဒယသစ္စာဆိုတာက– လောဘ။

နိရောဓသစ္စာဆိုတာ– နိဗ္ဗာန်။

မဂ္ဂသစ္စာဆိုတာက– မဂ်စိတ်လေးခု၌ရှိသော သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ – ဆိုတဲ့ မဂ္ဂင်တရားကိုယ်ရှစ်ပါးသည် မဂ္ဂသစ္စာလို့ ခေါ်ပါ။

ပုထုဇဉ်များရဲ့ သန္တာန်၌ ဒုက္ခသစ္စာ - သမုဒယသစ္စာ နှစ်ပါးသာ မုချအားဖြင့် ရနိုင်ပါတယ်၊ နိရောဓသစ္စာနဲ့ မဂ္ဂသစ္စာကို မရနိုင်ပါဘူး၊ ဒါကြောင့် ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာကိုသာ လက္ခဏာဘင် ရှုမှတ်ရပါမယ်။

ဒုက္ခသစ္စာ – သမုဒယသစ္စာ နှစ်ပါးဟာလဲ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ အာဟာရ၊ စက္ခုရုပ စသော အကြောင်းတို့ကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးတရားဖြစ်ပါတယ်။

ဒီသစ္စာနှစ်ပါးသည် ငါ သူတပါး ယောကျ်ား မိန်းမ လူ နတ် ဗြဟ္မာ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်ပါ၊ ဒုက္ခသစ္စာ – သမုဒယသစ္စာ နှစ်ပါးသာ ဟုတ်တယ်လို့ အဖန်ဖန် အထပ်ထပ် ဆင်ခြင်ရပါမယ်။

## သစ္စာနှစ်ပါးကို ဒီလို ဝိပဿနာရှု

ဤဒုက္ခသစ္စာ သမုဒယသစ္စာ နှစ်ပါးသည် ခဏကလေးမှ ရပ်မနေ၊ ချဖြစ် ချပျက်၍ မမြဲလေသောကြောင့် အနိစ္စ။

ဤဒုက္ခသစ္စာ သမုဒယသစ္စာ နှစ်ပါးသည် ခဏကလေးမှ ရပ်မနေ၊ ချဖြစ် ချပျက်၍ မမြဲလေသောကြောင့် အနိစ္စ။

ဤဒုက္ခသစ္စာ သမုဒယသစ္စာ နှစ်ပါးသည် ခဏကလေးမှ ရပ်မနေ၊ ချဖြစ် ချပျက်၍ ဆင်းရဲလေသောကြောင့် ဒုက္ခ။

ဤဒုက္ခသစ္စာ သမုဒယသစ္စာ နှစ်ပါးသည် ခဏကလေးမှ ရပ်မနေ၊ ချဖြစ် ချပျက်၍ ဆင်းရဲလေသောကြောင့် ဒုက္ခ။

ဤဒုက္ခသစ္စာ သမုဒယသစ္စာ နှစ်ပါးသည် ခဏကလေးမှ ရပ်မနေ၊ ချဖြစ် ချပျက်၍ ကိုယ်မဟုတ်လေသောကြောင့် အနတ္တ။

ဤဒုက္ခသစ္စာ သမုဒယသစ္စာ နှစ်ပါးသည် ခဏကလေးမှ ရပ်မနေ၊ ချဖြစ် ချပျက်၍ ကိုယ်မဟုတ်လေသောကြောင့် အနတ္တ။

တရားနာပရိသတ်တို့ရေ- ပညတ်, ပရမတ် ခွဲပြီးတဲ့နောက် ရုပ်နာမ် နှစ်ပါး၊ ခန္ဓာငါးပါး၊ အာယတန တဆယ့်နှစ်ပါး၊ ဓာတ် တဆယ့်ရှစ်ပါး၊ သစ္စာလေးပါး ခွဲခြမ်းစိတ်ဖြာ ဟောကြားခဲ့လို့ ပီးတဲ့အပြင် ရုပ်, နာမ်, ခန္ဓာ, အာယတန, ဓာတ်, သစ္စာတရားများကို လက္ခဏာယဉ်တင် ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်း တရား ပွားများ အားထုတ်တဲ့အကြောင်း ဟောပြလာလိုက်တာ နောက်က ဘာတွေ မှတ်မိသလဲ တော့ မပြောတတ်ဘူး၊ နာတော့နာနေတာပဲ၊ ဟောတဲ့ ပုဂ္ဂိုလ်ကလဲ ဟောနေတာပဲ။

ဟိုဝုန်းက တရားဟော ဆရာတော် တပါးလိုလဲ ဖြစ်နေမှာစိုးရ၊ ဘယ်လိုလဲဆိုတော့ (ကြေးစည်နဲ့တင်းပုတ် လူခိုးမှာစိုးလို့)

ဆရာတော်တပါး မျက်စိတီးတီးမှိတ် ဟောနေသတဲ့၊ တရားက တရားခြောက်၊ ရှေ့ကလဲမှေ့ဆိုတော့ ဖြုတ်ဖြုတ်နဲ့ ထပြန်ကုန်တာ ကုန်ရောပြောပါတော့။

ဒါနဲ့ ဆရာတော်က ငါ့ပရိသတ်ကြီး ငြိမ်လှချည့်လားဆိုပီး ပလ္လင် ပေါ်က မှိတ်ထားတဲ့မျက်စိ ဆပ်ကနဲလဲ ဖွင့်လိုက်ရော ပလ္လင်နားမှာ ပုဆိုးလေးခြုံ ဆပ်ခနဲ ဆပ်ခနဲ ငိုက်နေတဲ့ လူရွယ်တယောက်ထဲပဲ ကပ်သပ်ကျန်ရစ်ခဲ့တာကို မြင်ရတာနဲ့ 'ဟဲ့သူငယ် သူများတွေပြန်ကုန်ပီ နင်က ငါ့ဘရားကြိုက်လွန်းလို့ မပြန်ပဲငိုက်ပီး တရားနာနေတာလား' လို့ ရှက်ကုန်ရှက်ကန်းမေးလိုက်တော့ 'အရှင်ဘုရား တရား ကြိုက်လို့မဟုတ် ပါဘူးဘုရား၊ တပည့်တော်ရဲ့ ကြေးစည်နဲ့ တင်းပုတ် လူခိုးမှာစိုးလို့၊ စောင့်နေရတာပါလို့ လျှောက်လိုက်သတဲ့။

အခုလဲ - ငါ့ပရိသတ်တွေ ရှိမှရှိကြသေးရဲ့လားဟ ကြေးစည်နဲ့ တင်းပုတ် လူခိုးမှာစိုးလို့ စောင့်တဲ့လူလောက်တော့ ကျန်ကောင်းပါ ရဲ့နော်။

မဟာသေးဘူးလား – အော် အေးအေး သိပါဘူးကွာ တရား ခြောက်ဆိုတော့ ဟိုအနား ဒီအနား ထွက်သလိုလိုနဲ့ အိမ်ပြန်လစ်ကုန် ပလားလို့၊ ဒီလိုဆို တော်ပါသေးရဲ့။

တရားခြောက်ဆိုတာ သိကြလား ပရိသတ်၊ တရားခြောက် ကဗျာလွတ် (ရိုစရာမပါတဲ့) တရားမျိုးကို တရားခြောက်လို့ ခေါ်တယ်၊ မှတ်ချင်မှတ်ထား။

ထားပါတော့လေ- ရှေ့ကိုသွားကြမယ်။

တရားနာတယ်ဆိုတာ အနာထပိဏ်သူဌေးရဲ့သား မောင်ကာလ တရားနာသလို 'ဒီတလုံးတော့ မေ့သွားပြန်ပြီ၊ ရှေ့နားကတလုံး မမေ့ အောင် မှတ်လိုက်မဟဲ့' ဆိုတဲ့ သတိ အမှတ်အသားနဲ့ တလုံး မှတ်မိ မှတ်မိ နှစ်လုံးမှတ်မိမှတ်မိ နာရတယ်။

ဘုရား တရားတော်ဆိုတာ အလွန်တရာ နာရခဲတယ်လို့ အတိသဒ္ဒါ တပ် ဟောထားတာ၊ သဒ္ဓမ္မသဝနံ အတိဒုလ္လဘံ- တဲ့။

အဲဒီလို အလွန်တရာ နာရခဲတဲ့ တရားတော်ကို ပေါ့ပေါ့တန်တန် သဘောထားပြီး အပြင်းပြေ နာတာမျိုး နာပီးပျောက် မလုပ်ရဘူး၊ မိမိတို့အိမ်ကိုပါအောင် ယူသွားရတယ်။

အိမ်ရောက်တော့လဲ ချောင် ထိုးမထားနဲ့အုန်း ပွားများရတယ်၊ စာတတ်တာပြောသလို စာတတ်ပီး ချောင်ထိုးထားတော့ စာမရဘူး ပေါ့၊ မရတော့ ကိုယ်မတတ်တာထားလို့ အိမ်က ဒကာ ဒကာမ စရိတ် ထောက်ရတာ ဘယ်လောက်ကုန်တယ် အောက်မေ့လဲ ထားပါတော့ လေ။

တရားလဲ ဒီလိုပဲ နာထိုးလုပ်မနေကြနဲ့ အိမ်ပါအောင်ယူ ပွားများ၊ တရားနာရတဲ့အကျိုး ဘယ်လောက်ကြီးတယ် မှတ်သလဲ 'နဝကပ္ပံ သုတ ဓမ္မံ' မြတ်စွာဘုရား ဟောကြားညွှန်ပြ ဆိုဆုံးမတဲ့ တရားတော်ကို ရိုသေစွာ နာခံမှတ်သားရခြင်းဟာ ကိုးကမ္ဘာတိုင် အပါယ်လေးပါးသို့ မလားမရောက်ရပဲ လူတို့ရဲ့စည်းစိမ်ချမ်းသာ နတ်တို့ရဲ့စည်းစိမ်ချမ်းသာ ကို ခံစားစံစားရပါတယ်တဲ့။

ဒါတင်ဘဲလားဆို မကသေးပါဘူး-

ကာလေန ဓမ္မဿဝနံလို့ ဘုရားဟောတော်မူတဲ့ စကားတော်အရ တရားနာရခြင်း အကျိုးတရား ငါးပါး ရပါသေးတယ်။

အကျိုးတရားငါးပါး ဆိုတာက-

၁။ မကြားနာရသေးတဲ့ တရားတော်မြတ်ကို ကြားနာရတယ်။

၂။ ကြားနာဘူးတဲ့ တရားတော်ကိုလဲ တဖန် သန့်ရှင်းခိုင်မြဲ စေတယ်။

၃။ အယူဖြောင့်မှန်တယ်။

၄။ ယုံမှားသံသယကို ပယ်ဖျောက်နိုင်တယ်။

၅။ စိတ်နှလုံးကြည်လင်ရှင်လန်း ချမ်းသာတယ်ဆိုတဲ့ အကျိုးထူး
တရား ငါးပါးကို ရပါတယ်လို့ ဟောတော်မူပါတယ်။
ဒါတင်လဲမကသေးပါဘူး မဂ်ဖိုလ်နိဗ္ဗာန်အထိ အကျိုးပေးတယ်။

## သောတာပန်အကြောင်း သိကောင်းစရာ

(ရုပ်တရား နာမ်တရား အားထုတ်လို့ ပိုင်နိုင်သွားရင် တဒင်္ဂပဟာန် ဝိက္ခမ္ဘနပဟာန် အားဖြင့် သက္ကာယဒိဋ္ဌိဝိစိကိစ္ဆာကို ပယ်နိုင်တဲ့အတွက် စူဠသောတာပန်လို့ ခေါ်ပါတယ်။)

ရုပ်တရား နာမ်တရား ဖြစ်ပျက်ကို ပိုင်နိုင်သွားရင် အနိစ္စ, ဒုက္ခ, အနတ္တ ထင်မြင်ပါတယ်။

ရုပ်တရား နာမ်တရား ချစ်လဲမချစ် မုန်းလဲမမုန်း လျစ်လျူရှုလို့ ပိုင်နိုင်သွားရင်လဲ မဂ်ဖိုလ်ကိုရပါတော့တယ်။ မဟာသောတာပန်လို့ ခေါ်ပြန်တာပေါ့။

ဒါဖြင့် ရုပ်တရား နာမ်တရားဆိုတာကိုလဲပိုင်တယ် အဖြစ်အပျက်ကိုလဲပိုင်နိုင်တယ် ရုပ်နာမ်တရား ချစ်လဲမချစ် မုန်းလဲမမုန်းပဲ လျစ်လျူရှုနိုင်လို့ ဘာဝနာဉာဏ်ဖြင့် ပိုင်ပိုင်နိုင်နိုင်ထင်မြင်ပြီးတဲ့သူဟာ ဆိတ်ငြိမ်ရာသို့ကပ်၍ နောက်ကဟောခဲ့တဲ့ (မဟာသီဝထေရ် ဂင်္ဂါတီရထေရ်များကဲ့သို့ အားထုတ်လို့ သခါရုပေက္ခာဉာဏ် ရင့်သန်၍ အနုလောမဉာဏ် အခြေမှန်ရင် နေယျပုဂ္ဂိုလ်ဖြစ်က အခုဘဝ မဂ်ဖိုလ်နိဗ္ဗာန်ရနိုင်ပါတယ်၊ ပဒပရမပုဂ္ဂိုလ်ဖြစ်ပါက ဒုတိယဘဝ မဂ်ဖိုလ်နိဗ္ဗာန် ရနိုင်ပါတယ်။

အခုဘဝ မဂ်ဖိုလ်ရထိုက်တဲ့ ဥဃ္ဃဋိတညူပုဂ္ဂိုလ်, ဝိပဉ္စိတညူပုဂ္ဂိုလ်, နေယျပုဂ္ဂိုလ်တို့တွင်—

ဥဃ္ဃဋိတညူပုဂ္ဂိုလ်ဆိုတာ မြတ်စွာဘုရားသခင် တရားတော်ကို အကျဉ်းဟောပြရုံမျှနဲ့ မဂ်ဖိုလ်နိဗ္ဗာန်ရနိုင်ပါတယ်။

ဝိပဉ္စိတညူပုဂ္ဂိုလ်ဆိုတာ အကျဉ်းကို အကျယ်အားဖြင့်ဝေဘန်၍ ဟောပါမှ မဂ်ဖိုလ်နိဗ္ဗာန်ရနိုင်ပါတယ်။

နေယျပုဂ္ဂိုလ်ဆိုတာက မြတ်စွာဘုရားသခင်ရဲ့ အကျဉ်းအားဖြင့် ဟောတော်မူတဲ့ တရားတော်ကိုရင်း အကျယ်အားဖြင့်ဟောတော်မူတဲ့ တရားတော်ကိုရင်း ကြားနာရုံမျှနဲ့ မဂ်ဖိုလ်နိဗ္ဗာန်မရနိုင်ပဲ ကမ္မဋ္ဌာန်း တရားသင်ယူ၍ ကြိုးစားအားထုတ်နိုင်မှသာ မဂ်ဖိုလ်နိဗ္ဗာန် ရနိုင်ပါတယ်။

နေယျပုဂ္ဂိုလ်မှာလည်း သုံးပါးရှိပြန်ပါသေးတယ်၊ တိက္ခပုဂ္ဂိုလ်, မဇ္ဈိမပုဂ္ဂိုလ်, မုဒုပုဂ္ဂိုလ်လို့ သုံးမျိုးရှိပါတယ်၊ တိက္ခပညာနေယျပုဂ္ဂိုလ်ဆိုတာ မနက်တရားအားထုတ်ရင် ညကျရင် မဂ်ဖိုလ်ကိုရနိုင်ပါတယ်၊ မဇ္ဈိမပညာနေယျပုဂ္ဂိုလ်ဆိုတာ ခုနစ်ရက်ကစပြီး ခုနစ်နှစ်တိုင်အောင် တရားအားထုတ်မှ မဂ်ဖိုလ်ရနိုင်ပါတယ်။

မုဒုပညာနေယျပုဂ္ဂိုလ် ဆိုတာကတော့ ခုနစ်နှစ်ကနေ သေတဲ့အထိ တရားအားထုတ်မှ မဂ်ဖိုလ်ရနိုင်ပါတယ်လို့ မူလပဏ္ဏာသပတိပဋ္ဌာန သုတ် အဋ္ဌကထာ မိန့်ဆိုထားပါတယ်။

ကိုင်း....ဒီနေရာမှာ သောတာပန်နှစ်မျိုး တွေ့ခနပြန်ပြီ–

စူဠသောတာပန်ဆိုတာက တကယ်မဂ်ဝီထိကျပြီးဖြစ်တဲ့ သောတာပန်ကြီး မဟုတ်သေးလို့ သောတာပန်ငယ်ငယ်လေးလို့ ခေါ်ပါတယ်၊ စူဠသောတာပန်ဖြစ်သွားတော့ မဂ်ဟူသော ထောက်တည်ရာ ဖိုလ်ဟူသောသက်သာရာ ရရှိသကဲ့သို့ ရရှိသလို လောကီသစ္စာဉာဏ်နှင့်ပင် သစ္စာလေးပါးကို မြင်နိုင်တယ်၊ ပေါ့ပေါ့တန်တန် မအောက်မေ့ကြနဲ့၊ လားရာဂတိလည်းမြဲသွားတယ်၊ လားရာဂတိမြဲသွားတော့ ဘာဖြစ်လဲ၊ ဘာဖြစ်ရမလဲ နိဗ္ဗာန်ရောက်ကြောင်းတရားကို အားထုတ်ပွားများနိုင်တဲ့ လူနတ်ပြဟ္မာအဖြစ် ဂတိမြဲပြီး အပါယ်မလားရတော့ဘူး၊ အောက်သံသရာပြတ်သွားပြီ၊ အပါယ်နှင့် အဆက်အသွယ်ပြတ်သွားတယ်၊ အဲဒါ စူဠသောတာပန်လို့ ခေါ်ပါတယ်၊ သေသေချာချာ မှတ်ထားကြ။

ထပ်မှတ်ထားကြအုန်း–သတ္တဝါများ သံသရာကျင်လည်တယ်ဆိုရာမှာ သုဒ္ဓါဝါသငါးဘုံမှာ အနာဂါမိဖိုလ်ပုဂ္ဂိုလ်, အရဟတ္တမဂ်, အရဟတ္တဖိုလ်တည်းဟူသော အရိယာပုဂ္ဂိုလ် သုံးယောက် ရသောကြောင့် ကျန်တဲ့ (နှစ်ဆယ့်ခြောက်ဘုံ)၌သာ ပုထုဇဉ်ပုဂ္ဂိုလ်များ ကျင်လည်ရပါတယ်၊ ဒါကြောင့်– အတိတ်ဘဝကရုပ်နာမ်ဟာ သေပြီးနောက် ပစ္စုပ္ပန်ဘဝသို့ ပါမလာ၊ ပစ္စုပ္ပန်ဘဝမှာဖြစ်တဲ့ ရုပ်နာမ်ဟာလဲ အနာဂတ်ဘဝသို့ ပြောင်းရွှေ့မလိုက်လာ၊ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ စသောဇနကအကြောင်းကြောင့် ရုပ်နာမ်ဆိုတဲ့အကျိုးတရားနှစ်ပါး ဘုံသုံးပါးမှာလှည့်လည်ဖြစ်ပေါ်နေရပါတယ်၊ သဘောကျပလား၊ သဘောကျရင် ဒီဘဝကရုပ်နာမ်ဟာ ဟိုဘက်ဘဝသို့ လိုက်ပါတယ်ဆိုတဲ့ သဿတဒိဋ္ဌိ၊ ဒီဘဝကရုပ်နာမ်ဟာ ဟိုဘက်ဘဝသို့ မလိုက်ပါဘူးဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိအယူ ကင်းလွတ်သွားပါပြီ၊ ဒီနေရာမှာ လူအတော်များများ ယူလေ့ရှိကြတဲ့ အယူအစွဲလေးတခုကို ဟောပြလိုပါတယ်၊ အဲဒါကတော့ တခြားမဟုတ်ပါဘူး (လူဝင်စားလေး, တဖြစ်လဲလေး, ဘဝပြောင်းလေး) ဆိုတဲ့ အယူမှားပဲဖြစ်ပါတယ်။

အမယ်– အချို့ကတောင် ပြောလိုက်သေးတယ်၊ အမာရွတ်ကလေး ပါလာတယ် ဟိုဘက်ဘဝက မှတ်လွတ်လိုက်တယ်ဆိုတဲ့ အယူအဆတွေဟာ မဟုတ်နိုင်ပါ၊ ဘာဖြစ်လို့လဲဆိုတော့ မျက်စိတမှိတ် လျှပ်တပြက်အတွင်းမှာပင် ရုပ်က ကုဋေငါးထောင်ကျော် နာမ်က ကုဋေတသိန်းကျော် ဖြစ်ပျက်နေလို့ပါဘဲ၊ မြတ်စွာဘုရားသခင်က ဥပမာပြ ဟောထားပါသေးတယ်၊ ကောင်းကင်ကလျှပ်စီးလက်တဲ့အရောင်ဟာ မလက်ခင် အနာဂတ်ကာလမှာလည်း မရှိ၊ လက်ပြီးသွားတဲ့ အတိတ်ကာလမှာလဲ မရှိ၊ ပစ္စုပ္ပန်သက်သက်ကလေးမှာသာ ရှိပါတယ်တဲ့၊ အဲဒီ ဥပမာလိုပါပဲ ရုပ်,နာမ်တရားဟာလဲ အတိတ်မှာလဲ မရှိ, အနာဂတ်မှာလဲ မရှိ, ပစ္စုပ္ပန်သက်သက်မှာသာ လျှပ်စစ်ရောင်လို ရှိတယ်လို့ ဟောတော်မူပါတယ်၊ ညီတော်မင်းနန်(နန္ဒ)ကိုလဲပဲ အတိတ်ကိုလည်း မရှုနဲ့၊ အနာဂတ်

ကိုလည်း မရှုနဲ့၊ပစ္စုပ္ပန်တည့်တည့်ကိုသာ ရှုရမယ်လို့ ဆုံးမထားပါတယ်၊ မြင်၊သိ၊ပျက် စသဖြင့် ဟောတော်မူပါတယ်၊ ဒီ ဘုရားတရားတော် ထောက်ထားသဖြင့် ဒီဘက် ဘဝက ရုပ်နာမ်ဟာ ဟိုဘက် ဘဝ ပါတယ် မပါဘူးဆိုတဲ့ မှောက်မှားတဲ့ အယူအဆ ဘယ်သူကမှ မယူကြပါနဲ့လို့ သတိပေးဟောကြားပါတယ်၊ စဉ်းစားသတိထား တရားနာ ပရိသတ်၊ ရုပ်နာမ်တရားဟာ ပစ္စုပ္ပန် သက်သက်မှာသာ ရှိတယ်လို့ သိသွားရင်(လောက်လားသဘွယ်ဝိညာဏ်ဘွယ်တယ်၊) သောက်ရေအိုးထဲ အမှိုက်ယောင် ဆောင်ဝင်တယ်ဆိုတဲ့ အယူအဆ ပျောက်စေပေါ့၊ ဟိုဘက်ဘဝက ရုပ်နာမ်ဟာ ဒီဘက်ဘဝပါတယ်လို့ ထင်မြင်ယူဆရင်လဲ သဿတဒိဋ္ဌိဖြစ်မယ်၊ ဒီဘက်ဘဝ မပါဘူးဆိုရင်လဲ ဥစ္ဆေဒဒိဋ္ဌိ ဖြစ်မယ်၊ မိမိကိုယ်ကို မိမိ သတိထား၊ ဒါပေမဲ့ အကြောင်းတော့ မကင်းဘူးနော်၊ ဒီနေရာအယူအဆ တယ်လိုတယ်၊ဘယ်လိုအကြောင်း မကင်းသလဲဆိုရင် တောထဲမှာ လူတယောက်အော်လိုက်တဲ့အခါ ထွက်ပေါ်လာတဲ့ အသံကို (ပဲ့တင်သံလို့) ခေါ်ပါတယ်၊ အဲဒီအသံဟာ ပထမအော်လိုက်တဲ့ လူသံလဲမဟုတ်၊ ထိုလူသံနှင့်ကင်း၍လဲ ပဲ့တင်သံဆိုတာ မဖြစ်နိုင်ပါ၊ အဲဒါ ဥပမာပဲ။

ယခုလဲ ဒီဘဝကရုပ်နာမ် ဟိုဘက်ဘဝသို့ ပြောင်းရွှေ့လို့ မလိုက်၊ ဒီဘဝကရုပ်နာမ်နဲ့လဲ ကင်းလို့မဖြစ်နိုင်၊ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ ဆိုတဲ့ ရှေးဘဝက အကြောင်းတရား လေးပါးနှင့် အာဟာရဆိုတဲ့ ထောက်ပံ့တတ်တဲ့ အခုဘဝ အကြောင်းတပါးအားဖြင့် အကြောင်းတရား ငါးပါး၊စက္ခုရုပစသော အကြောင်းတရားတို့ကြောင့် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုတဲ့ အကျိုးတရား ဖြစ်တယ်လို့ ယူကြပါ၊ တိုတိုက- အကြောင်းတရားကြောင့် အကျိုးတရားဖြစ်တယ်ပေါ့။

ရုပ်နာမ်တရား နှစ်ပါးတို့ရဲ့ အဖြစ်တရားကို ဟုတ်မှန်တဲ့အတိုင်း မြင်လိုက်ရင် ဥစ္ဆေဒဒိဋ္ဌိကို ပယ်နိုင်မယ်၊ ရုပ်နာမ်နှစ်ပါးတို့ရဲ့ အပျက်

တရားကိုလဲ ဟုတ်မှန်တဲ့အတိုင်း မြင်သွားနိုင်ရင်လဲ သဿတဒိဋ္ဌိကို ပယ်နိုင်မယ်ဆိုရင် စူဠသောတာပန် သောတာပန်ငယ်လို့ ခေါ်တယ်။

သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိနှစ်မျိုး တွဲဘက်ဖြစ်တဲ့ ဘဝတဏှာ၊ ဝိဘဝ တဏှာ နှစ်မျိုးစလုံး သူ့သန္တာန်မှာ မရှိတော့ပါဘူး၊ ဖြစ်ခြင်းကိုသိရင် ဥစ္ဆေဒဒိဋ္ဌိကို ပယ်ပါတယ်၊ ပျက်ခြင်းကို သိရင်လဲ သဿတဒိဋ္ဌိကို ပယ်ပါတယ်။

မဟာသောတာပန်ဆိုတာက

တိဏ္ဏံသံယောဇနာနံ - ဆိုတဲ့ အင်္ဂုတ္တိုရ်စကားအရ သံယောဇဉ် ဆယ်ပါးထဲက သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ ဆိုတဲ့ သံယောဇဉ်သုံးပါး ပယ်ပစ်ပါတယ်။

ဒီသံယောဇဉ်သုံးပါး ပယ်လိုက်တယ်ဆိုရင်တော့ ငါ - ငါ - လို့ အရိုးစွဲနေတဲ့ သက္ကာယဒိဋ္ဌိ၊ ဒီရုပ်နာမ်ဟာ ရှေးက ငါဖြစ်ဘူးသလား မဖြစ်ခဲ့ဘူးလား လူနတ်ပြဟ္မာ မိဘ စသည်တို့ကြောင့် ရုပ်နာမ်ဖြစ်တာ လား စတဲ့ ဝိစိကိစ္ဆာ၊နွားအကျင့် ဝက်အကျင့်ကိုမှ အကောင်းထင်တတ် တဲ့ သီလဗ္ဗတပရာမာသ ဆိုတဲ့ သံယောဇဉ်သုံးပါး မဖြစ်တော့ပါဘူး။

ကံငါးပါးလဲ လုံခြုံသွားပြီ၊ သစ္စာလေးတန် မဂ်ဉာဏ်ကို သိရ သဖြင့် အဝိဂမသဒ္ဓါနဲ့လဲ ပြည့်စုံသွားတယ်၊ ဘုရားစတဲ့ ရတနာသုံးပါး ကိုလဲ မတုန်မလှုပ် သက်ဝင်ယုံကြည်သွားပြီ၊ ဒီဘဝ ဟိုဘဝ ဘယ်ဘဝမှ မပျက်တော့ပါဘူး၊ သဒ္ဓါတရား အစစ်ရသွားမှကိုး၊ ပစ္စက္ခသဒ္ဓါလို့လဲ ခေါ်ဆိုနိုင်ပါတယ်၊ လားရာဂတိမြဲ ဝိနိပါတဘေးလဲလွတ်၊ အထက်မဂ် အထက်ဖိုလ်ကိုသာလျှင် မတိမ်းစောင်းတဲ့ လဲလျောင်းရာလဲရှိ၊ အားရ စရာက နိဗ္ဗာန် ရောက်ရာရောက်ကြောင်း ဖြစ်တဲ့ တရားများကို ကောင်းကောင်း အားထုတ်နိုင်တဲ့ အားထုတ်ခွင့်ရတဲ့ လူဘုံ, နတ်ဘုံ,

ဖြဟ္မာဘုံ၌ မြဲတဲ့ ဂတိရှိသွားပြီ၊ မစ္ဆရိယ – မနာလိုဝန်တိုတဲ့ တရားလဲ ကင်းသွားပြီ။

## ဝိပဿနာအားထုတ်သော ယောဂီပုဂ္ဂိုလ်အား သောတာပတ္တိမဂ်စိတ်ဖြစ်ပုံ

ဉဒယဗ္ဗယဉာဏ်မှ စ၍ သစ္စာနုလောမဉာဏ် တိုင်အောင် ဝိပဿနာ အဆက်ဆက် အားထုတ်ခဲ့သော ဝိသုဒ္ဓိခြောက်ပါးနှင့် ပြည့်စုံသော သူအား သောတာပတ္တိမဂ် ဖြစ်လိုသောသူဟာ ဘဝင်နှစ်ကြိမ်လှုပ်ပြီး တောဘူမက သင်္ခါရတရားများကို အာရုံပြုလျက် မနောဒွါရဖြင့် ဆင်ခြင်သော မနောဒွါရာဝဇ္ဇန်းစိတ် တကြိမ်ဖြစ်၏၊ ထို့နောင် ဉာဏ် ထိုင်းသော မန္ဒပညာဆိုသူဖြစ်ရင် ပရိကံ ဉပစာ အနုလုံ ဂေါတြဘူ ဟူသော ကာမဇောစိတ် လေးကြိမ်ဖြစ်၏၊ ထို့နောက် သောတာပတ္တိ မဂ်စိတ် တကြိမ်၊ ထို့နောက် သောတာပတ္တိဖိုလ်စိတ် နှစ်ကြိမ် ဖြစ်ပါ တယ်၊ ဉာဏ်ကောင်းသော တိက္ခပညာဆိုသူအား အထက်ပါအတိုင်း မနောဒွါရာဝဇ္ဇန်းစိတ်အထိ ဖြစ်ပြီးလျှင် ဉပစာ အနုလုံ ဂေါတြဘူ ဟူသော ကာမဇောစိတ် သုံးကြိမ်ဖြစ်လျက် ထို့နောက် သောတာပတ္တိ မဂ်စိတ်တကြိမ်၊ သောတာပတ္တိဖိုလ်စိတ် သုံးကြိမ် ဖြစ်ပါတယ်၊ အဲဒီလို မဂ်ဝီထိကျ ဖြစ်တဲ့သူကို မဟာသောတာပန်လို့ ခေါ်ပါတယ်။

## သောတာပန်များဟာ ဘုရားစတဲ့ ရတနာသုံးပါးနဲ့ ခွဲခွါ၍မနေနိုင် မယ်ဉတ္တရာ ဝတ္ထုပါတယ်။

သူဌေးဟောင်း ပုဏ္ဏသူဌေး သူဌေးကတော် မယ်ဘာဒရိတာ တဦး တည်းသောသမီးလေး မယ်ဉတ္တရာတို့ သားအမိ သုံးယောက်စလုံး ဗိမ္ဗိသာရမင်းကြီး ပေးတဲ့အိမ်ရာကို ဆောက်ပြီး အိမ်တက်မင်္ဂလာ ထိမ်းဆောင်းမင်္ဂလာ သမီးမယ်ဉတ္တရာ နားထွင်းမင်္ဂလာတို့ကို ခုနစ်ရက် တိုင်တိုင် ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို ဆွမ်းကျွေးအလှူကြီး

ပေးပွဲမှာ ဘုရားတရား နာကြားရသဖြင့် သုံးယောက် အကုန်လုံး သောတာပန်ဖြစ်သွားကြပါတယ်၊တနေ့တော့ ပုဏ္ဏဆင်းရဲသားအဖြစ်နဲ့ နေခဲ့တဲ့အိမ်ရှင်ဖြစ်တဲ့ သုမနသူဌေးက သူ့သားမောင်နန္ဒနှင့် မယ်ဥတ္တရာ ပေးစားဘို့ပြောလာပါတယ်၊ဒီစကားကို ပုဏ္ဏသူဌေးက ဟောဒီလိုတွေး တောနေသတဲ့'အင်း....သုမနသူဌေးက မိစ္ဆာဒိဋ္ဌိအယူ ဘုရားစတဲ့ရတနာ သုံးပါးဂုဏ်ဆိုတာ မသိနားမလည် ရှိသေလေးစား အရေးထားမှုမပြု၊ အခုငါ့သမီးလေးက သောတာပန်၊ ဒီတော့ မိစ္ဆာဒိဋ္ဌိနှင့် သောတာပန် မတန်ဘူး၊ ငါ့သမီးလေးတော့ အနေရ ကြပ်တော့မယ်၊ နောက်ပြီး ငါ့သမီးလေးက သောတာပန်သာဖြစ်သေးလို့ ကာမဂုဏ်ကိုလဲ မပယ် နိုင်၊ ဘုရားစတဲ့ရတနာသုံးပါးကို ခွဲခွါ၍နေလို့လဲမရ၊ အနာဂါမ်မဟုတ် သေးလို့လဲ ကာမဂုဏ်ကို မပယ်နိုင်၊ ဖြစ်မှုဖြစ်ပါ့မလား'လို့ တွေးတော နေမိပါတယ်၊ ဒါပေမဲ့ ပတ်ဝန်းကျင်အပေါင်းအသင်း သူဌေးတွေက စိုပြီးသားလက် မခြောက်စေရန် တချိန်က မိမိနေခဲ့တဲ့ အိမ်ရှင့်သား မငြင်းဆန်ဘို့အကြောင်း အတန်တန်ပြောကြတာနဲ့ ပေးစားလိုက်ရော ပြောပါတော့၊ ရောင်နောက် ဆံထုံးပါမြဲ ဆိုတဲ့အတိုင်း မောင်နန္ဒ နောက် လိုက်လာရတာပေါ့။

## အခက်ကြုံရ သမီးလှ

ဘာအခက်ကြုံရသလဲဆိုရင် လင်ကမိစ္ဆာဒိဋ္ဌိ မယားကသောတာပန် ဖြစ်နေလေတော့ မယားဥတ္တရာက ဘုရားစတဲ့ ရတနာသုံးပါးနှင့် ခွဲခွါ မနေနိုင် ကင်းကွာမနေနိုင်သည့် အားလျော်စွာ ဘုရားစတဲ့ ရတနာ သုံးပါး ဆည်းကပ်ခြင်းဆိုတဲ့အပြုအမူဖြင့် ဘုရားဖူးချင်တယ်၊တရားနာ ချင်တယ်၊ ဒါနပြုချင်တယ်၊ သီလ ဆောက်တည်ချင်သေးတယ် စတဲ့ ကုသိုလ်ကောင်းမှုတရားတွေ ပြုလုပ်ချင်ပေမဲ့ လင်ဖြစ်သူ မောင်နန္ဒက ခွင့်မပေး၊ ဒီတော့ အခက်ကြုံရတာပေါ့၊ ကြာတော့ မနေနိုင်ဘူး၊ ယောက္ခမအိမ် ရောက်လို့ ရက်ပေါင်း ခုနစ်ဆယ့်ငါးရက် လောက်လဲ ရှိသွားရော သူ့ဖေဖေ ပုဏ္ဏသူဌေးထံ သူ ဘုရားစတဲ့ ရတနာသုံးပါး

ဘယ်လိုမှ ပြုလုပ်ခွင့် မရတဲ့အကြောင်း လူလွှတ်စာပေးပြီး တိုင်ကြားပါတယ်၊ သောတာပန် ဖေဖေမေမေထံ သောတာပန် သမီးကလေး ရေးလိုက်တဲ့ စာကလေးက မြင်းမိုရ် တောင်ဦး မဟာကျုံးသော ကျေးဇူးရှင်များ ဖြစ်ကြတဲ့ ဖေဖေနှင့် မေမေတို့ရှင့် သမီးကို ဒီလောက် ကြပ်တည်း ယုတ်ညံ့လှတဲ့ နေရာကို ဘာပြုလို့ပို့ရတာလဲရှင် ဒီအိမ်မှာ နေရတာထက် လူဆင်းရဲအိမ်မှာ အိမ်စေ လုပ်ရတာကမှ မြတ်ပါသေးတယ်၊ ဒီလောက်တောင် အကျင့် ယုတ်မာပြီး အမြင်မကျယ်တဲ့ မိစ္ဆာဒိဋ္ဌိအိမ်ကို ရောက်ရတာဟာ သမီးမနှစ်သက် မပျော်မွေ့နိုင်ပါ၊ ဒီအိမ်ကို ရောက်လာတဲ့နေ့ကစပြီး အခုအထိ ဘုရားရှင်နှင့် သံဃာတော်တွေကို လုပ်ကျွေး ခစားရဘို့ နေနေသာသာ ဖူးမျှော်ကန်တော့ရခွင့် ကလေးကိုပင် မရပါ၊ သမီးဘယ်လိုလုပ်ရမလဲ ဖေဖေ မေမေတို့ရဲ့၊ ချစ်သမီးဥတ္တရာလို့ စာရေးပေးလိုက်တဲ့အခါ ဖခင်ဖြစ်တဲ့ ပုဏ္ဏသူဌေးကြီးက ငါတော့မှားပြီ၊ ငါ့သမီးလေး ဆင်းရဲပင်ပန်းနေရှာပါလားလို့ အလွန် သနားသွားသတဲ့၊ ဒါကြောင့်မို့ ငွေ တသောင်း ငါးထောင်ပေးပြီး မှာလိုက်ပါတယ်၊ ဘယ်လိုမှာလိုက်သလဲဆိုရင်–

ချစ်သမီးလေး ဒီရာဇဂြိုဟ်မြို့မှာ မိမိကိုယ်နှင့်ရင်းနှီးပြီး အသက်မွေးဝမ်းကျောင်းပြုနေတဲ့ ပြည့်တန်ဆာမ သိရိမာဆိုတာ ရှိလေရဲ့၊ အဲဒီသိရိမာဟာ တနေ့တနေ့ ငွေတထောင်ပေးပေး ပျော်ပါးရတယ်၊ ဒီသိရိမာဆိုတဲ့ မိန်းမကိုငှါး၍ သမီးလင်နှင့်ထားကာ သမီးပြုလုပ်ချင်တဲ့ ဒါနစတဲ့ ကုသိုလ်ကောင်းမှု ပြုလုပ်ပါလို့ မှာကြားလိုက်ပါတယ်၊ ကိုင်း.... သောတာပန်ဖြစ်တဲ့ ဥတ္တရာဟာ ဘုရားစတဲ့ ရတနာသုံးပါး ဆည်းကပ်ချင်လို့, ဒါနပြုချင်လို့, သီလဆောက်တည်ချင်လို့ ပြည့်တန်ဆာမ သိရိမာကိုပင် ငွေတသောင်းငါးထောင် ပေးငှါးပြီး ဒါနစတဲ့ ကုသိုလ်ကောင်းမှု ပြုတယ်ဆိုတာ သိသာထင်ရှားလောက်ပါပြီ၊ သောတာပန်မယ်ဥတ္တရာ ဘုရားစတဲ့ ရတနာသုံးပါး ဆည်းကပ်ပူဇော်ခွင့်, ဒါနစတဲ့ ကုသိုလ်ကောင်းမှု ပြုလုပ်ခွင့်ရပြီ ဆိုကြပါစို့။

အဖိတ်နေ့မှာ– မနက်ဖန် ဥပုသ်နေ့ဖြစ်လို့ ဘုရားအမူးရှိတဲ့ သံဃာတော်များ ဆွမ်းကပ်လှူရန် အခိုင်းအစေ မိန်းမတွေနဲ့ မီးဖိုထဲမှာ မောရပန်းရမှန်းမသိ ချွေးတလုံးလုံး အိုးမဲတွေ ဒလပေနဲ့ ဆွမ်းချက်နေတာ လင်ဖြစ်သူ မောင်နန္ဒမြင်တော့ မယားဥတ္တရာကို ကြည့်ပြီး– 'အောင်ဒီကျွန်မလေးအတော်မိုက်သေးတာပဲ၊ ကိုယ့်မှာခြေမွေးမီးမလောင် လက်မွေးမီးမလောင် အဆင်သင့်အရန်သင့် သူများကို လက်ညှိုးထိုးခိုင်းထိုင်စားနိုင်လောက်တဲ့ ပစ္စည်းရှိနေပါလျက် ဆင်းရဲဇာတာပါ မနေနိုင်ပါပဲ မိမိကိုယ်ကိုမိမိ အပင်ပန်းခံပြီး ချွေးတွေသန်တွေ အိုးမဲတွေနဲ့ ရဟန်းဂေါတမတို့ စားသုံးရန် ချက်ပြုတ်နေတာဟာ အတော်လဲ အံ့ဩဘို့ကောင်းတဲ့ မိန်းမစားပဲ'လို့ တွေးနေရင်း အသံထွက်အောင် ရီလိုက်ပါတယ်၊ သူကပဲတပြန်တည်း အံ့ဩနေပြန်သတဲ့၊ အံ့ဩဘို့ရီဘို့ကောင်းတာကသူ၊ ထားပါတော့လေ။

ခွက်ဟိုးခွက်လံရီလိုက်တဲ့အသံကို အနားမှာရှိနေတဲ့ ခဏမယား သီရိမာကြားပါတယ်၊ သီရိမာလဲ မောင်နန္ဒမျက်နှာမူရာ လှမ်းကြည့်လိုက်တော့ မယ်ဥတ္တရာကို မြင်တာပေါ့။

သီရိမာက ဘယ်လိုစဉ်းစားသလဲဆိုရင် 'အံ့မယ် ဒီမိန်းမက ငါ့လင်သူဌေးကို ဖျက်လိုဖျက်ဆီးနဲ့ဆိုပြီး ငါဟာ သူငှါးထားတဲ့ ခဏမယားပါလားလို့တောင် မဆင်ခြင် မစဉ်းစားနိုင်တော့ပဲ (ငပြူးကပြ) ဆိုတာလို ဥတ္တရာကို မကြေမနပ်ဖြစ်ပြီး ဆူနေတဲ့ထောပတ်ဆီပူတွေနဲ့ ခေါင်းကနေလောင်းချလိုက်ပါတယ်။

သီရိမာယူလာသောထောပတ်ဆီပူ ဥတ္တရာကမြင်ပေမဲ့ ဒီသီရိမာဆိုတာ ငါ့ရဲ့ကြီးမားလှတဲ့ ကျေးဇူးရှင်မ တယောက်ဖြစ်တယ်၊ ငါ့လင်သူဌေး သူလုပ်ကျွေးနေလို့သာ ငါဘုရားအမူးရှိတဲ့ သံဃာတော်တွေ ဆွမ်းကပ်ခွင့် ဒါနသီလဆိုတဲ့ ကုသိုလ်ကောင်းမှုတရားတွေ ပြုလုပ်လှူဒါန်းခွင့်ရနေပါလား စကြဝဠာနဲ့ သီရိမာရဲ့ကျေးဇူးနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် စကြဝဠာက ကျဉ်းမြောင်းပြီး သီရိမာရဲ့ကျေးဇူးက

ကျယ်ဝန်းပါပေတယ်၊ဒါတင်မကသေးပဲ အင်္ဂနိုင်ငံမြှော့ပြည်နဲ့ သီရိမာရဲ့ ဂုဏ်ကျေးဇူးနဲ့ နိုင်းစာရင်လဲ မြှော့ပြည်ကနိမ့်ပြီး သီရိမာကျေးဇူးက မြင့်မြတ်ပေတယ်၊ ဒါကြောင့် သီရိမာဟာ ငါ့အပေါ် ဘယ်လိုစိတ်ထားထား ငါ အမျက်ထွက် စိတ်ဆိုးလို့မဖြစ် တကယ်လို့ အမျက်ထွက်မယ်ဆိုရင် အခုသူလောင်းတဲ့ ထောပတ်ဆီပူဟာ ငါ့ကိုလောင်ပါစေ အမျက်မထွက်ပါက မလောင်ပါစေနဲ့ အေးမြပါစေလို့ အဓိဋ္ဌာန်ပြုပါတယ်။

သီရိမာလဲ ယူလာတဲ့ထောပတ်ဆီနဲ့ လောင်းလိုက်ပါတယ်၊ ဒါပေမဲ့ ဥတ္တရာရဲ့မေတ္တာစေတ်ဖြူစင်မှု အာနုဘော်ကြောင့် မပူလောင်ပဲ ရေစင်နဲ့ဖျန်းသလို အေးချမ်းနေပါတယ်တဲ့၊သူ့အမူအရာကြည့်ပြီး သီရိမာက ငါ့ထောပတ်ဆီအေးနေလို့လား ပါလားဆိုပြီး နောက်တခါ ယူလာပြန်ပါတယ်၊ ဥတ္တရာဘက်က အခိုင်းအစေမတွေက ဝိုင်းရိုက်ကြလို့ ဥတ္တရာကပဲ ငါ့ကျေးဇူးရှင်မမို့ မရိုက်ကြရန်တားမြစ်ပီး သူမကိုယ်တိုင် အခိုင်းအစေမတွေ ဝိုင်းရိုက်ကြတဲ့ဒဏ်ရာကို နှံ့သာနဲ့နယ်ပေးပါတယ်။

သီရိမာလဲ သူမှားမှန်းသိသွားတဲ့အခါ ငါ့ဦးခေါင်းခုနစ်စိတ်ကွဲတော့မှာပဲလို့ သတိသံဝေဂရပြီး မယ်ဥတ္တရာကိုသည်းခံပါရန် ဝန်ချတောင်းပန်ပါတယ်၊ ဥတ္တရာက သူမမှာ အဘဘုရားသခင်ရှိကြောင်း ညွှန်ပြပေမဲ့ သီရိမာက သူနဲ့ဘုရားနဲ့ အကျွမ်းတဝင်မရှိလို့ မတောင်းပန်တတ်ဘူးလို့ ပြန်ပြောတဲ့အခါ မနက်ဖန် မြတ်စွာဘုရား ငါတို့အိမ်ကြွလာမှာ အဲဒီအခါကျတော့ မိမိတတ်နိုင်သလောက် အလှူဝတ္ထုကိုလှူဒါန်းပူဇော်၍ တရားတော်ကိုနာ မိမိအပြစ်ပြော တောင်းပန်လို့ ပြောပြပါတယ်။

သီရိမာက ဟာ ဒီလိုဆိုကောင်းသားပဲဟုဆိုပြီး မိန်းမငါးရာခေါ် အိမ်ပြန် ဆွမ်းစတဲ့ အာဟာရတွေယူခဲ့ကာ မနက်အရုဏ်ဆွမ်းကပ်ပြီး ဥတ္တရာသင်ပေးတဲ့အတိုင်း လျှောက်ထားတောင်းပန်ပါတယ်။

မြတ်စွာဘုရားရှင်ရဲ့ခြေတော်ရင်း ဝပ်စင်းကာ ဘုန်းတော်အလွန် တရားကြီးမြတ်တော်မူသောမြတ်စွာဘုရား တပည့်တော်မသည် ဥတ္တရာ အဆွေမကို မနေ့က ထောပတ်ဆီနဲ့လောင်းမိပါတယ်ဘုရား၊ ဒီအပြစ် သူ့ကိုတောင်းပန်ပေမဲ့ အရှင်ဘုရားက သည်းခံစေဆိုမှ သည်းခံမယ်လို့ ပြောပါတယ်ဘုရား၊ အဲဒီအပြစ်ကို သည်းခံစေတော်မူပါဘုရားဟု လျှောက်ထားပါတယ်၊ မြတ်စွာဘုရားရှင်က သိရိမာအား သူတော် ကောင်းမဖြစ်တဲ့ ဥတ္တရာကို ပြစ်မှားတာဟာ ကြီးမားသောအပြစ်ရှိ တယ်စသဖြင့် ဟောတော်မူပါတယ်။

ဥတ္တရာကိုခေါ်တော်မူ၍ 'ချစ်သမီးဥတ္တရာ၊ သိရိမာက ထောပတ် ဆီပူနဲ့ လောင်းတာဟာ ဘယ်လိုစိတ်နှလုံးရှိသလဲ' ဟု မေးတော်မူပါ တယ်၊ 'ဥတ္တရာက မှန်လှပါ တပည့်တော်မဟာ သိရိမာကြောင့်သာ အရှင်ဘုရားကို ဖူးခွင့် တရားနာခွင့် ဒါနစတဲ့ကုသိုလ်ကောင်းမှု ပြုလုပ် ခွင့်ရပါတယ်ဘုရား၊ ဒါကြောင့်ဒီသိရိမာဟာ တပည့်တော်မရဲ့ ကျေးဇူး ရှင်တယောက် ဖြစ်ပါတယ်ဘုရား၊ စကြဝဠာ ကောင်းကင်မြေပြင်မျှ မက ကြီးမားလှတဲ့ ကျေးဇူးဂုဏ်သခင် အရှင်ဖြစ်ပါတယ်၊ သိရိမာကို ချစ်ခင်တဲ့မေတ္တာစိတ်ဖြင့်သာ ခံနေပါတယ်ဘုရားဟု လျှောက်ထား လိုက်ပါတယ်။

မြတ်စွာဘုရားက သာဓု သာဓု သာဓုလို့ သုံးကြိမ် ကောင်းချီးပေး သာဓုခေါ်ပါတယ်။

အကောဓေန ဇိနေ ကောဓံ၊ အသာဓုံ သာဓုနာ ဇိနေ။
ဇိနေ ကဒရိယံ ဒါနေန၊ သစ္စေနာလိကဝါဒိနံ။

ဥတ္တရေ၊ ချစ်သမီးဥတ္တရာ။ ကောဓံ၊ အမျက်ထွက်သောသူကို။ အကောဓေန၊ အမျက်မထွက်ခြင်းဖြင့်။ ဇိနေ၊ အောင်ရာ၏။ အသာဓုံ၊ မကောင်းသောသူကို။ သာဓုနာ၊ သူတော်ကောင်းပြုသဖြင့်။ ဇိနေ၊

အောင်ရာ၏။ ကဒရိယံ၊ ဝန်တိုသောသူကို။ ဒါနေန၊ ပေးကမ်းခြင်းဖြင့်။ ဇိနေ၊ အောင်ရာ၏။ အလိကဝါဒိနံ၊ မဟုတ်မမှန်ပြောဆိုတတ်သောသူကို။ သစ္စေန၊ မှန်ကန်သောစကားဖြင့်။ ဇိနေ၊ အောင်မြင်နိုင်ရာ၏။ (ဓမ္မပဒပါဠိတော်ကောဒဝဂ်)

အဓိပ္ပါယ်ကလွယ်ပါတယ်၊ အနက်ရရင် အဓိပ္ပါယ်လဲ သိနေတော့တာပါပဲ၊ ဒါပေမဲ့ ဟောပြပါအုန်းမယ်၊ အဓိပ္ပါယ်က ချစ်သမီးဥတ္တရာ အမျက်ထွက်နေတဲ့သူကို သည်းခံနေခြင်းဖြင့် အောင်မြင်နိုင်တယ်၊ သူတော်မဟုတ် သူယုတ်အကျင့်ဖြင့် စိတ်ကောင်းမရှိတဲ့သူကို နူးညံ့စင်ကြယ်တဲ့အကျင့်ဖြင့် အောင်မြင်နိုင်တယ်၊ ဝန်တိုတတ်တဲ့သူကိုလဲ မိမိက ပေးကမ်းချီးမြှင့်ခြင်းဖြင့် အောင်မြင်နိုင်တယ်၊ မဟုတ်မမှန်လိမ်ညာ ပြောဆိုတတ်သောသူကိုလဲပဲ ဟုတ်မှန်တဲ့စကားဖြင့် အောင်မြင်လာနိုင်ပါတယ်လို့ အဓိပ္ပါယ်ရပါတယ်။

ဒီတရားဒေသနာတော်ရဲ့အဆုံးမှာ သီရိမာနဲ့အတူ မိန်းမငါးရာများလဲ သောတာပန်ဖြစ်သွားကြပါတယ်။

အမှာ။ ။ဒီနေရာ ရွှေဆက်မဟောသေးဘူး၊ တော်ထားအုန်းမယ်ဆိုလဲ ရပါတယ်။

သီရိမာလဲ သောတာပန်ဖြစ်သွားရော ဘုရားရှင်အား သူ့အိမ်မှာ ဆွမ်းကျွေးပြီး 'အရှင်ဘုရား တပည့်တော်မအား သနားသဖြင့် သံဃာ ရှစ်ပါးကို မပြတ်ဆွမ်းလုပ်ကျွေးပါရန် လျှောက်ထားလို့ မြတ်စွာဘုရားက သီရိမာအိမ်ကို ဆွမ်းခံသံဃာရှစ်ပါးကို အလှည့်ကျလွှတ်ပေးတော်မူပါတယ်၊အဲဒီသီရိမာအိမ်ကို ဆွမ်းခံဝင်ရတဲ့ရဟန်းတပါးက ခရီးသွားရာဒေသခံရဟန်းတပါးနဲ့ စကားပြောဆိုကြရင်း သီရိမာရဲ့အိမ်ကို ဆွမ်းရကြောင်း ဆွမ်းလှူမှုနှင့်ပတ်သက်လို့လဲ ဂရုဘစိုက်ရှိကြောင်း အချောအလှမှာလဲ လူမိန်းမလောက်မက နတ်မိန်းမလောက်မကျ လှပတဲ့

အကြောင်း သူမဆွမ်းယူရတာထက် သူမကိုမြင်ရတာက မြတ်တယ်လို့ မစားရ ဝခမန်း ပြောပြပါတယ်။

ရှာခံရဟန်းကလဲ သီရိမာကိုမမြင်ရပဲ (လေသံကြား ဖမ်းတရားနာ ဆိုတာ)လို ပြောသံကြားနဲ့မှန်းဆပြီး လွမ်းနေတာပေါ့၊ ဒီလောက်လှပ တဲ့သီရိမာကို ငါသွားကြည့်မယ်ကြံပြီး ကြွလာရရောပြောပါတော့။

ကိုင်း....တိုတိုပြောကြပါစို့ရဲ၊ တခြားသံဃာများနဲ့ အတူ သီရိမာ အိမ် ဆွမ်းရောက်သွားပါတယ်၊ အဲဒီနေ့မှာပဲ စွဲလမ်းတဲ့ရဟန်း ကံခေ တယ်လို့ပြောရမလားမသိ သီရိမာနေမကောင်းလို့ အခန်းထဲကမထွက် တော့ပါဘူး၊ အခိုင်းအစေမိန်းမလေးတွေကိုသာ သံဃာတော်များကို ကောင်းကောင်းမွန်မွန် ဆွမ်းလောင်းလှူလိုက်ကြဘို့ ပြောဆိုမှာကြား ပြီး အိပ်နေပါတယ်။

ဒါနဲ့ ရဟန်းတော်တွေ ပြန်ကြွတော့မယ်ကြံတော့ ရှိခိုးဝပ်ချခြင်း အမှု မပြုရမနေနိုင်သေးတဲ့အတွက် အခိုင်းအစေမတွေကို တဘက် တယောက်စီအတွဲခိုင်းပြီး အခန်းထဲမှ အနိုင်နိုင်အားယူ၍ ကြိုးစား ပမ်းစားထွက်လာပါတယ်၊ စွဲလမ်းနေတဲ့ရဟန်းဟာ နေမကောင်းလို့ အခိုင်းအစေမလေးတွေ တွဲယူလာတဲ့ သီရိမာကိုလဲမြင်လိုက်ရော ရဟန်း ရဲ့စက္ခုပသာဒရုပ်ဆိုတဲ့ ယောကျာ်းနဲ့ သီရိမာရဲ့ ရူပါရုံလှလှလေးဆိုတဲ့ မိန်းမနဲ့ပေါင်းဆုံလိုက်တော့ အမလေး လှလိုက်တဲ့သီရိမာ ဟုတ်သားပဲ သူတပါးအပြောနဲ့ ငါ့အမြင် တကယ်ပင်မှန်နေပါလား၊ နေမကောင်း လို့ သူ့ကိုယ်သူ ဖီးလိမ်းဝတ်ဆင် မပြုပြင်နိုင်တာတောင် ဒီလောက်လှပ နေရင် နေကောင်းထိုင်ကောင်းနဲ့သာ ဖီလိမ်းပြုပြင်နေလိုက်မယ်ဆိုရင် ဘယ်လောက်လှလိုက်မလဲ အများကြီးလှနေမှာပဲ လူမိန်းမမက နတ် မိန်းမမကျဆိုတာ ဟုတ်ပါပေတယ်လို့ တွေးတောနေမိပါတယ်၊ ဒါပေမဲ့ ပြန်ခါနီး အချိန်မရလို့ ကြာကြာဇိမ်ဆွဲကြည့်မနေနိုင်တော့ပဲ ပြန်လာခဲ့ ရတယ်ဆိုပါတော့၊ကျောင်းတော်လဲရောက်ရော ဆွမ်းစားဘို့ထားအုန်း

သပိတ်ထဲကဆွမ်းကိုပင် မလှယ်ချင်တော့ပဲ အိပ်ရာထဲပစ်ပြီး ဘာပြောကောင်းမလဲ အတွေးသမားဖြစ်နေပါတယ်၊ လှလိုက်တဲ့သီရိမာ။

အင်းဒါကြောင့် အင်္ဂုတ္တိုရ်ပါဠိတော် ရူပါဒိဝဂ်မှာ မြတ်စွာဘုရားရှင်က–

'ချစ်သားတို့ မိန်းမတို့၏အဆင်းသည် ယောကျ်ားတို့၏စိတ်နှလုံးကို သိမ်းကျုံးယူငင်တည်သကဲ့သို့ ဒီလိုပဲ ယောကျ်ားတို့၏စိတ်ကို သိမ်းကျုံးယူငင်တည်သော ဒိပြင် တခြားသောအဆင်းကိုမျှ ငါဘုရားမြင်တော်မမူဘူး' လို့ ဟောတော်မူပါတယ်၊ သမုဒယအကြောင်းခံလိုက်တော့ ဆင်းရဲရတာပေါ့လေ။

ကာမရောဂါ ထိုအနာ ကုရာနတ္ထိ ဆေးမရှိ။

မိမိပညာ သတိသာ မဟာသြသဓဆေးမည်စွ တဲ့။

ဓမ္မပဒ ပါဠိတော်မှာပဲ 'ကာမတော ဇာယတိသောကော' လို့ ဟောတော်မူပါတယ်။

ကာမတော၊ ငါးဝအာရုံကာမဂုဏ်ကို မခွါနိုင်သည်၏အဖြစ်ကြောင့်။ သောကော၊ စိုးရိမ်ပူဆွေးငိုကြွေးရခြင်းသည်။ ဇာယတိ၊ ချစ်ချစ်ဆူဝေဖြစ်ရလေ၏။ ထားပါတော့လေ။

အဲဒီနေ့ ညပိုင်းမှာပဲ သီရိမာလဲ သေဆုံးသွားပါတယ်၊ ဗိမ္ဗိသာရမင်းကြီးကကြား၍ မြတ်စွာဘုရားအား ဆရာဇီဝကရဲ့နှမ သီရိမာ အနိစ္စရောက်ကြောင်း လျှောက်ထားတော့ မြတ်စွာဘုရားသခင်က မီးမဖုတ်, မြေမမြှုပ်ရန် အမိန့်ရှိလိုက်ပါတယ်။

သုံးရက်လဲကြာရော ဗိမ္ဗိသာရမင်းကြီးကလဲ ရာဇဂြိုဟ်မြို့သားမြို့သူတွေ အားလုံး အိမ်စောင့်လောက်ကိုသာ ချန်ထား၍ တယောက်မကျန်သီရိမာရဲ့အသုဘကို လိုက်ရှုကြရမယ်၊ မလိုက်ပါက ငွေရှစ်ကျပ်ပေးဆောင်ရမယ်လို့ အမိန့်ထုတ်ထားပါတယ်၊ မြတ်စွာဘုရားသခင်ကလဲ သံဃာတော်တွေအားလုံး သီရိမာရဲ့အသုဘရှုရန် လိုက်ကြရမယ်လို့ အမိန့်ရှိပြန်ပါတယ်။

၄၆ ရတနာ့ဂုဏ်ရည် (က-၁၇)

အဲဒီအခါမှာ သီရိမာကိုစွဲလမ်းပြီး လေးငါးရက် ဆွမ်းမစားပဲ ခုတင်ပေါ် အလျားမှောက်နေတဲ့ ရဟန်းအား တခြားရဟန်းတွေက 'ကိုယ်တော်ထ၊ မြတ်စွာဘုရားက သီရိမာကို သွားကြည့်ရမတဲ့' လဲ ဆို လိုက်ရော ကဗျာကရာထလာပြီး သပိတ်ထဲမှာ သီရိမာအိမ်ကရလာတဲ့ သိုးပုပ်နံစော် ကြိခွဲနေတဲ့ဆွမ်းတွေ သွန်ပစ်ဆေးကြောပြီး 'သွားကြမယ်' လို့ အားရဝမ်းသာ ပြောလိုက်သတဲ့။

## မြတ်စွာဘုရားသခင်နဲ့ ရဟန်းတော်များ

ဗိမ္ဗိသာရမင်းကြီးနဲ့ ရာဇဂြိုဟ်မြို့သားမြို့သူများ သုသာန်ရောက် လာကြပါတယ်၊ မြတ်စွာဘုရားသခင်က သီရိမာရဲ့ ယာဘက်က ရပ် တော်မူ၍ 'မင်းကြီး မသေခင်တုန်းက သီရိမာဟာ အသပြာဘယ် လောက်တန်သလဲ' မေးတော်မူပါတယ်။

"တနေ့တနေ့ကို အသပြာတထောင် တန်ပါတယ်ဘုရား" ဟု လျှောက်ထားပါတယ်၊ "အခုအခါ သီရိမာကို အသပြာတထောင်ပေး၍ ဘယ်သူဝယ်မလဲ" လို့ မြတ်စွာဘုရားကထပ်ပြီး အမိန့်ရှိပြန်ပါတယ်၊ "မင်းကြီးက မှန်လှပါ အခုအခါမှာတော့ အသပြာတထောင်မပြောနဲ့ အလကားယူပါဆိုတာတောင် ယူမဲ့သူ မရှိတော့ပါဘူးဘုရား" လို့ လျှောက်ထားပါတယ်။

ဒီတော့မှ မြတ်စွာဘုရားသခင်က—

ချစ်သားချစ်သမီးတို့ ရာဇဂြိုဟ်မြို့သူမြို့သားတွေ ချစ်ခင်ကြရပါ တယ်ဆိုတဲ့ သီရိမာကိုကြည့်ကြစမ်း၊ ဒီမြို့မှာပင် သီရိမာအသက်ရှင်တုန်း က တထောင်ပေးမဲ့သူရှိပေမဲ့ အခုအချိန် အလကားယူဆိုသော်လဲ ယူမဲ့ သူ မရှိတော့ပါ၊ ဒီလိုကုန်ခန်းခြင်းအဖြစ်သို့ရောက်နေတဲ့ အပုပ်ကောင် မကိုကြည့်ရှုပြီး တရားရကြကုန်လော့ စသဖြင့် မိန့်တော်မူပါတယ်၊ တခါဆက်လက်၍—

ပဿ စိတ္တကတံ ဗိမ္ဗံ၊ အာရုကာယံ သမုဿိတံ။
အာတုရံ ဗဟုသင်္ကပ္ပံ၊ ယဿ နတ္ထိ ဓုဝံ ဌိတိ။
ဓမ္မပဒပါဠိတော်။

စိတ္တကတံ၊ အဝတ်တန်ဆာ ပန်းနံ့သာဖြင့် ဆန်းကြယ်စွာပြုတတ်သော။ ဗိမ္ဗံ၊ သဏ္ဌာန်ထုလုပ် အရုပ်နှင့်လည်းတူထသော။ သမုဿိတံ၊ အရိုးသုံးရာ အကြောကိုးရာတို့ဖြင့် တည်ဆောက်အပ်သော။ အာတုရံ၊ နာကျင်တတ်စွာသော။ ဗဟုသင်္ကပ္ပံ၊ များစွာသောသူတို့သည်ကြံစည်အပ်သော။ အာရုကာယံ၊ ကိုးပေါက်ဒွါရ အမာဝရှိသောဤခန္ဓာကိုယ်ကို။ ပဿ၊ ရှုကြပါလော။ ယဿ၊ အကြင်ရုပ်နာမ်နှစ်ဖြာ စုဝေးရာဖြစ်သောခန္ဓာကိုယ်၏။ ဓုဝံဌိတိ၊ အမြဲကြာရှည် တည်ခြင်းသဘောသည်။ နတ္ထိ၊ မရှိချေ၏တကား။

သာဓု သာဓု သာဓုပါဘုရား။

ဒီဒေသနာတော်ရဲ့အဆုံးမှာ ရှစ်သောင်းလေးထောင်သော ပရိသတ်တွေဟာလဲ အကျွတ်တရားမြင်ကြရပါတယ်၊ သီရိမာကိုစွဲလမ်းတဲ့ ရဟန်းလဲ သောတာပန်ဖြစ်သွားပါတယ်။

ဒီအခါမှာပဲ ဥတ္တရာရဲ့ခင်ပွန်းဖြစ်တဲ့ မောင်နန္ဒလည်း မိစ္ဆာဒိဋ္ဌိကင်းပျောက် သမ္မာဒိဋ္ဌိအဖြစ်ရောက်လျက် သတိသံဝေဂဖြစ်ခါ ဥတ္တရာဟာ ငါ့ရဲ့ကျေးဇူးရှင်မဖြစ်ပေတယ်၊ သူမကိုအမှီသဟဲပြုရလို့ လမ်းမှားနေရာမှ လမ်းမှန်ကိုရောက်ရပေတယ်လို့ အောက်မေ့ပြီး ကျေးဇူးတင်ကာ ဥတ္တရာကိုအလွန်ချစ်မြတ်နိုးလျက် ဒီနေ့မှစပြီး ဥတ္တရာကို အမေမှတ်တော့မယ်ဟု အမိအရာ၌ထားကာ သူမသွန်သင်ဆုံးမတဲ့အတိုင်း လိုက်နာပါတော့မယ်လို့ ဝန်ချပြီး ပေါင်းသင်းပါတယ်၊ ဒီအခါကစ၍ နန္ဒ တာမာအမည် တွင်ပါသတဲ့။

ကိုင်း....တရားနာပရိသတ်တွေလဲ မယ်ဥတ္တရာဇာတ်သွားရဲ့ မှတ်သားစရာတရားကို အတုယူပြီးလိုက်ကျင့်ကြ မမေ့ကြပါနဲ့လို့ သတိပေးရင်း–

ဤသည်ကား သုတ္တန်ဒေသနာ အဘိဓမ္မာ ဒေသနာတော်မြတ်သည်ကား ကုသလာဓမ္မာ အကုသလဓမ္မာ အဗျာကတာဓမ္မာဟူ၍ ဟောတော်မူပါတယ်။

ဤသို့အင်မတန်မှ ကြားရနာရခဲလှတဲ့ တရားတော်မြတ်ကို ကြားနာရခြင်းတည်းဟူသော ဓမ္မသဝန ကုသိုလ်ကံစေတနာ သရဏဂုံသုံးပါးနှင့် ငါးပါးသီလကို ဆောက်တည်ရခြင်းတည်းဟူသော သီလကုသိုလ်ကံစေတနာ၊ ဆွမ်းအစရှိတဲ့ဒါနကိုလှူဒါန်းရခြင်းတည်းဟူသော ဒါနကုသိုလ်ကံစေတနာ ဤသို့ပေါင်းအပ်များမြတ်သော ကုသိုလ်ကံစေတနာတို့ကြောင့် အဆုံးစွန်သောဘဝနောင်ကာလ၌ ဈာန်တရား မဂ်တရား ဖိုလ်တရား နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို ရကြပါလိုကုန်သောဟူ၍ ဆုတောင်းကြပါကုန်၊ သာဓု သာဓု သာဓုပါဘုရား။

တဆက်ထဲဟောပြလိုက်အုန်းမယ် ဆက်နာကြ—

ခန္ဓာငါးပါးကို ငါငါလို့ စွဲနေတာမှန်သမျှ သက္ကာယဒိဋ္ဌိတွေချည့်မှတ်ထား၊ အဲဒီငါဆိုတာရှိလို့လား ရှိရင်ပြစမ်းပါ မရှိပါဘူး၊ မရှိတာအရှိလုပ်ပြီး မသိမှုအဝိဇ္ဇာကြောင့် ပုထုဇဉ်တွေ အမှောက်မှောက်အမှားမှား ထင်မြင်ယူဆနေကြတာပါ။

စင်စစ် ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးကိုပင် ငါ့ရုပ် ငါ့နာမ် ငါ့ဥစ္စာ ငါ့လယ်ယာကိုင်းကျွန်း ငါ့လင် ငါ့မယား ငါ့သား ငါ့သမီးစသဖြင့် အမှတ်မှားတွေ သညာဝိပ္ပလ္လာသ၊ အသိမှားတွေ စိတ္တဝိပ္ပလ္လာသ၊ အယူမှားတွေ- ဒိဋ္ဌိဝိပ္ပလ္လာသဆိုတဲ့ ဝိပ္ပလ္လာသသုံးပါးဖြင့် ဖေါက်ပြန်ထင်မှားနေကြတာပဲဖြစ်ပါတယ်။

အဲဒီလိုအထင်မှားအမြင်မှား ဖြစ်နေကြလို့ပဲ ငါ့ပစ္စည်း ငါ့လင် ငါ့မယား ငါ့သား ငါ့သမီးဖြစ်တယ်လို့ မရှုမှတ်ရမဲ့ တရားကိုရှုမှတ်နေကြပြီး ရှုမှတ်ရမဲ့တရားတွေကိုတော့ မရှုကြပဲလောကထဲ ပျော်ပါးမော်ကြွားနေကြတာ ကြာလှပါပြီ၊ ဒီလောက်ဆို တော်ကြရော့

ပေါ့၊ အနိစ္စ ဒုက္ခ အနတ္တတရား ပွားများကြပါတော့လားလို့ မြတ်စွာဘုရားသတိပေး တိုက်တွန်းထားတာကိုလဲ သတိမမူ။

ဒါတွေအားလုံးဟာ အပေါယ်ပညတ်ကို မခွါလှုံနိုင်ကြလို့ ရုပ်နာမ်ဖြစ်တဲ့ ပရမတ်ကို မမြင်ပဲ ငါ သူတပါး ယောကျ်ား မိန်းမ ထင်မှတ်စွဲလမ်းနေကြတာ။

ငါကတခြား ရုပ်နာမ်ကတခြားပါ၊ စဉ်းစားသတိထား အပေါယ်ပညတ် မခွါလှုံနိုင်သရွေ့ ဒီလိုပဲစွဲလမ်းချစ်ခင် မေတ္တာဝင်နေကြအုန်းမှာပဲ အပေါယ်ပညတ်ကို ခွါလှုံပယ်ခွါနိုင်မှ အတွင်းပရမတ် အထင်အရှား မြင်ရမှာပေါ့ အတွင်းသားပရမတ်ကို မြင်ရတဲ့အခါကျတော့မှ ငါစွဲအတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိတွေ ပျောက်ကင်းသွားလို့ အရိယာအဆင့်ရောက်ကြမယ်။

ဒါကြောင့် ငါ သူတပါး ယောကျ်ားမိန်းမဆိုတဲ့ အပေါယ်ပညတ်ကိုခွါလှုံ၍ အတွင်းသားပရမတ် မြင်နိုင်ကြမှာပဲ ဖြစ်ပါတယ်။

ငါစွဲ အတ္တဒိဋ္ဌိ သက္ကာယဒိဋ္ဌိကင်းကွာအောင် ပြုလုပ်အားထုတ်ကြပါလို့ တိုက်တွန်းနှိုးဆော်ရင်း ဤကား သုတ္တန်ဒေသနာ အဘိဓမ္မာဒေသနာတော်မြတ်သည်ကား ကုသလာဓမ္မာ အကုသလာဓမ္မာ အဗျာကတာဓမ္မာဟု ဟောတော်မူပါတယ်။

## သောတာပန်အကြောင်း သိကောင်းစရာ

သောတာပန်–သောတာပန်သဒ္ဓါ, သောတာပန်သီလ, ဘုရားစတဲ့ရတနာသုံးပါးကိုမတုန်မလှုပ် သက်ဝင်ယုံကြည်တယ်ဆိုတာတွေ အားလုံးခြုံ ဟောပြအုန်းမယ်၊ အခု ဘုရားစတဲ့ရတနာသုံးပါးနဲ့ ကင်းကွာခွဲခွါလို့ မနေနိုင်ဘူးဆိုတာကို သိသာရုံဟောပြပါမယ်။

ရာဇဂြိုဟ်မြို့က ဘာရဒွါဇဂေါတ္တပုဏ္ဏားရဲ့မိန်းမ ဓနဉ္စာနီပုဏ္ဏေးမဟာ လင်ဖြစ်သူက ခေါးနဲ့ချိန်းချောက်ပြီး နမောတဿ မရွတ်ရန်ပြော

ပေမဲ့ ဘုရားစတဲ့ရတနာသုံးပါးအပေါ် တကယ်တန်းသက်ဝင်ယုံကြည်နေသူ သောတာပန်ဖြစ်လို့ တော့ ဓားနဲ့ခုတ်ချင်ခုတ် အင်္ဂါကြီးငယ်ကို ဖြတ်ချင်လဲဖြတ် ဘုရားစတဲ့ရတနာသုံးပါးကိုတော့ မစွန့်နိုင်ဘူးလို့ ပြန်ပြောပါတယ်၊ ကိုင်းဘယ်လောက်ထင်ရှားသလဲ ဘုရားစတဲ့ရတနာသုံးပါးကြည်ညိုတဲ့နေရာမှာ ဓားမိုးထား အသက်ပင်သေပါစေ နောက်မဆုတ်ပဲ မယားက ဘုရားဘုရားတမြဲပဲတဲ့၊ ဘုရားစတဲ့ရတနာသုံးပါး၌ မတုန်မလှုပ် သက်ဝင်ယုံကြည်တယ်ဆိုတာ အဲဒါမျိုးကိုခေါ်ပါတယ်။

ရာဇဂြိုဟ်မြို့မှာပဲ သူပ္ပဗုဒ္ဓလူနူသောတာပန်လဲ သိကြားမင်းက သင့်ကို ရွှေတွေ ငွေတွေ အများကြီးပေးမယ် ဘုရားကို ဘုရားမဟုတ်ဘူး၊ တရားကို တရားမဟုတ်ဘူး၊ သံဃာကိုလဲ သံဃာမဟုတ်ဘူး ပြောခိုင်းပေမဲ့ မပြောပါ၊ ဘုရားစတဲ့ရတနာသုံးပါးအပေါ် ရွှေငွေပေး ဖျက်ခိုင်းသည့်တိုင်အောင် မပျက်စီးတော့တဲ့ အဝိဂမသဒ္ဓါဆိုတာ ထင်ရှားပီပေါ့။

သောတာပန်အလှူဆိုတာ

ပုထုဇဉ်လူဘာဟာ ဝန်တိုမှုရှိနေပြန်တော့ ငါ့ပစ္စည်းကုန်များသွားမှာလား သဒ္ဓါလွန်တော့ ကျွန်ဖြစ်ဆိုတာလို အလှူပေးရလွန်းတဲ့အတွက် နောက်မွဲသွားမလားဆိုတာလေးတွေ ရှိနေတတ်ပါတယ်၊ နောက်ကလဲဟောခဲ့ပြီ ပြန်ကြည့် သူတို့ပြောပြောနေကြတဲ့ မုတ္တစာဂီနဲ့ ကိုက်, မကိုက် ညီ, မညီ။

သောတာပန်များကျတော့ ဒီလိုမဟုတ်တော့ဘူး၊ အလှူပေးလို့ ငါ့ပစ္စည်းတွေ ကုန်သွားလေမလားဆိုတဲ့ နောက်ဆံတင်းမှုမရှိတော့ပါ၊ အလှူလှူလို့ ပစ္စည်းတွေကုန်သွားပါစေ၊ တစိမ့် မမှုပါ၊ အင်းငါလှူမိတာတော့ မှားပြီထင်တယ်ဆိုတဲ့ (ကုက္ကုစ္စသံသယ) နောင်တမျိုးလဲ ဘယ်အခါမှ မဖြစ်တော့ပါ၊ အဲဒီသဘောကို ဝိဂတမလမစ္ဆေရ-နှမြောဝန်တိုခြင်း အညစ်အကြေးကင်းစင်တယ်လို့ ခေါ်တယ်၊ မုတ္တစာဂီ-လွတ်လွတ်စွန့်ကြဲပေးကမ်းတယ်လို့ ဆိုပါတယ်။

ဒီ လွှတ်လွှတ်စွန့်ကြဲတယ်ဆိုတဲ့ အကြောင်းနဲ့ပတ်သက်လို့ ဓမ္မပဒ အဋ္ဌကထာ ပါဠိမှာလာတဲ့အနာထပိဏ် သူဌေးဝတ္ထုကို ကြည့်သဖြင့် သိနိုင်လောက်ပါတယ်၊မြတ်စွာဘုရားသီတင်းသုံးရန် ဇေတဝန်ကျောင်း အတွက် ငွေသန်းပေါင်း (ငါးရာလေးဆယ်) လှူဒါန်းစွန့်ကြဲခြင်းမျိုး, နေ့စဉ်သံဃာတော်များအားဆွမ်းကျွေးလှူဒါန်းခြင်းမျိုးပဲဖြစ်ပါတယ်၊ သံဃာများကြွလာတော့ သတ္တမတံခါးမှာစောင့်တဲ့နတ်က တံခါးပေါ် မှာ မနေနိုင်ပဲ ဖယ်ဖယ်ပေးနေရပါတယ်။

ဒါနဲ့ တနေ့တော့ သူ့အကွက် ဆိုက်လာပါပြီ၊ မိစ္ဆာနတ်ယုတ်က သူဌေးကြီး ကံမြင့်နေတုန်းမို့ အလှူမလုပ်ဖို့ ပြောပေမဲ့ မရဘူးထင်လို့ မပြောမိခဲ့၊ ပြောလို့လဲရမှာမဟုတ်၊ အခုလို ကံမကောင်း အကြောင်း မလှလို့ ခရမ်းသီးပိန် ခေါတုံးဖြစ်နေတဲ့အခါ ငါပြောရရင် ရမှာပဲဆိုတဲ့ အထင်နဲ့ ညလဲကျရော သူဌေးကြီးအိပ်နေတဲ့ အခန်းထဲဝင်ပြီး ကောင်း ကင်က ကိုယ်ရောင်ပြပါတော့တယ်၊ သူဌေးကြီးက 'သင်ဟာ ဘယ်သူ တုန်း'လို့မေးပါတယ်၊မိစ္ဆာနတ်က 'ကျုန်ုပ် သင့်ရဲ့အိမ်တံခါးဝ စောင့်တဲ့ နတ်ပါ'လို့ ပြန်ပြောလိုက်ပါတယ်၊ 'ဘာကိစ္စရှိလို့လဲ' မေးလိုက်တော့ 'သင့်ကိုဆုံးမမလို့ လာပါတယ်၊' သူဌေးကြီးက- 'ဒါဖြင့် ဆုံးမပါ' လို့ ပြောပါတယ်။

မိစ္ဆာနတ်ယုတ်က- သူဌေးကြီး သင်ဟာ ရှေးရေး နောက်ရေး မတွေးတောပဲ အလှူရဲ့ မဲ့ဆိုတာလို ရဟန်းဂေါတမနဲ့ သံဃာတွေကို သာ လှူနေလို့ အခု ဆင်းရဲနေပြီ၊ နောက် ကိုယ်စားဘို့တောင် ကျန်မှာ မဟုတ်တော့ဘူး၊ အလှူလုပ်တာ တော်ရောပေါ့၊ ရပ်ပြီး အလုပ်လေး ဘာလေး လုပ်အုန်းလေ၊ ဒါမှလဲ မူလအတိုင်း ပြန်ချမ်းသာလာမှာ ဖြစ်မယ်လို့ ပြောပါတယ်။

သူဌေးကြီးက- သင်ဆုံးမမယ်ဆိုတာ ဒါလားလို့မေးတော့ မိစ္ဆာ နတ်ယုတ်က ဟုတ်တယ်၊ ဒါပါပဲလို့ ပြောလိုက်ပါတယ်၊ ဟင်- မိစ္ဆာ

နတ်ယုတ် အစုတ်အနုတ် မဟုတ်တယုတ် လာမရှုတ်နဲ့၊ အခန်းထဲက အခုထွက်သွား၊ ငါက သင်တယောက်သာမက သင်တို့လို နတ်ယုတ်တွေ တရာတထောင် လာပြောပေမဲ့ ငါ့ရဲ့အလှူ ရပ်ထားလိုက်လိမ့်မယ် မထင်နဲ့ သဒ္ဓါတရား ပျက်စီး ဆုတ်ယုတ်သွားလိမ့်မယ်လို့လဲ မအောက်မေ့နဲ့၊ တုန်လဲ မတုန်လှုပ်ဘူး၊ အကျိုးမရှိတဲ့စကား လာပြောမနေနဲ့၊ ငါ့အိမ်က မြန်မြန်ထွက်သွားဆိုပြီး နှင်ချလိုက်ပါတယ်။

သောတာပန်စကားမို့ မပယ်ဝံ့၊ အိမ်တံခါးဝမှာ မနေနိုင်တော့ပဲ သားသမီးတွေ လက်ဆွဲကာ ထွက်သွားရတယ်ပေါ့။

နေစရာမရှိတဲ့အတွက် စတုမဟာရာဇ် နတ်မင်းကြီး အကူအညီမရ နောက်ဆုံး သိကြားမင်းရဲ့ အကူအညီနဲ့ပဲ သူဌေးကြီးရဲ့ ပျောက်နေတဲ့ ပစ္စည်းတွေ ပြန်ရအောင် ဒဏ်ထားပြီး ဝန်ချတောင်းပန်မှ အိမ်မှာ ပြန်နေခွင့် ရသွားပါတယ်တဲ့။

မိစ္ဆာနတ်လဲ နောက်တော့ ဘုရားတရား နာကြားရလို့ သောတာပန် ဖြစ်သွားပါတယ်၊ မိစ္ဆာနတ် ဝိဇ္ဇာနတ် ဖြစ်သွားတာပေါ့။

ဒီအနာထပိဏ်သူဌေးကြီးကို ကြည့်ပါ၊ အိပ်သွန်ဖာမှောက် ပစ္စည်းတွေ အကုန် ကုန်သွားပေမဲ့ လှူမြဲ၊ အဲဒါ အစလ သဒ္ဓါ၊ ဒီနေ့ လှူလို့ ကုန်သွားလို့ မနက်ဖန် မစားရ နေပါစေ သဒ္ဓါဓာတ် မပြတ် မစဲ လှူမြဲပဲ။

မြတ်စွာဘုရား သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံး နေတော်မူတဲ့အခါ ရာဇဂြိုဟ်မြို့မှာ သောတာပန် ဒါယိကာမကြီး တယောက် ရှိသတဲ့၊ သူ့သမီးနာမယ်က ကာဏာ၊ ဒါကြောင့် သူ့အမေကို ကာဏာအမေ (ကာဏမာတာ)လို့ ခေါ်ပါတယ်၊ အဲဒီ ကာဏာဆိုတဲ့ မိန်းကလေးဟာ တရွာမှာသွား အိမ်ထောင်ကျပါတယ်၊ တနေ့တော့ အမေတို့ရွာ ကာဏာက အိမ်လည်လာရော အမေ့အိမ်ရောက်ပြန်တယ်ဆိုလဲ တနေ့ပြန်မယ် တနေ့ပြန်မယ်နဲ့ ကြာနေပါတယ်၊ အိမ်က လူလွှတ်ခေါ်ရသည်အထိ ရက်ကြာသွားတာပေါ့။

ကိုင်း— ဒီနေ့တော့ပြန်ရမယ်၊ ဒါပေမဲ့ ငါဟိုရောက် စားဘို့မုံ့ ကြော်ပေးလိုက်အုန်းမယ်ဆိုပြီး မုံ့ကြော်နေပါတယ်၊ ရဟန်းတွေ ဆွမ်းခံလာရပ်တာနဲ့ လေးခါတိုင်တိုင် လှူပစ်လို့ မုံ့မပေးရတော့ဘူး၊ ဒါနဲ့ အမေလုပ်သူက တရက်နေအုန်း တရက်နေအုန်းနဲ့ တားထားလိုက်တာ ရက်အတော် ကြာသွားပါတယ်။

ကာဏာယောကျာ်းလဲ မလာနေဟာဆိုပြီး နောက်ထပ် မိန်းမတယောက် ဖျတ်ဆိုကောက်ယူလိုက်ပါတယ်၊ ဆိုင်းမနေတော့ဘူးပေါ့၊ သူ့လင် မယားငယ်တယောက် ထပ်ယူပြန်တဲ့ သတင်းလဲ ကြားရော ဘာပြောကောင်းမလဲ အိမ်ပေါ် လူးလိမ့်ငိုရော ဆိုပါတော့။

လှူဒါန်းပြီး နေ့တိုင်းနေ့တိုင်း ဘုရားအမှူးရှိတဲ့ သံဃာငါးရာ လှူနေလေတော့ ပစ္စည်းတွေကုန်၊ကြွေးယူထားကြတဲ့လူတွေကလဲ သန်းတရာ့ရှစ်ဆယ် ပြန်မပေးကြ၊ ဆွေခုနစ်ဆက်က အမွေရထားလို့ မြှုပ်ထားတဲ့ ငွေ သန်းရှစ်ဆယ်ကိုလဲ ကမ်းပြိုလို့ ရှာမတွေ့၊ ဒီတော့ အခြေအနေအရ ဆင်းရဲသွားတယ်ဆိုပါတော့၊ ဒါပေမဲ့ သူဌေးကြီးက ငါအလှူပေးလို့ သာ ဆင်းရဲရတယ်ဆိုတဲ့သဘောမရှိ၊စိတ်မကွက် စိတ်မပျက် သူတတ်နိုင်သလောက် လှူမြဲတိုင်း လှူနေပါတယ်။

ဒကာဆင်းရဲတော့ ဆရာဆင်းရဲဆိုတာလို အနာထပိဏ်သူဌေးကြီး အခိုက်အတန့် မွဲသွားတော့လဲ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေမှာ ဆန်ကွဲဆွမ်းနဲ့ ပုန်းရည်ကိုပဲ ဘဉ်းပေးနေရတာပေါ့၊ ဒါပေမဲ့ အနာထပိဏ်သူဌေး အိမ်တံခါးဝမှာ စောင့်ရတဲ့ မိစ္ဆာနတ်ယုတ်က သူဌေးကြီး လှူဒါန်းနေတာကိုပဲ မနာလိုမရှုစိမ့်နဲ့ မကြေမနပ်ဖြစ်နေပါတယ်၊ ဘာပြုလို့လဲဆိုတော့ ဘုရားရှင်မို့ အိမ်ကြွလာလာ, သံဃာတော်မို့ပဲ အိမ်ကြွလာလာ သူ့နေရာသူ နေမှုမနေနိုင်ပဲကိုး၊ ထားလိုက်အုန်းလေ။

ကဲ— ကာဏမာတာအကြောင်း ဆက်ကြအုန်းစို့၊ မြတ်စွာဘုရား သခင်လဲ ကာဏာရဲ့အမေ့အိမ်ကို ဆွမ်းခံကြွတော်မူလာပါတယ်၊မိခင်က မြန်မြန်ထက်ထက် ဘုရားသခင်ကို ဆီးကြိုပေမဲ့ ကာဏာကတော့

( လင်ပူမိနေလို့ အပြင်လူမသိ ) ဆိုတဲ့လို ဘုရားသခင်ကို တောင် ဝတ်မပြုနိုင်ပဲ ငိုမြဲငိုနေပါတယ်၊ ကာဏာငိုနေတာ မြတ်စွာဘုရားက မြင်တော်မူတော့ 'ကာဏာဘာပြုလို့ ငိုနေတာလဲ' လို့မေးတော်မူတော့ ဖြစ်ကြောင်းအကုန်အစင်ကို အစုံအလင် ဘုရားအား အမေက လျှောက်ထားပြပါတယ်၊ မြတ်စွာဘုရားက ကာဏာရဲ့အမေကို တရားဟောတော်မူပါတယ်၊ အမေဟောတဲ့တရား သမီးနာရလို့ သောတာပန်ဖြစ်သွားပါတယ်တဲ့၊ ဒါကြောင့်မို့ သောတာပန်များဟာ အလှူခံပုဂ္ဂိုလ် ဘုရားစတဲ့ ရဟန်းတော်တွေကို မြင်ရလျှင် ရှိနေတဲ့အလှူဝတ္ထုကို မလှူပဲကို မနေနိုင်ပါဘူးတဲ့၊ လှူဒါန်းလို့ကိုလဲ မရောင့်ရဲ မတင်းတိမ်နိုင်ဘူး၊ လှူပြီးရင်းလှူချင်ရင်းပဲဆိုတာ ထင်ရှားစေပေါ့။

နောက် ရာဇဂြိုဟ်မြို့က သောတာပန် ကုန်သည်တယောက်လဲ ကုန်ရောင်းထွက်ခါနီး ပစ္စည်းတွေအကုန်လှူပစ်လို့ အဖော်နှင့်မလိုက်နိုင်ဘဲ နောက်တနေ့မှ တယောက်တည်းသွားရာ လမ်းမှာ အလုခံရပါတယ်၊ ဒီအကြောင်းအရာ မြတ်စွာဘုရားသိတော်မူတာနဲ့ အနာထပိဏ်သူဌေး ဝိသာခါကျောင်းအမတို့ဟာ ဘုရားမဖူးရ, တရားမနာရ, မလှူရ မနေနိုင်ပါဘူးတဲ့၊ ဒါကြောင့်လဲ နေ့တိုင်း တနေ့ကို ကျောင်း သုံးခေါက် သုံးခေါက် ရောက်ပါတယ်၊ သွားတဲ့အခါမှာ လက်ချည်းသက်သက် လှူစရာမပါဘဲ ဘယ်တော့မှသွားရိုးထုံးစံ မရှိပါဘူး၊ နံနက်သွားရင် ယာဂုဆွမ်း, ညနေသွားရင် စတုမဓု, ညချမ်းသွားရင် ပန်းနံ့သာဆီမီးစတဲ့ လှူဘွယ်အဖြာဖြာ ယူသွားပါတယ် လို့ အတိုချုပ်မှတ်ထားကြ၊ လှူပုံလှူနည်းကိုလည်း အတုခိုးကြ တရားနာပရိသတ်တွေ။

ကိုင်း-ဒီလောကပဲ ထားကြအုန်း ပုထုဇဉ်ဆိုတဲ့ လူတွေမှာက ပုထုဇဉ်အဖြစ်မှ အရိယာဖြစ်အောင် လုပ်နည်းကိုသာ သိဘို့လိုပါတယ်၊ အရိယာတို့ရဲ့ဖြစ်ပုံ အချင်းအရာကို သိဘို့က လိုရင်းမဟုတ်ပါ၊ သိလျှင်တော့လဲ ကောင်းတာပေါ့လေ၊ ကဲ-ထားပါတော့လေ ရှေ့နားသွား ရအောင်။

## ဘုရားရှင်ရဲ့ဂုဏ်တော်ကို အဖန်တလဲလဲ အောင့်မေ့ရကျိုးများ

သိင်္ဂါလမာတာ ဆိုတဲ့ ဘိက္ခုနီမဟာ ပဒုမုတ္တိုရဲ့ မြတ်စွာဘုရား လက်ထက် အမတ်သမီးဖြစ်၍ အိမ်ထောင်မပြုဘဲ ရဟန်းမိန်းမ ပြုလုပ်ကာ ဘုရားစတဲ့ ရတနာသုံးပါးကို မြတ်နိုးလေ့ရှိပါတယ်။

သဒ္ဓါတရားသက်သက်နဲ့ ကြည်ညိုလို့ ပေးလှူတဲ့ ကောင်းကင်ကျ ပစ္စည်းကိုသာ သုံးဆောင်ပြီး မိမိကိုကြည်ညိုအောင် ဟန်ဆောင်ခြင်း လောကွတ်ပြုငှါလုပ်ခြင်း သစ်သီးပန်းစသည် ပေးခြင်းဆိုတဲ့ အပြု အမူမျိုး လုံးဝမပြုလုပ်ဘဲ နေမြဲတိုင်းသာ နေပါတယ်။

ဘုရားစတဲ့ ရတနာသုံးပါးကို အလွန်ရိုသေတယ်၊ မြတ်စွာဘုရားကို မပြတ် ဖူးမျှော်တယ်၊ တရားတော်ကိုလဲ အမြဲမပြတ်နာတယ်၊ တနေ့ တော့ ပဒုမုတ္တိုရဲ့မြတ်စွာဘုရားက ရဟန်းမိန်းမတယောက်ကို သဒ္ဓါဓိ မုတ္တ ဧတဒဂ်ရာထူးပေးနေတာ ကြားတော့ သဒ္ဓါကြည်ညိုစိတ်ဖြစ်လာ တာနဲ့ သူလဲပဲ ဒီဘိက္ခုနီမလို နောင်အခါပွင့်တော်မူမဲ့ ဘုရားရှင်တို့ လက်ထက် သဒ္ဓါဓိမုတ္တတေဒဂ် ရချင်ပါလို၏ဘုရားလို့ ဆုတောင်း ပါတယ်၊ 'ချစ်သမီး ဘာမှမစိုးရိမ်လင့် ဘုရားစတဲ့ ရတနာသုံးပါး၌ ကြည်ညိုခြင်းကိုဖြစ်စေလော့ ဆုတောင်းသည့်အတိုင်း ပြည့်စုံလတံ့၊ ဤကမ္ဘာမှ နောက် ကမ္ဘာတသိန်းရောက်ရင် ဩက္ကာကမင်းမျိုး ဖြစ်သော ဂေါတမဘုရားဖြစ်လိမ့်မယ်၊ ဒီအခါမှာ သိင်္ဂါလမာတာ ဆိုတဲ့အမည်နဲ့ ရဟန္တာမိန်းမဖြစ်လိမ့်မယ်'လို့ ပဒုမုတ္တိုရဲ့မြတ်စွာဘုရားက ဗျာဒိတ်စကား မိန့်ကြားတော်မူပါတယ်။

အဲဒီလို မြတ်စွာဘုရားစကား ကြားရသဖြင့် အလွန်ရာမှ ဝမ်း မြောက်ဝမ်းသာဖြစ်ပြီး တသက်လုံး ရဟန်းမိန်းမတို့ရဲ့ အကျင့်ဖြင့် ပူဇော်၍ ဘုရားကို မြတ်မြတ်နိုးနိုး လုပ်ကျွေးကာ အဲဒီဘဝမှ စုတေ မနေ သေလွန်တော့ ဒီကုသိုလ်ကြောင့် တာဝတိံသာနတ်ပြည်မှာ ဖြစ်ပါတယ်၊ ကမ္ဘာတသိန်းကာလပတ်လုံး ငရဲစတဲ့အပါယ်လေးပါးသို့

မလားပဲ ငါတို့မြတ်စွာဘုရားလက်ထက် ရာဇဂြိုဟ်မြို့မှာ ဥစ္စာ ရွှေငွေ ဆန်ရေစပါးပေါများတဲ့ သူဌေးသမီးဖြစ်ပီး သူဌေးသားနဲ့ထိမ်းမြားလို့ သိင်္ဂါလသတို့သားကိုမွေးဖွား၍ ရဟန်းပြုပြီး ဗုဒ္ဓါနုဿတိဘာဝနာကို ပွားစေ၍ ရဟန္တာမအဖြစ်သို့ ရောက်တော်မူပါတယ်။

မြတ်စွာဘုရားကို ကြည်ညိုတဲ့မိန်းမတွေထဲမှာ သိင်္ဂါလမာတာဟာ အထူးသဖြင့်သာလွန်၍ သဒ္ဓါကြည်ညိုတဲ့အရာ၌ ဧတဒဂ်ရာထူး ရတော်မူပါတယ်၊ (ထေရီအဋ္ဌကထာ) ဝတ္ထုထဲမှာ မြတ်စွာဘုရားကို မြတ်နိုးတယ်၊ ဖူးမျှော်တယ်၊ ရိုသေတယ်ဆိုတဲ့ စကားသုံးခွန်းကို ထပ်ရှင်းပြပါအုန်းမယ်၊ မြတ်နိုးတယ်ဆိုတာ ဘုရားစတဲ့ ရတနာသုံးပါး ဆရာမိဘ စသည့်တို့ကို စိတ်ဖြင့် ချစ်ခင်ခြင်းကိုပြုခြင်းဟာ မြတ်နိုးတယ်လို့ ခေါ်ပါတယ်။

ဖူးမျှော်တယ်ဆိုတာ ဘုရားစတဲ့ရတနာသုံးပါး ဆရာမိဘစသည် တို့ကို ကြည်ညိုစိတ်ဖြင့် ကြည့်ရှုရုံမျှ ပြုခြင်းကို ဖူးမျှော်တယ်လို့ ခေါ်ပါတယ်၊ ရိုသေတယ်ဆိုတာက မြတ်စွာဘုရားကိုဘဲဖြစ်ဖြစ် သံဃာတော်ကိုပဲဖြစ်ဖြစ် ဆရာမိဘစသည့်တို့ကိုဘဲဖြစ်ဖြစ် တွေ့ကြုံတဲ့အခါ လမ်းဖယ်ပေးတယ်၊ သူတို့အနီးရောက်ရင် ကိုယ်ကို ကိုင်းညွှတ်ပေးတယ်၊ ကုန်းကွသွားတယ်၊ သူတို့လာတဲ့အခါ ထိုးစတဲ့အရာတွေကို လှမ်းယူတယ်၊ ပေးရင်လဲ မိမိလက်နှစ်ဖက်ဖြင့် ပေးတယ်၊ လက်နှစ်ဖက်ဖြင့် ယူတယ် စသည့် အမူတွေကိုပြုတာဟာ ရိုသေတယ်လို့ ခေါ်ပါတယ်၊ ဒို့တရားနာပရိသတ်နှင့် ကလေးသူငယ်တို့မှတ်ထားကြ၊ လမ်းမှာ သံဃာတော်နှင့် ဆရာမိဘ သက်ကြီးဝါကြီးတွေနဲ့ ငှတွေ့ရင် သူတို့ရဲ့အရိပ်ကို ရှောင်ပါ၊ လမ်းဖယ်ပေးပါ၊ မလွတ်သာလျှင် ရပ်နေပါ၊ တည်ခြင်း ငါးပါးဖြင့် ဦးချပါ၊ (တည်ခြင်းငါးပါး ဟောခဲ့ပြီ) လူကြားထဲ သွားရင် မိမိကိုယ်ကို ကိုင်းညွှတ်သွားပါလို့ ထပ်မံမှာလိုက်ပါရစေ၊ ဗဟုသုတအဖြစ် ထည့်ဟောပြပေးလိုက်ပါအုန်းမယ်၊ လက်အုပ်မိုးတယ် ဆိုတာ ဘုရားစတဲ့ ရတနာသုံးပါး ဆရာမိဘစသည်တို့ကို လက်ဆယ်

ချောင်းကိုယှက်တယ်၊ ပေါင်းယှက်ပြီး ဦးခေါင်းပေါ်၌ တင်ခြင်းဟာ လက်အုပ်မိုးတယ် လက်အုပ်ချီတယ်လို့ မှတ်ထားကြပေတော့။

## ဘုရားလျှင်အာရုံရှိသော ဥဗ္ဗေဂပီတိဖြစ်၍ မိဘတို့အရင် တရားနာရတဲ့ မိန်းခလေး

ဂိရိကဏ္ဏကကျောင်းရဲ့ ဂေါစရဂါမ်ဖြစ်တဲ့ ဝတ္တကာလကဆိုတဲ့ ရွာမှာ မိန်းခလေးတယောက်ဟာ ညအခါ မိဘတွေနဲ့ တရားနာလိုက်ချင်ပေမဲ့ လေးတဲ့ကိုယ်ဝန်ရှိလို့ သမီးအတွက်ကုသိုလ်ရအောင်လဲပြုမယ် ဆိုပြီး မလိုက်ဘို့ရန်ပြောပြီး သူတို့ချည့်တရားနာသွားပါတယ်၊ မိန်းကလေးလည်း တံခါးမှာရပ်ပြီး လရောင်ဖြင့် တောင်ထိပ်မှာတည်တဲ့ အာကာသစေတီယင်ပြင်ကို ကြည့်လိုက်တော့ ပရိသတ်တွေက စေတီအား ပန်းပူဇော်တယ်၊ ဆီမီးပူဇော်တယ် စသည်ကိုပြုပြီး လကျာ်ရစ်လှည့်လည်တယ်စသည်ကိုမြင်၍ 'အင်း-သူများတွေကတော့ စေတီတော်ယင်ပြင်မှာ သွားတရားနာရတယ်၊ ငါ့မှာတော့ မနာရဘူး သူတို့ကတယ်ရွေးဘုန်း ရွေးကံ ရှိကြပါလား' လို့ အောက်မေ့ နှလုံးသွင်း၍ ပုလဲဆိုင်းနဲ့တူတဲ့ စေတီကိုမြင်စဉ် ဘုရားလျှင်အာရုံရှိတဲ့ ဥဗ္ဗေဂပီတိဖြစ်သဖြင့် ကောင်းကင်မှာလွင့်ပြီး မိဘတို့ရဲ့ရှေ့ကရောက်ကာ စေတီကိုရှိခိုး၍ တရားနာနေပါတယ်၊ မိဘတွေရောက်လို့ မေးကြည့်တော့ ကောင်းကင်မှလာခဲ့ကြောင်း သိရ၍ ကောင်းကင်ကလာတယ်ဆိုတာ ရဟန္တာများမှ သွားလာနိုင်တာဖြစ်လေတော့ သမီးက ဘယ်လိုလုပ်လာခဲ့သလဲလို့ မေးကြည့်ပြန်ပါတယ်၊ ကျမ လရောင်နဲ့ စေတီတော်ကို မြင်ရာ ကျမအား ဘုရားလျှင်အာရုံရှိသော ဗလဝပီတိဖြစ်၍ ရပ်တာကိုလည်း ရပ်မှန်းမသိ ထိုင်တာကိုလည်း ထိုင်မှန်းမသိ ယူအပ်သော ဘုရားဟူသော အာရုံနိမိတ်ဖြင့်သာလျှင် ကောင်းကင်၌လွင့်စင်၍ စေတီပြင်၌ဖြစ်လာတာပဲလို့ ပြောပြပါတယ်၊ နောက်ဝတ္ထု တခုမှာလည်း

မဟာတိဿမထေရ်ဟာ မိန်းကလေးလို ဥဗ္ဗေဂါပီတိဖြစ်ပြီး မဟာစေတီယင်ပြင်၌ တည်တယ်လို့ ဆိုပါတယ်။

(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။ အဋ္ဌသာလိနီအဋ္ဌကထာ။)

ဒီနေရာမှာ တရားနာပရိသတ်တွေ ပီတိငါးမျိုးကို သိချင်ပေလိမ့်မယ်၊ ဘုရားဂုဏ်စသော ကောင်းသောအာရုံ၌ နှစ်သိမ့်ဝမ်းမြောက်မှုကို 'ပီတိ' လို့ ခေါ်ပါတယ်။

ပီတိငါးမျိုးဆိုတာ

၁။ ခုဒ္ဒကာပီတိ–အနည်းငယ်ဝမ်းမြောက်မှု,

၂။ ခဏိကာပီတိ–ခဏခဏဆင့်၍ဖြစ်သော နှစ်သိမ့်မှု,

၃။ ဩက္ကန္တိကာပီတိ–လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်မှု,

၄။ ဥဗ္ဗေဂါပီတိ–ခုန်ကြွဘက်စေတတ်သောနှစ်သိမ့်ဝမ်းမြောက်မှု,

၅။ ဖရဏာပီတိ– တကိုယ်လုံး၌ ပြန့်နှံ့တည်စေတတ်သော ဝမ်းမြောက်မှုဟူ၍ ဖြစ်ပါတယ်။

ဓမ္မပဒအဋ္ဌကထာ ပကိဏ္ဏကဝဂ် လှည်းသမားဝတ္ထုမှာလဲ သမ္မာအယူရှိတဲ့သူရဲ့သားနဲ့ မိစ္ဆာအယူရှိတဲ့သူရဲ့ သား ဂုညင်းပစ်တန်း ကစားတော့ သမ္မာအယူရှိတဲ့ သူရဲ့သားက 'နမောဗုဒ္ဓဿ'ဟု ဘုရားဂုဏ်တော်ကိုဆို၍ ပစ်ရာ အနိုင်ရပါတယ်၊ ဒီတော့ မိစ္ဆာအယူရှိတဲ့သူ့ရဲ့ သားက တွေးတယ်၊ ဒီကောင်မှာ တခုခုတော့ ရှိရမယ်၊ ဂုညင်းပစ်တိုင်း ငါ့ကို နိုင်တယ်၊ သူ့အမူအရာကြည့် လေ့လာအုန်းမှဆိုပြီး အကြောင်းအရာမေးကြည့်ရာ 'နမော ဗုဒ္ဓဿ'ဆိုပစ်လို့ နိုင်တယ်လို့လဲသိရော မိစ္ဆာအယူရှိတဲ့သူ့ရဲ့သားလဲ ဘုရားဂုဏ်တော်ကို လေ့လာပါတယ်။

တနေ့တော့ သူ့ဖခင်နဲ့ ထင်းခွေလိုက်သွားရာမှ ပြန်လာပြီး မြို့ပြင်ဖက် စရပ်မှာ ထမင်းစားရင်း တခြားမြို့တွင်း သွင်းလာတဲ့ နွားတွေနောက် သူတို့နွား လိုက်သွားလို့ သူ့ဖခင်က လိုက်ဖမ်းပြီး ပြန်လာရာ

မှို့တံခါးပိတ်ထားလို့ အပြင်မထွက်နိုင်တော့ပဲ ကလေးတယောက်ထဲ မြို့ပြင်ဘက်က သုသာန်စရပ်မှာ အိပ်ရပါတယ်။

ညကျတော့ ဘီလူးက စားမလို့ ကလေးခြေထောက်ဆွဲရာ ယောင်ရမ်းပြီး 'နမောဗုဒ္ဓဿ' လို့ ဆိုလိုက်ကာမျှနဲ့ ဘီလူးမစားနိုင်တော့ပဲ မင်းရဲ့ စားတော် ရွှေခွက်ကိုယူပြီး ကျွေးရပါတယ်၊ ဘီလူးအာနုဘော်ဖြင့် မင်းကြီးတယောက်သာမြင်ရအောင် ရွှေခွက်မှာ အက္ခရာလဲ ရေးထား ခဲ့ပါတယ်။

မနက်ကျတော့ နန်းတော်မှ ရွှေခွက်ပျောက်လို့ လိုက်ရှာကြရာ စရပ်က ထင်းလှည်းသမားသား ထံမှာ တွေ့ရှိရတာနဲ့ လက်ပြန်ကြိုးတုတ်ပြီး မင်းကြီးထံပို့ပါတယ်၊မင်းကြီးလဲ ရွှေခွက်က အက္ခရာမြင်တာနဲ့ ဘီလူးယူမှန်း သိ၍ ကလေးကို မြတ်စွာဘုရားထံ ခေါ်ပြီး အကျိုးအကြောင်း လျှောက်ထားပါတယ်။

ဘုရားရှင်က ခြောက်ဂါထာကို ဟောတော်မူရာ ကလေးဟာလဲ မိဘတို့နှင့်တကွ သောတာပန်တည်ပါတယ်၊ နောက် အကုန်လုံး ရဟန်းပြုကြပြီး သားရောမိဘပါ သုံးယောက်စလုံး ရဟန္တာ ဖြစ်သွားကြပါတယ်၊ ကြွင်းတဲ့ပရိသတ်တွေမှာလဲ အကျိုးရှိတဲ့ ဒေသနာဖြစ်ပါတယ်။

## ဘုရားရှင်ကို မမြင်ဖူးပဲ အသံကြားရုံနဲ့ မေ့ရသူများ

အနာထပိဏ်သူဌေး မဟာကပ္ပိနမင်း သူ့မိဖုယား အနောဇာဒေဝီတို့ပဲ ဖြစ်ပါတယ်၊ ဘာပြုလို့မေ့ရသလဲဆိုတော့ ဟိုကမ္ဘာတသိန်းထက်တုန်းက ပဒုမုတ္တရဘုရားရှင် လက်ထက်တော် အခါကစပြီး ဂေါတမဘုရားထံတွင် ပန်ဆင်ခဲ့သောဆုများ ပြည့်စုံသမြောက် အဆုံးသို့ရောက်လိမ့်မယ်လို့ မြော်ရည်အားသန် အဖန်ဖန် အာသေဝန အထုံရ၍ လာခဲ့ကြသူများဖြစ်ခြင်းကြောင့် ဘုရားသံကြားရုံနဲ့ ရွှေအထုံပေါင်းကူး၍ ရွှင်မြူးပီတိ ဝမ်းဆီထိသလို ပျောင်းအိမေ့မူး အထူးကြီးထူးသွားရတယ်လို့ဆိုပါတယ်။

ဘုရားသံကြားလို့ သုံးခါမေ့သွားတာဆိုပဲ တရားနာပရိသတ်ရဲ့။

ဒါကြောင့် ဘေဒစိန္တာ သဒ္ဒါကျမ်းငယ်များမှာ အနက်အဓိပ္ပါယ် သိခြင်းအကြောင်း နှစ်ပါးရှိကြောင်း လာပါတယ်။

ပုရိသ ဣတ္ထိ- ယောကျ်ားမိန်းမဟု ကြားနာမှတ်သား ပိုင်းခြားပြီး သိဘူးသည်ဖြစ်စေ တဦးတယောက်က ပုရိသ, ဣတ္ထိ ဟု ပြောသံကြား ဖူးသည်လဲဖြစ်စေ ထိုအကြောင်းတရား နှစ်ပါးပြည့်စုံက ယောကျ်ား မိန်းမဆိုတဲ့ အနက်အဓိပ္ပါယ်ကို သိရှိနားလည်ကြောင်း ပြပါတယ်။

မဟာကပ္ပိနမင်းနဲ့ အနောဇာမိဖုယားတို့ရဲ့ ပစ္စုပ္ပန်ဝတ္ထု

မဟာကပ္ပိနမင်းကြီး ဆိုတာက ကုက္ကုဋဝတီပြည်ကြီးကို အစိုးရတဲ့ မင်းပဲဖြစ်ပါတယ်၊ သူ့ရဲ့မိဖုယားကြီး နာမယ်ကတော့ အနောဇာဒေဝီ မဒ္ဒရာဇ်တိုင်း သာဂလမြို့သူပေါ့၊ စကားစပ်မိလို့ ဟောပြလိုက်ရအုန်း မယ် အဲဒီမဒ္ဒရာဇ်တိုင်းက လူ့ပြည်မှာ မိန်းမချော မိန်းမလှတွေ အများ ဆုံးထွက်တဲ့ မြို့ပဲ၊ တရားနာပရိသတ်တွေ ကြားဖူးပါတယ်၊ မယ်ခေမာ တို့ဟာလဲ သာဂလမြို့သူအချောတွေပဲ၊ နောက်ပြီး လေးတောင်ရှိတဲ့ တိုက်ခန်း မီးမထွန်းရပဲ ဇာတိပါကိုယ်ရောင်နဲ့ပင် လင်းတဲ့ ပဘာဝတီ မင်းသမီးတို့ ဘဒ္ဒကာပိလာနီတို့လဲ မဒ္ဒရာဇ်တိုင်းသူတွေပဲ၊ ဗဟုသုတ ထည့်ပြောလိုက်အုန်းမယ်၊ ယသောဒယာဆိုရင်လဲ တဆယ့်နှစ်တောင် တိုက်ခန်း မီးမထွန်းပဲလင်းပါတယ်၊ ဒါကြောင့်လဲ မြတ်စွာဘုရားကို ချန်ထား၍ အရောင်အဆင်းနဲ့ ပြည့်စုံတဲ့သူနဲ့တူသူမရှိဟု လျှောက်ထား ပါတယ်၊ (ယသောဒယာအပဒါန်။)

ပဘာဝတီတို့နှင့် သွားမရောနဲ့ ယသောဒယာက တခြား ဒေဝဒဟ သူ၊ ကိုယ်ရောင်နဲ့ မီးမထွန်းရတဲ့ ဗဟုသုတကိုသာ ပြောပြတာ၊ ယသော ဒယာလဲ ဇာတိပါ ကိုယ်ရောင်ရှိတယ်ဆိုတာကိုသာ ပြောပြတာ၊ ပဘာ ဝတီတို့တောင်ရောက်ကုန်ပြီ ထားပါတော့လေ၊ မင်းကြီးမှာ မြင်းငါးစီး ရှိရာ လေးစီးကို နှစ်ယူဇနာ, သုံးယူဇနာ။

အမှာ– တယူဇနာ တဆယ့်သုံးမိုင်၊ နှစ်မိုင် တတိုင်နှုန်းဖြင့် တွက်ကြည့်ကြပါ၊ မိုင်အားဖြင့် နှစ်ဆယ့်ခြောက်မိုင် သုံးဆယ့်ကိုးမိုင်၊ တိုင်အားဖြင့် တဆယ့်သုံးတိုင် တဆယ့်ကိုးတိုင် သာသာအတွင်း အထူးသတင်းရှာဖို့ မြင်းသည်တော်နှင့်တကွ စေလွှတ်ထားပါတယ်၊ မင်းကြီးကတော့ သုပတ္တမြင်းရတနာကိုသာ စီးနင်းအသုံးပြုပါတယ်။

တနေ့ သုပတ္တမြင်းကိုစီးပြီး ဖွားဖက်တော်အမတ် တထောင် အခြံအရံဖြင့်ဥယျာဉ်တော်ထွက်ခိုက် ကုက္ကုဋဝတီမြို့နဲ့ယူဇနာ တရာ့နှစ်ဆယ်ဝေးတဲ့ သာဝတ္ထိမြို့တော်မှ လှည်းကုန်သည်များကို တွေ့ရ၍ မင်းကြီးက သတင်းအဆန်းမေးကြည့်ရာ လှည်းကုန်သည်များက 'သတင်းအဆန်းတော့ ရှိပါတယ်ဘုရား၊ ဒါပေမဲ့ ပါးစပ်မှာ စားကြွင်း စားကျန်တွေ ရှိနေလို့ မလျှောက်သင့်ပါ၊ ပါးစပ်ကိုဆေးကြောပြီးမှ လျှောက်ပါရစေ'လို့ လျှောက်ထားပါတယ်၊ ဒီစကားထောက်သောအားဖြင့် ဘုရား စတဲ့ ရတနာသုံးပါးရဲ့ဂုဏ်တော်ကို ပါးစပ်ဆေးကြောပြီးမှ ရွတ်ဖတ်ရန် သင့်ပါမယ်၊ ဟိုတုန်းကတော့ ဘုရားစတဲ့ ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်ချင်လွန်းလို့ အထူးသတင်းရှာခိုင်းရ၊ အခုတော့ အချို့ အနားရောက်နေပေမဲ့ ဖာသိဖာသာ မသိချင်ဟန် ဆောင်နေလိုက်ကြသေး၊ တော်လှ။

ပါးစပ်များ စင်ကြယ် သန့်ရှင်းပြီးမှ– ဘုရားကျွန်တော်မျိုးများ နေရာ ကောသလတိုင်း သာဝတ္ထိမြို့တော်မှာ သမ္မာသမ္ဗုဒ္ဓဘုရားထင်ရှား ပွင့်တော်မူကြောင်း လျှောက်ထားကြတော့ မဟာကပ္ပိနမင်းကြီးမှာ ငါးဘော်သောပီတိ လွှမ်းမိုးဘိရကား သတိတော်တိမ်းပါး တစုံတခုကိုမျှ မမှတ်သားနိုင်တော့ပဲ မေ့သွားပါတယ်၊ အတော်ကြာမှ သတိရလာပြီး 'အမောင်တို့ ခုနပြောတာ ဘာတဲ့' 'မှန်လှပါ– သမ္မာသမ္ဗုဒ္ဓ ဘုရား ပွင့်တော်မူကြောင်းပါ ဘုရား' ထပ်မံ သံတော်ဦးတင်ကြပြန်ပါတယ်၊

ဒီအခါမှာလဲ မေ့သွားတာပဲ၊ အဲဒီလိုချည်း ဘုရား, တရား, သံဃာ သုံးခါစီ မေ့ ပေါင်း ကိုးခါ မေ့သွားတာပေါ့၊ ဘုရားတသိန်း, တရားတသိန်း, သံဃာတသိန်း ဆုသုံးသိန်းချီးမြှင့်ပါတယ်၊ဆုလဲချီးမြှင့်ပီးရော မင်းကြီးလဲ ဘုရားတေ့ ရတနာသုံးပါး ပွင့်ထွန်းပေါ်ပေါက်ကြောင်း ကြားသိရတာနဲ့ နန်းတော် မပြန်တော့ပဲ ရဟန်းပြုရန် ကြားရာအရပ်က နေ ဘုရားရှင်ရှည်မှန်းပီး ဒီလမ်းကပဲ တောထွက်တော့မယ် နိုင်ငံတော်နှင့်တကွ ထီးနန်းစည်းစိမ် ပစ္စည်းဘဏ္ဍာ အဖြာဖြာကို လိုသလို စီမံ အုပ်ချုပ်ရန် မိဖုယားကြီးအား အပ်ကြောင်းစာကိုရွှေပေလွှာမှာရေး၍ မိဖုယားကြီးအား ပေးရန် ကုန်သည်တို့ကို မှာထားခဲ့ပြီး အမတ်တထောင်နဲ့ တောထွက်သွားပါတယ်။

ဘုရားရှင်သည် မိုးသောက်လင်းအားကြီး အချိန်၌ မဟာကရုဏာ သမာပတ်မှ ထတော်မူ၍ ဂန္ဓကုဋိတိုက်တော်မှ စကြဝဠာတံတိုင်း၊ စကြာဝဠာတံတိုင်းမှ ဂန္ဓကုဋိတိုက်တော် အထိ ပြန်ကာ လှန်ကာ ဉာဏ်တော်ကွန်ယက်ဖြင့် ဖြန့်ကြက်စီးခြယ်၍ ကြည့်တော်မူရာ အမတ်တထောင်နဲ့ မဟာကပ္ပိနမင်း ငါ့ကိုရည်စူး၍ တောထွက်လာကြမှာကို မြင်တော်မူတာနဲ့ စကြာမင်းသည် ရွာသူကြီးကိုကြိုသလို သပိတ်သင်္ကန်း ယူတော်မူ၍ ယူဇနာ တရာ့နှစ်ဆယ်ဝေးသော စန္ဒဘာဂ မြစ်ကမ်းသို့ တပါးတည်းကြွမြန်းပြီး ညောင်ပင်ရိပ်က ရောင်ခြည်တော်ခြောက်သွယ် ကိုလွှတ်၍ ကြိုဆိုတော်မူပါတယ်။

ပိပ္ပလိ-မဘဒ္ဒါ- (နောင်အခါ ရှင်မဟာကဿပ) (ဘဒ္ဒကာပိလာနီ) တောထွက်လာစဉ်ကလဲ ဘုရားရောင်ခြည်တော် လွှတ်တော်မူ၍ ကြိုဆိုပါတယ်၊ဆတ္တာလုလင်ကိုလဲ ဒီလိုပဲ ကြိုဆိုတော်မူပါတယ်၊ ထားပါတော့၊ လမ်းမှာ အနက်တဂါဝုတ် အကျယ်နှစ်ဂါဝုတ်ရှိတဲ့ အပရစ္ဆမြစ် (တဂါဝုတ် - သုံးမိုင် နှစ်ဖါလုံ) ကို ဘုရားဂုဏ်တော်နဲ့ အဓိဋ္ဌာန်ကူးကြပါတယ်၊ကျောက်ဖျာပြင်ပေါ်နင်းသွားရသလို မြင်းခွါကိုမျှ ရေမစွတ်ပါ၊ အကျယ်ယူဇနာခွဲရှိ နီလဝါဟမြစ်ကို တရားဂုဏ်တော် အာရုံပြု၍

အနက်အကျယ် တယူဇနာရှိတဲ့ စန္ဒဘာဂမြစ်ကိုလဲ ဿံဿာဂုဏ်တော်နဲ့ ရွှေနည်းအတိုင်း ကူးကြပါတယ်။

ဘုရားရှင်မှထွက်တဲ့ ရောင်ခြည်တော် ခြောက်သွယ် တင့်တယ် ကွန့်မြူးနေတာ ဖူးမြင်ရတာနဲ့ မဟာကပ္ပိန မင်းကြီးက အော်— ပညောင်ပင်တခုလုံး ရွှေအဆင်းလို ဝင်းဝင်းထိန်နေပါလား ကဿပ ဘုရားရှင်လက်ထက် ကျောင်းတက်မင်္ဂလာပွဲကြီးမှာ သိံဿာနှစ်သောင်း အား သင်္ကန်းအစွေ လှူဘူးခဲ့တာကို သိတော်မူ၍ ပံ့သုကူသင်္ကန်းတော် ကြားမှ ဆင်နှာမောင်းနဲ့တူသော ညာလက်ရုံးကို ဆန့်တန်းတော်မူ၍

ဧထ ဘိက္ခဝေ ဧရထ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယ။

ဘိက္ခဝေ၊ ချစ်သားတို့။ ဧထ၊ လာကြကုန်လော့။ ဒုက္ခဿ၊ ဆင်းရဲ ဒုက္ခဟူသမျှ၏။ သမ္မာ၊ ကောင်းစွာ။ အန္တကိရိယာယ၊ အဆုံးကို ပြုခြင်းငှါ။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ စရထ၊ ကျင့်ကြ ကုန်လော့ လို့ ဟေဘိက္ခု ခေါ်တော်မူပါတယ် (ဟေဘိက္ခုအကြောင်း ကို လင်ကောင်းမယား နိဗ္ဗာန်သွား တရားမှာ ဟောခဲ့ပြီ။)

ဒီလို ဟေဘိက္ခုရဟန်းဆိုတာ သင်္ကန်းပရိက္ခရာလှူဘူးသူမှ ရပါ တယ်တဲ့၊ မလှူဘူးတဲ့သူတွေကျ မရပါဘူး (ခမည်းတော် သုဒ္ဓေါဒန မင်းကြီး သန္တတိအမတ်ကြီးတို့) ရဟန္တာဖြစ်ပါလျက် ဟေဘိက္ခု အခေါ်ခံရလောက်အောင် သင်္ကန်းသပိတ် ပရိက္ခရာ မလှူခဲ့ဘူးကြလို့ လူဝတ်ကြောင်နဲ့ပဲ ပရိနိဗ္ဗာန်ဝင်စံကြရပါတယ်။

ပက္ကုသာတိမင်းကြီးလဲ အနာဂါမ်တည်ပြီးမှ ဟေဘိက္ခု အခေါ် မခံရရှာပဲ အမှိုက်ပုံကြို အမှိုက်ပုံကြားမှာ သင်္ကန်းချုပ်ဖို့ အဝတ်စုတ် ရှာရင်း နွားမဝှေ့လို့ သေပွဲဝင်ရပါတယ် (နောက်ကဟောခဲ့ပြီ) (ပံ့သုကူ သင်္ကန်းဆိုတာ မြေမှုန့် အလိမ်းလိမ်းကပ်သော သူများစွန့်ပစ်၍ ထား အပ်သော အဝတ်တို့ဖြင့်ချုပ်အပ်သော သင်္ကန်းကိုဆိုပါတယ်) ကေန္တ

ဒီအရောင်ဟာ နေလနက္ခတ် ပြဟ္မာနတ်တို့ရဲ့ အရောင်မဟုတ်တန်ရာ ဘုရားကိုအားကိုးလာခဲ့တာ အမှန်ဖြစ်လို့လဲ ဂေါတမဘုရားရှင်ပဲဖြစ်ရမယ်လို့ တွေးကာ မြင်းပေါ်မှဆင်းကာ တုတ်ကွရိုကျိုးတဲ့ ကိုယ်အမူအရာနဲ့ ရောင်ခြည်တော်လမ်းအတိုင်း သွားပြီး ဘုရားရှင်ကို ရှိခိုး၍ အမတ်တထောင်နဲ့အတူ ထိုင်နေတော်မူပါတယ်။

ဘုရားတောင် မမြင်ရသေးပဲ ရောင်ခြည်တော်မြင်တာနဲ့ မြင်းပေါ်ကဆင်းတယ်ဆိုတာ ဂါရဝတရား ဘယ်လောက်လေးစားသလဲ (အဇာတသတ်မင်း အနေ့ာဇာဒေဝီဝိသာခါတို့လဲ ဒီလိုပါပဲ စီးလာတဲ့ ယာဉ်ပေါ်မှဆင်း၍ ဘုရားထံသွားကြပါတယ်၊) အခုတော့ ကျောင်းကန်ဘုရား လာတာတောင် ဘိနပ်ချွတ်ရမှာ ဝန်လေးကြတယ်၊ ထားပါတော့လေ။

မြတ်စွာဘုရားက ဒါနကထာစတဲ့ အနုပုဗ္ဗိကကထာ ဟောတော်မူတဲ့အဆုံးမှာ အကုန်လုံး သောတာပန်ဖြစ်ပြီး ရဟန်းအဖြစ် တောင်းကြပါတယ်။

ဟိုရှေးရှေးက ရက်ကန်းသည်ရွာသားဖြစ်စဉ် ပစ္စေကဗုဒ္ဓါတထောင်အား အသီးသီး တိစီဝရိက်သင်္ကန်းလှူကြ (တိစီဝရိက်ဆိုတာ နှစ်ထပ်သင်္ကန်းကြီး သင်းပိုင် ကိုယ်ရုံ) ကို ခေါ်တယ်၊ သင်္ကန်းလှူပေမဲ့ မိန်းမများကျတော့ ဟေိဘိက္ခုရဟန်းအဖြစ် မရပါဘူး၊ အဖိုးကိုးကုဋေ တန်တဲ့ မဟာလ္လတာတန်ဆာကို ဆင်မြန်းဝတ်ဆင်ရတယ်လို့ ဆိုပါတယ်။

ဣတ္ထီနံ ဟိ စီဝရဒါနံ မဟာလ္လတာ ပသာဓနေန မတ္ထကံ ပပ္ပေါတိ။

ဟိ၊ အကျိုးကိုပြဦးအံ့။ ဣတ္ထီနံ၊ မိန်းမတို့၏။ စီဝရဒါနံ၊ သင်္ကန်းအလှူသည်။ မဟာလ္လတာပသာဓနေန၊ အဖိုးကိုးကုဋေတန် မဟာလ္လတာတန်းဆာကို ဆင်မြန်းရခြင်းဖြင့်။ မတ္ထကံ၊ အပြီးအဆုံးသို့။ ပပ္ပေါတိ၊ ရောက်နိုင်လေ၏။

မင်းကြီးမှာခဲ့တဲ့အတိုင်း လှည်းကုန်သည်များလဲ မိဖုယားကြီးအား သွားရောက်ခစားနေပါတယ်၊ မိဖုယားကြီးက 'အမောင်တို့ ဘာပြုလို့ အခစားဝင်ကြပါသလဲ'လို့ မေးပါတယ်။

ကုန်သည်တွေက 'မှန်လှပါ ဘုရင့်အမိန့်တော်အတိုင်း အခစား ဝင်ရပါတယ် ဘုရား ဆုတော်ငွေ သုံးသိန်းကိုသာ ပေးစေလိုကြောင်း' လျှောက်ထားတဲ့အခါ မိဖုယားကြီးက 'နေစမ်းပါအုန်း အမောင်တို့ရဲ့ ဘုန်းတော်ဘုရားအား ဘာကျေးဇူးများရှိလို့ ဘုန်းတော်ဘုရားက ပေးလိုက်ပါသလဲ' လို့ မေးပါတယ်၊ 'သတင်းအထူး သံတော်ဦးတင် လိုပါဘုရား' ဘာသတင်းထူးလဲဟဲ့။

အရှင်မိဖုယား လောကမှာ ဘုရားပွင့်တော်မူပါကြောင်း လျှောက် ထားပါတယ်၊ မဟာကပ္ပိနမင်းကြီးလိုပဲ ဘုရားသံကြား သုံးခါမေ့ တရားသံဃာလဲ သုံးခါစီမေ့ပါတယ်၊ ဒီလောက်အဘိုးတန်တဲ့ ဘုရား စတဲ့ ရတနာသုံးပါးသတင်း ပြောပြရက်သားနဲ့ သုံးသိန်းပေးတာ နဲတယ်ဆိုပြီး မင်းကြီးထက်ပို၍ ဘုရား, တရား, သံဃာ, သုံးသိန်းစီ ကိုးသိန်းပေးပါတယ်၊ အားလုံးပေါင်း တဆယ့်နှစ်သိန်း ကျသွားတာ ပေါ့ အညွန့်တက်လိုက်သေးတယ်။

မင်းကြီးပေးခဲ့တဲ့ ရွှေပေလွှာတခါဖတ်တာ ကြားရတော့ မဟာ ကပ္ပိနမင်းကြီးနဲ့ အမတ်တထောင်နဲ့ တောထွက်သွားကြောင်း နိုင်ငံ တော်နဲ့ ထီးနန်းစည်းစိမ် ဥစ္စာရွှေငွေတွေကိုလဲ လိုအပ်သလိုအသုံးပြု နိုင်ကြောင်းသိရ၍ အင်း-သူတော့ထီးနန်းစည်းစိမ်ကြီးကိုမိးရှိန်အောက် မေ့လို့ လွတ်လွတ်ကျွတ်ကျွတ် တောထွက်သွားပြီ၊ တကယ်တော့ ဒီစည်းစိမ်တွေဟာ သူ့မှာသာဒုက္ခမဟုတ် ငါ့မှာလဲဒုက္ခပဲ၊ သူတောင် စွန့်သွားရဲသေးတာ ငါလဲ ဘာပြုလို့ မစွန့်ရဲရမှာလဲ၊ သူများထွေး ထားတဲ့ တံတွေးပေါက်ကိုတော့ ငါကောက်လို့မမျိုဘူးဆိုပြီး အသေး

အနှုတ်ပစ္စည်း အရေးလုပ် မခင်နိုင်တော့ပဲ အမတ်ကတော်များခေါ် အကျိုးအကြောင်းပြော အားလုံးသဘောတူကြတာနဲ့ မိဖုယားကြီးက သာဓုခေါ်ကာ ရထားတဲထောင်စီးပြီး တောထွက်လာကြပါတယ်။

(ဓမ္မဒိန္နာလဲဒီလိုပဲ ပစ္စည်းကိုတံတွေးပေါက်လောက် အောက်မေ့ပြီး ရဟန်းမိန်းမပြုလုပ်ပါတယ်) မင်းကြီးနည်းတူ လမ်းမှာတွေ့တဲ့ မြစ်သုံးမြစ်ကို ဘုရားဂုဏ် တရားဂုဏ် သံဃာဂုဏ်ကို အာရုံပြုပြီးကူးကြရာ ရထားဘီးစွန်းမျှသာ ရေစွတ်ကြပါတယ်တဲ့။

ဒီအခါမှာ မြတ်စွာဘုရားက အနောဇာမိဖုယားကြီးဟာ အမတ်ကတော် တထောင်နဲ့အတူ ရထားစီးပြီး အပါးရောက်လာလတံ့သည်ကို သိတော်မူ၍ အနီးမှာရှိတဲ့ ရဟန်းတဆောင်ကို တန်ခိုးတော်နဲ့ကွယ်ထားပါတယ်၊ ဘာပြုလို့လဲဆိုတော့ ဒီလိုကွယ်မထားရင် ဖြူးဆို မင်းရဲ့ဝတ်စားဆင်ယင်မှု မဟုတ်ပဲ သစ်ခေါက်ဆိုးသင်္ကန်းနဲ့ ခေါင်းဦးပြည်းမြင်လိုက်သဖြင့် မိန်းမသားများမို့ စိတ်မထိန်းနိုင်ပဲ ငိုနေမှာစိုးလို့ပဲဖြစ်ပါတယ်။

အနောဇာမိဖုယားကြီးလဲ မြတ်စွာဘုရားရောင်ခြည်တော် မြင်ရ၍ ရထားထက်မှဆင်းကာ ရောင်ခြည်တော်အတွင်းဝင် ဘုရားကိုရှိခိုးနေပါတယ်၊ မိဖုယားကြီးလဲ အထင်ကြီးနဲ့လိုက်လာလိုက်ကာမှ မောင်တော် မဟာကပ္ပိနမင်းကြီး မမြင်ရ၍ 'မှန်လှပါ တပည့်တော်မများရဲ့သက်လျှာ မဟာကပ္ပိနမင်းကြီးဟာ အရှင်ဘုရားအားကိုးပြီး တောထွက်သွားပါတယ် အခုဘယ်မှာလဲဘုရား' လို့ လျှောက်ထားပါတယ်။

မင်္ဂလာဖိုလ်ဉာဏ် နိဗ္ဗာန်နဲ့နီးကပ်နေပေမဲ့ ကမ္ဘာများစွာ သံသရာက မကွာပဲ ယှဉ်တွဲကျင်လည်လာခဲ့ရလို့လဲ သူ့မောင်တော် မဟာကပ္ပိနမင်းမြတ်ကို အရင်မေးလျှောက်လိုက်တာပါပဲ၊ မြတ်စွာဘုရားက 'အသာထိုင်နေကြအုန်း သင်တို့အရှင် မဟာကပ္ပိနမင်း ဒီနေရာမှာပဲ မြင်ရပါလိမ့်မယ်' လို့ မိန့်တော်မူပါတယ်။

မြတ်စွာဘုရား အမိန့်စကား ကြားလိုက်ရ တော်တော်သေးရဲ့ဟဲ့၊ ငါ လမ်းလွှဲများနေအုန်းမလား တွေ့မှ တွေ့ပါ့မလားလို့ ဘုရားရှင်က ဒီနေရာမှာပဲ တွေ့ရမယ်ဆိုတဲ့ အမိန့်စကားကြားရတော့ အားရဝမ်းသာ ထိုင်နေကြပါတယ်။

ဘုရားရှင်က ဒါနကထာစတဲ့ တရားအစဉ်ကို ဟောတော်မူရာ သောတာပန် တည်ကြပါတယ်၊ အနော်ဇာတို့ကို ဟောပြတဲ့တရား နောက်ထပ်နာကြားကြရတဲ့ မဟာကပ္ပိနမင်းကြီးနဲ့ အမတ်တထောင် တို့လဲ ပဋိသမ္ဘိဒါနှင့်တကွ ရဟန္တာဖြစ်ကြပါတယ်၊ ဒီအခါမှ အချင်း ချင်း ကြည့်ကြတော့လို့ ပြတော်မူလိုက်ပါတယ်။

သောတာပန်မများလဲ ရဟန္တာများမြင်ရ၍ ရှိခိုးနှုတ်ဆက်ကာ 'အရှင်ဘုရားများ ရဟန်းကိစ္စ ပြီးဆုံးနိုင်ကြပေကိုး'လို့ ချီးမွမ်းပြီး ဘုရား ရှင်ကို ဦးချကာ ဘိက္ခုနီမအဖြစ်ကို တောင်းပန်ကြပါတယ်၊ မြတ်စွာ ဘုရားက ဥပ္ပလဝဏ် ထေရီမကို လာစေရန် စိတ်ကြံ အမိန့်ရှိတော်မူရာ ဥပ္ပလဝဏ် ကြွလာတော်မူ၍ ထေရီမအား အမတ်ကတော် ဖြစ်တဲ့ သောတာပန်မ တထောင်ကို အပ်နှံလိုက်ပါတယ်၊ ရည်မှန်းတဲ့အတိုင်း သူတို့လဲ ရဟန်းမိန်းမပြုကာ ရဟန္တာမအဖြစ်သို့ ရောက်ကြပါတော့ သတည်း။ သာဓု သာဓု သာဓုပါဘုရား။

မြတ်စွာဘုရားလဲ ရဟန်းတထောင်နှင့်တကွ ကောင်းကင်ခရီးဖြင့် ဇေတဝန်ကျောင်းတော်သို့ ပြန်ကြွတော်မူပါတယ်။

## မဟာကပ္ပိနရဟန်း အကြံဖြစ်ပုံ

မဟာကပ္ပိနရဟန်းဟာ နေ့နေရာ ညနေရာများမှာ ဒီလိုကြံစည်မိ ပါတယ်၊ ဘယ်လိုလဲဆိုတော့- အရင် တိုင်းပြည်အုပ်ချုပ် မင်းလုပ်ခဲ့ စဉ်တုန်းက မိမိလုံခြုံရေးအတွက် စစ်တပ်ဝိုင်းထားရရုံမက ကိုယ်ရံတော် သက်တော်စောင့် ထားရ, အဆိပ်ခတ်မှာစိုးလို့ စားတော်ခဲ ထားရ,

အားမရသေးပဲ လုံခြုံမှု မရှိသေးဘူးထင်လို့ သံလျက် လက်မှာကိုင်ထား ပေမဲ့ စိုးရိမ်ကြောင့်ကြနေရတာပဲ။

(မံသပေသုပမာ ကာမာ)ကာမဂုဏ်ဆိုတာ ကျီးတကောင်ချီသွားတဲ့ သားတစ်နဲ့တူတယ်၊ ဘယ်လိုတူသလဲဆိုရင် ကျီးတကောင်ချီသွားတဲ့ သားတစ်ကို တခြားကျီးတွေက မရမချင်း လိုက်ထိုးဆိတ်လုရက်ကြတဲ့အခါ သားဘစ်ချီလာတဲ့ ကျီးဟာ တခြားကျီးတွေရဲ့ အထိုးအဆိတ် ခံနေရမှန်းသိလို့ လွှတ်လိုက်ရင် ဝိုင်းအုံထိုးဆိတ်တဲ့ဘေးမှ ချမ်းသာရတယ်။

ဒီလိုပဲ ထိုးဆိတ် ခံရလို့ လွှတ်လိုက်တဲ့ သားတစ်ကို တခြားကျီးတကောင်က ကောက်ယူတယ်ဆိုရင် ဒီကျီးကိုလိုက်ပြီး ထိုးဆိတ်ကြပြန်ပါတယ်၊ အဲဒီသားတစ်ရှိလို့ ငါ့မှာ အထိုးအဆိတ် ခံနေရတာပဲလို့သိပီး လွှတ်လိုက်ရင် အထိုးအဆိတ်ဘေးမှ လွှတ်ကင်းချမ်းသာသွားပါတယ်။

ဒီဥပမာလိုပဲ ပစ္စည်းဥစ္စာ လယ်ယာကိုင်းကျွန်း လင် သား သမီး မယားစတဲ့ ဝတ္ထုကာမတို့ဟာ လောဘသမား ပုထုဇဉ်များနဲ့ အမြဲဆက်ဆံနေရလေတော့ ပစ္စည်းချမ်းသာတဲ့သူများမှာ နောက်ကဟောသလို များများပစ္စည်းရှိတော့ များများ ကြောင့်ကြရဆိုတာလိုပေါ့၊ များ, စိတ်ဆင်းရဲရတယ်၊ ခေါင်းအုံးနဲ့ နားရွက် ပိပြားအောင် မအိပ်ရဲ ခိုးမှာ တိုက်မှာ လုမှာစိုးရ၊ ပြန်ပေးဆွဲမှာ နားဒွေင်း ချွတ်နေရတာကြာလို့ နားဖြတ်ခံရမှာစိုးရ၊ ကိုယ်အိမ်ကိုယ် ဇိမ်နဲ့မအိပ်ရဲပဲ ပုန်းရှိုးပုန်းရှောင်အိပ်ရ၊ကျီးကန်းတောင်းမှောက် တောင်ကြည့်မြောက်ကြည့် နေရတာအားလုံးဟာ ပစ္စည်းစတဲ့ ဝတ္ထုကာမကိုမှီ၍ ဆင်းရဲဒုက္ခရောက်ရတာချည်းပဲ ဖြစ်ပါတယ်၊ လွှတ်လွှတ်လပ်လပ် မနေရ မစားရ မဝတ်ရဘူးပေါ့၊ မှန်ရဲ့လား တရားနာပရိသတ်တွေ၊ မရှိမဲ့ရှိမဲ့ ရွှေလေးတောင် ရဲရဲဝံ့ဝံ့ ဝတ်ရဲလို့လား၊ မရှိတဲ့ လူကျတော့ တံခါးဖွင့်အိပ်

ဘယ်လောက် လွတ်လပ်သလဲနော်၊ ဒါမေမဲ့ ကြောင့်ကြရတယ်ဆိုတာ သတိထား။

အဲဒီကာမဂုဏ် အာရုံတွေ ရှိနေလို့သာ ဒီလောက် ဒုက္ခများပြီး သောကပွားနေရတာပဲ၊ အခု ဒီကာမဂုဏ်အာရုံတွေ မရှိတော့ ဘေးဆီး ရံကာ နှိုးစတာခုလေးမှ မရှိရတော့ ဘေးရန်တွေကင်း အော်-အေးချမ်း လေခြင်း အောင့်အီးမထားနိုင်တော့ပဲ "အဟောသုခံ အဟောသုခံ" အော်– ချမ်းသာလေစွ, ချမ်းသာလေစွဆိုတဲ့ ဥဒါန်းစကား တခြား ရဟန်းများ ကြားရတဲ့အတွက် မဟာကပ္ပိနရဟန်းဟာ ရှေးဟောင်း နှောင်းဖြစ် အတိက်က ကာမဂုဏ်အသစ်ဖြင့် စားမြုံ့ပြန်တဲ့သဘော ဘုရားသွားလျှောက်ကြပါတယ်။

ဥဒါန်းကျူးတယ်ဆိုတာ နှစ်သက်ဝမ်းမြောက်တဲ့ စကားပြောဆိုမှု လို့ လွယ်လွယ်မှတ်၊ ချမ်းသာတယ်လို့ မဆိုပဲ နေနိုင်ပါ့မလား၊ ဟောခဲ့ တဲ့အတိုင်း နာခဲ့ကြပြီမဟုတ်လား၊ ဒိုတရားနာလာကြတဲ့ ပရိသတ်တွေ လဲ အိမ်မှာ စားဖို့ ဝတ်ဖို့ နေဖို့ လုပ်ကိုင်နေတာနဲ့ အခုလို ကျောင်း လာ ဥပုသ်စောင့်တာနဲ့ ဘယ်ဟာက အေးသလဲလို့ တွေးကြည့်ကြပါ၊ သူတို့ပဲပြောတယ်၊ ဥပုသ်ဆွမ်း အသင့်စားပြီး ဒိဋ္ဌဓမ္မ ဘာမှမလုပ်ရပဲ လောလောဆယ် အကျိုးပေးတယ်တဲ့ ထားပါတော့လေ။

ဘုရားရှင်ကလဲ တရားတခု ထွင်ချင်သေးတာနဲ့ မဟာကပ္ပိန ရဟန်း ခေါ်တော်မူ၍ ရဟန်းတွေ လျှောက်ထားတာ မှန်ရဲ့လား ဆိုတဲ့ အကြောင်း မေးတော်မူတော့ 'မဟာကပ္ပိနရဟန်း မှန်လှပါ အရှင် ဘုရား ကိုယ်တော်တိုင်အသိဆုံးပါပဲ'လို့ လျှောက်ထားပါတယ်။

မြတ်စွာဘုရားက ငါ့သားတော်ကပ္ပိနဟာ ရှေးဟောင်းနှောင်းဖြစ် ပြန်ပြောင်းလွမ်းဆွတ်၍ တ,သအောက်မေ့ မမေ့ပဲ ချမ်းသာလေခြင်း ချမ်းသာလေခြင်းဟု ကျူးရင့် နေစာမဟုတ်ဘူး၊ ဓမ္မပီတိဖြစ်လို့သာ နိဗ္ဗာန်ကို အာရုံပြုမြွက်ဆိုတာပဲလို့ ဟောတော်မူပါတယ်။

မြတ်စွာဘုရား တရား ဟောတော်မူပါတယ်။

အကြင်ပညာရှိဟာ လောကုတ္တရာ တရားကိုးပါး သူတော်ကောင်းတရားကို မျက်မှောက်ပြုသောအားဖြင့် သောက်စားလေ့ရှိသည်ဖြစ်ပြီး နှောက်ကျုညစ်ညူးခြင်း ကင်းစင် ကြည်လင်တောက်ပသော စိတ်ဖြင့် မပင်မပန်း ချမ်းချမ်းသာသာ နေလေ့ရှိတယ်၊ ဘုရားအစရှိသော အရိယာ သူတော်ကောင်းတို့ ဟောကြားတဲ့ ဗောဓိပက္ခိယ တရား သုံးဆယ့်ခုနစ်ပါး၌ ထိုပညာရှိဟာ အခါခပ်သိမ်းမွေ့လျော်ရပါတယ်လို့ ဟောတော်မူလေတော့သတည်း၊ ဓမ္မပဒ ပါဠိတော်အဓိပ္ပါယ်။ သာဓု သာဓု သာဓုပါဘုရား။

များစွာကုန်သော တရားနာ ပရိသတ်တွေလဲ သောတာပန်စသည် ဖြစ်ကုန်ကြပါတယ်၊ ဩဝါဒတေဒဂ်ကို ရတော်မူပါတယ်တဲ့။

ကိုင်း.... ဒို့ တရားနာလာကြတဲ့ ပရိသတ်တွေလဲ မဟာကပ္ပိနမင်းနဲ့ အမတ်တထောင်၊ အနောဇာမိဖုယားကြီးနဲ့ အမတ်ကတော်တထောင် တို့ရဲ့ ဘုရားစတဲ့ ရတနာသုံးပါး အောက်မေ့ပုံ, စိတ်ထားပုံ, ကျင့်ကြံ ကျိုးကုတ် အားထုတ်ကြပုံတွေကို အတုယူပြီး ဒုက္ခကိုသိအောင် သိရင် သမုဒယကိုပယ်နိုင်အောင် မဂ္ဂသစ္စာကို ပွားများလို့ နိရောဓဆိုတဲ့နိဗ္ဗာန် ရွှေပြည်မြတ်သို့ ဝင်ကပ်နိုင်ကြပါစေလို့ တိုက်တွန်းရင်း ဤသည်ကား သုတ္တန်ဒေသနာ အဘိဓမ္မာ ဒေသနာတော်မြတ်သည်ကား ကုသလာ ဓမ္မာ အကုသလာဓမ္မာ အဗျာကတာဓမ္မာဟု ဟောတော်မူပါတယ်။ (ဓမ္မပဒအဋ္ဌကထာ ပဏ္ဏိတဝဂ်။)

အမှာ။ ။ဘုရားဂုဏ်တော် တရားဂုဏ်တော် သံဃာ့ဂုဏ်တော်တွေ ဟောလိုပေမဲ့ အရဟံဆိုတဲ့ ဘုရားဂုဏ်တော် တခုတည်းသည်ပင် ဒီစာအုပ်ရဲ့အနေအထားနဲ့မကိုက်၊ ကျယ်လွန်းမှာစိုးတဲ့အတွက် မဟောနိုင်တော့တာကို တရားနာပရိသတ်များနဲ့ စာရှုသူများ နှစ်သိမ့်စေရန် အမှာပါးလိုက်ပါရစေ။

## အကျင့်သုံးပါးတရားတော်

ဘုရားဖြစ်တော်မူချိန်—မဟာသက္ကရာဇ် (တရာ့သုံးခုနှစ်) ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ည သန်းခေါင်ကျော် အရုဏ်တက်ချိန် (လူသက်နှစ်ဆယ့်ကိုးနှစ်) ကျင့်သက်ခြောက်နှစ် သက်တော်သုံးဆယ့်ငါးနှစ်ပြည့်သောအခါ၌ ဘုရားဖြစ်တော်မူပါတယ်။

တရားဟောတော်မူချိန်—လူသံကင်းဝေး အေးဆေးငြိမ်သက်လှတဲ့ ဗာရာဏသီပြည်အနီး မိဂဒါဝုန် ရဂုံမြိုင်တွင်းမှာဖြစ်ပြီး ဝါဆိုလပြည့်နေ့ အနောက်ဂေါယာသို့ နေ့စွယ်ယွန်း၍ အရှေ့လောကဓါတ်မှ 'လဝန်း' ပေါ်လာခါစအချိန် 'ဝိသဋ္ဌ' စတဲ့ ထင်ရှားလှစွာ သိသာခြားနားခြင်းစတဲ့ အသံတော်ရှစ်ပါးနှင့် ပြည့်တော်မူသော အသံတော်ဖြင့် လှစ်ဖော်တော်မူတဲ့ တရားတော်ပဲ ဖြစ်ပါတယ်။

တရားနာသောပုဂ္ဂိုလ်များ—ကောဏ္ဍည, ဝပ္ပ, ဘဒ္ဒိယ, မဟာနာမ်, အဿဇိဆိုတဲ့ ပုဂ္ဂိုလ်ငါးဦးနဲ့ နတ်ပရိသတ် ဗြဟ္မာပရိသတ်များ။

### ဟောကြားတော်မူအပ်သော တရားတော်

ဓမ္မစက္ကပဝတ္တနသုတ္တန်- ဓမ္မစကြာတရားတော်—

အဲဒီတရားတော်ကို လိုရင်းဟောပြရရင် အကျင့်သုံးပါး သစ္စာလေးပါး ဉာဏ် တဆယ့်နှစ်ပါး ဘုရားအဖြစ် ဝန်ခံတော်မူခမ်းများဖြစ်ပေမဲ့ ဒီနေရာမှာ တရားနာပရိသတ်အား အကျင့်သုံးပါးတရားကိုသာ ဟောပြပါမယ်။

အကျင့်သုံးပါးဆိုတာက–

၁။ ကာမသုခလ္လိကအကျင့်,

၂။ အတ္တကိလမထာနု ယောဂအကျင့်,

၃။ မဇ္ဈိမပဋိပဒါအကျင့်ရယ်လို့ သုံးမျိုးရှိပါတယ်။

ကာမသုခလ္လိကအကျင့်ဆိုတာက ကာမဂုဏ်ချမ်းသာကို ခံစားတဲ့ အကျင့်ဟာ ကာမသုခလ္လိကာနုယောဂ အကျင့်လို့မှတ်၊ ဒီလောက် ပြောရုံနဲ့ နားလယ်ပါ့မလား နားလယ်လောက်ပါတယ်လေ၊ မြို့သူ မြို့သားတွေပဲ သိပ်တော့ ဘယ်ခေမလဲ ဒါပေမဲ့ တချို့လဲ မသိကြဘူး တွေ့ဖူးတယ်နော်၊ နားမလယ်လဲ တရားဟောရင်း ဒီထက်ပြောပြ ရင်တော့ (အဟင်း) ထားပါတော့လေ။

အဲဒီ ကာမဂုဏ်ချမ်းသာကို ခံစားကြတဲ့လူတွေဟာ မိမိတို့ရဲ့ စိတ် အလိုကျ ဖြစ်လာအောင်–

လှလှပပ အဆင်းကလေးတွေ၊ သာသာယာယာအသံကလေးတွေ၊ မွှေးမွှေးကြိုင်ကြိုင် အနံ့ကလေးတွေ၊ ကောင်းကောင်းမွန်မွန် အရသာ ကလေးတွေ၊ အိအိစက်စက် ညက်ညက်ညောညော အတွေ့အထိဆိုတဲ့ ခံစားဘွယ်ဟူသမျှတွေကို ဟိုဟိုဒီဒီမှ ရနိုင်သမျှ ရအောင် စုဆောင်း ရှာဖွေ၍ ကာမအလိုကျအောင် အကြိုက်ဆောင်ပေးနေတဲ့ အကျင့်ကို ကာမသုခလ္လိကာနုယောဂအကျင့်လို့ ခေါ်ပါတယ်။

ဒီဟာ မကြည့်ချင်တော့ဘူး၊ ဟိုဟာလေးမှ၊ ဒီအသံထက် ကောင်း ကောင်းလေးမှ၊ ဒီအနံ့ထက် သာတာလေးမှ၊ ဒီအရသာထက် ကောင်း တာလေးမှ၊ ဒီဟာလေး ရိုးသွားတယ်ထင်တော့ နောက်ဟာလေးနဲ့ အကြည်ဆိုက် ရိုလိုက် မောလိုက် ပျော်ရွှင်လိုက်နဲ့ နံနံလေးတော့ သဘောပေါက်သွားတယ်နဲ့တူတယ်၊ 'အဟင်း'တဲ့ တည့်တည့်ဟောတာ မှ သဘောမပေါက် မရိတ်မိလဲ နေပေါ့၊ (အမယ်–အခု ဒီတရားဟောနေ တုန်းမှာပဲ အဝတ်တမျိုး ပေါ်လာပြန်ပြီ၊ ဘာတဲ့.... 'ရေစိုထမိ'တဲ့ အခြောက်က အစိုဖြစ်ရအုန်းမယ်၊ အော်.... ဒီလို တမျိုးပီး တမျိုး မရိုးရအောင် မဆုံးနိုင် မဆနိုင်တဲ့အာရုံတွေ လိုက်လုပ်နေကြရင်'နိဗ္ဗာန် ရပါလို၏' ဆုတောင်းပေမဲ့ ကိုယ်တောင်း မတောင်းပဲ မရပါဘူး၊ သံသရာဝဋ်က မှထွက်မြောက်နိုင်၊ ပုထုဇဉ်သတ္တဝါများက 'ခွေးဟာ

မစင် ခင်မင်သလို ကာမဂုဏ်ကို ခင်မင်နေကြတယ်၊ (ကျမ်းဂန်အတိုင်း ဥပမာပေးတာ မရှိင်းပါဘူး။)

ပိုးဖလံကောင်များဟာလဲ မီးရောင်ကို ရွှေတောင်မှတ်လို့ ခေါင်း ငုံ့ပြီး အတင်း သူ့ထက်ငါ အလုအယက် ဝင်ဝင်တိုးနေသလို သတ္တဝါ များဟာလဲ ကာမဂုဏ်ကို အသေအလဲ ကြိုက်နှစ်သက်ကြ၊ 'ဘာပြုလို့ ဒီလို ကာမဂုဏ်ကို ကြိုက်နှစ်သက်ကြသလဲ' ဆိုတော့ ကောင်းတယ် ချမ်းသာတယ်ထင်လို့ပေါ့၊ ဘာပြုလို့ ကောင်းတယ် ချမ်းသာတယ် ထင်သလဲဆိုရင် သိမှ မသိတာ 'ဘာပြုလို့မသိသလဲ' သိအောင်မှ မလုပ်ပဲ။

သိအောင်လုပ်တော်မူလို့ ကာမဂုဏ်ဆိုတာ ချမ်းသာကို မဖြစ်စေပဲ ဆင်းရဲအမျိုးမျိုးကိုသာ ဖြစ်စေတယ် စတဲ့ ကာမဂုဏ်ရဲ့ အဖြစ်တွေ မြင်သွားကြတဲ့အတွက် ကာမဂုဏ် အကောင်းမထင် အချစ်မဝင် အပြစ် မြင်ပြီး ပယ်သွားကြတဲ့ ဘုရားစတဲ့ အရိယာသူတော်ကောင်းတွေနဲ့ အနာဂါမ်ရဟန္တာများကျတော့ လူတွေ မစင်ကိုမြင်ရင် ရွံဘွယ်ဖြစ်သလို မစင်မကြည် ရွံဘွယ်ဟောင်ပုပ် ဇြောင့်ခလုတ်နဲ့ ပွေ့ရှုပ်လှတဲ့ ကာမဂုဏ် အရှုပ်ဇာတ် အလုပ်ပြတ်သွားလေတော့ ရွံရှာဘွယ်အတိ ဘာတခုမှ နှစ်သက်စရာမရှိ မြင်ရတာကိုပင် နှလုံးနာလှပြီ အနာဂါမ်မဖြစ်သေးတဲ့ သူတွေကျတော့ လုလားပေါ့။

ဒီနေရာမှာ ဇနီးမောင်နှံ အချင်းချင်း ကာမဂုဏ်ချမ်းသာ ခံစား နေတာကိုသာ မေထုန်မှုလို့ မမှတ်ကြစေလိုပါ အင်္ဂုတ္တရသတ္တကနိပါတ် မှာလာတဲ့ မေထုန်ငယ်ခုနစ်မျိုးကို ပြုကျင့်တာဟာလဲ မေထုန်အမှု ပြုကျင့်ခြင်းတမျိုးပဲဟု ဟောတော်မူပါတယ်။

မေထုန်ငယ်ခုနစ်ပါးအဓိပ္ပါယ်ကို ဥပုသ်နေ့မဟုတ်ပဲ ဥပုသ်စောင့် ကောင်းသလား တရားတော်မှာ ဟောခဲ့ပြီ ပြန်ကြည့်ကြပါ။

အမယ် အချိုက ဘာပြောတယ်မှတ်သလဲ လောကထဲ လူရယ်လို့ ဖြစ်လာ ဘာမှ စိတ်ညစ်စရာတွေ တွေးမနေနဲ့ ပျော်ပျော်သာနေ (ပျော်ပျော်နေသေခဲ)တဲ့ လာလာသေးတယ်။

သမုဒယ အကြောင်းခံထားတဲ့ဒုက္ခကို လည်လည်ပတ်ပတ် တကယ် အနုထိအောင်မသိ အပေါ်ယံရှန်သိတဲ့အသိမျိုး ရှိနေကြလို့လဲ သံသရာ တခွင်မှာ ခန္ဓာအစဉ်နဲ့ အထက်သွား အောက်လား ဖြစ်နေကြတာ ကိုပဲ ပျော်ဖို့ကောင်းလှချည်ရဲ့လို့ ထင်နေကြ ကာမဂုဏ်အာရုံတွေနဲ့ ပျော်ပါးနေတာတွေအားလုံးဟာ ကာမသုခလ္လိကာနုယောဂ အကျင့် တွေချည့် မှတ်ထားကြပေတော့။

အတ္တကိလမထာနုယောဂအကျင့်ဆိုတာ—မိမိကိုယ်ကို အပင်ပန်းခံ ကျင့်တဲ့ အကျင့်ပဲ ဖြစ်ပါတယ်၊ ဘာပြုလို့ အပင်ပန်းခံကျင့်သလဲ ဆိုရင်–ကျင့်စဉ်လမ်းမှန်တရား ဟောကြားပြသနိုင်မဲ့ ဘုရားပွင့်တော် မမူသေးတဲ့ အချိန်တုန်းက ရသေ့တွေဟာ ကိလေသာကာမစိတ်ဓါတ် ခန်းခြောက်စေရန် နည်းလမ်းရှာဖွေကြတဲ့အခါ မိမိတို့ထင်ရာမြင်ရာ အယူအဆများကို ဖြစ်နိုင်ကောင်းရဲ့ဆိုတဲ့သဘောနဲ့ ပြုကျင့်တဲ့အလုပ် မျိုးပဲဖြစ်ပါတယ်။

'ထင်ရာမြင်ရာအယူအဆဆိုတာက' ကောင်းမွန်တဲ့အစားအစာတွေ စားနေရင် ကိုယ်ကာယ တိုးပွားစည်ပင်နေမယ်၊ အဲဒီလို ကိုယ်ကာယ တိုးပွားစည်ပင် သန်မာထွားကြိုင်းနေသမျှ ကိလေသာကာမစိတ်ဓါတ် လဲ တိုးပွားစည်ပင် သန်မာထွားကြိုင်းနေမှာပဲ၊ ဒီတော့–ကိုယ်ကာယ ထွားကြိုင်းသန်မာခြင်းမရှိ ညှိုးခြောက်သွားရင် ကိလေသာကာမ စိတ်ဓါတ်လဲ ခြောက်ကပ်ပျောက်ကွယ်သွားမှာပဲဆိုတဲ့ ထင်မြင်ယူဆ ချက်ဖြစ်ပါတယ်။

ဘယ်လိုအပင်ပန်းခံကျင့်သလဲဆိုရင်– အစားအသောက်ကို ခြိုးခြံ စားတယ်၊ ကိလေသာရေမျှောတယ်ဆိုတဲ့ သဘောနဲ့ ရေငုတ်တယ်

တုံးခုန်တယ် ဇယ်ခတ်တယ် သံဆူးပေါ်မှာအိပ်တယ် နေပူကျဲကျဲကြီး ထဲမှာ မီးပုံကြီးလေးပုံဖိုပြီး မီးဖိုလေးခုအလယ်မှာ ကိလေသာ ခြောက်ခန်းသွားအောင်မီးကင်တယ်၊ ခွေးလိုလေးဘက်တွားစားတယ်၊ လေးဘက်တွားသွားပြီး ဖက်နဲ့ပုံ ဒါမှ မဟုတ် မြေကြီးမှာပုံထားတဲ့ ထမင်းကို လက်နဲ့ယူမစားဘူး ခွေးလို ပါးစပ်နဲ့ဟပ်စားတယ်၊ အဲဒီ အကျင့်တွေအားလုံးဟာ (အတ္တကိလမထာနုယောဂ) အကျင့်တွေ ချည့်ပဲ ဖြစ်ပါတယ်၊ (ဒီအကျင့်မျိုးက အဲဒီအချိန်က ခေတ်စား တာပေါ့။)

အဲဒီ ကာမသုခလ္လိကာနုယောဂအကျင့်ဆိုတာကလဲ လျော့လွန်းတဲ့ အတွက် နိဗ္ဗာန်မရောက်နိုင်ပါဘူး၊ အတ္တကိလမထာနုယောဂဆိုတဲ့ အကျင့်ကျပြန်တော့လည်း တင်းလွန်းတဲ့အတွက် နိဗ္ဗာန်မရနိုင်ပါဘူး၊ ကိုယ်ပင်ပန်းရုံသာဖြစ်တယ်၊ ကိလေသာအမြစ်မပြတ်နိုင် သေသွား စေကာမူ နောင်ဘဝ ကိလေသာကာမ ပါမြဲ ပါလာအုန်းမှာပဲ၊ ဒါကြောင့် ဒီအကျင့်ကိုလဲ ကိုယ်ပင်ပန်းရုံမှအပ တခြား ဘာအကျိုးမှ မရှိတဲ့အတွက် မဂ်ဖိုလ်နိဗ္ဗာန်ရောက်နိုင်တဲ့အကျင့်မျိုးမဟုတ်၊ ဒီအကျင့် မျိုးကို ရသေ့ရဟန်း သူတော်စင်များ မှကျင့်ထိုက်ပါ၊ ဒါကြောင့် ဒီအကျင့်တရားနှစ်ပါးကို အယုတ်တရားနှစ်ပါးဖြစ်လို့ မြတ်စွာဘုရား ပယ်တော်မူတယ်၊ (ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ) လို့ ဟောတော်မူပါတယ်၊ (ဓမ္မစကြာပါဠိတော်။)

မဇ္ဈိမ ပဋိပဒါအကျင့်ဆိုတာ မတင်း မလျော့ အလယ်အလတ် အကျင့်မြတ် နည်းမှန်လမ်းမှန် အကျင့်မှန်၊ ကာမသုခလ္လိကာနုယောဂ- အလွန်လျော့လွန်းတဲ့အကျင့်၊ အတ္တကိလမထာနုယောဂ-အလွန်တင်း လွန်းတဲ့အကျင့်ဆိုတဲ့ အကျင့်နှစ်ပါးသို့ မကပ်တဲ့ အလယ်အလတ်ဖြစ်တဲ့ အကျင့်သာလျှင် ခန္ဓာငါးပါးငြုပ်သိမ်း ချုပ်ငြိမ်းရာဖြစ်သော မဟာ အသင်္ခတဓါတ် မြတ်လှတဲ့ သန္တိသုခ နိဗ္ဗာနဓါတ်သို့ ကပ်ရောက်နိုင်

တယ်လို့ ရှင်တော်ဘုရားက သတ္တဝါများ စဉ်သနားတော်မူသဖြင့် ထင်ရှားအောင် ဟောတော်မူခဲ့ပါတယ်။

အလောင်းတော်သည်ပင် ဒီအကျင့်ကို မတွေ့ရခင် (မိမိကိုယ်ကို အပင်ပန်းခံပြီး ကျင့်တော်မူခဲ့ရပါသေးတယ်။)

ဒီအကျင့်ကိုတွေ့ရမှသာ ဘုရားအဖြစ်သို့ ရောက်တော်မူရပါတယ်၊ အဲဒီအကျင့်က ဘယ်အကျင့်လဲဆိုတော့ တခြားဟာမဟုတ်ပါဘူး—

၁။ မှန်ကန်တဲ့အမြင် အယူအဆ အသိဉာဏ်ရှိရပါမယ်- (သမ္မာဒိဋ္ဌိ)

၂။ မှန်ကန်တဲ့ အကြံအစည် ရှိရပါမယ် (သမ္မာသင်္ကပ္ပ)

၃။ မှန်ကန်တဲ့ ပြောဆိုမှုရှိရပါမယ် (သမ္မာဝါစာ)

၄။ မှန်ကန်တဲ့အလုပ်ကို လုပ်ကိုင်ဆောင်ရွက်ရပါမယ်- (သမ္မာကမ္မန္တ)

၅။ မှန်ကန်တဲ့ အသက်မွေးမှုရှိရပါမယ် (သမ္မာအာဇီဝ)

၆။ မှန်ကန်တဲ့အားထုတ်မှု လုံ့လဝီရိယ ရှိရပါမယ်- (သမ္မာဝါယာမ)

၇။ မှန်ကန်တဲ့မမေ့မလျော့မှု သတိရှိရပါမယ် (သမ္မာသတိ)

၈။ မှန်ကန်တဲ့တည်ကြည်မှု သမာဓိရှိရပါမယ် (သမ္မာသမာဓိ) ဆိုတဲ့ မဂ္ဂင်ရှစ်ပါးဟာ နိဗ္ဗာန်မြတ်သို့ ဆိုက်ကပ်သွားရောက်နိုင်တဲ့ အလယ်အလတ်လမ်းစဉ် ကျင့်စဉ်တရားပဲ ဖြစ်ပါတယ်။

မှတ်မိရဲ့လား တရားနာပရိသတ် မှတ်မိရင် ပြန်ရေပြစမ်းပါအုန်း၊ မေ့သွားပီလား အေးဟုတ်ပီ (မေ့တတ်သူကိုပေါက်ဆိန်ယူ) ဒီနေရာ စကားစပ်လို့ ရိစရာလေးတခုပြောပြအုန်းမယ်၊ ဟိုတုန်းက မေ့တတ်တဲ့

ကလေးမ တယောက်ကို သူ့မေမေက ပေါက်ဆိန် ယူခိုင်းသလိုလဲ ဖြစ်နေကြအုန်းမယ်နော်။

ဘယ်လိုလဲဆိုတော့ သူ့မေမေက တအိမ်မှာ ပေါက်ဆိန်သွား ငှါးခိုင်းသတဲ့၊ ဒါနဲ့ မေ့နေမှာစိုးလို့ သမီးရေ ပေါက်ဆိန်, ပေါက်ဆိန်လို့ ဆိုသွားလို့ ထပ်မှာလိုက်ပါတယ်၊ သူ့မေမေမှာလိုက်တဲ့ အတိုင်း ဆိုသွားပေမဲ့ ခလုတ်လဲတိုက်လိုက်ရော ပေါက်ဆိန်မေ့ပြီး 'ဒါးမ' လို့ ဖြစ်သွားသတဲ့၊ ဒါနဲ့ ဒါးမပဲငှါးလာတဲ့ ကလေးမလေးလို ဖြစ်လဲနေကြအုန်းမယ်၊ ထားပါတော့လေ။

ဒါဖြင့် မဂ္ဂင်ရှစ်ပါးနဲ့ သဘောအဓိပ္ပါယ် မှတ်မိသွားပီပေါ့နော်၊ ကိုင်း.... မှတ်မိရင် ရှေ့ကိုသွားကြရအောင်။

အခုဟောပြသွားတာက အစဉ်အတိုင်း ဟောပြတာပဲဖြစ်ပါတယ်၊ ကျင့်ကြံကျိုးကုတ် အားထုတ်တဲ့နေရာကျတော့ ဒီအစဉ်အတိုင်း မဟုတ်ပါဘူး၊ သီလမဂ္ဂင်သုံးပါး၊ သမာဓိမဂ္ဂင်သုံးပါး၊ ပညာမဂ္ဂင်နှစ်ပါးလို့ စဉ်ရပါမယ်။

ထပ်ဟောပြမယ် သီလ– မဂ္ဂင် သုံးပါးဆိုတာက–

၁။ သမ္မာဝါစာ။

၂။ သမ္မာကမ္မန္တ။

၃။ သမ္မာအာဇီဝ။

သမာဓိမဂ္ဂင်သုံးပါး ဆိုတာက–

၄။ သမ္မာဝါယာမ။

၅။ သမ္မာသတိ။

၆။ သမ္မာသမာဓိ။

ပညာမဂ္ဂင် နှစ်ပါးဆိုတာက–

၇။ သမ္မာဒိဋ္ဌိ။

၈။ သမ္မာသင်္ကပ္ပ။

အဲဒီလို ရှေ့ဦးစွာ မှတ်ထားကြပါ။

တနည်းဆိုရရင် ဒီ သီလမဂ္ဂင် သမာဓိမဂ္ဂင်နဲ့ ပညာမဂ္ဂင် နှစ်ပါးတို့ကို သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာလို့လဲ ခေါ်လို့ရပါသေးတယ်၊ (အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ။)

သိက္ခာဆိုတာ ဘာခေါ်လဲဆို– မြန်မာလို (အကျင့်)လို့ ခေါ်ပါတယ်၊ တိုတိုကတော့ အဲဒီသိက္ခာ သုံးပါးဟာ နိဗ္ဗာန်ရောက်အောင် ကျင့်ရတဲ့ နေရာမှာဆိုရင် လိုရင်းအချုပ် ပဓာန အကျဆုံး အလုပ်ဖြစ်တယ်လို့သာ မှတ်ထားကြပေတော့။

သမ္မာဝါစာမဂ္ဂင် ဆိုတာက–

၁။ မုသာဝါဒ။

၂။ ပိသုဏာဝါစာ။

၃။ ဖရုသဝါစာ။

၄။ သမ္ဖပ္ပလာပဝါစာ– ဆိုတဲ့ ဝစီကံလေးပါးကို ရှောင်ကြဉ်တာ မပြောဆို မပြုလုပ်တာဟာ သမ္မာဝါစာမဂ္ဂင် ဖြစ်ပါတယ်၊ (ဒုစရိုက် ခုနစ်ပါး လုံခြုံသွားတယ်။)

သမ္မာကမ္မန္တမဂ္ဂင် ဆိုတာက–

၁။ ပါဏာတိပါတ – သူတပါးအသက်သတ်ဖြတ်မှု။

၂။ အဒိန္နာဒါန – အရှင်မပေးတဲ့ သူတပါးဥစ္စာကို ခိုးယူမှု။

၃။ ကာမေသုမိစ္ဆာစာရ – ကာမဂုဏ်တို့၌ ယုတ်ယုတ်မာမာ ကျင့်မှုဆိုတဲ့ ကာယကံ သုံးပါးကို ရှောင်ကြဉ်တာ မပြုလုပ်တာဟာ သမ္မာကမ္မန္တမဂ္ဂင် ဖြစ်ပါတယ်။

## သမ္မာအာဇီဝ မဂ္ဂင် ဆိုတာက–

အခုဟောပြခဲ့တဲ့ စကားဖြင့် ပြုတဲ့အမှု ဝစီကံလေးပါး၊ ကိုယ်ဖြင့် ပြုတဲ့အမှု ကာယကံသုံးပါးကို အသက်မွေးခြင်းကို မငဲ့ပဲ ရှောင်ကြဉ်ပီး မှန်ကန်ကောင်းမွန်တဲ့ အသက်မွေးမှုကို သမ္မာအာဇီဝမဂ္ဂင်လို့ ခေါ်ပါတယ်၊ အသက်မွေးမှုကို မငဲ့ဖူးဆိုတာက ပါဏာတိပါတစတဲ့ မကောင်းမှု လုပ်မှ မိမိအသက်ရှင်နေရမယ်ဆိုတာ မှလိုလားပဲ ရှောင်ကြဉ်နေတာပဲ ဖြစ်ပါတယ်။

သမ္မာဝါယာမမဂ္ဂင်–မှန်ကန်တဲ့ အားထုတ်မှု လုံ့လဝီရိယရှိရပါမယ် ဆိုတာက ဘယ်လိုလဲဆိုရင်—

၁။ မကောင်းတဲ့နည်းလမ်းမျိုးနဲ့ ကြိုးပမ်းအားထုတ်မှု။

၂။ ကောင်းတဲ့ နည်းလမ်းမျိုးနဲ့ ကြိုးပမ်းအားထုတ်မှု– ရယ်လို့ အားထုတ်မှု နှစ်မျိုးရှိပြန်ပါတယ်၊အဲဒီနှစ်မျိုးတို့မှာ ဒီနေရာ၌ ကောင်းတဲ့ ကြိုးပမ်းအားထုတ်မှုမျိုးကိုသာ သမ္မာဝါယာမ မဂ္ဂင်– မှန်ကန်တဲ့ အားထုတ်မှု လုံ့လဝီရိယလို့ ယူရပါမယ်၊ (ဝါယာမ လေးမျိုးကို ဟောခဲ့ပြီ။)

သမ္မာသတိမဂ္ဂင်-မှန်ကန်တဲ့ မမေ့မလျော့မှု သတိရှိရမယ်ဆိုတာက-

၁။ အကုသိုလ် မကောင်းမှုမျိုးကို သတိအမြဲ ရနေတာ။

၂။ ကုသိုလ်ကောင်းမှုမျိုး၌ အမြဲမပြတ် သတိရနေတာရယ်လို့ အမှတ်ရနေမှု နှစ်မျိုးရှိရာ ဒီနေရာမှာလဲ ကုသိုလ်ကောင်းမှုမျိုး၌ အမြဲမပြတ် ဒလစပ် သတိရနေတာမျိုးကိုသာ သမ္မာသတိမဂ္ဂင်လို့ ယူရပါမယ်။

မိမိတို့ရဲ့ စိတ်အစဉ်ဟာ ရူပါရုံစတဲ့ အာရုံတွေအကြားမှာ ပျော်ပါး မော်ကြွား မေ့လျော့နေမှု မရှိရ မဖြစ်ရအောင် သတိပဋ္ဌာန် ပါဠိတော် များမှာ ဟောပြတော်မူတဲ့အတိုင်း အစစအရာရာ သတိထားနေခြင်းနဲ့

ကုသိုလ်ဆိုင်ရာကိစ္စ၌ သတိ ရှိနေခြင်းများဟာ သမ္မာသတိ မဂ္ဂင်လို့ မှတ်ထားကြ၊ ရှေ့မမေ့ကြပါနဲ့ အခါကျမှ ထပ်ဟောပြပါအုန်းမယ်။

သမ္မာသမာဓိ မဂ္ဂင်ဆိုတာက–

စိတ်ဓာတ်ဟာ အချုပ်အခြာမရှိရင် ဟိုဟာတွေး ဒီဟာကြံနဲ့ လှုပ်လှုပ်ရှားရှား ပျံ့လွင့်ပြီး ငြိမ်သက်မှု မရှိနိုင်ပါဘူး၊အဲဒီလို စိတ်ဓာတ် မငြိမ်သက်ရင် စီးပွားရေးအနှောက်အယှက် ဖြစ်နိုင်တဲ့ပြင် မဂ်ဖိုလ် နိဗ္ဗာန်ရောက်ဖို့ဆိုတာ ပြောစရာမရှိတော့ပါဘူး။

ဒါကြောင့်–မိမိတို့ရဲ့စိတ်ဓာတ် လှုပ်လှုပ်ရှားရှားမဖြစ်ပဲ တည်ကြည် ငြိမ်သက်မှုရအောင် (စိတ်ဝင်စားတဲ့ အလုပ်တခုကို) လုပ်နေသော အားဖြင့် စိတ်ဓာတ်ကို မွေးမြူပေးရပါမယ်၊ အဲဒီလို မွေးမြူပေးလို့ စိတ်ဓာတ်ဟာလှုပ်လှုပ်ရှားရှားမဖြစ်ပဲ တည်ကြည်ငြိမ်သက်မှုရရှိလာရင် သမ္မာသမာဓိ မဂ္ဂင်ဖြစ်ပြီလို့ ဆိုရပါမယ်၊ (ကမ္မဋ္ဌာန်းတရား အားထုတ် နေခြင်း၌ သမာဓိရရှိနေတာ၊ အကျိုးရှိတဲ့ စာပေတခုကို ကြည့်ရှု ရေးသားနေခိုက် သမာဓိရနေတာ၊ ဒါန သီလစတဲ့ ကုသိုလ်ကောင်းမှု ကို ဆင်ခြင်စဉ်းစားနေလို့ သမာဓိရနေတာ–စတဲ့ သမာဓိရနေမှုတွေ အားလုံးဟာ မှန်ကန်တဲ့ တည်ကြည်မှုဟု ဆိုရမှာပဲ ဖြစ်ပါတယ်။)

သမ္မာသင်္ကပ္ပမဂ္ဂင် ဆိုတာက — မှန်ကန်တဲ့ အကြံအစည်ရှိရပါမယ် လို့ ဆိုထားလေတော့ ဘယ်လို မှန်ကန်တဲ့ အကြံအစည် ရှိရမလဲ ဆိုရင်—

မကောင်းတဲ့ ကြံစည်စိတ်ကူး တွေးတောစဉ်းစားမှု။

ကောင်းတဲ့ ကြံစည်စိတ်ကူး တွေးတောစဉ်းစားမှုရယ်လို့ နှစ်မျိုး ရှိသည်တွင် ကောင်းတဲ့ ကြံစည်စိတ်ကူး တွေးတောမှုမျိုးသာ ဖြစ်ရ ပါမယ်။

အဲဒီ နှစ်ပါးမှာ– မကောင်းတဲ့ ကြံစည်စိတ်ကူး တွေးတောမှု ဆိုတာ—

၁။ လှလှပပအဆင်း, သာသာယာယာအသံ, မွှေးမွှေးကြိုင်ကြိုင် အနံ့စတဲ့ အားရှင်ါးပါးကို ရရှိခံစားဖို့ ကြံစည်စိတ်ကူး တွေးတောနေခြင်း၊ ခံစားဖို့ အဆောက်အဦ နေရာ အဆောင်အယောင်ရရန် ကြံစည်စိတ်ကူးတွေးတောနေခြင်း၊ ဒီ ကာမနဲ့ဆိုင်တဲ့ ခံစားဖွယ် ဟူသမျှတွေကို အားရပါးရ ခံစားရန်အတွက် လိုချင်ရချင်လွန်းလို့ ဘယ်လိုလုပ်ပြီး ဘယ်နည်းနဲ့ရအောင် လုပ်ရပါမလဲ စသဖြင့် ကြံစည်စိတ်ကူးတွေးတောနေခြင်းများဟာ (ကာမသင်္ကပ္ပ။)

၂။ မခံမရပ်နိုင်ဒေါသဖြစ်ပြီး မိမိနဲ့မတဲ့သူတွေကို ကိုယ်တိုင်သတ်ရကောင်းမလား ဒါမှမဟုတ် လူတပါး ငှါးသတ်ခိုင်းရ ကောင်းမလား ဘယ်သူများ ဒီသူ့ကို သတ်ပါ့မလဲ စသဖြင့် ကြံစည်စိတ်ကူးတွေးတောနေမှုဟာ (ဗျာပါဒသင်္ကပ္ပ။)

၃။ သူတပါးကို သေကြေပျက်စီးအောင် မဟုတ်ပဲ စိတ်ပင်ပန်းကိုယ်ပင်ပန်းဖြစ်လောက်ရုံ ညှဥ်းဆဲချင်တဲ့စိတ်နဲ့ ကြံစည်စိတ်ကူး တွေးတောနေမှုကို (ဝိဟိံသာသင်္ကပ္ပ။)

ဒီအကြံအစည်သုံးပါးမှာပါတဲ့ ကြံစည်စိတ်ကူးတွေးတောမှုမျိုးကို အတတ်နိုင်ဆုံး အထူးမဖြစ်မိအောင် ရှောင်ရှားရပါမယ်၊ ဘာပြုလို့လဲ ဆိုတော့ မကောင်းတဲ့ ကြံစည်စိတ်ကူး တွေးတောမှုဖြစ်လို့ပါဘဲ။

၁။ ကိလေသာကာမနယ်ပယ်က ထွက်မြောက်ရန် ရဟန်းပြုမယ် သစ်တပင်ရင်း ဝါးတပင်ရင်းမှာ တောထွက်ရှကျင့်မယ်၊ မဂ်ဖိုလ်နိဗ္ဗာန်ရအောင် ကမ္မဋ္ဌာန်းတရား ပွားများအားထုတ်မယ်၊ ဒါနပြုလုပ်မယ်၊ သီလဆောက်တည်မယ်၊ ကုသိုလ်တရားပွားများမယ် စသဖြင့် ကြံစည်စိတ်ကူးတွေးတောနေမှုဟာ (နေက္ခမ္မသင်္ကပ္ပ။)

၂။ ပုပုရွရွမြင်မြင်သမျှ သုခိတ, ဒုက္ခိတ သတ္တဝါများ အပေါ် အကျိုးမျှော်ကိုးပြီး ချမ်းသာကြပါစေ ချမ်းသာကြပါစေလို့ သန့်စင်တဲ့ စေတနာမေတ္တာစိတ်ဖြင့် ကြံစည်စိတ်ကူးတွေးတောနေမှုဟာလဲ (အဗျာပါဒသင်္ကပ္ပ။)

၃။ ဆင်းဆင်းရဲရဲ ဖြစ်နေသူများကို ကရုဏာတရားထားပြီး ကူညီစောင့်မလိုတယ်၊ ချမ်းသာစေလိုတယ်၊ အောက်ကျ နောက်ကျ ဖြစ်နေတဲ့သူများကို အောက်ကျ နောက်ကျ မဖြစ်စေရန် ကြံစည်စိတ်ကူး တွေးတောနေမှုဟာ (အဝိဟိံသာသင်္ကပ္ပ။)

ဒီအကြံအစည်သုံးပါးမှာပါတဲ့ ကြံစည်စိတ်ကူး တွေးတောမှုမျိုးကိုတော့ အမြဲတမ်းချမ်းသာမှုကို လိုလားပါရင် အတတ်နိုင်ဆုံး အထူးကြံစည်စိတ်ကူး တွေးတောမိအောင် အားထုတ်ရပါမယ်၊ ဘာပြုလို့လဲဆိုတော့ ကောင်းတဲ့ကြံစည်စိတ်ကူး တွေးတောမှုမျိုး ဖြစ်လို့ပါပဲ။

သမ္မာဒိဋ္ဌိမဂ္ဂင်ဆိုတာကတော့—မှန်ကန်တဲ့ အယူအဆ အသိဉာဏ်ရှိရပါမယ်လို့ ဆိုထားလေတော့ ဘယ်လိုမှန်ကန်တဲ့ အယူအဆအသိဉာဏ်ရှိရမလဲဆိုရင်—

သမ္မာဒိဋ္ဌိဆိုတာကလဲ—

၁။ ကမ္မဿကတ သမ္မာဒိဋ္ဌိ၊

၂။ ဝိပဿနာ သမ္မာဒိဋ္ဌိရယ်လို့ နှစ်မျိုး၊

ကမ္မဿကတ သမ္မာဒိဋ္ဌိဆိုတာ—

သတ္တဝါ တဦးတယောက် ဖြစ်လာရင် ကောင်းတာပဲဖြစ်ဖြစ် မကောင်းတာပဲဖြစ်ဖြစ် ပြုလုပ်, ပြောဆို, ကြံစည်တဲ့—

ကိုယ်ဖြင့် ပြုလုပ်တဲ့အမှု,

နှုတ်ဖြင့် ပြောဆိုတဲ့အမှု,

စိတ်ဖြင့် ကြံစည်တဲ့အမှုရယ်လို့ သုံးမျိုးရှိပါတယ်။

ကောင်းတဲ့ ပြုလုပ်ပြောဆို ကြံစည်မှုဆိုတာက–လောဘ, ဒေါသ, မောဟဆိုတဲ့ အကုသိုလ် မကောင်းမှုတရားတွေ ကင်းဝေးသွားအောင် မိမိပစ္စည်းဥစ္စာကို ပေးကမ်းလှူဒါန်း စွန့်ကြဲတယ်၊ စိတ်ဓါတ်ငြိမ်သက်အောင် အားထုတ်ပွားများတယ်၊ သူတပါးအပေါ် မေတ္တာစိတ်ထားတယ်၊ ငွေသုံးပါးမှ ထွက်မြောက်အောင် ကမ္မဋ္ဌာန်းဘာဝနာ

တရား ပွားများအားထုတ်တယ်၊ အဲဒီအလုပ်တွေဟာ ကောင်းမွန်တဲ့ အလုပ်မျိုးတွေလို့ ဆိုရမှာပဲဖြစ်ပါတယ်။

မကောင်းတဲ့ ပြုလုပ်, ပြောဆို, ကြံစည်မှုဆိုတာကတော့-

လောဘ, ဒေါသ, မောဟဆိုတဲ့ မကောင်းတဲ့အကုသိုလ်တရားတွေ ပွားများလာအောင်—

၁။ သူတပါးအသက်ကို သတ်တယ်။

၂။ အရှင်မပေးသောဥစ္စာကို ခိုးယူတယ်။

၃။ ကာမဂုဏ်တို့၌ မှားသောအားဖြင့် ကျူးလွန်တယ်။

၄။ မဟုတ်မမှန် လိမ်ညာပြောဆိုတယ်။

၅။ သေရည်သေရက်သောက်စားတယ်၊ အဲဒါတွေအားလုံးဟာ မကောင်းတဲ့အလုပ်တွေချည်း ဖြစ်ပါတယ်၊ ဒီမကောင်းတဲ့ အမှုကို ပြုလုပ်မိခဲ့ရင် အဲဒီပြုလုပ်မိခဲ့တဲ့ မကောင်းမှုဟာ ပြုလုပ်တဲ့အမှု သူ့သဏ္ဍာန်မှ ပျောက်ကွယ်မသွားပဲ အစဉ် တည်ကျန်ရစ်ပါတယ်။

ဥပမာ-စာတပုဒ်ရအောင် ကျက်ထားတယ်ဆိုပါတော့ အဲဒီစာပုဒ် မေ့သွားပေမဲ့ အဲဒီစာပုဒ်နဲ့သက်ဆိုင်တဲ့ အသိဉာဏ်ဟာ ပျောက် မသွားဘဲကျန်ရစ်ခဲ့သလိုပဲ ဖြစ်ပါတယ်။

ကိလေသာသုံးပါး

၁။ အနုသယကိလေသာ-(အနုစား၊)

၂။ ပရိယုဋ္ဌာနကိလေသာ-(အလတ်စား၊)

၃။ ဝီတိက္ကမကိလေသာ - (အကြမ်းစား၊) ဟူ၍ သုံးမျိုးရှိပါ တယ်။

အနုသယကိလေသာဆိုတာ- သတ္တဝါတို့၏ စိတ်အစဉ်မှာ မျိုးစေ့ သဖွယ် မပြတ်မစဲ အမြဲကိန်းဝပ်တည်နေတဲ့ သဘောပဲဖြစ်ပါတယ်။

ဘယ်လိုမပြတ်မစဲ အမြဲကိန်းနေတဲ့ သဘောလဲဆိုရင် လှုပ်လှုပ်ရှားရှား မပြုလုပ်တတ်တဲ့ပြင် ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှား ရှိနေတဲ့ ကိလေသာမဟုတ်ပဲ အခါအခွင့်ကြုံလာမှ ပေါ်လာတတ်ပါတယ်၊ ဘယ်အထိလဲဆိုတော့ ဒီအနုသယကိလေသာ ရှိနေတယ်လို့တောင်မှ မသိနိုင်လောက်အောင် ကုန်နေပြီလို့ထင်ရသည်အထိ ကိန်းနေတာပဲဖြစ်ပါတယ်။

ဒီကိလေသာကို မျိုးစေ့နဲ့နှိုင်းယှဉ်ပြထားပါတယ်၊ မျိုးစေ့ဆိုတာ မျိုးကလဲ သူ့မှာရှိနေတဲ့ မျိုးရဲ့သတ္တိကို အမြင်အတိုင်း မသိနိုင်ပါဘူး မြေ-ရေ-ဥတုနဲ့ ထိတွေ့ရလို့ အပင်ကလေးပေါက်လာမှ အော်....ဒီမျိုးစေ့ဟာ အပင်ပေါက်လာနိုင်တဲ့ မျိုးရဲ့သတ္တိ သူ့ရဲ့အတွင်းမှာ ရှိနေပါလားလို့ သိနိုင်သလို-

အခါအခွင့်ကြုံလာလို့ ကာယကံသောင်းကျန်းမှု ဝစီကံသောင်းကျန်းမှုဖြစ်လာလို့ တွေ့ရမှ အနုသယကိလေသာ ရှိတယ်ဆိုတာ သိနိုင်ပါတယ်။

အဲဒီကာယကံသောင်းကျန်းမှုတွေ ဝစီကံသောင်းကျန်းမှုတွေ မဖြစ်သေးသမျှ ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှားမနေပဲ မသိနိုင်တာကို ကိန်းဝပ်နေတယ်လို့ ဆိုရပါတယ်၊ ဘုရားရှိခိုးနေတဲ့အချိန် အလှူအတန်း ပြုလုပ်နေတဲ့အချိန် သီလခံယူဆောက်တည်နေတဲ့အချိန် တရားနာနေတဲ့အချိန်၊ အဲဒီအချိန်မျိုးတွေမှာရော အနုသယကိလေသာ သေရောလား တရားနာပရိသတ် မသေပါဘူး၊ သီလလက်နက် သမထလက်နက်နဲ့သတ် ဘယ်သေမလဲ ဟိုက ဇိမ်တောင်မပျက်ဘူး ငြိမ်နေတယ် မလှုပ်ဘူး။

ဒါဖြင့် ဘာနဲ့သတ်မှ သေမလဲဆိုတော့ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ ဆိုတဲ့ ပညာမဂ္ဂင်နှစ်ပါးနဲ့သတ် ပညာသိက္ခာနဲ့သတ် အဲဒီ ဝိပဿနာမဂ်ဉာဏ် သမုစ္ဆေဒပဟာန်နဲ့ သတ်မှသေတယ်။

ပရိယုဋ္ဌာနကိလေသာဆိုတာ မနောဒွါရ၌ဖြစ်သော စိတ်ထဲ၌ ဖြစ်ပေါ်မှု၊ သူက ပေါ်ပေါ်လွင်လွင် လှုပ်ရှား ထကြွသောင်းကျန်းတဲ့ တဏှာပေါ့၊ အခုနာခဲ့ကြရတဲ့ အနုသယကိလေသာဆိုတာမှ တဆင့်တက်ပြီး ပေါ်ပေါ်လွင်လွင် လှုပ်ရှားထကြွ သောင်းကျန်းလာတဲ့ ကိလေသာပဲ ဖြစ်ပါတယ်။

လွန်ကျူးမှု မဖြစ်သေးပေမဲ့ စိတ်ထဲမှာတော့ အတော့်ကို လှုပ်လှုပ်ရှားရှား ထထကြွကြွဖြစ်နေပါပြီ၊ ဘာနဲ့တူသလဲဆိုတော့ အနီးကပ်ဆုံး ဥပမာနဲ့ ပြောပြရရင် စိတ်ဆိုးနေတဲ့သူတယောက်ဟာ ရိုက်မလို့ တုတ်ကောက်ကိုင်ထားတာနဲ့ တူပါတယ်၊ မရိုက်ဖြစ်သေးပေမဲ့ စိတ်ထဲမှာတော့ တနုံ့နုံ့ဖြစ်နေပြီး ရိုက်ချင်ရင်ရိုက်လိုက်ဖို့ အသင့်ဖြစ်နေပါတယ်၊ အဲဒီသဘောကို ပရိယုဋ္ဌာနကိလေသာလို့ ခေါ်ပါတယ်၊ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိဆိုတဲ့ သမာဓိမဂ္ဂင်သုံးပါးနဲ့ ပယ်ပါ၊ ပညာသိက္ခာနဲ့ပယ် သမာဓိအားဆိုတဲ့ ဝိက္ခမ္ဘနပဟာန်နဲ့ ပယ်ပါ၊ ဒါပေမဲ့ ရေမှော်ထဲခဲချသလိုပေါ့၊ ခဲပစ်ချလိုက်တုန်းပဲ ရေမှော်တေးပြန့်သွားပြီး မကြာမီပြန်စုလာသလို ဥပုသ်စောင့်တုန်း အနိုင်နိုင်မနဲစိတ်ထိန်းထားပေမဲ့ ဥပုသ်လဲထွက်ရော မကောင်းမှု ကျူးလွန်တာမျိုးကို ဆိုလိုပါတယ်။

ဝီတိက္ကမကိလေသာ ဆိုတာကတော့—

အခုပြောခဲ့တဲ့ ပရိယုဋ္ဌာန ကိလေသာတွေမှ တဆင့်တက်ပြီး လွန်ကျူးပေါက်ပွားလာတဲ့ ကိလေသာပဲဖြစ်ပါတယ်၊ ဘယ်လို လွန်ကျူးပါသလဲဆိုရင် ပရိယုဋ္ဌာနကိလေသာမျိုးကို သည်းခံအောင့်အီး မနေနိုင်တော့တဲ့အတွက် ရိုက်လိုက်ပြီပေါ့၊ သူတပါးအသက်ကို သတ်ဖြတ်မှု သူတပါးရဲ့ဥစ္စာ ခိုးယူမှု သူ့သားအိမ်ရာ ပြစ်မှားမှုဆိုတဲ့ ကာယကံမှု၊ မဟုတ်မမှန် လိမ်လည်ပြောဆိုမှု၊ သေရည် သေရက် သောက်စားမှုဆိုတဲ့ မကောင်းမှု အကုသိုလ် ဒုစရိုက်တရားတွေ ပြစ်မှား

လွန်ကျူးသည်အထိ ဖြစ်လာတာဟာ ဝီတိက္ကမကိလေသာတွေ လွန်ကျူးပေါက်ပွားလာတာပဲ ဖြစ်ပါတယ်။

အဲဒီ ဝီတိက္ကမကိလေသာမျိုးကိုတော့ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝဆိုတဲ့ သမာဓိမဂ္ဂင်သုံးပါးနဲ့ ပယ်သတ်ပါ၊ ပညာသိက္ခာနဲ့ ပယ်ပါ၊ တဒင်္ဂပဟာန်နဲ့ပယ်ရပါမယ်လို့ ရှင်တော်ဘုရား ဟောထားပါတယ်။

ဒါပေမဲ့ သီလသိက္ခာနဲ့ သမာဓိသိက္ခာ ဆိုဘာမျိုးက တဒင်္ဂ ဝိက္ခမ္ဘနလောက် ပယ်နိုင်တာနော်၊ ပညာသိက္ခာဆိုတာကမှ ဝိပဿနာ ပညာ သမုစ္ဆေဒပဟာန်နဲ့ တစမကျန်ပယ်နိုင်တယ်လို့ မှတ်ထားကြပါကုန်။

ပရိယုဋ္ဌာနကိလေသာ မဖြစ်ရအောင် လောဘနေယျစတဲ့ ကာမဝတ္ထုများကို ရှောင်ရပါမယ်၊ သတ္တဝါဟူသမျှတို့ရဲ့ ညစ်ညူးပင်ပန်းဆင်းရဲကြောင်း အနုသယကိလေသာများဟာလဲ ပရိယုဋ္ဌာန မဖြစ်ပေါ်ခင် မြန်မြန်လေးသာ ရှောင်ရှားကြပါ။

ကာမဂုဏ်မရှောင်တဲ့အတွက် ပရိယုဋ္ဌာနကိလေသာ လှုပ်ရှားလာပါက ကာယကံမှု ဝစီကံမှု ထင်ရှားလာမှာပဲ ဖြစ်ပါတယ်၊ အဲဒီလို ထင်ရှားလာရင် ဝီတိက္ကမကိလေသာကြမ်း မဖြစ်ပေါ်ရအောင် အထူးစောင့်ရှောက်ပါ။

ဝီတိက္ကမကိလေသာ ပေါ်လာရင်တော့ အပါယ်ကျကြောင်း မကောင်းမှုတွေ များလာပါလိမ့်မယ်၊ ဒါကြောင့် ပရိယုဋ္ဌာန မဖြစ်ရလေအောင် စောစောစီးစီးကြိုတင်၍ ကာကွယ်ကြပါလို့ တိုက်တွန်းရင်း ဤသည်ကား သုတ္တန်ဒေသနာ ထိုထက်ခက်ခဲနက်နဲတဲ့ အဘိဓမ္မာဒေသနာတော်မြတ်သည်ကား ကုသလာဓမ္မာ,အကုသလာဓမ္မာ, အဗျာကတာဓမ္မာဟု ဟောဘော်မူပါတယ်။

## ဝိသုဒ္ဓိခုနစ်ပါး

ဝိသုဒ္ဓိဆိုတာ (စင်ကြယ်ခြင်း) လို့ အဓိပ္ပါယ်ရပါဘယ်၊ ဘာတွေ စင်ကြယ်လို့ ဘယ်နှစ်မျိုးရှိသလဲဆိုရင်—

၁။ သီလစင်ကြယ်ခြင်း–သီလဝိသုဒ္ဓိ။

၂။ ခဏိကသမာဓိ၊ ဥပစာရသမာဓိ၊ အပ္ပနာသမာဓိ စိတ်၏ စင်ကြယ်ခြင်း-စိတ္တဝိသုဒ္ဓိ။

၃။ ရုပ်နာမ်တို့ကို ပိုင်ပိုင်နိုင်နိုင်သိသဖြင့် ဉာဏ်အမြင် စင်ကြယ်ခြင်း–ဒိဋ္ဌိဝိသုဒ္ဓိ။

၄။ ရုပ်နာမ်ဖြစ်ပေါ်လာရခြင်း အကြောင်းကို ကောင်းကောင်း သိမှု ပိုင်နိုင်သဖြင့် ယုံမှားကင်းစင်ဉာဏ်အမြင်စင်ကြယ်ခြင်း– ကင်္ခါဝိတရဏဝိသုဒ္ဓိ။

၅။ မဂ်ဟုတ်သည် မဟုတ်သည်ကို ပိုင်ပိုင် သိမြင်နိုင်တဲ့ ဉာဏ် အမြင်၏ စင်ကြယ်ခြင်း–မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ။

၆။ ဥဒယဗ္ဗယဉာဏ်မှစ၍ အနုလောမဉာဏ်အထိ ဝိပဿနာဉာဏ် ကိုးပါး မဂ်တရားဟူသော ဉာဏဒဿနဝိသုဒ္ဓိ၏ အကျင့်မှန် ထင်လင်း ဉာဏ်အမြင်စင်ကြယ်ခြင်းဟူသော- ပဋိပဒါဉာဏ ဒဿနဝိသုဒ္ဓိ။

၇။ နိဗ္ဗာန်ကိုသိမြင်နိုင်သော မဂ်ဉာဏ်အမြင်၏ စင်ကြယ်ခြင်း ဆိုတဲ့ ဉာဏဒဿနဝိသုဒ္ဓိ၊ အဲဒါကတော့ နိဗ္ဗာန်ရောက် ကြောင်း ဝိသုဒ္ဓိခုနစ်ပါးပဲ ဖြစ်ပါတယ်။

အမှာ—(တရားဟောကွက် ပြောကွက်များ) အမည်ရှိ စာအုပ်မှာ ပါသွားပေမဲ့ စာအုပ်တိုင်းဖတ်ရပြီး သိရသောအားဖြင့် ကျင့်ကြံကျိုးကုတ် အားထုတ်ပွားများနိုင်ကြပါစေ ဆိုတဲ့ စေတနာနဲ့ ဒီစာအုပ်မှာလဲ ထည့်ဟောပေးလိုက်ပြန်ပါတယ်။

## ဉာဏ်စဉ် တဆယ့်ခြောက်ပါး

၁။ ရုပ်နာမ် နှစ်ပါးကို ပိုင်းခြားသိမြင်တဲ့ ဉာဏ် (နာမရူပ ပရိစ္ဆေဒဉာဏ်။)

၂။ ရုပ်နာမ်တွေရဲ့ ဖြစ်ကြောင်းတရားကို သိမ်းဆည်းတဲ့ဉာဏ် (ပစ္စယပရိဂ္ဂဟဉာဏ်။)

၃။ ရုပ်နာမ် နှစ်ပါးကို အနိစ္စ, ဒုက္ခ, အနတ္တ ဆိုတဲ့ လက္ခဏာ ယဉ်သို့တင်၍ သုံးသပ်ဆင်ခြင်တဲ့ ဉာဏ် (သမ္မသနဉာဏ်။)

၄။ ရုပ်နာမ် နှစ်ပါးတို့ရဲ့ အဖြစ်အပျက်ကို ထင်မြင်လာတဲ့ဉာဏ် (ဥဒယဗ္ဗယဉာဏ်။)

၅။ ရုပ်နာမ် နှစ်ပါးတို့ရဲ့ ပျက်စီးနေတာကို ထင်မြင်လာတဲ့ဉာဏ် (ဘင်္ဂဉာဏ်။)

၆။ ရုပ်နာမ် နှစ်ပါးတို့ရဲ့ ပျက်စီးနေတာကို ဘေးကြီးတွေ ဖြစ်တယ်လို့ ထင်မြင်လာတဲ့ဉာဏ် (ဘယဉာဏ်။)

၇။ ရုပ်နာမ် နှစ်ပါးတို့ရဲ့ ပျက်စီးနေတာကို အပြစ်ကြီးတွေ ဖြစ်တယ်လို့ ထင်မြင်လာတဲ့ဉာဏ် (အာဒီနဝဉာဏ်။)

၈။ ရုပ်နာမ် နှစ်ပါးတို့ရဲ့ ပျက်စီးနေတာကို စက်ဆုပ် ရွံရှာ ငြီးငွေ့စရာပါလားလို့ ထင်မြင်လာတဲ့ဉာဏ် (နိဗ္ဗိန္ဒာဉာဏ်။)

၉။ ရုပ်နာမ် နှစ်ပါးတို့ရဲ့ ပျက်စီးနေခြင်းမှ လွတ်ရာနိဗ္ဗာန်သို့ ကိုင်းရှိုင်းတဲ့ဉာဏ် (မုဉ္စိတုကမျတာဉာဏ်။)

၁၀။ ရုပ်နာမ် နှစ်ပါးတို့ရဲ့ ဖြစ်ခြင်း, ပျက်ခြင်း စသည်ကို တဖန် သိမ်းဆည်းတဲ့ဉာဏ် (ပဋိသင်္ခါဉာဏ်။)

၁၁။ ရုပ်နာမ်နှစ်ပါးတို့ရဲ့ ဖြစ်ခြင်းပျက်ခြင်းကို ချစ်ခြင်းမုန်းခြင်း မရှိ လျစ်လျူရှုတဲ့ဉာဏ် (သင်္ခါရုပေက္ခာဉာဏ်။)

၁၂။ ရှေ့ဉာဏ် နောက်ဉာဏ် အားလျော်တဲ့ဉာဏ် (အနုလောမ ဉာဏ်။)

၁၃။ ပုထုဇဉ်အနွယ်ကိုဖြတ်၍ အရိယာအနွယ်ကို ပွားစေတဲ့ဉာဏ် (ဂေါတြဘူဉာဏ်။)

၁၄။ နိဗ္ဗာန်ကို သိမြင်တဲ့ဉာဏ် (မဂ်ဉာဏ်။)

၁၅။ နိဗ္ဗာန်ကို သိမြင်တဲ့ဉာဏ် (ဖိုလ်ဉာဏ်။)

၁၆။ မဂ်ဖိုလ်နိဗ္ဗာန် ပယ်ပြီး မပယ်သေးတဲ့ တရားငါးပါးတို့ကို ဆင်ခြင်တဲ့ဉာဏ် (ပစ္စဝေက္ခဏာဉာဏ်။)

အဲဒါကတော့ နိဗ္ဗာန် ရောက်ကြောင်းဉာဏ် ( ၁၆ ) ပါးပဲ ဖြစ်ပါတယ်။

ထပ်ပြောပြပါအုန်းမယ်-

သီလဝိသုဒ္ဓိ ဆိုတာက-

ရဟန်းများမှာ (၂၂၇) ပါးသော ပါတိမောက္ခသံဝရသီလ စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေ၊ မနိန္ဒြေဆိုတဲ့ ဣန္ဒြေခြောက်ပါးကို ထိန်းသိမ်းခြင်းဆိုတဲ့ ဣန္ဒြိယသံဝရသီလ၊ ကုလ-ဒူသက အနေသနစသည်ကို ရှောင်ကြဉ်၍ တရားသဖြင့်ရတဲ့ ပစ္စည်းဖြင့် အသက်မွေးမှုခြင်းဆိုတဲ့ အာဇီဝပါရိသုဒ္ဓိသီလ။

တရားသဖြင့်ရတဲ့ ပစ္စည်းကို ပစ္စဝေက္ခဏာ ဆင်ခြင်၍ သုံးဆောင်ခြင်းဆိုတဲ့-ပစ္စယသန္နိဿိတသီလ။

**သာမဏေများမှာ**— လိင် ဒဏ် သေခိယ ခန္ဓကဝတ်နှင့် ညီအောင် ကျင့်ရင် ပါတိမောက္ခသံဝရသီလ ပြည့်စုံပါပြီ၊ အာရုံတွေ၌ လောဘ ဒေါသစသည် မဖြစ်ရင် ဣန္ဒြိယသံဝရသီလနဲ့ ပြည့်စုံပါပြီ၊ ကုလဒူသက အနေသနကို မပြုပဲ တရားသဖြင့် ရတဲ့ပစ္စည်းဖြင့် အသက်မွေးရင်

အာဇီဝပါရိသုဒ္ဓိ သီလနဲ့ ပြည့်စုံပါပြီ၊ တရားသဖြင့် ရတဲ့ပစ္စည်းကို ပစ္စဝေက္ခဏာ ဆင်ခြင်၍ သုံးဆောင်ရင် ပစ္စယသန္နိဿိတသီလနဲ့ ပြည့်စုံပါပြီ။

ဘိုးသူတော် - သီလရှင်များမှာ– ရှစ်ပါးသီလ ဆယ်ပါးသီလ လုံခြုံရင် ပါတိမောက္ခသံဝရသီလနဲ့ ပြည့်စုံပါပြီ။

လူများမှာ- ငါးပါးသီလ, ရှစ်ပါးသီလ, ဆယ်ပါးသီလကို လုံခြုံအောင် စောင့်ထိန်းရင် ပါတိမောက္ခ သံဝရသီလနဲ့ ပြည့်စုံပါပြီ၊ အာရုံတွေ့၍ လောဘဒေါသစသည် မဖြစ်ရင် ဣန္ဒြိယသံဝရသီလနဲ့ ပြည့်စုံပါပြီ၊ ပါဏာတိပါတစတဲ့ ဒုစရိုက်ဆယ်ပါးကို ရှောင်၍ တရားသဖြင့် ရတဲ့ ပစ္စည်းဖြင့် အသက်မွေးရင် အာဇီဝပါရိသုဒ္ဓိသီလနဲ့ ပြည့်စုံပါပြီ၊ တရားသဖြင့် ရတဲ့ပစ္စည်းကို ပစ္စဝေက္ခဏာ ဆင်ခြင်၍ သုံးဆောင်ရင် ပစ္စယသန္နိဿိတ သီလနဲ့ ပြည့်စုံပါပြီ။

အခုဟောခဲ့တဲ့ မိမိတို့ရဲ့ ဆိုင်ရာဆိုင်ရာသီလများနဲ့ ပြည့်စုံနေကြရင် သီလဝိသုဒ္ဓိဖြစ်ပြီလို့ ဆိုရပါမယ်။

စိတ္တဝိသုဒ္ဓိဆိုတာ–

ကမ္မဋ္ဌာန်း လေးဆယ်တို့တွင် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကိုပဲ ဖြစ်ဖြစ် မေတ္တာကမ္မဋ္ဌာန်းကိုပဲ ဖြစ်ဖြစ် မိမိကြိုက်နှစ်သက်တဲ့ ကမ္မဋ္ဌာန်းတခုခုကို ပွားများအားထုတ်လို့ စိတ်မပျံ့လွင့်ပဲ တည်ကြည်ငြိမ်သက်ပြီး သမာဓိ တရားရလာရင် စိတ္တဝိသုဒ္ဓိဖြစ်ပြီလို့ ဆိုရပါမယ်။

ကမ္မဋ္ဌာန်းလေးဆယ်ကို ရေတွက်ပုံနဲ့ အားထုတ်ပုံကို နောက်က ဟောပြခဲ့ပါပြီ။

ဒိဋ္ဌိ ဝိသုဒ္ဓိဆိုတာ–

ပုဂ္ဂိုလ် သတ္တဝါ လူ နတ် ဗြဟ္မာ ငါ သူတပါး ယောကျ်ား မိန်းမ မရှိ၊ ရုပ်နာမ်နှစ်ပါးသာ အမှန်ရှိတယ်ဆိုတာ ကွဲကွဲပြားပြား ခွဲခွဲ

ခြားခြား သိမြင်တဲ့ နာမရူပပရိစ္ဆေဒ ဉာဏ်ရရင် ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ပြီလို့ ဆိုရပါမယ်။

ဒီဘဝက ရုပ်နာမ်ဟာ ဟိုဘဝသို့ လိုက်ပါတယ်ဆိုတဲ့ သဿတဒိဋ္ဌိ၊ ဒီဘဝက ရုပ်နာမ်ဟာ ဟိုဘဝသို့ မလိုက်ပါဘူးဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိ ကင်းလွတ်သွားပါပြီ၊ အမာရွတ်ကလေး ပါလာပါတယ်လို့ မထင်တော့ပါဘူး။

ကင်္ခါဝိတရဏ ဝိသုဒ္ဓိဆိုတာ—

နာမရူပပရိစ္ဆေဒဉာဏ် ထင်မြင်လို့ ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်ပြီးတဲ့သူဟာ ငါစွဲ အတ္တပြုတ်သွားပေမဲ့ ယုံမှားမှုက ခံနေပါသေးတယ်၊ ဒီယုံမှားမှု ကင်းပြတ်သွားအောင် ရုပ်နာမ်ဆိုတာ ဘာအကြောင်းကို အကြောင်းခံပြီး ဖြစ်ပေါ်လာရသလဲလို့ ရုပ်နာမ်ရဲ့ အကြောင်းရင်းကို စဉ်းစားရပါအုန်းမယ်။

ဥပမာ – ထမင်း ချက်တဲ့သူဟာ ထမင်းအိုး ကျက်တဲ့အခါ အကြောင်းဖြစ်တဲ့ မီးတောက် ဆင်ခြင်စဉ်းစား လျှော့ရသလို ရုပ်နာမ်ကို ဟုတ်မှန်တဲ့အတိုင်း မြင်ရတဲ့ အခါမှာလဲ ဒီ ရုပ်နာမ် နှစ်ပါးရဲ့ ဖြစ်ပေါ်လာရတဲ့ အကြောင်းတရားများကို သိမ်းဆည်းရပါအုန်းမယ်၊ ဘယ်လို သိမ်းဆည်းရမလဲ ဆိုရင် ရုပ်နာမ်ဆိုတာ တမင်သက်သက် မိုးပေါ်က ကျလာတာမဟုတ်ပါဘူး၊အဝိဇ္ဇာ သင်္ခါရ တဏှာ ဥပါဒါန် ဘဝဆိုတဲ့ အကြောင်းတရား ငါးပါးကြောင့် ရုပ်နာမ်ဆိုတဲ့ အကျိုးတရား ငါးပါး ဖြစ်လာပါတယ်။

ဘယ်လို ဖြစ်ရလာသလဲဆိုရင်—

အဝိဇ္ဇာ-သစ္စာလေးပါးကို မသိမှု မောဟဖြစ်တဲ့သူဟာ လူ့ဘဝ နတ်ဘဝစတဲ့ ဘဝတွေကို တွယ်တာမှု လောဘတဏှာ ဖြစ်လာတယ်၊ အဲဒီတဏှာတွေ ရင့်သန်လာတဲ့အခါ ပြင်းစွာစွဲလမ်းမှုဆိုတဲ့ ဥပါဒါန် ဖြစ်လာပါတယ်၊ ဒီလိုဥပါဒါန် စွဲလမ်းမှုကြောင့် လူ့ဘဝ နတ်ဘဝ

စသည်ကို ရစေရောက်စေနိုင်တဲ့ ကုသိုလ်ကံ သင်္ခါရများကို ပြုလုပ်ကြတယ်၊ ဒီကုသိုလ်ကံ သင်္ခါရကြောင့် လူ့ဘဝ နတ်ဘဝ စသည်ကို ရကြပါတယ်၊ အဲဒီလိုဘဝ ဖြစ်လာတယ်ဆိုရင် ပဋိသန္ဓေဆိုတဲ့ နာမ်တရား ပဋိသန္ဓေစိတ်နှင့် အတူဖြစ်တဲ့ ရုပ်တရားများ ဖြစ်ကြပါတယ်၊ အဲဒီလို အဝိဇ္ဇာ တဏှာ သင်္ခါရ ဥပါဒါန် ဘဝဆိုတဲ့ အကြောင်းတရား ငါးပါးကြောင့် နာမ်တရား ရုပ်တရားများ ဖြစ်ကြပါတယ်လို့ ရုပ်နာမ် အကြောင်းကို သိမ်းဆည်းရပါမယ်၊ အဲဒီလိုရုပ်တရား နာမ်တရား နှစ်ပါးရဲ့ ဖြစ်ပေါ်လာရတဲ့ အကြောင်းတရားများကို သိမ်းဆည်းခြင်းလို့ ထင်မြင်တဲ့အခါ အခုလက်ရှိမျက်မှောက် ပစ္စုပ္ပန်မှာ ဖြစ်နေတဲ့ ရုပ်တရား, နာမ်တရားနှစ်ပါးရဲ့ အကြောင်းရင်းတွေ ထင်မြင်လာရင် အတိတ်ဘဝကဖြစ်ခဲ့တဲ့ ရုပ်နာမ်နှစ်ပါးရဲ့ အကြောင်းတွေ အနာဂတ်မှာဖြစ်အုန်းမဲ့ ရုပ်နာမ်နှစ်ပါးရဲ့အကြောင်းတွေကို အကုန်မြင်ပြီး ကာလသုံးပါးစလုံး ရုပ်နာမ်ရဲ့အကြောင်းတွေကို အကုန်အစင် မြင်တော့တာပါပဲ။

ဒီလို ရုပ်နာမ်နှစ်ပါးရဲ့အကြောင်းရင်းများကို မြင်သွားတဲ့သူဟာ ဒီဘဝက ရုပ်နာမ်နှစ်ပါးဟာ ဟိုဘဝသို့ ဆက်လိုက်တယ် အဟုတ်တကယ်ပါတယ်လို့ အယူမှားတဲ့ သဿတဒိဋ္ဌိ၊ ဒီဘဝက ရုပ်နာမ်နှစ်ပါးဟာ ဟိုဘဝသို့ဆက်မလိုက်ပဲ အဟုတ်တကယ်ပြတ်တယ်လို့ အယူမှားတဲ့ ဥစ္ဆေဒဒိဋ္ဌိ။

ဒီရုပ်နာမ်ဟာ ရှေးကဖြစ်ခဲ့ဘူးသလား နောက်ပြန်ဖြစ်အုန်းမှာလား တန်ခိုးကြီးတဲ့ သိကြားဗြဟ္မာဖန်ဆင်းလို့ ဖြစ်လာတာလားစတဲ့ ယုံမှားမှု တဆယ့်ခြောက်ပါး ယုံမှားမှုရှစ်ပါးဟာ ကင်းစင်လွင့်ပျောက်သွားပါတော့တယ်၊ (ယုံမှားမှုဆိုတာက ဟုတ်မှဟုတ်ပါ့မလား သို့လော သို့လော တွေးတောသံသယရှိခြင်း စိတ်ကို မဆုံးဖြတ်နိုင်ပဲ ဆုံးဖြတ်လို့ မရပဲ ဒွိဟနှစ်ခွဖြစ်နေတာကို ယုံမှားမှုလို့ ခေါ်ပါတယ်။)

ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ မရှိ ရုပ်တရား နာမ်တရားနှစ်ပါးသာရှိတယ်၊ ရှိတဲ့ရုပ်နာမ်ဆိုတာကလဲ သူ့အကြောင်းတွေနဲ့သူ ဖြစ်ပေါ်၍နေတာပါပဲလို့ အကြောင်းရင်းတွေကို ထင်ထင်ရှားရှားမြင်လာတော့ ယုံမှားမှုတွေ မရှိတော့ဘူးပေါ့။

ယုံမှားမှုဆိုတာကို ဟောပြပါအုန်းမယ်–

## ယုံမှားခြင်း တဆယ့်ခြောက်ပါး

၁။ ငါဟာ အတိတ်ကာလက ဖြစ်ခဲ့ဘူးသလား။

၂။ ငါဟာ အတိတ်ကာလက မဖြစ်ခဲ့ဘူးလား။

၃။ ငါဟာ အတိတ်ကာလက ဘယ်လိုသူဖြစ်ခဲ့သလဲ။

၄။ ငါဟာ အတိတ်ကာလက ဘယ်လို နိမ့် မြင့် ဖြူ ညို စသော အခြင်းအရာဖြင့် ဖြစ်ခဲ့သလဲ။

၅။ ငါဟာ အတိတ်ကာလက ဘယ်သူဖြစ်၍ ဘယ်လိုသူ ဆက်ကာဆက်ကာ ဖြစ်သေးသလဲ၊ အဲဒီလို အတိတ်ကိုစွဲပြီး ယုံမှားခြင်းငါးမျိုး ဖြစ်ပါတယ်။

၁။ ငါဟာ နောင်အခါ ဖြစ်အုန်းမလား။

၂။ ငါဟာ နောင်အခါ မဖြစ်ဘူးလား။

၃။ ငါဟာ နောင်အခါ ဘယ်လိုသူဖြစ်အုန်းမလဲ။

၄။ ငါဟာ နောင်အခါ ဘယ်လို နိမ့်မြင့်ဖြူညိုစသော အခြင်းအရာဖြင့် ဖြစ်အုန်းမလဲ။

၅။ ငါဟာ နောင်အခါ ဘယ်လိုသူဖြစ်၍ ဘယ်သူ ဆက်ကာဆက်ကာ ဖြစ်ပြန်အုန်းမှာလဲ၊ အဲဒီလို အနာဂတ်ကိုစွဲပြီး ယုံမှားခြင်းငါးမျိုး ဖြစ်ပါတယ်။

၁။ ငါဟာ အခုဘဝ ဘယ်သူဖြစ်သလဲ။

၂။ ငါဟာ အခုဘဝ မဖြစ်ဘူးလား။

၃။ ငါဟာ ယခုဘဝ ဘယ်လိုသူ ဖြစ်သလဲ။

၄။ ငါဟာ ယခုဘဝ ဘယ်လို နိမ့်မြင့်ဖြူညိုစသော အခြင်းအရာဖြင့် ဖြစ်သလဲ။

၅။ ငါဟာ အခုဘဝကို ဘယ်ဘဝက လာခဲ့သလဲ။

၆။ ငါဟာ ယခုဘဝမှ ဘယ်ဘဝသို့ သွားအုန်းမလဲ၊ အဲဒီလို ပစ္စုပ္ပန်ဆိုတဲ့ အခု မျက်မှောက်ဘဝကိုစွဲပြီး ယုံမှားခြင်း ခြောက်မျိုး ဖြစ်ပါတယ်၊ ပေါင်းလိုက်တော့ သုတ္တန်နည်းအားဖြင့် ယုံမှားခြင်း ဆယ့်ခြောက်မျိုး ဖြစ်ပါတယ်။

ယုံမှားခြင်းရှစ်ပါးဆိုတာက—

၁။ ဘုရား၌ယုံမှားခြင်း၊

၂။ တရား၌ ယုံမှားခြင်း၊

၃။ သံဃာ၌ ယုံမှားခြင်း၊

၄။ သိက္ခာ၌ ယုံမှားခြင်း၊

၅။ ရှေ့အစွန်း၌ ယုံမှားခြင်း၊

၆။ နောက်အစွန်း၌ ယုံမှားခြင်း၊

၇။ ရှေ့အစွန်း နောက်အစွန်းနှစ်ပါး၌ ယုံမှားခြင်း၊

၈။ ပဋိစ္စသမုပ္ပါဒ်၌ ယုံမှားခြင်းဟူ၍ အဘိဓမ္မာနည်းအားဖြင့် ယုံမှားခြင်းရှစ်ပါး ရှိပါတယ်။

မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိဆိုတာ—

နောက်ကဟောခဲ့တဲ့ သမ္မသနဉာဏ်နဲ့ ဉဒယဗ္ဗယဉာဏ် ထင်မြင်လာရင် မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိဖြစ်ပြီလို့ ဆိုရပါမယ်။

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဆိုတာ–

ဥဒယဗ္ဗယဉာဏ်မှစ၍ အနုလောမတိုင်အောင် ထင်မြင်လာရင် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ဖြစ်ပြီလို့ ဆိုရပါမယ်။

ဉာဏဒဿနဝိသုဒ္ဓိဆိုတာကတော့–

မဂ်ဉာဏ်ကိုရလို့ နိဗ္ဗာန်ကို မျက်မှောက်ပြုလာရင် ဉာဏဒဿန ဝိသုဒ္ဓိဖြစ်ပြီလို့ ဆိုရပါမယ်။

ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်တို့မှာ ဉပစာရအားဖြင့် ဉာဏဒဿန ဝိသုဒ္ဓိမှာ အကျုံးဝင်တယ်လို့ ဆိုပါတယ်။

## တရားတော်ကျင့်ရတဲ့အကျိုး

အခုလို နိဗ္ဗာန်ရောက်အောင် တရားကြိုးစားပွားများ ကျင့်ကြံခဲ့ကြတဲ့အတွက် ရနိုင်တဲ့အကျိုးတရားကတော့ အဲဒီလို နိဗ္ဗာန်ရောက်ကြောင်းတရား ကျင့်ကြံကျိုးကုတ် အားထုတ်တဲ့သူဟာ ဤတရား အစဉ်သည် ဖြစ်ပါတယ်။

ရုပ်၌ငြီးငွေ၏၊ ဝေဒနာ၌ငြီးငွေ၏၊ သညာ၌ငြီးငွေ၏၊ သင်္ခါရ၌ ငြီးငွေ၏၊ ဝိညာဏ်၌ငြီးငွေ၏၊ အဲဒီလို ခန္ဓာငါးပါးကို ငြီးငွေ့ဖန်များနေတဲ့သူဟာ ခန္ဓာငါးပါးကို ပိုင်းခြားပြီးသိ၏၊ ခန္ဓာငါးပါးကို ပိုင်းခြားသိရင် ခန္ဓာငါးပါးမှ လွတ်မြောက်၏၊ ပဋိသန္ဓေနေမှုစတဲ့ ဆင်းရဲ အပေါင်းမှလွတ်၏ဟု ငါဘုရားဟောတော်မူ၏၊ အဲဒီလိုမြတ်စွာဘုရား ဓမ္မာနုဓမ္မပဋိပတ်နဲ့ ပြည့်စုံတဲ့သူကို ခန္ဓဝဂ္ဂသံယုတ်မှာ ဟောတော်မူထားတာ ရှိပါတယ်။

## ဒါနရှိသူနဲ့ ဒါနမရှိသူ

မြတ်စွာဘုရားသခင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်းမွေ့လျော် စံပျော်တော်မူစဉ် သုမနာဆိုတဲ့ မိန်းကလေး

တယောက် ရှိပါတယ်၊ သူက တခြားမဟုတ်ပါဘူး၊ သာဝတ္ထိပြည့်ရှင် ဘုရင်ကောသလမင်းကြီးရဲ့ သမီးတော်ပဲ ဖြစ်ပါတယ်။

ဒီသုမနာမင်းသမီးလေးဟာ အတိတ်ဘဝက ဘယ်လိုကောင်းမှုပြုခဲ့သလဲဆိုရင် ဟို–လွန်ခဲ့တဲ့ ကိုးဆယ့်တကမ္ဘာအလွန်လောက်မှာ ဝိပဿီမြတ်စွာဘုရား ထင်ရှားပွင့်တော်မူတဲ့အခါ ဗန္ဓုမတီမင်းက ဘုရားရှင်နှင့်တကွ သံဃာတော်မြတ်များအား ဖူးမျှော်ခွင့် ရှိခိုးကြည်ညိုခွင့် လှူဒါန်းပူဇော်ခွင့် မပေးပဲ တကိုယ်ကောင်းဆန်ကာ သူတယောက်ထဲ ကိုးကွယ်ဆည်းကပ်နေတာကို မနှစ်သက်ကြတဲ့ ဗုဒ္ဓဘာသာမြို့သူမြို့သားများက ဘုရားရှင်ကို ဖူးမျှော်ခွင့်မရရင် စစ်တိုက်ရလိမ့်မယ်လို့ စစ်သူကြီးမှတဆင့် ဘုရင့်ထံ သံတော်ဦးတင်ကြတဲ့အတွက် စစ်သူကြီးမှစ၍ ဖူးမျှော်ကြည်ညို ဆွမ်းကျွေးစေလို့ အမိန့်တော်မှတ်ပါတယ်။

အဲဒီအချိန်မှာ မုဆိုးမ သူဌေးကတော်ကြီးက မိန်းမဖော် ငါးရာနဲ့ ကစားရာမှ ပြန်လာတဲ့ သမီးကလေးအား မင်းဖေဖေသာရှိရင် ပထမဦးဦး ဘုရားရှင်အား ဆွမ်းလှူရမဲ့ နေ့ပဲဟဲ့ သမီးရဲ့လို့ ငိုယိုပြောပါတယ်၊ မေမေ့စကား သမီးကြားရတော့ မေမေ ဘာမှမပူပါနဲ့ အားလဲမငယ်ပါနဲ့ မငိုပါနဲ့တော့၊ ကျမ ပထမဦးဆုံး ဆွမ်းကပ်ရအောင် ကြံပါ့မယ်လို့ သမီးအလိမ္မာတုံးကလေးက နှစ်သိမ့်ပြီး အားပေးစကားပြောကြားပါတယ်၊ သမီးအလိမ်မာကလေးမို့ ချေချေင်ငံ စကားပြောတယ်နော်၊ ကောင်မလေးတွေ မှတ်ထားကြ၊ ချက်ခြင်းဆိုတာလို အဖိုးတံသိန်းတန်တဲ့ ရွှေခွက်ကြီးထဲ ဆွမ်းတွေအပြည့်ထည့်၊ ရွှေခွက်နဲ့ပဲဖုံး အပေါ်က မုလေးပန်းတွေအုပ်ပြီး ဘုရားရှင်လဲကြွလာရော ဆွမ်းလောင်းရအောင် အိမ်က ထွက်လာပါတယ်၊ အဖိုး တသိန်းတန်တဲ့ ရွှေခွက် ရွက်လာတဲ့ မိန်းကလေး မြင်တော့ စစ်သူကြီးရဲ့ အစောင့်အရှောက်တွေက 'ဟဲ့ မိန်းကလေး ဒီလမ်းမသွားရဘူး'လို့ တားမြစ်ကြတဲ့အခါ မိန်းကလေးက 'ဘာပြုလို့ မသွားရတာလဲရှင်'လို့ ပြန်မေးပါတယ်။

'မြတ်စွာဘုရားအား ဘယ်သူမှဆွမ်းမလှူရဘူးလို့စစ်သူကြီးက အမိန့်ထုတ်ထားတယ် မိန်းကလေးရဲ့'လို့ ပြောတော့ 'ဒါဖြင့် ကျမလက်ထဲမှာ ဘာမြင်သလဲ'လို့ မေးပါတယ်၊ မုလေးပန်းကိုသာ မြင်ရတဲ့အကြောင်း ပြောကြတော့ 'ဒီမုလေးပန်းကလေးကိုတောင် မလှူရဘူးလို့ ဦးတို့စစ်သူကြီးက အမိန့်ထုတ်ထားလို့လား' ပြန်မေးပြန်ပါတယ်၊ 'ဒီလိုတော့ တားမြစ်ချက် အမိန့်မရှိပါဘူး၊' 'ဒီလိုဆို ကျမ ခဏသွားပါရစေ'ဟု ခွင့်တောင်းကာ မြတ်စွာဘုရားအား ဆွမ်းနဲ့ ပန်းကို လှူဒါန်းပူဇော်ပြီး ဆုတောင်းပါတယ်။

ဆုတောင်းပုံက–

"ဘုန်းတော် နေ့လ မကာ ထွန်းတောက်ပတော် မူသော မြတ်စွာဘုရား-တပည့်တော်မသည် သံသရာ ကျင်လည်ရသည်ရှိသော် ငတ်မွတ်ခေါင်းပါး ဆင်းရဲရှားတဲ့သူ မဖြစ်ပါရစေနဲ့ ဘုရား၊ လူတိုင်းမြတ်နိုး ဒီမုလေးပန်း ပမာမျိုးလို ဖြစ်လေရာဘဝ ဟူသမျှတို့၌ အများ မြင်ရင် ချစ်ခင်မြတ်နိုးအပ်သူ ဖြစ်ရပါလို၏ဘုရား၊အနဂ္ဂတ္ထသညာ ခေါ်စရာမှာ သုမနာဟု တွင်ရပါစေဘုရား–" လို့ ဆုတောင်းလိုက်ပါတယ်၊ မြတ်စွာဘုရားရှင်က (သုခိနီ ဟောထ) ဟု မိန့်တော်မူ၍ စစ်သူကြီးအိမ်သို့ ကြွတော်မူပါတယ်။

စစ်သူကြီးက မြတ်စွာဘုရား ကြွလာတော်မူတော့ ဆွမ်းလှူမယ်လို့ သပိတ်လဲ ဖွင့်ကြည့်လိုက်ရော ဆွမ်းတွေ ပြည့်နေတာ မြင်ရတာနဲ့ အစောင့်ထားတဲ့သူတွေ မေးကြည့်ရာ မိန်းကလေးတယောက် ပန်းတွေပါ ဆိုပြီး လှည့်ဖြားလှူဒါန်းသွားတာ သိရပါတယ်၊ အဲဒီမိန်းကလေး လှူဒါန်းသွားတဲ့ ဆွမ်းတွေမှာလဲ မြတ်စွာဘုရားနှင့်တကွ သံဃာတော်အားလုံး ဘုဉ်းပေး သုံးဆောင်တော်မူကြရပါတယ်။

စစ်သူကြီးကလဲ ရှိစေတော့ ဆိုပြီး မြတ်စွာဘုရားအား လှူဒါန်းဖွယ်ရာ အပြာဖြာတို့ကို လှူဒါန်းပြီးတဲ့နောက် မြတ်စွာဘုရားက ဆွမ်း

အနုမောဒနာတရား ဟောကြား၍ ကျောင်းတော်သို့ ပြန်ကြွသွားပါတယ်တဲ့။

စစ်သူကြီးက မြတ်စွာဘုရား ဆွမ်းများလှူသွားတဲ့ မိန်းကလေးရဲ့ နေရပ်လိပ်စာမေးပြီး ဒီမိန်းကလေးမျိုး အိမ်မှာရှိနေရင် လောကီလောကုတ် အကျိုးမယုတ်ပဲ နတ်ရွာသုဂတိသွားရာလမ်း ဖြောင့်တန်းလိမ့်မယ်လို့ ယူဆကာ စစ်သူကြီးကတော် တင်မြှောက် ထားလိုက်ပါတယ်။

စစ်သူကြီးကတော်လေးလဲ အားရပါးရ ဘုရားသာသနာတော် လှူဒါန်းစွန့်ကြဲပေးကမ်း သုံးဆောင်၍ စုတေမနေ သေလွန်တဲ့အခါ နတ်ပြည်မှာသာ ဖြစ်ရပြီး ကိုးဆယ့်တကမ္ဘာကြား အပါယ်မလားရပဲ ဖြစ်လေရာဘဝ ပန်းမိုးတွေရွာ၍ သုမနာဆိုတဲ့ အမည်သာ တွင်ပါတယ်တဲ့။

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သာဝတ္ထိပြည် ဘုရင် ကောသလမင်းကြီးရဲ့ တောင်ညာစံ မိဖုယားကြီးမှ ဖွားသန့်စင်တဲ့ မင်းသမီးလေးဟာ မွေးဖွားဖက် ငါးရာနဲ့အတူ ရထားငါးရာနဲ့ စံမြန်းရသတဲ့။

ဇေတဝန် ကျောင်းတော်သို့ မြတ်စွာဘုရားသခင် ပထမဦးဆုံး ကြွလာတော်မူစဉ်ထဲက ကြိုဆိုရသဖြင့် တရားနာရ၍ ခုနစ်နှစ်သမီးလေး အရွယ် ငယ်ငယ်ကပဲ သောတာပန် ဖြစ်နေခဲ့ပါတယ်၊ ဘုရားသမီးတော် ပီပီ မြတ်စွာဘုရားအား မေးရဲ လျှောက်ရဲ ပြောရဲ ဆိုရဲ ရှိနေသူလဲ ဖြစ်ပါတယ်တဲ့။

တနေ့တော့ မောင်အရင်း သားကလေးနဲ့ အထိန်းတော် သားကလေး နှစ်ဦး ပုခက်ထဲမှာ စကားထူးပြောဆိုနေကြတာ အကြောင်း ပြုပြီး မြတ်စွာဘုရားအား လျှောက်ထားရပါတယ်။

အကြောင်းက ဒီလိုပါ—

ကဿပဘုရားရှင် ရွှေလက်ထက်တော်အခါ အလွန်ချစ်ခင်ကြတဲ့ သူငယ်ချင်း နှစ်ယောက် ရှိပါတယ်၊ အဲဒီသူငယ်ချင်း နှစ်ယောက်ဟာ စိတ်တူသဘောတူ တိုင်ပင်ပီး ရဟန်းပြုကြပါတယ်။

သူတို့ရဟန်းနှစ်ပါးက တပါးနဲ့တပါး အယူအဆချင်းခြင်း မတူကြပါဘူးတဲ့၊ ဘယ်လိုလဲဆိုတော့ တပါးက ဒါနဆိုတာ သံသရာရှည်တယ်၊ သံသရာလည်တယ်၊ ဝဋ်သုံးပါးမှ မထွက်မြောက်နိုင် ဆိုတဲ့ အယူမလှူဘူးတဲ့၊ တပါးကတော့ ဒါနဆိုတာ ဂင်္ဂါဝါဠုသဲစုမက ပွင့်တော်မူကြကုန်ပြီးတဲ့ ဘုရားရှင်တွေတောင်မှ ဒါနပါရမီ အစချီလို့ ဖြည့်ကျင့်ဆည်းပူးမှ သဗ္ဗညုတရွှေဉာဏ်တော်ရရှိ ဘုရားဖြစ်တော်မူရတယ်၊ ငါလဲ အလှူဒါနပြုရင်း ကမ္မဋ္ဌာန်း ဘာဝနာတရား ကြိုးစားအားထုတ်မှဆိုတဲ့ ရည်ရွယ်ချက်နဲ့ လှူဒါန်းပေးကမ်း စွန့်ကြဲပါတယ်တဲ့။

ဒီ ရဟန်း နှစ်ပါးဟာ ပျံလွန်တော်မူသွားကြတော့ နတ်ပြည်ကို အတူတူပဲ ရောက်သွားကြပါတယ်၊ ဒါန ပြုတဲ့ရဟန်းက ဒါန မပြုတဲ့ ရဟန်းထက် အာယု၊ ဝဏ္ဏ၊ သုခ၊ ယသ၊ အဓိပတေယျ ဆိုတဲ့ ဘုံဗိမာန်မှ စ၍ အကျိုးထူးတရား ငါးပါး သာပါတယ်။

နတ်ပြည်ကစုတေခဲ့၍ အခုဂေါတမ မြတ်စွာဘုရားသခင် ရွှေလက်ထက်တော် ရောက်လာတော့ ဒါနပြုတဲ့ ရဟန်းက သာဝတ္ထိပြည် ကောသလမင်းကြီးရဲ့ သားတော် ဖြစ်လာရပီး ဒါနမပြုတဲ့ ရဟန်းကတော့ အထိန်းတော်ကြီးရဲ့သား ဖြစ်လာရပါတယ်။

ဒီဘဝမှာလဲ ဖွားဘက်ဖြစ်လာရပြန်တာကိုး၊ ဒါနပြုတဲ့သူမှာ ဘုရင်သားတော်ပီပီ အထက်တန်းက မျက်နှာပန်းလှလှ နေရပေမဲ့ ဒါနမပြုတဲ့သူကတော့ အောက်တန်းကျကျ မျက်နှာပန်းမလှ နေရသတဲ့၊ တနေ့ ပုခက်ထဲအိပ်ကြရင်း ဘုရင့်သားက 'မင်းဒါနပြုပါဆိုတဲ့ စကား နား မထောင်ခဲ့လို့ နို့ချာကံမွဲ ကုသိုလ်နည်း အောက်တန်းနောက်တန်းကျပီး အထိန်းတော်သား ဖြစ်ရတယ်'လို့ အထိန်းတော်သားကိုပြောပါတယ်။

မရှိတဲ့သူလဲ မရှိတဲ့မာနနဲ့ဆိုတာလို အထိန်းတော်သားကလဲ အညံ့မခံပေါ့လေ အောက်ပင့်လေး ခပ်စကားနဲ့ ဘယ်လိုပြန်ချေပလိုက်သလဲ ဆိုတော့—

'မာနမကြီးနဲ့ ဘုရင့်သားပဲဖြစ်ဖြစ် သူဌေးသားဆင်းရဲသားပဲဖြစ်ဖြစ် ဘယ်သူပဲဖြစ်ဖြစ် ခြင်းဂျားရုပ် စက္ကူလုပ်၍ ဆေးသုတ်ထားသလို မာနကြီးစရာမလို ပထဝီ အာပေါ တေဇော ဝါယော ဓာတ်လေးပါး အစုအဝေးမို့ သူငါကစ မနေရ တနေ့ကျ သေရမှာ မြေကြီးသြဇာ ဖြစ်သွားမှာပဲပေါ့၊ လူဘယောက် ပြောသလို ဖွဲ့လဲ- ဖွဲ့ဈေး, ဆန်လဲ ဆန်ဈေး တောင်ပေါ်က တောင်အောက်ကြည့်တော့လဲ သေးသေး မြင်ရပီး တောင်အောက်ကနေ တောင်ပေါ် လှမ်းကြည့်လိုက်တော့လဲ ကြီးကြီးမမြင်ရပဲ သေးသေးမြင်ရတယ် ဆိုတာလိုပေါ့၊ ဆိုလိုတာက မရှိတဲ့သူလဲ မရှိတဲ့သူ မာနနဲ့ပေါ့။

အဲဒီလို ဘုရင့်သားနဲ့ အထိန်းတော်သား အချီအချပြောနေတဲ့ နှစ်ခွန်းသောစကား အစ်မတော် သုမနာကြားရတော့ 'အင်းငါ့မောင်များ ရဟန်းနတ်သားဘဝက စုတိကျလာဟန်တူရဲ့ ဒီအတိုင်း နားထောင်နေလို့မဖြစ်ဘူး ဘေးလူတွေကြားကုန်ရင် ထူးဆန်းတဲ့စကားမို့ ဘီလူးဘဲ့တွေအောက်မေ့နေအုန်းမယ်၊ ဒါကြောင့် မည်သူ့ကိုမှမပြောဘဲ သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားထံ အမြန်လျှောက်ထားလေမှ ကောင်းမယ်လို့ စိတ်ကူးပြီး ဖခင်ဘုရင် ကောသလမင်းကြီးထံ လျှောက်ထားတောင်းပန်ပါတယ်။

ကောသလမင်းကြီးကလဲ သမီးတော်ထွက်စံတော်မူဖို့ ရထားငါးရာ စီမံပေးပါတယ်၊ ရံရွေတော်နောက်ပါများစွာ ငါးရာသော ရထားနှင့် မြတ်စွာဘုရားထံသွားပြီး လျှောက်ထားပါတယ်။

(မှတ်ချင်မှတ်ထား တရားနာပရိသတ် ရထားငါးရာစီးရတယ် ဆို သာမညမဟုတ်ဘူး ဘုရားသာသနာတော်မှာ သုံးယောက်ပဲ ရှိတယ်—

၁။ ရာဇဂြိုဟ်ပြည် ဗိမ္ဗိသာရမင်းကြီးရဲ့သမီးတော် စုန္ဒီ၊

၂။ မေဏ္ဍကသူဌေးရဲ့မြေး ဓနဥ္စယသူဌေးသမီး ဝိသာခါ၊

၃။ အခုသာဝတ္ထိပြည် ကောသလမင်းကြီးရဲ့သမီးတော် သုမနာ၊)

ဝိသာခါဆိုလို့ စကားစပ်မိသွားပြန်ပြီ ငါတို့ဘုရားရှင် ရှေ့လက်ထက်တော်အခါတုန်းက မဟာလတာပသာဓနတန်းဆာခေါ် လည်ဆွဲရတနာ လည်ဆွဲဘယက်ကို ဆင်မြန်းဆွဲရတာဟာ သုံးယောက်ပဲ ရှိပါတယ်။

သာကေတမြို့သူ ဓနဥ္စယသူဌေးသမီး ပုဗ္ဗာရုံကျောင်းအမ ဝိသာခါ၊

ကုသိန္နာရုံပြည် မလ္လာမင်းသမီး မလ္လိကာမိဖုယား၊

ဗာရာဏသီသူဌေးသမီးတို့ပဲ ဖြစ်ကြပါတယ်။

'ဣမေသုဘန္တေ သာဝကာ သမသဒ္ဓါ သမသီလာ သမပညာ' စသဖြင့် လျှောက်ထားပါတယ်။

အဓိပ္ပါယ်က-

သုံးလောကထွတ်ထား မြတ်စွာဘုရား လောကမှာ တူသောသဒ္ဓါ တူသောသီလ တူသောပညာရှိကြပါကုန်၏၊ တယောက်ကား အလှူပေးတတ်၏၊ တယောက်ကတော့ အလှူမပေးတတ်ပါဘူး၊ သူတို့နှစ်ယောက် သေလွန်တဲ့အခါ နတ်ပြည်၌ဖြစ်ကြပါကုန်အံ့၊ ထူးခြားမှုရှိကြပါသေးသလား ဘုရားဟု လျှောက်ထားပါတယ်။

မြတ်စွာဘုရားက-'ယောသောသုမနေ ဒါယကော' စသဖြင့် မိန့်တော်မူပါတယ်။

အဓိပ္ပါယ်က-

သုမနာမင်းသမီး အကြင်သူသည် အလှူပေးတတ်၏၊ ထိုသူသည် အလှူမပေးတတ်သောသူတို့ထက် နတ်ဖြစ်သော်လဲ အသက်ရှည်ခြင်း အဆင်းလှခြင်း ချမ်းသာကြီးခြင်း အခြံအရံများခြင်း အစိုးရခြင်း

ဆိုတဲ့ အကျိုးထူးတရားငါးပါး သာလွန်ကြောင်းလို့ ဟောပြတော်မူပါတယ်။

သုမနာမင်းသမီးက မှန်လှပါ နတ်အဖြစ်နဲ့သာတာတော့ ဟုတ်ပါပြီ အဲဒီနတ်ဘဝကနေ လူဖြစ်လာကြပြန်တဲ့အခါမှာရော ထူးခြားမှု ရှိကြပါသေးသလား ဘုရားလို့ လျှောက်ထားပြန်ပါတယ်၊ မြတ်စွာဘုရားသခင်က 'ယောသော သုမနေ ဒါယကော' စသဖြင့် ဟောတော်မူပါတယ်။

အဓိပ္ပါယ်က–

သုမနာမင်းသမီး အကြင်သူသည် အလှူပေး၏၊ ထိုသူသည် အလှူမပေးသောသူတို့ထက် လူ့ဘဲဖြစ်တဲ့ အသက်ရှည်ခြင်း အဆင်းလှခြင်း ချမ်းသာကြီးခြင်း အခြံအရံများခြင်း အစိုးရခြင်းဆိုတဲ့ အကျိုးထူးတရားငါးပါး သာလွန်ကြောင်းကို ဟောပြတော်မူပါတယ်။

အားမရသေးဘဲ တဖန် ထပ်လျှောက်ထားပြန်ပါတယ်၊ မှန်လှပါမြတ်စွာဘုရား ထိုသူနှစ်ယောက်ဟာ အိမ်ရာတည်ထောင် လူတို့ဘောင်မှာ မနေပဲ အဝါရောင်သက်န်းဆင်မြန်းပြီး ရှင်ရဟန်းပြုရင်ကော· ထူးခြားမှုရှိကြပါသေးသလားဘုရား၊ မြတ်စွာဘုရားသခင်က 'ယောသော သုမနေ ဒါယကော' စသဖြင့် ဟောတော်မူပါတယ်။

အဓိပ္ပါယ်က–

သုမနာမင်းသမီး အကြင်ရဟန်းသည် အလှူပေးတတ်၏၊ ထိုရဟန်းသည် မပေးလှူတတ်သောသူထက် ငါးပါးသောထူးခြားမှု ရှိယုံမက များစွာသောသင်္ကန်း များစွာသောဆွမ်း များစွာသောကျောင်း များစွာသောဆေးတို့ကို ရရှိသုံးဆောင် ခံစားရ၏၊ သီတင်းသုံးဖော်များနှင့်အတူတကွ နေရ၏၊ သမဂ္ဂသီတင်းသုံးဖော်တို့ရဲ့ ကာယကံ ဝစီကံ မနောကံတို့နှင့်စပ်၍ သာသာယာယာ ကောင်းကောင်းမွန်မွန် မငြိုမငြင် ဆောင်ရွက်ပြုစု အလေးအမြတ်ပြု ကျေးဇူးပြုခြင်းတို့ကိုလဲ

ခံရ၏၊ စိတ်မတင်မကျ ဖြစ်နေသေးတဲ့အတွက် သိချင်တာတွေ နောက်တခါ ထပ်လျှောက်ထားပြန်တာကတော့—

မှန်လှပါမြတ်စွာဘုရား၊ နတ်ပြည် လူ့ပြည် ရဟန်းဘဝတွေမှာ အကျိုးပေးချင်းမတူ တမူထူးခြားမှုရှိတာကိုတော့ သိရပါပြီ၊ ဒါပေမဲ့ ထိုသူနှစ်ဦးဟာ အရဟတ္တဖိုလ်များ ရောက်သွားတဲ့အခါမှာကော ထူးခြားကွဲပြားမှု ရှိပါသေးသလားဘုရား။

'ဧတ္ထ ခေါ ပနေတာဟံ သုမနေ' အစရှိသဖြင့် ဟောတော်မူပါတယ်။

အဓိပ္ပါယ်က-

သုမနာမင်းသမီး ရဟန္တာဖြစ်သွားတဲ့အခါမှာ ဝိမုတ္တိရသဆိုတဲ့ ဖိုလ်တရားချင်းတော့ ဟိုအရဟတ္တဖိုလ်ကသာတယ် ဒီအရဟတ္တဖိုလ်ကသာတယ်လို့ ထူးခြားကွဲပြားမှု မရှိတော့ပဲ တူမျှကြတယ်လို့ ဖြေတော်မူပါတယ်၊ မြတ်စွာဘုရားသခင်ရဲ့ အဖြေစကားတော်များ သုမနာမင်းသမီးကြားရတော့ အစ္ဆရိယံဘန္တေ၊ အရှင်ဘုရား အံ့ဘွယ်ရှိစွတကား၊ အဗ္ဘုတံ ဘန္တေ၊ အရှင်ဘုရား မဖြစ်ဘူးလေစွတကား။

အရှင်ဘုရား ဒီလိုဆိုရင် ပေးကမ်း လှူဒါန်း စွန့်ကြဲခြင်းငှါ သင့်ပါတယ်ဘုရား၊ ကောင်းမှုကုသိုလ်ပြုခြင်းငှါလဲ သင့်တော်လှပါလားဘုရား၊ လူပဲဖြစ်ဖြစ် နတ်ပဲဖြစ်ဖြစ် ရဟန်းပဲဖြစ်ဖြစ် ကောင်းမှုကုသိုလ်ဆိုတာ တယ်လဲကျေးဇူးဥပကာရ များပါသလားဘုရားလို့ သုမနာမင်းသမီးက ဒါနကိုချီးမြှောက်၍ ထပ်မံ လျှောက်ထားပြန်ပါတယ်။

မြတ်စွာဘုရားသခင်ကလဲ၊ 'ဧဝမေတံ သုမနေ'စသဖြင့် ဟောတော်မူပြန်ပါတယ်။

အဓိပ္ပါယ်က-

သုမနာမင်းသမီး အလှူပေးခြင်းငှါ သင့်မြတ်လှတော့သည် သာလျှင်တည်း၊ ကောင်းမှုတို့ကိုပြုခြင်းငှါ လျော်ကန်လျောက်ပတ် သင့်လှ

တော့သည်သာတည်း၊ လူဖြစ်သောသူအားလဲ ကျေးဇူးထောက်ပံ့ခြင်းကို ပြုတတ်ပါပေကုန်၏၊ နတ်ဖြစ်သောသူအားလဲ ကျေးဇူးထောက်ပံ့ခြင်းကို ပြုတတ်ပါပေကုန်၏၊ ရဟန်းဖြစ်သောသူအားလဲ ကျေးဇူးထောက်ပံ့ခြင်းကို ပြုတတ်ပါပေကုန်၏ ဟု မိန့်တော်မူပြီး 'ယထာပိ စန္ဒော ဝိမလော' အစရှိသော ဂါထာတော်ကိုဆက်၍ ဟောတော်မူပြန်ပါတယ်။

အခုဟောခဲ့တဲ့တရားတော်ကို တရားနာပရိသတ် ရေရေလည်လည် နာခဲ့ကြရပြီနော်၊ လိုရင်းအချုပ် ထုတ်နုတ်မှတ်ထားဖို့ကတော့ ဒါနရှိတဲ့သူနဲ့ ဒါနမရှိတဲ့သူများဟာ လူပဲဖြစ်ဖြစ် နတ်ပဲဖြစ်ဖြစ် ရဟန်းပဲဖြစ်ဖြစ် မတူ တမူထူးပြီး ကွာခြားကွဲပြားပုံတွေ မြတ်စွာဘုရား ဟောတော်မူထားတာကို ကွဲပြားအောင် ခွဲခြားသိထားဖို့ အရေးကြီးပါတယ်။

ဒါနရှိတဲ့သူဆိုတာ ရောက်ရာဘဝတွေမှာ သူများထက်ထူးကဲလို့မို့ အထက်တန်းကဲ မျက်နှာပန်းလှလှ နိဗ္ဗာန်အကျ နေသွားကြရပြီး ဒါနမရှိသူများမှာတော့ ရောက်လေရာဘဝတွေမှာ အောက်တန်း နောက်တန်းကျ အနိမ့်စားဘဝနဲ့ နေသွားရတယ်ဆိုတာကို အထူးသတိမူကြစေလိုပါတယ်။

ဒါကြောင့် ဒါနံ ဒေထ၊ သီလံ ရက္ခထ၊ ဘာဝနံ ဘာဝေထ၊ ဒါနံ၊ ပေးကမ်းလှူဒါန်း စွန့်ကြဲခြင်းဆိုတဲ့ ဒါနတရားကို။ ဒေထ၊ ကြည်ဖြူရွှင်လန်း လှူဒါန်းလိုက်ကြကုန်လော့။ သီလံ၊ ပဉ္စ၊ အဋ္ဌ၊ ဒသင်္ဂနှင့် ကျွတ်မှုမချွတ် ကျင့်ခါးဝတ်ကို။ ရက္ခထ၊ မကျိုးမပေါက် မမှားရောက်ရအောင် စောင့်ရှောက် ထိန်းသိမ်းကြကုန်လော့။ ဘာဝနံ၊ သမထဘာဝနာ ဝိပဿနာဘာဝနာကို။ ဘာဝေထ၊ သုံးသပ်စွဲလမ်း စီးဖြန်းပွားများကြပါကုန်လော့။

ဒီဒါနရှိသူနဲ့ ဒါနမရှိသူ တရားတော်ကို မှတ်သားအတုယူ ပွားများအားထုတ်ဖို့ ကောင်းသဖြင့် အင်္ဂုတ္တရနိကာယ် ပဉ္စကနိပါတ် သုမနာ

သုတ်မှ ထုတ်နုတ်ဟောပြလိုက်ရပါတယ်၊ အခုဝတ္ထုပါ သုမနာမဖြစ်မီ ဘဝက လှည့်ပတ်လှူပုံလေးကို ခွဲမှတ်ထားကြစေလိုပါတယ်။

ဒီသုမနာသုတ်တရားတော်ကို ဟင်္သာတမြို့ တရားတောင်းအဖွဲ့ဝင် ကျောင်းသူများ လျှောက်ထားတောင်းပန်၍ ဟောကြား ရေးသားလိုက်ရပါတယ်။

## အားမငယ်ပါနဲ့

ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာဆိုတဲ့ ရတနာသုံးပါးအစစ်ကို အန္ဓပုထုဇဉ်တွေဟာ ပကတိမံသမျက်စိဖြင့် မမြင်နိုင်ပါဘူး၊ ကလျာဏပုထုဇဉ်တွေရဲ့ ဉာဏ်ဖြင့်သာ မြင်နိုင်ပါတယ်။

ဒီနေရာမှာ ပုထုဇဉ်နှစ်မျိုးဆိုတာကိုသိဖို့ လိုပါလိမ့်မယ်၊ ပုထုဇဉ်နှစ်မျိုးဆိုတာကို မြတ်စွာဘုရားက မဟာနိဒ္ဒေသပါဠိတော်မှာ ဟောတော်မူထားပါတယ်၊ သီလက္ခန်အဋ္ဌကထာမှာလဲ ဖွင့်ပြထားပါတယ်။

၁။ အန္ဓပုထုဇဉ်၊

၂။ ကလျာဏပုထုဇဉ်ရယ်လို့ နှစ်မျိုးဖြစ်ပါတယ်။

အန္ဓပုထုဇဉ်ဆိုတာ ခန္ဓာ, အာယတန,ဓာတ်, သစ္စာ, ပဋိစ္စသမုပ္ပါဒ်စတဲ့ တရားတို့မှာ–သင်ခြင်း၊ နာခြင်း၊ ဆောင်ရွက်ခြင်း၊ ရှုတ်ဖတ်သရဇ္ဈာယ်ခြင်း ဉာဏ်ဖြင့်သက်ဝင်ယုံကြည်၍ ရှုခြင်း မရှိပဲ ငါ သူဘပါးယောကျ်ား မိန်းမ လူ နတ် ဗြဟ္မာ သတ္တဝါ အယူများတွေ၊ အမှတ်မှားတွေ၊ အမြင်မှားတွေဆိုတဲ့ ဝိပ္ပလ္လာသတွေဖြစ်ပြီး ဒိဋ္ဌိကိလေသာမကင်းကွာပဲ ပညာမျက်စိမရှိတဲ့ ပုထုဇဉ်ကို အန္ဓပုထုဇဉ်လို့ ခေါ်ပါတယ်၊ ပုထုဇဉ်ရူး၊ ပုထုဇဉ်ကန်း၊ ပုထုဇဉ်မိုက်လို့ ခေါ်ပါတယ်၊ သက္ကာယဒိဋ္ဌိကို မပယ်နိုင်လို့ ပုထုဇဉ်ခေါ်တယ် စသဖြင့် မဟာနိဒ္ဒေသပါဠိတော်မှာ အတော်များများ ဟောထားပါသေးတယ်၊ ကလျာဏပုထုဇဉ်ဆိုတာကတော့ ခန္ဓာ အာယတန ဓါတ် သစ္စာ ပဋိစ္စသမုပ္ပါဒ်စသော တရားတွေကို သင်ခြင်း၊ နာခြင်း၊ ဆောင်ခြင်း၊ ရှုတ်ဖတ်

သရဏ္ဍာယ်မြင်း၊ ဆောင်ခြင်း၊ ဉာဏ်ဖြင့်သက်ဝင်ယုံကြည်၍ ရှုခြင်း ရှိလို့ ငါ့ကိုယ်ဟူ၍ယူနေတဲ့အယူ ကင်းကွာတဲ့ ဉာဏ်ပညာနှင့်ပြည့်စုံ သောသူကို ကလျာဏပုထုဇဉ်လို့ ခေါ်ပါတယ်၊ ပုထုဇဉ်ဆိုတာ မြန်မာကျကျပြောပြရရင် ရာဂဒေါသ စတဲ့ ကိလေသာတွေ များများ ရှိကြတဲ့သူတွေပေါ့၊ ကိလေသာသူဌေးတွေ သူဌေးကတော်တွေလို့ ဆိုရမယ်။

ဒါဖြင့် ပုထုဇဉ်နှစ်မျိုး ခွဲဘတ်သွားပီနော်။

ဘုရား တရား သံဃာဆိုတဲ့ ရတနာသုံးပါးအား ဉာဏ်နဲ့သာ မြင်နိုင်ပါတယ်တဲ့၊ ဘယ်လိုမြင်နိုင်သလဲဆိုရင်–

အခုခေတ်မှာရှိကြတဲ့ အုတ်စေတီ သစ်သားရုပ်ပွား ကြေးဆင်းတု ဆိုတဲ့ ဘုရားကိုယ်စားတော်များ ပေထုပ်၊ ပိဋကတ်ကျမ်းစာအုပ်များ၊ ကိလေသာများတဲ့ သမ္မုတိသံဃာတော်တို့ကို ပကတိမံသမျက်စိဖြင့် တွေ့မြင်နေရပေမဲ့ အရိယာအရှင်မြတ်တွေ သိမြင်ကြတဲ့ ပရမတ္ထဘုရား ရုပ်နာမ်နှစ်ပါး၌ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာတို့ကို ခဏလေးမျှ မသိမမြင် မထင်ကြသူများဟာ အခုရှိကြတဲ့ ဘုရား တရား သံဃာတွေ့ မြင်ရသည့်ကိုမဆိုထားနဲ့ ကိလေသာ မရှိကြတဲ့ ရဟန္တာမထေရ်ကြီးတွေ ကို ပကတိမံသမျက်စိ ဒိဗ္ဗစက္ခုအဘိညာဏ် မျက်စိတို့ဖြင့် ဖူးရ မြင်ရ တွေ့ရသော်လည်း တွေ့ရ ဖူးရ မြင်ရတယ်မဆိုနိုင်ဟု ပဏ္ဏာသအဋ္ဌကထာ အဋ္ဌသာလိနီအဋ္ဌကထာတို့၌ မိန့်ဆိုပါတယ်၊ သာဓက ထောက်ပြရရင် စိတ္တလတောင်မှာ သီတင်းသုံးနေတော်မူတဲ့ ရဟန္တာ ပုဂ္ဂိုလ်ကြီးရဲ့ အလုပ်အကျွေး တပည့်ဖြစ်တဲ့ တောထွက်ရဟန်းက မိမိဆရာ အရိယာ ပုဂ္ဂိုလ်ကြီးကို 'အရှင်ဘုရား အရိယာဆိုတာ ဘယ်လိုသဘောရှိကြပါ သလဲ ဘုရား' ဟု မေးပါတယ်။

ဆရာဖြစ်တဲ့ အရိယာရဟန္တာကြီးက ငါ့ရှင် ဒီဘုရားသာသနာ တော်မှာ တချို့လူတွေဟာ ရဟန္တာပုဂ္ဂိုလ်ရဲ့နောက်က အတူတူလှည့်

လည်ပြီး တကောက်ကောက်လိုက် ဝတ်ကြီးဝတ်ငယ်ပြုနေကြပေမဲ့ အရိယာပုဂ္ဂိုလ်ကို မသိပါ၊ အရိယာပုဂ္ဂိုလ်တို့ကို ဒါ‌လောက်မြင်နိုင်ခဲတယ်လို့ မိန့်တော်မူပေမဲ့ တောထွက်ရဟန်းဟာ အရိယာပုဂ္ဂိုလ်ဆိုတာ ဘယ်လိုဟာလို့ သိမြင်နိုင်တဲ့ ကိုယ်ပိုင်ဉာဏ်မျက်စိ မရှိသည့်အတွက် အော်....ငါ့ဆရာကြီးဟာ အရိယာကြီးပါလားလို့ အရိယာအစစ် ပရမတ္ထအနှစ်ဖြစ်တဲ့ ဂုဏ်တော်အနှစ်ကို မမြင်နိုင်ဘဲပဲဖြစ်မါတယ်၊ ဒါကြောင့်လည်း ဒီအဋ္ဌကထာမှာပဲ အရိယာပုဂ္ဂိုလ်တို့၏ရှုပါရုံအဆင်းကို ပကတိမံသမျက်စိဖြင့် မြင်တာဟာ မြင်တယ်လို့ ခပြောနိုင်ပါဘူး၊ ကိုယ်ပိုင်ဉာဏ်မျက်စိဖြင့်မြင်နိုင်မှသာ မြင်တာဖြစ်ဘယ်လို့ မိန့်ဆိုထားပါတယ်။

မြတ်စွာဘုရားသခင်က ဝက္ကလိမထေရ်အား သူ့ရဲ့ရုပ်ရည်အင်္ဂါသပ္ပါယ်လှပတာကို တရားအားမထုတ်ဘဲ တစိမ့်စိမ့် ကြည့်ရှုနေလို့ ဝက္ကလိ သင်ဟာ ငါဘုရားရဲ့ခန္ဓာကိုယ်ရှာ် အကောင်ပုပ်ကြီးကို ဖူးမြင်နေရသဖြင့် ဘာအကျိုးရှိမှာလဲချစ်သား၊ မည်သူပဲဖြစ်ဖြစ် ငါဘုရားဟောကြားဆုံးမထားတဲ့ ရုပ်နာမ်နှစ်ခုတို့ရဲ့ ဖြစ်မှုပျက်မှုကို မြင်တဲ့သူမှသာ ငါဘုရားကိုမြင်တယ်၊ ဒီလိုမှမဟုတ်ဘဲ ငါဘုရား ဟောကြားညွှန်ပြ ဆိုဆုံးမထားတဲ့ ရုပ်နာမ်နှစ်ပါးရဲ့ဖြစ်မှုပျက်မှုကို မမြင်တဲ့သူဟာ ငါဘုရားကို မြင်တဲ့သူလို့ မခေါ်ဆိုနိုင်ဟု ဟောတော်မူပါတယ်။

နောက်ပြီး ဘုရားနောက်တော်မှ တကောက်ကောက်လျှောက်လိုက်နေတဲ့ သုနက္ခတ္တရဟန်းဟာလည်း ခွေးလိုလေးဖက်တွားသွားလေးဖက်တွား လက်နဲ့ယူ မစားဘဲ ပါးစပ်နှင့်ဟပ်စားတဲ့ ခွေးရဲ့အမူအကျင့်အတိုင်း ပြုကျင့်နေကြတဲ့ တိတ္ထိတက္ကတွန်း ကောရက္ခတ္တိယကို မြင်ရတော့ အင်း....ဒီရဟန်းဟာ ရဟန္တာနဲ့တူတယ်၊ အဝတ်လည်း မဝတ် ဘောဇဉ်ထည့်စားဖို့ ခွက်လည်းမရှိ ဒီပုဂ္ဂိုလ်ဟာ ရဟန်းဖြစ်တန်ရာ၏၊ ငါတို့က ဘယ်မှာရဟန်းဖြစ်နိုင်မှာလဲ ချီးမွမ်းတဲ့ပြင် ကောရက္ခတ္တိယရဲ့ အယူဝါဒကိုနှစ်သက်ပြီး ဆည်းကပ်ဆိုပါလား၊

သက်တော်ထင်ရှား ဘုရားရှိနေတာနော်၊ သာတိရဟန်းလည်း ဝိညာဉ်ကို ငါဖြစ်တယ် အယူရှိပါတယ်၊ ဘုရားဖြစ်စကဉပကလည်း တွေ့သွားပဲ နှုတ်ဆက်ရုံပဲ၊ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်မှာပင် ကမောက်ကမ အယူအဆရှိနေတဲ့သူတွေ ရှိနေကြပါတယ်၊ သူတို့တတွေဟာ သက်တော်ထင်ရှား မြတ်စွာဘုရားရှင်နဲ့ တိုက်ရိုက်တွေ့နေရပါလျက် မြတ်စွာဘုရားဟောကြားတဲ့ တရား အားမထုတ်ဘဲ ဖါသိဖါသာနေကြရင် ဘုရားနဲ့တွေ့ရဘာယ်လို့ မပြောနိုင်ပါဘူး၊ အခုမြတ်စွာဘုရားအား သက်တော်ထင်ရှား မတွေ့ရစေကာမူ မြတ်စွာဘုရားက မလွှာမင်းတို့ အင်ကြင်းဥယျာဉ်တွင်း အင်ကြင်းပင်ပျိုနှစ်ပင်ရဲ့အကြားခင်းထားတဲ့ ညောင်စောင်းပေါ်တွင် ပရိနိဗ္ဗာန်စံဝင်ခါနီး ငိုကြွေးနေတဲ့ အာနန္ဒာကို ခေါ်တော်မူ၍-

ချစ်သားအာနန္ဒာ ဘာပြုလို့ငိုနေရတာတုန်း၊ အခုငါဘုရားတဆူတည်းသာ ပရိနိဗ္ဗာန်ပြုမှာဖြစ်တယ်၊ ချစ်သားတို့အား သုတ်အဘိဓမ္မာဆိုတဲ့ တရားတော်ကိုလဲ ဟောကြားတော်မူခဲ့ပြီ၊ ဝိနည်းဆိုတဲ့သိက္ခာပုဒ်ကိုလည်း ပညတ်တော်မူပြီးပြီ၊ ငါဘုရားဟောကြားခဲ့တဲ့ သုတ် ဝိနည်း အဘိဓမ္မာတည်းဟူသော ပိဋကတ်သုံးပုံဆိုတာ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ရှိတယ်၊ အဲဒီ ရှစ်သောင်းလေးထောင်သော ဓမ္မက္ခန္ဓာသည် ဘား ဘုရားတဆူတဆူမည်တယ်၊ အဲဒီ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင်တည်းဟူသော ဘုရားပေါင်း ရှစ်သောင်း လေးထောင်တို့ဟာ ပရိနိဗ္ဗာန်မစံလွန်သေးပါ၊ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်တည်းဟူသော ဘုရားပေါင်း ရှစ်သောင်းလေးထောင်တို့သည် ချစ်သားအာနန္ဒာစသော ခပ်သိမ်းသော ဝေနေယျသတ္တဝါအပေါင်းတို့ကို နေ့ရောညပါ ခါခါမလပ် မပြတ်ဆုံးမရစ်လိမ့်မယ်လို့ ဟောကြားတော်မူခဲ့ပါတယ်။

ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ။

အာနန္ဒ၊ အာနန္ဒာ။ မယာ၊ ငါဘုရားသည်။ ယောဓမ္မော စ၊ အကြင်သုတ် အဘိဓမ္မာတရားတော်ကိုလည်း။ ဒေသိတော၊ ဟော တော်မူအပ်ပြီ။ယောဝိနယော စ၊ အကြင်ဝိနည်းတရားတော်ကိုလည်း။ ပညတ္တော၊ ပညတ်တော်မူအပ်ပြီ။ သောဓမ္မဝိနယော၊ ထိုသုတ်အဘိ ဓမ္မာ ဝိနည်းတရားတော်သည်။ မမစ္စယေန၊ ငါဘုရားပရိနိဗ္ဗာန်စံလွန် သဖြင့်။ ဝေါတုမှာကံ၊ သင်ချစ်သားတို့၏။ သတ္ထာ၊ ဆရာသည်။ ဘဝိဿတိ၊ ဖြစ်လတ့်။

ဒါကြောင့် သက်တော်ထင်ရှားဘုရားနဲ့ မတွေ့ရစေကာမူ ဘုရား ပေါင်း ရှစ်သောင်းလေးထောင်က ဆုံးမပေးနေပါ၍ ဘာမှအားငယ် နေစရာမလိုဟု ပြောကြားလိုက်ရပါတယ်၊ ဟောလိုရင်းမှာ သက်တော် ထင်ရှား မြတ်စွာဘုရားနဲ့ တိုက်ရိုက်တွေ့နေပေမဲ့ ဘုရားဟောကြား မြတ်တရားကို ကြိုးစားအားမထုတ်ရင် ဘုရားရှင်နဲ့တွေ့ရတယ်လို့မခေါ် နိုင်သလို သက်တော်ထင်ရှားမြတ်စွာဘုရားနဲ့ တိုက်ရိုက်မတွေ့ရစေကာမူ ဘုရားဟောထား မြတ်တရားကို ကြိုးစားအားထုတ်ရင် သက်တော် ထင်ရှား မြတ်စွာဘုရားနဲ့တွေ့ရတယ်လို့ ပြောဆိုနိုင်တယ်ဆိုတဲ့ သဘော ကို ဟောလိုရင်းပါဘဲ၊ အခုလဲ ဘုရားပေါင်းရှစ်သောင်းလေးထောင်က ဆက်လက်ဆုံးမ ဟောကြားလျက်ရှိနေကြလို့ သက်တော်ထင်ရှား မြတ်စွာဘုရားမရှိပေမဲ့ အားမငယ်ကြပါနဲ့လို့ စေတနာသဒ္ဓါထက်ထက် သန်သန်နဲ့ လူကြ ကျင့်ကျ မမေ့ကြနှင့် တိုက်တွန်းလိုက်ရပါတယ်။

သက်တော်ထင်ရှား မြတ်စွာဘုရားကို ရှိခိုးပူဇော်ဖူးမျှော်ခြင်းကို ချီးမွမ်းတော်မမူပါဘူး၊ တရားတော်ကိုကျင့်ကြံကျိုးကုတ် အားထုတ် သူကိုသာ ချီးမွမ်းတော်မူပါတယ်၊ ဘာပြုလို့သိရပါသလဲဆိုရင် မိထွေး တော်ဂေါတမီ ငါဘုရားကို ဒီလိုရှိခိုးခြင်းသည် ရှိခိုးသည်မမည်ဟု ပယ်တော်မူ၍ ဒီလိုဟောပြတော်မူပါတယ်။

မိထွေးတော်ဂေါတမီ အားထုတ်ခြင်း လုံ့လဝီရိယရှိကုန်သော နိဗ္ဗာန်သို့စေလွှတ်သောစိတ်ရှိကုန်သော သားတော်ဘုရား၏ အဆုံးအမ

သာသနာတော်၌မြဲမြံသော လုံ့လဝီရိယရှိကုန်သော တပည့်သာဝက တစုတို့ကိုကြည့်လော့၊ ငါဘုရားရဲ့ အဆုံးအမ၌တည်၍ ငါဘုရားစကား တော်ကို နားထောင်ကုန်သော ငါဘုရားရဲ့သားတော် ရဟန်းတို့သည် သာလျှင် ငါဘုရားကို ရှိခိုးတယ်မည်တယ်လို့ ဟောတော်မူပါတယ်။

အားထုတ်ခြင်းဆိုတဲ့ လုံ့လဝီရိယရှိတဲ့သူသာလျှင် ငါဘုရား၏ အလိုတော်ကိုယူခြင်းငှါ စွမ်းနိုင်တယ်၊ အားထုတ်ခြင်း လုံ့လမရှိသော သူအား သဒ္ဓါ သတိ သမာဓိ ပညာတို့သည် ဆုတ်ယုတ်ကုန်၏၊ ဒီတရား တွေ ဆုတ်ယုတ်ကုန်တာနဲ့အမျှ မဂ်ဖိုလ်သို့ မရောက်နိုင်ပါ။ (သုတ္တ သင်္ဂဟ အဋ္ဌကထာ။)

ထိုမှတပါးလဲ ရဟန်းတို့ ငါဘုရားဆုံးမတဲ့ တရားတော်အတိုင်း မကျင့်ကြံ အားမထုတ်ဘဲ ငါဘုရား၏သင်္ကန်းတော်စဆွဲကိုင်ပြီး ဘဝါး ခြေထပ် နင်းလိုက်နေပေမဲ့ အကြင်သူဟာ သူများစည်းစိမ်ကို ပျက်စီး အောင်ကြံစီတယ်၊ ပြစ်မှားလိုတဲ့အကြံရှိတယ်၊ ကင်းလွတ်သောသတိ ရှိတယ်၊ မတည်ကြည်ခြင်း ပျံ့လွင့်ခြင်းရှိတယ်၊ စက္ခုစသော မစောင့် စည်းသောဣန္ဒြေ ရှိတယ်၊ အဲဒီသူဟာ ငါဘုရားမှ ယူဇနာ အရာ အထောင်မက ဝေးတယ်၊ငါဘုရားလဲ အဲဒီသူမှ ယူဇနာ အရာအထောင် မက ဝေးတယ်။

ငါဘုရားဆုံးမတဲ့အတိုင်း ကျင့်ကြံကျိုးကုတ် အားထုတ်တဲ့သူဟာ ငါဘုရားမှ ယူဇနာအရာအထောင်မက ဝေးနေပေမဲ့ ငါဘုရားရဲ့အထံ တော်၌ နေတယ်လို့ဆိုရမယ်၊ ငါဘုရားလဲ ဒီသူ့ရဲ့အထံ၌နေတယ်လို့ ဆိုရပါမယ်တဲ့၊ (ဝိသုဒ္ဓိမဂ်ဋီကာ။)

ထိုမှတပါးလဲ ဘုရားရှင်ကိုဖူးမြင်ခြင်းဟာ မံသစက္ခုဖြင့်ဖူးမြင်ခြင်း ပညာမျက်စိဖြင့် ဖူးမြင်ခြင်းလို့ နှစ်ပါးရှိသည်တွင် မံသစက္ခုဖြင့်ဖူးမြင် ခြင်းဟာ ဘုရားကိုဖူးမြင်သည်မမည်ပါ၊ ဘာပြုလို့လဲဆိုတော့ အရိယာ ၏အဖြစ်ဖြင့် အာရုံကို မယူတတ်၊ အဆင်းမျှကိုသာ ယူတတ်တာဖြစ်လို့ ဖူးမြင်ရသည်မမည်၊ ပညာစက္ခုဖြင့် ဖူးမြင်ခြင်းသည်သာလျှင် အရိ

ယာ၏အဖြစ်ဖြင့် အာရုံကိုယူတတ်သည်ဖြစ်၍ ဘုရားရှင်ကိုဖူးမြင်ရတယ် မည်ပါတယ်။ (ဓမ္မသင်္ဂဏီအဋ္ဌကထာ) ပီးစေပေါ့။

## ဘုရားစေတီ မကွယ်ပါစေနဲ့

လူ့ချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာဆိုတဲ့ ချမ်းသာ သုံးပါး လိုလားကြကုန်တဲ့ အမျိုးသား အမျိုးသမီးများဟာ အုတ်, ကျောက်, အင်္ဂတေ, ကြေး, သစ်သား, ဘုရား ရုပ်ပွားဆင်းတုတော် လောက်ကိုသာ အာရုံမထားပဲ မိမိတို့ရဲ့ဉာဏ်-ဉာဏသမ္ပယုတ်ယှဉ်ပြီး သဗ္ဗညုတဉာဏ်တော်နှင့်တကွ အရဟံအစ ဘဂဝါအဆုံးရှိတဲ့ ဂုဏ်တော် ဟူသော အနုအနှစ်ထိအောင် ရောက်အောင် ဖေါက်ထွင်းမြင်နိုင်ကြဖို့ အထူးလိုအပ်လှပါတယ်၊ အဲဒီလို အခုဟောခဲ့တဲ့အတိုင်း မြင်သွား ကြရင် အုတ်, ကျောက်, အင်္ဂတေ, ကြေး, သစ်သား, ဘုရား ရုပ်ပွား ဆင်းတုတော်ဆိုတဲ့ စေတီ မကွယ်တော့ပါဘူး၊ တဘောပေါက်ရဲ့လား တရားနာပရိသတ်။

အာမိသပူဇာဖြစ်တဲ့ လှူစရာဝတ္ထုပစ္စည်းပဲလှူလှူ တမြို့တရွာ ဘုရားဖူး ပဲ သွားသွား မိမိတို့အိမ်ကဘုရားပဲ အာရုံပြုပြု ဘုရားစေတီ မကွယ်ပါ စေနဲ့၊ တချို့ဘုရားဖူးသွားတာ ကြားဘူးပါတယ်၊ သွားနေတုန်း ကတော့ သာသနာ့အလံနဲ့ဘာနဲ့ ကားနဲ့အကျအနပါပဲ၊ ဘုရားလဲ ရောက်ရော အုတ်, စေတီလောက် အာရုံထားပီး ပေါက်ဆိန်ပေါက် ဝတ်ဖြည့်၊ တချို့ကလည်း ပုတ်သင်ညိုခေါင်းညိတ်ညိတ်ပီး ပီးတာပဲ၊ ဘုရားတော့ ရေသပ္ပါယ်ပါတယ်၊ အငှားဆိုခိုင်းတယ်၊ မိမိက ဘုရား အာရုံမပြုဘူး၊ ဆိုတဲ့သူကဆို သူတို့က ကြည့်ချင်ရာလျှောက်ကြည့်၊ မြင်ချင်ရာမြင် တွေးချင်ရာတွေးပေါ့၊ ပန်းဆီမီးလဲ ကပ်လှူပါရဲ့ ဒါပေမဲ့ အာရုံထားချင်ရာထားမှာ၊ ဘုရားဖူးတယ် ဘုရားဖူးရင်း ဆွမ်း ပန်း ဆီမီးတို့ကို ကပ်လှူပူဇော်တယ်ဆိုတာ မဂ်ဖိုလ်နိဗ္ဗာန်လိုချင်တောင့်တလို့

မဟုတ်လား၊ ဒါဖြင့် နိဗ္ဗာန်ကို အာရုံပြုတောင့်တလှူပါ၊ များသော အားဖြင့် ဒီလိုမဟုတ်ဘူး။

ဥပမာ ဘုရားရေသပ္ပါယ်တယ် ဆိုကြပါစို့။

တနင်္ဂနွေသား တနင်္ဂနွေသမီး ရေလှူဒါန်းပါတယ်၊ မကောင်းတဲ့ ဘေးရန်အန္တရာယ် ရန်စွယ်ဟူသမျှ မကျရောက်ပဲ ကျန်းမာပကတိ ချမ်းသာစွာရှိရပါလို၏ ထားတော့ ဒါလက်ခံတယ် ဒီလောက်မကဘူး၊ အခုတလော ကံနိမ့်နေလို့ အပြောအဆိုခံရ အရှောင်းအငယ် မကောင်း အပေါက်အလမ်းမတည့် လုပ်လေမြုပ်လေဖြစ်နေလို့ တနင်္ဂနွေဂြိုဟ်မင်း၊ ဘာဂြိုဟ်မင်း ညာဂြိုဟ်မင်းက ကြည့်မနေပါနဲ့ ဂြိုဟ်စီး ဂြိုဟ်နင်း ကံမြင့်ရန် ကံဆင်ပါတယ်၊ အမယ်လေး သူတို့လိုစီကာပတ်ကုံး မဆိုတတ်ပါဘူး စုံရောပဲ၊ ဒါနဲ့ဘုရားဖူးပြန်လာကြတာ၊ ဒါတောင် လမ်းရန်ဖြစ်လိုက်သေးတယ်၊ ဘုရားဖူးအချင်းချင်း ရသာရင် ပစ္စည်းလစ်ချင်သေးတယ်၊ အဲဒီလို ဘရုတ်သုတ်ခနဲ့ ဘုရားဖူးတွေမျိုးလဲ ရှိကြသေးတယ်၊ ဟာ တချို့လည်း အပျော်တမ်းခရီးထွက်တာ ကျနေတာပဲ ဘုရားဖူးလာတာနဲ့ကို မတူဘူး အပြုသဘောနဲ့ ဟောပေးနေတာနော် အပြစ်ပြောနေတာမဟုတ် ဒီလိုမလုပ်နဲ့ ဟောဒီလိုလုပ်ဆိုတဲ့ သဘောမျိုး ဟောပြနေတာ၊ ဒါဖြင့် အဲဒီလို စိတ်မထားကြပါနဲ့ ဒီလိုစိတ်ထားပါ၊ ကိုင်း-အခုဟောပြလိုက်တဲ့ ဘုရားဖူးအဖွဲ့ထဲမှာ သံသရာမှ ထွက်မြောက်ကြောင်းစကား တလုံးမှ မပါတာကို သတိထားမိကြရဲ့လား၊ တချို့မိန်းမက ဘုရားမှာမေတ္တာပို့ခဲ့သေးတယ်၊ 'ဘုရားတပည့်တော်မနဲ့ မတည့်တဲ့သူတွေ အလွတ် တခြားသူတွေ ကျန်းမာပါစေ'တဲ့ ကောင်းရောပေါ့ကွာ တယ်စူးရှမဲ့မေတ္တာ၊ အိမ်ရောက်တော့ ဒို့ဘုရားဖူးသွားတာအေ ဘယ်လောက်ကုန်တယ်၊ ဘုရားတွေတော့ အနှံ့လျှောက်ဖူးလာတာပဲလို့ လိုက်ကြွားလိုက်သေးတယ်၊ ဘုရားထဲထည့်ခဲ့တာ ငါးပြား ဆယ်ပြား၊ ဝယ်လာတဲ့အဝတ်အစားကျတော့ မနဲဘူး

ပေါ့လေ၊ အမေ့တို့ လာဘက်ငါးပြားဖိုး တော်ပါပြီလေ၊ မိန့်ဖိုတော့ ပါတိတ်ထမိန်တထည်ဆိုတာလို ဖြစ်နေပြီ ထားပါတော့လေ။

ဒို့တရားနာပရိသတ်တွေ သတိပေးလိုတာက ဘုရားဂုဏ်တော် မြင်အောင် အာရုံပြုဖို့သာလိုရင်း၊ မိမိအိမ်ကဘုရားမှာလဲ ဂုဏ်တော် နောက်က ဟောခဲ့တာလို ဘုရားဂုဏ်တော်ကို အာရုံပြုဖူး လှူပူဇော် အကျိုးထူးပါတယ်၊ ဘုရားသာ စေတီမကွယ်ပါစေနဲ့လို့ ထပ်မံမှာလိုက် ပါရစေ။

စကား သေသေချာချာနားထောင်၊ ဘုရားဖူး မသွားရဘူးလို့ မပါဘူး၊ သက်တော်ထင်ရှား တွေ့နေစေကာမူ ဂုဏ်တော်ထိအောင် မိမိကိုယ်ပိုင်ဉာဏ်နဲ့ ထိုးဖောက်အာရုံပြု ဘုရားစကားနားထောင်မှ ဘုရားနဲ့တွေ့ရတယ်လို့ ပြောဆိုနိုင်မှာ မဟုတ်လား၊ နောက်ကဟော ခဲ့တဲ့ (အားမငယ်ကြပါနဲ့) ဆိုတဲ့ ဟောကွက်မှာ ပြန်ကြည့်ပါ။

နောက်က စကားတခုကျန်ရစ်ခဲ့တယ်၊ ဘာလဲဆိုတော့ ဘုရားရှိခိုး တယ်ဆိုတာ ဟောဒီလိုရှိခိုးကြပါ ပေါက်ဆိန်ပေါက် ပုတ်သင်ညို ခေါင်းညိတ် မလုပ်ကြပါနဲ့ (တည်ခြင်းငါးပါး) ဖြင့် ရှိခိုးရပါမယ်၊ ပဉ္စပတိဋ္ဌိတလို့ ခေါ်တာပေါ့။

တည်ခြင်းငါးပါးဆိုတာ ဘုရားစတဲ့ရတနာသုံးပါးတို့ဟာ အမြတ် ဘဲလို့ အာရုံထားပြီး ပုဆစ်နှစ်ဖက် တတောင်နှစ်ဖက် နဖူးဆိုတဲ့ အင်္ဂါငါးပါးကို မြေမှာတည်ပြီး (ကြမ်းမှာ ပျဉ်မှာတည်ပြီး) ရှိခိုး ဝတ်ချ ဦးတိုက်ကန်တော့တာဟာ ပဉ္စပတိဋ္ဌိတဆိုတဲ့ တည်ခြင်းငါးပါး ဖြင့် ရှိခိုးတယ်လို့ တိုတိုမှတ်။

(ရှေးပညာရှိများက ဦးခေါင်း, ခြေ, လက်, ခက်မ ငါးဖြာ မြေမှာတည်၍– လို့ စပ်ဆိုကြပေမဲ့ အထက်စကားနဲ့ မထူးပါ အတူတူပဲပေါ့။)

တဝေဘင်နှစ်ဆစ်၊ ပုဆစ်နှစ်ဦး၊ နဖူးအင်္ဂါ၊ ထိငါးဖြာဖြင့်၊ မြေမှာဝပ်လူး၊ ကြည်ညွတ်နူးလျက်၊ အထူးဂါရဝ၊ ရိုသေစွာလျှင်၊ အဆုံးမကုန်၊ ကျေးဇူးဂုဏ်ကို၊ အာရုံကိုးကာ ရှိခိုးပါ၏ ဘုရား။

လူတို့ဝေါဟာရအားဖြင့် ထိခြင်းငါးပါးဆိုတာ 'ပဥ္စပတိဋ္ဌိတ'ဆိုတဲ့ ကျမ်းဂန်နဲ့တော့ မလျော်ဘူးလို့ ဆရာသမား ပြောသံ ကြားရဘူးပါတယ်၊ သတိထားကြပါလေ၊ လက်အုပ်ချီပြီး ကိုယ်ကိုညွတ် ရှိခိုးတာဟာ တည်ခြင်းငါးပါး ဖြစ်နိုင်ပါမလား၊ အခု ဟောသွားခဲ့တဲ့ ပေါက်ဆိန်ပေါက် ပုတ်သင်ညိုခေါင်းညိတ် ရှိခိုးတာလဲ တည်ခြင်းငါးပါးနှင့် မညီညွတ်ပါ၊ အရမ်းဟောတာ မဟုတ်ဘူး၊ ကျမ်းဂန်နဲ့ ကိုက်ဟောနေတာမှတ်။

ရှိခိုးခြင်းသုံးပါး

ကိုယ်ဖြင့် ရှိခိုးတာဆိုတာ စေတီတော်များကို ရှိခိုးသောအခါ စေတီကြီးကို သုံးကြိမ်လက်ျာရစ်ပြီး လေးမျက်နှာရှိခိုးတယ်၊ စေတီယ်ကို ရှစ်မျက်နှာစေ့အောင် ရှိခိုးတယ်။

နှုတ်ဖြင့် ရှိခိုးခြင်း ဆိုတာက ပူဇော်အထူးကို ခံတော်မူထိုက်သော ဂုဏ်တော်စသည်ကို အာရုံပြုပြီး အရှင်ဘုရားကို ရှိခိုးပါ၏ဟု နှုတ်မြွက်ဆို၍ ရှိခိုးတာ၊ မိဘစသည်လဲ ဒီအတိုင်းသာမှတ်။

စိတ်ဖြင့် ရှိခိုးတယ်ဆိုတာ ကိုယ်နှုတ်ဖြင့် ကိုင်းခြင်း ရှိုင်းခြင်းကို မပြုပဲ အရဟံစသော ဂုဏ်တော်ကို အာရုံပြု၍ ဝမ်းထဲက စိတ်ဖြင့်ညွတ်ခြင်းကို ခေါ်ပါတယ်။

အဲဒီသုံးပါးသော ရှိခိုးခြင်းတို့မှာ နောက်နှစ်ပါးဟာ ရပ်ရင်း သွားရင်း ထိုင်ရင်း လျောင်းရင်း ရှိခိုးနိုင်တယ်လို့ အာဋာနာဋိယသုတ် ပါဠိတော်မှာ ဟောတော်မူပါတယ်။

တနည်းဆိုရင် ရှိရှိသေသေရှိခိုးတယ်၊ မရှိမသေရှိခိုးတယ်လို့ နှစ်မျိုးပြပြန်ပါတယ်။

ရိုရိုသေသေ ရှိခိုးတယ်ဆိုတာက ဘုရားစတဲ့ ရတနာသုံးပါး ဆရာ မိဘတို့၏ ဂုဏ်ကျေးဇူးကို အာရုံပြုတ်ပြီး အထွတ်အမြတ် အဖြစ်ဖြင့် ရှိခိုးတာဟာ ရိုရိုသေသေ ရှိခိုးတာလို့မှတ်။

မရိုမသေ ရှိခိုးတယ်ဆိုတာ လာဘ်ကိုလိုလို့ မျိုးရိုးတိမ်ကောမှာစိုး လို့ သူများကဲ့ရဲ့မှာစိုးလို့ အယူမှားလို့ မိုက်လို့ ကြောက်လို့ ရှိခိုးတာဟာ မရိုမသေ ရှိခိုးတာလို့မှတ်၊ရိုရိုသေသေ ရှိခိုးတာဟာ ကြီးမားတဲ့အကျိုး ပေးနိုင်ပါတယ်လို့မှတ်၊ တရားနာ ပရိသတ်တွေ အထူးသတိထားကြ အနုန်း သုတ်သီလက္ခန် အဋ္ဌကထာမှာ ဘုရားအမူးရှိတဲ့ သံဃာတော်နှင့် တကွ သီတင်းသုံးနေတော်မူရာ ဘုရားကိုရှိခိုးပြီးရင် သံဃာတော် လှည့် ရှိမခိုးပါနဲ့၊ မိမိနေရာကနေ လက်အုပ်ချီရုံသာ ပြုရပါမယ်လို့ မိန့်ဆို ပါတယ်။

ဒီအကြောင်း ထောက်သဖြင့် စေတီရုပ်ပွားများ ရှိရာမှာ စေတီ တော်ကိုပဲဖြစ်ဖြစ် ရုပ်ပွားတော်ကိုပဲဖြစ်ဖြစ် ရှိခိုးတဲ့အခါ အနားမှာ ရှိတဲ့ ဘုရားတဆူကို နောက်ကျောခိုင်း၍ ဘုရားတဆူကို ရှိမခိုးရဘူးလို့ ရှေးဆရာတော်များက ဆုံးမတဲ့စကား ဖြစ်ပါတယ်။

အနီးဆိုတာ တဆယ့်နှစ်တောင်အတွင်းကို ဆိုပါတယ်၊ ဒါကြောင့် တဆယ့်နှစ်တောင်လောက် ဝေးမူ အနီးဟု မဆိုရပါဘူးလို့မှတ်။

ဝတ္ထုလေး ဟောပြပါအုန်းမယ်၊ သားလုပ်တဲ့သူဟာ ရဟန်းပြုပြီး မိဘဆွေမျိုးတွေနဲ့ နှစ်, လ အတော်ကြာအောင် တခြားနေရာမှာ သွားနေပြီးမှ မိဘတွေ ဆောက်လုပ်လှူဒါန်းတဲ့ ကျောင်းမှာလာပြီး ဝါဆိုပေမဲ့ မိဘများအား သားရဟန်းပဲလို့ မပြောပဲ ဝါကျွတ်တဲ့အခါမှ မိမိအလိုရှိရာ ကြွသွားပါတယ်၊ သားရဟန်းမှန်း မသိတဲ့ မိခင်ကြီးက အလွန်ကြည်ညိုလှ၍ ရဟန်းကြွသွားသောလမ်း မျှော်မှန်းပြီး ရင်ဖြင့် ဝပ်၍ ရှိခိုးတယ်လို့ မိန့်ဆိုပါတယ်၊ ဒါဖြင့် ဝမ်းလျားမှောက်၍ ရှိခိုး ကောင်းပါတယ်။ (သာရတ္ထသင်္ဂဟကျမ်း – ဝိသုဒ္ဓိမဂ် အဋ္ဌကထာ)

နောက်ပြီး တိဿဆိုတဲ့ ရှင်ဘုရင်ဟာ ရဟန္တာအရှင်အား ကြည်ညို သောစိတ်နဲ့ မိကျောင်းလို ရင်ဖြင့်သွားပြီး ဝမ်းလျားမှောက် ရှိခိုးပါ တယ်လို့ မိန့်ဆိုပါတယ်။ (သုတ်သီလက္ခန် အဋ္ဌကထာ။)

တည်ခြင်းငါးပါးဖြင့် မညီညွတ်တဲ့ ရှိခိုးခြင်း

မြတ်စွာဘုရားအား ဝေဒိဿကတောင်မှာ ခင်ပုတ်ငှက် (ဝါ) ဇီးကွက်က ကြည်ညိုတဲ့စိတ်နဲ့ ငှက်တို့ဘာဝ အတောင်နှစ်ဘက်ယှက်၍ ရှိခိုးလို့ ကပ်တသိန်း ပတ်လုံး အပါယ်သို့ မကျပဲ နောက်ဆုံးဘဝ (သောမနဿ) ဆိုတဲ့ ပစ္စေကဗုဒ္ဓါ ဖြစ်လိမ့်မယ်လို့ ဗျာဒိတ်ပေးတော် မူပါတယ်။ (ခင်ပုတ်ငှက်ဝတ္ထု။)

နောက် သာဝတ္ထိမြို့ မင္ဒကုဏ္ဍလီသူဌေးသားဟာ သေခါနီးကျတော့ မှ ဆွမ်းခံကြွလာသော မြတ်စွာဘုရားအား မြင်ပြီး ကြည်ညိုဝမ်းမြောက် ကာမျှဖြင့် လက်အုပ်ချီ၍ ရှိခိုးပါတယ်၊ သေတဲ့အခါ တာဝတိံသာ နတ်ပြည် ယူဇနာသုံးဆယ် (တယူဇနာ တဆယ့်သုံးမိုင်) နှုန်းနဲ့တွက်ရင် မိုင်ပေါင်းသုံးရာ့ကိုးဆယ် မြန်မာတိုင်ပေါင်း (တရာ့ကိုးဆယ့်ငါးတိုင်) ကျယ်ဝန်းတဲ့ ရွှေဗိမာန်ကြီးမှာ နတ်သမီးဘထောင် အခြံအရံရှိတဲ့ နတ်သားဖြစ်တယ်လို့ မိန့်ဆိုပါတယ်။

ကုသိုလ်များ ဘယ်လောက် အဖိုးတန်သလဲ တရားနာပရိသတ်၊ ဒါနစတဲ့ ကုသိုလ်ကောင်းမှု အစကဲ မပြုဘူး အမှတ် မရဘူးနော်၊ သေခါနီးကျမှ ဘုရားရောင်ခြည်တော် ခဏလေး ရှိခိုးလိုက်ရုံနဲ့ ဒီမျှ လောက် အကျိုးခံစားရတယ်ဆိုတော့ ဒီထက် ကုသိုလ်လုပ်တဲ့သူတွေ ကျတော့ ဆိုဘွယ်ရာ မရှိတော့ပါ။ (ဓမ္မပဒအဋ္ဌကထာ၊ ယမကဝဂ်။)

ဗြဟ္မာယုပုဏ္ဏားဟာ ဘုရားရှင် အလွန်ကြည်ညိုပြီး နေရာမှထကာ ခြေတော်အစုံကို ပါးစပ်နဲ့ စုပ်ခြင်း, အားရပါးရ လက်နှစ်ဖက်ဖြင့် ကိုင်တွယ်ပွတ်သပ်ခြင်း, မျက်နှာဖြင့်ပွတ်ခြင်း, ဦးခေါင်းနဲ့တိုက်ခြင်း၊ အရှင်ဘုရား - တပည့်တော်ဟာ ဗြဟ္မာယုပုဏ္ဏားလို့ ခေါ်ပါတယ်

ဘုရားလို့ နာမည်ကို ဖော်ပြီး လျှောက်ထား ရှိခိုးပါတယ်၊ သစ္စာလေးပါး တရား ဟောပြတဲ့အခါ အနာဂါမ် တည်သွားပါတယ်။
(သုတ်သီလက္ခန် အဋ္ဌကထာ။)

ရှိခိုးခြင်းဆိုတာ ဘုရားစတဲ့ ရတနာသုံးပါးတို့၏ဂုဏ်, ဆရာသမားတို့၏ဂုဏ်, မိဘစသည်တို့၏ ဂုဏ်ကျေးဇူး၌ ကိုယ်, နှုတ်, စိတ် တို့ဖြင့် ညွတ်ကိုင်းခြင်းကို ပြီးစေတတ်သော သဒ္ဓါ၊ သတိ၊ ဟိရိ- စသော ကုသိုလ်စေတသိက် အခြံအရံနှင့်တကွ ဖြစ်သော ကုသိုလ် စေတနာကို ယူရပါမယ်။

ရှိခိုးခြင်းဆိုတဲ့ ကုသိုလ်စေတနာဟာ ဘုရားစတဲ့ ရတနာသုံးပါးဟူသောခေတ် ဟုတ်မှန်ခြင်း အင်္ဂါတပါး, မိမိစိတ်က တကယ် အဟုတ်ကြည်ညိုခြင်း အဇ္ဈာသယအင်္ဂါတပါး ဒီအင်္ဂါနှစ်ပါးနဲ့ ပြည့်စုံနေရင် အခု မျက်မှောက်ချက်ခြင်း ဒိဋ္ဌမေအကျိုး ပေးနိုင်ပါတယ်။ ဗြဲးစပေါ့။

ဘုရားဖူးတယ်ဆိုတဲ့စကားကို ဟောပြပါအုံးမယ်

ဖူးမြော်တယ်ဆိုတာ ဘုရားစတဲ့ ရတနာသုံးပါး ဆရာမိဘစသည်တို့ကို သဒ္ဓါကြည်ညိုတဲ့စိတ်ဖြင့် ကြည့်ရှုရမျှကို ပြုခြင်းဟာ ဖူးမြော်တယ်လို့ခေါ်ပါတယ်။

အဲဒီဖူးမြော်ရတဲ့အကျိုးဟာ သီလရှိတဲ့သူကို ကြည်ညိုတဲ့စိတ်ဖြင့် ကြည့်ရှုရမျှနဲ့ ကုသိုလ်ဟာ ဘဝတသိန်းမက မျက်စိ၌ ကပ်ရောဂါဟူသမျှတွေ မကပ်ရောက်နိုင်ပါ၊ မျက်လုံး တင့်တယ်လှပရပါတယ်၊ အဲဒီအကျိုးတွေကို ရနိုင်ပါတယ်တဲ့၊ ဒါဖြင့်လဲ သီလရှိတဲ့သူကို ကြည်ညိုတဲ့စိတ်ဖြင့် အောက်မေ့ရုံမျှ ကုသိုလ်ဟာလဲ ကပ် ကုဋေဘသိန်းမက အပါယ်ဒုဂ္ဂတိဘဝကို တားမြစ်နိုင်ပါတယ်လို့ သာရတ္ထသင်္ဂဟ အဋ္ဌကထာမှာ မိန့်ဆိုပါတယ်။

ဒါကြောင့်လဲ ရှေးသူတော်ကောင်းများဟာ ညအိပ်ရာဝင် မနက်အိပ်ရာထသောအခါတို့မှာ ဘုရားစတဲ့ရတနာသုံးပါး ဆရာမိဘတို့ကို

ကာယကံမြောက် ဝစီကံမြောက် ရှိမခိုးနိုင်ပါက စိတ်ကညွတ်ရုံပွဲပြီး အောက်မေ့ခြင်းဆိုတဲ့ ကုသိုလ်ကို (အာစိဏ္ဏကံ) ဖြစ်အောင် ပြုတယ်လို့ ဆိုပါတယ်၊ ဒါကြောင့် ဒိုတရားနာလာကြတဲ့ တရားနာပရိသတ်တွေလဲ ည, မတတ်နိုင်က နေ့ဆိုတာလို ဟောခဲ့တဲ့အတိုင်း ပြုလုပ်အားထုတ်ကြပါလို့ တိုက်တွန်းလိုက်ပါတယ်။

အပြောများတဲ့စကားမို့ သဘောတရား ဟောပြလိုက်ပါတယ်၊ မာန်ဆိုတာက ငါသာလျှင်မြတ်တယ်၊ ငါပစ္စည်းရှိတယ်၊ ငါပညာတတ်တယ်စသဖြင့် တက်ကြွတဲ့သဘောတို မာန်လို့ဆိုပါတယ်၊ အဋ္ဌသာလိနီအဋ္ဌကထာမှာ များစွာလာပါတယ်၊ အဲဒီမာနဟာ အလွန်မြင့်တဲ့ ဒုရင်မှန်ကင်းလို မိမိကိုယ်ကို အထက်သို့မြင့်ပီး တက်ကြွတယ်လို့ ဆိုပါတယ်၊ (ဋီကာ) ဒီမာန်တက်တာဟာ အရှုးနဲ့တူတယ်လို့ ဆိုပြန်ပါတယ်၊ (အဋ္ဌကထာ။)

ဒါကြောင့် အဲဒီတက်ကြွနေတဲ့မာန်မာနကို မတက်ကြွစေပဲ ရာရား စတဲ့ ရတနာသုံးပါး ဆရာမိဘစသည့်တို့အား အောက်သို့နှိပ်ချသော စိတ်ဖြင့် ဖြစ်တာဟာ မာန်လျှော့တယ်လို့ခေါ်ပါတယ်၊ နိဝါတမင်္ဂလာလို့လဲ ခေါ်ပါတယ်။

အကျိုးကဒီလို မိန်းမများဟာ မိမိလင်အပေါ်မှာ တစုံတခုသော မာန်ကိုမှ မထားပဲ ရိုသေကိုင်းညွတ်တဲ့ကုသိုလ်ကြောင့် ယောကျ်ား ဖြစ်နိုင်တယ်။

ဟိမဝန္တာတောမှာ ညောင်ပင်ကြီးကိုအမှီပြုပြီး ဆင်ရယ်, ခါရယ်, မျောက်ရယ် သုံးဦးတို့နေကြစဉ် တဦးကိုတဦး အသက်ကြီးတာကိုမေး ကြပီး ကြီးသူကို ယဉ်သူက အရိုအသေပြုကြကာနေကြလို့ သေတော့ နတ်ပြည်မှာဖြစ်ရတယ်၊ နောက် ဖြစ်လေရာ ဘဝတိုင်းမှာ မြင့်မြတ်တဲ့ အမျိုးမှာ ဖြစ်ရတယ်တဲ့။

(သာရတ္ထသင်္ဂဟအဋ္ဌကထာ– ဝိနည်းပါဠိတော် စူဠဝဂ္ဂမှဝိဘင်္ဂသုတ်။)

ဒါကြောင့် ဒို့တရားနာပရိသတ်တွေလဲ အခုဟောခဲ့တဲ့အတိုင်း မာန်မာနကိုလျှော့–ရှော့ကြပါလို့ သတိပေးလိုပါတယ်။

ဘုရားစတဲ့ရတနာသုံးပါး ဆရာမိဘစသည်တို့တွင် အကြင်သူအား ကိုယ်ဖြင့်ကျူးလွန်တယ် နှုတ်ဖြင့်ကျူးလွန်တယ် စိတ်ဖြင့်ကျူးလွန်တယ် အဲဒီဟာ ကံသုံးပါးဖြင့်ပြစ်မှားတယ်လို့ ခေါ်ပါတယ်၊ အဲဒီကံသုံးပါးတို့တွင် တပါးပါးဖြင့် ပြစ်မှားကျူးလွန်မိရင် ထိုအပြစ်တွေ ပျောက်ကင်းစေရန် နောက်ကို မပြုတော့ပါဘူးလို့ နှလုံးထားပြီး မိမိပြုတဲ့အပြစ်ပြောပြီး ပြစ်မှားခြင်းခံရတဲ့သူအား သည်းခံစေခြင်းဟာ ကန်တော့တယ်လို့ ဆိုပါတယ်။

ဝိနည်းပိဋကတ်၌ အရိယာပုဂ္ဂိုလ်ကို စွပ်စွဲမိတယ် အဲဒီပုဂ္ဂိုလ်သေသွားရင် စွပ်စွဲမိတဲ့သူက သုသာန်သို့သွားလို့ပဲဖြစ်ဖြစ် ဒါမှမဟုတ် သုသာန်ဘက်လှည့်လို့ပဲဖြစ်ဖြစ် ကန်တော့ရမယ်လို့ ဆိုပါတယ်။

အရိယာမဟုတ်ပေမဲ့ မပြစ်မှားသင့် မပြစ်မှားထိုက်သော ဘုရားစတဲ့ ရတနာသုံးပါး ဆရာမိဘ အသက်သိက္ခာ ဂုဏ်သိက္ခာဝါကြီးသူတို့၌ ပြစ်မှားမိရင်လဲ မသေသေးရင် သွားကန်တော့ပါ၊ သေရင် အလောင်းသွားကန်တော့၊ဒါမှမဟုတ် သုသာန်သွားကန်တော့၊ မသွားနိုင်ရင် သုသာန်ဘက်လှည့် ကန်တော့ပါလို့ မှာပါတယ်၊ တခု သတိထားရမှာက မိမိပြစ်မှားတဲ့အပြစ်ကို ထုတ်ဖော်ပြောပြီး ကန်တော့ရမယ်ဆိုပေမဲ့ မထုတ်ဖော်ပဲ ပြစ်မှားမိသမျှအပြစ်ကို အကုန်လုံးသိမ်းကျုံး ကျန်တော် ကျွန်မ ပြစ်မှားသည့်အပြစ်ကို သည်းခံပါဆိုလို့ ကန်တော့ခံရသူက ကျေနပ်ရင် အပြစ်မှလွတ်တယ်လို့ သုတ်သီလက္ခန်ပါဠိတော်၌ ခမည်းတော်ကို ပြစ်မှားမိတဲ့ အဇာတသတ်မင်းဟာ ခမည်းတော် မရှိတော့တဲ့အတွက် မြတ်စွာဘုရားအား ကန်တော့ ကြောင်းလာပါတယ်။

ဒါကြောင့် ပြစ်မှားခံရတဲ့သူမရှိရင်လဲ ဘုရားရှင်အား ကန်တော့ရပါမယ်တဲ့၊ သီဟဗာဟုမင်းဝတ္ထုမှာ ကြည့်ပါလား ပြစ်မှားခံရတဲ့

အဘခြင်္သေ့မရှိလို့တဲ့ကြောင်း တိရစ္ဆာန်ဖြစ်နေလို့တကြောင်း ကန်တော့ရမှာကို မင်းဣန္ဒြေကိုင့်ရကား စေတီတည်၍ စေတီနားမှာ ခြင်္သေ့ရုပ်ထားပြီး ဘုရားကန်တော့တဲ့ အနေနဲ့ အဘခြင်္သေ့အား ကန်တော့တာဟု ဆရာ့စကား ကြားရဘူးပါတယ်၊ အခုအထိ ဘုရားနားမှာ ခြင်္သေ့ရုပ်တွေ တွေ့မြင်ရတယ်မဟုတ်လား။

ဩကာသစတဲ့ ကန်တော့ကျိုးအကုန် မဆိုနိုင်စေကာမူ နောင်အခါ ဒီအမှုမျိုး မပြုတော့ပါဘူးလို့ စိတ်ထဲကထားပြီး အရှင်ဘုရား တပည့်တော် တပည့်တော်မရဲ့ အပြစ်ကြီးငယ် သည်းခံတော်မူပါဘုရား။

ဆရာရော မိခင်ဖခင်များ ကျွန်တော် ကျွန်မတို့ရဲ့အပြစ်ကြီးငယ် သည်းခံတော်မူပါလို့ ဆို၍လဲ ကန်တော့နိုင်ပါတယ် ကန်တော့ကြပါ၊ ခွဲခွါခါနီးပဲဖြစ်ဖြစ် သင်္ကြန်အခါ ဝါဝင်ဝါထွက်အခါပဲဖြစ်ဖြစ် တဦးကိုတဦး တောင်းပန်ကြပါ။

အဲဒီလိုကန်တော့ရတဲ့ အကျိုးကတော့ ပိတ်ချင်းသီးရောင်းတဲ့ လှည်းသမားတယောက်ကို မိလိန္ဒဝစ္ဆမထေရ်ကမေးရာ ပိတ်ချင်းသီးကို ကြွက်ချေးဟု ပြောသဖြင့် ကြွက်ချေးဖြစ်သွားပါတယ်၊ လှည်းသမားက ကန်တော့မှ ရွှေဖြင့်ပြီးတဲ့ပိတ်ချင်းသီး ပြန်ဖြစ်သွားတယ်တဲ့၊ (ဓမ္မပဒအဋ္ဌကထာ။)

ဓမ္မပဒအဋ္ဌကထာစိတ္တဝဂ်မှာ–သောရေယျသူဌေးသားက အဆင်းလှတဲ့ ရှင်မဟာကစ္စည်း မထေရ်ကို ငါ့မိန်းမဖြစ်ရင်ကောင်းမှာဘဲလို့ ပြစ်မှားမိလို့ တကယ်မိန်းမဖြစ်သွားရာ သားသမီးရမှ ပြန်ကန်တော့လို့ ယောကျ်ားပြန်ဖြစ်သွားပါတယ်။

မထေရ်ရဲ့ထံ ရဟန်းပြု၍ ရဟန္တာအဖြစ်ရောက်ပါတယ်၊ ပြစ်မှားမိပေမဲ့ ကန်တော့ဝန်ချလို့ကျေနပ်က ပျောက်တယ်လို့ ယုံကြည်ကြပါ၊ ဋီကာမှာလဲ အဟောသိကံဖြစ်တယ်လို့ဆိုပါတယ်၊ အဟောသိကံဆိုတာ

အကျိုးပေးပြီးသည်လဲ မဟုတ် ပေးလတံ့သည်လဲ မဟုတ် ဖြစ်ပြီး သည်သာမည်တဲ့ကံကို ခေါ်ပါတယ်။

ကမ္ဘာလောကမှာ သတ္တဝါတွေဟာ အပြစ်ကြီးတာကိုပဲဖြစ်ဖြစ် ငယ်တာကိုပဲဖြစ်ဖြစ် တခါတလေတော့ သတိမေ့ပြီး ပြုမိမှားမိတာ အမှန်ဖြစ်ပါတယ်။

ဒီလိုပြစ်မှားမိသဖြင့်လဲ အဇာတသတ်မင်းဟာ သောတာပန်ဖြစ်တဲ့ အရိယာသူတော်ကောင်း ဗိမ္ဗိသာရအား သတ်မိတာကို မြတ်စွာဘုရား အား နောင်အခါ မပြုတော့ပါဘူးဟု နှလုံးထားကန်တော့လို့ အဝီစိ ငရဲမှာ တကမ္ဘာကြာအောင် မခံရတော့ဘဲ လောဟကုမ္ဘီ ကြေးနီအိုးငရဲ မှာသာ အနှစ်ရှစ်သောင်းခံရပြီး ငရဲမှလွတ်လာတဲ့အခါ (ဝိဇိတာဝီ) အမည်ရှိတဲ့ ပစ္စေကဗုဒ္ဓါဖြစ်လိမ့်မယ်လို့ သုတ်သီလက္ခန် ပါဠိတော် သာမညဖလသုတ်မှာ ဟောတော်မူပါတယ်။

နောက်တခု ရှင်ဒေဝဒတ်ဟာ သံဃာတော်ကိုသင်းခွဲတယ် ခြေမ တော်ကို သွေးစိမ်းတည်အောင် (သွေးခဲအု)အောင် သွေးစိမ်းရှင်ရှင် ထွက်အောင် ပြုတဲ့အတွက် မြေမျိုခံရသောဒေဝဒတ်ဟာ မြေမျိုခါနီး ဘုရားရှင်အား ကန်တော့သွားတဲ့ ကုသိုလ်အဟုန်ကြောင့် တကမ္ဘာ ခံရတဲ့ အဝီစိမှလွတ်လာရင် (အဋ္ဌိဿရ) ဆိုတဲ့ ပစ္စေကဗုဒ္ဓါဖြစ်လိမ့် မယ်လို့ ဆိုတာတွေထောက်ပြီး ကြီးကျယ်သော ပဉ္စာနန္တရိယ ဂရုက အပြစ်ပင် ဒီလောက်သက်သာခွင့် ရနေရင် သေးတဲ့အပြစ်မျိုးတော့ အပသာဝဇ္ဇ အဘယ်ဆိုဖွယ်ရာရှိတော့မှာလဲလို့ ယုံကြည်စိတ်ချသာ ကန်တော့ကြ။ ပီးစေပေါ့။

### ဒိဋ္ဌဓမ္မအကျိုးပေးတယ်ဆိုတာကို ထပ်ဟောပြပါအုန်းမယ်

တချို့က ဒိဋ္ဌဓမ္မအကျိုးပေးတာဟာ နောက်ဘဝကပြုခဲ့တဲ့ ကုသိုလ် မျိုးစေ့မပါပဲ အခုဘဝပြုတဲ့ကုသိုလ်ကြောင့် အကျိုးခံစားရတယ်လို့ ထင်ကြပါတယ်၊ ဒီလိုမဟုတ်ပါဘူး၊ ဟောဒီလိုပါ-နောက်က မိမိတို့

ပြုခဲ့ကြတဲ့ကုသိုလ်နဲ့ အခုမျက်မှောက်ပြုတဲ့ ကုသိုလ်တို့ဟာ သူတို့ချင်း ပေါင်းဆုံမိပြီး အလွန်အားကောင်းလာကာ ရုတ်တရက် ဒိဋ္ဌဓမ္မအကျိုး ပေးရတယ်လို့ မှတ်ထားစေလိုပါတယ်၊ ဘာပြုလို့လဲဆိုတော့ အပရာ ပရိယမုတ္တော၊ အပရာပရိယကံမှလွတ်သော။ သတ္တောနာမ၊ သတ္တဝါ မည်သည်။ နတ္ထိ၊ မရှိ။ လို့ ကျမ်းဂန်တို့မှလာလို့ပဲ ဖြစ်ပါတယ်။

အကျိုးဆိုတာကလဲ ကုသိုလ်အကျိုး အကုသိုလ်အကျိုးလို့ နှစ်မျိုး ရှိပါတယ်၊ အဲဒီ နှစ်မျိုးမှာ အကုသိုလ်ကံဟောင်းဟာ အသက် သေအောင် အန္တရာယ်များအောင် ကြံဆောင်တဲ့ ရန်သူနဲ့တူပါတယ်၊ ကုသိုလ်ကံဟောင်းကတော့ အသက်ရှည်အောင် ဘေးမရှိအောင် ချမ်းသာအောင် ဆောင်ရွက်ပေးတဲ့ မိတ်ဆွေကောင်းနဲ့ တူပါတယ်။

ဒါကြောင့်လဲ အခုမျက်မှောက် ဘုရားစတဲ့ ရတနာသုံးပါး ဆရာ မိဘ စသည်တို့အား ရှိခိုးနည်းနဲ့ပြည့်စုံအောင် ရှိခိုးကန်တော့တဲ့အခါ ဖြစ်သောကုသိုလ်ဇောဟာ ကုဋေတသိန်းမက အကျိုးပေးစွမ်းနိုင်လျက် နောက်ကကပ်ပါလာတဲ့ အပရာပရိယ ကုသိုလ်ဇောကလည်း အကျိုး ပေးဖို့ အသာလင့် အသင့်ဖြစ်နေလေတော့ တခါထဲသူတို့ချင်းကြုံကြိုက် ပေါင်းမိပီး အလွန်အားကြီးတဲ့အတွက် မကောင်းဆင်းရဲ အန္တရာယ် များအောင် အသက်သေအောင် ပြုလုပ်ရာ၌ ကြံစည်နေတဲ့ အကုသိုလ် အပရာပရိယကံသည် ဝင်ခွင့်မရတော့ပဲ ဝေးကွာသွားပါတယ်၊ ဒါ ကြောင့်လဲ အန္တရာယ်ခပ်သိမ်း ဘေးခပ်သိမ်း ရန်ခပ်သိမ်း မကောင်းတဲ့ အတိတ်ဆိုး နိမိတ်ဆိုးတွေ ပျောက်ကင်းရတယ်လို့မှတ်။

နောက်ဘဝ ခံစားစံစားရမဲ့ အကျိုးကတော့ နောက်ကဟောခဲ့တဲ့ ဒွန်းစန္ဒားရွာအထွက်မှာ ဘုရားရှင်ကိုရှိခိုးတဲ့အတွက် နတ်ဘုံမှာဖြစ်ရတဲ့ ဒွန်းစန္ဒားမိန်းမအိုကြီးဝတ္ထု၊ မဋ္ဌကုဏ္ဍလီသူဌေးသားဝတ္ထု ခင်ပုတ်ငှက် ဝတ္ထု စသဖြင့် လာတဲ့ ဓမ္မပဒ, ဝိမာနဝတ္ထုကျမ်းတို့ကို ထောက်သော အားဖြင့် ခဏလေးရှိခိုးရုံမျှနဲ့လူ့ချမ်းသာ နတ်ချမ်းသာ နိဗ္ဗာန်ချမ်းသာ

ဆိုတဲ့ ချမ်းသာသုံးပါး အမှန်ရနိုင်တယ်လို့ ယုံကြည်မှတ်ထားကြရပါမယ်။

ရှိခိုးရတဲ့အကျိုးလေးပါးကို ဓမ္မပဒပါဠိတော်မှာ မြတ်စွာဘုရားရှင်က–

၁။ အသက်ရှည်တယ်၊

၂။ အဆင်းလှတယ်၊

၃။ ချမ်းသာကြီးတယ်၊

၄။ ဉာဏ်ပညာ ခွန်အားကြီးတယ်လို့ ဟောတော်မူပါတယ်။

ဇောဆိုတာနဲ့ပတ်သက်လို့ နန့်လောက်ပြရအောင်– ဇောဆိုတာက အားရှိသောကြောင့် ထိုထိုကိစ္စကိုပြီးစေနိုင်လို့ ဇောလို့ ခေါ်ပါတယ်တဲ့။

ကောင်းမှုပဲဖြစ်ဖြစ် မကောင်းမှုပဲဖြစ်ဖြစ် တကြိမ်ပြုလုပ်ရင် ဇောပေါင်းကုဋေတသိန်းမက စောနိုင်ပါတယ်၊ ပဌမဇောကို ချန်လှပ်၍ ကျန်တဲ့ဇောများက ဇောတချက် တဘဝအကျိုးပေးနိုင်ပါတယ်။

ဥပမာ– မျိုးစေ့ဘစေ့ကို စိုက်ရင် မရေတွက်နိုင်အောင် အသီးအပွင့်တွေ ပွင့်သလိုပါပဲတဲ့။

ဒါဖြင့် လက်ဖျစ်တတွက် အတွင်းမှာ ကုဋေတသိန်းမျှ စိတ်အစဉ်တွေဖြစ်တယ်၊ အဲဒီ စိတ်ပေါင်းကုဋေတသိန်းမှာ ဇောရောဘဝင်ပါ ပျမ်းမျှကြည့်ရင် ငါးပုံနှစ်ပုံ ကုဋေနှစ်သောင်းလောက်တော့ ဇောစိတ်ပါမှာပဲ၊ ဒီကုဋေနှစ်သောင်းထဲက ပဋိသန္ဓေအကျိုး မပေးတဲ့ ပဌမဇောကို ချန်ထားလိုက်အုန်းတော့ ကုဋေပေါင်းတသောင်းခုနစ်ထောင်လောက် ကျန်အုန်းမှာဖြစ်ပါတယ်၊ ဒါကြောင့်–စေတနာ တခုတခုကိုပဲ ပဋိသန္ဓေတခုတခု အကျိုးပေးတယ်ဆိုတော့ လျှပ်တပြက်အတွင်းမှာ ကုသိုလ်ပြုလုပ်လိုက်ရရင် စကြဝတေးမင်း, သိကြားမင်း, နတ်မင်း

ဘဝပေါင်း ကုဋေတသောင်းခုနစ်ထောင်ဖြစ်မယ် နဲ့သေးလား တနာရီ လောက် လုပ်လိုက်ရရင် အခုဘဝမျိုးတွေ ကုဋေအများကြီးချနိုင်တယ် မဟုတ်လား၊ ဒီနေရာမှာ ကုသိုလ်ဇောကိုသာ ဟောလိုက်ပါတယ်၊ ပီးစေပေါ့။

ဘုရားကို ဟောဒီလို အာရုံပြု

သိစရာရှိသမျှ တရားအပေါင်းကို တစမကျန် အကြွင်းအကျန်မရှိ အကုန်အစင် သိမြင်တော်မူတတ်တဲ့ သဗ္ဗညုတဉာဏ်တော်ကိုအရင်းခံပီး အရဟံအစ ဘဂဝါအဆုံးရှိသော ကိုးပါးသောဂုဏ်တော် အပေါင်း တို့ရဲ့ တည်ရာ ခန္ဓပဉ္စကဒြပ်တော်သည်ပင် သဗ္ဗညုဘဉာဏ်တော်ကိုစွဲ၍ ဘုရားလို့ခေါ်ပါတယ်လို့ စွဲစွဲမြဲမြဲမှတ်။

အဲဒီ သက်တော်ထင်ရှား မြတ်စွာဘုရားကို အာရုံပြုပီး မင်္ဂ, ဖိုလ်, နိဗ္ဗာန်ကို လိုလားတောင့်တလို့ လှူဒါန်းကြ၊ ပူဇော်ကြ၊ ဖူးမြော်ကြ၊ ကန်တော့ကြတဲ့သူတွေဟာ ကိုယ်ပိုင်ဉာဏ်မရှိပါက အခုရှိနေကြတဲ့ ဓါတုစေတီ, ဓမ္မစေတီ, ဥဒ္ဒိဿစေတီ, ပရိဘောဂစေတီ လေးပါး အုတ် ကျောက်, အင်္ဂတေ, သစ်သား, ကြေးစေတီဘုရား ရုပ်ပွားလောက် ကိုသာ အာရုံထားပီး အားရကျေနပ် တင်းတိမ်နေကြဘာကို တွေ့ရ ပါတယ်။

အဲဒီလို အားရကျေနပ် တင်းတိမ်မနေကြပဲ မိမိကိုယ်ပိုင်ဉာဏ်နဲ့ စေတီရုပ်ပွားဆိုတဲ့ အပေါ်လွှာကို ထွင်းဖေါက်၍ သက်တော်ထင်ရှား မြတ်စွာဘုရားရဲ့ ခန္ဓာပဉ္စကဒြပ်သဏ္ဍာန်တော်နဲ့ စပ်တဲ့ သရီရဓာတ်တော် အသားကိုခွင်းပီး သဗ္ဗညုတဉာဏ်တော်နှင့်တကွ အရဟံအစ ဘဂဝါ အဆုံးရှိသော ဂုဏ်တော်ကိုးပါးတည်း ဟူသော အနှစ်ထိအောင် ရောက်အောင် စိတ်အာရုံမှန်း၍ လှူဒါန်းပူဇော်ကြရပါမယ်။

(အခွံခွာ အကာပစ် အနှစ်တွေ့အောင်ရှာ)

# တရားတော်ကို ဟောဒီလို အာရုံပြု

တရားတော်ဆိုတာ အစရှိကောင်းခြင်း၊ အလယ်ရှိကောင်းခြင်း၊ အဆုံးရှိကောင်းခြင်းဖြင့် ကောင်းစွာ ဟောတော်မူအပ်သည်၏အဖြစ် ဟူသော သွာက္ခာတတာစသော ခြောက်ပါးသောဂုဏ်တော်တို့နှင့်တကွ ငရဲစတဲ့အပါယ်လေးပါး ရောက်ကြောင်း သံသရာဝဋ်ဆင်းရဲ ကျင်လည်ကြောင်းဖြစ်တဲ့ အကုသိုလ်တရားတို့ကို ပယ်ဖျောက်ဖျက်ဆီးတတ်သော မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်တရားကိုးပါးသည်ပင် တရားလို့ ခေါ်ပါတယ်။

ကုသိုလ်တရားသည် အပြစ်မရှိခြင်း ကောင်းသော အကျိုးကို ပေးခြင်း လက္ခဏာရှိ၍ ကောင်းသောသုဂတိဘုံ ပြဟ္မာဘုံ နိဗ္ဗာန်ကျအောင် ဆောင်တတ်လို့ အလုံးစုံသော ကာမ ရူပ အရူပ လောကုတ္တရာ ကုသိုလ်ဟူသမျှဟာလဲ တရားလို့ပဲခေါ်ပါတယ်၊ ဒါကြောင့် အဋ္ဌသာလိနီ၌ ဒီကုသိုလ်တရားဆိုတာ အပြစ်မရှိခြင်း ကောင်းသော အကျိုးကိုပေးခြင်း လက္ခဏာရှိတယ်လို့ မိန့်ဆိုပါတယ်။

အကုသိုလ်တရားဆိုတာလဲ အပြစ်နှင့်တကွဖြစ်ခြင်း မကောင်းသော အကျိုးကိုပေးခြင်း လက္ခဏာရှိ၍ မကောင်းသောငရဲစတဲ့ အပါယ်လေးပါးသို့ ဆောင်ယူတတ်လို့ တရားလို့ပဲခေါ်ပါတယ်။

တနည်းဆိုရရင် အခုသင်ကြားပို့ချနေတဲ့ သုတ္တ ဂေယျစသော ပါဠိအဋ္ဌကထာနှင့်တကွ ပိဋကတ်သုံးပုံဟာလဲပဲ မဂ်, ဖိုလ်, နိဗ္ဗာန်ရဲ့ အကြောင်းဖြစ်လို့ တရားလို့ပဲခေါ်ပါတယ်လို့ မြဲမြဲမှတ်ထားကြ။

အဲဒီတရားတော်မြတ်ကို ပူဇော်လိုတဲ့အခါ အခုရှိကြတဲ့ စာပေ စာအုပ် တရားကျင့်နေကြတဲ့ ပုဂ္ဂိုလ်မျှလောက်ကိုသာ အားရကျေနပ် တင်းတိမ်မနေကြပဲ မိမိကိုယ့်ပိုင်ဉာဏ်နဲ့ လောကုတ္တရာတရား ကိုးပါးနှင့်တကွ တရားတော်ရဲ့ သွာက္ခာတတာအစ ခြောက်ပါးသောဂုဏ်တော်

ဆိုတဲ့ အနှစ်ရောက်အောင် ထိအောင် စိတ်အာရုံမှန်းပြီး လှူဒါန်း ပူဇော်ကြရပါမယ်။

## သံဃာတော်ကို အာရုံပြုနည်း

သံဃာဆိုတာတထောင့်ငါးရာကိလေသာကိုတဒင်္ဂပဟာန် ဝိက္ခမ္ဘန ပဟာန် သမုစ္ဆေဒပဟာန်ဆိုတဲ့ ပဟာန်သုံးချက်ဖြင့် အရိယမဂ်ဉာဏ်ဖြင့် ပယ်ဖြတ်သတ်ဘတ်သောကြောင့် သုပ္ပဋိပန္နတာ အစရှိသော ကိုးပါး သောဂုဏ်နှင့် ပြည့်စုံတော်မူသော အရိယာပုဂ္ဂိုလ် ရှစ်ယောက်သည် ပရမတ္ထသံဃာလို့ ခေါ်ပါတယ်။

ဒီပရမတ္ထသံဃာတော်ကိုတုပြီး ကိလေသာပယ်သတ်မှု တစိတ်တဒေသ တူသည်ကို အစွဲပြု၍ အခုရှိကြတဲ့ရဟန်းတော်များကို သမ္မုတိသံဃာလို့ ခေါ်ပါတယ်။

ဒါကြောင့် ကင်္ခါအဋ္ဌကထာမှာ–

ဒက္ခိဏေယျသံဃာဆိုတာ ဂုဏ်ကိုးပါးနဲ့ပြည့်စုံတဲ့ ပရမတ္ထသံဃာ ရပြီး သမ္မုတိသံဃာဆိုတာ ရဟန်းတော်များ အပေါင်းကို ရတယ်လို့ မိန့်ဆိုပါတယ်။

တရားနာပရိသတ်တွေ သတိထားရမှာက ပရမတ္ထသံဃာကိုသာ သံဃာလို့ယူဆမှတ်ထင်ပြီး သမ္မုတိသံဃာခေါ်ရတဲ့ ရဟန်းတော်များ ကို သံဃာမဟုတ်ဘူးလို့ မယူဆ မမှတ်ထင်ကြပါနဲ့ သံဃာပါပဲလို့ ဟောပြလိုက်ပါရစေ။

ဒီသံဃာတော်ကို ပူဇော်လိုတဲ့အခါ အခုရှိကြတဲ့ သံဃာလောက် ကိုသာ အားရကျေနပ် တင်းတိမ်မနေကြပဲ မိမိကိုယ်ပိုင်ဉာဏ်နဲ့ သမ္မုတိ သံဃာဆိုတဲ့ အပေါ်လွှာကို ထွင်းဖောက်ပြီး ပရမတ္ထသံဃာတော်ရဲ့ ခန္ဓာကိုယ်ပဋိဃာဒြပ်သဏ္ဌာန်တော်နှင့်စပ်တဲ့ ဓါတ်တော်ဆိုတဲ့အသားကို ခွင်းပြီး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်နှင့်တကွ သုပ္ပဋိပန္နတာအစရှိသော သံဃာ

ဂုဏ်တော်ကိုးပါးဆိုတဲ့ အနှစ်ထိအောင် ရောက်အောင် စိတ်အာရုံ မှန်းပီး လှူဒါန်းပူဇော်ရပါမယ်။

ဘုရား တရား သံဃာဆိုတဲ့ ရတနာသုံးပါး အာရုံပြုပုံ သဘော ပေါက်စေပေါ့နော်၊ ရှေ့ကိုဟောသွားမယ် လိုက်ခဲ့ကြ။

ဒီလို ဘုရားကို ပူဇော်ပါ

လူ့ချမ်းသာ နတ်ချမ်းသာ နိဗ္ဗာန်ချမ်းသာဆိုတဲ့ ချမ်းသာသုံးပါး ကို အလိုရှိတဲ့သူဟာ နောက်ကဟောခဲ့တဲ့ ပေးလှူသူရဲ့အင်္ဂါ အလှူဝတ္ထု အင်္ဂါနဲ့ပြည့်စုံပြီး မြတ်စွာဘုရား၏ အရဟတာအစရှိတဲ့ ဂုဏ်တော်ကို မိမိကိုယ်ပိုင်ဉာဏ်ဖြင့် ထင်မြင်လာအောင် ဆင်ခြင်၍ ဓါတုစေတီ ဥဒ္ဒိဿစေတီ ပရိဘောဂစေတီသုံးပါးရှေ့မှာ နေရာခင်း အလှူဝတ္ထုခင်း သက်တော်ထင်ရှား မြတ်စွာဘုရားကို တိလောကဝိဇယစကြာမင်း ကြီးလို မိမိခင်းထားတဲ့နေရာကို ပင့်ရပါမယ်။

အထူးအထွေ မရရင်လဲ–

ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော် အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား မဂ်ဖိုလ်နိဗ္ဗာန်ရောက်ရန် ရည်မျှော် တပည့်တော် တပည့်တော်မတို့၏ သန့်ပြန့်စင်စွာ ခင်းထား ပါသော နေရာမြတ်၌ ခြောက်ရောင်စုံကွန့်မြူး၍ ကြွမြန်းတော်မူလှဲ့ပါ သုံးလောကထွတ်တင် အတုလသခင် အရှင်သူမြတ်ကြီးဘုရား။

အဲဒီလို ဘုရားကိုပင့်ပြီးပြန်တော့–

သက်တော်ထင်ရှား မြတ်စွာဘုရား၏ ဂုဏ်တော်ကို ရည်မှန်း၍ ဆွမ်းပန်း ရေချမ်း ဆီမီး အမွှေးတိုင်တို့ကို အစရှိနေကြတဲ့ အုတ်, အင်္ဂတေ, ကျောက်, ကြေး, သစ်သားဆိုတဲ့ စေတီရုပ်ပွား ဘုရားများ အား သက်တော်ထင်ရှား မြတ်စွာဘုရားမခြား စေတနာထားပြီး လှူဒါန်းပူဇော်နိုင်ကြပါမူ သက်တော်ထင်ရှား မြတ်စွာဘုရားလှူရသလို အကျိုးပေးလဲတူမျှတယ်လို့ ဘုရားရှင် ဟောတော်မူပါတယ်။

## ဒီလို တရားတော်ကို ပူဇော်ပါ

တရားတော်ကို ပူဇော်လိုတဲ့သူဟာ စိတ်စေတနာ သဒ္ဓါတရား လှူစရာဝတ္ထုတို့ကို နောက်ကဟောခဲ့သလို ပြုပြင်စီရင်ပီး မိမိစိတ်မှာ တရားတော်၏သဘောကို ဆင်ခြင်ကာ ပင့်ရပါမယ်။

အထွေအထူးကို မရလို့ရှိရင်–

မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ်ဟုဆိုအပ်သော သိမ်မွေ့ ခက်ခဲနက်နဲသော တရားတော်မြတ်သည် တပည့်တော် တပည့်တော်မ တို့၏ နှလုံးအိမ်အတွင်း၌ အသိအလိမ္မာ ဉာဏ်ပညာကို ပေးတော်မူ၍ ကြည့်ရှုစောင်မ တည်နေတော်မူလှဲ့ပါဘုရား။

ဒီလို တရားတော်ကို ပင့်ပြီးပြန်တော့–

အဆင်သင့်ပြင်ဆင်ထားတဲ့ လှူစရာဝတ္ထုတွေကို တရားတော်ကို ကျင့်ကုန်ဆောင်ကုန်သော ရဟန်းသာမဏေတို့အား တရားတော်၏ သွာက္ခာတတာ အစရှိသော ဂုဏ်တော်အာရုံပြုပြီး သဘောတရား ဖြစ်သော တရားတော်ကို ရည်မှန်း၍ ပူဇော်ရပါမယ်၊ တရားတော်ကို တာရှည်လေးမြင့် တည်စေခြင်းအကျိုးငှါ ပိဋကတ်ကျမ်းစာကို ပေရွက် မှာရေးကူးလှူဒါန်းတယ် စာအုပ်များကို ဝယ်ယူလှူဒါန်းတယ်၊ စာတိုက် ဘီဒိုများကို ဝယ်လှူဒါန်းတာဟာလဲ တရားကို ပူဇော်တယ်လို့ ခေါ် ပါတယ်။

တလုံးသောအက္ခရာသည် တဆူသောဘုရားရှင်၏ ရုပ်ပွားဆင်းတု တော်နှင့် တူပါတယ်တဲ့၊ ဒါကြောင့် အကျိုးအကြောင်း သိမြင်တဲ့ ပညာရှိအမျိုးကောင်းသား အမျိုးကောင်းသမီးဟာ ပိဋကတ်သုံးပုံကို ရေးလှူပူဇော်ရပါတယ်တဲ့။

ဒါကြောင့် (စာတလုံး ဘုရားတဆူလို့ မိန့်ဆိုပါတယ်)

## သံဃာကို ဒီလိုပူဇော်ပါ

သံဃာကိုပူဇော်လိုတဲ့သူဟာ နောက်ကဟောခဲ့သလို စိတ် စေတနာ သဒ္ဓါတရား လှူစရာတို့ကိုပြုပြင်ပြီး သံဃာဆိုတာ ဘယ်လို ဘာပြုလို့ သံဃာလို့ခေါ်ပါသလဲ ဆင်ခြင်ပါ၊ နောက် (သုပ္ပဋိပန္နတာ) အစ ရှိသော သံဃာ့ဂုဏ်ကို ဆင်ခြင်ပီး သံဃာကိုပင့်ရပါမယ်။

ထူးထူးထွေထွေ မရရင်လဲ—

မြတ်စွာဘုရား၏ သားတော်မြတ်ဖြစ်သော ရှစ်ယောက်သော အရိယာသံဃာတော်သည် မဂ်ဖိုလ်နိဗ္ဗာန်ရောက်ရန် ကောင်းစွာ ကျင့်တော်မူပါပေတယ်၊ ဒီရှစ်ယောက်သော အရိယာသံဃာတော်သည် ကြွမြန်းတော်မူလာပြီး တပည့်တော် တပည့်တော်မတို့၏ သန့်သန့်ပြန့်ပြန့် ခင်းထားတဲ့နေရာ၌ အလှူခံကာ တည်နေတော်မူပါဘုရား။

အဲဒီလို စိတ်အာရုံဖြင့် အရိယာသံဃာကိုပင့်ပီး အခုရှိတဲ့သမ္မုတိ သံဃာတော်မြတ်တို့အား အဆင်သင့်ပြင်ဆင်ထားတဲ့ လှူစရာဝတ္ထုတို့ကို အရိယာသံဃာအမှတ် သံဃာ့ဂုဏ်ကိုဆင်ခြင်၍ အာရုံပြုလှူဒါန်း ပူဇော်ပါ။

မဂ်ဖိုလ်နိဗ္ဗာန်ကို လိုလားတောင့်တသော တပည့်တော် တပည့် တော်မတို့သည် ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာ ဘုရား၏ ရွှေရင်တော်နှစ် သားတော်စစ်ဖြစ်သော အရိယာအမှတ် အာရုံကပ်ပြီး သမ္မုတိသံဃာတော်မြတ်ကို ဆွမ်း သင်္ကန်း ကျောင်း ဆေးဆိုတဲ့ လှူစရာဝတ္ထု အစုစုတို့ကို ရိုရိုသေသေ စေတနာသဒ္ဓါတရား ဖြင့် လှူဒါန်းပူဇော်ပါ၏အရှင်ဘုရား၊ အဲဒီလို အရိယာသံဃာ့ဂုဏ်ကို ဆင်ခြင်နှလုံးသွင်း လှူဒါန်းဆက်ကပ်ပူဇော်နိုင်ပါက သမ္မုတိသံဃာပင် ဖြစ်လင့်ကစား အကျိုးတူမျှပါတယ်။

သုပ္ပဋိပန္နတာစတဲ့ ဂုဏ်တော်ကိုးပါးကို ဆင်ခြင်လှူဒါန်းနိုင်ရင်လဲ တပါးပဲလှူလှူ အများပဲလှူလှူ သံဃာကိုလှူဒါန်းပူဇော်တယ်လို့ ခေါ်ဆို နိုင်ပါတယ်တဲ့ တရားနာပရိသတ် သေသေချာချာမှတ်၊ ဒါကြောင့်

ဘုရားစတဲ့ ရတနာသုံးပါးတို့အား စေတနာသဒ္ဓါပြဋ္ဌာန်းပြီး ရိုရိုသေသေလှူဒါန်းပူဇော်တဲ့ သူများ အမျိုးသား အမျိုးသမီးများဟာ မရေတွက်နိုင်တဲ့ အကျိုးတရားတွေကို ရရှိခံစားရတယ်လို့ ဘုရားဟောတော်မူတာကို နှလုံးသွင်းပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြစေလိုပါတယ်။

ဘုရားစတဲ့ရတနာသုံးပါးအား ပူဇော်ရကျိုးများ

ဘုရားစတဲ့ ရတနာသုံးပါးတို့အား ပူဇော်တာဟာ နှစ်မျိုးရှိပါတယ်၊ နှစ်မျိုးဆိုတာက-

အာမိသပူဇာ, ဓမ္မပူဇာဟူ၍ နှစ်မျိုးဖြစ်ပါတယ်၊

အာမိသပူဇာဆိုတာ ပေးကမ်းလှူဒါန်းစွန့်ကြဲခြင်း ရိုသေခြင်း အလေးအမြတ်ပြုခြင်း မြတ်နိုးခြင်း ပန်းဆီမီး တံခွန်စသဖြင့် ချီးမြှောက်တာကို ခေါ်ပါတယ်။

ဓမ္မပူဇာဆိုတာ သရဏဂုံဆောက်တည်ခြင်း စာပေကျမ်းဂန်သင်အံပို့ချခြင်း နာခံမှတ်သားခြင်း ရွတ်ဖတ်သရဇ္ဈာယ်ခြင်းစသည်ကို ပြုလုပ်တာဟာ ဓမ္မပူဇာပဲဖြစ်ပါတယ်။

အဲဒီ ဘုရားစတဲ့ ရတနာသုံးပါးတို့အား ပူဇော်ရတဲ့သူများဟာ လူ, နတ်, နိဗ္ဗာန် သုံးတန်သောအကျိုးကို ပေးပါတယ်လို့ ဘုရားရှင်ဟောတော်မူပါတယ်။ ဒါကြောင့်—

ရူဋ္ဌပါဠိတော်မှာ—

သတံဟတ္ထိ သတံအဿာ၊ သတံအဿတရီရထာ၊
သတံကညာ သဟဿာနိ၊ အာမုတ္တမဏိကုဏ္ဍလာ၊
ဧကဿပဒ ဝီတိဟာရဿ၊ ကလံနာဂ္ဃန္တိ သောဠသိံ၊

သတံဟတ္ထိသဟဿာနိ၊ ဆင်တသိန်းတို့သည်၎င်း။ သတံအဿသဟဿာနိ၊ မြင်းတသိန်းတို့သည်၎င်း။ သတံအဿတရီရထာ သဟဿာနိ၊ အဿတရီမြင်းကသော ရထားတသိန်းတို့သည်၎င်း။ အာမုတ္တမဏိကုဏ္ဍလာ-အာမုတ္တမဏိကုဏ္ဍလာနိ၊ ပတ္တမြားနားတောင်း ဝတ်ဆင်ကုန်သော။ သတံကညာသဟဿာနိ၊သတို့သမီးတသိန်းတို့ကို၎င်း။

ယောလာသော၊ အကြင်ရခြင်းသည်။ အတ္ထိ၊ ရှိ၏။ သောလာဘော၊ ထိုရခြင်းသည်။ ဧကေသ ပဒဝီထိဟာရသာ၊ ဘုရားစတဲ့ရတနာသုံးပါး အား ပူဇော်ရန် သွားသောသူ သရဏဂုံသီလဆောက်တည်ရန် သွား သောသူ တရားနာရန်သွားသောသူ၏ ခြေတလှမ်းအတွင်း၌ဖြစ်သော ကုသိုလ်စေတနာ၏။ ဝါ- ကုသိုလ်စေတနာကို။ သောဠသိံ ကလံ၊ တဆယ့်ခြောက်စိတ် ဝါ-နှစ်ရာ့ငါးဆယ်ခြောက်စိတ် စိတ်၍ တစိတ် သောအဖိုးကိုမျှ။ နဂ္ဃန္တိ၊ အဖိုးမထိုက် မလိုက် မမှီနိုင်ချေ။ (နဂ္ဃန္တိ န အဂ္ဃန္တိ န အရဟန္တိ၊ အဖိုးမထိုက်ကုန်)

အဓိပ္ပါယ်က လွယ်ပါတယ်၊ ကကြိုးတန်ဆာတွေ ဆင်မြန်းထားတဲ့ ဆင်တသိန်း မြင်းတသိန်း အသာတိုရ်ရမြင်း က,တဲ့ ရထားတသိန်း ပတ္တမြားနားဒောင်းတွေ ဝတ်ဆင်ထားကြတဲ့ အမျိုးသမီးတသိန်း အဲဒီ လေးသိန်းရဲ့တန်ဖိုးနဲ့ ဘုရားစတဲ့ ရတနာသုံးပါးကို ပူဇော်ရန်သွားတဲ့ သူတွေရဲ့ ခြေတလှမ်းအတွင်းမှာဖြစ်တဲ့ ကုသိုလ်စေတနာကို တဆယ့် ခြောက်စိတ် ဝါ- နှစ်ရာ့ငါးဆယ့်ခြောက်စိတ် စိတ်၍ တစိတ်ကိုပင် ဟိုလေးသိန်းရဲ့တန်ဖိုးက အဖိုးမတန် မမှီနိုင်သေးပါဘူးလို့ဟောတော် မူပါတယ်။

အပဒါန်ပါဠိတော်မှာလဲ အကြင်သူများဟာ ယုံကြည်တဲ့သဒ္ဓါ စိတ်နဲ့ ကြည်ဖြူရွှင်လန်း လှူဒါန်းပူဇော်ကြကုန်၏၊ ထိုသူများဟာ ဖြစ်တိုင်းဖြစ်တိုင်းသောဘဝတွေမှာ လူ့ဘုံနတ်ဘုံများမှာ လူ့စည်းစိမ် လူ့ချမ်းသာ နတ်စည်းစိမ် နတ်ချမ်းသာတို့ကို ဘယ်လောက် ခံစားရ တယ်လို့ ဂဏန်းချ၍ မပြနိုင်လောက်အောင် ခံစားကြရပါတယ်။

အဲဒီလို လူ့စည်းစိမ် နတ်စည်းစိမ်တွေကို အလိုရှိသလောက် သုံး ဆောင်ခံစားပြီးတဲ့နောက် လောကီစည်းစိမ် ချမ်းသာတို့ထက် လွန်ကဲ မြင့်မြတ်တဲ့ ဆင်းရဲအပေါင်းတို့ရဲ့ ကုန်ငြိမ်းရာအမှန်ဖြစ်တဲ့ နိဗ္ဗာန် ရွှေပြည်မြတ်သို့ လျင်လျင်မြန်မြန် ရောက်ကြရပါတယ်လို့ ဟောတော် မူပါတယ်၊ ဒီပါဠိတော်မှာပဲ-

အကြင်သူဟာ လေးကျွန်းလုံးကိုအစိုးရတဲ့ စကြာမင်းအဖြစ်ကိုရ၏ စကြာမင်းအဖြစ်ကို ရတဲ့သူဟာလဲ ဘုရားစတဲ့ ရတနာသုံးပါးအား စေတနာသဒ္ဓါထက်သန်စွာနဲ့ တကြိမ်တခါပူဇော်သောသူရဲ့ ကုသိုလ်ကောင်းမှုကို တဆယ့်ခြောက်စိတ်စိတ် တစိတ်ကိုတောင် မမှီနိုင် မှရေတွက်နိုင်အောင် အကျိုးကြီးမြတ်တယ်လို့ ဟောတော်မူပါတယ်၊ အဲဒီလို မကြံစီအပ် မကြံစီနိုင်တဲ့ မြတ်သောဂုဏ်တော် ကျေးဇူးတော်တွေရှိကြတဲ့ ဘုရားစတဲ့ ရတနာသုံးပါးအား ပူဇော်ကိုးကွယ် ရိုသေညွတ်တွား လေးစား အရေးထားတဲ့ ကြည်ညိုတဲ့သူတို့အား အပြန်အားဖြင့် မကြံစည်အပ် မကြံစည်နိုင်တဲ့ အကျိုးကိုပဲ ပေးမယ်လို့ ဟောတော်မူပါတယ်။

အပဒါန်ပါဠိတော်မှာပဲ–

အကြင်သူဟာ သက်တော်ထင်ရှား မြတ်စွာဘုရားကိုပဲဖြစ်ဖြစ် ဂင်္ဂါဝါဠုသဲစုမကာ ပရိနိဗ္ဗာန်ပြုသွားကြတဲ့ မြတ်စွာဘုရားရှင်ရဲ့ မုံညင်းစေ့ခန့်မျှလောက်သော ဓါတ်တော်ကိုလဲ လောကအားလုံး အမြတ်ဆုံး ပူဇော်ရာလို့ပဲဖြစ်ဖြစ် အဲဒီ သူနှစ်ယောက်ဟာ ကြည်ညိုတဲ့စိတ်မျှနေရင် ကြီးကျယ်မျှားမြတ်သော ကောင်းမှုဟာလဲ တူမျှတယ်–အတူတူပါပဲ၊ ဒါကြောင့်–ဂင်္ဂါဝါဠုသဲစုမကာ ပွင့်တော်မူပြီး ထိုဘုရားရှင်ကိုယ်တော်မြတ်တွေရဲ့ ဓါတ်တော်တို့ကို စေတီပြုလုပ်ထည့်သွင်းတည်ထား ကိုးကွယ်ပီး ပူဇော်ရမယ် ရိုသေမြတ်နိုးလက်အုပ်မိုး၍ ရှိခိုးရမယ်လို့ ဟောတော်မူပါတယ်။

ဝိမာနဝတ္ထုပါဠိတော်မှာလဲ–

သက်တော်ထင်ရှား မြတ်စွာဘုရားကိုပဲဖြစ်ဖြစ် ပရိနိဗ္ဗာန်စံဝင်သွားတဲ့ ဘုရားကိုပဲဖြစ်ဖြစ် စေတနာသဒ္ဓါ တူမျှနေရင် အကျိုးပေးလဲ တူမျှတယ်–အတူတူပဲ မှန်ပါတယ်တဲ့၊ စိတ်ကို ကောင်းစွာဆောက်တည်လို့ ကြည်ညိုသဒ္ဓါရှိလို့ရှိရင် လူနတ်ပြဟ္မာ သတ္တဝါတွေဟာ ကောင်းမှု

ပြုလုပ်တဲ့သူတွေ သွားလာရာဖြစ်တဲ့ လူ့ပြည်နတ်ရွာကို ရောက်မယ်လို့ ဟောတော်မူပါသေးတယ်။

ဘုရားကိုပူဇော်ခြင်းဟာ ကြီးမြတ်တဲ့တန်ခိုးနဲ့ပြည့်စုံရတယ်၊ တရားကိုပူဇော်ခြင်းဟာ ကြီးမြတ်တဲ့ပညာနဲ့ ပြည့်စုံရတယ်၊ သံဃာကိုပူဇော်ခြင်းဟာလဲ ကြီးမြတ်တဲ့ စည်းစိမ်ချမ်းသာနဲ့ ပြည့်စုံရတယ်လို့ ဟောတော်မူပါတယ်။

ဓမ္မပဒအဋ္ဌကထာ ပကိဏ္ဏကဝဂ်– အတ္တနောပုဗ္ဗကမ္မဝတ္ထုမှာလည်း ဒို့ဘုရားအလောင်းတော်ဟာ တက္ကသိုလ်ပြည် သင်္ခပါလပုဏ္ဏားဖြစ်စဉ်တုန်းက သုသိမပစ္စေကဗုဒ္ဓါရဲ့ စေတီတော်မြတ်ကို စေတနာသန့်သန့်နဲ့ မြက်ရှင်းပေးတယ်။

သဲဖြူခင်းပေးတယ်၊ ပန်းပူဇော်တယ်၊ တံခွန်ကုက္ကား ကျက်လျှာများနဲ့ ပူဇော်ခဲ့ဘူးတဲ့ မပြောပလောက်တဲ့ကုသိုလ်ကြောင့် ကြီးကျယ်သောအကျိုးကို ရတယ်။

ဒါကြောင့်–ဘုရားက ချမ်းသာလေးကိုစွန့်လိုက်လို့ ချမ်းသာကြီးကို ရမယ်ဆိုရင် ချမ်းသာလေးကို စွန့်လွှတ်လိုက်ရမယ်လို့ ဟောတော်မူပါတယ်၊ (ထောင်မြင် ရာစွန့်ဆိုတဲ့သဘောပေါ့)

ဒီအဋ္ဌကထာမှာပဲ ပတိပူဇိကာဆိုတဲ့အမျိုးသမီးလေးဟာ စေဘနာသဒ္ဓါ ထက်ထက်သန်သန်နဲ့ ဘုရားအမှူးရှိတဲ့ သံဃာတော်များအား ဆွမ်းချက်ကပ်တယ်၊ ဝါဆိုသင်္ကန်းကပ်တယ်၊ နေမကောင်းပဲနဲ့ ဆွမ်းစားစရပ်သုတ်သင်ရှင်းလင်းရအောင် အသွားတွင် ခြေတလှမ်းတလှမ်း ဖဝါးချတိုင်းချတိုင်း (ငါးဆယ့်ခြောက်ပါးသော ကုသိုလ်တရား) ကို ရတယ်လို့ ဖွင့်ပြပါတယ်၊ ငါးဆယ့်ခြောက်ပါးဆိုတာက ကုသိုလ်ဇော ခုနစ်ကြိမ်ကိုတည်ပြီး မဟာကုသိုလ်ဇော ရှစ်ခုနဲ့မြှောက်ပါ ငါးဆယ့်ခြောက်ပါးရပါတယ် တရားနာပရိသတ်တွေလဲ ဘုရားစတဲ့ရတနာသုံးပါးကို စေတနာကောင်းကောင်းနဲ့ လှူဒါန်းပူဇော်ကြပါလို့ တိုက်တွန်း

လိုက်ပါတယ်၊ ဘုရားစတဲ့ရတနာသုံးပါး ပူဇော်ရတဲ့အကျိုး ပြီးစေပေါ့နော်။

ဘုရားပူဇော်တာထားအုန်း ဘုရား-ဘုရား-ဘုရား-လို့ တ,ရုံလေးသည်ပင် ဇမ္ဗူဒိတ်တကျွန်းလုံးကို အစိုးရတာထက် မြတ်တယ်လို့ သုတ္တန္တပိဋကတ် သီလက္ခန်အဋ္ဌကထာ မိန့်ဆိုထားပါတယ်။

ဒါကြောင့်-ဟတ်ချိုးဘုရားလို့ တ,ကြ၊ ဟတ်ချိုးလို့တင် မထားနဲ့ ဘုရားထိအောင်ဆက်သဖြင့် အဲဒီအကျိုးကို ရပါတယ်တဲ့။

## ကျင့်ရင်ရနိုင်တယ်

ဘုရားစတဲ့ ရတနာသုံးပါးတို့အား ကြည်ညိုမှုရှိမယ်၊ ကံကံ၏ အကျိုးကိုလဲ ယုံကြည်မှုရှိမယ်သာဆိုရင် ကျွတ်ထိုက်တဲ့ပုဂ္ဂိုလ်လို့ ဆိုရပါမယ်တဲ့။

မြတ်စွာဘုရားက သုဘဒ္ဒပရိဗိုဇ်ရဟန်းကို ရဟန်းတို့ဟာ မိမိတို့ပြုလုပ်အားထုတ်ရမဲ့ ကိစ္စဖြစ်တဲ့ သီလ သမာဓိ ပညာ သိက္ခာသုံးပါး အားထုတ်နေလို့ရှိရင် လောကမှာ ရဟန္တာမဆိတ်ဘူးလို့ မိန့်တော်မူပါတယ်။

မဟာသတိပဋ္ဌာနသုတ်မှာ လာတဲ့အတိုင်း ကောင်းမွန်စွာကျင့်နေကြရင် ငါဘုရားသာသနာတော်၌ မကြာမြင့်မီ အရဟတ္တဖိုလ်ကို ရောက်နိုင်တယ်လို့ ဟောတော်မူပါတယ်၊ ဘာပြုလို့လဲဆိုတော့-

ဘိက္ခုနီခန္ဓကအဋ္ဌကထာ၌-

ပဋိသမ္ဘိဒါပတ္တရဟန္တာခေတ် တထောင်၊
သုက္ခဝိပဿက ရဟန္တာခေတ် တထောင်၊
အနာဂါမ်ခေတ် တထောင်၊
သကဒါဂါမ်ခေတ် တထောင်၊
သောတာပန်ခေတ် တထောင်ဟူ၍ သာသနာခေတ် အနှစ်
ငါးထောင်။

သုတ်ပါထေယျ၊ အင်္ဂုတ္တရ အဋ္ဌကထာနှစ်ကျမ်းမှာ–

ပဋိသမ္ဘိဒါ ပတ္တရဟန္တာခေတ် တထောင်၊

ဆဠဘိညရဟန္တာခေတ် တထောင်၊

တေဝိဇ္ဇရဟန္တာခေတ် တထောင်၊

သုက္ခဝိပဿက ရဟန္တာခေတ် တထောင်၊

ပါတိမောက္ခသံဝရခေတ် တထောင်၊ ပေါင်း သာသနာခေတ် အနှစ်ငါးထောင်။

သံယုတ်အဋ္ဌကထာမှာ–

ပဌမဗောဓိ ပဋိသမ္ဘိဒါပတ္တရဟန္တာခေတ် တထောင်၊

ဆဠဘိညရဟန္တာခေတ် တထောင်၊

တေဝိဇ္ဇရဟန္တာခေတ် တထောင်၊

အာသဝက္ခယပတ္တရဟန္တာခေတ် တထောင်၊

အနာဂါမ်၊ သကဒါဂါမ်၊ သောတာပန်၊ ပုထုဇဉ်ခေတ် တထောင်၊ ပေါင်းလိုက်တော့ သာသနာခေတ် အနှစ်ငါးထောင်စီ ရှိပါတယ်၊ အဲဒီ သာသနာခေတ် အနှစ်ငါးထောင်ရှိတဲ့အနက် တတိယအစု၊ စတုတ္ထ အစုမှာ ရဟန္တာခေတ်ရှိသေးလို့ တကြောင်း, ပဉ္စမအစု၌ အနာဂါမ် သကဒါဂါမ် သောတာပန်ခေတ် ရှိသေးလို့တကြောင်း။

ဒါကြောင့်–အခုဘဝ မဂ်ဖိုလ်နိဗ္ဗာန်လျင်မြန်စွာ ရကြရ ရောက်ကြရအောင် မနက် သန်ဘက် ဖိန်းနွဲ့ ရွှေးမနေကြပါနဲ့ မြန်မြန်ချက်ခြင်း သာ လူကြ သမထဘာဝနာ ဝိပဿနာဘာဝနာ ကျင့်ကြံကျိုးကုတ် အားထုတ်ကြပါလို့ တိုက်တွန်း ဟောကြားလိုက်ရပါတယ်။

ရွှေငွေဥစ္စာ လယ်ယာကိုင်းကျွန်း သားသမီးဆိုတဲ့ ပဋိသန္ဓေ နေရခြင်းစတဲ့ ပုထုဇဉ်တွေရှာမှီးခြင်းမျိုး မရှာမှီးကြဘဲ ပဋိသန္ဓေနေ

မနေရမဲ့၊ မအိုရမဲ့၊ မနာရမဲ့၊ မသေရမဲ့၊ မပူပန်ရမဲ့၊ အေးငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ဆိုတဲ့ အရိယာသူတော်ကောင်းတွေရဲ့ ရှာမှီးတာမျိုးကိုသာ ရှာမှီးကြပါလို့ ထပ်မံသတိပေးလိုက်ပါတယ်၊ ဝိသာဒိဇာတ်ပါဠိ၌ တမလွန်ဘဝသွားကြတဲ့ သတ္တဝါတွေမှာ မိမိပြုတဲ့ကောင်းမှုကိုထား၍ အခြားတည်ရာ မှီရာ မရှိပါဘူးလို့ ဟောတော်မူပါတယ်။

## မရှိတောင့်တ ရှိကြောင့်ကြ

ပစ္စည်းဥစ္စာ ရတနာရွှေငွေ များများရှိတဲ့သူတွေက များများ ကြောင့်ကြရပြီး နည်းနည်းရှိတဲ့သူတွေက နည်းနည်းပဲကြောင့်ကြရ ပါတယ်၊ ဒီလိုပါပဲ ပစ္စည်းဥစ္စာ ရတနာရွှေငွေ များများရှိတဲ့သူတွေက များများတောင့်တရပြီး များများမရှိ နည်းနည်းရှိသူတွေက နည်း နည်းပဲ တောင့်တရပါတယ်၊ သတိထားခဲ့ကြ၊ စားနိုင် သောက်နိုင် ဝတ်နိုင်တဲ့အရွယ်ကစပြီး စားသောက် ဝတ်ဆင်လာခဲ့ကြရာမှာ ယခု အထိ အားမရနိုင်ကြ၊ တင်းတိမ်မှုမရှိကြ၊ မဝနိုင်ကြသေးပဲ ရှာတုန်း ဖွေတုန်း၊ ရှာဆဲဖွေဆဲ၊ စားဝတ်နေရေးတွေကလည်း ပြည့်စုံနိုင်တယ် မရှိ ဒီကြားထဲ လူမှုရေးကတဖက် ပိုတယ်မရှိ လိုနေတယ်လို့သာရှိ၊ သူတို့မှာ ဘာတခုမှ ပြီးပြည့်စုံတယ်လို့ မကြားမိ၊ အပြီးမသတ် လက်စ မသိမ်း ဒီနေ့အထိပဲဆိုပါတော့ ပျော်တုန်းပါးတုန်း မော်တုန်းကြွား တုန်း ထိတ်လန့်ခြင်း မရှိကြသေးဘဲ ခြေရုံလင်မယား သားသမီးများ နှင့် ချစ်ကြ ခင်ကြ မင်ကြ၊ အဲဒီ အသက်မွေးဝမ်းကျောင်းမှုမျိုးနှင့် မရောယှက်ဘဲ ခြေလက်ကျိုးရ မျက်စိကန်းရ ကိုယ်အင်္ဂါတခုခုချို့တဲ့ရ ဓါးဒုတ် အရိုက်အခုတ်ခံရ အမြင့်မှလိမ့်ကျရဆိုတဲ့ အတိတ်ကကြွေးတွေ အခုလာဆပ်ပေးရတယ်၊ အတိတ်သံသရာကယူထားတဲ့ ကြွေးတွေမှ ဆပ်မကြေသေးဘူး ယောကျ်ား, မိန်းမ အိမ်ထောင်ပြုခြင်းအမှုဖြင့် ကြွေးသစ်ထပ်မံ ယူပြန်ပါပကော၊ အဲဒီကြွေးအသစ်ဆိုတာ ကာယ ဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက်မှုတို့ဖြင့် အသက်မွေးဝမ်းကျောင်းပြု

နေကြတာကို ခေါ်ပါတယ်၊ ဒါကြောင့် ကြွေးသစ်လဲ မယူချင်ကြပါနဲ့တော့ နိဗ္ဗာန်ဆိုတဲ့ အေးရာရောက်အောင် ကျင့်ကြံကျိုးကုတ်အားထုတ်ကြပါစို့လို့ တိုက်တွန်းဟောကြားရင်း ကျင့်နိုင်ရင်ရတယ်ဆိုတဲ့ ပြောကွက် ဒီနေရာမှာ ပီးစေပေါ့နော်။

မမေ့ကြပါနဲ့-

အပ္ပမာဒေါ စ မေ့သု

မမေ့ကြပါနဲ့ဆိုတဲ့ စကားက သတိပေးတဲ့စကားပဲ ဖြစ်ပါတယ်၊ ဘာကိုမေ့မှာစိုးလို့ သတိပေးတာလဲဆိုတော့- ဒါန သီလ ဘာဝနာတည်းဟူသော ကုသိုလ်တရားတွေကို မေ့နေမှာစိုးလို့ပါပဲ။

ကောင်းတဲ့အလုပ်ပဲဖြစ်ဖြစ် မကောင်းတဲ့အလုပ်ပဲဖြစ်ဖြစ် မိမိတို့လုပ်ကိုင်နေကြတဲ့ အလုပ်တွေအပေါ်မှာ အမြဲတစေစွဲမြဲပြီး အမှတ်ရနေခြင်းကို သတိလို့ဆိုပါတယ်။

ဒီနေရာမှာ မကောင်းတဲ့အလုပ်မျိုး အပေါ်မှာ အမှတ်ရနေတဲ့ သတိကို မယူရပါဘူး၊ ကောင်းတဲ့အလုပ်မျိုး အပေါ်မှာ အမှတ်ရနေတဲ့ သတိကိုသာယူရမှာပဲဖြစ်ပါတယ်၊ ဒါကြောင့် မြတ်စွာဘုရားက 'အပ္ပမာဒေါစ မေ့သု' လို့ ဟောတော်မူပါတယ်။

သတိတရားဆိုတာ ရပ်တဲ့အခါ သွားတဲ့အခါ ထိုင်တဲ့အခါ လျောင်းတဲ့အခါဆိုတဲ့ဣရိယာပုထ်လေးပါးစလုံး အမြဲမပြတ် သတိရနေရမယ်လို့ 'တိဋ္ဌံ စရံ နိသိန္နောဝါ သယာနော'ဟု ဟောတော်မူပါတယ်။

နောက်တခုက သံသရာမှထွက်မြောက်ရာဖြစ်တဲ့ ဒါနပြုလုပ်လှူဒါန်းတဲ့အခါ သီလဆောက်တည်တဲ့အခါ သမထဘာဝနာတရား ပွားများအားထုတ်တဲ့အခါ မဂ်ဖိုလ်နိဗ္ဗာန်ရောက်အောင် ရုပ်တရား နာမ်တရားတွေရဲ့ အဖြစ်အပျက်ကို ဝိပဿနာဘာဝနာ ပွားများအားထုတ် ကျင့်

ကြံကျိုးကုတ်တဲ့အခါ သတိတရားကို လက်ကိုင်ထားပြီး ပြုလုပ်အားထုတ်သွားမှ မဂ်ဖိုလ်နိဗ္ဗာန် ရောက်နိုင်ပါတယ်။

နန္ဒောပနန္ဒနဂါးမင်းကို ချတ်ရာမှာလဲ တန်ခိုးအရာ ဧတဒဂ်ရတော်မူတဲ့ လက်ဝဲတော်ရံ ရှင်မဟာမောဂ္ဂလာန်ကိုပင် မြတ်စွာဘုရားသခင်က 'ချစ်သားမောဂ္ဂလာန် နန္ဒောပနန္ဒနဂါးမင်းဟာ အင်မတန် တန်ခိုးကြီးတယ်နော် စတုတ္ထဈာန်ကို ကြပ်ကြပ်ဝင်စား နှလုံးသွင်းလော့'ဟု သတိပေးစကား မိန့်ကြားတော်မူရပါသေးတယ်။

နောက်တခု အပ္ပမာဒဆိုတဲ့ သတိတရား ဘယ်လောက်အထိအရေးကြီးတယ်ဆိုတာ မြတ်စွာဘုရားကိုယ်တော်တိုင် သုတ်မဟာဝါ ပါဠိတော် မဟာသတိပဋ္ဌာနသုတ်တော်ကို ထုတ်ဖော် ဟောကြားတော်မူပါသေးတယ်၊ မဟာသတိပဋ္ဌာန် တရားတော်ဆိုတာက အကျဉ်းအားဖြင့် ၄-ပါး ရှိတယ်လို့ မှတ်ထားကြပါ။

၁။ ကာယာနုပဿနာ သတိပဋ္ဌာန်၊

၂။ ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊

၃။ စိတ္တာနုပဿနာ သတိပဋ္ဌာန်၊

၄။ ဓမ္မာနုပဿနာ သတိပဋ္ဌာန်လို့ လေးပါးရှိပါတယ်။

ကာယာနုပဿနာ သတိပဋ္ဌာန်ဆိုတာ — ရုပ်၊ အဖန်တလဲလဲ ဖြစ်ခြင်း ပျက်ခြင်းကို အမြဲသိရှိနေအောင် သတိရနေခြင်းကို ခေါ်ပါတယ်။

ဝေဒနာနုပဿနာ သတိပဋ္ဌာန်ဆိုတာ-ဝေဒနာဖြစ်ခြင်းပျက်ခြင်းကို အမြဲသိနေအောင် သတိရနေခြင်းကို ခေါ်ပါတယ်။

စိတ္တာနုပဿနာ သတိပဋ္ဌာန်ဆိုတာ- စိတ် အဖန်တလဲလဲဖြစ်ခြင်း ပျက်ခြင်းကို အမြဲသိခံနေအောင် သတိရနေခြင်းကို ခေါ်ပါတယ်။

ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဆိုတာ-ရုပ်၊နာမ် အဖန်တလဲလဲဖြစ်ခြင်း ပျက်ခြင်းကို အမြဲသိနေအောင် သတိရနေခြင်းကို ခေါ်ပါတယ်။

## အပ္ပမာဒ ဝိဟာရီ ရဟန်း

မြတ်စွာဘုရားသခင်ဟာ မရဏာနုဿတိ ကမ္မဋ္ဌာန်းကို ပွားများအားထုတ်ကြတဲ့ ရဟန်းရှစ်ပါးကိုခေါ်၍ မေးတော်မူတဲ့အခါ ပထမရဟန်းက တပည့်တော်ဟာ တညဥ့်နှင့် တနေ့အတွင်း ငါသေရတော့မယ်လို့ နှလုံးသွင်းကြောင်း လျှောက်ထားပါတယ်၊ ဒုတိယရဟန်းက တပည့်တော်ဟာ နေထွက်ကနေဝင်အတွင်း နေဝင်ကနေထွက်အတွင်း ငါသေရတော့မယ်၊ တတိယရဟန်းက တပည့်တော်ဟာ နေထွက်ကမွန်းတည့်အတွင်း မွန်းတည့်က နေဝင်အတွင်း နေဝင်က သန်းခေါင်အတွင်း ငါသေရတော့မယ်၊ စတုတ္ထရဟန်းက တပည့်တော်ဟာ ဆွမ်းတကြိမ်စားနေတဲ့ အခါအတွင်း ငါသေရတော့မယ်၊ ပဉ္စမရဟန်းက တပည့်တော်ဟာ ဆွမ်းတကြိမ်စားနေရတဲ့ ထက်ဝက်အတွင်း ငါသေရတော့မယ်၊ ဆဋ္ဌမရဟန်းက တပည့်တော်ဟာ ဆွမ်းလေးငါးလုပ်စားအခါအတွင်း ငါသေရတော့မယ်၊ သတ္တမရဟန်းက တပည့်တော်ဟာ ဆွမ်းတလုတ်စား အခါအတွင်း ငါသေရတော့မယ်၊ အဋ္ဌမရဟန်းက တပည့်တော်ကတော့ ထွက်သက်ဝင်သက်အတွင်း ငါသေရတော့မယ်လို့ နှလုံးသွင်းကြောင်း အသီးသီးလျှောက်ထားကြပါတယ်၊ ရဟန်းများ လျှောက်ထားဖြေကြားချက်တွေကို မြတ်စွာဘုရားသခင်က ရှေ့ရဟန်းခုနစ်ပါးတို့ဟာ သေရမဲ့ဘေး မကြောက်လို့ သီလ သမထ ဝိပဿနာ၌ မေ့လျော့ကြတဲ့ ပမာဒဝိဟာရီရဟန်းတွေလို့ မိန့်တော်မူပြီး အဋ္ဌမရဟန်းကျတော့ သေမဲ့ဘေးကြောက်တဲ့အတွက် သီလ သမထ ဝိပဿနာ၌ မမေ့မလျော့ သတိတရားမြဲတဲ့ အပ္ပမာဒဝိဟာရီ ရဟန်းဖြစ်တယ်လို့ ချီးကျူးသာဓုခေါ်ပါတယ်။

ဗောဓိပက္ခိယ သုံးဆယ့်ခုနစ်ပါးတို့မှာလည်း—

သတိစေတသိက်သည် သတိပဋ္ဌာန်လေးပါး၊ သတိန္ဒြေ၊ သတိဗိုလ်၊ သတိသမ္ဗောဇ္ဈင်၊သမ္မာ သတိမဂ္ဂင်အားဖြင့် ရှစ်ဌာနတပ်ထားပါတယ်။

ချစ်သား, ချစ်သမီးတို့ ကုသိုလ်တရား မမေ့အပ်တဲ့ သတိတရားဖြင့် သီလ, သမာဓိ, ပညာကို ပြည့်စုံအောင် အားထုတ်ကြ၊ လောက၌ ဘုရားအဖြစ်ကိုလဲ အင်မတန် ရခဲတယ်၊ လူ့ရဲ့အဖြစ်ကိုလဲ အင်မတန် ရခဲတယ်၊ သဒ္ဓါတရားနဲ့ ပြည့်စုံသော သူ့ရဲ့အဖြစ်ကိုလဲ အင်မတန် ရခဲ တယ်၊ ရဟန်းအဖြစ်ကိုလဲ အင်မတန်ရခဲတယ်၊ သူတော်ကောင်းတရား တော်ကို ကြားနာရသော သူ့ရဲ့အဖြစ်ကိုလဲ အလွန်တရာမှ ရခဲတယ်လို့ မြတ်စွာဘုရား မှာကြားတော် မူပါတယ်၊ 'အပ္ပမာဒေနဘိက္ခဝေ သမ္ပာဒေထ။'

သုတ်မဟာဝါပါဠိတော်မှာလည်း လေးဆယ့်ငါးဝါတိုင်တိုင်ဟော ကြားတော်မူတဲ့ တရားအပေါင်းတို့တွင် လိုရင်းအကျဉ်းချုပ် နိဂုံးချုပ် စကားတော် မှာကြားတော်မူခဲ့ရာမှာလည်း ဘုံသုံးပါး၌ ရုပ်နာမ် နှစ်ပါးတို့ဟာ အဖန်တလဲလဲ ပျက်စီးနေသောကြောင့် အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောရှိကုန်၏၊ သင်ချစ်သား ချစ်သမီးတို့ဟာ ရုပ်နာမ်နှစ်ပါးတို့ရဲ့ ပျက်စီးခြင်းကင်းငြိမ်းရာ မဟာအသင်္ခတဓါတ် သန္တိသုခ ဝိမုတ္တိရသရှိတဲ့ နိဗ္ဗာန်ရွှေပြည်ချမ်းသာမြတ်ကြီးကို မကြာ လျင်စွာ ရောက်ကြရအောင် သီလ သမာဓိ ဝိပဿနာ ပညာတို့ကို မမေ့ မလျော့ မပေါ့မဆသော သတိတရားဖြင့် နေ့ရောညပါ အခါမစဲ အမြဲမကွာပြည့်စုံစေကြပါကုန်လောဟုသတိပေးကာရှင်တော်ဘုရားက နောက်ဆုံးစကားအနေနှင့် ဟောထားတော်မူခဲ့ပါသေးတယ်။

ဓမ္မပဒပါဠိတော် အပ္ပမာဒဝဂ် သာမာဝတီဝတ္ထုမှာ အပ္ပမာဒေါ အမတံ ပဒံ ပမာဒေါ မစ္စုနောပဒံ စသဖြင့် ဟောထားပြန်ပါ သေးတယ်။

အဓိပ္ပါယ်က–

မေ့လျော့ခြင်းတရားဆိုတာ ဘဝမဆုံးဘဲ ပဋိသန္ဓေနေရခြင်းရဲ့ အကြောင်းဖြစ်၍ မေ့လျော့သောသူသည်သာလျှင် စုတိစိတ်ကျသည် ဖြစ်စေ မကျသည်ဖြစ်စေ သေတဲ့သူလို့ဆိုရပါမယ်။

မမေ့မလျော့ မပေါ့မဆသောတရားသည် နိဗ္ဗာန်ကို ရ, ရခြင်း၏ အကြောင်းဖြစ်၍ ပိုင်းခြားအပ်သောဘဝ မရှိကုန်သော မမေ့လျော့ ကုန်သောသူတို့သည် စုတိစိတ်ကျခနပေမဲ့ သေတယ်လို့ မဆိုနိုင်ပါလို့ ဟောတော်မူပါတယ်။

မေတ္တသုတ်ပါဠိတော်မှာ မြတ်စွာဘုရားရှင်က–

'တိဋ္ဌံ၊ စရံ၊ နိသိန္နောဝါ၊ သယာနော' စသည်ဖြင့် ရပ်ခြင်း, သွားခြင်း, နေခြင်း, လျောင်းခြင်းဆိုတဲ့ ဣရိယာပုထ်လေးပါးစလုံး အမြဲမပြတ် သတိရှိနေရပါမယ်လို့ ဟောတော်မူပါတယ်။

ဓမ္မပဒပါဠိတော်မှာလည်း အကြင်သူဟာ နေ့အခါဘဲဖြစ်ဖြစ် ည အခါဘဲဖြစ်ဖြစ် အမြဲမပြတ် ဘုရားဂုဏ်တော်၌ အာရုံပြု၍ဖြစ်တဲ့သတိ။ အဲဒီလို သတိရှိနေရင် အိပ်ပျော်လို့ပင်နေပေမဲ့ ထိုသူ့ကို မအိပ် သောသူ နိုးသောသူမည်တယ် စသည်ဖြင့် ပကိဏ္ဏကဝဂ်မှာဟောတော် မူပါတယ်၊ နိုးခြင်းနဲ့ယှဉ်တယ်ပေါ့။

နောက် သတိပဋ္ဌာန်ပါဠိတော်မှာလည်း မြတ်စွာဘုရားက ရပ်ရင် ရပ်တယ်လို့သိရမယ်–ဌိတောဝါ၊ ဌိတောမှီတိ ပဇာနာတိ စသည်ဖြင့် ဟောကြားထားပါသေးတယ်။

ဘယ်လိုသိရမလဲဆိုရင် သွားတဲ့အခါ သက်ရှိကို မျက်စိဖြင့်မြင်တိုင်း မြင်တိုင်း ရုပ်နာမ်မှန်းသိရမယ်၊ ဒီရုပ်နာမ်ဟာလဲ ငါ သူတပါး ယောကျ်ား မိန်းမမရှိ ရုပ်နာမ်သာ အမှန်တကယ်ရှိတယ်၊ ရှိတဲ့ရုပ်နာမ် ဟာလဲ မိုးပေါ်ကကျလာတာ မဟုတ်ဘူး၊ စင်စစ်အကြောင်းတရား ကြောင့် အကျိုးတရားဖြစ်တယ်လို့ သိရပါမယ်စသည်ဖြင့် ဟောတော် မူပါတယ်။

မမေ့ကြပါနဲ့ဆိုတဲ့ သတိပေးစကားမှာ အပ္ပမာဒ–မမေ့မလျော့ရမဲ့ သတိတရားဟာ လူတိုင်းလူတိုင်းထားရှိရမဲ့ သတိတရားဖြစ်လို့ လောကီ စီးပွားရေး ကြီးပွားရေး သူမှုရေးတွေမှာပဲဖြစ်ဖြစ် လောကုတ္တရာ

ဖြစ်တဲ့ မဂ်, ဖိုလ်, နိဗ္ဗာန်သွားရမဲ့ အရေးမှာဘဲဖြစ်ဖြစ် ဘယ်လောက် အထိ အရေးတကြီးလိုအပ်တယ်၊ အရေးပါအရာရောက်ပြီး အဓိက လိုအပ်ချက်ဖြစ်တယ်၊ အထူးအလေးပေး အရေးထားသင့်တယ်ဆိုတာ သိသာထင်ရှားအောင် သာဓကထုတ်ပြပြီး ဟောတာပဲဖြစ်ပါတယ်။

ဒါကြောင့်–မမေ့မလျော့ မပေါ့မဆသော သတိတရားဖြင့် ဒါန ပြုကြပါ၊ သီလသမထ ဘာဝနာ ဝိပဿနာဘာဝနာကို ကျင့်ကြပါ၊ အဲဒီ ဒါန သီလ သမထဘာဝနာ, ဝိပဿနာဘာဝနာဖြစ်တဲ့ ကောင်းမှု ကုသိုလ်တွေကိုပင် မမေ့ကြပါနဲ့၊ ဘာပြုလို့ ဒီလောက် လေးလေး နက်နက် တိုက်တွန်းရပါသလဲ ဆိုတော့ စီးပွားအာရုံကာမဂုဏ်တွေနဲ့ ပျော်ပါးမော်ကြွားပြီး ပေါ့ပေါ့တန်တန် ဘာသိဘာသာ ကုသိုလ် တရားထားချင်ရာ ချောင်ထိုး ထားတတ်ကြတဲ့အတွက် မေ့နေတာ တွေကို မမေ့ကြပါနဲ့လို့ သတိပေးစကား တိုက်တွန်းဟောကြားခြင်းပဲ ဖြစ်ပါတယ်။

ဒီသတိပေးစကားနဲ့ ဆက်စပ်လို့ လောကလူများ အသုံးများတဲ့ ဘာသာစကားကို ညွှန်ပြပါဆိုရင် (သတိတရား) ကို ညွှန်ပြရမှာပဲ ဖြစ်ပါတယ်၊ အပ္ပမာဒ–မမေ့မလျော့ရမဲ့ သတိတရားကို သုံးတတ်ကြ တာက–

သတိတမံ ဉာဏ်မြေကတုတ် ပညာစွန်းချွန်းကဲ့သို့အုပ်၊ မိမိပညာ သတိသာ မဟာသြသဓဆေးမည်စွ။

သတိမမူ ဂူမမြင်, ပညာရှိ သတိဖြစ်ခဲ့တဲ့, ပေါ့ပေါ့ဆဆ မလုပ်ကြ စမ်းပါနဲ့ သတိထားလုပ်ကြစမ်းပါ၊ နင်ကြပ်ကြပ် သတိထားနေနော် သတိရှိကြပါစေ၊ သတိကြီးကြီး ထားစမ်း အစရှိတဲ့ အသုံးအနှုန်း များဟာ အပ္ပမာဒဆိုတဲ့ မမေ့နဲ့လို့ပြောဆိုကြတဲ့ သတိပေးစကား များပဲ ဖြစ်ကြပါတယ်။

အဲဒီ သတိပေးစကားများလို အခုလဲ လူ နတ် နိဗ္ဗာန် သုံးတန် ပေးစွမ်းနိုင်တဲ့ ဂင်္ဂါဝါဠုသဲစုမကာပွင့်တော်မူသွားကြကုန်ပြီးတဲ့ မြတ်စွာ

ဘုရားများပင် အစအဦး ဆည်းပူးဖြည့်ကျင့်ရတဲ့ဒါန၊ စောင့်ရှောက်ထိန်းသိမ်းထားရမဲ့သီလ၊ ပွားများအားထုတ် ကျင့်ကြံကျိုးကုတ်ပြုလုပ်ရမဲ့ ဘာဝနာဆိုတဲ့ ကုသိုလ်ကောင်းမှုတရားများကို အခါခါပွားများကြ၍ ရုပ်နာမ်ခပ်သိမ်းချုပ်ငြိမ်း,ရုပ်သိမ်းရာဖြစ်တဲ့ မဟာအသင်္ခတဓါတ်မြတ်လှတဲ့ ရွှေပြည်နိဗ္ဗာန်သို့ မြန်မကြာလက်ကမ်းပီး တက်လှမ်းနိုင်ကြရအောင် လှူကြပါ ကျင့်ကြပါ မမေ့ကြပါနဲ့ဆိုတဲ့ အထူးသတိပေးနှိုးဆော်တဲ့ တရားစကားအစဉ်ပဲ ဖြစ်ပါတယ်။

ဒီ သတိပေးတရားစကားကို မေ့ပျောက်မထားကြပဲ ဒုက္ခသစ္စာကိုသိအောင် မဂ္ဂသစ္စာကိုအထပ်ထပ် အဖန်ဖန်ပွားများကြပါ၊ အထပ်ထပ်ပွားများလို့ ဒုက္ခသစ္စာကိုသိလာလျှင် သမုဒယသစ္စာကိုပယ်ကြပါ၊ သမုဒယသစ္စာကို ပယ်နိုင်ကြမှသာ မအိုရာ မနာရာ မသေရာမှန် နိရောဓသစ္စာဆိုတဲ့ နိဗ္ဗာနဓာတ်သို့ လျှင်မြန်စွာဆိုက်ရောက်ကြမှာဘဲ ဖြစ်ပါတော့တယ်၊ သတိဆိုတဲ့တံခါး၊ သတိဆိုတဲ့တံခါး စောင့်ထားပါ၊ ဒါကြောင့် ထပ်မံ၍သတိပေးချင်သည်မှာ ရှင်တော်ဘုရားက ဓမ္မပဒပါဠိတော် ဗုဒ္ဓဝဂ်မှာ—

သဗ္ဗပါပဿအကရဏံ၊ ကုသလဿူပသမ္ပဒါ။

သစိတ္တပရိယောဒါပနံ၊ ဧတံဗုဒ္ဓါနသာသနံ။

ဘိက္ခဝေ၊ သံသရာကိုလေးသောဝန်ဟု ရှုလေ့ရှိကြသော ငါ၏ချစ်သား, ချစ်သမီးတို့။ သဗ္ဗပါပဿ၊ အလုံးစုံသော မကောင်းမှုအကုသိုလ်ကို။ အကရဏံ၊ မပြုကျင့်ခြင်းသည်၎င်း။ ကုသလဿ၊ ကောင်းမှုကုသိုလ်ကို။ ဥပသမ္ပဒါ၊ ပြည့်စုံစေခြင်းသည်၎င်း။ သစိတ္တပရိယောဒါပနံ၊ မိမိတို့၏စိတ်အစဉ်ကို ဖြူစင်စေခြင်းသည်၎င်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ထိုသို့မကောင်းမှုအကုသိုလ်ကို မပြုကျင့်ခြင်း ကောင်းမှုကုသိုလ်ကို ပြည့်စုံစေခြင်း မိမိတို့၏စိတ်အစဉ်ကို ဖြူစင်စေခြင်းသည်။ ဗုဒ္ဓါနံ၊ သုံးလောကထွတ်တင် ဘုရားရှင်တို့၏။ သာသနံ၊ ဆုံးမခြင်းအဆုံးအမ ဩဝါဒပေတည်း။

ချစ်သားချစ်သမီးတို့ ပါဏာတိပါတစတဲ့ မကောင်းမှုအားလုံးကို မပြုလုပ်ပါနဲ့၊ ဒါနစတဲ့ ကုသိုလ်ကောင်းမှုတရားနှင့် ပြည့်စုံစေရမည်၊ လိုချင်မှုလောဘ, ပြစ်မှားမှုဒေါသ, တွေဝေမှုမောဟဆိုတဲ့တရားအညစ်အကြေးတွေ ကင်းဝေးသွားပြီး ဖြူစင်စေရမယ်လို့ ဆိုဆုံးမတော်မူထားတဲ့ တရားတော်မြတ်အစဉ်ဖြင့် ဤလူကြပါ ကျင့်ကြပါ မမေ့ကြပါနဲ့ အမည်ရှိ တရားစာအုပ်ကို ဒီနေရာမှာပဲ နိဂုံးကမ္ပတ် အပြီးသတ်လိုက်ရပါတော့သတည်း။

ပြီးပါပြီ။

အမျှဝေပါ၏

ဤသို့ ယခု ကျွန်ုပ်ပြုရ ကုသိုလ်အားကို ဖိုးဖွားမိဘ ဆရာစသား သက်ရှိများကို မခြားစေရ ကိုယ်နှင့်ညီမျှ ရငြားပါစေ အမျှဝေ၏၊ အထက်ကိုဘဝဂ် အောက်ကို အဝီစိ နှံ့သည့် စကြဝဠာ ဖီလာထုတ်ချင်း အကြွင်းမရှိ သုံးဆယ့်တဘုံ ကျင်လည်ကုန်သော သုခိတ ဒုက္ခိတ ဝေနေယျ သတ္တဝါများ အပေါင်းတို့သည် ကျွန်ုပ်နှင့် အတူတကွ အမျှရ၍ ချမ်းသာကြသည် ဖြစ်ကြပါစေသတည်း။

အမျှ အမျှ အမျှ – ယူတော်မူကြပါ။

သာဓု သာဓု သာဓု။